အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

အမှတ် (၂၇) ကျမ်းစာ

အဋ္ဌသာလိနီဘာသာဋီကာ

နှင့်

မူလဋီကာနိဿယ

(ဒုတိယအုပ်)

အဋ္ဌသာလိနီအဋ္ဌကထာကို နိဿယအဓိပ္ပာယ်

စုံလင်စွာ တန်ဆာဆင်ထားပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ဇန္နဝါရီလ ၁၉၈၃

စာကြည့်ခန်း
၁၂၄၄

၁၉၃၇၈

အမရပူရ
မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ၏
အမှတ်(၂၇)ကျမ်းစာ

အဋ္ဌသာလိနီဘာသာဋီကာ

နှင့်

မူလဋီကာနိဿယ

(ဒုတိယအုပ်)

အဋ္ဌသာလိနီအဋ္ဌကထာကိုနိဿယအဓိပ္ပာယ်
စုံလင်စွာ တန်ဆာဆင်ထားပါသည်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
သာသနာ ၂၅၂၆၊ ကောဇာ ၁၃၄၄၊ ၁၉၈၃၊ ဇန္နဝါရီလ

ထေရဝါဒ
သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး
အတွက်
မဟာဂန္ထာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

ဘာသာဋီကာကျမ်းကြီးများ

ပြည့်စုံစွာရိုက်နှိပ်၍ပြီးပါပြီ

ဒုတိယ-အကြိမ်

အုပ်ရေ—၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် (၀၁၄၇၅) တွင် ဦးဇော်ဝင်းက
ပုံနှိပ်၍၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။



အဋ္ဌသာလိနီအဋ္ဌကထာဘာသာဋီကာနှင့်
မူလဋီကာနိဿယ
(ဒုတိယတွဲ)

အကြောင်းအရာ	စာမျက်နှာ	
	ဘာသာဋီကာ	မူလ–နိဿယ
ကာမကုသိုလ်ပဒဘာဇနီ	၁၊	၅၀၅
ဒွါရကထာ "ကာယကမ္မဒွါရအဖွင့်"	၁၃၇၊	၅၆၈
။ "ဝစီကမ္မဒွါရအဖွင့်"	၁၅၄၊	၅၈၄
။ "မနောကမ္မဒွါရအဖွင့်"	၁၆၀၊	၅၈၉
။ "ကမ္မကထာအဖွင့်"	၁၆၂၊	၅၉၁
။ "ပဋ္ဌဝိညာဏကထာ-စသည်"	၁၉၀၊	၆၀၀
။ "အကုသလကမ္မပထကထာ"	၁၉၅၊	၆၀၅
။ "ကုသလကမ္မပထကထာ"	၂၂၃၊	၆၁၀
။ "ကမ္မပထသံသန္ဒနကထာ"	၂၂၉၊	၆၁၁
ယံယံဝါပနအဖွင့်	၂၃၆၊	
ယေဝါပနကကထာအဖွင့်		၆၃၂
ဓမ္မုဒ္ဒေသကထာ "ဖဿပဥ္စမကရာသိအဖွင့်"	၂၄၂၊	၆၃၄
။ "ဈာနင်္ဂရာသိအဖွင့်"	၂၇၀၊	၆၄၃
။ "ဣန္ဒြိယရာသိအဖွင့်"	၂၈၆၊	၆၄၆
။ "မဂ္ဂင်္ဂရာသိအဖွင့်"	၃၀၆၊	၆၅၃
။ "ဗလရာသိအဖွင့်"	၃၀၉၊	၆၅၃
။ "မူလရာသိအဖွင့်"	၃၁၆၊	၆၅၈
။ "လောကပါလဒုကအဖွင့်"	၃၂၆၊	
။ "ပဿဒ္ဓါဒိယုဂလအဖွင့်"	၃၂၇၊	၆၅၉
။ "ယေဝါပနကအဖွင့်"	၃၃၂၊	၆၆၁
ကာမာဝစရကုသလနိဒ္ဒေသဝါရအဖွင့်	၃၄၈၊	၆၆၆
(ကောဋ္ဌာသ) သင်္ဂဟဝါရအဖွင့်	၄၁၃၊	၆၈၃
သုညတဝါရအဖွင့်	၄၂၅၊	၆၈၉
ဒုတိယမဟာကုသိုလ်စိတ်အဖွင့်	၄၂၆၊	၆၈၉
တတိယမဟာကုသိုလ်စိတ်အဖွင့်	၄၃၀၊	

မာတိကာ

အကြောင်းအရာ	စာမျက်နှာ	
	သာသာဒ္ဒီကာ	မူလ-နိဿယ
စတုတ္ထမဟာကုသိုလ်စိတ်အဖွင့်	၄၃၀၊	
ပဉ္စမ မဟာကုသိုလ်စိတ်အဖွင့်	၄၃၁၊	
ဆဋ္ဌ-စသည်မဟာကုသိုလ်စိတ်အဖွင့်	၄၃၂၊	
ပုညကိရိယဝတ္ထု-စသည်အဖွင့်	၄၃၃၊	၆၉၀
အနန္တ-စသည်အဖွင့်	၄၄၄၊	
ရူပါဝစရကုသိုလ်အဖွင့်"စတုက္ကနည်း-ပဌမစျာန်"	၄၄၉၊	၆၉၂
။ " ။ ဒုတိယစျာန်"	၄၇၁၊	၇၀၀
။ " ။ တတိယစျာန်"	၄၇၈၊	၇၀၆
။ " ။ စတုတ္ထစျာန်"	၄၉၃၊	၇၀၈

မာတိကာပြီး၏။



၀၉
အဋ္ဌသာလိနီ အဋ္ဌကထာ
ဘာသာဋီကာ

ကာမကုသိုလ် ပဒဘာဇနီ

[၁]ဣဒါနိ၊ မာတိကာကို ထားပြီးရာ ယခုအခါ၌။ ယထာနိက္ခိတ္တာယ၊ အကြင်အကြင် ထားအပ်ပြီးသော။ [ဝေနေယျတို့၏ သန္တာန်၌ ပေါ်ထားခြင်းကို "နိက္ခိတ္တ—ထား"ဟု ဆိုသည်။] မာတိကာယ၊ မာတိကာဖြင့်။ သင်္ဂဟိတာ၊ သိမ်းယူအပ်ပြီးကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပဘေဒတော၊ အပြားအားဖြင့်။ ဒဿေတုံ၊ ငှာ။ ကတမေ ဓမ္မာ ကုသလာတိ၊ ကတမေ ဓမ္မာ ကုသလာဟူသော။ ဝါ၊ ကတမေ ဓမ္မာ ကုသလာ—အစရှိသော။ ဣဒံ ပဒဘာဇနီယံ[၂]၊ ဤပဒဘာဇနီကို။ (ဘဂဝတာ၊ သည်။) အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။

တတ္ထ၊ ထို ပဒဘာဇနီ၌။ (တယော မဟာဝါရာ ဟောန္တိ—၌ ပဓာနစပ်၊ ကာမာဝစရံ ကုသလံ ဒဿိတံ—၌ အပဓာနစပ်။) ယသ္မိံ သမယေ ။ပ။ ဟောတိ၊ ယသ္မိံ သမယေ။ ပ။ ဟောတိ—ဟူ၍။ ပဌမံ၊ ရှေးဦးစွာ။ ယဒေတံ ကာမာဝစရ ကုသလံ၊ အကြင် ကာမာဝစရကုသိုလ်ကို။ ဒဿိတံ၊ ပြတော်မူ

၁။ ဣဒါနိ ။ပ။ **အာရဒ္ဓံ**။ ။မာတိကာကိုဖွင့်ပြပြီး၍ ယခုအခါ ပဒဘာဇနီကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် "ဣဒါနိ ။ပ။ အာရဒ္ဓံ" ဟူသောပါဌ်ကို မိန့်။ ကုသိုလ်စိတ် အချင်းချင်း မတူ ကွဲပြားသည်ကို "ပဘေဒ" ဟု ဆိုသည်။ "အညမညံ ပဘိန္နတီတိ ပဘေဒေါ" ဟု ပြုပါ။ ["ကတမေ ဓမ္မာ ကုသလာတိ" ၌ "ဟူသော"ဟု အနက်ပေးရာဝယ် ဣတိသဒ္ဒါ နိဒဿနတ္ထတည်း၊ "ကတမေ ဓမ္မာ ကုသလာ" ဝါကျကို ညွှန်ပြလိုက်သဖြင့် ပဒဘာဇနီစကား အားလုံးကိုပါ ပြနိုင်သော နိဒဿနနည်း-ဟူလို။ "အစရှိသော" ဟု ပေးရာ၌ ဣတိသဒ္ဒါ **အာဒျတ္ထ**၊ ဣတိတလုံးလည်း အကျေကြိပါ။]

၂။ ပဒဘာဇနီယံ။ ။ဘာဇနီယံ၌ "ဘာဇ-ဝိဘာဂေ" ဟူသော စုရာဒိဓာတ် နောင် အနီယပစ္စည်းသက်၍ "ဘာဇနီယ"ဟု ရေးသားကြ၏။ ဘာဇီယတေ အနေနာတိ ဘာဇနီယံ။ ပဒါနံ၊ ကုသလာ ဓမ္မာ-စသော ပုဒ်တို့၏။ ဝါ၊ တို့ကို။ ဘာဇနီယံ၊ အကျယ်ဝေဖန်ကြောင်း စကားရပ်တည်း။ ပဒဘာဇနီယံ၊ ရပ်။ ဓာတ္ထကား "ပဒဘာဇနီယန္တိ ပဒဘာဇနဝသေန ပဝတ္တဝစနံ"ဟု ဖွင့်၏။ ထို၌ ပဝတ္တံ ဝစနံကိုထောက်၍ "ဘာဇီယတေ ဘာဇနံ၊ ပဒါနံ+ဘာဇနံ ပဒဘာဇနံ၊ ကုသလာ ဓမ္မာ-အစရှိသော ပုဒ်တို့ကို အကျယ်ဝေဖန်ခြင်း။ ပဒဘာဇနေန+ပဝတ္တံ ပဒဘာဇနီယံ"ဟု ပဝတ္တအနက်၌ "ဤယပစ္စည်း၊ တဒ္ဓိတ်ပုဒ်" ဟု ကြံသင့်၏။ ပုဒ်ကို အကျယ်ဝေဖန်ခြင်းအားဖြင့် ဖြစ်သော စကား။

အပ်ပြီ။ တာဝ၊ ဒုတိယ ကာမာဝစရကုသိုလ် စသည်တို့မှ ရှေးဦးစွာ၊ (ဒသိတ-သာ၊ ပြတော်မူအပ်သော။) တဿ၊ ထို ပထမကာမာဝစရကုသိုလ်၏။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ (အကျယ် ညွှန်ပြကြောင်းဖြစ်သော ပဒဘာဇနီ၌။) ဓမ္မဝဝတ္ထာန-ဝါရော၁၊ ဓမ္မဝဝတ္ထာနဝါရလည်းကောင်း။ သင်္ဂဟဝါရော၊ သင်္ဂဟဝါရလည်းကောင်း။ သုညတဝါရော၊ သုညတဝါရလည်းကောင်း။ ဣတိ၊ သို့။ တယော၊ ၃-ပါးကုန်သော။ မဟာဝါရာ၊ ဝါရကြီးတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ တေသု၊ ထို ၃-ပါးသော ဝါရကြီးတို့တွင်။ ဓမ္မဝဝတ္ထာနဝါရော၊ ဓမ္မဝဝတ္ထာန ဝါရသည်။ ဥဒ္ဒေသ နိဒ္ဒေသ ဝသေန၊ ဥဒ္ဒေသ နိဒ္ဒေသ-တို့၏ အပြားအားဖြင့်။ ဒွိဓာ၊ အားဖြင့်။ ဌိတော၊ တည်၏။

တေသု၊ ထို ၂-ပါးတို့တွင်။ ဥဒ္ဒေသဝါရဿ၊ ဥဒ္ဒေသ ဝါရ၏။ ပုစ္ဆာ၊ ပုစ္ဆာလည်းကောင်း။ သမယနိဒ္ဒေသော၊ သမယနိဒ္ဒေသလည်းကောင်း။ ဓမ္မုဒ္ဒေ-သော၊ ဓမ္မုဒ္ဒေသလည်းကောင်း။ အပ္ပနာ၊ အပ္ပနာလည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော၊ ကုန်သော။ ပရိစ္ဆေဒါ၊ အပိုင်းအခြား တို့သည်။ (ပိုင်းခြား ကြောင်းဖြစ်သော စကားရပ်တို့သည်။) (ဟောန္တိ၊ ကုန်၏။) တေသု၊ ထို ၄-ပါးသော ပရိစ္ဆေဒတို့တွင်။ ကတမေ ဓမ္မာ ကုသလာတိ၊ ဟူသော။ အယံ၊ ဤစကားရပ်သည်။ ပုစ္ဆာ နာမ၊ ပုစ္ဆာမည်၏။ ဝါ၊ မေးကြောင်း စကား တရပ်မည်၏။ ယသ္မိံ သမယေ။ ပ။ တသ္မိံ သမယေတိ၊ ဟူသော။ အယံ၊ သည်။ သမယနိဒ္ဒေသော နာမ၊ သမယနိဒ္ဒေသ မည်၏။ ဝါ၊ သမယကို ညွှန်ပြကြောင်း စကားတရပ်မည်၏။ ဖဿော ဟောတိ။ ပ။ အဝိက္ခေပေါ ဟောတီတိ၊ ဟူသော။ အယံ၊ သည်။ ဓမ္မုဒ္ဒေသော နာမ၊ ဓမ္မုဒ္ဒေသ မည်၏။ ဝါ၊ ဖဿ-စသော တရားတို့၏ သရုပ်ကို ထုတ်ပြကြောင်း စကားတရပ်မည်၏။ ယေ ဝါ ပန။ ပ။ ဣမေ ဓမ္မာ ကုသလာတိ၊ ဟူသော။ အယံ၊ ဤစကားရပ်သည်။ အပ္ပနာ၂ နာမ၊ အပ္ပနာမည်၏။ ဝါ၊ နိဂုံးအုပ်ကြောင်း စကားတရပ်မည်၏။

၁။ ဓမ္မဝဝတ္ထာန-စသည်။ ။ဝိပုဗ္ဗ၊ ထာ-ဌာနေဟူသော ဓာတ်တည်း။ ဝိ (ဝိသုံ ဝိသုံ) အသီးအသီး။ (ဖဿ တခြား၊ ဝေဒနာတခြားစသည်ဖြင့် အချင်းချင်း တပါးနှင့် တပါးမရောယှက်အောင်။) အဝ (အဝစ္ဆိန္ဒိတွာ)၊ ပိုင်းခြားကန့်သတ်၍။ ထာန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝဝတ္ထာနော၊ ဓမ္မာနံ+ဝဝတ္ထာနော ဓမ္မဝဝတ္ထာနော၊ ဓမ္မဝဝတ္ထာနော စ+သော+ဝါရောစာတိ ဓမ္မဝဝတ္ထာနဝါရော=ဖဿစသော တရားတို့၏ အသီးအသီးပိုင်းခြား၍ တည်ရာဖြစ်သော စကား အလှည့် အကြိမ်။ ခန္ဓာစသည်တို့ဖြင့် သိမ်းယူအပ်ရာဝါရကို သင်္ဂဟ-ဝါရ၊ အတ္တဇီဝတို့မှ ကင်းဆိတ်ပုံကို ပြရာ ဝါရကို သုညတဝါရဟု ခေါ်သည်။

၂။ အပ္ပနာ။ ။သက္ကတ၌ "အန် ပဏာ" ဟု နပုလ္လိင်ရှိ၏။ ပါဠိ၌ "အပ္ပနာ" ဟု ဣတ္ထိလိင်ရှိ၏။ သက္ကတ၌ ရိဓာတ်ကြိသော်လည်း ပါဠိ၌ အပ္ပဓာတ် ကြံသင့်၏။ အပ္ပေ

ဇဝံ၊ ဤသို့။ ဝ ါ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ စတူဟိ၊ ၄-ပါးကုန်သော။ ပရိပ္ဆေဒေဟိ၊ အပိုင်းအခြားတို့ဖြင့်။ ဋ္ဌိတဿ၊ တည်သော။ ဥဒ္ဒေသဝ ါရဿ။ ၏။ ပဌမော၊ သော။ ယွာယံ(ယော+အယံ)ပုစ္ဆာပရိစ္ဆေဒေါ၊ အကြင် ပုစ္ဆာ အပိုင်းအခြားသည်။(အတ္ထိ။) ᴵတတ္ထ၊ ထို ပုစ္ဆာပရိစ္ဆေဒ၌။ ကတမေ ဓမ္မာ ကုသလာတိ၊ ဟူသော။ အယံ၊ ဤပုစ္ဆာသည်။ ကထေတုကမျတာပုစ္ဆာ၊ ကထေတုကမျတာ ပုစ္ဆာတည်း။ (ဖြေခြင်းငှာ အလိုရှိသည်၏အဖြစ်ဟူသော ဆန္ဒဟောင်ကြောင့်ဖြစ်သော ပုစ္ဆာတည်း။)

ᴶဂါ၊ ခွဲ။ ပုစ္ဆာ၊ ပုစ္ဆာတို့သည်။ အဒိဋ္ဌဇောတနာပုစ္ဆာ၊ အဒိဋ္ဌဇောတနာ ပုစ္ဆာလည်းကောင်း။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ လည်းကောင်း။ ဝိမတိစ္ဆေဒနာပုစ္ဆာ၊ လည်းကောင်း။ အနုမတိပုစ္ဆာ၊ လည်းကောင်း။ ကထေတုကမျတာပုစ္ဆာ၊ ကထေတုကမျတာ ပုစ္ဆာလည်းကောင်း။ ᴶဣတိ၊ သို့။ ပဉ္စဝိဓာ၊ ၅-ပါး အပြားရှိကုန်၏။ တာသံ၊ ထို ငါးပါးသော ပုစ္ဆာတို့၏။ ဣဒံ၊ ဤ ဆိုအပ်

ဟိဟိ အပ္ပနာ၊ အပ္ပေတိ၊ အပြီးအဆုံးသို့ ရောက်စေတတ်၏။ ဣတိ အပ္ပနာ။ အပ္ပနာ ဟူသော အမည်သည် နိဂုံးဝါကျ၏ အမည်တည်း။ ထို့ကြောင့် အနုဋီကာ၌ "အပ္ပေတုံတိ နိဂမေတုံ" ဟု ဖွင့်သည်။

၁။ **တတ္ထ။ပ။ကမျတာ ပုစ္ဆာ။** ။တတ္ထဖြင့် "ယွာယံ ပဌမော ပုစ္ဆာပရိစ္ဆေဒေါ" ကို ပြန်ရွဲမှ ထုံးစံကျမည်။ ထိုသို့ ထုံးစံကျအောင်စွဲလျှင် တတ္ထအရ "ကတမေ ဓမ္မာ ကုသလာ"ဟူသော ပုစ္ဆာကို ယူ၍ "ကတမေ ဓမ္မာ ကုသလာတိ အယံ"နှင့် အရ တူနေသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျှင် "တဝါကျတည်း၌ အရတူပုဒ်တို့၏ ဝိဘတ် ကွဲရိုး မရှိရကား စာသွားထုံးစံမကျသည် မဟုတ်ပါလော" ဟု မေးဖွယ်ရှိ၏။

အဖြေကား—တတ္ထ၏ အစွဲဖြစ်သော ပုစ္ဆာပရိစ္ဆေဒ ဟူသည် ပုစ္ဆာအားလုံးနှင့် ဆိုင်သော သာမည စကားတည်း။ "ကတမေ ဓမ္မာ ကုသလာတိ အယံ"အရ ပုစ္ဆာကား ဝိသေသ စကားတည်း။ ဤသို့ကွဲပြားသောကြောင့် "တတ္ထ"ဟု လည်းကောင်း၊ "အယံ"ဟု လည်းကောင်း ဝိဘတ်ကွဲလျက် ထားနိုင်ပါသည်။ [တတ္ထာတိ တံ ကတမန္တိ ပုစ္ဆာဟိတိ ဧတ္တ ယဒေတံ သာမညတော ပုစ္ဆာဝစနံ၊ တသ္မိံ။—"သီလက္ခန္ဓ ဋီကာဒေဟာင်း၊ မြဟ္မဇာလ ဓူဋ္ဌသီလအဖွင့်"—ဤဋီကာကို မှီး၍ရေးပါသည်။ ဤအလို ဟတ္ထနှင့် ကထေတုကမျတာပုစ္ဆာကို "အပေါင်း အာဓာရ အစိတ်အာဓေယျ"ဟု ခွဲပါ။ ရှေးနိဿယ၌ကား—"တတ္ထ တေသု ပုစ္ဆာပရိစ္ဆေဒေသု-တို့တွင်"ဟု စွဲလေ၏။]

၂။ **ပဉ္စဝိဓာ ဟိ၊** ။"အယံ ကထေတုကမျတာ ပုစ္ဆာ" ဟူသောစကားနှင့် စပ်၍ မဟာနိဒ္ဒေသ၌ လာသော ပုစ္ဆာ ၅-ရပ်ကို အကျယ်ပြလိုသောကြောင့် "ပဉ္စဝိဓာ ဟိ" စသည်ကိုမိန့်။ ဤအလို—ဟိသည် ဝိတ္ထာရဇောတက။ ရှေးနိဿယ၌ကား "အယံ ပုစ္ဆာတိ ဧတ္ထကမေဝ အဝတွာ ကသ္မာ ကထေတုကမျတာတိ ဝုတ္တန္တိ အာဟ ပဉ္စဝိဓာတိ အာဒိ"ဟု ကျမ်းတက်လေ၏။ ထိုအလို—ဟိသည် ကာရဏဇောတက။ ဟိ

လတ္တံ့ကား၊ နာနတ္တံ၊ ထူးကုန်သည်၏အဖြစ်တည်း။ [တပါးနှင့်တပါး မတူထူးခြား ကွဲပြားပုံတည်း။] ကတမာ၊ အဘယ်ပုစ္ဆာသည်။ အဒိဋ္ဌဇောတနာပုစ္ဆာ[1]၊ အဒိဋ္ဌဇောတနာ ပုစ္ဆာမည်သနည်း။ ပကတိယာ၊ ပင်ကိုအားဖြင့်။ (မမေးမီ နဂိုက။ အညာတံ-စသည်၌စပ်။) လက္ခဏံ[2]၊ မှတ်သားအပ်သော သဘောသည်။ ဝါ၊ ကို။ (သိလိုအပ်သော သဘောကို။) အညာတံ[3]၊ ဉာဏ်ဖြင့် သိအပ်ပြီး မဟုတ်သေးသည်။ အဒိဋ္ဌံ[4]၊ ဉာဏ်ဖြင့်ထင်ထင် မြင်အပ်ပြီး မဟုတ်သေး

ယသ္မာ၊ ကြောင့်။ ပုစ္ဆာ၊ တို့သည်။ အဒိဋ္ဌဇောတနာပုစ္ဆာ၊ လည်းကောင်း။ပ။ ဣတိ၊ သို့။ ပဉ္စဝိဓာ။ တသ္မာ၊ ကြောင့်။ အယံ ပုစ္ဆာတိ ဗွေကမေဝ အဝတွာ ကထေတုကမျတာတိ ဝုတ္တံ''ဟူ ထည့်၍ အနက်ပေးလေသည်။ အဒိဋ္ဌဇောတနာပုစ္ဆာ—စသော စကားရပ်တို့၌ အဒိဋ္ဌဇောတနာ စသည်တို့နှင့် ပုစ္ဆာသဒ္ဒါသည် သမာသ်တည်း။ အနုမတိပုစ္ဆာကို ထောက်ပါ။ ထိုသို့ သမာသ်ဖြစ်လျက် ဒီဃမပျောက်ခြင်းမှာ နန္ဒာပေါက္ခရဏီ စသည်ကဲ့သို့ သညာ-သဒ္ဒါ ဖြစ်သောကြောင့်တည်း။

၁။ **အဒိဋ္ဌဇောတနာပုစ္ဆာ။** ။ပဿိယိတ္ထာတိ ဒိဋ္ဌံ၊ န+ဒိဋ္ဌံ အဒိဋ္ဌံ-လက္ခဏံ၊ဇောတီယတိ တောယာတိ ဇောတနာ၊ အဒိဋ္ဌဿ+ဇောတနာ အဒိဋ္ဌဇောတနာ-မသိမမြင်အပ်သေးသော သဘောကို သိဖို့ရန် ထွန်းပြကြောင်း ပုစ္ဆာ။ အဒိဋ္ဌဇောတနာ စ+သာ+ပုစ္ဆာ စာတိ အဒိဋ္ဌဇောတနာပုစ္ဆာ။

၂။ **လက္ခဏံ။** ။လောက၌ အကြောင်းအရာကို မသိ၍ ရိုးရိုးတန်းတန်း မေးလျှင် ထို အကြောင်းအရာသည် မိမိသိလိုအပ်သော သဘောတရားတည်း။ အယုတ်သဖြင့် လမ်းကိုမသိ၍မေးလျှင် ထိုလမ်းသည် မိမိသိလိုအပ်သော သဘောပင်တည်း။ထို့ကြောင့် ''လက္ခဏံ''အရ အမှတ်အသား လက္ခဏာ-ဟူသော အနက်ကို မယူရ။သိလိုအပ်သော သဘောကို ယူရသည်။ ထို့ကြောင့်ပင် ဋီကာ၌''လက္ခဏန္တိ ဉာတုံ ဣစ္ဆိတော ယောကောစိ သဘာဝေါ''ဟု ဖွင့်သည်။''လက္ခိတဗ္ဗန္တိ လက္ခဏံ''ဟု ပြုပါ။ မှတ်သား ထိုက်သော (မှတ်သားစရာဖြစ်သော) သဘော။

၃။ **အညာတံ။** ။ဉာဓာတ်၏အနက်သည် အသိအားလုံးနှင့်ဆိုင်၏။ ထို့ကြောင့် မည်သည့်ဉာဏ်ဖြင့်မဆို မသိအပ်သေးသည်ကို ''အညာတံ''ဟု ဆိုသည်။ ဉာယိတ္ထာတိ ဉာတံ၊ န+ဉာတံ အညာတံ။ [အညာတန္တိ ယေန ကေနစိ ဉာဏေန အညာတဘာဝံ အာဟ။-ဋီကာ။... ဤ၌ ဉာဏ်အစစ်သာမက ဉာဏ်အဘုများလည်း''ဉာဏေန''အရ၌ ပါဝင်သည်။]

၄။ အဒိဋ္ဌံ။ ။သာမာန်သိစေကာမူ မျက်စိအောက်ရောက်နေသော အရာဝတ္ထုကဲ့သို့ ဉာဏ်ဖြင့်ထင်ထင် မတွေ့မမြင်အပ်သေးလျှင် သူတပါးကိုမေးသင့်၏။ထို့ကြောင့် အညာတံ၏နောက်၌''အဒိဋ္ဌံ''ဟု ထပ်ဆင့်ရပြန်သည်။ ပဿိယိတ္ထာတိ ဒိဋ္ဌံ၊ န+ဒိဋ္ဌံ အဒိဋ္ဌံ= ဉာဏ်ဖြင့် တိုက်ရိုက်မြင်အပ်ပြီး မဟုတ်သော အကြောင်းအရာ။ [အဒိဋ္ဌန္တိ ဒဿနဘူတေန ဉာဏေန ပစ္စက္ခံ ဝိယ အဒိဋ္ဌတံ။—ဋီကာ။]

သည်။ အတုလိတံ[၁]၊ ချိန်ခွင်ပမာ ဉာဏ်ပညာဖြင့် နှိုင်းချိန်အပ်ပြီး မဟုတ်သေးသည်။ အတီရိတံ[၂]၊ အပြီးအပြတ် ဉာဏ်ဖြင့် ဆုံးဖြတ်အပ်ပြီး မဟုတ်သေးသည်။ အဝိဘူတံ[၃]၊ ဉာဏ်အား ထင်ရှားပြီးမဟုတ်သေးသည်။ အဝိဘာဝိတံ[၃]၊ ဉာဏ်ဖြင့် ထင်စွာ ဖြစ်စေအပ်ပြီး မဟုတ်သေးသည်။ ဟောတိ၊ ၏။ တဿ(လက္ခဏဿ)၊ ထို မှတ်သားအပ်သော သဘောကို။ ဉာဏာယ၊ ဉာဏ်ဖြင့် သိခြင်းငှာ။ ဒဿနာယ၊ ဉာဏ်ဖြင့်ထင်ထင် မြင်ခြင်းငှာ။ တုလနာယ၊ ချိန်ခွင်ပမာ ဉာဏ်ပညာဖြင့် နှိုင်းချိန်ခြင်းငှာ။ တီရဏာယ၊ အပြီးအပြတ် ဉာဏ်ဖြင့် ဆုံးဖြတ်ခြင်းငှာ။ ဝိဘူတာယ၊ ဉာဏ်အား ထင်ရှားခြင်းငှာ။ ဝိဘာဝနတ္ထာယ၊ ဉာဏ်ဖြင့် ထင်စွာ ဖြစ်စေခြင်း အကျိုးငှာ။ ယံ ပဉှံ၊အကြင် ပြဿနာကို။ ပုစ္ဆတိ၊ မေး၏။အယံ၊ဤ ပြဿနာသည်။ အဒိဋ္ဌဇောတနာပုစ္ဆာ၊ အဒိဋ္ဌဇောနာပုစ္ဆာ-မည်၏။ ဝါ၊ သိမြင် အပ်ပြီးမဟုတ်သော သဘောကို ထွန်းပြကြောင်း ပုစ္ဆာမည်၏။

ကတမာ၊ အဘယ်ပုစ္ဆာသည်။ ဒိဋ္ဌသံသန္ဒနာ[၄]ပုစ္ဆာ၊ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မည်သနည်း။ ပကတိယာ၊ ပင်ကိုအားဖြင့်။ လက္ခဏံ၊ မှတ်သားအပ်သော သဘောသည်။ ဝါ၊ ကို။ ဉာတံ၊ ဉာဏ်ဖြင့် သိအပ်ပြီးသည်။ ဒိဋ္ဌံ၊ ဉာဏ်ဖြင့် ထင်ထင် မြင်အပ်ပြီးသည်။ တုလိတံ၊ ချိန်ခွင်ပမာ ဉာဏ်ပညာဖြင့် နှိုင်းချိန်အပ်

၁။ **အတုလိတံ။** ။တချို့အရာဝတ္ထုက မျက်စိအောက် ရောက်နေသော်လည်း "ဤ၍ဤမျှ"ဟု ဆုံးဖြတ်ချက်မချနိုင်။ ချိန်ခွင်ပေါ်တင်၍ ချိန်လိုက်မှ ဆုံးဖြတ်ချက်ချနိုင်သည်။ ထို့ကြောင့် အရာဝတ္ထုတခုကို ချိန်သကဲ့သို့ မချိန်အပ်သေးသော သဘောဟု ထပ်ဆင့်ရပြန်သည်။ တုလီယိတ္ထာတိ တုလိတံ၊ န+တုလိတံ အတုလိတံ။ "တုလ-ဥမ္မာနေ (မြှောက်၍ချိန်ခြင်း)"ဟူသော ဓာတ်တည်း။ [အတုလိတန္တိ ဖွေကံ ဋ္ဌဒန္တိ တုလာဘူတာယ ပညာယ အတုလိတတံ။-ဋီကာ။]

၂။ **အတီရိတံ။** ။နှိုင်းချိန်ပြီးနောက် ဆုံးဖြတ်ချက်ချသော ဉာဏ်တမျိုးပေါ်လာရ သေး၏။ ထို့ကြောင့် အတုလိတံ၏နောက်၌ "အတီရိတံ" ဟု ထပ်၍ ဆင့်ရပြန်သည်။ တီရိယိတ္ထ၊ ဆုံးဖြတ်အပ်ပြီ။ ဣတိ တီရိတံ။ တီရ=ကမ္မနိဋ္ဌာပနေ၊ အမှုကို ပြီးဆုံးစေခြင်း, ဆုံးဖြတ်ခြင်းဟူသော ဓာတ်တည်း။ န+တီရိတံ အတီရိတံ။ [အတီရိတန္တိ တီရဏ-ဘူတာယ ပညာယ အကတညာဏကြိယာသမာပနတံ။-ဋီကာ။]

၃။ **အဝိဘူတံ အဝိဘာဝိတံ။** ။ထိုသို့ ဆုံးဖြတ်ချက် ချပြီးသောအခါ ဉာဏ်အား ထင်ရှားသောအာရုံကို ဝိဘူတ၊ ဉာဏ်ဖြင့် ထင်စွာဖြစ်စေအပ်ပြီးသော အာရုံကို "ဝိဘာ-ဝိတ" ဟု ခေါ်သည်။ ထိုသို့ မဟုတ်သောအာရုံကို "အဝိဘူတ, အဝိဘာဝိတ" ဟု ခေါ်သည်။တဿ ဉာဏာယ-စသည်ကား အညာတံ-စသည်၌ ဉာဏ-စသည်ကို အစဉ် အတိုင်း ဆိုသောစကားတည်း။

၄။ **ဒိဋ္ဌသံသန္ဒနာ။** ။သံသန္ဒီယတိ ဧတာယာတိ သံသန္ဒနာ။ သံပုဗ္ဗ-သန္ဒ။ဓာတ်၊ ယုပစ္စည်း။ သန္ဒ။ဓာတ်သည် ယိုစီးခြင်းအနက်ကို ဟောသော်လည်း သံ-ရှေးရှိသောကြောင့် အညီအညွတ် နှီးနှောခြင်းအနက်ကိုဟော၏။ဒိဋ္ဌဿ+သံသန္ဒနာ ဒိဋ္ဌသံသန္ဒနာ။

ပြီးသည်။ တီရိတံ၊ အပြီးအပြတ် ဉာဏ်ဖြင့် ဆုံးဖြတ်အပ်ပြီးသည်။ ဝိဘူတံ၊ ဉာဏ်အား ထင်ရှားပြီးသည်။ ဝိဘာဝိတံ၊ ဉာဏ်ဖြင့် ထင်စွာ ဖြစ်စေအပ်ပြီးသည်။ ဟောတိ၊ ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အညေဟိ၊ မိမိမှတပါးကုန်သော။ ပဏ္ဍိတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ သံသန္ဒနတ္ထာယ၊ နှိုးနှော့ခြင်းအကျိုးငှာ။ (ယံ) ပဉှံ၊ ကို။ ပုစ္ဆတိ၊ ၏။ အယံ၊ သည်။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ မည်၏။ ဝါ၊ သိမြင်အပ်ပြီးသောသဘောကို နှိုးနှော့ကြောင်းဖြစ်သော ပုစ္ဆာမည်၏။

ကတမာ၊ အဘယ်ပုစ္ဆာသည်။ ဝိမတိစ္ဆေဒနာ ပုစ္ဆာ၊ မည်သနည်း။ (ပုစ္ဆ-ကော၊ မေးသောပုဂ္ဂိုလ်သည်။) ပကတိယာ၊ အားဖြင့်။ သံသယပက္ခန္ဒော[1]၊ ယုံမှားခြင်းသို့ ပြေးဝင်သည်။ဝိမတိပက္ခန္ဒော၊ တွေးတောခြင်းသို့ ပြေးဝင်သည်။ ဟောတိ၊ ၏။ဧဝံ၊ သို့။ (ဟောတိ)နုခေါ၊ဖြစ်လေသလော။န(ဟောတိ)နုခေါ၊ မဖြစ်လေသလော။ ကိံ၊ အဘယ်သို့။ (ဟောတိ) နုခေါ၊ ဖြစ်ပါလိမ့်မည်နည်း။ ကထံ၊ အဘယ်အခြင်းအရာအားဖြင့်။ (ဟောတိ)နုခေါ၊ ဖြစ်ပါလိမ့်မည်နည်း။ ဣတိ၊ သို့။ ဒွေဠှကဇာတော၊ ဖြစ်သော နှလုံးနှစ်ခွရှိသည်။ ဟောတိ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝိမတိစ္ဆေဒနတ္ထာယ၊ တွေးတောခြင်းကို ဖြတ်ခြင်းအကျိုးငှာ။ (ယံ) ပဉှံ၊ ကို။ ပုစ္ဆတိ။ အယံ၊ သည်။ ဝိမတိစ္ဆေဒနာပုစ္ဆာ၊ မည်၏။

ကတမာ၊ သည်။ အနုမတိပုစ္ဆာ၊ မည်သနည်း။ ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တရားနာခံသော ရဟန်းတို့၏။ အနုမတိယာ၊ အလိုကို။ (ဂဟဏတ္ထံ၊ ယူခြင်းအကျိုးငှာ။) ပဉှံ၊ ကို။ ပုစ္ဆတိ၊ မေးတော်မူ၏။ (ကိံ၊ အဘယ်သို့ မေးတော်မူသနည်း။)ဘိက္ခဝေ၊ ဘိက္ခုတို့။ တံ၊ ထို မိန့်တော်မူအပ်လတ္တံ့သော အကြောင်းအရာကို။ ကိံ၊ အဘယ်သို့။ မညထ၊ မှတ်ထင်ကြကုန်သနည်း။[2] ရူပံ၊ ရူပက္ခန္ဓာ

၁။ သံသယပက္ခန္ဒော-စသည်။ ။သမန္တတော သေတီတိ သံသယော။ အာရုံတခုတည်း၌ အတည်မဖြစ်နိုင်သောကြောင့် ပတ်ဝန်းကျင်အာရုံ၌ ဖြစ်တတ်သောဝိစိကိစ္ဆာကို ''သံသယ'' ဟုခေါ်၏။ သံသယံ+ပက္ခန္ဒော သံသယပက္ခန္ဒော။န+မတိ ဝိမတိ၊မသိခြင်းသဘောတရား။ တစုံတခုကို မဆုံးဖြတ်နိုင်သောကြောင့် ''မသိ'' ဟု ဆိုသည်။ ဝိစိ-ကိစ္ဆာပင်တည်း။ ဝိမတိံ+ပက္ခန္ဒော ဝိမတိပက္ခန္ဒော။ ဒွေဠှကဇာတော၌ ဒွေဠှကပုဒ်ပြီးပုံကို အကုသလဝိစိကိစ္ဆာနိဒ္ဒေသ-အဖွင့်၌ ပြထား၏။ ဒွေဠှကော+ဇာတော ယဿာတိ ဒွေဠှကဇာတော၊ ဖြစ်သော+စိတ်၏ ၂-ပါး အပြားအားဖြင့် တုန်လှုပ်ကြောင်း သံသယရှိသူ။ စိတ် ၂-မျိုးဖြစ်သောကြောင့် ''နှလုံး ၂-ခွဖြစ်သူ'' ဟုလည်း ခေါ်ကြ၏။

၂။ ရူပံ နိစ္စံ ဝါ။ ။ခန္ဓာ ၅-ပါးကို မေးသောအရာဖြစ်၍''ရူပံ-ရူပက္ခန္ဓာ''ဟုပေးရသည်။ နိစ္စံဝါ၌ ဝါသဒ္ဒါသည် သဘာဝဝိဘာဝန (သဘောကို ထင်စွာပြခြင်း အနက်ရှိ၏)။ ရူပက္ခန္ဓာသည် နိစ္စသဘောလား၊ အနိစ္စသဘောလား—ဟူလို။ ဒုက္ခံ ဝါ--စသည်၌လည်းနည်းတူ။ ဝိပရိဏာမဓမ္မ၌ ဇရာ မရဏ ၂-ပါး အပြားအားဖြင့် ဖောက်ပြန်ခြင်းသဘောကို ''ဝိပရိဏာမဓမ္မ'' ဟု ဆိုသည်။

သည်။နိစ္စံ ဝါ၊နိစ္စလော။ ဝါ၊နိစ္စသဘော ရှိသလော။အနိစ္စံ ဝါ၊အနိစ္စလော။ ဝါ၊ အနိစ္စသဘော ရှိသလော။ ဣတိ၊ သို့။ (ပုစ္ဆတိ၊ မေးတော်မူ၏။)ဘန္တေ၊ မြတ်စွာဘုရား။(ရူပံ၊ ရူပက္ခန္ဓာသည်။)အနိစ္စံ၊ အနိစ္စပါတည်း။ ယံ ပန၊အကြင် ရူပက္ခန္ဓာသည်။အနိစ္စံ၊ အနိစ္စတည်း။ တံ ထို အနိစ္စ ရူပက္ခန္ဓာသည်။ ဒုက္ခံ ဝါ၊ ဒုက္ခလော။ဝါ၊ဒုက္ခသဘော ရှိသလော။ သုခံ ဝါ၊သုခလော။ဝါ၊သုခသဘော ရှိသလော။ ဣတိ၊ သို့။ (ပုစ္ဆတိ။) ဘန္တေ၊ မြတ်စွာဘုရား။ (တံ၊ ထို ရူပက္ခန္ဓာသည်။) ဒုက္ခံ၊ ဒုက္ခပါတည်း။ ယံ ပန၊ အကြင် ရူပက္ခန္ဓာသည်။ အနိစ္စံ၊ အနိစ္စတည်း။ ဝါ၊ မမြဲ။ ဒုက္ခံ၊ ဒုက္ခတည်း။ ဝါ၊ ဒုက္ခဖြစ်၏။ ဝိပရိဏာမဓမ္မံ၊ ဇရာ မရဏ-ဟူသော ၂-ပါးအပြားအားဖြင့် ဖောက်ပြန်ခြင်းသဘောရှိ၏။ တံ၊ ထိုအနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ ရူပက္ခန္ဓာကို။ (သမနုပဿိတုံ-၌ စပ်။) တေံ၊ ဤ ရူပက္ခန္ဓာသည်။ မမံ၊ ငါ၏ဥစ္စာတည်း။ ဧသော၊ ဤ ရူပက္ခန္ဓာ သည်။ အဟံ၊ သည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ သည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ သို့။ သမနုပဿိတုံ၊ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် အဖန်ဖန်ရှုခြင်းငှာ။ ဝါ၊ သည်။ ကလ္လံ နု ခေါ၊ သင့်လျော်မည်လော။ ဣတိ၊ ဤသို့ မေးတော်မူပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ ဟေ၊ ဤ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် အဖန်ဖန်ရှုခြင်းသည်။ နော ဟိ (ကလ္လံ)၊ မသင့်ပါ။ ဣတိ၊ ဤသို့ လျှောက်ကြကုန်ပြီ။ အယံ၊ ဤ ပုစ္ဆာသည်။ အနုမတိ-ပုစ္ဆာ၊ မည်၏။

ကတမာ၊ သည်။ ကထေတုကမျတာပုစ္ဆာ၊ မည်သနည်း။ ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ကထေတုကမျတာ၊ ဖြေခြင်းငှာ အလိုတော်ရှိသည်၏ အဖြစ်ကြောင့်။ [ယခု စာအုပ်များ၌ "ကထေတုကမျတာယ" ဟု ရှိသော်လည်း ဋီကာ၌ "ကထေတုကမျတာတိ ကထေတုကမျတာယ" ဟု ယအက္ခရာ အကျေကြံ၍ ဖွင့်သောကြောင့် ရှေးစာအုပ်များ၌ "ကထေတု-ကမျတာ" ဟု ရှိခဲ့ဟန်တူသည်။] ပဥှံ၊ ကို။ ပုစ္ဆတိ၊ ၏။ (ကိံ၊ နည်း။)

၁။ တေံ မမံ။ ။တေံ မမံ၌ "မမ+ဧဒံ မမံ" ဟု ဧဒံတခွဲတ်ပြု။ အမှသဒ္ဒါနောင် ဝိဿဇ္ဇနီယေပိ ပစ္စယာ-ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ဏ-ပစ္စည်းသက်၊ ဏ်-အနုဗန္ဓ ချေ၊ တဒမိနာဒီနိ ဟူသော မောဂ္ဂလ္လာန်သုတ်ကြီးဖြင့် အမှသဒ္ဒါကို "မမ" ပြု၊ နာမ်ငဲ့ သိသက် အံပြု၊ "မမံ" ဟု ပြီး၏။ [မမ သန္တကန္တိ ကတွာ မမန္တိ။-ဒီဃနိကာယ် သတိပဋ္ဌာနသုတ်ဋီကာ။ အကျယ်ကို မောဂ္ဂလ္လာန်နိဿယ၊ ဏာဒိကဏ္ဍ ၃၃-သုတ်၌ ရှုပါ။] ရှေးစာအုပ်များ၌ "မမ" ဟု ရှိသောကြောင့် ရှေးနိဿယတို့၌ "မမ၊ ၏။ သန္တကံ၊ ဥစ္စာတည်း" ဟု ထည့်၍ ပေးကြရသည်။ တေံ မမံဖြင့် တဏှာစွဲကို ပြ၏။ ဧသော ဟ မသ္မိဖြင့် မာနစွဲကို ပြ၏။ ဧသော မေ အတ္တာဖြင့် ဒိဋ္ဌိစွဲကို ပြ၏။

ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာန၊ တို့သည်။ ဣမေ စတ္တာရော၊ ဤ ၄-ပါး တို့တည်း။ ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဣတိ၊ သို့။ (ပုစ္ဆတိ။) အယံ၊ ဤ ပုစ္ဆာသည်။ ကထေတုကမျတာပုစ္ဆာ၊ မည်၏။ ဣတိ (ဣဒံ)၊ ဤဆိုအပ်ပြီးကား။ (တသံ၊ ထို ၅-ပါးသော ပုစ္ဆာတို့၏။ နာနတ္တံ၊ ထူးကုန်သည်၏ အဖြစ်တည်း။-ဤသို့ ရှေးလှည့်စပ်။)

တတ္ထ၊ ထို ၅-ပါးသော ပုစ္ဆာတို့တွင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ (ပုစ္ဆာ-၌စပ်။) (ဘုရားရှင်တို့မှာ။) ပုရိမာ၊ ရှေး၌ဖြစ်ကုန်သော။ တိဿော၊ ကုန်သော။ ပုစ္ဆာ၊ တို့သည်။ နတ္ထိ၊ မရှိကုန်။ ကသ္မာ၊ ကြောင့်။ (ဗုဒ္ဓါနံ ပုရိမာ တိဿော ပုစ္ဆာ။) နတ္ထိ၊ မရှိကုန်သနည်း။ ဟိ၊ ချဲ့။ [တိဿောပုစ္ဆာ နတ္ထိ-အရ မရှိပုံကို ချဲ့ပြသည်။] (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ ဗုဒ္ဓါနံ၊ တို့၏။ ဝါ၊ တို့သည်။ (အဒိဋ္ဌ-စသည်၌ စပ်။) တီသု၊ (ပစ္စုပ္ပန်, အတိတ်, အနာဂတ်အားဖြင့်) သုံးပါးကုန်သော။ အဒ္ဓါသု၊ ကာလတို့၌။ ကိဉ္စိ၊ တစုံ တခုသော။ သင်္ခတံ ဝါ၊ သင်္ခတလည်းဖြစ်သော။ [ရုပ်, နာမ်ကို ရည်ရွယ်သည်။] အဒ္ဓါဝိမုတ္တံ၊ ကာလ ၃-ပါးမှ လွတ်သော။ အသင်္ခတံ ဝါ၊ အသင်္ခတ လည်း ဖြစ်သော။ [နိဗ္ဗာန်, ပညတ်ကို ရည်ရွယ်သည်။] အဒိဋ္ဌံ (နာမ)၊ အဒိဋ္ဌ မည်သော တရားသည်လည်းကောင်း။ (ဉာဏ်ဖြင့် ထင်ထင် မြင်အပ်ပြီး မဟုတ် သည်မည်သော တရားသည်လည်းကောင်း။) အနညာတံ (နာမ)၊ အနညာတ-မည်သော တရားသည်လည်းကောင်း။ (တစုံတခုသော ဉာဏ်ဖြင့် သိအပ်ပြီး မဟုတ်သည်မည်သော တရားသည်လည်းကောင်း။) အဇောတိတံ (နာမ)၊ အဇောတိတ-မည်သော တရားသည်လည်းကောင်း။ (ဉာဏ်ဖြင့် ထွန်းလင်းအပ် ပြီးမဟုတ်သည်မည်သောတရားသည်လည်းကောင်း။)အတုလိတံ(နာမ)၊အတု-လိတ-မည်သော တရားသည်လည်းကောင်း။ (ချိန်ခွင်ပမာ ဉာဏ်ပညာဖြင့်နှိုင်း ချိန်အပ်ပြီးမဟုတ်သည်မည်သောတရားသည်လည်းကောင်း။)အတီရိတံ(နာမ)၊ အတီရိတ-မည်သော တရားသည်လည်းကောင်း။ (အပြီးအပြတ်ဉာဏ်ဖြင့် ဆုံး ဖြတ်အပ်ပြီး မဟုတ်သည်မည်သော တရားသည်လည်းကောင်း။) အဝိဘူတံ (နာမ)၊အဝိဘူတ-မည်သောတရားသည်လည်းကောင်း။(ဉာဏ်အားထင်ရှားပြီး မဟုတ်သည်မည်သော တရားသည်လည်းကောင်း။)အဝိဘာဝိတံ နာမ၊အဝိဘာ ဝိတ-မည်သော တရားသည်လည်းကောင်း။ (ဉာဏ်ဖြင့်ထင်စွာဖြစ်စေအပ်ပြီး မဟုတ်သည်မည်သော တရားသည်လည်းကောင်း။)နတ္ထိ။တေန၊ကြောင့်။ တေ-သံ၊ ထို ဘုရားရှင်တို့၏။ ဝါ၊ဘုရားရှင်တို့မှာ။အဒိဋ္ဌဇောတနာပုစ္ဆာ၊သည်။နတ္ထိ။

ပန၊ ကား။ (အဒိဋ္ဌဇောတနာ ပုစ္ဆာ မရှိပုံမှတပါး ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မရှိပုံကား။) ယံ(ဓမ္မဇာတံ)၊ အကြင်သင်္ခတ အသင်္ခတဖြစ်သော တရားသဘော

ကို။ ဘဂဝတာ၊ သည်။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏေန၊ ဉာဏ်တော်ဖြင့်။ ပဋိဝိဒ္ဓံ၊ ထိုးထွင်း၍ သိတော်မူအပ်ပြီ။ တဿ၊ ထို သင်္ခတ အသင်္ခတ–ဖြစ်သော တရားသဘောကို။ အညေန၊ အခြားသော။ သမဏေန ဝါ၊ ရဟန်းနှင့်လည်းကောင်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားနှင့်လည်းကောင်း။ ဒေဝေန ဝါ၊ နတ်နှင့်လည်းကောင်း။ မာရေန ဝါ၊ မာရ်နတ်နှင့်လည်းကောင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာနှင့်လည်းကောင်း။ သဒ္ဓိံ။ သံသန္ဒနကိစ္စံ၊ နှိုးနှော့ဖွယ်ကိစ္စသည်။ နတ္ထိ။ [သမဏေန ဝါ-စသည်၌ သမုစ္စည်းပေးလေ့ရှိသည့်အတိုင်းပေးလိုက်သည်။ ဝိကပ်ဆိုလျှင် သာ၍ကောင်းမည်ထင်သည်။] တေန၊ ကြောင့်။ (ထိုသို့ ထိုးထွင်း၍ သိအပ်ပြီးသော တရားကို အခြားသော သမဏ-စသည်တို့နှင့် နှိုးနှော့ဖွယ် မရှိသည်၏ အဖြစ်ကြောင့်။) အဿ၊ ထို မြတ်စွာဘုရား၏။ ဝါ၊ မှာ။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာပိ၊ သည်လည်း။ နတ္ထိ။ [သီလက္ခန်၌ ပိ-ပါသည်။]

ပန၊ ကား။ (ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မရှိပုံမှတပါး ဝိမတိစ္ဆေဒနာပုစ္ဆာ မရှိပုံကား။) ယသ္မာ၊ ကြောင့်။ သေ (သော)၊ ဤ မြတ်စွာဘုရားသည်။ [၁]အကထံကထိ၊ အဘယ်သို့သော အပြားအားဖြင့် ဖြစ်ပါလိမ့်မည်နည်း, အဘယ်သို့သော အပြားအားဖြင့် ဖြစ်ပါလိမ့်မည်နည်းဟု တွေးတောကြောင်း ဝိစိကိစ္ဆာရှိသူမဟုတ်သည်။ ဝါ၊ သို့လော သို့လော တွေးတောကြောင်း ဝိစိကိစ္ဆာရှိသူမဟုတ်သည်။ တိဏ္ဏဝိစိကိစ္ဆော၊ လွန်မြောက်အပ်ပြီးသော ဝိစိကိစ္ဆာရှိတော်မူသည်။ (ဝိစိကိစ္ဆာကို လွန်မြောက်တော်မူပြီးသည်။)သဗ္ဗဓမ္မေသု၊ အလုံးစုံသော သင်္ခတ အသင်္ခတ တရားတို့၌။ ဝိဟတသံသယော၊ ပယ်ဖျောက်အပ်ပြီးသော သံသယရှိတော်မူသည်။ (သံသယကို ပယ်ဖျောက်တော်မူပြီးသည်။) ဟောတိ။ တေန၊ ကြောင့်။ (ထိုသို့ ယုံမှားသံသယကို ပယ်ဖျောက်တော်မူပြီး၏အဖြစ်ကြောင့်။) အဿ၊ ထို မြတ်စွာဘုရား၏။ ဝါ၊ မှာ။ ဝိမတိစ္ဆေဒနာပုစ္ဆာ(ပိ)၊ သည်လည်း။ နတ္ထိ။ ပန၊ ကား။ (မရှိသည်မှတပါး ရှိသည်ကို ဆိုဦးအံ့။) ဘဂဝတော၊ ၏။ ဝါ၊ မှာ။ ဣတရာ၊ ဆိုအပ်ပြီးသော ပုစ္ဆာ ၃—မျိုးတို့မှ တပါး တခြားကုန်သော။ ဒွေ၊ ကုန်သော။ ပုစ္ဆာ၊ အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တာသု၊ ထို ၂-ပါးသော ပုစ္ဆာ

၁။ **အကထံ ကထိ စသည်။** ။ကထံ ဣတိ ကထီယတိ တောယာတိ ကထံကထာ။ တောယ၊ ဤ ဝိစိကိစ္ဆာဖြင့်။ ကထံဣတိ၊ အဘယ်သို့ပါလိမ့်မည်နည်းဟု။ ကထီယတိ၊ ပြောဆိုအပ်၏။ ဣတိ၊ ကြောင့်။ သာ၊ ထို ဝိစိကိစ္ဆာသည်။ ကထံကထာ၊မည်၏။ ကထံကထာ ယဿာတိ ကထံကထိ၊ န+ကထံကထိ အကထံကထိ၊ တိဏ္ဏာ+ဝိစိကိစ္ဆာ ယေနာတိ တိဏ္ဏဝိစိကိစ္ဆော၊ ဝိဟတော+သံသယော ယေနာတိ ဝိဟတသံသယော။

တို့တွင်။ အယံ၊ ဤ ကတမေ ဓမ္မာ ကုသလာ—ဟူသော ပုစ္ဆာကို။ ကထေတုကမျတာပုစ္ဆာတိ၊ ဟူ၍။ဝေဒိတဗ္ဗာ၊ သိထိုက်၏။

တတ္ထ၊ထို ကတမေ ဓမ္မာ ကုသလာ—ဟူသော ပုစ္ဆာစကားရပ်၌။[ရှေ့ကိုငဲ့၍ စွဲသည်။]ဝါ၊ ထို ကတမေ ဓမ္မာ ကုသလာ-ဟူသောပုဒ်တို့တွင်၊[နောက်ကိုငဲ့၍ ရွေးနိဒ္ဓါရဏ စွဲသည်။] ကတမေတိ ပဒေန၊ ကတမေ-ဟူသော ပုဒ်ဖြင့်။ နိဒ္ဒိသိတဗ္ဗဓမ္မေ၊ အကျယ်ညွှန်ပြထိုက်သော ကုသိုလ်တရားတို့ကို။ ပုစ္ဆတိ၊ မေးတော်မူ၏။ ဟိ မှန်။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ ဓမ္မာ ကုသလာတိ ဝစနမတ္တေန၊ ဓမ္မာ ကုသလာ-ဟူသော စကားမျှဖြင့်။ (ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တို့ကို။) ကိံ ကတာ၊ အဘယ်သို့ ပြုအပ်ကုန်သနည်း။ (ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။) ကိံ၊ အဘယ်ကို။ ကရေန္တိ၊ ပြုတတ်ကုန်သနည်း။ ဣတိ ဝါ၊ ဤသို့ လည်းကောင်း။ ဉာတုံ၊ သိခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းကုန်။ [မသိအပ် မသိနိုင်ကုန်—ဟူလို။] ပန၊ အနွယ-ကား။ ကတမေတိ၊ ဟူ၍။ ဝုတ္တေ၊ မိန့်တော်မူအပ်သော်။ တေသံ၊ ထို ကုသိုလ်တရားတို့၏။ ပုစ္ဆာဘာဝေါ၊ မေးအပ်ကုန်သည်၏ အဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ တေန၊ ကြောင့်။ ကတမေတိ။ပ။ ပုစ္ဆတီတိ၊ ဟူ၍။ (မယာ၊ သည်။) ဝုတ္တံ၊ ဆိုအပ်ပြီ။ ဓမ္မာ ကုသလာတိ ပဒဒွယေန၊ ဓမ္မာ ကုသလာ-ဟူသော ပုဒ် ၂-ပါးအပေါင်းဖြင့်။ ပုစ္ဆာယ၊ ကတမေ-ဟူသော ပုစ္ဆာဖြင့်။ ပုဋ္ဌဓမ္မေ၊ မေးအပ်သော တရားတို့ကို။ ဒဿေတိ၊ ပြတော်မူ၏။ တေသံ၊ ထို ဓမ္မာ ကုသလာ—ဟူသော ပုဒ်တို့၏။အတ္ထော၊ကို။ ဟေဋ္ဌာ၊ အောက်၌။(မာတိကာ ကုသလတိတ်အဖွင့်၌။) ပကာသိတောဝ၊ ထင်ရှား ပြအပ်ပြီးသည်သာ။

ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤ နိဒ္ဒေသ၌။ ဝါ၊ ဤ ပဒဘာဇနီ၌။ မာတိကာယံ ဝိယ၊ မာတိကာ၌ ကဲ့သို့။ (မာတိကာတုန်းကကဲ့သို့။) ကုသလာ ဓမ္မာတိ၊ ဟူ၍။ အဝတွာ၊ ဟော တော်မမူပဲ။ ဓမ္မာ ကုသလာတိ၊ ဟူ၍။ ပဒါနုက္ကမော၊ ပုဒ်တို့၏အစဉ်ကို။(ဘဂဝတာ၊ သည်။)ကတော၊ ပြုတော်မူအပ်သနည်း။ ဣတိ။ဤကား အမေးတည်း။ ပဘေဒတော[၁]၊ ကုသိုလ် အကုသိုလ်စသော အထူးအပြားအားဖြင့်။ ဓမ္မာနံ-ဓမ္မတို့၏။ ဒေသနံ၊ ဟောတော်မူကြောင်းဖြစ်သော မာတိကာ ဒေသနာတော်

[၁]။ ပဘေဒတော။ပ။ဒေသနတ္ထံ။ ။ရှေ့၌ ဟောတော်မူအပ်သော မာတိကာ ဒေသနာကို ''ပဘေဒတော ဓမ္မာနံ ဒေသနံ''ဟု ဆိုသည်။ မှန်၏-ထို မာတိကာ၌''ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ'' စသည်ဖြင့် ပဘေဒ (ကုသိုလ် အကုသိုလ်စသောအပြား) ကို ရှေ့ကထား၍ ဓမ္မတို့ကို နောက်ထားလျက် ဟောတော်မူ၏။ ထို့ကြောင့် ''ပဘေဒ-

ကို။ ဒီပေတွာ၊ ပြတော်မူပြီး၍။ ပဘေဒဝန္တဒဿနတ္တံ၊ အထူးအပြားရှိသော ဓမ္မတို့ကို ပြခြင်းအကျိုးငှာ။ (ဇွတ္တေ၊ ဤနိဒ္ဒေသ၌။ ဝါ၊ဤပဒဘာဇနီ၌။ မာတိကာယံ ဝိယ၊ ၌ကဲ့သို့။ ကုသလာ ဓမ္မာတိ၊ ဟူ၍။ အဝတွာ၊ ဟောတော်မမူပဲ။ ဓမ္မာကုသလာတိ၊ ၍။ ပဒါနုက္ကမော၊ ကို။ကတော၊ ပြုတော်မူအပ်ပြီ။ ဣတိ၊ ဤကား အဖြေတည်း။)

ဟိ၊ ခဲ့။ (တနည်း)ဟိ ယသ္မာ၊ ကြောင့်။ ဣမသ္မိံ အဘိဓမ္မေ၊ ဤ အဘိဓမ္မာ၌။ ဓမ္မာဝ၊ ပရမတ္ထသဘာဝဓမ္မ တို့ကိုသာ။ ဒေသေတဗ္ဗာ၊ ဟောထိုက်ကုန်၏။ [ဝေဖြင့် သုတ္တန်၌ကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ–စသည်တို့ကို မဟောထိုက်ဟု ကန့်။] တေ စ၊ ထို ဓမ္မတို့ကိုလည်း။ကုသလာဒီဟိ၊ ကုသိုလ်အစရှိကုန်သော။ ပဘေဒေဟိ၊ အထူးအပြားတို့ဖြင့်။ အနေကပ္ပဘေဒါ၊ တပါးမက များသော အပြားရှိ

တော'' အရ ''ကုသိုလ်စသော၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာ-စသော''အပြားကို ယူပါ။ ထို အပြားရှိသော ဓမ္မတို့ကို ''ပဘေဒဝန္တ'' ဟု ဆို၍ ထို ဓမ္မတို့ကိုပြရာ နိဒ္ဒေသ (ပဒဘာဇနီ) ဒေသနာတော်ကို''ပဘေဒဝန္တ ဒဿန''ဟု ဆိုသည်။ [ပဘေ-ဒတော ဓမ္မာနံ ဒေသနတ္တာ-မာတိကာဒေသနံ အာဟ၊ ပဘေဒဝန္တဒဿနတ္တာ-နိဒ္ဒေသံ အာဟ။....''ဘေဒေါ ဝိသေသနံ''နှင့်အညီ ဝိသေသနနှင့် ပဘေဒ၊ဝိသေသျနှင့် ပဘေဒ-ဝန္တသည် သဘောတူပင်တည်း။]

ဆိုလိုရင်းကား။ ။မာတိကာဒေသနာ၌ ''ကုသလာ ဓမ္မာ'' စသည်ဖြင့် ''ကုသ–လာ'' စသော ဝိသေသနရှိသော ဓမ္မတို့ကို ဟောတော်မူခဲ့၏။ ထို ဓမ္မတို့သည် ဝိသေ–သိတဗ္ဗ (ဝိသေသျ) ဖြစ်သောကြောင့် ပဓာနတို့တည်း။ ထို ပဓာနဖြစ်သော ဓမ္မတို့သာ မေးသင့်ဖြေသင့်၏။ ထို့ကြောင့် ထို ဓမ္မတို့ကိုပင် ''ကတမေ ဓမ္မာ'' ဟု ပုစ္ဆာပြု၍လည်းကောင်း၊ ထို ဓမ္မတို့ကိုပင် ''ဣမေ ဓမ္မာ'' ဟု ဝိဿဇ္ဇနာပြု၍လည်းကောင်း ပြခြင်းငှာ ဓမ္မာကို ကတမေ၊ ဣမေနှင့်တွဲကာ ကုသလာ၏ရှေ့က ထားသည်။ ''ကုသ-လာ'' ကား ထိုဓမ္မ၏ ဝိသေသန အပဓာနမျှသာ ဖြစ်သောကြောင့် ကတမေ ဣမေတို့နှင့်မတွဲပဲ ဓမ္မာ၏ နောက်၌ ထားသည်။

မှတ်ချက်။ ။များသောအားဖြင့် ဝိသေသနပုဒ်တို့ကို ''မဟန္တော ပုရိသော'' စသည်၌ကဲ့သို့ ရှေ့က ထားလေ့ရှိသော်လည်း တရံတခါ၌မူ နောက်ကလည်းထားနိုင်၏။ ပုံစံကား-''ဒေဝဒတ္တ မာနယ ဃဋ္ဋမာရက်-ဒေဝဒတ်ကို ခေါ်ခဲ့၊အိုးကိုထမ်းဆောင်နေတဲ့သူ'' ဟူရာ၌ ဃဋ္ဋမာရက်ဟူသော ဝိသေသနမျိုးတည်း။ [ဤ အဋ္ဌကထာအဖွင့်အတိုင်းဓမ္မာပုဒ်က ပဓာနဖြစ်သောကြောင့် ''ကတမေ+ဓမ္မာ၊ အဘယ်တရားတို့သည်။ ကုသလာ၊ မည်ကုန်သနည်း'' ဟု အနက်ပေးပါ။]

၁။ **ဣမသ္မိံ ဟိ။** ။ဝိတ္ထာရဝါကျတည်း။ နောက်၌ တသ္မာကိုထောက်၍ ဟိကို ကာရဏ ဇောတကလည်း ကြံပါ။ ထို ဝိတ္ထာရတွင် ''ဣမသ္မိံ ။ပ။ ဒေသနံ ဒီပေတွာ'' သည် ''ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ'' ၏ အကျယ်တည်း။ ''ဣဒါနိ ။ပ။ ဒဿေတုံ'' ကား ''ပဘေဒဝန္တဒဿနတ္တံ'' ၏ အကျယ်တည်း။

သော ဓမ္မတို့ကို။ (ဒေသေတဗ္ဗာ၊ ဟောထိုက်ကုန်၏။) တသ္မာ[1]၊ ကြောင့်။ အယံ၊ ဤ အဘိဓမ္မာဒေသနာသည်။ ဝေါဟာရဒေသနာ၊ ဝေါဟာရဒေသနာသည်။ န၊ မဟုတ်။ (တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ဝေါဟာရဒေသနာ မဟုတ်သည်၏အဖြစ်ကြောင့်။) ဣမေ၊ ဤ အဘိဓမ္မာ၌။ [2]ဓမ္မာ ဝေ၊တို့ကိုသာ။ ဒေသေတဗ္ဗာ၊ ကုန်၏။ တေ စ၊ ထို ဓမ္မတို့ကိုလည်း။ အနေကပ္ပဘေဒတော၊ တပါးမက များသော အပြားအားဖြင့်။ ဒေသေတဗ္ဗာ၊ ကုန်၏။ ဓမ္မမတ္တတော၊ ဓမ္မသာမည အားဖြင့်။ န ဒေသေတဗ္ဗာ၊ မဟောထိုက်ကုန်။ (ကသ္မာ၊ နည်း။)ဟိ ယသ္မာ၊ ကြောင့်။ ပဘေဒတော၊ ကုသိုလ်စသော အပြားအားဖြင့်။ ဒေသနာ၊ ဟောကြောင်း ဒေသနာတော်သည်။ ဃနဝိနိဗ္ဘောဂ ပဋိသမ္ဘိဒါဉာဏာဝဟာ၊ ဃနဝိနိဗ္ဘောဂဉာဏ်, ပဋိသမ္ဘိဒါဉာဏ်ကို ဆောင်နိုင်သည်။ ဟောတိ၊ ၏။ဣတိ၊ ထို့ကြောင့်တည်း။

ဣတိ၊ ထို့ကြောင့်။(ဣတိတလုံးကျေ။) [အကျယ်စွဲလိုလျှင်"ဣတိ၊ ထိုသို့ ဝေါဟာရဒေသနာ မဟုတ်သည့်အတွက် ဤ အဘိဓမ္မာဝယ် ဓမ္မတို့၏သာ

၁။ **တသ္မာ။** ။ဤ တသ္မာကို "ကုသလာ ဓမ္မာတိ ။ပ။ ဒီပေတွာ" ၌ လှမ်းစပ်။ တသ္မာကိုလည်း ရှေ့ ၂-ဝါကျ၏အနက်ကို စွဲရ၏။ ထို့ကြောင့် ဋီကာ၌ နောက်လာမည့်အကြောင်းပြကိုပါယူ၍ "အဝေါဟာရဒေသနတော ဓမ္မာနမေဝ ဒေသေ-တဗ္ဗတ္တာ"ဟု ပထမဝါကျ၏ အနက်ကိုလည်းကောင်း၊ "တေသဉ္စ ။ပ။ ပဘေဒဝန္တာနံ ဒေသေတဗ္ဗတ္တာ" ဟု ဒုတိယဝါကျ၏ အနက်ကိုလည်းကောင်း တသ္မာ၏ စွဲနက်အဖြစ်ဖြင့် ဖွင့်ပြသည်။

၂။ **ဓမ္မာ ဝေ။ပ။ဟောတီတိ။** ။တသ္မာဟူသော ဟိတ်ကိုပင် အကြောင်းနှင့်တကွ အကျယ်ပြသော စကားတည်း။ထို့ကြောင့် တသ္မာနှင့်"ဓမ္မာ ဝေ ။ပ။ ဟောတီတိ"ကို အနက်အရတူ ဟု မှတ်ပါ။ မှန်၏—ဓမ္မာ ဝေ ဣမေ ဒေသေသဗ္ဗာကို နောက်က ဣတိနှင့် တွဲလိုက်လျှင် တသ္မာ၏ ပထမစွဲနက်နှင့်ထပ်တူကျ၏။"နာယံ ဝေါဟာရဒေသနာ"ကား ထိုဟိတ်၏အကြောင်းပြတည်း။ "ပုဂ္ဂိုလ်သတ္တဝါ" စသည်ဖြင့် နာမည် ပညတ်ကို ပြသော သုတ္တန်ဒေသနာမဟုတ်သောကြောင့် နိဿတ္တ နိဇ္ဇီဝဓမ္မတို့ကိုသာ ဟောထိုက်သည်—ဟူလို။

ထို့ပြင်—"တေ စ ။ပ။ ဒေသေတဗ္ဗာ၊ န ဓမ္မမတ္တတော" ကို ဣတိနှင့် တွဲလိုက်လျှင် တသ္မာ၏ ဒုတိယစွဲနက်နှင့် ထပ်တူကျ၏။ "ပဘေဒတော ဟိ ။ပ။ ဝဟာ ဟောတိ" ကား ထိုဟိတ်၏အကြောင်းပြတည်း။ "ကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ"စသည်ဖြင့် ခွဲခြား၍ ဟောအပ်သော ဒေသနာတော်သာလျှင် ဃနဝိနိဗ္ဘောဂဉာဏ် ပဋိသမ္ဘိဒါဉာဏ် တို့ကို ဆောင်နိုင်သောကြောင့် ကုသိုလ် အကုသိုလ် စသော အနေကပဘေဒ အားဖြင့် ဟောထိုက်သည်—ဟူလို။

ဟောထိုက်ကုန်သည်၏ အဖြစ် (ပထမစွဲနက်။) ပဘေဒဒေသနာ၏ ဃနဝိနိဗ္ဘောဂဉာဏ်[၁] ပဋိသမ္ဘိဒါဉာဏ်[၂]ကို ဆောင်နိုင်သည့်အတွက် တပါးမက များသော အပြားအားဖြင့် ဟောထိုက်ကုန်သည်၏ အဖြစ်ကြောင့်။ (ဒုတိယစွဲနက်။) ဤသို့စွဲပါ။] ကုသလာ ဓမ္မာတိ၊ ဟူ၍။ ဝေ၊ သို့။ ပဘေဒတော၊အားဖြင့်။ ဓမ္မာနံ၊ ဓမ္မတို့၏။ ဝါ၊ တို့ကို။ ဒေသနံ၊ ဟောကြောင်းဖြစ်သော မာတိကာဒေသနာတော်ကို။ ဒီပေတွာ၊ ပြတော်မူပြီး၍။ ဣဒါနိ၊ ၌။တေန ပဘေဒေန၊ ထိုကုသိုလ်စသော အပြားအားဖြင့်။ ဒေသေတဗ္ဗာ၊ ဟောထိုက်ကုန်သော။ ယေ ဓမ္မာ၊ အကြင်ဓမ္မတို့သည်။ (သန္တိ။) တေ၊ ထို ဓမ္မတို့ကို။ ဒဿေတုံ၊ ငှာ။ ကတမေ ဓမ္မာ ကုသလာတိ၊ ဟူ၍။ အယံ ပဒါနုက္ကမော၊ ဤပုဒ်တို့၏အစဉ်ကို။ ကတော၊ ပြုတော်မူအပ်ပြီ။ ဣတိ။ ဝေဒိတဗ္ဗော။ ၏။

[၃]ဟိ၊ လဒ္ဓဂုဏ်ကို ဆိုဦးအံ့။ [ရှေးနိဿယ၌ ယုတ္တိဒင်္ဂလည်း စွဲသေး၏။] ပဘေဒဝန္တေသု၊ အထူးအပြားရှိသော ဓမ္မတို့ကို။ ဒဿိတေသု၊ ရှေးဦးစွာ ပြအပ်ကုန်ပြီးသော်။ ဝါ၊ ရှေးဦးစွာပြအပ်ကုန်ပြီးမှ။ ပဘေဒေါ၊ကုသိုလ်စသော

၁။ ဃနဝိနိဗ္ဘောဂဉာဏ်။ ။ကုသလာ - စသော ခွဲခြားမှု မပါဲ "ဓမ္မာ" ဟုသာမညအားဖြင့် ဟောလိုက်လျှင် ဓမ္မ တမျိုးတည်း ဖြစ်နေသောကြောင့် ဓမ္မသမူဟ (တရားအပေါင်း) ဓမ္မသန္တာန (တရားအစဉ်အတန်း) ဖြစ်၍ တခဲနက် တခုတည်း ဖြစ်နေ၏။ ထိုသို့ တခဲနက် ပေါင်းစုနေသော တရားတို့တွင် "ကုသလာ ဓမ္မာ-ဤတရားသည် ကုသိုလ်၊အကုသလာဓမ္မာ-ဤတရားကား အကုသိုလ်" စသည်ဖြင့် ခွဲခြား၍ ဟောတော်မူအပ်သော ပဘေဒဒေသနာ (မာတိကာ) သည် ထို တခဲနက် အပေါင်းအစုကို ခွဲခြားနိုင်ရကား ဃနဝိနိဗ္ဘောဂဉာဏ်ကို ဖြစ်စေနိုင်သည်။ [ဃန—တခဲနက်တခုတည်းကို+ ဝိနိဗ္ဘောဂ-အသီးအသီးပြုတတ် ခွဲခြားတတ်သောဉာဏ်။]

၂။ ပဋိသမ္ဘိဒါဉာဏ်။ ။"ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ" စသည်ဖြင့် အကြောင်းတရားစုကိုလည်းကောင်း "အဗျာကတာ ဓမ္မာ" စသည်ဖြင့် အကျိုးတရားစုကိုလည်းကောင်း၊ ခွဲခြား၍ပြသောကြောင့် ပဘေဒဒေသနာ (မာတိကာ) သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် အတ္ထပဋိသမ္ဘိဒါ ဉာဏ်ကိုလည်း ဖြစ်စေနိုင်၏။ [ကုသလာဒိဓမ္မာနံ အဗျာကတာဒိအတ္ထာနံ စ ဒီပနတော ဓမ္မပဋိသမ္ဘိဒါဒိဉာဏာဝှ အာဝဟာတိ။—ဋီကာ။]

၃။ ပဘေဒဝန္တေသု ဟိ။ ။လဒ္ဓဂုဏ်ဝါကျတည်း။ အကျယ်နိဒ္ဒေသ၌ "ကတမေ ဓမ္မာ" ဟု ပဘေဒဝန္တဓမ္မတို့ကို ရှေးဦးစွာပြ၍ "ကုသလာ" စသည်ဖြင့် ပဘေဒကို နောက်မှပြခြင်းသည် အဘယ် အကျိုးရှိသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ပဘေဒဝန္တေသု ဟိ" စသည်ကို မိန့်သည်။ "ကတမေ ဓမ္မာ=ဘယ်တရားတွေပါလိမ့်ဟု" ဓမ္မတို့က မေးဘင့် ဖြေသင့်သော ပဓာနဖြစ်၍ ရှေ့၌ထားခြင်း၊ ကုသလာ-စသည်တို့က ဝိသေသန-မျှသာ ဖြစ်သည့်အတွက် နောက်၌ထားခြင်းသည် လောက၌ သင့်မြတ်သော ယုတ္တိရှိခြင်း၊ သိလွယ် နားလည်လွယ်ခြင်း အကျိုးရှိသည်—ဟူလို။

အထူးအပြားသည်။ ဝါ၊ ကို။ဒဿိယမာနော၊ ပြအပ်သော်။ ယုဇ္ဇတိ၊ သင့်လည်း သင့်၏။ သုဝိညေယျော စ၊ လွယ်ကူစွာ သိနိုင်သည်လည်း။ ဟောတိ။ ဣတိ၊ ကတမေ ဓမ္မာ ကုသလာအဖွင့် အပြီးတည်း။

["ကတမေ ဓမ္မာ ကုသလာ" ဟူသော ပုစ္ဆာ၏ အခြားမဲ့၌ "ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ" စသည်ဖြင့် ကုသိုလ်တရားတို့ကို ပြတော်မမူပဲ အဘယ်အကျိုးငှာ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ"စသည်ဖြင့် "သမယ၌ စိတ်ကို အကျယ်ညွှန်ပြတော် မူပါလိမ့်မည်နည်း" ဟု အဘိဓမ္မာ တရားနာသူတို့မှာ စဉ်းစားဖွယ်ရှိသောကြောင့် "ဣဒါနိ။ပ။သမယေ နိဒ္ဒိသိ စိတ္တံ" စသည်ကို မိန့်တော်မူသည်။]

[1]ဣဒါနိ၊ ကတမေ ဓမ္မာ ကုသလာကို ပြတော်မူပြီးရာ ယခုအခါ၌။ ယသ္မိံ သမယေ။ပ။စိတ္တန္တိ ဧတ္ထ၊ ဟူသော ဤစကားရပ်၌။....မုနိ၊ မြတ်စွာဘုရားသည်။ [2]စိတ္တေန၊ ဝိသေသန-ဖြစ်သော စိတ်ဖြင့်။ သမယံ၊ ဝိသေသျဖြစ်သော သမယကို။ နိယမေတွာန၊ မှတ်သားပြီး၍။ (အထူးပြုပြီး၍။) တတ္ထ၊ ထိုစိတ်ဖြင့်မှတ်သားအပ်သော သမယ၌။ ဓမ္မေ၊ ကုသိုလ်စသောတရားတို့ကို။ ပဘေဒတော၊ ဖဿ ဝေဒနာ-အစရှိသော အထူးအပြားအားဖြင့်။ ဒီပေတုံ၊ ပြတော်မူခြင်းငှာ။ သမယေ၊ ဝိသေသနဖြစ်သော သမယ၌။ စိတ္တံ၊ ဝိသေသျဖြစ်သောစိတ်ကို။ နိဒ္ဒိသိ၊ အကျယ်ညွှန်ပြတော်မူပြီ။

၁။ ဣဒါနိ။ပ။နိဒ္ဒိသိစိတ္တံ။ ။[ဣဒါနိနှင့် ဧတ္ထပုဒ်တို့၏ စပ်ဖို့ရာ "ဧဝံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော" ဟု ယောဇနာထည့်သည်။ ထိုသို့မထည့်ပဲ နိဒ္ဒိသိ၌စပ်လျှင်လည်း သင့်စရာရှိ၏။] ယခုအခါ "ယသ္မိံ။ပ။စိတ္တံ"ဟူသော ဤစကားရပ်ထဲက "ယသ္မိံ သမယေ" အရ သမယ၌ စိတ်ကို အကျယ်ညွှန်ပြတော်မူသည်—ဟူလို။ "စိတ္တံ ဥပ္ပန္နံ ဟောတိ" ဟု အကျဉ်းပြခြင်း မဟုတ်ပဲ "ယသ္မိံ သမယေ ကာမာဝစရံ။ပ။စိတ္တံ"ဟု အကျယ်ပြခြင်း ဖြစ်သောကြောင့် "နိဒ္ဒိသိ" ဟု ဆိုသည်။

၂။ စိတ္တေန။ပ။ပဘေဒတော။ ။"အဘယ်အကျိုးငှာ သမယ၌ စိတ်ကို အကျယ်ညွှန်ပြပါသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "စိတ္တေန။ပ။ပဘေဒတော"ဟု မိန့်သည်။ "ယသ္မိံ သမယေ" ဟု အနိယမ သမယဖြင့် "စိတ္တံ ဥပ္ပန္နံ ဟောတိ" ဟု စိတ်ကိုရှေးဦးစွာ မှတ်သားပြီး၍ ထို မှတ်သားအပ်သော စိတ်ဖြင့် "တသ္မိံ သမယေ" ဟု နိယမ-သမယကို မှတ်သားပြီးလျှင် ထို သမယ၌ ဖြစ်ကြသော ကုသိုလ်စသော တရားတို့ကို "ဖဿော ဟောတိ" စသည်ဖြင့် ခွဲခြား၍ ပြခြင်းအကျိုးငှာ သမယ၌ စိတ်ကိုညွှန်ပြတော်မူသည်—ဟူလို။

[၁]ဟိ၊ ခဲ့။ ယသ္မိံ သမယေ။ပ။စိတ္တန္တိ၊ ဟူ၍။ နိဒ္ဒိသန္တော၊ အကျယ် ညွှန်ပြတော်မူသော။ ဘဂဝါ၊ သည်။ သမယေ၊ သမယ၌။ စိတ္တံ၊ ကို။ နိဒ္ဒိသိ၊ ပြီ။ ကိံ ကာရဏာ၊ အဘယ်အံကြောင်းကြောင့်။ (သမယေ၊ ၌။ စိတ္တံ၊ ကို။ နိဒ္ဒိသိ၊ အကျယ် ညွှန်ပြတော်မူသနည်း။) [၂]သမယနိယမိတေန၊ သမယဖြင့် မှတ်သားအပ်သော။ (သမယဖြင့် အထူးပြုအပ်သော။) တေန စိတ္တေန၊ ဖြင့်။ (နိယမေတွာန-၌စပ်။) [၃]ပရိယောသာနေ၊ အဆုံး၌။ တသ္မိံ သမယေတိ၊ ဟူ၍။ ဧဝံ၊ သို့။ သမယံ၊ ကို။ နိယမေတွာန၊ မှတ်သားပြီး၍။ (အထူးပြုပြီး၍။) [၄]အထ၊ ထိုမှနောက်၌။ (နိယမေတွာန၊ အထ—တို့ကို ဗောဓေတုံ၌-လှမ်းစပ်။) သမယနာနတ္တေ၊ သမယတို့၏ ထူးကုန်သည်၏ အဖြစ် သည်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားရှိပါသော်လည်း။ (စိတ္တနိယမိတေ သမယေ—၌ စပ်။) [၅]ယသ္မိံ သမယေ၊ အကြင်သမယ၌။ စိတ္တံ၊ သည်။ (ဥပ္ပန္နံ၊ သည်။

၁။ ယသ္မိံသမယေ။ပ။စိတ္တန္တိ ဟိ။ ။ရှေ့ဂါထာကိုချဲ့သော ဝိဏ္ဍာရဝါကျတည်း။ ဤ အကျယ်၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ နားလည်ဖို့ရာ ပါဠိတော်ကိုကြည့်လိုက်ပါဦး၊ အကျယ်ညွှန်ပြတော်မူသော ဘုရားရှင်သည် ပါဠိတော်၌ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံစိတ္တံ" ဟု သမယ၌ စိတ်ကို အကျယ် ညွှန်ပြတော်မူသည်မည်၏။ [နောက်၌ "ဓမ္မေ ဗောဓေတုံ" ကို မျှော်၍ "ကိံကာရဏာ" ဟု ပုစ္ဆာဝါကျ အပိုထည့်သည်။]

၂။ တေန သမယနိယမိတေန စိတ္တေန။ ။"ယသ္မိံ သမယေ စိတ္တံ" ဟု ဆိုသော ကြောင့် ထိုစိတ္တံကို "သမယဖြင့် မှတ်သားအပ်သောစိတ်"ဟု ဆိုသည်။ ဤစကားသည် ဂါထာတွင်း၌ စိတ္တေန၏ အကျယ်တည်း။

၃။ ပရိယောသာနေ။ပ။နိယမေတွာန။ ။"ယသ္မိံ သမယေ။ပ။ယံယံဝါပနာရဗ္ဘ" ဟု အနိယမဝါကျ ဆုံးသည်ကို "ပရိယောသာန"ဟု ဆိုသည်။ ထို ပနာရဗ္ဘ—အဆုံး၏ နောက်၌ "တသ္မိံ သမယေ"ဟု ပါဠိတော်၌ရှိသောကြောင့် "ပရိယောသာနေ တသ္မိံ သမယေတိ" ဟု ဆိုသည်။ ထို "တသ္မိံ သမယေ" အရ သမယဟူသည် "ထိုစိတ် ဖြစ်ရာအခါ၌"ဟု စိတ်ဖြင့် မှတ်သားအပ် အထူးပြုအပ်သော သမယတည်း။ ထို့ကြောင့် "ဧဝံ သမယံ နိယမေတွာန" ဟု ဆိုသည်။ [ဤစကားသည် "စိတ္တေန သမယံ နိယမေတွာန" ၏ အကျယ်တည်း။]

၄။ အထ။ပ။နာနတ္တေ။ ။အထကို ပစ္ဆာဟု ဋီကာဖွင့်သောကြောင့် အထ-သဒ္ဒါ၏ အဓိကာရမင်္ဂလ-စသော အနက်တို့တွင် အပါဒါနအနက်တည်း။ ထို အပါဒါန်၏စပ်ဖို့ ရာ ပစ္ဆာကိုထည့်၍ ဖွင့်သည်ဟု ကြံပါ။ အနုဋီကာ၌ကား အထ-သဒ္ဒါသည်ပင် ပစ္ဆာ အနက်ဟောဟု ဖွင့်သည်။ ဘောဇနသမယ ဂမနသမယ သယနသမယ-စသောအားဖြင့် အမျိုးမျိုး၊ သမဝါယခဏ စသော အနက်အမျိုးမျိုးကို "သမယနာနတ္တ"ဟု ဆိုသည်။

၅။ ယသ္မိံ။ပ။စိတ္တနိယမိတေ သမယေ။ ။"ယသ္မိံ သမယေ။ပ။ ဟောတီတိ" ကား စိတ္တနိယမိတ သမယ၌ ဖဿ ဝေဒနာ-စသော တရားတို့၏ဖြစ်ပုံကို ပြသော

ဟောတိ၊ ၏။) တသ္မိံ ယေဝ သမယေ၊ စိတ်၏ဖြစ်ရာ ထို သမယ၌သာလျှင်။ ဖဿော၊ သည်။ ဟောတိ၊ ၏။ ဝေဒနာ၊ သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ စိတ္တနိယမိတော၊ စိတ်ဖြင့် မှတ်သားအပ်သော။ (စိတ်ဖြင့်အထူးပြုအပ်သော။) တသ္မိံ သမယေ၊ ၌။ သန္တတိသမူဟ ကိစ္စာရမ္မဏ ဃနဝသေန၊ သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃနတို့၏ အဖြစ်ကြောင့်။ ဒုရနုဗောဓပ္ပဘေဒေ၊ ခဲယဉ်းသဖြင့် သိအပ်သော အထူးအပြားရှိကုန်သော။ (ဒု-သဒ္ဒါသည် ကိစ္ဆ-အနက်ဟော။) ဝါ၊ သာမန်ဉာဏ်ရှင်တို့ မသိနိုင်သော အထူးအပြားရှိကုန်သော။ (ဒု-သဒ္ဒါသည် အဘာဝ-အနက်ဟော။) ဖဿဝေဒနာဒယော၊ ဖဿ, ဝေဒနာ-အစရှိကုန်သော။ ဧတေ ဓမ္မေ၊ ထို တရားတို့ကို။ ဗောဓေတုံ၊ သိစေခြင်းအကျိုးငှာ။ ဝါ၊ သိစေလိုခြင်းဟူသောအကြောင်းကြောင့်။ [ကိံကာရဏာနှင့် လျော်အောင် အဓိပ္ပာယ်နက်။] (သမယေ၊ ၌။ စိတ္တံ၊ ကို။ နိဒ္ဒိသိ၊ ညွှန်ပြတော်မူပြီ။) ဣတိ၊ ကား။ အတ္ထော၊ ဂါထာ၏ အကျယ်အနက်တည်း။

[ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ-ပုဒ်တို့၏ အပေါင်းအနက်ကို ပြပြီး၍ ယခုအခါ အစိတ်အနက်ကို ပြလိုသောကြောင့်“ဣဒါနိ”စသည်မိန့်။]

ဣဒါနိ၊ အပေါင်းအနက်ကိုပြပြီးရာ ယခုအခါ၌။ ယသ္မိံ သမယေတိအာဒီသု၊ ယသ္မိံ သမယေ-အစရှိသော ပါဠိရပ်တို့၌။ အယံ၊ ဤ ဆိုအပ်လတ္တံ့ ကား။ အနုပုဗ္ဗပဒဝဏ္ဏနာ၊ အစဉ်အတိုင်းဖြစ်သော ပုဒ်တို့၏အဖွင့်တည်း။ ယသ္မိံတိ (ဧသော သဒ္ဒေါ)၊ ယသ္မိံ-ဟူသော ဤ သဒ္ဒါသည်။ အနိယမတော၊ မည်သည့် သမယဟု မှတ်သားခြင်းမရှိသောအားဖြင့်။ ဘုမ္မနိဒ္ဒေသော၊ တည်ရာ အာဓာ-ရ-ကို ညွှန်ပြကြောင်းသဒ္ဒါတည်း။ သမယေတိ(ဣဒံ ဝစနံ)၊ သမယေ-ဟူသော ဤ သဒ္ဒါသည်။ အနိယမနိဒ္ဒိဋ္ဌပရိဒီပနံ၊ ယသ္မိံ-ဟူသော အနိယမဖြင့် ညွှန်ပြအပ်ပြီးသော သမယကို ထင်ရှားပြကြောင်း သဒ္ဒါတည်း။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော ယသ္မိံ သမယေ-ဟူသော သဒ္ဒါ ၂-ပါးအပေါင်းဖြင့်။ အနိယမတော၊ မည်သည့်သမယဟု မှတ်သားခြင်းမရှိသောအားဖြင့်။ သမယော၊ သည်။ ဝါ၊ ကို။ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်ပြီးသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထို ယသ္မိံ သမယေ-အစရှိသော ပါဠိရပ်၌။ သမယသဒ္ဒေါ၊ သည်။ ဝါ၊ ကို။ (ဒိဿတိ-၌ စပ်။)—

အာကာရဝါ၊ ချဲ့ဟည်း။ ဧဝံကား ထို အာကာရကိုညွှန်သော နိဒဿနတ္ထ နိပါတ်တည်း။ [တသ္မိံ စိတ္တနိယမိတော။ ၁။ ဗောဓေတုံ”သည် ဂါထာ၌လာသော “ဓမ္မေ တတ္ထ ပဘေဒတော ဒီပေတုံ”၏ အကျယ်တည်း။ သန္တတိ သမူဟ-စသော ဃနတို့၏ အဓိပ္ပာယ်ကို ရှိကာ၌ရှုပါ။]

သမဝါယေ၊ အကြောင်းအပေါင်းဟူသော အနက်၌လည်းကောင်း။ ဝါ၊ အကြောင်းညီညွတ်ခြင်းဟူသော အနက်၌ လည်းကောင်း။ ခဏေ၊ အခွင့်ဟူသော အနက်၌လည်းကောင်း။ ကာလေ၊ အခါဟူသော အနက်၌ လည်းကောင်း။ သမူဟေ၊ အပေါင်းဟူသော အနက်၌လည်းကောင်း။ ဟေတု ဒိဋ္ဌိသု၊ အကြောင်းဟူသော အနက်, အယူဟူသော အနက်တို့၌လည်းကောင်း။ ပဋိလာဘေ၊ ရခြင်းဟူသော အနက်၌လည်းကောင်း။ ပဟာနေ စ၊ ပယ်ခြင်းဟူသော အနက်၌လည်းကောင်း။ ပဋိဝေဓေ စ၊ ထိုးထွင်း၍ သိအပ်သော သဘောဟူသော အနက်၌လည်းကောင်း။ ဝါ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဟူသော အနက်၌လည်းကောင်း။ ဒိဿတိ၊ ထင်ရှား၏။ ဝါ၊ တွေ့မြင်အပ်၏။

ဟယာ ဟိ၊ ထိုစကား မှန်၏။ (တနည်း) တထာ ဟိ၊ ထိုစကားကို ချဲ့ဦးအံ့။ အဿ၊ ထိုသမယ-သဒ္ဒါ၏။ (သမဝါယော အတ္ထော-စသည်၌ စပ်။) ကာလဥ္စ၊ အခါကိုလည်းကောင်း။ သမယဥ္စ၊ အကြောင်း ညီညွတ်ခြင်းကိုလည်းကောင်း။ ဥပဒါယ၊ ဉာဏ်ဖြင့်ယူ၍။ (စဉ်းစားနိုင်းချိန်၍။) သွေပိ၊ နက်ဖြန်၌လည်း။ အပ္ပေဝနာမ ဥပသင်္ကမေယျာမ၊ လာနိုင်ကုန်တန်ရာ၏။ ဝါ၊ လာဖို့ရာ မသေချာကုန်။ ဣတိ ဧဝမာဒီသု၊ ဤသို့ အစရှိသော ပါဠိရပ်တို့၌။ သမဝါယော၊ အကြောင်း ညီညွတ်ခြင်းဟူသော။ အတ္ထော၊ သည်။ ဒိဿတိ၊ ၏။ ...ဘိက္ခဝေ၊ တို့။ (ယော ဩကာသော၊ အကြင် အခွင့်ကို။) ဗြဟ္မစရိယဝါသာယ၊ မဂ္ဂ-ဗြဟ္မစရိယကို ကျင့်သုံးခြင်းငှာ။ ခဏော စ၊ ခဏဟူ၍လည်းကောင်း။ သမ-ယော စ၊ သမယ ဟူ၍လည်းကောင်း။ (ဝုစ္စတိ၊ ဆိုအပ်၏။ သော ဩကာ-သော၊ သည်။) ဧကောဝ ခေါ၊ တခုတည်းသော တထာဂတုပ္ပါဒ-စသော နဝမခဏသာတည်း။ ဣတိ ဧဝမာဒီသု၊ တို့၌။ ခဏော၊ အခွင့်ဟူသော။ (အတ္ထော။ ဒိဿတိ၊ ၏။) ဥဏှသမယော၊ အပူ၏အခါလည်းကောင်း။ ဝါ၊ ပူချိန်လည်းကောင်း။ ပရိဠာဟသမယော၊ အအိုက်၏အခါလည်းကောင်း။ ဝါ၊ အိုက်ချိန်လည်းကောင်း။ ဣတိ ဧဝမာဒီသု၊ တို့၌။ ကာလော၊ အခါဟူသော။ (အတ္ထော။ ဒိဿတိ၊၏။).... ပဝနသ္မိံ၊ ကပိလဝတ်ပြည်၏အနီးတောအုပ်ကြီး၌။ မဟာသမယော၊ များစွာသောအပေါင်းသည်။ ဝါ၊ ကြီးကျယ်သော အစည်းအဝေးသည်။ (ဟောတိ၊ ဖြစ်ပါ၏။) ဣတိ ဧဝမာဒီသု။ သမူဟော၊ အပေါင်းဟူသော။ (အတ္ထော ဒိဿတိ။)

ဘဒ္ဒါလိ၊ ဘဒ္ဒါလိ။ တေ၊ သည်။ သမယောပိ၊ သိက္ခာပုဒ် ဖြည့်ကျင့်ခြင်း၏ အကြောင်းသည်လည်း။ ဝါ၊ ကိုလည်း။ အပ္ပဋိဝိဒ္ဓော၊ ထိုးထွင်း၍ မသိအပ်

သည်။အဟောသိ၊ ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊၌။ဝိဟရတိ၊ ၏။ ဘဂဝါပိ၊ သည်လည်း။ မံ၊ ငါ့ကို။ ဇာနိဿတိ၊သိတော်မူလိမ့်မည်။(ကိံ၊ အဘယ်သို့ သိတော်မူပါလိမ့်မည်နည်း။) ဘဒ္ဒါလိ နာမ၊ ဘဒ္ဒါလိမည်သော။ ဘိက္ခု၊ သည်။ သတ္ထု၊ ငါဘုရား၏။ သာသနေ၊ သာသနာတော်၌။ သိက္ခာယ၊ သိက္ခာ၌။ အပရိပူရကာရီ၊ ဖြည့်ကျင့်မှုကို ပြုလေ့မရှိ။ ဣတိ၊ ဤသို့။ ဇာနိဿတိ၊ သိတော်မူလိမ့်မည်။ ဘဒ္ဒါလိ၊ လိ။ တေ၊ သည်။ အယမ္ပိ သမယော၊ ဤ သိက္ခာ ပုဒ်ဖြည့်ကျင့်ခြင်း၏ အကြောင်းသည်လည်း။ ဝါ၊ ကိုလည်း။ အပ္ပဋိဝိဒ္ဓေါ အဟောသိ၊ ဣတိ ဧဝမာဒီသု။ ဟေတု၊ အကြောင်းဟူသော။ အတ္ထော ဒိဿတိ။

တေန ခေါ ပန သမယေန၊ ၌။ ဥဂ္ဂါဟမာနော၊ ဥဂ္ဂါဟမာန-မည်သော။ သမဏမုဏ္ဍိကာပုတ္တော၊ . ရဟန်းဦးပြည်းမ၏ သားဖြစ်သော။ ပရိဗ္ဗာဇကော၊ သည်။ သမယပ္ပဝါဒကေ၊ အယူကို အပြားအားဖြင့် ပြောဆိုရာဖြစ်သော။ တိန္ဒုကာစီရေ၊ တည်ပင် အစဉ်အတန်းရှိသော။ (တည်ပင် အစဉ်တို့ဖြင့် ကာရံ အပ်သော။) ဧကသာလကေ၊ ဧကသာလက မည်သော။ မလ္လိကာယ၊ မလ္လိကာ မိဖုရား၏။ အာရာမေ၊ အရံ၌။ ပဋိဝသတိ၊ နေ၏။ ဣတိ ဧဝမာဒီသု၊ တို့၌။ ဒိဋ္ဌိ၊ အယူဟူသော။ (အတ္ထော ဒိဿတိ။) ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ထင်ထင် တွေ့မြင်အပ်သော သဘော၌။ ဝါ၊ ပစ္စက္ခအတ္တဘော၌။ ယော အတ္ထော စ၊ အကြင် စီးပွားသည်လည်းကောင်း။ သမ္ပရာယိကော၊တမလွန်ဘဝ၌ယှဉ်သော။ ယော အတ္ထော စ၊ သည်လည်းကောင်း။ (အတ္ထို၊၏။) ဥဘော၊ ၂-မျိုးကုန် သော။ တေ အတ္ထေ၊ ထို စီးပွားတို့ကို။ ယော ဓီရော၊ အကြင် ပညာရှိသည်။ အဘိဂ္ဂဏှာတိ၊ ယူနိုင်၏။ (ပါဠိတော်အတိုင်းထည့်။) အတ္ထာဘိသမယာ၊ အစီးအပွား ၂-မျိုးကို ရခြင်းကြောင့်။ သော ဓီရော၊ ထို ပညာရှိကို။ ပဏ္ဍိ- တောတိ၊ပဏ္ဍိတ်ဟူ၍။ ပဝုစ္စတိ၊ ၏။ ဣတိ ဧဝမာဒီသု။ ပဋိလာဘော၊ ရခြင်း ဟူသော။(အတ္ထော ဒိဿတိ။)....သမ္မာ၊ ကောင်းစွာ။(အကြွင်းမဲ့။) မာနာဘိ သမယာ၊ မာနကို အရဟတ္တမဂ်ဖြင့် ပယ်ခြင်းကြောင့်။ ဒုက္ခဿ၊ တေဘူမက ဝဋ္ဋဒုက္ခ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုပြီ။ဣတိ ဧဝမာဒီသု။ ပဟာနံ၊ ပယ်ခြင်းဟူသော။ (အတ္ထော ဒိဿတိ။) [အဓိပ္ပာယ်ကို ပါရာဇိကဏ်ဘာသာ ဋီကာ-၌ရှုပါ။]

ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ မိမိကိန်းရာ သတ္တဝါကို ညှဉ်းဆဲ နှိပ်စက် ခြင်း အနက်သဘောသည်လည်းကောင်း။ သင်္ခတဋ္ဌော၊ ကောင်းစွာရောက်၍ အကြောင်းတရားတို့သည် ပြုစီမံအပ်သည်၏ အဖြစ်ဟူသော အနက်သဘော

သည်လည်းကောင်း။ သန္တာပဋ္ဌော၊ ဒုက္ခ ဒုက္ခတာ–အစရှိသည်တို့၏အစွမ်းဖြင့် ပြင်းစွာပူလောင်ခြင်းအနက် သဘောသည်လည်းကောင်း။ ဝိပရိဏာမဋ္ဌော၊ ဇရာ မရဏ ၂-ပါးသည် ဖောက်ပြန်စေအပ်သည်၏ အဖြစ်ဟူသော အနက် သဘောသည်လည်းကောင်း။ အဘိသမယဋ္ဌော၊ထိုးထွင်း၍သိအပ်သော အနက် သဘောဘည်း။ ဝါ၊ ထိုးထွင်း၍သိတတ်သောဉာဏ်၏ အာရုံဖြစ်သော အနက် သဘောတည်း။ ဣတိ ဧဝမာဒိသု၊ တို့၌။ ပဋိဝေဓော၊ ထိုးထွင်း၍သိအပ်သော သဘောဟူသော။ ဝါ၊ ထိုးထွင်း၍သိတတ်သော ဉာဏ်ဟူသော။ (အတ္ထော ဒိဿတိ။)

[အမှာ။ ။"တထာဟိ" ၌ ဟိ-ကို ဉာပကဟေတုဇောတက-ကြံ၍လည်း ကောင်း၊ တထာကို တသ္မာအနက်ကြံ၍လည်းကောင်း တနည်း အနက်ပေး ဟန်ကို ပါရာဇိကဏ်အဋ္ဌကထာ ဘာသာဋီကာ၌ ပြထားပြီ။]

ဧဝံ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ အနေကေသု၊ များစွာကုန်သော။ သမယေသု၊ သမယတို့တွင်။ ဝါ၊ သမယ၏ အနက်တို့တွင်။ သမဝါယော၊ အကြောင်းအပေါင်း ဟူသော။ (သမယော၊ သမယလည်းကောင်း။) ခဏော၊ အခွင့်ဟူသော။ (သမယော၊ လည်းကောင်း။) ကာလော၊ အခါဟူသော။ (သမယော၊ လည်းကောင်း။) သမူဟော၊ အပေါင်းဟူသော။ (သမယော၊ လည်းကောင်း။) ဟေတု၊ အကြောင်းဟူသော။ (သမယော) စ၊ လည်း ကောင်း။ [ဧဝ-အနက်မရှိ။] (ဣတိ၊ သို့။) ပဥ္စပိ၊ ၅-ပါးလည်း ဖြစ်ကုန် သော။ ဧတေ သမယာ၊ ဤ သမယတို့ကို။ ဝါ၊ ဤ သမယ၏ အနက်တို့ကို။ ဣမ၊ ဤကုသိုလ်အရာ၌။ ဝိညူနာ၊ ပညာရှိသည်။ ဝိညေယျာ၊သိထိုက်ကုန်၏။ [ဣမ-ဟု ဆိုသောကြောင့် "ကုသိုလ်အရာမဟုတ်သော အကုသိုလ်နှင့် အချို့ အဗျာကတ-အရာ၌ ဤ ၅-နက်လုံး မရနိုင်" ဟု မှတ်ပါ။]

ဟိ၊ ခ္ဍ။ [ဤ ဟိ ၏ ဝိတ္ထာရ-နယ်ကား ဟေတု၏ ဝိတ္ထာရ-ကုန်ရာ "အနေက ဘာဝေါ ဝေဒိတဗ္ဗော" တိုင်အောင်တည်း။] ယသ္မိံ ။ပ။ကုသလန္တိ၊ ဟူသော။

၁။ **ဝိပရိဏာမ။** ။ဝိပရိဏာမော ဇရာယ မရဏေနစာတိ ဒွိဓာ ဝိပရိဏာမေတဗ္ဗ တာ။—(သာရတ္ထဋီကာ။) ဇရာသည်လည်းကောင်း၊ မရဏသည်လည်းကောင်း ၂-ပါး သော အပြားသည် ဖောက်ပြန်စေအပ်သည်၏အဖြစ်။ ဤအတိုင်း နိဿယ၌ အနက်ပေး **ထား၏။** [ဝိပရိ+နမုဓာတ်၊ ကာရိတ်ကျေ။ ဏ-ပစ္စည်း။] ဤဋီကာကို "ဝိပရိဏာမော၏ ဘာဝသာဓနပြု" ဟု ယူလျှင် "ဇရာ မရဏဟူသော ၂-ပါး အပြားအားဖြင့် ဖောက်ပြန် ခြင်း အနက်သဘောသည်လည်းကောင်း" ဟုလည်း ပေးနိုင်၏။ ထို့ကြောင့် ရှေ့၌ ဝိပရိဏာမမမ္မံကို ဤအတိုင်း ပေးခဲ့သည်။ ဤအလို ကာရိတ်ပစ္စည်း ကျေဖွယ်မလို။

ဣမသ္မိံ ကုသလာဓိကာရေ၊ ဤ ကုသိုလ်အရာ၌။ နဝသု၊ ၉-ပါးကုန်သော။ တေသု သမယေသု၊ ထို သမယတို့တွင်။ ဝါ၊ ထို သမယ၏ အနက်တို့တွင်။ သမဝါယာဒယော၊ သမဝါယ-အစရှိကုန်သော။ ပဉ္စ၊ ကုန်သော။ ဧတေ၊ သမယာ၊ ဤ သမယတို့ကို။ ဝါ၊ ဤ သမယ၏ အနက်တို့ကို။ ပဏ္ဍိတေန၊ သည်။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။ [ဣဓကို "ဣမသ္မိံ ကုသလာဓိကာရေ" ဟု လည်းကောင်း၊ ဧတေ။ပ။သမယာကို "တေသု။ပ။ပဉ္စသမယာ" ဟု လည်းကောင်း၊ ဝိညုနာကို "ပဏ္ဍိတေန" ဟု လည်းကောင်း၊ ဝိညေယျာကို "ဝေဒိတဗ္ဗာ" ဟု လည်းကောင်း အနက်ယောဇနာသည်။]

[ထို ၅-ပါးသော သမယတို့၏ အရကောက်ကို ဆက်၍ ပြလိုသောကြောင့် "တေသု" စသည်ကို မိန့်သည်။]

တေသု၊ ထို ၅-ပါးသော သမယတို့တွင်။ ဝါ၊ ထို ၅-ပါးသော အနက်တို့တွင်။ ပစ္စယသာမဂ္ဂီ၊ အကြောင်းတို့၏ ညီညွတ်ခြင်းကို။ သမဝါယော၊ သမဝါယ-ဟူ၍။ (ဉေယျာ၊ သိထိုက်၏။) ပန၊ ကား။ ဧကော၀၊ တခု သာလျှင်ဖြစ်သော။ (ဧဝ ဖြင့် အဋ္ဌက္ခဏ ကို ကန့်။) နဝမော၊ အဋ္ဌက္ခဏကို ထောက်၍ ၉-ခုမြောက်ဖြစ်သော အခွင့်ကို။ ခဏော၊ ခဏဟူ၍။ ဉေယျော။ ဝါ၊ သည်သာမကသေး။ စတုရောပိ၊ ၄-ပါးလုံးလည်း ဖြစ်ကုန်သော။ စက္ကာနိ၊ စက်တို့ကို။ (ခဏော၊ ဟူ၍။ ဉေယျာနိ၊ သိထိုက်ကုန်၏။)

[1]ဟိ၊ ခြဲ။ သာဓာရဏဖလ နိပ္ဖာဒကတ္တေန၊ ဆက်ဆံသောအကျိုးကို ပြီးစေတတ်ကုန်သည်၏ အဖြစ်ဖြင့်။ သဏ္ဌိတာနံ၊ ကောင်းစွာ တည်ကုန်သော။ ပစ္စယာနံ၊ အကြောင်းတို့၏။ ယာ သော သာမဂ္ဂီ[2]၊ အကြင် ညီညွတ်ခြင်းသည်။ (အတ္ထိ)။ သာ၊ထို ညီညွတ်ခြင်းကို။ ဣဓ၊ ဤ သမယ၏အနက်ကို ပြရာ၌။ သမ-

---

၁။ **ယာ ဟိ ။ပ။ဉာတဗ္ဗာ။** ။ထိုဂါထာကို ခွဲလို၍ "ယာဟိ" အစရှိသည်ကို မိန့်သည်။ "သာဓာရဏဖလနိပ္ဖာဒကတ္တ" ဟူရာ၌ အကျိုးတခုကို အကြောင်းများစွာ ဝိုင်း၍ ဖြစ်စေရသောကြောင့် ထိုအကျိုးကို "သာဓာရဏဖလ (အကြောင်းအများနှင့် ဆက်ဆံသော အကျိုး)" ဟု ခေါ်သည်။ ဥပမာ—စက္ခုဝိညာဉ်တည်းဟူသော အကျိုးကို ဖြစ်စေဖို့ရန် စက္ခုပသာဒ တည်းဟူသော ဓာတ်မြေ၊ ရူပါရုံတည်းဟူသော ဝိသယ၊ ထို အာရုံကို နှလုံးသွင်းမှုဟူသော မနသိကာရ၊ အရောင်အလင်းဟူသော အာလောက ဤအကြောင်း၄-ပါးတို့ ပြည့်စုံရ၏။ ထို့ကြောင့် စက္ခုဝိညာဉ်သည် ဤအကြောင်း ၄-ပါး၏ သာဓာရဏဖလ ဖြစ်သကဲ့သို့တည်း။ ဤအကြောင်း ၄-ပါးတို့၏ အပြည့်အစုံ ရှိခြင်းကိုပင် "ပစ္စယသာမဂ္ဂီ" ဟု ခေါ်သည်။

၂။ **သာမဂ္ဂီ။** ။သမံ ဂယှတေတိ သမဂ္ဂေါ။ သမံ၊အလုံးစုံ အကုန်အစင်။ဂယှတေ၊ ယူအပ်၏။ ဣတိ သမဂ္ဂေါ။ ဤဝိဂ္ဂဟ်အရ-အလုံးစုံ အကုန်အစင် ယူအပ်သော (အကျိုး

ဝါယောတိ၊ ဟူ၍။ ဉာတဗ္ဗော၊ သိထိုက်၏။ [“ဋ္ဌာေ၊ ဤ ကုသိုလ်အရာ၌” ဟု ရှေးနိဿယ-ပေး၏။ အကုသိုလ် အဗျာကတ-အရာ၌လည်း အကြောင်းညီညွတ်ခြင်းကို “သမယ” ဟု ခေါ်ရသောကြောင့် “ဋ္ဌာေ၊ ဤ သမယ၏အနက်ကို ပြရာ၌” ဟု ပေးလိုက်သည်။] ပန၊ ကား။ ဧကော ခေါ။ပ။ပြဟ္မစရိယဝါသာယာတိ၊ ဟူ၍။ ဧဝံ၊ သို့။ ဝုတ္တော၊ ဟောတော်မူအပ်သော။ နဝမော၊ အဋ္ဌက္ခဏ ကို ထောက်၍ ၉-ခုမြောက်ဖြစ်သော။ ခဏော ဝ၊ ခဏကိုသာ။ ဧကော ခဏောတိ၊ ဧကော ခဏော ဟူ၍။ ဝေဒိတဗ္ဗော။ [ခဏော ပန ဧကော ဝ နဝမော ကို “နဝမော ဝ ခဏော ဧကော ခဏော” ဟု ဆိုထားသည်။]

တခုကို ဖြစ်စေဖို့ရန် အကုန်အစင် ယူထားအပ်သော) အကြောင်းသည် သမဂ္ဂမည်၏။ ဤသို့ အကုန်အစင် ပါဝင်ကြသော အကြောင်းကိုပင် ယခုအခါ၌ “ညီညွတ်သော အကြောင်း အပေါင်း” ဟု ခေါ်ကြသည်၊ [သမဂ္ဂ၌ “သမံသဒ္ဒူပပဒ+ဂဟဓာတ်” ဟု ထောမနိဓိ ကြိသည်။] သမဂ္ဂေါ၊ အကုန်အစင်ပါဝင်သော အကြောင်းအပေါင်း၏။ ဝါ၊ ညီညွတ်သော အကြောင်းအပေါင်း၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာ အကုန်အစင် ပါခြင်းသည်။ ဝါ၊ ဖြစ်ကြောင်းဖြစ်ရာ ညီညွတ်ခြင်းသည်။ သာမဂ္ဂီ၊ မည်၏။ ထို ပစ္စယ သာမဂ္ဂီ ကို “သမဝါယ” ဟု ခေါ်သည်။ သမဝေတိ (သံ+အဝ+ဧတိ)၊ တပေါင်းတည်း သက်ဝင်၍ (ပါဝင်၍) ဖြစ်တတ်၏။ ဣတိ သမဝါယော။ ထို သမဝါယ ကိုပင် “သမယ” ဟု ခေါ်၏။ သဟကာရီကာရဏာ၊ အကျိုးကို အတူပြုလေ့ရှိသော အကြောင်းသည်။ (ဟုတွာ။) သန္နိဇ္ဈ၊ တပေါင်းတည်း။ သမေတိ၊ ကောင်းစွာဖြစ်တတ်၏။ ဣတိ သမယော။

၁။ အဋ္ဌက္ခဏ။ ။မဂ္ဂဗြဟ္မစရိယကို ရဖို့ရန် အခွင့်မဟုတ်သောကြောင့် ဘုရားပွင့်ခိုက် အပါယ် ၃-ပါး၌ဖြစ်ခြင်း၊ အသက်ရှည်သော အသညသတ် (အရူပ) ၌ ဖြစ်ခြင်း၊ ပစ္စန္တရစ် အရပ်၌ ဖြစ်ခြင်း၊ မဇ္ဈိမဒေသ၌ ဖြစ်သော်လည်း မိစ္ဆာအယူ ရှိနေခြင်း၊ မဂ္ဂဗြဟ္မစရိယ ရလောက်အောင် တိဟိတ်ဉာဏ် မရှိခြင်း ဤ ၇-ပါးနှင့်တကွ ဘုရားပွင့်တော်မမူရာ သာသနာပကာလ၌ ဖြစ်ခြင်း ဤရှစ်ပါးတို့၌ ဖြစ်ခြင်းကို “အက္ခဏ” ဟု ခေါ်သည်။ [အ+ခဏ=မဂ္ဂဗြဟ္မစရိယကို ရဖို့ရန် အခွင့်မဟုတ်သော ဖြစ်ခြင်း။ အပါယ် ၃-ပါးစသော အရပ်ရှစ်ပါးမျှကို မယူရ။ အပါယ် ၃-ပါးစသော အရပ်၌ ဖြစ်ခြင်းတိုင်အောင်ယူပါ။ ဤရှစ်ပါးကိုပင် “ရပ်ပြစ်ရှစ်ပါး” ဟုခေါ်ကြသည်။ “အပါယ် ၃-ပါး” ဟူရာဝယ် အသုရကာယ်ကို ပြိတ္တာ၌ သွင်းထားသည်။]

နဝမခဏ။ ။ထိုရှစ်ပါးကိုထောက်၍ ၉-ခုမြောက် ခဏကို “နဝမခဏ” ဟုခေါ်ရ၏။ ထိုကိုးခုမြောက် ခဏဟူသည်လည်း ဘုရားပွင့်တော်မူရာ အခါတမျိုးသာမက ဘုရားပွင့်တော်မူခြင်း၊ တရားဟောတော်မူခြင်း၊ မိမိက မဇ္ဈိမဒေသ၌ ဖြစ်ခြင်း၊ တိဟိတ်ပုဂ္ဂိုလ် ဖြစ်ခြင်း၊ တရားနာခြင်း ဤ အပေါင်းအစုကိုမှ မဂ္ဂဗြဟ္မစရိယ ဖြစ်ဖို့ရန် အခွင့်ကောင်း ဖြစ်သောကြောင့် “ခဏ” ဟု ခေါ်သည်။ ထို့ကြောင့် “တထာဂတုပ္ပာဒါဒိကော ဟိ မဂ္ဂဗြဟ္မစရိယဿ ဩကာသော” ဟု ဋီကာ၌ လည်းကောင်း၊ “ဣဓ ဘိက္ခဝေ

ဝါ ပန၊ သည်သာ မကသေး။ [တထာဂတုပ္ပါဒါဒိက နဝမကိုသာ ခဏ ခေါ်သည် မဟုတ်သေး—ဟူလို။] စတ္တာရိမာနိ။ပ။ ဝတ္တတီတိ ဧတ္ထ၊ ဟူသော ဤပါဠိ၌ရပ်၌။ ပဋိရူပဒေသဝါသော၊ ပဋိရူပဒေသဝါသ—စက် လည်းကောင်း။ (သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းဟူသောစက် လည်းကောင်း။) သပ္ပုရိသူပနိဿယော၊လည်းကောင်း။ (သူတော်သူမြတ်တို့ကိုမှီခိုဆည်းကပ်ခြင်း ဟူသော စက်လည်းကောင်း။) အတ္တသမ္မာပဏိဓိ စ၊ လည်းကောင်း။ (ကိုယ် စိတ် ၂—ပါးကို ကောင်းစွာထားခြင်း ဟူသော စက်လည်းကောင်း။) ပုဗ္ဗေ စ ကတပုညတာ၊ ပုဗ္ဗေ စ ကတပုညတာ စက်လည်းကောင်း။ (ရှေးရှေးဘဝ၌ ပြုအပ်ခဲ့သော ကောင်းမှုရှိသူ၏ အဖြစ်ဟူသော စက်လည်းကောင်း။) ဣတိ၊ သို့။ စတ္တာရိ၊ သော။ ယာနိ ဧတာနိ စက္ကာနိ၊ အကြင်သို့သော ဤစက်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ [ဘိက္ခဝေ၊ တို့။ စက္ကာနိ၊ တို့သည်။ ဣမာနိ စတ္တာရိ၊ ဤ ၄—ပါးတို့တည်း။ ယေဟိ၊ ယင်းစက် ၄—ပါးတို့နှင့်။ သမန္နာဂတာနံ၊ ကုန်သော။ ဒေဝမနုဿာနံ၊ တို့၏။ စတုစက္ကံ၊ ၄—ပါးသော သမ္ပတ္တိစက်သည်။ ဝတ္တတိ၊ လည်၏။....စတုက္ကအင်္ဂုတ္တရ၊ စက္ကဝဂ်၊ စက္ကသုတ်။] ဧတာနိ၊ ဤ ၄—ပါးသော သမ္ပတ္တိစက်တို့ကို။ ကေဇ္ဈံ၊ တပေါင်းတည်း။

တထာဂတော။ပ။ အတ္ထမညာတုံ” ဟု အင်္ဂုတ္တရ၊ ဂဟပတိဝဂ်၊ အက္ခဏ-သုတ်၌ လည်းကောင်း မိန့်သည်။ [ခဏသဒ္ဒါသည် အခွင့် (ဩကာသ) အနက်ကို ဟော သော အနိပ္ဖန္နပါဋိပဒိက ပုဒ်တည်း။ ထိုအခွင့်အနက်ကို ဟောသော သမယ-သဒ္ဒါကို ကား“သမေတိ သမာဂစ္ဆတိ မဂ္ဂဗြဟ္မစရိယံ ဧတ္ထ တဒါဓာရပုဂ္ဂလေဟီတိ သမယော” ဟု အနုဋီကာ ဝိဂ္ဂဟ ပြု၏။]

သမဝါယနှင့် ခဏအထူး။ ။စက္ခုပသာဒ၊ရူပါရုံ၊ အာလောက၊ မနသိကာရ—ဟူ သော အကြောင်းတို့ သမဝါယဖြစ်လျှင် စက္ခုဝိညာဉ်သည် မုချဖြစ်တော့၏။ ဤသို့ အကျိုးတရားကို မုချဖြစ်စေနိုင်သော အကြောင်းအပေါင်း၏ ညီညွတ်ခြင်းကို “သမ-ဝါယ” ဟု ခေါ်၏။ တထာဂတုပ္ပါဒ၊ ဓမ္မဒေသနာ-စသော အကြောင်းတွေ ပြည့်စုံ နေသော်လည်း မုချ မဂ္ဂဗြဟ္မစရိယ မဖြစ်နိုင်သေး။ မဂ္ဂဗြဟ္မစရိယ ဖြစ်ဖို့ရာ အခွင့်သာ ရှိသာရှိသေး၏။ ထိုသို့ အခွင့်အလမ်း သာသည့်အပြင် အထူး ကြိုးစားအားထုတ်မှ မဂ္ဂဗြဟ္မစရိယ ဖြစ်နိုင်သည်။ ဤသို့ အကျိုးတရား၏ အခွင့်အလမ်းကို “ခဏ” ဟု ခေါ်သည်။

၁။ စတုစက္ကံဝတ္တတိ။ ။စရတိ ဝတ္တတီတိ စက္ကံ=အဆက်အဆက် လည်တတ်သော ကြောင့် ပကတိ စက်ဘီးကို“စက္က”ဟု ခေါ်၏။ ပဋိရူပဒေသဝါသ—စသောအကြောင်း တရား ၄—ပါလည်း ထို စက်ဘီးကဲ့သို့ ဆက်ကာဆက်ကာ လည်တတ်သောကြောင့် “စက္က”ဟုခေါ်သည်။“စက္ကံ ဝိယာတိ စက္ကံ”ဟုပြု။မှန်၏—ရှေးရှေးဘဝ၌ ကောင်းမှုပြုခဲ့ ခြင်း ဟူသော ပုဗ္ဗေ စ ကတပုညတာ သမ္ပတ္တိစက်ကြောင့် ပတိရူပ—ဒေသ၌ဖြစ်ရ၊နေရ၏။

ကတ္တာ၊ ၍။ ဩကာသဒ္ဒေန၊ အခွင့်ဟူသောအနက်ကြောင့်။ ခဏောတိ၊ ခဏ ဟူ၍။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဟိ၊ မှန်။ တာနိ၊ ထို ၄-ပါးသော သမ္ပတ္တိစက်တို့ သည်။ ကုသလုပ္ပတ္တိယာ၊ ကုသိုလ်ဖြစ်ခြင်း၏။ ဩကာသဘူတာနိ၊ အခွင့်အလမ်း ဖြစ်၍ ဖြစ်ကုန်၏။

ဝေ၊ ဤ ဆိုအပ်ပြီးသောနည်းဖြင့်။ ("တေသု ပစ္စယသာမဂ္ဂီ"မှစ၍ဆိုအပ်ပြီး သော နည်းဖြင့်။) သမဝါယဥ္စ၊ သမဝါယ-သမယကို လည်းကောင်း။ ခဏဥ္စ၊ ခဏ—သမယကို လည်းကောင်း။ ဥတ္တွာ၊ သောတုတို့၏ သိပြီးခြင်း ကြောင့်။ [ဝိဘာဝိတော နှင့် ကတ္တား မတူသောကြောင့် ဟိတ်ပေးသည်။] ဣတရေသု၊ သမဝါယ-ခဏတို့မှ တပါးသော ကာလသမယ၊ သမူဟသမယ၊ ဟေတုသမယ တို့တွင်။ တံ တံ၊ ထို ထို ဓမ္မ ဓမ္မဝုတ္တိ စသည်ကို။ (ဓမ္မေ ဝါ ဓမ္မဝုတ္တိံ ဝါ-စသည်ဖြင့် လာလတ္တံ့။) ဥပါဒါယ၊ ညဏ်ဖြင့်ယူ၍။ ဝါ၊ စွဲမှီ၍။ ပညတ္တော၊ ပညတ်အပ်သော။ ဝေါဟာရမတ္တကော၊ ခေါ်ဝေါ် ပြောဆို အပ်သော အနက်မျှကို။ ကာလော (တိ)၊ ကာလဟူ၍။ (ပေါရာဏာဟိ၊ ရှေး ဆရာတို့သည်။ ဝိဘာဝိတော၊ ထင်စွာ ပြအပ်ပြီ။ ဖဿာဒိဓမ္မာနံ၊ ဖဿ အစရှိ သော တရားတို့၏။ ပုဉ္ဇော၊ အစုအပုံကို။ သမူဟောတိ၊ ဟူ၍။ (ပေါရာဏာဟိ။) ဝိဘာဝိတော၊ ပြီ။

ဟိ၊ ချဲ့။ စိတ္တကာလော၊ စိတ်၏ကာလ။ (စိတ်ဖြစ်ရာအခါ။) ရူပကာလော၊ ရုပ်၏ကာလ (ရုပ်ဖြစ်ရာအခါ။) ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ ဖြင့်။ ဓမ္မေ ဝါ၊ ထင်ရှားရှိသောတရားတို့သော် လည်းကောင်း။ (ကာလသဥ္စယံ၊

ထို့ကြောင့် ပတိရူပဒေသဝါသ သမ္ပတ္တိစက်သည် ပုဗ္ဗေ စ ကတပုညတာ သမ္ပတ္တိစက်နှင့် ဆက်သွယ်လျက် ရှိ၏။ ပတိရူပဒေသဝါသ သမ္ပတ္တိစက်ကြောင့် ထိုဒေသ၌ ရှိကြသော သူတော်ကောင်း မိဘ ဆရာတို့ကို မှီခိုရ၏။ ထို့ကြောင့် သပ္ပုရိသူပနိဿယ သမ္ပတ္တိစက် သည် ပတိရူပဒေသဝါသ သမ္ပတ္တိစက်နှင့် ဆက်သွယ်လျက် ရှိ၏။

သပ္ပုရိသူပနိဿယကြောင့် (အဆုံးအမ ဩဝါဒတရားကို နာခံနိုင်ရကား) ကိုယ်စိတ် ၂—ပါးကို ကောင်းစွာ ထားတတ်၏၊ '' စိတ်ကောင်း နှလုံးကောင်းရှိ၏ '' ဟူလို။ ထို့ကြောင့် အတ္တသမ္မာပဏိဓိစက်သည် သပ္ပုရိသူပနိဿယ စက်နှင့် ဆက်သွယ်နေပြန် ၏။ ထို အတ္တသမ္မာပဏိဓိစက် ရှိသောကြောင့် ယခုဘဝ၌ ကုသိုလ်တရားတွေ တိုးပွားၡ၏။ ဤ ကုသိုလ်တရားများသည် အနာဂတ်ဘဝက ပြန်၍ကြည့်လျှင် ပုဗ္ဗေ စ ကတပုညတာပင် ဖြစ်လတ္တံ့။ ဤနည်းအားဖြင့် သမ္ပတ္တိစက် ၄—ပါးသည် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် တဆင့်ထက်တဆင့် မြင့်ကာမြင့်ကာ လည်၍ သွားပေလတ္တံ့။ ထို့ကြောင့် ဝတ္တတိကို "ပရိဝတ္တတိ—အဖန်ဖန် လည်၏'' ဟု ဋီကာဖွင့်သည်။ မှန်၏—''စတ္တာရိ-မာနိ"စသော ပါဠိ တော်သည် ယခုဘဝ၌ စက် ၄-ပါးနှင့် ပြည့်စုံနေသူအတွက် အဆက်ဆက် နောက်ဘဝ၌ ဆက်ကာဆက်ကာ သမ္ပတ္တိစက် လည်နေပုံကိုပြသော ပါဠိတော်ဖြစ်သည်။

ဝါ တိ–ဝယ် ဣတိ–၌ စပ်။)[ကာလ-က ထင်ရှားမရှိ၊ ဓမ္မ–က သာ ထင်ရှား ရှိသည်။] အတီတော၊အတိတ်ကာလ။ ဝါ၊ လွန်ပြီးသော အခါ။အနာဂတော၊ အနာဂတ်ကာလ။ ဝါ၊ မလာရောက်သေးသော အခါ။ ဣတိ အာဒိနာ နယေန၊ ဖြင့်။ ဓမ္မဝုတ္တိ ဝါ၊ ထင်ရှားရှိသော တရားတို့၏ ဖြစ်ခြင်းသော်လည်းကောင်း။ [တရားတို့၏ ဖြစ်ခြင်းကို စွဲ၍ဖြစ်ခြင်းက လွန်ပြီးဖြစ်လျှင် အတိတ်ကာလဟု လည်းကောင်း၊ ဖြစ်ခြင်းက မလာသေးဖြစ်လျှင် အနာဂတ်ကာလ ဟု လည်း ကောင်း၊ ဖြစ်ဆဲဖြစ်လျှင် ပစ္စုပ္ပန်ကာလ ဟု လည်းကောင်း ပညတ်ရသည်။] ဗီဇကာလော၊ မျိုးစေ့၏ ကာလ။ (မျိုးစေ့၏ ဖြစ်ခိုက်အခါ။) အင်္ကုရကာလော၊ အညွန့်၏ ကာလ။(အညွန့်ထွက်ရာ အခါ။) ဣတိ အာဒိနာ နယေန၊ ဖြင့်။ ဓမ္မပ္ပဋ္ဌိပါတိ ဝါ၊ ပညတ္တိဓမ္မတို့၏ ဖြစ်စဉ်သော် လည်းကောင်း။ ဝါ၊ အဋ္ဌ ကလာပ် ရုပ်တရားတို့၏ ဖြစ်စဉ်သော်လည်းကောင်း။ [ဤသို့ ၂–နက် ပေးရ ပုံကို ဋီကာ၌–ကြည့်ပါ။]

ဥပ္ပါဒကာလော၊ ဥပါဒ်ခြင်း၏ ကာလ။ (ဖြစ်ရာအခါ။) ဇရာကာလော၊ ရင့်ခြင်း၏ ကာလ။ (ဌီအခါ။) ဣတိ အာဒိနာ နယေန။ ဓမ္မလက္ခဏံ ဝါ၊ ပရ မတ္ထတရားတို့၏ အမှတ်အသားသော် လည်းကောင်း။ [ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက် ခြင်းသည် ရုပ်ကလာပ်တို့၏ အမှတ်အသားတည်း။ ဤ ၃–ပါး၏ လက္ခဏာရုပ် အမည်ရပုံကို သတိပြုပါ။] ဝေဒိယနကာလော၊ ခံစားခြင်း၏ ကာလ။ (ခံစား ရာအခါ။) သဥ္ဇာနနကာလော၊ မှတ်သိခြင်း၏ ကာလ။ (မှတ်သိရာအခါ။) ဣတိ အာဒိနာ နယေန။ ဓမ္မကိစ္စံ ဝါ၊ ပရမတ္ထတရားတို့၏ ကိစ္စသော်လည်း ကောင်း။ နှာနကာလော၊ ရေချိုးခြင်း၏ ကာလ။ (ရေချိုးရာ အခါ)။ ပိဝန– ကာလော၊ သောက်ခြင်း၏ ကာလ။ (သောက်ရာ အခါ။) ဣတိ အာဒိနာ နယေန။ သတ္တကိစ္စံ ဝါ၊ သတ္တဝါတို့၏ ကိစ္စသော် လည်းကောင်း။ ဂမနကာ– လော၊ သွားခြင်း၏ ကာလ။ (သွားရာအခါ။) ဌာနကာလော၊ ရပ်ခြင်း၏ ကာလ။ (ရပ်ရာအခါ။) ဣတိ အာဒိနာ နယေန။ ဣရိယာပထံ ဝါ၊ ဣရိယာ ပုထ် သော်လည်းကောင်း။ ပုဗ္ဗဏှော၊ နေ့၏ ရှေ့အဖို့ (နံနက်)။ သာယဏှော၊ နေ့၏ ဆည်းဆာ(ညနေ)။ ဒိဝါ၊ နေ့။ ရတ္တိ၊ညဉ့်။ ဣတိ အာဒိနာ နယေန။ စန္ဒိမသူရိယာဒိ ပရိဝတ္တနံ ဝါ၊ လ နေ အစရှိသည်တို့၏ လက်ယာရစ် လည် ခြင်းသော်လည်းကောင်း။ အဍ္ဎမာသော၊ တလ၏ထက်ဝက် (လခွဲ)။ ဣတိ အာဒိနာ နယေန။ အဟော ရတ္တာဒိ သင်္ခါတံ၊ နေ့ ညဉ့် အစရှိသည်ဟု ဆို အပ်သော။ ကာလသဥ္ဇံ ဝါ၊ ကာလ အပေါင်းလည်းကောင်း။

ဣတိ စေ၊ သို့။ တံ တံ၊ ထိုထို ဓမ္မ ဓမ္မဝုတ္တိ–စသည်ကို။ဥပါဒါယ၊ဉာဏ် ဖြင့် ယူ၍။ ဝါ၊ စွဲမှီ၍။ ပညတ္တော၊ပညတ်အပ်သော အနက်သည်။ကာလော–

နာမ၊ ကာလမည်၏။ ပန၊ ဆက်။ သော သေ(သော)၊ ထိုသို့သော ဤ ကာလကို။ သဘာဝတော၊ ပရမတ္ထသဘောအားဖြင့်။ အဝိဇ္ဇမာနတ္တာ၊ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်။ ပညတ္တိမတ္တကော ဝေါတိ၊ ပညတ်မျှသာဟူ၍။ ဝေဒိတဗ္ဗော၊ သိထိုက်၏။ [ဂါထာ၌ ဝေါဟာရမတ္တကောကို"ပညတ္တိမတ္တကော ဝေါ"ဟု ဖွင့်သည်။] ပန၊ ကား။ ဖဿဝေဒနာဒီနံ၊ ဖဿ ဝေဒနာ အစရှိကုန်သော။ ဓမ္မာနံ၊ တို့၏။ ယော သေ(သော) ပုဉ္ဇော၊ အကြင်သို့သော ဤအစုအပုံသည်။(အတ္ထိ။) သော၊ ထိုအစုအပုံကို။ဣဓ၊ ဤ သမယ၏ အနက်ကို ပြရာ၌။ သမူဟောတိ၊ ဟူ၍။ ဝိဘာဝိတော၊ ပြ၏။["ဣဓ၊ ဤ ကုသိုလ်အရာ၌" ဟု ရှေးနိဿယ-ပေးလေသည်။]

ပန၊ ကား။ ဧဝံ၊ သို့။ ဝါ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ ["ဣဟာဧရသုတံတံ ဥပါဒါယ"စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်။] ကာလသမူဟေပိ၊ ကာလသမယ သမူဟသမယ တို့ကိုလည်း။ [ပိဖြင့် ဆိုအပ်ပြီးသော သမဝါယ ခဏကိုပေါင်း။] ဥဒ္ဓဋ္ဌာ၊ သိပြီး၍။ [ဝိညေယျောနှင့် ကတ္တား မကွဲရကား "ကြောင့်"ဟု မပေးရ။]ဣတရော၊ ဤကာလသမူဟ သမယတို့မှ တပါးသော။ ဟေတူတိ၊ ဟေတုဟူသော သမယကို။ ဧတ္ထ၊ ဤ သမယ-သဒ္ဒါ၏ အနက်ကို ပြရာ၌။ ပစ္စယောဝ၊ ပစ္စယ အကြောင်းဟူ၍သာ။(ဝိညေယျော၊ သိထိုက်၏။) ["ဟေတူတိ သေသမယော ပစ္စယောဝ ဝိညေယျော"ဟူသော ဋီကာအတိုင်း ဤ၌ အနက်ပေးပါ။ ပစ္စယောတိ ဧဝဟု ဆိုလိုလျက် ဣတိ အကျေကြံ။] တဿ၊ ထို အကြောင်း၏။ ဒွါရဝသေန ဝါ၊ဒွါရ၏အစွမ်းဖြင့်လည်းကောင်း။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဝသေန ဝါ၊ ဖြင့်လည်းကောင်း။အနေကဘာဝေါ၊ တပါးမက များသည်၏အဖြစ်ကို။ ဝိညေယျော၊ ၏။

ဟိ၊ ချဲ့။ ဧတ္ထ၊ ဤ သမယ-သဒ္ဒါ၏ အနက်ကို ပြရာ၌။ ပစ္စယောဝ၊ ပစ္စယ အကြောင်းသည်သာ။ ဟေတု နာမ၊ ဟေတုမည်၏။ တဿ၊ ထို အကြောင်း၏။ ဒွါရာနံ၊ တို့၏။ (ဝသေန)ဝါ၊ဖြင့်လည်းကောင်း။ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဝသေန ဝါ၊ ဖြင့်လည်းကောင်း။ အနေကဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ကထံ၊ အဘယ်သို့ သိထိုက်သနည်း။ ဟိ၊ အဖြေကား။[ကထံ-ဟူသော ပုစ္ဆာဝါကျကို ငဲ့သည်။] (တနည်း) ဟိ၊ ချဲ့။ [ဒွါရာနံ။ပ။ဝေဒိတဗ္ဗော ဟူသော သခေပဝါကျကို ငဲ့သည်။] စက္ခုဒွါရာဒီသု၊ စက္ခုဒွါရ အစရှိသော ဒွါရတို့၌။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဉ်အစရှိသော ဝိညာဉ်တို့၏။ စက္ခု။ပ။မနသိကာရာဒယော၊ စက္ခုပသာဒ ရူပါရုံ အရောင်အလင်း နှလုံးသွင်း အစရှိသော တရားတို့သည်။ ပစ္စယာ၊

အကြောင်းတို့မည်၏။[မနသိကာရာဒယော္ဓ အာဒိဖြင့်“သောတာကာသ၊ သဒ္ဒ ထင်ပြီ၊ မနသိ၊ လေးလိ သောတဖို့”စသည်ဖြင့်(ထိုထိုကျမ်း၌ ပြထားပြီးသော) အကြောင်းတို့ကို ယူပါ။]

မဟာပကရဏေ စ၊ ပဋ္ဌာန်းကျမ်းကြီး၌လည်း။ ဟေတုပစ္စယော အာရမ္မဏ ပစ္စယောတိ အာဒိနာ၊ အစရှိသော။ နယေန၊ ဖြင့်။ စတုဝီသတိ၊ ၂၄-ပါး သော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ တေသု၊ ထို ၂၄-ပစ္စည်းတို့တွင်။ ဝိပါကပစ္စယဥ္စ၊ ဝိပါက ပစ္စည်းကိုလည်းကောင်း။ပစ္ဆာ ဇာတပစ္စယဥ္စ၊ ကိုလည်းကောင်း။ ထပေတွာ၊ ထား၍။ [ကုသိုလ်စိတ်အရာ ဖြစ်၍ ထိုပစ္စည်း ၂-ပါးကို ချန်ထားသည်။] သေသာ၊ ကြွင်းသော ပစ္စည်း တို့သည်။ ကုသလစေမ္မာနံ၊ တို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ ယေဝ၊ ဖြစ်ကုန်သည်သာ။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ထို အကြောင်းတို့ကို။ ဣမ၊ ဤ သမယ-သဒ္ဒါ၏ အနက်ကိုပြရာ၌။ ဟေတူတိ၊ ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ [ဟေတုနှင့် သမဝါယတို့၏အထူးကို ဋီကာ၌ရှုပါ။ ဒွါရဝသေနစသည်ကို နိဂုံးအုပ်လို၍ “ဧဝံ”စသည်ကို မိန့်။] ဧဝံ၊ ဤသို့လျှင်။ အဿ၊ ထိုအကြောင်း၏။ ဣမိနာ ဒွါရဝသေန ဝါ၊ ဤ ဒွါရ၏ အစွမ်းအားဖြင့်လည်းကောင်း။ ဣမိနာ ပစ္စယဝသေန ဝါ၊ဤပစ္စည်း ၏ အစွမ်းဖြင့်လည်းကောင်း။ အနေကဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော။ [ရှေး နိဿယအတိုင်း ဝါကို သမုစ္စည်း အနက်ပေးသည်။ ဝါ-သဒ္ဒါတို့ကို ဝိကပ် အနက် ယူ၍“ဒွါရ၏အစွမ်းဖြင့် ဖြစ်စေ၊ ပစ္စည်း၏အစွမ်းဖြင့် ဖြစ်စေ အနေ-ကဘာဝ အဖြစ်ကို သိပါ”ဟူ၍ အဓိပ္ပာယ်ရနိုင်၏။] [အနက် ၅-ပါးလုံးကို နိဂုံးအုပ်လို၍ “ဧဝ.မေ.တေ” စသည် မိန့်။] ဧဝံ၊ သို့။ သမဝါယာဒယော၊ သမဝါယ အစရှိကုန်သော။ ပဥ္စ၊ ကုန်သော။ ဧတေ အတ္ထာ၊ တို့ကို။ ဣမ၊ ဤ ကုသိုလ်အရာ၌။ သမယသဒ္ဒေန၊ ဖြင့်။ ပရိဂ္ဂဟိတာ၊ ပိုင်းခြား၍ ယူအပ် ကုန်ပြီ။ ဣတိ။ ဝေဒိတဗ္ဗာ၊ ကုန်၏။

[၅-ပါးသောအနက်တို့ကို ယူရာ၌ မေးဖွယ်ရှိသောကြောင့်“ကသ္မာ ပန” စသည်မိန့်။]

ပန၊ ပရိဟာရ-ပက္ခမှတပါး စောဒက-ပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ကြောင့်။ ဧတေသု၊ ဤ သမဝါယ အစရှိသော ၅-ပါးသော အနက်တို့တွင်။ ယံ ကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ဧကံ၊ တပါးသောအနက်ကို။အပ-ရိဂ္ဂဟေတွာ၊ မသိမ်းယူမူ၍။ သဗ္ဗေသံ၊ အလုံးစုံသော အနက် ၅-ပါးတို့ကို။ ပရိဂ္ဂဟော၊သိမ်းယူခြင်းကို။(အဋ္ဌကထာ စရိယေဟိ၊အဋ္ဌကထာ ဆရာတို့သည်။) ကတော၊ ပြုအပ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ တေန တေန၊(တိုက်

ရိုက်ပြအပ်သော) ထိုထိုအနက်ဖြင့်။ တဿ တဿ အတ္ထဝိသေသဿ၊ (အပိုဖြစ်သော) ထိုထို အနက်အထူးကို။ ဒီပနတော[1]၊ ပြနိုင်ခြင်းကြောင့်။ (ဧတေသု ယံကိဉ္စိ ဧကံ အပရိဂ္ဂဟေတွာ သဗ္ဗေသံ ပရိဂ္ဂဟော အဋ္ဌကထာစရိယေဟိ။ ကတော၊ ပြီ။ ဣတိ၊ ဤကား အဖြေတည်း။)

[2]ဟိ၊ ချဲ့။ ဧတေသု၊ ဤ ၅-ပါးသော သမယတို့တွင်။သမဝါယသင်္ခါတော၊ သမဝါယ ဟု ဆိုအပ်သော။ သမယော၊ သမယသည်။ ဝါ၊ ညီညွတ်သော အကြောင်း အပေါင်းသည်။ (တနည်း) [3]သမဝါယသင်္ခါတော၊ သမဝါယ အနက်ရှိ၏ ဟု ဆိုအပ်သော။ သမယော၊ သမယ-သဒ္ဒါသည်။ အနေကဟေတု တော၊ တပါးမက များစွာသော အကြောင်းကြောင့်။ ဝုတ္တိံ၊ ကုသိုလ်စိတ်၏ ဖြစ်ခြင်းကို။ဒီပေတိ၊ပြ၏။ ဧတေန၊ထိုသို့ ပြခြင်းကြောင့်။ (သမဝါယ သမယ၏

၁။ ဒီပနတော။ ။ဒဿနတ္ထ-စသော ကြိယာ ၅-တန် ထုတ်ပြရာ၌ "အကြောင်းကိုပြ၊ဒီပကမျိုး'' ဟု ဆိုရိုးအတိုင်း အကြောင်းဖြစ်သော အနက်ကိုပြမှ ဒီပနတ္ထဟု အသိအမှတ်ပြုကြသော်လည်း ဤနေရာ၌ကား ထိုသို့မယူပဲ မူလဟောရိုးအနက်မှ အပိုပြအပ်သော အနက်အထူးကို ဒီပနတ္ထ ဟု မှတ်ပါ။ ထို့ကြောင့်ပင် ခဏအနက်၏ ဒီပနတ္ထကို ပြရာ၌ အကြောင်းမဟုတ်သော "ကုသလုပ္ပတ္တိယာ ဒုလ္လဘဘာဝ'' ကို ဒီပနတ္ထ ဟု ဆိုထားသည်။

၂။ ဧတေသုဟိ။ ။ရှေ့ဟေတုဝါကျ သခင်ပကို ချဲ့သော ဝါကျတည်း။ ထိုဝိတ္ထာရ ဝါကျ၏နယ်မှာ သမဝါယ၊ ခဏ၊ ကာလ၊ သမူဟ၊ ဟေတု ၅-နက်လုံး၏ အတ္ထ-ဝိသေသ ဒီပန ၏ အဆုံး "အယံ ဟေတုသင်္ခါတေန သမယေန အတ္တော ဒီပိတော တိုင်အောင်တည်း။ယိုတွင် "သမဝါယသင်္ခါတော သမယော ။ပ။ ပတိသေဓိတံ ဟောတိ'' သည် သမဝါယ-သမယ၏အတ္ထဝိသေသဒီပနကို အကျယ်ပြသော ဝါကျအပေါင်းတည်း။ ထို ဝါကျအပေါင်းတွင်လည်း "သမဝါယ သင်္ခါတော ။ပ။ ပတိသေဓိတော ဟောတိ'' ကို အတ္ထဝိသေသဒီပန စကားတရပ် ဟု လည်းကောင်း။ "သမဝါယော စ နာမ။ပ။ပတိသေဓိတံ ဟောတိ'' ကို အတ္ထဝိသေသဒီပန စကားတရပ် ဟု လည်းကောင်း ခွဲထားပါ။

၃။ သမဝါယ။ပ။ဒီပေတိ။ ။သမဝါယသင်္ခါတော ဟူသော ဝိသေသနကြောင့် သမယော-ညီညွတ်သောအကြောင်းအပေါင်းသည်'' ဟု အနက်ပေးရသည်။ "ယသ္မိံ သမယေ၊အကြင်ညီညွတ်သောအကြောင်းအပေါင်းသည်။ (သတိ၊ ရှိသော်။) ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ'' ဟူသော ပါဠိတော်အရ "ကုသိုလ်စိတ်သည် အကြောင်းတပါးတည်းကြောင့် ဖြစ်နိုင်သည်မဟုတ်၊ အနေကဟေတု (ညီညွတ်သော များစွာသော အကြောင်း) ရှိမှ ဖြစ်နိုင်၏'' ဟူသော အနက်အထူးကို၊ သမဝါယ-အနက်ဖြစ်သော သမယ—က ပြနိုင်သည်။

အကြောင်းပြ။ ။"အဘယ်ကြောင့် သမယက အနေကဟေတု အကြောင်း (အကြောင်းများစွာ) ညီညွတ်မှ ကုသိုလ်စိတ် ဖြစ်နိုင်ပုံကို ပြရသနည်း''ဟု မေးဖွယ်

များစွာသော အကြောင်းရှိမှ ကုသိုလ်စိတ် ဖြစ်နိုင်ပုံကို ပြခြင်းကြောင့်။) ဧကေ ကာရဏဝါဒေါ၊ တခုသော အကြောင်းရှိ၏ ဟု ပြောဆိုကြောင်း ဝါဒသည်။ ဝါ၊ ကို။ ပတိသေဓိတော ၊တားမြစ်အပ်ပြီးသည်။ ဟောတိ၊ဖြစ်တော့၏။ [ပတိ သေဓိတော၏ ကတ္တားကို"အနေန သမယေန၊ သည်" ဟု လည်းကောင်း၊ (တနည်း) "အနေန သမယေန၊ ဖြင့်။ ဘဂဝတာ၊သည်"ဟု လည်းကောင်း ဋီကာ၌ ထည့်လတ္တံ့။]

ရှိသောကြောင့် အနုဋီကာ၌ "သယံပစ္စယသာမဂ္ဂီဘာဝတော–မိမိဟူသော သမယ အနက်က အကြောင်းတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းဖြစ်သောကြောင့်" ဟု အကြောင်း ပြသည်။ မိမိဟူသော သမယက ပစ္စယသာမဂ္ဂီ ဖြစ်နေသောကြောင့် ထိုသမယ၌ ဖြစ်ရ သော ကုသိုလ်လည်း ပစ္စယသာမဂ္ဂီ (ညီညွတ်သောအကြောင်း များစွာကြောင့်) သာ ဖြစ်နိုင်ပုံကို ပြသည်–ဟူလို။

အနက်ကျယ်။ ။ထို့ကြောင့် ဤအနုဋီကာအကြောင်းကိုပါထည့်၍ အနက်ကျယ် ပေးလိုလျှင်...."သမဝါယသင်္ခါတော၊ သော။ သမယော၊သည်။ (သယံ၊ မိမိဟူသော သမယ-က။ပစ္စယသာမဂ္ဂီ ဘာဝတော၊ အကြောင်းအပေါင်း၏ ညီညွတ်ခြင်း၏ အဖြစ် ကြောင့်။ ဝါ၊ ဖြစ်သည့်အတွက်။) အနေကဟေတုတော၊ကြောင့်။ ဝုတ္တိံ၊ ကို။ ဒီပေတိ၊ ၏"ဟု ပေးပါ။

တနည်း။ ။"သမဝါယသင်္ခါတော သမယော"ကို"သမဝါယဿော ဝါ သမယ- သဒ္ဒေါ"ဟု အနုဋီကာဖွင့်သည်။ ["ခဏဿော ဝါ သမယသဒ္ဒေါ"ဟူသော မူလဋီကာ ကိုမှီး၍ ဖွင့်ခြင်းတည်း။] ရှေ့နည်း၌ သမယောအရ သမဝါယအနက် ရ၏။ဤနည်း၌ကား သမယောအရ သမဝါယ အနက်ရှိသော သမယ-သဒ္ဒါ ရသည်။ဤနည်း၌လည်း"ယာယ ပစ္စယသာမဂ္ဂိယာ သတိ ဧတိ ဧမသာ အတ္ထသာ ပကာသနဝသေန ဓမ္မာနံ"ဟု အနုဋီကာ ထည့်၏။ ထိုအတိုင်း အနက်ကျယ် ပေးလိုလျှင်...."သမဝါယသင်္ခါတော၊ သမ ါယ– အနက်ရှိ၏ ဟု ဆိုအပ်သော။ သမယော၊သမယ-သဒ္ဒါသည်။ယာယ ပစ္စယသာမဂ္ဂိယာ၊ အကြင် အကြောင်းအပေါင်း၏ ညီညွတ်ခြင်းသည်။သတိ၊ ရှိသော်။ (ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ–၌ စပ်။) ဧတိ ဧမသာ အတ္ထသာ၊ ဤအနက်ကို။ ပကာသနဝသေန၊ထင်ရှားပြ နိုင်ခြင်း၏ အစွမ်းဖြင့်။ ဓမ္မာနံ၊ တရားတို့၏။အနေကဟေတုတော၊ ကြောင့်။ဝုတ္တိံ၊ ကို။ ဒီပေတိ၊ ၏"ဟုပေးပါ။

မှတ်ချက်။ ။"ယာယ ပစ္စယသာမဂ္ဂိယာ သတိ"ဟူသော အနက်သည် သမဝါယ အနက်ဟော သမယ-သဒ္ဒါ၏အနက်တည်း။ထို့ကြောင့်"ဧမသာ အတ္ထသာ ပကာသန- ဝသေန၊ သမယ–သဒ္ဒါက ဤအနက်ကို ပြနိုင်ခြင်း၏ အစွမ်းဖြင့်" ဟု ဆိုသည်။ ထို အနက်ကို ယသ္မိံ သမယေ ဟူသော ပါဠိတော် ကြည့်၍ ပြ၏။ထို့ကြောင့် "ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု စပ်ပုဒ်များကို ညွှန်ပြထားသည်။

၁။ တေန။ ပ ။ပတိသေဓိတော။ ။ဤဝါကျသည် ရှေ့ဝါကျ၏ ဖလ-ဝါကျတည်း။ ရှေးနိဿယ၌ လဒ္ဓဂုဏ် ဝါကျ ဟု ဆို၏။ သမဝါယအနက်ဟော သမယ-သဒ္ဒါက ကုသိုလ်ဟူသမျှ၏ အနေကဟေတုကြောင့် ဖြစ်ရပုံကို ပြသဖြင့် အဘယ်အကျိုး ရပါ

¹စ၊ သည်သာမက သေး။ သမဝါယော နာမ၊ သမဝါယ မည်သည်။ ဝါ၊ အညီအမျှ တကွဖြစ်ဖက် အကြောင်းအပေါင်း မည်သည်။ (သမဝါယ၏ ဝိဂ္ဂဟ်နက်။) သာမဂ္ဂရဏဖလနိပ္ဖာဒနေ၊ ဆက်ဆံသောအကျိုးကို ပြီးစေခြင်း၌။ အညမညာပေက္ခာ၊ အချင်းချင်း ငဲ့ခြင်းရှိသည်။ ဟောတိ။ တသ္မာ၊ ကြောင့်။ (ထိုသို့ သမဝါယ အကြောင်းအပေါင်း၏ သာမဂ္ဂရဏအကျိုးကို ပြီးစေခြင်း၌ အချင်းချင်းငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်။) ကော၊ တယောက်သော။ ကတ္တာ နာမ၊ ပြုလုပ် ဖန်ဆင်းတတ်သူ မည်သည်။ နတ္ထိ။ ဣတိ ဣမမ္ပိ အတ္ထံ၊ ဤ အနက် အထူးကိုလည်း။ ဒိပေတိ၊ ပြနိုင်၏။ (ကသ္မာ၊ ကြောင့်။ ဝိညာယတိ၊ နည်း။) ¹ဟိ ယသ္မာ၊ ကြောင့်။ သဘာဝေန၊ ပင်ကိုသဘောအားဖြင့်။ ကာရဏော၊ ကိုယ်ပိုင်အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ဝါ၊ ရှိပါလျက်။ ကာရဏန္တရာပေက္ခာ၊ အကြောင်းတပါးကို ရှုငဲ့ခြင်းသည်။ အယုတ္တာ၊ မသင့်။ ဣတိ၊ ထို့ကြောင့်။ (ကော ကတ္တာ နာမ နတ္ထိ။ ဣတိ ဣမမ္ပိ အတ္ထံ။

သနည်း ဟု မေးဖွယ်ရှိသောကြောင့် "တေန" စသည်မိန့်။ ထိုသို့ အနေကဟေတုရှိမှ ကုသိုလ်စိတ် ဖြစ်နိုင်ပုံကို ပြသဖြင့် ဧက ကာရဏဝါဒကို ကာရဏူပစာရအားဖြင့် တား မြစ်ပြီးဖြစ်သည်-ဟူလို။ [ဧကကာရဏဝါဒကို ဋီကာအဓိပ္ပာယ်၌ ရှုပါ။]

၁။ **သမဝါယော စ ။ပ။ ဒိပေတိ။** ။စသဒ္ဒါသည် ရှေ့နည်းမှ တနည်းကို ထပ်၍ ပြသော ဝါကျာရမ္ဘဇောတက။ (တနည်း) ရှေ့နည်းကို ဆည်းသော သမုစ္စည်း တည်း။ ဣမမ္ပိ အတ္ထံ၌ ပိကား ရှေ့ ဒိပနတ္ထကို ပေါင်းသော သမ္ပိဏ္ဍနတည်း။ "သမဝါ-ယော။ပ။ ပေက္ခာ ဟောတိ" သည် နောက်ဝါကျကို ထောက်လျှင် ဟေတုဝါကျ၊ "တသ္မာ။ပ။ ဒိပေတိ" ကား ဖလဝါကျတည်း။ စက္ခုပသာဒ ရူပါရုံ အာလောက မန-သိကာရ" ကဲ့သို့သော အကြောင်း အပေါင်းသည် စက္ခုဝိညာဉ်စသော အကျိုးကို ဖြစ်စေရာ၌ အကြောင်းအချင်းချင်း ငဲ့သကဲ့သို့ ဖြစ်နေ၏။ ဥပမာ ၄- ယောက်ထမ်းမှကြွ မြောက်မည့် ထမ်းစင်၌ ထို ၄-ယောက်သည် တယောက်ကို တယောက် (မငဲ့လျှင် မဖြစ်) ကေန် ငဲ့ကြရသကဲ့သို့တည်း။ [အညမညာပေက္ခ၏ အဓိပ္ပာယ်ကို ဋီကာ၌ ရှုပါဦး။]

၂။ **သဘာဝေန ဟိ။ပ။အယုတ္တာတိ။** ။ဤဝါကျကို ရှေးနိဿယ၌ ဝိတ္ထာရဝါကျ ဟု ယူ၍ "ဟိ-ချဲ့" ဟု ပေး၏။ မိမိကား နောက်၌ ဣတိပါသောကြောင့် "ဉာပက-ဟေတု ဝါကျ" ဟု ယူဆပါသည်။ စက္ခုဝိညာဉ် စသည်ဖြစ်ဖို့ရာ ပင်ကို သဘာဝအတိုင်း ပင် (မည်သူမျှ မစီမံ မဖန်ဆင်းရပဲ) စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ ဟူ သော ကိုယ်ပိုင် အကြောင်းရှိနေပါလျက် စီမံဖန်ဆင်းတတ်သူ ဟူသော အကြောင်း တမျိုးကို ရှုငဲ့နေခြင်းသည် (အမိရင်းရှိပါလျက် သူ့အတွက် ဘယ်ဒေတော့ကမှ မရှိခဲ့သော ဒွေးတော်ကို မျှော်ခြင်းကဲ့သို့) မသင့်သော ရှုငဲ့ခြင်းဖြစ်၏။ ထို့ကြောင့် "ကော ကတ္တာ နတ္ထိ" ဟူသော အနက်ဝိသေကိုလည်း သမဝါယ-သဒ္ဒါက ပြကြောင်းကို သိရပါသည်-ဟူ လို။

ဒီပေတိ၊ ပြနိုင်၏။ ဉာတိ ဝိညာယတိ။) [၁]ဝေါ၊ သို့။ ကေဿ၊ တယောက်သော။ ကဿစိ၊ တစုံတယောက်သော။ ကာရကဿ၊ ပြုလုပ် ဖန်ဆင်းတတ်သူ၏၊ ("ကာရဏဿ၊ အကြောင်း၏" ဟု လည်း ရှိ၏။) အဘာဝ ဒီပနေန၊ မရှိပုံကို ပြခြင်းကြောင့်။ သယံ ကတံ သုခ ဒုက္ခန္တိ အာဒိ၊ အစရှိသော မိစ္ဆာ အယူသည်။ ဝေါ၊ ကို။ ပတိသေဓိတံ၊ တားမြစ်အပ်ပြီးသည်။ ဟောတိ။ [သုခ ဒုက္ခံ၊ ချမ်းသာ ဆင်းရဲကို။ သယံ ကတံ၊ မိမိကိုယ်တိုင် ပြုအပ်၏။ ဝါ၊ အတ္တ ကိုယ်တိုင် ပြုအပ်၏။]

[ဧတေသု ဟိ–အစရှိသော စကားရပ်၌ စောဒနာဖွယ်ကို ပြလိုသောကြောင့် "တတ္ထ" စသည်မိန့်။]

တတ္ထ၊ ထို ဧတေသု ဟိ–အစရှိသော စကားရပ်၌။ (ကဿစိ၊ တစုံတယောက်သော။ စောဒကဿ၊ စောဒက ပုဂ္ဂိုလ်၏။ ဤဒိသီ၊ ဤကဲ့သို့ ရှုအပ်သော။ စောဒနာ၊ စောဒနာခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ (ကီဒိသီ၊ အဘယ်ကဲ့သို့ ရှုအပ်သော။ စောဒနာ၊ သည်။ သိယာ၊ သနည်း။)အနေကဟေတုတော စုတ္တိ–ဒီပေတီတိ၊ ဟူသော။ ယံ၊ အကြင် စကားကို။ (ဘဝတာ၊ အရှင် အဋ္ဌကထာဆရာသည်။) ဝုတ္တံ၊ ပြီ။ တံ၊ ထို စကားသည်။ န ယုတ္တံ၊ မသင့်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ န ယုတ္တံ၊ မသင့်သနည်း။ [၂]အသာမဂ္ဂိယံ၊မညီညွတ်ရာ အခါ၌။အဟေတူနံ၊ အကြောင်းမဟုတ်ကုန်သော တရားတို့၏။ သာမဂ္ဂိယမ္ပိ၊ ညီညွတ်ရာ အခါ၌လည်း။ အဟေတုဘာဝါပတ္တိတော၊ အကြောင်းမဟုတ်ကုန်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ (တံ၊ ထို စကားသည်။ န ယုတ္တံ၊ မသင့်။)

၁။ **ဝေါ။ပ။ပတိသေဓိတံ ဟောတိ။** ။ဤဝါကျသည် "ကော ကတ္တာ။ပ။ဒီပေတိ" ဝါကျ၏ အဆက်တည်း။ ထို့ကြောင့် ဝေါဖြင့် "ကော ကတ္တာ။ပ။ဒီပေတိ" ကို ပြန်၍ ညွှန်ပြကြောင်း သိစေဖို့ရာ ဝေါကိုပင် "ကေဿ ကဿစိ ကာရကဿ အဘာဝဒီပနေန" ဟု ထပ်ဖွင့်သည်။ [ကတ္တာနှင့် ကာရကသည် စီမံ ဖန်ဆင်းသူကို ဟောသော သဒ္ဒါ ချည်းသားတည်း။ ထို့ကြောင့် "ကာရဏဿ" ဟု ရှိသောပါဌ်သည် မကောင်းပါ။ "ကာရကဿ"ဟုသာ ရှိစေသင့်ပါသည်။ ထိုကာရက၊ဝေဒက၊ ကတ္တာဟူသည်လည်း "အတ္တ"နှင့် အနက်တူတည်း။ ထိုသို့ ကာရက မရှိဟု ပြသဖြင့် "သုခ ဒုက္ခကို အတ္တ (မိမိ) သည် ပြုအပ်၏"ဟူသော မိစ္ဆာအယူကိုလည်း တားမြစ်ပြီး ဖြစ်ခြင်းဟူသော အကျိုးရသည်–ဟူလို။

၂။ **အသာမဂ္ဂိယံ။ပ။ပတ္တိတော။** ။စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ ဟူသော ၄-ပါးတို့သည် မပေါင်းမိပဲ တနေစီဖြစ်နေခိုက်၌ စက္ခုဝိညာဉ်၏ အကြောင်း မဖြစ်နိုင်လျှင် ထို ၄–ပါး ပေါင်းမိသော်လည်း အကြောင်း မဖြစ်နိုင်ခြင်းဟူသော ထို သဘောကို မလွှန်ဆန်နိုင်သောကြောင့် "တံ န ယုတ္တံ" ဟု လှည့်စပ်။

[စောဒက ပုဂ္ဂိုလ်သည် "ကိံ ကာရဏာ" ဟု မိမိဘာသာ ပုစ္ဆာ ထုတ်၍ "အသာမဂ္ဂိယံ။ပ။ ပတ္တိတော" ဟု အဖြေပြသည်။ ထို့ကြောင့် ဤ စကား သည် စောဒက၏စကားချည်းတည်း။] [၂]ဟိ မှန်။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ (အန္ဓသတော၊ သူကန်း တရာတွင်။) ကေသိ္မံ အန္ဓေ၊ တယောက် တယောက် သော သူကန်းသည်။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ အသက္ကောန္တေ၊ မစွမ်းနိုင်လတ်သော်။ (သဟိတံ၊ တကွဖြစ်သော။) အန္ဓသတံ၊ သူကန်းတရာသည်။ န ပဿတိ၊ မမြင်နိုင်။ ဣတိ၊ ထို့ကြောင့်။ (အသာမဂ္ဂိယံ အဟေတုန် သာမဂ္ဂိယမ္ပိ။ အဟေတုဘာဝါပတ္တိ၊ အကြောင်း မဟုတ်ကုန်သည်၏ အဖြစ်သို့ ရောက် ခြင်းသည်။ ဟောတိ။ ဣတိ ဤဒိသီ၊ ဤကဲ့သို့ ရှုအပ်သော။ စောဒနာ၊ သည်။ သိယာ ၊၏။)

(အနေကဟေတုတော ဝုတ္တိံ ဒီပေတိတိ၊ ဟူသော။ ယံ၊ အကြင်စကား ကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တံ၊ ထိုစကားသည်။) နော န ယုတ္တံ၊မသင့် မဟုတ် သင့်သည်သာ။ ဟိ။ ချဲ့။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ [လောက သာတိ၌ ဣတိကျမှ ပြန်၍လှည့်။] [၁]သာဓာရဏဖလနိပ္ဖာဒကတ္တေန၊ ဆက်ဆံ သောအကျိုးကို ပြီးစေတတ်ကုန်သည်၏ အဖြစ်ဖြင့်။ ဌိတဘာဝေ ါ၊တည်ကုန်

၂။ နှ ဟိ ကေသိ္မံ။ပ။ပဿတိ။ ။[ဒဋ္ဌုံ၊ ဟေတု ၂-မျိုးရ ဝါကျတည်း။ ဟိတ် အနက် ပေးရာ၌ ဇျေ့ဝါကျ၏ ဟိတ်ပုဒ်ကို "အဟေတုဘာဝါပတ္တိ ဟောတိ" ဟု မြင် ရိုးရှိ၏။] နောက်ရှိ "အန္ဓသတံ" ကို နိဒ္ဒါရဏဆဋ္ဌ-သတ္တမီပြင်၍ "အန္ဓသတေ- သူကန်းတရာတွင်"ဟု နိဒ္ဒါရဏ သမုဒါယ ထည့်၏။ ကေသိ္မံကိုလည်း "ကေကသိ္မံ" ဟု ဖွင့်၏။ ထိုသို့ ဖွင့်သဖြင့် ကေသိ္မံ၌ ဝိစ္ဆာလောပဟု ကြိသည်။ [ဤဝိစ္ဆာလောပကို အနုဋ္ဌ"အာမေဍိတ ဝစနဿ လုတ္တနိဒ္ဒိဋ္ဌတံ ဒဿေတိ"ဟု ခို၏။ တချို့နေရာ၌ ဝိစ္ဆာ ကိုပင် သူရှူး၏စကားကဲ့သို့ ၂-ကြိမ်ထပ်သောကြောင့် အာမေဍိတ်ဟု သုံးစွဲကြသည်။] "ဒံ့န္ဓသတံ"၌လည်း "အန္ဓသတံ သဟိပံ"ဟု ထည့်၍ အဓိပ္ပာယ်ဖွင့်၏။

ဆိုလိုရင်းကား—သူကန်းတရာ ရှိနေရာဝယ် တယောက်စီ တယောက်စီ မမြင်နိုင် လျှင် ထိုတရာလုံး ပေါင်းမိသော်လည်း မမြင်နိုင်ပင်တည်း။ ထို့ကြောင့်"စက္ခုပသာဒ စသည်တို့ တပါးစီခွဲလျှင် စက္ခုဝိညာဉ်၏ အကြောင်း မဖြစ်နိုင်ပါမူ ၄-ပါးလုံးပေါင်းမိ သော်လည်း အကြောင်းမဖြစ်နိုင်"ဟု စောဒကပုဂ္ဂိုလ်က ဆိုလိုသည်။ ["အန္ဓသတေ" ဟု လည်းကောင်း၊ "ဝိစ္ဆာလောပ"ဟု လည်းကောင်း မကြံပဲ စာရှိအတိုင်း တိုက်ရိုက် အဓိပ္ပာယ်ယူလျှင် ရနိုင်သော အပြစ်များကို ဋီကာ၌ ပြထားသည်။]

၁။ **သာဓာရဏ။ပ။သာမဂ္ဂီ**။ ။"စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ ဟူသော အကြောင်းတို့၏ စက္ခုဝိညာဉ် တည်းဟူသော အကျိုးကို ဖြစ်စေတတ်သည်၏ အဖြစ်ဖြင့် တည်ခြင်း"ဟူသည် စက္ခုဝိညာဉ်အား စက္ခုပသာဒ-က နိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ ရူပါရုံက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ အရောင်အလင်းက ပုက

သည်၏ အဖြစ်သည်။ (တည်ခြင်းသည်။) သာမဂ္ဂိ၊ သာမဂ္ဂိ မည်၏။ အနေကေသံ၊ တပါးမက များစွာသော တွေ့ကရာ့အကြောင်းတို့၏။ သမောဓာနမတ္တံ၊ ပေါင်းမိခြင်းမျှသည်။ (သာမဂ္ဂိ၊ မည်သည်။) န၊ မဟုတ်။ [စောဒက၏ အန္ဓဥပမာကို ချေပလို၍ "န စ အန္ဓာနံ" စသည်မိန့်။] စ၊ ဆက်။ အန္ဓာနံ၊ သူကန်းတို့၏။ ဒဿနံ နာမ၊ မြင်ခြင်းမည်သည်။ သာဓာရဏဖလံ၊ ဆက်ဆံသော အကျိုးသည်။ န၊ မဟုတ်။ ကသ္မာ၊ နည်း။ အန္ဓသတော၊ သူကန်းတရာ သည်။ သတိပိ၊ ရှိပါသော်လည်း။ တဿ၊ ထိုမြင်ခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ပန၊ အနွယ-ကား။ စက္ခာဒီနံ၊ စက္ခု အစရှိသော အကြောင်းတို့၏။ တံ၊ ထို မြင်ခြင်းသည်။ ဝါ၊ ထို မြင်တတ်သော စက္ခုဝိညာဉ်သည်။ သာဓာရဏဖလံ၊ဆက်ဆံသော အကျိုးတည်း။ (ကသ္မာ၊နည်း။) တေသံ၊ ထို စက္ခု အစရှိသော အကြောင်းတို့၏။ ဘာဝေ၊ ရှိခြင်းသည်။ (သတိ၊ ရှိလတ်သော်။၊ တဿ၊ ထို မြင်ခြင်း၏။ ဝါ၊ထို မြင်တတ်သော စက္ခုဝိညာဉ်၏။) ဘာဝတော၊ ရှိခြင်းကြောင့်တည်း။ [ဤစကားဖြင့် "အသာမဂ္ဂိယံ အဟေတူနံ။ ပ။ အန္ဓသတံ ပဿတိ" ကို ဗျတိရေက အနွယ အကြောင်းပြ၍ ချေပသည်။]

[1]စ၊ ဘက်။ အသာမဂ္ဂိယံ၊ ၌။ အဟေတူနမ္ပိ၊ အကြောင်း မဟုတ်ကုန်သော တရားတို့၏လည်း။ သာမဂ္ဂိယံ၊ ၌။ ဟေတုဘာဝေ၊ အကြောင်းတို့၏ အဖြစ်သည်။ သိဒ္ဓေ၊ မျက်မြင်အားဖြင့် ပြီးစီး၏။ သွာယံ(သော+အယံ ဟေတုဘာဝေါ)၊ ထို အကြောင်းတို့၏ အဖြစ်ကို။ အသာမဂ္ဂိယံ၊ ၌။ ဖလာဘာဝေန၊ အကျိုး၏မရှိခြင်းကြောင့်လည်းကောင်း။ သာမဂ္ဂိယံ၊ ၌။ အဿ၊ ထို အကျိုး၏။ ဘာဝေန စ၊ ရှိခြင်းကြောင့်လည်းကောင်း။ ဝေဒိတဗ္ဗော၊ ၏။

တူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ မနသိကာရကလည်း ထို့အတူ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုခြင်းတည်း။ ထိုသို့ ကျေးပြုနိုင်လောက်အောင် တည်ခြင်းကို သာမဂ္ဂိ ဟု ဆိုသည်။ [သာဓာ။ ပ၊ ဌိတဘာဝေါတိ-စသောဋီကာ၌ ယထာကို "ယေန နိဿယာရမ္မဏာဒိပ္ပကာရေန" ဟု မစုဖွင့်သည်။]

[1]၁။ **အသာမဂ္ဂိယံ။ ပ။ သိဒ္ဓေ။** ။ထမ်းစင်ထမ်းမှု စသည်၌ လူ ၄-ယောက် မညီညွတ်ခင်ကထမ်းခြင်းကိစ္စ မပြီး။ ညီညွတ်မှ ပြီးခြင်းသည် မျက်မြင်ဖြစ်သကဲ့သို့ စက္ခုပသာဒ ရူပါရုံ စသော အကြောင်းတို့၏ သာမဂ္ဂိမဖြစ်တုန်းက စက္ခုဝိညာဉ်၏အကြောင်းမဟုတ် သော်လည်း သာမဂ္ဂိဖြစ်သောအခါ စက္ခုဝိညာဉ်၏ အကြောင်းဖြစ်နေပုံမှာ မျက်မှောက် တွေ့ရသော ပစ္စက္ခသိဒ္ဓတည်း။ ထိုသို့ မျက်မှောက်တွေ့ရသော အနက်၌ ထိုအနက် သေချာအောင် ယုတ္တိယုတ္တာ ဥပမာပြနေဖွယ် မလိုပါ-ဟူလို။ [န ဟိ ပစ္စက္ခသိဒ္ဓေ ယုတ္တိမဂ္ဂနံ ယုတ္တံ။-ဋီကာ။]

ဟိ၊ မှန်။ စက္ခာဒီနံ၊ စက္ခု အစရှိသော အကြောင်းတို့၏။ ဝေကလ္လေ၊ ချို့တဲ့ကုန်သည်၏ အဖြစ်သည်။ (သတိ၊ သော်။) စက္ခုဝိညာဏာဒိနံ၊ စက္ခုဝိညာဉ် အစရှိသော အကျိုးတို့၏။ အဘာဝေါ၊ မရှိခြင်းသည်လည်းကောင်း။ (စက္ခာဒီနံ၊ တို့၏။) အဝေကလ္လေ၊ မချို့တဲ့ကုန်သည်၏ အဖြစ်သည်။ (သတိ၊ သော်။ စက္ခုဝိညာဏာဒိနံ၊ တို့၏။) ဘာဝေါ စ၊ ရှိခြင်းသည်လည်းကောင်း။ လောကဿ၊ လူအပေါင်း၏။ ပစ္စက္ခသိဒ္ဓေါ၊ မျက်မျှောက်အားဖြင့် ထင်ရှား၏။ ဣတိ၊ ယို့ကြောင့်။ (ဟံ၊ ထိုစကားသည်။နေ၁ န ယုတ္တံ၊ မသင့်မဟုတ် သင့်သည်သာ။) [နိဂုံးကို ပြလို၍"အယံ တာဝ"စသည်မိန့်။]တာဝ၊ ခဏ–သမယ စသည်တို့မှ ရှေးဦးစွာ။(နိဒ္ဒေသေန၊ ညွှန်ပြအပ်သော။) သမဝါယသင်္ခါတေန၊ သမဝါယဟုဆိုအပ်သော။ သမယေန၊ သမယဖြင့်။(တနည်း)သမဝါယသင်္ခါ–တေန၊ သမဝါယ အနက်ရှိ၏ဟု ဆိုအပ်သော။ သမယေန၊ သမယ–သဒ္ဒါဖြင့်။ အယံ အတ္ထော၊ ဤအနက်ကို။ ဒီပိတော၊ ပြအပ်ပြီ။

[1]ပန၊ ကား။ (တနည်း) ပန၊ သမဝါယ–သမယဖြင့် အတ္ထဝိသေသ ပြပုံမှ တပါး ခဏသမယဖြင့် အတ္ထဝိသေသ ပြပုံကို ဆိုဦးအံ့။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ အက္ခဏေဟိ၊ အက္ခဏတို့သည်။ ပရိဝဇ္ဇိတော၊ ကြဉ်အပ်သော။ နဝမော၊ ၉–ခုမြောက်ဖြစ်သော။ ယော သေ (ဧသော) ခဏော၊ အကြင်

၁။ ယော ပနေသ။ ။"တေန တေန တဿ တဿ အတ္ထဝိသေသဿ ဒီပနတော" ဟူသော အကျဉ်း သင်္ခေပဝယ် သမဝါယ အနက်ရှိသော သမယဖြင့် ပြအပ်သော "အနေကဟေတုတော ဝုတ္တိံ ဒီပေတိ" ဟူသော အတ္ထဝိသေသကို အကျယ်ပြပြီး၍ ခဏ အနက်ရှိသော သမယဖြင့် ပြအပ်သော အတ္ထဝိသေသကို အကျယ် ပြလိုသောကြောင့် "ယော ပနေသ" စသည်မိန့်။ ဒီပနတ္ထကို ပြရာ၌ ဒီပနတ္ထ၏ နောက်ဝယ်"ပတိသေဓိတံ ဟောတိ" ဟု အကျိုးကိုလည်း ရှေ့၌ပြခဲ့၏။ ထို့ကြောင့် "ဝေမေတေသု။ပ။ဒီပေတိ။ ဒီပေန္တေန။ပ။ပတိသေဓိတော"ဟူသော ၂–ဝါကျနှင့် "အယံ။ပ။ဒီပိတော" ဟူသော နိဂုံးဝါကျသည်သာ လိုရင်းတည်း။ "ယော သေ" မှစ၍ "ကုသလံ ဒုလ္လဘမေဝ" တို့ကား ဒီပနဝါကျ၏ အခြေခံတို့သာ ဖြစ်သည်။ ထို့ကြောင့်"ဝေမေတေသု"ဟု ဝေံဖြင့် ဆိုခဲ့ပြီးသော အခြေခံအားလုံးကို ပြန်၍ ညွှန်ပြသည်။

ယောပနေသ ။ပ။ သောနတ္ထိ။ ။"ယော ပနေသ ။ပ။ ဝုတ္တော" သည် အခြေခံ ဝါကျတို့တွင် အနိယမဝါကျတည်း။ခဏသည် နဝမခဏ၊စတုစက္ကသမ္ပတ္တိခဏ ဟု ၂–မျိုး ရှိသောကြောင့် ထို ၂–မျိုးလုံးကို ပြထားသည်။ "သော။ပ။နတ္ထိ" ကား နိယမဝါကျ တည်း။"သဒ္ဓမ္မဋ္ဌိတိ"ဟု ရှေးစာအုပ်များ၌ ရှိ၏၊ နဝမခဏကိုပြရာ အင်္ဂုတ္တိုရ်၌ "ဘုရားပွင့်တော်မူခြင်း၊ တရားဟောတော်မူခြင်း၊ မဇ္ဈိမ မဇ္ဈိမဒေသ၌ ဖြစ်ရခြင်း၊ ဉာဏ်ပညာရှိခြင်း"ဟုပြ၏။ထို့ကြောင့်-ဉာဏ်ပညာရှိခြင်းကိုထောက်၍"သမ္မာဒိဋ္ဌိအာဒိကံ" ဟု သီဟိုဠ်မူရှိသည့်အတိုင်း ကောင်းသည်။

တထာဂတုပ္ပာဒ-အစရှိသော ခဏကိုလည်းကောင်း။ ပတိရူပ ဒေသဝါသာ-ဒိကော၊ ပတိရူပဒေသဝါသ-အစရှိသော။ စတုစက္ကသင်္ခါတော၊ ၄-ပါးသော သမ္ပတ္တိစက်ဟု ဆိုအပ်သော။ ယော သေ (ဧသော) ခဏောစ၊ အကြင် ခဏကိုလည်းကောင်း။ ဩကာသဋ္ဌေန၊ အခွင့်ဟူသော အနက်ကြောင့်။ ခဏော၊ ခဏဟူ၍။ ဝုတ္တော၊ ဆိုအပ်ပြီ။ သော၊ ထို နဝမခဏ စတုစက္ကသမ္ပတ္တိ ခဏသည်။ မနုဿတ္တဗုဒ္ဓုပ္ပာဒ သမ္မာဒိဋ္ဌိအာဒိကံ၊ လူ့အဖြစ် ဘုရားပွင့်တော်မူရာအခါ သမ္မာအယူ အစရှိသော။ [1]ခဏသာမဂ္ဂိံ၊ ခဏအစိတ်တို့၏ ပေါင်းဆုံညီညွတ်ခြင်းကို။ ဝိနာ၊ ကြဉ်၍။ နတ္ထိ၊ မရှိနိုင်။ [1]စ၊ ဆက်။ မနုဿတ္တာဒီနံ[2]၊လူ့ အဖြစ် အစရှိသည်တို့၏။ ကာဏကစ္ဆပေါပမာဒီဟိ၊ လိပ်ကန်းဥပမာ အစရှိသည်တို့ဖြင့်။ ဒုလ္လဘဘာဝေါ၊ ခဲယဉ်းသဖြင့် ရအပ်ကုန်သည်၏ အဖြစ်ကို။ ဝုတ္တော၊ ဟော တော်မူအပ်ပြီ။ ခဏာယ၊ ၏။ [3]ဇာတိ တသ္မာ ဒုလ္လဘတ္တာ၊ ထိုသို့ ခဲယဉ်းသဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်။ သုဋ္ဌုတရံ၊ သာ၍ လွန်ကဲစွာ။ (ဒုလ္လဘမေဝ -ဉ်

၁။ ခဏသာမဂ္ဂိံ ဝိနာ နတ္ထိ။ ။ဘုရားပွင့်တော်မူခြင်းသည် ခဏတစိတ်၊ တရားဟောတော်မူခြင်းသည် ခဏတစိတ်၊ လူ့အဖြစ်ရခြင်းသည် ခဏတစိတ်၊မဇ္ဈိမဒေသ၌ ဖြစ်ရခြင်းသည် ခဏတစိတ်၊ သမ္မာဒိဋ္ဌိဖြစ်ရခြင်းသည် ခဏတစိတ်၊ ပညာရှိ တိဟိတ် ပုဂ္ဂိုလ်ဖြစ်ရခြင်းသည် ခဏတစိတ် ဤ ခဏအစိတ်တို့၏ ပေါင်းမိခြင်းကို "ခဏသာမဂ္ဂီ" ဟု ခေါ်သည်။ ထို ခဏသာမဂ္ဂီသည်ပင် နဝမခဏတည်း။ [ဗုဒ္ဓုပ္ပာဒ တမျိုးတည်းကို "နဝမခဏ" ဟု မယူရ။] ပတိရူပဒေသဝါသသည်ခဏတစိတ်၊သပ္ပုရိသူပနိဿယသည် ခဏတစိတ်၊ အတ္တသမ္မာပဏိဓိသည် ခဏတစိတ်၊ ပုဗ္ဗေ စ ကတပုညတာသည် ခဏ တစိတ် ဤ ခဏအစိတ် ၄-ခုတို့၏ ပေါင်းမိခြင်းကို "သာမဂ္ဂီ" ဟု ခေါ်၏။ထို သာမဂ္ဂီ သည်ပင် စတုစက္ကသမ္ပတ္တိ ခဏတည်း။

၂။ မနုဿတ္တာဒီနဉ္စ။ ။မနုဿတ္တ ဗုဒ္ဓုပ္ပာဒနှင့်စပ်၍ ဆက်ပြသော ဥပမာသဝါကျတည်း။ ကာဏကစ္ဆပဥပမာကို ဥပရိပံ-သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်၌လည်းကောင်း၊ သစ္စသံယုတ်-ပပါတဝဂ်၊ ပဌမဆိဂ္ဂဠယုဂ-သုတ်၌လည်းကောင်း ကြည့်ပါ။ အာဒိဖြင့် သစ္စသံယုတ်-ပပါတဝဂ်-ဝါလသုတ်၊အဘိသမယဝဂ်-နခသိခသုတ်တို့၌လာသော ဝါလ-ဝိဇ္ဈုပမာ၊ နခသိခဥပမာတို့ကို ယူပါ။

၃။ ဇာတိ။ပ။ဒုလ္လဘမေဝ။ ။အခြားနေရာ၌ တသ္မာကိုပင်"ဇာတိ ခဏာယ ဒုလ္လဘတ္တာ"ဟု ဆိုသည်။ ထို့ကြောင့် ဤဝါကျကို ဖလဝါကျ၊ ရှေ့ဝါကျကို ကာရဏဝါကျဟု ခွဲပါ။ လောကုတ္တရာအား ကျေးဇူးမများသော ကုသိုလ်တို့မှာ အဋ္ဌက္ခဏ၌လည်းဖြစ်နိုင်၊ စတုစက္ကသမ္ပတ္တိ မဟုတ်သော ခဏ၌လည်း ဖြစ်နိုင်သောကြောင့် "လောကုတ္တရဓမ္မာနံ ဥပကာရဘူတံ" ဟု ဝိသေသနပြုသည်။ လောကုတ္တရာဓမ္မအား ဥပကာရ ဖြစ်သော ကုသိုလ်ဟူသည် နိဗ္ဗာန်ကိုရည်မှန်း၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်များနှင့် ဝိဝဋ္ဋနိဿိတ အစစ်ဖြစ်သော ဝိပဿနာကုသိုလ်များတည်း။

စပ်။) ခဏာယတ္တမေဝ၊ ခဏနှင့်စပ်သည်သာလျှင် ဖြစ်သော။ (ကုသလံ-၌ စပ်။) လောကုတ္တရမဗ္ဂာနံ၊ တို့အား။ ဥပကာရဘူတံ၊ လျော်သော ကျေးဇူးကို ပြုတတ်သည် ဖြစ်၍ဖြစ်သော။ ကုသလံ၊ ကို။ ဒုလ္လဘမေဝ၊ ခဲယဉ်းသဖြင့် ရအပ်သည်သာ။

[၁]ဧဝံ။ သို့။ ဆိုအပ်ပြီးသော နည်းဖြင့်။ ဧတေသု၊ ဤ သမယတို့တွင်။ ခဏသင်္ခါတော၊ ခဏ ဟု ဆိုအပ်သော။သမယော၊သမယသည်။ ဝါ၊အခွင့်ကောင်း

၁။ ဧဝံ။ပ။ဒီပေတိ။ ။သမယောကို "ခဏသင်္ခါတော" ဟု ဝိသေသနပြုသောကြောင့် သမယော၏အရ ခဏအနက်ကိုယူရသည်၊ "ခဏဟူသော သမယ-က ကုသိုလ်ဖြစ်ခြင်း၏ ဒုလ္လဘဖြစ်ပုံကို ပြ၏"ဟူရာ၌ ထိုသို့ ပြနိုင်ခြင်း၏အကြောင်းမပါသောကြောင့် ဋီကာ၌"အတ္တနော ဒုလ္လဘတာယ-မိမိဟူသော ခဏ-က ဒုလ္လဘဖြစ်သောကြောင့်" ဟု ဟိတ်ထည့်သည်။ ဆိုလိုရင်းကား- "ဗုဒ္ဓုပ္ပာဒေါ ဒုလ္လဘော လောကသ္မိံ" စသည်နှင့် အညီ မိမိဟူသော နဝမခဏ စတုစက္ကသမ္ပတ္တိခဏ ဟူသော သမယ-က ဒုလ္လဘဖြစ်နေသောကြောင့် ထိုခဏနှင့် စပ်၍ဖြစ်ရသော ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်ဖို့ရာ သာ၍ ဒုလ္လဘ ဖြစ်ပုံကိုလည်း ပြနိုင်ပါသည်—ဟူလို။

အနက်ကျယ်။ ။ဤနည်း၌ ဋီကာထည့်ပါ၌ပါသွင်း၍ အနက်ပေးလိုလျှင်- "ခဏသင်္ခါတော၊ သော။ သမယော၊ အခွင့်ကောင်းသည်။ (အတ္တနော၊ မိမိဟူသော နဝမ-ခဏ စတုစက္ကသမ္ပတ္တိ ခဏ၏။ ဒုလ္လဘတာယ၊ ခဲယဉ်းသဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်။ တဒါယတ္တာယ၊ ထို အခွင့်ကောင်းနှင့် စပ်သော။) ကုသလုပ္ပတ္တိယာ၊ ၏။ ဒုလ္လဘဘာဝံ၊ ကို။ ဒီပေတိ၊ ၏" ဟု ပေးပါ။

တနည်းဖွင့်ပုံ။ ။ဋီကာ၌ "ခဏတ္တော ဝါ သမယသဒ္ဒေါ" စသည်ဖြင့် တနည်းဖွင့်သေး၏။ထိုအလို"ခဏတ္တသင်္ခါတော" ဟု ဆိုလိုလျက် အတ္တသဒ္ဒါ ကျေသည်ဟု မခုဖွင့်သည်။ "ခဏသင်္ခါတော၊ ခဏအနက် ရှိ၏ ဟု ဆိုအပ်သော။ သမယော၊ သမယ—သဒ္ဒါသည်" ဟု ပေးပါ။ ဤ ခဏအနက်ရှိသော သမယ—သဒ္ဒါက ပြပုံမှာ—"ယသ္မိံ သမယေ၊ အကြင် အခွင့်ကောင်းသည်" ဟု ဆိုသဖြင့် "ထို အခွင့် ခဏသည် ရခဲသော အခွင့်ခဏ ဖြစ်၏" ဟူသော အနက်ကို ဝိဘာဝနတ္ထ (အကျိုးကိုပြသဖြင့် အကြောင်းကိုလည်း ထင်ရှားစေအပ်သော အနက်) ၏ အဖြစ်ဖြင့် ပြနိုင်၏။ ထိုသို့ ပြသဖြင့် ထို ခဏနှင့်စပ်သော ဝိဝဋ္ဋနိဿိတကုသိုလ်၏ သုဋ္ဌုတရ-ဒုလ္လဘဖြစ်ပုံကိုလည်း သမယ-သဒ္ဒါက ဒီပနတ္ထ (ဖလူပစာရ) အားဖြင့် ပြသည်။

အနက်ကျယ်။ ။ဤအလို တနည်း အနက်ပေးပုံကား— "ခဏသင်္ခါတော၊ ခဏအနက်ရှိ၏ ဟု ဆိုအပ်သော။ သမယော၊ သမယ-သဒ္ဒါသည်။ ယသ္မိံ ခဏေ၊ အကြင် အခွင့်ကောင်းသည်။ သတိ၊သော်။ (ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌ စပ်။) ဇာတိ ဇာမသာ အတ္တသာ၊ ကို။ ဝိဘာဝနဝသေန၊ဖြင့်။ တဒါယတ္တာယ၊ ထို အခွင့်ကောင်းနှင့် စပ်သော။ ကုသလုပ္ပတ္တိယာ ဒုလ္လဘဘာဝံ ဒီပေတိ"ဟု ပေးပါ။ [ဤနောက်နည်း၌ "ယသ္မိံ သမယေ" ဟူသော သဒ္ဒါကို "ယသ္မိံ ဒုလ္လဘေ ခဏေ" ဟူသော အနက်ကိုပြသော ပါဌ်ဟု ဆိုသည်။]

သည်။ ကုသလုပ္ပတ္တိယာ၊ ဝိဝဋ္ဋနိဿိတကုသိုလ် ဖြစ်ခြင်း၏။ ဒုလ္လဘာဘာဝံ၊ ခဲယဉ်းသဖြင့် ရအပ်သည်၏ အဖြစ်ကို။ ဝါ၊ ရနိုင်ခဲသည်၏ အဖြစ်ကို။ ဒီပေတိ၊ ၏။ [၁] ဧဝံ၊ သို့။ ဒီပေန္တေန၊ ပြသော။ အနေန၊ ဤ သမယဖြင့်။ အမိဂတ ခဏာနံ၊ ရအပ်ပြီးသော အခွင့်ကောင်း ရှိကုန်သည်ဖြစ်၍။ ဝါ၊ အခွင့်ကောင်း ရပါကုန်လျက်။ (မောဃခဏံ ကုရုမာနာနံ-၌ စပ်။) ခဏာ·ယတ္တဿဝ၊ ခဏနှင့် စပ်သည်သာလျှင် ဖြစ်သော။ တဿ ကုသလဿ၊ လောကုတ္တရာ ဓမ္မတို့ အား ကျေးဇူးများသော ထိုကုသိုလ်ကို။ အနုဋ္ဌာပနေန၊ မထကြွ စေခြင်းဖြင့်။ ဝါ၊ မထူထောင်ခြင်းဖြင့်။ မောဃံခဏံ၊ အကျိုးမပြီး အချည်းနှီးသော ခဏကို။ ကုရုမာနာနံ၊ ပြုနေကြသူတို့၏။ ပမာဒဝိဟာရော၊ မေ့မေ့လျော့လျော့ ပေါ့ ပေါ့ဆဆ နေထိုင်ကြခြင်းသည်။ ဝါ၊ ကို။ ပတိသေဓိတော၊ တားမြစ်တော်မူ အပ်ပြီးသည်။ ဟောတိ။ ခဏသန္နိဓာနေ၊ ခဏ-ဟု ဆိုအပ်သော။ သမယေန၊ သမယဖြင့်။ (တနည်း) ခဏသန္နိဓာနေ၊ ခဏ အနက်ရှိ၏ ဟု ဆိုအပ်သော။ သမယေန၊ သမယ—သဒ္ဒါဖြင့်။ အယံ အတ္ထော၊ ဤ အနက်ကို။ ဒီပိတော၊ ပြအပ်ပြီ။

[၂] ပန၊ ကား။ (တနည်း) ပန၊ ခဏ-သမယ ဖြင့် အတ္ထဝိသေသ ပြပုံမှတပါး ကာလ-သမယဖြင့် အတ္ထဝိသေသ ပြပုံကို ဆိုဦးအံ့။ တေဿ ကုသလစိတ္တဿ၊ ဤ ကုသိုလ်စိတ်၏။ (ပါဠိတော်၌ "ကုသလံ စိတ္တံ ဥပ္ပန္နံ" ဟု ဟောတော်မူ အပ်သော ဤ ကုသိုလ်စိတ်၏။) ယော ပဝတ္တိကာလော နာမ၊ အကြင် ဖြစ်ရာ ကာလ မည်သည်။ ဟောတိ၊ ရှိ၏။ သော၊ ထို ဖြစ်ရာကာလသည်။ အတိ

၁။ ဧဝံ ဒီပေန္တေန ။ပ။ ပတိသေဓိတော။ ။ဤကား ပကာသနတ္တတည်း။ ထိုသို့ ပြသော သမယဖြင့် မြတ်စွာဘုရားသည် တားမြစ်တော်မူအပ်ပြီး ဖြစ်သည်—ဟူလို။ အဘယ်ကို တားမြစ်တော်မူအပ်သနည်း ဟု မေးဖွယ်ရှိသောကြောင့် "ပမာဒဝိဟာရော"ဟု လည်းကောင်း၊ အဘယ်သူတို့၏ ပမာဒဝိဟာရပါနည်း ဟု မေးဖွယ်ရှိသောကြောင့် "အမိဂတခဏာနံ ။ပ။ ကုရုမာနာနံ" ဟု လည်းကောင်း မိန့်သည်။ "အခွင့် ကောင်းကို ရကြပါလျက် ထို အခွင့်ကောင်းနှင့်စပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို မထူ ထောင်ခြင်းအားဖြင့် မောဃခဏကို ပြုနေကြသူတို့၏ ပမာဒဝိဟာရကို တားမြစ်တော်မူ ည်သ"ဟူလို။

၂။ ယော ပနေတဿ။ ဤ ကာလ-သမယဖြင့် အတ္ထဝိသေသကို ပြရာ၌လည်း "ဧဝ မေတေသု။ပ။ ဒီပေတိ၊ ဧဝံ ဒီပေန္တေန။ပ။ ဩဝါဒေါ ဒိန္နော ဟောတိ" တိုသာ အတ္ထဝိသေသဒီပန—ဖြစ်သည်။ ရှေ့ဝါကျတို့ကား အခြေခံ စကားတို့သာတည်း။ "ဧဝံ ဒီပေန္တေန ။ပ။ ဒိန္နော ဟောတိ" သည် ရှေ့သမဝါယတ္ထ ကာလတ္ထတို့၌ ပြခဲ့သော "ပတိသေဓိတော ဟောတိ" နှင့် သဘောတူပင်တည်း။

ပရိတ္တော၊ အလွန်တို၏။[ခဏငယ် ၃-ချက်သာရှိသောကြောင့် အလွန်တိုသည်။] စ၊ ဆက်။ အဿ၊ ထို ကုသိုလ်စိတ် ဖြစ်ရာကာလ၏။ သာ အတိပရိတ္တတာ၊ ထို အလွန်တိုသည်၏ အဖြစ်ကို။ (ဝေဒိပဟဗ္ဗာ-ဥပုမ်းစပ်။) ယထာ စ။ပ။ ခိယန္တီတိ၊ ဟူသော။ ¹ဣမဿ သုတ္တဿ၊ ဤ ဒဠှမနုဂ္ဂဟ သုတ်၏။ အဋ္ဌကထာဝသေန၊ အဋ္ဌကထာ၏ အစွမ်းဖြင့်။ ဝေဒိတဗ္ဗာ၊၏။ ဘိက္ခဝေ၊တို့။ တဿ ပုရိသဿ¹၊ထို ယောကျ်ား၏။ (ဋီကာ၌ ပုရိသ၏ သရုပ်ကို ဖော်ထားသည်။) ယထာ (ယော) ဇဝေါ၊ အကြင် လျင်မြန်သော အဟုန်သည်။ (အတ္ထိ။ တပော၊ ထို လျင်မြန်သော အဟုန်ထက်။) စန္ဒိမသူရိယာနံ၊ လနေတို့၏။ ဇဝေါ၊ လျင်မြန်သော အဟုန်သည်။ သီဃတရော၊ သာ၍ လျင်မြန်၏။ ²စန္ဒိမသူရိယာနံ၊ တို့၏။ ယထာ (ယော) ဇဝေါ၊ သည်။ အတ္ထိ။ တတော စ၊ ထက်လည်း။ ဒေဝတာနံ၊ လနေတို့၏ ရှေ့ကပြေးသော နတ်တို့၏။ ဇဝေါ၊ သည်။ သီဃတရော၊ သာ၍ လျင်မြန်၏။ ယာ ဒေဝတာ၊ တို့သည်။ စန္ဒိမသူရိယာနံ၊ တို့၏။ ပုရတော၊ ရှေ့၌။ ဝါ၊ ရှေ့က။ ဓာဝန္တိ၊ ³ပြေးကုန်၏။ တာသံ ဒေဝတာနံ၊ ထိုနတ်တို့၏။ ယထာ (ယော) ဇဝေါ၊ အကြင် လျင်မြန်သော အဟုန်သည်။ အတ္ထိ။ တတော စ၊ ထက်လည်း။ သီဃတရံ၊ သာ၍ လျင်မြန်စွာ။ အာယုသင်္ခါရာ³၊ အာယုသင်္ခါရ တို့သည်။ ခိယန္တိ၊ ကုန်လွယ်ကုန်၏။ [နိဒါနဝဂ္ဂ၊သြပမ္မသံယုတ်၊ ဒဠှမနုဂ္ဂဟသုတ် ပါဠိတော်။]

၁။ **တဿ ပုရိသဿ။** ။"တဿ ပုရိသဿ-ထိုယောကျ်ား" ဟူရာ၌ အဘယ် ယောကျ်ားပါနည်း-ဟု မေးဖွယ်ရှိ၏။ ထို့ကြောင့် ဋီကာ၌ "သေယျထာပိ ဘိက္ခဝေ ။ပ။ အာဟ**ရိဿ**တီတိ **ဧ**ဝံ ဝုတ္တဇဝနပုရိသဿ" ဟု သရုပ်ဖော်သည်။ ထို၏အဖွင့်ကို ဋီကာအမိပ္ပာယ်၌ ရှုပါ။ [ဤသို့ အဟုန်ပြင်းစွာ ပြေးသွားနိုင်သော ယောကျ်ားကား ရှိခဲ့ဖူးသည် မဟု**တ်**ပါ။ ထို့ကြောင့် ပရိကပ္ပေါပမာ အဖြစ်ဖြင့် ကြံဆ၍ ("**သေယျ**ထာပိ ဘိက္ခဝေ"စသည်ဖြင့်) ပရိကပ္ပေါပမာဇောတက—သေယျထာပိကို စချီ၍ ဟောတော်မူသည်။ "လူယောကျ်ားထဲက မရှိနိုင်" ဟု ဆိုသော်လည်း ဇဝနဟံသဇာတ်၌ ဟင်္သာ မင်းကား ထိုအတိုင်းပင် မိမိအဟုန်၏ လျင်မြန်ပုံကို ပြခဲ့ဖူးပါသည်။]

၂။ **ယထာ စ စန္ဒိမသူရိယာနံ ဇဝေါ။** ။ထို ပါဠိတော်၌ "ယထာ စ ဘိက္ခဝေ တဿ ပုရိသဿ ဇဝေါ၊ ယထာ စ စန္ဒိမသူရိယာနံ ဇဝေါ၊ တတော သီဃတရော" စသည်ဖြင့် လာ၏။ ထိုသုတ်၏ အဋ္ဌကထာ၌လည်း "အာယုသင်္ခါရ"အရ ရုပ်ဇီဝိတိန္ဒြေကို ဖွင့်၍ နာမ်တရားများမှာ အလွန့်အလွန် အဖြစ်အပျက် မြန်ရကား "အရူပဓမ္မာနံ ပန ဘေဒေါ န သက္ကာ ပညပေတုံ"ဟု ဖွင့်သည်။ ထို့ကြောင့် စိတ်ဖြစ်ရာကာလ၏ အလွန်တိုတောင်းပုံကို ထိုဒဠှမနုဂ္ဂဟသုတ်၏ အဋ္ဌကထာဖြင့် သိထိုက်သည်-ဟုဆိုသည်။

၃။ **အာယုသင်္ခါရ။** ။အာယုသင်္ခါရအရ ရုပ်ဇီဝိတိန္ဒြေကို ရ၏။ "အာယု"ဟူသော နာမည်သည် **ဇီဝိတိန္ဒြေ**၏ နာမည်တည်း။ [ဇီဝိတိန္ဒြိယနိဒ္ဒေသ၌ လာပါလိမ့်မည်။] ထို

[1]ဟိ၊ မှန်။ တတြ၊ ထို အဋ္ဌကထာ၌။ ရူပဇီဝိတိန္ဒြိယဿ၊ ၏။ တာဝ ပရိတ္တကော၊ ထိုမျှလောက် တိုလျသော။ သော ကာလော၊ ထို ကာလကို။ (အာစရိယေန၊ အဋ္ဌကထာဆရာသည်။) ဝုတ္တော၊ ပြီ။ ယာဝ၊ လောက်။ ပဋ္ဋုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ ဖြစ်သော။ ရူပံ၊ ရုပ်သည် (ရုပ်ဇီဝိတိန္ဒြေနှင့်တကွ ရုပ်အားလုံးသည်။) တိဋ္ဌတိ၊ တည်၏။ (ဌီအဖြစ်ဖြင့် တည်နေ၏။) တာဝ၊ ထို ရုပ်တည်နေသမျှ ကာလ၌။ သောဠသစိတ္တာနိ၊ တဆယ့်ခြောက်ချက်သော စိတ် တို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ဣတိ၊ ကြောင့်။ (ထိုသို့ ရုပ်၏ ဌီခဏ အတွင်းဝယ် စိတ်ပေါင်း တဆယ့်ခြောက်ချက် ဖြစ်ပျက်နိုင်သော ကြောင့်။) တေသံ၊ ထိုစိတ်တို့၏။ ကာလပရိတ္တတာယ၊ ကာလ၏ တိုလျသည်၏ အဖြစ်၌။ ဥပမာပိ၊ ဥပမာသည်လည်း။ နတ္ထိ၊ မရှိ။ [2]တေနေဝ၊ ထို့ကြောင့် ပင်။ (ဥပမာ မပြနိုင်လောက်အောင် တိုသောကြောင့်ပင်။) ယာဝဥ္စိဒံ။ပ။ စိတ္တန္တိ၊ ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ [ဘိက္ခဝေ၊ တို့။ ယာဝ၊လောက်။ စိတ္တံ၊ သည်။ လဟုပရိဝတ္တံ၊ လျင်သော အပြောင်းအလဲ ရှိ၏။ တာဝ၊ ထို စိတ်လျင်မြန်သလောက်။ ယာဝ စ၊ အလွန်အကဲသာလျှင်။ ဥပမာပိ၊ ဥပမာ ကိုလည်း။ န သုကရာ၊ အလွယ်တကူ မပြုအပ်။ ဝါ၊ မလွယ်ကူ။]

အာယုဟု ခေါ်အပ်သော ဇီဝိတိန္ဒြေကိုပင် ကံတရားသည် ပြုစီမံအပ်သောကြောင့် ဤ နေရာ၌“အာယုသင်္ခါရ”ဟု ခေါ်ထားသည်။ “သင်္ခရိယတေ၊ ကံသည် ပြုစီမံအပ်၏။ ဣတိ သင်္ခါရော၊ အာယု စ+တံ+သင်္ခါရောစာတိ အာယုသင်္ခါရော”ဟု ပြု။ သံယုတ် ဋီကာ၌ကား“အာယုံ သင်္ခရောတိ ဝေတနာတိ အာယုသင်္ခါရော”ဟု တွေ့ရ၏။မဟာ ပရိနိဗ္ဗာနသုတ်ဝယ် “အာယုသင်္ခါရကို လွှတ်တော်မူသည်”ဟု လာရှိရာ၌မူ “သင်္ခရိ-ယတေ၊ ဖလသမာပတ်သည် ပြုစီမံအပ်၏။ ဣတိ သင်္ခါရော”ဟု ပြုရသည်။

၁။ တတြ ဟိ။ပ။ဝုတ္တော။ ။ထို နိဒါနဝဏ္ဏနာ၊သြပမ္မသံယုတ် အဋ္ဌကထာ၌ “အာယု-သင်္ခါရန္တိ ရူပဇီဝိတိန္ဒြိယံ သန္ဓာယ ဝုတ္တံ။ပ။အရူပဓမ္မာနံ ပန ဘေဒေါ န သက္ကာ ပညာ-ပေတုံ”ဟု ဖွင့်သောကြောင့်“သာ အတိပရိတ္တတာ။ပ။ဣမဿ သုတ္တဿ အဋ္ဌကထာ ဝသေန ဝေဒိတဗ္ဗာ”ဟူသော စကားသည် မှန်၏–ဟူလို။

၂။ တေနေဝါဟ။ ။ဤပါဠိတော်သည် ဧကင်္ဂုတ္တိုရ်၊ ပဏိဟိတအစ္ဆဝဂ္ဂသုတ် ပါဠိတော်တည်း။ ထို အဋ္ဌကထာ၌“ယာဝဥ္စာတိ အဓိမတ္တူပမာဏတ္ထေ နိပါတော၊ အတိဝိယ န သုကရာတိ အတ္ထော။ ဣဒံတိ နိပါတမတ္တံ”ဟု ဖွင့်၏။ဟောတော်မူလို ရင်းကား–“စိတ် အဖြစ်အပျက်မြန်သလောက် ဥပမာပြဖို့ပင် အလွန်ကြီး မလွယ်ကူ” ဟူလို။ [ယောဇနာ၌ကား“ဣဒံ အယံ ဥပမာပိ ယာဝ စ န သုကရာ အတိဝိယ န သုကရာ၊ယာဝ ဧကန္တေန လဟုပရိဝတ္တံ စိတ္တံ”ဟု ဣဒံကို အနက်ရှိကြံ၍လည်းကောင်း၊ နောက် ယာဝကိုဧကန္တေနဟုလည်းကောင်းဖွင့်လေသည်။အဋ္ဌကထာရင်းနှင့် မညီပါ။]

၊ ^{၁}ဝေ၊ သို့။ တေသု၊ ဤ သမယတို့တွင်။ ကာလသင်္ခါတေ၊ ကာလဟု ဆိုအပ်သော။ သမယေ၊ အခါသည်။ (တနည်း)ကာလသင်္ခါယေ၊ ကာလ အနက်ရှိ၏ဟု ဆိုအပ်သော။သမယေ၊သမယ-သဒ္ဒါသည်။ကုသလစိတ္တပ္ပဝတ္တိ-ကာလဿ၊ ကုသိုလ်စိတ်ဖြစ်ရာ ကာလ၏။ အတိပရိတ္တတံ၊ အလွန်တိုလျှသည်၏ အဖြစ်ကို။ ဒီပေတိ၊ ၏။ ဝေ၊ သို့။ဒီပေန္တေန၊ ပြတော်မူသော။အာနေန၊ ဤ မြတ်စွာဘုရားသည်။(ဩဝါဒေါ ဒိန္နော-ဌ စပ်။) အတိပရိတ္တ ကာလတာယ၊

၁။ ဝေဓမတေသု။ပ။ဒီပေတိ။ ။''ကာလသင်္ခါတေ''ဟု ဝိသေသန ပြုသော ကြောင့် သမယော၏အရ ကာလအနက်ကို ယူရသည်။ ''ကာလဟူသော သမယက ကုသိုလ်စိတ် ဖြစ်ရာကာလ၏ အလွန်တိုလျှသည်၏ အဖြစ်ကို ပြ၏''ဟူရာ၌ ထိုသို့ ပြနိုင်ခြင်း၏ အကြောင်း မပါသောကြောင့် ဋီကာ၌''စိတ္တပရိတ္တနော ဝုစ္စမာနော တေ-နေဝ ပရိတ္တေဒကစိတ္တေန ဝေ ပရိတ္တော အဟံတိ ဒီပေတိ။ ယထာ စ အဟံ ဝေ သမ္ဘော ကုသလစိတ္တပ္ပဝတ္တိကာလောတိ''ဟု အကြောင်းပြလေသည်။ ထို ဋီကာ၏ စကားကို အနုဋီကာ၌ အကျဉ်းချုပ်၍ ''အတ္တနော အတိပရိတ္တတာယ''ဟု အကြောင်း ပြသည်။ဆိုလိုရင်းကား စိတ်တခုဖြင့် ပိုင်းခြားအပ်သောကာလသည် စိတ်မြန်သလောက် တို၏။ ထိုကာလ၏ တိုခြင်းကြောင့် ကုသိုလ်စိတ်၏ ဖြစ်ရာကာလလည်း တိုကြောင်းကို သမယ-သဒ္ဒါက ပြသည်-ဟူလို။ ဤအတိုင်း ထည့်ပါဌ်နှင့်တကွ အနက်ပေးပုံကား-''ကာလသင်္ခါတေ၊ သော။ သမယော၊အခါသည်။ (အတ္တနော၊ မိမိဟူသော စိတ္တ-ပရိစ္ဆိန္န-ကာလ၏။ အတိပရိတ္တတာယ၊အလွန်တိုလျှသည်၏အဖြစ်ကြောင့်။) ကုသလ-စိတ္တပ္ပဝတ္တိကာလဿ၊ ၏။ အတိပရိတ္တတံ ဒီပေတိ''ဟု ပေးပါ။

သဒ္ဒါက ပြပုံ။ ။ကာလအနက်ရှိသော သမယ-သဒ္ဒါက ပြပုံ၌ အနုဋီကာဝယ် ''ယသ္မိံ အတိပရိတ္တေ ကာလေတိ တေသ အတ္တသ ဉာပနဝသေန တဒါခါရာယ တဒမိနာယ စ ကုသလပ္ပဝတ္တိယာ ဒုပ္ပဋိဝိဇ္ဈတံ ဒီပေတိ''ဟု ထည့်ပါဌ်ဟိုကို တွေ့ရ၏။ ထိုအတိုင်းအကုန်ထည့်လျှင် အဋ္ဌကထာ၌ရှိသော''ကုသလစိတ္တပ္ပဝတ္တိကာလဿ အတိ-ပရိတ္တတံ ဒီပေတိ''ဟူသော မူရင်းပါဌ် ပျောက်သွားလိမ့်မည်။ထို့ကြောင့် အနုဋီကာ ထည့်ပါဌ် တချို့ကိုသာ ယူ၍...

''ကာလသင်္ခါတေ၊ ကာလအနက်ရှိ၏ဟု ဆိုအပ်သော။သမယော၊ သမယ-သဒ္ဒါသည်။ အတိပရိတ္တေ၊ စိတ္တပရိစ္ဆိန္နဖြစ်၍ အလွန် တိုလျှသော။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ (ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ—၌ စပ်။) ဣတိ တေသ အတ္တဿ၊ကို။ ဉာပနဝသေန၊ သိစေခြင်း၏ အစွမ်းဖြင့်။ ကုသလစိတ္တပ္ပဝတ္တိကာလဿ၊၏။ အတိပရိတ္တတံ၊ ကို။ ဒီပေတိ၊ ၏ '' ဟုအနက်ပေးပါ။ ဆိုလိုရင်းကား ''ယသ္မိံ သမယေ၌ သမယ-သဒ္ဒါသည်၊ စိတ်တခု၏ ဖြစ်ခြင်းဖြင့် ပိုင်းခြားအပ်သော ကာလကို ဟော၏။ ထို့ကြောင့် ထိုကာလ၏အလွန်တိုလျှပုံကို ထိုသမယ-သဒ္ဒါက သိစေခြင်းကို အရင်းပြု၍ ''ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ''ဟု ဟောတော်မူအပ်သော ကုသိုလ်စိတ်ဖြစ်ရာကာလ၏ အလွန်တိုလျှပုံကိုလည်း ပြရာရောက်သည်—ဟူလို။

အလွန် တိုလျသော ကာလ ရှိသည်၏ အဖြစ်ကြောင့်။ဝိဇ္ဇုလတော ဘာသေန၊ လျှပ်စစ်နွယ်၏ အရောင်ဖြင့်။ မုတ္တာဝုဏနံ ဝိယ၊ ပုလဲကို သွယ်ကုံးခြင်းကဲ့သို့။ ဣဒံ စိတ္တံ၊ ဤစိတ်ကို။ ဒုပ္ပဋိဝိဇ္ဈံ၊ ခဲယဉ်းသဖြင့် ထိုးထွင်း၍ သိအပ်၏။ ဝါ၊ ထိုးထွင်း၍ သိနိုင်ခဲ၏။ တသ္မာ၊ ကြောင့်။ (စိတ်ဖြစ်ရာကာလ၏ အလွန် တိုလျသည့်အတွက် စိတ်ကို ထိုးထွင်း၍ သိဖို့ရာ ခဲယဉ်းသည်၏ အဖြစ်ကြောင့်။) တေသ၊ ဤစိတ်ကို။ ပဋိဝေဓေ၊ထိုးတွင်း၍ သိခြင်း၌။ မဟာဥဿာဟော စ၊ ကြီးစွာသော အားထုတ်ခြင်းကို လည်းကောင်း။ အာဒရော စ၊လေးစားခြင်းကို လည်းကောင်း။ကတ္တဗ္ဗော၊ပြုထိုက်၏။ဣတိ၊ သို့။ ဩဝါဒေါ၊ ဩဝါဒသည်။ ဝါ၊ ကို။ ဒိန္နော၊ ပေးတော်မူအပ်ပြီးသည်။ ဟောတိ၊ ၏။ ကာလ သခ်ါတေန၊ ကာလ ဟု ဆိုအပ်သော။သမယေန၊ သမယဖြင့်။(တနည်း)ကာလသခ်ါတေန၊ ကာလအနက်ရှိ၏ ဟု ဆိုအပ်သော။ သမယေန၊ သမယ-သဒ္ဒါဖြင့်။ အယံ အတ္ထော၊ ဤအနက်ကို။ ဒီပိတော၊ ပြီ။

ပန၊ကား။ (တနည်း) ပန၊ ကာလသမယဖြင့် အတ္ထဝိသေသ ပြပုံမှတပါး သမူဟသမယဖြင့် အတ္ထဝိသေသ ပြပုံကို ဆိုဦးအံ့။သမူဟသခ်ါတော၊ အပေါင်း ဟု ဆိုအပ်သော။ သမယော၊ သမယသည်။ ဝါ၊အပေါင်းသည်။ (တနည်း) [2]သမူဟသခ်ါတော၊ အပေါင်းအနက် ရှိ၏ဟု ဆိုအပ်သော။ သမယော၊သမယ-သဒ္ဒါသည်။ အနေကေသံ၊ တပါးမက များစွာသော တရားတို့၏။သဟုပ္ပတ္တိံ၊

၁။ မုတ္တာ ဝုဏနံ။ပ။ဒုပ္ပဋိဝိဇ္ဈံ။ ။အာ-ပုဗ္ဗ ဝု-ဓာတ်သည် ဘူ-သွာ ၂-ဂိုဏ်းတည်း။ ဘူ ါဒိဖြစ်လျှင် ဝုဓာ၏ ဥကို ဩပြု၊ ဩကို အဝပြု၍ "အာဝနန်" ဟု ရှိရလိမ့်မည်။ ဤ၌ သွာဒိဂိုဏ်းဖြစ်၍ ပါပုဏာနံကဲ့သို့ "အာဝုဏာနံ" ဟု ရှိသင့်၏။ လျှပ်ပျက်ဆဲခဏကလေး၌ ပုလဲလုံးတွေကို သီကုံးဖို့ ခဲယဉ်းသကဲ့သို့ စိတ်၏ဖြစ်ရာကာလက အလွန် တိုလျသည့် အတွက် ထိုစိတ် ကိုထိုးထွင်း၍ သိဖို့ရန် အလွန်ခဲယဉ်းပါသည်-ဟူလို။ စိတ္တာနုပဿနာ ဘာဝနာကို မပွား ျားလျှင် မည်သူမျှ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ မသိနိုင်ပါ။

၂။ သမူဟသခ်ါတော။ပ။ဒီပေတိ။ ။"သမူဟသခ်ါတော" ဟု ဝိသေသနပြုသော ကြောင့် "သမဝါယော-အပေါင်း" ဟု ပေး သည်။ "သမူဟ ဟူသော သမယက-ဖဿ စသော များစွာသောတရားတို့၏ အတူတကွ (ပေါင်း၍) ဖြစ်ပုံကိုပြ၏" ဟူရာ၌ ထိုသို့ ပြနိုင်ခြင်း၏အကြောင်း မပါသော်လည်း "ဖဿာဒီနံ ဟိ။ ပ။ သဟုပ္ပတ္တိ ဒီပိတာ"ဟု ပြလတ္တံ့ဖြစ်သော ဒဋ္ဌီ (ဟေတု) ဝါကျကို ထောက်၍သိသာသောကြောင့် ဋီကာ၌ အထူး မပြတော့။ အနုဋီကာ၌ကား "သယံ ဓမ္မာနံ သမုဒါယဘာဝတော" ဟု ပြသည်။ ထို့ကြောင့် အကြောင်းထည့်၍ အနက်ပေးလိုလျှင်.... "သမူဟသခ်ါတော၊ သော။ သမယော၊ အပေါင်းသည်။ (သယံ၊ မိမိဟူသော သမယ—က။ ဓမ္မာနံ၊ ဖဿ—စသော တရားတို့၏။ သမုဒါယဘာဝတော၊ အပေါင်း၏ အဖြစ်ကြောင့်။) အနေကေသံ၊တို့၏။

အတ္ထုတက္က ဖြစ်ခြင်းကို။ ဒီပေတိ၊ ၏။ ဟိ၊ မှန်။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ (နောက်၌ "ဉာတိ" ရှိသည်။) ဖဿာဒီနံ၊ ဖဿ-အစရှိကုန်သော။ မဟ္မာနံ၊ တို့၏။ ပုဗ္ဗော၊ အစုကို။ သမူဟောတိ၊ ပဉ္စ။ ဝုတ္တော၊ ပြီ။ တသ္မိံ ဧ၊ ထို အပေါင်း၌လည်း။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ (ပါဝင်သော။) စိတ္တံ၊ သည်။ တေပိ ဓမ္မေ၊ ထို ဖဿ-အစရှိသော တရားတို့နှင့်။ သဟ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဉာတိ၊ ကြောင့်။ အနေကေသံ၊ တပါးမက များစွာသော တရားတို့၏။ သဟုပ္ပတ္တိ၊ ကို။ ဒီပိတာ၊ ပြီ။ ဧဝံ၊ သို့။ ဒီပေန္တေန၊ သော။ အနေန၊ ဤ သမူဟသည်။ ဝါ၊ ဖြင့်။ [၁]ကေသော၀၊ တခုသာလျှင်ဖြစ်သော။ ဓမ္မဿ၊ ၏။ ဥပ္ပတ္တိ၊ သည်။ ဝါ၊ ကို။ ပတိသေဓိတာ၊ တားမြစ်အပ်ပြီးသည်။ ဟောတိ၊ ၏။ သမူဟသင်္ခါတေန၊ သမူဟ ဟု ဆိုအပ်သော။ သမယေန၊ သမယဖြင့်။ (တနည်း) သမူဟသင်္ခါတေန၊ သမူဟအနက်ရှိ၏ ဟု ဆိုအပ်သော။ သမယေန၊ သမယ-သဒ္ဒါဖြင့်။ အယံ အတ္ထော၊ ကို။ ဒီပိတော၊ ပြီ။

ပန၊ကား။ (တနည်း) ပန၊ သမူဟ-သမယဖြင့် အတ္ထဝိသေသ ပြပုံမှတပါး ဟေတု-သမယဖြင့် အတ္ထဝိသေသ ပြပုံကို ဆိုဦးအံ့။ [၂]ဟေတုသင်္ခါတေ၊ ဟေတု ဟု ဆိုအပ်သော။ သမယော၊ သမယ သည်။ ဝါ၊ ပမာန အကြောင်းသည်။ (တနည်း) ဟေတုသင်္ခါတော၊ ဟေတု အနက်ရှိ၏ ဟု ဆိုအပ်သော။ သမယော။

သဟုပ္ပတ္တိံ။ ဒီပေတိ၊ ၏" ဟု အနက်က ပြပုံကိုလည်းကောင်း၊ သဒ္ဒါက ပြပုံ၌လည်း.... "သမူဟသင်္ခါတော၊ သမူဟ-အနက်ရှိ၏ ဟု ဆိုအပ်သော။ သမယော၊ သမယ-သဒ္ဒါသည်။ (ယသ္မိံ သမယေ၊ အကြင် တရားအပေါင်းသည်။ သတိ၊ ရှိလတ်သော်။ (ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌ စပ်။) ဉာတ် တေသံ အတ္ထသာ၊ ကို။ ဉာပနဝသေန၊ ဖြင့်။ အနေကေသံ၊ တို့၏။ သဟုပ္ပတ္တိံ၊ ကို။ ဒီပေတိ၊ ၏" ဟု အနုဋီကာအတိုင်း ထည့်ပါ၍သွင်း၍ အနက်ကျယ်ပေးပါ။

၁။ ကေသော၀ ဓမ္မဿ ။ ။ ပကတိဝါဒီ အနုဝါဒီတို့၏ ဝါဒကို ဋီကာအဓိပ္ပာယ် သမဝါယ၌ ပြခဲ့ပြီ။ ပကတိဝါဒီတို့ အလိုအားဖြင့် အရာဝတ္ထု ကြီးမား များသော်လည်း ထိုအကြီး ထိုအများသည် "ပကတိဟူသော ဓမ္မတမျိုးတည်းကပင် များနေခြင်းတည်း" ဟု ဆိုလို၏၊ အနုဝါဒီတို့ အလိုအားဖြင့်လည်း "အဏုမြူ တရားတမျိုးတည်းပင် များနေခြင်း ကြီးနေခြင်းတည်း" ဟု ဆိုလို၏။ သမူဟအနက်ရှိသော သမယ-သဒ္ဒါက ထိုဝါဒ အတိုင်း တရားတမျိုးတည်း မဟုတ်။ တရားအမျိုး များစွာ ပေါင်းနေသည်ဟု ပြသော ကြောင့် ထိုပကတိဝါဒီ အနုဝါဒီတို့၏ ဝါဒကို တားမြစ်ပြီးဖြစ်သည်။

၂။ ဟေတုသင်္ခါတော ။ ပ။ ဒီပေတိ။ ။ "ဟေတုသင်္ခါတော" ဟူသော ဝိသေသနကြောင့် "သမယော-ပမာနအကြောင်းသည်" ဟု ပေးရ၏၊ "ဟေတု ဟူသော သမယက ပမာန အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည် အဖြစ်ကို ပြ၏" ဟူရာ၌ ဋီကာဝယ် "ပစ္စယာယတ္တဝုတ္တိဒီပနတော တပ္ပစ္စယာဝါ ဟေတုသင်္ခါတသာ" ဟု ဟိတ်

သမယ-သဒ္ဒါသည်။ ပရာယတ္တဝုတ္တိတံ၊ လွန်မြတ်သော ပဓာန အကြောင်းနှင့် စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကို။ ဒီပေတိ၊ ၏။ ဟိ၊ မှန်။ ယသ္မိံ သမယေ တိ ပဒဿ၊ ယသ္မိံ သမယေ ဟူသော ပုဒ်၏။ ယသ္မာ၊ ကြောင့်။ ယသ္မိံ ဟေတုမှိ၊

ရှိသော်လည်း ထိုဟိတ်သည် ဒီပနကြိယာ၏ ဟိတ်မဟုတ်၊ ဝုတ္တာ၏ ဟိတ်ဖြစ်သော ကြောင့် ထိုဟိတ်ကို ထည့်၍ အနက်ပေးလို့ မဖြစ်။ ထို့ကြောင့် "အတ္တနိ၊ မိမိဟူသော ပဓာန အကြောင်းသည်။ သတိ ဧဝ၊ ရှိသော်သာ (ရှိမှသာ။) ဖလာနံ၊ ကုသိုလ်စသော အကျိုးတရားတို့၏။သမ္ဘဝတော၊ ဖြစ်သင့်ခြင်းကြောင့် "ဟု ဟိတ်ထည့်၍"ပရာယတ္တ-ဝုတ္တိတံ၊ ကို။ဒီပေတိ၊ ၏" ဟု ရှေးနိဿယ ပေးသည်။ ထိုသို့ ထည့်ခြင်းသည် နောက်၌ ပြထားသော "ဟေတုမှိ သတိ ပဝတ္တိတော ပရာယတ္တ-ဝုတ္တိတာ ဒီပိတာ" နှင့် သဘော တူပင် ဖြစ်ပါပေသည်။ ဤကား ဟေတု အနက်ဖြစ်သော သမယက အတ္တဝိသေသ ပြပုံတည်း။

သဒ္ဒါက ပြပုံ။ ။ဟေတု အနက်ရှိသော သမယ-သဒ္ဒါက အတ္တဝိသေသ ပြပုံ၌ အနုဋီကာဝယ် "ယမှိ ဟေတုမှိ သတိတိ ဧတေဿ အတ္တဿ ဉာပနဝသေန" ဟု ထည့်ပါ၍သွင်း၍ "ပရာယတ္တဝုတ္တိံ""နေရာဝယ် ပရာဓိနပ္ပဝတ္တိံ ဒီပေတိ" ဟု ဆို၏။ ထိုနည်းအရ ထည့်ပါ၍သွင်း၍ အဋ္ဌကထာပါ၌ရှိအတိုင်း...."ဟေတုသဒ္ဒါတော၊ဟေတု အနက် ရှိ၏ ဟု ဆိုအပ်သော။ သမယော၊ သမယ—သဒ္ဒါသည်။ ယမှိ ဟေတုမှိ၊အကြောင်း ပဓာန အကြောင်းသည်။ သတိ၊ သော်။ (ဝါ၊ရှိမှ။) (ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌စပ်။) ဣတိ ဧတဿ အတ္တဿ၊ ကို။ ဉာပနဝသေန။ ဓမ္မာနံ၊ ကုသိုလ်စသော တရား တို့၏။ ပရာယတ္တဝုတ္တိတံ၊ လွန်မြတ်သော ပဓာန အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်ကို။ ဒီပေတိ၊ ၏" ဟု အနက်ကျယ်ပေးပါ။

- ၁။ **ပရာယတ္တဝုတ္တိတံ။** ။ပရ-သဒ္ဒါသည်"ပစ္စနီကောတ္တမေသွဉ္စ၊ ပစ္ဆာဘာဂေ ပရော တိသု"၂ ဟူသော (ဂ၄၁) အဘိဓာန်လာ အနက်တို့တွင် ဥတ္တမ အနက်ဟော တည်း။ ထို ဥတ္တမကိုပင် ဟေတုအတွက်"လွန်မြတ်သော၊ ထူးသော၊ ပဓာနဖြစ်သော အကြောင်း"ဟု အနက်မှတ်ပါ။ထို့ကြောင့် သမဝါယ၌ ပြခဲ့သော အကြောင်း အပေါင်း တို့တွင် ထူးသော အကြောင်းကို ဟေတု ဟု ယူရသည်။ ဥပမာ-စက္ခုဝိညာဉ်ဖြစ်ဖို့ရာ စက္ခုပသာဒ၊ရူပါရုံ၊အာလောက၊မနသိကာရ ဟူသော အကြောင်းအပေါင်းတွင် ရူပါရုံသည် ပရ (ဝိသေသ) အကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ ကုသိုလ်စိတ်ဖြစ်ဖို့ရာ အာရုံ ယောနိသောမနသိကာရ တို့တွင် ယောနိသော မနသိကာရသည် ပရ (ဝိသေသ) အကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း တည်း။ "ပရဿ၊ မြတ်သော ဝိသေသ အကြောင်း၏။ ဝါ၊ နှင့်။ အာယတ္တာ၊ စပ်သည်တည်း။ ပရာယတ္တာ၊ စပ်သည်။ ပရာ ယတ္တာ+ဝုတ္တိ ယေသံတိ ပရာယတ္တဝုတ္တိ (ဓမ္မာ၊) တေသံ+ဘာဝေါ ပရာယတ္တဝုတ္တိတာ" ဟု ပြု။ [ဟေတုသဒ္ဒေါ ဟေတ္တ န ပစ္စယသာမဂ္ဂိဝါစကော၊ အထခေါ+ပစ္စယဝိသေသ ဝါစကော။—မဓု။ ဤ ပစ္စယဝိသေသ ကိုပင် ရှေးနိဿယ၌"ပဓာန အကြောင်း" ဟု ပေးသည်။]

အကြင် ပဓာန အကြောင်းသည်။ သတိ၊ သော်။ (ကာမာဝစရံ၊ သော။ ကုသလ စိတ္တံ၊ သည်။) ဥပ္ပန္နံ၊ သည်။ ဟောတိ။ ဣတိ အယံ အတ္ထော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ (ထိုသို့ ပဓာနအကြောင်း ရှိလတ်သော် ကုသိုလ်စိတ် ဖြစ်သည်၏ အဖြစ်ကြောင့်။) ဟေတုမှိ၊ ပဓာန အကြောင်းသည်။ သတိ၊ သော်။ ပဝတ္တိတော၊ ကုသိုလ်စိတ်၏ ဖြစ်ခြင်းကြောင့်။ (တသ္မာကိုပင် ထပ်ဖွင့်သည်။) ပရာယတ္တဝုတ္တိတာ၊ ကို။ ဝါ၊ ကို။ ဒီပိတာ၊ ပြီ။ ဧဝံ၊ သို့။ ဒီပေန္တေန၊ ပြသော။ အနေန၊ ဤသမယ သည်။ (တနည်း) အနေန၊ ဤ သမယဖြင့်။ ဘဂဝတာ၊ သည်။ ဓမ္မာနံ၊ တို့၏။ သဝသဝတ္တိတာဘိမာနော[1]၊ မိမိအလိုဉ္ဈ ဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်၌ လွန်ကဲသော မှတ်ထင်ခြင်းသည်။ ဝါ၊ ကို။ ပတိသေဓိတော၊ တားမြစ်အပ်ပြီးသည်။ ဟောတိ။ ဟေတု သာခ်ါတေန၊ ဟေတု ဟု ဆိုအပ်သော။ သမယေန၊ သမယ-သဒ္ဒါဖြင့်။ အယံ အတ္ထော၊ ကို။ ဒီပိတော၊ ပြတော်မူအပ်ပြီ။

တတ္ထ[2]၊ ထို ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ-အစရှိသော ပုဒ်တို့တွင်။ ယသ္မိံ သမယေတိ[3] (ပဒဿ)၊ ယသ္မိံ သမယေ ဟူသော ပုဒ်၏။ (အတ္ထော၊ အယမတ္ထော-တို့ဉ္ဈ စပ်။) ကာလသခ်ါတဿ၊ ကာလ ဟု ဆိုအပ်သော။ သမယဿ၊ သမယ၏။ ဝသေန၊ ဖြင့်။ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ (ကာမာဝစရံ၊

၁။ **သဝသဝတ္တိတာဘိမာနော။** ။ သဿ (အတ္တနော) +ဝသော သဝသော၊ သဝသေ+ဝတ္တိ ယေသန္တိ သဝသဝတ္တိ—မိမိအလိုဉ္ဈ ဖြစ်ခြင်းရှိသော တရားတို့။ သ-ဝသဝတ္တိနံ+ဘာဝေါ သဝသဝတ္တိတာ။ အဘိမညနံ၊ အလွန် မှတ်ထင်ခြင်း။ အဘိ မာနော၊ ခြင်း။ သဝသဝတ္တိတာယ၊ မိမိအလိုဉ္ဈ ဖြစ်ခြင်းရှိသော တရားတို့၏ ဖြစ်ကြောင်း ဖြစ်ရာ၊ မိမိဖြစ်စေချင်သလို ဖြစ်စေနိုင်ခြင်း၌+အဘိမာနော၊ အလွန် မှတ်ထင်ခြင်းတည်း။ သဝသဝတ္တိတာဘိမာနော၊ ခြင်း။ ဆိုလိုရင်းကား— "တရားတွေကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သည် ဟု အထင်ကြီးခြင်းတည်း။ [ယောဇနာ၌ကား သဝသဝတ္တိတာနှင့် အဘိမာန ကို ဗဟုဗ္ဗီဟိ တွဲလေ၏။]

၂။ **တတ္ထ။** ။ယသ္မိံ သမယေ၌ သမဝါယ-စသော အနက် ၅-မျိုးအတွက် သမယ က ပြနိုင်သော အတ္ထဝိသေသ ၅-မျိုးကို ပြပြီး၍၊ ယခုအခါ၌ ထို သမဝါယ—စသော အနက် ၅-မျိုးရှိသော သမယနောင် သ္မိံဝိဘတ်၏ အနက်ကို ပြလိုသောကြောင့် တတ္ထ စသည်ကို မိန့်။ ယောဇနာ၌ "တတ္ထာတိ ယသ္မိံ သမယေတိ အာဒိပဒေသု၊ နိဒ္ဓါရဏေ" ဟု ရှိ၏။ ထိုအတိုင်း အနက်ပေး၍ "ယသ္မိံ သမယေတိ ပဒဿ"၌ စပ်သည်။ ရှေး နိဿယ၌ကား "တတ္ထ၊ ထို သမဝါယ-စသော ငါးပါးသော သမယတို့တွင်" ဟု စွဲ၍ "ကာလသခ်ါတဿ သမယဿ" စသော အစိတ်၌ စပ်၏။ သင့်သည်ချည်းသာ။

၃။ **ယသ္မိံ သမယေတိ။** ။ယသ္မိံ သမယေဝယ် ကာလအနက် သမူဟအနက် ယူရာ၌ သ္မိံကို အဓိကရဏ-အနက်၌ သက်စေရ၏။ မှန်၏—ကာလသည် ပရမတ္ထအား ဖြင့် ထင်ရှားမရှိသော်လည်း ပညတ်အားဖြင့်ကား ထင်ရှားရှိ၍ ထိုကာလ ထိုအချိန်၌

ကာမာဝစရ ဖြစ်သော။ ကုသလံ၊ သော။ စိတ္တံ၊သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဖဿာဒယော ပိ၊ ဖဿ-အစရှိသော တရားတို့သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ အတ္တော၊ကို။ ဝေဒိတဗ္ဗော၊၏။ ["ဖဿော ဟောတိ"စသည်ကို ကြည့်၍ "ဖဿာဒယော ပိ"ဟု ဆိုသည်။ အဋ္ဌကထာ၌ "တသ္မိံ ကာလေ"ဟု မပါသော်လည်း နောက်၌ပြမည့်"တသ္မိံ ယေဝ သတိ" ကို နည်းမှီး၍ သိလောက်သောကြောင့် မဆို-ဟု မှတ်ပါ။]သမူဟသခ်ါတာ၊ သမူဟဟု ဆိုအပ်သော။ (သမယဿ၊ ၏။ ဝသေန၊ ဖြင့်။) ယသ္မိံ သမူဟေ၊ အကြောင် ဖဿ ဝေဒနာ-အစရှိသော တရားအပေါင်း၌။ (ကာမာဝစရံ။ပ။ ဥပ္ပန္နံ ဟောတိ။ တသ္မိံ သမယေ၊ ၌။ ဖဿာဒယော ပိ၊ တရားတို့သည်လည်း။ ဟောန္တိ။) ဣတိ အတ္တော ဝေဒိတဗ္ဗော။

ခဏသမဝါယဟေတုသခ်ါတာနံ၊ ခဏ သမဝါယဟေတု ဟု ဆိုအပ်ကုန် သော။(သမယာနံ၊ သမယ တို့၏။ ဝသေန၊ ဖြင့်။) ယသ္မိံ ခဏေ၊အကြောင် နဝမခဏ စတုစက္ကသမ္ပတ္တိ ခဏ သည်။ သတိ၊ ရှိသော်။ ကာမာဝစရံ။ပ။

ဖဿ-စသောတရားတို့ ဖြစ်ကြသောကြောင့် ထိုကာလသည် ထို ဖဿ-စသောတရား တို့၏ တည်ရာအာဓာရ ဖြစ်နိုင်၏။သမူဟ အနက်ယူရာ၌လည်း ထို ဖဿ-စသော တရားပေါင်း၌ အစိတ်အစိတ် တရားတို့သည် ပါဝင်ရကား ရုက္ခေသာခါ- ကဲ့သို့ အပေါင်းအာဓာရ၊အစိတ်အာဓေယ် အဖြစ်ဖြင့် တည်ရာဖြစ်နိုင်၏။ ထို့ကြောင့် နောက် ၌"အဓိကရဏံ ဟိ ။ပ။အဓိကရဏဝသေနေတ္ထ ဘုမ္မံ"ဟု ဒဋ္ဌီဝါကျကို ပြသည်။

ထည့်၍အနက်ပေးပုံ။ ။ယသ္မိံ ကာလေ၊ ယသ္မိံ သမူဟေ တို့၏နောက်၌"ကာ- မာဝစရံ ကုသလံ စိတ္တံဥပ္ပန္နံ ဟောတိ၊တသ္မိံ ကာလေ (တသ္မိံ သမူဟေ) ဖဿာ ဒယော ပိ"တို့ကား"ဟေတုမှိ သတိ"နောက်က ပုဒ်များကိုယူ၍ ထည့်အပ်သော ပုဒ်များ တည်း။ ဤအဖွင့်နှင့်အညီ ပါဠိတော်၌ အနက်ပေးပုံကား၊—

၁။ "ယသ္မိံ သမယေ၊ အကြောင်အခါ၌။ ကာမာဝစရံ။ပ။ ဥပ္ပန္နံ ဟောတိ။ တသ္မိံ သမယေ၊၊ ထိုအခါ၌။ ဖဿော၊ သည်။ ဟောတိ၊ ၏။ ဝါ၊ ပါဝင်၏"ဟု လည်းကောင်း၊

၂။ "ယသ္မိံ သမယေ၊အကြောင် ဖဿ ဝေဒနာ-စသော တရားအပေါင်း၌။ကာမာ ဝစရံ။ပ။ဟောတိ၊ဖြစ်၏။ ဝါ၊ပါဝင်၏။တသ္မိံ သမယေ၊ ထို ဖဿ ဝေဒနာ- စသော တရားအပေါင်း၌။ ဖဿော၊ သည်။ ဟောတိ၊ ၏။ ဝါ၊ ပါဝင်၏" ဟု လည်းကောင်း ပါဠိတော်၌ အနက်ပေးပါ။

၁။ **ခဏ။ပ။တသ္မိံယေဝ သတိ။** ။ခဏ သမဝါယ ဟေတုအနက် ပေးရာ၌ကား "သတိ"ဟု လက္ခဏအနက်ဟော ကြိယာကိုထည့်၍ ပေးရ၏။မှန်၏—မည်သည့်ပုဒ်နက် မဆို စပ်စရာကြိယာ မရှိလျှင် ဘူ၊ ဟူ၊ အသ-စသော သတ္တာ (ထင်ရှားရှိခြင်း) ကြိယာ နှင့် မကင်းနိုင်ရကား ထိုကြိယာကို ထည့်၍ စပ်ရသည်။ ဘာဝလက္ခဏ၏ အဓိပ္ပာယ်ကို

ဟောတိ။ တသ္မိံ ယေဝ၊ ထို နဝမခဏ စတုစက္ကသမ္ပတ္တိ ခဏ သည်ပင်။ သတိ၊ သော်။ ဖဿာဒယော ပိ ဟောန္တိ။ ယာယ သာမဂ္ဂိယာ၊ အကြင် အာရုံ ယောနိသော မနသိကာရ အစရှိသော အကြောင်းတို့၏ ပေါင်းဆုံ ညီညွတ်ခြင်း သည်။ သတိ၊ သော်။ ကာမာဝစရံ။ ပ။ ဟောတိ။ တာယ သာမဂ္ဂိယာ ဧဝ၊ ထို အာရုံ ယောနိသောမနသိကာရ အစရှိသော အကြောင်းတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းသည်ပင်။ သတိ၊ သော်။ ဖဿာဒယော ပိ ဟောန္တိ။ ယမှိ ဟေတုမှိ၊ အကြင် ပစ္စယ အကြောင်းသည်။ သတိ၊ သော်။ ကာမာဝစရံ။ ပ။ ဟောတိ။ တသ္မိံ ယေဝ၊ ထို ပစ္စယ အကြောင်းသည်ပင်။ သတိ၊ သော်။ ဖဿာဒယော ပိ၊ တို့သည်လည်း။ ဟောန္တိ။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။

ဟိ၊ မှန်။ [“ယသ္မိံ သမယေ ဟူသောပုဒ်၏ ယသ္မိံ ကာလေ-စသော အဓိကရဏ အနက်၊ လက္ခဏ အနက်သည် မှန်၏” ဟူလို။] ကာလသင်္ခါတော၊ ကာလဟု ဆိုအပ်သော။ သမယော စ၊ သမယသည်လည်းကောင်း။ ဝါ၊ အခါ သည်လည်းကောင်း။ သမူဟသင်္ခါတော၊ သမူဟဟု ဆိုအပ်သော။ သမယော စ၊ သည်လည်းကောင်း။ ဝါ၊ အပေါင်းသည်လည်းကောင်း။ တတ္ထ၊ ထို အဘိ

သဒ္ဒါကျမ်းများ၌ ရှုပါ။ ဤ၌ကား “စိတ္တံ ဥပ္ပန္နံ ဟောတိ” အရ စိတ်၏ ဖြစ်ခြင်းကြိယာ ဟူသော ဘာဝကို ခဏ၊ သမဝါယ၊ ပစ္စယ-အကြောင်းတို့၏ ဖြစ်ခြင်းကြိယာဖြင့် မှတ်ခြင်းသည် ဘာဝေနဘာဝလက္ခဏ မည်၏။ ပါဠိတော်၌ အနက်ပေးပုံကား၊—

၃။ “ယသ္မိံ သမယေ၊ အကြင် နဝပခဏ စတုစက္ကသမ္ပတ္တိ ခဏသည်။ သတိ၊ ရှိသော်။ ကာမာဝစရံ။ ပ။ ဟောတိ။ တသ္မိံ သမယေ၊ ထို နဝမခဏ စတုစက္ကသမ္ပတ္တိ ခဏသည်ပင်။ သတိ၊ သော်။ ဖဿော ဟောတိ” ဟု ခဏအနက် လည်းကောင်း။

၄။ “ယသ္မိံ သမယေ၊ အကြင် အာရုံ ယောနိသောမနသိကာရ – စသော အကြောင်းအပေါင်းသည်။ သတိ၊ သော်။ ကာမာဝစရံ။ ပ။ ဟောတိ။ တသ္မိံ သမယေ၊ ထို အာရုံ ယောနိသောမနသိကာရ-စသော အကြောင်းအပေါင်း သည်ပင်။ သတိ၊ သော်။ ဖဿော ဟောတိ” ဟု-သမဝါယအနက် လည်း ကောင်း၊

၅။ “ယသ္မိံ သမယေ၊ အကြင် ယောနိသောမနသိကာရ ဟူသော ဝိသေသ (ပစ္စယ) အကြောင်းသည်။ သတိ၊ သော်။ ကာမာဝစရံ။ ပ။ ဟောတိ။ တသ္မိံ သမယေ၊ ထို ဝိသေသ (ပစ္စယ) အကြောင်းသည်ပင်။ သတိ၊ သော်။ ဖဿော ဟောတိ” ဟု ဟေတုအနက်လည်းကောင်း ပေးပါ။ [ကုသိုလ်အရာဖြစ်၍ ယောနိသောမနသိကာရ ကို “ပစ္စယ ဝိသေသအကြောင်း” ဟု ဆိုလိုက်သည်။]

[**စဆောင်**] ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာ၍၊ ဒေသနာ ဓမ္မ၊ ဟောဖော်ပြသား၊ မဇ္ဈိမမြေ၊ လူ့သန္တေနှင့်၊ မသွေတိဟိတ်၊ ၆ဋ္ဌိသမ္မာ၊ စုံမှသာ၊ မှတ်ပါ ခဏ-နဝမ။

ဓမ္မာ ပါဠိတော်၌။ ဝုတ္တဓမ္မာနံ၊ ဟောတော်မူအပ်သော တရားတို့၏၊ အဓိကရဏံ၊ တည်ရာတည်း။ ဣတိ၊ ကြောင့်။ ဧတ္တ၊ ဤ ကာလ သမူဟ အနက်ဟုဆိုအပ်သော သမယ ကို။ (ဂတိတော၊ ယူအပ်သော်။ ဝါ၊ ယူအပ်ရာ၌။) အဓိကရဏဝသေန၊ တည်ရာ အာဓာရ အနက်၏ အစွမ်းဖြင့်။ ဘုမ္မံ၊ သတ္တမီဝိဘတ်သည်။ ဟောတိ။ ခဏသမဝါယဟေတုသင်္ခါတဿ၊ ခဏသမဝါယ ဟေတုဟု ဆိုအပ်သော။ သမယဿ စ၊ သမယ၏လည်း။ ဝါ၊ အခွင့်၊ အကြောင်းညီညွတ်ခြင်း၊ ပဓာန အကြောင်း၏လည်း။ ဘာဝေန၊ ဖြစ်ခြင်းကြိယာဖြင့်။ တေသံ၊ ထို ဖဿ–စသော တရားတို့၏။ ဘာဝေါ၊ ဖြစ်ခြင်းကြိယာကို။ လက္ခီယတိ၊ မှတ်သားအပ်၏။ ဣတိ၊ ကြောင့်။ ဧတ္တ၊ ဤ ခဏ သမဝါယ ဟေတု ဟု ဆိုအပ်သော သမယကို။ (ဂတိတော၊ သော်။ ဝါ၊ ၌။) ဘာဝေန ဘာဝ–လက္ခဏ ဝသေန၊ ဘာဝေန ဘာဝလက္ခဏ၏ အစွမ်းဖြင့်။ ဘုမ္မံ၊ သည်။ ဟောတိ။ [ဘူမိယံ၊ မြေကြီးပမာ တည်ရာအနက်၌+ဘဝံ၊ဖြစ်သော ဝိဘတ် တည်း။ ဘုမ္မံ၊ တည်ရာအနက်၌ ဖြစ်သောဝိဘတ်။]

ကာမာဝစရန္တိ[၁]၊ ကား။ ကတမေ ဓမ္မာ။ပ။ ကတ္ထာတိ အာဒိနာ[၂]၊ အစ ရှိသော။ နယေန၊ ဖြင့်။ ဝုတ္တေသု၊ ဟောတော်မူအပ်ကုန်သော။ ကာမာ–ဝစရဓမ္မေသု၊ ကာမာဝစရ တရားတို့၌။ ပရိယာပန္နံ၊ အကျုံးဝင်သော။(စိတ္တံ

၁။ **ကာမာဝစရန္တိ။** ။"ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ" ဟူသော ပါဠိတော်၌ စိတ္တံနှင့် အရတူသော ကာမာဝစရံပုဒ်ကို ဖွင့်ပြလို၍ "ကာမာဝစရန္တိ" ဟု သံဝဏ္ဏေတဗ္ဗ တည်ပြီးလျှင် "ကာမာဝစရဓမ္မေသု ပရိယာပန္နံ" ဟု စိတ်ကိုပင် ရအောင် ဖွင့်ပြသည်။ ကာမာဝစရ ဓမ္မေသု ပရိယာပန္နံ- ကာမာဝစရတရားတို့၌ အကျုံးဝင်သော စိတ်ကို "ကာမာဝစရ" ခေါ်သည်-ဟူလို။ ဤစကားအရ ကာမာဝစရ၌ "အဝ+စရ-သက်ဝင်၍+ဖြစ်" ဟူရာဝယ် "အကျုံးဝင်ခြင်း၊ အတွင်းဝင်ခြင်း၊ ပါဝင်ခြင်းတည်း" ဟု အဓိပ္ပာယ်မှတ်ပါ။ [အဝစရ ကို "ပရိယာပန္န" ဟု ဖွင့်ခြင်းလည်း နိက္ခေပကဏ္ဍ ပါဠိတော်၌ပင် "ဧတ္ထာဝစရာ ဧတ္ထ ပရိယာပန္နာ" ဟု အဝစရနှင့် ပရိယာပန္နကို ပရိယာယ် အဖြစ်ဖြင့် ဟောတော်မူသောကြောင့်တည်း။]

၂။ **အာဒိနာ နယေန။** ။"ဟေဋ္ဌတော အဝီစိနိရယံ။ပ။ ကတ္ထာ" စသော ပါဠိ တော်သည် နောက် နိက္ခေပကဏ္ဍ၌လာလတ္တံ့သောပါဠိ ဖြစ်သော်လည်း ထို ပါဠိအတိုင်း မဟုတ်သောကြောင့် "အာဒိနာ နယေန" ဟု နယေန-သဒ္ဒါကို သုံးစွဲဟန်တူသည်။ ထိုပါဠိတော်နှင့် ထိုပါဠိအဖွင့်ကို နိက္ခေပကဏ္ဍ ပါဠိအဋ္ဌကထာ၌ တွေ့ရပါလိမ့်မည်။ ပါဠ်၌ရှိတိုင်း သင့်ရုံအနက်ကိုကား "ဟေဋ္ဌတော၊ အောက်အဖို့အားဖြင့်။ အဝီစိနိရယံ၊ ကို။ (ပရိယန္တံ ကတွာ၊ အဆုံး အပိုင်းအခြားပြု၍။) ဥပရိတော၊ အထက်အဖို့အားဖြင့်။ ပရနိမ္မိတဝသဝတ္တိံ၊ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်ကို။ ပရိယန္တံ ကတွာ၊ ၍" ဟု ပေးပါ။

ဥပ္ပန္နံ ဟောတိ-၌ စပ်။) တတြ၊ ထို ကာမာဝစရံ ဟူသော စကားရပ်၌။ အယံ၊ ဤ ဆိုအပ်လတ္တံ့ကား။ ဝစနတ္ထော[၁]၊ ဝစနတ္ထ တည်း။ ကာမာ၊ ကာမ တို့ သည်။ ဝတ္ထုကာမော စ၊ ဝတ္ထုကာမ လည်းကောင်း။ ကိလေသကာမော စ၊ ကိလေသကာမ လည်းကောင်း။(ဣတိ၊ ဤသို့။) ဥဒ္ဒါနတော[၂]၊ အကျဉ်း ချုပ်အားဖြင့်။ ဒွေ၊ ၂-ပါးတို့တည်း။ တတ္ထ၊ တို့ ၂-ပါးတို့တွင်။ ကိလေ-သကာမော၊ ကိလေသကာမ သည်။ အတ္ထတော၊ တရားကိုယ် အနက်အားဖြင့်။ ဆန္ဒရာဂေါ ဝါ၊ ဆန္ဒရာဂ သာတည်း။ ဝါ၊ နှစ်သက်တတ် တပ်မက်တတ်သော လောဘသာတည်း။ ဝတ္ထုကာမော၊ ဝတ္ထုကာမ သည်။ တေဘူမကဝဋ္ဋံ၊ ဘုံ ၃-ပါး၌ဖြစ်သော ဝဋ္ဋတရားတည်း။ စ၊ ဆက်။ ဧတ္ထ၊ ဤ ၂-မျိုးတို့တွင်။ ကိလေသကာမော၊ ကိလေသကာမ သည်။ ကာမေတိ၊ လိုလား တောင့်တ တတ်၏။ ဣတိ၊ ဤ ကတ္တုသာဓ် ဝစနတ္ထကြောင့်။ ကာမော၊ ကာမ မည်၏။ ပန၊ ကား။ ဣတရော၊ ကိလေသကာမ မှ တပါးသော ဝတ္ထုကာမ သည်။ ကာမီယတိ၊ လိုလား တောင့်တ အပ်၏။ ဣတိ၊ ဤ ကမ္မသာဓ် ဝစနတ္ထ ကြောင့်။ ကာမော၊ မည်၏။

၁။ ဝစနတ္ထော။ ။''တတြာယံ ဝစနတ္ထော'' သည် ကာမာဝစရံပုဒ်၏ ဝစနတ္ထကို ပြလို၍ စချီသော အခြေခံ စကားတည်း။ စကားတရပ်ကို ချဲ့လို၍ (သစ်ပင်ကလေး များ ပျိုးထားသကဲ့သို့) မျိုးထားသော စကားမျိုး အခြေခံ ပါဒက ''သခေ်ပဝါကျ'' ဟု မှတ်ပါ။ ''ဝစနတ္ထ'' ဆိုသော်လည်း ဝိဂ္ဂဟဝါကျ ပြုလုပ်၍ ပြရုံသာမက အရ ကောက် အဓိပ္ပာယ်တို့ကိုပါ ပြလိမ့်မည်။ ဤ ဝစနတ္ထ၏ အကျယ်နယ်မှာ ''အပိ စ။ပ။ အဝစာရေတီတိ ကာမာဝစရံ'' တိုင်အောင် တည်း။

၂။ ဥဒ္ဒါနတော။ ။''ဥပုဗ္ဗ ဒါ=ရက္ခဏေ'' ဟူသော ဓာတ်၊ ယု-ပစ္စည်းဖြစ်၍ ဥ-နောက်ဒွေဘော်ရောက်ရကား ''ဥဒ္ဒါနံ'' ဟု ပါဌ်မှန်ရှိပါစေ။ [သက္ကတအဘိဓာန် ၌ ''ဒေါ-ဓာတ်'' ဟု ဆို၏။] ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်အကျယ်၌။ ဒါတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ ဥဒ္ဒါနံ။ နောက် အကျယ်စကားကို ပျောက်ကွယ်မသွား အောင် အကျဉ်းချုပ်အားဖြင့် စောင့်ရှောက်တတ်သောကြောင့် ''ဥဒ္ဒါန'' ဟု ခေါ် သည်။ ထို့ကြောင့် ဋီကာ၌ ''ဥဒ္ဒေသတော သခေ်ပတော'' ဟု ဖွင့်သည်။ ''ဥဒ္ဒေသ'' အရ ''ရွတ်ဆိုအပ်သော ပါဌ်'' ဟူသောအနက်ကို ယူမည်စိုး၍ ဥဒ္ဒေသတောကို ''သခေ်-ပတော'' ဟု ထပ်ဖွင့်သည်။ မဓုဋ္ဌကား ဥဒ္ဒေသတောဖြင့် ပီတိ သမုဋ္ဌိတဝစန၊ ဂါထာ-ဝစန ဟူသော ဥဒါန်းအနက်ကို တားမြစ်သည် ဟု ဆို၏။ ဥဒါနနှင့် ဥဒ္ဒါနသည် ရုပ် ပြီးချင်းလည်း မတူ၊ အနက်ချင်းလည်း မတူသောကြောင့် ထိုစကားကို စဉ်းစားပါ။]ကာမ ၂-မျိုး၏ အရကောက်နှင့် ဝစနတ္ထကို အဋ္ဌကထာအတိုင်း သိသာပြီ။]

[၁]ပန၊ ဆက်။ ["ပန၊ ကာမ ဟူသောပုဒ်၏ ဝဏ္ဏနတ္ထမှတပါး ကာမာဝစရ ဟူသောပုဒ်၏ ဝဏ္ဏနတ္ထကို ဆိုဦးအံ့" ဟု ရှေးနိဿယ-၌ ပေး၏။] ယံသို့ ပဒေသေ၊ အကြင် အရပ်၌။ ဒုဝိဓေပိ၊ (ဝတ္ထုကာမ ကိလေသကာမအားဖြင့်) ၂-ပါး အပြားရှိသည်လည်း ဖြစ်သော။ သော ကာမော၊ ဤကာမသည်။ ပဝတ္တိဝသေန၊ ဖြစ်ခြင်း၏ အစွမ်းဖြင့်။ အဝစရတိ၊ သက်ဝင်၍ ဖြစ်တတ်၏။ [ရှေးက "ကျင်လည်၏" ဟု ပေး၏။] စတုန္နံ၊ ၄-ပါးကုန်သော။ အပါယာနံ၊ အပါယ်တို့၏လည်းကောင်း။ မနုဿာနံ၊ လူတို့၏လည်းကောင်း။ ဆန္နံ၊ ၆-ထပ်ကုန်သော။ ဒေဝလောကာနံ စ၊ နတ်ပြည်တို့၏လည်းကောင်း။ ဝသေန၊ အပြားဖြင့်။ ဧကာဒသဝိဓော၊ ၁၁-ပါး အပြားရှိသော။ သော ပဒေသော၊ ထို အရပ်သည်။ (ကာမာဝစရော-၌ စပ်။) ဧတ္ထ၊ ဤ ကာမ ၁၁-ဘုံ၌။ ကာမော၊ ဝတ္ထုကာမ ကိလေသကာမ သည်။ အဝစရတိ၊ သက်ဝင်၍ ဖြစ်တတ်၏။ ဝါ၊ ပါဝင်၏။ ဣတိ၊ ကြောင့်။ (ထိုသို့ ကာမ ၂-မျိုးလုံး၏ သက်ဝင်၍ ဖြစ်ရာ၏ အဖြစ်ကြောင့်။) ကာမာဝစရော၊ ကာမာဝစရ မည်၏။ သသတ္ထာဝစရော ဝိယ[၂]၊ သသတ္ထာဝစရော ကဲ့သို့တည်း။

၁။ ယံသို့ ပန။ပ။ကာမာဝစရော။ ။ဤ စကားဖြင့် "ကာမာဝစရ" အရ စိတ်ကို မပြသေး။ ပဒေသ (ဘုံဌာန) ကိုသာ ပြသေး၏။ ထို့ကြောင့် သော ပဒေသောနှင့် အရတူ လိင်တူအောင် "ကာမာဝစရော" ဟု ထားသည်။ "ဒုဝိဓော ပေသော" ၌ဝိသည် သမ္ဘာဝနာဇောတက၊ အဝယဝ-သမုစ္စည်းတည်း။ကာမ တမျိုးသာ မက၊ ကိလေသ-ကာမ ဝတ္ထုကာမ ၂-မျိုးလုံး၏ သက်ဝင်၍ ဖြစ်ရာဖြစ်သောကြောင့် ကာမတဆယ့်တစ်ဘုံကို "ကာမာဝစရ" ဟု ခေါ်ရသည်-ဟူလို။ ["အဝစရဘိ ဧတ္ထာတိ အဝစရော။ ကာမဿ၊ ၂-မျိုးလုံးသော ကာမ၏+အဝစရော၊ သက်ဝင်၍ ဖြစ်ရာအရပ် (ဘုံဌာန) တည်း။ကာမာဝစရော၊ ရပ်" ဟု ပြုပါ။ ပဝတ္တိဝသေနဖြင့် နောက်နည်း၌ လာမည့် အာရမ္မဏကရဏဝသေနကို ကန့်သည်။]

၂။ သသတ္ထာဝစရော ဝိယ။ ။သဿေန သဟ ယေ ဝတ္တန္တီတိ သသတ္ထာ။ သသတ္ထာနံ၊ လက်နက်နှင့် တကွဖြစ်သော စစ်သားတို့၏+အဝစရော၊ လှည့်လည်ရာ အရပ်တည်း။ သသတ္ထာဝစရော၊ ရပ်။ ထိုအရပ်၌ လက်နက်မပါသော ဒွိပဒ စတုပ္ပဒ သတ္တဝါတို့ လှည့်လည် နေထိုင်ကြသေး၏။ သို့သော် ဥပလက္ခဏာ နည်းအားဖြင့် လက်နက်ကိုင်သူတို့ဖြင့် ထို အရပ်ကို မှတ်သား၍ သသတ္ထာဝစရ-ဟု ခေါ်ရသည်။ ယထာ ဟိ စသည်ကား ထို ဥပမာ၏အကျယ်တည်း။ [တေသံ အဘိလက္ခိတတ္တာတိ တေဟိ သသတ္ထပုရိသေဟိ ပဒေသဿ အဘိလက္ခိတဘ္ဘာဝတော။-ယောဇနာ။]

မေးဖွယ်။ ။ရူပါဝစရ အရူပါဝစရ စိတ် စေတသိက်တို့သည်။ ("ဝတ္ထုကာမေ တေဘူမကဝဋ္ဋ" နှင့်အညီ) ဝတ္ထုကာမ၌ ပါဝင်၏။ ထိုစိတ်တို့ကို နှစ်သက်သော ရူပရာဂ အရူပရာဂလည်း ကိလေသာ ၁၀-ပါးတွင် ပါဝင်သော လောဘကိလေသာ ဖြစ်ရကား

ဟိ၊ ခဲ့ျ။ ယသို ပဒေသေ၊ အကြင် အရပ်၌။ သသတ္တာ၊ လက်နက်နှင့် တကွဖြစ်ကုန်သော။ ပုရိသာ၊ တို့သည်။ အဝစရန္တိ၊ သက်ဝင်၍ ဖြစ်ကုန်၏။ ဝါ၊ လှည့်လည်ကုန်၏။ သော၊ ထို အရပ်ကို။ (ဝုတ္တိ-၌ စပ်။) အညေသု၊ လက်နက်ကိုင် ယောကျ်ားတို့မှ တပါးကုန်သော။ အဝစရန္တေသု၊ သက်ဝင်၍ ဖြစ်ကုန်သော။ ဝါ၊ လှည့်လည်ကုန်သော။ ဒွိပဒစတုပဒေသု၊ အခြေ ၂-ချောင်းရှိ အခြေ ၄-ချောင်းရှိသော သတ္တဝါတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှားရှိပါကုန်သော်လည်း။ တေသံ၊ ထို လက်နက်ကိုင် ယောကျ်ားတို့ဖြင့်။ (တဿ၊ ထို အရပ်၏။ ဝါ၊ ကို။) အဘိလက္ခိတတ္တာ၊ မှတ်သားအပ်သည်၏ ဖြစ်ကြောင့်။ သသတ္တာဝစရောတွေဝ၊ သသတ္တာဝစရ ဟူ၍သာ။ ဝုစ္စတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ အညေသု၊ ကာမ တရားတို့မှ တပါးကုန်သော။ [ကာမေ၁ အဝစရတိ ကြည့်၍ စွဲသည်။] တတ္ထ၊ ထို ကာမဘုံ၌။ အဝစရန္တေသု၊ သက်ဝင်၍ ဖြစ်ကုန်သော ရူပါဝစရာဒီသု၊ ရူပါဝစရ အစရှိသော တရားတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ကုန်သော်လည်း။ တေသံ၊ ထိုကာမတရားတို့ဖြင့် [ဣမဿ ပဒေသဿ၊ ဤ ကာမ တဆယ့်တဘုံဟူသော အရပ်၏။ (သမ္ဗန်ထည့်သည်။) ဝါ၊ ကို။] အဘိလက္ခိတတ္တာ၊ ကြောင့်။ အယံ ပဒေသော၊ ကာမ ၁၁-ဘုံဟူသော ဤအရပ်ကို။ ကာမာဝစရောတွေဝ၊ ကာမာဝစရ ဟူ၍သာ။ ဝုစ္စတိ၊ ၏။

[ကာမ တဆယ့်တစ်ဘုံကို "ကာမာဝစရ" ဟု ခေါ်ထားလျှင် စိတ်ကို အရကောက်သောအခါ "ကာမာဝစရာဝစရ" ဆိုရမည်လော-ဟု စောဒနာဖွယ်ရှိသောကြောင့် သွာယံ။ပ။ဝုစ္စတိ" ဟု မိန့်တော်မူသည်။]

ကိလေသကာမ အမည်ရနိုင်၏။ ထိုသို့ဖြစ်လျှင် ကာမ ၂-မျိုးလုံးပင် ရူပ အရူပဘုံ၌လည်း ရှိနိုင်သောကြောင့် ထိုဘုံ ၂-ပါးလည်း ကာမာဝစရ မည်သင့်သည် မဟုတ်လော—ဟု မေးဖွယ်ရှိ၏။ အဖြေကား-''ကိလေသကာမ'' ဟူရာ၌ ရူပ အရူပ တရားတို့ကို တပ်မက်သော သိမ်မွေ့သော ရာဂကို မဆိုလို။ ရူပသဒ္ဒ-စသည် အာရုံ ကာမဂုဏ်၌ တပ်မက်သော ထူထဲ ပြင်းပြသော ဗဟလကိလေသာကိုသာ ဆိုလိုသောကြောင့် ရူပ အရူပ ဘုံတို့၌ ကိလေသကာမ မရှိ။ ထို့ကြောင့် ဒုဝိဓောပေယ—ဟူသော စကားဖြင့် ရူပ အရူပ ဘဝကို တားမြစ်နိုင်ပါသည်။ [နန္ဒ စ၊။၁။သုခုမတ္တာ။—ဋီကာ။]

ထပ်၍မေး။ ။''ဥဒ္ဒါနတော ဒွေ ကာမာ'' တုန်းက ကာမမှန်လျှင် ကြမ်းတမ်း ထူထဲသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ အားလုံးကို (ရူပ အရူပရာဂ ပါ) သိမ်းကျုံးပြီးဖြစ်ပါလျက်''ဒုဝိဓော ပေယ''ကျမှ ထူထဲသော ဗဟလကိလေသကာမကိုသာ အဘယ်နည်းဖြင့် ယူနိုင်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-ဥဒ္ဒါနတော ဒွေကာမာ တုန်းက ကာမအားလုံးကို သိမ်းကျုံးလိုက်သော်လည်း ဒုဝိဓော ပေယ အရာ၌ကား ဧကဒေသူ။-ပစာရအားဖြင့် ပြင်းပြသော ကာမရာဂနှင့် ထိုကာမရာဂ၏ အာရုံဖြစ်သော ဝတ္ထုကာမကိုသာ ယူရပါသည်။ [ကြွင်းသော မှတ်ဖွယ်ကို ဋီကာအဓိပ္ပာယ်၌ ရှုပါ။]

[1]သွာယံ (သော+အယံ)၊ ထို ကာမာဝစရ အရပ်ကို။ (ဝုစ္စတိ-၌ စပ်။) ရူပဘဝေါ၊ ရူပ ဘဝကို။ (ဥတ္တရပဒလောပံ၊ ဘဝဟူသော နောက်ပုဒ်ကို ချေခြင်းကို။ ကတွာ၊ ပြု၍။) ရူပံ၊ ရူပဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ တူ။ ဥတ္တရပဒလောပံ၊ အဝစရ ဟူသော နောက်ပုဒ်ကို ချေခြင်းကို။ ကတွာ။ ကာမောတွေဝ၊ ကာမဟူ၍သာ။ ဝုစ္စတိ။ ဧဝံ၊ ဤသို့လျှင်။ ဝါ၊ ဤနည်းအားဖြင့်။ ဣဒံ စိတ္တံ၊ ဤ ပထမ မဟာကုသိုလ်စိတ်သည်။ [ပထမ မဟာကုသိုလ်စိတ်ကို ပြနေသောအရာဖြစ်၍ ထိုစိတ်ကို "ဣဒံ" ဟု အနီးဟော သဒ္ဒါဖြင့် ညွှန်ပြသည်။] ကောဒသပဒေသသင်္ခါတေ၊ ၁၁-ဘုံ အရပ်ဟု ဆိုအပ်သော။ ဣမသ္မိံ ကာမေ၊ ဤ ကာမ ဘုံ၌။ အဝစရတိ၊ သက်ဝင်၍ ဖြစ်တတ်၏။ ဝါ၊ ပါဝင်တတ်၏။ ဣတိ။ ကြောင့်။ ကာမာဝစရံ၊ မည်၏။

ဟိ၊ မှန်။ ဧတံ၊ ဤ ပထမ မဟာကုသိုလ်စိတ်သည်။ [ရှေးနိဿယ၌ "၅၄-ပါးသော ကာမာဝစရစိတ်" ဟု ပေး၏။ ထို ၅၄-ပါးလုံး ရူပ အရူပဘုံ၌ မဖြစ်နိုင်ပါ။] ရူပါရူပဘဝေသုပိ၊ ရူပဘဝ အရူပဘဝ တို့၌လည်း။ [2]ကိဉ္စာပိ အဝစရတိ၊ အကယ်၍ကား သက်ဝင်၍ ဖြစ်ပါပေ၏။ (အကယ်၍ကား ပါဝင်ပါပေ၏။) ပန၊ ထိုသို့ပင် ပါဝင်ပါသော်လည်း။ [3]သင်္ဂါမေ၊ စစ်မြေပြင်၌။ အဝစရဏတော၊ သက်ဝင်၍ ဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ သင်္ဂါမာဝစ-

၁။ သွာယံ။ပ။ဝုစ္စတိ။ ။ပြခဲ့သောနည်းအရ ကာမတဆယ့်တစ်ဘုံကို "ကာမာဝစရ"ဟု ခေါ်၏။ သို့သော် ဤအရာ၌ ကာမာဝစရံ စိတ္တံ ပါဠိတော်ကို ဖွင့်ပြနေသော ကြောင့် စိတ်ကို "ကာမာဝစရ"ဟု ခေါ်ရမည်ဖြစ်ရကား ဘုံအရပ်ကို ဟောခိုက်၌ "အဝစရ"ဟူသော နောက်ပုဒ်ကို ချေရသည်။ ဥပမာ-"ရူပဿ+ဘဝေါ ရူပံ"ဟူရာ၌ ဘဝဟူသော နောက်ပုဒ်ကို ချေထားသကဲ့သို့တည်း။ ထိုသို့ မချေလျှင်ကား စိတ်ကို ဟောရာ၌"ကာမာဝစရာဝစရံ"ဟု ရှိရလိမ့်မည်။ ထိုသို့ အဝစရဟူသော နောက်ပုဒ်ကို ချေပြီးမှ ဘုံအရပ်ကို "ကာမ" ဟု ခေါ်၍ စိတ်ကို ရအောင်ကား "အဝစရတီတိ အဝစရံ၊ ကာမေ+အဝစရံ ကာမာဝစရံ"ဟု ပြုပါ။

၂။ ကိဉ္စာပိ ။ပ။ ဝေဒိတဗ္ဗံ။ ။ကာမာဝစရ အမည်ရသော ဤပထမ မဟာကုသိုလ်စိတ်သည် ရူပ အရူပ ဘုံတို့၌လည်း ဖြစ်သည်မဟုတ်လော၊ အဘယ်ကြောင့် "ကာမာဝစရ" ဟုသာ ခေါ်ရပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် "ကိဉ္စာပိ" ဟု မိန့်သည်။ စစ်မြေပြင်၌ လှည့်လည်ခြင်း များသောကြောင့် "သင်္ဂါမာဝစရ" ဟု အမည်ရသော ဆင်ကြီးသည် တရံတခါ မြို့၌လှည့်လည်သော်လည်း သင်္ဂါမာဝစရ-နာမည် မပျက်သကဲ့သို့ ထို့အတူ ကာမဘုံ၌ ဖြစ်ခြင်း များသောကြောင့် တဗ္ဗာဟုလ္လနည်းအား ဖြင့် ကာမာဝစရ အမည်ရသော ကုသိုလ်စိတ်သည် ရူပ အရူပ ဘဝ၌ ဖြစ်သော်လည်း ကာမာဝစရ-အမည် မပျက်တော့ပါ-ဟူလို။ [ထလာစရ-ဇလစရ အမည်မပျက်ပုံ လည်း နည်းတူ။]

ရောတိ၊ သင်္ဂါမာဝစရ ဟူ၍။ လဒ္ဓနာမကော၊ ရအပ်သော အမည်ရှိသော။ နာဂေါ၊ ဆင်ကို။ နဂရေ၊ ၌။ စရန္တောပိ၊ လှည့်လည်ပါသော်လည်း။ သင်္ဂါ- မာဝစရောတွေဝ၊ သင်္ဂါမာဝစရ ဟူ၍သာ။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့ လည်းကောင်း။ စ၊ သည်သာ မကသေး။ ထလဇလစရော၊ ကုန်း၌ လှည့်လည် ကုန် ရေ၌ လှည့်လည်ကုန်သော။ ပါဏာ၊ သတ္တဝါတို့ကို။ အထလေ၊ ကုန်း မဟုတ်သော ရေအရပ်၌ လည်းကောင်း။ အဇလေ စ၊ ရေမဟုတ်သော ကုန်း အရပ်၌ လည်းကောင်း။ ဌိတာ၊ တည်ကုန်သည်။ (သမာနာ) ပိ၊ ဖြစ်ပါကုန် သော်လည်း။ ထလစရာ ဇလစရာတွေဝ၊ ထလစရ ဇလစရတို့ ဟူ၍သာ။ ဝုစ္စန္တိ ယထာ၊ ဆိုအပ်ကုန် သကဲ့သို့ လည်းကောင်း။ ဧဝံ၊ တူ။ ဣဒံ၊ ဤ ပထမ မဟာကုသိုလ်စိတ်ကို။ အညတ္ထ၊ ကာမဘုံမှ တပါးသော ရူပ အရူပဘုံ၌။ အဝစရန္တမ္ပိ၊ သက်ဝင်၍ ဖြစ်ပါသော်လည်း။ ဝါ၊ ပါဝင်ပါသော်လည်း။ ကာမာဝစရမေဝါတိ၊ ကာမာဝစရ စိတ်ဟူ၍သာ။ ဝေဒိတဗ္ဗံ၊ ၏။

ဝါ၊ တနည်း။ အာရမ္မဏကရဏဝသေန၊ အာရုံပြုခြင်း၏ အစွမ်းဖြင့်။ [ဤ ဝိသေသနဖြင့် ဆိုအပ်ပြီးသော "ပဝတ္တိဝသေန" ကို ကန့်။] ဧတ္ထ၊ ဤ စိတ်၌။ ကာမော၊ ကိလေသကာမ သည်။ အဝစရတိ၊ သက်ဝင်၍ ဖြစ်တတ်၏။ ဣတိပိ၊ ကြောင့်လည်း။ ကာမာဝစရံ၊ မည်၏။ စ၊ ဆက်။ သော (သော ကာမော)၊ ဤ ကိလေသာကာမသည်။ (ဗဟလကိလေသာကာမ မဟုတ်သော သုခုမကိလေသာကို ဆိုသည်။) ရူပါရူပါဝစရေသုပိ၊ ရူပ အရူပါဝစရစိတ်တို့၌ လည်း။ [၁]ကာမံ အဝစရတိ၊ အကယ်၍ကား သက်ဝင်၍ ဖြစ်ပါပေ၏။ ပန၊ ထိုသို့ ပင် သက်ဝင်၍ ဖြစ်ပါသော်လည်း။ ဝဒတိ၊ မြည်တတ်၏။ ဣတိ၊ ကြောင့်။

၁။ **ကာမဥ္စ။ပ။ဝေဒိတဗ္ဗံ။** ။ကာမော အဝစရတီတိပိ ၌ "ကာမော" အရ ရူပ ရာဂ အရူပရာဂနှင့်တကွ ကိလေသာအားလုံးကို ယူရ၏။ [အာရမ္မဏကရဏဝသေ- နာတိ အာဒိကေ ကာမောတိ သဗ္ဗံ တဏှာမာဟ။] ထိုတွင် ကာမတရားတို့ကို **အာရုံပြုသော** ကိလေသကာမ၏ ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရ ဟု ခေါ်လျှင် ရူပအရူပါပစရစိတ်တို့လည်း ရူပရာဂ အရူပရာဂဟူသော ကိလေသကာမ၏ အာရုံပြု သောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရ–အမည် ရနိုင်သည်မဟုတ်လောဟု မေးဖွယ်ရှိရကား "ကာမဥ္စ" စသည်မိန့်။ "ဘူးဘူး" ဟု မြည်တတ်သောကြောင့် "ဝဓ္ဓော" ဟု လည်းကောင်း၊ မြေပေါ်၌ အိပ်တတ်သောကြောင့် "မဟိံသော"ဟု **လည်း**ကောင်း နာမည်မှည့်ထားရာ၌ ထို အမည်သည် အထင်ရှားအားဖြင့် နွားငယ်၏ **အမည်**၊ ကျွဲ၏အမည်သာဖြစ်၍ မြည်တတ်သောသတ္တဝါ မြေ၌အိပ်တတ်သော သတ္တဝါ **အား**လုံး၏ အမည် မဖြစ်နိုင်သကဲ့သို့ ထို့အတူ ဤ ကာမာဝစရ–အမည်လည်း အထင်- ရှားအားဖြင့် ကာမာဝစရ တရားတို့၏ အမည်သာ ဖြစ်သောကြောင့် ရူပါဝစရ အရူပါ- ဝစရ တရားတို့မှာ "ကာမာဝစရ" အမည် မရနိုင်ပါ–ဟူလို။

ဝတ္ထော၊ ဝတ္ထု-မည်၏။ မဟိယံ၊ မြေ၌။ သေတိ၊ အိပ်တတ်၏။ ဣတိ၊ ကြောင့်။ မဟိံသော၊ မည်၏။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုအပ်သော်။ ဝါ၊ ဆိုအပ်ရာ၌။ ယတ္တကာ၊ အကြင်မျှ အတိုင်းအရှည်ရှိကုန်သော။ သတ္တာ၊ တို့သည်။ ဝဒန္တိ၊ မြည်တတ်ကုန်၏။ မဟိယံ ဝါ၊ မြေပေါ်၌ သော်လည်း။ သေန္တိ၊ အိပ်တတ်ကုန်၏။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ (တတ္တကာနံ၊ ထိုမျှ အတိုင်းအရှည်ရှိသော သတ္တဝါတို့၏။) တံ နာမံ၊ ထို ဝတ္ထု မဟိံသ-ဟူသော နာမည်သည်။ န ဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ ဧဝံ၊ တူ။ ဣဒံ သမ္ပဒံ၊ ဤ မချွတ်မယွင်း ပြီးစီးခြင်း ရှိသော ဥပမေယျကို။ ဝေဒိတဗ္ဗံ၊ ၏။ [ဣဒံ သမ္ပဒံ၏ အဖွင့်ကို ပါရာဇိကဏ် ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍ ဒိဗ္ဗစက္ခုကထာ၌ ပြခဲ့ပြီ။]

အပိ စ[1]၊ သည်သာ မကသေး။ (ယံ စိတ္တံ၊ အကြင်စိတ်သည်။ ကာမဘဝ သင်္ခါတေ၊ ကာမဘဝ ဟု ဆိုအပ်သော။ ကာမေ၊ ကာမ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အဝစာရေတိ၊ သက်ဝင်၍ ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။။ (တံ စိတ္တံ)။ ကာမာဝစရံ၊ မည်၏။ ["ဣတိ အယံ၊ ကား။ ဝစနတ္ထော၊ တည်း" ဟု နိဂုံးထည့်ပါ။]

ကုသလ[2]န္တိ၊ ကား။ ကုစ္ဆိတာနံ၊ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရား တို့ကို။ သလနာဒီဟိ၊ တုန်လှုပ်စေခြင်း အစရှိကုန်သော။ အတ္ထေဟိ၊ အနက်တို့ ကြောင့်။ ကုသလံ၊ ကုသလမည်သော။ (စိတ္တံ-၌ စပ်။) အပိ စ၊ သည်သာ

၁။ အပိ စ။ ။ဤနည်း၌ကား "ကာမ" အရ ပြခဲ့သော အဝစရကို ချေသောနည်း ဖြင့် ကာမဘုံကိုယူ၍ ထို ကာမဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကာမာဝစရ-ကုသိုလ်ကို "ကာမာဝစာရံ" ဟု ဆိုလိုလျက် စာ၌ အာကို ရဿပြု၍ "ကာမာဝစရံ" ဟု ဖြစ်ရသည်။ ["အဝစာရေတိ၊ ပဋိသန္ဓေကို သက်ဝင်၍ ဖြစ်စေတတ်၏။ ဣတိ အဝစာရံ။ ကာမေ+အဝစာရံ ကာမာဝစရံ" ဟုပြု။] ကုသိုလ် အကုသိုလ် အရာ၌သာ ဤနည်း ရနိုင်၏။ ဝိပါက် ကြိယာကို ကာမာဝစရ ခေါ်ရာ၌ ဤနည်း မရနိုင်။

၂။ ကုသလံ။ ။"ကုစ္ဆိတာနံ သလနာဒီဟိ"၌ အာဒိဖြင့် "ကုသလာ ဓမ္မာ" ဟူ သော မာတိကာအဖွင့်၌ ပြခဲ့သော စလန ကမ္ပန ဝိဒ္ဓံသန တို့ကိုလည်းကောင်း၊ ကုစ္ဆိ-တသယန ကုသလဝန ကုသလာန တို့ကိုလည်းကောင်း ယူပါ။ ဤ အနက်များသည် ဝိဂ္ဂဟနက်ဖြစ်သော ဝစနတ္ထ (သဒ္ဒါနက်) တည်း။ ထိုအနက်များကို ပြခဲ့ပြီးဖြစ်သော ကြောင့် အကျယ်မပြတော့ပဲ အကျဉ်းမျှ ပြသည်။ အပိ စ-စသည်ဖြင့် ပြအပ်သော အနက်တို့ကား အဘိဓေယျတ္ထ (ကုသလ-သဒ္ဒါ၏ ဟောနက်များ) တည်း။ ထို အဘိ-ဓေယျတ္ထတို့၏ သာဓကပါဠိများကို မာတိကာအဖွင့်၌ ပြထားပြီ။

မကလေး။အာရောဂျဋ္ဌေန[၁]၊ထိုးကျင်ဖျားနာ ရောဂါမရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့် လည်းကောင်း။ အနဝဇ္ဇဋ္ဌေန၊ အပြစ်မရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း။ ကောသလ္လသမ္ဘူတဋ္ဌေန စ၊ဉာဏ်ပညာကြောင့် ကောင်းစွာဖြစ်သည်၏ အဖြစ်ဟူသော အနက်ကြောင့် လည်းကောင်း။ကုသလံ၊ မည်သော။(စိတ္တံ-၌ စပ်။) ဟိ၊ ချဲ့။ ကစ္စိ နု ဘောတော ကုသလန္တိ၊ ကစ္စိ နု ဘောတော ကုသလံ-ဟူသော ပါဠိတော်၌။(မဟာဟံသဇာတ် ပါဠိတော်၌။) ရူပကာယေ၊ ရူပကာယ၌။ အနာတုရကာယ၊ ကျင်နာခြင်း မရှိသည်၏အဖြစ်ကြောင့် လည်းကောင်း။ အဂေလညေန၊ ဂိလာန မဟုတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ နိဗ္ဗျာဓိတာယ၊ အနာမရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ (အာရောဂျ-၌ စပ်။) အာရောဂျဋ္ဌေန၊ ထို ၃-မျိုးသော ရောဂါမရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်။ကုသလံ၊ကုသလ-သဒ္ဒါကို။ ဝုတ္တံ ယထေဝ၊ ဟောပြော်မူအပ် သကဲ့သို့။ ဧဝံ၊ တူ။ အရူပဓမ္မေပိ၊ နာမ် တရား၌လည်း။ ကိလေသာတုရတာယ စ၊ ကိလေသာဟူသော ကျင်နာခြင်း ရှိသည်၏အဖြစ်၏ လည်းကောင်း။ကိလေသဂေလညဿ စ၊ ကိလေသာဟူသော မကျန်းမာသူ၏ အဖြစ်၏လည်းကောင်း။ ကိလေသဗျာဓိနော၊ ကိလေသာဟူသော အနာ၏လည်းကောင်း။ အဘာဝေန၊ မရှိခြင်းကြောင့်။ ဝါ၊ မရှိသည့် အတွက်။ အာရောဂျဋ္ဌေန၊ ထို ၃-မျိုးသော ရောဂါမရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ကုသလံ၊ ကုသလ-သဒ္ဒါကို။ ဝေဒိတဗ္ဗံ၊ ၏။[ဤ အလို“ကုသလံ-ကိလေသာကည်းဟူသော ထိုးကျင်ဖျားနာ ရောဂါမရှိသော တရား”ဟု ပေးပါ။]

ပန၊ ကား။(အာရောဂျဋ္ဌေန၏ အကျယ်မှတပါး အနဝဇ္ဇဋ္ဌေန၏ အကျယ် ကား။) ကိလေသာဝဇ္ဇဿ ကိလေသဒေါသဿ၊ ကိလေသာဟူသော အပြစ်၏ လည်းကောင်း။ [အဝဇ္ဇကိုပင် ဒေါသဟု ဖွင့်သည်။] ကိလေသဒရထဿ စ၊ ကိလေသာဟူသော ပူလောင်ခြင်း၏လည်းကောင်း။အဘာဝါ၊မရှိခြင်းကြောင့်။

၁။ အာရောဂျဋ္ဌေန။ ။“အရောဂဿ-ရောဂါမရှိသူ၏+ဘာဝေါ အာရောဂျံ” နှင့်အညီ အနာရောဂါကင်း၍ ကျန်းမာခြင်းဂုဏ်ကို“အာရောဂျ”ဟု ခေါ်၏။“အရော-ဂ”၌ “ရောဂါ”ဟူသည် အာတုရတာ-ကျင်နာခြင်းဟူသော ညောင်းညာကိုက်ခဲခြင်း၊ ဂေလည-မကျန်းမမာ ဖျားနာခြင်း၊ ဗျာဓိ-အနာဖြစ်ခြင်း ဤ ၃-မျိုးလုံးနှင့် ဆိုင်၏။ ထို့ကြောင့် အာရောဂျ၏ သရုပ်ကိုပြရာ၌“အနာတုရတာယ၊ အဂေလညေန၊နိဗျာဓိ-တာယ”ဟု ထို ၃-မျိုးလုံး၏ မရှိခြင်းကို ပြသည်။ ထိုအနာတုရတာယ-စသော ၃-ပုဒ် သည် နောက်၌“အဘာဝါ အနဝဇ္ဇဋ္ဌေန”ဝယ် အဘာဝါနှင့် သဘောတူသောကြောင့် အာရောဂျ၏ ဟိတ်ကူဟု ကြံပါ။

ဝါ၊ မရှိသည့်အတွက်။ အနဝဇ္ဇဇဋ္ဌေန၊ အပြစ်မရှိသည်၏ အဖြစ်ဟူသောအနက် ကြောင့်။ ကုသလံ၊ မည်သော။ (စိတ္တံ-၌ စပ်။) [ဤအလို-ကုသလံ၊ကိလေသာ တည်းဟူသော အပြစ်မရှိသော”ဟု ပေးပါ။]

[အနဝဇ္ဇဋ္ဌေန၏ အကျယ်ပြပြီး၍ ကောသလ္လသမ္ဘူတဋ္ဌေန၏ အကျယ်ကို ပြလိုသောကြောင့်“ကောသလ္လံ ဝုစ္စတိ”စသည် မိန့်။]

ပညာ၊ ကို။ ကောသလ္လံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကောသလ္လတော၊ ဉာဏ် ပညာကြောင့်။ သမ္ဘူတတ္တာ၊ ကောင်းစွာဖြစ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ အတွက်။ ကောသလ္လသမ္ဘူတဋ္ဌေန၊ ဉာဏ်ပညာကြောင့် ကောင်းစွာဖြစ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ကုသလံ၊ မည်သော။ (စိတ္တံ-၌ စပ်။) [ဤအလို “ကုသလံ-ဉာဏ်ပညာကြောင့်ကောင်းစွာဖြစ်သော”ဟု ပေး။]

[ဉာဏ်ပညာကြောင့် ကောင်းစွာဖြစ် ဟူသောစကားနှင့် စပ်၍ ဉာဏဝိပ္ပယုတ် စိတ်၏ ကုသလအမည်ရပုံကို ထင်ရှားဖို့ရာ စောဒနာ သောဓနာကို ပြလိုသော ကြောင့် “ဉာဏသမ္ပယုတ္တံ”စသည် မိန့်။]

ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ်စိတ်သည်။ ဧဝံ၊ ဤ ကောသလ္လသမ္ဘူတ အနက်ကြောင့် ကုသလ မည်သည်။ တာဝ ဟောတု၊ ရှိပါစေဦးတော့။ ဉာဏ ဝိပ္ပယုတ္တံ၊ ဉာဏဝိပ္ပယုတ်စိတ်သည်။ ကထံ၊ အဘယ်နည်းဖြင့် (ဧဝံ၊ဤ ကော- သလ္လသမ္ဘူတ အနက်ကြောင့် ကုသလ မည်သည်။ဟောတိ၊ဖြစ်နိုင်ပါသနည်း။) ဣတိ၊ ဤကား အမေးတည်း။ တမ္ပိ၊ ထို ဉာဏဝိပ္ပယုတ် စိတ်သည်လည်း။ရုဠှီ- သဒ္ဒေန[၂]၊ရုဠှီသဒ္ဒါအားဖြင့်။ကုသလမေဝ၊ကုသလ ဗည်သည်သာ။ ဟိ၊ ဥပမာ

၁။ ကောသလ္လံ။ပ။ပညာ။ ။“ဝုစ္စတိ ဝုတ္တံ၊ နာမံ ပရိယာယ၊ ရှိလကမ္မ၊ဥပစာ” ဟူသော ရှေးဆရာတို့ မိန့်သည်နှင့်အညီ ဤ၌လည်း“ဝုစ္စတိ”ဖြင့် ကောသလ္လ-သဒ္ဒါ၏ ပညာအနက်ကို ဟောရာ၌ ရုဠှီသဒ္ဒါ ဖြစ်ကြောင်းကို ပြ၏။ ချဲဦးအံ့၊-ကုသလ-သဒ္ဒါ သည်“အာရောဂျ၊အနဝဇ္ဇ၊သုခဝိပါက၊ဆေက”အနက်တို့ကိုဟော၏။“ကုသလဿ+ ဘာဝေါ ကောသလ္လံ”ဟု ပြုသောအခါ အရောဂျဂုဏ် အနဝဇ္ဇဂုဏ် သုခဝိပါကဂုဏ် တို့ကိုလည်း ဟောခွင့်ရှိ၏။ ထိုတွင် ဤနေရာ၌ ကုသလ-သဒ္ဒါ၏ ဆေကအနက်ကိုယူ၍ “ကျွမ်းကျင် နားလည်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာ အနက်ကို အထင်ရုဠှီ (အပေါင်း၏အမည်ကို အစိတ်၌တင်စားသော) ကေဒေသူပစာရ အားဖြင့် ကော- သလ္လ သဒ္ဒါက ဟောရသည်”ဟု သိစေလို၍“ကောသလ္လံ ဝုစ္စတိ ပညာ”ဟု မိန့်သည်။

၂။ ရုဠှီသဒ္ဒေန။ ။ရုဟဓာတ်၊ တပစ္စည်း၊ ဒုတ္ထိဇော့တက ဤပစ္စည်းဖြင့်“ရုဠှီ”ဟု ဖြစ်၏။ ရုဟတိ၊ထင်ရှားသော အနက်ပေါ်၌လည်းကောင်း၊ မူရင်းအနက်မှ တပါးသော အနက်ပေါ်၌လည်းကောင်းတက်ရောက်တတ်၏။ဣတိ ရုဠှီ။ [မဓုဋ္ဌကား“ရုဟတိ ပါက- ဋ္ဌော ဟောတီတိ ရုဠ္ဌော”ဟု ပြုလေ၏။] ရုဠှီစ+သာ+သဒ္ဒေါစာတိ ရုဠှီသဒ္ဒေါ။ထို ရုဠှီ သည် အတွင်၊ အထင်၊ အတင် ဟု ၃-မျိုးရှိ၏။ထိုနှင့်ဆိုင်ရာ နိယံများကို နိယံကျမ်းတို့၌

ဆောင်ထင်အောင်ပြအံ့။ တာလပဏ္ဏေဟိ၊ထန်းရွက်တို့ဖြင့်။ အကတ္ဝာ၊ မပြုမူ၍။ ကိလဥ္ဇာဒီဟိ၊ နှီးဖျာ အစရှိသည်တို့ဖြင့်။ကတံ၊ ပြုအပ်သည်။ သမာနံပိ၊ဖြစ်ပါသော်လည်း။ (ဝါ၊ ဖြစ်သောယပ်ကိုလည်း။) တံသရိက္ခတ္တာ၊ ဟုံ ထန်းရွက်ယပ်နှင့် တူသည်၏အဖြစ်ကြောင့်။ ရုဠ္ဟိသဒ္ဒေန၊ ဖြင့်။ တာလဝဏ္ဋန္တေဝ၊ တာလဝဏ္ဋ ဟူ၍သာ။ ဝုစ္စတိ ယထေဝ၊ဆိုအပ်သကဲ့သို့။ ဧဝံ၊ တူ။ ဉာဏဝိပ္ပယုတ္တမ္ပိ၊ ဉာဏဝိပ္ပယုတ် စိတ်ကိုလည်း။ ကုသလန္တေဝ၊ ကုသိုလ်စိတ် ဟူ၍သာ။ ဝေဒိတဗ္ဗံ၊ ၏။

ပန၊ ဆက်။ နိပ္ပရိယာယေန၊ ပရိယာယ်–မဟုတ် မုချအား ဖြင့်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ် စိတ်သည်။ အာရောဂျဋ္ဌေန၊ ထုံးကျင် ဖျားနာ ကိလေသာတည်းဟူသော ရောဂါမရှိသည် အဖြစ်ဟူသောအနက်လည်းကောင်း။ (ဣတိ–၌ စပ်။)အနဝဇ္ဇဋ္ဌေန၊ ကိလေသာတည်းဟူသော အပြစ်မရှိသည် အဖြစ်ဟူသော အနက် လည်းကောင်း။ကောသလ္လသမ္ဘူတဋ္ဌေန၊ ဉာဏ်ပညာကြောင့် ကောင်းစွာဖြစ်သည်၏ အဖြစ်ဟူသော အနက် လည်းကောင်း။ [၁]ဣတိ၊ သို့။ တိဝိဓေနပိ၊ ၃–ပါး အပြားရှိသော အနက်ကြောင့်လည်း။ ကုသလန္တိ နာမံ၊ ကုသလဟူသော အမည်ကို။ လဘတိ၊ ရ၏။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏဝိပ္ပယုတ်စိတ်သည်။ ဒုဝိဓေနေဝ၊ ၂–ပါးအပြားရှိသော အနက်ကြောင့်သာ။(အာရောဂျဋ္ဌ၊ အနဝဇ္ဇဋ္ဌ–အနက်ကြောင့်သာ။)ကုသလန္တိ နာမံ လဘတိ။ [ဉာဏဝိပ္ပယုတ်စိတ်၌ ရုဠ္ဟိနည်းအားဖြင့် ကုသလ–အမည် မရခြင်းကို "နိပ္ပရိယာယေန" ဟု ဆိုသည်။ ဒုဝိဓေနေဝ–၌ ဧဝ-ဖြင့် ကောသလ္လသမ္ဘူတကို ကန့်။] ဣတိ၊ ဤသို့လျှင်။

ယူပါ။ဉာဏဝိပ္ပယုတ်ကို ကောသလ္လသမ္ဘူတ အနက်ရှိသော ကုသလ-သဒ္ဒါက ဟောရာ၌ ဉာဏသမ္ပယုတ် ကုသိုလ်နှင့် အနဝဇ္ဇသုခဝိပါကချင်း တူသောကြောင့် သဒိသူပစာ-အတင်ရုဠ္ဟိသဒ္ဒါ ဟု သိစေလို၍ "တံ သရိက္ခတ္တာ" ဟု ဆိုသည်။ [ဤ ရုဠ္ဟိသဒ္ဒေနနှင့် စပ်၍ ရုဠ္ဟိ၃-မျိုးရအောင် ဋီကာဖွင့်ထားသည်ကို ဋီကာအဖွင့်၌ ရှုပါ။]

၁။ **ဣတိ ။ ပ။ ကထိတံ။** ။ [နိဂုံးကိုပြလို၍ "ဣတိ" စသည်မိန့်။] "ကုစ္ဆိ နု ဘောတော ကုသလံ" ကား မဟာဟံသ–ဇာတ်တော် ပါဠိ ဖြစ်သောကြောင့် အာရောဂျ–ကုသလ ကို "ဇာတကပရိယာယကုသလ" ဟု ဆိုသည်။ "ကတမော ပန ဘန္တေ ကာယသမာစာရော ကုသလော၊ ယော ခေါ မဟာရာဇ ကာယသမာစာရော အနဝဇ္ဇော" ဟု ကုသလာမဖွာ ဒံဖွင့်၌ ပြခဲ့သော ပါဠိတော်သည် ဗာဟိတိကသုတ္တန် ဒေသနာတော်တည်း။ ထို့ကြောင့် အနဝဇ္ဇဋ္ဌ–ကုသလကို "ဗာဟိတိကသုတ္တပရိယာယကုသလ" ဟု ဆိုသည်။ ထိုပါဠိ၏ အဓိပ္ပာယ်ကို မာတိကာအဖွင့်၌ ပြခဲ့ပြီ။ အဘိဓမ္မ-ပါဠိတော်ဝယ် "ပညာဟောတိ" ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ၌ ပညာကို "ကောသလ္လံ" ဟု ဟောတော်မူ၏။ထိုဉာဏ်နှင့် ယှဉ်သောကြောင့် ကုသလ ဟု အမည်ရသည့်အတွက် ကောသလ္လသမ္ဘူတဋ္ဌ–ကုသလကို "အဘိဓမ္မပရိယာယကုသလ" ဟု ဆိုသည်။

ဇာတကပရိယာယေန၊ ဇာတ်တော်ဒေသနာ နည်းအားဖြင့်။ ယဥ္စ ကုသလံ၊ အကြင် ကုသိုလ်၏အဖြစ်ကို လည်းကောင်း။ ဝါ၊ အကြင် ကုသိုလ်အမည်ကို လည်းကောင်း။ [ကုသလန္တိ ကုသလဘာဝံ အာဟ။-ဋီကာ။] ဗာဟိတိကသုတ္တပရိယာယေန၊ ဗာဟိတိကသုတ် ဒေသနာတော် နည်းအားဖြင့်။ယဥ္စ ကုသလံ၊ ကိုလည်းကောင်း။ ဝါ၊ ကိုလည်းကောင်း။ အဘိဓမ္မပရိယာယေန၊ အဘိဓမ္မာ ဒေသနာတော်နည်းအားဖြင့်။ ယဥ္စ ကုသလံ၊ ကို လည်းကောင်း။ ဝါ၊ ကို လည်းကောင်း။ (မယာ၊ သည်။) ကထိတံ၊ ဆိုအပ်ပြီ။ ဝါ၊ ဆိုခဲ့ပြီ။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ကုသိုလ်၏အဖြစ်ကို။ ဝါ၊ ထိုအလုံးစုံသော ကုသိုလ် အမည်ကို။တိဟိပိ၊ ၃-ပါးလည်းဖြစ်ကုန်သော။အတ္ထေဟိ၊ အနက်တို့ကြောင့်။ ဣမသ္မိံ စိတ္တေ၊ဤ ပထမ မဟာကုသိုလ်စိတ်၌။ လဗ္ဘတိ၊ ရအပ်၏။

[ကုသလ-သဒ္ဒါ၏ ဝစနတ္ထ၊အဘိမေယျတ္ထကို ပြပြီး၍ လက္ခဏာဒျတ္ထကို ပြလိုသောကြောင့် "တဒေတံ"စသည်ကို မိန့်။]

တဒေတံ၊ ထိုကုသိုလ်သည်။ လက္ခဏာဒိဝသေန၊ လက္ခဏာ အစရှိသည်တို့၏ အစွမ်းဖြင့်။ အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ အနဝဇ္ဇသုခဝိပါကလက္ခဏာ ရှိ၏။ [ကုသလာဓမ္မာအဖွင့်၌အဓိပ္ပာယ်နှင့်တကွ အနက်အကျယ် ပေးခဲ့ပြီ။]အကုသလဝိဒ္ဓံသနရသံ၊ အကုသိုလ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ ဝေါဒါနပစ္စုပဋ္ဌာနံ၊ (ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား) ဖြူစင်သောတရား ဟု ရှေးရှုထင်လာ၏။ ယောနိသောမနသိကာရပဒဋ္ဌာနံ၊ ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏၊ ဝါ၊တနည်း။ ကုသလံ၊ သည်။ သာဝဇ္ဇပဋိပက္ခတ္တာ၊သာဝဇ္ဇ ဖြစ်သော အကုသိုလ်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ အနဝဇ္ဇလက္ခဏမေဝ၊ အနဝဇ္ဇလက္ခဏာသာရှိ၏။ [အနဝဇ္ဇလက္ခဏမေဝ၌ ဧဝဖြင့် သုခဝိပါကကို ကန့်သည်။ ထို သုခဝိပါကကို ဣဋ္ဌဝိပါက ဟု ပစ္စုပဋ္ဌာန်၌ ဆိုလတ္တံ့ဖြစ်၍ လက္ခဏာတွင် မသွင်းပဲ ထားသည်။]ဝေါဒါနဘာဝရသံ၊ ဖြူစင်သည်၏ အဖြစ် ဟူသော သမ္ပတ္တိရသ ရှိ၏။ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာနံ၊ ဣဋ္ဌ အကျိုးဟူသော ဖလ ပစ္စုပဋ္ဌာန် ရှိ၏။ ယထာဝုတ္တ ပဒဋ္ဌာနမေဝ။ အကြင်အကြင် ဆိုအပ်ပြီးသော ယောနိသောမနသိကာရ—ပဒဋ္ဌာန်ရှိသည်ပင်တည်း။

[လက္ခဏာ စသည်တို့၏ သရုပ်ကို ပြလို၍ လက္ခဏာဒီသု-စသည် မိန့်၊]

ဟိ၊ မှန်။ (တနည်း)ဟိ၊ ချဲ့။လက္ခဏာဒီသု၊ လက္ခဏာ အစရှိသည်တို့တွင်။ တေသံ တေသံ ဓမ္မာနံ၊ထိုထို ပရမတ္ထတရားတို့၏။သဘာဝေါ ဝါ၊ မိမိတပါးတည်း၏ အမှတ်အသားသည် လည်းကောင်း။ (သ-မိမိ၏+ဘာဝ—အမှတ်အသား။)သာမညံ ဝါ၊ အများနှင့်ဆက်ဆံသော အမှတ်အသားသည် လည်းကောင်း။လက္ခဏံ နာမ၊ လက္ခဏာမည်၏။ ကိစ္စံ ဝါ၊ ကိစ္စသည်လည်းကောင်း။

သမ္ပတ္တိဝါ၊ အကြောင်းစုံညီ၍ ဖြစ်ခြင်းသည် လည်းကောင်း။ ရသော နာမ၊ မည်၏။ ဥပဋ္ဌာနာကာရော ဝါ၊ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အား ထင်လာသော ခြင်းအရာသည် လည်းကောင်း။ ဖလံ ဝါ၊ အကျိုးသည် လည်းကောင်း။ ပစ္စုပဋ္ဌာနံ နာမ၊ မည်၏။ အာသန္နကာရဏံ၊ နီးစွာသော အကြောင်းသည်။ ပဒဋ္ဌာနံ နာမ၊ ပဒဋ္ဌာန် မည်၏။ ဣတိ၊ သို့။ ယတ္ထယတ္ထ၊ အကြင်အကြင် ပရမတ္ထသဘောတရား၌။ လက္ခဏာဒီနိ၊ လက္ခဏာ အစရှိသည်တို့ကို။ (မယံ၊ တို့သည်။) ဝက္ခာမ၊ ဆိုကုန်လိမ့်အံ့။ တတ္ထတတ္ထ၊ ထိုထို ပရမတ္ထ သဘောတရား၌။ ဣမိနာဝ နယေန၊ ဤနည်းဖြင့် သာလျှင်။ တေသံ၊ ထို လက္ခဏာ အစရှိသည်တို့၏။ နာနတ္တံ၊ ကွဲပြားကုန်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗံ။ [လက္ခဏာသဒ္ဒါ၏ ရှေ့ပုဒ်နှင့် တွဲပုံကိုလည်းကောင်း၊ ဝစနတ္ထကိုလည်းကောင်း ကုသလာ ဓမ္မာ မာတိကာပုဒ် အဖွင့်၌ ပြခဲ့ပြီ။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အကျယ်ကို ဤ အဋ္ဌကထာ ဋီကာတို့ကို မှီး၍ သင်္ဂြိုဟ်ဘာသာဋီကာ စိတ်ပိုင်း စိတ္တံပုဒ်အဖွင့်၌ ဂါထာနှင့်တကွ ပြထားပြီ။]

စိတ္တန္တိ၊ ကား။ (ယံ မမ္ဗဇာတံ၊ အကြင် တရားသဘောသည်။) အာရမ္မဏံ၊ ကို။ စိန္တေတိ၊ သိတတ်၏။ ဣတိ၊ ကြောင့်။ ဝါ၊ ထိုသို့ အာရုံကို သိတတ်သည်၏ အဖြစ်ကြောင့်။ (တံ ဓမ္မဇာတံ။) စိတ္တံ၊ စိတ္တမည်၏။ ဝိဇာနာတိ[၁]၊ သညာသိပုံ ပညာသိပုံမှ တမျိုးတဖုံ သိတတ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ စိန္တေတိ ဟူသော ဝစနတ္ထ၏ အနက်တည်း။ [ဤအလို "စိန္တဓာတ်၊ တပစ္စည်း။] [၂] ဝါ၊ တနည်း။ ယသ္မာ၊ ကြောင့်။ စိတ္တန္တိ၊ ဟူသော။ သေသဒ္ဒေါ၊ ဤသဒ္ဒါသည်။ ယဒ္ဒ စိတ္တသာဓာရဏော၊ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော

၁။ ဝိဇာနာတိတိ။ ။စိန္တေတ်၌ စိတိဓာတ်၊ တနည်း–စိန္တဓာတ်သည် ဇာနန အနက်ကို ဟော၏။ ထို ဇာနနလည်း သညာ၏ မှတ်သိ–သိခြင်း၊ ပညာ၏ အပြားအားဖြင့် သိခြင်းမျိုး မဟုတ်၊ ထို ၂-မျိုး၏ သိပုံမှ တမျိုးတဖုံ သိခြင်း ဟု ပြလို၍ "ဝိဇာ-နာတိ" ဟု ဝိသဒ္ဒ (ထူးခြား) အနက်ဟော ဝိသဒ္ဒါနှင့်တကွ ဖွင့်ပြသည်။ ထို တမျိုးတဖုံ သိခြင်းဟူသည် အာရုံကို ရအောင်ယူခြင်းတည်း။ [ဝိဇာနာတိတိ သညာပညာ-ဟိဝိသိဋ္ဌံ ဝိသယဂ္ဂဟဏံ အာဟ။–ဋီကာ။ တဒုဘယဝိခုရာ၊ ထို ၂–မျိုး၏ ဆန့်ကျင်ဘက် ဖြစ်သော။ အာရမ္မဏူပလဒ္ဓိ၊ အာရုံကို ရခြင်းကို (ရအောင် ယူနိုင်ခြင်းကို)။ ဝိဇာနာတိတိ ဣမိနာ ဝုတ္တံ။–အနုဋီကာ။]

၂။ ယသ္မာ ဝါ။ ။"အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ" ဟု စိဓာတ်၊ ကတ္တားဟော တ-ပစ္စည်းဖြင့်လည်းကောင်း၊ "ကမ္မကိလေသေဟိ စီယတေတိ စိတ္တံ" ဟု စိဓာတ်၊ ကံဟော တ–ပစ္စည်းဖြင့် လည်းကောင်း ပုဒ်ပြီးပုံကို သိပါ၊ ဇောစေ့ရာ၌ ပထမ မဟာကုသိုလ်စိတ် တစိတ်တည်းဖြင့် ၇–ကြိမ် ဖြစ်နိုင်သောကြောင့် "မိမိ၏အစဉ်

သဒ္ဒါတည်း။ တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ စိတ္တံဟူသော ဤ သဒ္ဒါ၏ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော သဒ္ဒါ၏ အဖြစ်ကြောင့်။ (စိတ္တံ ဟု သာမညဆိုလျှင် ဤ ပထမ မဟာကုသိုလ်စိတ်သာ မက၊ အားလုံးသော စိတ်တို့နှင့် ဆက်ဆံသော သဒ္ဒါဖြစ်သောကြောင့်။) တ္ထေ၊ ဤစိတ်တို့တွင်။ ယံ လောကိယကုသလာကုသလကြိယ စိတ္တံ၊ အကြင် လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်သည်။ အတ္ထိ၊ ၏။ တံ၊ ထို လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်သည်။ ဇဝနဝီထိဝသေန၊ ဇောဝီထိ၏ အဖြစ်ဖြင့်။ အတ္တနော၊ ၏။ သန္တာနံ၊ အစဉ်ကို။ စိနောတိ၊ စီတတ်၏။ ဣတိ၊ ကြောင့်။ ဝါ၊ ထိုသို့ မိမိ၏အစဉ်ကို စီတတ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ မည်၏။ [ဤနည်း၌ "စိတ္တံ" အရ လောကီကုသိုလ် အကုသိုလ် ကြိယာသာ ရ၏။] ဝိပါကံ၊ ဝိပါက်သည်။ ဝါ၊ ကို။ ကမ္မကိလေသေဟိ၊ ကံ ကိလေသာတို့သည်။ စိတံ၊ စီအပ်၏။ ဣတိ၊ ကြောင့်။ စိတ္တံ၊ မည်၏။ [ဤနည်း၌ "စိတ္တံ" အရ ဝိပါက် စိတ်သာ ရသည်။]

°အပိစ၊ သည်သာ မကသေး။ သဗ္ဗမ္ပိ၊ အလုံးစုံသော စိတ်သည်လည်း။ ယထာနုရူပတော၊ အကြင်အကြင် လျောက်ပတ်သော သမ္ပယုတ် ဘုံ အာရုံစသော အားဖြင့်။ စိတ္တတာယ၊ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ မည်၏။ စိတ္တကရဏတာယ၊ ဆန်းကြယ်သော အမှုကို ပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ မည်၏။ ဣတိ ဧဝမ္ပိ၊ ဤသို့လည်း။ တ္ထေ၊ ဤ စိတ္တံဟူသော ပုဒ်၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တတ္ထ၊ ထို စိတ္တတာ စိတ္တကရဏတာ တို့တွင်။

ကို စီသည်" ဟု ဆို၏။ ပဋိစ္စသမုပ္ပါဒ် သမ္ပယုတ္တ ဓမ္မ သန္တိရဏအဖြစ်အားဖြင့် လည်းကောင်း၊ ဘဝင်အားဖြင့် လည်းကောင်း၊ ဝိပါက်ဖြစ်ရာ၌ "ထိုဝိပါက်ကို အဝိဇ္ဇာ တဏှာ ဟူသော ကိလေသာ မကင်းသော ရှေးကံက စီအပ်သောကြောင့် လည်းကောင်း၊ ပဋိသန္ဓေ၊ ဘဝင်၊ ဘဝင်နောက် စုတိဖြစ်ရာ၌လည်း ထို့အတူ ရှေးကံကပင် စီအပ်သောကြောင့် လည်းကောင်း "ကံ-ကိလေသာတို့သည် စီတန်းထားအပ်" ဟု ဆိုသည်။ ထိုသို့ စီရာ၌ အဝိဇ္ဇာ တဏှာတည်းဟူသော ကိလေသာ အဖော်လည်း ပါရသေးသောကြောင့် "ကမ္မကိလေသေဟိ" ဟု ဆိုသည်။

၁။ အပိ စ။ပ။စိတ္တံ။ ။"ယသ္မာ ဝါ" စသည်ဖြင့် ပြအပ်သောနည်း၌ ကတ္တုသာဓ်ကမ္မသာဓ် ၂-မျိုးလုံး၌ပင် အာဝဇ္ဇန်းဒွေး ဟူသော ကြိယာစိတ်၊ အဆုံးဇောစိတ်များ မပါ။ မှန်၏၊—"မိမိတည်းဟူသော စိတ်ကို စီတတ်၏"ဟူရာ၌ အဋ္ဌကထာဝယ်"ဇဝနဝီထိဝသေန" ဟု ဆိုသော်လည်း ဋီကာ၌ "အာသေဝနပစ္စယဘာဝေန စိနောတိ" ဟု ဖွင့်သောကြောင့် အဆုံးဇောသည် အာသေဝနပစ္စည်း မတပ်၊ မဂ်ဇောများလည်း အာသေဝနပစ္စည်း မတပ်။ ထိုသို့ ထိုစိတ်များ ကျန်သေးရကား အခြားတနည်းကို ပြပြန်လို၍"အပိ စ" စသည်ကို မိန့်သည်။

[ယသ္မာ ရှေ့ကပုဒ်သည် တသ္မာ နောက်က ပုဒ်၌သာ စပ်ရိုးတည်း။ ယောဇနာ၌ သရာဂံ စိတ္တံ-စသည်ကို ကြည့်၍ "တတ္ထ ဝေတသု စိတ္တေသု" ဟု စွဲလေသည်။] ယသ္မာ၊ ကြောင့်။ သရာဂံ၊ ရာဂနှင့် တကွဖြစ်သော။ စိတ္တံ၊ သည်။ အညဒေဝ၊ သဒေါသ သမောဟ စိတ်တို့မှ တမျိုးတခြား သာတည်း။ သဒေါသံ၊ ဒေါသနှင့် တကွဖြစ်သော။ (စိတ္တံ၊ သည်။) အညံ(ဧဝ)၊သရာဂ သမောဟ စိတ်တို့မှ တမျိုး တခြား သာတည်း။ သမောဟံ၊ သော။ (စိတ္တံ။) အညံ(ဧဝ)၊သရာဂ သဒေါသ စိတ်တို့မှ တမျိုးတခြား သာတည်း။ ကာမာဝစရံ၊ ကာမာဝစရ စိတ်သည်။အညံ (ဧဝ)၊ရူပါဝစရစိတ် စသည်တို့မှ တမျိုးတခြား သာတည်း။ ရူပါဝစရာဒိဘေဒံ၊ ရူပါဝစရ ဇစရှိသော အပြားရှိသော စိတ်သည်။ အညံ (ဧဝ)၊ ကာမာဝစရ စိတ် စသည်တို့မှ တမျိုးတခြား သာတည်း။ ရူပါရမ္မဏံ၊ ရူပါရုံ ဟူသော အာရုံရှိသော စိတ်သည်။(အာရမ္မဏ တပုဒ်ကျေ။)အညံ(ဧဝ)၊သဒ္ဒါဒိအာရမ္မဏ စိတ်တို့မှ တမျိုးတခြား သာတည်း။ သဒ္ဒါဒိအာရမ္မဏံ၊ သဒ္ဒါဒိအာရုံ ဟူသော အာရုံရှိသော စိတ်သည်။ အညံ(ဧဝ)၊ ရူပါဒိအာရမ္မဏ စိတ်တို့မှ တမျိုးတခြား သာတည်း။ ရူပါရမ္မဏေသုစာပိ၊ ရူပါရုံ ဟူသော အာရုံရှိသော စိတ်တို့တွင် လည်း။ နီလာရမ္မဏံ၊ အညိုအာရုံ ဟူသော အာရုံရှိသော စိတ်သည်။ အညံ (ဧဝ)၊ပီတာဒိအာရမ္မဏ စိတ်တို့မှ တမျိုးတခြား သာတည်း။ ပီတာဒိအာရမ္မဏံ၊ ပီတာဒိအာရုံ ဟူသော အာရုံရှိသော စိတ်သည်။ အညံ(ဧဝ)၊နီလာဒိအာရမ္မဏ စိတ်တို့မှ တမျိုး တခြား သာတည်း။ သဒ္ဒါဒိအာရမ္မဏေသုပိ၊ သဒ္ဒါဒိအာရမ္မဏ စိတ်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းပင်တည်း။

စ၊ ဆက်။ သဗ္ဗေသုပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတေသု၊ ဤ သရာဂ အစရှိသော စိတ်တို့တွင်။ ဟီနံ၊ ဟီနစိတ်သည်။ အညံ (ဧဝ)၊ မဇ္ဈိမ ပဏီတ စိတ်တို့မှ တမျိုး တခြားသာတည်း။မဇ္ဈိမံ၊ မဇ္ဈိမ စိတ်သည်။အညံ(ဧဝ)၊ဟီန ပဏီတ စိတ်တို့မှ တမျိုး တခြား သာတည်း။ ပဏီတံ၊ ပဏီတ စိတ်သည်။ အညံ (ဧဝ)၊ ဟီန မဇ္ဈိမ စိတ်တို့မှ တမျိုးတခြား သာတည်း။ဟီနာဒိသုပိ၊ဟီနစိတ် အစရှိသည် တို့တွင်လည်း။ ဆန္ဒာဓိပတေယျံ၊ ဆန္ဒာဓိပတိကြောင့် ဖြစ်သောစိတ်သည်။ အညံ(ဧဝ)၊ ဝီရိယာဓိပတေယျစိတ် စသည်တို့မှ တမျိုးတခြား သာတည်း။ ဝီရိယာဓိပတေယျံ၊ သည်။ အညံ(ဧဝ)၊ဆန္ဒာဓိပတေယျစိတ် စသည်တို့မှ တမျိုး တခြား သာတည်း။ စိတ္တာဓိပတေယျံ၊ သည်။ အညံ (ဧဝ)၊ ဆန္ဒာဓိပတေယျ စိတ် စသည်တို့မှ တမျိုးတခြား သာတည်း။ ဝီမံသာဓိပတေယျံ၊ သည်။အညံ (ဧဝ)၊ ဆန္ဒာဓိပတေယျစိတ် စသည်တို့မှ တမျိုးတခြား သာတည်း။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုစိတ်၏။ ဠမေသံ။ပ။ပဏီတာဓိပတီနံ၊ ဤ သမ္ပယုတ်၊ ဘုံ၊

အာရုံ၊ ဟီန၊ မဇ္ဈိမ၊ ပဏီတ၊ အဓိပတိတို့၏။ ဝသေန၊ အစွမ်းဖြင့်။စိတ္တတာ[၁]၊ ဆန်းကြယ်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ။ [ဆန်းကြယ် ဟူသည် စိတ် တခုနှင့် တခု မတူထူးခြား ကွဲပြားခြင်းတည်း။]

စ၊ ဆက်။ ဧတ္ထ၊ ဤ သရာဂ–အစရှိသော စိတ်တို့တွင်။ ကေမေဝ၊ တခုသော စိတ်သည်သာလျှင်။ ဧဝံ စိတ္တံ၊ ဤသို့ ဆန်းကြယ်သည်။(သမ္ပယုတ် စသောအားဖြင့် ဆန်းကြယ်သည်။)ကာမံ န ဟောတိ၊ အကယ်၍ကား မဖြစ်နိုင်ပါပေ၊ ပန၊ ထိုသို့ပင် မဖြစ်နိုင်ပါသော်လည်း။ [၂]စိတ္တာနံ၊ ဆန်းကြယ်သော စိတ်တို့၏။ အန္တောဂဓတ္တာ၊ အတွင်းဝင်သည်၏ အဖြစ်ကြောင့်။ (ပါဝင်သည်၏ အဖြစ်ကြောင့်။) ဧတေသု၊ ဤစိတ်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ဧကမ္ပိ၊တခုသော စိတ်ကိုလည်း။ စိတ္တတာယ စိတ္တန္တိ၊ဟူ၍။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဧဝံ၊ ဤသို့လျှင်။ တာဝ၊ စိတ္တကရဏတာယမှ ရှေးဦးစွာ။(နိဒ္ဒိဋ္ဌာယ၊ သော။)စိတ္တတာယ၊ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ မည်၏။

ကထံ၊ အဘယ်သို့လျှင်။ စိတ္တကရဏတာယ၊ ဆန်းကြယ်သောအမှုကို ပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်။ (စိတ္တံ၊ စိတ္တ မည်သနည်း။) ဣတိ၊ ဤကား အမေးတည်း။ ဟိ၊ အဖြေကို ဆိုဦးအံ့။ (တနည်း) ဟိ၊ ခဲ့။ လောကသ္မိံ၊ လောက၌။စိတ္တကမ္မတော၊ အဆန်းတကြယ် ပြုလုပ်အပ်သော ပန်းချီရုပ်ထက်။ ဥတ္တရိ၊ အလွန်။ အညံ၊ အခြားသော။ စိတ္တံ နာမ၊ ဆန်းကြယ်သော အရာဝတ္ထု

၁။ စိတ္တတာ။ ။ဤနည်း၌ စိတ္တသဒ္ဒါသည် ဝိစိတ္တအနက်ကို ဟောသော အနိပ္ဖန္နပါဋိ-ပဒိက တည်း။ သရာဂစိတ်နှင့် သဒေါသစိတ် သမောဟစိတ်တို့၏ မတူခြင်းကို ''ဆန်းကြယ်သည်'' ဟု ဆိုသည်။ ''သရာဂံ'' စသည်သည် သမ္ပယုတ်အားဖြင့် ဆန်းကြယ်ပုံ၊ ''ကာမာဝစရံ'' စသည်ကား ဘုံအားဖြင့် ဆန်းကြယ်ပုံ၊ ''ရူပါရမ္မဏံ'' စသည်မှာ အာရုံအားဖြင့် ဆန်းကြယ်ပုံတည်း။ ဟီန-စသည်နှင့် အဓိပတိ ဆန်းကြယ်ပုံမှာ တိုက်ရိုက် အားဖြင့် ထင်ရှားပြီ။

၁။ စိတ္တာနံ အန္တောဂဓတ္တာ။ ။စိတ္တံ ဥပ္ပန္နံ၌ စိတ္တဟူသော အမည်သည် စိတ်တခု တခု၏သာ အမည်တည်း။ဆန်းကြယ်ပုံ ပြရာ၌ကား တခုတည်းဖြင့် ပြ၍မဖြစ်။စိတ်အများ ပေါင်းမိမှ တခုနှင့်တခု မတူကြောင်း ထင်ရှားသောကြောင့် စိတ်အများကို ပြရသည်။ သို့ဖြစ်၍ အဘယ့်ကြောင့် စိတ်တခုတည်းကို ဝိစိတ္တအနက်ကြောင့် စိတ္တ မည်ပါသနည်းဟု မေးဖွယ်ရှိရကား ''စိတ္တာနံ ပန အန္တောဂဓတ္တာ'' ဟု မိန့်သည်။ စိတ်အများ၏ ဆန်းကြယ်ပုံကို စိတ်တခုတည်း၌ တင်စား၍ ကေဒေသူပစာရ-အားဖြင့် စိတ်တခုတည်းကို ''ဆန်းကြယ်သည်''ဟု ဆိုထားသည်-ဟူလို။ ဥပမာ-တောင်ကြီး၏ တစိတ်တပိုင်းကို မြင်ရာ၌ ထို တစိတ်တပိုင်းကိုပင် ''ပဗ္ဗတော ဒိဋ္ဌော-ငါသည် တောင်ကြီးကို မြင်အပ်ပြီ'' ဟု ပြောသကဲ့သို့တည်း။ [နည်း ၄၀-က ''သမုဒ္ဒေါ ဒိဋ္ဌော'' နှင့် သဘောတူပင်။]

မည်သည်။ နတ္ထိ၊ မရှိဟော့။ တသ္မိံပိ၊ ယို အဆန်းတကြယ် ပြုလုပ်အပ်သော ပန်းချီရုပ်တွင်လည်း။ စရဏံ နာမ၊ စရဏ မည်သော။ စိတ္တံ၊ဆန်းကြယ်သော အရုပ်သည်။ အတိစိတ္တမေဝ၊ အလွန် ဆန်းကြယ်သည်သာ။ ဟောတိ၊၏။ တံ၊ ထို စရဏ မည်သော ပန်းချီရုပ်ကို။ ကရောန္တာနံ၊ ပြုလုပ်ကြကုန်သော။ စိတ္တကာရာနံ၊ ပန်းချီဆရာတို့၏။ (စိတ္တသညာ၊ စိတ္တကြိယာ-တို့၌ စပ်။) ဧတ္ထ၊ ဤ ကားပုံပေါ်၌။ ဧဝံ ဝိဓာနိ၊ ဤသို့ အပြားရှိကုန်သော။ ရူပါနိ၊ အရုပ်တို့ကို။ ရူပါနီတိ ဗိမ္ဗာနိ။-ဋီကာ။]ကာတဗ္ဗာနိ၊ပြုထိုက်ကုန်၏။ ဣတိ၊ သို့။စိတ္တသညာ၊ စိတ်၏ အမှတ်အသားသည်။ (စိတ်ကူးညဏ်သည်။) ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ [ရှေး

၁။ တသ္မိံပိ။ ။ယောဇနာ၌ "ဗိ-သဒ္ဒါသည် စိတ်ကိုငဲ့၏" ဟု ဆို၏။ထိုအဆိုကို ရှေးနိဿယ မကြိုက်၍ "သောကဌ ဆန်းကြယ်သော အမှုအပေါင်း ရှိ၏၊ထိုအမှုအပေါင်း၌ ပန်းချီအမှုသည် ဆန်းကြယ်၏။ယိုအမှု၌လည်း လက်စွမ်းပြ စရဏမည်သော ပန်းချီမှုက အလွန်ဆန်းကြယ်သည်" ဟု အခြား ပန်းချီမှုကိုငဲ့သည်ဟု ဆိုသည်။ [မိမိကား "အက္ခရာ ပါဒယော"၌ အပိကဲ့သို့ ရှေ့စကားကိုငဲ့သော ရိုးရာ အပေက္ခာ ဟုပင် ထင်သည်။]

၂။ စရဏံ နာမ စိတ္တံ။ ။ဤပါဠိသည် ခန္ဓသံယုတ်၊ ပုပ္ဖဝဂ်-ပါဠိတော်တည်း။ယို အဋ္ဌကထာ၌ "စရဏံ နာမ စိတ္တန္တိ-ဝိစရဏစိတ္တံ (ထိုထို ဤဤ လှည့်လည်တတ်သော) ဆန်းကြယ်သော ပန်းချီကားပုံ" ဟု ဖွင့်၏။ ["စရဏ-လှည့်လည်ကြောင်း" ဟု ကရိဏ်း အနက် ပေးရိုးရှိသော်လည်း ယိုအနက်မှာ ခြေထောက်ကို အရကောက်ရာ၌သာ လျော်၏။ဤ ပန်းချီကားပုံကား "သူ့ကိုပြဖို့ရန် သွားသူတို့က ယူဆောင်သဖြင့် ဟိုအရပ် ဤအရပ်သို့ လှည့်လည်တတ်သကဲ့သို့ ဖြစ်၏။ ယို့ကြောင့် သံယုတ် အဋ္ဌကထာ အလို အားဖြင့် ကတ္တုသာဓ် ကြံရပါသည်။ ဋီကာ၌ကား "ဂဟေတွာ စရိတဗ္ဗစိတ္တပဋော-ယူ၍ လှည့်လည်အပ်သော ဆန်းကြယ်သော ပန်းချီကား" ဟု ဖွင့်သောကြောင့် "စရိတဗ္ဗန္တိစရဏံ" ဟု ကမ္မသာဓ် ပြုစေလိုဟန် တူသည်။ "လှည့်လည်အပ်" ဟူရာ၌လည်း "ဂဟေတွာ စရိတဗ္ဗ" ကို ကောက်၍ "ယူ၍သွားအပ်" ဟု အဓိပ္ပာယ်မှတ်ပါ။]

ချဲ့ဦးအံ့-သင်္ခါ အမည်ရှိသော ပါသဏ္ဍအယူကို ယူကြသော ပုဏ္ဏားတို့သည် ပန်းချီ ရေးဖို့ရန် အဝတ်ကားပေါင်ကို ပြု၍ ထို အဝတ်ကားပေါင်ပေါ်၌ သုဂတိဘဝ ရောက် နေကြသော နတ်သမီး နတ်သား ဥယျာဉ် ဗိမာန်စသော သမ္ပတ္တိအရုပ်များကို လည်း ကောင်း၊ ဒုဂ္ဂတိဘဝ ရောက်နေကြသော ငရဲသူ ငရဲသား စသော ဝိပတ္တိအရုပ်များ ကိုလည်းကောင်း (ဘုရားတန်ဆောင်းတို့၌ ရေးခေတ်က ရေးသားထားသကဲ့သို့) ဆန်းဆန်းကြယ်ကြယ် ရေးသား၍ ထိုပန်းချီကားကို ပြပြီးလျှင် "မည်သည့်ကောင်းမှု ကြောင့်ဤသမ္ပတ္တိ (ပြည့်စုံသော ပုံသဏ္ဌာန်) ကို ရကြ၏။ မည်သည့် မကောင်းမှုကြောင့် ဤဝိပတ္တိ (ပျက်စီးသော မကောင်းသော ပုံသဏ္ဌာန်) ကို ရကြ၏" ဟု ပြောပြ၍ လှည့် လည်ကြ သတတ်။-ခန္ဓသံယုတ်-အဋ္ဌကထာ။ [ရှေးနိဿယ ၌ကား "စရဏံ နာမ၊လက် စွမ်းပြခြင်းငှာ သွားလေရာရာ ဆောင်ယူအပ်သော လက်စွမ်းပြပုံမည်သည်" ဟု ပေး ၏။]

နိဿယ ၌“စိတ္တသညာ–ဆန်းကြယ်သောသညာသည်”ဟု ရှိ၏။] တာယ စိတ္တသညာယ၊ ထို စိတ်၏ အမှတ်အသားကြောင့်။ (ထို စိတ်ကူးညဏ်ကြောင့်။ ဥပ္ပဇ္ဇန္တိ–၌ စပ်။) လေခါဂ္ဂဟဏ်ရဇ္ဇနဥဇ္ဇောတနဝတ္တနာဒိနိပ္ဖာဒိကာ[၁]၊ စုတ်တံကိုင်မှု၊ ဆေးရေးမှု၊အရောင်တင်မှု၊ရွဲလုံး ရွှဲပြောက်ချမှု အစရှိသော အလုပ်ကို ပြီးစေတတ်ကုန်သော။ စိတ္တကြိယာ၊ စိတ်၏အမူအရာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ [ရှေးနိဿယ ၌“စိတ္တကြိယာ–ဆန်းကြယ်သော ကြိယာတို့သည်”ဟု ပေး၏။ စိတ်၏ အရင်းခံပုံကို ပြသောအရာဖြစ်၍“စိတ်”ဟုသာ ပေးသင့်၏။]

တတော၊ ထိုမှ နောက်၌။ စရဏသခ်ါတော၊ စရဏဟု ခေါ်ဆိုအပ်သော။ စိတ္တေ၊ ဆန်းကြယ်သော ပန်းချီကား၌။ အညတရံ၊ အမှတ်မရှိ တစုံတခုသော။ ဝိစိတ္တံ၊ ထူးဆန်းသော။(အထူးသဖြင့် ဆန်းကြယ်သော။) ရူပံ၊ အရုပ်သည်။ နိပ္ဖဇ္ဇတိ၊ ပြီးစီး၏။ တတော၊ ထို မူလအရုပ် ပြီးစီးရာအခါမှ။ပရံ၊ ၌။ဣမဿ ရူပဿ၊ ဤ အရုပ်၏။ ဥပရိ၊ အထက်၌။(အပေါ်က။) ဣဒံ၊ ဤအရုပ်သည်။ ဟောတု၊ ဖြစ်စေသင့်၏။ ဟေဋ္ဌာ၊ အောက်၌။(အောက်က။) ဣဒံ၊ သည်။ ဟောတု။ ဥဘယပဿေ၊ ၂–ဘက်သော ဘေး၌။(ဘေး ၂–ဘက်က။) ဣဒံ၊ ဤ အရုပ်သည်။ ဟောတု၊ ဖြစ်စေသင့်၏။ ဣတိ၊ သို့။ စိန္တေတွာ၊ ကြံစည်ပြီး၍။(စိတ်ကူးပြီး၍။) ယထာ စိန္တိတေန၊ အကြင်အကြင် ကြံစည်အပ်သော။ (အကြင်အကြင် စိတ်ကူးအပ်သော။) ကမေန၊ အစဉ်အားဖြင့်။ သေသစိတ္တ–ရူပနိပ္ဖာဒနံ၊ မူလအရုပ်မှ ကြွင်းသော ဆန်းကြယ်သော အရုပ်ကို ပြီးစေခြင်းသည်။ ဟောတိ၊ ၏။

[ပန်းချီရေးခြင်း၏ နိဂုံးကိုပြလို၍ ဧဝံ–စသည် မိန့်။] ဧဝံ၊ ဤသို့လျှင်။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ လောကေ၊ ၌။ ဝိစိတ္တံ၊ ထူးဆန်းသော။ (အထူးသဖြင့် ဆန်းကြယ်သော။) သိပ္ပဇာတံ၊ အတတ်မျိုးသည်။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထို အလုံးစုံသောအတတ်မျိုးကို။ စိတ္တေနေဝ၊ စိတ်သည်သာလျှင်။ (အကြောင်းရင်း စိတ်ကသာ။)ကရီယတိ၊ ပြုအပ်၏။

၁။ လေခါ။ပ။နိပ္ဖာဒိကာ။ ။လိခီယတိ တာယာတိ လေခါ–ရေးသားကြောင်း စုတ်တံ။လေခါယ+ဂဟဏံ-လေခါဂ္ဂဟဏံ။ရဉ္ဇီယတေ၊ဆေးဆိုးခြင်း (ဆေးရေးခြင်း)။ ရဉ္ဇနံ။ဥဇ္ဇောတီယတေ၊ တောက်ပစေခြင်း (အရောင်တင်ခြင်း) ဥဇ္ဇောတနံ၊ခြင်း။နှုတ်ခမ်းနေရာ၌ အနီ၊ မျက်ခုံးမွေးနေရာ၌ အနက် စသည်ဖြင့် ဆေးရောင်တင်ခြင်းကို‘‘ဥဇ္ဇော-တန’’ဟု ဆိုသည်။ ဝတ္တတိ အာဝတ္တတိ၊ လည်တတ် လုံးတတ်၏။ ဣတိ ဝတ္တနံ။ ရွဲလုံး ပုလဲလုံး စသည်ကို“ဝတ္တန”ဟု ဆိုဟန်တူသည်။တာနိ+အာဒိ ယေသံတိ လေခါ။ပ။ ဝတ္တနာဒီနိ၊ တေသံ+နိပ္ဖာဒိကာ လေခါ။ပ။နိပ္ဖာဒိကာ။

[စိတ္တကရဏတာယ ၏ နိဂုံးကိုပြလို၍ ဇဝံ-စသည် မိန့်။]

ဧဝံ၊ ဤသို့လျှင်။ ဣမာယ ကရဏဝိစိတ္တတာယ[၁]၊ ဤ ပြုလုပ်အပ်သောအမှု၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ တဿ တဿ စိတ္တဿ၊ ထိုထို ဆန်းကြယ်သောပန်းချီရုပ်ကို။ နိပ္ဖာဒကံ၊ ပြီးစေတတ်သော။ စိတ္တမ္ပိ၊ အရင်းခံ စိတ်သည်လည်း။ တထေဝ၊ ထို ပန်းချီရုပ် အတူသာလျှင်။ စိတ္တံ၊ ဆန်းကြယ်သည်။ ဟောတိ၊ ၏။

ဝါ၊ တနည်းကား။ (ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာ တနည်းကား။) ယထာ-စိန္တိ တဿ၊ အကြင်အကြင် ကြံစည်အပ်ပြီးသော။ (အကြင်ကြင်စိက်ကူးထားသော။) အနဝသေသဿ၊ အကြွင်းမရှိသော အရုပ်၏။ အနိပ္ဖန္နတော၊ မပြီးစီးနိုင်ခြင်းကြောင့်။ (စိတ်ကူးသလောက်လက်မမြောက်သောကြောင့်။) တတော-ပိ၊ ထို အဆန်းတကြယ် ပြုလုပ်အပ်သော ပန်းချီရုပ်ထက်လည်း။ စိတ္တမေဝ၊ အရင်းခံစိတ်သည်သာ။ စိတ္တတရံ၊ သာ၍ ဆန်းကြယ်၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ ဒိဋ္ဌံ ဝေါ ဘိက္ခဝေ။ပ။စိတ္တတရန္တိ၊ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ [ဤ ပါဠိတော်သည်“ယထာစိန္တိတဿ ဝါ” ဟု တက်လာသော စကား၏ သာဓက ဖြစ်၏။အနက်ကား—ဘိက္ခဝေ၊ တို့။ ဝေါ၊သင်တို့သည်။ စရဏံ နာမ၊ စရဏ မည်သော။ စိတ္တံ၊ ဆန်းကြယ်သော အရုပ်ကို။ ဒိဋ္ဌံ၊ မြင်အပ်ဖူးသလော။ ဣတိ၊ ဤသို့ မေးတော်မူပြီ။ ဧဝံ ဘန္တေ၊ မေးတော်မူသည့် အတိုင်းပါဘုရား။ (မြင်အပ်ဖူးပါသည်-ဟူလို။) ဣတိ၊ ဤသို့ လျှောက်ကြကုန်ပြီ။ဘိက္ခဝေ၊ တို့။ စရဏံ၊ စရဏ မည်သော။ တမ္ပိ စိတ္တံ၊ ထို ဆန်းကြယ်သော ပန်းချီရုပ်ကိုလည်း။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ စိန္တိတံ၊ ကြံစည်အပ်ပြီ။ (စိတ်ကူးအပ်ပြီ။) ဘိက္ခဝေ၊ တို့။ စရဏေန၊ မည်သော။ တေနပိ စိတ္တေန၊ ထိုဆန်းကြယ်သော ပန်းချီရုပ်ထက်လည်း။ စိတ္တံယေဝ၊ စိတ်သည်သာ။ (စိတ်ကသာ။) စိတ္တတရံ၊ သာ၍ ဆန်းကြယ်၏။]

၁။ **ကရဏဝိစိတ္တတာယ။** ။“ကရဏ ဝိစိတ္တတာယ”ဟူသော ဤ ပါဌ်ကိုကြည့်၍ “စိတ္တ ကရဏတာယ—ပြုအပ်သော ပန်းချီစသောအမှု (ဂတိ စသောအကျိုး)၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်”ဟု ရှေးနိဿယ၌ တနည်းပေး၏။သို့သော်“တဿ တဿ စိတ္တဿ နိပ္ဖာဒကံ စိတ္တမ္ပိ”ဟူသော နောက်စကားကို ထောက်လျှင် “ပြီးစေတတ် ပြုတတ်သောစိတ်”ဟု အဓိပ္ပာယ်ရ၏။ ဤသို့ အဓိပ္ပာယ်ရသောကြောင့်“စိတ္တ—ကရဏ ဆန်းကြယ်သော အလုပ် (ပန်းချီရုပ်၊ ဂတိ စသည်၌ အဖျတ္တိက ဆန်းကြယ်ပုံ) ကို ပြုလုပ်တတ်”ဟူသော ကတ္တားအနက်က သာ၍ထင်ရှားရကား ထို ကတ္တားအနက်ကိုသာ ပေးထားပါသည်။ဤနည်း၌“စိတ္တကရဏ”ဟု ဆိုလိုလျက်“ကရဏ”ဟူသော နောက်ပုဒ်ကို ချေ၍“စိတ္တံ”ဖြစ်သည်ဟု ကြံပါ။

တထာ၊ ထိုမှတပါး။ (ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်ကို ပြုလုပ်တတ်ပုံမှတပါး ထိုထိုဂတိတို့၌ အဇ္ဈတ္တိက ဆန်းကြယ်မှု ပြုလုပ်တတ်ပုံကို ဆိုဦးအံ့။) ဒေဝမနုဿနိရယ (ပေတ) တိရစ္ဆာနဘေဒါသု၊ ဒေဝဂတိ,မနုဿဂတိ, နိရယဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ အပြားရှိကုန်သော။ [ရှေးစာအုပ်များ၌ "ပေတ" ကျသည်။]ဂတီသု၊ ဂတိ ၅-ပါးတို့၌။ ကမ္မလိင်္ဂသညာဝေါဟာရာဒိဘေဒံ၊ ကံ, အသွင်သဏ္ဍာန်, အမှတ်သညာ, အခေါ်အဝေါ် အစရှိသော အပြားရှိသော။ အဇ္ဈတ္တိကံ[၁]၊ အတ္တကို စွဲမှီ၍ဖြစ်သော။ (ဣန္ဒြိယဗဒ္ဓဖြစ်သော။) ယဒေတံ စိတ္တံ၊ အကြင် ဆန်းကြယ်သော အမှုသည်။အတ္ထိ၊ ၏။ တမ္ပိ၊ ထိုဆန်းကြယ်သော အမှုကိုလည်း။ စိတ္တကတမေဝ၊ စိတ်သည် ပြုအပ်သည်သာ။ ဟိ၊ ချဲ့။ ကာယကမ္မာဒိဘေဒံ၊ကာယကံ အစရှိသော အပြားရှိသော။ ဒါနသီလဝိဟိံသာ သာဌေယျာဒိ နယပ္ပဝတ္တံ၊ ပေးကမ်းခြင်း, သီလဆောက်တည်ခြင်း, ညှဉ်းဆဲခြင်း, ကောက်ကျစ် စဉ်းလဲသူ၏ အဖြစ် အစရှိသော နည်းအားဖြင့် ဖြစ်သော။ ကုသလာကုသလကမ္မံ၊ ကုသိုလ် အကုသိုလ်ကံသည်။ စိတ္တနိပ္ဖာဒိတံ၊ စိတ်သည် ဖြစ်စေအပ်သော။ ကမ္မနာနတ္တံ၊ ကံ၏ ကွဲပြားသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ဆက်။ ကမ္မနာနတ္တေနေဝ၊ ကံ၏ ကွဲပြားသည်၏ အဖြစ်ကြောင့်ပင်။တာသု တာသု ဂတီသု၊ ထိုထို ဂတိတို့၌။ ဟတ္ထပါဒကဏ္ဏဥဒရဂီဝါမုခါဒိသဏ္ဌာနဘိန္နံ၊ လက်သဏ္ဌာန်, ခြေသဏ္ဌာန်, နားသဏ္ဌာန်, ဝမ်းသဏ္ဌာန်, လည်ပင်းသဏ္ဌာန်, မျက်နှာသဏ္ဌာန် အစရှိသော ပုံသဏ္ဌာန်အားဖြင့် ကွဲပြားသော။လိင်္ဂနာနတ္တံ[၂]၊ အသွင်သဏ္ဌာန်၏ ကွဲပြားသည်၏ အဖြစ်သည်။ဟောတိ၊ ဖြစ်၏။

၁။ အဇ္ဈတ္တိကံ။ ။အဇ္ဈတ္တိကာယတန ၆-ပါးကို ယူမည်စိုး၍''ဣန္ဒြိယဗဒ္ဓံ ဝဒတိ' ဟု ဋီကာဖွင့်၏။ဇီဝိတိန္ဒြေနှင့် စပ်သော တကိုယ်လုံးကို"အဇ္ဈတ္တိက''ဟု ယူပါ-ဟူလို"

၂။ လိင်္ဂနာနတ္တံ။ ။''လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ''ဟု ဘာဝရုပ်အခန်း၌ လာလတ္တံ့အတိုင်း လိင်္ဂနာနတ္တံကို''သဏ္ဌာန နာနတ္တံ''ဟု ဋီကာဖွင့်၏။ ဤအဖွင့် အလိုအားဖြင့် "လိင်္ဂနှင့် သဏ္ဌာနကို သဘောတူ''ဟု မှတ်ပါ။"လိင်္ဂံ ပဿ အတ္ထီတိ လိင်္ဂံ'' ဟု ပြု၍ သဒ္ဒိရ (တကိုယ်လုံး) ကို အရကောက်ပြီးလျှင် ထိုကိုယ်၏နာနတ္တကို''လိင်္ဂနာနတ္တံ'' ဟုလည်း တနည်း ဖွင့်သည်။

ဆိုလိုရင်းကား။ ။"အရင်းခံစိတ်၏ ဆန်းကြယ်မှုကြောင့် ကံအမျိုးမျိုး ကွဲပြားရ၏။ ကံ၏ ကွဲပြားမှုကြောင့် ကံအကျိုးပေးရာ ဘဝဂတိတို့၌ လက် ခြေ စသော ပုံသဏ္ဌာန်များ ကွဲပြားရ၏။ ပုံသဏ္ဌာန် ကွဲပြားမှုကြောင့် ဤသူကား အမ၊ ဤသူကား အထီး (မိန်းမ-ယောကျာ်း) ဟု အမှတ်သညာ ကွဲပြားရ၏။ သညာ၏ ကွဲပြားမှုကြောင့် အမ-အထီး '' (မိန်းမ-ယောကျာ်း) ဟု အခေါ်အဝေါ် ကွဲပြားရ၏။ အခေါ်အဝေါ်

လိင်္ဂနာနတ္တတော၊ အသွင်သဏ္ဌာန်၏ ကွဲပြားသည်၏ အဖြစ်ကြောင့်။ ယထာဂဟိတသဏ္ဌာနဝသေန၊ အကြင် အကြင် စိတ်ဖြင့် မှတ်ယူအပ်သော ပုံသဏ္ဌာန်၏ အစွမ်းဖြင့်။ အယံ၊ ဤသူကား။ (ဤသို့ ပုံသဏ္ဌာန်ရှိသူကား။) ဣတ္ထီ၊ မိန်းမတည်း။ (အမတည်း။) အယံ၊ ဤသူကား။ (ဤသို့ ပုံသဏ္ဌာန် ရှိသူကား။) ပုရိသော၊ ယောကျ်ားတည်း။ (အထီးတည်း။) ဣတိ၊ သို့။ ဥပ္ပဇ္ဇမာနာယ၊ ဖြစ်သော။ သညာယ၊ အမှတ်သညာ၏။ နာနတ္တံ၊ ကွဲပြားသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ သညာနာနတ္တတော၊ အမှတ်သညာ၏ ကွဲပြားသည်၏ အဖြစ်ကြောင့်။ သညာနုရူပေန၊ အမှတ်သညာအား လျော်သောအားဖြင့်။ ဣတ္ထီတိ ဝါ၊ မိန်းမဟူ၍ လည်းကောင်း။ (အမဟူ၍လည်းကောင်း။) ပုရိသောတိ ဝါ၊ ယောကျ်ားဟူ၍လည်းကောင်း။ (အထီးဟူ၍လည်းကောင်း။) ဝေါဟာရန္တာနံ၊ ခေါ်ဝေါ်ကြသူတို့၏။ ဝေါဟာရနာနတ္တံ၊ အခေါ်အဝေါ်၏ ကွဲပြားသည်၏ အဖြစ်သည်။ ဟောတိ။

[ကမ္မ လိင်္ဂသညာဝေါဟာရာဒိဘေဒံ-ဟူသော အကျဉ်းသခင်္ဂဟ စကား၌ ဝေါဟာရတိုင်အောင် အကျယ်ပြပြီး၍ ယခုအခါ အာဒိ၏ အကျယ်ကို ပြလိုသောကြောင့် "ဝေါဟာရနာနတ္တဝသေန ပန"စသည် မိန့်။]

ပန၊ ကား။ (အတိတ်ကံကြောင့် နာနတ္တ ဖြစ်ပုံမှတပါး ပစ္စုပ္ပန်ကံကြောင့် အနာဂတ်၌ နာနတ္တဖြစ်ပုံကို ဆိုဦးအံ့။) ဝေါဟာရနာနတ္တဝသေန၊ အခေါ် အဝေါ်၏ ကွဲပြားသည်၏အဖြစ်၏ အစွမ်းဖြင့်။ ယသ္မာ၊ ကြောင့်။ ဣတ္ထီ၊ သည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ (ဖြစ်ရလို၏။) ပုရိသော၊ သည်။ ဘဝိဿာမိ။ ခတ္တိယော၊ ခတ္တိယသည်။ ဘဝိဿာမိ။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ (ဖြစ်ရလို၏။) ဣတိ ဧဝံ၊ ဤသို့ တောင့်တ၍။ တဿ တဿ အတ္တဘာဝဿ၊ ထိုထို အတ္တဘောကို။ ဇနကံ၊ ဖြစ်စေတတ်သော။ ကမ္မံ၊ ပစ္စုပ္ပန် ကံကို။ ကရီယတိ၊ ပြုအပ်၏။ တသ္မာ၊ ကြောင့်။ (ဣတ္ထီ ဘဝိဿာမိ-စသည်ဖြင့် တောင့်တ၍ ထိုထို အတ္တဘာဝဇနက-ကံ၏ ပြုအပ်သည့်အတွက်။) ဝေါဟာရနာနတ္တတော၊ အခေါ် အဝေါ်၏ ကွဲပြားသည်၏ အဖြစ်ကြောင့်။ ကမ္မနာနတ္တံ၊ ပစ္စုပ္ပန်ကံ၏ ကွဲပြားသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။

ကွဲပြားမှုကြောင့် "မိန်းမ ဖြစ်ရပါလို၏၊ ယောကျ်ား ဖြစ်ရပါလို၏၊ ခတ္တိယ ဖြစ်ရပါလို၏" စသည်ဖြင့် တောင့်တ၍ ထိုထိုကံကို ပြုသဖြင့် ရောက်လေရာဘဝ၌ ကံကွဲပြားမှု ထပ်၍ ဖြစ်ရပြန်၏။ ဤသို့ စသည်ဖြင့် ဂတိကွဲပြားပုံ၊ ထိုထိုဂတိ၌ အပါဒက ဒွိပါဒက-စသည် ကွဲပြားပုံ၊ ထိုထို ဥပပတ္တိ၌ ဥစ္စ နီစ-စသည် ကွဲပြားပုံ။ ထိုထို အတ္တဘော၌ သုဝဏ္ဏ ဒုဗ္ဗဏ္ဏ-စသည် ကွဲပြားပုံ၊ လာဘ အလာဘ-စသည် ကွဲပြားပုံ ဤအလုံးစုံကို ကံ၏အရင်းခံဖြစ်သောစိတ်သည်သာ ပြုအပ်ပါသည်-ဟု ဆိုလိုသည်။

[ပစ္စုပ္ပန်ကံကြောင့် အနာဂတ်ကိုပြလျက် သံသရာစက်လည်ပုံ ပဋိစ္စသမုပ္ပါဒ်ကို ပြလိုရကား "တံ ပနေတံ" စသည် မိန့်။]

ပန၊ ဆက်။ တံ ဧတံ ကမ္မနာနတ္တံ၊ ထို ပစ္စုပ္ပန်ကံ၏ ကွဲပြားသည်၏ အဖြစ်သည်။ ယထာ ပတ္တိတံ၊ အကြင်အကြင် တောင့်တအပ်သော။ ဘဝံ၊ ကို။ နိဗ္ဗတ္တေန္တံ၊ ဖြစ်စေလတ်သော်။ ယသ္မာ၊ ကြောင့်။ ဂတိဝသေန၊ ဂတိ၏ အစွမ်းဖြင့်။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ တသ္မာ၊ ကြောင့်။ (ဂတိအစွမ်းဖြင့် ဖြစ်စေသည်၏ အဖြစ်ကြောင့်။) ကမ္မနာနတ္တတော၊ ပစ္စုပ္ပန်ကံ၏ ကွဲပြားသည်၏အဖြစ်ကြောင့်။ ဂတိနာနတ္တံ၊ ဂတိ၏ ကွဲပြားသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။

စ၊ ဆက်။ ကမ္မနာနတ္တေနေဝ၊ ကံ၏ ကွဲပြားသည်၏ အဖြစ်ကြောင့်ပင်။ တေသံ တေသံ သတ္တာနံ၊ တို့၏။ တသ္မာ တသ္မာ ဂတိယာ၊ ထိုထို ဂတိ၌။ အပါဒက ဒွိပါဒကာဒိတာ၊ အခြေမရှိသော သတ္တဝါ၊ အခြေ ၂—ချောင်းရှိသော သတ္တဝါ အစရှိသည်တို့၏ အဖြစ်သည် လည်းကောင်း။ (ပညာယတိ—၌ စပ်။) တသ္မာ တသ္မာ ဥပပတ္တိယာ၊ ထိုထို အမျိုးဇာတ်၌။ [နောက်၌ ဖွင့်လတ္တံ့။] ဥစ္စနီစာဒိတာ၊ မြင့်မြတ်သော သတ္တဝါ ယုတ်နိမ့်သော သတ္တဝါ အစရှိသည်တို့၏ အဖြစ်သည်လည်းကောင်း။ တသ္မိံ တသ္မိံ အတ္တဘာဝေ၊ ထိုထို အတ္တဘော၌။ (ထိုထို ဥပပတ္တိ၌။) သုဝဏ္ဏဒုဗ္ဗဏ္ဏာဒိတာ၊ ကောင်းသော အဆင်းရှိသော သတ္တဝါ မကောင်းသော အဆင်း ရှိသော သတ္တဝါ အစရှိသည်တို့၏ အဖြစ်သည်လည်းကောင်း။ လောကဓမ္မေသု၊ လောကဓံတို့၌။ လာဘာ လာဘာဒိတာ စ[1]၊ လာဘ်ရခြင်း လာဘ်မရခြင်း အစရှိသည်တို့၏ အဖြစ်သည်လည်းကောင်း။ ပညာယတိ၊ ထင်ရှား၏။ တသ္မာ၊ ကြောင့်။ သဗ္ဗံ၊ သော။ ဒေဝမနုဿနိရယ(ပေတ) တိရစ္ဆာနဘေဒါသု၊ ကုန်သော။ ဂတီသု၊ တို့၌။ ကမ္မလိင်္ဂသညာ ဝေါဟာရာဒိဘေဒံ၊ သော။ အဇ္ဈတ္တိကံ၊ သော။ ဧတံ စိတ္တံ၊ ဤ ဆန်းကြယ်သော အမှုကို။ စိတ္တေနေဝ၊ စိတ်သည်သာ။ ကတံ၊ ပြုအပ်ပြီ။ ဣတိ ဝေဒိတဗ္ဗံ။

၁။ အပါဒက။ပ။လာဘာဒိတာ။ ။ဆာဒိသဒ္ဒါ ၄-ခုတို့ဖြင့် နောက်လာမည့်သုတ်၌ "ဂတိယာ နာနာကရဏံ ပညာယတိ—အပဒါ ဒွိပဒါ စတုပ္ပဒါ" စသည်ဝယ် စတုပ္ပဒါ စသည်ကိုလည်းကောင်း၊ "ဥပပတ္တိယာ ဥစ္စနီစတာ၊ ဟီန ပဏီတတာ" စသည်ဝယ် ဟီန ပဏီတတာ စသည်ကိုလည်းကောင်း၊ အတ္တဘာဝေ။ပ။ သုဝဏ္ဏ ဒုဗ္ဗဏ္ဏတာ၊ သုဇာတ ဒုဇ္ဇာတတာ" စသည်ဝယ် သုဇာတဒုဇ္ဇာတ စသည်ကိုလည်းကောင်း၊ လောကဓမ္မေ။ပ။လာဘာ လာဘေ၊ယသာ ယသေ"စသည်ဝယ် ယသ အယသ စသည်ကိုလည်းကောင်း ယူပါ—ဟု ဋီကာဖွင့်သည်။

သွာယံ (သော+အယံ) အတ္ထော၊ ထို ဆိုအပ်ပြီးသော ဤ အနက်ကို။ (ကမ္မနာနတ္တ-စသည်ကြောင့် လိင်္ဂနာနတ္တ-စသည် ဖြစ်ရ၏ဟူသော အနက်ကို။) သံဂီတိ အနာရုဠှော၊ သံဂါယနာ ၃-တန်သို့ မဟက်ရောက်သော။ (သံဂါ-ယနာ မတင်အပ်သော။) ဠမယာ သုတ္တသာ၊ ဤ ဆိုအပ်လတ္တံ့သော သုတ်၏။ ဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗော။ ဟိ၊ သာဓက-ကား။ ကမ္မနာနတ္တ။ ပ။ သုခဒုက္ခေ-တိ၊ ကမ္မနာနတ္တ။ ပ။ သုခဒုက္ခေ ဟူသော။ စေတံ(သုတ္တံ)၊ ဤ ပါဠိတော်ကို။ (ဘဂဝတာ။) ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ကမ္မနာနတ္တပုထုတ္တပ္ပဘေဒ ဝဝတ္ထာန-ဝသေန၊ ကံ၏ မတူထူးခြားသည်၏ အဖြစ်၊ ကံ တမျိုးတမျိုး၏ များသည်၏ အဖြစ်၊ ဟုဘာ‌ခုသော အစု၏ ကွဲပြားပုံကိုပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်း၏ အစွမ်းဖြင့်။ လိင်္ဂနာနတ္တ။ ပ။ ဝဝတ္ထာနံ၊ အသွင်သဏ္ဌာန်၏ မတူထူးခြားသည်၏

၁။ ကမ္မ။ ပ။ ဝဝတ္ထာနဝသေန။ ။နာနတ္တ၊ ပုထုတ္တ၊ ပဘေဒ ဤ ၃-မျိုးတို့၏ အဓိပ္ပာယ်အထူးကို ဋီကာအတိုင်း သိရာ၏။ ဝိသဒိသဘာဝတာ နာနတ္တံ-တပါးနှင့် တပါး မတူသည်၏အဖြစ်ကို"နာနတ္တ"ဟု ခေါ်၏။နာနာ၊မတူသော (ကွဲပြားသော) ကံ စသည်တို့၏+ဘာဝေါ၊သည်။ (ကုသိုလ်ကံနှင့်အကုသိုလ်ကံတို့၏ မတူခြင်းသည်။) နာနတ္တံ၊ မည်၏။

၁။ ပုထုတ္တ။ ။"ဗဟုပ္ပကာရတာ ပုထုတ္တံ"နှင့်အညီ ကုသိုလ်၏လည်း ဒါန သီလ စသည် ကာယသုစရိုက်-စသည်အားဖြင့် များသည်၏ အဖြစ်သည် လည်းကောင်း၊ အကုသိုလ်ကံ၏ လည်း မဇ္ဈရိယ-စသည် ကာယဒုစရိုက်-စသည်အားဖြင့် များသည်၏ အဖြစ် (များခြင်း) သည်လည်းကောင်း ပုထုတ္တမည်၏။ ပုထုနော၊ များသောကံ၏+ဘာဝေါ၊ သည်။ (များခြင်းသည်။) ပုထုတ္တံ၊ မည်၏။

၁။ ပဘေဒ။ ။"ဧကေကဿ ပကာရဿ+ဘေဒေါ ပဘေဒေါ" နှင့်အညီ တပါးတပါးသော ဒါန သီလ-စသော အစု၊ မဇ္ဈရိယ-စသော အစု၏+အနွဒါန ပါန-ဒါန-စသော အားဖြင့် လည်းကောင်း၊ ပါဏာတိပါတ ဝိရတိ စသော သုစရိုက်အား ဖြင့်လည်းကောင်း ပြားခြင်း၊ အာဝါသမဇ္ဈရိယ-စသော အားဖြင့် လည်းကောင်း၊ ပါဏာတိပါတ-စသော ဒုစရိုက်အားဖြင့် လည်းကောင်း ပြားခြင်းသည် "ပဘေဒ" မည်၏။ [လိင်္ဂနာနတ္တ စသည်၊ သညာနာနတ္တ စသည်၊ ဝေါဟာရနာနတ္တ စသည်ကို လည်း ဤ ကမ္မနာနတ္တ စသည်ကို နည်းမှီး၍ သိပါ။]

၁။ ဝဝတ္ထာန။ ။ဝိ+အဝ+ဌာန-အသီးအသီး+ဆိုင်ရာတွင် ပါဝင်၍+တည် ခြင်းကို"ဝဝတ္ထာန"ဟု ခေါ်၏။ ထိုသို့ ပါဝင်တည်နေလျှင် သဘောမတူသောတရား နှင့် မရောပဲ သီးသန့်တည်နေခြင်း ဖြစ်ရကား ထိုသို့ သီးသန့်တည်နေခြင်းကိုပင် "ပိုင်း ခြားသတ်မှတ် ဆုံးဖြတ်ခြင်း"ဟု ခေါ်၏။ ထို့ကြောင့် ဝဝတ္ထာနံကို "ဝဝတ္ထိတတာ ဝိနိစ္ဆိတတာ"ဟု ဋီကာဖွင့်သည်။

အဖြစ်၊ အသွင်သဏ္ဌာန် တမျိုးတမျိုး၏ များသည်၏အဖြစ်၊ တခုတခုသော အစု၏ ကွဲပြားပုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းသည်။ဘဝတိ၊၏။လိင်္ဂနာနတ္တ။ပ။ဝသေန၊ ဖြင့်။ သညာနာနတ္တ။ပ။ဝဝတ္ထာနံ၊ အမှတ်သညာ၏ မတူထူးခြားသည်၏အဖြစ်၊ အမှတ်သညာ တမျိုးတမျိုး၏ များသည်၏အဖြစ်၊တခုတခုသော အစု၏ ကွဲပြားပုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းသည်။ဘဝတိ၊ ၏။ သညာ။ပ။ဝသေန၊ ဖြင့်။ ဝေါဟာရ။ပ။ဝဝတ္ထာနံ၊ အခေါ်အဝေါ်၏ မတူထူးခြားသည်၏အဖြစ်၊ အခေါ်အဝေါ် တမျိုးတမျိုး၏ များသည်၏ အဖြစ်၊ တခုတခုသော အစု၏ ကွဲပြားပုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းသည်။ဘဝတိ၊ ၏။ ဝေါဟာရ။ပ။ ဝသေန၊ ဖြင့်။ ကမ္မ။ပ။ဝဝတ္ထာနံ၊ ပစ္စုပ္ပန်ကံ၏ မတူထူးခြားသည်၏အဖြစ်၊ ကံ တမျိုးတမျိုး၏ များသည်၏ အဖြစ်၊ တခုတခုသော အစု၏ ကွဲပြားပုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်း သည်။ ဘဝတိ၊ ၏။

ကမ္မနာနာကရဏံ[၁]၊ ပစ္စုပ္ပန်ကံ၏ အသီးအခြားပြုကြောင်း အထူးကို။ပဋိစ္စ၊ စွဲမှီ၍။သတ္တာနံ၊ နောက်ဘဝ၌ ဖြစ်လတ္တံ့သော သတ္တဝါတို့၏။ ဂတိယာ၊အနာဂတ် ဂတိ၌။ နာနာကရဏံ၊ အသီးအခြားပြုကြောင်း အထူးသည်။ပညာယတိ၊ ထင်ရှား၏။ အပဒါ၊ အခြေမရှိသော သတ္တဝါတို့သည်လည်းကောင်း။ ဒွိပဒါ၊ ခြေ ၂–ချောင်းရှိသော သတ္တဝါတို့သည် လည်းကောင်း။ စတုပ္ပဒါ၊ အခြေ ၄–ချောင်းရှိသော သတ္တဝါတို့သည် လည်းကောင်း။ ဗဟုပ္ပဒါ စ၊ များသော အခြေရှိသော သတ္တဝါတို့သည်လည်းကောင်း။ ရူပိနော၊ ရုပ်သာရှိသော သတ္တဝါတို့သည် လည်းကောင်း။ (အသညသတ်ကို ရည်ရွယ်သည်။) အရူပိ နော၊နာမ်သာရှိသော သတ္တဝါတို့သည် လည်းကောင်း။(အရူပဘုံသားကို ရည်ရွယ်သည်။) သညိနော၊ သညာရှိသော သတ္တဝါတို့သည် လည်းကောင်း။(နောက် ၂-မျိုးမှကြွင်းသော အားလုံးကိုရည်ရွယ်သည်။)အသညိနော၊ သညာမရှိသော သတ္တဝါတို့သည် လည်းကောင်း။ (အသညသတ်ကို ရည်ရွယ်သည်။) နေဝသညီနာသညိနော၊ နေဝသညီနာသညီ သတ္တဝါတို့သည်

၁။ ကမ္မနာနာကရဏံ။ ။ရှေ့၌“ကမ္မနာနတ္တ”စသည်ဖြင့် ဆိုအပ်သော ကံသည် အတိတ်ကံတည်း။ ထို ရှေးကံကြောင့် ယခုပစ္စုပ္ပန်၌ လိင်္ဂ၊ သညာ၊ ဝေါဟာရနာနတ္တ–စသည်ဖြစ်၏။ ထိုဝေါဟာရနာနတ္တကြောင့် ဖြစ်သော ပစ္စုပ္ပန်ကံကို“ကမ္မနာနတ္တ ပုထုတ္တပ္ပဘေဒဝဝတ္ထာနံ ဘဝတိ”၌ ကမ္မပုဒ်ဖြင့်ပြ၏။“ကမ္မနာနာကရဏံပဋိစ္စ”စသော ပါဠိဖြင့် အနာဂတ်ဘဝ၌ လိင်္ဂ–စသည်ဖြစ်ပုံကို ပြ၏။ ဤသို့ ပြသဖြင့် သံသရာ (ခန္ဓာ အစဉ်) မပြတ် ပဋိစ္စသမုပ္ပါဒ်လည်ပုံကို ပြသည်ဟု မှတ်ပါ။

လည်းကောင်း။ (နေဝသညာ နာသညာယတန သတ္တဝါကို ရည်ရွယ်သည်။ ပညာယန္တိ။)

ကမ္မနာနာကရဏံ၊ ကို။ ပဋိစ္စ၊ ၍။ သတ္တာနံ၊ တို့၏။ ဥပပတ္တိယာ^၁၊ကံ ကြောင့်ဖြစ်ရသော ဇာတ်၌။ နာနာကရဏံ၊ သည်။ ပညာယတိ။ ဥစ္စနီစတာ၊ အထက်တန်းသတ္တဝါ၊အောက်တန်း သတ္တဝါတို့၏ အဖြစ်သည်လည်းကောင်း။ ဟီနပဏီတတာ၊ ယုတ်ညံ့သော သတ္တဝါ၊ မွန်မြတ်သော သတ္တဝါတို့၏အဖြစ် သည် လည်းကောင်း။ သုဂတဒုဂ္ဂတတာ၊ သုခသို့ ရောက်သူတို့၏ အဖြစ်၊ ဒုက္ခသို့ ရောက်သူတို့၏ အဖြစ်သည်လည်းကောင်း။ (ကြွယ်ဝသူတို့၏ အဖြစ်၊ ဆင်းရဲသူတို့၏ အဖြစ်သည် လည်းကောင်း။) ပညာယတိ၊ ၏။ ကမ္မနာနာ ကရဏံ၊ကို။ ပဋိစ္စ၊ ၍။ သတ္တာနံ၊ တို့၏။ အတ္တဘာဝေ၊ ၌။ နာနာကရဏံ၊သည်။ ပညာယတိ၊ ၏။ သုဝဏ္ဏဒုဗ္ဗဏ္ဏတာ၊ ကောင်းသော အဆင်းရှိသူတို့၏ အဖြစ်၊ မကောင်းသော အဆင်းရှိသူတို့၏ အဖြစ်သည် လည်းကောင်း။ (လှသူတို့၏ အဖြစ်၊ မလှသူတို့၏ အဖြစ်သည် လည်းကောင်း။) သုဇာတ ဒုဇ္ဇာတတာ၊ ကောင်းစွာဖြစ်သူတို့၏အဖြစ် မကောင်းသဖြင့် ဖြစ်သူတို့၏ အဖြစ်သည်လည်း ကောင်း။(အရပ်အလုံး ကောင်းသူတို့၏ အဖြစ်၊အရပ်အလုံး မကောင်းသူတို့၏ အဖြစ်သည် လည်းကောင်း။ တနည်း—လက်ခြေစသော ရုပ်လက္ခဏာအားဖြင့် ကောင်းသူတို့၏ အဖြစ်၊ မကောင်းသူတို့၏ အဖြစ်သည် လည်းကောင်း။)သု—သဏ္ဌိတဒုဿဏ္ဌိတတာ၊ အင်္ဂါကြီးငယ်တို့၏ ကောင်းသော ပုံသဏ္ဌာန်ရှိသူတို့၏ အဖြစ် မကောင်းသော ပုံသဏ္ဌာန်ရှိသူတို့၏ အဖြစ်သည်လည်းကောင်း။ပညာ—ယတိ၊ ၏။ ကမ္မနာနာကရဏံ၊ ကို။ ပဋိစ္စ၊ ၍။ သတ္တာနံ၊ တို့၏။လောကဓမ္မေ၊ လောကဓံ၌။(လာဘာလာဘေ-စသည်ကား လောကဓမ္မေ၏ သရုပ်ပြ။)လာ—ဘာလာဘေ၊ လာဘ်ရခြင်း လာဘ်မရခြင်း၌ လည်းကောင်း။ ယသာယသေ၊ အခြွေအရံရှိခြင်း အခြွေအရံမရှိခြင်း၌ လည်းကောင်း။[ဤ၌ ပရိဝါရယသ—ကို သာ ယူ၊ကိတ္တိယသ—ကို နောက်ဒုကဖြင့် ယူလတ္တံ့။] နိန္ဒာပသံသာယံ၊ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၌ လည်းကောင်း။ သုခဒုက္ခေ၊ ချမ်းသာခြင်း ဆင်းရဲခြင်း၌ လည်း ကောင်း။ နာနာကရဏံ၊ အသီးအခြားပြုကြောင်း အထူးသည်။ ပညာယတိ။

၁။ **ဥပပတ္တိ**။ ။ဂတိ ၅-မျိုးတွင် ထိုထိုဂတိ၌ဖြစ်သော အမျိုးဇာတ်ကို ''ဥပပတ္တိ'' ဟု ခေါ်၏။ ထို့ကြောင့် ဋီကာ၌ ''ဥပပတ္တိတိ ဂေါမဟိံသာဒိ (တိရစ္ဆာနဂတိ အတွက် နာနာကရဏ ဖြစ်ပုံ။) ခတ္တိယာဒိ (မနုဿ ဂတိအတွက် နာနာကရဏ ဖြစ်ပုံ) စာတုမဟာရာဇိကာဒိ (ဒေဝ ဂတိအတွက် နာနာကရဏ ဖြစ်ပုံ) ဥပပတ္တိယော'' ဟု ဖွင့်သည်။ ထို **ဥပပတ္တိ**တို့၏ ဥစ္စ နီစ—စသည်ဖြစ်ပုံကို **ဋီကာ**အဖွင့် ကြည့်ပါ။

အပရမ္ပိ၊ အခြားသော သုတ်ကိုလည်း။ (အဋ္ဌကထာက ဆန်းကြယ်မှု၏ စိတ်သည် ပြုအပ်သည်၏ အဖြစ်ကို ပြီးစေတတ်သော အခြားသုတ်ကိုလည်း။) ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။ (ကိံ၊ အဘယ်သို့။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။)ကမ္မတော။ပ။ဟီန ပဏီတတာယာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။*ကမ္မတော၊ အရင်းခံ ကံကြောင့် လည်းကောင်း။ လိင်္ဂတောစေဝ၊ နီးကပ်သော လိင်ကြောင့် လည်းကောင်း။ လိင်္ဂသညာ၊ လိင်ကြောင့်ဖြစ်သော အမှတ်သညာတို့သည်။ ပဝတ္တရေ၊ ဖြစ်ကုန်၏။ [ရှေးနိဿယ၌ "လိင်္ဂသညာ၊ လိင်၌ဖြစ်သော သညာတို့သည်"ဟု ပေးသည်။]တနည်း–ကမ္မတော၊ကံကြောင့် လည်းကောင်း။ လိင်္ဂတောစေဝ၊ လိင်ကြောင့် လည်းကောင်း။ လိင်္ဂသညာ၊ အသွင်သဏ္ဌာန် အမှတ်သညာတို့သည်။ ပဝတ္တရေ၊ အစဉ်အတိုင်း ဖြစ်ကုန်၏။ သညာတော၊ သညာကြောင့်။ အယံ၊ဤကဲ့သို့ အသွင်သဏ္ဌာန် ရှိသူသည်။ ဣတ္ထီ၊ မိန်းမတည်း။ ဣတိ ဝါ၊ ဤသို့ လည်းကောင်း။ အယံ၊ သည်။ ပုရိသော၊ တည်း။ ဣတိ ဝါ၊ ဤသို့။ လည်းကောင်း။ ဘေဒံ၊ ဝေါဟာရ၏ ကွဲပြားခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

လောကော၊ သတ္တလောကသည်။ ကမ္မုနာ၊ ကံကြောင့်။ ဝတ္တတိ၊ ဖြစ်၏။ ပဇာ[2]၊ သတ္တဝါအပေါင်းသည်။ ကမ္မုနာ၊ ကြောင့်။ ဝတ္တတိ၊ ၏။ ယာယ–

၁။ အပရမ္ပိ ဝုတ္တံ။ ။"တထာ ယဒေတံ။ပ။ အဋ္ဌကထာကံ စိတ္တံ၊ တံပိ စိတ္တကတမေဝ" ဟူသော စကားကိုပင် သာဓကဖြင့်ပြီးစေလို၍ "ကမ္မတော လိင်္ဂတော" စသော သုတ်တမျိုးကိုလည်း ထုတ်ပြပြန်သည်။

မေးဖွယ်။ ။"ကမ္မတော လိင်္ဂတော" စသော သုတ်၌ "စိတ်" မပါပဲလျက် ထိုသုတ်က လိင်-စသည်တို့၏ စိတ္တကတအဖြစ်ကို အဘယ်သို့ ပြီးစေနိုင် (သာဓကဖြစ်နိုင်) ပါသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေကား-ထိုသုတ်၌ ကမ္မတော စသည်ဖြင့် ကံ-စသည်ကြောင့် လိင်-စသည် ဖြစ်ပုံကို ပြထားသော်လည်း ထိုကံသည် စိတ်ကြောင့်ဖြစ်ရကား ထို ဂါထာသုတ်သည် လိင်-စသည်တို့၏ စိတ္တကတအဖြစ်ကို ပြီးစေနိုင် (သာဓကဖြစ်နိုင်)ပါသည်။ ["အပရမ္ပိ ဝုတ္တံ၊ပ။ သာမေတ်" ဟူသော ဋီကာကို ကြည့်ပါ။]

*ကမ္မတော။ပ။ပဝတ္တရေ။ ။ဋီကာ၌ ၂-နည်းဖွင့်ထား၏။ ပထမနည်း၌ လိင်္ဂသညာကို "လိင်္ဂတော+ပဝတ္တာ+သညာ လိင်္ဂသညာ" ဟု တပ္ပုရိသ်ပြုပါ။ "လိင်–သညာတို့သည် အရင်းခံ အကြောင်းဖြစ်သော ကံကြောင့်လည်းကောင်း။ နီးကပ်သော အကြောင်းဖြစ်သော လိင်ကြောင့်လည်းကောင်း ဖြစ်ကြသည်–ဟူလို။ ဒုတိယနည်း၌ "လိင်္ဂဉ္စ+သညာ စ လိင်္ဂသညာ" ဟု ဒွန်သမာသ် ပြုပါ။ ယထာသချ်နည်းလည်း ယူပါ။ "ကံကြောင့် လိင်ဖြစ်၊ လိင်ကြောင့် သညာဖြစ်သည်" ဟူလို။

၂။ ပဇာ။ ။ကမ္မတော ပကာရေန ဇာယတီတိ ပဇာ-ကံကြောင့် အမျိုးမျိုး အစားစား အပြားအားဖြင့် ဖြစ်ရ၏။ဣတိ ပဇာ။ရှေ့ပါဒ-က လောကောကိုပင်"ပဇာ"

တော၊ သွားသော။ ရထဿ၊ ရထား၏။ အာဏိ၊ နားပန်းစောင့် မယ်နသည်။ (နိဗန္ဓနာ၊ ဘီးမကျွတ်အောင် ဖွဲ့ထားတတ်သည်။ ဟောတိ) ဣဝ၊ ဖြစ်သကဲ့သို့။ (တထာ၊ ဟူ။) သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မနိဗန္ဓနာ၊ ကံ-ဟူသော အဖွဲ့ရှိကုန်၏။ [သံသရာမှ ကျွတ် လွတ် မသွားအောင် ကံက ဖွဲ့ထားတတ်သည်-ဟူလို။-မဇ္ဈိမနိကာယ်၊ ဗြာဟ္မဏဝဂ်၊ ဝါသေဋ္ဌ-သုတ်။]

ကမ္မေန၊ ကုသိုလ်ကံကြောင့်။ ကိတ္တိံ၊ ကျော်စောခြင်းကို လည်းကောင်း။ (မျက်ကွယ်၌ ချီးမွမ်းခြင်းကို လည်းကောင်း။) ပသံသံ၊ မျက်မှောက် ချီးမွမ်းခြင်းကိုလည်းကောင်း။ လဘတေ၊ ရ၏။ ကမ္မေန၊ အကုသိုလ်ကံကြောင့်။ ဇာနိံ စ၊ ဆုံးရှုံးပျက်ပြားခြင်းကိုလည်းကောင်း။ [ဇာဓာတ်၊ တိ-ပစ္စည်း၊ ဝါ-ကို နိပ္ဖ။] ဝဓဉ္စ၊ သတ်ပုတ် ညှဉ်းဆဲခြင်းကိုလည်းကောင်း။ ဗန္ဓံ စ၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း။ (လဘတေ၊ ခံရ၏။) တံ ကမ္မနာနာကရဏံ၊ ထို ကံကြောင့်ဖြစ်သော အသီးအခြားပြုကြောင်း အထူးကို။ ဝိဒိတွာ၊ သိရ၍။ ဝါ၊ သိရပါလျက်။ ကသ္မာ၊ ကြောင့်။ လောကေ၊ ၌။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝဒေ၊ ဆိုနိုင်ပါတော့အံ့နည်း။ [ဂါထာဝတ္ထု၊ သတ္တရသမဝဂ်၊ သဗ္ဗမိဒံ ကမ္မတောတိ-ကထာ။]....မာဝဏ၊ သုဘလုလင်။ သတ္တာ၊ တို့သည်။ ကမ္မဿကာ၊

ဟုဖွင့်၏။ လောကအရ သတ္တလောက ယူပါ-ဟူလို။ ထို့ကြောင့် နောက်ပါဒသည် ရှေ့ပါဒ၏ အဖွင့်တည်း ဟု မှတ်ပါ။ [''ဝတ္တတိ''၌ ဆန်းကြောင့် ဒီဃ-ဟု ရှေးနိဿယ ဆုံးဖြတ်၏။]

၁။ **အာဏိဝ။** ။ဒိဝါဒိ အဏ-ဓာတ်သည် ဇီဝန=အနက်ကို ဟော၏။ ရထား၏ စက်ဘီးသည် နားပန်းစောင့် မယ်နကြောင့် ကျွတ်မကျပဲ အသက်ရှည်ရသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ''အဏန္တေ အနေနာတိ အာဏိ'' ဟု ပြု။ ဣဏ်ပစ္စည်း၊ ပုလ္လိင်ဟုလည်းကောင်း၊ ဤ-ပစ္စည်း ထပ်၍သက်လျှင် ''အာဏီ'' ဣတ္ထိလိင်ဟု လည်းကောင်း ထောမနိမိ ဆို၏။ ထို့ကြောင့် ဋီကာ၌ ''အာဏိ+နိဗန္ဓနော''ဟု ဖြစ်စေ ''အာဏီ+နိဗန္ဓနာ'' ဟု ဖြစ်စေ ရှိသင့်သည်။

၂။ **တံ ကမ္မနာနာကရဏံ။** ။''ကမ္မတော နိဗ္ဗတ္တနာနာကရဏံ''ဟု ဖွင့်၏။ နိဗ္ဗတ္တ အလယ်ပုဒ် ကျေ၊ ''ကမ္မတော+နိဗ္ဗတ္တံ နာနာကရဏံ'' ဟု ပြု။ ''ကမ္မဇေဟိ အနုမိယ-မာနံ ကမ္မဿေဝ ဝါ နာနာကရဏံ'' ဟု တနည်းဖွင့်၏။ ''ကံကြောင့်ဖြစ်သော ကိတ္တိ ပသံသာ-စသော အကျိုးထူးပုံကို မြင်သဖြင့် မှန်းဆ၍ သိအပ်သော**ကံ**၏ အထူး'' ဟူ၍။ ''ကမ္မ**ဿ+**နာနာကရဏံ'' ဟုပြု။ ဝေဖြင့် အကမ္မနိဗ္ဗတ္တကို ကန့်။

၃။ **ကမ္မဿကာ။** ။ဋီကာ၌''ကမ္မဿယာ''ဟု ဖွင့်၏။ ကစ္စည်းဝုတ္တိ ဒေါမဿစ-၌ ''သကေ=သယေ'' ကဲ့သို့ ယ-ကို က-ပြု။ ကမ္မမေဝ+သယော ယေသံ-တိ ကမ္မ-ဿယာ။ [သယာ၌ သိဓာတ်သည်ဖြီမှ လာသောကြောင့် ရ-ပျောက်၍ ဒွေဘော် ရောက်ရသည်။ ဥပရိပဏ်၊သုဘသုတ်-အဋ္ဌကထာ၌ကား''ကမ္မံ+တေသံသကံ (အတ္တ-

ကံဟူသော မှီရာရှိကုန်၏။ (တနည်း) ကံဟူသော ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏။ ကမ္မဒါယာဒါ၊ ကံ၏ အမွေခံ ဖြစ်ကြကုန်၏။ ကမ္မယောနီ၊ ကံဟူသော အကြောင်းရှိကုန်၏။ကမ္မဗန္ဓူ၊ကံဟူသော ဆွေမျိုး ရှိကုန်၏။ ကမ္မပဋိသရဏာ၊ ကံ ဟူသော လဲလျောင်းရာ ရှိကုန်၏။ ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ ကို။ ဝိဘဇတိ၊ ဝေဖန်၏။ ဟီန ပဏီတတာယ၊ ယုတ်ညံ့သူ၏ အဖြစ် မွန် မြတ်သူ၏ အဖြစ်ဟူသော အကျိုးငှာ။ ယဒိဒံ(ဝိဘဇနံ၊ အကြင် ဝေဖန်ခြင်းကို။ ကတံ၊ပြုအပ်ပြီ။ တံ၊ ထို ဝေဖန်ခြင်းကို။အညော၊ ကံမှ တပါးသော။ကောစိ၊ တစုံတယောက်သည်။န ကရောတိ၊ပြုသည်မဟုတ်။) [ဥပရိပဏ်၊ စူဠကမ္မဝိဘင်-သုတ်။]

³ စေ၊ ဤသို့လျှင်။ လ္လမာယ ကရဏစိတ္တတာယပိ၊ ဤ ပြုအပ်သော အကျိုး၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်လည်း။ စိတ္တာယ၊ အကြောင်းရင်း စိတ်၏။စိတ္တတာ၊ ဆန်းကြယ်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဟိ၊ မှန်။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။တောနိ ဝိစိတြာနိ၊ ဤ ဆန်းကြယ်သော အမှု

နော ဘဏ္ဍကံ)'' ဟု ထုံးစံအတိုင်းပင် ဖွင့်သည်။] ဒါယာဒါ၌ ''ဒါတဗ္ဗောတိ ဒါ-ယော (ဒါဓာတ်၊ ဏ)။ ဒါယံ+အာဒိယန္တီတိ ဒါယာဒါ၊ ကမ္မဿ+ ဒါယာဒါ ကမ္မ-ဒါယာဒါ'' ဟုပြု။

၁။ **ကမ္မယောနီ။** ။အဘိဓာန်၌ လာသော ယောနိ-သဒ္ဒါ၏အနက်တို့တွင်အဏ္ဍဇ ယောနိ-စသည်၌ ခန္ဓကောဋ္ဌာသ-အနက်ကို ဟော၏။ ဤ၌ကား ဟေတုအနက်ကို ဟော၏။ထို့ကြောင့်''အတ္တဘာဝ ပဋိလာဘ နိမိတ္တံ''ဟု ဖွင့်သည်။ ''ဖလံ သဘာဝ-ဘော ဘိန္နံပိအဘိန္နံ ဝိယ ယဝတိ မိဿိတံ ဟောတိ ဧတေနာတိ ယောနိ-အကျိုးသည် အချင်းချင်းကွဲပြားသော်လည်း မကွဲသကဲ့သို့ ရောနှောကြောင်းဖြစ်သော အကြောင်း''ဟု သုဘာသုတ် ဋီကာဖွင့်၏။ ''ယု-မိဿနေ''ဟူသော ဓာတ်၊ကမ္မံ+ယောနိ ဧတေသံတိ ကမ္မယောနီ (ဗဟုဝုစ်) ။ကမ္မဗန္ဓူ၌ ဗန္ဓဓာတ် ဥပစ္စည်းဖြင့်''ဗန္ဓု''ဟုဖြစ်၏။ဗန္ဓူဟိ၊ ချစ်ခင် ခြင်း အစေးဖြင့် ဖွဲ့ထားတတ်၏။ ဣတိ ဗန္ဓု။''ကမ္မံ+ဗန္ဓု ဧတေသံတိ ကမ္မဗန္ဓု''ဟု ပြု။

၂။ **ယဒိဒံ ဟီနပဏီတတာယ။** ။ယံ ဣဒံ''တွံ ဟီနော ဘဝ၊ တွံ ပဏီတော။ပ။စေ ဟီနပဏီတတာယ''ဝိဘဇနံ ကတံ၊ န အညော ကောစိကရောတိ၊ ကမ္မမေဝ စေ သတ္တေ ဝိဘဇတီတိ အတ္ထော။-ဥပရိပဏ်၊ သုဘသုတ်-အဋ္ဌကထာ။

၃။ **စေ။ပ။ဝေဒိတဗ္ဗာ။** ။''စိတ္တကရဏတာယ စိတ္တံ''ဟူသော စကားကို နိဂုံး ချုပ် လို၍ ဧဝံ-စသည်မိန့်။ ကရဏစိတ္တ-ပြုအပ်သောအကျိုး၏ ဆန်းကြယ်ပုံကို ထောက်၍ အကြောင်းရင်းဖြစ်သော စိတ်၏ဆန်းကြယ်ပုံကို ဤ ဆိုအပ်ပြီးသော နည်းဖြင့် သိနိုင်ပါ သည်-ဟူလို။ကရဏ စိတ္တတာယပိ၌ ပိကား ဧဝံ တာဝ စိတ္တတာယ စိတ္တံ၌ ဆိုအပ်ပြီး သော စိတ္တတာယကို ပေါင်းသည်။ဤ၌ ကရဏစိတ္တတာယကို ကြည့်၍ ကထံ စိတ္တကရဏ တာယတုန်းက စိတ္တကရဏတာယကိုလည်း ''ပြုအပ်သောအကျိုး၏ ဆန်းကြယ်သည့် အဖြစ်ကြောင့်''ဟု ရှေး နိဿယတို့၌ တနည်း ပေးကြသည်။

တို့ကို။ (ပန်းချီးကား၊ကမ္မ-စသည်တို့၏ ဆန်းကြယ်မှုတို့ကို။)စိတ္တေနေဝ၊ စိတ်သည်သာ။ ကတာနိ၊ ပြုအပ်ကုန်ပြီ။ပန၊ ဆက်။ အလဒ္ဓောကာသဿ[1]၊ မရအပ်သော အကျိုးပေးခွင့်ရှိသော။(အကျိုးပေးခွင့် မရသော။)စိတ္တဿ၊ကမ္မဝိညာဉ်ဟူသော စိတ်၏။ဝါ ပန၊သည်သာ မကသေး။ယံ၊အကြင် ကမ္မဝိညာဉ် ဟူသော စိတ်သည်။အဝသေသ ပစ္စယဝိကလံ[2]၊ ကြွင်းသော အကြောင်းတို့မှ ချို့တဲ့၏။ တဿ၊ ထို ကမ္မဝိညာဉ် ဟူသော စိတ်၏။ကေစ္စ စိတ္တကရဏာဘာဝတော[3]၊ အချို့သော ဆန်းကြယ်မှုကို ပြုခြင်း၏ မရှိခြင်းကြောင့်။(စိတ္တမေဝ စိတ္တတရံ-၌ စပ်။) စိတ္တေန၊ သည်။ ကတံ၊ ပြုအပ်သော။ အဇ္ဈတ္တိကံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ယဒေတံ စိတ္တံ၊ အကြင် ဆန်းကြယ်သော အမှုကို။ဝုတ္တံ၊ ဆိုအပ်ပြီ။ တတောပိ၊ ထို ဆန်းကြယ်သော အမှုထက်လည်း။ စိတ္တမေဝ၊ စိတ်သည်သာ။ စိတ္တတရံ၊ သာ၍ ဆန်းကြယ်၏။

တေန၊ ကြောင့်။ဘဂဝါ၊ သည်။ နာဟံ ဘိက္ခဝေ။ပ။ စိတ္တတရန္တိ၊ ဟူ၍။ အာဟ၊ ပြီ။[ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတာ၊ တိရစ္ဆာန် ဖြစ်ကုန်သော။ ဣဒံ (ဣမေ) ပါဏာ၊ဤ သတ္တဝါတို့သည်။စိတ္တာ ယထာ၊ ဆန်းကြယ်ကုန် သကဲ့သို့။ ဧဝံ၊ တူ။ (တိရစ္ဆာန်တို့လောက်။) စိတ္တံ၊ ဆန်းကြယ်သော။ အညံ၊ တိရစ္ဆာန်

၁။ **အလဒ္ဓောကာသဿ။** ။အလဒ္ဓော+ဩကာသော (အကျိုးပေးခွင့်) ယေနာတိ အလဒ္ဓောကာသော။ ဆန့်ကျင်ဘက် ဖြစ်သော အခြားကံက တားမြစ် သောကြောင့် ဖြစ်စေ၊ မိမိ အကျိုးမပေးနိုင်ရာ ဘုံဌာနၥ္ စ ပုဂ္ဂိုလ်က ဖြစ်နေသောကြောင့် ဖြစ်စေ အကျိုးပေးခွင့် မရသော ကမ္မဝိညာဉ်ဟူသော စိတ်ကို''အလဒ္ဓောကာသ''ဟု ဆိုသည်။

၂။ **အဝသေသ ပစ္စယဝိကလံ။** ။အပရာပရိယ ဝေဒနီယ-ကံသည် ဂတိ-ကာလ-ဥပဓိ-ပယောဂ ဟူသော အကြောင်းစုံညီမှ အကျိုးပေးနိုင်၏။ ထိုသို့ အကြောင်းမစုံညီသော ကံစိတ်ကို''အဝသေသ ပစ္စယဝိကလ'' ဟု ဆိုသည်။ဤသို့ အလဒ္ဓောကာသနှင့် အဝသေသ ပစ္စယဝိကလ အထူးကို သိပါ။

မဏိဋီကာ။ ။ဒွေ စ ကာလဂတိ၄သေနေဝ အလဒ္ဓောကာသတာ၊ ကာလဂတိပယောဂ ဥပဓိသမ္ပါတာနံ စတုန္နံ ပစ္စယာနံ ဝေကလ္လဝသေန အဝသေသ ပစ္စယဝေကလ္လံ တိ အယမေတေသံ ဝိသေသော။....ပဌမော ဝါ ဥပပဇ္ဇဝေဒနီယ ကမ္မဝသေန ဝုတ္တော၊ ဒုတိယော အပရာပရိယ ကမ္မဝိညာဏဝသေနာတိ အယ မေတေသံ ဝိသေသော။

၃။ **ကေစ္စစိတ္တ ကရဏာဘာဝတော ။** ။ကမ္မဝိညာဉ်ဟူသော ထိုစိတ် ၂-မျိုးသည် အကျိုး မပေးနိုင်ရကား ထိုစိတ်များ ပြုအပ်သော အဇ္ဈတ္တိက ဆန်းကြယ်မှု မရှိတော့။ သို့ဖြစ်လျှင် စိတ်ဝိညာဉ်သည်သာ အဖြစ်များ၍ အကျိုးဖြစ်သော အဇ္ဈတ္တိက ဆန်းကြယ်မှုက စိတ်ဝိညာဉ် ဖြစ်သလောက် မဖြစ်နိုင်သောကြောင့် အဇ္ဈတ္တိက ဆန်းကြယ်မှုထက် စိတ်၏ ဆန်းကြယ်မှုက သာလွန်သည် ဟု ဆိုရသည်။ [''နာဟံ ဘိက္ခဝေ''စသည်ကား ခန္ဓဝဂ္ဂသံယုတ်၊ ပုပ္ဖဝဂ်၊ ဒုတိယ ဂဒ္ဒုလဗဒ္ဓ-သုတ် ပါဠိတော်တည်း။]

အပေါင်း၌ တပါးသော။ ကေနိကာယမ္ပိ၊ တခုသော အပေါင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊မြင်တော်မမူ။ဘိက္ခဝေ၊တို့။တိရစ္ဆာန-ဂတေဟိ၊ တိရစ္ဆာန် ဖြစ်ကုန်သော။ တေဟိပိ ပါဏေဟိ၊ ထိုသတ္တဝါတို့ထက် လည်း။စိတ္တံယေဝ၊ သည်သာ။(စိတ်ကသာ။)စိတ္တတရံ၊သာ၍ ဆန်းကြယ်၏။

[ကျမ်းဆရာတို့သည် အသုံးများသော ပုဒ်ကို အကျယ်တဝင့် ဖွင့်လေ့ရှိသည်အားလျော်စွာ ဤ၌ အသုံးများသော စိတ္တံ ပုဒ်ကို အကျယ် ဖွင့်ပြီး၍ ယခုအခါ အသုံးများသော ဥပ္ပန္နံပုဒ်ကို အကျယ်တဝင့် ဖွင့်ပြလိုသောကြောင့် "ဥပ္ပန္နံ"စသည် မိန့်၊]

ဥပ္ပန္နံ ဟောတီတိ ဧတ္ထ၊ ဥပ္ပန္နံ ဟောတိ-ဟူသော ဤပါဌ်၌။ (ဥပ္ပန္နံ-၌ စပ်။) ဝတ္တမာန။ပ။လဒ္ဓဝသေန၊ ဝတ္တမာနုပ္ပန္န ဘူတာပဂတုပ္ပန္န ဩကာသကတုပ္ပန္န ဘူမိလဒ္ဓုပ္ပန္နတို့၏ အပြားအားဖြင့်။ ဥပ္ပန္နံ နာမ၊ ဥပ္ပန္နမည်သည်။ အနေကပ္ပဘေဒံ၊ တပါးမက များသော အပြားရှိ၏။ တတ္ထ၊ ထိုဥပ္ပန္နတို့တွင် [1]သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ဥပ္ပာဒဇရာဘင်္ဂသမင်္ဂီသင်္ခါတံ၊ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းနှင့်ပြည့်စုံသည်ဟု ဆိုအပ်သော သင်္ခတ တရားသည်။ဝတ္တမာနုပ္ပန္နံ နာမ၊ ဝတ္တမာနုပ္ပန္န မည်၏။ (ဖြစ်ဆဲ ဥပ္ပန္နမည်၏။)

[2]အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ အနုဘဝိတွာ၊ ခံစားပြီး၍။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ အနုဘူတာပဂတသင်္ခါတံ၊ အနုဘူတာပဂတဟု ဆိုအပ်သော။ (အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းပြီဟု ဆိုအပ်သော။) ကုသလာ ကုသလံ၊ ကုသိုလ် အကုသိုလ်သည်လည်းကောင်း။ ဥပ္ပာဒါဒိတ္တယံ၊ ဥပါဒ် အစရှိသော ၃-ပါး အပေါင်းသို့။ အနုပ္ပတွာ၊ အစဉ်အတိုင်း ရောက်၍။

၁။ **သဗ္ဗမ္ပိ။ပ။ဝတ္တမာနုပ္ပန္နံ နာမ။** ။ဥပါဒ်၊ ဋ္ဌီ၊ ဘင် အခိုက်၌ ဖြစ်ဆဲတရားသည် "ဝတ္တမာနုပ္ပန္န" မည်၏။ "ဝတ္တတီတိ ဝတ္တမာနံ"ဟုလည်းကောင်း၊ နောက်၌ပြမည့် ဝစနတ္ထအတိုင်း "ဥဒ္ဓံ+ပန္နံတိ ဥပ္ပန္နံ" ဟု လည်းကောင်း၊ "ဝတ္တမာနံ စ+တံ+ဥပ္ပန္နံ စာတိ ဝတ္တမာနုပ္ပန္နံ" ဟု လည်းကောင်း ဝစနတ္ထ ပြုပါ။ ဥဒ္ဓံသည် ဥ၏ အနက်တည်း။ ဥဒ္ဓံ၏ အပါဒါန်ကို "ပုဗ္ဗန္တတော"ဟု ခံ၍လည်းကောင်း၊ ပန္နံ၏ ဝိသေသနကို"ဥပ္ပာ-ဒါဒိအဘိမုခံ"ဟု ထည့်၍လည်းကောင်း အဋ္ဌကထာ၌ ဝစနတ္ထပြုလိမ့်မည်။

၂။ **အာရမ္မဏ။ပ။ဘူတာပဂတုပ္ပန္နံ။** ။"အာရမ္မဏ။ပ။ကုသလာ ကုသလံ" ဟု လည်းကောင်း၊ "ဥပ္ပာဒါဒိတ္တယံ။ပ။သေသသင်္ခတဉ္စ"ဟု လည်းကောင်း ခွဲပါ။ အနု-ဘူတာပဂတုပ္ပန္န အတွက် ကုသိုလ် အကုသိုလ်သာ ရ၏။ ဘူတာပဂတုပ္ပန္န အတွက်ကား ထို ကုသိုလ် အကုသိုလ်မှ ကြွင်းသော သင်္ခတ (ဝိပါက်ကြိယာရုပ်) တရားနှင့် (စ-သဒ္ဒါဖြင့် ဆည်း၍ယူအပ်သော) ကုသိုလ် အကုသိုလ်လည်း ရသည်။ ထို ၂-မျိုးတွင် ကုသိုလ် အကုသိုလ် စိတ္တုပ္ပာဒ်သည် အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီး ကင်းပြီး ဖြစ်၏။ ထို့ကြောင့် အနုဘူတာပဂတ မည်၏။ [အနုဘဝိတ္တာတိ အနု-

နိရုဒ္ဓံ၊ချုပ်ငြိမ်းပြီးသော။ဘူတာပဂတသင်္ခါတံ၊ဘူတာပဂတ-ဟု ဆိုအပ်သော။ (ဖြစ်၍ ကင်းပြီးဟု ဆိုအပ်သော။)[ဝိသုဒ္ဓိမဂ်၌"ဟုတွာ အပဂတသင်္ခါတံ" ဟု ရှိ၏။] သေသသင်္ခတံ စ၊ ကုသိုလ် အကုသိုလ်မှ ကြွင်းသော သင်္ခတ တရားသည် လည်းကောင်း။ [စ-ဖြင့် ဆိုအပ်သော ကုသိုလ် အကုသိုလ်သည်လည်းကောင်း-ဟု ဆည်း။] ဘူတာပဂတုပ္ပန္နံ နာမ၊ ဘူတာပဂတုပ္ပန္န မည်၏။

၁အဿ၊ ထို သေခါနီးပုဂ္ဂိုလ်၏။ ဝါ၊သည်။ ပုဗ္ဗေ၊ ရှေး၌။ ကတာနိ၊ ပြုအပ်

ဘူတံ၊ အနုဘူတံ+ဟုတွာ+အပဂတံ အနုဘူတာပဂတံ။ ဥပ္ပဇ္ဇိတွာတိ ဥပ္ပန္နံ၊ အနု-ဘူတာပဂတံ စ+တံ+ဥပ္ပန္နံ စာတိ အနုဘူတာပဂတုပ္ပန္နံ။] ကြွင်းသော သင်္ခတ တရားစုသည် လည်းကောင်း၊ ကုသိုလ် အကုသိုလ်သည် လည်းကောင်း၊ ဥပါဒ်စသော အခိုက်အတန့် ၃-ပါးသို့ ရောက်ပြီး၍ ချုပ်ပြီး ကင်းပြီးဖြစ်သောကြောင့် ဘူတာပဂတ မည်၏။ ဘဝိတွာတိ ဘူတံ၊ ဘူတံ+ဟုတွာ+ အပဂတံ ဘူတာပဂတံ။ ဥပ္ပဇ္ဇိတွာတိ ဥပ္ပန္နံ၊ ဘူတာပဂတံ စ+တံ+ဥပ္ပန္နံ စာတိ ဘူတာပဂတုပ္ပန္နံ။

ပါဌ် ၂-မျိုး။ ။ဘုတွာပဂတုပ္ပန္န၊ ဘူတာပဂတုပ္ပန္န-ဟု ပါဌ် ၂-မျိုးရှိ၏။ "အဋ္ဌ-ကထာယံ ပန ဘုတွာပဂတံတိ ပါဠော အာဂတော"ဟု မဓုဋီကာ ဆိုသောကြောင့် ထိုမဓုဋီကာဆရာ၏ လက်ထက်၌"ဘုတွာပဂတ"ဟု ရှိပေလိမ့်မည်။ဋီကာ၌"အနုဘဝိတွာ ဘဝိတွာ စ" ကို ထောက်လျှင်လည်း "ဘုတွာပဂတုပ္ပန္န" ဟုပင် ရှိသင့်၏ဟု ထင်စရာရှိပါ၏။ သို့သော်"အနုဘူတာဘူတာ ဟိ ဘူတတာသာမညေန ဘူတသဒ္ဒေန ဝုတ္တာ"ဟု မူလဋီကာ၌ ဆိုသောကြောင့် မူလပါဌ်ရင်းမှာ"ဘူတာပဂတ"သာ ဖြစ်စရာရှိပါသည်။ ဆိုလိုရင်းကား—"အနုဘူတ၊ဘူတ ၂-မျိုးလုံးကို သာမညနိဒ္ဒေသ နည်း (ဧကသေသ-နည်းအားဖြင့်) ဘူတ-သဒ္ဒါ တခုတည်းဖြင့် ဆိုထားသည်" ဟူလို။

မှတ်ချက်။ ။အနုဘူတနှင့် ဘူတသည် သဒ္ဒါချင်းမတူဟု ထင်ရသော်လည်း အနု-ဥပသာရသည် နဂိုဘူတ-၏ ခံစားခြင်းအနက်ကို ထွန်းပြသော ဇောတကမျှသာ ဖြစ်သောကြောင့် ခံစားခြင်းအနက်ကို ပေါရာဉ် မူလပုဒ်ရင်းမှာ ဘူတ-ပုဒ်သာ ဖြစ်၏။ထို့ကြောင့် သာမညနိဒ္ဒေသ နည်းအားဖြင့် ထို အနုဘူတ၊ ဘူတ ၂-ပုဒ်ကို ဘူတ-တပုဒ်တည်းဖြင့် ဆိုနိုင်သည်။ ကြွင်းသော မှတ်ဖွယ်ကို ဋီကာ၌ ရှုပါ။

၁။ ယာနိဿ။ပ။ကတုပ္ပန္နံနာမ။ ။ဤဝါကျ၌ "ယာနိဿ ။ပ။ ဌိတတ္တာ ဩကာသကတုပ္ပန္နံ နာမ"ဟုလည်းကောင်း၊ ပါဌာ ကတော။ပ။ဥပ္ပန္နတော ဩကာသကတုပ္ပန္နံ နာမ''ဟု လည်းကောင်း ၂-ဝါကျ ခွဲပါ။ ဆိုလိုရင်းကား—ကမ္မံ အတီတံပိ သမာနံ ဩကာသကတုပ္ပန္နံ နာမ။မရဏာသန္နအခါ ထင်လာ၍ အကျိုးပေးခွင့်ရသော ကံသည် အတိတ်က ပြုအပ်ခဲ့သောကြောင့် အတိတ်ဖြစ်သော်လည်း "ဩကာသကတဥပ္ပန္န" အမည်ရ၏။ (ဥပ္ပန္န အမည်ဖြင့် ခေါ်နိုင်၏။) ဝိပါကံ အနုပ္ပန္နမ္ပိ သမာနံ ဩကာသ-ကတုပ္ပန္နံ နာမ-ဝိပါက်သည် ဖြစ်ဆဲမဟုတ်သော်လည်း "ဥပ္ပန္န အမည်ဖြင့် ခေါ်နိုင်၏" ဟု ဆိုလိုသည်။

၂။ ဂေါစရ။ ။စက္ခုဝိညာဉ်၏ ရူပါရုံ၌ဖြစ်ခြင်းသည် မနောဝိညာဉ်ထက်များ၏။ စက္ခုဝိညာဉ်ဖြစ်လျှင် တစ်ဝီထိ၌ မနောဝိညာဉ်များ ပါရှိသော်လည်း မနောဝိညာဉ်ကား အခြားအာရုတို့၌လည်း ဖြစ်ရသေး၏။ ဤနည်းအားဖြင့် စက္ခုဝိညာဉ်၏သာ များစွာ ဖြစ်ရာဖြစ်သောကြောင့် ထို ရူပါရုံသည်ပင် ဂေါစရလည်းမည်၏။ဥပမာ—နွားတို့၏ ကျက်စားရာ (နွားစားကျက်) ဌာနကို''ဂေါစရ''ဟု ခေါ်ရာ၌ ထို နွားတို့သာ ထိုစားကျက်၌ အများအားဖြင့် လှည့်လည် ကျက်စား၍ အခြားသတ္တဝါတို့ကား ရံဖန်ရံခါသာ လှည့်လည် ကျက်စားသကဲ့သို့တည်း။ [ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော၊ ဂေါစရော ဝိယာတိ ဂေါစရောတိ တဗ္ဗဟုလစာရိတာပေက္ခာ ဂေါစရောတိ အာဟ—ဂေါစရော တတ္ထ စရဏေနာတိ။ ဗဟုလံ ဟိ စက္ခုဝိညာဏာဒီဟိ ရူပါဒယော ဂယှန္တိ၊ န တထာ မနောဝိညာဏေနာတိ။—အနု။ (''တဗ္ဗဟုလ'' နေရာဝယ်''သမ္ဗဟုလ''ဟု စာအုပ်တို့၌ ရှိ၏။)]

အချုပ်ပုံ။ ။အရာဝတ္ထု၊ တခုတည်းပင် သဒ္ဒပ္ပဝတ္တိနိမိတ် အမျိုးမျိုးကို အကြောင်းပြု၍ နာမည်အမျိုးမျိုး ခေါ်ရသကဲ့သို့ ရူပါရုံစသော အာရုံတမျိုးတည်းကို ဝိသယဟုလည်းကောင်း၊ ဂေါစရဟုလည်းကောင်း ခေါ်ရာ၌''ဝိသယဟူသော နာမည်သည် အခြား၌ မဖြစ်ပဲ မိမိ၌သာ ဖြစ်ခြင်းကိုစွဲ၍ ရအပ်သောနာမည်တည်း။ဂေါစရဟူသော နာမည်ကား စက္ခုဝိညာဉ်စသော ဆိုင်ရာဝိညာဉ်၏ များစွာဖြစ်ခြင်းကိုစွဲ၍ ရအပ်သော နာမည်တည်း''ဟု နာမည်ရခြင်း၏ အကြောင်းကို ခွဲခြားပါ။

စက္ခုဝိညာဉ် အစရှိသည်တို့၏။) [1]မနော၊ မနောဝိညာဉ်သည်။ ပဋိဃရဏ်၊ လဲလျောင်းရာတည်း။ နေသံ၊ ထို ၅-ပါးသော ဇ္ဈာန်တို့၏။ မနော၀၊ သည် သာ။ ဂေါစရဝိသယံ၊ ကို။ ပစ္စနုဘောတိ၊ ခံစား၏။-မူလပဏ်၊ မဟာဝေဒလ္လ-သုတ်။]

ဟိ၊ မှန်။ ဧတေသံ၊ ဤ ၅-ပါးသော ဇ္ဈန္ဒြေတို့၏။ရူပါရမ္မဏာဒိနို၊ရူပါရုံ အစရှိသော အာရုံ ၅-ပါးတို့သည်။ ဂေါစရဝိသယော နာမ၊ကျက်စားရာ အာရုံမည်၏။ တာနိ၊ထို ၅-ပါးသော အာရုံတို့ကို။ မနေန၊မနောဝိညာဉ်သည်။ ပစ္စနုဘဝိယမာနာနိပိ၊ ခံစားအပ်ပါကုန်သော်လည်း။ ရူပါရမ္မဏာဒိနိယေဝ၊ ရူပါရုံ အစရှိသည် မည်မြဲ မည်ကုန်သည်သာ။ (ဟောန္တိ။) [2]ဣတိ အယံ အတ္ထော၊ ဤ အနက် အဓိပ္ပာယ်သည်။သိဒ္ဓေါ၊ ပြီးစီးသည်။ဟောတိ၊ ၏။စ၊သည်သာမက သေး။ ဒိဗ္ဗစက္ခုညာဏာဒိနံ၊ ဒိဗ္ဗစက္ခုညာဏ် အစရှိသည်တို့၏။ ရူပါဒိ အာရမ္မ-ဏတ္တာပိ၊ ရူပါရုံ အစရှိသော အာရုံရှိကုန်သည် အဖြစ်ကြောင့်လည်း။ အယံ အတ္ထော၊ ဤ အနက်အဓိပ္ပာယ်သည်။ [3]သိဒ္ဓေါယေဝ၊ ဧကန် ပြီးစီးမြဲ ပြီးစီးသည်

၁။ မနော။ပ။ပစ္စနုဘောတိ။ ။"မနော ပဋိသရဏံ"ကိုပင် "မနော။ပ။ပစ္စနု-ဘောတိ"ဟု ထပ်ဖွင့်သည်။ မနော- အရ ပဉ္စဒွါရိကဝီထိ၌ပါသော ဇောစိတ်၊မနောဒွါရိကဝီထိ၌ ပါသော ဇောစိတ်များကို ယူပါ။ စက္ခုဝိညာဉ်ဖြင့် သိအပ်သောအာရုံကို ဇောစိတ်ရောက်မှ ရဇ္ဇန ဒုဿန မုယှန (တပ်နှစ်သက်ခြင်း၊ စိတ်ပျက်ခြင်း၊ တွေဝေခြင်း) အားဖြင့် ခံစားသောကြောင့်"မနော။ပ။ပစ္စနုဘောတိ"ဟု မိန့်တော်မူသည်။ [မနော ပဋိသရဏံတိ—ဇဝနမနော ပဋိသရဏံ၊ မနော၀ နေသန္တိ-ဧတေသံ ဂေါစရဝိသယံ ရဇ္ဇနာဒိဝသေန အနုဘောတိ၊—ထိုသုတ် အဋ္ဌကထာ။]

၂။ အယမတ္ထော သိဒ္ဓေါ။ ။"မနော နေသံ ဂေါစရဝိသယံ ပစ္စနုဘောတိ-မနောဝိညာဉ်က ထို ပဉ္စဝိညာဉ်တို့၏ အာရုံကို ခံစား၏" ဟူသော စကားကို ထောက်လျှင် မနောဝိညာဉ်သည် ခံစားအပ်ကုန်သော်လည်း ရူပါရုံစသော နာမည်ကား ရမြဲရသည် ဟု သိသာ၏။ ထိုသို့ မဟုတ်လျှင် "မနော ။ပ။ ပစ္စနုဘောတိ" ဟူသော ပါဠိတော် စကားပင် မသင့်ပဲ ရှိလိမ့်မည်—ဟူလို။

၃။ သိဒ္ဓေါယေ၀ ဟောတိ။ ။သာ၍ ပြီးစီးစေနိုင်သော သာဓက ဖြစ်သောကြောင့် ဧ-ဖြင့် သန္နိဋ္ဌာနတ္ထကို ဆိုသည်။ ဒိဗ္ဗစက္ခု အဘိညာဉ်သည် အနာဂါတဂတ ရူပါရုံကို အာရုံပြု၍ ထိုရူပါရုံကို ဓမ္မာရုံဟု ဟောထားရာ ပါဠိမရှိ။"ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿ-တိ" ဟု ရူပါရုံနာမည်ဖြင့်သာ ဟောတော်မူ၏။ ထို့ကြောင့်"စက္ခုပသာဒ (စက္ခုန္ဒြေ) ၌ ထင်ခြင်းသို့ မရောက်ပါသော်လည်း ရူပါရုံသည် ရူပါရုံ ဟုသာ အမည်ရ၏။ဓမ္မာရုံ ဟု အမည်မရ" ဟူသော ဤအနက်သည် သာ၍ ပြီးစီးပါသည်-ဟူလို။ [ဒိဗ္ဗစက္ခုညာဏာဒိနံ ၌ အာဒိဖြင့် ဒိဗ္ဗသောတ၊ စုတူပပါတ၊ ပုဗ္ဗေနိဝါသ၊ အတီတံသ၊ အနာဂတံသတို့ကို ယူပါ။ ထိုဉာဏ်များလည်း "ဝေဝဏ္ဏော" စသည်ဖြင့် လာသောကြောင့် အဆုံးစသည်ကို အာရုံပြုနိုင်သည်။]

သာ။ယောတိ၊၏။ဟိ၊မှန်။ အနာပါထဂတာနေဝ၊ စက္ခုပသာဒ-စသော ဇလန္ဒြေ ၅-ပါး၌ ရှေးရှုကျခြင်းသို့ မရောက်ကုန်ပဲသာလျှင်။ ရူပါရမ္မဏာဒီနိ၊ ရူပါရုံ အစရှိသော အာရုံတို့သည်။ ဒိဗ္ဗစက္ခု အာဒီနံ၊ ဒိဗ္ဗစက္ခု အဘိညာဉ် အစရှိသည် တို့၏။အာရမ္မဏာနိ၊ အာရုံတို့သည်။ဟောန္တိ။ [1]စ၊ ထိုသို့ ထင်ခြင်းသို့မရောက်ပဲ ဒိဗ္ဗစက္ခုညာဏ် စသည်တို့၏ အာရုံ ဖြစ်ပါကုန်သော်လည်း။ တာနိ၊ ထို ၅-ပါး သော အာရုံတို့သည်။ ဓမ္မာရမ္မဏာနိ၊ ဓမ္မာရုံတို့သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။ [2]ဣတိ၊ ထို့ကြောင့်။ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာ။အာရမ္မဏ ဝဝတ္ထာနံ၊ အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။

ဧတ္ထ၊ ဤသို့ အာရုံ ထင်လာရာ၌။(ရှေးနိဿယ၌“ဧတ္ထ-ဧတေသု ရူပါရမ္မဏာ ဒီသု၊ဤရူပါရုံအစရှိသည်တို့တွင်”ဟု ပေးသည်။)ဧကေကံ၊တပါးတပါးသော။ အာရမ္မဏံ၊ သည်။ [3]ဒွီသု ဒွီသု၊ ၂-ပါး ၂-ပါး ကုန်သော။ဒွါရေသု၊ ဒွါရတို့၌။ အာပါထံ၊ ရှေးရှုကျခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ဟိ၊ ချဲ့။ ရူပါရမ္မဏံ၊ သည်။ စက္ခုပသာဒံ၊ ကို။ ဃဋ္ဋေတွာ[4]၊ ထိခိုက်၍။ (ထိခိုက်သကဲ့သို့ ဖြစ်၍။)

၁။ န စ တာနိ။ပ။ဘဝန္တိ။ ။စက္ခုပသာဒ-စသော ဇလန္ဒြေ ၅-ပါး၌ ထင်ခြင်းသို့ မရောက်ပဲလျက် ဒိဗ္ဗစက္ခုညာဏ် စသည်တို့၏ အာရုံဖြစ်လျှင် ထိုအာရုံတို့သည် ရူပါရုံ စသည် အမည်မရတော့ပဲ ဓမ္မာရုံအမည် ရသင့်သည် မဟုတ်ပါလော-ဟု စောဒနာဖွယ် ရှိသောကြောင့် “န စ တာနိ”စသည်မိန့်။စက္ခု-စသော ဇလန္ဒြေ ၅-ပါး၌ မထင်လာပဲ လျက် ဒိဗ္ဗစက္ခုညာဏ် စသည်တို့၏ အာရုံဖြစ်ကြသော်လည်း ဓမ္မာရုံအမည် မဖြစ်နိုင်ပါ- ဟူလို။

၂။ ဣတိ ဝုတ္တ။ပ။ဝဝတ္ထာနံ။ ။ဤ ဆိုအပ်ပြီးသော အကြောင်းများကြောင့်အဆင်း ဟူသမျှ ရူပါရုံ၊ အသံဟူသမျှ သဒ္ဒါရုံ။ပ။အတွေ့ဟူသမျှ ဖောဋ္ဌဗ္ဗာရုံ၊ ကြွင်းတရားဟူသမျှ ဓမ္မာရုံ-ဟု အာရုံချင်းမရောအောင် ပိုင်းခြားပုံကို သိပါ။

၃။ ဒွီသု ဒွီသု အာပါထံ။ ။အာရုံထင်လာသောအခါ ပဉ္စဝိညာဉ်သည်လည်းကောင်း၊ ပဉ္စဒွါရာဝဇ္ဇန်း စသော မနောဝိညာဉ်သည်လည်းကောင်း ဝီထိအစဉ်အတိုင်း ဖြစ်ရ၏။ ထို့ကြောင့် ပဉ္စဝိညာဉ်က ထိုအာရုံကို ယူနိုင်လောက်အောင် စက္ခုစသော ပဉ္စဒွါရတွင် တပါးပါး၌လည်းကောင်း၊ မနောဝိညာဉ်က ထိုအာရုံကို ယူနိုင်လောက်အောင် ဘဝင် ဟူသော မနောဒွါရ၌လည်းကောင်း၊ ဤသို့ ၂-ဒွါရ၌ ထင်ရသည်။ ဤ အာပါထ မာဂစ္ဆန္တိ-နှင့် စပ်၍ သင်္ဂြိုဟ်ဘာသာဋီကာ ဝီထိပိုင်း၌ ကျယ်ဝန်းစွာ ပြထားပြီ။

၄။ ဃဋ္ဋေတွာ။ ။စုရာဒိ-ဃဋ္ဋဓာတ်သည် တာဠန (ပုတ်ခတ်ခြင်း) အနက်ကို ဟော၏။ ထို့ကြောင့် “ဃဋ္ဋေတွာ” အရ “ရူပါရုံသည် စက္ခုဒွါရ မနောဒွါရဝယ် တကယ်ပင်ထိမိ ခတ်မိ၏” ဟု ထင်စရာရှိ၏။အမှန်ကား--အဘာဝဏ္ဏချင်း ထိခတ်မိခြင်း မျိုး မဟုတ်ပါ။ ထိခတ်မိသကဲ့သို့ ဖြစ်လောက်အောင် အာရုံနှင့် ဒွါရတို့ ရှေးရှု ဓာတ် ခိုက်မိကြခြင်းသာ ဖြစ်သည်ဟု မှတ်ပါ။ [ဃဋ္ဋေတိ-ပဘိမုခဘာဝါပါတိ ဂစ္ဆာ။]

တဒ်ဏဉေဝ၊ ထို ခဏ၌သာလျှင်။မနောဒွါရေ၊ ဘဝင်ဟူသော မနောဒွါရ၌။ အာပါထံ အာဂစ္ဆတိ။ ဘဝင်္ဂစလနဿ၊ ဘဝင် လှုပ်ခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ။ ဣတိ အတ္ထော၊နက်။ [မနောဒွါရ-တည်းဟူသော ဘဝင်၌လည်း ရူပါရုံထင်လာသောကြောင့် ဘဝင်လှုပ်ရသည်-ဟူလို။] သဒ္ဒ။ပ။ဖောဋ္ဌဗ္ဗာရမ္မဏောသုပိ၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့၌လည်း။ ဧသေဝနယော၊ ဤနည်းပင်တည်း။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ သကုဏော၊ ငှက်သည်။အာကာသေ-နာ၊ ဖြင့်။ အာဂန္တွာ၊ လာ၍။ ရုက္ခဂ္ဂေ၊ သစ်ပင်ဖျား၌။ နိလီယမာနောဝ၊ နားလျှင် နားချင်းပင်။ရုက္ခသာခဉ္စ၊ သစ်ခက်ကိုလည်း။ဃဋ္ဋေတိ ယထာ၊ထိခိုက်သကဲ့သို့လည်းကောင်း။အဿ၊ ထိုငှက်၏။ဆာယာ စ၊အရိပ်သည်လည်း။ပထဝိ-ယံ၊ မြေ၌။ ပဋိဟညတိ ယထာ၊ ထိခိုက်သကဲ့သို့လည်းကောင်း။ သာခါဃဋ္ဋန ဆာယာ ဖရဏာနိ၊ သစ်ခက်ကို ထိခိုက်ခြင်း၊ အရိပ်၏ မြေ၌ ပျံ့နှံ့ခြင်းတို့သည်။ အပုဗ္ဗံ၊ ရှေးလည်းမကျ။ အစရိမံ၊ နောက်လည်းမကျ။ ဧကက္ခဏေယေဝ၊ တပြိုင်နက်သော ခဏ၌ပင်။ဘဝန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ဧဝံ၊ ဤ။ ပစ္စုပ္ပန္န ရူပါဒီနံ၊ ပစ္စုပ္ပန်ရူပါရုံ အစရှိသည်တို့၏။စက္ခုပသာဒါဒိ ဃဋ္ဋနဉ္စ၊စက္ခုပသာဒ အစရှိသည်တို့ကို ထိခိုက်ခြင်းသည်လည်းကောင်း။ဘဝင်္ဂစာလနသမတ္ထတာယ၊ဘဝင်လှုပ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ဖြင့်။(စာအုပ်တို့၌ "စာလနသမတ္ထ"ဟုရှိပါစေ။) မနောဒွါရေ၊ ၌။ အာပါထဂမနဉ္စ၊ ရှေးရှုကျခြင်းသို့ ရောက်ခြင်းသည်လည်းကောင်း။အပုဗ္ဗံ အစရိမံ။ ဧကက္ခဏေယေဝ၊ ၌ပင်။ ဟောတိ၊ ၏။တတော၊ ထို ဘဝင်လှုပ်ရာ အခါမှ။(ပရံ။) ဘဝင်္ဂံ၊ ကို။ ဝိစ္ဆိန္ဒိတွာ၊ ဖြတ်၍။ စက္ခုဒွါရာဒီသု၊ တို့၌။ဥပ္ပန္နာနံ၊ကုန်သော။အာဝဇ္ဇနာဒီနံ၊အာဝဇ္ဇန်း အစရှိကုန်သော။ ဝေါဋ္ဌဗ္ဗန ပရိယောသာနာနံ၊ ဝုဋ္ဌော အဆုံးရှိကုန်သော စိတ်တို့၏။ အနန္တရာ၊ အခြားမဲ့၌။ တေသံ အာရမ္မဏာနံ၊ ထို ရူပါရုံ အစရှိသော အာရုံတို့တွင်။ အညတရသ္မိံ၊ အမှတ်မထား တပါးပါးသော အာရုံ၌။ ဣဒံ မဟာစိတ္တံ၊ ဤ ပထမ မဟာ ကုသိုလ် စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ [ဇောကိစ္စတပ်၍ ဖြစ်သည်-ဟူလို။]

ပန၊ ကား။ (ပဉ္စဒွါရ၌ ထင်လာပုံမှတပါး သုဒ္ဓမနောဒွါရ၌ ထင်လာပုံကား။) သုဒ္ဓမနောဒွါရေ၊ ပဉ္စဒွါရမဖက် သက်သက်သော မနောဒွါရ၌။ [ပဉ္စ-ဒွါရ၌ ထင်ပြီးသောအာရုံကို တဒနုဝတ္တိကဝီထိဖြင့် ဆက်၍ယူသောအခါ မနောဒွါရ၌ ထင်လာရာ မနောဒွါရကို "မိဿက မနောဒွါရ"ဟု ခေါ်သည်။ ထိုကဲ့သို့ မနောဒွါရမျိုး မဟုတ်၊ သက်သက် ထင်လာရာ မနောဒွါရတည်း။] ပသာဒဃဋ္ဋနကိစ္စံ၊ ပသာဒကို ထိခိုက်ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ ပကတိယာ၊ ပင်ကိုအားဖြင့်။ (နဂိုက။) ဒိဋ္ဌ။ပ။ဖုဋ္ဌဝသေနေဝ၊ မြင်အပ်ဖူးသော အာရုံ၊

ကြွားအပ်ဖူးသော အာရုံ၊ နမ်းအပ်ဖူးသော အာရုံ၊ သာယာအပ်ဖူးသော အာရုံ၊ တွေ့ထိအပ်ဖူးသော အာရုံတို့၏ အစွမ်းကြောင့်သာလျှင်။ တောနိ အာရမ္မဏာနိ၊ တို့သည်။ အာပါထံ၊ သို့။ အာဂစ္ဆန္တိ။

ကထံ၊ အဘယ်သို့ ရောက်ကုန်သနည်း။ ဣဓ၊ ဤ လောက၌။ ကေစိ၊ သည်။ ကတသုဓာကမ္မံ၊ ပြုအပ်ပြီးသော အင်္ဂတေ အမှုရှိသော။ (အင်္ဂတေ သုတ်အပ်ပြီးသော။) ဟရိတာလ မနောသိလာဒိ ဝဏ္ဏဝိစိတ္တံ၊ ဆေးဒန်း မြင်း သီလာ အစရှိသည်တို့၏ အဆင်းဖြင့် ဆန်းကြယ်သော။ ပဂ္ဂဟိတနာနပ္ပကာရ ဓဇပဋာကံ၊ ချီးမြှောက်အပ်သော အထူးထူးသော အပြားရှိသော တံခွန် ကုက္ကား ရှိသော။ မာလာဒါမဝိနဒ္ဓံ၊ ပန်းကုံးတို့ဖြင့် မြေးယှက်အပ်သော။ (ပန်းကုံးတို့ဖြင့် စေတီတော်ကို ရစ်ပတ်အပ်သော။) ဒီပမာလာပရိက္ခိတ္တံ၊ ဆီမီး ပန်းတို့ဖြင့် ဝန်းရံအပ်သော။ (စေတီတော်ကို ရစ်ပတ်၍ ဆီမီး ပန်းအစဉ် ထွန်းယ ားအပ် သော။) အတိမနောရမာယ၊ အလွန် စိတ်၏မွေ့လျော်ရာ ဖြစ်သော။သိရိယာ၊ အသရေတော်ဖြင့်။ ဝိရောစမာနံ၊ တင့်တယ်တော်မူသော။ အလင်္ကတ ပဋိ- ယတ္တံ၊ တန်ဆာဆင်ခြင်းဖြင့် စီမံ အားထုတ် အပ်သော။ [ရှေး နိဿယ၌ "တန်ဆာဆင်ခြင်းနှင့် စပ်သော"ဟု ပေး၏။ ဤပုဒ် ပြီးပုံကို ပါရာဇိကဏ် ဘာသာဋီကာ၊ ဗာဟိရနိဒါန်း၌ ပြထားပြီ။] မဟာစေတိယံ၊ မဟာစေတီတော် ကို။ ပဒက္ခိဏံ၊ လက်ယာရစ်။ ကတွာ၊ ပြုပြီး၍။ ဝါ၊ လှည့်လည်ပြီး၍။ သောဠသသု၊ တဆယ့်ခြောက်ရပ် ကုန်သော။ ပါဒပိဋ္ဌိကာသု၊ အခြေခံဖြစ် သော အပြင်တော်တို့၌။ [ရှေးနိဿယ၌ "ဖိနပ်တော်အပြင်တို့၌"ဟု ပေးသည်။] ပဉ္စပတိဋ္ဌိတေန၊ ၅-ပါးသော တည်ခြင်းဖြင့်။ (လက်၊ ခြေ၊ နဖူး၊ တတောင်၊ ဒူး-ဟူသော ၅-မျိုးသော တည်ခြင်းဖြင့်။) ဝန္ဒိတွာ၊ ဝပ်ချပြီး၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ [ဝပ်ချပြီးနောက် မတ်မတ်ရပ်လျက် လက်အုပ်ချီပြီး၍။] ဥလ္လောကေန္တော၊ မော်၍ဖူးလျက်။ ဗုဒ္ဓါရမ္မဏံ၊ သက်တော် ထင်ရှား မြတ်စွာဘုရားလျှင် အာရုံရှိသော။ ပီတိံ၊ ကို။ ဂဟေတွာ။ ယူ၍။ တိဋ္ဌတိ၊ ရပ်တည်၏။

တဿ၊ ထိုပုဂ္ဂိုလ်၏။ ဝံ၊ ဤသို့။ စေတိယံ၊ ကို။ ပဿိတွာ၊ ဖူးမြော်၍။ ဗုဒ္ဓါရမ္မဏံ၊ သော။ ပီတိံ၊ ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အပရဘာဂေ၊ နောက်အဖို့၌။ ယတ္ထ ကတ္ထစိ၊ အမှတ်မထား တပါးပါးသော အရပ်၌။ ဂတဿ၊ ရောက်ပြီးသည်ဖြစ်၍။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု၊ ညဉ့်နေရာအရပ် နေ့နေရာအရပ်တို့၌။ ["ညဉ့်သန့်ရာအရပ် နေ့သန့်ရာအရပ်တို့၌" ဟုလည်း ပေး ၏။ "သန့်သန့်ရှင်းရှင်း တရားအာရုံ ယူရာအရပ်"ဟူလို။] နိသိန္နဿ၊ ထိုင်လျက်။ အာဝဇ္ဇမာနဿ၊ ဆင်ခြင်လတ်သော်။ အလင်္ကတပဋိယတ္တံ၊ သော။ မဟာ-

စေတိယံ၊ သည်။ စက္ခုဒွါရေ၊ ၌။ အာပါထံ၊ သို့။ အာဂတသဒိသမေဝ၊ ရောက်လာသည်နှင့် တူသည်သာ။ ဟောတိ၊ ၏။ ပဒက္ခိဏံ၊ လက်ယာရစ်။ ကတွာ။ စေတိယဝန္ဒနကာလေ ဝိယ" စေတီတော်ကို ရှိခိုးရာ အခါကဲ့သို့။ ဟောတိ၊ ၏။ ["စေတိယဝန္ဒနကာလေ ဝိယ" ဟု ရှိလျှင် ကောင်းမည်ထင်သည်။ စေတီတော်ကို ရှိခိုးရာကာလ၌ ထင်လာပုံအတိုင်း ထင်လာသည်-ဟူလို။] ဧဝံ၊ ဤသို့လျှင်။ တာဝ၊ သုတ-စသည်တို့မှ ရှေးဦးစွာ။ ဒိဋ္ဌဝသေန၊ မြင်အပ်ပြီးသော အာရုံ၏ အစွမ်းကြောင့်။ ရူပါရမ္မဏံ၊ သည်။ အာပါထံ၊ သို့။ အာဂစ္ဆတိ၊ ရောက်၏။ ["ဝသေန-ဟေတုဘူတေန" ဟု မစုဖွင့်သောကြောင့် ဟိတ်အနက်ပေးသည်။]

ပန၊ ကား။ (ဒိဋ္ဌ၏ အစွမ်းကြောင့် ရူပါရုံထင်ပုံမှတပါး သုတ၏ အစွမ်းကြောင့် သဒ္ဒါရုံထင်ပုံကား။) မဓုရေန၊ ချိုမြိန်သော အရသာနှင့် တူသော။ သရေန၊ အသံဖြင့်။ ဓမ္မံ၊ ကို။ ကထေန္တဿ၊ ဟောသော။ ဓမ္မကထိကဿ ဝါ၊ ဓမ္မကထိက၏ သော်လည်းကောင်း။ သရေန၊ ဖြင့်။ ဘဏန္တဿ၊ ပါဠိသက်သက်ကို ရွတ်ပြသော။ သရဘာဏကဿ[1] ဝါ၊ သရဘာဏက ပုဂ္ဂိုလ်၏ သော်လည်းကောင်း။ သဒ္ဒံ၊ ကို။ သုတွာ၊ ကြားနာပြီး၍။ အပရဘာဂေ၊ နောက်အဖို့၌။ ယတ္ထ ကတ္ထစိ၊ အမှတ်မထား တပါးပါးသော အရပ်၌။ နိသီဒိတွာ၊ ထိုင်၍။ အာဝဇ္ဇမာနဿ၊ ဆင်ခြင်လတ်သော်။ ဝါ၊ ဆင်ခြင်သော ပုဂ္ဂိုလ်၏။ ဓမ္မကထာ ဝါ၊ တရားစကားသည် သော်လည်းကောင်း။ [ဓမ္မ-ကထိကပုဂ္ဂိုလ်၏ ဓမ္မကထာကို ရည်ရွယ်သည်။] သရဘညံ ဝါ၊ အသံဖြင့် ရွတ်ဆိုအပ်သော ပါဠိသည် သော်လည်းကောင်း။ [သရဘာဏက ပုဂ္ဂိုလ်၏ သရဘည

၁။ **သရဘာဏကဿ။** ။သရဘာဏကဿကို "သရေန ဘဏန္တဿ" ဟု ဖွင့်သည်။ ထိုအဖွင့်အတိုင်း "ဘဏတီတိ ဘာဏကော၊သရေန+ဘာဏကောသရဘာဏကော" ဟု ပြု။ ဋီကာ၌ ဩသာရကဿကိုလည်း "ပါဠိံ၊ ပါဠိသက်သက်ကို။ ဩသာရေတိ၊ သက်ရောက်စေတတ်၏။ ဝါ၊ ဟောသော အာဖြင့် သွင်းချတတ်၏။ ဣတိ ဩသာရ-ကော" ဟု ပြု။

မှတ်ချက်။ ။"ဓမ္မကထိက" မည်သူသည် တရားတော်ကို အနက် အဓိပ္ပာယ်ဖွင့်၍ အကျယ် ဟောသူတည်း။ သို့သော်-ပရိသတ်တို့ကို ပြန်လှန် စစ်ဆေး မေးမြန်းခြင်း မပြု။ သရဘာဏက (ဩသာရက) မည်သူကား အနက် အဓိပ္ပာယ် မပါပဲ ပါဠိသက်သက် ကိုသာ ဟောရွတ်သူ ဖြစ်သည်။ ဓမ္မာစရိယ ပုဂ္ဂိုလ်ကား စာသင်တပည့်များကို ပြန်လှန်စစ်ဆေး မေးမြန်းရသေးသည်။ [ဤ အဓိပ္ပာယ်လည်း ရှေးခေတ်က ဇမ္ဗူဒီပ သီဟိုဠ်တို့၌ ကျင့်ရှားပြီး ဖြစ်သောကြောင့် "ဓမ္မံ ကထေန္တဿ" ဟူသောပါဌ် "သရေန ဘဏန္တဿ" ဟူသော ပါဌ်တို့သည် နောက် မြန်မာနိုင်ငံရောက်မှ ထည့်ပါဌ် ဖြစ်လေရော့သလား ဟု စဉ်းစားမိပါသည်။]

ကို ရည်ရွယ်သည်] သောတဒွါရေ၊ ၌။ အာပါထဂတံ ဝိယ၊ ရှေးရှုကျခြင်းသို့ ရောက်သကဲ့သို့။ ဟောတိ။ သာဓုကာရံ၊ သူဟော်ကောင်းတို့ ပြုအပ်သော အသံကို။ ဝါ၊ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ သုဏနကာလေသာ ဝိယ၊ ကြားနာရာ အခါကဲ့သို့။ ဟောတိ၊ ၏။ ["သုဏနကာလေ ဝိယ ဟောတိ" ဟု ရှိလျှင် ကောင်း၏။ နာရတုန်းက ထင်လာသကဲ့သို့ ထင်လာသည်-ဟူလို။] ဧဝံ၊ ဤသို့လျှင်။ သုတဝသေန၊ ကြားအပ်ဖူးသော အာရုံ၏ အစွမ်းကြောင့်။ သဒ္ဒါ-ရမ္မဏံ၊ သည်။ အာပါထ မာဂစ္ဆတိ။

ပန၊ ကား။ (သုတ၏ အစွမ်းကြောင့် သဒ္ဒါရုံ ထင်လာပုံမှတပါး ဃာယိတ၏ အစွမ်းကြောင့် ဂန္ဓာရုံ ထင်လာပုံကား။) သုဂန္ဓံ၊ ကောင်းသော အနံ့ရှိသော။ ဂန္ဓံ ဝါ၊ နံ့သာကို သော် လည်းကောင်း။ မာလံ ဝါ၊ သော်လည်း ကောင်း၊ လဘိတွာ၊ ၍။ အာသနေ ဝါ၊ တရားဟောရာ နေရာ၌ သော်လည်း ကောင်း။ (တရားဟော ပလ္လင်၌ သော်လည်းကောင်း။) စေတိယေ ဝါ၊ စေတီတော်၌ သော်လည်းကောင်း။ ဂန္ဓာရမ္မဏေန၊ ဂန္ဓာရုံဟူသော အာရုံရှိသော။ စိတ္တေန၊ ဖြင့်။ ပူဇံ၊ ပူဇော်မှုကို။ ကတွာ၊ ပြုပြီး၍။ အပရဘာဂေ ယတ္ထ ကတ္ထစိ။ နိသီဒိတွာ၊ ၍။ အာဝဇ္ဇမာနဿ၊ လတ်သော်။ ဝါ၊ ၏။ ဟံ ဂန္ဓာရမ္မဏံ၊ သည်။ ဃာနဒွါရေ၊ ၌။ အာပါထဂတံ ဝိယ ဟောတိ။ ပူဇာကရဏကာလေသာ ဝိယ၊ ပူဇော်မှုကို ပြုရာအခါကဲ့သို့။ ဟောတိ။ ["ပူဇာ-ကရဏကာလေ ဝိယ ဟောတိ" ဟု ရှိလျှင်ကောင်း၏။ ပူဇော်မှုကို ပြုရာ ကာလတုန်းက ထင်လာသကဲ့သို့ ထင်လာသည်-ဟူလို။] ဧဝံ ဤသို့လျှင်။ ဃာယိတ-ဝသေန၊ နမ်းအပ်ဖူးသော အာရုံ၏ အစွမ်းကြောင့်။ ဂန္ဓာရမ္မဏံ အာပါထ မာဂစ္ဆတိ။

ပန၊ ကား။ (ဃာယိတ၏ အစွမ်းကြောင့် ဂန္ဓာရုံ ထင်ပုံမှတပါး သာယိတ၏ အစွမ်းကြောင့် ရသာရုံ ထင်ပုံကား။) ပဏီတံ၊ မွန်မြတ်သော။ ခါဒနီယံ ဝါ၊ ကို သော်လည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုသော် လည်းကောင်း။ သဗြဟ္မစာရီဟိ၊ သီတင်းသုံးဖော်တို့နှင့်။ သဒ္ဓိံ ။ သံဝိဘဇိတွာ၊ ဝေဖန်၍။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်ပြီး၍။ အပရဘာဂေ။ ယတ္ထ ကတ္ထစိ၊ ၌။ ကုဒြူသကာ-ဒိဘောဇနံ[၁] ၊လူး အစရှိသော ဘောဇဉ်ကို။ လဘိတွာ၊ ရ၍။ အသုကကာလေ၊

၁။ ကုဒြူသကာဒိ။ ။ကောရံ (ရှမိရံ) ဒုဿတိတိ ကုဒြူသကော၊ ဝမ္ဘာဝိပရိ-ယယော (ဒ-နှင့်ရ၊ ရှေ့နောက်ပြန်။) ညြဿ ဥတ္တံ (ကော၌ ညြကို ဥပြု။) [ဒုသ-ဓာတ်၏ ဥကို ဒီဃပြု။] အာဒိသဒ္ဒေန ဝရဏာဒိ သင်္ဂဟ္ဟတိ၊ ပြောင်း စသည်ကို သိမ်းယူအပ်၏။-ယောဇနာ။ ¦ "ကုဒြူသကော+အာဒိ ယေသန္တိ ကုဒြူသကာဒယော၊ တေသံ+ရသော ကုဒြူသကာဒိရသော" ဟု ဆက်၍ ပြု]

ထိုမည်သော အခါ၌။ ပဏီတံ၊ သော။ ဘောဇနံ၊ ကို။ သဗြဟ္မစာရီဟိ သဒ္ဓိံ။ သံဝိဘဇိတွာ၊ ၍။ပရိဘုတ္တံ၊ သုံးဆောင်အပ်ဖူးပြီ။ ဣတိ၊ သို့။ အာဝဇ္ဇမာနဿ၊ သော်။ ဝါ၊ ၏။ တံ ရသာရမ္မဏံ၊ သည်။ ဇိဝှာဒွါရေ အာပါတဂတံ ဝိယ ဟောတိ။ ပရိဘုဉ္ဇနကာလော ဝိယ၊ သုံးဆောင်ရာ အခါကဲ့သို့။ ဟောတိ၊ ၏။ [“ပရိဘုဉ္ဇနကာလေ ဝိယ ဟောတိ” ဟု ရှိလျှင် ကောင်း၏။ သုံးဆောင်ရာ အခါတုန်းက ထင်လာသကဲ့သို့ ထင်လာသည်-ဟူလို။] ဧဝံ၊ ဤသို့လျှင်။ သာယိတဝသေန၊ သာယာအပ်ဖူးသော အာရုံ၏ အစွမ်းကြောင့်။ ရသာရမ္မဏံ အာပါထ မာဂစ္ဆတိ။

ပန၊ ကား။ (သာယိတ၏ အစွမ်းကြောင့် ရသာရုံ ထင်လာပုံမှတပါး ဖုဋ္ဌ၏ အစွမ်းကြောင့် ဖောဋ္ဌဗ္ဗာရုံ ထင်လာပုံကား။)မုဒုကံ၊နူးညံ့သော။ သုခသမ္ဖဿံ၊ ကောင်းသော အတွေ့ရှိသော။ မဉ္စံ ဝါ၊ ညောင်စောင်း ကိုသော်လည်းကောင်း။ ပီဌံ ဝါ၊ ကိုသော်လည်းကောင်း။ အတ္ထရဏပါဝုရဏံ ဝါ၊ အခင်း အခြုံကိုသော်လည်းကောင်း။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်ပြီး၍။ အပရဘာဂေ။ယတ္ထ ကတ္ထစိ၊၌။ဒုက္ခသေယျံ၊ဆင်းရဲစွာအိပ်ရခြင်းကို။ကပ္ပေတွာ၊ပြု၍။ အသုကကာလေ၊၌။ မေ၊ ငါသည်။ မုဒုကံ၊ သော။ မဉ္စပီဌံ၊ ကိုလည်းကောင်း။ အတ္ထရဏပါဝုရဏံ၊ ကိုလည်းကောင်း။ ပရိဘုတ္တံ၊ သုံးဆောင်အပ်ဖူးပြီ။ ဣတိ၊ သို့။ အာဝဇ္ဇမာနဿ၊ သော်။ ဝါ၊ ၏။ တံ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ သည်။ ကာယဒွါရေ၊ ၌။ အာပါတဂတံ ဝိယ ဟောတိ။ သုခသမ္ဖဿဝေဒယိတကာလော ဝိယ၊ ကောင်းသော အတွေ့ကို ခံစားအပ်ရာ အခါကဲ့သို့။ ဟောတိ။ [“သုခသမ္ဖဿဝေဒယိတကာလေ ဝိယ ဟောတိ” ဟု ရှိလျှင် ကောင်း၏။ ကောင်းသော အတွေ့ကို ခံစားရာ အခါတုန်းက ထင်လာသကဲ့သို့ ထင်လာသည်-ဟူလို။] (ဧဝံ၊သို့လျှင်။ ဖုဋ္ဌဝသေန၊ တွေ့ထိအပ်သော အာရုံ၏အစွမ်းကြောင့်။ ဖောဋ္ဌဗ္ဗာရမ္မဏံ အာပါထ မာဂစ္ဆတိ။ ဧဝံ၊ ဤသို့လျှင်။ သုဒ္ဓမနောဒွါရေ၊ ၌။ပ။ ဣတိ။ ဝေဒိတဗ္ဗာနိ၊ သိထိုက်၏။

ဣဒါနိ၊ ၌။ ပကတိယာ၊ အားဖြင့်။ ဒိဋ္ဌာဒီနံ၊ ဒိဋ္ဌ-အစရှိသော အာရုံတို့၏။ ဝသေန၊ ကြောင့်။ အာပါထဂမနေ၊ ရှေးရှု ကျခြင်းသို့ ရောက်ခြင်း၌။အပရောပိ၊ ဆိုအပ်ပြီးသော နည်းမှ တပါးလည်းဖြစ်သော။ အဋ္ဌကထာမုတ္တကော၊ အဋ္ဌကထာနည်းမှ အလွတ်ဖြစ်သော။ (ရှေး အဋ္ဌကထာတို့၌ လာသောနည်းမှ အလွတ်ဖြစ်သော။)အယံ နယော၊ ဤနည်းသည်။ ဟောတိ။ ဒိဋ္ဌံ၊ ကိုယ်တိုင် တွေ့အပ်ပြီးသော အာရုံလည်းကောင်း။ သုတံ၊ တဆင့်စကား ကြားအပ်ပြီးသော အာရုံလည်းကောင်း။ဥဘယသမ္ဗန္ဓံ၊ဒိဋ္ဌ သုတ ၂-ပါးစုံနှင့် စပ်သောအာရုံလည်းကောင်း။ ဣတိ၊ သို့။ တာဝ၊ သဒ္ဒါရုစိ စသည်တို့မှ ရှေးဦးစွာ။ ဣမေ

ဒိဋ္ဌာဒယော၊ ဤ ဒိဋ္ဌ-အစရှိသော အာရုံတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တတ္ထ၊ ထို ဒိဋ္ဌ, သုတ, ဥဘယသမ္ဗန္ဓ တို့တွင်။ ၁ဒိဋ္ဌံ နာမ၊ ဒိဋ္ဌ-မည်သည်ကား။ ပဉ္စဒွါရ-ဝသေန၊ ပဉ္စဒွါရ၏ အစွမ်းဖြင့်။ ဂဟိတ ပုဗ္ဗံ၊ ယူအပ်ဖူးသော အာရုံတည်း။ သုတန္တိ၊ ကား။ ပစ္စက္ခတော၊ မျက်မှောက်အားဖြင့်။ (ကိုယ်တိုင်အားဖြင့်။) အဒိသွာ၊ မတွေ့မူ၍။ (မတွေ့ခဲ့ရပဲ။) အနုဿဝ ဝသေန၊ တဆင့်ကြားခြင်း၏ အစွမ်းကြောင့်။ ဂဟိတာ၊ ယူအပ်ကုန်သော။ ရူပါဒယော၀၊ ရူပ-အစရှိသော ၅-ပါးသောအာရုံတို့ပင်တည်း။ ဒွီဟိပိ၊ ၂-ပါးလည်းဖြစ်ကုန်သော။ ဧတေဟိ၊ ထို ဒိဋ္ဌ သုတတို့နှင့်။ သမ္ဗန္ဓံ၊ စပ်သောအာရုံသည်။ ဥဘယသမ္ဗန္ဓံ နာမ၊ ဥဘယသမ္ဗန္ဓ မည်၏။ ဣတိ၊ သို့။ ဣမေသမ္ပိ ဒိဋ္ဌာဒီနံ၊ ဤဒိဋ္ဌ-အစရှိသည်တို့၏လည်း။ [အပိဖြင့် ရှေး၌ပြခဲ့သော ဒိဋ္ဌ, သုတ, ဃာယိတ, သာယိတ, ဖုဋ္ဌ-ဟူသော ၅-ပါးကို ပေါင်း။] ဝသေန၊ အစွမ်းကြောင့်။ တောနိ၊ ဤ အာရုံတို့သည်။ မနောဒွါရေ အာပါထ မာဂစ္ဆန္တိ၊ ဣတိ ဝေဒိတဗ္ဗာနိ။

တတ္ထ၊ ထို ဒိဋ္ဌ သုတ ဥဘယသမ္ဗန္ဓ တို့တွင်။ တာဝ၊ သုတ, ဥဘယသမ္ဗန္ဓ တို့မှ ရှေးဦးစွာ။ ဒိဋ္ဌဝသေန၊ တွေ့အပ်ဖူးသော အာရုံ၏အစွမ်းကြောင့်။ အာ-ပါထ ဂမနံ၊ ရှေးရှုကျခြင်းသို့ ရောက်ခြင်းကို။ ဟေဋ္ဌာ၊ အောက်၌။ ပဥ္စဟိ၊ ကုန်သော။ နယေဟိ၊ တို့ဖြင့်။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာ။ [ကထံ ဣမေ-ကစ္စော ကတသုခကမ္မံ-မှစ၍ ဝေ ဖုဋ္ဌဝသေန ဖောဋ္ဌဗ္ဗာရမ္မဏံ အာပါထမာ ဂစ္ဆတိ-တိုင်အောင် ၅-မျိုးသောနည်းတို့ဖြင့် ဆိုအပ်ခဲ့ပြီ။ ထို ဆိုအပ်သည့် အတိုင်း ဤနေရာ၌လည်း သိပါ-ဟူလို။ မှန်၏-ထို၌ ဒိဋ္ဌ ။ပ။ ဖုဋ္ဌအာရုံ ၅-မျိုးကိုပင် ဤနေရာ၌ "ဒိဋ္ဌ"ဟု ဆိုထားသည်။] ပန၊ ကား။ (ဒိဋ္ဌ၏အစွမ်း ကြောင့် ထင်ပုံမှတပါး သုတ၏အစွမ်းကြောင့် ထင်ပုံကား။) ကေစ္စော၊ အချို့ပုဂ္ဂိုလ်သည်။ သုဏာတိ၊ ကြားရ၏။ (ကိံ၊ အဘယ်သို့ကြားရသနည်း။) ဘဂဝတော၊ ၏။ ပုညာတိသယဖလနိဗ္ဗတ္တံ၊ လွန်ကဲသော ကောင်းမှု၏ အကျိုး အဖြစ်ဖြင့် ဖြစ်သော။ [အချို့စာအုပ်၌ ဖလမပါ။ "လွန်ကဲသော ကောင်းမှု ကြောင့်ဖြစ်သော"ဟု ပေး။] ရူပံ၊ အဆင်းတော်တည်း။ ဝေရူပံ နာမ၊ ဤသို့

၁။ ဒိဋ္ဌံနာမ။ပ။ဂဟိတပုဗ္ဗံ။ ။"ပဉ္စဒွါရဝသေန ဂဟိတပုဗ္ဗံ"ကို ထောက်၍ စက္ခု ဒွါရဖြင့် မြင်အပ်သော ရူပါရုံသာမက ရှေးရှေးက ၅-ဒွါရဖြင့် ကိုယ်တိုင်ယူအပ်သော အာရုံ ၅-ပါးလုံးကို"ဒိဋ္ဌ"ဟု ဆိုသည်။ ယခုလောက၌လည်း ကိုယ်တိုင်သိခဲ့၍ သူ တပါးအား တဆင့်ပြောသောအခါ "မင်းပြောတဲ့ အကြောင်းအရာဟာ ဒိဋ္ဌလား"ဟု ပြန်၍ မေးတတ်ကြ၏။ ပြောသူကလည်း "ငါကိုယ်တိုင် ကြားခဲ့ရတယ်၊ ဒိဋ္ဌပါဝဲ"ဟု ပြန်၍ ပြောတတ်ကြသည်။ ထိုကဲ့သို့ ကိုယ်တိုင်မတွေ့ခဲ့ရပဲ တဆင့်ကြားအပ်သော အာရုံ ၅-ပါးကို "သုတ"ဟု ခေါ်သည်။

သဘောရှိသည်မည်၏။ (ပုညတိသယဖလနိဗ္ဗတ္တော၊ သော။) သဒ္ဒေါ၊ အသံတော်သည်။ အတိမဓုရော၊ အလွန်ချိုမြိန်သော အရသာနှင့်တူ၏။ ကိသ္မိံစိ ပဒေသေ၊ တစုံတခုသော အရပ်၌။ (မည်သည့်အရပ်၌။) ကေသဥ္စိ ပုပ္ဖါနံ၊ အချို့ကုန်သောပန်းတို့၏။ (မည်သည့်ပန်းတို့၏။) ဂန္ဓော၊ အနံ့သည်။ အတိမနုညော၊ အလွန် စိတ်ကိုနှစ်သက်စေတတ်၏။ ကေသဥ္စိ ဖလာနံ၊ အချို့ကုန်သော အသီးတို့၏။ (မည်သည့်အသီးတို့၏။) ရသော၊ အရသာသည်။ အတိမဓုရော၊ အလွန်ချိုမြိန်၏။ ကေသဥ္စိ ပါဝုရဏာနံ၊ အချို့ကုန်သော ခြုံထည်တို့၏။ (မည်သည့် ခြုံထည်တို့၏။) သမ္ဖဿော၊ အတွေ့သည်။ အတိ သုခေါ၊ အလွန်ကောင်း၏။ ဣတိ၊ သို့။ (သုဏာတိ၊ ကြားရ၏။) တဿ၊ ထိုပုဂ္ဂိုလ်၏။ စက္ခုပသာဒါဒီဃဋ္ဋနံ၊ စက္ခုပသာဒ—အစရှိသည်ကို ထိခိုက်ခြင်းကို။ ဝိနာ၊ ကြဉ်၍။ သုတမတ္တာနေဝ၊ ကြားအပ်ကာမျှသာလျှင် ဖြစ်ကုန်သော။ တာနိ၊ ထို ၅—ပါးသော အာရုံတို့သည်။ မနောဒွါရေ အာပါထ မာဂစ္ဆန္တိ။

အထ၊ ထိုအခါ၌။ အဿ၊ ထို ပုဂ္ဂိုလ်၏။ တံ စိတ္တံ၊ ထို မဟာကုသိုလ်စိတ်သည်။ တသ္မိံ ရူပေ ဝါ၊ ထိုမြတ်စွာဘုရား၏ အဆင်းတော်၌ သော်လည်းကောင်း။ (တသ္မိံ) သဒ္ဒေ ဝါ၊ ထို မြတ်စွာဘုရား၏ အသံတော်၌ သော်လည်းကောင်း။ ပသာဒဝသေန၊ ကြည်ညိုခြင်း၏ အစွမ်းဖြင့်။ (ပဝတ္တတိ—၌ စပ်။) ဂန္ဓာဒီသု၊ ဂန္ဓာရုံအစရှိသည်တို့သည်။ (အာပါထံ၊ သို့။ အာဂတေသု၊ ရောက်ကုန်လတ်သော်။) အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့အား။ ဒါတုကာမတာဝသေန၊ ပေးလှူခြင်းငှာ အလိုရှိသည်၏ အဖြစ်၏ အစွမ်းဖြင့်။ ပဝတ္တတိ။ ဝါ၊ တနည်း။ အညေဟိ၊ အခြားသူတို့သည်။ ဒိန္နေသု၊ ပေးအပ်ကုန်လတ်သော်။ အနုမောဒနာ ဝသေန၊ ကောင်းချီးနုမော် သာဓုခေါ်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တတိ။ ဧဝံ၊ ဤသို့လျှင်။ သုတဝသေန၊ တဆင့်စကား ကြားအပ်သော အာရုံ၏ အစွမ်းကြောင့်။ တောနိ၊ ဤ ၅—ပါးသော အာရုံတို့သည်၊ မနော—ဒွါရေ အာပါထ မာဂစ္ဆန္တိ။ ပန၊ ဆက်။ အပရေန၊ အခြားပုဂ္ဂိုလ်သည်။ (ဒိဋ္ဌာနိ၊ သုတာနိ—တို့၌ စပ်။) ယထာ ဝုတ္တာနိ၊ အကြင်အကြင် ဆိုအပ်ပြီးကုန်သော။ ရူပါဒီနိ၊ တို့သည်။ ဝါ၊ တို့ကို။ ဒိဋ္ဌာနိ ဝါ၊ တွေ့အပ်ဖူးကုန်သည် သော်လည်းကောင်း။ သုတာနိ ဝါ၊ တဆင့်စကား ကြားအပ်ဖူးကုန်သည် သော်လည်းကောင်း။ ဟောန္တိ။

တဿ၊ ထို ပုဂ္ဂိုလ်၏။ ဤဒိသံ၊ ဤကဲ့သို့ ရှုအပ်သော။ ရူပံ၊ အဆင်းတော်သည်။ အာယတိံ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနက ဗုဒ္ဓဿာပိ၊ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရား၏ အတွက်လည်း။ ဘဝိဿတိ။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော၊ နယေန၊ ဖြင့်။ စက္ခုပသာဒါဒီဃဋ္ဋနံ၊ ကို။ ဝိနာ၊ ၍။ ဒိဋ္ဌသုတ—

သမ္မန္နေနေဝ၊ တွေ့အပ်ဖူးသော အာရုံ,ကြားဖူးအပ်ဖူးသော အာရုံနှင့်စပ်သဖြင့်သာ လျှင်။ တာနိ၊ထို ၅-ပါးသော အာရုံတို့သည်။မနောဒွါရေ အာပါထမာဂစ္ဆန္တိ။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာ။[ပသာဒဝသေန ဒါတုကာမဟာဝသေန စသည်ဖြင့် ဆိုအပ်ပြီး သော နည်းဖြင့်သာ။]တေသု၊ ထို ၅-ပါးသော အာရုံတို့တွင်။အညတရမ္မိံ၊ တပါးပါးသော အာရုံဟူသော အာရုံရှိသော။ဣဒံ မဟာစိတ္တံ၊ဤပထမ မဟာ ကုသိုလ် စိတ်သည်။ ပဝတ္တတိ။ ဝေံ၊ ဤသို့လျှင်။ ဥဘယသမ္ဗန္ဓဝသေန၊ ဒိဋ္ဌ သုတ ၂-ပါးစုံနှင့်စပ်သော အာရုံ၏အစွမ်းကြောင့်။ တောနိ၊ ဤ ၅-ပါး သော အာရုံတို့သည်။ မနောဒွါရေ အာပါထ မာဂစ္ဆန္တိ။

[၁]စ၊ ဆက်။ ဣဒမ္ပိ၊ ဤ ဒိဋ္ဌ, သုတ, ဥဘယသမ္ဗန္ဓတို့၏ အစွမ်းကြောင့် ထင်လာပုံကိုပြသောစကားသည်လည်း။မုခမတ္တမေဝ၊နည်းအမြွက်မျှသာတည်း။ (အကျဉ်းမျှသာတည်း။) ပန၊ စင်စစ်ကား။ သဒ္ဓါရုစိ[၂]။ပ။အာဒီနံ၊သဒ္ဓါ,ရုစိ, အာကာရပရိဝိတက္က[၃], ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ[၄]အစရှိသည်တို့၏။(ယုံကြည်ခြင်း၊နှစ်သက် ခြင်း၊ အခြင်းအရာကို ကြံစည်ခြင်း၊ ဉာဏ်ဖြင့်ရှု၍ နှစ်သက်ဆုံးဖြတ်ခြင်း အစရှိ

၁။ ဣဒမ္ပိ။ပ။မေဝ။ ။အပိဖြင့် ဆိုခဲ့ပြီးသော "ဣမေကေစ္စော ကတသုဓာကမ္မံ" စသော စကားကိုပေါင်း။ ထိုစကားသာ အကျဉ်းချုပ် အမြွက်မျှဖြစ်သည် မဟုတ်သေး။ "ဒဿယမပရောပိ အင္ဂကထာမုတ္တကော] နယော ဟောတိ၊ ဒိဋ္ဌံ သုတံ ဥဘယ-သမ္ဗန္ဓံ" စသည်ဖြင့် ဆိုအပ်ပြီးသော ထင်လာပုံပြ စကားလည်း အကျဉ်းချုပ် အမြွက်မျှပင် ဖြစ်သည်-ဟူလို။ မုခ-သဒ္ဒါသည် "ပါးစပ်ပေါက်" ဟူသော အနက်ကိုဟော၏။ ပါးစပ်ပေါက်သည် အမျိုးမျိုးသော အစာတို့၏ ဝင်ကြောင်းဖြစ်သကဲ့သို့ ဤ အကျဉ်း ချုပ်စကားလည်း နောက်နောက် အကျယ်တို့၏ ဝင်ကြောင်းဖြစ်သည်-ဟူလို။ [အပိ- သဒ္ဒေန န ကေဝလံ ဣမေကစ္စော ကာဘသုဓာကမ္မန္တိ အာဒိဝစနမေဝ သခ်ေပမတ္တံ၊ အထခေါ အယံ အပရောပိတိ အာဒိဝစနမ္ပိ သခ်ေပမတ္တံတိ ဒဿေတိ။-ယောဇနာ။]

၂။ သဒ္ဓါရုစိ။ ။တစုံတယောက်က ပြော၍ ကြားရလျှင် မစဉ်းစား မစိစစ်တော့ပဲ ယုံကြည်ခြင်းသည် သဒ္ဓါမည်၏။ [အမှားကိုယုံကြည်ရာ၌ သဒ္ဓါအတု၊ မိစ္ဆာဓိမောက္ခ တည်း။ အမှန်ကို ယုံကြည်ရာ၌ သဒ္ဓါအစစ်ပင်။] ထိုသို့ ပြော၍ ကြားသောအခါ မိမိကိုယ်တိုင် စိစစ်ပြီးမှ နှစ်သက်ခြင်းသည် ရုစိမည်၏။ ဤသို့ ဋီကာ၌ အဘူးပြုသည်။

၃။ အာကာရပရိဝိတက္က။ ။"ဒီလိုလည်း ဖြစ်လိမ့်မည်၊ဟိုသိုလည်း ဖြစ်လိမ့်မည်" ဟု အကြောင်းအရာ တခုခု၏ အခြင်းအရာကို ထပ်ကာထပ်ကာ စဉ်းစား ကြံစည်ခြင်း သည် အာကာရပရိဝိတက္က မည်၏။ [ဤ၌ အာကာရ-ဟူသည် မိမိဉာဏ်ဘသ့်း၌ ထင် လာသော ဥပဋ္ဌာနာကာရ-တည်း။]

၄။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ။ ။ထိုသို့ စဉ်းစား ကြံစည်သူ၏ဉာဏ်ဖြင့် တစုံတခုသော အရာ ဝတ္ထု၌ စေ့စေ့ငုငု ရှုသောအားဖြင့် နှစ်သက် (သဘောကျ) ခြင်းသည် ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ- မည်၏။ နိသေဓသေန၊ အကြွင်းမရှိသော အားဖြင့်+ဈာနံ၊ ရှုခြင်း။ နိဇ္ဈာနံ၊ ခြင်း။

သည်တို့၏။)ဝသေန၊ ကြောင့်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ တေသံ၊ ဤ ၅-ပါးသော အာရုံတို့၏။ မနောဒွါရေ။အာပါထဂမနံ၊ ကို။ဝေဒိတဗ္ဗ-မေဝ၊ သိထိုက်သည်သာ။ ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ဧဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အာပါထံ၊ သို့။ အာဂစ္ဆန္တာနိ၊ ရောက်သော အာရုံတို့သည်။ ဘူတာနိပိ၊ ဟုတ်မှန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဘူတာနိပိ၊ မဟုတ်မမှန်ကုန်သည်လည်း။ ဟောန္တိ။ တသ္မာ၊ ကြောင့်။ အယံ နယော၊ ဤနည်းကို။ အဋ္ဌကထာယံ၊ ရှေး အဋ္ဌကထာ၌။ (အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။) န ဂဟိတော၊ မယူအပ်။ ဧဝံ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ ဧကေကာရမ္မဏံ၊ တပါးတပါးသော အာရုံရှိသော။ ဇဝနံ၊ သည်။ ဒွိသု ဒွိသု ဒွါရေသု၊ တို့၌။ ဥပ္ပဇ္ဇတိ ဣတိ ဝေဒိတဗ္ဗံ။

ဟိ၊ ချဲ့။ ရူပါရမ္မဏံ၊ ရူပါရုံဟူသော အာရုံရှိသော။ ဇဝနံ၊ သည်။ စက္ခုဒွါရေပိ၊ ၌လည်း။ ဥပ္ပဇ္ဇတိ။မနောဒွါရေပိ၊ ၌လည်း။ ဥပ္ပဇ္ဇတိ။ သဒ္ဒါဒိအာရမ္မဏေသုပိ၊ သဒ္ဒ-အစရှိသော အာရုံရှိသော ဇောတို့၌လည်း။ဧသေဝနယော၊ တည်း။ တတ္ထ၊ ထို ဇောတို့တွင်။ မနောဒွါရေ၊ ၌။ ဥပ္ပဇ္ဇမာနံ၊ သော။ ရူပါရမ္မဏံ၊ သော။ဇဝနံ၊ သည်။ဒါနမယံ[၁]၊ ဒါနမယ-ဇောလည်းကောင်း။သီလမယံ၊ လည်းကောင်း။ ဘာဝနာမယံ၊ လည်းကောင်း။ ဣတိ၊ သို့ ။တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ။ တေသု၊ ထို ဒါနမယ သီလမယ ဘာဝနာမယ ဇောတို့တွင်။ ဧကေကံ၊ တပါးတပါးသော ဇောသည်။ ကာယကမ္မံ၊ကာယကံ လည်းကောင်း။ပ။မနောကမ္မံ၊ လည်းကောင်း။ဣတိ၊ သို့။တိဝိဓံမေဝ၊သည်ပင်။ ဟောတိ။သဒ္ဒ။ပ။ဓမ္မာရမ္မဏေသုပိ၊ သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူသော အာရုံရှိသော ဇောတို့၌လည်း။ ဧသေဝနယော။

တတ္ထ၊ ထို ၆-ပါးသော အာရုံတို့တွင်။ တာဝ၊ သဒ္ဒါရုံ စသည်တို့မှ ရှေးဦးစွာ။ ရူပံ၊ ရူပါရုံကို။ အာရမ္မဏံ၊ ကို။ကတွာ၊ ဥပ္ပဇ္ဇမာနံ၊ဖြစ်လတ်သော်။ ဝါ၊သော။ တေဘူမကကုသလစိတ္တံ၊ ဤ မဟာကုသိုလ်စိတ်သည်။ နီလ။ပ။ ဝဏ္ဏေသု၊ ညိုသောအဆင်း, ရွှေသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်း

နိဗ္ဗာနေန၊ အကြွင်းမဲ့ ရှုခြင်း (စေ့စေ့ငုငု ရှုခြင်း) အားဖြင့်+ခန္တိ၊ နှစ်သက်ခြင်းတည်း။ နိဇ္ဈာနက္ခန္တိ၊ ခြင်း။ ဒိဋ္ဌိယာ၊ ဉာဏ်ဖြင့်+နိဇ္ဈာနက္ခန္တိ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ။ [ရုစိတုန်းက နှစ်သက်ခြင်းသည် ဤ ခန္တိလောက် လေးလေးနက်နက် မရှိ။]

၁။ ဒါနမယံ။ ။ဒါနမေဝ ဒါနမယံ၊သွတ္တ-၌မယ-ပစ္စည်းသက်၊တနည်း-ဒါနတော+ နိပ္ဖန္နံ ဒါနမယံ-ရှေ့ဒါနကြောင့်ပြီးသော သန္နိဋ္ဌာပက စေတနာဟူသော ဒါန။ ဤအလို နိပ္ဖန္နအနက်၌ မယ-ပစ္စည်းသက်။ သီလမယ-ဘာဝနာမယ တို့၌လည်း နည်းတူ။-ဒါန ဝဏ္ဏ၊ အဋ္ဌကအင်္ဂုတ္တုရ် အဋ္ဌကထာကို မှီးသည်။

ရှိကုန်သော။ ပုပ္ဖဝတ္ထမာတုသု၊ ပန်း, အဝတ်,ငွေ့နီ,ဆေးဒန်း,မျက်စဉ်း အစ ရှိသော မာတ်တို့တွင်။[ဂေရုကဟရိတာလဉ္ဇနာဒိမာတုသု။] အညတရံ၊ အမှတ် မထား တပါးတပါးသော။ သုဘနိမိတ္တသင်္ခါတံ ၊သုဘနိမိတ်ဟု ဆိုအပ်သော။ ဝါ၊ သုဘ ဟု ယူခြင်း၏အကြောင်း ဟု ဆိုအပ်သော [သုဘဂ္ဂဟဏဿ+ နိမိတ္တံ-သောမနဿ ဟေတုက်စိတ်၏ အာရုံဖြစ်သောကြောင့် သောမနဿ ဖြစ်လောက်သော သုဘနိမိတ္တ-စသော အာရုံကို ညွှန်ပြသည်။] ရူပံ၊ အလို ရှိအပ်သော။ ကန္တံ၊ နှစ်သက်အပ်သော။ မနာပံ၊ စိတ်ကို တိုးပွားစေတတ်သော။ ရဇနီယံ၊ နှစ်သက်ထိုက်သော။ တနည်း။ ရဇနီယံ၊ နှစ်သက်ခြင်း၏ တည်ရာဖြစ် သော။ [ဂုန္ဓမာတ်+အနီယ၊ တနည်း "ရဇနဿ+ဌာနံ ရဇနီယံ" တဒ္ဓိတ်ပုဒ်၊ ဋ္ဌယပစ္စည်း။] ဝဏ္ဏံ၊ အဆင်းကို။ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ။ [ဤတိုင်အောင် ရူပါရမ္မဏံ ဝါ-စသည်တို့၏ အဖွင့် ပြီးပြီ။]

နနုစ၊ စောဒနာပါဦးအံ့။ (ကိံ။) တေ ရူပါရမ္မဏံ၊ ဤ ရူပအာရုံသည်။ (သုဘနိမိတ္တတ္တာ၊ သုဘဟု ယူခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်လည်း ကောင်း။ ရဇနီယတ္တာ စ၊ တပ်မက်ဖွယ်၏ အဖြစ်ကြောင့် လည်းကောင်း။) လောဘဿ၊ ၏။ ဝတ္ထု၊ တည်ရာသည်။ ဟောတိ နနု၊ ဖြစ်သည် မဟုတ်ပါ လော။ ကထံ၊ အဘယ့်ကြောင့်။ တေ စိတ္တံ၊ ဤ ရူပါရုံဟူသော အာရုံရှိ သော စိတ်သည်။ ကုသလံ နာမ၊ ကုသိုလ်မည်သည်။ ဇာတံ၊ ဖြစ်ရသနည်း။ ဣတိ၊ ဤသို့။ (နနုစ၊ စောဒနာပါ၏။) [1]နိယမိတဝသေန၊ ကုသိုလ်ပြုခြင်း၌ အမြဲ သတ်မှတ်အပ်သော စိတ်၏ အစွမ်းကြောင့်လည်းကောင်း။ ပရိဏာမိတ- ဝသေန၊ ကုသိုလ်ပြုခြင်း၌ ညွတ်စေအပ်သော စိတ်၏ အစွမ်းကြောင့်လည်း ကောင်း။ သမုဒါစာရဝသေန၊ ကောင်းစွာ အထက်အထက်၌ လေ့ကျက်အပ် ပြီးသော စိတ်၏ အစွမ်းကြောင့် လည်းကောင်း။ အာဘုဇိတဝသေန၊ နှလုံး

၁။ နိယမိတ။ပ။အာဘုဇိတဝသေန။ ။အဋ္ဌကထာ၌ "စိတ္တံ နိယမိတံ"စသည်ဖြင့် လည်းကောင်း၊ ဋီကာ၌ "နိယမိတဿ စိတ္တဿ ဝသေန၊ ဧဝမိတရေသု ဗျိသု" ဟု လည်းကောင်းဖွင့်သောကြောင့် နိယမိတ-စသော ၃-ပုဒ် အတွက် စိတ်ကို အရကောက် ရ၏။ "အာဘောဂေါ အာဘုဇိတံ" ဟု ဘာဝသာဓနေ ပြသောကြောင့် အာဘုဇိတ အတွက် နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) ကြိယာကို ကောက်ရသည်။ [နိယ- မိယတေတိ နိယမိတံ၊ ပရိဏာမိယတေတိ ပရိဏာမိတံ။ သမ္မာ+ဥဒ္ဓံ+အာစရီယတေတိ သမုဒါစာရော။ "ကောင်းစွာ+အထက်အထက်၌+လေ့ကျက်အပ်သော (ကျင့်သားရ နေသော) စိတ်" ဟု သဒ္ဒတ္ထဖြစ်၏။ ထိုနိယမိတ၏ အဓိပ္ပာယ်ကို အကျယ်ပြခန်း၌ ထင် ရှားစေလတ္တံ့။]

သွင်းခြင်း၏ အစွမ်းကြောင့်လည်းကောင်း။ (ဧတံ စိတ္တံ ကုသလံ နာမ ဇာတံ။) ဣတိ၊ တည်း။ ၁

ဟိ၊ ချဲ့။ ယဿ၊ အကြင် ပုဂ္ဂိုလ်၏။ မဟာ၊ သည်။ ကုသလမေဝ၊ ကုသိုလ်ကိုသာ။ ကတ္တဗ္ဗံ၊ ပြုထိုက်၏။ ဣတိ၊ သို့။ ကုသလကရဏေ၊ ကုသိုလ်ပြုခြင်း၌။ စိတ္တံ၊ သည်။ ဝါ၊ ကို။ နိယမိတံ၊ အမြဲသတ်မှတ် ဆုံးဖြတ်အပ်ပြီးသည်။ ဟောတိ၊ ၏။ အကုသလပ္ပဝတ္တိတော၊ အကုသိုလ် ဖြစ်ခြင်းမှ။ နိဝတ္တေတွာ၊ ဆုတ်နစ်စေ၍။ ကုသလကရဏေယေဝ၊ ၌သာ။ (စိတ္တံ၊ သည်။ ဝါ၊ ကို။) ပရိဏာမိတံ၊ ညွတ်စေအပ်သည်။ ဟောတိ၊ ၏။ အဘိဏှကရဏေန၊ မပြတ် ပြုခြင်းဟူသော။ (အလေ့အကျက်ရသော။) ကုသလသမုဒါစာရေနေဝ၊ ကုသိုလ်၏ ကောင်းစွာ အထက် အထက်၌ ဖြစ်ခြင်းဖြင့်သာလျှင်။ (စိတ္တံ။) သမုဒါစရိတံ၊ ကောင်းစွာ အထက်အထက်၌ ဖြစ်စေအပ်သည်။ ဝါ၊ လေ့ကျက်အပ်သည်။ ဟောတိ၊ ၏။ စ၊ အဖို့တပါးကား။ ပတိရူပဒေသဝါသ။ပ။ ပုဗ္ဗေကတပုညတာဒီဟိ၊ သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်း, သူတော်သူမြတ်တို့ကိုမှီခိုရခြင်း, သူတော်ကောင်းတရားကို နာရခြင်း, ရှေးရှေးဘဝ၌ ပြုအပ်ခဲ့သော ကောင်းမှုရှိသူအဖြစ် အစရှိကုန်သော။ ဥပနိဿယေဟိ၊ အားကြီးသော မှီရာအကြောင်းတို့ကြောင့်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ အာဘောဂေ ၊ စ၊ နှလုံးသွင်းခြင်းသည်လည်း။ ပဝတ္တတိ၊ ၏။ တဿ၊ ထို ပုဂ္ဂိုလ်၏။ ဣမိနာ နိယမိတဝသေန၊ ဤသို့ အမြဲ သတ်မှတ်အပ်သော စိတ်၏ အစွမ်းကြောင့်လည်းကောင်း။ ၁ဣမိနာ ပရိဏာမိတဝသေန၊ ဤသို့ ညွတ်စေအပ်သော စိတ်၏ အစွမ်းကြောင့်လည်းကောင်း။ ဣမိနာ

၁။ ဣမိနာ။ပ။ဇာတံ။ ။"ငါ့မှာ မည်သည့်အာရုံနှင့် တွေ့တွေ့ ကုသိုလ်စိတ်သာ ဖြင့်စေရမည်"ဟု အမြဲသတ်မှတ် ဆုံးဖြတ်ထားသူ၌ ကုသိုလ်စိတ်သာ ဖြစ်၏။ အကုသိုလ် မဖြစ်အောင် စိတ်ကို စောင့်စည်း၍ ကုသိုလ်ဖြစ်ဖို့ရန် စိတ်ညွတ်ထားသူ၌ ကုသိုလ်စိတ်သာ ဖြစ်၏။ ရှေးရှေးကပင် ကုသိုလ်စိတ်၌ အလေ့အကျက် ရနေသူမှာလည်း ကုသိုလ် စိတ်သာ ဖြစ်တတ်၏။ ဘယ်ကိစ္စ၌မဆို သင့်တော်အောင် နှလုံးသွင်းမှု အာဘုဇိတ (ယောနိသောမနသိကာရ) ရှိသူမှာလည်း ကုသိုလ်စိတ် ဖြစ်တတ်၏။ ဤ အကြောင်း ၄-ပါးကြောင့် သုဘနိမိတ် ဣဋ္ဌာရုံနှင့် တွေ့ရသော်လည်း လောဘစိတ်မဖြစ်ပဲ ကုသိုလ် စိတ်သာ ဖြစ်ရပေသည်။

[ဆောင်] အာရုံလွှေ့လွှေ့, မျိုးစုံတွေ့လည်း, မမေ့စေအပ်, ကုသိုလ်မြတ်၌, သတ်မှတ်၍ထား, ညွတ်စေငြားတည်း၊ ရှေးဖျားဆက်ဆက်, ကုသိုလ် ဘက်၌, လေ့ကျက် များသဖြင့်, အဆင့်ဆင့်သာ, အသင့် မနော, ယောနိသောကြောင့်, ကောင်းသော ဣဋ္ဌ, တွေ့ကြုံရလည်း, လောဘ မဖြစ် ကုသိုလ်ဖြစ်သည်,....စင်စစ် သူမြတ် သဘောတည်း။

သမုဒါစာရဝသေန၊ ဤသို့ ကောင်းစွာ အထက်အထက်၌ ဖြစ်စေသော စိတ်၏ အစွမ်းကြောင့် လည်းကောင်း။ ဣမိနာ အာဘုဇိတဝသေန၊ ဤသို့ နှလုံး သွင်းခြင်း၏ အစွမ်းကြောင့်လည်းကောင်း။ကုသလံ နာမ ဇာတံ ဟောတိ။

ပန၊ ဆက်။ [ရှေး နိဿယ၌"ပန၊အဖို့တပါးကား"ဟု ပေးသည်။]တွေ၊ဤ ပထမ မဟာကုသိုလ်စိတ် ဖြစ်ရာ၌။အာရမ္မဏဝသေန၊ ဖြင့်။သောမနဿ သဟဂတဘာဝေ ါ၊ သောမနဿ သဟဂုတ်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ မှန်။ ဣဋ္ဌာရမ္မဏသို့၊ ဣဋ္ဌာရုံ၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ တော၊ ဤ ပထမ မဟာကုသိုလ်စိတ်သည်။ သောမနဿသဟဂတံ၊ သောမနဿသဟဂုတ် သည်။ဇာတံ၊ဖြစ်ပြီ။ တွေ၊ ဤ သောမနဿ သဟဂုတ်၏ အဖြစ်၌။ သဒ္ဓါဗဟုလ-တာဒီနိပိ၊ များစွာ သဒ္ဓါရှိသူ၏အဖြစ် အစရှိသည်တို့သည်လည်း။ ကာရဏာနိ ယေဝ၊ အကြောင်းတို့ပင်တည်း။[ပိဖြင့် ပြခဲ့သော အာရမ္မဏကို ပေါင်း။] ဟိ၊ ချဲ့။ အဿဒ္ဓာနံ၊ သဒ္ဓါ-မရှိသူတို့၏လည်းကောင်း။ မိစ္ဆာဒိဋ္ဌီနဉ္စ၊ မိစ္ဆာအယူရှိ သူတို့၏လည်းကောင်း။ ကေဝလံ ဣဋ္ဌာရမ္မဏဘူတံ၊ ကေန် ဣဋ္ဌာရုံဖြစ်၍ ဖြစ်သော။ (အတိဣဋ္ဌာရုံ ဖြစ်သော။) တထာဂတရူပမ္ပိ၊ မြတ်စွာဘုရား၏ အဆင်းတော် ကို သော်မှလည်း။ ဒိသွာ၊ မြင်ရ၍။ သောမနဿံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ် နိုင်။ စ၊ သည်သာ မကသေး။ ယေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ကုသလပ္ပဝတ္တိယံ၊ ကုသိုလ်ဖြစ်ခြင်း၌။ အာနိသံသံ၊ အာနိသင်ကို။ န ပဿန္တိ၊ မမြင်ကြကုန်။ တေသံ၊ ထို ပုဂ္ဂိုလ်တို့၏။ ဝါ၊ တို့သည်။ ပရေဟိ၊ သူတပါးတို့သည်။ ဥဿာဟိ-တာနံ၊ တိုက်တွန်းအပ်ကုန်သည်ဖြစ်၍။ ကုသလံ၊ ကို။ ကရောန္တာနံပိ၊ ပြုရပါ ကုန်သော်လည်း။ သောမနဿံ နုပ္ပဇ္ဇတိ။ တသ္မာ၊ ကြောင့်။ သဒ္ဓါဗဟုလတာ၊ များစွာသဒ္ဓါရှိသူ၏ အဖြစ်လည်းကောင်း။ ဝိသုဒ္ဓဒိဋ္ဌိတာ၊ စင်ကြယ်သော အယူရှိသူ၏ အဖြစ်လည်းကောင်း။ အာနိသံသဒဿာဝိတာ၊ အာနိသင်ကို မြင် လေ့ရှိသူ၏ အဖြစ်လည်းကောင်း။ ဣတိ ဧဝမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤ အကြောင်းကြောင့်လည်း။ တွေ၊ ဤ ပထမ မဟာကုသိုလ်စိတ် ဖြစ်ရာ၌။ သောမနဿသဟဂတဘာဝေ ါ ဝေဒိတဗ္ဗော။ [သဒ္ဓါ+ဗဟုလာ ယဿာတိ သဒ္ဓါဗဟုလော၊ တဿ+ဘာဝေ ါ သဒ္ဓါ ဗဟုလတာ။]

အပိ စ၊ သည်သာ မက-သေး။ ဗုဒ္ဓါနုဿတိ၊ မြတ်စွာဘုရား၏(အရဟာတာ-အစရှိသော) ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်းလည်းကောင်း။ ဓမ္မာ-နုဿတိ၊ တရားတော်၏(သွာက္ခာတတာ—အစရှိသော)ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်းလည်းကောင်း။ သံဃာနုဿတိ၊ အရိယာ သံဃာတော်၏ (သုပ္ပဋိပန္နတာ—အစရှိသော) ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း လည်း

ကောင်း။ သီလာနုဿတိ၊ မိမိသီလ၏(အခဏ္ဍတာ-အစရှိသော) ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းကိုလည်းကောင်း။ စာဂါနုဿတိ၊ မိမိစွန့်ကြဲခြင်း၏ (မစ္ဆေရ အညစ်အကြေးမှ ကင်းဝေးသော) ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းလည်းကောင်း။ ဒေဝတာနုဿတိ၊ နတ် ဗြဟ္မာတို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓာစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းလည်းကောင်း။ ဥပ-သမာနုဿတိ၊ နိဗ္ဗာန်၏ အေးမြ ငြိမ်းချမ်းပုံကို အဖန်ဖန် အောက်မေ့ခြင်းလည်းကောင်း။ လူခပုဂ္ဂလပရိဝဇ္ဇနတာ၊ ဒေါသအစွမ်း ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ [လူခပုဂ္ဂလာ-ဒေါသဗဟုလာ။] သိနိဒ္ဓပုဂ္ဂလသေဝနတာ၊ မေတ္တာပြန့်ပြော ညက်ညောသော ပုဂ္ဂိုလ်ကို မှီခိုခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ [အဒေါသဗဟုလာ-သိနိဒ္ဓပုဂ္ဂလာ။] ပသာဒနီယ-သုတ္တန္တ ပစ္စဝေက္ခဏတာ၊ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်ကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထို ပီတိသမ္ဗောဇ္ဈင်၌ စွဲမြဲသက်ဝင်သောပုဂ္ဂိုလ်၏ အဖြစ်လည်းကောင်း။ ဣတိ၊ သို့။ ဧကာဒသ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဥပ္ပာဒါယ၊ ဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ကုန်၏။ ဣမေဟိ ကာရဏေဟိပိ၊ ဤအကြောင်းတို့ကြောင့်လည်း။ ဧတ္ထ၊ ဤ ပထမ မဟာကုသိုလ်စိတ် ဖြစ်ရာ၌။ သောမနဿသဟဂတဘာဝေါ ဝေဒိ-တဗ္ဗော။ [ပီတိက သောမနဿနှင့် မကင်းနိုင်သောကြောင့် ပီတိ ဖြစ်ကြောင်းတို့သည် သောမနဿ ဖြစ်ကြောင်းလည်း ဟုတ်၏။] ပန၊ ဆက်။ ဣမေသံ၊ ဤ တဆယ့်တပါးသော တရားတို့၏။ ဝိတ္ထာရော၊ သည်။ ဗောဇ္ဈင်္ဂဝိဘင်္ဂေ၊ ၌။ အာဝိ၊ ထင်ရှားစွာ။ ဘဝိဿတိ၊ လတ္တံ့။

ပန၊ကား။ (သောမနဿ ဖြစ်ကြောင်းမှတပါး ဉာဏ သမ္ပယုတ် ဖြစ်ကြောင်းကား။) ကမ္မတော၊ (ဉာဏ်၏ အဆောက်အဦ ဖြစ်သော) ကံလည်းကောင်း။ (ဣတိ-၌ စပ်။) ဥပပတ္တိတော၊ ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေ နေရခြင်းလည်းကောင်း။ ဣန္ဒြိယပရိပါကတော၊ ပညိန္ဒြေ၏ ရင့်ကျက်ခြင်းလည်းကောင်း။ ကိလေသဒူရီ-ဘာဝတော၊ ကိလေသာတို့၏ ဝေးကွာကုန်သည်၏ အဖြစ်လည်းကောင်း။ ဣတိ၊ သို့။ ဧတ္ထ၊ ဤ ပထမ မဟာကုသိုလ်စိတ်ဖြစ်ရာ၌။ ဣမေဟိ ကာရဏေဟိ၊ ဤ အကြောင်းတို့ကြောင့်။ ဉာဏသမ္ပယုတ္တတာ၊ ဉာဏသမ္ပယုတ်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဟိ၊ ချဲ့။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ဟောခဲ့၏။ [ရှေးတုန်းက ဟောခဲ့ခြင်းကို တံကာလာပေက္ခ-ဝတ္တမာန်ဖြင့် "ဒေသေတိ"ဟု ဆိုသည်။ နောက်၌လည်း နည်းတူ။] အနဝဇ္ဇာနိ၊အပြစ်မရှိကုန်သော။ သိပ္ပါယတန ကမ္မာယတနဝိဇ္ဇာဌာ-

နာနိ၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော ဆင်စီး မြင်းစီး စသော အတတ်, အသက်မွေးခြင်း၏ အကြောင်းဖြစ်သော လယ်ထွန် ကုန်ရောင်း နွားကျောင်းမှု စသောအလုပ်, အသက်မွေးခြင်း၏ အကြောင်းဖြစ်သော အာယုဝေဒ-စသော အတတ်တို့ကို။ သိက္ခာပေဟ၊ သင်စေခဲ့၏။ ဝါ၊ သင်ပေးခဲ့၏။ (ရှေးက အာယုဝေဒ-ကို "သက်ကြည့်ဗေဒင်အတတ်" ဟု ပေးသည်။) ဓမ္မကထိကံ၊ ဓမ္မကထိကပုဂ္ဂိုလ်ကို။ သက္ကာရံ၊ ကောင်းစွာပြုအပ်သော ပူဇော်မှုကို။ ကတွာ၊ ၍။ ဓမ္မံ၊ ကို။ ကထာပေတိ၊ ဟောစေခဲ့၏။ အာယတိံ၊ နောင်အခါ၌။ ပညဝါ၊ ပညာရှိသူသည်။ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။ ဣတိ၊ သို့။ ပတ္တနံ၊ ဆုတောင်းမှုကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နာနပ္ပကာရံ၊ အထူးထူးသော အပြားရှိသော။ ဒါနံ၊ ကို။ ဒေတိ၊ ပေးလှူခဲ့၏။ တဿ၊ ထို ပုဂ္ဂိုလ်၏။ ဧဝ ရူပံ၊ သော။ ကမ္မံ၊ ကို။ ဥပနိဿာယ၊ မှီ၍။ ကုသလံ၊ သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်လတ်သော်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ။

[ကမ္မတော၏ အကျယ်ကို ပြပြီး၍ ဥပပတ္တိတော၏ အကျယ်ကို ပြလိုသော ကြောင့် အဗျာပဇ္ဇေ-စသည်မိန့်။]

[၂]အဗျာပဇ္ဇေ၊ ဒေါမနဿ ဗျာပါဒ မရှိသော။ လောကေ၊ ဖြဟ္မာ့ပြည်ဟူသော လောက၌။ ဥပပန္နဿ ဝါပိ၊ ဖြစ်ရသော ပုဂ္ဂိုလ်၏လည်း။ (ဉာဏ-

---

၁။ သိပ္ပါ။ပ။ဝိဇ္ဇာဋ္ဌာနာနိ။ ။ဆင်စီးအတတ် စသော အတတ်သည်ပင် အသက်မွေးခြင်း၏ အကြောင်း ဖြစ်သောကြောင့် အာယတနလည်း မည်၏။ အာယတန-သဒ္ဒါသည် ကာရဏ-အနက်ဟောတည်း။ သိပ္ပ ဧဝ+အာယတနံ သိပ္ပါယတနံ။ ကမ္မ-လယ်ထွန် ကုန်ရောင်း နွားကျောင်း စသော အလုပ်သည်ပင်+အာယတန မည်၏။ ဝိဇ္ဇာဟူသည် အာယုဝေဒ-အသက်အပိုင်းအခြားကို သိတတ်သော အတတ်တည်း။ ထိုအတတ်လည်း အသက် မွေးခြင်း၏ တည်ရာ အကြောင်းဖြစ်သောကြောင့်ဋ္ဌာန-မည်၏။

၂။ အဗျာပဇ္ဇေ လောကေ။ ။"ဒေါမနဿ ဗျာပါဒရဟိတေ ရူပဘဝေ" ဟု ဋီကာ ဖွင့်သောကြောင့် "လောက" အရ ရူပဘဝကို ယူရသည်။ ထို ရူပဘဝ၌ ဖြစ်ရသူမှာလည်း ထို ဖြစ်ရခြင်းကို အကြောင်းပြု၍ ကုသိုလ်ဖြစ်လျှင် ဉာဏသမ္ပယုတ် ကုသိုလ်ပင် ဖြစ်သည်-ဟူလို။ ["အဘိဇ္ဈာ ဗျာပါဒ" စသည်၌ ဒေါသကို "ဗျာပါဒ" ဟု ခေါ်၏။ "အဗျာပဇ္ဈံ သုခံ လောကေ" ဟူသော ဥဒါန်းဂါထာ၌ ဒေါသ၏ ဆန့်ကျင်ဘက် မေတ္တာကို "အဗျာပဇ္ဈ" ဟု ခေါ်ရ၏။ ရူပဘုံ၌လည်း ဒေါသ-မဖြစ်ခြင်းက ထင်ရှား၏။ ထို့ကြောင့် "ဒေါမနဿ ဗျာပါဒရဟိတေ" နေရာဝယ် "ဒေါသဗျာပါဒရဟိတေ" ဟု ရှိလျှင် အခြားနေရာပါ၌သုံးနှင့် သာ၍သင့်မည် ထင်သည်။]

သမ္ပယုတ္တံ ဥပ္ပဇ္ဇတိ–၌ စပ်။ တဿ။ ပ။ ဟောတီတိ၊ ဟူသော။ ဧဝမိနာ နယေန၊ ဖြင့်။ ဥပပတ္တိ ၊ ပဋိသန္ဓေနေရခြင်းကို။ နိဿာယပိ၊ မှီ၍လည်း။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်လတ်သော်။ ဝါ၊ ဖြစ်သော။ ကုသလံ၊ သည်။ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။ [တတ္ထ၊ ထို ဗြဟ္မာ့ပြည်၌။ သုခိနော၊ သုခရှိသော။ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်။ ဓမ္မပဒါ၊ တရားအစုတို့သည်။ ပ္လဝန္တိ (ပိလဝန္တိ)၊ ပေါလောပေါ် သကဲ့သို့ ထင်ရှားကုန်၏။ ဘိက္ခဝေ၊ တို့။ သတုပ္ပာဒေါ၊ သတိ၏ ဖြစ်ခြင်းသည်။ (သတိရခြင်းသည်။) ဒန္ဓော၊ လေးဆေးသေး၏။ အထ၊ သတိရရာ ထိုအခါ၌။ သော သတ္တော၊ ထို သတ္တဝါသည်။ (ဤလူ့ဘဝတုန်းက အလွန်အမင်း အားထုတ်ခဲ့သော ထို သတ္တဝါသည်။) ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ ထူးသော တရားအဖို့ရှိသည်။ (တရားထူးရဖို့ရှိသည်။)၊ ဟောတိ။]

[ဥပပတ္တိတော၏ အကျယ်ကို ပြပြီး၍ ဣန္ဒြိယပရိပါကတော၏ အကျယ်ကို ပြလိုသောကြောင့် တထာ–စသည်မိန့်။]

တထာ၊ ထိုမှတပါး။ ဣန္ဒြိယပရိပါကံ၊ ပညိန္ဒြေ၏ ရင့်ကျက်ခြင်းသို့။ ဥပဂတာနံ၊ ကပ်ရောက်ကုန်သော။ ပညာဒသကပ္ပတ္တာနံ³၊ ပညာဒသကသို့ ရောက်သောပုဂ္ဂိုလ်တို့၏။ ဣန္ဒြိယ ပရိပါကံ၊ ပညိန္ဒြေ၏ ရင့်ကျက်ခြင်းကို။ နိဿာယပိ ကုသလံ။ ပ။ ဥပ္ပဇ္ဇတိ။

၁။ တဿ။ ပ။ ဝိသေသဘာဂီ။ ။ဤပါဠိအသွားအတိုင်း စတုက္ကအင်္ဂုတ္တိုရ်၊ စတုတ္ထပဏ္ဏာသ မဟာဝဂ္ဂ–ပထမသုတ်၌ ရှိ၏။ သို့သော် ထို ပါဠိတော်ကား နတ်ပြည်၌ဖြစ်ပုံကို ပြသော ပါဠိတော်ဖြစ်သောကြောင့် အဗျာပဇ္ဇလောက မဟုတ်ရကား တိုက်ရိုက် သာဓက–မဟုတ်။ ထို့ကြောင့် ထို ပါဠိတော်ကို ဝိသေသဘာဂီ ဖြစ်ရာ၌ နည်းပြ အနေအားဖြင့် ယူထားကြောင်းကို သိစေလို၍ ''ဧဝမိနာ နယေန'' ဟု ဆိုသည်။ ''ထို ဗြဟ္မာ့ပြည်၌ ဖြစ်ရသူမှာ ရှေးက အားထုတ်အပ်ခဲ့သော တရားကို ပြန်၍ အောက်မေ့နေရတဲ့ အချိန် ကပင် နှေးစရာရှိသေး၏။ အောက်မေ့မိသည်နှင့် တဆက်တည်း တရားထူး ရဖို့ရန်မှာ အလွန်မြန်ပါသည်'' ဟူလို။

၂။ ဓမ္မပဒါ ပ္လဝန္တိ။ ။ပဒ-သဒ္ဒါသည် ကောဋ္ဌာသ အနက်ဟော။ ပ္လုဓာတ် သည် ရေပေါ်၌ ပေါလောမျောသွားခြင်း အနက်ကို ဟော၏။ ထိုသို့ ပေါလောမျော နေလျှင် အများမြင်အောင် ထင်ရှားသောကြောင့် ပိလဝန္တိကို ''ဥပဋ္ဌဟန္တိ ဒိဿန္တိ'' ဟု ဋီကာဖွင့်သည်။ [သက္ကတ၌ ပ္လုဓာတ်သည် ပါဠိ၌ ပိလုဓာတ်ဖြစ်၏။ ထို့ကြောင့် ''ပိလဝန္တိ'' ပါဌ်လည်း ပါဌ်မှန်ပင်။]

၃။ ပညာဒသကပ္ပတ္တာနံ။ ။ဒသာသဒ္ဒါသည် အခိုက်အတန့်အနက်ကို ဟော၏။ [ဒသာ ဝဏ္ဏာ ပဋ္ဌနေ္တသု။–အဘိဓာန် (၁၁၂၈)။] ''ဒသာယေဝ ဒသကံ'' ဟု ပြု။ ပညာယ၊ ၏၊ ဒသကံ၊ အခိုက်အတန့်တည်း။ ပညာဒသကံ၊ တန့်။ ပညာဒသကံ+

[ဣန္ဒြိယ ပရိပါကတော၏ အကျယ်ကို ပြပြီး၍ ကိလေသဒူရီဘာဝတော၏ အကျယ်ကို ပြလိုသောကြောင့် ယေဟိ-စသည်မိန့်။]

ပန၊ကား။ ယေဟိ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ကိလေသာ၊ တို့ကို။ ဝိက္ခမ္ဘိတာ၊ ဘာဝနာဖြင့် ခွာအပ်ကုန်ပြီ။ တေသံ၊ ထို ပုဂ္ဂိုလ်တို့၏။ ကိလေသဒူရီဘာဝံ၊ ကိလေသာတို့၏ ဝေးကွာကုန်သည်၏ အဖြစ်ကို။ နိဿာယ။ပ။ဥပ္ပဇ္ဇတိ။ စ၊ သာဓက-ကား။ ယောဂါ။ပ။ဘူရိသင်္ခယောတိ၊ ဟူသော။ ဧတံ သုတ္တံ၊ ဤ ပါဠိကို။ (ဘဂဝတာ) ပိ၊ သည်လည်း။ ဝုတ္တံ၊ ပြီ။ [ယောဂါ၊ ဘာဝနာကို လွန်စွာကြိုးကုတ် အားထုတ်ကြောင်းဖြစ်သော သမာဓိကြောင့်။ (ယောဂါတိ ဘာဝနာဘိယောဂါ သမာဓိတော။) ဝေ၊ စင်စစ်။ ဘူရိ၊ မြေကြီးသဖွယ် ထုထယ်ကြီးမားသော ပညာသည်။ ဇာယတိ၊ ဖြစ်၏။ အယောဂါ၊ ဘာဝနာကို အားမထုတ်ခြင်းကြောင့်။ ဘူရိသင်္ခယော၊ မြေကြီးသဖွယ် ထုထယ်ကြီးမားသော ပညာ၏ ကုန်ခန်းခြင်းသည်။ ဟောတိ။]

[နိဂုံးကိုပြလို၍ "ဧဝံ" စသည်မိန့်။]ဧဝံ၊ ဤသို့လျှင်။ ကမ္မတော၊ ဉာဏ်၏ အဆောက်အဦဖြစ်သော ကံလည်းကောင်း ။ပ။ ကိလေသဒူရိဘာဝတော၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမေဟိ ကာရဏေဟိ၊ တို့ကြောင့်။ ဉာဏသမ္ပယုတ္တတာ ဝေဒိတဗ္ဗာ။

အပိ စ၊ သည်သာမက—သေး။ပရိပုစ္ဆကတာ[၁]၊အဖန်ဖန် မေးမြန်းတတ်သူ၏

ပဏ္ဍာ ပညာဒသကပ္ပဏ္ဍာ။ "ဉာဏ်ပညာ၏ တိုးတက်ရာ အခိုက်အတန့်" ဟူသည် အသက် ၄၀—ကျော်မှ ၅၀-အတွင်းတည်း။ [ဝိသတိနိပါတ်၊ စိတ္တသမ္ဘူတဇာတ်။]

ဒသကဆယ်မျိုး။ ။မန္ဒဒသက—နို့ညှံ့သေးသော ကလေးသူငယ်၏ အခိုက်အတန့် (ပဌမ ဆယ်နှစ်)၊ ခိဍ္ဍာဒသက—ပျော်ပျော်ပါးပါး နေရာ အခိုက်အတန့်၊ (ဒုတိယ ဆယ်နှစ်)၊ ဝဏ္ဏဒသက—ထိုဘဝ၌ အလှဆုံး အခိုက်အတန့် (တတိယ ဆယ်နှစ်)၊ ဗလဒသက—အား အကောင်းဆုံး အခိုက်အတန့် (စတုတ္ထ ဆယ်နှစ်)၊ ပညာဒသက (ပဥ္စမ ဆယ်နှစ်)၊ ဟာနိဒသက=အဆင်း ခွန်အားတို့၏ ယုတ်လျော့ရာ အခိုက်အတန့် (ဆဋ္ဌ ဆယ်နှစ်)၊ ပဗ္ဘာရဒသက—ခါးကုန်းရာ အခိုက်အတန့် (သတ္တမ ဆယ်နှစ်)၊ ဝင်္ကဒသက—ကိုင်းရှိုင်းတွင် မက ခါးကုန်း၍ ကောက်နေရာ အခိုက်အတန့် (အဋ္ဌမ ဆယ်နှစ်)၊ မောဟဒသက—သတိလစ်၍ မိန်းမော တွေဝေနေသော အားဖြင့် သူငယ်ပြန်ရာ အခိုက်အတန့် (နဝမ ဆယ်နှစ်)၊ သယနဒသက-အိပ်ရာ၌ အိပ်လျက် မထနိုင်တော့ရာ အခိုက်အတန့် (ဒသမ ဆယ်နှစ်)။

၁။ **ပရိပုစ္ဆကတာ။** ။ခန္ဓာ အာယတန စသည်နှင့်တကွ သမထ ဝိပဿနာတို့၏ အနက် အဓိပ္ပာယ်ကို မေးမြန်းလေ့ ရှိသူ၏အဖြစ်။ ပရိပုစ္ဆတီတိ ပရိပုစ္ဆကော၊ တဿ+ ဘာဝေါ ပရိပုစ္ဆကတာ။ [ပရိပုစ္ဆကတာတိ-ခန္ဓဓာတုအာယတနဣန္ဒြိယဗလဗောဇ္ဈင်္ဂ မဂ္ဂင်္ဂသမထ ဝိပဿနာနံ အတ္ထသန္နိဿိတပ ရိပုစ္ဆာဗဟုလတာ။—သတိပဋ္ဌာနဝိဘင်္ဂ-ဋ္ဌကထာ—နောက်သာဓကများလည်း ဤ အဋ္ဌကထာချည်းတည်း။]

အဖြစ်လည်းကောင်း။ ဝတ္ထုဝိသဒကိရိယာ[၁]၊ အဇ္ဈတ် ဗာဟိ ၂-လီသော ဝတ္ထု ကို သန့်ရှင်းအောင် ပြုခြင်းလည်းကောင်း။ ဣန္ဒြိယသမတ္တပဋိပါဒနာ[၂]၊ သဒ္ဓါ-စသော ဣန္ဒြေတို့၏ညီမျှကုန်သည်အဖြစ်ကို ပြီးစေခြင်းလည်းကောင်း။ (သဒ္ဓိန္ဒြေ နှင့် ပညိန္ဒြေကို ညီမျှအောင်ပြုခြင်း၊ သမာဓိန္ဒြေနှင့် ဝီရိယိန္ဒြေကို ညီမျှအောင် ပြုခြင်း။) [၃]ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ၊ ပညာမရှိသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ် ခြင်းလည်းကောင်း။ ပညဝန္တပုဂ္ဂလသေဝနာ၊ ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲ ဆည်းကပ်ခြင်း လည်းကောင်း။ ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ[၄]၊ နက်နဲကုန် သည်ဖြစ်၍ ဉာဏ်ဖြင့် ကျက်စားထိုက်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်းလည်း ကောင်း။ ဝါ၊ နက်နဲသော ဉာဏ်ဖြင့် ကျက်စားထိုက်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်းလည်းကောင်း။ တဒဓိမုတ္တတာ[၅]၊ ထို ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စွဲမြဲ

၁။ ဝတ္ထုဝိသဒကိရိယာ။ ။ဝတ္ထုနံ၊အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတို့၏+ဝိသဒေါ၊ သန့်ရှင်း စင်ကြယ်ခြင်းတည်း။ဝတ္ထုဝိသဒေါ၊ခြင်း။ တဿ၊ ကို+ကိရိယာ၊ပြုခြင်းတည်း။ ဝတ္ထုဝိသဒကိရိယာ၊ခြင်း။ [ယဒါ ဟိ ဿ+ကေသ နခ လောမာနိ ဒီဃာနိ ဟောန္တိ၊ သရီရံ ဝါ ဥဿန္နဒေါသမ္ဗေဝ (ကိုယ်တွင်း၌ သလိပ် သည်းခြေ သွေး လေ စသော အပြစ်ရှိသည်လည်းကောင်း။) သေဒမလမက္ခိတ္တံ၊ တဒါ အဇ္ဈတ္တိကံ ဝတ္ထု အဝိသဒံ ဟောတိ အပရိသုဒ္ဓံ။ ယဒါ ပန စီဝရံ ဇိဏ္ဏံ ကိလိဋ္ဌံ ဒုဂ္ဂန္ဓံ ဟောတိ၊ သေနာသနံ ဝါ ဥက္လာပံ၊ တဒါ ဗာဟိရံ ဝတ္ထု အဝိသဒံ ဟောတိ အပရိသုဒ္ဓံ။ တသ္မာ ကေသာဒိ-ဆေဒနေန ဥဒ္ဓံဝိရေစန အဓောဝိရေစနာဒီဟိတိ သရီရံ-စသည်။]

၂။ ဣန္ဒြိယသမတ္တပဋိပါဒနာ။ ။သမာနံ+ဘာဝေါ သမတ္တံ။ ဣန္ဒြိယာနံ၊သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယဟူသော ဣန္ဒြေတို့၏+သမတ္တံ၊ညီမျှကုန်သည်၏ အဖြစ်တည်း။ ဣန္ဒြိယသမတ္တံ၊ ဖြစ်။ ပဋိပါဒီယတေ၊ အသီးအသီး ရောက်စေခြင်း။ ပဋိပါဒနာ၊ ခြင်း။ ဣန္ဒြိယသမတ္တဿ၊ သို့+ပဋိပါဒနာ ဣန္ဒြိယသမတ္တပဋိပါဒနာ။

၃။ ဒုပ္ပည။ပ။သေဝနာ။ ။ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနံ နာမ-ခန္ဓာဒိဘေဒေ အနောဂါဠှ ပညာနံ (မသက်ဝင်သော ဉာဏ်ပညာရှိကုန်သော) ဒုမ္မေဓပုဂ္ဂလာနံ အာရကာ ပရိဝဇ္ဇ-နံ။ပညဝန္တပုဂ္ဂလသေဝနာ နာမ-သမပညာသလက္ခဏပရိဂ္ဂါဟိကာယ ဥဒယဗ္ဗယပညာ ယ သမန္နာဂတပုဂ္ဂလ သေဝနာ။ [သမပညာသလက္ခဏာ သိမ်းဆည်းပုံကို"အနိစ္စတော ဒုက္ခတော"စသည်ဖြင့် လာသောကြောင့်"တောလေးဆယ်"ဟု ခေါ်ကြ၏။ အကျယ် ကို ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခန်း၌ ရှုပါ။]

၄။ ဂမ္ဘီရ။ပ။ပစ္စဝေက္ခဏာ။ ။ဂမ္ဘီရာနံ ဉာဏေန စရိတဗ္ဗာနံ၊ ဂမ္ဘီရဉာဏေန ဝါ စရိတဗ္ဗာနံ၊သုတ္တန္တာနံ ပစ္စဝေက္ခဏာ။—ဋီကာ။ [ပထမနည်းအလို"ဉာဏေန"ကို စရိတဗ္ဗနှင့် သမာသ်တွဲ။ ဒုတိယနည်းအလို"ဂမ္ဘီရ"ကို"ဉာဏ"နှင့် သမာသ်တွဲ။]

၅။ တဒဓိမုတ္တတာ။ ။တသ္မိံ၊ ထို ဓမ္မဝိစယသမ္ဗောဇ္ဈင်၌+အဓိမုတ္တော၊ စွဲစွဲမြဲမြဲ သက်ဝင်သူတည်း။ တဒဓိမုတ္တော၊သူ။တဿ+ဘာဝေါ တဒဓိမုတ္တတာ။ [တဒဓိမုတ္တ-

သက်ဝင်သော ပုဂ္ဂိုလ်၏အဖြစ်လည်းကောင်း။ ဉာတိ၊ သို့။ သတ္တာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဥပ္ပာဒါယ၊ ငှာ။ သံဝတ္တန္တိ။ (ဉာတိ၊ သို့။) ဉာမေဟိပိ ကာရဏေဟိ၊ တို့ကြောင့်လည်း။ပ။ဝေဒိတဗ္ဗာ။ ပန၊ ဆက်။ဉာမေသံ၊ ဤ ၇-ပါးသော တရားတို့၏။ဝိတ္ထာရော၊သည်။ပ။ဘာဝိဿတိ။

[ဉာဏသမ္ပယုတ် ဖြစ်ကြောင်းကို ပြပြီး၍ အသင်္ခါရ ဖြစ်ကြောင်းကို ပြလို သောကြောင့်"ဝေ"စသည်မိန့်။]

ဝေ—သို့။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ်သည်။ ဟုတ္ဂာ။ ဥပ္ပန္နဥ္စ၊ ဖြစ်သည် လည်း ဖြစ်သော။ တေံ၊ ဤ ပထမ မဟာကုသိုလ်စိတ်သည်။ အသင်္ခါရေန၊ သင်္ခါရမရှိသော အကြောင်းအပေါင်းကြောင့်။ အပ္ပယောဂေန၊ပယောဂ မရှိ သော အကြောင်းအပေါင်းကြောင့်။ အနုပါယစိတ္တနာယ၊ ဥပါယ်တံမျဉ်ကို

တာ နာမ-ဌာနနိသဇ္ဇာဒီသု ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂသမုဋ္ဌာပနတ္ထံ နိန္နပေါဏပဗ္ဘာရစိတ္တ- တာ (ညွတ်သော ကိုင်းသော ရှိုင်းသောစိတ်) ရှိသူ၏ အဖြစ်။]

၁။ **အသင်္ခါရေန**။ ။သင်္ခရောတိ၊ ပြုစီမံတတ်၏။ ဣတိ သင်္ခါရော။သင်္ခါရ-မရှိလျှင် ဖြစ်မည်မဟုတ်သောစိတ်ကို ဖြစ်အောင် ပြုစီမံတတ်သည်-ဟူလို။ နောက်နောက်စိတ် ဖြစ်ပေါ်လာအောင် ရှေ့အဖို့၌ဖြစ်သော ကာယပယောဂ၊ ဝစီပယောဂနှင့် အကျိုး အပြစ်ကို စဉ်းစားခြင်းစသော ဥပါယစိန္တနာကို သင်္ခါရအရယူပါ။ ထို့ကြောင့် "အပ္ပယောဂေန အနုပါယစိန္တနာယ"ဟု ဖွင့်သည်။ထိုအဖွင့်သည် အသင်္ခါရေန၌သင်္ခါ ရ၏ သရုပ်ပြတည်း။ ထို့နောက်"နတ္ထိ+သင်္ခါရော ယဿာတိ အသင်္ခါရော"ဟု ပြု၍ သင်္ခါရ-မရှိသော အာရုံ မနသိကာရ-စသော အကြောင်းအပေါင်းကို"အသင်္ခါရ"ဟု ယူပါ။

ပယောဂဥပါယ။ ။သင်္ခါရကို ပယောဂ ဥပါယ (စိန္တနာ) ဟု ဖွင့်ရာ၌ ပယောဂ- ဥပါယဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိ၏။ နောက်လာမည့် ဒုတိယစိတ်၌ သသင်္ခါ- ရေနကို"သပ္ပယောဂေန သဥပါယေန ပစ္စယဂဏေန"ဟု ဖွင့်၏။ ထို ဋီကာ၌လည်း သပ္ပယောဂေနကို "လီနဿ စိတ္တဿ ဥဿာဟနပယောဂသဟိတေန"ဟု လည်း ကောင်း၊ "သဥပါယေနာတိ ကုသလဿ ကရဏာကရဏေသု အာဒီနဝါနိသံသ- ပစ္စဝေက္ခဏံ ပရေဟိ ဥဿာဟနန္တိ ဧဝမာဒိ ဥပါယသဟိတေန" ဟု လည်းကောင်း ဖွင့်၏။ [ဥဿာဟနံ ပေသနံ နိယောဇနံ။—အနု။]

ဤအဖွင့်များကို ကြည့်၍"တွန့်ဆုတ်သောစိတ်ကို အားတက်လာအောင် ပြုအပ်သော ကာယပယောဂ (လမ်းလျှောက်ခြင်း၊လက်ရုံး လက်မောင်း ဆန့်တန်းခြင်း စသည်) နှင့် ဝစီပယောဂ (အားတက်ဖွယ်ကောင်းသော တရားဂါထာ ပျို့ ကဗျာ လင်္ကာတို့ကို ရွတ်ဆိုခြင်းစသည်) ကို ပယောဂ"ဟု လည်းကောင်း၊ ကုသိုလ်မပြုခြင်း၌ အပြစ်၊ပြုခြင်း ၌ အကျိုးကို ဆင်ခြင်စဉ်းစားမှုနှင့် သူတပါးတို့၏ ကုသိုလ်ပြုဖို့ရန်၌ စေခိုင်းတိုက်တွန်း မှုကို"ဥပါယ=အကြောင်း=ဥပါယ်တမျိုး"ဟု လည်းကောင်း ခွဲခြားမှတ်သားပါ။

မကြံစည်ခြင်းကြောင့်။ ဥပ္ပန္နတ္တာ[၁]၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ အသင်္ခါရံ နာမ[၂]၊ အသင်္ခါရ မည်သည်။ ဇာတံ၊ ဖြစ်ပြီ။ တယိဒံ၊ ထို သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရ ပထမ မဟာကုသိုလ် စိတ်သည်။ ရဇနီယ-ဝဏ္ဏာရမ္မဏံ၊ နှစ်သက်ဖွယ်အဆင်းဟူသောအာရုံရှိသည်။ဟုတွာ။ဥပ္ပဇ္ဇမာနမေဝ၊ ဖြစ်လျှင်ဖြစ်ခြင်းပင်။တိဝိဓေန၊သော။ နိယမေန[၃]၊ အမှတ်အသားဖြင့်။ဥပ္ပဇ္ဇတိ၊

မှတ်ချက်။ ။နောက်စိတ်၌ အသင်္ခါရေနကို "သပ္ပယောဂေန သဉပါယေန ပစ္စယ-ဂဟဏေန"ဟု ဖွင့်သကဲ့သို့ ဤ၌လည်း အသင်္ခါရေနကို "အပ္ပယောဂေန အနုပါယေန ပစ္စယဂဟဏေန"ဟု ဖွင့်လျှင် ကောင်း၏။ "အနုပါယစိန္တနာယ"ကား စာနေမကောင်း လှ။ ပါဌ်ရှိအတိုင်းသာ အနက်ပေးလိုက်ရသည်။

ပစ္စယဂဟဏေန။ ။"ယေန ဟိ အာရမ္မဏာဒိနာ ပစ္စယဂဟဏေန" ဟု ဖွင့်လတ္တံ့ကို ရှု၍ ရိုးရာဖြစ်သော အာရုံ ဒွါရ မနသိကာရ စသော အကြောင်းအပေါင်းကို "ပစ္စယ-ဂဏ"ဟု မှတ်ပါ။ မှန်၏—မည်သည့်စိတ်မဆို အာရုံမရှိလျှင် မဖြစ်နိုင်၊ စက္ခု။ပ။မနော ဒွါရဟူသော ဒွါရတပါးပါး မရှိလျှင်လည်း မဖြစ်နိုင်၊ ယောနိသောမနသိကာရ မရှိလျှင် လည်း ကုသိုလ်စိတ် မဖြစ်နိုင်။ ["အယောနိသောမနသိကာရ မရှိလျှင် အကုသိုလ်စိတ် မဖြစ်နိုင်၊ အနုသယကင်းသော ရဟန္တာသန္တာန်မဟုတ်လျှင်လည်း ကြိယာစိတ် မဖြစ်နိုင်၊ ရှေးကံမရှိလျှင်လည်း ဝိပါက်စိတ် မဖြစ်နိုင်" ဟုလည်း သိပါ။ ထို့ကြောင့် အာရုံစသည် ကို "ပစ္စယဂဏ"ဟု ယူရသည်။]

၁။ ဥပန္နတ္တာ။ ။ပါဠိတော်၌"စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု ရှိသောကြောင့်"ဥပ္ပန္နတ္တာ" ဟု အဋ္ဌကထာဆိုသည်။ ထို့ကြောင့် ထို ပယောဂ၊ ဥပါယ-ဟူသော သင်္ခါရ မရှိသော အကြောင်းအပေါင်းကြောင့် ဖြစ်သော စိတ်သည် အသင်္ခါရိက စိတ်မည်၏။ "အသင်္ခါ-ရေန၊ ပယောဂ ဥပါယဟူသော သင်္ခါရမရှိသော အာရုံစသော အကြောင်းအပေါင်း ကြောင့်+ဥပ္ပန္နံ၊ ဖြစ်သောစိတ်တည်း။ အသင်္ခါရိကံ"ဟု ဥပ္ပန္နအနက်၌ ဗုဒ္ဓကပစ္စည်းသက်။

၂။ အသင်္ခါရံ နာမ ဇာတံ။ ။စာအုပ်တို့၌"အသင်္ခါရံ နာမ"ဟု ရှိ၏။ သို့သော် စိတ်ကို အရကောက်ရာ၌ ဂါထာမဟုတ်လျှင် "အသင်္ခါရံ"ဟု သုံးစွဲလေ့မရှိ။ ဤ အဋ္ဌ-ကထာ၌လည်း ကာမာဝစရကုသလနိဒ္ဒေသ အဆုံးနားမှစ၍ "အသင်္ခါရိက-သသင်္ခါ-ရိက" ဟုချည်း သုံးစွဲထား၏။ "အသင်္ခါရေန။ပ။ဥပ္ပန္နတ္တာ" ဟူသော ဟိတ်လည်း "အသင်္ခါရိက" အမည်ရခြင်း၏ အကြောင်းဖြစ်သော နာမလာဘ ဟိတ်တည်း။ ထို့ကြောင့် "အသင်္ခါရိကံ နာမ ဇာတံ"ဟုသာ ပါဌ်ရှိသင့်သည်။ "အသင်္ခါရံ နာမ" ကို အတည်ယူလိုလျှင် "အကြောင်း အသင်္ခါရ ပစ္စယဂဏ၏ အမည်ကို အကျိုးစိတ်၌ တင်စားသော ဖလူပစာရစကား"ဟု ကြံပါ။

၃။ နိယမေန။ ။ကုသိုလ်ဖြစ်သောအခါ ဥပါဒ်သည်နှင့်တပြိုင်နက် ဒါနအဖြစ်ဖြင့် ဖြစ်စေ၊ သီလ-သို့မဟုတ် ဘာဝနာအဖြစ်ဖြင့် ဖြစ်စေ တခုခုသော အမှတ်အသားဖြင့် ဖြစ်ရ၏။ ပုညကြိယဝတ္ထု ၁၀-ပါးရှိသော်လည်း ဤ ၃-မျိုးတွင် ပါဝင်ရ၏။ ထို့ကြောင့် ဒါန သီလ ဘာဝနာ ၃-မျိုးကို "တိဝိဓနိယမ"ဟု ဆိုသည်။ နိယမီယတေ အနေနာတိ နိယမော—မှတ်သားကြောင်း ပုညကြိယဝတ္ထု။

၏။ဒါနမယံ ဝါ၊ ဒါနမယသည်သော်လည်း။ ဟောတိ၊ ၏။ သီလမယံ ဝါ ဟောတိ။ ဘာဝနာမယံ ဝါ၊ဘာဝနာမယ-သည်သော်လည်း။ ဟောတိ။

ကထံ၊ အဘယ်သို့ ဖြစ်သနည်း။ ဟိ၊ အဖြေကား။(တနည်း)ဟိ၊ ချဲ့။ ယဒါ၊ အကြင်အခါ၌။ နီလ။ပ။ဒါတေသု၊ အညို အရွှေ အနီ အဖြူ ဖြစ်ကုန်သော။ (ဂုဏ္ဏပစာ။) တနည်း–နီလ။ပ။ဒါတေသု၊ ညိုသောအဆင်းရှိ, ရွှေသော အဆင်းရှိ, နီသောအဆင်းရှိ, ဖြူသောအဆင်း ရှိကုန်သော။(နီလ စသည်ကို အဿတ္ထိတဒ္ဓိတ်ကြံ။) ပုပ္ဖာဒီသု၊ ပန်းအစရှိသော ဝတ္ထုတို့တွင်။ အညတရံ၊ အမှတ်မထား တပါးပါးသော ဝတ္ထုကို။ လဘိတွာ၊ ရ၍။ ဝဏ္ဏဝသေန၊ အဆင်း၏ အစွမ်းဖြင့်။ အာဘုဇိတွာ၊ နှလုံးသွင်း၍။ မယှံ၊ ၏။ ဝဏ္ဏဒါနံ၊ အဆင်းအလှူတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ (ဝဏ္ဏဝသေန အာဘုဇိတွာ ကို ထပ်ဖွင့်သည်။) ဗုဒ္ဓရတနာဒီနိ၊ ဘုရားရတနာ အစရှိသည်တို့ကို။ ပူဇေတိ၊ ပူဇော်၏။ တဒါ။ ဒါနမယံ၊ ဒါနမယ ကုသိုလ်သည်။ ဟောတိ။တတြ၊ ထိုသို့ ပူဇော်ရာ၌။ ဣဒံ၊ ဤ ဆိုလတ္တံ့ကား။ ဝတ္ထု၊ တည်း။ ဘဂ္ဂဝါဂါရိကသံဃ–မိတ္တော၊ ဘဂ္ဂဝါတိုက်စိုးဖြစ်သော သံဃမိတ္တအမတ်သည်။ ကော်၊ တထည်သော။ သုဝဏ္ဏခစိတံ၊ ရွှေဖြင့် စီခြယ်အပ်သော။ ဝတ္ထံ၊ အဝတ်ကို။ လဘိတွာ၊ ရ၍။ ဣဒမ္ပိဝတ္ထံ၊သည်လည်း။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ သမ္မာသမ္ဗုဒ္ဓောပိ၊ သည်လည်း။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူ၏။ သုဝဏ္ဏဝဏ္ဏံ၊ သော။ ဝတ္ထံ၊ သည်။ သုဝဏ္ဏဝဏ္ဏဿေဝ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားအားသာ။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ အမှာကဉ္စ၊ ငါတို့၏လည်း။ ဝဏ္ဏဒါနံ၊ အဆင်း အလှူသည်။ ဘဝိဿတိ။ ဣတိ၊ ဤသို့ ကြံ၍။ မဟာစေတိယေ၊ မဟာ စေတီ၌။ အာရောပေသိ ကိရ၊ တင်လှူမ်း လှူဒါန်းသတတ်။ ဧဝရူပေ၊ သော။ ကာလေ ဒါနမယံ ဟောတီတိ ဝေဒိတဗ္ဗံ။

ပန၊ ကား။(ဒါနမယ ဖြစ်ပုံမှတပါး သီလမယ ဖြစ်ပုံကား။)တထ‌ာရူပမေဝ၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော။ ဒေယျဓမ္မံ၊ ပေးလှူထိုက်သော သဘောရှိသော ဝတ္ထုကို။ လဘိတွာ။(သော၊ ဤ ပေးလှူရခြင်းသည်။) မယှံ၊ ၏။ [1]ကုလဝံသော၊ အမျိုး၏ အစဉ်တည်း။ (သော၊ ဤ ပေးလှူရခြင်းသည်။ မယှံ၊ ၏။) ကုလတန္တိ၊ အမျိုး၏ အဆက်တည်း။ (သော မယှံ။) ကုလပ္ပဝေဏီ၊

၁။ ဝံသော တန္တိ ပဝေဏီ။ ။ဝံသောကို''အနွယ်''ဟု ပေးရိုးရှိ၏။ ဋီကာ၌''အနု-က္ကမော-အစဉ်''ဟု ဖွင့်၏။ သား မြေးဟူသော ပုဂ္ဂိုလ်အစဉ်အဆက်ကိုသာ အနွယ်ဟု ခေါ်ရ၏။ ဤ၌ကား ထိုအနွယ်မျိုး မဟုတ်။ အမျိုး၏အစဉ်အားဖြင့် လာခဲ့သော အကျင့် ဖြစ်သည်။ တန္တိကို သန္တတိဟု ဖွင့်၏။ သမ္ဗန္ဓာ၊ ဆက်စပ်လျက်၊ တတိ၊ ကျယ်ပွားသော

အမျိုး၏ အစပ်တည်း။ တော၊ ဤ ပေးလှူခြင်းသည်။ ကုလဝတ္တံ၊ အမျိုး၏ ကျင့်ဝတ်တည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ သီလမယံ ဟောတိ။ ပန၊ ကား။ (သီလမယ ဖြစ်ပုံမှတပါး ဘာဝနာမယ ဖြစ်ပုံကား။) ယဒါ။ တာဒိသေနေဝ၊ ထိုကဲ့သို့ ရှုအပ်သည်သာလျှင် ဖြစ်သော။ ဝတ္ထုနာ၊ ဖြင့်။ ရတနတ္တယဿ၊ ရတနာ ၃-ပါး အပေါင်းအား။ ပူဇံ ကတွာ။ အယံ ဝဏ္ဏော၊ ဤအဆင်းသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆိဿတိ၊ ရောက်လတ္တံ့။ ဝယံ၊ ပျက်ခြင်းသို့။ ဂစ္ဆိဿတိ။ ဣတိ၊ ဤသို့ ကြံ၍။ ခယဝယံ၊ ကုန်ခြင်း ပျက်ခြင်းအာရုံရှိသော ဘာဝနာကို။ ပဋ္ဌပေတိ၊ ဖြစ်စေ၏။ တဒါ ဘာဝနာမယံ ဟောတိ။

[ဒါနမယ သီလမယ ဘာဝနာမယ ၃-မျိုးကို ကာယကံ ဝစီကံ မနောကံ ၃-မျိုးဖြင့် မြွောက်ပွား၍ ပြလိုသောကြောင့် ဒါနမယံ ပန-စသည်မိန့်။]

ပန၊ ဆက်။ ဒါနမယံ၊ သည်။ ဟုတွာ။ ဝတ္ထုမာနံပိ၊ ဖြစ်ပါသော်လည်း။ ဝါ၊ ဖြစ်သော ကုသိုလ်သည်လည်း။ ယဒါ၊ ၌။ တီဏိ၊ ကုန်သော။ ရတနာနိ၊ တို့ကို။ သဟတ္ထေန၊ မိမိလက်ဖြင့်။ ပူဇေန္တဿ၊ ပူဇော်သော ပုဂ္ဂိုလ်၏ သန္တာန်၌။ ပဝတ္တတိ၊ ၏။ တဒါ၊ ၌။ ကာယကမ္မံ၊ ကာယကံ ကုသိုလ်သည်။ ဟောတိ။ ယဒါ တီဏိ။ ရတနာနိ၊ တို့ကို။ ပူဇေန္တော၊ ပူဇော်လတ်သော်။ ပုတ္တဒါရ-ဒါသကမ္မကရပေါရိသာဒယောပိ၊ သား သမီး, မယား, ကျွန်, အလုပ်သမား ယောကျ်ား အစရှိသူတို့ကိုလည်း။ အာဏာပေတွာ၊ စေခိုင်း၍။ ပူဇာပေထိ၊ ပူဇော်စေ၏။ တဒါ ဝစီကမ္မံ ဟောတိ၊ ယဒါ။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ တဒေဝ ဝိဇ္ဇမာနကဝတ္ထုံ၊ ထို ထင်ရှားရှိသော ဝတ္ထုကိုပင်။ အာရဗ္ဘ၊ အာရုံပြု၍။ ဝဏ္ဏဒါနံ၊ ကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ သို့။ စိန္တေတိ၊ ကြံစည်၏။ တဒါ၊ ကြံစည်ရာ ထို အခါ၌။ မနောကမ္မံ ဟောတိ။

[ဤမနောကံနှင့်စပ်၍ ဝိနည်းအသုံး အဘိဓမ္မအသုံးကို ခွဲခြားပြလိုသောကြောင့်“ဝိနယပရိယာယံ ပတွာ”စသည်မိန့်။]

အကျင့်တည်း။ သန္တတိ၊ ကျင့်။ ထို့ကြောင့် “အဆက်” ဟု ပေးသည်။ ပဝေဏီ။ ပပုမ္ဘ-ဝေဏာဓာတ်၊ ဋ္ဌနပစ္စည်းဖြင့် “ပဝေဏိ” ဟု လည်းကောင်း။ ဤပစ္စည်းထဝ်၍ “ပဝေ—ဏီ” ဟု လည်းကောင်း ၂-မျိုးလုံး ရှိ၏။ “သမ္ဗန္ဓော၊ အစပ်” ဟု ဋီကာဖွင့်သည်။ ဤသို့ မိမိ၏ မျိုးရိုးစဥ်လာကို ဆင်ခြင်၍ လှူခြင်းသည် စာရိတ္တသီလဖြစ်၏။ ၅-ပါးသီလ ဥပုသ်သီလတို့ကား ဝါရိတ္တသီလတည်း။

ဟိ၊ မှန်။ ("ဒါနမယ မနောကံ ဖြစ်နိုင်ခြင်းသည် မှန်၏" ဟူလို။) ဝိနယ-ပရိယာယံ[1]၊ ဝိနည်းဒေသနာတော်သို့။ ပတ္ဝာ၊ ရောက်လတ်သော်။ ဒဿာမိ၊ ပေးလှူအံ့။ ကရိဿာမိ၊ ပြုလုပ်အံ့။ ဣတိ၊ သို့။ ဝါစာ၊ စကားလုံးသည်။ ဘိန္နာ၊ ကွဲပြားသည်။ (တနည်း) ဝါစာဘိန္နာ၊ နှုတ်မြွက်အပ်သည်။ ဟောတိ။ ဣမိနာ လက္ခဏေန၊ ဤ နှုတ်မြွက်ခြင်းဟူသော လက္ခဏာဖြင့်။ ဒါနံ နာမ၊ ဒါနမည်သည်။ ဟောတိ။ ပန၊ ကား။ အဘိဓမ္မပရိယာယံ၊ အဘိဓမ္မ ဒေသ-နာတော်သို့။ ပတ္ဝာ ဝိဇ္ဇမာနကဝတ္ထုံ[2]၊ ကို။ အာရဗ္ဘ။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ သို့။ မနသာ၊ ဖြင့်။ စိန္တိတကာလတော၊ ကြံအပ်ရာ အခါမှ။ ပဋ္ဌာယ၊ စ၍။ ကုသလံ၊ သည်။ ဟောတိ။ အပရဘာဂေ၊ ၌။ ကာယေန ဝါ၊ ကိုယ်ဖြင့်သော်လည်းကောင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်သော်လည်းကောင်း။ ကတ္တဗ္ဗံ၊ ပြုထိုက်သောအမှုကို။ (ပေးလှူခြင်း ကျောင်းဆောက်ခြင်းစသောအမှုကို။) ကရိဿတိ၊ ပြုလိမ့်မည်။ ဣတိ၊ သို့။ (အဋ္ဌကထာယံ၊ ရှေး အဋ္ဌကထာ၌။) ဝုတ္တံ၊ ပြီ။ ဧဝံ၊ ဤသို့လျှင်။ ဒါနမယံ၊ ဒါနမယ ကုသိုလ်သည်။ ကာယဝစီမနောကမ္မဝသေနေဝ၊ ကာယကံ ဝစီကံ မနောကံ၏ အပြားဖြင့်ပင်။ တိဝိဓံ၊ သည်။ ဟောတိ။

[သီလမယ-ကာယကံ ဂစီကံ မနောကံ ၃-မျိုးကို ပြလို၍ "ယဒါ ပန" စသည်မိန့်။]

၁။ **ဝိနယပရိယာယံ**။ ။ပရိဏာတသိက္ခာပုဒ်၌ "ဒဿာမိ ကရိဿာမိ-သက်န်းလှူပါမည် ကျောင်းဆောက်ပါမည်" စသည်ဖြင့် နှုတ်မြွက်လျှောက်ထားလျှင် ဒါနဖြစ်တော့၏။ "သံဃာ့အထံ ညွတ်ပြီးသော ထိုပစ္စည်းကို မိမိသို့ ညွတ်စေလျှင် ထုံ့ပြဟန်းမှာ အာပတ်သင့်၏" ဟု ဆိုသည်။ ထို့ကြောင့် ဝိနယပရိယာယ ဟူသော စကားသည် ထို ပရိဏာတသိက္ခာပုဒ်ကို ရည်ရွယ်သော စကားတည်း။ အဘိဓမ္မာ၌ကား ထိုသို့ နှုတ်မမြွက်သော်လည်းထင်ရှားရှိနေသော ဝတ္ထုကို လှူမည်ဟု စိတ်ဖြစ်လျှင်ပင် ဒါနမယ ပုဗ္ဗစေတ-နာ ကုသိုလ် ဖြစ်ပြီ။

၂။ **ဝိဇ္ဇမာနကဝတ္ထုံ**။ ။ထင်ရှားမရှိသေးသော ဝတ္ထုကို လှူဖို့ရန် စိမံပြုလုပ်တုန်းမှာလည်း ကုသိုလ်မဖြစ် ဟု မဆိုနိုင်ပါ။ သို့ရာတွင် "ဒါနမယ" အစစ် ဟု မဆိုနိုင်သေးသောကြောင့် "ထင်ရှားရှိသောဝတ္ထု"ဟု ဝိသေသနပြု၍ ဒါနမယအစစ်ကို အဋ္ဌကထာ၌ ပြပါသည်။ ထို့ပြင် သဒ္ဒါနု၍ ပညာလွန်ကဲသော ကေရာတိက (ကောက်ကျစ်စဉ်းလဲသော သဘောရှိသူ) အချို့က "ဒါနဟူသည် စေတနာပင်တည်း" ဟု ယူဆ၍ "ဒါနဝတ္ထု မရှိသော်လည်း စိတ်ကူး၍ လှူရုံမျှဖြင့် ဒါနမယကုသိုလ်ကို ဆည်းပူးမိပြီ" ဟု ဆိုကြ၏။ ထို အဆိုကိုလည်း "ဝိဇ္ဇမာနကဝတ္ထု"ဟူသော စကားဖြင့်တားမြစ်သည်။ [ဝိဇ္ဇမာနဝတ္ထုသမ္ဘိတိ ဧတေန ဝိနာပိ ဒေယျဓမ္မပရိစ္စာဂေန စိတ္တုပ္ပာဒမတ္တေနေဝ ဒါန-မယံ ကုသလံ ဥပစိတံ ဟောတီတိ ကေသဉ္စိ အဘိမာဝနံ နိဝတ္တိတံ ဟောတိ။-အနု။]

ပန၊ ကား။ ယဒါ။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ("နီလပီတလောဟိတောဒါတေသု ပုပ္ဖာဒီသု အညတရံ" ဟု ဆိုအပ်ပြီးသော အပြားရှိသော။) တံ ဝတ္ထုံ၊ ကို။ လဘိတွာ။ ကုလဝံသာဒိဝသေန[၁]၊ အမျိုး၏ အစဉ် အစရှိသည်တို့၏ အစွမ်းဖြင့်။ သဟတ္ထာ၊ ဖြင့်။ ရတနတ္တယံ၊ ကို။ ပူဇေတိ၊ တဒါ။ သီလမယံ၊ သီလမယဖြစ်သော။ ကာယကမ္မံ၊ ကာယကံ ကုသိုလ်သည်။ ဟောတိ၊ ယဒါ။ ကုလဝံသာဒိဝသေနေဝ၊ ဖြင့်ပင်။ ပုတ္တဒါရာဒယော၊ သားသမီး မယား အစရှိသူတို့ကို။ အာဏာပေတွာ။ ပူဇာပေတိ၊ ပူဇော်စေ၏။ တဒါ။ (သီလမယံ၊ သော။) ဝစီကမ္မံ ဟောတိ၊ ယဒါ။ (ဝေသော၊ ဤ ပေးလှူခြင်းသည်။) မယှံ၊ ၏။ ကုလဝံသော၊ အမျိုး၏ အစဉ်တည်း။ (သော မယှံ။) ကုလတန္တိ၊ အမျိုး၏ အဆက်တည်း။ (တေ မယှံ။) ကုလပ္ပဝေဏိ၊ အမျိုး၏ အစပ်တည်း။ တေ၊ ဤ ပေးလှူခြင်းသည်။ (မယှံ၊ ၏။) ကုလဝတ္တံ၊ အမျိုး၏ ကျင့်ဝတ်တည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ။ ဝဏ္ဏဒါနံ၊ အဆင်းအလှူကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့။ စိန္တေတိ။ တဒါ၊ ကြံစည်ရာ ထိုအခါ၌။ (သီလမယံ၊ သော။) မနောကမ္မံ ဟောတိ။ ဧဝံ၊ ဤသို့လျှင်။ သီလမယံ၊ သီလမယ ကုသိုလ်သည်။ ပ။ တိဝိဓံ ဟောတိ။

[ဘာဝနာမယ၏ ၃–ပါးပြားပုံကို ပြလို၍ "ယဒါ ပန"စသည်မိန့်။] ပန၊ ကား။ ယဒါ။ ဝုတ္တပ္ပကာရံ၊ သော။ (နီလ ပီတ–စသည် အပြားရှိသော။) တံ ဝတ္ထုံ၊ ထို ဝတ္ထုကို။ [အတော် ဝေးခဲ့ပြီးဖြစ်သောကြောင့် "တံ" ဟု ဆိုသည်။] လဘိတွာ၊ ၍။ တီဏိ ရတနာနိ။ ပူဇေတွာ၊ ပူဇော်ပြီး၍။ စင်္ကမန္တော၊ စင်္ကြံသွားလျက်။ ခယဝယံ၊ ကုန်ခြင်း ပျက်ခြင်း အာရုံရှိသော ဘာဝနာကို။ ပဋ္ဌပေတိ၊ ဖြစ်စေ၏။ တဒါ။ ပ။ ဟောတိ။ [စင်္ကြံသွား၍ ဆင်ခြင်သောကြောင့် ကာယကံဖြစ်သည်။] ဝါစာယ၊ နှုတ်ဖြင့်။ သမ္မသနံ၊ ခယ ဝယ–ကို သုံးသပ်ခြင်းကို။ ပဋ္ဌပေန္တဿ၊ ဖြစ်စေသော ပုဂ္ဂိုလ်၏။ ဝစီကမ္မံ ဟောတိ။ ကာယင်္ဂဝါစင်္ဂါနိ၊ ကိုယ်၏အစိတ်အပိုင်း နှုတ်၏ အစိတ်အပိုင်းတို့ကို။ အစောပေတွာ၊ မလှုပ်စေမူ၍၊ မနသာဝ၊ စိတ်ဖြင့်သာ။ သမ္မသနံ၊ ကို။ ပဋ္ဌပေန္တဿ၊ ၏။ မနောကမ္မံ ဟောတိ၊ ဧဝံ။ ပ။ ဟောတိ။ [အားလုံးပေါင်း၍ နိဂုံးကို ပြလိုသော

၁။ ကုလဝံသာဒိဝသေန။ ။ဤစကားကို ဥဒါဟရဏ် အဖြစ်ဖြင့် (နိဒဿနနည်းအားဖြင့်) ဆိုသည်။ မျိုးရိုးစဉ်လာသာ မက "အတ္တနာ သမာဒိန္နဝတ္တ" (မိမိကိုယ်တိုင် အမြဲဆောက်တည်အပ်သော ကျင့်ဝတ်) သပ္ပုရိသဝတ္တ (သူတော်ကောင်းတို့၏ ရိုးရာဖြစ်သော ကျင့်ဝတ်) ဂါမ ဇနပဒဝတ္တ (ရွာသူရွာသား၊ နယ်သူနယ်သားတို့၏ ကျင့်ဝတ်) အစရှိသောအားဖြင့် ပူဇော်လျှင်လည်း သီလမယဖြစ်သည်သာ ဟု ဋီကာ ဖွင့်သည်။

ကြောင့် ဣတိ ဝေ-စသည်မိန့်။] ဣတိ ဧဝံ၊ ဤသို့လျှင်။ ရူပါရမ္မဏံ၊ ရူပါရုံ ဟူသော အာရုံရှိသော။ ဧတံ ကုသလံ၊ ကို။ တိဝိဓပညတ္တိယဝတ္ထုဝသေန၊ ၃-ပါး အပြားရှိသော ပညတ္တိယဝတ္ထုတို့၏ အပြားအားဖြင့်လည်းကောင်း။ နဝဟိ၊ ကုန်သော။ ကမ္မဒွါရေဟိ၊ ကံ၏ဖြစ်ကြောင်း ဒွါရတို့ဖြင့် လည်းကောင်း။[၁] ဘာဇေတွာ၊ ဝေဖန်တော်မူ၍။ ဓမ္မရာဇာ၊ တရားမင်းဘုရားသည်။ ဒဿေသိ၊ ပြတော်မူပြီ။ သဒ္ဒါရမ္မဏာဒီသုပိ၊ သဒ္ဒါရုံဟူသော အာရုံရှိသော ကုသိုလ် အစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ တည်း။

[ဧသေဝ နယောကို ချဲ့လို၍ "ဘေရိသဒ္ဒါဒီသု ဟိ" စသည်မိန့်။]

ဟိ၊ ချဲ့။ ဘေရိသဒ္ဒါဒီသု၊ စည်ကြီးသံ အစရှိသည်တို့တွင်။ ရဇနီယသဒ္ဒံ၊ နှစ်သက်ဖွယ်ကောင်းသော အသံကို။ အာရမ္မဏံ ကတွာ၊ ၍။ ဟေဋ္ဌာ၊ ၌။ ဝုတ္တနယေနေဝ၊ဖြင့်သာ။[“ဥပ္ပဇ္ဇမာနမေဝ တိဝိဓေန နိယမေနဥပ္ပဇ္ဇတိ ဒါနမယံ ဝါ”စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်သာ။]တီဟိ၊ ကုန်သော။ နိယမေဟိ၊ အမှတ်အသားတို့ဖြင့်။ ဝါ၊ မှတ်သားကြောင်းဖြစ်သော ဒါနမယ သီလမယ ဘာဝနာမယ—တို့ဖြင့်။ ဧတံ ကုသလံ ဥပ္ပဇ္ဇတိ။ တတ္ထ၊ ထိုသို့ သဒ္ဒါရမ္မဏ ကုသိုလ်ဖြစ်ရာ၌။ သဒ္ဒံ၊ အသံကို။ ကန္ဒမူလံ ဝိယ၊ ကြာဥ ကြာမြစ်ကိုကဲ့သို့။ ဝါ၊ ကြာစွယ် ကြာရင်းကိုကဲ့သို့။ ဥပ္ပါဋေတွာ၊ နုတ်၍လည်းကောင်း။ [အသံကို စည်ထဲမှထုတ်၍ လှူလို့မဖြစ်-ဟူလို။] နီလုပ္ပလဟတ္ထကံ ဝိယ၊ ကြာညိုစည်းကို ကဲ့သို့။ ဟတ္ထေ၊ ၌။ ထပေတွာ စ၊ တင်ထား၍လည်းကောင်း။ [အသံကို လက်ပေါ်တင်၍ လှူလို့မဖြစ်-ဟူလို။] ဒါတုံ နာမ၊ ပေးလှူခြင်းငှာ မည်သည်။ န သက္ကာ၊ မတတ်ကောင်း။ ပန၊ အနွယ-ကား။ သဝတ္ထုကံ၊ အသံ၏တည်ရာ ဝတ္ထုနှင့်တကွ ဖြစ်သည်ကို။ ကတွာ။ [စည်ကြီး စသည်ပါ-ဟူလို။]ဒေန္တော၊ ပေးလှူလတ်သော်။ ဝါ၊ ပေးလှူသော ပုဂ္ဂိုလ်သည်။ သဒ္ဒဒါနံ၊ အသံအလှူကို။ ဒေတိ နာမ၊ ပေးလှူသည်မည်၏။ တသ္မာ၊ ကြောင့်။ ယဒါ။ (အဟံ၊

၁။ ဘာဇေတွာ။ပ။ဓမ္မရာဇာ။ ။ဤနေရာ၌ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ-စသည်ဖြင့်လည်းကောင်း၊ အခြားသော သုတ္တန် ပါဠိတို့၌ "တီဏိမာနိ ဘိက္ခဝေ ပုညကြိယ-ဝတ္ထူနိ" စသည်ဖြင့်လည်းကောင်း၊ ဤ အဘိဓမ္မာဝယ် နောက် နိက္ခေပကဏ္ဍ၌ "တံ သမုဋ္ဌာနံ ကာယကမ္မံ" စသည်ဖြင့်လည်းကောင်း ဟောတော်မူသော ဘုရားရှင်သည် ရူပါရုံ တမျိုးတည်းကိုပင် ဒါနမယ—စသော ၃—မျိုးဖြင့်လည်းကောင်း၊ တမျိုးတမျိုးလျှင် ကာယကံ စသော ၃—မျိုးဖြင့်လည်းကောင်း ဝေဖန်တော်မူရကား ရူပါရုံနှင့်စပ်၍ ၉-မျိုး ခွဲခြားလျက် ဟောတော်မူသည်။

သည်။) သဒ္ဓါနံ[၁] ဒဿာမိ။ ဣတိ၊ ဤသို့ ကြံ၍။ ဘေရိမုဒိင်္ဂါဒီသု၊ စည်ကြီး မုရိုးစည် အစရှိသည်တို့တွင်။ အညတရတူရိယေန၊ အမှတ်မထား တပါးပါး သော တူရိယာဖြင့်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့အား။ ဥပဟာရံ၊ ပူဇော် မှုကို။ ကရောတိ။မေ၊ ၏။ သဒ္ဓါနံ၊ သည်။ (ဘဝိဿတိ။) ဣတိ၊ ဤသို့ ကြံ ၍။ ဘေရိအာဒီနိ၊ စည်ကြီး အစရှိသည်တို့ကို။ ထပါပေတိ၊ ထားစေ၏။ (အထားခိုင်း၏။) ဓမ္မကထိကဘိက္ခုနံ၊ ဓမ္မကထိက ရဟန်းတို့အား။ သရဘော- သဇ္ဇတေလ ဖာဏိတာဒီနိ၊ အသံကြည်ဆေး ဆီ တင်လဲ အစရှိသည်တို့ကို။ ဒေတိ။ [၂]ဓမ္မဿဝနံ၊ တရားနာချိန်ကို။ (တရားနာဖို့ရန် အချိန်အခါကို။) ဃောသေတိ၊ ကြွေးကြော်၏။ သရဘညံ၊ အသံဖြင့် ရွတ်ဆိုအပ်သော ပါဠိကို။ ဘဏတိ၊ရွတ်ဆို၏။ ဓမ္မကထံ၊တရားစကားကို။ ကထေတိ၊ ပြောဟော၏။ ဥပ- နိသိန္နက-ကထံ၊ အနီး၌နေသူတို့အား ပြောဟောအပ်သော တရားစကားကို လည်းကောင်း။ အနုမောဒနကထံ၊ အဖန်ဖန် ဝမ်းမြောက်ကြောင်းဖြစ်သော တရားကိုလည်းကောင်း။ ကရောတိ၊တဒါ။ ဒါနမယံ ယေဝ၊ ဒါနမယကုသိုလ် သည်သာ။ ဟောတိ၊ ၏။ [မိမိအထံသို့ ရောက်လာသူသို့အား ပြောဟောအပ် သောတရားစကားကို ဥပနိသိန္နကထာ-ဟု ဆိုသည်။ ဆွမ်းစသည် ကပ်လှူပြီး နောက်တရားဟောခြင်းကို "အနုမောဒနကထာ"ဟု ဆိုသည်။]

ယဒါ။တေဒေဝဝိဓာနံ၊ ဤ ဆိုအပ်ပြီးသော အစီအစဉ်ကိုပင်။ (သဒ္ဓါနံ ဒဿာမိ-စသည်ဖြင့် ဆိုအပ်ပြီးသော အစီအစဉ်ကိုပင်။) ကုလဝံသာဒိဝသေန၊ ဖြင့်။ ဝတ္တဝသေန၊ အမျိုး၏ ကျင့်ဝတ်၏ အစွမ်းဖြင့်။ ကရောတိ၊ ၏။ တဒါ သီလမယံ ဟောတိ၊ယဒါ။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ တံ၊ဤပူဇော်မှု ကို။ ကတွာ၊ ၍။ တွေကော၊ ဤမျှ အတိုင်းအရှည်ရှိသော။ အယံ သဒ္ဒေါ၊ ဤ အသံသည်။ ဗြဟ္မလောကပ္ပမာဏော၊ ဗြဟ္မာ့ပြည် အတိုင်းအရှည် ရှိသည်။

၁။ သဒ္ဓါနံ။ ။ဤ၌ သဒ္ဒဒါနပြုရာ၁ယ် ရာဂဖြစ်စရာမဟုတ်သော စည်ကြီးသံ ယခုအခါ၌ ခေါင်းလောင်း၊ ကြေးစည်၊ ကြေးမောင်း၊ တုံးသံများဖြင့် ပူဇော်ခြင်းကိုသာ ပြလိုသည်။ ဘုရားပရိနိဗ္ဗာန်စံရာ၌သော်မှ အနိစ္စတာ-စသော သံဝေဂဖြစ်ဖွယ် သီချင်း များကို သီဆို၍ ပူဇော်ခြင်းသာ လာသည်။ အငြိမ့်၊ ဇာတ်၊ ရုပ်သေး၊ ဗုံးဝိုင်း၊ ရာဂ ဖြစ်စရာ တေးသီချင်းများဖြင့် ပူဇော်ခြင်းကို ကျမ်းဂန်တို့၌မပြပါ။

၂။ ဓမ္မဿဝနံ ဃောသေတိ။ ။တရားနာလာဖို့ရန် ကြွေးကြော်မှု၊ တရားဟောမှု စသည်တို့၌ သံဝတ္ထုက သဒ္ဒဒါန ဖြစ်ပုံမှာ အသံ၏ တည်ရာ ဝတ္ထုဖြစ်သော ဌာန် ကရိုဏ်းတို့ဝယ် အသံဖြစ်ပေါ်အောင် ပြုခြင်းတည်း။ [ဓမ္မဿာနဃောသနာဒီသု စ- သဝတ္ထုကံ ကတွာ သဒ္ဒဿ ဒါနံ သဒ္ဒဝတ္ထုနံ ဌာနကရဏာနံ သသဒ္ဒပ္ပဝတ္တိကရဏ- မေဝ။-ဋီကာ]

ဟုတွာပိ၊ ဖြစ်၍လည်း။ (ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့ပါသော်လည်း။) ခယံ၊ ကုန်ခြင်းသို့။ ဂမိဿတိ၊ ရောက်လတ္တံ့။ ဝယံ၊ သို့။ ဂမိဿတိ။ ဣတိ၊ သို့။ သမ္မသနံ၊ သုံးသပ်ခြင်းကို။ ဝါ၊ သုံးသပ်ကြောင်း ဝိပဿနာကို။ ပဋ္ဌပေတိ၊ ဖြစ်စေ၏။ တဒါ ဘာဝနာမယံ ဟောတိ။

[ထို ဒါနမယ-စသော ၃-မျိုးကို ကာယကံ စသော ၃-မျိုးဖြင့် ပြလို၍ "တတ္ထ" စသည်မိန့်။] တတ္ထ၊ ထို ဒါနမယ-စသည်တို့တွင်။ တာဝ၊ သီလမယ ဘာဝနာမယတို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌ၊ သော။) ဒါနမယံ၊ သည်။ (ကာယ-ကမ္မံ ဟောတိ- စသည်၌ စပ်။) ယဒါ။ ဘေရိအာဒီနိ၊ စည်ကြီးအစရှိသော ဝတ္ထုတို့ကို။ ဂဟေတွာ၊ ယူ၍။ သဟတ္ထာ၊ ဖြင့်။ ဥပဟာရံ ကရောတိ။ [တရက်တလေ ခေတ္တယူ၍ ပူဇော်မှုကို ဆိုသည်။] နိစ္စုပဟာရတ္ထာယ၊ အမြဲပူဇော်ခြင်း အကျိုးငှာ။ ထပေန္တောပိ၊ ထားပြန်သော်လည်း။ သဟတ္ထာ၊ ဖြင့်။ ထပေတိ၊ ထား၏။ မေ၊ ၏။ သဒ္ဒဒါနံ (ဘဝိဿတိ။) ဣတိ၊ ဤသို့ ကြံ၍။ ဓမ္မဿဝနံ၊ ကို။ ဃောသေတုံ၊ ငှာ။ ဂစ္ဆတိ၊ ၏။ ဓမ္မကထံ၊ ကို။ ကာတုံ ဝါ၊ ပြုခြင်းငှာသော်လည်းကောင်း။ သရဘညံ၊ ကို။ ကာတုံ ဝါ၊ ငှာသော်လည်း ကောင်း။ ဂစ္ဆတိ၊ ၏။ တဒါ ကာယကမ္မံ ဟောတိ။

ယဒါ။ တာတာ၊ အမောင်တို့။ ဂစ္ဆထ၊ သွားကြကုန်။ အမှာကံ၊ တို့၏။ သဒ္ဒဒါနံ၊ သည်။ (ဘဝိဿတိ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။) တိဏ္ဏံ ရတနာနံ၊ တို့အား။ ဥပဟာရံ၊ ကို။ ကရောထ၊ ပြုချေကြကုန်။ ဣတိ၊ ဤသို့ ပြော၍။ အာဏာပေတိ၊ စေခိုင်း၏။ မေ၊ ၏။ သဒ္ဒဒါနံ၊ သည်။ (ဘဝိဿတိ။) ဣတိ၊ ဤသို့ နှလုံးသွင်း၍။ စေတိယင်္ဂဏေ၊ စေတီ ရင်ပြင်၌။ [အချို့စာအုပ်၌ စေတိ-ယင်္ဂဏေသု ဟု ရှိသည်။] ဣမံ ဘေရိံ၊ ဤ စည်ကြီးကို။ ထပေထ၊ ထားချေကြကုန်။ ဣမံ မုဒိင်္ဂံ၊ ဤ မုရိုးစည်ကို။ ထပေထ။ ဣတိ၊ သို့။ အာဏာပေတိ။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ဓမ္မဿဝနံ၊ ကို။ ဃောသေတိ၊ ဓမ္မကထံ ကထေတိ၊ သရဘညံ ဘဏတိ၊ တဒါ ဝစီကမ္မံ ဟောတိ၊ ယဒါ။ ပ။ အစော-ပေတွာ (အဟံ၊ သည်။) သဒ္ဒဒါနံ၊ ကို။ ဒဿာမိ၊ အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဝိဇ္ဇမာနကဝတ္ထုံ၊ ကို။ မနသာ၊ ဖြင့်။ ပရိစ္စဇတိ၊ စွန့်ကြဲ၏။ တဒါ မနောကမ္မံ ဟောတိ။

သီလမယမ္ပိ၊ သီလမယ ကုသိုလ်သည်လည်း။ (ကာယကမ္မံ ဟောတိ-စသည်၌ စပ်။) သဒ္ဒဒါနံ နာမ၊ အသံ အလှူမည်သည်။ မယှံ။ ကုလဝံသော၊ အမျိုး၏ အစဉ်တည်း။ ပ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဘေရိအာဒီနိ၊ စည်ကြီးအစရှိသည် တို့ကို။ သဟတ္ထာ ဥပဟာရံ။ ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်၏လည်းကောင်း။ ဘေရိအာဒီနိ သဟတ္ထာ။ စေတိယင်္ဂဏာဒီသု၊ စေတီရင်ပြင် အစရှိသည်တို့၌။

ထပေန္တဿ၊ ထားသော ပုဂ္ဂို၏လည်းကောင်း။ ဓမ္မကထိကာနံ၊တို့အား။ သရ-ဘေသဇ္ဇံ၊ အသံကြည်ဆေးကို။ သဟတ္ထာ။ ဒဒန္တဿ၊ ပေးလှူသော ပုဂ္ဂိုလ်၏လည်းကောင်း။ ဝတ္တသီသေန၊ ကျင့်ဝတ်ကို အဦးပြုသဖြင့်။ဓမ္မဿဝနဃော-သန။ပ။ဘဏာနတ္ထာယ၊ တရားနာချိန်ကို ကြွေးကြော်ခြင်း, တရားစကားကို ပြောဟောခြင်း, အသံဖြင့် ရွတ်ဆိုအပ်သော ပါဠိကို ရွတ်ဆိုခြင်းအကျိုးငှာ။ ဂစ္ဆန္တဿ စ၊ သွားသော ပုဂ္ဂိုလ်၏လည်းကောင်း။ ကာယကမ္မံ ဟောတိ။

သဒ္ဒဒါနံ နာမ၊ မည်သည်။ အမှာကံ။ပ။ကုလပ္ပဝေဏီ၊ တည်း။ တာတာ၊ အမောင်တို့။ ဂစ္ဆထ၊ သွားကြကုန်။ ဗုဒ္ဓရတနာဒီနံ ဥပဟာရံ။ကရောထ၊ ပြုကြကုန်။ ဣတိ၊ သို့။ အာဏာပေန္တဿ၊စေခိုင်းသော ပုဂ္ဂိုလ်၏လည်းကောင်း။ ကုလဝံသာဒိဝသေနဝ၊ အမျိုး၏အစဉ် အစရှိသည်တို့၏ အစွမ်းဖြင့်ပင်။ အတ္တနာ၊ ကိုယ်တိုင်။ ဓမ္မကထံ ဝါ၊ ကိုလည်းကောင်း။ သရဘညံ ဝါ၊ ကို လည်းကောင်း။ ကရောန္တဿ စ၊ ပြုသော ပုဂ္ဂိုလ်၏လည်းကောင်း။ ဝစီကမ္မံ ဟောတိ။ သဒ္ဒဒါနံ နာမ၊ မည်သည်။ မယှံ၊ ၏။ ကုလဝံသော၊ တည်း။ သဒ္ဒဒါနံ၊ အသံအလှူကို။ ဒဿာမိ၊ အံ့။ ဣတိ၊ ဤသို့ ကြံ၍။ပ။ဝိဇ္ဇမာနက-ဝတ္ထုံ၊ ထင်ရှားရှိသော ဝတ္ထုကို။ ပရိစ္စဇန္တဿ၊ စွန့်လှူသော ပုဂ္ဂိုလ်၏။မနော-ကမ္မံ ဟောတိ။ ဘာဝနာမယမ္ပိ၊ သည်လည်း။ စင်္ကမန္တော၊ လျက်။ သဒ္ဒေ၊ အသံ၌။ ခယဝယံ ပဋ္ဌပေတိ၊ တဒါ ကာယကမ္မံ ဟောတိ။ ပန၊ ကား။ ကာယင်္ဂ၊ ကိုယ်၏ အစိတ်အပိုင်းကို။ အစောပေတွာ၊ ၍။ ဝါစာယ၊ ဖြင့်။ သမ္မသန္တဿ၊ ကုန်ခြင်း ပျက်ခြင်းကို သုံးသပ်သောပုဂ္ဂိုလ်၏။ဝစီကမ္မံ ဟောတိ၊ ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ။ မနသာဝ၊ ဖြင့်သာ။သဒ္ဒါယတနံ၊ အသံဟူသော တည်ရာရှိသော ခယ ဝယကို။[ရှေးနိဿယ၌ "သဒ္ဒါရမ္မဏံ၊ သဒ္ဒါရုံကို" ဟု ရှိသည်။] သမ္မသန္တဿ မနောကမ္မံ ဟောတိ။ ဧဝံ၊ ဤသို့လျှင်။ သဒ္ဒါ-ရမ္မဏမ္ပိ၊ သဒ္ဒါရုံဟူသော အာရုံရှိသည်လည်း ဖြစ်သော။ကုသလံ၊ ကို။ပ။ဓမ္မ-ရာဇာ ဒဿေသိ။

[သဒ္ဒါရမ္မဏကို ပြပြီး၍ ဂန္ဓာရမ္မဏကို ပြလိုသောကြောင့် မူလဂန္ဓာဒီသု၊ စသည်မိန့်။]

မူလဂန္ဓာဒီသုပိ၊ အမြစ်နံ့ အစရှိသည်တို့တွင်လည်း။ ရဇနီယဂန္ဓံ၊ နှစ်သက်ဖွယ်ကောင်းသော အနံ့ကို။ အာရမ္မဏံ၊ ကတွာ။ပ။ဥပ္ပဇ္ဇတိ။ တတ္ထ၊ ထို ဂန္ဓာရမ္မဏ ကုသိုလ်ဖြစ်ရာ၌။ ယဒါ။ မူလဂန္ဓာဒီသု၊ တို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ဂန္ဓံ၊ အနံ့ကို။ လဘိတွာ။ ဂန္ဓဝသေန၊ ဂန္ဓာရုံ၏ အစွမ်းဖြင့်။ အာဘုဇိတွာ၊ နှလုံးသွင်း၍။ မယှံ၊ ငါ၏။ ဂန္ဓဒါနံ၊ အနံ့အလှူ သည်။ (ဘဝိဿတိ။) ဣတိ၊ ဤသို့ ကြံ၍။ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ

ဒါနပယံ ဟောပဲ။ ဣတိ။ ဤသို့ အစရှိသော။ သဗ္ဗံ၊ အလုံးစုံသော အစီအရင်ကို။ ဝဏ္ဏဒါနေ၊ အဆင်းအလှ၌။ ဝုတ္တနယေနေဝ၊ ပင်။ပ။မမ္မရာဇာ ဒဿေသိ။

[ရသာရမ္မဏကို ပြလို၍ မူလရသာဒီသု စသည်မိန့်။] ပန၊ ကား။ မူလရသာဒီသု၊ အမြစ်အရသာ အစရှိသည်တို့တွင်။ ရဇနီယရသံ၊ နှစ်သက်ဖွယ်ကောင်းသော အရသာကို။ အာရမ္မဏံ ကတွာ။ပ။ဥပ္ပဇ္ဇတိ။ တတ္ထ၊ ထိုရသာရမ္မဏ ကုသိုလ်ဖြစ်ရာ၌။ ယဒါ။ပ။ရသဝတ္ထုံ၊ အရသာ၏ တည်ရာဖြစ်သော ဝတ္ထုကို။ လဘိတွာ။ပ။ဣတိ၊ ဤသို့ ကြံ၍။ ဒေတိ၊ ပေးလှူ၏။ ပရိစ္စဇတိ၊ စွန့်ကြဲ၏။ ဟာဒါ ဒါနမယံ ဟောတိ။ ဣတိ၊ ဤသို့ အစရှိသော။ သဗ္ဗံ၊ ကို။ပ။ဝေဒိတဗ္ဗံ။ ပန၊ အထူးကား။ ဧတ္ထ၊ ဤ ရသဒါန၌။ သီလမယေ၊ သီလမယ အခန်း၌။ (ဝတ္ထုနိ အာဂတာနိ-၌ စပ်။) သံဃဿ၊ အား။အဒတွာ၊ မပေးလှူမူ၍။ ပရိဘုဉ္ဇနံ နာမ၊ သုံးဆောင် စားသောက်ခြင်းမည်သည်။ အမှာကံ၊ တို့၏။ န အာစိဏ္ဏံ၊ လေ့ကျက်အပ်သော အကျင့်မဟုတ်။ ဣတိ၊ ဤသို့ ကြံ၍။ ဒွါဒသန္နံ ဘိက္ခု သဟဿာနံ၊ တသောင်းနှစ်ထောင်သော ရဟန်းတို့အား။ ဒါပေတွာ၊ ပေးလှူစေ၍။ သာဓုရသံ၊ ကောင်းသောအရသာကို။ ပရိဘုတ္တဿ၊ သုံးဆောင်သော။ ဒုဋ္ဌဂါမဏိအဘယရညော[၁]၊ ဒုဋ္ဌဂါမဏိ အဘယမင်း၏။ ဝတ္ထုံ၊ ဝတ္ထုကို။ အာဒိံ ကတွာ၊ အစပြု၍။ မဟာအဋ္ဌ-

၁။ **ဒုဋ္ဌဂါမဏိ အဘယရညော။** ။ညီတော် တိဿနှင့် စစ်ဖြစ်သောအခါ စစ်ရှုံး၍ မြင်းတစီး အမတ်တယောက်နှင့်အတူ တောထဲသို့ ထွက်ပြေးရစဉ် မွတ်သိပ်ဆာလောင်လှသဖြင့် အစာအာဟာရ ပါ-မပါ အမတ်အား မေးသောအခါ အမတ်က အဆင်သင့် ပါလာသော ထမင်းထုပ်ကလေးကို ဆက်သ လေသည်။ ထိုအခါ အမတ်နှင့် တကွ မြင်းလည်း ဆာရှာလိမ့်မည်ဟု ကိုယ်ချင်းစာ၍ ထို ထမင်းထုပ်ကလေးကို သုံးယောက်စာ ခွဲဝေပြီးလျှင် အသီးအသီး စားမည်ဟု ကြံသောအခါ ဒုဋ္ဌဂါမဏိ အဘယမင်းက "ငါတို့ အမျိုးမှာ လက်ဦးလက်ဖျား မလှူပဲ စားရိုးမရှိပါ"ဟု ကုလဝံသကို တွေးမိ၍ "သာသနာ ပြုမင်း ဖြစ်ရဦးမည်မှန်လျှင် အလှူခံပုဂ္ဂိုလ် ကြွရောက်ပါစေသား"ဟု မိန့်ဟခန်လေသည်။

ထို အသံကို တိဿ-အမည်ရှိသော ထေရ် ကြား၍ ဆွမ်းခံကြွလာလေသော် ရှင်ဘုရင်သည် လွန်စွာ ဝမ်းမြောက်၍ မိမိအဖို့ကို မစားတော့ပြီဟု ကြံစည်ကာ လောင်းလှူလေသည်။အမတ်လည်း ထို့အတူ လောင်းလှူ၍ မြင်းလည်း မစားပဲနေသောကြောင့် မြင်း၏ အဖို့ကိုလည်း လောင်းလှူရလေတော့သည်၊ အရှင်တိဿသည် ထိုဆွမ်းကို ခံယူပြီးလျှင် ရှင်ဘုရင်မြင်အောင် တန်ခိုးဖြင့် မိဋ္ဌာန်၍ ၁၂၀၀၀-သော ရဟန်းတို့အား ဝေငှ ဘုဉ်းပေးလေရာ အားလုံးပင် လောက်ငံ့မက ကျန်သေးသော ဆွမ်းအနည်းငယ်ကို သပိတ်နှင့်တကွ ဒုဋ္ဌဂါမဏိမင်း အထံသို့ ပို့လိုက်သေးသည်။ ဤသို့ အရှင်တိဿထေရ်က ဝေငှ၍ လှူခြင်းကို ရည်ရွယ်၍ "ဒွါဒသန္နံ ဘိက္ခုသဟဿာနံ ဒါပေတွာ"ဟု ဆိုသည်။ သပိတ်

ကထာယံ၊ ၌။ ဝတ္ထုနို၊ ဝတ္ထုတို့သည်။ အာဂတာနိ၊ လာကုန်ပြီ။ အယ-မေဝ၊ ဤ ဆိုအပ်ပြီးသော ဝတ္ထုတို့၏ လာခြင်းသည်သာလျှင်။ ဝိသေသော၊ ထူး၏။ ဧဝံ၊ ဤသို့လျှင်။ပ။ဓမ္မရာဇာ ဒဿေသိ။

[ဖောဋ္ဌဗ္ဗာရမ္မဏကို ပြလို၍ ဖောဋ္ဌဗ္ဗာရမ္မဏေပိ စသည်မိန့်။] ဖောဋ္ဌဗ္ဗာ-ရမ္မဏေပိ၊ ဖောဗ္ဗာရုံဟူသော အာရုံရှိသော ကုသိုလ်၌လည်း။ (ဧဝံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။စပ်ပုဒ်မရှိ၍ ရှေးနိဿယ၌ ဤသို့ ထည့်ပေးသည်။) ပထဝီဓာတု၊ ပထဝီဓာတ်လည်းကောင်း။ပ။ဝါယောဓာတု၊ လည်းကောင်း။ ဣတိ၊ သို့။ တီဏိ၊ ကုန်သော။ မဟာဘူတာနိ၊ တို့သည်။ ဖောဋ္ဌဗ္ဗာရမ္မဏံ နာမ၊ ဖောဋ္ဌဗ္ဗာရုံ မည်၏။ ဣမသ္မိံ ဌာနေ၊ ဤ ဖောဋ္ဌဗ္ဗဒါနကို ပြရာဌာန၌။ ဧတေသံ၊ ဤ မဟာဘုတ်တို့၏။ ဝသေန၊ ဖြင့်။ ယောဇနံ၊ အနက် အဓိပ္ပာယ်ကို ယှဉ်စေခြင်းကို။ အကတွာ၊ မပြုမူ၍။ မဉ္စပီဌာဒိဝသေန၊ ညောင်စောင်း အင်းပျဉ် အစရှိသည်တို့၏ အစွမ်းဖြင့်။ (ယောဇနာ၊ အနက် အဓိပ္ပာယ်ကို ယှဉ်စေခြင်းကို။) ကာတဗ္ဗာ၊ ပြုထိုက်၏။ ဟိ၊ ချဲ့။ ယဒါ၊ ၌။ မဉ္စပီဌာဒီသု၊ တို့တွင်။ ယံ ကိဉ္စိ၊ သော။ ရဇနီယံ၊ သော။ ဖောဋ္ဌဗ္ဗဝတ္ထုံ၊ ဖောဋ္ဌဗ္ဗာရုံ၏ တည်ရာဝတ္ထုကို။ လဘိတွာ။ပ။ပရိစ္စဇတိ၊ တဒါ ဒါနမယံ ႏှောတိ။ ဣတိ၊ ဤသို့ အစရှိသော။ သဗ္ဗံ၊ ကို။ပ။ဝေဒိတဗ္ဗံ။ ဧဝံ။ပ။ဓမ္မရာဇာ ဒဿေသိ။

[ဓမ္မာရမ္မဏကို ပြလို၍ ဓမ္မာရမ္မဏေ စသည်မိန့်။] ဓမ္မာရမ္မဏေ၊ ၌။ (ဧဝံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။) ဆ၊ ၆-ပါးကုန်သော။ အဇ္ဈတ္တိကာနိ၊ အဇ္ဈတ္တိက ဖြစ်ကုန်သော။ အာယတနာနိ၊ အာယတနတို့လည်းကောင်း။ တီဏိ၊ ကုန်သော။ လက္ခဏာနိ၊ အနိစ္စတာ အစရှိသော လက္ခဏာတို့ လည်းကောင်း။ တယော၊ ကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ တို့လည်းကောင်း။ ပန္နရသ၊ ကုန်သော။ သုခုမရူပါနိ၊ တို့လည်းကောင်း။ [ဟာဒယ-ဝတ္ထုကို ဓမ္မသင်္ဂဏီ၌ မပါသောကြောင့် ကြည့်၍ "ပန္နရသ"ဟု ဆိုဟန်တူသည်။] နိဗ္ဗာနံ၊ လည်းကောင်း။ ပညတ္တိ၊ ပညတ်လည်းကောင်း။ ဣတိ၊ သို့။ ဓမ္မာယတနေ၊ ဓမ္မာယတန၌။ ပရိယာပန္နာ စ၊ အကျုံးဝင်သည်လည်း ဖြစ်ကုန်သော။ အပရိယာပန္နာ စ၊ အကျုံးမဝင်သည်လည်း ဖြစ်ကုန်သော။ ဣမေ-

---

ပြန်ရောက်လာသည်ကို မြင်၍ လှမ်းယူပြီးလျှင် ဆွမ်းအကျန်ကို အမတ် မြင်းနှင့်တကွ ဝေငှ၍ စားကြရပြန်သည်။ ထို့နောက် သပိတ်ကိုဆေး၍ သူ၏အပေါ်ရုံကို သပိတ်သုတ် ပဝါ လုပ်ပြီးလျှင် ပြန်၍ ပို့လိုက်လေသတတ်။ နတ်ရွာစံခါနီး၌ ကောင်းမှု စာရင်းကို ဖတ်သောအခါ အခြားကောင်းမှုတွေထက် ဤကောင်းမှုကို သာ၍နှစ်သက်သောကြောင့် ထိုကောင်းမှုကို အာရုံပြုကာ တုသိတာသို့ ရောက်လေသည်။

ဓမ္မာ၊ ဤ တရားတို့သည်။ ဓမ္မာရမ္မဏံ နာမ ၊ ဓမ္မာရမ္မဏ မည်၏။ ပန၊ ဆက်။ ဣမသ္မိံ ဌာနေ၊ ဤ ဓမ္မဒါနအရာ၌။ ဧတေသံ၊ ဤ တရားတို့၏။ ဝသေန၊ ဖြင့်။ ယောဇနံ၊ ယှဉ်စေခြင်းကို။ အကတွာ၊ မပြုမူ၍။ ဩဇဒါန။ပ။ဝသေန၊ ဩဇာ အလှူ ဖျော်ရည်အလှူ အသက်အလှူတို့၏ အစွမ်းဖြင့်။ (ယောဇနာ) ကာတဗ္ဗာ။ ဟိ၊ ချဲ့။ ဩဇာဒီသု၊ ဩဇာ အစရှိသည်တို့တွင်။ ရဇနီယံ၊ သော။ပ။ဥပ္ပဇ္ဇတိ။

တတ္ထ၊ ထို ၃-မျိုးသော ဒါနတို့တွင်။ ယဒါ မယံ ဩဇဒါနံ (ဘဝိဿတိ)။ ဣတိ၊ ဤသို့ ကြံ၍။ သပ္ပိနဝနီတာဒီနိ၊ ထောပတ် ဆီဦး အစရှိသော ဝတ္ထုတို့ကို။ (အဆီ ဩဇာ များစွာပါသော ဝတ္ထုတို့ကို။) ဒေတိ၊ ပါနဒါနံ (ဘဝိဿတိ)။ ဣတိ၊ ဤသို့ ကြံ၍။ အဋ္ဌပါနာနိ၊ ရှစ်မျိုးသော အဖျော်ရည်တို့ကို။ ဒေတိ၊ ဇီဝိတ ဒါနံ (ဘဝိဿတိ)။ ဣတိ၊ ဤသို့ ကြံ၍။ သလာကဘတ္တ ပက္ခိကဘတ္တ သံဃဘတ္တာဒီနိ၊ သလာကဘတ်, ပက္ခိကဘတ်, သံဃဘတ် အစရှိသည်တို့ကို။ ဒေတိ။ အဖာသုကာနံ၊ မကျန်းမာကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဘေသဇ္ဇံ၊ ကို။ ဒေတိ။ ဝေဇ္ဇံ၊ ဆေးဆရာကို။ ပစ္စုပဋ္ဌာပေတိ၊ ရှေးရှုတည်စေ၏။ (ခေါ်ပေး၏။) ဇာလံ၊ ပိုက်ကွန်ကို။ ဖာလာပေတိ၊ ဖောက်ဖျက်စေ၏။ ကုမိနံ၊ မြှုံးကို။ ဝိဒ္ဓံသာပေတိ၊ ဖျက်ဆီးစေ၏။ သကုဏပဉ္ဇရံ၊ ငှက်လှောင်ချိုင့်ကို။ ဝိဒ္ဓံသာပေတိ။ ဗန္ဓနမောက္ခံ၊ နှောင်အိမ်မှ လွတ်မြောက်ခြင်းကို။ ကာရာ-ပေတိ၊ ပြုစေ၏။ မာဃာတဘေရိံ၊ သားကြီး ငါးကြီးကို မသတ်ရ ဟု ကြွေးကြော်ကြောင်း စည်ကို။ စရာပေတိ၊ လှည့်လည်စေ၏။ အညာနိပိ၊ အခြားလည်း ဖြစ်ကုန်သော။ ဇီဝိတပရိတ္တာဏတ္ထံ၊ အသက်ကို စောင့်ရှောက်ခြင်း အကျိုးငှာ။ ဧဝရူပါနိ၊ ကုန်သော။ ကမ္မာနိ၊ ကောင်းမှုတို့ကို။ ကရောတိ၊ တဒါ ဒါနမယံ ဟောတိ။

၁။ **ဓမ္မာရမ္မဏံ နာမ**။ ။ဓမ္မာယတန၌ ပါဝင်သော ဓမ္မာရုံ၊ ဓမ္မာယတန၌ မပါဝင်သော ဓမ္မာရုံ ဟု ၂-မျိုးပြားသောကြောင့် "ဓမ္မာယတနေ ပရိယာပန္နာ စ အပရိယာ-ပန္နာ စ'' ဟု မိန့်သည်။ ဓမ္မာယတန၌ ပါဝင်သော တရားတို့ဟူသည် နာမ်ခန္ဓာဟူသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်တို့တည်း။ [ဓမ္မေ ပန စေတသိက သုခုမရူပ-နိဗ္ဗာနဝသေန ဧကူနသတ္တတိ ဓမ္မာ ဓမ္မာယတနဓမ္မဓာတူတိ သင်္ခံ ဂစ္ဆန္တိ။—သင်္ဂြဟ။] ဓမ္မာယတန၌ မပါဝင်သောတရားတို့ကား စက္ခာယတန–စသော အဇ္ဈတ္တိကာယတန ၆-ပါး၊ အနိစ္စတာ-စသော လက္ခဏာ၊ ပညတ်တရားတို့တည်း။ ထိုတွင် အဇ္ဈတ္တိကာယ-တန ၆–ပါးတို့သည် စက္ခာယတန–စသော နာမည်ရပြီး ဖြစ်သောကြောင့် ဓမ္မာယတန၌ မပါဝင်ကြ။ လက္ခဏာ၊ ပညတ်တို့ကား ထင်ရှားမရှိသောကြောင့် ဓမ္မာယတန၌ မပါဝင်ကြ။ [အပရိယာပန္နာ စာတိ ပရမတ္ထတော အဂ္ဂဟိတမာနတ္တာ အညာယတနတ္တာ စ အသင်္ဂဟိတာ။—ဋီကာ။] လက္ခဏာရုပ်တို့သည် သုခုမရုပ်၌ ပါဝင်ကြ၏။ ထို့ကြောင့်-တီကာ လက္ခဏာနိ-အရ အနိစ္စတာ စသော လက္ခဏာတို့ကို ယူရသည်။

ပန၊ ကား။ ယဒါ။ သြဇဒါန ပါနဒါန ဇီဝိတဒါနာနိ၊ အဆီသြဇာရှိ သော စားဖွယ်ကို လှူခြင်း, ဖျော်ရည်ကို လှူခြင်း, အသက်ကို လှူခြင်းတို့သည်။ မယုံ ကုလဝံသော။ပ။ ဌတိ၊ ဤသို့ ကြံ၍။ ဝတ္တသီသေန၊ အမျိုး၏ကျင့်ဝတ် ကို အဦးပြုသဖြင့်။ သြဇဒါနာဒီနိ၊ သြဇာဒါန အစရှိသည်တို့ကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ တဒါ သီလမယံ ဟောတိ၊ ယဒါ ။ပ။ ဟောတိ။ ပန၊ ကား။ ဒါနမယံ၊ သည်။ ဟုတွာ။ ပဝတ္တမာနမ္ပိ၊ ဖြစ်ပါသော်လည်း။ ယဒါ ။ပ။ မနောကမ္မံ ဟောတိ။ ပန၊ ကား။ စင်္ကမိတွာ၊ ၍။ ဓမ္မာရမ္မဏော၊ ၌ ။ပ။ ဓမ္မ– ရာဇာ ဒဿေသိ။ ဧဝံ၊ ဤ သို့လျှင်။ ဣဒံ စိတ္တံ၊ ဤ ပထမ မဟာကုသိုလ်စိတ် ကို။ နာနာဝတ္ထူသု၊ အမျိုးမျိုးသောဝတ္ထုတို့၌။ နာနာရမ္မဏဝသေန၊ အမျိုး မျိုးသော အာရုံတို့၏ အစွမ်းဖြင့်။ ဒီပိတံ၊ ပြအပ်ပြီ။ ပန၊ ကား။ ဣဒံ၊ ဤ ပထမ မဟာကုသိုလ်စိတ်ကို။ ဧကဝတ္ထုသ္မိမ္ပိ၊ ၌လည်း။ နာနာရမ္မဏဝသေန၊ ဖြင့်။ လဗ္ဘတိယေဝ၊ ရအပ်သည်သာ။

ကထံ၊ အဘယ်သို့ ရအပ်သနည်း။ ဟိ၊ အဖြေကား။ (တနည်း) ဟိ၊ ချဲ့။ စတူသု၊ ပစ္စယေသု၊ ပစ္စည်းတို့တွင်။ စီဝရေ၊ သင်္ကန်းဟူသော ပစ္စည်း၌။ ဆ၊ ကုန်သော။ အာရမ္မဏာနိ၊ တို့ကို။ လဗ္ဘန္တိ။ ဟိ၊ ထပ်၍ ချဲ့ဦးအံ့။ နဝရတ္တဿ၊ ဆိုးအပ်ပြီး၍ အသစ်ဖြစ်သော။ (ဆိုးသစ်စ ဖြစ်သော။) စီဝရဿ၊ ၏။ ဝဏ္ဏော၊ အဆင်းသည်။ မနာပေါ၊ စိတ်နှလုံးကို တိုးပွားစေတတ်သည်။ ဝါ၊ မြတ်နိုးဖွယ် ကောင်းသည်။ ဒဿနီယော၊ ကြည့်ရှုထိုက်သည်။ ဟောတိ။ ဣဒံ၊ ဤ မနာပ ဒဿနီယဖြစ်သော အဆင်းသည်။ ဝဏ္ဏာရမ္မဏံ၊ ရူပါရုံတည်း။ ပရိဘောဂကာလေ၊ သုံးစွဲရာအခါ၌။ ပဋပဋသဒ္ဒံ၊ ပဋ်ပဋ်ဟူသော အသံကို။ ကရောတိ။ [ပဋပဋ–သဒ္ဒါသည် အဝတ်၏မြည်သံကို အတုပြုသော အနုကရဏ– သဒ္ဒါတည်း။] ဣဒံ၊ ဤ အသံသည်။ သဒ္ဒါရမ္မဏံ၊ တည်း။ တတ္ထ၊ ထို သင်္ကန်း ၌။ ယော ကာဠကစ္ဆကာဒိဂန္ဓော၊ အကြင် ဖအောင်းနက် အစရှိသော ဆိုးရည် ခေါက်၏ အနံ့သည်။ (အတ္ထိ။) ဣဒံ၊ ဤအနံ့သည်။ ဂန္ဓာရမ္မဏံ၊ တည်း။ ပန၊ ဆက်။ ရသာရမ္မဏံ၊ ကို။ ပရိဘောဂရသဝသေန[1]၊ သုံးစွဲရာအခါ ဖြစ် ပေါ်လာသော ပီတိ သောမနဿ–ဟူသော အရသာ၏ အစွမ်းဖြင့်။ ကထိတံ၊

၁။ ပရိဘောဂရသဝသေန။ ။သုံးစွဲသောအခါ ဖြစ်ပေါ်လာသော ပီတိ သောမန– ဿ–ကို "ပရိဘောဂရသ" ဟု ခေါ်သည်။ ပရိဘောဂေ၊ သုံးစွဲရာအခါ၌။ ဥပ္ပန္နော၊ ဖြစ်သော။ ရသော၊ အရသာတည်း။ ပရိဘောဂရသော၊ သာ။ စားဖွယ် သောက် ဖွယ်ကို သုံးဆောင်သောအခါ ပီတိ သောမနဿ ဖြစ်သကဲ့သို့ ဤသင်္ကန်းကို သုံးစွဲသော အခါလည်း ပီတိ သောမနဿ ဖြစ်ရကား ရသာရုံနှင့် တူသည်ကို အစွဲပြု၍ "ပရိဘောဂ– ရသ" ဟု ဆိုသည်။

ရှေးဆရာတို့ ဆိုအပ်ပြီ။ [ရှေးနိဿယ၌ကား "ပရိဘောဂပစ္စယံ ပီတိသောမနဿံ" ဟူသော ဋီကာကိုကြည့်၍ "သုံးဆောင်ခြင်းလျှင် အကြောင်းရှိသော ပီတိ သောမနဿ-ဟူသော အရသာ၏ အစွမ်းဖြင့်" ဟု ပေး၏။]

တတ္ထ၊ ထိုသက်နန်း၌။ ဝါ၊ ၏။ ယာ သုခသမ္ဖဿတာ၊ အကြင်ကောင်းသော အတွေ့ရှိသည်၏ အဖြစ်သည်။ (အတ္ထိ။) ဣဒံ၊ ဤ ကောင်းသောအတွေ့ရှိသည်၏ အဖြစ်သည်။ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ တည်း။ စီဝရံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပန္နာ၊ ဖြစ်သော။ သုခါဝေဒနာ၊ သုခဝေဒနာသည်။ ဓမ္မာရမ္မဏံ၊ တည်း။ ပိဏ္ဍပါတေ၊ ဆွမ်းပစ္စည်း၌။ ရသာရမ္မဏံ၊ ကို။ နိပ္ပရိယာယေနေဝ၊ ပရိယာယ် မဟုတ် မုချအားဖြင့်ပင်။ လဗ္ဘတိ။ [ဆွမ်းပစ္စည်း၌ သုံးဆောင်စားသောက်သောအခါ တိုက်ရိုက်အရသာရှိသောကြောင့် "နိပ္ပရိယာယေနေဝ လဗ္ဘတိ" ဟု ဆိုသည်။] ဧဝံ၊ ဤသို့လျှင်။ စတူသု၊ ကုန်သော။ ပစ္စယေသု၊ တို့၌။ နာနာရမ္မဏဝသေန၊ ဖြင့်။ ယောဇနံ၊ အနက်အဓိပ္ပာယ်ကို ယှဉ်စေခြင်းကို။ ကတွာ။ ဒါနမယာဒိဘေဒေါ၊ ဒါနမယ—အစရှိသော အထူး အပြားကို။ ဝေဒိတဗ္ဗော။

ပန၊ ဆက်။ ဣမဿ စိတ္တဿ၊ ဤ ပဌမ မဟာကုသိုလ်စိတ်၏။ အာရမ္မဏမေဝ၊ အာရုံကိုသာ။ ဝါ၊ သည်သာ။ နိဗဒ္ဓံ၊ အမြဲမပြတ် ဖွဲ့စပ်အပ်၏။ ဝါ၊ မြဲ၏။ (ကသ္မာ၊ ကြောင့်နည်း။) ဣမဿ စိတ္တဿ၊ ၏။ အာရမ္မဏေန၊ နှင့်။ ဝိနာ၊ ၍။ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်တည်း။ ပန၊ ဗျတိရိက်ကား။ ဒွါရံ၊ ဒွါရကို။ ဝါ၊ သည်။ အနိဗဒ္ဓံ၊ အမြဲမပြတ် ဖွဲ့စပ်အပ်သည်မဟုတ်။ ဝါ၊ မမြဲ။ ကသ္မာ။ [၁]ကမ္မဿ၊ အရင်းခံကံ၏။ အနိဗဒ္ဓတ္တာ၊ အမြဲမပြတ် မဖွဲ့စပ်အပ်သည်၏ အဖြစ် ကြောင့်တည်း။ ဝါ၊ မမြဲသည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ မှန်။

၁။ **ကမ္မဿ အနိဗဒ္ဓတ္တာ။** ။["နိ—အမြဲ+ဗဒ္ဓ—ဖွဲ့ထားအပ်" ဟူသည် နိယတ-မြဲသောသဘောတရားတည်း၊] ကာယဒွါရ၌ဖြစ်သောပါဏာတိပါတကံသည် သူတပါးကို အသတ်ခိုင်းသောအခါ ဝစီဒွါရ၌လည်း ဖြစ်၏။ ဝစီဒွါရ၌ ဖြစ်သော မုသာဝါဒကံသည် လက်ပြ ခြေပြဖြင့် လိမ်သောအခါ ကာယဒွါရ၌လည်း ဖြစ်၏။ ဤသို့စသည်ဖြင့် ကံ၏ မိမိ ဖြစ်နေကျ ဒွါရ၌ မမြဲသည်ကို "ကမ္မဿ အနိဗဒ္ဓတ္တာ" ဟု ဆိုသည်။ ကုသိုလ် အရာ၌လည်း ဒါနကုသိုလ်သည် ကိုယ်တိုင်ပြုသောအခါ ကာယကံဖြစ်၏။ သူတပါးကို အပြုခိုင်းသောအခါ ဝစီကံဖြစ်၏။ ဝိဇ္ဇမာနဝတ္ထုကို စိတ်ဖြင့်လှူမည်ဟု ကြံသောအခါ မနောကံဖြစ်၏။ ဤသို့ ကုသိုလ်ကံသည် ဒွါရအားဖြင့် မမြဲ။

ကမ္မဿိံ၊ အကြောင်းရင်းကံသည်။ အနိဗဒ္ဓေ၊ မမြဲလတ်သော်။ [၁]ဒွါရမ္ပိ၊ ဒွါရသည်လည်း။ အနိဗဒ္ဓမေဝ၊ အမြဲမပြတ် မဖွဲ့စပ်အပ်သည်သာ။ ဝ ါ၊ မမြဲသည်သာ။ ဟောတိ။ ၄၆မေ

၁။ ဒွါရမ္ပိ အနိဗဒ္ဓမေဝ။ ။ထိုထိုကံက ထိုထိုဒွါရ၌ မမြဲသောကြောင့် ဒွါရလည်း အမြဲသတ်မှတ် ဆုံးဖြတ်၍မဖြစ်နိုင်တော့။ ရှုဦးအံ့—ကာယကံ၏ဖြစ်ကြောင်းကို ကာယဒွါရဟု နာမည်တပ်ပြီး ဖြစ်သော်လည်း ထိုကာယဒွါရ၌ တရံတခါ လက်ပြ ခြေပြ လိမ်သော မုသာဝါဒကံ ဖြစ်တတ်သေး၏။ ထိုအခါ ကာယဒွါရသည်ပင် ဝစီကမ္မဒွါရဟု နာမည် တမျိုး ရလိမ့်မည်။ ထို့ကြောင့် ဒွါရလည်း အမြဲသတ်မှတ် နာမည်တပ်၍ မဖြစ်နိုင်။

ဒွါရကထာ အဖွင့်

[ကမ္မဒွါရ ဝိညာဏဒွါရ–စသည်ဖြင့် ဒွါရနှင့်စပ်သော စကားတို့ကို ဆိုရာ အခန်းဖြစ်သောကြောင့်"ဒွါရကထာ"ဟု ခေါ်၏။ ယခုအခါ"ဒွါရံ ပန အနိဗဒ္ဓံ"စသော စကားနှင့်စပ်၍ ဒွါရကထာကို ပြလိုသောကြောင့်"ဣမဿ ပန" စသည်မိန့်။]

[၁]ပန၊ ဆက်။ ဣမဿ အတ္ထဿ၊ ဤ အနက်အဓိပ္ပာယ်ကို။ ပကာသနတ္ထံ၊ ထင်ရှားပြခြင်း အကျိုးငှာ။ ဣမသ္မိံ ဌာနေ၊ ဤ အရာ၌။[ရူပါဝစရမ္မဏံ စသော ပုဒ်ကို ဖွင့်ရာ၌။] မဟာအဋ္ဌကထာယံ၊ ၌။ ဒွါရကထာ၊ ဒွါရကထာကို။ (အာစရိယေဟိ၊ အဋ္ဌကထာ ဆရာတို့သည်။) ကထိတာ၊ ဆိုအပ်ပြီ။ တတ္ထ၊ ထို မဟာအဋ္ဌကထာ၌။ တီဏိ၊ သုံးပါးကုန်သော။ ကမ္မာနိ၊ ကံတို့လည်းကောင်း။ တီဏိ၊ ကုန်သော။ ကမ္မဒွါရာနိ၊ တို့လည်းကောင်း။ ပ။ ဒသ၊ ဆယ်ပါးကုန်သော။ အကုသလ ကမ္မပထာ၊ အကုသလကမ္မပထ–တို့လည်းကောင်း။ ဒသ၊ ကုန်သော။ ကုသလကမ္မပထာ၊ တို့လည်းကောင်း။ ဣတိ၊ သို့။ ဧတ္တကံ၊ ဤမျှ အတိုင်းအရှည်ရှိသော။ ဣဒံ၊ ဤစကားသည်။ ဒွါရကထာယ၊ ၌။ မာတိကာထပနံ နာမ၊ မာတိကာကို ထားကြောင်း စကားမည်၏။ တတ္ထ၊ ထို မာတိကာ၌။ တီဏိ၊ ကုန်သော။ ကမ္မာနိ၊ တို့ကို။ ပဌမံ၊ ရှေးဦးစွာ။ ကိဉ္စာပိ ဝုတ္တာနိ၊ အကယ်၍ကား ဆိုအပ်ပါပေကုန်ပြီ။ ပန၊ ထိုသို့ပင် ဆိုအပ်ပါကုန်သော်လည်း။ တာနိ၊ ထို ၃–ပါးသော ကံတို့ကို။ ထပေတွာ၊ ထား၍။ (အကျယ်မခွဲသေးပဲ ထား၍။) အာဒိတော၊ ကံတို့၏ အစ၌။ တာဝ၊ အစဉ်အတိုင်း။ တီဏိ၊ ကုန်သော။ ကမ္မဒွါရာနိ၊ ကမ္မဒွါရတို့ကို။ ဘာဇေတွာ၊ ဝေဖန်၍။ (အာစရိယေဟိ။) ဒဿိတာနိ၊ ပြအပ်ကုန်ပြီ။

ကာယကမ္မဒွါရကထာ အဖွင့်

တီဏိ၊ ကုန်သော။ ကမ္မဒွါရာနိ၊ ကမ္မဒွါရတို့ဟူသည်။ ကတမာနိ၊ အဘယ် တို့နည်း။ ကာယကမ္မဒွါရံ၊ ကာယကမ္မဒွါရလည်းကောင်း။ ပ။ မနောကမ္မဒွါရံ၊

၁။ ဣမဿ။ ပ။ ပကာသနတ္ထံ။ ။"ဒွါရံ အနိဗဒ္ဓံ ကမ္မဿ အနိဗဒ္ဓတ္တာ"အရ "ဒွါရဖြင့်လည်း ကံကို အမြဲသတ်မှတ် နာမည်တပ်၍ မဖြစ်နိုင်၊ ကံဖြင့်လည်း ဒွါရကို အမြဲသတ်မှတ် နာမည်တပ်၍ မဖြစ်နိုင်"ဟူသော ဤအနက်ကို"ဒွါရေ စရန္တိ ကမ္မာနိ" စသော ဂါထာဖြင့် သွယ်ဝိုက်၍ ပြခြင်းငှာ ဒွါရကထာကို မဟာအဋ္ဌကထာ၌ ဆိုအပ်ပြီ။

ပဉ္စဝိညာဏာနိ။ ။ဝိညာဉ် ၅–ပါး၊ ဝိညာဏဒွါရ ၅–ပါးကိုသာ ပြ၍ ဆဋ္ဌ မနော ဝိညာဉ် ဆဋ္ဌ မနောဒွါရကို မပြ။ ထိုသို့ မပြခြင်းကား မနောဒွါရ ဟူသော ဘဝင်နှင့် မနောဝိညာဉ်တို့က (စက္ခုဒွါရ စက္ခုဝိညာဉ် စသည်တို့ကဲ့သို့) တွဲဖက်၍ မဖြစ်နိုင်သောကြောင့်တည်း။

လည်းကောင်း။ ဣတိ၊ ဤသည်တို့တည်း။ တတ္ထ၊ ထို ကာယကမ္မဒွါရ၌ အစရှိသော စကားရပ်၌။ ကာယောတိ၊ ကာယသည်။ ဥပါဒိန္နကောတိ၊ ဥပါဒိန္နက ကာယ လည်းကောင်း။ အာဟာရသမုဋ္ဌာနော၊ အာဟာရသမုဋ္ဌာန ကာယ လည်းကောင်း။ပ။စိတ္တသမုဋ္ဌာနော၊ လည်းကောင်း။ဣတိ၊ သို့။ စတုဗ္ဗိဓော၊ ၄-ပါး အပြားရှိ၏။ တတ္ထ၊ ထို ၄-ပါးအပြားရှိသော ကာယတွင်။ စက္ခာယတနာဒီနိ၊ စက္ခာယတန အစရှိကုန်သော။ ဇီဝိတိန္ဒြိယပရိယန္တာနိ၊ ဇီဝိတိန္ဒြေ အဆုံးရှိကုန်သော။ အဋ္ဌ၊ ကုန်သော။ ကမ္မသမုဋ္ဌာနရူပါနိပိ၊ ကံဟူသောဖြစ်ကြောင်းရှိသော ရုပ်တို့သည်လည်းကောင်း။ (ဥပါဒိန္နကကာယောနာမ-၌ စပ်။) [ဓမ္မသင်္ဂဏီ၌လာသော ကေန် ကမ္မဇရုပ်တို့ကိုသာ ယူသောကြောင့် ၈-ပါးဖြစ်ရသည်၊ ဟဒယ-ရုပ် မပါ။] ကမ္မသမုဋ္ဌာနာနေဝ၊ ကမ္မသမုဋ္ဌာန်ပင် ဖြစ်ကုန်သော။ စတဿော၊ ကုန်သော။ ဓာတုယော၊ တို့လည်းကောင်း။ ဝဏ္ဏော၊ အဆင်းလည်းကောင်း။ ဂန္ဓော၊ အနံ့လည်းကောင်း။ ရသော၊ အရသာလည်းကောင်း။ ဩဇာ၊ အဆီအနှစ်လည်းကောင်း။ ဣတိ၊ သို့။ အဋ္ဌ၊ ရှစ်ပါးသော ရုပ်တို့သည်လည်းကောင်း။[အဋ္ဌကလာပ်ရုပ်ကို ဆိုသည်။] ဥပါဒိန္နကကာယော နာမ၊ မည်၏။ (တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် ငါ၏အကျိုးအဖြစ်ဖြင့်ယူအပ်သော ကမ္မဇရုပ်အပေါင်း မည်၏။)တာနေဝ အဋ္ဌ၊ ထို ၈-ပါးသောရုပ်တို့သည်ပင်။ အာဟာရဇာနိ၊ အာဟာရကြောင့် ဖြစ်ကုန်သည်။ (သမာနာနိ၊ ဖြစ်ကုန်လတ်သော်။) အာဟာရသမုဋ္ဌာနိကကာယော နာမ၊ မည်၏။ (အာဟာရဟူသော ဖြစ်ကြောင်းရှိသော ရုပ်အပေါင်းမည်၏။) (တာနေဝ)အဋ္ဌ၊ တို့သည်ပင်။ ဥတုဇာနိ၊ ကုန်သည်။(သမာနာနိ။) ဥတုသမုဋ္ဌာနိကကာယော နာမ၊ မည်၏။ (ဥတုဟူသော ဖြစ်ကြောင်းရှိသော ရုပ်အပေါင်းမည်၏။) (တာနေဝ) အဋ္ဌ။ စိတ္တဇာနိ၊ ကုန်သည်။ (သမာနာနိ။) စိတ္တသမုဋ္ဌာနိကကာယော နာမ[1]၊ မည်၏။ (စိတ်ဟူသော ဖြစ်ကြောင်းရှိသော ရုပ်အပေါင်းမည်၏။)

တေသု၊ ထို ၄-ပါးသော ကာယတို့တွင်။ ကာယကမ္မဒွါရန္တိ၊ ကာယ-ကမ္မဒွါရ-ဟူသော အမည်သည်။ ဥပါဒိန္နကကာယဿ၊ ၏။ နေဝ နာမံ၊ အမည် မဟုတ်။ ဣတရေသံ၊ ဥပါဒိန္နကကာယမှ တပါးကုန်သော ကာယတို့၏။ (အာဟာရသမုဋ္ဌာနိကကာယ၊ ဥတုသမုဋ္ဌာနိကကာယ၊ စိတ္တသမုဋ္ဌာနိက—

၁။ **စိတ္တသမုဋ္ဌာနိကကာယော နာမ။** ။ကံ-စသော အကြောင်း ၄-ပါးကြောင့် ဖြစ်သော ကာယ (ရုပ်အပေါင်းဖြစ်သော ခန္ဓာကိုယ်) ဝယ် အမြဲဖြစ်သော ရူပရူပ (ရုပ်အစစ်) တို့ကိုသာ ပြသည်။ ထို့ကြောင့် တရံတခါမှဖြစ်သော သဒ္ဒရုပ်ကိုလည်းကောင်း၊ ရုပ်အစစ်မဟုတ်သော အနိပ္ဖန္နရုပ်များကိုလည်းကောင်း မပြပဲထားသည်ဟု မှတ်ပါ။

ကာယ–တို့၏။)န နာမံ၊ အမည်မဟုတ်။ ပန၊ အဟုတ်ကား။ စိတ္တသမုဋ္ဌာနေသု၊ ကုန်သော။ အဋ္ဌသု၊ ကုန်သော။ ရူပေသု၊ တို့၌။ ဧကာ၊ တမျိုးသော။ ဝိညတ္တိ၊ ဝိညတ်သည်။ အတ္ထိ၊ ရှိ၏။(ပါ၏။) ဣဒံ၊ ဤ ကာယဝိညတ်သည်။ ကာယကမ္မဒ္ဒါရံ နာမ၊ မည်၏။ ယံ၊ ယင်း ကာယကမ္မဒွါရကို။ သန္ဓာယ၊ ရည်ရွယ်တော်မူ၍။ ကတမံ တံ။ပ။ ကာယဝိညတ္တီတိ၊ ဟူ၍။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။

[ကာယဝိညတ္တိ၊ ကာယဝိညတ်ဟူသော။ တံ ရူပံ၊ ထို ရုပ်သည်။ ကတမံ၊ နည်း။ ကုသလစိတ္တဿ ဝ၊ါ၊ ကုသိုလ်စိတ်ရှိသည်မှုလည်း ဖြစ်သော။ပ။အဗျာ–ကတစိတ္တဿ ဝါ၊ အဗျာကတစိတ် ရှိသည်မှုလည်းဖြစ်သော။ အဘိက္ကမန္တဿ ဝါ၊ ရှေ့သို့ သွားသူ၏သော်လည်းကောင်း။ ပဋိက္ကမန္တဿ ဝါ၊ နောက်သို့ ပြန်သူ၏သော်လည်းကောင်း။ အာလောကေန္တဿ ဝါ၊ ရှေ့တည့်တည့်သို့ ကြည့်သူ၏သော်လည်းကောင်း။ ဝိလောကေန္တဿ ဝါ၊ စောင်း၍ ကြည့်သူ၏ သော်လည်းကောင်း။ သမိဉ္ဇေန္တဿ ဝါ၊ လက် ခြေ စသည်ကို ကွေးသူ၏ သော်လည်းကောင်း။ ပသာရေန္တဿ ဝါ၊ လက် ခြေ စသည်ကို ဆန့်သူ၏ သော်လည်းကောင်း။ ကာယဿ၊ ကိုယ်ကို။ ယာ ထမ္ဘနာ၊ အကြင် ထောက်ပံ့ခြင်းသည်။(ယာ)သန္ထမ္ဘနာ၊ အကြင် ကောင်းစွာ ထောက်ပံ့ခြင်းသည်။ (ယံ) သန္ထမ္ဘိတတ္တံ၊ အကြင်ကောင်းစွာ ထောက်ပံ့တတ်သောရုပ်၏ ဖြစ်ကြောင်းဖြစ်ရာသည်။(ယာ)ဝိညတ္တိ၊ အကြင် သိစေခြင်း သဘောတရားသည်။(ယာ)ဝိညာ–ပနာ၊ အကြင် သိစေခြင်းဟူသော အခြင်းအရာသည်။(ယာ)ဝိညာပိတတ္တံ၊ အကြင် သိစေတတ်သည်၏ အဖြစ်ဟူသော သဘောတရားသည်။(အတ္ထိ။) ကာယဝိညတ္တိ၊ ကာယဝိညတ်ဟူသော။တံ ရူပံ၊ ထိုရုပ်သည်။ ဣဒံ၊ ဤ သဘောတရားတည်း။–ရူပကဏ္ဍဝိညတ်ရုပ်ခန်း။]

ဟိ၊ ချဲ့။ အဘိက္ကမိဿာမိ၊ ရှေ့သို့သွားအံ့။ ပဋိက္ကမိဿာမိ၊ ပြန်အံ့။ ဝါ၊ ဆုတ်အံ့။ ဣတိ၊ သို့။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်လတ်သော်။ ရူပံ၊ စိတ္တဇ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တတ္ထ၊ ထိုသို့ ရုပ်ကိုဖြစ်စေရာ၌။ [ဝါယော ဓာတု–၌ စပ်။ ရှေးနိဿယ၌“တတ္ထာတိ တသ္မိံ ဥပ္ပဇ္ဇမာနစိတ္တက္ခဏေ”ဟု စွဲ၏။] ပထဝီဓာတု၊ ပထဝီဓာတ်လည်းကောင်း။ပ။တံနိဿိတော၊ ထို ဓာတ်လေးပါးကို မှီသော။ ဝဏ္ဏော၊ အဆင်းလည်းကောင်း။ပ။ဩဇာ၊ အဆီအနှစ်လည်းကောင်း။ဣတိ၊ သို့။ အဋ္ဌန္နံ၊ ကုန်သော။ ဣမေသံ ရူပကလာပါနံ၊ ဤ ရုပ်ကလာပ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း ၌။(အဋ္ဌကလာပ်ရုပ်တို့တွင်–ဟူလို။)စိတ္တ–သမုဋ္ဌာနာ၊သော။ ယာ ဝါယောဓာတု၊အကြင် ဝါယောဓာတ်သည်။(အတ္ထိ။) သာ၊ ထိုဝါယောဓာတ်သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတံ၊ တကွဖြစ်သော။

ရူပကာယံ၊ ရုပ်အပေါင်းကို။ သန္ထမ္ဘေတိ၊ ကောင်းစွာ ထောက်ပံ့၏။ သန္ဓာရေတိ၊ ကောင်းစွာ ဆောင်ထား၏။ စာလေတိ၊ လှုပ်ရှားစေ၏။ အဘိက္ကမာပေတိ၊ ရှေ့သို့ သွားစေ၏။ ပဋိက္ကမာပေတိ၊ ပြန်စေ၏။

တတ္ထ၊ ထို စိတ္တသမုဋ္ဌာန-ဝါယောဓာတ်တို့တွင်။ (ပဌမစိတ္တသမုဋ္ဌာန ဝါယောဓာတု-စသည်၌ စပ်။) ကောဝဇ္ဇနဝီထိယံ၊ တခုသော အာဝဇ္ဇန်းရှိသော မနောဒွါရဝီထိ၌။ [အာဝဇ္ဇန်း ၂-မျိုးပါသော ပဉ္စဒွါရဝီထိက ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် မနောဒွါရာဝဇ္ဇန်း တခုသာပါသော မနောဒွါရဝီထိကို ပြသည်။] သတ္တသု၊ ၇-ကြိမ်ကုန်သော။ ဇဝနေသု၊ ဇောတို့တွင်။ ပဌမ စိတ္တသမုဋ္ဌာ၊ ပထမ ဇောစိတ်ကြောင့် ဖြစ်သော။ ["ပဌမဇဝနသမုဋ္ဌိတာ၊ ပထမဇောကြောင့် ဖြစ်သော" ဟုလည်း ပြင်ကြ၏။ သို့သော် နောက်၌လည်း "သတ္တမစိတ္တေန သမုဋ္ဌိတာ" ဟုပင် ရှိသည်။] ဝါယောဓာတု၊ သည်။ အတ္တနာ၊ နှင့်။ သဟဇာတံ၊ သော။ ရူပကာယံ၊ ကို။ [1]သန္ထမ္ဘေတုံ၊ ကောင်းစွာ တောင့်ထားခြင်းငှာလည်းကောင်း။ သန္ဓာရေတုံ၊ ကောင်းစွာ ဆောင်ထားခြင်းငှာ လည်းကောင်း။ သက္ကောတိ၊ စွမ်းနိုင်၏။ ပန၊ ဗျာတိရိက်ကား။ [2]အပရာပရံ၊ ထိုမှ ဤမှ။ စာလေတုံ၊ လှုပ်စေခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဒုတိယာဒီသုပိ၊ ဒုတိယစိတ္တသမုဋ္ဌာန-ဝါယောဓာတ် အစရှိသည်တို့၌လည်း။ ဧသေဝ နယော။

ပန၊ ကား။ သတ္တမစိတ္တေန၊ သတ္တမ-ဇောစိတ်ကြောင့်။ သမုဋ္ဌိတာ၊ ဖြစ်သော။ ဝါယောဓာတု၊ သည်။ ဟေဋ္ဌာ၊ အောက်၌။ ဆဟိ၊ ၆-ပါးကုန်သော။ စိတ္တေဟိ၊ ဇောစိတ်တို့ကြောင့်။ သမုဋ္ဌိတံ၊ ကောင်းစွာ ဖြစ်သော။

၁။ သန္ထမ္ဘေတုံ သန္ဓာရေတုံ။ ။လှည်းတစီးကို နွား ၇-ရှဉ်းဖြင့် ဆောင်ယူသွားရာ၌ ရှေကသွားသော ၆-ရှဉ်းတို့သည် လှည်းကို တောင့်ထားကြ၊ သွားမည့်လမ်းဘက်သို့ ရှေးရှု ဆွဲငင် ဆောင်နေကြသကဲ့သို့ ထို့အတူ ရှေဇော ၆-ကြိမ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့က တကွဖြစ်ဖက် ရုပ်တို့ကို လျော့မသွားအောင် တောင့်ထားခြင်းကို "သန္ထမ္ဘေတုံ" ဟုလည်းကောင်း၊ သွားမည့်ဘက် လှုပ်ရှားမည့်ဘက်သို့ ရှေးရှု ဆွဲဆောင်ထားခြင်းကို ''သန္ဓာရေတုံ''ဟုလည်းကောင်း ဆိုသည်။

၂။ အပရာပရံ။ပ။န သက္ကောတိ။ ။ ပဌမဇဝနသမုဋ္ဌိတ-ဝါယောဓာတ်သည် လှုပ်အောင် မတတ်နိုင်သော်လည်း ထိုဝါယောဓာတ် လွန်ကဲသော ရုပ်ကလာပ်၌ ဝိညတ် ဟူသော ဝိကာရရုပ်ကား ပါဝင်သည်သာ။ မှန်၏-အရှေ့သို့ သွားလိုလျှင် ပဌမဇဝန-သမုဋ္ဌိတ-ဝါယောဓာတ်ကလည်း အရှေ့သို့ ရှေးရှုလျက်သာ ထောက်ပံ့ရ ဆောင်ထားရလေသည်။ ထိုသို့ အရှေ့ဘက် ရှေးရှုခြင်းသည် ဝိညတ်ဟူသော ဝိကာရ၏ အစွမ်းကြောင့်သာ ဖြစ်ရ၏။

ဝါယောဓာတုံ၊ ဝါယောဓာတ်ဟူသော။ ဥပတ္ထမ္ဘနပစ္စယံ၊ ထောက်ပံ့တတ်သော အကြောင်းကို။ လဘိတွာ၊ ရ၍။ အတ္တနာ သဟဇာတံ။ ရူပကာယံ၊ ကို။ သန္ထမ္ဘေတုံ၊ ငှာလည်းကောင်း။ ပ။ စာလေတုံ၊ လှုပ်စေခြင်းငှာ လည်းကောင်း။ အဘိက္ကမာပေတုံ၊ ရှေ့သို့ သွားစေခြင်းငှာ လည်းကောင်း။ ပဋိက္ကမာပေတုံ၊ နောက်သို့ ပြန်စေခြင်းငှာ လည်းကောင်း။ အာလောကာပေတုံ၊ ရှေ့တည့်တည့်သို့ ကြည့်စေခြင်းငှာ လည်းကောင်း။ ဝိလောကာပေတုံ၊ စောင်း၍ ကြည့်စေခြင်းငှာ လည်းကောင်း။ သမိဉ္ဇာပေတုံ၊ ကွေးစေခြင်းငှာ လည်းကောင်း။ ပသာရာပေတုံ၊ ဆန့်စေခြင်းငှာ လည်းကောင်း။ သက္ကောတိ၊ ၏။ တေန၊ ထို သတ္တမစိတ္တသမုဋ္ဌိတ-ဝါယောဓာတ်ကြောင့်။ (တနည်း) တေန၊ ထိုသို့ စွမ်းနိုင်ခြင်းကြောင့်။ ဂမနံ နာမ၊ သွားခြင်းမည်သည်။ ဇာယတိ၊ ဖြစ်၏။ (အဘိက္ကမကို ရည်ရွယ်သည်။) အာဂမနံ နာမ၊ ပြန်လာခြင်းမည်သည်။ ဇာယတိ၊ ဖြစ်၏။ (ပဋိက္ကမ-ကို ရည်ရွယ်သည်။) မဂနာဂမနံ နာမ၊ သွားခြင်း ပြန်လာခြင်း မည်သည်။ ဇာယတိ၊ ၏။ (၂-မျိုးလုံးကို ရည်ရွယ်သည်။) "ယောဇနံ၊ တယူဇနာရှိသော။ အရပ်သို့။ ဂတော၊ ရောက်ပြီ။ ဒသယောဇနံ၊ ၁၀-ယူဇနာရှိသောအရပ်သို့။ ဂတော၊ ပြီ။" ["ယောဇနံ၊ တယူဇနာတိုင်တိုင်။ ဂတော၊ သွားပြီ။ ဒသယောဇနံ၊ ၁၀-ယူဇနာတိုင်တိုင်။ ဂတော၊ ပြီ" ဟုလည်း ပေးနိုင်၏။] ဣတိ၊ သို့။ [1]ဝတ္တဗ္ဗတံ၊ ဆိုထိုက်သည်၏ အဖြစ်သို့။ အာပဇ္ဇာပေတိ၊ ၏။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ သတ္တဟိ၊ ခုနစ်ခုကုန်သော။ ယုဂေဟိ၊ ထမ်းပိုးတို့ဖြင့်။ အာကဍ္ဎိတဗ္ဗေ၊ ဆွဲငင် ထိုက်သော။ (နွားခုနစ်ရှဉ်း က-သော ထမ်းပိုးခုနစ်ခုတို့ဖြင့် ဆွဲမှ ပါလာနိုင်လောက်အောင် ဝန်လေးသော။) သကဋေ၊ လှည်း၌။ တာဝ၊ ရှေးဦးစွာ။ ပဌမယုဂေ၊ ပထမ ထမ်းပိုး၌။ ယုတ္တဂေါဏာ၊ ကပ်ယှဉ်အပ်သော နွားတို့သည်။ ယုဂံ၊ ထမ်းပိုးကို။ သန္ထမ္ဘေတုံ သန္ဓာရေတုံ၊ သက္ကောန္တိ ယထာ၊ စွမ်းနိုင်ကုန်သကဲ့သို့။ ပန၊ ဗျတိရိက်ကား။ စက္ကံ၊ လှည်းဘီးကို။ နပ္ပဝတ္တေန္တိ ယထာ၊ မလိမ့်စေနိုင်ကုန်သကဲ့သို့။ ဒုတိယာဒီသုပိ၊ ဒုတိယယုဂ-ယုတ္တဂေါဏာ အစရှိသည်တို့၌လည်း။ ဧသေဝ နယော။ ပန၊ ကား။ (တနည်း) ပန၊ အန္ဒယ ကား။ သတ္တမယုဂေ၊ ၌။ ဂေါဏေ၊ တို့ကို။ ယောဇေတွာ၊ ယှဉ်စေ၍။

1။ ဝတ္တဗ္ဗတံ အာပဇ္ဇာပေတိ။ ။ဝါယောဓာတ် လွန်ကဲသော ရုပ်ကလာပ်တွေ အကြိမ်များစွာ ဖြစ်သောအခါ "တယူဇနာရောက်ပြီ။ ပ။ ဆယ်ယူဇနာရောက်ပြီ" ဟု ဆိုနိုင်စေသည်။ ဝါယောဓာတ် လွန်ကဲသော ရုပ်ကလာပ် အနည်းငယ် ဖြစ်ရုံမျှဖြင့်ကား ထိုမျှလောက် မရောက်စေနိုင်ပါ—ဟူလို။

ဝါ၊ ကပ်၍။ ယဒါ၊ ၌။ ဆေကော၊ ကျွမ်းကျင်သော။ သာရထိ၊ လှည်းသမား သည်။ [“သာရေတိ၊ သွားစေကတ်၏။ ဣတိ သာရထိ”နှင့်အညီ လှည်း–နွား– မြင်း-ကား-ရထားတို့ကို သွားစေတတ်သောကြောင့် လှည်းသမား စသည်ကို “သာရထိ”ဟု ခေါ်သည်။]ဓုရေ၊ လှည်းဦး၌။နိသီဒိတွာ၊ ထိုင်၍။ ယောတ္တာနိ၊ ကြိုး၊တို့ကို။အာဒါယ၊ ကိုင်၍။သဗ္ဗပုရိမတော၊ အလုံးစုံသော နွားတို့၏ ရှေ့ဖြစ် သောနွား၌။ ပဋ္ဌာယ၊စ၍။ပတောဒလဋ္ဌိယာ၊နှင်တံဖြင့်။ ဂေါဏေ၊တို့ကို။အာ– ကောဋ္ဌေတိ၊ ရိုက်နှက်၏။တဒါ၊၌။ သဗ္ဗေ၊အလုံးစုံသောနွားတို့သည်ပင်။ကေ- ဗလာ၊တူသော အားရှိကုန်သည်။ဟုတွာ။ ဓုရဋ္ဌ၊လှည်းဦးကိုလည်း။ သန္ဓာရေန္တိ ယထာ၊ ကောင်းစွာ ဆောင်ကုန်သကဲ့သို့။ စက္ကာနိ စ၊ တို့ကိုလည်း။ ပဝတ္တေန္တိ ယထာ၊ ကုန်သကဲ့သို့။ သကဋ္ဌံ၊ ကို။ ဂဟေတွာ၊ ၍။ (သကဋ္ဌော။)ဒသယောဇနံ၊ သို့။ ဂတော၊ ပြီ။ ဝီသတိယောဇနံ၊ သို့။ ဂတော၊ ပြီ။ ဣတိ။ ဝတ္တဗ္ဗတံ၊ သို့။ အာပါဒေန္တိ ယထာ၊ ရောက်စေကုန်သကဲ့သို့။ ဧဝံ သမ္ပဒံ၊ ဤသို့ မချွတ်မယွင်း ပြီးစီးခြင်းရှိသော။ ဣဒံ၊ ဤ ဥပမေယျကို။ ဝေဒိတဗ္ဗံ။ [ဧဝံ သမ္ပဒံပုဒ်ပြီးပုံကို ပါရာဇိကဏ်ဘာသာဋီကာ အဋ္ဌုတ္တိကနိဒါန်း အရိယူပဝါဒ–ကံ အဖွင့်၌ ရှုပါ။]

တတ္ထ၊ ထို ဥပါဒိန္နက အစရှိသော ကာယတို့တွင်။ ယော စိတ္တသမုဋ္ဌာနိက– ကာယော၊ အကြင် စိတ္တသမုဋ္ဌာနိက-ကာယသည်။ (အတ္ထိ။) သော၊ ထို စိတ္တ သမုဋ္ဌာနိက–ကာယသည်။ ဝိညတ္တိ၊ ဝိညတ်သည်။ န၊ မဟုတ်။ ပန၊ အဟုတ် ကား။ စိတ္တသမုဋ္ဌာနာယ၊သော။ဝါယောဓာတုယာ၊ နှင့်။သဟဇာတံ၊ သော။ ရူပကာယံ၊ ကို။ပ။ စာလေတုံ၊ ငှာ။ ပစ္စယော၊ အကြောင်းသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သော။ ဧကော၊ တပါးသော။ အာကာရ– ဝိကာရော၊ ထူးခြားသော အမူအရာသည်။ အတ္ထိ၊ ၏။ အယံ၊ ဤ ထူးခြား သော အမူအရာသည်။ ဝိညတ္တိ နာမ၊ မည်၏။ သာ၊ ထို ဝိညတ်သည်။ အဋ္ဌ– ရူပါနိ၊ ရှစ်ပါးသော ရုပ်ကလာပ်တို့သည်။ (စိတ္တသမုဋ္ဌာနာနိ) ဝိယ၊ စိတ် ကြောင့် ဖြစ်ကုန်သကဲ့သို့။ န စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့် မဖြစ်။ [“ရုပ်အစစ် မဟုတ်သောကြောင့် စိတ္တသမုဋ္ဌာန် မဟုတ်” ဟု ဆိုသည်။] ပန၊ ထိုသို့ပင် စိတ္တသမုဋ္ဌာန် မဟုတ်ပါသော်လည်း။ (စိတ္တသမုဋ္ဌာနာ နာမ ဟောတိ–၌ စပ်။) အနိစ္စာဒိဘေဒါနံ၊ အနိစ္စ အစရှိသော အပြားရှိကုန်သော။ ဓမ္မာနံ၊ သင်္ခတ တရားတို့၏။ ဇရာမရဏတ္တာ၊ ဇရာမရဏ၏ အဖြစ်ကြောင့်။ “ဇရာမရဏံ။ပ။ သင်္ခတ” န္တိ အာဒိ၊ ဇရာမရဏံ။ပ။ သင်္ခတံ-အစရှိသော စကားတော်ကို။ (ဘဂဝတာ။) ဝုတ္တံ ယထာ၊ ကဲ့သို့၊ ဧဝံ၊ တူ။ စိတ္တသမုဋ္ဌာနာနံ၊ ကုန်သော။ ရူပါနံ၊ တို့၏။ ဝိညတ္တိတာယ၊ ဝိညတ်ဟူသော ဝိကာရ၏ အဖြစ်ကြောင့်။

သာပိ၊ ထို ဝိညတ်သည်လည်း။ စိတ္တသမုဋ္ဌာနာ နာမ[၁]၊ စိတ္တသမုဋ္ဌာန် မည်တော့သည်။ ဟောတိ၊ ၏။

[“ပါယောဓာတ်၏ ဝိကာရကို အဘယ့်ကြောင့် ဝိညတ်ဟု သိုရသနည်း” ဟု မေးဖွယ်ရှိသောကြောင့် “ဝိညာပနတ္တာ” စသည်မိန့်။]

ပန၊ ဆက်။ ဝိညာပနတ္တာ၊ သိစေတတ်သည်၏ အဖြစ်ကြောင့်။ သော၊ ဤ အမူအရာ အကူးကို။ ဝိညတ္တီတိ၊ ဝိညတ်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။[ဤစကားဖြင့် “ဝိညာပေတီတိ ဝိညတ္တိ” ဟူသော ဟေတုကတ္တုသာဓ် ဝစနတ်ကိုပြသည်။] ကိံ၊အဘယ်ကို။ ဝိညာပေတိ၊ သိစေတတ်သနည်း။ ဣတိ၊ဤကားအမေးတည်း။ ကေံ၊ တပါးသော။ ကာယိကကရဏံ[၂]၊ကာယဒွါရ၌ဖြစ်သော အမူအရာ ကြိယာကို။ (ဝိညာပေတိ၊ သိစေတတ်၏။ ဣတိ၊ ဤကား အဖြေတည်း။) ဟိ၊ ချဲ့။ စက္ခုပထသ္မိံ၊ စက္ခုပသာဒ၏ လမ်း၌။ ဌိတော၊ တည်သူသည်။ ဟတ္ထံ ဝါ၊ လက်ကိုသော်လည်းကောင်း။ ပါဒံ ဝါ၊ ခြေကိုသော်လည်းကောင်း။ ဥက္ခိပတိ၊ မြှောက်လိုက်အံ့။ သီသံ ဝါ၊ ဦးခေါင်းကို သော်လည်းကောင်း။ ဘမုကံ ဝါ၊ မျက်ခုံးကိုသော်လည်းကောင်း။ စာလေတိ၊ လှုပ်စေအံ့။ ဟတ္ထာဒီနံ၊ လက် အစ ရှိသည်တို့၏။ (အာဒိဖြင့် ခြေ, ဦးခေါင်း, မျက်ခုံးတို့ကိုယူ။) အယံ အာကာ–ရော၊ ဤ မြှောက်ခြင်း လှုပ်ခြင်းဟူသော အမူအရာသည်။ စက္ခုဝိညေယျော၊ စက္ခုဝိညာဉ်ဖြင့် သိအပ် သိနိုင်သည်။ဟောတိ၊ ၏။ ဝိညတ္တိ ပန၊ ဝိညတ်ကိုကား။ န စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်ဖြင့် မသိအပ်မသိနိုင်။ မနော ဝိညေယျာ ဧဝ၊ မနောဝိညာဉ်ဖြင့်သာ သိအပ် သိနိုင်၏။ ဟိ၊ မှန်။ စက္ခုနာ၊ စက္ခုဖြင့်။ ဟတ္ထ–ဝိကာရာဒိဝသေန၊ လက်၏ ထူးခြားသော အမူအရာ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝိပ္ဖန္ဒမာနံ၊ လှုပ်ရှားသော။ ဝဏ္ဏာရမ္မဏမေဝ၊ အဆင်းဟူသော အာရုံကိုသာလျှင်။ ပဿတိ၊ မြင်နိုင်၏။ ဝိညတ္တိံ ပန၊ ဝိညတ်ကိုကား။ (ဇာနာတိ–၌စပ်။) မနောဒွါရိက စိတ္တေန၊ မနောဒွါရိက စိတ်ဖြင့်။ စိန္တေတွာ၊ ကြံ၍။ ဝါ၊

၁။ **စိတ္တသမုဋ္ဌာနာ နာမ**။ ။ဌာနဖြစ်သော ရုပ်ကလာပ်၏ စိတ္တသမုဋ္ဌာန အမည် အစစ်ကို ဌာနီဖြစ်သော ဝိကာရရုပ် ဝိညတ်ပေါ်၌တင်စား၍ ဝိညတ်ကိုလည်းဌာနူပစာရအားဖြင့် စိတ္တသမုဋ္ဌာန်အမည်ရသည် ဟု ပြလိုသော်ကြောင့် “စိတ္တသမုဋ္ဌာနာ နာမ” ဟု နာမ-ထည့်၍ ဆိုရသည်။

၂။ **ကာယိကကရဏံ**။ ။“ကာယဒွါရပ္ပဝတ္တံ စိတ္တကြိယံ” ဟု ဋီကာဖွင့်၏။ကာယေ၊ ကာယဒွါရ၌+ပဝတ္တံ ကာယိကံ။ ကရီယတေ၊ ပြုခြင်း။ ဝါ၊ အမူအရာ။ ကရဏံ၊ အမူအရာ။ ထို အမူအရာ ဟူသည် ‘‘စိတ်၏ အလိုဆန္ဒတည်း’’ ဟု သိစေလို၍“အဓိပ္ပာယံတိ အတ္ထော” ဟု ဋီကာဖွင့်သည်။

စဥ်းစား၍။ "သေ(သော)၊ ဤသူသည်။ ဣဒဉ္စိဒဉ္စ၊ ဤမည်သော အမှု ဤမည်သော အမှုကိုလည်း။ ကာရေတိ မညေ[1]၊ ပြုစေလိုယောင် တကား။ ဝါ၊ ပြုစေလို၏ဟု ထင်၏။" ဣတိ၊ သို့။ ဇာနာတိ၊ သိ၏။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ အရညေ၊ တော၌။ နိဒါဃသမယေ၊ နွေအခါ၌။ ဥဒကဋ္ဌာနေ၊ ရေ၏ တည်ရာအရပ်၌။ (ရေရှိရာအရပ်၌။)မနုဿာ၊ လူတို့သည်။ (ဗန္ဓာပေန္တိ-၌ စပ်။) "ဣမာယ သညာယ၊ ဤ အမှတ်အသား ဖြင့်။ ဣမ၊ ဤအရပ်၌။ ဥဒကဿ၊ ရေ၏။ အတ္ထိဘာဝံ၊ ရှိသည်၏အဖြစ်ကို။ (ရှိမှန်းကို။)ဇာနိဿန္တိ၊သိနိုင်ကုန်လတ္တံ့။"ဣတိ၊ ဤသို့ နှလုံးသွင်း၍။ရုက္ခဂ္ဂေ၊ သစ်ပင်ခေါင်ဖျား၌။ တာလ ပဏ္ဏာဒီနိ၊ ထန်းရွက် အစရှိသော အမှတ်အသား တို့ကို။ ဗန္ဓာပေန္တိ၊ ဖွဲ့ချည်စေကြကုန်၏။ သုရာပါနဒွါရေ၊ သေရည်ဆိုင်၏ တံခါးပေါက်၌။ (အရက်ဆိုင် တံခါးပေါက်၌။) ဓဇံ၊ အလံကို။ ဥဿာပေန္တိ၊ ထောင်စေကြကုန်၏။ ဝါ၊ စိုက်ထူကုန်၏။ ဝါ ပန၊ သည်သာ မကသေး။ ဥစ္စံ၊ မြင့်သော။ ရုက္ခံ၊ သစ်ပင်ကို။ ဝါတော၊ လေသည်။ ပဟရိတွာ၊ တိုက်ခတ်၍။ စာလေတိ၊ လှုပ်စေ၏။ အန္တောဥဒကေ၊ ရေ၏အတွင်း၌။ မစ္ဆာ၊ ငါးသည်။ စလန္တေ၊ လှုပ်လတ်သော်။ ဥပရိ၊ အထက်၌။ ပုဗ္ဗုဠကာနိ၊ ရေပွက်ငယ် တို့သည်။ ဥဋ္ဌဟန္တိ၊ထကုန်၏။မဟောဃဿ၊ကြီးစွာသော ရေအယဉ်၏။ ဂတ-မဂ္ဂပရိယန္တေ၊သွားအပ်သောလမ်း၏အထက်အပိုင်းအခြား၌။ တိဏပဏ္ဏကသဋံ၊ မြက် သစ်ရွက်အမှိုက်သည်။ ဥဿရိတံ၊ အထက်၌ တင်နေသည်။ ဟောတိ။ ["ဥဿာရိတံ၊အထက်၌ တင်နေစေအပ်သည်"ဟုလည်း ရှိ၏။]

တတ္ထ၊ ထို ဖွဲ့ချည်စေမှု စသည်ဖြစ်ရာ၌။ တာလပဏ္ဏ။ပ။ကသဋ္ဌေ၊ထန်းရွက်, အလံ, သစ်ခက်လှုပ်ခြင်း, ရေပွက်, မြက်, သစ်ရွက်, အမှိုက်တို့ကို။ ဒိသွာ၊ မြင်ရ၍။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။ ဝါ၊ စက္ခုဝိညာဉ်ဖြင့်။ အဒိဋ္ဌံ၊မမြင်အပ် သည်။(သမာနံပိ၊ ဖြစ်ပါသော်လည်း။)"ဧတ္ထ၊ ဤ ထန်းရွက် ဖွဲ့ချည်ထားရာ အရပ်၌။ ဥဒကံ၊ ရေသည်။ ဘဝိဿတိ၊ ရှိလတ္တံ့။(ဧတ္ထ၊ ဤ အလံစိုက်ထား

၁။ ကာရေတိ မညေ။ ။ကာရေတိ မညေဖြင့် ထို လက်စသည်ကို လှုပ်သူသည်၏ အလိုဆန္ဒသိရပုံကိုပြ၏။ ထိုသို့ ပြသဖြင့် အလိုကိုသိခြင်း၏ အရင်းခံဖြစ်သော ဝိညာဏ်ကို လည်းသိအပ်ပြီး ဖြစ်ကြောင်းကို ဤ ကာရေတိမညေ ပါဠိဖြင့်ပင် ပြသည်။ မှန်၏-လှုပ် သောလက်၏ အဆင်းကိုမြင်သော ပထမဝီထိ၊ ထို အဆင်းကိုသိသော တဒနု-ဝတ္တိကာ ဒုတိယဝီထိ၊ ထိုဝီထိကို အစဉ်လိုက်သော တတိယမနောဒွါရဝီထိဖြင့် ဝိညတ်ကို သိပြီးမှ စတုတ္ထမနောဒွါရဝီထိဖြင့် အလိုကို သိရသည်။ ဝီထိဆိုရိုး ဝိညတ္တိဝီထိခန်း ကိုရှုပါ။]

ရာ အရပ်၌။) သုရာ၊ သေရည်သည်။ ဘဝိဿတိ၊ ရှိလတ္တံ့။ အယံ ရုက္ခော၊ ဤ သစ်ပင်သည်။ ဝါ၊ ကို။ ဝါတေန၊ လေသည်။ ပဟတော၊ တိုက်ခတ်အပ်သည်။ ဘဝိဿတိ။ အန္တော ဥဒကေ၊ ၌။ မဇ္ဈော၊ ငါးသည်။ ဘဝိဿတိ။ တွေက်ံ ဌာနံ၊ ဤမျှ အတိုင်းအရှည်ရှိသော အရပ်ကို။ အဇ္ဈောတ္ထရိတ္ဝာ၊ လွှမ်းမိုး၍။ ဩဃော၊ ရေအယဉ်သည်။ ဂတော၊ သွားသည်။ ဘဝိဿတိ။" ဣတိ၊ သို့။ မနောဝိညာဏေန၊ ဖြင့်။ ဇာနာတိ ယထာ၊ သိနိုင်သကဲ့သို့။ (မှန်းဆနိုင်သကဲ့သို့။)။ ၁ဝေမေဝ၊ လျှင်။ဝိညတ္တိပိ၊ ကိုလည်း။ န စက္ခုဝိညေယျာ၊စက္ခုဝိညာဉ်ဖြင့် မသိအပ် မသိနိုင်။ မနောဝိညေယျာဝ၊ မနောဝိညာဉ်ဖြင့်သာ သိအပ် သိနိုင်၏။ ဟိ၊ မှန်။ စက္ခုနာ၊ ဖြင့်။ပ။ ကာဒရုပံ မဒေ၊ ပြုစေလို ယောင် တကား။ဝါ၊ ပြုစေလို၏ဟု ထင်၏။ ဣတိ ဇာနာတိ။

ဧ၊ ဆက်။ ကေဝလံ၊ ဝိညေယျအနက်မဖက် သက်သက်။ သော၊ ဤ ဝိကာရသည်။ ဝိညာပနတော(ဝ)၊ အလိုကို သိစေတတ်သည်၏ အဖြစ်ကြောင့်သာ။ ဝိညတ္တိ နာမ၊ မည်သည်။ န၊ မဟုတ်သေး။ [အချို့စာအုပ်၌(ဝ)မပါ၊ ကေဝလံပါသောကြောင့် (ဝ)မပါခြင်းက သာ၍ကောင်းသည်။] ပန၊အဟုတ် ကား။ ဝိညေယျတောပိ၊ သိထိုက်သည်၏ အဖြစ်ကြောင့်လည်း။ဝိညတ္တိယေဝ နာမ၊ ဝိညတ် မည်သည်သာ။[ဤစကားဖြင့်"ဝိညာယတီတိ ဝိညတ္တိ"ဟူသော ကမ္မသာဓ် ဝစနတ်ကိုပြသည်။]ဟိ၊ ချဲ့။ အယံ၊ ဤ ဝိကာရရုပ် ဟူသော ဝိညတ်သည်။ ပရေသံ၊သူတပါးတို့၏(စိတ်၌)။အန္တမသော၊အောက်ထစ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာနမ္ပိ၊ တိရစ္ဆာန်တို့၏ စိတ်၌သော်မှလည်း။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ဟိ၊ မှန်။[ပါကဋာ ဟောတိကို ဒဠှီကရဏပြုသည်။] တတ္ထ တတ္ထ၊ ထိုထို အရပ်၌။ သန္နိပတိတာ၊ စုဝေးနေကုန်သော။ သောဏ–သိင်္ဂါလကာကဂေါဏာဒယော၊ အိမ်ခွေး, တောခွေး, ကျီး, နွား–အစရှိသော သတ္တဝါတို့သည်။ ဒဏ္ဍံ ဝါ၊ တုတ်ကိုသော်လည်းကောင်း။ လေဍ္ဍုံ ဝါ၊ ခဲ ကိုသော်လည်းကောင်း။ ဂဟေတွာ၊ကိုင်၍။ပဟာရဏာကာရေ၊ ပုတ်ခတ်ခြင်း၏ အခြင်းအရာကို။(ပုတ်ခတ်မည့် အမူအရာကို။) ဒဿိတေ၊ ပြအပ်သော်။"အယံ၊ ဤလူသည်။ နော၊ ငါတို့ကို။ ပဟရိတုကာမော၊ ပုတ်ခတ်ခြင်းငှာ အလိုရှိ၏။"

၁။ **ဧဝမေဝ။ပ။ဇာနာတိ**။ ။တောထဲ၌ နွေအခါဝယ် သစ်ပင်ခေါင်ဖျား၌ ဖွဲ့ထားအပ်သော ထန်းရွက်၊ အလံ-စသည်ကိုသည် လှုပ်ရှားသောလက်၏ ရူပါရုံနှင့်တူ၏။ထို ထန်းရွက်-စသည့်ကို မြင်ပြီးနောက် ရေ-စသည့်တို့ ရှိမှန်းကို သိခြင်းသည် ရူပါရုံကို မြင်သောဝီထိ ဖြစ်ပြီးနောက် မနောဒွါရိက-ဝီထိဖြင့် ဝိညတ်ကို သိခြင်းနှင့်တူသည်၊ ဤ အစဉ်သည် အကြမ်းမျှသာ။ ဤ့ထက်ကျယ်သော ဝီထိအစဉ်ကို ဋီကာအဖွင့်၌ ရူပါဦး။

ဣတိ၊ သို့။ ဥတ္တွာ၊ သိ၍။ ယေန ဝါ-တေန ဝါ၊ ဟုတ်ဟုတ်ညားညား သော လမ်းဖြင့်မူလည်း။ (ဦးတည့်ရာ လမ်းဖြင့်မူလည်း။) ပလာယန္တိ၊ ပြေးကြကုန်၏။ ပန၊ ဆက်။ ပါကာရကုဋ္ဋာဒိအန္တရိတဿ၊ တံတိုင်း နံရံ အစရှိသည်တို့ ခြားကွယ်အပ်သော။ ပရဿ၊ သူတပါး၏ (စိတ်၌)။ အပါကဋကာလေပိ၊ မထင်ရှားရာ အခါသည်လည်း။ အတ္ထိ၊ ရှိပါသေး၏။ တသ္မိံ ခဏေ၊ ထို ခြားကွယ်ရာ ခဏ၌။ (ဝိညတ္တိ၊ သည်။) အပါကဋာ၊ မထင်ရှားသည်။ ကိဥ္စာပိ ဟောတိ၊ အကယ်၍မူလည်း ဖြစ်ပါစေဦးတော့။ ပန၊ ထိုသို့ပင် ဖြစ်ပါသော်လည်း။ [1]သမ္မုခီဘူတာနံ၊ မျက်မှောက်ဖြစ်၍ ဖြစ်သူတို့၏ (စိတ်၌)။ ပါကဋတ္တာ၊ ထင်ရှားသည်၏ အဖြစ်ကြောင့်။ ဝိညတ္တိယေဝ နာမ၊ ဝိညတ်မည်သည်သာ။ ဟောတိ၊ ၏။

[2]ပန၊ ဆက်။ (တနည်း) ပန၊ ပရိဟာရပက္ခ မှတပါး စောဒကပက္ခကို ဆိုဦးအံ့။ စိတ္တသမုဋ္ဌာနိကေ၊ စိတ်ဟူသော ဖြစ်ကြောင်းရှိသော။ ကာယေ၊ ရုပ်အပေါင်းသည်။ (စိတ္တဇကလာပ်ရုပ်သည်-ဟူလို။) စလန္တေ၊ လှုပ်လတ်သော်။ တေသမုဋ္ဌာနိကော၊ တေသမုဋ္ဌာနိက-ကာယသည်။ (ကမ္မ၊ အာဟာရ၊ ဥတုသမုဋ္ဌာနိက-ကာယသည်။) စလတိ၊ လှုပ်သလော။ န စလတိ၊ မလှုပ်သလော။ ဣတိ၊ ဤကား အမေးတည်း။ သောပိ၊ ထို တေသမုဋ္ဌာနိက-ကာယသည်လည်း။ တထေဝ၊ ထို စိတ္တသမုဋ္ဌာနိက-ကာယ အတူသာလျှင်။ စလတိ၊ လှုပ်ရ၏။ တံဂတိကော (ဝ)၊ ထို စိတ္တသမုဋ္ဌာနိက-ကာယ၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသည်သာ။ တဒနုဝတ္တိကောဝ၊ ထို စိတ္တသမုဋ္ဌာနိက-ကာယသို့ အစဉ်လိုက်ရသည်သာ။ (တံဂတိကော-ကို ထပ်ဖွင့်သည်။) ဟောတိ၊ ဖြစ်၏။

၁။ **သမ္မုခီဘူတာနံ။ပ။နာမ ဟောတိ။** ။သမ္မုခီဘူတ ဖြစ်သူတို့၏စိတ်၌ ထင်ရှားသည်ဟု ဆိုသဖြင့် ဝိညတ္တိဟူသော နာမည်သည် အန္វတ္ထနာမည် ဖြစ်ကြောင်းကို ပြီးစေ၏။ မှန်၏-''ဝိညာပေတီတိ ဝိညတ္တိ''ဟု ဟေတုကတ္တုသာဓ် ပြုလျှင် သမ္မုခီဘူတ ဖြစ်သူတို့ကိုသာ မိမိ၏အလိုကို သိစေနိုင်၏။ ''ဝိညာယတီတိ ဝိညတ္တိ''ဟု ကမ္မသာဓ် ပြုလျှင်လည်း သမ္မုခီဘူတ ဖြစ်သူတို့သည်သာ သိအပ်၏ဟူသော အနက်ကို ပြ၏။ ထို့ကြောင့် ဋီကာ၌''သဘာဝဘူတံ တံ ဒွိဓာ ဝိညတ္တိဘာဝံ သာဓေတိ''ဟု ဖွင့်သည်။

၂။ **စိတ္တသမုဋ္ဌာနိကေ ပန ကာယေ။** ။ရှေး၌''တတ္ထ ယာ ပထဝီဓာတု။ပ။သာ အတ္တနာ သဟဇာတံ ရူပကာယံ သန္ထမ္ဘေတိ သန္ဓာရေတိ စာလေတိ အဘိက္ကမာပေတိ ပဋိက္ကမာပေတိ''ဟု စိတ္တဇဝါယောဓာတ်က ဤ ရူပကာယကို လှုပ်စေပုံကို ပြခဲ့၏။ ထို လှုပ်စေခြင်းနှင့် စပ်၍ တေသမုဋ္ဌာနိက-ကာယ လှုပ်-မလှုပ်ကို စောဒနာလိုသောကြောင့် ''စိတ္တသမုဋ္ဌာနိကေ ပန ကာယေ''အစရှိသောစကားကို မိန့်သည်။ ထို့ကြောင့် ပန သည် ပြတ်ပြီးကို ပြန်၍ဆက်သော ဝါကျာရမ္ဘဇောတက-သာမက၊ ပုစ္ဆာဇောတက လည်း ဖြစ်နိုင်၏။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဥဒကော၊ ရေသည်။ ဂစ္ဆန္တေ၊ သွားလတ်သော်။ ဥဒကော၊ ၌။ ပတိဘာနိ၊ ကျကုန်သော။ သုက္ခဒဏ္ဍက တိဏ-ပဏ္ဏာဒီနိပိ၊ ခြောက်သောတုတ်ကလေး, ခြောက်သောမြက်, ခြောက်သော သစ်ရွက် အစရှိသော အရာဝတ္ထုတို့သည်လည်း။ ဥဒကဂတိကာနေဝ၊ ရေ၏ ဖြစ်ခြင်းနှင့် တူသော ဖြစ်ခြင်းရှိကုန်သည်သာ။ ဝါ၊ ရေနှင့် အလားတူကုန်သည်သာ။ ဘဝန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ တသ္မိံ၊ ထိုရေသည်။ ဂစ္ဆန္တေ၊ သွားလတ်သော်။ ဂစ္ဆန္တိ ယထာ၊ သွားရကုန်သကဲ့သို့။ တိဋ္ဌန္တေ၊ ရပ်လတ်သော်။ တိဋ္ဌန္တိ ယထာ၊ ရပ်ရကုန်သကဲ့သို့။ ဧဝံ သမ္ပဒံ၊ ဤသို့ မချွတ်မယွင်း ပြီးစီးခြင်း ရှိသော။ ဣဒံ၊ ဤ ဥပမေယျကို။ ဝေဒိတဗ္ဗံ။ [စိတ္တသမုဋ္ဌာနေသု ပန အဋ္ဌသု ရူပေသု။ပ။ ဣဒံ၊ ကာယကမ္မဒွါရံ နာမ၊ ဟူသောစကားကို အကျယ်ပြလာခဲ့ ရာ ယခုအခါ နိဂုံး အုပ်လိုသောကြောင့် ဝေမေသာ-စသည်မိန့်။] ဧဝံ၊ ဤသို့ လျှင်။ စိတ္တသမုဋ္ဌာနေသု၊ ကုန်သော။ ရူပေသု၊ တို့တွင်။ သော ဝိညတ္တိ၊ ဤ ဝိညတ်သည်။ ကာယကမ္မဒွါရံ နာမ၊ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ။ [ဝိညတ် ၏ ကာယကမ္မဒွါရ အမည်ရပုံကို နောက်၌လည်း ပြဦးလတ္တံ့။]

ပန၊ ဆက်။ [1]တသ္မိံ ဒွါရေ၊ ထို ကာယကမ္မဒွါရ၌။ သိဒ္ဓာ၊ ထင်ရှားသော။ ယာ စေတနာ၊ အကြင် စေတနာသည်။ (အတ္ထိ။) ယာယ၊ အကြင် စေတနာ ဖြင့်။ ပါဏံ၊ သတ္တဝါကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ မပေးအပ်သော သူ့ဥစ္စာ ကို။ အာဒိယတိ၊ ယူ၏။ မိစ္ဆာစာရံ၊ ကဲ့ရဲ့ထိုက်သော အကျင့်ကို။ (ကာမေသု မိစ္ဆာစာရကို။) စရတိ၊ ကျင့်၏။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့မှ။ ဝိရမတိ၊ ရှောင်ကြဉ်၏။ ဣဒံ၊ ဤ စေတနာသည်။ ကာယကမ္မံ နာမ၊ မည်၏။ ဧဝံ၊ သို့။ ပရဝါဒိမှိ၊ ပရဝါဒီပုဂ္ဂိုလ်သည်။ သတိ၊ ရှိလတ်သော်။ (ထိုစကားကို ပြောဆိုရာ ပရိသတ်၌ ပရဝါဒီပါလျှင်။) ကာယော၊ လှုပ်ရှားစေတတ်သော ကာယသည်။ ဒွါရံ၊ ဒွါရမည်၏။ တမှိ ဒွါရေ၊ ထို ကာယကမ္မဒွါရ၌။ သိဒ္ဓာ၊ ထင်ရှားသော။ စေတနာ၊ သည်။ ကာယကမ္မံ၊

၁။ တသ္မိံ ဒွါရေ သိဒ္ဓာ။ ။လက်လှုပ် ခြေလှုပ်စသော အမှုအရာကို ပြီးစေနိုင်သော ကာယဝိညတ် (ကာယဒွါရ) ပါမှ ကာယကံဟူသော စေတနာ၏ (ဖြစ်နေပုံ) ကို သူတပါးတို့ သိနိုင်၏။ ထို ကာယဒွါရကြောင့်ပင် စေနာသည် ကာယကံဟူသော နာမည်ကို ရ၏။ ထို့ကြောင့် "တသ္မိံ ဒွါရေ သိဒ္ဓာ—ထို ကာယဒွါရ၌ ထင်ရှားသော စေတနာ" ဟု ဆိုသည်။ [ဋီကာ၌ "ပါကဋဘာဝေသေန သိဒ္ဓာ" ဟု ဖွင့်သောကြောင့် သိဒ္ဓာ၏ နိပ္ဖန္န—ပြီးစီးခြင်းအနက်၊ နိစ္စ အနက်တို့ကို မယူပဲ ပါကဋအနက်ကို ယူသည်။]

ကာယကံ ဖြစ်သော။ [1]ကုသလံ ဝါ၊ ကုသိုလ်သည် သော်လည်းကောင်း။ အကုသလံ ဝါ၊ အကုသိုလ်သည် သော်လည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ထပေတဗ္ဗံ၊ တန့်ထားရာ၏။ ပရဝါဒိမှိ၊ သည်။ အသတိ ပန၊ မရှိသော်ကား။ [2]အဗျာကကံ ဝါ၊ အဗျာကတ–သည် သော်လည်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ တိကံ၊ ကုသလတိက်ကို။ ပူရေတွာဝ၊ ပြည့်စေပြီး၍သာလျှင်။ ထပေတဗ္ဗံ၊ တန့်ထားရာ၏။

တတ္ထ၊ ထို ဒွါရ ကမ္မတို့တွင်။ (ဒွါရေ ကမ္မံ–တို့၌ စပ်။) နဂရဒွါရံ၊ မြို့တံခါးပေါက်သည်။ ကတဋ္ဌာနေယေဝ၊ ပြုအပ်ရာ အရပ်၌သာ။ (တံခါးပေါက် ဖောက်ထားအပ်ရာ အရပ်၌သာ။) တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့။ အင်္ဂုလမတ္တမ္ပိ၊ လက်တသစ်မျှလည်း။ အပရာပရံ၊ ထိုထို ဤဤ အရပ်သို့။ န သင်္ကမတိ ယထာ၊ မပြောင်းရွှေ့သကဲ့သို့။ ပန၊ ကား။ တေန တေန ဒွါရေန၊ ထိုထို တံခါးပေါက်ဖြင့်။ မဟာဇနော၊ များစွာသော လူအပေါင်းသည်။ သဉ္စရတိ ယထာ၊ လှည့်လည်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ [3]ဒွါရေ၊ ဒွါရတခု၌။ ဒွါရံ၊ ဒွါရတခုသည်။ န သဉ္စရတိ၊ မလှည့်လည်။ (မဖြစ်–ဟူလို။)

၁။ **ကုသလံ ဝါ အကုလံ ဝါတိ ထပေတဗ္ဗံ။** ။ပရဝါဒီပုဂ္ဂိုလ်သည် အကျိုးပေးနိုင်သော သဝိပါက စေတနာကိုသာ "ကံ" ဟု အယူရှိ၏။ အကျိုးမပေးနိုင်သော အဗျာကတ ကြိယာ စေတနာကိုကား ကာယကံ၊ ဝစီကံ၊ မနောကံ–ဟု နာမည်မပေးလို။ ထို့ကြောင့် ထို ပရိသတ်၌ ပရဝါဒီပုဂ္ဂိုလ် ပါနေလျှင် "ကာယကမ္မံ ကုသလံ ဝါ အကုသလံ ဝါ (ကာယကံ ကုသိုလ်သော်လည်းကောင်း၊ အကုသိုလ်သော်လည်းကောင်း) ဟောတိ" ဟု ဆို၍ ရပ်ထားလိုက်ပါ။ ရှေ့တိုး၍ "အဗျာကတံ ဝါ" ဟု ထည့်လျှင် ပရဝါဒီက ကန့်ကွက်လိမ့်မည်–ဟူလို။

၂။ **အဗျာကတံ ဝါတိ ထပေတဗ္ဗံ။** ။သကဝါဒီ ပုဂ္ဂိုလ်တို့ကား အကျိုးပေးသည် ဖြစ်စေ မပေးသည်ဖြစ်စေ ကာယဝိညတ်ကို ဖြစ်စေနိုင်လျှင် ကာယကံ မည်တော့၏။ မနောဒွါရာဝဇ္ဇန်း မဟာကြိယာစိတ်များလည်း ဝိညတ်ကို ဖြစ်စေနိုင်၏။ ဝိညတ်ကို ဖြစ်စေနိုင်လျှင် ကာယကံအမည်လည်း ရတော့သည်သာ။ ထို့ကြောင့် "နာမည်တပ်ရာ၌ အကျိုးပေးခြင်း၊ မပေးခြင်းမှာ လိုရင်းမဟုတ်" ဟု ယူဆကြသည်။ ထို့ကြောင့် ကုသလံ ဝါ အကုသလံ ဝါ အပြင် "အဗျာကတံ ဝါ" ထည့်၍ ကုသလတိက်ကို ပြည့်ပါစေ–ဟူလို။

၃။ **ဒွါရေ ဒွါရံ န သဉ္စရတိ။** ။မြို့ အရှေ့မျက်နှာ၌ ဖောက်ထားအပ်သော မြို့တံခါးပေါက်သည် အနောက်ဘက် တံခါးပေါက်အဖြစ် စသည်ဖြင့် မဖြစ်နိုင်သကဲ့သို့ ကာယဒွါရ၌ ဝစီဒွါရ မနောဒွါရ၏ အဖြစ်ဖြင့် မဖြစ်နိုင်ခြင်း စသည်ကို "ဒွါရေ ဒွါရံ န သဉ္စရတိ" ဟု ဆိုသည်။ ဆိုလိုရင်းကား–ကာယဒွါရက ဝစီဒွါရ မနောဒွါရ အဖြစ်ဖြင့် မဖြစ်နိုင်၊ ဝစီဒွါရ စသည်ကလည်း ကာယဒွါရ မနောဒွါရ အဖြစ်ဖြင့် မဖြစ်နိုင်။ ဤသို့ စသည်ဖြင့် ဆိုလိုသည်။

[1]ကမ္မံ ပန၊ ကံသည်ကား။ တသ္မိံ တသ္မိံ ဒွါရေ၊ ထိုထို ဒွါရ၌။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ စရတိ၊ လှည့်လည်၏။ တေန၊ ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ [2]ဒွါရေ။ပ။ဝဝတ္ထိတာ”တိ၊ ဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။

[ကမ္မာနိ၊ ကံတို့သည်။ ဒွါရေ၊ ရိုးရာဒွါရမှ ဟပါးသော ဒွါရ၌။ သဉ္စရန္တိ၊ လှည့်လည်ကြ ဖြစ်ကြကုန်၏။ ဒွါရာ၊ ဒွါရတို့သည်။ န ဒွါရ–စာရိနော၊ ဒွါရတပါး၌ မလှည့်လည်နိုင်ကုန်။ (ဒွါရတပါး၏ အဖြစ်ဖြင့် မဖြစ်နိုင်ကြကုန်။) [3]တသ္မာ၊ ကြောင့်။ ဒွါရေဟိ၊ ဟိုဖြင့်။ ကမ္မာနိ၊ တို့ကို။ အညမညံ[4]၊ ချင်း။ ဝဝတ္ထိတာ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်အပ်ကုန်ပြီ။]

၁။ **ကမ္မံ ပန။ပ။စရတိ။** ။လူတယောက်သည်အရှေ့ တံခါးပေါက်၌လည်းသွားလာနိုင်၊အနောက်,တောင်,မြောက်တံခါးပေါက်တို့၌လည်းသွားလာနိုင်သကဲ့သို့ကာယဒွါရ၌ ဖြစ်လေ့ရှိသော ပါဏာတိပါတ ကာယကံသည် ဝစီဒွါရ၌လည်း ဖြစ်နိုင်၏။ ဤသို့ စသည်ဖြင့် အခြားဒွါရ၌လည်း ကံ၏ဖြစ်နိုင်ခြင်းကို “ကမ္မံ ပန။ပ။စရတိ”ဟု ဆိုသည်။

၂။ **ဒွါရေ။ပ။ဒွါရစာရိနော။** ။ဤ ၂-ပါဒတွင် ‘‘ဒွါရေ စရ... ကမ္မာနိ’’ သည် ‘‘ကမ္မံ ပန။ပ။စရတိ’’၏ သာဓကတည်း။“န ဒွါရာ ဒွါရစာရိနော’’သည်‘‘ဒွါရေ ဒွါရံ န သဉ္စရတိ’’၏ သာဓကတည်း။ ဤသို့ အစဉ်အတိုင်းမဟုတ်ပဲ သာချနှင့် သာဓကတို့ နောက်ပြန်ယူရပုံကို သတိပြုပါ။ [ဒွါရန္တရစရဏာ၊ ဒွါရန္တရုပ္ပတ္တိ၊ ....ဒွါရေ ဒွါရာနိ န စရန္တိတိ-ဒွါရန္တရဘာဝေန န ပဝတ္တန္တိ၊ ဒွါရန္တရံ ပါ န သင်္ကမန္တိ။-အနု။ ဤအဖွင့်များကိုထောက်၍ စရဓာတ်၏ပဝတ္တနအနက် သင်္ကမအနက်များကို ယူနိုင်ကြောင်းသိပါ။]

၃။ **တသ္မာ။ပ။ဝဝတ္ထိတာ။** ။ဒွါရက ဒွါရတပါးအဖြစ်သို့ မပြောင်းပဲ ခိုင်မြဲသောကြောင့် ထို မြဲသော ဒွါရတို့ဖြင့် ကံကို သတ်မှတ်လျက် နာမည်တပ်ရသည်။ပါဏာတိပါတ-ကံကို တရံတခါ ဝစီဒွါရ၌ ဖြစ်သော်လည်း ကာယဒွါရဖြင့် သတ်မှတ်၍ ‘‘ကာယကံ’’ဟု နာမည်တပ်ရသည်။ မုသာဝါဒ-ကံကိုလည်း တရံတခါ ကာယဒွါရ၌ဖြစ်စေကာမူ ဝစီဒွါရဖြင့် သတ်မှတ်၍‘‘ဝစီကံ’’ဟု နာမည်တပ်ရသည်။ ဤသို့ စသည်ဖြင့် သိပါ။ [အခြားနာမည်နှင့် မရောရအောင် ပိုင်းခြား သတ်မှတ်ထားခြင်းကို‘‘ဝဝတ္ထိတ’’ ဟု ဆိုသည်။ ထို့ကြောင့် ဋီကာ၌‘‘အညမညံ ဝဝတ္ထိတာတိ စ အညမညံ ဝိသေသိ-တာတိ အတ္ထော’’ဟု အဓိပ္ပာယတ္ထ ဖွင့်သည်။ သဒ္ဒတ္ထမှာ ‘‘ဝိ-အခြား နာမည်တို့မှ သီးခြား+အဝ-ပိုင်းခြား သတ်မှတ်၍+ထိဘာ (ထာပိတာ) -တည်စေအပ်ကုန်’’ဟု ဖြစ်၏။]

၄။ **အညမညံ။** ။ရှေးဦးစွာ ဒွါရဖြင့် ကံကို သတ်မှတ်၍ ထို့နောက် ထိုကံဖြင့် ဒွါရကို သတ်မှတ်ရခြင်းကို “အညမည ဝဝတ္ထိတ=အပြန်အလှန် သတ်မှတ်ခြင်း”ဟု ဆိုသည်။ ဥပမာ-ပါဏာတိပါတကို ကာယဝိညတ်ဟူသော ဒွါရဖြင့် သတ်မှတ်၍ “ကာယကံ”ဟု ရှေးဦးစွာ နာမည်တပ်ပြီးလျှင် ထို ကာယကံ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ထို ကာယဝိညတ်ကိုပင် ကာယကံဖြင့် သတ်မှတ်၍“ကာယကမ္မဒွါရ’’ဟု နာ

[အညမည ဝ၀တ္ထိတ-ဖြစ်ပုံကို အကျယ်ပြလိုသောကြောင့်"တတ္ထ" စသည် မိန့်။[တတ္ထ၊ ထို ဒွါရကမ္မတို့တွင်။ ကမ္မေနာပိ၊ ကံဖြင့်လည်း။ ဒွါရံ၊ ဒွါရ သည်။ နာမံ၊ အမည်ကို။ လဗ္ဘတိ၊ ရ၏။ ဒွါရေနာပိ၊ ဖြင့်လည်း။ ကမ္မံ၊ သည်။ (နာမံ လဗ္ဘတိ။)ဟိ၊ ဥပမာဆောင် ထင်အောင် ပြဦးအံ့။ ဝိညာဏာဒီနံ၊ ဝိညာဉ်အစရှိသည်တို့၏။ ဥပ္ပဇ္ဇနဋ္ဌာနာနိ၊ ဖြစ်ရာဌာနတို့သည်။ ဝိညာဏဒွါရံ၊ ဝိညာဏဒွါရ။ပ။သံဝရဒွါရံ၊ သံဝရဒွါရ။ ဣတိ၊ သို့။ နာမံ၊ ကို။ လဗ္ဘန္တိ ယထာ၊ ကဲ့သို့။ [ဝိညာဏဒွါရ-စသည်ကို ကမ္မကထာအဆုံး၌ ပြလတ္တံ့။] ဧဝံ၊ တူ။ ကာယကမ္မဿ၊ ကာယကံ၏။ ဥပ္ပဇ္ဇနဋ္ဌာနံ[၁]၊ဖြစ်ရာဌာနသည်။ "ကာယ-ကမ္မဒွါရန္တိ" နာမံ၊ ကာယကမ္မဒွါရဟူသော အမည်ကို။ လဗ္ဘတိ၊ ၏။ ဝစီမနောကမ္မဒွါရေသုပိ၊ ဝစီကမ္မဒွါရ မနောကမ္မဒွါရတို့၌လည်း။ ဧသေဝ-နယော၊ တည်း။

ပန၊ ကား။(ကံဖြင့် ဒွါရအမည်ရပုံမှတပါး ဒွါရဖြင့် ကံအမည်ရပုံကား။) တသ္မိံ တသ္မိံ ရုက္ခေ၊ ထိုထို သစ်ပင်၌။ အဓိဝတ္ထာ၊ စိုးအုပ်၍ နေသော။ ဒေဝတာ၊ နတ်သည်။(နာမံ လဗ္ဘတိ-၌ စပ်။) သိမ္ဗလိဒေဝတာ၊ လက်ပံပင် နတ်။ ပလာသဒေဝတာ၊ ပေါက်ပင် နတ်။ ပုစိမန္ဒဒေဝတာ၊ တမာပင်နတ်။ ဖန္ဒနဒေဝတာ၊ ကြို့ပင်နတ်။ ဣတိ၊ သို့။ တေန တေန ရုက္ခေန၊ ထိုထို သစ်ပင် ဖြင့်။ နာမံ၊ ကို။ လဗ္ဘတိ ယထာ၊ ရသကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ ကာယ—

မည်တပ်ရခြင်းမျိုးတည်း။ ဤသို့ အပြန်အလှန် သတ်မှတ်ပုံကို "ယသ္မိံ သမယေ။ပ။ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ"တုန်းကလည်း အဋ္ဌကထာဆရာ ပြခဲ့ပြီ။ ယသ္မိံ သမယေ စိတ္တံ-၌ သမယဖြင့် စိတ်ကိုသတ်မှတ်၍ "တသ္မိံ သမယေ၊ ထို စိတ်ဖြစ်ရာ အခါ၌" ဟု စိတ်ဖြင့် သမယကို ပြန်၍ သတ်မှတ်သည်။

၁။ ဥပ္ပဇ္ဇနဋ္ဌာနံ။ ။စက္ခုဝိညာဉ်၏တည်ရာ စက္ခုပသာဒကို "စက္ခုဒွါရ"ဟု ခေါ်ရာ၌ (လူသည် ထိုင်ခုံပေါ်၌ တည်နေ သကဲ့သို့) စက္ခုဝိညာဉ်သည် စက္ခုပသာဒ အပေါ်၌ တကယ်တည်နေသည် မဟုတ်ပါ။ စက္ခုပသာဒမရှိလျှင် စက္ခုဝိညာဉ် မဖြစ်နိုင် သောကြောင့်သာ "စက္ခုဝိညာဉ်၏ တည်ရာ မှီရာ"ဟု ဆိုရသည်၊ ထို့အတူ ကာယ-ဝိညတ်မပါလျှင် ကာယကံ မဖြစ်သေး။ ကာယဝိညတ်ပါမှ ကာယကံ ဖြစ်သောကြောင့် ကာယဝိညတ်ကိုလည်း "ကာယကံ၏ ဖြစ်ရာဌာန"ဟု ခေါ်ရပါသည်။ [ထိုသို့ ကာယ ကမ္မ၏ ဖြစ်ရာဌာနကိုပင် ကာယကံဖြစ်ခြင်း၏ အကြောင်းဒွါရလည်း ဖြစ်သောကြောင့် "ကာယကမ္မဒွါရ"ဟု ခေါ်ရသည်၊]

အမှာ။ ။ဋီကာ၌ကား"ကမ္မဿ ဝိသေသိကာ ဝိညတ္တိ"စသည်ဖြင့် ဥပ္ပဇ္ဇနဋ္ဌာန အဖြစ်ဖြင့် ဆိုရခြင်း၏အကြောင်းကို ဖွင့်လေ၏။ အဓိပ္ပာယ်ကို ဋီကာ နိဿယ၌ ရှုပါ။

ဒွါရေန၊ ကာယဒွါရဖြင့်။ ကတံ၊ ပြုအပ်သော။ ကမ္မမ္ပိ၊ သည်လည်း။ ကာယကမ္မံ၊ မည်၏။ ဣတိ၊ သို့။ ဒွါရေန နာမံ လဘတိ။ ဝစီကမ္မ မနောကမ္မေသုပိ၊ တို့၌လည်း။ ဧသေဝနယော။ [ဤတိုင်အောင် အညမညံ ဝဝတ္ထိတ အကျယ်တည်း။]

[ယခုအခါ ကာယနှင့် ကမ္မကို ခွဲခြားပြလို၍ တတ္ထ–စသည်မိန့်။]

တတ္ထ၊ ထို ကာယနှင့် ကမ္မတို့တွင်။ ကာယော၊ ကာယဟူသည်။ အညော၊ ကမ္မမှ တမျိုးတခြားတည်း။ ကမ္မံ၊ ကံဟူသည်။ အညံ၊ ကာယမှတမျိုးတခြားတည်း။ ပန၊ ထိုသို့ တမျိုးစီ ဖြစ်ပါသော်လည်း။ ကာယေန၊ ကာယဒွါရဖြင့်။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုကံကို။ "ကာယကမ္မ" န္တိ၊ဟူ၍။ ဝုစ္စတိ၊ ၏။ တေန၊ ကြောင့် အဋ္ဌကထာစရိယာ၊ ရှေးအဋ္ဌကထာ ဆရာတို့သည်။ ကာယေန။ပ။ဝဝတ္ထိတာတိ၊ ဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။

[ကာယေန၊ ကာယဒွါရဖြင့်။ ကမ္မံ၊ ကံကို။ စေ ကတံ၊အကယ်၍ ပြုအပ်သည်ဖြစ်အံ့။(ဧဝံ သတိ။) ကာယကမ္မန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကာယော စ၊ ကာယဝိညတ်ဟူသော ကာယကိုလည်းကောင်း၊ ကာယကမ္မဥ္စ၊ စေတနာဟူသော ကာယကံကို လည်းကောင်း။ အညမညံ၊ အချင်းချင်း။ ဝဝတ္ထိတာ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်အပ်ကုန်ပြီ။ .. သူစိယာ၊ အပ်ဖြင့်။ ကမ္မံ၊ အမှုကို။ စေ ကတံ၊ (ဧဝံ သတိ။)သူစိကမ္မန္တိ။ ဟူ၍။ ဝါ၊ အပ်ချုပ်မှုဟူ၍။ ဝုစ္စတိ။ပ။ ဝါသိယာ၊ ဓားဖြင့်။(ရှေးက ပဲခွပ်ဟု ပေးသည်။) ကမ္မံ၊ အလုပ်ကို။ စေ ကတံ။ပ။ဝဝတ္ထိတာ။.... ပုရိသေန၊ သည်။ ကမ္မံ၊ ကို။ စေကတံ။ပ။ဝဝတ္ထိတာ။ ဧဝမေဝံ၊ ဤအတူ။ ကာယေန၊ ဖြင့်။ပ။ ဝဝတ္ထိတာ၊ ကုန်ပြီ။]

[1]ဧဝံ သန္တေ၊ ဤသို့ ဖြစ်လတ်သော်။(ကံတို့၏ ဒွါရတပါး၌ ဖြစ်ခြင်း၊ အချင်းချင်းလည်း နာမည်တပ်၍ သတ်မှတ်ခြင်း ဖြစ်လတ်သော်–ဟူလို။) ဒွါရဝဝတ္ထာနံ၊ ဒွါရကို ကံဖြင့်ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည်။ နေဝ ယုဇ္ဇတိ၊ မသင့်သည် မဟုတ်ပါလော။ ကမ္မဝဝတ္ထာနံ၊ ကံကိုဒွါရဖြင့် ပိုင်း

၁။ ဧဝံ သန္တေ။ပ။န ကမ္မဝဝတ္ထာနံ။ ။"ဒွါရေ စရန္တိ ကမ္မာနိ"နှင့် စပ်၍ စောဒနာဖွယ်ကို ပြလိုသောကြောင့်"ဧဝံ သန္တေ"စသည်ကို မိန့်သည်။ ဤသို့ ကံတို့၏ ဒွါရတပါး၌ဖြစ်ခြင်း၊ အချင်းချင်းလည်း နာမည်တပ်၍ သတ်မှတ်ခြင်း ဖြစ်လတ်သော် ဒွါရကို ကံဖြင့် သတ်မှတ်ခြင်းလည်း မသင့်။ ကံကိုလည်း ဒွါရဖြင့် သတ်မှတ်ခြင်းလည်း မသင့်–ဟူလို။ [ဧဝံ သန္တေတိ-ကမ္မာနံ ဒွါရစရဏေ အညမညေန စ ဝဝတ္ထာနေ သတိ။-ဋီကာ။] ဤဋီကာ၌လည်း "ဒွါရေ စရန္တိ ကမ္မာနိ၊ အညမညံ ဝဝတ္ထိတာ"ဟူသော

ခြားသတ်မှတ် နာမည်တပ်ခြင်းသည်။ န ယုဇ္ဇတိ၊ မသင့်သည် မဟုတ်ပါ လော။ ကထံ၊ အဘယ်သို့ မသင့်သနည်း။ ဟိ၊ အဖြေကား။ (တနည်း) ဟိ၊ အကျယ်ကို ဆိုဦးအံ့။ ကာယဝိညတ္တိယံ၊ ကာယဝိညတ်၌။ (ကာယဒွါရ၌။) "ဒွါရေ စရန္တိ ကမ္မာနိတိ၊ ဟူ၍။ ဝစနတော၊ မိန့်ဆိုခြင်းကြောင့်။ ဝစီကမ္မမ္ပိ၊ သည်လည်း။ ပဝတ္တတိ၊ ဖြစ်၏။ တေန၊ ကြောင့်။ (ထိုသို့ ကာယဒွါရ၌လည်း ဝစီကံ၏ ဖြစ်ခြင်းကြောင့်။) အဿ၊ ထို ကာယဝိညတ်၏။ "ကာယကမ္မဒွါရ" န္တိ၊ ဟူ၍။ ဝဝတ္ထာနံ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည်။ (ဒွါရကို ကံဖြင့် သတ်မှတ်၍ နာမည်တပ်ခြင်းသည်။) န ယုတ္တံ၊ မသင့်။ ကာယကမ္မဉ္စ၊ သည်လည်း။ ဝစီဝိညတ္တိယမ္ပိ၊ ဝစီဝိညတ်၌လည်း။ (ဝစီဒွါရ၌လည်း။) ပဝတ္တတိ၊ ၏။ တေန၊ ကြောင့်။ (ထိုသို့ ကာယကံ၏ ဝစီဒွါရ၌ ဖြစ်ခြင်းကြောင့်။) အဿ၊ ထို ကာယကံ၏။ "ကာယကမ္မ" န္တိ၊ ဟူ၍။ ဝဝတ္ထာနံ။ န ယုဇ္ဇတိ၊ မသင့်။ ဣတိ၊ ဤကား စောဒနာတည်း။ နော န ယုဇ္ဇတိ၊ မသင့်မဟုတ် သင့်သည်သာ။ [ကာယကမ္မဒွါရန္တိ၊ ဟူ၍။ ဝဝတ္ထာနံ၊ သည်လည်းကောင်း။ ကာယကမ္မန္တိ၊ ဟူ၍။ ဝဝတ္ထာနံ၊ သည်လည်းကောင်း။ နော န ယုဇ္ဇတိ။ ဤသို့လည်း ထည့်၍ပေးနိုင်သည်။] ကသ္မာ၊ ကြောင့်။ (ကာယကမ္မန္တိ၊ ဟူ၍။ ဝဝတ္ထာနံ၊ သည်လည်းကောင်း။ ပ။ နော န ယုဇ္ဇတိ၊ မသင့်မဟုတ် သင့်သနည်း။) ယေဘုယျေန၊ အားဖြင့်။ ဝုတ္တိတာယ စေဝ၊ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ တဗ္ဗဟုလ္လဝုတ္တိတာယ စ၊ ထို၌ များသောဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ (နော န ယုဇ္ဇတိ။)

[ထို အကျဉ်းအဖြေကို အကျယ်ပြလိုသောကြောင့် "ကာယကမ္မမေဝ ဟိ" စသည်မိန့်။]

ဟိ၊ ချဲ့။ ကာယကမ္မမေဝ၊ သည်သာ။ ယေဘုယျေန။ ပ။ ပဝတ္တတိ။ ဣတရာနိ၊ ကာယကံမှ တပါးသော ဝစီကံ မနောကံတို့သည်။ (ကာယဝိညတ္တိယံ၊ ၌။ ယေဘုယျေန၊ ဖြင့်။) န (ပဝတ္တန္တိ)၊ မဖြစ်ကုန်။ ကာယကမ္မဿ၊ ၏။ ယေဘုယျေန၊ ဖြင့်။ တတ္ထ ပဝတ္တိတော၊ ထိုသို့ ဖြစ်ခြင်းကြောင့်။ တဿ၊ ထို

လွှန်ခဲ့ပြီး စကားကို ချုံး၍ ဓဝံ သန္နေ၏ အစွဲကို ဖွင့်သည်။ ကထံ စသည်ကား ထို စောဒနာကို အကျယ်ပြသော စကားတည်း။ ဝဝတ္ထာနံ န ယုဇ္ဇတိ-တိုင်အောင် ထို အကျယ်ကို သိပါ။ [ယေဘုယျနည်း၊ တဗ္ဗဟုလနည်းတို့၏ သဘောကို နည်း ၄၀-၌ ကြည့်ပါ။]

၁။ တဿ ကာယ။ပ။သိဒ္ဓေါ။ ။ကာယဝိညတ်ဟူသော ကာယဒွါရ၌ ပါဏာတိ-ပါတ-စသော ဒုစရိုက် ၃-ပါးသာ အဖြစ်များ၏။ မုသာဝါဒ-စသော ဝစီဒုစရိုက်တို့ ကား (တရံတခါမှသာ ဖြစ်သောကြောင့်) အဖြစ်မများချေ။ ထိုသို့ အဖြစ်များရာလိုက်၍

ကာယဝိညတ်၏။ ကာယကမ္မဒွါရဘာဝေါ၊ ကာယကမ္မဒွါရ၏ အဖြစ်သည်။ သိဒ္ဓေါ၊ ပြီး၏။ (ကိမိဝ၊ အဘယ်ကဲ့သို့နည်း။) ¹ဗြာဟ္မဏာ။ပ။ ဝနာဒိနံ၊ ပုဏ္ဏား ရွာ, သရက်ဥယျာဉ်, ကံ့ကော်တော အစရှိသည်တို့၏။ ဗြာဟ္မဏဂါမာဒိဘာဝေါ၊ ဗြာဟ္မဏဂါမ-အစရှိသည်တို့၏ အဖြစ်သည်။ ဝါ၊ ဗြာဟ္မဏဂါမ-အစရှိသော အမည်သည်။ သိဒ္ဓေါ ဝိယ၊ ပြီးသကဲ့သို့တည်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤ နည်းအားဖြင့်။ ဒွါရဝဝတ္ထာနံ၊ ဒွါရကို ကံဖြင့် ပိုင်းခြားသတ်မှတ် နာမည်တပ် ခြင်းသည်။ ယုဇ္ဇတိ၊ သင့်၏။

ပန၊ ကား။ (ဒွါရဖြင့် နာမည်တပ်ပုံမှပေါ့ ကံဖြင့် နာမည်တပ်ပုံကား။) ကာယကမ္မံ²၊ သည်။ ကာယဒွါရမှိ ယေဝ၊ ဉသာ။ ဗဟုလံ၊ များစွာ။ ပဝတ္တတိ။ အပ္ပံ၊ အနည်းငယ်။ ဝစီဒွါရေ၊ ဉ။ (ပဝတ္တတိ။) [မနောဒွါရ၌ကား ကာယကံ၏ ပဖြစ်နိုင်ခြင်းကြောင့် မပြတော့။] ကာယဒွါရေ၊ ဉ။ ဗဟုလံ၊ များစွာ။ တသ္မာ ပဝတ္တိတော၊ ကြောင့်။ တေဿ၊ ဤ ကာယကံ၏။ ကာယ-ကမ္မဘာဝေါ၊ ကာယကံ၏ အဖြစ်သည်။သိဒ္ဓေါ၊ ၏။ (ကိမိဝ။)ဝနစရက။ပ။ ဂေါစရာနံ၊ တော၌ လှည့်လည်တတ်သော မုဆိုး, ထုလ္လကုမာရိကာ ဟူသော ကျက်စားရာရှိသူ အစရှိသည်တို့၏။ ဝနစရကာဒိဘာဝေါ၊ ဝနစရက-အစရှိ သည်တို့၏ အဖြစ်သည်။ ဝါ၊ ဝနစရက-အစရှိသော အမည်သည်။ သိဒ္ဓေါ ဝိယ။ ဣတိ ဧဝံ၊ ဤသို့။ ဝါ၊ ဖြင့်။ ကမ္မဝဝတ္ထာနမ္ပိ။ ယုဇ္ဇတိ၊ ၏။ ဣတိ၊ ဤကား အပြီးတည်း။ ကာယကမ္မဒွါရကထာ၊ သည်။နိဋ္ဌိတာ၊ ပြီးပြီ။

ယေဘုယျဝုတ္တိနည်းအားဖြင့်"ကာယကမ္မဒွါရ (ကာယကံ၏ ဖြစ်ရာဒွါရ) "ဟု နာမည် သာ လောကထုံးစံအတိုင်း ပြီးစီးရသည်။ ဤသို့ ယေဘုယျနည်းအားဖြင့် ပြီးစီးရသော ကြောင့်"ဒွါရဝဝတ္ထာနံ ယုဇ္ဇတိ–အဖြစ်များသောကံဖြင့် ဒွါရကို နာမည်သတ်မှတ်ခြင်း သည် လောကယုတ္တိရှိပါသည်"ဟူလို။

၁။ **ဗြာဟ္မဏာ။ပ။ဝိယ။** ။ပုဏ္ဏားများနေရာရွာ၌ အခြားလူမျိုးတွေ နည်းနည်း ပါးပါး နေကြသော်လည်း များရာလိုက်၍"ဗြာဟ္မဏဂါမ (ပုဏ္ဏားရွာ)"ဟု နာမည် တပ်ရခြင်း၊ သရက်အများပေါက်ရာ ဥယျာဉ်၌ အခြားသစ်ပင် အနည်းငယ်ရှိသော်လည်း "အမ္ဗဝန (သရက်ဥယျာဉ်)"ဟု အမည်တပ်ရခြင်း၊ ကံ့ကော် (ဂန်ဂေါ်) ပင် အများ ပေါက်ရာ ဥယျာဉ်ကိုလည်း နာဂဝန (ကံ့ကော်ဥယျာဉ်) ဟု နာမည်တပ် ရခြင်းမျိုး၌ ယေဘုယျနည်းအားဖြင့် နာမည် ပြီးစီးရသကဲ့သို့တည်း။

၂။ **ကာယကမ္မံ ပန။** ။ဒွါရဖြင့် ကံကို နာမည်တပ်၍ သတ်မှတ်ပုံကို ပြလိုသော ကြောင့် "ကာယကမ္မံ ပန" စသည်မိန့်။ "ဝနေ၊ တော၌+စရတိ၊ လှည့်လည် နေတတ် ၏" ဟူသော ဝိဂြိုဟ်အရ "ဝနစရက"အမည်ရသော မုဆိုးသည် ရွာ၌ လှည့်လည်ပါ သေး၏။ သို့သော် တော၌ လှည့်လည်ခြင်းက များသောကြောင့် တဗ္ဗဟုလနည်းအားဖြင့်

ဝစီကမ္မဒွါရအဖွင့်

ပန၊ ကား။ (ကာယကမ္မဒွါရကထာမှတပါး ဝစီကမ္မဒွါရကထာကား။) ဝစီကမ္မဒွါရကထာယံ၊ ၌။ ဝါစာ နာမ၊ ဝါစာ မည်သည်။ (ဝစီကမ္မ၌ ဝစီမည်သည်-ဟူလို။) စေတနာဝိရတိသဒ္ဒဝသေန၊ စေတနာဝါစာ, ဝိရတိ-ဝါစာ, သဒ္ဒဝါစာတို့၏ အပြားအားဖြင့်။ တိဝိဓာ၊ ၃-ပါး အပြားရှိ၏။ တတ္ထ၊ ထို ၃-ပါးသော ဝါစာတို့တွင်။ စတူဟိ။ပ။ဝိညူနန္တိ၊ ဟူသော ဤပါဠိ၌။ (အာဂတာ၊ လာသော။) အယံ၊ ဤ ဝါစာသည်။ စေတနာဝါစာ နာမ၊ စေတနာဝါစာ မည်၏။ [ဘိက္ခဝေ၊ တို့။ "၁စတူဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတာ (သမန္နာဂတာ)၊ ပြည့်စုံသော။ ဝါစာ၊ စကားသည်။ သုဘာသိတာ၊ ကောင်းစွာ ပြောဆိုအပ်သော စကားသည်။ ဟောတိ။ ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့် ပြောဆိုအပ်သော စကားသည်။ နော ဟောတိ၊ မဟုတ်။ အနဝဇ္ဇာ စ၊ အပြစ်မရှိသည် လည်းကောင်း။ ဝိညူနံ၊ တို့၏။ ဝါ၊ တို့သည်။ အနနုဝဇ္ဇာ စ၊ (အနုပဝဇ္ဇာ စ)၊ မစွပ်စွဲထိုက်သည် လည်းကောင်း။ ဟောတိ။" [ယောဇနာ၌ "အနုပဝဇ္ဇာ၂" ဟု ရှိ၏။]....
သဂါထာဝဂ္ဂ-ဝင်္ဂီသသံယုတ်၊ သုဘာသိတ-သုတ်။

ယာ စတူဟိ။ပ။သမ္မာဝါစာတိ၊ ဟူသော ဤပါဠိ၌။ (အာဂတာ။)အယံ၊ သည်။ ဝိရတိဝါစာ နာမ၊ မည်၏။ ["စတူဟိ၊ ကုန်သော။ ဝစီ ဒုစ္စရိတေဟိ၊ တို့နှင့်။ ဝါ၊ တို့မှ။ ယာ အာရတိ၊ အကြင် ဝေးစွာ မွေ့လျော်တတ်သော

"ဝနစရက" ဟု နာမည်တစ်ရသကဲ့သို့လည်းကောင်း၊ အပျိုကြီးအိမ်၌ အလည်အပတ်များသော ရဟန်းကို "ထုလ္လကုမာရိကာဂေါစရ" ဟု ဆိုရသကဲ့သို့ လည်းကောင်း၊ ပါဏာတိပါတ စသော အမှုသည် ကာယဒွါရ၌သာ အဖြစ်များသောကြောင့် တမ္မဟုလ နည်းအားဖြင့် "ကာယကမ္မံ (ကာယဒွါရ၌ ဖြစ်သောကံ)"ဟု နာမည်တစ်၍ မှတ်ခြင်း လည်း လောကယုတ္တိ ရှိသည်သာ။

၁။ **စတူဟိ အင်္ဂေဟိ။** ။ဝစီဒုစရိုက် ၄-ပါး၏ ပြောင်းပြန်ဖြစ်သော အဝိသံဝါဒ စသည်ကို အင်္ဂါ ၄-ပါးဟု ဆိုသည်။ ထို အဝိသံဝါဒ စသည်တို့၏ အရမှာ ထို သုဘာသိတ-စကားကို ပြောဆိုကြောင်း စေတနာတည်း။ ထို့ကြောင့် "အယံ စေတနာဝါစာ နာမ"ဟု ဆိုသည်။ [ဋီကာဘ ဓိပ္ပာယ်ကိုလည်း ကြည့်ပါ။]

၂။ **အနုပဝဇ္ဇာ။** ။န+ဥပဝဇ္ဇာဟု ပုဒ်ခွဲရသောကြောင့် လည်းကောင်း၊ ဥပဝါဒ ကဲ့သို့ ဥပပုဒ်၊ ဝဒ-ဓာတ်၊ ဏျ-ပစ္စည်းဖြင့် ပြီးသော ဥပဝဇ္ဇ-သဒ္ဒါလည်း ဥပဝါဒအနက် ကို ဟောသောကြောင့် လည်းကောင်း ကောင်းသည်ဟု ထင်၏။ [သို့သော် ပါဠိတော် အဋ္ဌကထာတို့၌ "အနနုဝဇ္ဇာ"ဟုချည်း ရှိသည်။

သဘောသည်။ ဝါ၊ ရှောင်ကြဉ်တတ်သော သဘောသည်။ ယာ ဝိရတိ၊ အကြင် ကင်း၍ မှေ့လျော်တတ်သော သဘောသည်။ ဝါ၊ ရှောင်ကြဉ်တတ်သော သဘောသည်။ အတ္ထိ။ပ။အယံ၊ ဤ ဝါစာကို။ သမ္မာဝါစာ၊ သမ္မာ-ဝါစာဟူ၍။ ဝုစ္စတိ။" [အာရတိ-စသည်တို့၏ အနက်ကို လောကုတ္တရာ ကုသိုလ် ဝိရတိခန်း၌ ဖွင့်လတ္တံ့။] ဝါစာ။ပ။ဝစီဘေဒေါတိ၊ ဟူသော ဤပါဌ်၌။ (အာဂတာ။) အယံ၊ သည်။ သဒ္ဒဝါစာ နာမ၊ မည်၏။ ["ဝါစာ၊ ပြောဆိုအပ်သော စကားသည်။ ဂိရာ၊ မြွက်ဆိုအပ်သော အသံသည်။ ဗျပ္ပ-ထော၊ သိလိုသောသူ သိစေလိုသော သူတို့၏ အကြောင်းဖြစ်သော ဝါကျသည်။ ဥဒီရဏံ၊ ပြောဆိုအပ်သော စကားသည်။ ဃောသော၊ ကြွေးကြော်အပ်သော အသံသည်။ ဃောသကမ္မံ၊ အမျိုးမျိုး ပြုအပ်သော ကြွေးကြော်သံသည်။ ဝါစာ၊ စကားဟူသော။ ဝစီဘေဒေါ၊ စကားလုံး၏ ကွဲပြားခြင်းသည်။ အတ္ထိ။ "ဝါစာ၊ ဂိရာ" စသော ပုဒ်တို့၏အနက်ကို ရူပကဏ္ဍ၌ ဖွင့်လတ္တံ့။]

တသ္မာ၊ ယို ၃-ပါးသော ဝါစာတို့တွင်။ ဝစီ ကမ္မဒွါရန္တိ၊ ဝစီကမ္မဒွါရ-ဟူသော အမည်သည်။ စေတနာယ၊ ၏။ နေဝ နာမံ၊အမည်မဟုတ်။ ဝိရတိယာ၊ ၏။န နာမံ၊ အမည်မဟုတ်။ပန ၊အဟုတ်ကား။ သဟ သဒ္ဒါ [1]၊သဒ္ဒ-ရုပ်နှင့် တကွ ဖြစ်သော။(အသံနှင့် တကွဖြစ်သော။)ကော တပါးသော။ ယာဝိညတ္တိ၊အကြင် ဝိညတ်သည်။ အတ္ထိ၊ ၏။ ဣဒံ၊ ဤဝိညတ်သည်။ ဝစီကမ္မဒွါရံ နာမ၊ မည်၏။ ယံ၊ ယင်း သဒ္ဒရုပ်နှင့် တကွ ဖြစ်သော ဝိညတ်ကို။ သန္ဓာယ၊ ရည်ရွယ်တော်မူ၍။ ကတမန္တံ။ပ။ဝစီဝိညတ္တီတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ [ဝစီဝိညတ္တိ၊ ဝစီဝိညတ်ဟူသော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ နည်း။ ကုသလစိတ္တဿ ဝါ၊ ကုသိုလ်စိတ်ရှိသူ၏ သော်လည်းကောင်း။ပ။ အဗျာကတစိတ္တဿ ဝါ၊ ၏သော်လည်းကောင်း။ ယာ ဝါစာ၊ အကြင် ပြောဆိုအပ်သော စကားသည်။ ယာ ဂိရာ၊ အကြင် မြွက်ဆိုအပ်သော အသံသည်။ပ။ဝါစာ၊ စကားဟူသော။ ယော ဝစီဘေဒေါ၊ အကြင် စကားလုံး၏ ကွဲပြားခြင်းသည်။ (အတ္ထိ။) အယံ၊ ဤစကားကို။ ဝါစာ၊ ဟူ၍။ ဝုစ္စတိ။ တာယ ဝါစာယ၊

၁။ သဟ သဒ္ဒါ ပန။ ။စကားပြောလိုသောစိတ် ဖြစ်သောအခါ ထိုစိတ်ကြောင့် စိတ္တဇသဒ္ဒရုပ်ကလာပ် ဖြစ်၏။ ထို သဒ္ဒရုပ်ကလာပ်၌ ဝိညတ် ဟူသော ဝိကာရလည်း ပါ၏။ ထို့ကြောင့်''သဟသဒ္ဒါ ပန ကောဝိညတ္တိ''ဟု ဆိုသည်။ ထိုဝိညတ်သည် သဒ္ဒ-ရုပ်နှင့် အတူဖြစ်သော်လည်း စိတ္တာနုပရိဝတ္တိမမှု ဖြစ်သောကြောင့် စိတ်ချုပ်လျှင် ချုပ်ရကား သဒ္ဒရုပ် တည်သလောက် မတည်နိုင်သည့်အတွက် စိတ္တဇကဏ္ဍ ၁၇-ချက် မကြာဟု မှတ်ပါ။

ထို ဝါစာဖြင့်။ ယာ ဝိညတ္တိ၊ အကြင် အလိုကို သိစေခြင်းသည်။ ယာ ဝိညာပနာ၊ အကြင် အလိုကို သိစေခြင်းဟူသော အခြင်းအရာသည်။ ယံ ဝိညာပိတတ္တံ၊ အကြင် အလိုကို သိစေတတ်သည်၏ အဖြစ်သည်။ (အတ္ထိ။) ဝစီဝိညတ္တိ၊ ဟူသော်။ တံ ရူပံ၊ ထို ရုပ်သည်။ ဣဒံ၊ ဤ ရုပ်တည်း။

ဟိ၊ ချဲ့။ ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ တံ၊ ထိုစကားကို။ ဝက္ခာမိ။ ဣတိ၊ သို့။ ဝိတက္ကယတော၊ ကြံစည်သော ပုဂ္ဂိုလ်၏။ ဝိတက္က ဝိပ္ဖာရသဒ္ဒေါ နာမ၊ ဝိတက္က ဝိပ္ဖာရသဒ္ဒ-မည်သည်။ ဝါ၊ ဇိဝှာတာလု-အစ ရှိသည်တို့၏ လှုပ်ရှားကြောင်းဖြစ်သော ဝိတက်ကြောင့်ဖြစ်သော အသံမည်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ [ရှေးနိဿယ၌ "ဝိတက္က ဝိပ္ဖာရသဒ္ဒေါ နာမ၊ ဝိတက်၏ ပျံ့နှံ့ခြင်းကြောင့်ဖြစ်သော အသံမည်သည်"ဟု ပေး၏။ ယောဇနာအတိုင်း ပေးခြင်းတည်း။] အယံ၊ ဤ ဝိတက္ကဝိပ္ဖာရ-သဒ္ဒကို။ န သောတဝိညေယျော၊ သောတဝိညာဉ်ဖြင့် မသိအပ် မသိနိုင်။ မနောဝိညေယျော၊ မနောဝိညာဉ်ဖြင့်သာ သိအပ် သိနိုင်၏။ ဣတိ၊ သို့။ မဟာအဋ္ဌကထာယံ၊ ၌။ အာဂတော၊ လာ၏။ ပန၊ ထိုသို့ မဟာအဋ္ဌကထာ၌ လာပါသော်လည်း။ အာဂမဋ္ဌကထာသု၊ သုတ္တန် အဋ္ဌကထာတို့၌။ ဝိတက္ကဝိပ္ဖာရသဒ္ဒန္တိ၊ ကား။ ဝိတက္ကဝိပ္ဖာရဝသေန၊ ဝိတက္ကဝိပ္ဖာရ၏ အစွမ်းဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိလပန္တာနံ (ဝိပ္ပလပန္တာနံ)၊ ယောင်ရမ်း ပြောဆိုကြကုန်သော။ သုတ္တပ္ပမတ္တာဒီနံ၊ အိပ်ပျော်နေသူ မေ့လျော့နေသူ အစရှိသူတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာတိ၊ ကား။ တံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ (အာဒိသတိ-၌ စပ်။) ယံ၊ အကြင် အကြောင်း

၁။ ဝိတက္ကဝိပ္ဖာရသဒ္ဒေါ။ ။ဖရ-ဓာတ်သည် များပန စလန-အနက်ကို ဟော၏။ ဤ၌ စလန-အနက်ကို ယူပါ။ ထို့ကြောင့် ဋီကာ၌ "ဇိဝှာတာလုစလနာဒိကရဝိတက္က-သမုဋ္ဌိတသုခုမသဒ္ဒ"ဟု ဖွင့်သည်။ ဝိသေသေန+ဖရတိ စေတေနတိ ဝိပ္ဖာရော၊ ဝိတက္ကော စ+သော+ဝိပ္ဖာရော စာတိ ဝိတက္ကဝိပ္ဖာရော။ ဝိတက္ကဝိပ္ဖာရေန၊ ဇိဝှာတာလု—စသည် တို့၏လှုပ်ရှားကြောင်း ဖြစ်သော ဝိတက်ကြောင့်+ဥပ္ပန္နော+သဒ္ဒေါ ဝိတက္ကဝိပ္ဖာရသဒ္ဒေါ။ ဇိဝှာတာလု-စသည်တို့၏ လှုပ်ရှားကြောင်းဖြစ်သော ဝိတက်ကြောင့် အလွန်သိမ်မွေ့စွာ ဖြစ်သော (ပကတိနားဖြင့် မကြားနိုင်လောက်သော) အသံတည်း။

၂။ အာဂမဋ္ဌကထာသု။ ။မဟာအဋ္ဌကထာဝါဒကို ပယ်လိုသောကြောင့် "အာဂမ-ဋ္ဌကထာသု"စသည် မိန့်။ တိကအင်္ဂုတ္တရ၊ ဒုပဏ်၊ မြာဟ္မဏဝဂ်-ဒသမသုတ် အဋ္ဌကထာ စသည်၌ လာ၏။ "ဣတိ အာဒိသတိ"တိုင်အောင် ထိုအဋ္ဌကထာ၏ အဖွင့်ချည်းတည်း။ ဤသို့ ဆိုပြီးနောက် ဝတ္ထုတို့ကိုလည်း ထိုအဋ္ဌကထာ၌ ပြထား၏။ ရှုပါလေတော့။ ဤ အာဂမအဋ္ဌကထာ စကားအရ "ဝိတက္ကဝိပ္ဖာရသဒ္ဒသည် ပြောသူ၏အလိုကို သိနိုင် လောက်အောင် ဝိညတ်နှင့်တကွ ဖြစ်ကြောင်း ထင်ရှား၏။ ဝိညတ်ပါသောကြောင့်ပင် ထိုသူ၏အလိုကို ကြားရသူက "ဝေဒိ တေ မနော"စသည်ဖြင့် ညွှန်ပြနိုင်သည်"ဟုလို။

အရာကို။ ဝိတက္ကယတော၊ ကြံစည်သော။ တဿ၊ ထို ပုဂ္ဂိုလ်၏။ သော သဒ္ဒေါ၊ ထိုအသံသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ တဿ၊ ထို အကြောင်းအရာ၏။ ဝါ၊ နှင့်။ ဝသေန၊ စပ်သဖြင့်။ တော၊ သင်၏။ မနော၊ စိတ်သည်။ ဧဝမ္ပိ၊ ဤသို့လည်း ဖြစ်၏။ တော၊ ၏။ မနော၊ သည်။ ဣတ္ထမ္ပိ၊ ဤအပြားအား ဖြင့်လည်း ဖြစ်၏။ ဣတိ၊ သို့။ အာဒိသတိ၊ ညွှန်ပြ၏။ ဣတိ၊ သို့။ ဝတွာ၊ ဆိုပြီး၍။ ဝတ္ထုနိပိ၊ ဝတ္ထုတို့ကိုလည်း။ ကထိတာနိ၊ ဆိုအပ်ကုန်ပြီ။ ပဋ္ဌာ— နေပိ၊ ၌လည်း။ စိတ္တသမုဋ္ဌာနံ။ပ။ပစ္စယောတိ၊ ဟူ၍။ အာဂတံ၊ လာ၏။ တသ္မာ၊ ကြောင့်။ ဝိညတ္တိဃဋ္ဋနာယ၊ ဝိညတ်ကြောင့်ဖြစ်သော ထိခိုက်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ဥပ္ပဇ္ဇမာနော။ ဖြစ်သော။ အသောတဝိညေယျော၊ သောတ ဝိညာဉ်ဖြင့် မသိအပ် မသိနိုင်သော။ ဝိတက္ကဝိပ္ဖာရသဒ္ဒေါနာမ၊ မည်သည်။နတ္ထိ။

ပန၊ ဆက်။ ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ တော၊ ထိုစကားကို။ ဝက္ခာမိ။ ဣတိ၊ သို့။ ဥပ္ပဇ္ဇမာနံ၊ သော။ စိတ္တံ၊ သည်။ (သမုဋ္ဌာပေတိ–၌ စပ်။) ပထဝီဓာတု၊ ပထဝီဓာတ် လည်းကောင်း။ပ။ ဩဇာ၊ အဆီအနှစ် လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ကုန်သော။ ရူပါနိ၊ ရုပ်တို့ကို။ သမုဋ္ဌာ–

ယောဇနာ။　။ယောဇနာ၌ကား ဖရဓာတ်၏ ဗျာပနအနက်ကို ယူ၍ ''ဝိပ္ဖရဏံ ဝိပုလပဝတ္တနံ (ပြန့်သောအားဖြင့် ဖြစ်ခြင်း) ဝိပ္ဖာရော၊ ဝိတက္ကဿ+ဝိပ္ဖာရော ဝိတက္က ဝိပ္ဖာရော၊ ဝိတက္ကဝိပ္ဖာရေန+ဥပ္ပန္နော+သဒ္ဒေါ ဝိတက္ကဝိပ္ဖာရသဒ္ဒေါ–ဝိတက်၏ ပြန့်ခြင်း ကြောင့် ဖြစ်သော အသံ''ဟု ဖွင့်လေ၏။ ''ဇိဝှာတာလုစလနာဒိကရဝိတက္က''ဟူသော ဋီကာ အဖွင့်ဖြင့် ထိုယောဇနာကို စဉ်းစားပါ။ [နာမ်တရား ဖြစ်သော ဝိတက်သည် အပြင်သို့ ပြန့်၍မထွက်နိုင်။ ဈာန်ခန်း၌ ''ဝိတက္ကော ဝိပ္ဖာရဝါ''ဟု ရှိရာ၌လည်း ဖရဓာတ် သည် စလန–အနက်ဟောပင်။]

" ၁။ပဋ္ဌာနေပိ။　။''စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ''ဟု ပဋ္ဌာန်းအာရမ္မဏပစ္စည်း၌ဟော တော်မူ၏။ ထို စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ-ပါဠိဖြင့် ဝိတက္ကဝိပ္ဖာရကြောင့် ဖြစ်သော အလွန်သိမ်မွေ့သော သဒ္ဒ ကိုလည်းကောင်း၊ မ သိမ်မွေ့သော အခြားသဒ္ဒကို လည်း ကောင်း ဤသို့ သဒ္ဒအားလုံးကို သိမ်းကျုံးနိုင်၏။ ထို သဒ္ဒဟူသမျှလည်း အာရမ္မဏ ပစ္စည်း တပ်သောကြောင့် သောတဝိညေယျ မဟုတ်သော သဒ္ဒဟူ၍ မရှိနိုင်ပါ–ဟူလို။ ထို့ကြောင့် မဟာအဋ္ဌကထာ၏ ''အယံ န သောတဝိညေယျော'' ဟူသောစကားကို ပယ်လို၍''တသ္မာ ဝိနာ။ပ။သဒ္ဒေါ နာမ နတ္ထိ''ဟု မိန့်သည်။ [မူလဋီကာ၌ မဟာအဋ္ဌ ကထာ၏ အာဘော်ကို''မဟာအဋ္ဌကထာယံ ပန။ပ။ဝုတ္တာ သိယာ''ဟုပြထားသေး၏။]

၂။ ဝိညတ္တိဃဋ္ဋနာယ။　။''ဝိညတ္တိပစ္စယာ ဃဋ္ဋနာ ဝိညတ္တိဃဋ္ဋနာ၊ ဝိညတ္တိ ဧဝ ဝါ''။-ဋီကာ။ ပထမနည်းအလို''ဝိညတ်ကြောင့် မဟာဘုတ်တို့၏ ထိခိုက်ခြင်းနှင့်'' ဟု ပေးပါ။ ဒုတိယနည်းအလို''ဝိညတ္တိဧဝ+ဃဋ္ဋနာ ဝိညတ္တိဃဋ္ဋနာ''ဟု ပြု၍''ထိခိုက်ခြင်း ဟူသော ဝိညတ်နှင့်''ဟု ပေးပါ။ ထိခိုက်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မဟာဘုတ်တို့၏ ထူးခြားသော အမူအရာကိုပင်''ဝိညတ္တိဃဋ္ဋနာ''ဟု ဆိုသည်။

ပေတိ၊ ဖြစ်စေ၏။ ဟေသံ၊ ထို ရှစ်ပါးသော ရုပ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ (ထို ရှစ်ပါးသော ရုပ်တို့တွင်-ဟူလို။) စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော။ ပထဝီဓာတု၊ သည်။ [1]ဥပါဒိန္နကံ၊ ဥပါဒိန္နကဖြစ်သော စတုဇ-ပထဝီဓာတ်ကို။ ဃဋ္ဋယမာနာဝ၊ ထိခိုက်လျက်သာလျှင်။ ဥပ္ပဇ္ဇတိ။ တေန ဓာတုသံဃဋ္ဋနေန၊ ထို ဓာတ်တို့၏ ထိခိုက်ခြင်းနှင့်။ သဟေဝ၊ တပြိုင်နက်သာလျှင်။ သဒ္ဒေါ၊ သဒ္ဒရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ ကြောင့်။ အယံ၊ ဤ သဒ္ဒသည်။ စိတ္တသမုဋ္ဌာန-သဒ္ဒေါ နာမ၊ မည်၏။ အယံ၊ ဤ စိတ္တသမုဋ္ဌာန-သဒ္ဒသည်။ န ဝိညတ္တိ၊ ဝိညတ် မဟုတ်သေး။ ပန၊ အဟုတ်ကား။ စိတ္တသမုဋ္ဌာနာယ၊ သော။ တဿာ ပထဝီဓာ-တုယာ၊ ၏။ ဥပါဒိန္နကဃဋ္ဋနဿ၊ ဥပါဒိန္နကဖြစ်သော စတုဇ-ပထဝီဓာတ်ကို ထိခိုက်ခြင်း၏။ ပစ္စယဘူတော၊ အကြောင်းဖြစ်၍ ဖြစ်သော။ ဧကော၊ တမျိုးသော။ အာကာရဝိကာရော၊ ထူးခြားသော အမူအရာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ထူးခြားသော အမူအရာသည်။ ဝစီဝိညတ္တိ နာမ၊ မည်၏။

ဣတော၊ ဤ အယံ ဝစီဝိညတ္တိ နာမ-ဟူသော စကားရပ်မှ။ ပရံ၊ ၌။ သာ ။ပ။ စိတ္တသမုဋ္ဌာနာတိ အာဒိ၊ သာ။ပ။ စိတ္တသမုဋ္ဌာနာ-အစရှိသော။ သဗ္ဗံ၊ အလုံးစုံသော စကားရပ်ကို။ ဟေဋ္ဌာ၊ အောက် ကာယကမ္မဒွါရ ကထာ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။ ဝေဒိတဗ္ဗံ။ [ကာယကမ္မဒွါရကထာ၌ "အယံ ဝိညတ္တိ နာမ" ဟူသောစကား၏ နောက်ဝယ် "သာ အဋ္ဌ ရူပါနိ ဝိယ" စသော စကား ရှိ၏။ ထိုစကားမှစ၍ "ဧကံ ကာယိကကရဏံ" တိုင်အောင် "သဗ္ဗံ။ပ။ဝေဒိ-တဗ္ဗံ" ဟု ဆိုသည်။] ဟိ၊ ချဲ့။ ဣဓာပိ၊ ဤ ဝစီကမ္မဒွါရ-ကထာ၌လည်း။ တိဿ၊ တိဿ။ပ။မိတ္တ၊ မိတ္တ။ ဣတိ၊ သို့။ ပက္ကောသန္တဿ၊ ခေါ်သူ၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ ဝိညတ္တိံ၊ ကို။ မနောဒွါရိကစိတ္တေန၊ ဖြင့်။ စိန္တေတွာ၊ ကြံ၍။ သော၊ ဤပုဂ္ဂိုလ်သည်။ ဣဒဉ္စိဒဉ္စ၊ ဤမည် ဤမည်သော အမှုကိုလည်း။ ကာရေတိ မညေ၊ ပြုစေလိုယောင်တကား။ ဣတိ ဇာနာတိ။

၁။ ဥပါဒိန္နကံ ဃဋ္ဋယမာနာဝ။ ။"ဥပါဒိန္န" ဟု ဆိုရာ၌ ကမ္မဇရုပ်သာရ၏။ "ဥပါဒိန္နက" ဟု ဆိုရာ၌ကား ထို ကမ္မဇရုပ်ပါရှိသော ခန္ဓာကိုယ်၌ရှိသမျှ ကမ္မဇ-စသော ရုပ် ၄-မျိုးလုံး ရ၏။ ထို ရုပ် ၄-မျိုးလုံးပင် အစဉ်အဆက် ဖြစ်၊ တည်၊ ပျက်လျက်ရှိရာ ပထဝီဓာတ် လွန်ကဲသော စိတ္တဇကလာပ် ဖြစ်ပေါ်လာသောအခါ (အိပ်ပျော်သော အခါ၌ကဲ့သို့ ငြိမ်ငြိမ်သက်သက် မဖြစ်ဘဲ) အတူပါလာသော ဝိကာရဝိညတ်၏ အစွမ်း ကြောင့် ရှိရင်းရုပ်ကလာပ် ၄-မျိုးနှင့် (အထူးအားဖြင့် ထို ၄-မျိုး၌ပါသော ပထဝီ-ဓာတ်နှင့်) ပွတ်တိုက်လျက် ဖြစ်ပေသည်။ ဟိုသို့ ပွတ်တိုက်လျက် ဖြစ်သည်နှင့် တပြိုင်နက် မာကျောသော တုတ်နှစ်ခု၏ အချင်းချင်း ထိခိုက်သောအခါ ဖြစ်လာသော အသံကဲ့သို့ သဒ္ဒရုပ်လည်း ပေါ်ထွက်လာသည်။

စ၊ ဆက်။ ကာယဝိညတ္တိ ဝိယ၊ ကာယဝိညတ်သည် ကဲ့သို့။ အယမ္ပိ၊ ဤ ဝစီ–ဝိညတ်သည်လည်း။ တိရစ္ဆာနဂတာနမ္ပိ၊ တိရစ္ဆာန်တို့၏ စိတ်၌သော်မှလည်း။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ။ ဟိ၊ မှန်။ (တနည်း) ဟိ၊ ချဲ့။ ဧဟိ၊ လာလော့။ ယာဟိ၊ သွားလော့။ ဣတိ၊ ဤသို့သော။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားရ၍။ တိရစ္ဆာနဂတာပိ၊ တိရစ္ဆာန် တို့သည်လည်း။သော၊ ဤ ပုဂ္ဂိုလ်သည်။ ဣဒံ နာမ၊ ဤမည်သော အမှုကို။ ကာရေတိ မဩ၊ ပြုစေလိုဟယောင်တကား။ ဝါ၊ ပြုစေလို၏ ဟု ထင်၏။ ဣတိ၊ သို့။ ဉတွာ။ အာဂစ္ဆန္တိ စေဝ၊ လာလည်း လာကုန်၏။ ဂစ္ဆန္တိ စ၊ သွားလည်း သွားကုန်၏။

ပန၊ ဆက်။ တေ သမုဋ္ဌာနိကကာယံ။ ပ။ န စာလေတီတိ၊ ဟူသော။ အယံ ဝါဒေါ၊ ဤဝါဒကို။ ဣဓ၊ ဤ ဝစီကမ္မဒွါရ–ကထာ၌။ န လဗ္ဘတိ၊ မရအပ်။ [“စိတ္တသမုဋ္ဌာနိကေ ပန။ ပ။ စလတိ န စလတိ” ဟူသော စကားကို ရည်ရွယ်၍ ဆိုသည်။ ထိုစကားမျိုး ဤ၌ မရနိုင်ပါ–ဟူလို။] ပုရိမ စိတ္တသမုဋ္ဌာနာယ၊ ရှေး စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်၏။ [1]ဥပတ္ထမ္ဘနကိစ္စံပိ၊ ထောက်ပံ့ခြင်းကိစ္စ သည်လည်း။ နတ္ထိ။ ပန၊ ဆက်။ တသ္မိံ ဝစီဒွါရေ၊ ၌၊ သိဒ္ဓာ၊ ထင်ရှားသော။ ယာ စေတနာ၊ သည်။ အတ္ထိ။ ယာယ၊ အကြင် စေတနာဖြင့်။ မုသာ၊ မုသား ကို။ ကထေတိ၊ ပြောဆို၏။ ပေသုညံ၊ ချောပစ် ကုန်းတိုက်ကြောင်း စကား ကို။ ကထေတိ။ ဖရုသံ၊ ကြမ်းတမ်းသော စကားကို။ ကထေတိ။ သမ္ဖံ၊ ပြိန်ဖျင်း သော စကားကို။ ပလပတိ၊ ပြောဆို၏။ မုသာဝါဒါဒီဟိ၊ မုသာဝါဒ-အစရှိ သည်တို့မှ။ ဝိရမတိ၊ ရှောင်ကြဉ်၏။ ဣဒံ၊ ဤ ၁စေတနာသည်။ ဝစီကမ္မံ နာမ၊ မည်၏။ဣတော၊ ဣဒံ ဝစီကမ္မံ နာမ–ဟူသော ဤစကားရပ်မှ။ ပရံ၊ ၌။ သဗ္ဗံ၊ သော။ကမ္မဝဝတ္ထာနဥ္စ၊ ကံကို ဒွါရဖြင့် ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းကို လည်းကောင်း။ဒွါရဝဝတ္ထာနဥ္စ၊ ဒွါရကို ကံဖြင့် ပိုင်းခြားသတ်မှတ် နာမည်တပ် ခြင်းကိုလည်းကောင်း။ ဟေဋ္ဌာ၊ အောက် ကာယကမ္မဒွါရ–ကထာ၌။ ဝုတ္တ–နယေနေဝ ဝေဒိတဗ္ဗံ။ ဣတိ၊ အပြီးတည်း။

ဝစီကမ္မဒွါရကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

၁။ ဥပတ္ထမ္ဘနကိစ္စမ္ပိ နတ္ထိ။ ။ပြောဆိုလိုသော အခါ ပထမဆုံး စိတ်ကြောင့်ဖြစ် သော ပထဝီဓာတ်လည်း အခြားပထဝီဓာတ်နှင့် အချင်းချင်း ထိခိုက်မိ၏။ ထို့ကြောင့် မထိခိုက်မိ ထိခိုက်ဖို့ရန် ထောက်ပံ့နေဖွယ်ကိစ္စ မရှိတော့။ [မူလဋီကာဆရာကား မထိ ခိုက်မိ ထောက်ပံ့နေသော ပထဝီဓာတ် ရှိသေး၏ဟု ယူလိုဟန်တူ၏။ ထို့ကြောင့် “ဥပတ္ထမ္ဘန ကိစ္စံ နတ္ထိ အတ္ထိတိ ဝိစာရေတွာ ဂဟေတဗ္ဗံ”ဟု မိန့်သည်။ထိုစကား နှင့်စပ်၍ အဓိပ္ပာယ်ကို ဋီကာနိဿယ၌ ရှုပါ။]

မနောကမ္မဒွါရကထာအဖွင့်

ဟနု၊ ကား။ (ဝစီကမ္မဒွါရ-ကထာမှတပါး မနောကမ္မဒွါရ-ကထာ ကား။) မနောကမ္မဒွါရကထာယံ၊ ၌။ (မနော၌ အပေါင်း အာခါရ၊ အစိတ် အာငမယ်-အဖြစ်ဖြင့် စပ်။) ကာမာဝစရာဒိဝသေန၊ ကာမာဝစရ-အစရှိသည်တို့၏ အပြား အားဖြင့်။ (စတုဗ္ဗိဓော၌ သရူပကျွာ ဝိသေသန-စပ်။) စတုဗ္ဗိဓော၊ သော။ မနော၊ စိတ်သည်။ မနော နာမ၊ မန-မည်၏။ တတ္ထ၊ ထို ၄-ပါးသော စိတ်တို့တွင်။ ကာမာဝစရော၊ ကာမာဝစရစိတ်သည်။ စတုပညာသဝိဓော၊ ၅၄-ပါး အပြားရှိသည်။ ဟောတိ။ ပ။ လောကုတ္တရော၊ သည်။ အဋ္ဌဝိဓော၊ ၈-ပါး အပြားရှိသည်။ (ဟောတိ။) ဣတိ၊ သို့။ သဗ္ဗောပိ၊ အလုံးစုံသော စိတ်သည်လည်း။ ဧကူန နဝုတိဝိဓော၊ တခုယုတ်ကိုးဆယ် အပြားရှိသည်။ ဟောတိ။ တတ္ထ၊ ထိုတခုယုတ်ကိုးဆယ်သော စိတ်တို့တွင်။ အယံ နာမ မနော၊ ဤမည်သော စိတ်သည်။ မနောဒွါရံ၊ မနောဒွါရသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ န ဝတ္တဗ္ဗော၊ မဆိုထိုက်။

[1]ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ အယံ နာမ စေတနာ၊ ဤမည်သော စေတနာသည်။ ကမ္မံ၊ သည်။ န ဟောတိ၊ မဟုတ်။ ဣတိ၊ သို့။ န ဝတ္တဗ္ဗာ ယထာ၊ မဆိုထိုက်သကဲ့သို့တည်း။ ဟိ၊ မှန်၏။ အန္တမသော၊ အားဖြင့်။ ပဉ္စဝိညာဏသမ္ပယုတ္တာပိ၊ ပဉ္စဝိညာဉ်နှင့်ယှဉ်သည်လည်းဖြစ်သော။ စေတနာ၊ ကို။ (တနည်း) ပဉ္စဝိညာဏသမ္ပယုတ္တာပိ စေတနာ၊ ပဉ္စဝိညာဉ်နှင့်ယှဉ်သော စေတနာကိုသော်မှလည်း။ မဟာပကရဏေ၊ ပဋ္ဌာန်းကျမ်းကြီး၌။ ကမ္မတ္တေဝ၊ ကံဟူ၍ ပင်။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြတော်မူအပ်ပြီ။ [အန္တမသော-စသော ဤဝါကျကား-

---

၁။ **ယထာ ဟိ အယံ နာမ စေတနာ။** ။ပဋ္ဌာန်း သဟဇာတကမ္မပစ္စည်း၌ စေတနာဟူသမျှကို (ဒွိပဉ္စဝိညာဉ်နှင့်ယှဉ်သော စေတနာပင် ဖြစ်စေကာမူ) ကမ္မပစ္စည်း အဖြစ်ဖြင့် ဟောတော်မူသကဲ့သို့၊ ထို့အတူ မန-ဟူသမျှကိုလည်း မနောဒွါရဟု ဆိုရသည်။ ဆက်ဦးအံ့-"အယံ နာမ စေတနာ"စသော စကားသည် ဥပမာနလည်း ဟုတ်၏။ ိုမနောဒွါရရှိသော ဒွါရဝန္တတရားကို ပြသောစကားလည်း ဟုတ်၏။ ထို့ကြောင့် မန-ဟူသမျှကို"မနောဒွါရ"ဟု ဆိုရာ၌ ထို မနနှင့်ယှဉ်သော စေတနာဟူသမျှကိုလည်း မနောကံဟု ဆို၍ ထိုကံ၏ဖြစ်ကြောင်း (ထိုကံအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသော) မနဟူသမျှကိုလည်း "မနောကမ္မဒွါရ"ဟု အပြန်အလှန် ခေါ်ဆိုရသည်ဟု မှတ်ပါ။

မှတ်ချက်။ ။ဤစကားသည် အများသုံးဖြစ်သော အဘိဇ္ဈာ အနဘိဇ္ဈာ-စသော မနောကံ၊ ထိုနှင့်ယှဉ်သော ဓိတ်-ဟူသော မနောကမ္မဒွါရကို ပြသောစကား မဟုတ်။ အများသုံးကိုကား"ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ"ဟု နောက်၌ ဆိုလတ္တံ့။

စေတနာဟူသမျှ ကံမည်ကြောင်းကို ထောက်ခံသော ဒဋ္ဌီကရဏ အပိုဝါကျ တည်း။ ဥပမာနဝါကျတွင်း၌ တိုက်ရိုက်ပါဝင်သော ဝါကျမဟုတ်။]ဝေမေဝ၊ ဤအတူသာလျှင်။ အယံ နာမ မနော၊ သည်။ မနောဒွါရံ။ န ဟောတိ၊ မဟုတ်။ ဣတိ၊ သို့။ န ဝတ္တဗ္ဗော၊ မဆိုထိုက်။

ဧတ္ထ၊ အယံ နာမ စေတနာ ကမ္မံ န ဟောတီတိ န ဝတ္တဗ္ဗာ-ဟူသော ဤစကားရပ်၌။[“ဧတ္ထ မနောဒွါရာဓိကာရေ၊ ဤမနောဒွါရ အရာ၌”ဟု ယောဇနာဖွင့်၏၊ စဉ်းစားပါလေ။] (ဧွတွာ၊ တန့်ရပ်၍။ စောဒကော၊ စောဒက ပုဂ္ဂိုလ်သည်။)အာဟ၊ ဆိုပြီ။(ကိံ၊ နည်း။) ဧတံ ကမ္မံ နာမ၊ ဤ ကံမည် သည်။ ကိံ၊ အဘယ်ကို။ ကရောတိ၊ ပြုသနည်း။ ဣတိ၊ သို့။ အာဟ၊ ဆိုပြီ။ (ဧတံ ကမ္မံ နာမ၊ မည်သည်။) အာယူဟတိ၊ ပေါင်းစုမိအောင် ပြု၏။ အဘိ-သင်္ခရောတိ၊ ပြုစီမံ၏။ ပိဏ္ဍံ၊ အပေါင်းကို။ ကရောတိ၊ ၏။ စေတေတိ၊ စေ့ဆော်၏။ ကပ္ပေတိ၊ စီမံပြုလုပ်၏။ ပကပ္ပေတိ၊ စီမံပြုလုပ်၏။ (ဣတိ၊ သို့။ အာဟ၊ ပြီ။) ဧဝံ သန္တေ၊ ဤသို့ ဖြစ်လတ်သော်။(ကမ္မစေတနာက အာယူဟန အဘိသင်္ခရဏ-စသည်ကို ပြုလတ်သော်။) ပဌမဝိညာဏစေတနာ၊ ဒွိပဉ္စဝိညာဉ်၌ ယှဉ်သော စေတနာသည်။ ကိံ၊ကို။အာယူဟတိ၊ပေါင်းစုမိအောင် ပြုသနည်း။ အဘိသင်္ခရောတိ၊ နည်း။ ပိဏ္ဍံ၊ ကို။ ကရောတိ၊ နည်း။ စေတေတိ၊ နည်း။ ကပ္ပေတိ၊ နည်း။ ပကပ္ပေတိ၊ နည်း။ ဣတိ၊ ဤကား အမေးတည်း။ [စေတနာတို့တွင် ပဉ္စဝိညာဏ-စေတနာသည် သတ္တိအညံ့ဆုံး ဖြစ်သောကြောင့် ထိုစေတနာကို မေးသည်။](ပဉ္စဝိညာဏစေတနာ၊ သည်။) သဟဇာတဓမ္မေ၊ တကွဖြစ်သော ဖဿ-အစရှိသော တရားတို့ကို။ အာယူဟတိ၊ ၏။ပ။ပကပ္ပေတိ၊ ၏။ ဟိ၊ မှန်၏။ သာပိ၊ ထို ပဉ္စဝိညာဏစေတနာ သော်မှလည်း။ သဟဇာတေ၊ တကွဖြစ်ကုန်သော။ သမ္ပယုတ္တက္ခန္ဓေ၊ ဖဿ-စသော သမ္ပယုတ်တရား အစုတို့ကို။ အာယူဟတိ[၁]၊ ၏။ပ။ပကပ္ပေတိ၊ ဣတိ၊ ဤကား အဖြေတည်း။ [သဟဇာတ-အရ ရုပ်နာမ် ၂-မျိုးလုံးနှင့် ဆိုင်ရကား ရုပ်သဟဇာတကို တားမြစ်လို၍“သမ္ပယုတ္တက္ခန္ဓေ”ဟု မိန့်သည်။]

၁။ အာယူဟတိ။ ။“အာပုဗ္ဗ+ဦဟ-ဓာတ်”ဟု ကြံကြ၏။ ဦဟ-ဓာတ်က အားထုတ်ခြင်းအနက်ကို ဟောသော်လည်း ဓာတူနံ အနေကတ္ထတ္တာနှင့်အညီ ပိဏ္ဍကရဏ-အနက်ကိုလည်း ဟောသည်။ အနေကတ္ထတ္တာ ဓာတူနံ ဦဟနံ ရာသိကရဏံတိ။-သဒ္ဒဝိဘင်း အနုဋီကာ။[ကိံ ပိဏ္ဍံ ကရောတီတိ အာယူဟနတ္ထဝသေန ပုစ္ဆတိ။-ဋီကာ။ ဤဋီကာစကားအရ“အာယူဟတိနှင့် ပိဏ္ဍံ ကရောတိသည် အနက် အဓိပ္ပာယ်တူ၏”ဟု မှတ်ပါ။ ကြွင်းသော မှတ်ဖွယ်ကို ဋီကာအဓိပ္ပာယ်၌ ပြထားပြီ။]

[၂]ဝါ ၊တနည်း။ ဣမိနာ ဝါရေန၊ ဤဝါရဖြင့်။ ("ဣမိနာ ဝါဒေန"ဟု မူကွဲရှိ၏။မနဟူသမျှကို မနောဒွါရဟု ဆိုကြောင်းဖြစ်သော ဤဝါဒဖြင့်။)ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဟိ၊ မှန်။ သဗ္ဗသင်္ဂါဟကဝသေန၊အလုံးစုံသော မနကို သိမ်းယူခြင်း၏ အစွမ်းဖြင့်။တော၊ ဤ အယံ နာမ မနော မနောဒွါရံ နှ ဟောတီတိ န ဝတ္တဗ္ဗော၊ ဟူသော စကားကို။ ဝုတ္တံ၊ဆိုအပ်ပြီ။ ပန၊စင်စစ်ကား။ ဧတ္ထ၊ ဤ မနောကမ္မဒွါရ အရာ၌။ ဣဒံ၊ ဤ ဆိုအပ်လတ္တံ့ကား။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ကြောင်း စကားတည်း။ တေဘူမကကုသလာ ကုသလော၊ ဘုံ ၃-ပါး၌ ဖြစ်သော ကုသိုလ် အကုသိုလ်ဟူသော။ ဧကူနတိံသဝိဓော၊ တခုယုတ်သုံးဆယ် အပြားရှိသော။ မနော၊ စိတ်သည်။ မနောကမ္မဒွါရံ နာမ၊ မည်၏။ ပန၊ ဆက်။ တသ္မိံ မနောဒွါရေ၊ ၌။ သိဒ္ဓါ၊ ထင်ရှားသော။ ယာ စေ-တနာ၊ သည်။(အတ္ထိ။)ယာယ၊ အကြင် စေတနာဖြင့်။အဘိဇ္ဈာ။ပ။ ဒဿနာနိ စေဝ၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒဿန တို့ကိုလည်းကောင်း။ အန-ဘိဇ္ဈာ။ပ။ ဒဿနာနိ စ၊ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒဿန တို့ကိုလည်း ကောင်း။ ဂဏှာတိ၊ ယူ၏။ ဣဒံ၊ ဤ စေတနာသည်။ မနောကမ္မံ နာမ၊ မည်၏။ (ဣတိ ဣဒံ၊ ဤ ဆိုအပ်ပြီးကား။ သန္နိဋ္ဌာနံ၊ တည်း။) ဣတော၊ ဣဒံ မနောကမ္မံ နာမ-ဟူသော ဤစကားရပ်မှ။ ပရံ။ပ။ ဝေဒိတဗ္ဗံ။ ဣတိ၊ အပြီးတည်း။ မနောကမ္မဒွါရကထာ နိဋ္ဌိတာ။ ဣမာနိ၊ ဤသည်တို့ကား။ တီဏိ၊ ကုန်သော။ ကမ္မာဒွါရာနိ နာမ၊ ကမ္မဒွါရတို့ မည်၏။

ကမ္မကထာအဖွင့်

ဣဒါနိ၊ ၃-ပါးသော ကမ္မဒွါရတို့ကို အကျယ်ပြပြီးရာ ယခုအခါ၌။(ဝိတ္ထာရ ကထာ ဟောတိ-၌ စပ်။)တီဏိ၊ ကုန်သော။ ယာနိ ကမ္မာနိ၊ တို့ကို။ ထပေတွာ၊

[၂]။ ကိံ ဝါ။ပ။မနောကမ္မဒွါရံ နာမ။ ။စိတ်အားလုံးကို မနောကမ္မဒွါရဟု ဆိုကြောင်းဖြစ်သော ဝါဒကို ပယ်၍ တေဘူမကကုသလာကုသလ-မနကို မနောဒွါရဟု တနည်းပြလိုသောကြောင့်"ကိံ ဝါ"အစရှိသောပါဌ်ကို မိန့်။ ဤနည်း၌ တေဘူမက ကုသိုလ် အကုသိုလ်ကို မနောကမ္မဒွါရဟု ဆိုခြင်းသည် အဘိဇ္ဈာ စသော အကုသိုလ် မနောကံ၊အနဘိဇ္ဈာ-စသော ကုသိုလ်မနောကံတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ရိုးရာ ထုံးစံ ကျ၏၊ ထို့ကြောင့်"ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ"ဟု မိန့်သည်။ [တေဘူမက ကုသိုလ် အကုသိုလ်ကိုသာ ယူ၍ လောကုတ္တရာမဂ် ကုသိုလ်ကို မယူခြင်းမှာ ထိုမဂ်ကုသိုလ်က ကမ္မက္ခယကရ=ကံကို ကုန်ခန်းအောင် (အကျိုးမပေးနိုင်အောင်) ပြုတတ်သော တရား ဖြစ်သောကြောင့်တည်း။ကံ၏အဖော်သဟဲဖြစ်သော အဝိဇ္ဇာတဏှာကို မဂ်ကသတ်လိုက် လျှင် ကံလည်း အကျိုးမပေးနိုင်သောကြောင့် ကံကို ကုန်ခန်းအောင် ပြုရာရောက်သည်။

ချန်ထားခဲ့၏။ (မာတိကာတုန်းက အစအဆုံးဖြစ်သော်လည်း အကျယ်မချဲ့သေးပဲ ချန်ထားခဲ့၏။) ဣမာနိ ကမ္မဒွါရာနိ၊ ဤ ကမ္မဒွါရတို့ကို။ (မယာ၊ သည်။) ဒဿိတာနိ၊ အကျယ် ပြအပ်ကုန်ပြီ။ တာနိ၊ ထို ၃-ပါးသော ကံတို့ကို။ အာဒိံ ကတွာ၊ အစပြု၍။ အဝသေသဿ၊ ကြွင်းသော။ ဒွါရကထာယ၊ ၏။ မာတိကာဌပနဿ၊ မာတိကာကို ထားကြောင်းဖြစ်သော စကားရပ်၏။ ဝိတ္ထာရကထာ၊ အကျယ်ဖြစ်သော စကားသည်။ ဟောတိ၊ ဖြစ်၏။ (ဖြစ်တော့လတ္တံ့။) ဟိ၊ ချဲ့။ ကမ္မာနိ၊ တို့သည်။ ကာယကမ္မံ၊ ကာယကံလည်းကောင်း။ပ။မနောကမ္မံ၊ လည်းကောင်း။ ဣတိ၊ သို့။ တီဏိ၊ ၃-ပါးတို့တည်း။ ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ဧတံ ကမ္မံ နာမ၊ ဤ ကံမည်သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤကား အမေးတည်း။ (ဧတံ ကမ္မံ နာမ၊ မည်သည်။) စေတနာ စေဝ၊ စေတနာ လည်းကောင်း။ ဧကစ္စေ၊ အချို့ကုန်သော။ စေတနာသမ္ပယုတ္တကာ၊ စေတနာနှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ တရားတို့လည်းကောင်းတည်း။ [စေတနာ သမ္ပယုတ် တရားအားလုံးကို ကံ-ဟု မခေါ်ရ။ နောက်၌ လာမည့် ဗောဇ္ဈင် မဂ္ဂင်တရား၊ အဘိဇ္ဈာ-စသော၊ အနဘိဇ္ဈာ-စသော စေတနာသမ္ပယုတ်တရား တို့ကိုသာ ကံ-ဟု ခေါ်ရသောကြောင့်"ဧကစ္စေ" ဟု ဝိသေသနပြုသည်။]

တတ္ထ၊ ထို စေတနာ စေတနာသမ္ပယုတ္တဓမ္မ တို့တွင်။ စေတနာယ၊ ၏။ ကမ္မဘာဝေ၊ ကံမည်သည်၏ အဖြစ်၌။ ဣမာနိ၊ ဤ ဆိုအပ်လတ္တံ့ တို့ကား။ သုတ္တာနိ၊ သက်သေခံ သုတ်တို့တည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ ငါသည်။ [၁]စေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ [၂]စေတယိတွာ၊ ပုရိမ စေတနာဖြင့် စေ့ဆော်ပြီး၍။ ကာယေန၊ ကာယဒွါရဖြင့်

၁။ စေတနာဟံ။ပ။ကမ္မံ။ ။စေတနာ၏ ဝစနတ္ထ-စသည်ကို စေတနာ စေတသိက်၌ ပြလတ္တံ့။ ထို စေတနာသည်ပင် "ကရီယတိ ဧတေနာတိ ကမ္မံ"နှင့်အညီ ထိုထို ကိုယ်မှု နှုတ်မှု စိတ်မှုကို ပြုကြောင်းဖြစ်သောကြောင့်ကမ္မလည်း မည်၏။ မှန်၏—စေတနာသည် ထိုထို ကိုယ်မှုစသည်ကို ပြုရာ၌ အခြား စေတသိက်များထက် ၂-ဆလောက် ဗျာပါရရှိ၏။ ထိုသို့ ဗျာပါရ အားကြီးသောကြောင့်ပင် စေတနာကို ကမ္မ (အမှုသည်၊လက်သည်) ဟု အသိအမှတ် ပြုရသည်။

၂။ စေတယိတွာ ကမ္မံ ကရောတိ။ ။ရှေ့၌ စေတနာနှင့် ကမ္မကို အရတူထား၍ "စေတနံ ကမ္မံ ဝဒါမိ"ဟု မိန့်တော်မူပြီးလျှင် ဤ၌"စေတနာဖြင့် စေ့ဆော်ပြီး၍ ကာယ-စသည်ဖြင့် ကံကို ပြု၏" ဟု မိန့်တော်မူပြန်၏။ ဤစကား၌ စေတယိတွာ-ဟူသော ပုဗ္ဗ-ကာလကြိယာ-အရ စေတနာကိုရ၍ "ကမ္မံ ကရောတိ"ဟူသော အပရကာလကြိယာ-အရ ပြုအပ်သော ကံကို ရသောကြောင့် စေတနာနှင့် ကံသည် ကာ ျချင်း မတူရကား အဘယ်သို့ မှတ်ရပါမည်နည်း—ဟု မေးဖွယ်ရှိ၏။

သော်လည်းကောင်း။ ဝါစာယ၊ ဝစီဒွါရဖြင့်သော်လည်းကောင်း။ မနသာ၊ မနောဒွါရဖြင့်သော်လည်းကောင်း။ ကမ္မံ။ သန္နိဋ္ဌာန-ကံကို။ ကရောတိ၊ ပြု၏။ -[ဆက္ကအင်္ဂုတ္တိုရ်၊မဟာဝဂ္ဂ၊ နိဗ္ဗေဓိက—သုတ်။]

ဟိ၊ မှန်၏။ အာနန္ဒ။ ¹ကာယေ ဝါ၊ ကာယဝိညတ်ဟူသော ကာယဒွါရသည် မူလည်း။ သတိ၊ ထင်ရှားရှိလတ်သော်။ (မချုပ်စေအပ်သေးသည့် အတွက် ရှိလတ်သော်။) ကာယသဉ္စေတနာဟေတု²၊ ကာယသဉ္စေတနာ ဟူသော အကြောင်းကြောင့်။ (ကာယဝိညတ်ကို ဖြစ်စေတတ်သော စေတနာဟူသော အကြောင်းကြောင့်။) အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သုခံ၊ သုခသည်လည်းကောင်း။ ဝါ၊ ကောင်းသော ဣဋ္ဌအကျိုးသည်လည်းကောင်း။ ဒုက္ခံ၊ ဒုက္ခသည်လည်းကောင်း။ ဝါ၊ မကောင်းသော အနိဋ္ဌအကျိုးသည် လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ၏။ အာနန္ဒ။ ဝါစာယ ဝါ၊ ဝစီဝိညတ်ဟူသော ဝစီဒွါရသည် မူလည်း။ သတိ။ပ။ ဥပ္ပဇ္ဇတိ၊ အာနန္ဒ။ မနေ ဝါ၊ မနောဒွါရသည် မူလည်း။ သတိ။ပ။ ဥပ္ပဇ္ဇတိ။—[နိဒါနသံယုတ်၊ ဒသဗလဝဂ်၊ ဘူမိဇ—သုတ်။]

အဖြေကား။ ။''စေတယိတွာ''အရ ရှေ့ဖြစ်သော စေတနာ ရ၍ ''ကမ္မံ'' အရ ဆုံးဖြတ်ချက် ချကြောင်း ကံရ၏။ ဥပမာ—ရှေ့အဖို့၌ သူ့အသက် သတ်ဖို့ရန် လှုံ့ဆော်သော ပုဗ္ဗစေတနာ ဖြစ်ပြီး၍ နောက်အဖို့၌ သတ်မှုကိစ္စ (သတ်ခြင်းဟူသော ကာယကံ) ဖြစ်၏။ ထိုသတ်မှုကိစ္စလည်း စေတနာ ရှေ့သွားရှိသောကြောင့် စေတနာသဘော ရှိသည် သာဖြစ်၏။ ဤသို့လျှင် ရှေ့ စေတနာနှင့် နောက် စေတနာသာ ကွဲပြား၍ တရားကိုယ် သဘောမှာ စေတနာချည်းသာ ဖြစ်သောကြောင့် ''စေတနံ ကမ္မံ ဝဒါမိ=စေတနာကို ကံဟု ဟောတော်မူသည်။''ဟု မိန့်တော်မူပါသည်။ [မူလဋီကာ၌ ပထမနည်း အဓိပ္ပာယ် တည်း၊ နောက်တနည်းကို ဋီကာနိဿယ၌ ရှုပါ။]

၁။ ကာယေ ဝါ ဟိ သတိ။ ။သတိကို ''ဓရမာနေ'' ဟု ဋီကာဖွင့်၏။ အသမာတ်၏ အနက်ကို ဖွင့်ခြင်းပင်တည်း။ ''အနိရောဓိတေ ဝါ'' ဟု တနည်း ဖွင့်ပြန်၏။ အရဟတ္တမဂ်ဖြင့် မပယ်အပ်သေးသောကြောင့် ''သတိ-ထင်ရှားရှိသည်''ဟူလို။ကာယ—ဝိညတ် စသည်ကို ဖြစ်စေတတ်သော စိတ်အား ကိလေသာသည် ပကတူပနိဿယဖြင့် ဖြစ်စေ၊ သဟဇာတ—စသောအားဖြင့် ဖြစ်စေ ကျေးဇူးပြုနေ၏။ ထို ကိလေသာကို မပယ်ရသေးခြင်းကို အကျိုးကာယပေါ် တင်စား၍ ''ကာယေ သတိ-ကာယဝိညတ် မချုပ်စေအပ်သေးပဲ ထင်ရှားရှိနေသေးလျှင်'' ဟု မိန့်တော်မူသည်။ [ထို ကာယဝိညတ်ကို ချုပ်ခစပြီးသော ရဟန္တာ၌ကား သုခ ဒုက္ခ အကျိုးပေးမည့် ကာယသဉ္စေတနာ မဖြစ် တော့။]

၂။ ကာယသဉ္စေတနာ ဟေတု။ ။[ကာယသမုဋ္ဌာပိကာ စေတနာ ကာယသဉ္စေတနာ။—ဋီကာ။] ကာယသဉ္စေတနာကြောင့် သုခ ဒုက္ခအကျိုးဖြစ်လျှင် ထိုကာယသဉ္စေတနာသည် သုခ ဒုက္ခ (ကောင်းကျိုး ဆိုးကျိုး) ဖြစ်စေတတ်သော အကြောင်းကံ

ဘိက္ခဝေ၊ တို့။ တိဝိဓာ၊ သော။(ပါဏာတိပါတ-စသော အားဖြင့် ၃-ပါး အပြားရှိသော။) ကာယသဉ္စေတနာ၊ ကာယသဉ္စေတနာသည်။ (ကာယ-ဝိညတ်ကို ဖြစ်စေတတ်သော စေတနာသည်။) အကုသလံ၊ သော၊ ကာယကမ္မံ၊ သည်။ (ဟုတ္တာ။) ဒုက္ခုဒြယံ (ဒုက္ခုန္ဒြယံ)[၁]၊ ဒုက္ခကို တိုးပွားစေတတ်သည်။ ဒုက္ခဝိပါကံ၊ ဒုက္ခအကျိုးရှိသည်။ ဝါ၊ မကောင်းသော အနိဋ္ဌအကျိုးရှိသည်။ (ဟောတိ။)ဘိက္ခဝေ၊တို့။ စတုဗ္ဗိဓာ၊ သော။ (မုသာဝါဒ-စသော အားဖြင့် ၄-ပါးအပြားရှိသော။)ဝစီသဉ္စေတနာ၊သည်။ဝါ၊ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာသည်။ပ။ဘိက္ခဝေ၊တို့။ တိဝိဓာ၊ သော။ (အဘိဇ္ဈာ စသော အားဖြင့် ၃-ပါး အပြားရှိသော။) မနောသဉ္စေတနာ၊သည်။(မနောဒွါရကို ဖြစ်စေတတ်သော စေတနာသည်။)။ပ။ ဒုက္ခဝိပါကံ, ဟောတိ။ ဘိက္ခဝေ၊တို့။ တိဝိဓာ၊သော။ (ပါဏာတိပါတဝိရတိ စသောအားဖြင့် ၃-ပါး အပြားရှိသော။) ကာယသဉ္စေတနာ၊သည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ သည်။(ဟုတ္တာ)။ သုခုဒြယံ (သုခုန္ဒြယံ)၊ သုခကို တိုးပွားစေတတ်သည်။ သုခဝိပါကံ။သုခအကျိုးရှိသည်၊ ဝါ၊ ကောင်းသော ဣဋ္ဌအကျိုးရှိသည်။ ဟောတိ၊ ဘိက္ခဝေ။စတုဗ္ဗိဓာ၊ သော။ (မုသာဝါဒါဝိရတိ စသော အားဖြင့် ၄-ပါး အပြားရှိသော။) ဝစီသဉ္စေတနာ၊သည်။ပ။ဘိက္ခဝေ။ တိဝိဓာ၊သော။ (အနဘိဇ္ဈာ စသော အားဖြင့် ၃-ပါးအပြားရှိသော။) မနောသဉ္စေတနာ၊သည်။ ။ပ။ သုခဝိပါကံ ဟောတိ။-[ကထာဝတ္ထု၊အဋ္ဌမဝဂ်၊ ရူပံကမ္မန္တိကထာ။]

အာနန္ဒ၊အာနန္ဒာ။ သမိဒ္ဓိ၊သမိဒ္ဓိ မည်သော။ အယံ မောဃပုရိသော၊ဤ အချီးနှီးယောကျ်ားသည်။ ပေါဋလိပုတ္တဿ၊ ပေါဋလိပုတ္တမည်သော။ ပရိ-

---

ဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ''ကာယေ ဝါ ဟိ'' စသော ပါဠိတော်ကို စေတနာ၏ ကံအဖြစ်ကိုပြသော သာဓက-ဟု သိရသည်။

၁။ ဒုက္ခုဒြယံ ဒုက္ခုန္ဒြယံ။ ။''ဒုက္ခ+ဥဒယ'' မှ ဒကို ဒြပြု၍ ''ဒုက္ခုဒြယံ'' ကို ပါဠိမှန် ဟု ရှေးနိဿယ၌ ဆုံးဖြတ်၏၊ ''ဒုက္ခိန္ဒြိယံ၊ ဒုက္ခုန္ဒြိယံ'' ဟူသော ပါဠိများကို ပါဠိပျက်ဟု ဆို၏။ သို့သော် ဥပုဗ္ဗ၊ အယ (ဣ) ဓာတ်သည် ''တိုးပွားသော၌ဖွာ-တိုးပွားခြင်း'' ဟူသော အနက်ကိုသာ ဟော၏။ ''တိုးပွားစေ'' ဟူသော သကာရိတ-အနက်ကို မဟောနိုင်။ ''ဥန္ဒြယံ'' ကား ''ဥဒိ-ပသဝနေ (တိုးပွားခြင်း) '' ဟူသော ဓာတ်နောင် ကာရိတ်ဏယပစ္စည်း၊ နိဂ္ဂဟိတ်လာ၍ ပြီး၏။ ''ဒုက္ခ+ဥန္ဒြယံ-ဒုက္ခကို+တိုးပွားစေနိုင်သော'' ဟု လည်း အနက်ထွက်နိုင်၏။ ထို့ကြောင့် ''ဒုက္ခုန္ဒြယံ'' သာ ပါဠိမှန် ဟု ထင်၏။ [''ဒုက္ခုန္ဒြိယံ''မူကွဲလည်း ဒုက္ခုန္ဒြယံမှ ပျက်လာဟန်တူ၏။''သုခု-ဒြယာနီတိ သုခဖလာနိ'' ဟူသော အခြားနေရာ၌လည်း ''သုခုန္ဒြယာနိ'' ဟုပင် ရှိသင့်မည်ထင်သည်။]

ဗ္ဗာဇကဿ၊ပရိဗ္ဗိုဇ်အား။ (ဗျာကရေယျ-၌ စပ်။)ဝါ၊သည်၊ (ပုစ္ဆေ-၌-စပ်။) ဝေံ၊သို့။ (ပါဠိတော်၌ ပြခဲ့သည့်အတိုင်း။) ပုစ္ဆော၊မေးအပ်သည်။ (သမာ-နော။ ၂ဝေံ၊သို့။ သစေ ဗျာကရေယျ၊အကယ်၍ ဖြေဆိုနိုင်အံ့။ (ကိ ၊အဘယ် သို့ ဖြေဆိုရာသနည်း။)အာဝုသော ပေါဋ္ဌလိပုတ္တ၊ငါ့ရှင် ပေါဋ္ဌလိပုတ္တ။ သဉ္စေ-တနိယံ၊ သဉ္စေတနာ သဘောရှိသော။ ကမ္မံ၊ကံကို။ ကာယေန၊ ကာယဒွါရဖြင့် လည်းကောင်း။ ဝါစာယ၊ ဖြင့်လည်းကောင်း။ မနသာ၊ မနောဒွါရဖြင့်လည်း ကောင်း။ သုခဝေဒနိယံ၊ သုခဝေဒနာရှိသော၊ ကမ္မံ၊ ကံကို။ ကတွာ၊ ပြုပြီး၍။ သော၊ထို ပုဂ္ဂိုလ်သည်။ သုခံ၊ သုခဝေဒနာကို။ ဝေဒယတိ၊ ခံစားရ၏။ပ။ အဒုက္ခမသုခဝေဒနိယံ၊ အဒုက္ခမသုခဝေဒနာရှိသော။ ကမ္မံ၊ ကို။ကတွာ။သော၊ ထို ပုဂ္ဂိုလ်သည်။ အဒုက္ခမသုခံ၊ အဒုက္ခမသုခဝေဒနာကို။ ဝေဒယတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ အာနန္ဒ၊ အာနန္ဒာ။ ဗျာကရမာနော၊ ဖြေဆိုလတ်သော်။ ဝါ၊ သော။ သမ္မဒ္ဒိ၊ မည်သော။ မောဃပုရိသော၊ သည်။ ပေါဋ္ဌလိပုတ္တဿ၊ မည် သော။ ပရိဗ္ဗာဇကဿ၊ အား။ သမ္မာ၊ ကောင်းစွာ။ ဗျာကရမာနော၊ ဖြေဆို သည်။(ဟုတွာ။) ဗျာကရေယျ၊ ဖြေဆိုသူမည်ရာ၏။ ဣတိ ဣမာနိ၊ ဤသည် တို့ကား။ တာဝ၊စေတနာသမ္ပယုတ္တဓမ္မတို့၏ ကံအဖြစ်မှ ရှေးဦးစွာ။ စေတနာ-ယ၊ ၏။ ကမ္မဘာဝေ၊ ကံမည်သည်၏ အဖြစ်၌။ သုတ္တာနိ၊ သက်သေခံဖြစ်သော ပါဠိတော်တို့တည်း။

၁။ ဝေံ ပုစ္ဆော။ ။[စာအုပ်များ၌ "ပါဋ္ဌလိပုတ္တဿ" ဟု ရှိ၏။ ဥပရိပဏ္ဏာ၊ မဟာ ဝိဘင်္ဂ သုတ်ရင်း၌ "ပေါဋ္ဌလိပုတ္တဿ" ဟု ရှိ၏။] ပေါဋ္ဌလိပုတ္တ ပရိဗ္ဗိုဇ်သည် အရှင် သမိဒ္ဓိအား "သဉ္စေတနိကံ အာဝုသော သမိဒ္ဓိ ကမ္မံ ကတွာ ကာယေန ဝါစာယ မနသာ ကိံ သော ဝေဒယတီတိ" ဟု မေးသည်။ ထိုသို့မေးသောအခါ အရှင်သမိဒ္ဓိသည် "သဉ္စေတနိကံ အာဝုသော ပေါဋ္ဌလိပုတ္တ ကမ္မံ ကတွာ ကာယေန ဝါစာယ မနသာ ဒုက္ခံ သော ဝေဒယတီတိ-ငါ့ရှင် ပေါဋ္ဌလိပုတ္တ.... သဉ္စေတနာသဘောရှိသော ကံ ကို ကာယဒွါရဖြင့်လည်းကောင်း ဝစီဒွါရဖြင့်လည်းကောင်း မနောဒွါရဖြင့် လည်းကောင်း ပြုပြီး၍ ထိုသူသည် ဒုက္ခကို ခံစားရ၏" ဟု ဖြေ၏။ ထိုအဖြေ၌ သုခဝေဒနာကို ခံစားရ ပုံ၊အဒုက္ခမသုခဝေဒနာကို ခံစားရပုံများ မပါဝဲ ဖြေသောကြောင့် "မောဃပုရိသ" ဟု ဘုရားရှင်၏ အကဲ့ရဲ့ကို ခံတော်မူရသည်။

၂။ ဝေံ ဗျာကရေယျ။ ။သဉ္စေတနိယံ အာဝုသော ပေါဋ္ဌလိပုတ္တ ကမ္မံ ကတွာ ကာယေန ဝါစာယ မနသာ သုခဝေဒနိယံ သုခံ သော ဝေဒယတိ-သဉ္စေတနိယ သုခ ဝေဒနိယကံကို ပြုလျှင် ထိုသူသည် သုခဝေဒနာကို ခံစားရ၏။ပ။ ဒုက္ခဝေဒနိယကံကို ပြုလျှင် ထိုသူသည် ဒုက္ခဝေဒနာကို ခံစားရ၏။ အဒုက္ခမသုခဝေဒနိယ-ကံကို ပြုလျှင် ထိုသူသည် အဒုက္ခမသုခဝေဒနာကို ခံစားရ၏။ ဤသို့ ခွဲခြား၍ဖြေမှ မှန်မှန်ကန်ကန် ဖြေရာရောက်သည်။ [သဉ္စေတနိယံကို "သဉ္စေတနာသဘာဝဝန္တံ" ဟုဋီကာဖွင့်၏။ထိုသို့ ဖွင့်သဖြင့် အဿတ္ထိအနက်၌ ဏိကပစ္စည်းသက်၍ ကကို ယပြုသောပုဒ်ဟု သိစေသည်။]

ပန၊ ကား။ စေတနာသမ္ပယုတ္တဓမ္မာနံ၊ စေတနာနှင့်ယှဉ်သော တရားတို့၏။ ကမ္မဘာဝေါ၊ ကံမည်ကုန်သည်၏ အဖြစ်ကို။ ကမ္မစတုက္ကေန၊ ကမ္မစတုက္ကဖြင့်။ ဒီပိတော၊ ရှေးဆရာတို့ ပြအပ်ပြီ။ ဟိ၊ ချဲ့။ စတ္တာရိမာနိ ဘိက္ခဝေ။ပ။ကမ္မက္ခယာယ သံဝတ္တတီတိ၊ ဟူသော။ တံ(သုတ္တံ)၊ ဤပါဠိကို။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ယာနိ ကမ္မာနိ၊ တို့ကို။ မယာ၊ သည်။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာ၊ ထူးသော ဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒိတာနိ၊ အပြားအားဖြင့် သိစေတော်မူအပ်ကုန်ပြီ။(ဟာနိ ကမ္မာနိ။) ဣမာနိ စတ္တာရိ၊ ဤဆိုအပ်လတ္တံ့သော ၄-ပါးတို့တည်း။ ကတမာနိ စတ္တာရိ၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ။ ကဏှံ၊ မည်းညစ်သော။ ကဏှဝိပါကံ၊ မည်းညစ်သော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ဘိက္ခဝေ။ သုက္ကံ၊ ဖြူစင်သော။ သုက္ကဝိပါကံ၊ ဖြူစင်သော အကျိုးရှိသော။ ကမ္မံ အတ္ထိ၊ ဘိက္ခဝေ။ ကဏှသုက္ကံ၊ မည်းညစ် ဖြူစင်ရောသော။ ကဏှသုက္ကဝိပါကံ၊ မည်းညစ် ဖြူစင်ရောသော အကျိုးရှိသော။ ကမ္မံ အတ္ထိ၊ ဘိက္ခဝေ။ အကဏှအသုက္ကံ၊ မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်း မဟုတ်သော။ အကဏှအသုက္ကဝိပါကံ၊ မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်းမဟုတ် အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ (သမာနံ၊ ဖြစ်ပါလျက်။) ကမ္မက္ခယာယ၊ ကံ၏ ကုန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်သော။ ကမ္မံ အတ္ထိ၊ ဘိက္ခဝေ အကဏှအသုက္ကံ အကဏှအသုက္ကဝိပါကံ။ ကမ္မံ၊ သည်။(သမာနံ။)ကမ္မက္ခယာယ၊ ငှာ။ သံဝတ္တတိ၊ သော။ ကမ္မံ၊ သည်။ ကတမံ စ၊ အဘယ်နည်း။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ လည်းကောင်း။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ လည်းကောင်း။ (ဣတိ၊ သို့။) သတ္တ၊ ကုန်သော။ ယဒိဒံ(ယေ ဣမေ)ဗောဇ္ဈင်္ဂါ၊ အကြင် ဗောဇ္ဈင်တို့သည်။(သန္တိ) ဘိက္ခဝေ။ ဣဒံ၊ ဤဗောဇ္ဈင် ၇-ပါးကို။ အကဏှအသုက္ကံ အကဏှအသုက္ကဝိပါကံ ကမ္မံ(သမာနံ) ကမ္မက္ခယာယ။ သံဝတ္တတိ၊ သော။ကမ္မံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဗောဇ္ဈင်သုတ်မှတပါး မဂ္ဂင်သုတ်ဝယ် လိုရင်းပါဠိကို ပြလို၍ "ကတမဥ္စ" စသည်မိန့်။]

၁။ **ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။** ။အချို့စာအုပ်၌"ကမ္မံ"မပါ။ "ကမ္မက္ခယာယ သံဝတ္တတိ"ဟုသာ ရှိ၏။ နိဿယ၌"ကမ္မံ"ပါသော စာအုပ်အတိုင်း ပေးထားသည်။သံဝတ္တတိကိုလည်း"မာခလိ၊အညာသိ"တို့ကဲ့သို့ နာမ်ဝိဘတ် သက်ထားသော အာချာတ်နာမ် ဟု ကြံသည်။နိဿယမှ တနည်း အနက်ပေးပုံကား-ဘိက္ခဝေ၊ တို့။ ယံ ကမ္မံ၊သည်။ ကမ္မက္ခယာယ၊ ငှာ။ သံဝတ္တတိ။ အကဏှအသုက္ကံ အကဏှအသုက္ကဝိပါကံ။ တံ ကမ္မံ၊ သည်။ အတ္ထိ။ ဤသို့သော်လည်း ပေးနိုင်၏။ ဆိုလိုရင်းကား-လောကုတ္တရာမဂ်

ဘိက္ခဝေ အကဏှအသုက္ကံ။ပ။သံဝတ္တတိ၊ သော။ ကမ္မံ၊ သည်။ ကကမဠု၊ နည်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်ပင်တည်း။ သေယျထိဒံ၊ အရိယ အဋ္ဌင်္ဂိကမဂ်ဟူ သည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ လည်းကောင်း။ပ။သမ္မာသမာဓိ၊ လည်း ကောင်းတည်း။ ဘိက္ခဝေ။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးကို။ အကဏှအသုက္ကံ။ပ။ သံဝတ္တတိ၊ သော။ ကမ္မံ၊ ဟူ၍။ ဝုစ္စတိ။ ဧဝံ၊ ဤသို့လျှင်။ ဗောဇ္ဈင်္ဂမဂ္ဂင်-ပဘေဒတော၊ ဗောဇ္ဈင် မဂ္ဂင်တို့၏ အပြားအားဖြင့်။ ပန္နရသ၊ ၁၅ ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤ တရားတို့ကို။ ကမ္မစတုက္ကေန၊ ဖြင့်။ ဒီပိတာ၊ ရှေးဆရာတို့ ပြအပ်ကုန်ပြီ။ ပန၊ ဆက်။ အဘိဇ္ဈာ၊ လည်းကောင်း။ပ။မိစ္ဆာဒိဋ္ဌိ၊ လည်း ကောင်း။(အကုသိုလ် မနောကံ ၃-ပါးတည်း။)အနဘိဇ္ဈာ၊ လည်းကောင်း။ပ။ သမ္မာဒိဋ္ဌိ၊ လည်းကောင်း။(ကုသိုလ် မနောကံ ၃—ပါးတည်း။)ဣတိ၊ သို့။ ဆဟိ၊ ၆ ပါးကုန်သော။ ဣမေဟိ၊ ဤတရားတို့နှင့်။ သဒ္ဓိံ။ ကေဝိသတိ၊ ၂၁ ပါးကုန်သော။ စေတနာသမ္ပယုတ္တကာ၊ စေတနာနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

တတ္ထ၊ ထို ဗောဇ္ဈင် မဂ္ဂင်တို့တွင်။ [“တတ္ထ တေသု စေတနာ သမ္ပယုတ္တက ဓမ္မေသု”ဟု ယောဇနာစွဲသည်။ စေတနာနှင့်ယှဉ်သော ဗောဇ္ဈင် မဂ္ဂင်တို့တွင် -ဟူလို။] လောကုတ္တရမဂ္ဂေါ၊ လောကုတ္တရာမဂ်သည်။ဘာဇာပိယမာနော၊ ကပ် ဝင်စေအပ်သော်။ ကာယကမ္မာဒီနိ၊ ကာယကံ-အစရှိကုန်သော။ တီဏိ— ကုန်သော။ ကမ္မာနိ၊ ကံတို့သို့။ ဘဇတိ၊ ကပ်ဝင်၏။[လောကီကမ္မကထာ၌ လောကုတ္တရာမဂ်သည် တိုက်ရိုက်အားဖြင့် မပါဝင်နိုင်သော်လည်း သွင်းယူလျှင် ၃-ပါးသောကံတို့သို့ ကပ်ဝင်သည်—ဟူလို။] ဟိ၊ ချဲ့။ ကာယေန၊ ကာယဒွါရ ဖြင့်။ ယံ ဒုဿီလျံ၊ အကြင် သီလမရှိသူ၏ အဖြစ်ကို။ အဇ္ဈာစရတိ၊ လွန်မိုး၍ ကျင့်၏။ ဝါ၊ လွန်ကျူး၏။ တမှာ၊ ထို ဒုဿီလျမှ။ သံဝရော၊ စောင့်စည်းခြင်း ကို။ ဝါ၊ စောင့်စည်းကြောင်းဖြစ်သော သမ္မာကမ္မန္တဝိရတိကို။ ကာယိကော၊ ကာယဒွါရ၌ဖြစ်၏ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဝါစာယ၊ ဝစီဒွါရဖြင့်။ ယံ ဒုဿီလျံ၊ ကို။ အဇ္ဈာစရတိ။ တမှာ၊ ထို ဒုဿီလျမှ။ သံဝရော၊ ကို။ ဝါ၊

ဟူသော ကံသည် ကံဖြစ်သော်လည်း လောကီကံတို့ကို ကုန်အောင်ပြုတတ်သောကြောင့် ကဏှ-သုက္က မဟုတ်။အကဏှ အသုက္က အကျိုးကိုပေးသော ကံတမျိုးဖြစ်သည်-ဟူလို။

မှတ်ချက်။ ။စတုက္ကအင်္ဂုတ္တိုရ်—ကမ္မဝဂ် ဗောဇ္ဈင်သုတ်-ပါဠိတော်၌ “ကတမဉ္စ ဘိက္ခဝေ ကမ္မံ ကဏှံ ကဏှဝိပါကံ”စသည်ဖြင့် အစဉ်အတိုင်း ပုဒ္ဓာထုတ်၍ အဖြေရှိ၏။ ဤ၌ကား ပေယျာလဖြုပ်၍ စတုတ္ထကံအတွက်သာ ပုဒ္ဓာထုတ်သည်။

စောင့်စည်းကြောင်းဖြစ်သော သမ္မာဝါစာ မဂ္ဂင်ကို။ ဝါစသိကော၊ ဝစီဒွါရ၌ ဖြစ်၏ဟူ၍။ ဝေဒိတဗ္ဗော။ ဣတိ၊ ဤသို့လျှင်။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တ မဂ္ဂင်သည်။ ကာယကမ္မံ၊ ကာယကံတည်း။ သမ္မာဝါစာ၊ သမ္မာဝါစာ မဂ္ဂင်သည်။ ဝစီကမ္မံ၊ ဝစီကံတည်း။ ဧတေသံ ဒွယေ၊ ဤ သမ္မာကမ္မန္တ သမ္မာဝါစာ မဂ္ဂင် ၂-ပါး အပေါင်းကို။ ဂဟိတေ၊ ယူအပ်ပြီးသော်။ သမ္မာအာဇီဝေါ၊ သည်။ တပ္ပက္ခိကတ္တာ၊ ထို အဖို့၌ ပါဝင်သည်၏ အဖြစ်ကြောင့်။ ဂဟိတောဝ၊ ယူအပ်ပြီးတော့သည်သာ။ ဟောတိ။[အာဇီဝဟောတုကိုင့်သော ဒုသီလျမှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝမဂ္ဂင်ဖြစ်သည်—ဟူလို။]

ပန၊ ဆက်။ မနေန၊ မနောဒွါရဖြင့်။ ယံ ဒုသီလျံ အဇ္ဈာစရတိ၊တမှာ။ သံဝရော၊ ကို။ ဝါ၊ စောင့်စည်းကြောင်းဖြစ်သော မဂ္ဂင်ကို။ မာနသိကော၊ မနောဒွါရ၌ ဖြစ်၏ဟူ၍။ ဝေဒိတဗ္ဗော။ သော၊ ထို မာနသိကသံဝရသည်။ ဒိဋ္ဌိ။ပ။သမာဓိဝသေန၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့၏ အပြားအားဖြင့်။ ပဉ္စဝိဓော၊ ၅-ပါး အပြားရှိသည်။ ဟောတိ။[ဝိရတိ ၃-ပါးမှတပါး ကျန် ၅-ပါးကို ဆိုသည်။] ပဉ္စဝိဓောပိ၊ လည်းဖြစ်သော။ အယံ၊ ဤ သံဝရသည်။ မနောကမ္မံ နာမ၊ မည်၏။ ဇေ၊ လျှင်။ လောကုတ္တရမဂ္ဂေ၊ သည်။ ဘဇာပိယမာနော၊ သော်။[ပိပါသည်ကား အပို။]တိဏိကမ္မာနိ၊တို့သို့။ဘဇတိ၊ ကပ်ဝင်၏။[ဇေ-စသည်ကား နိဂုံးတည်း။]

[1]ဣမသ္မိံ ဌာနေ၊ ၃-ပါးသော ကံတို့ကိုပြရာ ဤဌာန၌။ ဒွါရသံသန္ဒနံ[2] နာမ၊ ဒွါရသံသန္ဒန မည်သည်။ ဟောတိ၊ ၏။ ဟိ၊ ချဲ့။ ကာယဝစီဒွါရေသု၊ ကာယဒွါရ ဝစီဒွါရတို့၌။စောပနံ၊လှုပ်ရှားခြင်းသို့။ပတ္တာ၊ရောက်၍။ကမ္မပထံ၊

၁။ ဣမသ္မိံ ဌာနေ။ပ။ဟောတိ။ ။ကမ္မပထမြောက်သော ကံတို့၏ ထိုထိုဒွါရ၌ ပါဝင်ပုံကို ဆရာပြ၍ သိရပါပြီ။ ကမ္မပထ-မမြောက်သော ကံတို့ကို အဘယ်ဒွါရ၌ သွင်းရမည်နည်း''ဟု လည်းကောင်း၊ အခြားဒွါရ၌ အခြားကံဖြစ်လျှင် ကံနာမည်လည်းပျက် ဒွါရနာမည်လည်း ပျက်ပါသလော''ဟု လည်းကောင်း မေးဖွယ်ရှိသောကြောင့်''ဣမသ္မိံ ဌာနေ ဒွါရသံသန္ဒနံ နာမ ဟောတိ''ဟု မိန့်သည်။

၂။ ဒွါရသံသန္ဒနံ။ ။''တံတံ ဒွါရေ+သံသန္ဒနံ အဝရောဓနံ''ဟု လည်းကောင်း၊ ''ကမ္မဒွါရာဘေဒနဉ္စ''ဟုလည်းကောင်းဋီကာ၌ သံသန္ဒနအတွက် ၂-နက်ဖွင့်၏။ထိုတွင် ပထမအနက် အလို''ကမ္မပထ-မမြောက်သော ကံတို့ကို ထိုထို ဖြစ်ရာဒွါရ၌ ဒုစရိုက်နာမည် တစ်၍ သွင်းခြင်းသည် ဒွါရသံသန္ဒန မည်၏။ ဥပမာ—တောသို့ သွားဖို့ရန် လေးပြင်ဆင်မှု စသည်ကိုပြု၍ တောသို့ တစုံတခုကိုမျှ မသတ်ရသော မုဆိုး၏ ကံသည် ကမ္မပထ-မမြောက်သေးသောကြောင့် ကာယကံ မမည်။ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယဒုစရိုက် အမည်ဖြင့် ကာယဒွါရ၌ ပါဝင်ရသည်—ဟူလို။ သူတပါးကို လေးပြင်

ကမ္မပထကို။ (အပါယ်လမ်းကြောင်း မကောင်းမှုသို့။) အပ္ပတ္တမ္ပိ၊ မရောက်သော ကံသည်လည်း။ အတ္ထိ။ မနောဒွါရေ စ၊ ၌လည်း။ သမုဒါစာရံ၊ ဖြစ်ခြင်းသို့။ ပတ္တာ ကမ္မပထံ အပ္ပတ္တမ္ပိ အတ္ထိ။ တံ၊ ထို ကမ္မပထ-မမြောက်သော ကံကို။ ဂဟေတွာ၊ ၍။ တံတံ ဒွါရပက္ခိကမေဝ၊ ထိုထို ဒွါရ၏အဖို့၌ ပါဝင်သည်ကို သာ။ (ထိုထို ဒွါရ၏အဖို့၌ သွင်းခြင်းကိုသာ။) အကာသုံ၊ ပြုကြကုန်ပြီ။

တတြ၊ ထိုသို့ ပြုရာ၌။ အယံ၊ ဤဆိုအပ်လတ္တံ့ ကား။ နယော၊ သိကြောင်း နည်းတည်း။ ယော၊ အကြင် မုဆိုးသည်။ မိဂဝံ၊ သားကောင်တို့ကို ညှဉ်းဆဲရာ တောသို့။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ ကြံ၍။ ဓနုံ၊ လေးကို။ သဇ္ဇေတိ၊ ပြင်ဆင်၏။ [မိဂေ+ဝနတ္ထိ ဗာဓေန္တိ ဧတ္ထာတိ မိဂဝံ။ ဗာဓန-အနက်ဟော ဝနဓာတ်၊ ကိ-ပစ္စည်း”ဟု ယောဇနာကြံသည်။ ပါရာဇိကကဏ်ဘာသာ ဋီကာ၊ ဗာဟိရနိဒါန်း၊ တတိယ ပိုင်းဂါယနာတင်ခန်း၌လည်း ပြထားခဲ့ပြီ။] ဇိယံ၊ လေးညှို့ကို။ ဝဋ္ဋေတိ၊ လုံးစေ၏။ ဝါ၊ ကျစ်၏။ သတ္တိံ၊ လှံကို။ နိသေတိ၊ ထက်အောင်ပြု၏။ ဝါ၊ သွေး၏။ ဘတ္တံ၊ ထမင်းကို။ ဘုဉ္ဇတိ၊ ၏။ ဝတ္ထံ၊ အပေါ်ခြုံ အဝတ်ကို။ ပရိဒဟတိ၊ ဝတ်ရုံ၏။ ဝါ၊ ခြုံ၏။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော လေးပြင်ဆင်မှု အစရှိသည်ကို ပြုခြင်းဖြင့်။ ကာယဒွါရေ၊ ၌။ စောပနပ္ပတ္တံ၊ လှုပ်ရှားခြင်းသို့ ရောက်သည်။ ဟောတိ။ သော၊ ထို မုဆိုးသည်။ အရညံ၊ တော၌။ ဒိဝသံ၊ တနေ့ပတ်လုံး။ စရိတွာ၊ လှည့်လည် ပြီး၍။ အန္တမသော၊ အားဖြင့်။ သသဗိလာရမတ္တမ္ပိ၊ ယုန်တကောင် ကြောင်တထုပ်မျှကိုလည်း။ န လဘတိ၊ မရ။ ဣဒံ အကုသလံ၊ ဤ အကုသိုလ်သည်။ ကာယကမ္မံ နာမ၊ မည်

မှု စသည်နိုင်း၍ တော၌ တစုံတခုကိုမျှ မရပြန်လျှင် ဝစီဒွါရ၌ဖြစ်သောကြောင့် ဝစီဒုစရိုက်သာ ဖြစ်၏။—ဤသို့စသည်တည်း။ ဤအလို“ဒွါရသံသန္ဒနံ၊ ထိုထိုဒွါရ၌+နှီးနှောခြင်း (ရောနှောခြင်း သွင်းခြင်း)”ဟု အနက်မှတ်ပါ။ အခန်း ရအောင်ကား “ကမ္မာနိ သံသန္ဒီယန္တိ ဧတ္ထာတိ သံသန္ဒနံ၊ ဒွါရေ+သံသန္ဒနံ ဒွါရသံသန္ဒနံ”ဟု ပြုပါ။

ကမ္မဒွါရာဘေဒန။ ။ဒွါရတပါး၌ အခြားကံတပါးဖြစ်သော်လည်း ကံ၏နာမည် မပျက်ခြင်း၊ ဒွါရ၏နာမည် မပျက်ခြင်းကို“ကမ္မဒွါရာဘေဒန”ဟု ဆိုသည်။ ဤသို့ မပျက်ခြင်းသည်လည်း ဒွါရသံသန္ဒန မည်၏။ ဥပမာ—ပါဏာတိပါတ-ကာယကံသည် ဝစီဒွါရ၌ ဖြစ်သော်လည်း (သတ်ဖို့ရန် နိုင်းသော်လည်း)၊ ကာယကံနာမည် မပျက်။ (ကာယကံ၏ ဖြစ်ကြောင်းဖြစ်စေကာမူ) ဝစီဒွါရ နာမည်လည်း မပျက်။ ဤသို့ မပျက်ခြင်းသည်“ဒွါရသံသန္ဒန—(ဒွါရ၌ ကံတို့၏ ကာယကံဖြစ်လိုက် ဝစီကံဖြစ်လိုက် စသည်ဖြင့် ရောနှောခြင်း)”မည်၏။ [ကမ္မဉ္စ+ဒွါရဉ္စ+ကမ္မဒွါရာနိ၊ တေသံ အဘေဒနံ အဝိနာသနံ။—မဝ။....အနည်းကား“ဒွါရာ”ဟု မရှိဘဲ “ကမ္မဒွါရဘေဒန—ကံနှင့် ဒွါရကို ခွဲခြား သတ်မှတ် နာမည်တပ်ခြင်း” ဟု ရှေးစာအုပ်၌ တွေ့ရ၏။]

သည်။ ဟောတိ၊ ဖြစ်သလော။ န ဟောတိ၊ မဖြစ်သလော။ ဣတိ၊ ဤကား အမေးတည်း။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ နည်း။ ကမ္မပထံ၊ သို့။ အပ္ပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ ထိုသို့ ကမ္မပထ-မမြောက် ပါသော်လည်း။ ကေဝလံ၊ ကာယကံမဖက် သက်သက်။ ကာယဒုစ္စရိတံ နာမ၊ ကာယဒုစရိုက် မည်သည်။ ဝါ၊ ကာယဒွါရ၌ ဖြစ်သော မကောင်းသော အကျင့်မည်သည်။ ဟောတိ၊ ၏။ ဣတိ ဝေဒိတဗ္ဗံ။ မစ္ဆဂ္ဂဟဏာဒိသု၊ ငါး ဖမ်းခြင်းအစရှိကုန်သော။ ပယောဂေသုပိ၊ ပယောဂတို့၌လည်း။ ဧသေဝနယော၊ တည်း။ [ကမ္မပထ-ပုဒ်၏ အနက် အဓိပ္ပာယ်ကို အကုသလကမ္မပထ-ကထာ အခန်းကျမှ ပြပါမည်။]

ဝစီဒွါရေပိ၊ ၌လည်း။ မိဂဝံ၊ သို့။ ဂမိဿထ၊ သွားရကုန်လတ္တံ့။ ဝေဂေန၊ လျင်စွာ။ ဓနုအာဒီနိ၊ လေး အစရှိသည်တို့ကို။ သဇ္ဇေထ၊ ပြင်ဆင်ကြကုန်လော့။ ဣတိ၊ သို့။ ဝါ၊ ဤသို့ အစရှိသည်ဖြင့်။ [1]အာဏာပေတွာ၊ စေခိုင်းပြီး၍။ ပုရိမနယေနေဝ၊ ဖြင့်သာလျှင်။ အရညေ၊ ၌။ ကိဉ္စိ၊ တစုံတခုကိုမျှ။ အလဘန္တဿ၊ မရသော မုဆိုး၏။ ဝစီဒွါရေ၊ ၌။ စေတပနံ၊ သို့။ ကိဉ္စာပိ ပတ္တံ၊ အကယ်၍ကား ရောက်ပါပေ၏။ ပန၊ ထိုသို့ ရောက်ပါသော်လည်း။ ကမ္မပထံ၊ သို့။ အပ္ပတ္တတာယ၊ ကြောင့်။ ကာယကမ္မံ န ဟောတိ။ ကေဝလံ၊ ဝစီကံ-မဖက် သက်သက်။ ဝစီဒုစ္စရိတံ နာမ၊ မည်သည်။ ဟောတိ၊ ဣတိ ဝေဒိတဗ္ဗံ။

ပန၊ ကား။ မနောဒွါရေ၊ ၌။ ဝဓကစေတနာယ၊ သတ်တတ်သူ၏ စေတနာ သည်။ (သတ်ကြောင်း စေတနာသည်။) ဥပ္ပန္နမတ္တာယ ဧဝ၊ ဖြစ်ကာမျှ သော် သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထ အထူးအပြားသည်သာ။ ဟောတိ၊

[1]။ **အာဏာပေတွာ။ပ။အလဘန္တဿ။** ။စေခိုင်းသည့် အခါတုန်းက မနေသင့်နှမှ စ၍ တောသို့သွားပြီး သတ်ဖို့အထိ စေခိုင်း၏။ စေခိုင်းသူ အာဏာပကပုဂ္ဂိုလ်ကိုယ်တိုင် တောသို့မလိုက်။ ထို့ကြောင့် ''ဝစီဒွါရေ စေတပနံ ပတ္တံ''ဟု လည်းကောင်း။ ''ကေဝလံ ဝစီဒုစ္စရိတံ နာမ ဟောတိ'' ဟု လည်းကောင်း ဆိုသည်။ ''အလဘန္တဿ'' ဟူရာ၌ လည်း ထို စေခိုင်းအပ်သူတို့က တောထဲ၌ မသတ်အပ်သောကြောင့် (သတ်မှု အထမမြောက်သောကြောင့်) စေခိုင်းသူမှာ မရခြင်းကို ရည်ရွယ်သည်ဟု မှတ်ပါ။ [အာဏာပေတွာ။ပ။ အလဘန္တဿာတိ အာဏတ္တေဟိ အမာရိတဘာဝံ သန္ဓာယ ဝုတ္တံ။-ဋီကာ။]

မှတ်ချက်။ ။ဤဋီကာကိုထောက်၍ အာဏာပကကိုယ်တိုင် တောသို့မလိုက်ကြောင်း သိသာ၏။ ထို့ကြောင့် ''ဝစီဒွါရေပိ မိဂဝံ ဂမိဿာမာတိ'' ဟု ပါဌ်မရှိသင့်။ ''မိဂဝံ ဂမိဿထ'' ဟုသာ ရှိသင့်သည်။ အကယ်၍ စေခိုင်းသူပါ လိုက်သွားလျှင် ဝစီဒုစရိုက် သာမက ကာယဒုစရိုက်လည်းဖြစ်ရလိမ့်မည်။

ဖြစ်တော့၏။ သော စ၊ ထို ကမ္မပထ သည်လည်း။ ဗျာပါဒဝသေန[1]၊ ဗျာပါဒ ဟူသော မနောကံ၏အစွမ်းဖြင့်။ (ဟောတိ။) ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းဖြင့်။ န (ဟောတိ)၊ ဖြစ်သည် မဟုတ်။ ဟိ၊ မှန်။ အကုသလံ အကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ သည်။ ကာယဝစီဒွါရေသု၊ တို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ ၌။ န (ဟောတိ)။ အကုသလံ၊ သော။ ဝစီကမ္မံ၊ သည်။ တထာ၊ ထို့အတူတည်း။ [ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်–ဟူလို။] အကုသလံ၊ သော။ မနောကမ္မံ ပန၊ သည်ကား။ တီသုပိ၊ ၃–ပါးလည်း ဖြစ်ကုန်သော။ ဒွါရေသု၊ တို့၌။ သမုဋ္ဌာတိ၊ ၏။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန်သော။ ကာယဝစီ မနောကမ္မာနိ၊ တို့သည်။ တထာ၊ ထို့အတူ တည်း။

ကထံ၊ အဘယ်သို့ ဖြစ်သနည်း။ ဟိ၊ ချဲ့။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ပါဏံ၊ သတ္တဝါကို။ ဟနန္တဿ၊ သတ်သူ၏လည်းကောင်း။ အဒိန္နံ၊ ဥစ္စာရှင်တို့ မပေး အပ်သော ဥစ္စာကို။ အာဒိယန္တဿ၊ ယူသူ၏လည်းကောင်း။ မိစ္ဆာစာရံ၊ ကဲ့ရဲ့ ထိုက်သော အကျင့်ကို။ (ကာမေသု မိစ္ဆာစာရကို။) စရန္တဿ၊ ကျင့်သူ၏လည်း ကောင်း။ ကမ္မံ၊ သည်။ ကာယကမ္မမေဝ၊ ကာယ–ကံ သည်သာ။ ဟောတိ။ ဒွါရမ္ပိ၊ ဒွါရသည်လည်း (ကာယဒွါရမေဝ၊ ကာယ–ဒွါရ သည်သာ။ ဟောတိ။ ဝေါ၊ ဤသို့လျှင်။ ဟုတ္ဝာ၊ ဝစီဒွါရ၌ ဖြစ်ပုံမှ ရှေးဦးစွာ။ အကုသလံ၊ သော။ ကာယကမ္မံ၊ သည်။ ကာယဒွါရေ၊ ၌။ သမုဋ္ဌာတိ၊ ၏။ ပန၊ ဆက်။ တေဟိ စိတ္တေဟိ၊ ထို အကုသိုလ်စိတ်တို့နှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ အဘိဇ္ဈာ– ဗျာပါဒ မိစ္ဆာဒိဋ္ဌိယော၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည်။ စေတနာ ပက္ခိကာ ဝါ[2]၊ ပါဏာတိပါတ–စသော စေတနာ၏ အဖို့၌ ပါဝင်ကုန်သည် လည်းကောင်း။ ဝါ၊ ပါဏာတိပါတ–စသော စေတနာ၏ အသင်းဝင်တို့ သည်လည်းကောင်း။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု မခေါ်အပ်သည်၏ အဖြစ်သို့ မရောက်ကုန်သည် လည်းကောင်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၁။ ဗျာပါဒဝသေန။ ။"ဣမေ သတ္တာ ဟညန္တု–ဤသတ္တဝါတို့ကို သတ်အပ်ပါ စေကုန် (သေပါစေကုန်)" ဟု စိတ်၌ဖြစ်သော ဗျာပါဒကို ရည်ရွယ်၍ "သော စ ခေါ ဗျာပါဒဝသေန" ဟု ဆိုသည်။

၂။ စေတနာပက္ခိကာ ဝါ။ ။"သဟတ္ထာ ဟိ ပါဏံ ဟနန္တဿ" စသော စကားအရ ပါဏာတိပါတ–စသော စေတနာတို့က ကမ္မပထ–မြောက်၍ "ကာယကံ" ဟူ သောအမည်ကို ရပြီးဖြစ်သောကြောင့် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ–တို့သည် ပါဏာ- တိပါတ-စေတနာ စသည်တို့နှင့် အတူတကွဖြစ်ကြရာ၌ ထို စေတနာ၏ အသင်းဝင် (အပေါင်းအဖော်) များသာ ဖြစ်ကြရတော့၏။

[ကာယ–ဒွါရ၌ ကာယ–ကံဖြစ်ပုံကို ပြပြီး၍ ဝစီဒွါရ၌ ကာယ–ကံဖြစ်ပုံကို ပြလိုသောကြောင့်"ဂစ္ဆ"စသည် မိန့်။]ဂစ္ဆ၊ သွားချေ။ ဣတ္ထံ နာမ၊ ဤအမည်ရှိသူကို။ (ဦးတိဿ မည်သူ စသည်ကို။) ဗီဝိတ၁၊ ဗီဝိဝိနြေမှ။ ဝေါရောပေဟိ၊ ခွင်းချေလော့။ ဣတ္ထန္နာမံ၊ သော။ ဘဏ္ဍံ၊ ဘဏ္ဍာကို။ အဝဟရ၊ ခိုးဆောင်ချေလော့။ ဣတိ၊ သို့။ အာဏာပေန္တဿ၊ စေခိုင်းသူ၏။ ကမ္မံ၊ သည်။ ကာယကမ္မံ၊ ကာယ-ကံသည်။ ဟောတိ။ ဒွါရံ ပန၊ ဒွါရသည်ကား။ ဝစီဒွါရံ၊ သည်။ ဟောတိ။ ဝေ၊ လျှင်။ အကု–သလံ၊ သော။ ကာယကမ္မံ၊ သည်။ ဝစီဒွါရေ။ သမုဋ္ဌာတိ၊ ၏။ ပန၊ ဆက်။ တေဟိ စိတ္တေဟိ၊ ထိုအကုသိုလ်စိတ်တို့နှင့်။ သဟဇာတာ၊ ကုန်သော အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိ–ယော၊ တို့သည်။ စေတနာပက္ခိကာ ဝါ၊ စေတနာ၏အဖို့၌ ပါဝင်ကုန်သည်လည်းကောင်း။ အဗ္ဗောဟာရိကာ ဝါ[၁]၊ မဂနောကံ–ဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့ မရောက်ကုန်သည်လည်းကောင်း။ ဘဝန္တိ။ တ္တေကာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားသည်။ အာစရိယာနံ၊ ရှေးဆရာတို့၏။ သမာနတ္ထကထာ နာမ၊ တူမျှသောအနက်ကို ဖွင့်ဆိုကြောင်း စကားမည်၏။ [အဘိဓမ္မာ ခုနစ်ကျမ်းကို ပိုင်းခြားရာ ပကရဏပရိစ္ဆေဒ–အခန်း၌ "သမာနကထာ"ဟု ရှိ၏။ ဝိတဏ္ဍာ ဝါဒီပုဒ်၏ အနက်ကိုလည်း ပကရဏပရိစ္ဆေဒ–အခန်း၌ ပြခဲ့ပြီ။]

၁။အဗ္ဗောဟာရိကာ ဝါ။ ။မနောကမ္မဝေါဟာရဝိရဟာ (ဋီကာ)။ မနောကံဟူသော ဝေါဟာရ(နာမည်)ကို မရကြတော့–ဟူလို။ မနုဋီကာ၌ကား"အစေတနာသဘာဝတောဝါပါဏာတိပါတာဒိသေန အဗ္ဗောဟာရိကာ-အဘိဇ္ဈာ စသည်တို့ကစေတနာကဲ-သဘော မဟုတ်သောကြောင့် ပါဏာတိပါတ–စသောအမည်ကို မရထိုက်ကုန်"ဟုလည်း တနည်းဖွင့်သေး၏။ ထိုအလို "အဗ္ဗောဟာရိကာ၊ ပါဏာတိပါတ-စသောအမည်ကို မထိုက်ကုန်"ဟု ပေး။ ဥပမာ–"ပကတိမြေကြီး၌ အာပေါ-စသောဓာတ်ပါသော်လည်း ပထဝီဟူသော အမည်သာရ၍ ပထဝီဓာတ်လွန်ကဲသော ပထဝီ၏အဖို့တွင် ပါဝင်ရခြင်း၊ အာပေါ,တေဇော, ဝါယောဟူသော ဝေါဟာရ(နာမည်)ကို မရပဲ ပထဝီဟူသော နာမည်သာ ရခြင်းကဲ့သို့တည်း၊

ဝစနတ္ထ။ ။ဝေါဟရီယတေ၊ ခေါ်ဝေါ်အင်၏။ ဣတိ ဝေါဟာရော။ ဝေါဟာရံ၊ ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့+ (ဘာဝပ္ပဓာနကြံ။) ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ ဝေါဟာ-ရိကာ။ န+ဝေါဟာရိကာ အဗ္ဗောဟာရိကာ။ နောက် အသံဝရအခန်း၌ "တံ စိတ္တံ အဗ္ဗောဟာရိကံ"ဟု ဆိုပြီးလျှင်"စောပနဿ ဥပ္ပန္နတ္တာ မနောဒွါရန္တိ သင်္ချံ န ဂစ္ဆတိ"ဟု အဗ္ဗောဟာရိကံကို ထပ်ဖွင့်သည်။ "ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ မရောက်"ဟူသည်"ခေါ်ဝေါ်အပ်သော နာမည်ကို မပြောင်းပင်တည်း"ဟု ယူဆ၍ ယောဇနာ၌ "နတ္ထိ+ဝေါဟာရော(မနောကမ္မန္တိနာမံ) ဧတေသံ ကိအဗ္ဗောဟာရိကာဟုပြလေသည်။

ပန၊ ဝါဒန္တရ ကား။ ဝိတက္ကာဝါဒီ၊ ဝိတက္ကာဝါဒီ ပုဂ္ဂိုလ်သည်။ အာဟ၊ ဆိုပြီ။(ကိံ ။) အကုသလံ၊ သော။ ကာယကမ္မံ၊ သည်။ မနောဒွါရေပိ၊ ၌လည်း။ သမုဋ္ဌာတိ။ ဣတိ၊ သို့။ အာဟ၊ ပြီ။[အာစရိယတို့၏ သမာနကထာ၌ "အကုသလံ ကာယကမ္မံ ကာယဝိဉ္ဉတ္တိ ဒွါရေသု သမုဋ္ဌာတိ၊ န မနောဒွါရေ"ဟု ဆိုခဲ့သည်။] သော၊ ထို ဝိတက္ကာဝါဒီ ပုဂ္ဂိုလ်သည်။(အာဟရိ–၌ စပ်။) ဝါ၊ ကို။(ဝုတ္တော -၌ စပ်။) တယော သင်္ဂဟော၊ သင်္ဂါယနာ သုံးတန်တို့ကို။ အာရုဠှံ၊ တက်ရောက်သော။ ("တင်အပ်သော"ဟုလည်း ပေးကြ၏။) သုတ္တံ၊ ပါဠိကို။ အာဟရာဟိ၊ ဆောင်ပြပါလော့။ ဣတိ၊ သို့။ ဝုတ္တော၊ ပြောဆိုအပ်သည်။ (သမာနော။)ဣဒံ ကုလုမ္ဗသုတ္တံ နာမ၊ ဤ ကုလုမ္ဗ-သုတ် မည်သည်ကို။ အာဟရိ၊ဆောင်ပြပြီ။ (ကိံ ။)–

ပုန စပရံ။ပ။ ဥပဃာတေဘ ဟောတီတိ၊ ဟူ၍။(အာဟရိ။)[ဘိက္ခဝေ၊ တို့။ ပုန၊ တဖန်။ ပရံ၊ တမျိုးကား။ ဣဓ၊ ဤလောက၌။ ကေစ္စော၊ အချို့သော။ ဣဒ္ဓိမာ၊ တန်ခိုးရှိသော။ စေတောဝသိပ္ပတ္တော၊ စိတ်၏ အစွမ်းသတ္တိ ရှိသည်၏ အဖြစ်သို့ ရောက်သော။ ("ဝသီ-ဘာဝ"ဟုဆိုလိုလျက် ဘာဝပုဒ် အကျေကြံ။)သမဏော ဝါ၊ သမဏ-အမည်ရသူသည်သော်လည်းကောင်း။ဗြာဟ္မဏော ဝါ၊ဗြာဟ္မဏ-အမည်ရသူ သည်သော်လည်းကောင်း။ အညိဿ၊ အခြားသော မိန်းမ၏။ ကုစ္ဆိဂတံ၊ ဝမ်း၌ တည်သော။ ဂဗ္ဘံ၊ ကိုယ်ဝန် သူငယ်ကို။ [အနုပေက္ခကော–၌ စပ်။] ကုစ္ဆိဂတော၊ သော။ ဂဗ္ဘော၊ ကိုယ်ဝန် သူငယ်သည်။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ န အဘိနိက္ခမေယျ၊ မထွက်နိုင်ပါမူကား။ အဟော ဝတ၊ အော်...ကောင်းလေစွ။ ဣတိ၊ သို့။ ပါပကေန၊ ယုတ်မာသော။ မနသာ၊ ဖြင့်။ အနုပေက္ခကော၊ အဖန်ဖန် ကြည့်ရှုသည်။ ဟောတိ။ (တု-ပစ္စည်းဖြင့် "အနုပေက္ခိတာ"ဟုလည်း ရှိ၏။)ဘိက္ခဝေ၊ တို့။ ဧဝံ၊ဤသို့လျှင်။ ဝါ၊ ဤနည်းအားဖြင့်။ ကုလုမ္ဗဿ၊ သူငယ်ကို။ ဝါ၊ အမျိုးအနွယ်ကို။ ဥပဃာတော၊ သတ်ဖြတ်ခြင်းသည်။ ဟောတိ၊ ၏။–ဣတိ၊ သို့။ အာဟရိ၊ ပြီ။

၁။ ကုလုမ္ဗဿ။ ။ကုလ+ဥ+အမ္ဗ၊ အမ္ဗဓာတ်သည် ရက္ခဏ–အနက် ကိုလည်း ဟော၏။ ထို့ကြောင့်"ကုလံ၊ အမျိုးကို+ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်၌+အမ္ဗတိ၊ စောင့်ရှောက်တတ်၏။ ဣတိ ကုလုမ္ဗော"ဟု ပြု၍ ကိုယ်ဝန် သူငယ်ကိုလည်းကောင်း၊ နောက်နောက် အမျိုးအနွယ်ကို လည်းကောင်း ဟောနိုင်၏။ ထို့ကြောင့် ဋီကာ၌ "ကုလုမ္ဗဿာတိ ဂဗ္ဘဿ ကုလဿဝ ဝါ"ဟု ၂–နည်းဖွင့်သည်။

ဣဒံ သုတ္တံ၊ ဤပါဠိကို။ အာဟရိတွာ၊ ဆောင်ပြီး၍။ အာဟ၊ ပြောဆိုပြန်ပြီ။ (ကိံ ။)ဧဝံ၊ သို့။ မနသာ၊ ဖြင့်။ စိန္တိတမတ္တေ ယေဝ၊ ကြံအပ်ကာမျှသော်သာ လျှင်။ ကုဋ္ဌိဂတော၊ သော။ဂစ္ဆော၊ကိုယ်ဝန်သူငယ်သည်။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြှုပ်ခဲသည် ကဲ့သို့။ ဝိလီယတိ၊ ကြေမွ၏။ ဧတ္ထ၊ ဤသို့ ဖျက်ဆီးရာ၌။ကာယင်္ဂံ စောပနံ ဝါ၊ ကိုယ်အင်္ဂါ၏ လှုပ်ရှားခြင်းသည်လည်းကောင်း။ ဝါစင်္ဂစောပနံ ဝါ၊ နှုတ်အင်္ဂါ၏ လှုပ်ရှားခြင်းသည်လည်းကောင်း။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။ပန၊ စင်စစ်ကား။ မနောဒ္ဒါရသ္မိံ ယေဝ၊၌သာလျှင်။အကုသလံ၊အကုသိုလ် ဖြစ်သော။ ဣဒံကာယကမ္မံ၊ ဤ ပါဏာတိပါတ ကာယ-ကံသည်။ သမုဋ္ဌာတိ၊ ၏။ ဣတိ၊သို့။(အာဟ၊ ဝိတဏ္ဍဝါဒီဆိုပြီ။)တမေနံ၊ ထို ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို။ တဝ၊ သင်၏။ သုတ္တသ္မိံ၊ ပါဠိ၏။ အတ္ထံ၊ အနက် အဓိပ္ပာယ်ကို။ တုလယိဿာမ၊ နှိုင်းချိန်ကြကုန်ဦးအံ့။ ဣတိ၊ သို့။ ဝတွာ၊ ပြောပြီး၍။ ဧဝံ၊ သို့။(အာစရိယာ၊ တို့သည်။)တုလယိံသု၊ နှိုင်းချိန်ကြကုန်ပြီ။[သံဂါယနာ ၃-တန်သို့ တင်အပ် သောသုတ်ဟုမယူဆသောကြောင့်"တဝ သုတ္တသ္မိံ-သင့်ပါဠိ၏"ဟု ဆိုသည်။]

တွံ၊ သင်သည်။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ ပရူပဃာတံ၊ သူတပါးကိုသတ်ခြင်း ကို။ ဝဒေသိ၊ ပြောဆို၏။ သော ဣဒ္ဓိ နာမ စ၊ ဤ တန်ခိုး မည်သည်လည်း။ (ဒသဝိဓာ ၁-၌စပ်။)အဓိဋ္ဌာနိဒ္ဓိ[၁]၊အဓိဋ္ဌာနိဒ္ဓိလည်းကောင်း။ဝါ၊ အဓိဋ္ဌာန်ခြင်းရှိ သော တန်ခိုးလည်းကောင်း။ ဝိကုဗ္ဗနိဒ္ဓိ[၂]၊ လည်းကောင်း။ ဝါ၊ အထူးထူး အဖုံဖုံ ပြုလုပ်ဖန်ဆင်းခြင်းရှိသော တန်ခိုးလည်းကောင်း။ မနောမယိဒ္ဓိ၊ လည်း ကောင်း။ ဝါ၊ စိတ်ကြောင့်ဖြစ်သော တန်ခိုးလည်းကောင်း။ ဉာဏဝိပ္ဖာရိဒ္ဓိ[၃]၊

၁။ အဓိဋ္ဌာနိဒ္ဓိ။ ။ဣဇ္ဈတိ၊ ပြီးစီးတတ်၏။ ဝါ၊ ရအပ်၏။ ဣတိ။ ဣဒ္ဓိ၊ မည်၏။ (တနည်း)ဣဇ္ဈန္တိ သတ္တာ ဧတာယာတိ ဣဒ္ဓိ-သတ္တဝါတို့၏ ကြီးပွားကြောင်း တန်ခိုး။ [(က) ယံ ဟိ နိပ္ဖဇ္ဇတိ (ပြီးစီး၏)၊ ပဋိလဗ္ဘတိ စ (ရလည်းရအပ်၏)၊ တံ ဣဇ္ဈတိ ဝုစ္စတိ။ (ခ) ဣဇ္ဈန္တိ ဝဍ္ဍန္တိ၊ ဥက္ကံသံ ပါပုဏန္တီတိ အတ္ထော။-ဝိသုဒ္ဓိမဂ်မဟာဋီကာ။] ဤတွင်(က) အဖွင့်ကိုကြည့်၍ ကတ္တုသာဓ်ပြုရာ၌ ဣဓ+ဓာတ်သည် သိဒ္ဓိအနက်ဟော၏။ (ခ)အဖွင့်ကိုကြည့်၍ ကရဏသာဓ်ပြုရာ၌ ဝုဒ္ဓိအနက်ဟောတည်း။အဓိဋ္ဌာနံ ဧတိဿာ အတ္ထီတိ အဓိဋ္ဌာနာ၊ အဓိဋ္ဌာနာ စ+သာ+ဣဒ္ဓိ စာတိ အဓိဋ္ဌာနိဒ္ဓိ။

၂။ ဝိကုဗ္ဗနိဒ္ဓိ စသည်။ ။ဝိဝိဓံ (ရူပနိမ္မာနသင်္ခါတံ) ကုဗ္ဗနံ ဧတိဿာ အတ္ထီတိ ဝိကုဗ္ဗနာ-အထူးထူးအဖုံဖုံ ရုပ်သဏ္ဌာန် ဖန်ဆင်းပြုလုပ်ခြင်းရှိသော တန်ခိုး။ [ဝိကို "ဝိဝိဓံ"ကုဗ္ဗနံကို "ရူပနိမ္မာနသင်္ခါတံ"ဟု ဖွင့်သည်။] မနေန၊ ဈာန်စိတ်ကြောင့်+ နိဗ္ဗတ္တာ၊ဖြစ်သောတန်ခိုးတည်း။မနောမယာ၊ ခိုး။ [နိဗ္ဗတ္တ အနက်၌ မယ-ပစ္စည်းသက်။]

၃။ ဉာဏဝိပ္ဖာရိဒ္ဓိ စသည်။ ။ဉာဏဿ+ဝိပ္ဖာရော (ဝေဂါယိတတ္တံ၊ အဟုန်၏ ဖြစ် ခြင်းသည်။) ဧတိဿာ အတ္ထီတိ ဉာဏဝိပ္ဖာရာ၊ အရိယာနံ+အယံ အာရိယာ-အရိယာ တို့၏ဥစ္စာဖြစ်သော တန်ခိုး။ [စာအုပ်တို့၌"အရိယိဒ္ဓိ"ဟု အာ၌ ဒီဃမရှိကြ။] ယတော

လည်းကောင်း။ ဝါ၊ အရဟတ္တမဂ်ဉာဏ်၏ ပျံ့နှံ့ခြင်းရှိသော တန်ခိုးလည်းကောင်း။ သမာဓိဝိပ္ဖာရိဒ္ဓိ၊ လည်းကောင်း။ ဝါ၊ သမာဓိ၏ပျံ့နှံ့ခြင်းကြောင့်ဖြစ်သော တန်ခိုးလည်းကောင်း။ အရိယိဒ္ဓိ၊ လည်းကောင်း။ ဝါ၊အရိယာတို့၏ ဥစ္စာဖြစ်သော တန်ခိုးလည်းကောင်း။ ကမ္မဝိပါကဇိဒ္ဓိ၊ လည်းကောင်း။ ဝါ၊ ကံ၏အကျိုးကြောင့်ဖြစ်သော တန်ခိုးလည်းကောင်း။ ပုညဝတောဣဒ္ဓိ၊ လည်းကောင်း။ ဝါ၊ ဘုန်းကံရှိသူ၏ တန်ခိုးလည်းကောင်း။ ဝိဇ္ဇာမယိဒ္ဓိ၊ လည်းကောင်း။ ဝါ၊အာထဗ္ဗနမန္တာန်ကြောင့်ဖြစ်သော တန်ခိုးလည်းကောင်း။ တတ္ထ တတ္ထ၊ ထိုထို ကိစ္စ၌။ သမ္မာပယောဂပစ္စယာ၊ ကောင်းစွာအားထုတ်ခြင်းဟူသော အကြောင်းကြောင့်။ ဣဇ္ဈနဋ္ဌေန၊ ပြည့်စုံခြင်းဟူသော အနက်ကြောင့်။ ဣဒ္ဓိ၊ တန်ခိုးလည်းကောင်း။ ဣတိ၊ သို့။ ဒသဝိဓာ၊ ၁၀-ပါး အပြားရှိ၏။[ဣဒ္ဓိ ၁၀-မျိုး၏ အကျယ်ကို ဝိသုဒ္ဓိမဂ် ဣဒ္ဓိဝိဓ အခန်း၌ ရှုပါ။]

တတ္ထ၊ ထို ၁၀-ပါးသော ဣဒ္ဓိတို့တွင်။ (တုံ၊ သည်။) ကတရံ ဣဒ္ဓိံ၊ အဘယ်ဣဒ္ဓိကို။ ဝဒေသိ၊ ဆိုလိုသနည်း။ ဣတိ၊ ဤကား အမေးတည်း။ ဘာဝနာမယံ၊ ဘာဝနာကြောင့်ဖြစ်သော အဓိဋ္ဌာနိဒ္ဓိကို။(ဝဒေမိ၊ ဆိုလို၏။) [ဘာဝနာမယန္တိ၊ အဓိဋ္ဌာနိဒ္ဓိံ သန္ဓာယဝဒတိ။—ဋီကာ။] ဣတိ၊ ဤကား အဖြေတည်း။ကိံ ပန၊ အသို့နည်း။ ဘာဝနာမယိဒ္ဓိယာ၊ ဘာဝနာမယိဒ္ဓိဖြင့်။[ရှေးနိဿယ၌"ဘာဝနာမယာယ ဣဒ္ဓိယာ"ဟုချည်း ရှိ၏။] ပရူပဃာတကမ္မံ၊ သူတပါးကို သတ်ဖြတ်မှုသည်။ ဟောတိ၊ ဖြစ်သလော။ ဣတိ၊ ဤကား အမေးတည်း။ အာမ၊ အိမ်း။ ကေစ္စေ၊ အချို့ကုန်သော။ အာစရိယာ၊ တို့သည်။ ကေဝါရံ၊ တကြိမ်။(ပရူပဃာတကမ္မံ၊ သည်။) ဟောတိ၊ ဖြစ်နိုင်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ပရံ၊ သူတပါးကို။ ပဟရိတုကာမေန၊ ပေါက်ခြင်းငှာ အလိုရှိသူသည်။ ဥဒကာဘရိတော၊ ရေဖြင့် ပြည့်သော။ ဃဋေ၊ အိုးကို။ ခိတ္တေ၊ ပြစ်အပ်သော်။ ဃဋောပိ၊အိုးသည်လည်း။ ဘိဇ္ဇတိ ယထာ၊ ကွဲသကဲ့သို့။ ဥဒကမ္ပိ၊ ရေသည်လည်း။ နဿတိ ယထာ၊ ပျက်စီးသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ဘာဝနာမယိဒ္ဓိယာ၊ဖြင့်။ ကေဝါရံ ပရူပဃာတကမ္မံ ဟောတိ။ ပန၊ ထိုသို့ပင် သူတပါးကို သတ်ဖြတ်နိုင်ပါသော်လည်း။ တတော၊ ထို တကြိမ်သတ်ဖြတ်ရာ အခါမှ။

ကုတောစိ ကမ္မဝိပါကတော ဇာတာ ကမ္မဇာ-ကံကြောင့်ဖြစ်သော တန်ခိုး။ [ဤဣဒ္ဓိသည် မွေဖွားသည်မှ စ၍ဖြစ်၏-ဟု မဟာဋီကာ ဆို၏။] အာထဗ္ဗနဝိဇ္ဇာဘိနိဗ္ဗတ္တာ ဝိဇ္ဇာ-မယာ။ (ဝိဇ္ဇာကို အာထဗ္ဗနမန္တာန်ဟု ဖွင့်သည်။]

ပဌ္ဌာယ၊ စ၍။ သာ၊ ထို ဘာဝနာမယိဒ္ဓိသည်။ နဿတိ၊ ပျက်စီး၏။ ဣတိ၊ သို့။ (ဝဒန္တိ။) [သူတပါးကိုသတ်ခြင်းသည် အိုး၏ကွဲခြင်းနှင့် တူ၏။ တန်ခိုး၏ ပျက်စီးခြင်းသည် ရေ၏ပျက်စီးခြင်းနှင့် တူ၏။]

အထ၊ ထိုအခါ၌။ နံ၊ ထို ဝိတက္ကာဝါဒီကို။ ဘာဝနာမယိဒ္ဓိယာ၊ဖြင့်။ ကော-ဝါရံ။ (ပရူပဃာတကမ္မံ၊ သည်။) နေဝ ဟောတိ၊ မဖြစ်နိုင်။ ဒ္ဓိဝါရေ၊ နှစ်ကြိမ်တို့တိုင်တိုင်။ ပရူပဃာတကမ္မံ၊ သည်။ န ဟောတိ၊ မဖြစ်နိုင်။ ဣတိ၊ သို့။ ဝတွာ၊ ပြောပြီး၍။ တံတံ သညတ္တိံ၊ ထိုထို နားလည်စေခြင်းသို့။ [သညာပနံ၊ နားလည်စေခြင်း။ သညတ္တိ၊ ခြင်း။ စာအုပ်များ၌ "ပညတ္တိံ" ဟု-လည်း ရှိ၏။] အဂစ္ဆန္တံ၊ မရောက်သော။ နံ၊ ထို ဝိတက္ကာဝါဒီကို။ ပုစ္ဆိံသု၊ မေးကြကုန်ပြီ။ (ကိံ၊ နည်း။) ဘာဝနာမယိဒ္ဓိ၊ သည်။ ကုသလာကိံ၊ ကုသိုလ်လော။ ပ။ သုခါယ ဝေ-ဒနာယ သမ္ပယုတ္တာကိံ၊ သုခါယ ဝေဒနာယ သမ္ပယုတ္တ-လော။ ပ။ သဝိတက္ကသ-ဝိစာရာကိံ၊ သဝိတက္ကသဝိစာရ-လော။ ပ။ အရူပါဝစရာကိံ၊ အရူပါဝစရ-လော။ ဣတိ၊ သို့။ (ပုစ္ဆိံသု။ ဣမံ ပဥှံ၊ ဤပြဿနာကို။ ယော၊ အကြင် ဝိတက္ကာ-ဝါဒီသည်။ ဇာနာတိ၊ သိ၏။ သော၊ ထိုဝိတက္ကာဝါဒီသည်။ ဧဝံ၊ သို့။ ဝက္ခတိ၊ ဆိုလတ္တံ့။ (ကိံ။) ဘာဝနာမယိဒ္ဓိ၊ သည်။ ကုသလာ ဝါ၊ ကုသိုလ်သော်လည်း။ ဟောတိ၊ ဖြစ်၏။ အဗျာကတာ ဝါ၊ အဗျာကတသော်လည်း။ ဟောတိ။ ["ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ အဗျာကတဖြစ်၍ အခြားပုဂ္ဂိုလ်များသန္တာန်၌ ကုသိုလ်ဖြစ်သည်" ဟူလို။] အဒုက္ခမသုခဝေဒနီယာ ဧဝ၊ အဒုက္ခမသုခဝေဒနီယ-သာတည်း။ [ပဥ္စမဈာန်၌အဘိညာဉ် ဖြစ်သောကြောင့် ဥပေက္ခာဝေဒနာနှင့် ယှဉ်ရကား အဒုက္ခမသုခဝေဒနီယ-သာ။] အဝိတက္က အဝိစာရာ ဧဝ၊ အဝိတက္က-အဝိစာရ-သာတည်း။ ရူပါဝစရာ ဧဝ၊ သာတည်း။ ဣတိ၊ သို့။ (ဝက္ခတိ၊ ဆိုလတ္တံ့။)

သော၊ ထို ဝိတက္ကာဝါဒီကို။ ဝတ္တဗ္ဗော၊ ပြောဆိုထိုက်၏။ (ကိံ၊ နည်း။) ပါဏာတိပါတစေတနာ၊ သည်။ ကုသလာဒီသု၊ ကုသိုလ် အစရှိသော အဖို့အစုတို့တွင်။ ကတရံ ကောဋ္ဌာသံ၊ အဘယ် အဖို့အစုသို့။ ဘဇတိ၊ ကပ်ဝင်သနည်း။ ဣတိ၊ သို့။ (ဝတ္တဗ္ဗော။) ဇာနန္တော၊ သိလတ်သော်။ ဝါ၊ သိသော ဝိတက္ကာဝါဒီသည်။ ဝက္ခတိ၊ ဆိုလတ္တံ့။ (ကိံ၊ နည်း။) ပါဏာတိပါတစေတနာ၊ သည်။ အကုသလာဝ၊ အကုသိုလ်သာတည်း။ ဒုက္ခဝေဒနီယာဝ၊ ဒုက္ခဝေဒနီယသာတည်း။ ဝါ၊ ဒုက္ခဝေဒနာနှင့် ယှဉ်သည်သာတည်း။ သဝိတက္က သဝိစာ-ရာဝ၊ သာတည်း။ ကာမာဝစရာ ဧဝ၊ သာတည်း။ ဣတိ (ဝက္ခတိ)။ ဧဝံ

သန္တေ၊ သော်။ ¹တဝ၊ သင်၏။ ပဉ္စော၊ ပြဿနာသည်။ (သူတပါးကို သိစေခြင်းငှာ အလိုရှိအပ်သောအနက်သည်။) ကုသလတ္တိကေန၊ ကုသလတိက်နှင့်။ နေဝ သမေတိ၊ ညီမျှသည်၏အဖြစ်သို့ မရောက်။ဝေဒနာတ္တိကေန၊ နှင့်။ န သမေတိ²။ဝိတက္ကတ္တိကေန၊ နှင့်။ န (သမေတိ)။ ဘူမန္တရေန၊ ကာမာဝစရ-စသော ဘုံအပိုင်းအခြားနှင့်။ န (သမေတိ)။ ဣတိ (ဝတ္တဗ္ဗော)။ [သမေတိကို "သမံ+ဧတိ"ဟု ခွဲ။]

ကိံ ပန၊ အသို့နည်း။ ဧဝံ မဟန္တံ၊ ဤသို့ ကြီးကျယ်သော။ ဝါ၊ သို့ကလောက် ကြီးကျယ်သော။ သုတ္တံ၊ ဘုရားဟော ပါဠိတော်သည်။ နိရတ္ထကံ၊ အနက် အဓိပ္ပာယ် မရှိတော့သလော။ ဣတိ၊ ဤကား ဝိတဏ္ဍဝါဒီ အမေးတည်း။ နိရတ္ထကံ၊ အနက်အဓိပ္ပာယ်မရှိသည်။ နော၊ မဟုတ်ပါ။ တံ ပန၊ သင်သည်ကား။ အဿ၊ ထိုသုတ်၏။ အတ္ထံ၊ အနက် အဓိပ္ပာယ်ကို။ န ဇာနာသိ၊ မသိ။ ဟိ၊ မှန်။ ဣဒ္ဓိမာ စေတောဝသိပ္ပတ္တောတိ ဧတ္ထ၊ ဟူသော ဤပါဠိ၌။ ဘာဝနာမယိဒ္ဓိ၊ ကို။ နေဝ အဓိပ္ပေတာ၊ အလိုမရှိအပ်။ ပန၊ အန္တယ ကား။ အာထဗ္ဗနိဒ္ဓိ³၊ အာထဗ္ဗနိဒ္ဓိကို။ ဝါ၊ ဂါထာမန္တန်ကြောင့် ဖြစ်ပေါ်လာသော တန်ခိုးကို။ အဓိပ္ပေတာ။ ဟိ၊ မှန်။ ဧတ္ထ၊ ဤ သူ

၁။ တဝ ပဉ္စော။ ။ပဉ္စမခတ်သည် ပုစ္ဆာ-ဇုစ္ဆာအနက်တို့ကို ဟော၏။ ဤ၌ ဇုစ္ဆာအနက်ဟောတည်း။ "ပဉ္စိယတေ (ဉာပေတုံ ဇုစ္ဆိယတေ) တိ ပဉ္စော=ဘာဝနာမယိဒ္ဓိဖြင့် သူတပါးကို သတ်နိုင်၏"ဟု ဆိုအပ်သော အနက်သည်ပင် ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်က သူတပါးကို သိစေလိုအပ်သော အနက်တည်း။ [ဤပြဿနာကိုလည်း လက်မခံလိုသောကြောင့်"တဝပဉ္စော-သင့်ပြဿနာ"ဟု တဝ-ထည့်၍ ဆိုသည်။"တဝ သုတ္တဿ" တုန်းက ကဲ့သို့တည်း။]

၂။ န သမေတိ။ ။ပါဏာတိပါတ-စေတနာက အကုသိုလ်ဖြစ်၍ ဘာဝနာမယိဒ္ဓိက ကုသိုလ်အဗျာကတ ဖြစ်သောကြောင့် "ဘာဝနာမယိဒ္ဓိဖြင့် သူတပါးကို သတ်နိုင်၏" ဟူသောစကားသည် ကုသလတိက်နှင့် မညီ-ဟူလို။ နောက်တိက်များနှင့် မညီပုံကိုလည်း ဤနည်းအတိုင်း သိပါ။ ဘူမန္တရဟူသည်-ကာမာဝစရ-စသော ဘုံတည်း။ ပါဏာတိ-ပါတ-စေတနာက ကာမာဝစရဖြစ်၍ ဘာဝနာမယိဒ္ဓိက ရူပါဝစရ ဖြစ်သောကြောင့် ဘူမန္တရနှင့်လည်း မညီ။

၃။ အာထဗ္ဗနိဒ္ဓိ။ ။"အထဗ္ဗ"မည်သော ရသေ့သည် သိအပ်သော ဝေဒ-အတတ်ကို "အထဗ္ဗန"ဟု ခေါ်၏။ ထိုဝေဒ၌ ဂါထာမန္တန်များလည်း ပါရှိ၏။ [ထောမနိဓိ၌ "အထဗ္ဗန်"သည်ပါဠိ၌"အထဗ္ဗန"ဟု ဖြစ်၏။] "အထဗ္ဗနေ+အာဂတာအာထဗ္ဗနာ" ဟု ကြံ၍ အထဗ္ဗနဝေဒ၌ လာသောအတတ် (ဂါထာမန္တန် ဝိဇ္ဇာ)ကို "အာထဗ္ဗနာ" ဟု ခေါ်ပါ။ ထို အာထဗ္ဗနဝိဇ္ဇာကြောင့် ဖြစ်သော တန်ခိုးကို "အာထဗ္ဗနိဒ္ဓိ" ဟု ခေါ်သည်။ အာထဗ္ဗနတော+နိဗ္ဗတ္တာ+ဣဒ္ဓိ အာထဗ္ဗနိဒ္ဓိ။

တပါးကို သတ်ဖြတ်ရာ၌။ လဒ္ဓမာနာ၊ ရအပ်သော်။ (ရမည်ဆိုလျှင်။) သာ၊ ထို အာထဗ္ဗနိဒ္ဒိကို။ လဒ္ဓတိ၊ ရအပ်၏။

သာ ပန၊ ထို အာထဗ္ဗနိဒ္ဒိ သည်ကား။ ဝါ၊ ကိုကား။ ကာယဝစီဒွါရာနိ၊ တို့ကို။ မုဥ္စိတွာ၊ လွှတ်၍။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ဟိ၊ မှန်။ အာထဗ္ဗနိဒ္ဒိကာ၊ အာထဗ္ဗန တန်ခိုးရှိသူတို့သည်။ (အာထဗ္ဗနဂါထာ မန္တာန်ကို တတ်သိသူတို့သည်။) သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ အလောဏကံ၊ ဆားမရှိသော ဘောဇဉ်ကို။ ဘုဉ္စိတွာ၊ စားပြီး၍။ ဒဗ္ဗေ၊ နေစာမြက်တို့ကို။ ["ဒုဗ္ဗေ"ဟုလည်း ရှိ၏။] အတ္ထရိတွာ၊ ခင်း၍။ ပထဝိယံ၊ ၌။ သယမာနာ၊ လျောင်းကုန်လျက်။ တပံ၊ အကျင့်ကို။ သဥ္စရိတွာ၊ ကောင်းစွာကျင့်၍။ ["ပစ္စရိတွာ"ဟု ရှိသည်ကား ပါဠိပျက်။] သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက် နေ့၌။ သုသာနေ၊ သုသာန်၌။ ဝါ၊ သုသာန်ဖြစ်သော။ ဘူမိံ၊ မြေကို။ ["သုံသာနဘူမိံ" ဟုလည်း ရှိ၏။] သဇ္ဇေတွာ၊ ပြင်ဆင်၍။ သတ္တမေ ပဒေ၊ စည်းဝိုင်းစသည်မှ ခုနစ်လှမ်းမြောက်၌။ [မဏ္ဍလာဒိတော သတ္တမေ ပဒေ။-ဋီကာ။] ဌတွာ၊ ရပ်၍။ ဟတ္ထံ၊ လက်ကို။ ဝဋ္ဋေတွာ ဝဋ္ဋေတွာ၊ ဝင့်၍ ဝင့်၍။ ဝါ၊ ဝိုင်း၍ ဝိုင်း၍။ မုခေန၊ ပါးစပ်ဖြင့်။ ဝိဇ္ဇံ၊ ဂါထာ မန္တန်ကို။ ပရိဇပ္ပန္တိ၊ အဖန်ဖန် ရွတ်ဆိုကြကုန်၏။ ဝါ၊ စုတ်ကြကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထို အာထဗ္ဗန-တန်ခိုးရှင်တို့၏။ ကမ္မံ၊ အလုပ်သည်။ သမိဇ္ဈတိ၊ ပြီးစီး၏။ ဇဝံ၊ သို့။ အယမ္ပိ ဣဒ္ဓိ၊ ဤ အာထဗ္ဗနိဒ္ဒိ-သည်လည်း။ ဝါ၊ ကိုလည်း။ [အပိဖြင့် အခြားပါဏာတိပါတ-ကံကို ဆည်း။] ကာယဝစီဒွါရာနိ၊ တို့ကို။ မုဥ္စိတွာ။ ကာတုံ၊ ငှာ။ န သက္ကာ၊ မတတ် ကောင်း။ ဣတိ၊ ကြောင့်။ ကာယကမ္မံ၊ ကာယကံသည်။ မနောဒွါရေ၊ ၌။ န သမုဋ္ဌာတိ၊ မဖြစ်နိုင်။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤ ကာယကံ၏ အရာ၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်ထိုက်၏။

[ကာယကံ၏ ဖြစ်ရာဒွါရကို ပြပြီး၍ ဝစီကံ၏ ဖြစ်ရာဒွါရကို ပြလိုသော ကြောင့် "ဟတ္ထမုဒ္ဒါယ ပန" စသည် မိန့်။] ပန၊ ကား။ ဟတ္ထမုဒ္ဒါယ၊ လက် ချောင်းတို့ကို တွန့်စေခြင်းဖြင့်။ ဝါ၊ လက်ချောင်း ချိုးသဖြင့်။ [ဟတ္ထမုဒ္ဒါ၏ အဓိပ္ပာယ်ကို ပါရာဇိကဏ် ဘာသာဋီကာ သိက္ခာချခန်း၌ ပြခဲ့ပြီ။] မုသာဝါဒါ- ဒီနိ၊ မုသာဝါဒ-အစရှိသော ဝစီကံတို့ကို။ ကထေန္တဿ၊ ပြောသူ၏။ ကမ္မံ၊ သည်။ ဝစီကမ္မံ ဟောတိ။ ပ။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု ခေါ်ဝေါ် အပ်သည်၏ အဖြစ်သို့ မရောက်ကုန်သည် လည်းကောင်း။ [မုသာဝါဒ ဟူ သော အမည်ကို မထိုက်ကုန်သည် လည်းကောင်း။ အနုဋီကာ-အလို။] ဘဝန္တိ။ ပန၊ ကား။ ဝစီဘေဒံ၊ စကားလုံး၏ ကွဲပြားခြင်းကို။ ဝါ၊ နှုတ်မြွက်ခြင်းကို။

ကတ္ဝာ မုသာဝါဒါဒီနိ။ ပ။ အဗ္ဗောဟာရိကာ ဝါ ဘဝန္တိ။ တွေကာ၊ သည်။ အာစရိယာနံ၊ တို့၏။ သမာနတ္ထကထာ နာမ၊ မည်၏။

ပန၊ ဝါဒန္တရကား။ ဝိတဏ္ဍဝါဒီ၊ သည်။ ပ။ သမုဋ္ဌာတိ။ ဣတိ၊ သို့။ အာဟ၊ ပြီ။ သော၊ ထို ဝိတဏ္ဍဝါဒီသည်။ ဝါ၊ ကို။ ပ။ ဝုတ္တော၊ သည်။ (သမာနော၊ သော်။) ဥပေါသထက္ခန္ဓကတော၊ ဥပေါသထက္ခန္ဓကမှ။ ဣဒံ သုတ္တံ၊ ဤသုတ်ကို။ အာဟရိ၊ ပြီ။ (ကိံ၊ နည်း။) ယော ပန ဘိက္ခု။ ပ။ ဟောတီတိ၊ ဟူ၍။ (အာဟရိ၊ ပြီ။) [ယော ပန ဘိက္ခု၊ အကြင် ရဟန်းသည်။ ယာဝတတိယံ၊ ၃-ကြိမ်တိုင်အောင်။ (ပါတိမောက္ခေ၊ ကို။) အနုဿာဝိယမာနေ၊ အဖန်ဖန် ကြားသိစေအပ်စဉ်။ သရမာနော၊ သင့်သောအာပတ်ကို အမှတ်ရပါလျက်။ သန္တိံ၊ ထင်ရှားရှိသော။ အာပတ္တိံ၊ ကို။ နာဝိကရေယျ၊ ထင်စွာ မပြုအံ့။ အဿ၊ ထို ရဟန်း၏။ သမ္ပဇာန မုသာဝါဒေါ၊ သမ္ပဇာနမုသာဝါဒသည်။ ဟောတိ။] ဣဒံ သုတ္တံ၊ ဤ သုတ်ကို။ အာဟရိတ္ဝာ၊ ၍။ အာဟ၊ ပြောဆိုပြန်ပြီ။ (ကိံ။) ဧဝံ၊ သို့။ အာပတ္တိံ၊ ကို။ အာနာဝိကရောန္တော၊ ထင်စွာမပြုသော ရဟန်းသည်။ တုဏှီဘူတော၀၊ ဆိတ်ဆိတ်နေသည်၏ အဖြစ်သို့ ရောက်သည်သာလျှင်။ (ဟုတွာ။) အညံ၊ အခြားသော။ အာပတ္တိံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။ တွေ၊ ဤသို့ အာပတ်သင့်ရာ၌။ ကာယင်္ဂစောပနံ ဝါ၊ ကိုယ်အင်္ဂါ၏ လှုပ်ရှားခြင်းသည်လည်းကောင်း။ ဝါစင်္ဂစောပနံ ဝါ၊ သည်လည်းကောင်း။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။ ပန၊ စင်စစ်ကား။ မနောဒွါရသ္မိံ ယေဝ၊ ၌သာလျှင်။ အကုသလံ၊ သော။ ဣဒံ ဝစီကမ္မံ၊ သည်။ သမုဋ္ဌာတိ။ ဣတိ၊ သို့။ (အာဟ၊ ပြီ။)

သော၊ ထို ဝိတဏ္ဍဝါဒီကို။ ဝတ္တဗ္ဗော၊ ပြောဆိုထိုက်၏။ (ကိံ။) ကိံ ပန၊ အသို့နည်း။ တေ သုတ္တံ၊ ဤ သုတ်သည်။ နေယျတ္ထံ၊ နေယျတ္ထလော။ ဝါ၊ တပါးသော စကားဖြင့် သိထိုက်သော အနက် ရှိသလော။ ဥဒါဟု၊ သို့မဟုတ်။

၁။ နေယျတ္ထ။ ။နီဓာတ်၊ ဏျပစ္စည်း၊ ဤကို စုဒ္ဒိပြု၊ ယ ဒွေဘော်လာလျှင်"နေယျ" ဟု ပြီး၏။ ဏျပစ္စည်းသည် အရဟ–အနက်ကို ဟော၏။ နီတဗ္ဗော၊ ဆောင်ယူထိုက်၏။ ဣတိ နေယျော၊ နေယျော+အတ္တော ယဿာတိ နေယျတ္ထံ–ဆောင်ယူထိုက်သော အနက် အဓိပ္ပာယ်ရှိသော သုတ် (ပုဒ်)၊ နဂိုသုတ် (ပုဒ်) အတိုင်း အနက် အဓိပ္ပာယ် မပြည့်စုံသောကြောင့် အခြားသုတ် (ပုဒ်) တပါးကို ဆောင်ယူမှ အနက်အဓိပ္ပာယ် အမှန်ကို သိရသောသုတ် (ပုဒ်) မျိုးကို "နေယျတ္ထ"ဟု ခေါ်သည်။ ဋီကာ၌"ဝစနန္တ-ရေန ဂမိတဗ္ဗတ္ထံ နေယျတ္ထံ" ကား အဓိပ္ပာယ်ဖွင့်တည်း။ ထိုအဖွင့်ကိုလိုက်၍ "ပုဒ် တပါးကို ဆောင်ယူ၍ သိအပ်သော အနက်ရှိသောပုဒ်ကို "နေယျတ္ထ" ဟု ပြောစမှတ် ပြုကြသည်။

နီတတ္ထံ[၁]၊ နီတတ္ထလော။ ဝါ၊ မိမိပါဠိအတိုင်းပင် သိအပ်သောအနက် ရှိသလော။ ဣတိ၊ သို့။ ဝတ္တဗ္ဗော။ မယုံ၊ ငါ၏။ သုတ္တံ၊ သည်။ နီတတ္ထမေဝ၊ နီတတ္ထသာတည်း။ ဣတိ၊ ဤသို့ ပြောပြီ။ သော၊ ထို ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို။ ဧဝံ၊ သို့။ မာ အဝစ၊ မပြောဆိုပါလင့်။ အသ (သုတ္တသ)၊ ထို ပါဠိ၏။ အတ္ထံ၊ ကို။ တုလယိဿာမ၊ နှိုင်းချိန် ကုန်ဦးအံ့။ ဣတိ၊ သို့။ ဝတ္ဗာ၊ ပြောပြီး၍။ ဧဝံ၊ သို့။ ပုစ္ဆိတဗ္ဗော၊ မေးထိုက်၏။ (ကိံ။) သမ္ပဇာနမုသာဝါဒေ၊ သမ္ပဇာနမုသာဝါဒ- ကြောင့်။ ကိံ၊ အဘယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ သို့။ ပုစ္ဆိတဗ္ဗော။ ဇာနန္တော၊ သိလတ်သော်။ ဝါ၊ သိသော ဝိတဏ္ဍဝါဒီသည်။ သမ္ပဇာနမုသာဝါဒေ၊ ကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ ဟောတိ၊ ဣတိ။ ဝက္ခတိ၊ ပြောလတ္တံ့။

တတော၊ ထိုသို့ ပြောဆိုခြင်းကြောင့်။ ဝတ္တဗ္ဗော။ (ကိံ။) ဝိနယဿ၊ ဝိနည်း၏။ မူလာနိ၊ အကြောင်းရင်းတို့သည်။ ဒွေ၊ ၂-ပါးတို့တည်း။ ကာယော စ၊ ကာယဒွါရလည်းကောင်း။ ဝါစာ စ၊ ဝစီဒွါရ လည်းကောင်းတည်း။ ဟိ၊ မှန်။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ သဗ္ဗာပတ္တိယော၊ အလုံးစုံသော အာပတ်တို့ကို။ ဒွိသု၊ ကုန်သော။ ဣမေသု ယေဝ ဒွါရေသု၊ ဤ ဒွါရတို့၌သာ။ ပညတ္တာ၊ ပညတ်တော်မူအပ်ကုန်ပြီ။ မနောဒွါရေ၊ ၌။ အာပတ္တိယာ၊ ကို။ ပညာပနံ နာမ၊ ပညတ်တော်မူခြင်း မည်သည်။ နတ္ထိ။ ယော တုံ၊ အကြင် သင်သည်။ သတ္ထာရာ၊ သည်။ အပညတ္တေ၊ ပညတ်တော်မမူအပ်သော။ ဌာနေ၊ အရာ၌။ အာပတ္တိံ၊ ကို။ ပညပေသိ၊ ပညတ်နိုင်ဘိ၏။ ဝါ၊ ပညတ်ဝံ့ဘိ၏။ (သော) တွံ၊ သည်။ အတိဝိယ၊ အလွန်အကဲ သာလျှင်။ ဝိနယေ၊ ၌။ ပကတညူ၊ သဘောကိုသိပါပေ၏။ (ကျွမ်းကျင်ပါပေ၏။) သမ္မာသမ္ဗုဒ္ဓံ၊ ကို။ အဗ္ဘာစိက္ခသိ၊ စွပ်စွဲဘိ၏။ ဇိနစက္ကံ၊ မြတ်စွာဘုရား၏ အာဏာတော်စက်ကို။ ပဟရသိ၊ ပုတ်ခတ်ဘိ၏။

၁။ နီတတ္ထ။ ။နီတ၌ တ—ပစ္စည်းသည် အတိတ်အနက်ဟောတည်း။ နီယိတ္ထာတိ နီတော၊ နီတော+အတ္ထော ယဿာတိ နီတတ္ထော၊ ဆောင်ယူအပ်ပြီးသော အနက် အဓိပ္ပာယ်ရှိသော (နောက်ထပ် ဆောင်ယူဖွယ်မလိုသော၊ ဆိုထားပြီးအတိုင်းပင် တိုက်ရိုက် အနက် အဓိပ္ပာယ်ထင်ရှားနေသော) သုတ် (ပုဒ်)၊ ''သယမေဝ ဂဟိတဗ္ဗတ္ထံ နီတတ္ထံ'' ဟူသော ဋီကာ စကားသည် အဓိပ္ပာယတ္ထတည်း။ ဤအဖွင့်ကိုလိုက်၍ ''တိုက်ရိုက် သိအပ်သော အနက်ရှိသော ပုဒ်ကို ''နီတတ္ထ'' ဟု ပြောစမှတ်ပြုကြသည်။

[ဆောင်] ၁။ နဂိုတိုင်းကား, မထင်ရှား၍, တပါးပုဒ်ပိုဒ်, ဆောင်ယူထိုက်သည့်, အနက်ရှိ, မှတ်ဘိ နေယျတ္ထ။
၂။ နဂိုတိုင်းပင်, နက်ပေါ်လွင်၍, အပြင် မမှီး, ဆောင်အပ်ပြီးတုံ, အနက်စုံ, မှတ်ကုန် နီတတ္ထ။

ဣတိ အာဒိဝစနေဟိ၊ ဤသို့ အစရှိသော စကားတို့ဖြင့်။ နိဂ္ဂဏှိတွာ၊ နှိပ်ပြီး၍။ ဥတ္တရိ၊ အလွန်။ ပဥှံ၊ ပြဿနာကို။ ပုစ္ဆိတဗ္ဗော။ (ကိံ ။) သမ္ပဇာနမုသာဝါဒေ ါ၊ သည်။ ကြိယတော၊ မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်းကြောင့်။ သမုဋ္ဌာတိ၊ ဖြစ်သလော။ ဥဒါဟု၊ သို့မဟုတ်။ အကြိယတော၊ ပြုထိုက်သော ဖြည့်ကျင့်မှုကို မပြုခြင်းကြောင့်။ (သမုဋ္ဌာတိ၊ လော။) ဣတိ (ပုစ္ဆိတဗ္ဗော)။ ဇာနန္တော၊ သိလတ်သော်။ ဝါ၊ သည်။ ¹ကြိယတော၊ ကြောင့်။ (သမုဋ္ဌာတိ) ဣတိ ဝက္ခတိ။ တတော၊ ထိုသို့ပြောဆိုခြင်းကြောင့်။ ဝတ္တဗ္ဗော၊ ဆက်၍ ပြောဆိုထိုက်၏။ (ကိံ။) အနာဝိကရောန္တော၊ အာပတ်ကိုထင်စွာမပြုသော ရဟန်းသည်။ ကတရံ ကြိယံ၊ အဘယ်ကြိယကို။ ဝါ၊ အဘယ်ပြုထိုက်သော အမှုကို။ ကရောတိ၊ နည်း။ ဣတိ၊သို့။ (ဝတ္တဗ္ဗော။)

ဟိ၊ မေးသင့်၏။ အဒ္ဓါ၊ မချွတ်ကေန်။ ကြိယံ၊ကြိယကို။ ဝါ၊ ပြုအပ်သော အမှုကို။ အပဿန္တော၊ မမြင်လတ်သော်။ ဝိဃာတံ၊ စိတ်၏ပင်ပန်းခြင်းသို့။ အာပဇ္ဇိဿတိ၊ ရောက်လတ္တံ့။ တတော၊ ထိုသို့ ရောက်ခြင်းကြောင့်။ ဣမဿ သုတ္တဿ၊ ဤ"သမ္ပဇာနမုသာဝါဒဿ ဟောတိ" ဟူသောသုတ်၏။ အတ္ထေန၊ အနက်အားဖြင့်။ (အနက်ကိုဖွင့်ပြသော အဋ္ဌကထာအားဖြင့်။) သညာ–ပေတဗ္ဗော၊ နားလည်စေထိုက်၏။ (ကိံ ။) ဟိ၊ ချဲ့။ အယံ၊ ဤ ဆိုအပ်လတ္တံ့ ကား။ ဧတ္ထ၊ ဤ "သမ္ပဇာနမုသာဝါဒဿ ဟောတိ" ဟူသော ပါဠိရပ်၌။ အတ္ထော၊ တည်း။ (အဋ္ဌကထာတည်း။) ယွာယံ (ယော အယံ သမ္ပဇာနမုသာ–ဝါဒေ ါ)၊ အကြင် သမ္ပဇာနမုသာဝါဒကို။ သမ္ပဇာန မုသာဝါဒဿ ဟောတီတိ၊ ဟူ၍။ ဝုတ္တော၊ မိန့်တော်မူအပ်ပြီ။ သော၊ ထို သမ္ပဇာန မုသာဝါဒ သည်။ အာပတ္တိတော၊ အားဖြင့်။ ကိံ ၊ အဘယ်သည်။ ဟောတိ၊ နည်း။ ကတရာပတ္တိ၊ အဘယ်အာပတ်သည်။ ဟောတိ၊ နည်း။ ဣတိ အတ္ထော။ [ကိံ ဟောတိကို ထပ်ဖွင့်သည်။] ဒုက္ကဋာပတ္တိ၊ သည်။ ဟောတိ။ သာ စ၊ ထို ဒုက္ကဋ်အာပတ်သည်လည်း။ မုသာဝါဒလက္ခဏေန၊ မုသာဝါဒလက္ခဏာအား ဖြင့်။ န (ဟောတိ)၊ ဖြစ်သည်မဟုတ်။ ပန၊ အဟုတ်ကား။ ဘဂဝတော၊ ၏။

၁။ ကြိယတောတိ ဝက္ခတိ။ ။ဝိတဏ္ဍဝါဒီသည် သမ္ပဇာနမုသာဝါဒ သိက္ခာပုဒ်၌လာသော မပြုထိုက်သော လိမ်လည်မှုကို ပြုခြင်းကို ရည်ရွယ်၍ "ကြိယတော"ဟု ဖြေသည်။ ထိုသို့ "ကြိယတော" ဟု ဖြေခြင်းကြောင့် နောက်ထပ်မေးရာ၌ "အနာ-ဝိကရောန္တော ကတရံ ကြိယံ ကရောတိ-အဘယ်ကြိယကို ပြုသနည်း" ဟု မေးသည်။ ရှေးစာအုပ်များ၌ "အကြိယတောတိ ဝက္ခတိ"ဟု ရှိ၏။ ထို "အကြိယတောတိ ဝက္ခတိ" ဟူသောစကားသည် နောက်ထပ်မေးမည့် "ကတရံ ကြိယံ ကရောတိ"နှင့် မလိုက်လျော ချေ။ ထို့ကြောင့် ပါဠိပျက်သာတည်း။

ဝစနေန၊ ဒုက္ကဋာပတ္တိဟူသော စကားတော်ကြောင့်။ ဝစီဒွါရေ၊ ၌။ အကြိယ သမုဋ္ဌာနာ၊ အကြိယ သမုဋ္ဌာန်ဖြစ်သော။ (ထင်စွာပြုထိုက်သော အမှုကို မပြုခြင်းကြောင့်ဖြစ်သော။) အာပတ္တိ၊ သည်။ ဟောတိ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ။ ၏။ စ၊ သာဓက ကား။ အနာလပန္တော။ ပ။ စိန္တိတာတိ၊ ဟူသော။ ဇော၊ ဤ ဂါထာစကားကို။ (အာယသ္မတာ ဥပါလိတ္ထေရေနပိ၊ သည်လည်း။) ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။

[(ယော၊ အကြင် ရဟန်းသည်။) ကေနစိ၊ တစုံယောက်သော။ မနုဇေန၊ လူနှင့်တကွ။ အနာလပန္တော၊ စကားမပြောဆိုသည်။ (ဟောတိ။) ပရေ စ၊ မိမိမှတပါး အခြားပုဂ္ဂိုလ်တို့ကိုလည်း။ (သန္ဓာယ၊ ရည်မှတ်၍။) ဝါစာဂိရံ[၁]၊ စကားဟု ဆိုအပ်သော အသံကို။ ဝါ၊ စကားလုံးတို့ကို မြွက်ဆိုခြင်းကို။ နော ဘဏေယျ၊ မပြောမဆိုရာ။ (အထ၊ ထိုသို့ဖြစ်ပါလျက်။ သော၊ ထို ရဟန်းသည်။) ဝါစသိကံ၊ ဝစီဒွါရ၌ဖြစ်သော အာပတ်သို့။ အာပဇ္ဇေယျ။ ရောက်ရာ၏။ ကာယိကံ၊ ကာယဒွါရ၌ဖြစ်သော အာပတ်သို့။ န (အာပဇ္ဇေယျ)။ သော ပဉှာ၊ ဤ ပြဿနာကို။ ကုသလေဟိ၊ ဝိနည်းကျွမ်းကျင် ပညာရှင်တို့သည်။ စိန္တိတာ၊ ကြံအပ်ကုန်ပြီ။ ဣတိ (အယံ၊ ကား။) အတ္ထော၊ တည်း။ ဣတိ၊ သို့။ သညာပေတဗ္ဗော၊ ထိုက်၏။)]

ဧဝံ၊ ဤသို့လျှင်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ဝစီကမ္မံ၊ ဝစီကံသည်။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ ဣတိ၊ သို့။ ဧတ္ထ၊ ဤ ဝစီကံအရာ၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်ထိုက်၏။

၁။ ဝါစာဂိရံ။ ။ဝါစာသင်္ခါတံ ဂိရံ၊ စကားဟု ဆိုအပ်သော အသံကို။ ဝါစာနုစ္စာ-ရဏံ ဝါ၊ အဖန်ဖန် မြွက်ဆိုအပ်သော စကားကို။ ဤသို့ ဋီကာ၌ ၂-နည်းဖွင့်၏။ ထိုအလို ဝါစာဂိရံကို သမာသ်ပုဒ်တပုဒ်တည်းဟု ဆိုလို၏။ "ဝါစာသင်္ခါတာ+ဂိရာ ဝါစာဂိရာ"ဟု လည်းကောင်း။ "ဂိရိယတေတိ ဂိရာ၊ ဝါစာ ဧဝ+ဂိရာ ဝါစာဂိရာ"ဟုလည်းကောင်း ဝိဂ္ဂဟပြုပါ။ ပရိဝါ အဋ္ဌကထာ၌ကား ဝါစာနှင့် ဂိရံကို ၂-ပုဒ်ခွဲ၍ ဖွင့်ထား၏။

အမှာ။ ။"အယံ ဟေတ္ထ အတ္ထော။ ပ။ စိန္တိတာ" တိုင်အောင်သော စကားသည် ဝိနည်းမဟာဝါ အဋ္ဌကထာ ဥပေါသထက္ခန္ဓက၌လာသော စကားနှင့် သဘောတူပင်တည်း။ ထို့ကြောင့်"အတ္ထေန-အနက်အားဖြင့်"ဟူရာ၌ "အဋ္ဌကထာဖွင့်ထားသော အနက်အားဖြင့်"ဟု ဆိုလိုသည်။ ထို၌ သံဝဏ္ဏေတဗ္ဗပါဠိကို ချန်၍ အားလုံး အနက်တူပင် ဖြစ်သည်။ ဥပေါသထက္ခန္ဓက ပါဠိတော်၌လာသော "သမ္ပဇာနမုသာဝါဒဿ ဟောတိ" ကိုပင်"ယွာယံ သမ္ပဇာနမုသာဝါဒဿ ဟောတီတိ ဝုတ္တော"ဟု ဆိုသည်။ ထို့ကြောင့် မဟာဝါ အဋ္ဌကထာနှင့် ဤ အဋ္ဌကထာစာအုပ်တို့၌ "ယွာယံ သမ္ပဇာနမုသာဝါဒေါ ဟောတီတိ"ဟု ရှိသည်ကား မကောင်း။ "ယွာယံ သမ္ပဇာနမုသာဝါဒဿ ဟောတီတိ ဝုတ္တော"ဟု ရှိရမည်။

[ဝစီကံ၏ ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်ပုံကို ပြပြီး၍ မနောကံ၏ ဒွါရ ၃-ပါး လုံး၌ ဖြစ်ပုံကို ပြလိုသောကြောင့်"ယဒါ ပန"စသည် မိန့်။] ပန၊ ကား။ ယဒါ၊ ၌။ အဘိဇ္ဈာသဟဂတေန၊ အဘိဇ္ဈာနှင့် တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ကာယင်္ဂံ၊ ကိုယ်အင်္ဂါကို။ စောပေန္တော၊ လှုပ်စေလျက်။ ဟတ္ထဂ္ဂါဟာဒီနိ၊ မာတုဂါမ၏ လက်ကိုကိုင်ဆွဲခြင်း အစရှိသော အမှုတို့ကို။ ကရောတိ၊ ပြု၏။ [အာဒိဖြင့် ဝေဏိဂ္ဂါဟ၊ အင်္ဂပရာမသန-စသည်တို့ကို ယူ။ ရှေးနိဿယ၌"လက်ဖြင့်ကိုင်ယူခြင်း အစရှိသည်တို့ကို"ဟု တနည်း ပေးသေး၏။"သူတပါးပစ္စည်းကို လက်ဖြင့်ကိုင်ခြင်းစသည်ကို"ဟု ဆိုလိုဟန်တူသည်။]ဗျာပါဒသဟဂတေန ၁၊ သော။ စေတသာ။ဒဏ္ဍပရာမာသာဒီနိ၊ တုတ်ကိုသုံးသပ်ခြင်း အစရှိ:ပည်တို့ကို။ [သူကပါးကို ပုတ်ခတ်ဖို့ရန် တုတ်ကိုကိုင်ခြင်း စသည်တို့ကို။] (ကရောတိ။) မိစ္ဆာဒိဋ္ဌိသဟဂတေန၊သော။ စေတသာ၊ဖြင့်။ ခန္ဒသိဝါဒယော၂၊ ကဒဲနတ်

၁။ ဗျာပါဒသဟဂတေန။ ။ဗျာပါဒဟူသည် သူတပါးကို သေစေလိုသော ဒေါသတည်း။ ထိုဒေါသစိတ်ဖြင့် ဒဏ္ဍပရာမာသ (တုတ်ကိုင်မှု) စသည်ပြုလျှင် "ဗျာပါဒ မနောကံ" ဟု ဆိုယား၏။ သို့ဖြစ်လျှင် ရှင်ဒေဝဒတ်၏ ဗုဒ္ဓမြတ်စွာကို သတ်ဖို့ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကို လှိမ့်ချရာ၌ အသမမြောက်သော ပါဏာတိပါတကံ၏ ပုဗ္ဗပယောဂ-အခိုက်မှာ ဗျာပါဒမနောကံ မြောက်-မမြောက် ငြင်းခုံကြရာဝယ် အဘယ်သို့ ဆုံးဖြတ်မည်နည်း။

၂။ ခန္ဒသိဝါဒယော။ ။"ကုမာရော ခန္ဒော ဟရော" ဟု အဘိဓာန်၌ ပရိယာယ် ၃-မျိုးလာ၏။ ထို ခန္ဒကုမာရမည်သော နတ်ကို "ခဲဒနတ်" ဟု မြန်မာပြန်သည်။ ရှေး အဘိဓာန်နိဿယ၌"ဗိဿနိုးနတ်" ဟု မြန်မာပြန်၏။ "မဟိဿရော သိဝေါ သူလီ" စသည်ဖြင့် အဘိဓာန်၌လာသောကြောင့် မဟိဿရနတ်ကိုပင်"သိဝနတ်"ဟု ခေါ်၏။ "မဟာဒေဝနတ်" ဟုလည်း ခေါ်၏။ရှေးနိဿယတို့၌ မဟိဿရကို ရည်ရွယ်၍ သိဝကို ပရမိဿရ (ပရမိဿွာ) ဟု အမျိုးမျိုး အနက်ပေးကြသည်။ ထိုနတ်တို့သည် ဟိန္ဒူတို့က ဘုရားအရာ၌ထား၍ ကိုးကွယ်အပ်သော နတ်တို့တည်း။မိစ္ဆာဒိဋ္ဌိကို ပြရာဝယ် ထိုနတ်တို့ကို နိဒဿန နည်းအားဖြင့် ဥဒါဟရဏ် ထုတ်ပြသည်။"ထို ခန္ဒသိဝနတ်တို့ကိုအမြတ်တနိုး ကိုးကွယ်ျဖြင့် မိစ္ဆာဒိဋ္ဌိကမ္မပထမြောက်သည်-ဟု မဆိုလိုပါ" ဟူလို။ မိစ္ဆာဒိဋ္ဌိ အယူအဟွက် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိတို့သာ ကမ္မပထ မြောက်သည် ဟု မှတ်ပါ။

အနုဋီကာ။ ။သုဂတိ ဒုဂ္ဂတိဘဝတို့၌ ဖြစ်ရခြင်းသည် ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံကြောင့် မဟုတ်၊ ခန္ဒနတ် သိဝနက်စသော တန်ခိုးကြီးသော နတ်ဘုရားတို့ကြောင့် (နတ်ဘုရားတို့၏အလိုအတိုင်း) ဖြစ်ရ၏-ဟု ယူဆ၍"ဒါနစေတနာ၏ အကျိုးသည် မရှိ"စသည်ဖြင့် မှားယွင်းစွာသုံးသပ်သူ၏အတွက်"မိစ္ဆာဒိဋ္ဌိသဟဂတေန စေတသာ ။ပ။ ပရိဘဏ္ဍာဒီနိ ကရောတိ"ဟူသော စကားကို အဋ္ဌကထာဆရာ ဆိုအပ်

မဟာဒေဝနတ် အစရှိသူတို့သည်။ သောဏ္ဍာ၊ ချီးမွမ်းအပ် မြတ်သော ကိုးကွယ်ရာတို့တည်း။ ဣတိ၊ ဤသို့ ကြံ၍။ တေသံ၊ ထို ခဒိနတ် မဟာဒေဝနတ် အစရှိသူတို့၏။ ဝါ၊ တို့ကို။ အဘိဝါဒန ။ပ။ ပရိဘဏ္ဍာဒိနိ[၁]၊ ရှိခိုးမှု၊ လက်အုပ်ချီမှု၊ နတ်ရုပ်တို့၏ အင်းပျဉ်ငယ်ကို ရေဆေးခြင်း ဆေးသုတ်ခြင်းအစရှိသော အမှုတို့ကို။ ကရောတိ၊ ၏။ တဒါ ။ပ။ သမုဋ္ဌာတိ။ ' ပန၊ ဆက်။ ဧတ္ထ၊ ဤမနောကံ၏ ကာယဒွါရဝယ် ဖြစ်ရာ၌။ စေတနာ၊ စေတနာသည်။ အဗ္ဗောဟာရိကာ၊ ကာယကံ ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ မရောက်သည်။ ဟောတိ၊ ၏။

ပန၊ ကား။ (မနောကံ၏ကာယဒွါရ၌ ဖြစ်ပုံမှတပါး ဝစီဒွါရ၌ ဖြစ်ပုံကား။) ယဒါ၊ ၌။ အဘိဇ္ဈာ သဟဂတေန၊ သော။ စေတသာ၊ ဖြင့်။ ဝါစင်္ဂ၊ နှုတ်အင်္ဂါ ကို။ စောပေန္တော၊ လျက်။ ယံ၊ အကြင် ဥစ္စာသည်။ ပရဿ၊ သူတပါး၏ ဥစ္စာတည်း။ တံ၊ ထို သူတပါးဥစ္စာသည်။ မမံ၊ ငါ၏ဥစ္စာသည်။ [မမ+ဣဒံ မမံ။] အဿ၊ ဖြစ်ပါမူကား။ အဟော ဝတ၊ အော်-ကောင်းလေစွ။ ဣတိ၊ သို့။ ပရဝိတ္တူပကရဏံ၊ သူတပါး၏ နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော။

ပါသည်-ဟု ဝဒန္တိ ဝါဒကို အနုဋီကာပြ၏။ မူလဋီကာပြသော-နိဒဿနနည်းမဟုတ်၊မုချကမ္မပထ-မြောက်သော မိစ္ဆာဒိဋ္ဌိဖြစ်ပုံကို ပြသော စကား" ဟု ဝဒန္တိ ဆရာတို့က ဆိုလိုသည်။

၁။ **ဘူတပိဋ္ဌိက ပရိဘဏ္ဍာဒိနိ။** ။နတ်ရုပ်ကို ဘူတ၊ ထို နတ်ရုပ်တို့၏ တည်နေရာ အင်းပျဉ်ငယ်ကို ပိဋ္ဌိကာ-ဟု ခေါ်သည်။ [ဘူတပိဋ္ဌိကာ ဒေဝကုလပိဋ္ဌိကာတိ ဧတ္ထ ဒေဝတာနံ ဗလိကရဏဋ္ဌာနဘူတံ (ပူဇော်ပသမှုကို ပြုရာဌာနဖြစ်၍ ဖြစ်သော) ပိဋ္ဌံ၊-ပဉ္စမပိဋ္ဌ ဝိမာနဝတ္ထုအဋ္ဌကထာ။] ထို အင်းပျဉ်ငယ်ကို ရေဆေးခြင်း ဆေးသုတ်ခြင်းကို "ပရိဘဏ္ဍ" ဟု ခေါ်သည်။

၂။ **စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာ။** ။အဘိဇ္ဈာ-စသော မနောကံတို့က ပဓာန ဖြစ်သောကြောင့် အဘိဇ္ဈာ-စသည်တို့နှင့် အတူတကွ ဖြစ်သော စေတနာသည် ကာယဒွါရ၌ ဖြစ်ရသော်လည်း ကာယကံဟူသော အမည်ကို မရ။ ထို့ကြောင့် "အဗ္ဗောဟာရိကာ" ဟု ဆိုသည်။

မှတ်ချက်။ ။ရှေး ကာယကံ ဝစီကံတို့ကို ပြရာ၌ "စေတနာပက္ခိကာ ဝါ ဘဝန္တိ အဗ္ဗောဟာရိကာ ဝါ" ဟု ပြခဲ့၏။ ထိုနည်းအတိုင်းဆိုလျှင် "အဘိဇ္ဈာဒိပက္ခိကာ ဝါ ဘဝန္တိ" ဟု လည်း ရှိသင့်၏။ သို့သော် "တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ အကုသလံ မနောကမ္မံ" ဟု ဟောတော်မူခြင်းကြောင့် စေတနာသည် မိမိ သဘောအတိုင်းပင် မနောကံအမည်ရနေ၏။ အဘိဇ္ဈာ-စသည်တို့၏ နောက်လိုက် အသင်းအပင်းဝင် ဖြစ်ဖွယ်မလို။ ထို့ကြောင့် "အဘိဇ္ဈာဒိပက္ခိကာ ဝါ" ဟု မဆိုတော့။

ဥစ္စာကို။ အဘိဇ္ဈာယတိ၊ ရှေးရှုကြံစည်၏။ [၁]ဗျာပါဒ သဟဂတေန၊ သော။ စေတသာ၊ ဖြင့်။ ဣမေ သတ္တာ၊ ဤ သတ္တဝါ တို့သည်။ ဝါ၊ တို့ကို။ ဟညန္တု ဝါ၊ သတ်မှုလည်း သတ်အပ်ပါစေကုန်။ ဗဇ္ဈန္တု ဝါ၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့အပ်ပါစေကုန်။ ဥစ္ဆိဇ္ဇန္တု ဝါ၊ ဖြတ်မှုလည်း ဖြတ်အပ်ပါစေကုန်။ မာ ဝါ အဟေသုံ၊ မရှိမှုလည်း မရှိပါစေကုန်လင့်။ ဣတိ၊ သို့။ ဝဒတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိ သဟဂတေန။ စေတသာ၊ ဖြင့်။ ဒိန္နံ၊ ပေးလှူကြောင်း ဒါနစေတနာ သည်။ နတ္ထိ၊ မရှိ။ ယိဋ္ဌံ၊ ယဇ်ကြီးပူဇော်ကြောင်းစေတနာသည်။ နတ္ထိ။ ဣတိ အာဒိနိ၊ ဤသို့ အစရှိသော စကားတို့ကို။ ဝဒတိ၊ ၏။ တဒါ ။ပ။ ဝစီဒွါရေ သမုဋ္ဌာတိ။ ပန၊ ဆက်။ တွေ၊ ဤ မနောကံ၏ ဝစီဒွါရဝယ် ဖြစ်ရာ၌။ စေတနာ၊ သည်။ အဗ္ဗောဟာရိကာ၊ ဝစီကံဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ မရောက်သည်။ ဟောတိ။

ပန၊ ကား။ (မနောကံ၏ ဝစီဒွါရ၌ ဖြစ်ပုံမှတပါး မနောဒွါရ၌ ဖြစ်ပုံကား။) ယဒါ၊ ၌။ ကာယင်္ဂ ဝါစင်္ဂါနိ၊ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို။ အစောပေတွာ၊ မလှုပ်စေမူ၍။ရဟော၊ ဆိတ်ငြိမ်ရာ အရပ်၌။ နိသိန္နော၊ ထိုင်နေလျက်။ အဘိဇ္ဈာ ။ပ။သဟဂတာနိ၊ အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိနှင့် တကွဖြစ်ကုန်သော။ စိတ္တာနိ၊ တို့ကို။ ဥပ္ပာဒေတိ။ တဒါ ။ပ။ မနောဒွါရေ သမုဋ္ဌာတိ။ [၂]ပန၊ ဆက်။ ဣမသ္မိံ ဌာနေ၊ ဤ မနောကံ၏ မနောဒွါရဝယ် ဖြစ်ရာ၌။ စေတနာပိ၊ သည်လည်း ကောင်း။ စေတနာ သမ္ပယုတ္တကာ၊ စေတနာနှင့် ယှဉ်ကုန်သော။ ဓမ္မာပိ၊ တရားတို့သည် လည်းကောင်း။ မနောဒွါရေယေဝ၊ ၌သာ။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ [ဤ၌ စေတနာက မနောကံ ဖြစ်နေသောကြောင့် အဗ္ဗောဟာရိက

၁။ ဗျာပါဒ။ပ။ဝဒတိ။ ။ဗျာပါဒနှင့် တကွဖြစ်သော စိတ်ဖြင့် "ဣမေ သတ္တာ ဟညန္တု" စသည်ဆိုလျှင် "ဗျာပါဒ မနောကံ" ဟု ဆိုထား၏။ သို့ဖြစ်လျှင် ရှင်ဒေဝဒတ်၏ ဗုဒ္ဓမြတ်စွာသတ်ဖို့ရန် လေးသမားတို့ကို စေခိုင်းရာ၌ ပါဏာတိပါတ–ကံ အထမမြောက်သော်လည်း ဗျာပါဒ–ကံ အထမြောက်–မမြောက်ကို ဆုံးဖြတ် နိုင်လောက်ပါပြီ။

၂။ ဣမသ္မိံ ပန ဌာနေ။ပ။သမုဋ္ဌဟန္တိ။ ။ကာယင်္ဂ ဝါစင်္ဂတို့ကို မလှုပ်ရှားစေသော ကြောင့် စေတနာနှင့် စေတနာသမ္ပယုတ္တဓမ္မ အားလုံးပင် မနောဒွါရ၌သာ ဖြစ်ကြ၏။ ထို့ကြောင့် (ရှေ့ ကာယဒွါရ ဝစီဒွါရ၌ မနောကံဖြစ်ပုံကို ပြရာဝယ် စေတနာကို အဗ္ဗောဟာရိက ဟု ဆိုရသကဲ့သို့) "ဤ မနောဒွါရဝယ် မနောကံဖြစ်ရာ၌ မည်သည့် နည်းနှင့်မျှ စေတနာ၏ အဗ္ဗောဟာရိက–အဖြစ် မရှိတော့" ဟု ဆိုလိုသည်။ ၊ ဣမသ္မိံ ပန ဌာနေ။ပ။တသ္မာ စေတနာယ အဗ္ဗောဟာရိကဘာဝေါ ကထဉ္စိ နတ္ထီတိ အဓိပ္ပာ- ယော။-ဋီကာ။]

အဖြစ် မရှိရကား ရှေး ဒွါရတုန်းကကဲ့သို့"စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာ" ဟု မဆိုတော့။] ဝေ၊ လျှင်။ အကုသလံ၊ သော။ မနောကမ္မံ၊ သည်။တီသုပိ၊ ၃-ပါးလည်း ဖြစ်ကုန်သော။ ဒွါရေသု၊ တို့၌။သမုဋ္ဌာတိ၊ ဣတိ ဝေဒိတဗ္ဗံ။

ပန၊ ကား။ (အကုသိုလ်ကံ ၃-ပါးမှတပါး ကုသိုလ်ကံ ၃-ပါးကား။) တထာ ကုသလာနိ ကာယဝစီမနောကမ္မာနီတိ၊ ဟူ၍။ ယံ၊ အကြင် စကား ကို။ (မယာ၊ ငါသည်။) ဝုတ္တံ၊ ဆိုအပ်ပြီ။["အကုသလံ မနောကမ္မံ ပန တီသုပိ ဒွါရေသု သမုဋ္ဌာတိ" နှင့် ဆက်၍ဆိုခဲ့ပြီ။] တတြ၊ ထိုစကားရပ်၌။ အယံ၊ ကား။ နယော၊ တည်း။ ဟိ၊ ချဲ့။ ယဒါ၊ ။ ကေနစိ၊ တစုံတခုသော။ ကာရဏေန၊ ကြောင့်။ (ပါးစပ်၌ အနာဖြစ်နေခြင်း စသော အကြောင်းကြောင့်။) ဝတ္တုံ၊ ပြောဆိုခြင်းငှာ။ အသက္ကောန္တော၊မစွမ်းနိုင်သည်။(ဟုတွာ။)ပါဏာတိ ပါတာ ပဋိဝိရမာမီတိ၊ ပါဏာတိပါတာ ပဋိဝိရမာမိ ဟူ၍လည်းကောင်း။ အဒိန္နာဒါနာ ပဋိဝိရမာမီတိ၊ ဟူ၍ လည်းကောင်း။ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမီတိ၊ ဟူ၍လည်းကောင်း။ ဣတိ၊ သို့။ ဣမာနိ သိက္ခာပဒါနိ၊ တို့ကို။ (ကာယဒွါရနှင့်ဆိုင်သော သိက္ခာပုဒ် ၃-ပါးတို့ကို။) ဟတ္ထမုဒ္ဒါယ၊ လက် ချောင်းတို့ကို တွန့်စေခြင်းဖြင့်။ (လက်ပြသောအားဖြင့်။) ဂဏှာတိ၊ ယူ၏။ တဒါ။ပ။သမုဋ္ဌာတိ။ တေဟိ စိတ္တေဟိ၊ ထို ကုသိုလ်စိတ်တို့နှင့်။ သဟဂတာ၊ ကုန်သော။ အနဘိဇ္ဈာဒယော၊ အနဘိဇ္ဈာ-အစရှိသော တရားတို့သည်။ စေတနာပက္ခိကာ ဝါ[1]၊ ကုန်သည်လည်းကောင်း။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့မရောက်ကုန်သည် လည်းကောင်း။ ဟောန္တိ။

ပန၊ ကား။ (ကာယကံ၏ ကာယဒွါရ၌ ဖြစ်ပုံမှတပါး ဝစီဒွါရ၌ ဖြစ်ပုံ ကား။) ယဒါ၊ ။ တာနေဝ သိက္ခာပဒါနိ၊ ထို ပါဏာတိပါတာ ဝေရမဏီ-

---

၁။ **စေတနာပက္ခိကာ ဝါ။** ။ပါဏာတိပါတာ ပဋိဝိရမာမိ-စသည်ဖြင့် ဆောက် တည်ရာဝယ် ဝိရတိဖြစ်သည် မဟုတ်ပါလော၊ ဝိရတိဖြစ်လျှင်"ဝိရတိပက္ခိကာ ဝါ" ဟု ဆိုသင့်သည် မဟုတ်ပါလော၊ ဤသို့ မေးဖွယ်ရှိ၏။ အဖြေကား-"တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ ကုသလံ ကာယကမ္မံ" ဤသို့ **အစရှိသည်ဖြင့်** ကုသိုလ်စေတနာကို **ကံ**ဟု ဟောတော်မူသောကြောင့် ပါဏာတိပါတာဒိ ဝိရတိသည် ပဓာနမဟုတ်၊ ထို ဝိရတ်ဖြင့် အထူးပြုအပ်သော စေတနာသည်သာ ပဓာနတည်း။ မှန်၏-"ပါဏာတိပါ-တာ ပဋိဝိရမာမိ" စသည်ဖြင့် ဆောက်တည်ခိုက်၌ ရှောင်ကြဉ်ဖွယ်ရာ ဝီတိက္ကမိတဗ္ဗ အာရုံ မရှိလျှင် ဝိရတိစေတသိက်ပင် မဖြစ်၊ စေတနာကား ဖြစ်သည်သာ။ ဤသို့ စေတနာ သာ ပဓာန ဖြစ်သောကြောင့်"ဝိရတိပက္ခိကာ ဝါ"ဟု မဆိုပဲ "စေတနာပက္ခိကာ ဝါ" ဟုသာ ဆိုရသည်။

အစရှိသော သိက္ခာပုဒ်တို့ကိုပင် ဝစီဘေဒံ ကတွာ ဂဏှာတိ၊ တဒါ။ပ။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု ခေါ်ဝေါ်။ပ။မရောက်ကုန်သည် လည်းကောင်း။ ဟောန္တိ။ ပန၊ ကား။ (ကာယကံ၏ ဝစီဒွါရ၌ ဖြစ်ပုံမှတပါး မနောဒွါရ၌ဖြစ်ပုံကား။)ယဒါ။ တေသု သိက္ခာပဒေသု၊ ထို ပါဏာတိပါတာ ဝေရမဏီ-အစရှိသော သိက္ခာပုဒ်တို့ကို။ ဒိယျမာနေသု၊ ပေးအပ်ကုန်လတ်သော်။ ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ။ မနသာဝ၊ ဖြင့်သာ။ ပါဏာတိပါတာ ပဋိဝိရမာမီတိ၊ ဟူ၍ လည်းကောင်း။ပ။ ကာမေသုမိစ္ဆာစာရာ ပဋိ-ဝိရမာမီတိ၊ ဟူ၍လည်းကောင်း။ ဂဏှာတိ၊ တဒါ။ပ။အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု ခေါ်ဝေါ်သည်၏အဖြစ်သို့ မရောက်ကုန်သည်လည်းကောင်း။ ဟောန္တိ။

ပန၊ ကား။ (ကာယကံ၏ ၃-ဒွါရ၌ ဖြစ်ပုံမှတပါး ဝစီကံ၏ ၃-ဒွါရ၌ ဖြစ်ပုံကား။) မုသာဝါဒါ ဝေရမဏီတိ အာဒီနိ၊ ဤသို့ အစရှိကုန်သော။ စတ္တာရိ၊ ကုန်သော။ သိက္ခာပဒါနိ၊ တို့ကို။ ဝုတ္တနယေနေဝ၊ သာလျှင်။ (ကာယကံ၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ။) ကာယာဒီဟိ၊ ကာယဒွါရ အစရှိသည့်တို့ဖြင့်။ ဂဏှန္တဿ၊ ယူသော ပုဂ္ဂိုလ်၏။ ကုသလံ။ပ။ဣတိ ဝေဒိတဗ္ဗံ။ ဣဓာပိ၊ ဤ ဝစီကံ၏ ဒွါရ ၃-ပါးတို့ဝယ် ဖြစ်ရာ၌လည်း။ အနဘိဇ္ဈာဒယော။ပ။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ မရောက်ကုန်သည် လည်းကောင်း။ ဟောန္တိ။

ပန၊ ကား။ (ဝစီကံ၏ ၃-ဒွါရ၌ ဖြစ်ပုံမှတပါး မနောကံ၏ ၃-ဒွါရ၌ ဖြစ်ပုံကား။) အနဘိဇ္ဈာဒိ သဟဂတေဟိ၊ အနဘိဇ္ဈာ-အစရှိသည်နှင့် တကွဖြစ်ကုန်သော။ စိတ္တေဟိ၊ တို့ဖြင့်။ ကာယင်္ဂံ၊ ကို။ စောပေတွာ၊ ၍။ စေတိယင်္ဂဏ။ပ။ဝန္ဒနာဒီနိ၊ စေတီရင်ပြင်တော်ကို တံမြက်လှည်းခြင်း, နံ့သာပန်း အစရှိသည် တို့ဖြင့် ပူဇော်ခြင်း, စေတီတော်ကို ရှိခိုးခြင်းအစရှိသော အမှုတို့ကို။ ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်၏။ ကမ္မံ၊ သည်။ပ။သမုဋ္ဌာတိ။ ပန၊ ဆက်။ ဧတ္ထ၊ ဤ မနောကံ၏ ကာယဒွါရဝယ် ဖြစ်ရာ၌။ စေတနာ၊ သည်။ အဗ္ဗောဟာရိကာ၊ ကာယကံ ဟု။ပ။သည်။ ဟောတိ။

အနဘိဇ္ဈာသဟဂတေန၊ သော။ စိတ္တေန၊ ဖြင့်။ ဝါစင်္ဂံ စောပေတွာ။ ပရဿ၊ သူတပါး၏။ ယံ ဝိတ္တူပကရဏံ၊ အကြင် နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော ဥစ္စာသည်။ (အတ္ထိ။) [ဝိတ္တိယာ၊ နှစ်သက်ခြင်း၏+ဥပကရဏံ၊ အကြောင်း။] တံ၊ ထို နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော ဥစ္စာသည်။ မမံ၊ ငါ၏ဥစ္စာသည်။ န အဿ၊ မဖြစ်ပါမူကား။ အဟော ဝတ။ ဣတိ၊ သို့။ အနဘိဇ္ဈာယတော၊ ရှေးရှု မကြံစည်သော ပုဂ္ဂိုလ်၏ လည်းကောင်း။ အဗျာ-

ပါဒသဟဂတေန။ စိတ္တေန၊ ဖြင့်။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ကိုယ်တွင်းကိုယ်ပ ရန်မရှိကြကုန်သည်။ အဗျာပဇ္ဇာ၊ ဒေါသမရှိကြကုန်သည်။ အနီဃာ၊ ဆင်းရဲ မရှိကြကုန်သည်။ သုခီ၊ ချမ်းသာခြင်းရှိကြကုန်သည်။(ဟုတွာ။) အတ္တာနံ၊ အတ္တဘောကို။ ပရိဟရန္တု၊ ဆောင်ရွက်နိုင်ကြ ပါစေကုန်သတည်း။ ဣတိ၊ သို့။ ဝဒန္တဿ၊ မြွက်ဆိုသော ပုဂ္ဂိုလ်၏လည်းကောင်း။ သမ္မာဒိဋ္ဌိသဟဂတေန။ စိတ္တေန၊ ဖြင့်။ ဒိန္နံ၊ ပေးလှူကြောင်းဒါနစေတနာ၏ အကျိုးသည်။ အတ္ထိ။ ဣတိ အာဒိနိ၊ ဤသို့ အစရှိသောစကားတို့ကို။ ဥဒါဟရန္တဿ၊ မြွက်ဆိုသော ပုဂ္ဂိုလ်၏လည်းကောင်း။ ကမ္မံ ။ပ။ သမုဋ္ဌာတိ။ ပန၊ ဆက်။ ဧတ္ထ၊ ဤ မနောကံ၏ ဝစီဒွါရဝယ် ဖြစ်ရာ၌။ စေတနာ၊ သည်။ အဗ္ဗောဟာရိကာ၊ ဝစီကံ ဟု။ပ။သည်။ ဟောတိ။

ပန၊ ကား။(မနောကံ၏ ဝစီဒွါရ၌ ဖြစ်ပုံမှတပါး မနောဒွါရ၌ ဖြစ်ပုံကား။) ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ။ ရဟော၊ ဆိတ်ငြိမ်ရာ အရပ်၌။ နိသိန္နဿ၊ ထိုင်နေလျက်။ မနသာဝ၊ စိတ်ဖြင့်သာလျှင်။ အနဘိဇ္ဈာဒိသဟဂတာနိ၊ အနဘိဇ္ဈာ အစရှိသည်တို့နှင့် တကွဖြစ်သော စိတ်တို့ကို။ ဥပ္ပာဒေန္တဿ၊ ဖြစ်စေသော ပုဂ္ဂိုလ်၏။ ကမ္မံ။ပ။သမုဋ္ဌာတိ။ ပန၊ ဆက်။ ဣမသ္မိံ ဌာနေ၊ ဤမနောကံ၏ မနောဒွါရဝယ် ဖြစ်ရာ၌။ စေတနာပိ၊ သည်လည်းကောင်း။ စေတနာသမ္ပယုတ္တကာ၊ ကုန်သော။ ဓမ္မာပိ၊ တို့သည်လည်းကောင်း။ မနောဒွါရေယေဝ၊ ၌သာလျှင်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ [“သမုဋ္ဌဟန္တီတိ ဟု ဣတိရှိလျှင်ကောင်း၏။ “ဣတိ အယံ၊ ကား။ နယော၊ တည်း” ဟု တတြာယံ နယောကို ပြန်လှည့်ပါ။ ဤ၌ “စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာ” ဟု မဆိုပုံကို အကုသိုလ်ကို ကာယကံ ဝစီကံတို့၏ မနောဒွါရ၌ ဖြစ်ပုံအတိုင်း သိပါ။]

တတ္ထ၊ ထိုပါဏာတိပါတ အဒိန္နာဒါန အစရှိသည်တို့တွင်။ အာဏတ္တိ- သမုဋ္ဌိတေသု၊ စေခိုင်းခြင်းကြောင့် ဖြစ်ကုန်သော။ ပါဏာတိပါတ အဒိန္နာ- ဒါနေသု၊ ပါဏာတိပါတ အဒိန္နာဒါန ကာယကံတို့၌။ ကမ္မမ္ပိ၊ သည်လည်း။ ကာယကမ္မံ ဟောတိ။ ဒွါရမ္ပိ၊ သည်လည်း။ ကမ္မဝသေနေဝ၊ ကံနှင့်စပ်သဖြင့်သာလျှင်။ ကာယဒွါရံ ဟောတိ။ ဣတိ၊ သို့။ ဝဒန္တော၊ ပြောဆိုသော ပုဂ္ဂိုလ်သည်။ [၁]ကမ္မံ၊ ကံကို။ ရက္ခတိ (နာပ)၊ နာမည် မပျက်အောင် စောင့်ရှောက်

၁။ **ကမ္မံ ရက္ခတိ၊ ဒွါရံ ဘိန္ဒတိ။** ။ပါဏာတိပါတ-အမှုကို နှုတ်ဖြင့် စေခိုင်း၍ပြုစေရာ၌ ကာယကံ ဖြစ်သောကြောင့် ကာယကမ္မံ ဟု ဆိုသူသည် ကမ္မံ ရက္ခတိ-ကံကို မပျက်စီးအောင် စောင့်ရှောက် ပြောဆိုသူ မည်၏။ စေခိုင်းမှုအတွက် ဝစီဒွါရ၌ ဖြစ်ပါလျက် ကံကို အရင်းခံပြု၍ “ကာယဒွါရ၌ ဖြစ်၏” ဟု ပြောဆိုသူကား အစစ်အမှန် ဝစီ- ဒွါရကို ဖျက်ဆီး၍ ပြောဆိုရာ ရောက်သည်။ မုသာဝါဒ-စသည်တို့ကို လက်ပြခြေပြပြ၍

သည် မည်၏။ဒွါရံ၊ ကို။ ဘိန္ဒတိ နာမ၊ နာမည်ပျက်အောင် ဖျက်သည်မည်၏။ ဟတ္ထမုဒ္ဒါယ၊ ဖြင့်။ သမုဋ္ဌိတေသု၊ ဖြစ်ကုန်သော။ မုသာဝါဒါဒီသု၊ မုသာဝါဒ အစရှိသည်တို့၌။ ဒွါရမ္ပိ၊ သည်လည်း။ ကာယဒွါရံ ဟောတိ။ ကမ္မမ္ပိ၊ သည်လည်း။ ဒွါရဝသေနေဝ၊ ဒွါရနှင့် စပ်သဖြင့်သာလျှင်။ ကာယကမ္မံ ဟောတိ။ ဣတိ၊ သို့။ ဝဒန္တော၊ သည်။ ဒွါရံ၊ ကို။ ရက္ခတိ (နာမ)၊ မည်၏။ ကမ္မံ၊ ကို။ ဘိန္ဒတိ နာမ၊ မည်၏။ တသ္မာ၊ ကြောင့်။ ကမ္မံ၊ ကို။ ရက္ခာမိ၊ စောင့်ရှောက်အံ့။ ဣတိ၊ ဤသို့ကြံ၍။ ဒွါရံ၊ ကို။ န ဘိန္ဒိတဗ္ဗံ၊ မဖျက်ထိုက်။ ဒွါရံ၊ ကို။ ရက္ခာမိ၊ အံ့။ ဣတိ၊ ဤသို့၊ ကြံ၍။ ကမ္မံ၊ ကို။ န ဘိန္ဒိတဗ္ဗံ။ ပန၊ အနွယကား။ ယထာ ဝုတ္တေနေဝ၊ သော။ နယေန၊ (“ကထံ၊သဟတ္ထာ ဟိ ပါဏံ ဟနန္တဿ” စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်။) ကမ္မဉ္စ၊ ကိုလည်းကောင်း။ ဒွါရဉ္စ၊ ကိုလည်းကောင်း။ ဝေဒိတဗ္ဗံ။ ဟိ၊ အကျိုးကား။ ဧဝံ၊ သို့။ (ဆိုအပ်ပြီးသောနည်းဖြင့်။)ကထေန္တော၊ ပြောဆိုသော ပုဂ္ဂိုလ်သည်။ကမ္မံ၊ကို။ နေဝ ဘိန္ဒတိ၊ ဖျက်သည် မမည်။ ဒွါရံ၊ ကို။ န ဘိန္ဒတိ၊ ဖျက်သည် မမည်။ဣတိ၊ အပြီးတည်း။....ကမ္မကထာ နိဋ္ဌိတာ။

ပဉ္စဝိညာဏကထာ စသည်

[2]ဣဒါနိ၊ ၃-ပါးသော ကံတို့ကို အကျယ်ပြပြီးရာ ယခုအခါ၌။ ပဉ္စဝိညာဏာနိ ပဉ္စဝိညာဏဒွါရာနီတိ အာဒီသု၊ အစရှိသော မာတိကာ စကားရပ်တို့၌။

ဆိုရာ၌ “ဝစီကံသည် ဝစီဒွါရ၌ ဖြစ်၏” ဟု ပြောသူလည်း ကံကို စောင့်ရှောက်၍ ဒွါရကို ဖျက်ရာရောက်သည်။

၁။ **ဒွါရံ ရက္ခတိ၊ ကမ္မံ ဘိန္ဒတိ။** ။လက်ပြ ခြေပြဖြင့် မုသားပြောရာ၌ ကာယဒွါရဝယ် ဖြစ်သောကြောင့် ကာယဒွါရ ဟု ပြောသူသည် အမှန်အကန် ဖြစ်ရကား ဒွါရကို စောင့်ရှောက်ရာ ရောက်၏။ ဒွါရကို အကြောင်းပြု၍ ထို မုသာဝါဒ-စသည်ကို ကာယကံ ဟု ပြောဆိုသူကား ကံကို ဖျက်ရာရောက်သည်။

၂။ **ဣဒါနိ။ပ။အာဒီသု။** ။ရှေ့ ဒွါရကထာ အစ၌ “တီဏိ ကမ္မာနိ၊ တီဏိ ကမ္မဒွါရာနိ၊ ပဉ္စဝိညာဏာနိ။ပ။ဒသ အကုသလကမ္မပထာ” ဟု မာတိကာထားခဲ့၏။ ထို မာတိကာတွင် တီဏိ ကမ္မာနိ၊ တီဏိ ကမ္မဒွါရာနိ—ဟူသော မာတိကာ ၂-ပုဒ်၏ ဝိတ္ထာရကထာကို ပြပြီး၍ ပဉ္စဝိညာဏာနိ-စသော မာတိကာပုဒ်တို့၏ ဝိတ္ထာရကထာကို ပြလိုသောကြောင့်“ဣဒါနိ။ပ။အာဒီသု” ဟု မိန့်သည်။ အာဒိဖြင့် ဆ ဖဿ၊ ဆ ဖဿဒွါရ—စသည်ကို ယူပါ။ အာဒီသု၏ စပ်ပုဒ်ကို ယောဇနာ၌“ဝိနိစ္ဆယော ဝေဒိတဗ္ဗော” ဟု ထည့်၏။ သို့သော် ရှေ့၌ “ဝိတ္ထာရကထာ ဟောတိ” ဟု ပါခဲ့သောကြောင့် “ဝိတ္ထာရကထာ ဟောတိ” ဟု နိဿယ၌ ထည့်လိုက်ပါသည်။

(ဝိတ္ထာရကထာ၊ အကျယ်ဖြစ်သော စကားသည်။ ဟောတိ၊ ဖြစ်၏။) စက္ခု-ဝိညာဏံ၊ စက္ခုဝိညာဉ် လည်းကောင်း။ပ။ကာယဝိညာဏံ၊လည်းကောင်း။ဣတိ ဣမာနိ၊ ဤသည်တို့ကား။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိညာဏာနိ နာမ၊ ဝိညာဉ်တို့မည်၏။ စက္ခုဝိညာဏ ဒွါရံ[1]၊ စက္ခုဝိညာဏ ဒွါရလည်းကောင်း။ သောတ—ဝိညာဏဒွါရံ၊ လည်းကောင်း။ပ။ကာယဝိညာဏဒွါရံ၊ လည်းကောင်း။ ဣတိ ဣမာနိ၊ တို့ကား။ ပဉ္စ၊ ကုန်သော။ ဝိညာဏဒွါရာနိ နာမ၊ တို့ မည်၏။ ပဉ္စန္နံ၊ ကုန်သော။ ဣမေသံ ဒွါရာနံ၊ တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဥပ္ပန္နာ၊ ဖြစ်သော။ စေတနာ၊ သည်။[2]ကာယကမ္မံ၊ သည်။ နေဝ ဟောတိ၊ မဟုတ်။ ဝစီကမ္မံ၊ သည်။ န ဟောတိ။ မနောကမ္မမေဝ၊ မနောကံသည်သာ။ ဟောတိ။ ဟုတ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။

ပန၊ ကား။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿ—လည်းကောင်း။ သောတ-သမ္ဖဿော၊ လည်းကောင်း။ပ။ မနောသမ္ဖဿော၊ လည်းကောင်း။ ဣတိ ဣမေ၊ ဤသည်တို့ကား။ ဆ၊ ကုန်သော။ သမ္ဖဿာ နာမ၊ သမ္ဖဿတို့ မည်၏။ စက္ခုသမ္ဖဿဒွါရံ၊ စက္ခုသမ္ဖဿဒွါရ လည်းကောင်း။ ဝါ၊ စက္ခုသမ္ဖဿ၏ ဒွါရ လည်းကောင်း။ ဝါ၊ စက္ခုတည်းဟူသော သမ္ဖဿ၏ ဒွါရ လည်းကောင်း။ (တနည်း) စက္ခု၊ စက္ခုဟူသော။ သမ္ဖဿဒွါရံ၊ သမ္ဖဿ၏ ဒွါရလည်းကောင်း။

၁။ စက္ခု ဝိညာဏ ဒွါရံ။ ။"စက္ခုဝိညာဏဿ+ဒွါရံ စက္ခုဝိညာဏဒွါရံ—စက္ခုဝိညာဉ်၏ဒွါရ" ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် လည်းကောင်း။ "စက္ခု စ+တံ+ဝိညာဏ-ဒွါရံ စာတိ စက္ခုဝိညာဏဒွါရံ-စက္ခုပသာဒ—ဟူသော+ဝိညာဉ်၏ ဒွါရ" ဟု ကမ္မဓာရဲ-သမာသ် လည်းကောင်း ဤသို့ သမာသ်ပုဒ်အဖြစ်ဖြင့် ဋီကာ၌ ၂—နည်းပြ၏။ ထို့နောက် "စက္ခု+ဝိညာဏဒွါရံ" ဟု သမာသ်မတွဲပ ဝါကျအဖြစ်ဖြင့် တတိယနည်း ပြပြန်၏။ ထို ၃-နည်းလုံး၌ပင် အရကောက်မှာ စက္ခုပသာဒ-ချည်းသာ ဖြစ်သည်။

သောတ ဃာန ဇိဝှာ။ ။"သောတဝိညာဏဒွါရံ၊ ဃာနဝိညာဏဒွါရံ" စသည်ဖြင့် ဆိုလိုလျက် ဝိညာဏဒွါရံဟူသော နောက်ပုဒ်ကို ချေ၍ "သောတ ဃာန ဇိဝှာ" ဟု ချုံးထားသည်။ "သောတ" စသည်တို့၌ မူလဋီကာ တတိယနည်းအတိုင်း ဝါကျ ဟု ကြံသောအခါ "သောတံ+ဝိညာဏဒွါရံ" ဟု ဆိုလိုလျက် အဝိဘတ္တိက နိဒ္ဒေသ အားဖြင့် ဝိဘတ်မပါပဲ (ဝိဘတ်သက်ပြီးမှ ချေလျက်) ညွှန်ပြထားသည် ဟု ကြံရသည်။

၂။ နေဝ ကာယကမ္မံ။ ။ပဉ္စဝိညာဉ်သည် ကာယဝိညတ် ဝစီဝိညတ်ကို မဖြစ်စေနိုင်။ [ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်များကို သတိပြုပါ။] ဝိညတ်ပါမှ ကာယကံ ဝစီကံ အထမြောက်၏။ ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် ပဉ္စဒွါရ၌ဖြစ်သော စေတနာသည် ကာယကံ ဝစီကံ အမည်မရပဲ မနောကံ အမည်သာ ရ၏။မနောကံ ဆိုသော်လည်း ကမ္မ-ပထမြောက်သော မနောကံ မဟုတ်ပါ။

[ဤသို့စက္ခုဝိညာဏဒွါရံကိုဋ္ဌိကာဖွင့်ပုံမှီး၍ ၃–နည်းပေးပါ။]။ပ။ဣတိ ဣမာနိ၊ ဤသို့သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ သမ္ဘဿဒွါရာနိ နာမ၊ တို့မည်၏။

စက္ခု အသံဝရော၊ စက္ခုအသံဝရ လည်းကောင်း။ ဝါ၊ စက္ခုဒွါရ၌ဖြစ်သော အသံဝရ လည်းကောင်း။ သောတအသံဝရော၊ လည်းကောင်း။ပ။ ပသာဒကာယ အသံဝရော၊ လည်းကောင်း။ ဝါ၊ ကာယပသာဒ၌ဖြစ်သော အသံဝရ လည်းကောင်း။ စောပနကာယ အသံဝရော၊ လည်းကောင်း။ ဝါ၊ လှုပ်ရှားစေတတ်သော ကာယဝိညတ်၌ဖြစ်သော အသံဝရ လည်းကောင်း။ဝါ–စာ အသံဝရော၊ လည်းကောင်း။ ဝါ၊ ဝစီဒွါရ၌ဖြစ်သော အသံဝရ လည်းကောင်း။ မနော အသံဝရော၊ လည်းကောင်း။ ဝါ၊ မနောဒွါရ၌ဖြစ်သော အသံဝရ လည်းကောင်း။ ဣတိ ဣမေ၊ ဤသို့သော။ [1]အဋ္ဌ၊ ရှစ်ပါးကုန်သော။ အသံဝရာ နာမ၊ တို့မည်၏။ [2]တေ၊ ထို ၈–ပါးသော အသံဝရတို့သည်။ အတ္ထတော၊ အနက် အရကောက်အားဖြင့်။ (တရားကိုယ်အားဖြင့်။) ဒုဿီလျံ၊ သီလမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ပါဏာတိပါတ–စသော စေတနာ လည်းကောင်း။ မုဋ္ဌဿစ္စံ၊ ပျောက်ကင်းသောသတိ ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ် လည်းကောင်း။ ဝါ၊ ပမာဒ လည်းကောင်း။ အညာဏံ၊ ဉာဏ်၏ဆန့်ကျင်ဘက် မောဟ လည်းကောင်း။ အက္ခန္တိ၊ ခန္တီ၏ ဆန့်ကျင်ဘက် ဒေါသ လည်းကောင်း။ ကောသဇ္ဇံ၊ ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိန မိဒ္ဓ လည်းကောင်း။ ဣတိ၊ သို့။ ဣမေ ပဉ္စ ဓမ္မာ၊ ဤ ၅–ပါးသော တရားတို့သည်။ ဟောန္တိ။

တေသု၊ ထို ၅–ပါးသော တရားတို့တွင်။ ဧကဓမ္မောပိ၊ တပါးသော တရားသည်လည်း။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ ဝေါဋ္ဌဗ္ဗန ပရိယောသာနေသု၊

၁။ **အဋ္ဌ အသံဝရာ။** ။ဓမ္မပဒ-ဘိက္ခုဝဂ်၌ "စက္ခုနာ သံဝရော သာဓု" စသည်ဖြင့် "စက္ခုသံဝရ၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဝါစာ၊ မနသံဝရ" ဟု သံဝရ ခုနစ်ပါးကို ဟောတော်မူ၏။ ထို ခုနစ်ပါး၌ ကာယသံဝရကို ကာယပသာဒအတွက် ပသာဒကာယသံဝရ ဟု လည်းကောင်း၊ ကာယဝိညတ်အတွက် စောပနကာယ သံဝရ ဟု လည်းကောင်း ခွဲ၍ သံဝရ ၈–ပါးဟု ဤ၌ ပြထား၏။ ထို သံဝရ ၈-ပါး၏ ဆန့်ကျင်ဘက် အဖြစ်ဖြင့် အသံဝရကိုလည်း ၈-ပါးဟု ဆိုထားသည်။

၂။ **တေ အတ္ထတော။ပ။ပဉ္စ ဓမ္မာ။** ။သံဝရ ၈-ပါး၏ တရားကိုယ်သည် "သီလ၊ သတိ၊ ဉာဏ်၊ ခန္တိ၊ ဝီရိယ" အားဖြင့် ၅–ပါးသာရှိ၏။ ထို့ကြောင့် ထိုသံဝရ၏ ဆန့်ကျင်ဘက်ဖြစ်သော အသံဝရ၏ တရားကိုယ်ကိုလည်း "ဒုဿီလျ၊ မုဋ္ဌဿစ္စ၊ အညာဏ၊ အက္ခန္တိ၊ ကောသဇ္ဇ" အားဖြင့် ၅–ပါးပင်ပြရသည်။အက္ခန္တိ ဟူသည်–"ခမော ဟောတိ သီတဿ ဉဏှဿ" စသည်ဖြင့်လာသော "သီတ ဥဏှ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿ ဒုရုတ္တ ဝစန" စသည်ကို သည်းမခံနိုင်သော ဒေါသတည်း။

ဝုဌ္ဌော အဆုံးရှိကုန်သော။ စိတ္တေသု၊ တို့၌။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဇဝနက္ခဏေ ယေဝ၊ ဇောခဏ၌သာ။ ဥပ္ပဇ္ဇတိ၊ ၏။ ဇဝနေ၊ ဇော၌။ ဥပ္ပန္နော၊ ဖြစ်သည်။ (သမာနော)ပိ၊ ဖြစ်ပါသော်လည်း။ ပဉ္စဒ္ဝါရေ အသံဝရောတိ၊ ဟူ၍။ ဝါ၊ ပဉ္စဒ္ဝါရ၌ဖြစ်သော အသံဝရဟူ၍။ ဝုစ္စတိ၊ ၏။

ဟိ၊ ချဲ့။ စက္ခုဝိညာဏ သဟဇာတော၊ စက္ခုဝိညာဉ်နှင့် တကွဖြစ်သော။ ဖဿော၊ သည်။ စက္ခုသမ္ဖဿော နာမ၊ မည်၏။ စေတနာ၊ သည်။ မနော- ကမ္မံ နာမ၊ မည်၏။ တံ စိတ္တံ၊ ထို စက္ခုဝိညာဉ် စိတ်သည်။ မနောကမ္မဒ္ဝါရံ နာမ၊ မည်၏။ ဧတ္ထ၊ ဤ စက္ခုသမ္ဖဿ စသည်၌။ ပဉ္စဝိဓော၊ ၅-ပါး အပြားရှိသော။ အသံဝရော၊ သည်။ နတ္ထိ။ သမ္ပဋိစ္ဆနသဟဇာတော၊ သော။ ဖဿော၊ သည်။ မနောသမ္ဖဿော နာမ၊ မည်၏။ပ။ တံ စိတ္တံ၊ ထို သမ္ပဋိစ္ဆိုန်းစိတ်သည်။ မနော ကမ္မဒ္ဝါရံ နာမ။ ဧတ္ထာပိ၊ ဤ သမ္ပဋိစ္ဆန မနောသမ္ဖဿ၌လည်း။ အသံဝရော နတ္ထိ။ သန္တီရဏ ဝေါဋ္ဌဗ္ဗနေသုပိ၊ တို့၌လည်း။ ဧသေဝ နယော။ ပန၊ ကား။ ဇဝန သဟဇာတော၊ သော။ ဖဿော၊ သည်။ မနောသမ္ဖဿော နာမ၊ မည် ၏။ပ။ တံ စိတ္တံ၊ ထို ဇောစိတ်သည်။ မနောကမ္မဒ္ဝါရံ နာမ။ ဧတ္ထ၊ ဤ ဇဝန သဟဇာတ မနောသမ္ဖဿ၌။ အသံဝရော၊ သည်။ စက္ခုအသံဝရော နာမ၊ မည်သည်။ ဟောတိ၊ ၏။ [စက္ခုဒ္ဝါရ၌ဖြစ်သော ဇောစိတ်ဖြစ်သောကြောင့် ထိုစိတ်နှင့်ယှဉ်သော အသံဝရကို စက္ခုအသံဝရ ဟု ဆိုရသည်။] သောတ။ပ။ ဒ္ဝါရေသုပိ၊ သောတဒ္ဝါရ, ဃာနဒ္ဝါရ, ဇိဝှာဒ္ဝါရ, ပသာဒကာယဒ္ဝါရတို့၌လည်း။ ဧသေဝ နယော။

[၅-ပါးသောဒ္ဝါရကို ပြပြီး၍ စောပန-ကာယဒ္ဝါရကို ပြလိုသောကြောင့် "ယဒါ ပန" စသည်မိန့်။]

ပန-ကား။ ယဒါ၊ ၌။ ရူပါဒီသု၊ ရူပါရုံ အစရှိသော အာရုံတို့တွင်။ အညတရာရမ္မဏံ၊ တပါးပါးသော အာရုံဟူသော အာရုံရှိသော။ မနောဒ္ဝါ- ရိကဇဝနံ၊ မနောဒ္ဝါရိက ဇောသည်။ ဝစီဒ္ဝါရေန၊ ဝစီဒ္ဝါရနှင့်။ ဝိနာ၊ ကင်း ၍။ [1]သုဒ္ဓံ၊ ဝစီဒ္ဝါရမဖက် သက်သက်သော။ ကာယဒ္ဝါရသင်္ခါတံ၊ ကာယဒ္ဝါရ ဟု ဆိုအပ်သော။ စောပနံ၊ လှုပ်ရှားခြင်းသို့။ ပါပယမာနံ၊ ရောက်စေလျက်။ ဥပ္ပဇ္ဇတိ၊ တဒါ။ တေန စိတ္တေန၊ ထို ဇောစိတ်နှင့်။ သဟဇာတော၊ သော။

၁။ သုဒ္ဓံ ကာယဒ္ဝါရသင်္ခါတံ။ ။မုသာဝါဒ-စသော ဝစီကံကို လက်ပြ ခြေပြပြု၍ ဖြစ်စေရာ၌ ကာယဒ္ဝါရဝယ် ဖြစ်ရကား ထို ဝစီကံနှင့် ရောနိုင်သောကြောင့် ထိုသို့ မရော သော ကာယကံ သက်သက်ကိုသာ ပြလိုသည်ဖြစ်၍ "သုဒ္ဓံ ကာယဒ္ဝါရသင်္ခါတံ" ဟု ဆိုသည်၊ [နောက် "သုဒ္ဓံ ဝစီဒ္ဝါရသင်္ခါတံ" ၌လည်း ဤနည်း မှီးပါ။]

ဖသော၊ သည်။ မနောသမ္ဖဿော နာမ၊ မည်၏။ စေတနာ၊ သည်။ ကာယ-ကမ္မံ နာမ၊ ၏။ ပန၊ ဆက်။ တံ စိတ္တံ၊ ထို ဇောစိတ်သည်။ အဗ္ဗောဟာရိကံ၊ မနောဒွါရ ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ မရောက်သည်။ ဟောတိ။ စောပနဿ၊ လှုပ်ရှားခြင်း၏။ (ကာယဒွါရဟူသော လှုပ်ရှားခြင်း၏။) ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ မနောဒွါရန္တိ သင်္ချံ၊ မနောဒွါရ ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ န ဂစ္ဆတိ၊ မရောက်။ [အဗ္ဗောဟာရိကံကို ထပ်ဖွင့်သည်။] ¹ဧတ္ထ၊ ဤ သုဒ္ဓကာယဒွါရ၌။ အသံဝရော၊ သည်။ စောပနကာယအသံဝရော နာမ၊ မည်၏။

ယဒါ။ တာဒိသံ ယေဝ၊ ထိုကဲ့သို့ ရှုအပ်သည်သာလျှင် ဖြစ်သော။ [ရူပါ-ဒီသု အညတရာရမ္မဏံ မနောဒွါရိက-ကို ညွှန်းသည်။] ဇဝနံ၊ ဇောသည်။ ကာယဒွါရေန၊ နှင့်။ ဝိနာ။ သုဒ္ဓံ၊ ကာယဒွါရမဖက် သက်သက်သော။ ဝစီ-ဒွါရသင်္ခါတံ။ စောပနံ၊ သို့။ ပါပယမာနံ၊ လျက်။ ဥပ္ပဇ္ဇတိ၊ တဒါ။ တေန စိတ္တေန၊ ထို ဇောစိတ် နှင့်။ပ။ပန၊ ဆက်။ တံ စိတ္တံ၊ ထိုဇောစိတ်သည်။ အဗ္ဗောဟာရိကံ၊ မနောဒွါရ ဟု ခေါ်ဝေါ်အပ်သော အမည်သို့ မရောက်သည်။ ဟောတိ၊ ၏။ စောပနဿ။ပ။န ဂစ္ဆတိ၊ မရောက်။ ဧတ္ထ၊ ဤ သုဒ္ဓ-ဝစီဒွါရ၌။ အသံဝရော၊ သည်။ ဝါစာအသံဝရော နာမ၊ မည်၏။

ပန၊ ကား။ ယဒါ။ တာဒိသံ၊ ထိုကဲ့သို့ရှုအပ်သော။ ဇဝနစိတ္တံ၊ သည် ကာယဝစီဒွါရေဟိ၊ တို့နှင့်။ ဝိနာ၊ ကင်း၍။ သုဒ္ဓံ၊ ကာယဒွါရ ဝစီဒွါရ-မဖက် သက်သက်သော။ မနောဒွါရမေဝ၊ သည်သာ။ ဟုတွာ ဥပ္ပဇ္ဇတိ၊ တဒါ။ တေန စိတ္တေန၊ ထို ဇောစိတ်နှင့်။ပ။မနောကမ္မံ နာမ။ ပန၊ ဆက်။ တံ စိတ္တံ၊ ထို ဇောစိတ်သည်။ မနောကမ္မဒွါရံ နာမ။ ဧတ္ထ၊ ဤ သုဒ္ဓမနော-ဒွါရ၌။ အသံဝရော၊ သည်။ မနောအသံဝရော နာမ၊ မည်၏။ ဣတိ၊ ဤ

၁။ ဧတ္ထ ။ပ။ စောပနကာယအသံဝရော။ ။''ဧတ္ထ+အသံဝရ—ဤ သုဒ္ဓကာယ-ဒွါရ၌+ဖြစ်သော အသံဝရ'' ဟူသည် ပါဏာတိပါတ—စသော ကာယကံတည်း။ ထို ကာယကံသည် ဝစီဒွါရဟူသော ဒွါရတပါး၌ ဖြစ်သော်လည်း သုဒ္ဓကာယဒွါရဖြင့် မှတ်သားအပ်သောကြောင့် ''ဧတ္ထ အသံဝရ'' ဟုပင် ဆိုအပ်၏။ [ဧတ္ထ အသံဝရောတိ ဧတေန သုဒ္ဓကာယဒွါရေန ဥပလက္ခိတော အသံဝရော ဒွါရန္တရေ ဥပ္ပဇ္ဇမာနောပိ ဝုတ္တော။-ဋီကာ။]

ထို့ပြင်—ပါဏာတိပါတ စေတနာ—စသည်တို့နှင့် သမ္ပယုတ်ဖြစ်သော ပဉ္စဒွါရ (ဝစီဒွါရ မနောဒွါရတို့ဖြင့်လည်း မမှတ်သားအပ်သော) ကာယဒွါရိက အကုသိုလ် ဟူသမျှကိုလည်း ''ဧတ္ထ အသံဝရ''၌ ယူအပ်၏။ [ဒွါရန္တရာနုပလက္ခိတံ သမ္ဗန္ဓံ တံဒွါရိကာကုသလဉ္စ (ဝုတ္တံ)။-ဋီကာ။]

သို့လျှင်။ အဋ္ဌန္နံ၊ ကုန်သော။ ဣမေသံ အသံဝရာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ စက္ခုအသံဝရဒွါရံ၊ လည်းကောင်း။ပ။မနောအသံဝရဒွါရံ၊ လည်းကောင်း။ ဣတိ ဣမာနိ၊ ဤသည်တို့ကို။ အဋ္ဌအသံဝရဒွါရာနိ၊ ၈–ပါးသော အသံဝရ-ဒွါရတို့ ဟူ၍။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။

ပန၊ ကား။ စက္ခုသံဝရော၊ လည်းကောင်း ။ပ။ မနောသံဝရော။ လည်းကောင်း။ ဣတိ ဣမေ၊ တို့ကား။ အဋ္ဌ၊ ကုန်သော။ သံဝရာ နာမ၊ သံဝရတို့မည်၏။ တေ၊ ထို ၈–ပါး သော သံဝရတို့သည်။ အတ္ထတော၊ အနက် အရကောက်အားဖြင့်။ (တရားကိုယ်အားဖြင့်။) သီလံ၊ သီလ လည်းကောင်း။ သတိ၊ လည်းကောင်း။ ဉာဏံ၊ ဉာဏ်လည်းကောင်း။ ခန္တိ၊ သည်းခံခြင်းလည်းကောင်း။ ဝီရိယံ၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမေ ပဉ္စဓမ္မာ၊ တို့သည်။ ဟောန္တိ။ တေသုပိ၊ ထို ၅–ပါးသော တရားတို့တွင်လည်း။ [ပိဖြင့် အသံဝရတုန်းက တေသုကို ပေါင်းသည်။] ကေဓမ္မောပိ၊ သည်လည်း ။ပ။ နုပ္ပဇ္ဇတိ၊ ဇဝနက္ခဏေယေဝ၊ ၌သာ။ ဥပ္ပဇ္ဇတိ။ ဇဝနေ၊ ၌။ ဥပ္ပန္နော၊ သည်။ (သမာ-နော) ပိ။ ပဉ္စဒွါရေ သံဝရောတိ၊ ဟူ၍။ ဝါ၊ ၅–ပါးသော ဒွါရ၌ဖြစ်သော သံဝရဟူ၍။ ဝုစ္စတိ။ သဗ္ဗသောပိ၊အလုံးစုံလည်းဖြစ်သော။ တဿ၊ ထို သံဝရ၏။ (ဥပ္ပတ္တိ–၌ စပ်။) စက္ခုဝိညာဏ သဟဇာတော ဟိ ဖဿော စက္ခုသမ္ဖဿောတိ အာဒိနာ၊ အစရှိသည်ဖြင့်။ အသံဝရေ၊ ၌။ ဝုတ္တနယေနေဝ၊ သာ။ ဥပ္ပတ္တိ၊ ဖြစ်ပုံကို။ ဝေဒိတဗ္ဗာ။ ဣတိ၊ လျှင်။ အဋ္ဌန္နံ၊ ကုန်သော။ ဣမေသံ သံဝရာနံ၊ တို့၏။ ဝသေန။ စက္ခုသံဝရဒွါရံ၊ လည်းကောင်း။ ("စက္ခုသံဝရ၏ ဒွါရလည်းကောင်း" စသည်ဖြင့်၊ စက္ခုဝိညာဏဒွါရအတိုင်း ၃–နည်းပေးပါ) ။ပ။ မနောသံဝရဒွါရံ၊ လည်းကောင်း။ ဣတိ ဣမာနိ၊ ဤသည်တို့ကို။ အဋ္ဌသံဝရ-ဒွါရာနိ၊ တို့ဟူ၍။ ဝေဒိတဗ္ဗာနိ။

အကုသလကမ္မပထ ကထာ

ပန၊ ကား။ (အဋ္ဌသံဝရဒွါရ မှတပါး ဒသအကုသလကမ္မပထ[1] ကား။) ပါဏာတိပါတော၊ လည်းကောင်း ။ပ။ မိစ္ဆာဒိဋ္ဌိ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ ဒသ၊ ဤ ၁၀–ပါးတို့သည်။ အကုသလကမ္မပထာ နာမ၊ အကု-

---

၁။ ကမ္မပထ။ ။ကမ္မံယေဝ သုဂတိဒုဂ္ဂတီနံ တဒုပ္ပဇ္ဇနသုခဒုက္ခာနံ စ ပထဘာ-ဝေန ပဝတ္တံ ကမ္မပထောတိ ဝုစ္စတိ။ သုဂတိ ဒုဂ္ဂတိ–ဘဝတို့၏လည်းကောင်း၊ထိုဘဝတို့၌ ဖြစ်သော သုခ ဒုက္ခတို့၏လည်းကောင်း လမ်းကြောင်း၏ အဖြစ်ဖြင့်ဖြစ်သော ကံကို ကမ္မပထဟု ဆိုအပ်၏။-အန္။ "ကမ္မံယေဝ၊ သည်ပင်+ပထော၊ သုဂတိ ဒုဂ္ဂတိဘဝ ထိုဘဝတို့၌ဖြစ်သော သုခဒုက္ခတို့၏အကြောင်းတည်း။ ကမ္မပထော၊ကြောင်း"ဟုမြူပါ။

သလကမ္မပထတို့ မည်၏။ တတ္ထ၊ ထို ၁၀-ပါးသော အကုသလကမ္မပထ တို့တွင်။ (ပါဏာတိပါတော-စသည်၌ စပ်။) ပါဏဿ၊ သတ္တဝါကို။ (ပါတော၏ ဆဋ္ဌီကံ။) အတိပ၊ လျင်စွာအသာလျှင်။ ပါတော၊ ကျစေခြင်းသည်။ ဝါ၊ ကျစေကြောင်း စေတနာသည်။ ပါဏာတိပါတော နာမ၊ မည်၏။ ပါဏဝဓော ပါဏဃာတော၊ သတ္တဝါ ကိုသတ်ခြင်း။ ဝါ၊ သတ္တဝါကို သတ်ကြောင်း စေတနာ။ ဣတိ ဝုတ္တံ ဟောတိ။ [ဟန-ဓာတ်ကို ဝဓ-ပြုထားသည်ဟုသိစေလို၍ ပါဏဝဓောကို "ပါဏဃာတော" ဟု အဖြောင့်ဖွင့်သည်။]

စ၊ ဆက်။ ဧတ္ထ၊ ဤပါဏာတိပါတော ဟူသော ပါဌ်၌။ ပါဏောတိ၊ ပါဏော ဟူသည်ကား။ ဝေါဟာရတော၊ ခေါ်ဝေါ်ကြောင်း ပညတ်အားဖြင့်။ သတ္တော၊ သတ္တဝါတည်း။ [ရုပ်နာမ်ခန္ဓာ အစဉ်ကိုပင် "သတ္တဝါ"ဟု ခေါ်သည်။] ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေတည်း။ တသ္မိံ ပါဏေ၊ ထို သတ္တဝါ၌။ ပါဏသညိနော၊ သတ္တဝါ ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၏။ (ဝဓက စေတနာ-၌စပ်။) ဇီဝိတိန္ဒြိယုပစ္ဆေဒက ဥပက္ကမ သမုဋ္ဌာပိကာ၊ ဇီဝိ-တိန္ဒြေကို ဖြတ်တတ်သော လုံ့လကို ဖြစ်စေတတ်သော။ [ရှေးက "ဇီဝိတိန္ဒြေကို ဖြတ်ကြောင်း လုံ့လကို ဖြစ်စေတတ်သော" ဟု ပေးကြ၏။] ကာယဝစီ-ဒွါရာနံ၊ ကာယဒွါရ ဝစီဒွါရတို့တွင်။ အညတရဒွါရပ္ပဝတ္တာ၊ တပါးပါးသော ဒွါရ၌ဖြစ်သော။ (ကိုယ်တိုင်သတ်လျှင် ကာယဒွါရ၌ဖြစ်၊ သူတပါးကို ခိုင်းလျှင် ဝစီဒွါရ၌ ဖြစ်သော။) ဝဓကစေတနာ၊ သတ်တတ်သူ၏ စေတနာသည်။ ဝါ၊ သတ်ကြောင်း စေတနာသည်။ ပါဏာတိပါတော၊ ပါဏာတိပါတ မည်၏။ [ဤပုဒ်၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၊ ပါရာဇိကဏ် ဘာသာ ဋီကာတို့၌ ထိုက်သည်အားလျော်စွာ ပြထားပြီ။]

သော၊ ထို ပါဏာတိပါတ သည်။ (အပ္ပသာဝဇ္ဇော မဟာသာဝဇ္ဇော-တို့၌ စပ်။) ဂုဏဝိရဟိတေသု၊ ဂုဏ်အထူးမှ ကင်းကုန်သော။ တိရစ္ဆာနဂတာ-ဒီသု၊ တိရစ္ဆာန် အစရှိကုန်သော။ ပါဏေသု၊ သတ္တဝါတို့တွင်။ ခုဒ္ဒကေ၊ ငယ်သော။ ပါဏေ၊ သတ္တဝါ၌။ ဝါ၊ သတ္တဝါကို သတ်ရာ၌။ အပ္ပသာ-ဝဇ္ဇော[1]၊ ငယ်သော သာဝဇ္ဇ ဖြစ်၏။ မဟာသရီရေ၊ ကြီးသော ကိုယ်ရှိသော။

၁။ အပ္ပသာဝဇ္ဇော။ ။အပ္ပကို ဝဇ္ဇ-၌ စပ်၍ ''ငယ်သောအပြစ်ရှိ၊ နည်းသော အပြစ်ရှိ'' ဟု ပေးကြ၏။ အမှန်ကား-သဒ္ဒထုံးစံအရ အပ္ပကို သာဝဇ္ဇ တပုဒ်လုံး၌သာ စပ်နိုင်သည်။ သ-ကို ကျော်၍ အဝဇ္ဇ၌ မစပ်နိုင်ပါ။ သဟ+အဝဇ္ဇေန ယော ဝတ္တတီတိ သာဝဇ္ဇော-အပြစ်နှင့်တကွ ဖြစ်သော (အပြစ်ရှိသော) ပါဏာတိပါတ။ အပ္ပေါ+ သာဝဇ္ဇော အပ္ပ သာဝဇ္ဇော-ငယ်သောသာဝဇ္ဇ။ (ငယ်သော+အပြစ်နှင့်တကွဖြစ်သော၊

ပါဌော၊ ၌။ မဟာသာဝဇ္ဇော၊ ကြီးသော သာဝဇ္ဇ ဖြစ်၏။ ကသ္မာ၊ နည်း။ ပယောဂမဟန္တတာယ၊ ပယောဂ၏ များသည်၏ အဖြစ်ကြောင့်တည်း။ ပယောဂသမတ္တော၊ ပယောဂ၏ တူမျှသည်၏ အဖြစ်သည်။ (သတိ) ပိ၊ ဖြစ်ပြန်သော်လည်း။ ဝတ္ထုမဟန္တတာယ၊ အရာဝတ္ထု၏ ကြီးသည်၏ အဖြစ်ကြောင့်တည်း။

[ဂုဏ်ထူးမှ ကင်းသော သတ္တဝါတို့ကို ပြပြီး၍ ဂုဏ်ထူးရှိသော သတ္တဝါတို့ကို ပြလိုသောကြောင့် "ဂုဏဝန္တေသု" စသည် မိန့်။]

ဂုဏဝန္တေသု၊ သီလ-စသော ဂုဏ်ရှိကုန်သော။ မနုဿာဒိသု၊ လူ အစရှိသော သတ္တဝါတို့တွင်။ အပ္ပဂုဏော၊ ငယ်သော ဂုဏ်ရှိသော။ (ပါဌော) အပ္ပသာဝဇ္ဇော။ မဟာဂုဏော၊ ကြီးသောဂုဏ်ရှိသော။ (ပါဌော) မဟာသာဝဇ္ဇော။ ပန၊ ဆက်။ သရီရဂုဏာနံ၊ ကိုယ် ဂုဏ်တို့၏။ သမဘာဝေ၊ တူမျှကုန်သည်၏ အဖြစ်သည်။ သတိ။ ကိလေသာနံ၊ တို့၏လည်းကောင်း။ [ဒေါသ-စသော ကိလေသာတို့ကို ဆိုသည်။] ဥပက္ကမာနဉ္စ၊ လုံ့လပြုမှုတို့၏ လည်းကောင်း။ မုဒုတာယ၊ နုံ့ကုန်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ညံ့ကုန်သည်၏အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော။ တိဗ္ဗတာယ၊ ထက်မြက်ကုန်သည်၏ အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ ဣတိ ဝေဒိတဗ္ဗော။ တဿ၊ ထို ပါဏာတိပါတ၏။ သမ္ဘာရာ၊ အကျိုးတရားကို အတူတကွ ဆောင်တတ်သော အကြောင်း အဆောက်အဦတို့သည်။ [သဟ+ဘရိယတိ ဧတေဟီတိ သမ္ဘာရာ။– အဝုတ္တကတ္တုသာဓန။ သတ်ခြင်း တည်းဟူသော အကျိုးကိုအတူတကွ ဆောင်ဟတ်သော အကြောင်း အင်္ဂါ။] ပါဏော၊သတ္တဝါလည်းကောင်း။ပါဏသညိတာ၊သတ္တဝါဟု အမှတ်ရှိသူ၏အဖြစ်လည်းကောင်း။ ဝဓကစိတ္တံ၊ သတ်သူ၏ စိတ်လည်းကောင်း။ ဝါ၊ သတ်ကြောင်း စိတ်လည်းကောင်း။ ဥပက္ကမော၊ လုံ့လပြုခြင်း လည်းကောင်း။ တေန၊ ထိုလုံ့လကြောင့်။ မရဏံ၊ သေခြင်းလည်းကောင်း။ ဣတိ၊ သို့။ ပဉ္စ၊ ၅-ပါးတို့သည်။ ဟောန္တိ။

ပယောဂါ၊ ပယောဂတို့သည်။ (လုံ့လပြုမှု တို့သည်။) သာဟတ္ထိကော၊ သာဟတ္ထိက-ပယောဂ လည်းကောင်း။ ဝါ၊ မိမိလက်ဖြင့် ဖြစ်စေအပ်သော ပယောဂ လည်းကောင်း။ အာဏတ္တိကော၊ အာဏတ္တိက-ပယောဂ လည်းကောင်း။ ဝါ၊ စေခိုင်းခြင်းဖြင့် ဖြစ်စေအပ်သော ပယောဂလည်းကောင်း။

ပါဏာတိပါတ။) "မဟာသာဝဇ္ဇော" ၌လည်း နည်းတူ။ အပ္ပကိုလည်း "နည်း" ဟု မပေးလင့်။အပြစ်အရေအတွက်ကား နည်းချင်မှနည်းမည်။ထိုကြောင့်"သေး=ငယ်" ဟု ပေးပါ။

နိဿဂ္ဂိယော၊ နိဿဂ္ဂိယ-ပယောဂ လည်းကောင်း။ ဝါ၊ ပစ်လွှတ်ခြင်း ပယောဂလည်းကောင်း။ (သေနတ် မြားစသည်တို့ကို ပစ်လွှတ်ခြင်း ပယောဂ လည်းကောင်း။) ထာဝရော၊ ထာဝရ-ပယောဂ လည်းကောင်း။ ဝါ၊ ခိုင်မြဲသော ပယောဂ လည်းကောင်း။ (လာသမျှလူတို့ကျ၍ သေအောင် တွင်း တူးထားခြင်း စသော ပယောဂ။) ဝိဇ္ဇာမယော၊ ဝိဇ္ဇာမယ-ပယောဂ လည်း ကောင်း။ ဝါ၊ အတတ်ပညာ ဂါထာမန္တန်ကို စီရင်ခြင်း ပယောဂ လည်း ကောင်း။ ဣဒ္ဓိမယော၊ ဣဒ္ဓိမယ-ပယောဂ လည်းကောင်း။ ဝါ၊ ကမ္မဇိဒ္ဓိကို အသုံးပြုခြင်း ပယောဂ လည်းကောင်း။ ဣတိ၊ သို့။ ဆ၊ ၆-ပါးတို့သည်။ ဟောန္တိ။

ပန၊ ဆက်။ ဣမသ္မိံ အတ္ထေ၊ ဤအနက်ကို။ (ပယောဂတို့၏ အနက်အဓိပ္ပာယ်ကို။) ဝိတ္ထာရိယမာနေ၊ ချဲ့အပ်သော်။ အတိပ္ပပဉ္စော၊ အလွန်ကျယ်သော စကားအစဉ်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ကြောင့်။ တံ၊ ထို ပယောဂတို့၏ အနက် အဓိပ္ပာယ်ကို။ န ဝိတ္ထာရယာမ၊ မချဲ့ကုန် တော့အံ့။ အညံ၊ ပယောဂမှ တပါးသော။ ဧဝရူပံ စ၊ ဤသို့ သဘော ရှိသော အနက် အဓိပ္ပာယ်ကိုလည်း။ န ဝိတ္ထာရယာမ။ ပန၊ ထိုသို့ မချဲ့အပ် ပါသော်လည်း။ အတ္ထိကေဟိ၊ အကျယ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့သည်။ သမန္တ ပါသာဒိကံ၊ သမန္တပါသာဒိကာ-မည်သော။ ဝိနယဋ္ဌကထံ၊ ဝိနည်းအဋ္ဌကထာကို။ ဩလောကေတွာ၊ ကြည့်၍။ (အယံ အတ္ထော၊ ကို။) ဂဟေတဗ္ဗော၊ ယူထိုက်၏။

အဒိန္နဿ၊ ဥစ္စာရှင်တို့ မပေးအပ်သော သူ့ဥစ္စာကို။ အာဒါနံ၊ ယူခြင်းသည်။ ဝါ၊ ယူကြောင်း စေတနာသည်။ အဒိန္နာဒါနံ၊ မည်၏။ [1]ပရဿ၊ သူတပါး၏ ဥစ္စာကို။ ဟရဏံ၊ ဆောင်ခြင်းတည်း။ [2]ထေယျံ၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ

၁။ ပရဿ ဟရဏံ။ ။"ပရဿ သန္တကဟရဏံ" ဟု သီလက္ခန် မြန်မာ့ဇာလသုတ် အဒိန္နာဒါနသိက္ခာပုဒ်၌ ဋီကာဟောင်းဖွင့်၏။ ဤအလို "သုဏာတု မေ" ၌ "မေ" ၏ နောက်ဝယ် "ဝစနံ" ဟု ထည့်ရသကဲ့သို့ "သန္တကံကို အနက်အားဖြင့် ထည့်ပါ" ဟု သိစေ၏။ ဋီကာသစ်၌ကား မိမိဥစ္စာမှ တပါးသော သူ့ဥစ္စာကို "ပရ" ဟု ယူ၍ "ပရဿ၊ သူ့ဥစ္စာကို" ဟု ပေး၏။ "ပရဿ+ဣဒံ ပရံ" ဟုလည်း တနည်းကြံလေ၏။ ["ပရ-သံဟရဏံ" ဟုလည်း သမာသ်ပုဒ် မူကွဲရှိ၏။ ထို၌ သံသဒ္ဒါသည် ဥစ္စာအနက်ဟောတည်း။ "ပရသံဟရဏံ၊ သူ့ဥစ္စာကို ဆောင်ခြင်း" ဟု ပေးပါ။ သို့သော် သမာသ်အတွင်း၌ "သံ" ဟု နိဂ္ဂဟိတ်မပျက်ပဲ မနေနိုင်သောကြောင့် ထိုမူကွဲကို စဉ်းစားပါ။]

၂။ ထေယျံ စောရိကာ။ ။စုရာဓာ၊ ထေန-ဓာတ်သည် ခိုးခြင်းအနက်ကို ဟော၏။ ထေနေတီတိ ထေနော။ ထေနဿ၊ ခိုးတတ်သူ၏+ဘာဝေါ ထေယျံ-ခိုးခြင်းကြိယာ တည်း။ စောရဿ+ကြိယာ (အမှုအရာတည်း) စောရိကာ။ ကြိယာအနက်၌ ဏျ-ပစ္စည်း သက်။ တနည်း-စောရဿကြိယာဖြင့် ဣဒံ အနက်၌ ဏျ-ပစ္စည်း သက်ဖို့ရန်

တည်း။ စောရိကာ၊ ခိုးသူ၏ အမူအရာတည်း။ (ခိုးခြင်း အမူအရာတည်း။) ဣတိ ဝုတ္တံ ဟောတိ။ တတ္ထ၊ ထို အဒိန္နာဒါနံ-ဟူသော ပါဌ်၌။ အဒိန္နန္တိ၊ ကား။ ပရပရိဂ္ဂဟိတံ၊ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာတည်း။ ယတ္ထ၊ အကြင် ဥစ္စာ၌။ ပရော၊ ခိုးသူမှ တပါးသော ဥစ္စာရှင်သည်။ ယထာကာမကာရိတံ၊ အလိုရှိတိုင်း ပြုနိုင်သူ၏ အဖြစ်သို့။ [“ယထာကာမံ၊ တိုင်း။ ကာရိတံ၊ သို့”ဟု လည်း မှုကဲ့ရှိ၏။] အာပဇ္ဇန္တော၊ ရောက်သည်။ (ဟုတ္ဆ။) အဒဏ္ဍာရဟော၊ ဒဏ်ကို မထိုက်သည်လည်းကောင်း။ အနုပဝဇ္ဇော စ၊ မကဲ့ရဲ့ထိုက်သည် လည်းကောင်း။ ဟောတိ၊ ၏။ ပရပရိဂ္ဂဟိတေ၊ သူတပါးတို့ သိမ်းပိုက်အပ်သော။ တသ္မိံ၊ ထိုဥစ္စာ၌။ ပရပရိဂ္ဂဟိတသညိနော၊ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာဟု အမှတ်ရှိသူ၏။ တဒါ ဒါယကဥပက္ကမသမုဋ္ဌာပိကာ၊ ထိုသူ့ဥစ္စာကို ယူတတ်သူ၏ လုံ့လကို ဖြစ်စေတတ်သော။ (ထိုသူ့ ဥစ္စာကို ယူကြောင်း လုံ့လကို ဖြစ်စေတတ်သော။) ထေယျစေတနာ၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ စေတနာသည်။ အဒိန္နာဒါနံ၊ မည်၏။ [တဒါဒါယက=တံ+အာဒါယက၊ ထိုကိုယူတတ်သူ။ ဝါ၊ ထိုကိုယူကြောင်း လုံ့လ။]

တံ၊ ထို အဒိန္နာဒါနသည်။ ဟီနေ၊ ညံ့သော။ (အဖိုးမတန်သော။) ပရသန္တကေ၊ သူတပါး၏ ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ၊ ငယ်သော သာဝဇ္ဇဖြစ်၏။ ပဏီတေ၊ မွန်မြတ်သော။ (အဖိုးတန်သော။) ပရသန္တကေ၊ ၌။ မဟာ—သာဝဇ္ဇံ၊ ကြီးသော သာဝဇ္ဇဖြစ်၏။ ကသ္မာ၊ နည်း။ ဝတ္ထုပဏီတတာယ၊ ခိုးအပ်သောဝတ္ထု၏ မွန်မြတ်သည်၏ အဖြစ်ကြောင့်တည်း။ ဝတ္ထုသမတ္တေ၊

ပြသည်။“စောရဿ+သော စောရိကာ”ဟု ပြု။ “ပရဿ ဟရဏံ၊ သူတပါး၏ဥစ္စာကို ဆောင်ခြင်း”ဟူရာ၌ စိတ်ရိုးရိုးဖြင့် ဆောင်ခြင်းမဟုတ်ကြောင်း သိစေလို၍ “ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ”ဟု ဥဇုကတ္တကို ပြသည်။

၁။ ပရပရိဂ္ဂဟိတံ။ ။ဤ ပရပရိဂ္ဂဟိတံ ပါဌ်ဖြင့် “အဒိန္န” အရ သူတပါးတို့ သိမ်းပိုက် ထားအပ်သော သူပိုင်ဥစ္စာကိုသာ ယူစေလိုသည်။ ဒန္တပေါနသိက္ခာပုဒ်၌ လာသော အကပ်မခံအပ်သေးသော ဥစ္စာကို ဤ၌ အဒိန္န-ဟု မဆိုလိုပါ—ဟူလို။

၂။ ယတ္ထ ပရော။ပ။ဟောတိ။ ။“ဤဝါကျသည် အာဝုတ္တိနည်း စသော နည်းအားဖြင့် ရွေ့နောက် ၂-ဝါကျ၌ စပ်ရသော အနိယမဝါကျ”ဟု သီလက္ခန်ဋီကာသစ် ဆို၏။ ထို့ကြောင့် “တံ ပရပရိဂ္ဂဟိတံ”ဟု ရှေ့သို့ လှည့်၍လည်းကောင်း၊ “တသ္မိံ ပရပရိဂ္ဂဟိ-တေ”ဟု လည်းကောင်း အနက်ပေးစေလိုသည်။ ဤ၌ကား ရှေ့သို့လှည့်၍မစပ်တော့ပဲ တဆက်တည်းပေးလိုက်သည်။ [“ယထာကာမံ၊ အလိုရှိတိုင်း+ကရောတီတိ ယထာ-ကာမကာရီ၊ တဿ+ဘာဝေါ ယထာကာမကာရိတာ။ ယထာရုစိကရဏံ၊ အလိုရှိတိုင်း ပြုနိုင်ခြင်း”ဟူလို။ ထိုဥစ္စာသည် သူပိုင်ဖြစ်သောကြောင့် မင်းပြစ်မင်းဒဏ် မထိုက်၊ စောဒနာခြင်းစသည်ဖြင့် ကဲ့ရဲ့လည်း မကဲ့ရဲ့ထိုက်။]

ဝတ္ထုတို့၏ တူမျှကုန်သည်၏ အဖြစ်သည်။ သတိ၊ ဖြစ်လတ်သော်။ ဂုဏာ—ဓိကာနံ၊ ဂုဏ်အားဖြင့် လွန်ကဲသော ပုဂ္ဂိုလ်တို့၏။ ဝါ၊ လွန်ကဲသော ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့၏။ သန္တကော၊ ဥစ္စာဖြစ်သော။ ဝတ္ထုသ္မိံ၊ ၌။ ဝါ၊ ဝတ္ထုကိုယူရာ၌။ မဟာသာဝဇ္ဇံ။ [ဂုဏေဟိ+အဓိကာ ဂုဏာဓိကာ။ (တနည်း) ဂုဏော+အဓိကော ယေသန္တိ ဂုဏာဓိကာ။] တံတံ ဂုဏာဓိကံ၊ ထိုထို ဂုဏ်အားဖြင့် လွန်ကဲသော ပုဂ္ဂိုလ်ကို။ ဝါ၊ ထိုထို လွန်ကဲသော ဂုဏ်ရှိသော ပုဂ္ဂိုလ်ကို။ ဥပါဒါယ၊ ညာဏ်ဖြင့်ယူ၍။ (ထောက်စာ၍။) တတော တတော၊ ထိုထိုဂုဏ်ရှိသူအောက်။ ဟီနဂုဏဿ၊ ညံ့သော ဂုဏ်ရှိသူ၏။ သန္တကေ၊ သော။ ဝတ္ထုသ္မိံ၊ ၌။ ဝါ၊ ၌။ အပ္ပသာဝဇ္ဇံ။

တဿ၊ ထို အဒိန္နာဒါန်၏။ သမ္ဘာရာ၊ အကျိုးကို အတူတကွ ဆောင်တတ်သော အကြောင်း အဆောက်အဦတို့သည်။ (အင်္ဂါတို့သည်။) ပရပရိဂ္ဂဟိတံ၊ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာလည်းကောင်း။ ပရပရိဂ္ဂဟိတ-သညိတာ၊ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာဟု အမှတ်ရှိသူ၏ အဖြစ်လည်းကောင်း။ ထေယျစိတ္တံ၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ စိတ်လည်းကောင်း။ ဥပက္ကမော၊ လုံ့လ လည်းကောင်း။ တေန၊ ထို လုံ့လဖြင့်။ ဟရဏံ၊ ဆောင်ခြင်းလည်းကောင်း။ [“တေနာဟရဏံ” ရှိသည်ကား မကောင်း။ “တေနာဝဟရဏံ” ဟု ရှိလျှင် တော်သေး၏။] ဣတိ၊ သို့။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဆ၊ ကုန်သော။ ပယောဂါ၊ တို့သည်။ သာဟတ္ထိကာဒယော[၁]၊ သာဟတ္ထိက-အစရှိသော ပယောဂတို့ပင်တည်း။ (ရှေးသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ပယောဂ ၆-ပါးပင်-ဟူလို။) တေ စ၊ ထို ပယောဂ တို့သည်လည်း။ ယထာနုရူပံ၊အကြင် အကြင် လျော်သည့်အတိုင်း။ ထေယျာဝဟာရော၊ ထေ-ယျာဝဟာရ လည်းကောင်း။ ဝါ၊ ပုန်းလျှိုး ကွယ်လျှိုး မသိအောင်ခိုးခြင်းလည်းကောင်း။ ပသယှာဝဟာရော၊ လည်းကောင်း။ ဝါ၊ လွှမ်းမိုး နှိပ်စက်၍ခိုးခြင်း လည်းကောင်း။ ပဋိစ္ဆန္နာဝဟာရော၊ လည်းကောင်း။ ဝါ၊ ဖုံးလွှမ်းအပ်ပြီးသော ဘဏ္ဍာကို ခိုးခြင်းလည်းကောင်း။ ပရိကပ္ပာဝဟာရော၊ လည်းကောင်း။ ဝါ၊ ကြံဆ၍ ခိုးခြင်းလည်းကောင်း။ ကုသာဝဟာရော၊ လည်းကောင်း။ ဝါ၊ ကမ္ပည်း မဲလိပ်ပြောင်း၍ ခိုးခြင်းလည်းကောင်း။ ဣတိ၊ သို့။

၁။ သာဟတ္ထိကာဒယော။ ။မန္တပရိဇပ္ပနေန ပရဿ သန္တကဟရဏံ ဝိဇ္ဇာ—မယော—မန္တန်စုတ်ခြင်းဖြင့် သူတပါးဥစ္စာကို ယူဆောင်ခြင်းသည် ဝိဇ္ဇာမယပယောဂတည်း၊ ဝိနာမန္တေန ပရသန္တကဿ ကာယဝစီ ပယောဂေဟိ အာကဍ္ဎနံ တာဒိသ ဣဒ္ဓိ-ယောဂေန ဣဒ္ဓိမယော ပယောဂေါတိ၊—မန္တန်မပါပဲ ကာယဝစီပယောဂတို့ဖြင့် တန်ခိုးကို အသုံးပြု၍ ယူဆောင်ခြင်းသည် ဣဒ္ဓိမယ ပယောဂတည်း။—အနု။

ပဋ္ဋန္နံ၊ ကုန်သော။ ဣမေသံ အဝဟာရာနံ၊ ဤ ခိုးခြင်းတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ အယံ၊ ဤ ဆိုအပ်ပြီးကား။ ဧတ္ထ၊ ဤ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ သခေပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရော ပန၊ ကို ကား။ သမန္တပါသာဒိကာယံ၊ သမန္တပါသာဒိကာ မည်သော ဝိနည်း အဋ္ဌ-ကထာ၌။ (မယာ၊ သည်။) ဝုတ္တော၊ ဆိုအပ်ပြီ။ (ဆိုခဲ့ပြီ။)

ပန၊ ကား။ ကာမေသုမိစ္ဆာစာရောတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ကာမေသူ-တိ၊ ကား။ မေထုန သမာစာရေသု၊ မေထုန် အကျင့်တို့၌။ [ကာမေသု-ဒွာရ ဖောဋ္ဌဗ္ဗာရုံ မေထုန်ဟူသော ဝတ္ထုကာမ-ကို ယူပါ” ဟူလို။] မိစ္ဆာစာ-ရောတိ၊ ကား။ ဧကန္တနိန္ဒိတော၊ ဧကန် ကဲ့ရဲ့ထိုက်သော။ ဝါ၊ ဧကန် ကဲ့ရဲ့ ထိုက်သည်၏ အဖြစ်ကြောင့်။ လာမကာစာရော၊ ယုတ်မာသော အကျင့်တည်း။ [မိစ္ဆာကို လာမက-ဟု ဖွင့်သည်။ ဧကန္တနိန္ဒိတောကား လာမကဖြစ်ခြင်း၏ အကြောင်းပြတည်း။] ပန၊ ဆက်။ လက္ခဏတော၊ မှတ်သားအပ်သော သဘောအားဖြင့်။ အသဒ္ဓမ္မာဓိပ္ပာယေန၊ မသူတော်တို့၏ အကျင့်၌ဖြစ်သော အလိုဖြင့်။ ကာယဒွါရပ္ပဝတ္တာ၊ ကာယဒွါရ၌ ဖြစ်သော။ အဂမနီယဋ္ဌာန-ဝီတိက္ကမစေတနာ၊ အဂမနီယဋ္ဌာနကို လွန်ကျူးကြောင်း စေတနာသည်။ ကာမေသုမိစ္ဆာစာရော၊ မည်၏။

တတ္ထ၊ ထို အဂမနီယဋ္ဌာန ဝီတိက္ကမစေတနာ ဟူသောပါဌ်၌။ အဂမနီယ-ဋ္ဌာနံ နာမ၊ အဂနိယဋ္ဌာန မည်သည်။ (ဝိသတိ ဣတ္ထိယော၊ အညေ ပုရိသာ-တို့၌ စပ်။) တာဝ၊ မိန်းမတို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌာနံ၊ ညွှန်ပြအပ်ကုန်သော။) ပုရိသာနံ၊ တို့၏။ ဝါ၊ ယောကျ်ားတို့အတွက်။ မာတုရက္ခိတာ၊ အမိ စောင့် ရှောက်အပ်သော မိန်းမလည်းကောင်း။ ပိတုရက္ခိတာ၊ အဘ စောင့်ရှောက် အပ်သော မိန်းမလည်းကောင်း။ မာတာပိတုရက္ခိတာ၊ မိဘ ၂-ပါးတို့စောင့် ရှောက်အပ်သော မိန်းမ လည်းကောင်း။ ဘာတုရက္ခိတာ၊ မောင်ကြီး မောင် ငယ် စောင့်ရှောက်အပ်သော မိန်းမ လည်းကောင်း။ ဘဂိနိရက္ခိတာ၊ အစ်မ ညီမ စောင့်ရှောက်အပ်သော မိန်းမလည်းကောင်း။ ဉာတိရက္ခိတာ၊ ဆွေမျိုး စောင့်ရှောက်အပ်သော မိန်းမလည်းကောင်း။ ဂေါတ္တရက္ခိတာ၊ အနွယ်တူသူ တို့စောင့်ရှောက်အပ်သော မိန်းမလည်းကောင်း။ ဓမ္မရက္ခိတာ၊ တရားကျင့်ဖော် တို့ စောင့်ရှောက်အပ်သော မိန်းမလည်းကောင်း။ သာရက္ခာ၊ အစောင့် အရှောက်နှင့် တကွဖြစ်သောမိန်းမလည်းကောင်း။ သပရိဒဏ္ဍာ၊ ဒဏ်နှင့်တကွ ဖြစ်သော မိန်းမလည်းကောင်း။ ဣတိ၊ သို့။ မာတုရက္ခိတာဒယော၊ မာတု-ရက္ခိတာ-အစရှိကုန်သော။ ဒသ၊ တကျိပ်သော မိန်းမတို့လည်းကောင်း။ [ဤ တကျိပ်ကား အပျိုတို့တည်း။]

မနက္ကိတာ၊ ဥစ္စာဖြင့်ဝယ်အပ်သော မယားလည်းကောင်း။ ဆန္ဒဝါသိနီ၊ အလိုဆန္ဒ တူမျှခြင်းကြောင့် နေခြင်းရှိသော မယားလည်းကောင်း။ ဘောဂဝါသိနီ၊ စည်းစိမ်ဥစ္စာကြောင့် နေခြင်းရှိသော မယားလည်းကောင်း။ ပဋဝါသိနီ၊ အဝတ်, ထဘီ, အင်္ကျီ, ပဝါကြောင့် နေခြင်းရှိသော မယားလည်းကောင်း။ ဩဒပတ္တကိနီ၊ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားအပ်သော မယားလည်းကောင်း။ ဩဘဋစုမ္ဗဋာ၊ ချအပ်သော ခေါင်းခုရှိသော မယားလည်းကောင်း။ ဒါသီ စ ဘရိယာ၊ ကျွန်မလည်း-ဟုတ် မယားလည်း-ဟုတ်သော မယားလည်းကောင်း။ ကမ္မကာရီ စ ဘရိယာ၊ အလုပ်သူမလည်း-ဟုတ် မယားလည်း-ဟုတ်သော မယားလည်းကောင်း။ ဓဇာဟဋာ၊ အောင်လံကိုထူ စစ်နိုင်ရာမှ ယူဆောင်အပ်သော သုံ့ပန်းမယားလည်းကောင်း။ မုဟုတ္တိကာ၊ တမုဟုတ်မျှ သွားလာအပ်သော ပြည့်တန်ဆာ မယားလည်းကောင်း။ ဣတိ၊ သို့။ ဓနက္ကိတာဒယော၊ မနက္ကိတာ-အစရှိကုန်သော။ ဒေါ ဒသ၊ ဤ၁၀ကျိပ်သော မယားတို့လည်းကောင်း။ ဣတိ၊ သို့။ ဝီသတိ၊ ၂-ကျိပ်သော။ ဣတ္ထိယော၊ မိန်းမတို့တည်း။ [အဂမနီယဋ္ဌာနံ နာမ-ကို ရှေးဦးစွာ မပေးပဲ "ဝီသတိ။ ဣတ္ထိယော၊ တို့သည်။ အဂမနီယဋ္ဌာနံ နာမ၊ မည်၏"ဟု သော်လည်း ပေးပါ။ ဤ မိန်းမတို့၏ အဓိပ္ပာယ်ကို သဂြိုဟ်ဘာသာဋီကာ၊ ကာမေသုမိစ္ဆာစာရ အဖွင့်၌ ပြထားပြီ။]

ဣတ္ထီသု ပန၊ ၂-ကျိပ်သော မိန်းမတို့တွင်ကား။ ဒွိန္နံ၊ ၂-ယောက်ကုန်သော။ သာရက္ခ သပရိဒဏ္ဍာနံ၊ သာရက္ခ, သပရိဒဏ္ဍ-မိန်းမတို့လည်းကောင်း။ ဒသန္နံ၊ တကျိပ်ကုန်သော။ ဓနက္ကိတာဒီနဉ္စ၊ မနက္ကိတာ-အစရှိသော မယားတို့လည်းကောင်း။ ဣတိ၊ သို့။ ဒွါဒသန္နံ၊ တကျိပ်နှစ်ယောက်ကုန်သော။ ဣတ္ထီနံ၊ တို့၏။ ဝါ၊ မိန်းမတို့အတွက်။ အညေ၊ မိမိယောကျ်ားမှ တပါးကုန်သော။ ပုရိသာ၊ တို့တည်း။ ["အညေ။ ပုရိသာ၊ တို့သည်။ အဂမနီယဋ္ဌာနံ နာမ၊ မည်၏"ဟု သော်လည်း ပေး။ အချို့စာအုပ်၌ ပုရိသာ-မပါ၊ ပါမှ ကောင်းသည်။] ဣဒံ၊ ဤယောကျ်ားတို့ အတွက် ၂-ကျိပ်၊ မိန်းမတို့အတွက် မိမိလင်မှ တပါးသောယောကျ်ားသည်။ အဂမနီယဋ္ဌာနံ နာမ၊ မည်၏။ [ဤကား နိဂုံးတည်း။]

ပန၊ ဆက်။ [ရှေးနိဿယ၌ "ပန၊ ထိုမှတပါး"ဟု ပေးသည်။] သော သေ (သော)မိစ္ဆာစာရော၊ ထိုသို့သော ဤ မိစ္ဆာစာရသည်။ သီလာဒိဂုဏရဟိတေ၊ သီလ-အစရှိသော ဂုဏ်မှကင်းသော။ အဂမနီယဋ္ဌာနေ၊ အဂမနီယဋ္ဌာန၌။ အပ္ပသာဝဇ္ဇော။ သီလာဒိဂုဏသမ္ပန္နေ၊ သီလ-အစရှိသော ဂုဏ်နှင့်ပြည့်စုံသော။ (အဂမနီယဋ္ဌာနေ။) မဟာသာဝဇ္ဇော။ တဿ၊ ထို ကာမေသုမိစ္ဆာ-

စာရ၏။ သမ္ဘာရာ၊ တို့သည်။ အဂမနီယဝတ္ထု၊ မသွားလာထိုက်သော ဝတ္ထု လည်းကောင်း။[ပြုအပ်ပြီးသော ဣတ္ထိ ပုရိသ–တို့ကိုဆိုသည်။]တသ္မိံ၊ထိုအဂမ–နီယ ဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲကြောင်း ' စိတ်လည်းကောင်း။ ဝါ၊ မှီဝဲလို သော စိတ်လည်းကောင်း။ သေဝနပ္ပယောဂေါ၊ မှီဝဲကြောင်း ပယောဂ လည်းကောင်း။ မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိအဓိဝါသနံ၊ မဂ်အချင်းချင်း ကျင့်ခြင်းကို သာယာခြင်းလည်းကောင်း။ ဣတိ၊ သို့။ [၁]စတ္တာရော၊ တို့သည်။ ဟောန္တိ။ ကောဘ၊တပါးသော။ ပယောဂေါ၊ သည်။ သာဟတ္ထိကော ဝေ၊ သာဟတ္ထိက–သာတည်း။

မုသာ[၂]တိ၊ ကား။ ဝိသံဝါဒနပုရေက္ခာရဿ[၃]၊ ချွတ်ယွင်းစေခြင်းကို ရှေးရှု ပြုခြင်းရှိသော ပုဂ္ဂိုလ်၏။(ချွတ်ယွင်းစေလိုသော ပုဂ္ဂိုလ်၏။) အတ္ထဘဉ္ဇကော၊ အစီးအပွားကို ဖျက်ဆီးတတ်သော။ ဝစီပယောဂေါ ဝါ၊ ဝစီပယောဂသည်

---

၁ ။စတ္တာရော သမ္ဘာရာ။ ။(၁)အဂမနီယဝတ္ထု၊မိန်းမဘက်၌ မာတုရက္ခိတာ–စသော ၂–ကျိပ်သော အဂမနီယဝတ္ထုတွင် တခုခု၊ ယောက်ျားဘက်၌ မိမိလင်မှတပါး (မိမိကို ကြောင်းလမ်းထားသူမှ တပါးသော)အခြားယောက်ျား၊ (၂)သေဝနစိတ်၊ (၃)သေဝန ပယောဂ၊ (၄)မဂ္ဂေနမဂ္ဂပ္ပတိပတ္တိ အဓိဝါသန၊ ဤအင်္ဂါ ၄-ပါးတည်း။

မှတ်ချက်။ ။အင်္ဂါ ၄-ပါးကိုပြရာ၌ အကြွင်းမရှိအောင် ပြခြင်းတည်း။ မိမိအလို အားဖြင့် မိစ္ဆာစာရပြုရာ၌(ငြိမ်၍သာယာနေခြင်း စသည်ဝယ်) ပယောဂ-မပါသော် လည်း အင်္ဂါ ၃-ပါးဖြင့် ကမ္မပထမြောက်၏။ အတင်းကျင့်ရာ၌ သေဝနစိတ် မရှိသော် လည်း အင်္ဂါ ၃-ပါးဖြင့် ကမ္မပထမြောက်၏။ [ဧတ္ထ ဒံ ပနေတ္ထ သန္နိဋ္ဌာနံ၊ အတ္တနော ရုစိယာ ပဝတ္တိတဿ တယော၊ ဗလက္ကာရေန ပဝတ္တိတဿ တယော၊ အနဝသေ–သဂ္ဂဟဏေန ပန စတ္တာရောတိ။–သီလက္ခန် ဋီကာဟောင်း။] ထို၌“သန္နိဋ္ဌာနံ”ဟု ဆိုထားသော်လည်း အနုဋီကာ၌ကား“ကေစိ ပန ဝဒန္တိ”ဟု ဆိုသည်။

၂။ မုသာ။ ။မုသာတိ တတိယန္တော၊ ဒုတိယန္တော ဝါ နိပါတော။မိစ္ဆာပရိ–ယာယော ကိရိယာပဓာနောတိ အာဟ-ဝိသံဝါဒနပုရေက္ခာရဿာတိ အာဒိ။-သီလက္ခန် ဋီကာသစ်။“မုသာ”အရ မှားယွင်းသော (ပြောတိုင်းလုပ်တိုင်း မမှန်သော) ကိုယ်အမူ အရာ နှုတ်အမူအရာ ရသောကြောင့် “မိစ္ဆာပရိယာယော ကိရိယာပဓာနော” ဟု ဆိုသည်။

၃။ ဝါဒေါ။ ။ဝဒတိ ဧတေနာတိ ဝါဒေါ-ပြောဆိုကြောင်း သိစေကြောင်း စေတနာ။ မုသာ-ချွတ်ယွင်းသော ကာယပယောဂ ဝစီပယောဂဖြင့်။ ဝါ၊ ကို+ဝါဒေါ၊ ပြောဆို ကြောင်း(သိစေကြောင်း ဖြစ်စေကြောင်း) စေတနာတည်း။ မုသာဝါဒေါ၊ နာ။ [ဣမိနာ (ဤ ဝိသံဝါဒန။ပ။သမုဋ္ဌာပိကာ ပါဌ်ဖြင့်။)မုသာသဒ္ဒါတေန ကာယဝစီပယောဂေန (တတိယန္တနိပါတ်ကို ရည်ရွယ်သည်။) မုသာသဒ္ဒါတံ ဝါ ကာယဝစီပယောဂံ(ဒုတိ–ယန္တနိပါတ်ကို ရည်ရွယ်သည်။)ဝဒတိ ဝိညာပေတိ သမုဋ္ဌာပေတိ ဝါ ဧတေနာတိ မုသာ ဝါဒေါတိ အတ္ထမာဟ။–ဋီကာသစ်။] ဝဒတိကို“ဝိညာပေတိ”ဟု တတိယန္တ

သော်လည်းကောင်း။ ကာယပယောဂေ ဝါ၊ ကာယပယောဂသည် သော်လည်းကောင်း တည်း။ (ပန၊ ဆက်။ သီလက္ခန္ဓ် ပါ၏။) ဝိသံဝါဒနာဓိပ္ပာယေန၊ ချွတ်ယွင်းစေခြင်း၌ ဖြစ်သောအလိုဖြင့်။ ပရဿ၊ သူတပါး၏။ ဝိသံဝါဒက ကာယဝစီပယောဂ သမုဋ္ဌာပိကာ၊ ချွတ်ယွင်းစေကြောင်းဖြစ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော။ စေတနာ၊ သည်။ မုသာဝါဒေါ၊ မည်၏။

အပရော နယော၊ အခြား တနည်းကား။ မုသာတိ၊ ကား။ အဘူတံ၊ မဟုတ်သော။ အတစ္ဆံ၊ မမှန်သော။ ဝတ္ထု၊ ဝတ္ထုတည်း။ ဝါဒေါတိ၊ ကား။

နိပါတ် အတွက်လည်းကောင်း၊ "သမုဋ္ဌာပေတိ"ဟု ဒုတိယန္တနိပါတ်အတွက်လည်း ကောင်း အဓိပ္ပာယ်ဖွင့်သည်။]

အနက်ပေးပုံ။ ။ဤအလို "မုသာဝါဒ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကို ပြောဆိုကြောင်း စေတနာကို"ဟု သဒ္ဒတ္ထပေးပါ။ ထိုသို့ ပြောဆိုခြင်းဟူသည် သူတပါး ကို သိစေခြင်း၊ သိစေတတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေခြင်းတည်း။ ထို့ကြောင့်"ဝါ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သော ကာယပယောဂ ဝစီပယောဂဖြင့် သူတပါးကို သိစေကြောင်း စေတနာကို။ ဝါ၊ ချွတ်ယွင်း ဖောက်ပြန် မမှန်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေကြောင်း စေတနာကို" ဟုအဋ္ဌကထာ အဖွင့် အတိုင်း အဓိပ္ပာယတ္ထ ပေးပါ။

၃။ **ဝိသံ။ပ။က္ခာရဿ။** ။ပုရေ၊ မပြောမီ ရှေ့၌+ကရဏံ၊ ပြုခြင်း။ ပုရေက္ခာရော၊ ခြင်း။ သံဝါဒိယတေ၊ ကောင်းစွာ ပြောစေခြင်း။ ဝါ၊ မှန်ကန်စွာ ပြောစေခြင်း။ သံဝါဒနံ၊ ခြင်း။ န+သံဝါဒနံ၊ မှန်ကန်စွာ ပြောဆိုစေခြင်း မဟုတ်၊ မှားမှားယွင်းယွင်း ပြော ဆိုစေခြင်း။ (သဒ္ဒတ္ထ။) ချွတ်ယွင်းစေလို အသိလွဲစေလိုခြင်း။ (အဓိပ္ပာယတ္ထ။) ဝိသံဝါဒနဿ+ပုရေက္ခာရော ယဿာတိ ဝိသံဝါဒနပုရေက္ခာရော။ [ဤပါဌ်ဖြင့် မပြောမီ ရှေ့၌ လိမ်လိုသော စိတ်ရှိကြောင်းကို ပြ၏။ ကာယပ္ပယောဂေါ ဝစီပယောဂေါဖြင့် ကား၊ ပြောဆဲခဏ ပြောတုန်းခဏ၌ လိမ်ခြင်းကို ပြသည်။] ကမ္မပထ—မြောက်သော မုသာဝါဒကို ပြလို၍ "အတ္ထဘဉ္ဇကော" ဟု ဆိုသည်။ ဤနေရာ၌ အတ္ထသဒ္ဒါသည် အကျိုးဟူသော အနက်ကို မဟော၊ အစီးအပွား ဟူသော အနက်ကို ဟောသည်။ [ကမ္မပထပ္ပတ္တမေဝ ဒဿေတုံ "အတ္ထဘဉ္ဇနကောတိ" ဝုတ္တံ၊ ပရဿ ဟိတဝိနာ—သကောတိ အတ္ထော။-သီ—ဋီသစ်။]

၄။ **အပရော နယော။** ။မုသာဝါဒ၏ အင်္ဂါလက္ခဏာသည် ၄—ပါးရှိ၏။ ထို လက္ခဏာဝယ် "အတထံ ဝတ္ထု" ဟူသော လက္ခဏာလည်း ပါ၏။ ပထမ ပြခဲ့သော နည်း၌ ကာယပယောဂ ဝစီပယောဂကို "ဝါဒေါ-သိစေ ဖြစ်စေ" ဟု ဆိုသောကြောင့် (၁) ဝိသံဝါဒနစိတ္တံ၊ (၂) ကာယဝစီပယောဂေါ၊ (၃) ပရဿ တဒတ္ထဝိဇာနန" ဟူသော အင်္ဂါ ၃—ပါးကိုသာ ပြနိုင်၏။ "အတထံ ဝတ္ထု" ဟူသော အင်္ဂါလက္ခဏာ ကို မပြနိုင်။ ထို့ကြောင့် ထို အင်္ဂါလက္ခဏာကို ပြနိုင်သောတနည်းကို ပြလို၍ "အပရော

တဿ၊ ထို မဟုတ် မမှန်သော ဝတ္ထုကို။ ဘူတတော၊ ဟုတ်သည်၏ အဖြစ်ဖြင့်။ (ဘာဝပ္ပဓာန-ကြံ။) တစ္ဆတော၊ မှန်သည်၏ အဖြစ်ဖြင့်။ ဝိညာပနံ၊ သိစေခြင်း တည်း။ ဝါ၊ သိစေကြောင်း စေတနာတည်း။ ပန၊ ဆက်။ [၁]လက္ခဏတော၊ မှတ်သားအပ်သော သဘောအားဖြင့်။ အတထံ၊ မမှန်သော။ ဝတ္ထုံ၊ ကို။ တထတော၊ မှန်သည်၏ အဖြစ်ဖြင့်။ ပရံ၊ သူတပါးကို။ ဝိညာပေတုကာမဿ၊ သိစေခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ (ထိုမမှန်သော ဝတ္ထုကို အမှန်ဟု သိစေလိုခြင်းဟူသော အခြင်းအရာအားဖြင့်။) ဝိညတ္တိသမုဋ္ဌာပိကာ၊ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော။ စေတနာ၊ သည်။ မုသာဝါဒေါ၊ မည်၏။ သော၊ ထို မုသာဝါဒသည်။ ယံ အတ္ထံ[၂]၊ အကြင် အစီးအပွားကို။ ဘဉ္ဇတိ၊ ဖျက်ဆီး၏။ တဿ၊ ထို အစီးအပွား၏။ အပ္ပတာယ၊ နည်းသည်၏ အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော။ မဟန္တတာယ၊ ကြီးသည်၏ အဖြစ်ကြောင့်။ (များသည်၏အဖြစ်ကြောင့်။) မဟာသာဝဇ္ဇော။ [ဤအလို "မုသာဝါဒေါ၊ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုကြောင်း သိစေကြောင်း စေတနာ" ဟု ပေးပါ။]

နယော'' စသည်ကို မိန့်သည်။ ဤနည်း၌ကား "မုသာ" အရ ကာယ—ဝစီပယောဂကို မယူပဲ ပြောတိုင်းမဟုတ်သော ဝတ္ထုကို ယူရသောကြောင့် "အတထံ ဝတ္ထုံ" ဟူသော လက္ခဏာကိုလည်း ပြနိုင်သည်။ ဤနည်း၌ "မုသာ (မဟုတ်မမှန်သော ဝတ္ထုကို) + ဝဒီယတိ ဝုစ္စတိ ဧတေနာတိ မုသာဝါဒေါ" ဟု ပြု။ [သူတပါး၏ အသိမှားစေလို သော စိတ်ကို "ဝိသံဝါဒန စိတ္တ" ဟု လည်းကောင်း၊ မိမိက အမှားကို သိစေလိုသည် အား လျော်စွာ သူတပါးက အမှားသိခြင်းကို "တဒတ္ထဝိဇာနန" ဟု လည်းကောင်း ဆိုသည်။]

၁။ လက္ခဏတော။ပ။စေတနာ။ ။"မုသာဝါဒ" အရ တရားကိုယ် သဘောကို ပြလို၍ "လက္ခဏတော" စသည်ကို မိန့်သည်။ [လက္ခဏတောတိ သဘာဝတော၊ တထာတိ တေန တထာကာရေန၊ ကာယဝစီ ဝိညတ္တိယော သမုဋ္ဌာပေတီတိ ဝိညတ္တိ သမုဋ္ဌာပိကာ။-သီလက္ခန်ဋီကာသစ်။] ဤအဖွင့်အတိုင်း တထာကို နောက်ပုဒ်နှင့်မတွဲပဲ ပေးသည်၊ သမာသ်တွဲ၍လည်း ပေးနိုင်ပါ၏။

၂။ ယမတ္ထံ။ ။ယမတ္ထံ စသော ဤစကားဖြင့် ကမ္မပထ-မြောက်သော မုသာဝါဒ ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ကွဲပုံကို ပြ၏။ ဤ၌ ဥစ္စာ၏တန်ဖိုး လိုက်၍ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ဖြစ်ပုံကို ပြ၏။ တန်ဖိုးချင်း တူလျှင်ကား ဥစ္စာရှင်၏ သီလ-စသော ဂုဏ် ငယ်၊ ဂုဏ်ကြီးလိုက်၍ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ဖြစ်ရပေလိမ့်မည်။ [ယဿ အတ္ထံ ဘဉ္ဇတိ၊ တဿ အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော၊မဟာဂုဏတာယ မဟာသာဝဇ္ဇောတိ အဒိန္နာဒါနေ ဝိယ အပ္ပသာဝဇ္ဇမဟာသာဝဇ္ဇတာ လဗ္ဘတိ။—သီ-ဋီသစ်။]

အပိစ[1]၊ သည်သာမက သေး၊ ဂဟဋ္ဌာနံ၊ အိမ်၌တည်သူ လူဝတ်ကြောင်တို့၏။ (အဒါတုကာမတာ-၌ စပ်။) အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ အဒါတုကာမတာယ၊ ပေးခြင်းငှာ အလိုမရှိကုန်သည်၏ အဖြစ်ကြောင့်။ နတ္ထိ၊ မရှိပါ။ [ရှိပါသလား ဟု မေးလာသူ တောင်းလာသူအား ပြန်ပြောသော စကားတည်း။] ဣတိ အာဒိနယပ္ပဝတ္တော၊ ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော မုသာဝါဒ သည်။ အပ္ပသာဝဇ္ဇော။ သက္ခိနာ၊ သက်သေသည်။ (ဟုတွာ။) အတ္ထဘဉ္ဇနတ္ထံ၊ အစီးအပွားကို ဖျက်ဆီးခြင်း အကျိုးငှာ။ ဝုတ္တော၊ ပြောဆိုအပ်သော မုသာဝါဒ-သည်။ မဟာ သာဝဇ္ဇော၊ ၏။ ပဗ္ဗဇိတာနံ၊ ရသေ့ ရဟန်းတို့၏။ အပ္ပကမ္ပိ၊ အနည်းငယ်လည်း ဖြစ်သော။ တေလံ ဝါ၊ ဆီကိုသော်လည်းကောင်း။ သပ္ပိံ ဝါ၊ ထောပတ်ကိုသော် လည်းကောင်း။ လဘိတွာ၊ ရ၍။ ဟသာဓိပ္ပာယေန၊ ရယ်ရွှင်ခြင်း၌ ဖြစ်သော အလိုဖြင့်။ [အပျက်အချော် ပြောလိုသဖြင့်။] အဇ္ဇ၊ ယန္နေ့။ ဂါမေ၊ ရွာ၌။ တေလံ၊ ဆီသည်။ နဒီ မညေ၊ မြစ်ကဲ့သို့။ သန္ဒတိ၊ စီး၏။ [အနည်းငယ်ရသောကြောင့် ပြောင်လှောင်၍ပြောသော စကားတည်း။] ဣတိ၊ သို့။ ပူရဏကထာ[2] နယေန၊ ဖြည့်စွက် ပြောဆိုကြောင်း နည်းဖြင့်။ [ရှေးနိဿယ၌ "စကားပို စကားလျှံ ဆိုသော နည်းဖြင့်" ဟု ပေးသည်။] ပဝတ္တော၊ ဖြစ်သော မုသာဝါဒသည်။ အပ္ပ-

---

၁။ အပိ စ။ ။အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ခွဲရာ၌ ဆိုဖွယ်ကျန်သေးသောကြောင့် "အပိစ" စသည်ကို မိန့်သည်။ [ရှေ့နည်းနှင့်မတူသော တနည်းကို ပြခြင်းမဟုတ်။] လူတို့မှာ ဖြစ်တတ်သော မုသာဝါဒ၊ ရသေ့ ရဟန်းတို့မှာ ဖြစ်တတ်သော မုသာဝါဒတို့၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ တို့ကိုခွဲ၍ပြသည်။

၂။ ပူရဏကထာ။ ။ပူရဏကထာ-ဟူသည် အနည်းငယ်ဖြစ်၍ ဦနသော (ယုတ်လျော့သော) ဆီကို စကားအားဖြင့် ဖြည့်၍ပြောအပ်သော စကားတည်း။ ပူရေတီတိ ပူရဏာ၊ ပူရဏာ စ+သာ+ကထာ စာတိ ပူရဏကထာ၊ အဝ္ဂတာယ ဦနဿ အတ္ထဿ ပူရဏ ဝသေန ပဝတ္တာ ကထာ ပူရဏကထာ။ ဗဟုတရဘာဝေန ဝုတ္တကထာတိ ဝုတ္တံ ဟောတိ။-သီလက္ခန်ဋီကာသစ်။ ယောဇနာ၌ကား "ပူရဏဿ+ကထနနယေန ပဝတ္တော မုသာဝါဒေါ" ဟု ဖွင့်၏။

မှတ်ချက်။ ။မရှိ ဟု ပြောခြင်း၌လည်းကောင်း၊ ပူရဏကထာနည်းဖြင့် (ဆီတွေ မြစ်ကြီးလိုစီးနေ၏ စသည်ဖြင့်) စကားကြီး စကားကျယ် စကားပို စကားလျှံ ပြောဆိုခြင်း၌လည်းကောင်း သူတပါး အသိမှားစေလိုသော ဝိသံဝါဒနစိတ် ရှိမှသာ မုသာဝါဒ ဖြစ်သည်။ ထိုစကားမျိုး ပြောရုံဖြင့်ကား မုသာဝါဒ-မဖြစ်ပါ။ [အတ္တနော သန္တကံ အဒါတုကာမတာယာတိ ဟိ ဟသာဓိပ္ပာယေနာတိ စ မုသာဝါဒသာမညတော (မဟုတ်မမှန် ပြောခြင်း တူသည်၏ အဖြစ်ကြောင့်) ဝုတ္တံ။ ဥဘယတ္ထာပိ စ ဝိသံဝါဒနပုရေက္ခာရေနေဝ မုသာဝါဒေါ၊ န ပန ဝစနမတ္တေန။-သီလက္ခန် ဋီကာသစ်။]

သာဝဇ္ဇော။ ပန၊ ကား။ အဒိဋ္ဌံယေဝ၊ မမြင်အပ်သော အကြောင်းအရာကိုပင်။ ဒိဋ္ဌံ၊ မြင်အပ်ပြီ။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ ဖြင့်။ ဝဒန္တာနံ၊ ပြောဆိုသူတို့၏။ (မုသာဝါဒေ၊ သည်။) မဟာ သာဝဇ္ဇော။

တဿ၊ ထို မုသာဝါဒ၏။ သမ္ဘာရာ၊ တို့သည်။ အတထံ၊ မမှန်သော။ ဝတ္ထု၊ ဝတ္ထုလည်းကောင်း။ ဝိသံဝါဒနစိတ္တံ၊ မှားမှားယွင်းယွင်း ပြောဆိုစေကြောင်း စိတ်လည်းကောင်း။ ဝါ၊ ချွတ်ယွင်းစေကြောင်း စိတ်လည်းကောင်း။ တဇ္ဇော၊ ထို စိတ်အားလျော်စွာဖြစ်သော။ ဝါယာမော၊ လုံ့လလည်းကောင်း။ [လုံ့လကို ရှေးသွားပြုရသော ပယောဂကို ဆိုလိုသည်။] ပရဿ၊ သူတပါး၏။ (လိမ်အပ်သူ၏။) တဒတ္ထဝိဇာနနံ၊ ထို လိမ်လိုအပ်သော အနက် အဓိပ္ပာယ်ကို နားလည်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော ဟောန္တိ။ ဧကော၊ သော။ ပယောဂေါ၊ သည်။ သာဟတ္ထိကောဝ၊ သာဟတ္ထိက-သာတည်း။ သော စ၊ ထို သာဟတ္ထိက-ပယောဂကိုလည်း။ ကာယေန ဝါ၊ ကိုယ်ဖြင့်သော်လည်း ကောင်း။ ကာယပဋိဗဒ္ဓေန ဝါ၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်လည်း ကောင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်သော်လည်းကောင်း။ ပရဝိသံဝါဒကကြိယ-ကရဏေ၊ သူတပါးကိုချွတ်ယွင်းစေတတ်သော အမှုအရာကို ပြုခြင်း၌။ ဝါ၊ ပြုရာ၌။ ဒဋ္ဌဗ္ဗော၊ ၏။ တာယ ကြိယာယ၊ ထို အမှုအရာကြောင့်။ ပရော၊ တပါးသော ပုဂ္ဂိုလ်သည်။ (လိမ်အပ်သော ပုဂ္ဂိုလ်သည်။) တမတ္ထံ၊ ထို အနက် အဓိပ္ပာယ်ကို။ (လိမ်လိုအပ်သော အကြောင်းအရာကို။) စေ ဇာနာတိ၊ အံ့။ (ဧဝံ သတိ။) အယံ၊ ဤ ပုဂ္ဂိုလ်ကို။ ကြိယသမုဋ္ဌာပိက စေတနာက္ခဏေ-ယေဝ၊ အမှုအရာ ကြိယာကို ဖြစ်စေတတ်သော စေတနာ၏ ခဏ၌ပင်။ မုသာ-ဝါဒကမ္မုနာ၊ မုသာဝါဒကံသည်။ ဗဇ္ဈတိ၊ ဖွဲ့အပ်၏။

ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ကာယ ကာယပဋိဗဒ္ဓ ဝါစာဟိ၊ ကိုယ်၊ ကိုယ်နှင့်စပ်သောဝတ္ထု၊ နှုတ်တို့ဖြင့်။ ပရံ၊ သူတပါးကို။ ဝိသံဝါဒေတိ ယထာ၊ မှားမှားယွင်းယွင်း ပြောဆိုစေနိုင်သကဲ့သို့။ ဝါ၊ ချွတ်ယွင်း စေနိုင် သကဲ့သို့။ တထာ၊ တူ။ ဣမဿ၊ ဤသူအား။ ဣမံ၊ ဤ အကြောင်းအရာကို။ ဘဏာဟိ၊ လိမ်၍ ပြောလိုက်ပါလော့။ ဣတိ၊ ဤသို့။ အာဏာပေန္တော၊ စေ ခိုင်းသည်။ (ဟုတ္វာ) ပိ၊ ဖြစ်၍လည်းကောင်း။ ဝါ၊ ဖြစ်လျက်လည်းကောင်း။ [အာဏတ္တိကပယောဂ။] ပဏ္ဏံ၊ မုသားစကားကို ရေးသားအပ်သော စာကို။ လိခိတွာ၊ ရေးခြစ်၍။ [“ပဏ္ဏံ၊ စာရွက်၌။ လိခိတွာ၊ အက္ခရာကို ရေးခြစ်၍” ဟုလည်း သီ-ဋီသစ် ဖွင့်သေး၏။] ပုရတော၊ ရှေ့၌။ (လိမ်လိုအပ်သူ၏ ရှေ့၌။) နိဿဇ္ဇန္တော၊ စွန့်လွှတ် ချထားသည်။ (ဟုတွာ) ပိ၊ လည်းကောင်း။ [နိဿဂ္ဂိယ-ပယောဂ။] အယံ အတ္ထော၊ ဤအနက် အဓိပ္ပာယ်ကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗော၊

မှတ်ထိုက်၏။ ဣတိ၊ သို့။ ကုဋ္ဌာဒီသု၊ နံရံ အစရှိသော အရပ်တို့၌။ လိခိတွာ၊ ၍။ (မဟုတ်မမှန် ရေး၍။) ထပေန္တော၊ ထားသည်။ (ဟုတွာ) ပိ၊ လည်းကောင်း။ [ထာဝရ-ပယောဂ။] ပရံ၊ သူတပါးကို။ ဝိသံဝါဒေတိ၊ မှားမှားယွင်းယွင်း ပြောဆိုစေနိုင်၏။ ဝါ၊ ချွတ်ယွင်းစေနိုင်၏။) တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤမုသာဝါဒ၌။ အာဏတ္တိကနိဿဂ္ဂိယ ထာဝရာပိ၊ အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရလည်း ဖြစ်ကုန်သော။ ပယောဂါ၊ တို့သည်။ ယုဇ္ဇန္တိ၊ သင့်ကုန်၏။ ပန၊ ထိုသို့ပင် သင့်ပါကုန်သော်လည်း။ အဋ္ဌကထာသု၊ ရှေး အဋ္ဌကထာတို့၌။ အနာဂတတ္တာ၊ မလာကုန်သည်၏ အဖြစ်ကြောင့်။ [1]ဝိမံသိတွာ၊ စူးစမ်းနိုင်းချိန်၍။ (အာဏတ္တိက နိဿဂ္ဂိယထာဝရာ၊ ကုန်သော။ ပယောဂါ၊ တို့ကို။) ဂဟေတဗ္ဗာ၊ ယူထိုက်ကုန်၏။

ပိသုဏဝါစာတိ အာဒီသု၊ ပိသုဏဝါစာ-အစရှိသော ကမ္မပထတို့၌။ (သဝိနိစ္ဆယော၊ အဆုံးအဖြတ်နှင့်တကွ ဖြစ်သော။ အတ္ထော၊ ကို။ဝေ ဝေဒိတဗ္ဗော။) ယာယ ဝါစာယ၊ အကြင် စကားဖြင့်။ (ကရောတိ-၌ စပ်။) ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ တံ ဝါစံ၊ ထို ကုန်းတိုက်စကားကို။ ဘာသတိ၊ ပြောဆို၏။ [2]တဿ၊ ထို ပြောဆိုရာ ပုဂ္ဂိုလ်၏။ ဟဒယေ၊ စိတ်၌။ [3]အတ္တနော၊ မိမိ၏။

၁။ ဝိမံသိတွာ ဂဟေတဗ္ဗာ။ ။ဤအယူက သင်္ဂဟအဋ္ဌကထာ ဆရာ၏ အတ္တနောမတိ မျှသာ ဖြစ်သောကြောင့် "ဝိမံသိတွာ ဂဟေတဗ္ဗာ" ဟု ဆိုသည်။ မိမိကိုယ်တိုင် "တထာ ဣဒမဿ ဘဏာမီတိ အာဏာပေန္တောပိ။ပ။ထပေန္တောပိ" ဟု ဖြစ်နိုင်သော အကြောင်းတို့ကို ပြပြီးဖြစ်ရကား အထူးစဉ်းစား စိစစ်ဖွယ် မလိုတော့။ ရှေးဆရာတို့ကို လေးစားသောအားဖြင့်လည်းကောင်း၊ အတ္တုက္ကံသန-အပြစ်မရောက်စေလိုသောကြောင့်လည်းကောင်း "ဝိမံသိတွာ ဂဟေတဗ္ဗာ" ဟု ဆိုခြင်းဖြစ်သည်။ [ဝိမံသိတွာ ဂဟေတဗ္ဗာတိ အတ္တနောမတိယာ သမ္ဘာဝနာလက္ခဏာ အနတ္တုက္ကံသနေန ဝုတ္တံ။ကို့ဒြေဗ္ဗ ဝိစာရေတဗ္ဗကာရဏာ အတ္ထိ။ သယမေဝ ဝိစာရိတတ္တာ၊-သီ-ဋီသစ်။]

၂။ တဿ။ပ။ကရောတိ။ ။ပိသုဏာ၌ "ပိယသုညကရဏာ"ဟု ဆိုလိုလျက် မလိုအပ်သော အက္ခရာတို့ကို ချေ၍"ပိသုဏာ"ဟု ကြွင်းသည်။ "ပိယော စ+သုညံ စ ပိယသုညံ၊ ပိယသုညံ+ကရောတီတိ ပိယသုညကရဏာ"ဟုပြု။ ပိယသုညတို့၌ ဘာဝပ္ပဓာနဘာဝလောပ ကြံစေလို၍ ပိယံကို "ပိယဘာဝံ" ဟု လည်းကောင်း၊ သုညံကို "သုညဘာဝံ" ဟု လည်းကောင်း ဖွင့်သည်။ (တနည်း) ပိသတိ၊ညီညွတ်နေသူတို့ကို ကွဲပြားအောင် ကြိတ်ချေတတ်၏။ ဣတိ ပိသုဏာ။ ပိသ-ဓာတ်၊ ဥန-ပစ္စည်းဖြင့် သက္ကတ၌ "ပိသုနာ"ဟု ရှိသည်။

၃။ အတ္တနော ပရဿ။ ။ဦးဒတ္တက ဦးနာဂ၏ အပြစ်ပြောသည်ကို ဦးတိဿသည် ကြား၏။ ထိုအခါ ဦးတိဿသည် ဦးဒတ္တနှင့် ဦးနာဂတို့ ကွဲပြားစေလို၍၊ သို့မဟုတ် ဦးနာဂက "မိမိကို သတိပေးဖော်ရပေသည်" ဟု ချစ်စေလို၍ ဦးနာဂထံ သွားပြီးလျှင်

(မိမိဟူသောပြောဆိုသူ၏။) ပိယဘာဝံ၊ ချစ်အပ်သူ၏ အဖြစ်ကိုလည်းကောင်း။ ပရဿ၊ သူတပါး၏။ သုညဘာဝံ စ၊ အချစ်မှ ကင်းဆိတ်သူ၏ အဖြစ်ကိုလည်းကောင်း။ ကရောတိ၊ ပြုတတ်၏။ သာ (ဝါစာ)၊ ထို စကားသည်။ ပိသုဏာဝါစာ၊ မည်၏။

ပန၊ ကား။ [၁]ယာယ၊ အကြင် စကားဖြင့်။ အတ္တာနံပိ၊ မိမိကိုလည်းကောင်း။ ပရံပိ၊ သူတပါးကိုလည်းကောင်း။ ဖရုသံ၊ ကြမ်းတမ်းသည်ကို။ ကရောတိ၊ ပြုတတ်၏။ (အယံ၊ ဤစကားသည်။ ဖရုသဝါစာ၊ မည်၏။) ယာ ဝါစာ၊ အကြင် စကားသည်။ [၂]သယမ္ပိ၊ ကိုယ်တိုင်လည်း။ (ဖရုသဝါစာ ကိုယ်တိုင်လည်း။) ဖရုသာ၊ ကြမ်းတမ်းသည်။ ကဏ္ဏသုခါ၊ နားတို့၏ ချမ်းသာကြောင်း

ဦးဒတ္တ၏ အပြစ်ပြောစကားကို ပြော၏။ ထိုသို့ပြောခြင်းသည် မိမိကို ချစ်အောင်လည်းပြု၊ ဦးဒတ္တ၏အပေါ်၌ ဦးနာဂ၏ အချစ်ကင်းဆိတ်အောင်လည်း ပြုရာရောက်သည်။ ထို့ကြောင့် အတ္တနော ပိယဘာဝံ၌ "အတ္တနော" အရ ကုန်းတိုက်သော ဦးတိဿကိုယူ၍ "ပရဿ" အရ ဦးနာဂ၏ အပြစ်ကိုပြောသော ဦးဒတ္တကို ယူပါ။ [ပဿောတိ ယံ ဘိန္ဒိတုံ တံ ဝါစံ ဘာသတိ၊ တဿ။–သီ-ဋီသစ်။]

၁။ ယာယ။ပ။ကရောတိ။ ။ဖရုသံ ကရောတီတိ ဖရုသကရဏာ၊ ဒေါသထွက်အောင် ကြမ်းတမ်းအောင် ပြုတတ်သောကြောင့် ဆဲဆိုမှုစကားကို "ဖရုသကရဏာ"ဟု ဆိုလိုလျက် ကရဏပုဒ်ကို ချေ။ (တနည်း) ဆဲသောအခါ ဆဲသူ မိမိ၌လည်းကောင်း၊ အဆဲခံရသော သူတပါး၌ လည်းကောင်း ဒေါသအစွမ်းကြောင့် ကြမ်းတမ်းမှု ဖရုသာ ဖြစ်၏။ ထို ဖရုသာသည် ဆဲဆိုမှုကြောင့်ဖြစ်ရကား အကျိုးဖရုသာ၏ အမည်ကို အကြောင်းစကားပေါ်၌ တင်စား၍ ကြမ်းတမ်းသော စကားကိုလည်း ဖလူပစာရအားဖြင့်"ဖရုသာ"ဟု ခေါ်ရသည်။ [ဧတ္ထ ပန ပဌမနယေ ဖရုသံ ကရောတီတိ ဝစနတ္ထေန ဝါ ဖလူပစာရေန ဝါ ဝါစာယ (စကားအပေါ်၌) ဖရုသသဒ္ဒပ္ပဝတ္တိ ဝေဒိတဗ္ဗာ။-သီဋီသစ်။]

၂။ သယမ္ပိ ဖရုသာ။ ။ဤနည်း၌ စကားလုံးကိုယ်တိုင်ပင် ကြမ်းတမ်းသောကြောင့် ဖရုသာအမည်ရ၏။ ထို ဖရုသာအမည်သည် ဥပစာမတင်ရပဲ ပင်ကိုသဘောအတိုင်း အထင်ရုဋ္ဌီအားဖြင့် ရအပ်သောအမည်တည်း။ (တနည်း) ဆဲဆိုခြင်း၏ အကြောင်းမှာ ဒေါသတည်း။ ထို အကြောင်းဒေါသ၏ ဖရုသ-အမည်ကို အကျိုးစကားပေါ်၌ တင်စား၍ အကျိုးစကားကိုလည်း ကာရဏူပစာရအားဖြင့် "ဖရုသာ"ဟု ခေါ်သည်။ [ဒုတိယနယေ မမ္မစ္ဆေဒဝသေန (နားငြီးဖွယ်ကောင်းသော ဇာတိဂေါတ္တ စသည်ကို ဖြတ်တောက် ဆဲဆိုခြင်း၏ အစွမ်းဖြင့်) ပဝတ္တိယာ ကေဏ္ဍနိဋ္ဌုရတာယ ရုဠှီသဒ္ဒဝသေန သဘာဝေန (အထင်ရုဠှီသဒ္ဒါဖြစ်သည့်အတွက် ဥပစာမတင်ရပဲ ပင်ကိုသဘောအားဖြင့် သော်လည်းကောင်း) ကာရဏူပစာရေန ဝါ ဖရုသသဒ္ဒပ္ပဝတ္တိ ဒဋ္ဌဗ္ဗာ။-သီ-ဋီသစ်။....သဒ္ဒပဝတ္တိနိမိတ် ရှိသော်လည်း ထို နိမိတ်က အများနှင့် ဆိုင်နေသောကြောင့် ထင်ရှားရာ အနက်တခုပေါ်၌ တက်ရောက်ခြင်းကို"အထင်ရုဋ္ဌီ"ဟု ခေါ်သည်။]

သည်။ (နားဝင်ချိုသည်။) [၁]နေဝ ဟောတိ၊ မဖြစ်။ ဟဒယင်္ဂမာ၊ စိတ်သို့ ရောက်သည်။ (နှလုံး အသဲစွဲလောက်သည်။) န ဟောတိ။ အယံ၊ ဤစကား သည်။ ဖရုသဝါစာ၊ မည်၏။

ယေန၊ အကြင် စကားဖြင့်။ သမ္ဖံ၊ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော အကြောင်းအရာကို။ နိရတ္ထကံ၊ အနက် အဓိပ္ပာယ်မရှိသော အကြောင်းအရာကို။ ပလပတိ၊ အမျိုးမျိုးအစားစား အပြားအားဖြင့် ပြောဆိုတတ်၏။ သော၊ ထို စကားသည်။ သမ္ဖပ္ပလာပေါ[၂]၊ မည်၏။ တေသံ (ပိသုဏဝါစာဖရုသဝါစာသမ္ဖ-ပ္ပလာပါနံ)၊ ထို ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-တို့၏။ မူလဘူတာ၊ အရင်းခံဖြစ်၍ ဖြစ်သော။ စေတနာပိ၊ သည်လည်း။ ပိသုဏဝါစာဒိနာမမေဝ[၃]၊ ပိသုဏဝါစာ အစရှိသော နာမည်ကိုပင်။ လဘတိ၊ ရ၏။ စ၊ ဆက်။ဣဓ၊ ဤ အကုသလကမ္မပထ အရာ၌။ သာ ဧဝ၊ ထိုစေတနာကိုသာ။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

၁။ နေဝ။ပ။ဟဒယင်္ဂမာ။ ။နေဝ ကဏ္ဏသုခါ၊ န ဟဒယင်္ဂမာတို့ကား ကြမ်းတမ်း ပုံကို သရုပ်ဖော်သော စကားများတည်း။ ဆဲဆိုသော စကားလုံးက ကြမ်းတမ်းလှသော ကြောင့် ကြားရသောနားလည်း မချမ်းသာ၊ အနက်ဒ႒မိပ္ပာယ်က မကောင်းလှသော ကြောင့် စိတ်နှလုံးသို့လည်း မသက်ဝင်ပါ–ဟူလို။ [သုခန္တိ တောယာတိ သုခါ၊ကဏ္ဏာ-နံ+သုခါ ကဏ္ဏသုခါ။]

၂။ သမ္ဖပ္ပလာပေါ။ ။"သံ (ဟိတသုခံ) ဖလတိ ဝိနာသေတီတိ သမ္ဖံ၊ပလပတိ ဧတေနာတိ ပလာပေါ၊ သမ္ဖဿ+ပလာပေါ သမ္ဖပ္ပလာပေါ။ စီးပွားချမ်းသာကို ဖျက် ဆီးတတ်သော အကြောင်းအရာ (သမ္ဖ) ဟူသည် "အနက် အဓိပ္ပာယ်မရှိသော အကြောင်းအရာတည်း"ဟု သိစေလို၍"နိရတ္ထကံ"ဟု အဓိပ္ပာယတ္ထ ဖွင့်၏။ (တနည်း)၊ ပလာပ-သဒ္ဒါသည် အနှစ်အဆံ မပါသော ဖွဲ၊ စပါးအဖျင်းကို ဟော၏။အကြောင်းအရာ လည်း အနှစ်အဆံနှင့်တူသော အနက်အဓိပ္ပာယ် မပါသောကြောင့် ဖွဲ၊ အဖျင်းနှင့် တူရ ကား "သမ္ဖပ္ပလာပ"ဟု ခေါ်ရသည်။ ဤအလို သမ္ဖံ စ၊ (နားထောင်နေသူ၏) စီးပွား ချမ်းသာကို ဖျက်တတ်သည်လည်း ဟုတ်၏+တံ+ပလာပေါ စ၊ ဖွဲအဖျင်းနှင့် တူသည် လည်းဟုတ်၏။ဣတိ သမ္ဖပ္ပလာပေါ"ဟု ပြုပါ။ထို့ကြောင့် ရှေးဆရာတို့သည် သမ္ဖပ္ပလာပ ကို"ပြိန်ဖျင်းသော စကား" ဟု မြန်မာပြန်ကြသည်။

၃။ ပိသုဏဝါစာဒိနာမမေဝ။ ။ဝစန္တိ ဧတာယာတိ ဝါစာ (စေတနာ)။ပိသုဏာ ယ၊ ကို+ဝါစာ၊ ပြောကြောင်း စေတနာတည်း။ ပိသုဏဝါစာ။ ဤသို့ သမာသ်တွဲလျှင် စေတနာသည် မုချအားဖြင့် ပိသုဏဝါစာမည်၏။"ပိသုဏာ+ဝါစာ"ဟု ဝါကျခွဲလျှင် ကား အကျိုးပိသုဏဝါစာ (စကားလုံး)၏အမည်ကို အကြောင်းစေတနာ၌ တင်စား သော ဖလူပစာရအမည်တည်း။"နာမမေဝ"ဟု နာဂသဒ္ဒါထည့်ထားသော အဋ္ဌကထာ လည်း ဥပစာကိုပင် ရည်ရွယ်ဟန်တူသည်။ [သမာသဝိသယေ ဟိ မုချဝသေန အတ္တော ဂဟေတဗ္ဗော၊ ဗျာသဝိသယေ ဥပစာရဝသေနာပိ ဒဋ္ဌဗ္ဗံ။–သီလက္ခန်–ဋီကာသစ်။]

တတ္ထ၊ ထို ပိသုဏဝါစာ,ဖရုသဝါစာ,သမ္ဖပ္ပလာပ တို့တွင်။သံကိလိဋ္ဌစိတ္တ- ဿ၊ အဘိဇ္ဈာ,ဝျာပါဒ-စသည်တို့ကြောင့် ညစ်နွမ်းသော စိတ်ရှိသူ၏။["လောဘေန ဝါ ဒေါသေန ဝါ ဝိပါဒိတစိတ္တဿ"ဟု သီလက္ခန္ဓဋီကာ ဖွင့်၏။] [၁]ပရေသံ၊သူတပါးတို့၏။ ဘေဒါယ ဝါ၊ ကွဲပြားခြင်းငှာသော်လည်းကောင်း။ အတ္တနော၊ ၏။ ပိယကမျတာယ ဝါ၊ ချစ်ခြင်းကို အလိုရှိသူ၏ အဖြစ်ငှာ သော်လည်းကောင်း။ ကာယဝစီပယောဂသမုဋ္ဌာပိကာ၊ ကာယပယောဂ ဝစီ- ပယောဂကို ဖြစ်စေတတ်သော။ စေတနာ၊ သည်။ ပိသုဏဝါစာ၊ မည်၏။ သာ၊ ထို ပိသုဏဝါစာသည်။ ယဿ၊ အကြင် ပုဂ္ဂိုလ်၏။ ဘေဒံ၊ကွဲပြားခြင်း ကို။ ကရောတိ၊ပြု၏။ တဿ၊ထိုကွဲပြားအောင်ပြုရာ ပုဂ္ဂိုလ်၏။ အပ္ပဂုဏတာယ၊ နည်းသောဂုဏ် နှင့်ရှိသည်၏အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇာ။ မဟာဂုဏတာယ၊ ကြောင့်။ မဟာသာဝဇ္ဇာ။

တဿာ၊ ထို ပိသုဏဝါစာ၏။ သမ္ဘာရာ၊ တို့သည်။ ဘိန္ဒိတဗ္ဗော၊ ခွဲထိုက် သော။ ပရော၊ သူတပါးလည်းကောင်း။ ဣတိ၊ ဤသို့ ပြောဆိုအပ်သော်။ (ဤသို့ ကုန်းတိုက်စကားကို ပြောဆိုလိုက်လျှင်။)ဣမေ၊ ဤသူတို့သည်။နာနာ၊ အသီးအသီးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဝိနာ၊ ကွဲကွာကုန်သည်။ ဘဝိဿန္တိ။ ဣတိ၊ သို့။ ဘေဒပုရေက္ခာရတာ ဝါ၊ ကွဲပြားခြင်းကို ရှေးရှုပြု ခြင်းရှိသူ၏ အဖြစ်သော်လည်းကောင်း။ ဣတိ၊ ဤသို့ ပြောဆိုအပ်သော်။ အဟံ၊ ငါသည်။ ဝါ၊ ကို။ ပိယော၊ ချစ်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်လိမ့်အံ့။ ဝိဿာသိကော၊ အကျွမ်းဝင်ခြင်း ရှိသူသည်။(ဘဝိဿာမိ၊ အံ့။) ဣတိ၊ သို့။ ပိယကမျတာ ဝါ၊ ချစ်ခြင်းကိုအလိုရှိသူ၏ အဖြစ်လည်းကောင်း။ တဇ္ဇော၊ ထို ကုန်းတိုက်ခြင်းအား လျော်စွာဖြစ်သော။ ဝါယာမော၊ လုံ့လလည်း ကောင်း။ တဿ၊ ထို ပြောဆိုအပ်ရာ ပုဂ္ဂိုလ်၏။ တဒတ္ထဝိဇာနနံ၊ ထိုအနက် အဓိပ္ပာယ်ကို နားလည်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော ဟောန္တိ။ [ဘေဒပုရေက္ခာရတာ၊ ပိယကမျတာ ဤ ၂-ပါးတွင် တပါးပါးသော အင်္ဂါ ဖြစ်နိုင်သောကြောင့် ဘေဒပုရေက္ခာရတာ ဝါ၊ ပိယကမျတာ ဝါ ဟု ဝိကပ္ပ- နတ္ထ ဝါ-သဒ္ဒါဖြင့် ဆိုသည်။] ပန၊ ဆက်။ ပရေ၊ တပါးသော ပုဂ္ဂိုလ်သည်။

၁။ ပရေသံ။ပ။ပိယကမျတာယ ဝါ။ ။တချို့ ကုန်းတိုက်ရာ၌ ထိုသူနှစ်ယောက် ကွဲသွားခြင်းကိုသာ အလိုရှိ၏၊ မိမိကိုချစ်ဖို့မလို။ အချို့ ကုန်းတိုက်ရာ၌ကား မိမိကို ချစ်ဖို့လိုလား၏၊ ထိုသူနှစ်ယောက် ကွဲသွားခြင်းကို မရည်ရွယ်။ တချို့ ကုန်းတိုက်ရာ၌ ထိုသူနှစ်ယောက်လည်းကွဲစေလို၊ မိမိကိုလည်းချစ်စေလို၏။ ထို့ကြောင့် ဝါ-သဒ္ဒါသည် ဝိကပ်လည်းမမြဲ၊ သမုစ္စည်းလည်း မမြဲပုံကိုပြသော အနိယမတ္ထတည်း။ [ဤ အနိယ- မတ္ထကိုပင် တချို့နေရာ၌ ဝိကပ်ဟု ယူဟန်တူသည်။]

(ခွဲအပ်သော ပုဂ္ဂိုလ်သည်။) အဘိန္နေ၊ မကွဲလတ်သော်။ ကမ္မပထဘေဒေါ၊ ကမ္မပထအထူးအပြားသည်။ နတ္ထိ။ (ပရေ၊ တပါးသော ခွဲအပ်သူသည်။) ဘိန္နေ ဧဝ၊ ကွဲသော်သာ။ (ကမ္မပထဘေဒေါ၊ သည်။) ဟောတိ။

ပရဿ၊ သူတပါး၏။ မမ္မစ္ဆေဒကကာယဝစီပယောဂ သမုဋ္ဌာပိကာ[၁]၊ ပုတ်ခတ်သောခါ သေလောက်ရာသည့် အနာအရပ်နှင့်တူသော ဇာတ်အစရှိသော အင်္ဂါသဝတ္ထုကို ထိပါးပုတ်ခတ် ဖြတ်တောက်တတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော။ ကေန္တဖရုသစေတနာ[၂]၊ ကြမ်းတမ်းသော စေတနာသည်။ ဖရုသဝါစာ၊ မည်၏။ တဿာ၊ ထို ကေန္တဖရုသစေတနာ၏။ အာဝိဘာဝတ္ထံ၊ ဖရုသဝါစာအဖြစ်၌ ထင်စွာဖြစ်ခြင်း အကျိုးငှာ။

၁။ **မမ္မစ္ဆေဒက။ပ။ပိကာ။** ။မရတိ ယေနာတိ မမ္မံ။ ယေန၊ အကြင် ထိခိုက်အပ်သော အနာကြောင့်။ မရတိ၊ သေတတ်၏။ ဣတိ မမ္မံ။ (ဒုဋ္ဌာရု-ဒုဋ္ဌ+အရု-ပျက်သော ဆိုးရွားသော အနာ။) [မရဓာတ်၊ ယောဇနာ၌ မ-ပစ္စည်းဟု ဆို၏။ မောဂ္ဂလ္လာန်ဏ္ဏာဒိ (၁၃၆) သုတ်ဖြင့် သက်သော မ–ပစ္စည်းကိုရည်ရွယ်သည်။ ရကို ပရရုပ် (မ်) ပြု။ မမ္မ၌ မရ-ဓာတ်၊ ရမ္မ-ပစ္စည်းဖြင့် ပြီးသကဲ့သို့ ရမ္မ-ပစ္စည်းဖြင့်လည်း ပြီးစေနိုင်၏။] အနာပေါ် တုတ်ကျလျှင် အလွန်နာ၏၊ သေလောက်အောင် ခံရ၏။ ထို့အတူ ဇာတိ ဂေါတ္တ-စသော အင်္ဂါသဝတ္ထုကို ထိခိုက်လျှင် (ထိခိုက်၍ဆဲလျှင်) အလွန်နာ၏။ ထို့ကြောင့် ဇာတိ ဂေါတ္တ-စသော အင်္ဂါသဝတ္ထုကို "မမ္မံ ဝိယာတိ မမ္မံ"ဟု ဥပမာတဒ္ဓိတ် ဆင့်၍"မမ္မ"ဟု ခေါ်သည်။

ဆိန္ဒတိ ယေနာတိ ဆေဒကော (အဝုတ္တကတ္တုသာဓန) ၊မမ္မဿ+ဆေဒကော မမ္မစ္ဆေဒကော-အလွန်နာကျည်းဖွယ်ကောင်းသော အမျိုးအနွယ် စသည်ကို ထိပါးပုတ်ခတ် ဖြတ်တောက်တတ်သော ဝစီပယောဂ။ (စာဖြင့်ရေး၍ ဆဲခြင်းစသည်၌ ကာယပယောဂ လည်း ရနိုင်၏။) ထို့ကြောင့်"ကာယဝစီပယောဂသမုဋ္ဌာပိကာ"ဟု ဆိုသည်။ မမ္မစ္ဆေဒက ကာယဝစီပယောဂါနံ+သမုဋ္ဌာပိကာ မမ္မ။ပ။သမုဋ္ဌာပိကာ (စေတနာ)။ [မမ္မာနီတိ ဒုဋ္ဌာရူနိ (ဒုဋ္ဌ+အရူနိ–ပျက်သော အနာတို့။) သဒိသတာယ ပန ဣဓ အင်္ဂါသဝတ္ထူနိ မမ္မာနီတိ ဝုစ္စန္တိ။ ယထာ ဟိ ဒုဋ္ဌာရူသု ယေနကေနစိ ဝတ္ထုနာ ဃဋ္ဋိတေသု (စိတ္တံ) အဓိမတ္တံ ဒုက္ခံ ဟောတိ။ တထာ တေသု ဇာတိအာဒိသု အင်္ဂါသဝတ္ထူသု ဖရုသဝါစာယ ဖုသိတမတ္တေသူတိ။–သီ–ဋီသစ်။]

၂။ **ကေန္တဖရုသစေတနာ။** ။ဖရုသဝါစာ၌"ဖရုသံ -ဝစန္တိ တေဘာယာတိ ဖရုသဝါစာ"ဟု ပြုလျှင် စေတနာရ၏။ ကေန္တသဒ္ဒါကို ထည့်ခြင်းမှာ ဝါသနာအလိုက် နှုတ်ထွက်ကြမ်းရုံမျှကို ဆိုလိုသည်မဟုတ်ပဲ တကယ်ဒေါသစိတ်ဖြင့် ပြောဆိုအပ်သော ဖရုသဝါစာကိုသာယူစေလိုသောကြောင့်တည်း။ [ဧကန္တဖရုသစေတနာ ဖရုသာ ဝါစာ၊ ဖရုသံ ဝစန္တိ ဧတာယာတိ ကတွာ၊ "ဖရုသစေတနာ" ဣစ္စေဝ အဝတွာ "ဧကန္တဖရုသစေတနာ" တိ ဝစနံ ဒုဋ္ဌစိတ္တတာယ ဧဝ ဖရုသစေတနာ အဓိပ္ပေတာ၊ န ပန သဝနဖရုသတာမတ္တေနာတိ ဉာပနတ္ထံ–သီ–ဋီသစ်။]

(တနည်း) တဿ၊ ထို ကေနွှဖရုသစေတနာ၏ ဖရုသ၀ါစာအဖြစ်၏။ [တဿာတိ ကေနွှဖရုသစေတနာယ ၀ေ၊ တဿာတိ ၀ါ ကေနွှဖရုသစေတနာယ ၀ေ ဖရုသ၀ါစာဘာ၀ဿ။–သီလက္ခန် ဋီကာသစ်။]• အာ၀ိဘာ၀တ္ထံ၊ ထင်ရှားဖြစ်ခြင်း အကျိုးငှာ။ ဣဒံ၊ ဤ ဆိုအပ်လတ္တံ့ ကား။ ၀တ္ထု၊ ၀တ္ထုတည်း။ ကောေ၊ သော၊ ဒါရကော၊ သူငယ်သည်။ မာတု၊ အမိ၏။ ၀စနံ၊ စကားကို။ အနာ–ဒိယိတွာ၊ မနာယူမူ၍။ အရညံ၊ တောသို့။ ဂစ္ဆတိ ကိရ၊ သွားသတတ်။ တံ၊ ထို သူငယ်ကို။ မာတာ၊ သည်။ နိ၀တ္တေတုံ၊ ပြန်နစ်စေခြင်းငှာ။ အသက္ကောန္တီ၊ မစွမ်းနိုင်သည်။ (ဟုတ္ဘာ။) စဏ္ဍာ၊ ကြမ်းတမ်းသော။ မဟိံသိ၊ ကျွဲမသည်။ တံ၊ နင့်ကို။ အနုဗန္ဓတု၊ လိုက်ပါစေ–ဟယ်။ ဣတိ၊ သို့။ အက္ကောသိ၊ ကျိန်ဆဲပြီ။

အထ၊ ထိုမှ နောက်၌။ အဿ၊ ထိုသူငယ်၏ အနီး၌။ တထေ၀၊ ထို အမိ ကျိန်ဆဲလိုက်သည့် အတိုင်းပင်။ အရညေ၊ ၌။ မဟိံသိ၊ ကျွဲမသည်။ ဥဋ္ဌာသိ၊ ထပြီ။ ဒါရကော၊ သည်။ ယံ၊ အကြင် စကားကို။ မမ၊ ငါ၏။ မာတာ၊ သည်။ မုခေန၊ နှုတ်ဖြင့်။ ကထေသိ၊ ပြောလိုက်ပြီ။ တံ၊ ထို စကားသည်။ မာ ႁဟောတု၊ ပြောတိုင်း မဖြစ်ပါစေလင့်။ ယံ၊ အကြင် အကြံကို။ စိတ္တေန၊ စိတ်ဖြင့်။ စိန္တေသိ၊ ကြံပြီ။ တံ၊ ထို အကြံသည်။ ဟောတု၊ ကြံတိုင်း ဖြစ်ပါစေသတည်း။ ဣတိ၊ သို့။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ ၀ါ၊ ပြုထိုက်သော သစ္စာကို။ အကာသိ၊ ပြုပြီ။ [သစ္စကိရိယန္တိ–သစ္စကရဏံ၊ ကတ္တဗ္ဗသစ္စံ ၀ါ။–သီ–ဋီသစ်။] မဟိံသိ၊ ကျွဲမသည်။ တတ္ထေ၀၊ ထို ထရာ အရပ်၌ပင်။ ဗဒ္ဓာ ဝိယ၊ ကြိုးဖြင့် ဖွဲ့ချည်အပ်သကဲ့သို့။ အဋ္ဌာသိ၊ ရပ်နေပြီ။ ဣတိ၊ ဤ ဆို အပ်ပြီးကား။ ၀တ္ထု၊ ၀တ္ထုတည်း။ ဧ၀ံ၊ ဤသို့လျှင်။ မမ္မစ္ဆေဒကော၊ ပုတ်ခတ်သောအခါ သေလောက်ရာသည့် အနာအရပ်နှင့် တူသော ဓာတ်–အစရှိသော အင်္ဂါသ၀တ္ထုကို ယိပါးပုတ်ခတ် ဖြတ်တောက်တတ်သော။ ပယော–ဂေါ၊ သည်။ (သမာနော) ပိ၊ သော်လည်း။ စိတ္တသဏှတာယ၊ စိတ်၏ နူးညံ့သည်၏ အဖြစ်ကြောင့်။ ဖရုသ၀ါစာ၊ သည်။ န ဟောတိ။

ဟိ၊ မှန်၏။ မာတာပိတရော၊ တို့သည်။ ကဒါစိ၊ တရံတခါ၌။ ပုတ္တကေ၊ သားငယ် သမီးငယ်တို့ကို။ ဧ၀ံပိ၊ ဤသို့လည်း။ ၀ဒန္တိ၊ ပြောဆိုတတ်ကြကုန်၏။ (ကိံ။) စောရာ၊ ခိုးသူတို့သည်။ ၀ေါ၊ နင်တို့ကို။ ခဏ္ဍာခဏ္ဍိကံ၊ အပိုင်းငယ် အပိုင်းကြီး။ [ခဏ္ဍာခဏ္ဍနောင် သွတ္တဋ္ဌ ဣကပစ္စည်း၊ ကြိယာ၀ိသေသနအနက်၌ ဒုတိယာ။ သီလက္ခန်၌ “ခဏ္ဍာခဏ္ဍံ” ဟု ရှိ၏။] ကရောန္တု၊ ပြုကြပါစေ–ဟယ်။ ဣတိ၊ သို့။ (၀ဒန္တိ။) စ၊ ထိုသို့ပင် နှုတ်က ပြောဆိုကြပါကုန်သော်လည်း။ နေသံ၊ ထိုသားငယ် သမီးငယ်တို့၏။ ဥပရိ၊ အပေါ်၌။ ဥပ္ပလပတ္တမ္ပိ၊

ကြာရှက်မှုကိုလည်း။ ပတန္တိ၊ ကျသည်ကို။ န ဠစ္ဆန္တိ၊ အလိုမရှိကြကုန်။ [ဥပ္ပလမတ္တမ္ပိနှင့် အရတူသောကြောင့်"ပတန္တံ" ဟု ရှိသင့်သည်။ ရှေးစာအုပ်တို့၌ "ပတနံ" ဟု ရှိသည်ကား မကောင်း။ "ပတိတံ" ရှိလျှင်လည်း ကောင်း၏။] အာစရိယုပဇ္ဈာယာ စ၊ ဆရာ ဥပဇ္ဈာယ်တို့သည်လည်း။ [စ—ဖြင့် မာတာပိတုရောကို ဆည်း။] ကဒါစိ၊ ၌။ နိဿိတကော၊ တပည့်ငယ်တို့ကို။ ဓဝံ၊ သို့။ ဝဒန္တိ။(ကိံ။) ကိံ၊ အဘယ့်ကြောင့်။ဠမေ၊ ဤ တပည့်တို့သည်။ အဟိရိကာ၊ ရှက်ခြင်း မရှိကုန်သည်။ အနောတ္တပ္ပိနော၊ လန့်ခြင်း မရှိကုန်သည်။ (ဟုတ္တာ။) စရန္တိ၊ လှည့်လည်ကုန်ဘိသနည်း။ နေ၊ ထို တပည့်တို့ကို။ နိဒ္ဒရထ၊ နှင်ထုတ်ကြကုန်လော့။ ဠတိ၊ သို့။ ဝဒန္တိ၊ ပြောတတ်ကြကုန်၏။ [စာအုပ်တို့၌ နိဒ္ဓမထ" ဟု ရှိ၏။ ဓမု—ဓာတ်က ထိုအနက်ကို မဟော။] အထ စ၊ ထိုသို့ ပြောဆိုကြပါသော်လည်း။ နေသံ၊ ထို တပည့်တို့၏။ အာဂမာဓိဂမသမ္ပတ္တိံ၊ အာဂမ အဓိဂမ၏ ပြည့်စုံခြင်းကို။ ဠစ္ဆန္တိ။

စ၊ ဆက်။ စိတ္တသဏှတာယ[1]၊ စိတ်၏ နူးညံ့သည်၏ အဖြစ်ကြောင့်။ ဖရုသဝါစာ၊ သည်။ န ဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ ဓဝံ၊ တူ။ ဝစနသဏှတာယ၊ စကားလုံး၏ နူးညံ့သည်၏ အဖြစ်ကြောင့်။ (စကားလုံး နူးညံ့ ရုံမျှဖြင့်။) အဖရုသဝါစာ၊ ဖရုသဝါစာ မဟုတ်သည်။ န ဟောတိ၊ မဖြစ်။ (စကားလုံး နူးညံ့သော်လည်း ဖရုသဝါစာ ဖြစ်သည်—ဟူလို။) ဟိ၊ မှန်။ မာရာပေတုကာမဿ[2]၊ သေစေခြင်းငှာ အလိုရှိသူ၏။ (သတ်မိန့်ချလိုသော တရားသူကြီး၏စသူ၏။) ဠမံ၊ ဤသူ့ကို။ သုခံ၊ ချမ်းချမ်းသာသာ။ သယာ—

၁။ စိတ္တသဏှတာယ။ ။မိခင်၏ စိတ်ရင်း စေတနာရင်းက အကျိုးလိုလားသော ကြောင့် နူးညံ့သည့်အတွက် "စိတ္တသဏှတာယ ဖရုသဝါစာ န ဟောတိ" ဟု ဆို သည်။သို့သော် စကားကို နားမထောင်သည့်အတွက် အမှန်အားဖြင့် ထိုအချိန်၌ ဒေါသ ဖြစ်နေသည်သာ။ထို့ကြောင့်"အက္ကောသိတဗ္ဗော ပရော၊ ကုပိတစိတ္တံ၊ အက္ကောသနံ" ဟု အင်္ဂါ ၃-ပါး ညီနေရကား ဖရုသဝါစာကမ္မပထ—မြောက်သည်သာ ဟု မှတ်ပါ။ [စိတ္တသဏှတာယ ဖရုသဝါစာ န ဟောတိ၊ ကမ္မပထပ္ပတ္တတ္တာ ကမ္မပထဘာဝံ ပန န သက္ကာ ဝါရေတုန္တိ။—သီလက္ခန္ဓဋီကာ။]

၂။ မာရာပေတုကာမဿ။ ။["ဠမံ သုခံ သယာပေထ" ဟူသော စကားသည် အသတ်ခိုင်းရာ၌ ပရိယာယ်အားဖြင့် ပြောအပ်သော စကားတည်း။ သတ်လိုက်သော အခါ ထိုသူသည် မလှုပ်မယှက် ငြိမ်သက်သွားသောကြောင့် ချမ်းသာစွာ အိပ်နေရသူ ကဲ့သို့ ဖြစ်သည်။] ဤ၌"မာရာပေတုကာမဿ"ဟူသော စကားသည် စိတ်၏ကြမ်းတမ်း ပုံကိုပြသော စကားတည်း။ ဖရုသဝါစာကမ္မပထ၌ကား "မာရာပေတုကာမတာ" အင်္ဂါ မပါ။ ၌"ကုပိတစိတ္တံ" သာ လာ၏။ ထို အင်္ဂါကိုလည်း သီလက္ခန္ဓဋီကာဟောင်း၌ "ကုပိတစိတ္တန္တိ အက္ကောသာဓိပ္ပာယေနေဝ ကုပိတစိတ္တံ၊ န မရဏာဓိပ္ပာယေန" ဟု

ပေထ၊ အိပ်စေကြကုန်။ ဣတိ၊ သို့။ ဝစနံ၊ ပြောဆိုအပ်သော စကားသည်။ အဖရုသဝါစာ၊ ဖရုသဝါစာ မဟုတ်သည်။ န ဟောတိ၊ မဖြစ်။ ပန၊ စင်စစ်ကား။ စိတ္တဖရုသတာယ၊ စိတ်၏ကြမ်းတမ်းသည် အဖြစ်ကြောင့်။ သော၊ ဤ စကားသည်။ ဖရုသဝါစာဝ၊ ဖရုသဝါစာသာတည်း။ သာ၊ ထို ဖရုသ-ဝါစာသည်။ ဝါ၊ ကို။ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ပဝတ္တိတာ၊ ဖြစ်စေအပ်ပြီ။ တဿ၊ ထို ပုဂ္ဂိုလ်၏။ အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇာ၊ မဟာဂုဏတာယ မဟာသာဝဇ္ဇာ။ တဿာ၊ ထိုဖရုသဝါစာ၏။ သမ္ဘာရာ၊ တို့သည်။ အက္ကောသိတဗ္ဗော၊ ဆဲရေး ထိုက်သော။ ပရော၊ သူတပါး လည်းကောင်း။ ကုပိတစိတ္တံ၊ အမျက်ထွက်သောစိတ်လည်းကောင်း။ အက္ကောသနာ၊ ဆဲရေးခြင်း လည်းကောင်း။ ဣတိ၊ သို့။ တယော၊ ၃-ပါးတို့သည်။ ဟောန္တိ။

အနတ္ထဝိညာပိကာ[၁]၊အနက် အဓိပ္ပာယ် မရှိသော အကြောင်းအရာကို သိစေတတ်သော။ ဝါ၊ အကျိုးမရှိသော အကြောင်းအရာကို သိစေတတ်သော။ ကာယဝစီပယောဂသမုဋ္ဌာပိကာ၊သော။အကုသလစေတနာ၊အကုသိုလ်စေတနာသည်။ သမ္ဖပ္ပလာပေါ-ပ မည်၏။ သော၊ ထို သမ္ဖပ္ပလာပသည်။ အာသေဝန-မန္ဒတာယ၊ အဖန်ဖန် မှီဝဲခြင်း၏ နည်းသည်၏ အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော၊

ဖွင့်ပြီးလျှင် "မရဏာဓိပ္ပာယေန ဟိ စိတ္တကောပေ သတိ ဗျာပါဒေါယေဝ ဟောတိ= ဗျာပါဒကမ္မပထ" ဟု ဖွင့်သည်။

မှတ်ချက်။ ။အချုပ် မှတ်ချက်ကား- "ဒီ အကောင်ကို မြန်မြန် သတ်လိုက်မှ ကောင်းတာပဲ၊ သို့မဟုတ် ချမ်းသာစွာအိပ်ပါစေ" စသည်ဖြင့် ပြောရာ၌ တကယ် သေစေလိုသော စေတနာ မပါလျှင် ဖရုသဝါစာသာ ဖြစ်၏။ တစုံတယောက်က သွား၍ သတ်စေလို သေစေလိုသော စေတနာ ပါခဲ့သော် သူ၏စေတနာအတိုင်း တစုံတယောက်က သွား၍ သတ်ရာ၌ အထမြောက်လျှင် ပါဏာတိပါတ၊ အထ-မမြောက်လျှင် ဗျာပါဒ-ဟု မှတ်ပါ။ [ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပာယဿ ဖရုသကာယဝစီပယောဂ-သမုဋ္ဌာပိကာ ဖရုသစေတနာ ဖရုသဝါစာ။မရဏာဓိပ္ပာယေ ပန သတိ အတ္တသိဒ္ဓိ၊တဒ-ဘာဝေသု ပါဏာတိပါတာ ဗျာပါဒါ စ ဟောန္တိ။-အနုဋီကာ။]

၁။ အနတ္ထဝိညာပိကာ။ ။ပြောသူတို့၏ အလိုအားဖြင့် အနက် အဓိပ္ပာယ်ရှိသော်လည်း ထို အနက် အဓိပ္ပာယ်သည် နားထောင်သူတို့မှာ အကျိုးမရှိသောကြောင့်'အနက်' ဟုပင် မဆိုထိုက်။ ဤအလို အတ္ထသဒ္ဒါသည် ဘာသိတတ္ထ=ပြောအပ်သော စကား၏ အနက် အဓိပ္ပာယ်ကို ဟော၏။ (တနည်း) အတ္ထသဒ္ဒါသည် ပယောဇနတ္ထ=အကျိုး ဟူသော အနက်ကို ဟော၏။.... [ကာမံ တေဟိ ဝတ္တုမိစ္ဆိတော အတ္ထော သမ္ဘဝတိ၊ သော ပန အဖလတ္တာ ဘာသိတတ္ထပရိယာယေန အတ္ထောယေဝ နာမ န ဟောတီတိ အာဟ-အနတ္ထဝိညာပိကာတိ။ အပိစ ပယောဇနတ္ထာဘာဝတော အနတ္ထာ ဝါစာ၊ တံ ဝိညာပိကာတိပိ ဝဋ္ဋတိ။-သီလက္ခန်-ဋီကာသစ်။]

အာသေဝနမဟန္တတာယ၊ အဖန်ဖန် မှီဝဲခြင်း၏ များသည်၏ အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော။ [အလေ့အလာမရှိပဲ အကြောင်းအားလျော်စွာ ပြောလိုက်ခြင်းသည် အာသေဝန မန္ဒတည်း။ ဤ သမ္ဖပ္ပလာပမျိုးကို ပြောဖို့ရန် အလေ့အကျင့် များစွာလုပ်ပြီးမှ ပြောဆိုခြင်းသည် အာသေဝန မဟန္တ မည်၏။] တဿ၊ ထို သမ္ဖပ္ပလာပ၏။ သမ္ဘာရာ၊ တို့သည်။ ဘာရတယုဒ္ဓ သီတာဟရဏာဒိ-နိရတ္ထကကထာ ပုရေက္ခာရတာ[၁]၊ ဘာရတမင်းတို့၏ စစ်ထိုးခြင်း, သီတာမိဖုရားကို ဒသဂိရိဘီလူး ဆောင်ခြင်း–အစရှိသော အနက်အဓိပ္ပာယ် မရှိသော စကားကို ရှေးရှုပြုသူ၏ အဖြစ်လည်းကောင်း။ ဝါ၊ အကျိုးမရှိသော စကားကို ရှေးရှုပြုသူ၏ အဖြစ်လည်းကောင်း။ တထာရူပိကထာ ကထနဥ္စ၊ ထိုသို့သဘောရှိသော စကားကို ပြောဆိုခြင်း လည်းကောင်း။ ဣတိ၊ သို့။ ဒွေ ၂–ပါးတို့သည်။ ဟောန္တိ။

ပန၊ ဆက်။ ပရေ၊ ပြောသူမှ တပါးသော နားထောင်သူသည်။ တံ ကထံ၊ ထို စကားကို။ အဂ္ဂဏှန္တေ၊ အဟုတ်အမှန်ဟု မယူလတ်သော်။ (မယုံကြည်လတ်သော်။) ကမ္မပထဘေဒေါ၊ သည်။ နတ္ထိ၊ မရှိ။ ("မဖြစ်"ဟူလို။ ထို့ကြောင့် ဋီကာ၌ "န ဟောတိ" ဟု ဆိုသည်။) ပရေန၊ ပြောသူမှ တပါးသော နားထောင်သူသည်။ သမ္ဖပ္ပလာပေ၊ သမ္ဖပ္ပလာပကို။(အပျက်အချော်စကားကို။)ဂဟိတေ ယေဝ၊ (အဟုတ်အမှန်ဟု) ယူအပ်သော်သာ။ (ယုံကြည်သော်သာ။ ကမ္မပထဘေဒေါ) ဟောတိ။

(ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။) အဘိဇ္ဈာ ယတိ၊ ရှေးရှုကြံစည်တတ်၏။ ဣတိ၊ ကြောင့်။ (သာ ဓမ္မဇာတိ။) အဘိဇ္ဈာ၊ မည်၏။ ပရဘဏ္ဍာဘိမုခီ၊ သူတပါး၏ဘဏ္ဍာသို့ ရှေးရှုသည်။ ဟုတွာ။ (အဘိ၏အနက်။ ၊)

၁။ ဘာရတ။ပ။ကထာ။ ။ဘာရတမင်း ညီနောင်တို့၏ စစ်ထိုးခြင်းကို ပြောဆိုကြောင်းဖြစ်သော ဘာရတ-ပုရာဏကထာကို "ဘာရတကထာ" ဟု ဆိုသည်။ ဒသဂိရိဘီလူးက သီတာမိဖုရားကို ခိုးဆောင်သွားခြင်း၊ ရာမမင်းက ပြန်၍ ဆောင်ယူခြင်းကို ပြောဆိုကြောင်းဖြစ်သော ရာမ-ပုရာဏကထာကို "သီတာဟရဏ" ဟု ဆိုသည်။ ထိုကထာများသည် တကယ်အစစ် ဖြစ်ရပ်မဟုတ်။ လုပ်ကြံ၍ ရေးသားအပ်သော ဇာတ်ဝတ္ထုများတည်း။ ထိုကဲ့သို့ ဇာတ်ဝတ္ထုဖြစ်စေကာမူ ဥပမာသဘောအားဖြင့် အကျိုးရှိအောင် ရေးသားလျှင် သမ္ဖပ္ပလာပ မဖြစ်ပါ။ ထိုကထာတို့ကား အကျိုးမရှိ၊ နားထောင်ကောင်းရုံ အပျင်းပြေရုံသာ ဖြစ်သောကြောင့် သမ္ဖပ္ပလာပ ဖြစ်ရသည်။ [ဘာရတနာမ-ကာနံ ဒွေဘာတုရာဇူနံ ယုဒ္ဓကထာ၊ ဒသဂိရိယက္ခေန သီတာယ နာမ ဒေဝိယာ အာ-ဟရဏကထာ၊ ရာမရညော ပစ္စာဟရဏကထာ၊ ယထာ တံ အခုနာ ဗာဟိရကေဟိ ပရိ-စယိတာ သက္ကတဘာသာယ ဂန္ထိတာ သမ္ဖပ္ပလာပေါတိ ဝုတ္တံ "ဘာရတ။ပ။ပုရေက္ခာ-ရတာ" တိ။–သီလက္ခန်–ဋီကာသစ်။]

တန္နိန္နတာယ၊ ထိုသူ့ဘဏ္ဍာသို့ ညွတ်ကိုင်းသည်၏ အဖြစ်ဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။[ဧျာယတိ၏အနက်။] ဣတိ အတ္တော၊ နက်။ သာ၊ ထိုအဘိဇ္ဈာသည်။ ဣဒံ၊ ဤသူ့ဥစ္စာသည်။ မမံ၊ ငါ့ဥစ္စာသည်။ အသ၊ ဖြစ်ပါမူကား။ အဟောဝတ၊ အော်....ကောင်းလေစွ။ ဣတိ ဧဝံ၊သို့။ ပရဘဏ္ဍာဘိဇ္ဈာယနလက္ခဏာ၊ သူတပါး၏ဘဏ္ဍာကို ရှေးရှုကြံစည်ခြင်း လက္ခဏာရှိ၏။ အဒိန္နာဒါနံ ဝိယ၊ အဒိန္နာဒါနကဲ့သို့။ အပ္ပသာဝဇ္ဇာ၊ အပ္ပသာဝဇ္ဇာသည်လည်းကောင်း။ မဟာ–သာဝဇ္ဇာ စ၊ မဟာသာဝဇ္ဇာသည်လည်းကောင်း။ (ဟောတိ။) တဿာ၊ ထိုအဘိဇ္ဈာ၏။ သမ္ဘာရာ၊တို့သည်။ ပရဘဏ္ဍံ၊သူတပါး၏ ဘဏ္ဍာလည်းကောင်း။ အတ္တနော၊မိမိ၏(အထံသို့)။ပရိဏာမနဉ္စ၊ စိတ်ဖြင့်ညွတ်စေခြင်းလည်းကောင်း။ ဣတိ၊ သို့။ ဒွေ ဟောန္တိ။ဟိ၊ မှန်။ ပရဘဏ္ဍဝတ္ထုကေ၊ သူတပါး၏ဘဏ္ဍာဟူသော တည်ရာအာရုံရှိသော။ လောဘေ၊ လောဘသည်။ ဥပ္ပန္နေပိ၊ ဖြစ်ပါသော်လည်း။ ယာဝ၊ အကြင်မျှလောက်။ ဣဒံ၊ ဤသူ့ဥစ္စာသည်။ မမံ၊ ငါ့ဥစ္စာသည်။ အသ၊ ဖြစ်ပါမူကား။ အဟောဝတ။ ဣတိ၊ သို့။ အတ္တနော၊ မိမိ၏(အထံသို့)။ န ပရိဏာမေတိ၊ မညွတ်စေသေး။ တာဝ၊ ထို မညွတ်စေသေးသမျှ။ ကမ္မပထဘေဒေါ န ဟောတိ။

(ယော သဘာဝေါ၊ အကြင် သဘောတရားသည်။) ဟိတသုခံ၊ စီးပွားချမ်းသာကို။ ဗျာပါဒယတိ(ဝိ+အာပါဒယတိ)၊ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်၏။ ဝါ၊ ဖျက်ဆီးတတ်၏။ ဣတိ၊ ကြောင့်။(သော သဘာဝေါ။) ဗျာ–ပါဒေါ၊ မည်၏။ သော၊ ထို ဗျာပါဒသည်။ ပရဝိနာသာယ၊ သူတပါး၏ပျက်စီးခြင်းငှာ။ မနောပဒေါသလက္ခဏော၊ မိမိ၏စိတ်၏ ပျက်စီးခြင်းလက္ခဏာရှိ၏။ [ဗျာပါဒဖြစ်ရာ၌ သူတပါး၏ ဟိတသုခ ပျက်–မပျက်မှာ မသေချာ။ မိမိစိတ်ကား ရှေးဦးစွာပျက်၍ ဒေါသထွက်လေပြီ–ဟူလို။ ဥပမာ–ကျင်ငယ်ရေကိုငုံလျက် သူတပါးကို လိုက်၍ ထွေးပက်သူကဲ့သို့တည်း။]

ဖရုသဝါစာ ဝိယ၊ ကဲ့သို့။ အပ္ပသာဝဇ္ဇော၊ သည်လည်းကောင်း။ မဟာသာဝဇ္ဇော စ၊ သည်လည်းကောင်း။ ဟောတိ။ တဿ၊ ထို ဗျာပါဒ၏။ သမ္ဘာရာ၊ တို့သည်။ ပရသတ္တော စ၊ တပါးသော သတ္တဝါလည်းကောင်း။ တဿ၊ ထိုတပါးသော သတ္တဝါ၏။ ဝိနာသစိန္တာ စ၊ ပျက်စီးခြင်းကို ကြံစည်ခြင်းလည်းကောင်း။ (ဣတိ၊ သို့။) ဒွေ ဟောန္တိ။ ဟိ၊ မှန်။ ပရသတ္တဝတ္ထုကေ၊ တပါးသောသတ္တဝါဟူသော တည်ရာအာရုံရှိသော။ ကောဓေ၊ ဒေါသသည်။ ဥပ္ပန္နေပိ၊ သော်လည်း။ ယာဝ၊ လောက်။ အယံ၊ ဤအကောင်သည်။ ဝါ၊ ကို။ ဥစ္ဆိဇ္ဇေယျ၊ ဖြတ်အပ်ပါမူကား။ ဝိနဿေယျ၊ ပျက်စီးပါမူကား။ အဟောဝတ၊ အော်....ကောင်းလေစွ။ ဣတိ သို့။ တဿ၊ ထိုတပါး

သောသူ၏။ ဝိနာသံ၊ ပျက်စီးခြင်းကို။ န စိန္တေတိ၊ မကြံစည်သေး။ တာဝ၊ ထို မကြံစည်သေးသမျှ။ ကမ္မပထဘေဒေါ န ဟောတိ။[ဝိနာသံ နေရာ၌ "ဝိနဿနံ"ဟု ရှိလျှင် တော်သေး၏။ ဝိနာသနံ-ကား မကောင်း။]

(ယာ ဓမ္မဇာတိ။)ယထာဘုစ္စဂ္ဂဟဏာဘာဝေန၊ ဟုတ်တိုင်းမှန်စွာ ယူခြင်း၏ မရှိခြင်းကြောင့်။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ၊ ကြောင့်။(သာ ဓမ္မဇာတိ။) မိစ္ဆာဒိဋ္ဌိ၊ မည်၏။ သာ၊ ထို မိစ္ဆာဒိဋ္ဌိသည်။ နတ္ထိ ဒိန္နံတိ အာဒိနာ၊ အစရှိသော။ နယေန၊ ဖြင့်။ ဝိပရီတဒဿန လက္ခဏာ၊ ဖောက်ဖောက်ပြန်ပြန် မြင်ခြင်းလက္ခဏာရှိ၏။ သမ္ဖပ္ပလာပေ ဝိယ၊ ကဲ့သို့။ အပ္ပသာဝဇ္ဇာ မဟာသာဝဇ္ဇာ စ ဟောတိ။ အပိစ၊ သည်သာ မက သေး။အနိယတာ၊ အနိယတဖြစ်သော မိစ္ဆာဒိဋ္ဌိသည်။ အပ္ပသာဝဇ္ဇာ။နိယတာ၊ နိယတဖြစ်သောမိစ္ဆာဒိဋ္ဌိသည်။ မဟာသာဝဇ္ဇာ။တဿာ၊ထိုမိစ္ဆာဒိဋ္ဌိ၏။သမ္ဘာ-ရာ၊ တို့သည်။ ဝတ္ထုနော၊ အာရုံဖြစ်သော ဝတ္ထု၏။ ဂဟိတာကာရဝိပရီတတာ၊ ယူအပ်သော အခြင်းအရာ၏ ပြောင်းပြန်၏ အဖြစ်လည်းကောင်း။[“လှူလျှင် အကျိုးမရှိ”ဟု ယူရာ၌ ထိုအယူ၏ ပြောင်းပြန်ဖြစ်သော အကျိုး၏ရှိခြင်း စသည်တည်း။] ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ တံ၊ ထိုအာရုံကို။ (ထိုအယူကို။) ဂဏှာတိ၊ ယူ၏။ တထာဘာဝေန၊ ထိုယူတိုင်းသော အခြင်းအရာ၏ အဖြစ်ဖြင့်။ တဿ၊ ထို ဝတ္ထု၏။ ဥပဋ္ဌာနံ၊ စိတ်၌ ထင်ခြင်းလည်း ကောင်း။ ဣတိ၊ သို့။ ဒွေ ဟောန္တိ။ တတ္ထ၊ ထိုမိစ္ဆာအယူတို့တွင်။ နတ္ထိ-ကာဟေတုကအကြိယဒိဋ္ဌိဟိ ဧဝ၊ နတ္ထိကဒိဋ္ဌိ,အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိတို့ဖြင့် သာလျှင်။ ကမ္မပထဘေဒေါ ဟောတိ။ အညဒိဋ္ဌိဟိ၊ အခြားသော ဒိဋ္ဌိတို့ဖြင့်။ (ကမ္မပထဘေဒေါ) န ဟောတိ။ [နတ္ထိကဒိဋ္ဌိစသည်တို့၏ အကျယ်ကို သင်္ဂြိုဟ် ဘာသာဋီကာ မိစ္ဆာဒိဋ္ဌိအဖွင့်၌ ပြထားပြီ။ အချုပ်မှာ-နောက်နောက်ဘဝ၌ ကံ၏အကျိုးမရှိ ဟူသောအယူသည် နတ္ထိကဒိဋ္ဌိ၊ အကြောင်းလည်းမရှိ အကျိုး လည်းမရှိ ဟူသော အယူသည် အဟေတုကဒိဋ္ဌိ၊ ကောင်းမှု မကောင်းမှုကို ပြုရာမရောက် ဟူသောအယူသည် အကြိယဒိဋ္ဌိ။]

ပန၊ ဆက်။ ဒသန္နံ၊ ဆယ်ပါးကုန်သော။ ဣမေသံ အကုသလကမ္မပထာနံ၊ တို့၏။(ဝိနိစ္ဆယော—၌ စပ်။)ဓမ္မတော၊တရားကိုယ်လည်းကောင်း။ကောဋ္ဌာသ-တော၊ အဖို့အစုလည်းကောင်း။ အာရမ္မဏတော၊ အာရုံလည်းကောင်း။ ဝေဒနာတော၊ဝေဒနာလည်းကောင်း။ မူလတော စ၊မူလလည်းကောင်း။ဣတိ၊ သို့။ ပဉ္စဟိ၊ ကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ တတ္ထ၊ ထိုဓမ္မတော-စသော မာတိကာပုဒ်တို့တွင်။ ဓမ္မတောတိ (ပဒဿ)၊ ဓမ္မတော-ဟူသော မာတိကာပုဒ်၏။ (ဝိနိစ္ဆယံ၊ကို။)ဟိ(ဥဒ္ဒရိတွာ

ဒဿေမိ)၊ ထုတ်၍ပြဦးအံ့။ ဧတေသု၊ ဤ ၁၀-ပါးသော အကုသလကမ္မပထ တို့တွင်။ ပဋိပါဋိယာ၊အစဉ်အားဖြင့်။သတ္တ၊ ၇-ပါးသော အကုသလကမ္မပထ တို့သည်။ စေတနာဓမ္မာဝ၊ စေတနာတရားတို့သည်သာ။ ဟောန္တိ။ အဘိဇ္ဈာ-ဒယော၊ အဘိဇ္ဈာ-ဒအစရှိကုန်သော။ တယော၊ သုံးပါးသော အကုသလ ကမ္မပထတို့သည်။ စေတနာသမ္ပယုတ္တာ၊ စေတနာနှင့်ယှဉ်သော တရားတို့သည်။ (တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့သည်။) ဟောန္တိ။

ကောဋ္ဌာသတော[၁]တိ(ပဒဿ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)။ ပဋိပါဋိယာ၊ အားဖြင့်။ သတ္တ၊ ခုနစ်ပါးသော အကုသလကမ္မပထတို့လည်းကောင်း။ မိစ္ဆာ-ဒိဋ္ဌိ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမေ အဋ္ဌ၊ ဤ ရှစ်ပါးတို့သည်။ ကမ္မ-ပထာ ဧဝ၊ ကမ္မပထတို့သည်သာ။ ဟောန္တိ။ [ကမ္မပထ၌ ပါဝင်သည်-ဟူလို။] မူလာနိ၊ မူလတို့သည်။ နော ဟောန္တိ၊ မဖြစ်ကုန်။ အဘိဇ္ဈာဗျာပါဒါ၊ တို့သည်။ ကမ္မပထာ စေဝ၊ တို့သည်လည်းကောင်း။ မူလာနိ စ၊ တို့သည် လည်းကောင်း။ ဟောန္တိ။ ဟိ၊ မှန်။ အဘိဇ္ဈာ၊ သည်။ မူလံ၊ မူလအရာသို့။ ပတွာ။ရောက်၍။ ဝါ၊ ရောက်လတ်သော်။ လောဘော၊ လောဘဟူသော။ အကုသလမူလံ၊ အကုသိုလ်မူလသည်။ ဟောတိ။ ဗျာပါဒေါ၊ သည်။ (မူလံ ပတွာ။) ဒေါသော၊ ဒေါသဟူသော။ အကုသလမူလံ၊ သည်။ ဟောတိ။ [ထို့ကြောင့် အဘိဇ္ဈာနှင့်ဗျာပါဒသည် ကမ္မပထ-ကောဋ္ဌာသ၌လည်း ပါဝင်၊ မူလ-ကောဋ္ဌာသ၌လည်း ပါဝင်သည်-ဟူလို။]

အာရမ္မဏတောတိ (ပဒဿ)၊ အာရမ္မဏတော ဟူသော မာတိကာပုဒ်၏။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) ပါဏာတိပါတော၊ သည်။ ဇီဝိတိန္ဒြိယာ-ရမ္မဏတော၊ ဇီဝိတိန္ဒြေ ဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်။ သင်္ခါရာ-ရမ္မဏော၊ သင်္ခါရဟူသော အာရုံရှိသည်။ ဟောတိ။ [ဇီဝိတိန္ဒြေက သင်္ခါရ တရား ဖြစ်သောကြောင့် "သင်္ခါရာရမ္မဏော ဟောတိ" ဟု ဆိုသည်။] အဒိန္နာ-ဒါနံ၊ သည်။ သတ္တာရမ္မဏံ ဝါ၊ သတ္တဝါ ဟူသော အာရုံရှိသည်သော်လည်း

၁။ ကောဋ္ဌာသတော။ ။ပါဠိတော်၌ စိတ်၏အင်္ဂါတို့ကို ပြရာဝယ် "ဖဿော ဟောတိ ။ပ။စေတနာ ဟောတိ၊ စိတ္တံ ဟောတိ" ကို ဖဿအစု ဟုလည်းကောင်း၊ "ဝိတက္ကော ဟောတိ။ပ။စိတ္တဿေကဂ္ဂတာ ဟောတိ" ကို ဈာနအစု ဟုလည်းကောင်း၊ "။ပ။ အလောဘော ဟောတိ၊ အမောဟော ဟောတိ"ကို မူလအစု ဟုလည်းကောင်း ဤသို့ တစုစီတစုစီ ပြထား၏။ ထို ကောဋ္ဌာသ (အစု) အားဖြင့် ကမ္မပထတို့ကို ခွဲပြခြင်းကို "ကောဋ္ဌာသတော" ဟု ဆိုသည်။ ထို ကောဋ္ဌာသတို့တွင် ဖဿပဉ္စမက၌ စေတနာဓမ္မ ပါ၏။ [ပါဠိတော်အစဉ် ကြည့်ပါ။] ထို စေတနာသည် ကမ္မပထဖြစ်သောကြောင့် "ဣမေ အဋ္ဌ ကမ္မပထာ ဧဝ" ဟု ဆိုသည်။

ကောင်း။[သတ္တဝါကို ခိုးရာ၌ သတ္တဝါကို အာရုံပြုသည်။] သင်္ခါရာရမ္မဏံ ဝါ၊ သင်္ခါရ–ဟူသောအာရုံရှိသည် သော်လည်းကောင်း။ ဟောတိ။ [ပစ္စည်းဥစ္စာကို ခိုးရာ၌ ရုပ်ဟူသော သင်္ခါရတရားဖြစ်သောကြောင့်“သင်္ခါရာရမ္မဏံ ဝါ”ဟု ဆိုသည်။]မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်။ ဖောဋ္ဌဗ္ဗဝသေန၊ ဖောဋ္ဌဗ္ဗာရုံ၏ အစွမ်းဖြင့်။ သင်္ခါရာရမ္မဏော ဟောတိ။ သတ္တာရမ္မဏော၊ သတ္တဝါဟူသော အာရုံရှိသည်။ ဟောတိ။ ဧကေ၊ အချို့ဆရာတို့သည်။ ဣတိပိ၊ ဤသို့လည်း။ (ဝဒန္တိ။) [ယောကျ်ား မိန်းမဟူသော သတ္တဝါပညတ်ကို အာရုံပြုသော ကြောင့် “သတ္တာရမ္မဏော” ဟု ဧကေဆရာတို့ဆိုသည်။] မုသာဝါဒေါ၊ သည်။ သတ္တာရမ္မဏော ဝါ၊ သတ္တဝါဟူသော အာရုံရှိသည် သော်လည်းကောင်း။ သင်္ခါရာရမ္မဏော ဝါ၊ သည် သော်လည်းကောင်း။ ဟောတိ။ [လိမ်အပ်သူ ဟူသော သတ္တဝါကိုသော်လည်း အာရုံပြုသည်။ သို့မဟုတ် လိမ်စရာဝတ္ထု ဟူသော သင်္ခါရကိုသော်လည်း အာရုံပြုသည်။] တထာ၊ တူ။ ပိသုဏဝါစာ၊ သည်။(သတ္တာရမ္မဏာ ဝါ သင်္ခါရာရမ္မဏာ ဝါ ဟောတိ။) ဖရုသဝါစာ၊ သည်။ သတ္တာရမ္မဏာဝ၊ သတ္တဝါဟူသော အာရုံရှိသည်သာ။ ဟောတိ၊ ၏။ သမ္ဖပ္ပလာပေါ၊ သည်။ ဒိဋ္ဌသုတမုတဝိညာတဝသေန၊ ဒိဋ္ဌ, သုတ, မုတ, ဝိညာတ– အာရုံတို့၏ အစွမ်းဖြင့်။ [ရူပါရုံကို ဒိဋ္ဌ၊ သဒ္ဒါရုံကို သုတ၊ သုံးပါးသော ဝိညာဉ်ဖြင့် ရောက်၍သိအပ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို မုတ၊ မနောဝိညာဉ်ဖြင့် သိအပ်သော ဓမ္မာရုံကို ဝိညာတ–ဟု ဆိုသည်။] (သတ္တာရမ္မဏော ဝါ သင်္ခါရာရမ္မဏော ဝါ ဟောတိ။ တထာ၊ တူ။ အဘိဇ္ဈာ၊ သည်။ (သတ္တာရမ္မဏာ ဝါ သင်္ခါရာရမ္မဏာ ဝါ ဟောတိ။)ဗျာပါဒေါ၊ သည်။ သတ္တာရမ္မဏောဝ၊ သည်သာ။ ဟောတိ။ မိစ္ဆာဒိဋ္ဌိ၊ သည်။ တေဘူမကဓမ္မဝသေန၊ တေဘူမကဓမ္မတို့၏ အစွမ်းဖြင့်။ သင်္ခါရာရမ္မဏာဝ၊ သည်သာ။ ဟောတိ။

ဝေဒနာတောတိ (ပဒဿ)၊ ၏။(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။)ပါဏာတိပါတော၊ သည်။ ဒုက္ခဝေဒနော၊ ဒုက္ခဝေဒနာရှိသည်။ ဟောတိ။ ဟိ၊ မှန်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဒိသွာ၊ မြင်၍။ ဟသမာနာပိ၊ ပြုံးရယ်ကုန်လျက်တည်း။ ဂစ္ဆထ၊ သွားကြကုန်။ နံ၊ ထို ခိုးသူကို။ ဃာတေထ၊ သတ်လိုက်ကြကုန်။ ဣတိ၊ သို့။ကိဉ္စာပိ ဝဒန္တိ၊ အကယ်၍ကား ဆိုကြပေကုန်၏။ [ပြုံး၍ ဆိုသောကြောင့် သောမနဿဝေဒနာဟု ထင်စရာရှိသည်။]ပန၊ ထိုသို့ပင် ပြုံးလျက်ဆိုကြပါသော်လည်း။ နေသံ၊ ထိုမင်းတို့၏။ သန္နိဋ္ဌာပက စေတနာ၊ ဆုံးဖြတ်ကြောင်း စေတနာသည်။ ဒုက္ခသမ္ပယုတ္တာဝ၊ ဒုက္ခဝေဒနာနှင့် ယှဉ်သည်သာ။ ဟောတိ။ အဒိန္နာဒါနံ၊ သည်။ တိဝေဒနံ၊ သုံးပါးသောဝေဒနာ

ရှိ၏။ ဟိ၊ ခွဲ။ တံ၊ ထို အဒိန္နာဒါနသည်။ ပရဘဏ္ဍံ၊ သူတပါး၏ ဥစ္စာဘဏ္ဍာကို။ ဒိသွာ၊ မြင်၍။ ဟဋ္ဌတုဋ္ဌဿ၊ ရွှင်လန်း နှစ်သက်သည်ဖြစ်၍။ ဂဏှတော၊ ယူသောပုဂ္ဂိုလ်၏ အတွက်။ သုခဝေဒနံ၊ သုခဝေဒနာ ရှိသည်။ ဟောတိ။ ဘီတတသိတဿ၊ ကြောက်ရွံ့ ထိပ်လန့်သည်ဖြစ်၍။ ဂဏှတော၊ ၏ အတွက်။ ဒုက္ခဝေဒနံ၊ ရှိသည်။ ဟောတိ။တထာ၊ တူ။ ဝိပါကနိဿန္ဒဖလာနိ၊ ' ဝိပါက်အကျိုး နိဿန္ဒအကျိုးတို့ကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏ အတွက်။ (ဒုက္ခဝေဒနံ၊ ဟောတိ။) ပန၊ ကား။ ဂဟဏကာလေ၊ ယူရာအခါ၌။ မဇ္ဈတ္တဘာဝေ၊ အလယ်အလတ်၌တည်သော သဘောရှိသူ၏ အဖြစ်၌။ ဝါ၊ လျစ်လျူရှုသူ၏ အဖြစ်၌။ ဌိတဿ၊ တည်သည်ဖြစ်၍။ ဂဏှတော၊ ၏ အတွက်။ အဒုက္ခမသုခဝေဒနံ၊ အဒုက္ခမသုခ ဝေဒနာရှိသည်။ ဟောတိ။ ဣတိ၊ ဤသို့ မှတ်အပ်၏။ [တံဟိ၌ ဟိကို ဟေတုဇောတက ကြံ၍ "ဟိ ယသ္မာ၊ ကြောင့်"ဟု ပေးခဲ့လျှင် "ဣတိ၊ ကြောင့်။ တိဝေဒနံ ဟောတိ" ဟု ပြန်လှည့်နိုင်သည်။]

မိစ္ဆာစာရော၊ သည်။ သုခမဇ္ဈတ္တဝသေန၊ သုခဝေဒနာ ဥပေက္ခာဝေဒနာ-တို့၏ အပြားအားဖြင့်။ ဒွိဝေဒနော၊ နှစ်ပါးသော ဝေဒနာရှိသည်။ဟောတိ။ ပန၊ ထိုသို့ပင် နှစ်ပါးသောဝေဒနာ ရှိပါသော်လည်း။ သန္နိဋ္ဌာပကစိတ္တေ၊ ဆုံးဖြတ်ကြောင်းဖြစ်သော စိတ်၌။ မဇ္ဈတ္တဝေဒနာ၊ ဥပေက္ခာဝေဒနာသည်။ န ဟောတိ၊ နိုင်။[ပုဗ္ဗစေတနာ အခိုက်တုန်းက သုခဖြစ်လိုက် ဥပေက္ခာဖြစ်လိုက် အားဖြင့် အပြောင်းအလွဲ ဖြစ်နိုင်သော်လည်း နောက်ဆုံးလွန်ကျူး၍ သာယာနေသောအခါ သန္နိဋ္ဌာပကစိတ်ဖြစ်သော မိစ္ဆာစာရ၌ မဇ္ဈတ္တဝေဒနာ မဖြစ်နိုင်ပါ—ဟူလို။"မဇ္ဈတ္တဝေဒနော"ဟု ဗဟုဗ္ဗီဟိရှိသည်ကား မကောင်း။]

မုသာဝါဒေါ၊ သည်။ အဒိန္နာဒါနေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။တိ ဝေ-ဒနော(ဟောတိ)။တထာ၊ တူ။ ပိသုဏာဝါစာ၊သည်။(တိ ဝေဒနာ ဟောတိ။) ဖရုသဝါစာ၊ သည်။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာရှိသည်။ ဟောတိ။ သမ္ဖပ္ပလာပေါ၊သည်။တိဝေဒနော(ဟောတိ)။ဟိ၊မှန်။(တနည်း) ဟိ၊ခွဲ။ ပရေသု၊ပြောသူမှတပါးသောနားထောင်သူတို့သည်။သာဓုကာရံ၊ ကောင်းချီးကို။ဒေန္တေသု၊ ပေးကုန်စဉ်လည်းကောင်း။[သမ္ဖပ္ပလာပပျက်လုံးက ကောင်းလွန်းသောကြောင့် သြဘာပေးကြစဉ်—ဟူလို။]စေလုက္ခေပါဒီနိ၊ အဝတ်ကို မြှောက်လွှင့်ခြင်း အစရှိသည်တို့ကို။ ခိပန္တေသု၊ မြှောက်ပစ်ကြကုန်စဉ်လည်းကောင်း။ ဟဋ္ဌတုဋ္ဌဿ၊ ရွှင်လန်းနှစ်သက်သည်ဖြစ်၍။ သီတာဟရဏဘာရတယုဒ္ဓါဒီနိ၊ သီတာမိဖုရားကို ဒသဂီရိဘီလူး ဆောင်ခြင်း,ဘာရတမင်းတို့၏ စစ်ထိုးခြင်း အစရှိသောစကားတို့ကို။ ကထနကာလေ၊ ပြောဆိုရာ အခါ၌။ သော၊ ထိုသမ္ဖပ္ပလာပသည်။ သုခဝေဒနော၊ သုခဝေဒနာရှိသည်။ ဟောတိ။

[၁]ပဌမံ၊ ရှေးဦးစွာ။ ဒိန္နဝေတနေန၊ ပေးအပ်ပြီးသော အခဖြင့်။ကေနေ၊ အခြားတယောက်သည်။ ပစ္ဆာ၊ နောက်မှ။ အာဂန္တွာ၊ လာ၍။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ ကထေဟိ၊ ပြောပါဦးလော့။ ဣတိ၊ သို့။ ဝုတ္တေ၊ ပြောဆိုအပ်သော်။ အနနုသန္ဓိကံ၊ အနုသန္ဓေ မရှိသော။ ပကိဏ္ဏကကထံ၊ ရောပြွမ်းသော စကားကို။ ကထေဿာမိ နံ့ ခေါ၊ ပြောရအံ့လော။ နော(ကထေ-ဿာမိ နု ခေါ)၊ မပြောရအံ့လော။ ဣတိ၊ သို့။ ဒေါမနဿိတဿ၊ လွန်စွာဖြစ်သော ဒေါမနဿရှိသော ကွက်စိပ်ဆရာ၏။ ကထနကာလေ၊ ၌။ ဒုက္ခဝေ-ဒနော ဟောတိ။ မဇ္ဈတ္တဿ၊ အလယ်အလတ်၌ တည်သော သဘောရှိသည် ဖြစ်၍။ ဝါ၊ လျစ်လျူရှုလျက်။ ကထယတော၊ ပြောဆိုသော ကွက်စိပ်ဆရာ၏။ အဒုက္ခမသုခဝေဒနော၊ သည်။ ဟောတိ။ အဘိဇ္ဈာ၊ သည်။သုခမဇ္ဈတ္တ-ဝသေန၊ အားဖြင့်။ ဒွိ ဝေဒနာ ဟောတိ။ တထာ၊ တူ။ မိစ္ဆာဒိဋ္ဌိ၊ သည်။ (ဒွိ ဝေဒနာ ဟောတိ။) ဗျာပါဒေါ၊ သည်။ ဒုက္ခဝေဒနော ဟောတိ။

မူလတောတိ(ပဒဿ)၊ ၏။(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) ပါဏာတိ ပါတော၊ သည်။ ဒေါသမောဟဝသေန၊ ဒေါသ,မောဟတို့၏ အပြားအားဖြင့်။ ဒွိ မူလကော၊ ၂-ပါးသော မူလရှိသည်။ ဟောတိ။ အဒိန္နာဒါနံ၊သည်။ ဒေါသမောဟဝသေန ဝါ၊ ဖြင့်သော်လည်းကောင်း။ လောဘမောဟဝသေန ဝါ၊ ဖြင့်သော်လည်းကောင်း။(ဒွိ မူလကံ ဟောတိ။) မိစ္ဆာစာရော၊ သည်။ လောဘမောဟဝသေန၊ ဖြင့်။(ဒွိ မူလကော ဟောတိ။)မုသာဝါဒေါ၊သည်။ ဒေါသမောဟဝသေန ဝါ လောဘမောဟဝသေန ဝါ(ဒွိ မူလကော ဟောတိ)။ တထာ၊ တူ။ ပိသုဏာဝါစာ၊ သည်လည်းကောင်း။ သမ္ဖပ္ပလာပေါ စ၊ သည် လည်းကောင်း။(ဒွိ မူလကော ဟောတိ။) ဖရုသဝါစာ၊ သည်။ ဒေါသမောဟဝသေန၊ ဖြင့်။(ဒွိ မူလကာ ဟောတိ။) အဘိဇ္ဈာ၊ အဘိဇ္ဈာဟူသော လောဘသည်။ မောဟဝသေန၊ ယှဉ်ဖက်မောဟ၏ အစွမ်းဖြင့်။ ဧကမူလာ၊ တပါးသော မူလ-ရှိသည်။ ဟောတိ။ တထာ၊ တူ။ ဗျာပါဒေါ၊ သည်။ (ဧက-မူလော ဟောတိ။) မိစ္ဆာဒိဋ္ဌိ၊ သည်။ လောမောဘာဟဝသေန၊ဖြင့်။ ဒွိမူလာ၊ ၂-ပါးသော မူလရှိသည်။ ဟောတိ။ ဣတိ၊ အပြီးတည်း။

အကုသလကမ္မပထကထာ နိဋ္ဌိတာ။

၁။ ပဌမံ။ပ။ကထေဟီ တိ ဝုတ္တေ။ ။ရှေးခေတ်က စာပြောဆရာဟု လည်းကောင်း၊ ကွက်စိပ်ဆရာဟု လည်းကောင်း ခေါ်အပ်သော ဆရာတို့ကို အခပေး၍ (ရယ်စရာ မောစရာပါသော) ထိုထို၌ အကြောင်းအရာကို မသာ-အသုဘ-စသော ကိစ္စတို့၌ ပြောစေကြသည်။ ထိုကွက်စိပ်ဆရာကို ပထမပေးထားသော အဖိုးအခဖြင့်ပင် နောက်တယောက်က ထပ်၍ခိုင်းသည်။

ကုသလကမ္မပထကထာ

ပန၊ ကား။ (အကုသလကမ္မပထ-မှတပါး ကုသလကမ္မပထ-ကား။) ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ-အစရှိသော ဒုစရိုက်တို့မှ။ (ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ။) ဝိရတိယော၊ ရှောင်ကြဉ်ခြင်းတို့လည်းကောင်း။ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိယော စ၊ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိတို့ လည်း ကောင်း။ ဣတိ၊ သို့။ ဣမေ ဒသ၊ ဤ ၁၀-ပါးတို့သည်။ ကုသလကမ္မပထာ နာမ၊ တို့မည်၏။ တတ္ထ၊ ထို ၁၀-ပါးသော ကုသလကမ္မပထ တို့တွင်။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ-အစရှိသော သဒ္ဒါတို့သည်။ ဝုတ္တတ္ထာ ဧဝ၊ ဆိုအပ်ပြီးသော အနက်ရှိကုန်သည်သာ။ [“ပါဏောတိ စေတ္ထ ဝေါဟာရတော သတ္တော၊ ပရမတ္ထတော ဇီဝိတိန္ဒြိယံ”စသည်ဖြင့် ပါဏာတိပါတ-စသော ပုဒ်တို့၏အနက်ကို ဖွင့်ဆိုခဲ့ပြီ-ဟူလို။] ယေဟိ၊ ဤ တရားသဘောဖြင့်။ (တံသမင်္ဂီနော၊ ထိုတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။) ပါဏာတိပါတာ-ဒီဟိ၊ ပါဏာတိပါတ-အစရှိသော ဒုစရိုက်တို့မှ။ ဝိရမန္တိ၊ ရှောင်ကြဉ်ကြကုန်၏။ ဣတိ၊ ကြောင့်။ (ထိုသို့ ပါဏာတိပါတ-စသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း၏ အဖြစ်ကြောင့်။ သာ ဓမ္မဇာတိ။ ဝိရတိ၊ ဝိရတိ မည်၏။) ဝါ၊ တနည်း။ (ယာ ဓမ္မဇာတိ၊ သည်။) သယံ၊ မိမိဟူသော ဝိရတိကိုယ်တိုင်။ ဝိရမတိ၊ ရှောင်ကြဉ်တတ်၏။ (ဣတိ၊ ကြောင့်။ ဝါ၊ ထိုသို့ ရှောင်ကြဉ်တတ်သည်၏ အဖြစ်ကြောင့်။ သာ ဓမ္မဇာတိ။ ဝိရတိ၊ မည်၏။) ဝါ၊ တနည်း။ ဧတံ၊ ဤ တရားသဘောသည်။ ဝိရမဏမတ္တမေဝ၊ ရှောင်ကြဉ်ခြင်း မျှသာ တည်း။ ဣတိ၊ ထို့ကြောင့်။ ဝိရတိ၊ မည်၏။ [ဝိရတိ စေတသိက်က ပရမတ် တရားဖြစ်သောကြောင့် ပရမတ္ထသဒ္ဒါကို ဝိဂ္ဂိုဟ်ပြုရိုးအတိုင်း ပြုသည်။]

ပါဏာတိပါတာ။ ပ။ အာရတိ ဝိရတီတိ၊ ဟူ၍။ ဧဝံ၊ သို့။ ဝုတ္တာ၊ ဟော တော်မူအပ်သော။ (သိက္ခာပဒ-ဝိဘင်း၌ ဟောတော်မူအပ်သော။) ကုသလစိတ္တ သမ္ပယုတ္တာ၊ ကုသိုလ်စိတ်နှင့် ယှဉ်သော။ ယာ ဝိရတိ၊ အကြင် ဝိရတိသည်။ အတ္ထိ။ သာ (ဝိရတိ)၊ ထို ဝိရတိသည်။ ပဘေဒတော၊ အပြားအားဖြင့်။ သမ္ပတ္တဝိရတိ၊ သမ္ပတ္တဝိရတိ လည်းကောင်း။ သမာဒါနဝိရတိ၊ လည်းကောင်း။ သမုစ္ဆေဒဝိရတိ၊ လည်းကောင်း။ ဣတိ၊ သို့။ တိဝိဓာ၊ ၃-ပါးအပြားရှိသည်။ ဟောတိ။ တတ္ထ၊ ထို ၃-ပါးသော ဝိရတိတို့တွင်။ အသမာဒိန္နသိက္ခာပဒါနံ၊ မဆောက်တည်အပ်သော သိက္ခာပုဒ်ရှိကုန်သော။ (သိက္ခာပုဒ်ကို ဆောက်တည်၍ မထားကုန်သော။ အဝိတိက္ကမန္တာနံ-၌ ငပ်။) [သမာဒါနဝိရတိနှင့် ကွဲအောင် “အသမာဒိန္နသိက္ခာပဒါနံ”ဟု ဆိုသည်။] အတ္တနော၊ မိမိ၏။ ဇာတိဝယ

ဗာဟုသစ္စာဒီနိ၊ အမျိုးဇာတ်,အရွယ်,များသောသုတရှိသူ၏အဖြစ် အစရှိသော ဂုဏ်တို့ကို။ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ အမှာကံ၊ ငါတို့၏။ ["အမျိုးမြတ်သော ငါတို့၏, အရွယ်ကြီးသောငါတို့၏, ဗာဟုသစ္စဂုဏ်ရှိသော ငါတို့၏"စသည်။] ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ပါပံ၊ မကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ အယုတ္တံ၊ မသင့်။ဣတိ၊ဤသို့နှလုံးသွင်း၍။ သမ္ပတ္တံ၊ ရောက်လာသော။(တွေ့ကြုံနေသော။)ဝတ္ထုံ၊ ဝတ္ထုကို။အဝီတိက္ကမန္တာနံ၊ မလွန်ကျူးသူတို့၏(သန္တာနဲ၌။) ဥပ္ပဇ္ဇမာနာ၊ဖြစ်သော။ ဝိရတိ၊ဝိရတိကို။ သမ္ပတ္တဝိရတိတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ။

[ဝေဒိတဗ္ဗာနောက်၌"တတြိဒံ ဝတ္ထု"ဟု ရှိ၏။ဇင္ဂနဥပါသကဿ ဝိယ"ဟု ဝိယ-သဒ္ဒါဖြင့် ဥဒါဟရဏ် ထုတ်ဆိုထားသောကြောင့်"တတြိဒံ ဝတ္ထု"ဟု ပါဖွယ် မလို။] (ကဿ ဝိယ၊ အဘယ်သူ၏ ဝိရတိကဲ့သို့နည်း။) သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဇင္ဂနဥပါသကဿ၊ ဇင္ဂန ဥပါသကာ၏။ (ဝိရတိ) ဝိယ၊ ဝိရတိ ကဲ့သို့တည်း။ ကိရ၊ ချဲ့ဦးအံ့။ တဿ၊ထို ဇင္ဂန၏။ ဒဟရကာလေ ယေဝ၊ ငယ်ရွယ်သူ၏ အခါ၌ပင်။(ငယ်ရွယ်စဉ် တုန်းကပင်။) မာတုယာ၊ အမိ၏။ ရောဂေါ၊ ရောဂါသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေဇ္ဇေန စ၊ ဆေးဆရာသည်လည်း။ အလ္လသသမံသံ၊ စိုစိုဖတ်ဖတ် လတ်ဆတ်သော ယုန်သားကို။ (အသက်ရှင်ဆဲ ဖြစ်သော ယုန်၏အသားကို။) လဒ္ဓုံ၊ ရခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ပြောဆိုအပ်ပြီ။ တတော၊ ထိုသို့ ပြောခြင်းကြောင့်။ ဇင္ဂနဿ၊ ဇင္ဂန၏။ ဘာတာ၊ အစ်ကိုသည်။ တာတ၊ ညီငယ်။ ဂစ္ဆ၊ သွားချေ။ ခေတ္တံ၊လယ်တော သို့။ အာဟိဏ္ဍာဟိ၊ လှည့်လည်ချေလော့။ ဣတိ၊ ဤသို့ ပြော၍။ ဇင္ဂနံ၊ ကို။ ပေသေသိ၊ စေလွှတ်ပြီ။ သော၊ ထို ဇင္ဂနသည်။ တံ ခေတ္တံ၊ ထို လယ်တော သို့။ ဂတော၊ သွားပြီ။ တသ္မိံ စ သမယေ၊ ထိုအခါ၌လည်း။ ဧကော၊ တကောင်သော။ သသော၊ ယုန်သည်။ တရုဏသဿံ၊ နုသော ကောက်ပင် ကို။ ခါဒိတုံ၊ ခဲစားခြင်းငှာ။ အာဂတော၊ လာသည်။ ဟောတိ။ သော၊ ထို ယုန်သည်။ တံ၊ ထို ဇင္ဂနကို။ ဒိသွာဝ၊ မြင်၍သာလျှင်။(မြင်လျှင်မြင်ချင်းပင်။) ဝေဂေန၊ လျင်သော အဟုန်ဖြင့်။ ဓာဝန္တော၊ ပြေးလတ်သော်။ ဝလ္လိယာ၊ နွယ်ဖြင့်။ ဗဒ္ဓော၊ ဖွဲ့မိသည်။ ဝါ၊ ငြိနေသည်။(ဟုတွာ။) ကိရိ-ကိရိတိ၊၊ ကိရိ ကိရိဟူ၍။ သဒ္ဒံ၊ အသံကို။ အကာသိ၊ ပြုပြီ။

ဇင္ဂနော၊ သည်။ တေန သဒ္ဒေန၊ ထို အသံကြောင့်။ ဂန္တွာ၊ ၍။ တံ၊ ထိုယုန်ကို။ ဂဟေတွာ၊ဖမ်း၍။ စိန္တေသိ၊ကြံပြီ။ (ကိံ၊ နည်း။)မာတု၊အမိ၏။ ဘေသဇ္ဇံ၊ ဆေးကို။ ကရောမိ၊ ပြုရတော့အံ့။ ဣတိ စိန္တေသိ။ ပုန၊ တဖန်။ စိန္တေသိ။ ကြံပြန်ပြီ။ (ကိံ။) ယွာဟံ(ယော+အဟံ)၊ အကြင်ငါသည်။ မာတု၊ အမိ၏။ ဇီဝိတကာရဏာ၊ အသက်ဟူသော အကြောင်းကြောင့်။

ပရံ၊ သူ့ဟပါးကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ (ယံ) ဝေါရောပေယျ၊ အကြင် ခွင်း ရာ၏။ (ဟဿ မေ၊ ထို ငါ၏။) ဇေတံ၊ ဤခွင်းခြင်းသည်။ န ပတိရူပံ၊ မလျော်ကပ်တော်ချေ။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံပြန်ပြီ။ အထ၊ ထိုမှနောက် ၌။ နံ၊ ထို ယုန်ကို။ (မုဋ္ဌိ-၌ စပ်။) ဂန္တွာ၊ သွားတော့။ အရညေ၊ တော၌။ သသေဟိ၊ ယုန်တို့နှင့်။ သဒ္ဓိံ၊ တကွ။ တိဏောဒကံ၊ မြက် ရေကို။ ပရိဘုဉ္ဇ၊ သုံးဆောင်ချေတော့။ ဣတိ၊ ဤသို့ ပြော၍။ မုဉ္စိ၊ လွှတ်လိုက်ပြီ။ စ၊ဆက်။ ဘာတရာ၊ အစ်ကိုသည်။ တာတ၊ ညီငယ်။ သသော၊ ယုန်ကို။ လဒ္ဓောကိံ၊ ရအပ်ပြီလော။ ဣတိ၊ သို့။ ပုဋ္ဌော၊ မေးအပ်သည်။ (သမာနော၊ သော်။) တံ ပဝတ္တိံ၊ ထိုဖြစ်ပုံအကြောင်းကို။ အာစိက္ခိ၊ ပြောပြပြီ။ တတော၊ ထိုသို့ ယုန်ကိုလွှတ်ခြင်းကြောင့်။ နံ၊ ထို ဇဂ္ဂနကို။ ဘာတာ၊ အစ်ကိုသည်။ ပရိဘာသိ၊ ဘေးကိုပြ၍ ခြိမ်းခြောက်ပြီ။ သော၊ ထို ဇဂ္ဂနသည်။ မာတု၊ ၏။ သန္တိကံ၊ အထံသို့။ ဂန္ဒွာ၊ ၍။ အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ စ၍။ ဇာတော၊ မွေးဖွားပြီ။ တတော၊ ထိုအခါမှ စ၍။ သဉ္စိစ္စ၊ သတ္တဝါ ဟူသော သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍။ ပါဏံ၊ သတ္တဝါကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတာ၊ ခွင်းဖူးသည်။ (ဟုတွာ။) နာဘိဇာနာမိ၊ မသိ ရ။ ဣတိ၊ သို့။ သစ္စံ၊ သစ္စာကို။ (မှန်သောစကားကို။) ဝတွာ၊ ဆို၍။ အဋ္ဌာသိ၊ တည်ပြီ။ တာဝဒေဝ၊ ထိုခဏ၌ပင်။ အဿ၊ ထို ဇဂ္ဂန၏။ မာတာ၊ မိခင် သည်။ အရောဂါ၊ ရောဂါမရှိသည်။ (ရောဂါပျောက်သည်။) အဟောသိ၊ ဖြစ်ပြီ။

ပန၊ ကား။ (သမ္ပတ္တဝိရတိမှတပါး သမာဒါနဝိရတိကား။) သမာဒိန္နသိက္ခာ ပဒါနံ၊ ဆောက်တည်အပ်ပြီးသော သိက္ခာပုဒ်ရှိကုန်သည်ဖြစ်၍။ (သိက္ခာပုဒ်ကို ဆောက်တည်ကုန်ပြီး၍။ အဝီတိက္ကမန္တာနံ-၌ စပ်။) သိက္ခာပဒ သမာဒါနေ စ၊ သိက္ခာပုဒ်ကို ဆောက်တည်ရာအခါ၌လည်းကောင်း။ တတုတ္တရိဉ္စ[၁]၊ ထိုသိက္ခာ ပုဒ်ကို ဆောက်တည်ရာအခါမှ နောက်၌လည်းကောင်း။ အတ္တနော၊ ၏။ ဇီဝိတမ္ပိ၊ အသက်ကိုသော်မှလည်း။ ပရိစ္စဇိတွာ၊ စွန့်၍။ ဝတ္ထုံ၊ လွန်ကျူးထိုက် သော ဝတ္ထုကို။ အဝီတိက္ကမန္တာနံ၊ မလွန်ကျူးသူတို့၏ သန္တာန်၌။ ဉပ္ပဇ္ဇ-

၁။ တတုတ္တရိဉ္စ။ ။တတုတ္တရိံကိုထောက်၍ "ဝိရတိ စေတသိက်သည် အနာဂတ် အာရုံကို အာရုံပြု၏" ဟု ထင်မှားကြ၏၊ "တတုတ္တရိံ ဝတ္ထုံ အဝီတိက္ကမန္တာနံ" ဟု ပစ္စုပ္ပန်အနက်ဟော အန္တသဒ္ဒါဖြင့် ဆိုပုံကိုရှု၍ ဝတ္ထုပေါ်လာမှ မလွန်ကျူးသော ဝိရတိ ဖြစ်ရကား သမာဒါနဝိရတိသည် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုသည်။ သို့သော် သိက္ခာ ပုဒ် ဆောက်တည်၍ ထားခြင်းကြောင့် ရှောင်ကြဉ်သည့်အတွက် သိက္ခာပုဒ် မဆောက် တည်ပဲ ရှောင်သော သမ္ပတ္တဝိရတိမှ ထူးခြားလျက်ရှိသည်။

မာနာ၊ သော။ ဝိရတိ၊ ကို။ သမာဒါန ဝိရတီတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ။ (ကဿ ဝိယ၊ နည်း။) ဥတ္တရ ။ပ။ ဝိယ၊ ဥတ္တရဝဍ္ဍမာနတောင်၌ နေလေ့ရှိသော ဥပါသကာ၏ ဝိရတိကဲ့သို့တည်း။

ကိရ၊ ချဲ့ဦးအံ့။ သော၊ ထို ဥပါသကာသည်။ အမ္ဗတိဿ ဝိဟာရဝါသိ–နော၊ အမ္ဗတိဿကျောင်း၌ နေလေ့ရှိသော။ ပိင်္ဂလဗုဒ္ဓရက္ခိတတ္ထေရဿ၊ ပိင်္ဂလဗုဒ္ဓရက္ခိတ ထေရ်၏။ [အချို့စာအုပ်၌ ထေရဿ နောက်ဝယ် "သတ္ထု" ဟု ပါရှိ၏။ "ထေရ်ဖြစ်သော ဆရာ၏" ဟု ပေး။] သန္တိကေ၊ ၌။သိက္ခာပဒါနိ၊ တို့ကို။ ဂဟေတွာ၊ ယူ၍။ ခေတ္တံ၊ လယ်ကို။ ကသတိ၊ ထွန်၏။ အထ၊ ထိုမှနောက်၌။ အဿ၊ ထို ဥပါသကာ၏။ ဂေါဏော၊ နွားသည်။ နဋ္ဌော၊ ပျောက်ပြီ။ သော၊ ထို ဥပါသကာသည်။ တံ၊ ထိုနွားကို။ ဂဝေသန္တော၊ ရှာလတ်သော်။ ဥတ္တရ ဝဍ္ဍမာန ပဗ္ဗတံ၊ ဥတ္တရဝဍ္ဍမာနတောင်ကို။ အာရုဟိ၊ တက်ပြီ။ တတြ၊ ထိုတောင်၌။ နံ၊ ထို ဥပါသကာကို။ မဟာသပ္ပေါ၊ စပါးကြီး မြွေသည်။ အဂ္ဂဟေသိ၊ ဖမ်းယူပြီ။

သော၊ ထို ဥပါသကာသည်။ စိန္တေသိ၊ ကြံပြီ။ (ကိံ ။) အဿ၊ ဤမြွေ၏။ ဣမာယ တိခိဏဝါသိယာ၊ ဤ ထက်လှစွာသော ဓားဖြင့်။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိဿာမိ၊ ဖြတ်အံ့။ ဣတိ၊ ဤသို့ ကြံပြီ။ ပုန။ စိန္တေသိ၊ ကြံပြန်ပြီ။ (ကိံ ။) ယွာဟံ (ယော+အဟံ)၊ သည်။ ဘာဝနီယဿ၊ လူအများ၏ စိတ်နှလုံးကို တိုးပွားစေတတ်သော။ ဝါ၊ လူအများသည် ချီးမွမ်းအပ်သော။ ဂရုနော၊ ဆရာ၏။ သန္တိကေ သိက္ခာပဒါနိ ဂဟေတွာ။ (ယံ) ဘိန္ဒေယျံ၊ အကြင်ဖျက်ရာ၏။ (တဿ မေ၊ ၏။)တေ၊ ဤ ဖျက်ခြင်းသည်။ န ပတိရူပံ၊ မလျောက်ပတ်ချေ၊ ဣတိ၊ ဤသို့။ ကြံပြန်ပြီ။ ဧဝံ၊ သို့။ ယာဝတတိယံ၊ ၃–ကြိမ်တိုင်အောင်။ စိန္တေတွာ၊ ကြံပြီး၍။ ဇီဝိတံ၊ ကို။ ပရိစ္စဇာမိ၊ စွန့်အံ့။ သိက္ခာပဒံ၊ ကို။ န (ပရိစ္စဇာမိ)၊ မစွန့်အံ့။ ဣတိ၊ ဤသို့ကြံ၍။ အံသေ၊ ပခုံး၌။ ထပိတံ၊ ထားအပ်သော။ တိခိဏဒဏ္ဍဝါသိံ၊ ထက်လှစွာသော အရိုးရှိသော ဓားကို။ အရညေ၊ ၌။ ဆဍ္ဍေသိ၊ စွန့်လိုက်ပြီ။ တာဝဒေဝ၊ ထိုခဏ၌ ပင်။ နံ၊ ထို ဥပါသကာကို။ မဟာဝါဠော၊ စပါးကြီးမြွေသည်။မုဉ္စိတွာ၊ လွှတ်၍။ အဂမာသိ၊ သွားပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ပန၊ ကား။ (သမာဒါနဝိရတိမှ တပါး သမုစ္ဆေဒဝိရတိ–ကား။)အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်နှင့်ယှဉ်သော။ ဝိရတိ၊ ကို။ သမုစ္ဆေဒ ဝိရတီတိ၊ ဟူ၍။ (ကိလေသာကို သတ်ဖြတ်တတ်သော ဝိရတိဟူ၍။) ဝေဒိတဗ္ဗာ။ယဿာ၊ ယင်းသမုစ္ဆေဒဝိရတိ၏။ ဥပ္ပတ္တိတော၊ ဖြစ်ရာအခါမှ။ ပဘုတိ၊ စ၍။ ပါဏံ၊သတ္တဝါ

ကို။ ဃာဟေဿာမိ၊ သတ်အံ့။ ဣတိ၊ သို့။ အရိယပုဂ္ဂလာနံ၊ တို့၏။စိတ္တမ္ပိ၊ စိတ်သည် သော်မှလည်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်တော့။ ဣတိ၊ အပြီးတည်း။

ဣဒါနိ၊ ၌။ အကုသလာနံ၊ အကုသလ ကမ္မပထတို့၏။ (ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော) ယထာ၊ ကဲ့သို့။ ဝေ၊ တူ။ ဣမေသမ္ပိ ကုသလကမ္မပထာနံ၊ ဤကုသလ ကမ္မပထတို့၏လည်း။ ဓမ္မတော၊ လည်းကောင်း ။ပ။ မူလတော၊လည်းကောင်း။ ဣတိ၊ သို့။ ပဉ္စဟိ အာကာရေဟိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ တတ္ထ၊ ထို ဓမ္မတော-စသော မာတိကာပုဒ်တို့တွင်။ ဓမ္မတောတိ (ပဒဿ)၊ ဓမ္မတော ဟူသော မာတိကာပုဒ်၏။ (ဝိနိစ္ဆယံ၊ ကို။) ဟိ (ဥဒ္ဒိရိတ္ဗာ ဒဿေမိ)၊ အံ့။ ဧတေသု၊ ဤ ၁၀-ပါးသော ကုသလကမ္မပထတို့တွင်။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ သတ္တ၊ ၇-ပါးသော ကုသလကမ္မပထတို့သည်။ စေတနာပိ၊ တို့သည်လည်း။ ဝဋ္ဋန္တိ၊ သင့်ကုန်၏။ ဝိရတိယောပိ၊ တို့သည်လည်း။ ဝဋ္ဋန္တိ။ အန္တေ၊ အဆုံး၌။ တယော၊ ၃-ပါးသော ကုသလကမ္မပထတို့သည်။ စေတနာသမ္ပယုတ္တာဝ၊ စေတနာ နှင့် ယှဉ်ကုန်သည်သာ။ ဟောန္တိ။ [အနဘိဇ္ဈာသည် အလောဘ၊ အဗျာပါဒသည် အဒေါသ၊ သမ္မာဒိဋ္ဌိသည် အမောဟဖြစ်၍ "စေတနာ သမ္ပယုတ္တ" ဟုဆိုသည်။]

ကောဋ္ဌာသတောတိ(ပဒဿ)၊ ၏။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) ပဋိပါဋိယာ၊ အားဖြင့်။ သတ္တ၊ တို့သည်။ ကမ္မပထာ ဧဝ၊ ကမ္မပထတို့ သည်သာ။ ဟောန္တိ။ မူလာနိ၊ တို့သည်။ နော ဟောန္တိ၊ မဖြစ်ကုန်။ အန္တေ၊ ၌။ တယော၊ တို့သည်။ ကမ္မပထာ စေဝ၊ တို့သည်လည်းကောင်း။ မူလာနိ စ၊ တို့သည်လည်းကောင်း။ ဟောန္တိ။ ဟိ၊ မှန်။ အနဘိဇ္ဈာ၊ သည်။ မူလံ၊ မူလအရာသို့။ ပတ္တာ၊ ရောက်၍။ ဝါ၊ ရောက်လတ်သော်။ အလောဘော၊ အလောဘ ဟူသော။ ကုသလမူလံ ဟောတိ။ အဗျာပါဒေါ၊ သည်။ (မူလံ ပတ္တာ) အဒေါသော ကုသလမူလံ ဟောတိ။ သမ္မာဒိဋ္ဌိ၊ သည်။(မူလံ ပတ္တာ) အမောဟော ကုသလ မူလံ ဟောတိ။

အာရမ္မဏတောတိ(ပဒဿ)၊၏။(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)။ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတ-အစရှိသော ဒုစရိုက်တို့၏။ အာရမ္မဏာနေဝ၊ ဇီဝိတိန္ဒြေ-အစရှိသော အာရုံတို့သည်ပင်။ ဧတေသံ၊ ဤ ကုသလကမ္မပထတို့၏။ အာရမ္မဏာနိ၊ တို့သည်။ ဟောန္တိ။ [ဤ အဋ္ဌကထာကိုပင် ဋီကာ၌ "ဒုစရိုက်များ ဒါရမ္မဏာ တဒါရမ္မဏာ" ဟု ဆိုသည်၊] ဟိ၊ မှန်။ ဝီတိက္ကမိတဗ္ဗတော ဧဝ၊ လွန်ကျူးထိုက်သော အာရုံမှ(ဇီဝိတိန္ဒြေ-စသည်မှ)သာလျှင်။ ဝေရမဏီ နာမ၊ ရှောင်ကြဉ်ခြင်း မည်သည်။ ဟောတိ။ [ဤ "ဝီတိက္ကမိတဗ္ဗတော ဧဝ" ကို

ကြည့်၍လည်းကောင်း။ ရှေ့၌ ဆိုအပ်ပြီးသော "ဝတ္ထုံ အဝီတိက္ကမန္တာနံ" ကို ကြည့်၍လည်းကောင်း "သုံးထွေဝိရတီ, ဝီတိက္ကမိတဗ္ဗ, သမုတ်ရသည့်, ကာမနာမ်ရုပ်, ပစ္စုပ္ပန်မြဲမှတ်, စွဲမှီကပ်၏" ဟု အဖြေပြုသင်္ဂြိုဟ်၌ ဆိုလိုက်ပါသည်။]

[ဇီဝိတိန္ဒြေ-စသည်ကို အာရုံပြုသော ပါဏာတိပါတဝိရတီ—စသည်သည် အဘယ်နည်းဖြင့် ပါဏာတိပါတ-စသည်ကို အာရုံမပြုပဲလျက် ပယ်စွန့်နိုင်ပါသနည်း ဟု မေးဖွယ် ရှိသောကြောင့် "ယထာ ပန" စသည် မိန့်။]

ပန၊ ဆက်။ နိဗ္ဗာနာရမ္မဏော၊ နိဗ္ဗာန်ဟူသော အာရုံရှိသော။ အရိယမဂ္ဂေါ၊ အရိယမဂ်သည်။ ကိလေသေ၊ တို့ကို။ ပဇဟတိ ယထာ၊ ပယ်စွန့်နိုင်သကဲ့သို့။ ဧဝံ၊ တူ။ ဇီဝိတိန္ဒြိယာဒိ အာရမ္မဏာပိ၊ ဇီဝိတိန္ဒြေ-အစရှိသော အာရုံရှိသည်လည်း ဖြစ်ကုန်သော။ ဧတေ ကမ္မပထာ၊ ဤကုသလကမ္မပထ တို့သည်။ ပါဏာတိပါတာဒီနိ၊ ပါဏာတိပါတ-အစရှိကုန်သော။ ဒုဿီလျာနိ၊ ဒုဿီလျစေတနာတို့ကို။ ပဇဟန္တိ၊ ပယ်စွန့်နိုင်ကုန်၏။ ဣတိ။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဝေဒနာတောတိ (ပဒဿ)၊ ၏။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) သဗ္ဗေ၊ အလုံးစုံသော ကုသလကမ္မပထ တို့သည်။ သုခဝေဒနာ ဝါ၊ သုခဝေဒနာ ရှိကုန်သည်သော်လည်းကောင်း။ မဇ္ဈတ္တဝေဒနာ ဝါ၊ ဥပေက္ခာဝေဒနာ ရှိကုန်သည်သော်လည်းကောင်း။ ဟောန္တိ။ ဟိ၊ မှန်။ ကုသလံ၊ ကုသိုလ်အရာသို့။ ပတွာ၊ ရောက်၍။ ဝါ၊ ရောက်လတ်သော်။ ဒုက္ခဝေဒနာ နာမ၊ ဒုက္ခဝေဒနာမည်သည်။ နတ္ထိ။

မူလတောတိ (ပဒဿ)၊ ၏။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) ပဋိပါဋိယာ၊ အားဖြင့်။ သတ္တ၊ ကုန်သော။ ကမ္မပထာ၊ ကုသလကမ္မပထတို့သည်။ ဉာဏသမ္ပယုတ္တစိတ္တေန၊ ဉာဏသမ္ပယုတ်စိတ်ဖြင့်။ ဝိရမန္တဿ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ (သန္တာန်၌)။ အလောဘ အဒေါသ အမောဟဝသေန၊ အလောဘ, အဒေါသ, အမောဟတို့၏ အပြားဖြင့်။ တိမူလာ၊ ၃-ပါးသော မူလရှိကုန်သည်။ ဟောန္တိ။ ဉာဏဝိပ္ပယုတ္တစိတ္တေန ဝိရမန္တဿ ဒွိမူလာ ဟောန္တိ။ အနဘိဇ္ဈာ၊ သည်။ ဉာဏသမ္ပယုတ္တစိတ္တေန ဝိရမန္တဿ။ ဒွိမူလာ၊ ၂-ပါးသော မူလရှိသည်။ ဟောတိ။ ["ဝိရမန္တဿ" ဟု ဆိုသော်လည်း အနဘိဇ္ဈာ-စသော မနောကံတို့သည် တရားကိုယ်အားဖြင့် ဝိရတိမဟုတ်၊ အလောဘ, အဒေါသ, အမောဟတို့ ဖြစ်ရကား ဝိရမန္တဿကို "ပဇဟန္တဿ" ဟု အဓိပ္ပာယ်မှတ်ပါ။ အနဘိဇ္ဈာ။ ပ။ ဝိရမန္တဿာတိ အဘိဇ္ဈံ ပဇဟန္တဿာတိ အတ္တော။—ဋီကာ။] ဉာဏဝိပ္ပယုတ္တ စိတ္တေန (ဝိရမန္တဿ) ဧကမူလာ ဟောတိ။ ပန၊ ဆက်။ အလောဘော၊ အနဘိဇ္ဈာဖြစ်သော အလောဘသည်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ အတ္တနော၊ ၏။

မူလံ၊ သည်။ န ဟောတိ၊ မဖြစ်နိုင်။ အဗျာပါဒေပိ၊ ၌လည်း။ ဧသေဝနယော။ သမ္မာဒိဋ္ဌိ၊ သည်။ အလောဘာ ဒေါသဝသေန၊ ဖြင့်။ ဒွိမူလာဝ၊ ၂-ပါးသော မူလရှိသည်သာ။ ဟောတိ။ [ဝေဖြင့် ကေမူလ ကို ကန့်။] ဣတိ။ သို့။ ဣမေ ဒသ၊ ဤ ၁၀-ပါးတို့သည်။ ကုသလကမ္မပထာ နာမ၊ တို့မည်၏။

ကမ္မပထသံသန္ဒနကထာ

ဣဒါနိ၊ ၌။ (ဒွါရကထာ၏ အစ မာတိကာဝယ် "တိဏိ ကမ္မာနိ။ပ။ဒသ ကုသလကမ္မပထာ" ဟု ပြခဲ့ရာဝယ် ဒသကုသလကမ္မပထတို့ကို အကျယ်ပြပြီးရာ ယခုအခါ၌။) ဣသ္မိံ ဌာနေ၊ ဤနေရာ၌။ ကမ္မပထသံသန္ဒနံ နာမ၊ ကမ္မပထသံသန္ဒန မည်သည်ကို။ ဝေဒိတဗ္ဗံ၊ သိထိုက်၏။

၁။ ကမ္မပထသံသန္ဒန။ ။ဋီကာ၌ ကေစိဝါဒကို အပြစ်ပြပြီးနောက် တသ္မာ-စသည်ဖြင့် မိမိဝါဒကိုပြရာဝယ် ကမ္မပထသံသန္ဒန အမည်ရခြင်း၏ အကြောင်းကို "ကသ္မာ" ဟု ပုစ္ဆာထုတ်၍ "ကမ္မပထာနံ။ပ။ဧတ္ထ သံသန္ဒိတတ္တာ" ဟု ၃-မျိုးပြ၏။ ထိုတွင်....

(က) "အကမ္မပထာနံ ကမ္မပထေသု ကမ္မပထာနဉ္စ အကမ္မပထေသု သမာနနာမတာ ဝသေန (ဧတ္ထ သံသန္ဒိတတ္တာ)" ဟူသော ပထမအကြောင်းပြကို ကြည့်၍ "ကမ္မပထော စ၊ ကမ္မပထဖြစ်သော ဒုစရိုက် သုစရိုက်လည်း။ အကမ္မပထော စ၊ ကမ္မပထ မဟုတ်သော သံဝရ အသံဝရလည်း။ ကမ္မပထာ၊ တို့" ဟု ကေသေသ်ပြု။ ထို့နောက် "ဧတ္ထ သံသန္ဒိ တတ္တာ" ကြည့်၍ "သံသန္ဒီယန္တိ ဧတ္ထာတိ သံသန္ဒနံ။ ဧတ္ထ၊ ဤအခန်း၌။ သံသန္ဒီယန္တိ၊ နှီးနှော၍ ပြအပ်ကုန်၏။ ဣတိ သံသန္ဒနံ။ ကမ္မပထာနံ။ ကမ္မပထမည်ကုန် ကမ္မပထမမည်ကုန်သော ဒုစရိုက် အသံဝရ စသည်တို့၏။ ဝါ၊ တို့ကို။ကမ္မပထာ-ကမ္မပထေသု၊ ကမ္မပထ အကမ္မပထတို့၌။ ဝါ၊တို့နှင့်။ သံသန္ဒနံ၊ ကာယကံ-စသော တူသော နာမည်ရှိကုန်သည်၏ အဖြစ်ဖြင့် နှီးနှောပြအပ်ရာ အခန်းတည်း။ကမ္မပထသံသန္ဒနံ၊ ခန်း" ဟု ပြုပါ။

(ခ) "ကမ္မပထာနံ ကမ္မပထေသု သာမညနာမာဝိဇဟနဝသေန (ဧတ္ထ သံသန္ဒိတတ္တာ)"ဟူသော ဒုတိယအကြောင်းပြကို ကြည့်၍"သံသန္ဒီယန္တိ ဧတ္ထာတိ သံသန္ဒနံ။ ကမ္မပထာနံ၊ တို့၏။ ဝါ၊ တို့ကို။ သာမညနာမာဝိဇဟနဝသေန၊ ကာယကံ-စသော သာမညနာမည်ကို မစွန့်ခြင်း၏ အစွမ်းဖြင့်။ ကမ္မပထေသု၊ တို့၌။ ဝါ၊ တို့နှင့်။ သံသန္ဒနံ၊ နှီးနှောပြအပ်ရာ အခန်းတည်း။ ကမ္မပထသံသန္ဒနံ၊ ခန်း" ဟု ပြုပါ။

(ဂ) "ဥဘယေသံ စ ဥပ္ပတ္တိဝသေန ဒွါရေသု ဧတ္ထ သံသန္ဒိတတ္တာ" ဟူသော တတိယအကြောင်းပြကို ကြည့်၍ "ကမ္မပထာနံ၊ ကမ္မပထ ဟုတ်, မဟုတ်သော ဒုစရိုက် အသံဝရ-စသည်တို့၏။ဝါ၊ တို့ကို။ ဒွါရေသု၊ တို့၌။ ဝါ၊ တို့နှင့်။ ဥပ္ပတ္တိဝသေန၊ ဖြစ်ခြင်း၏ အစွမ်းဖြင့်။ သံသန္ဒနံ။ နှီးနှောပြအပ်ရာ အခန်းတည်း။ ကမ္မပထသံသန္ဒနံ၊ ခန်း"ဟု ပြုပါ။ [ဤဝိကပ် ၃-မျိုး၏ အဓိပ္ပာယ်ကို အဋ္ဌကထာ၌ အစဉ်အတိုင်း ဖွင့်ပြပါလိမ့်မည်။]

ဟိ၊ ခဲ့၍။ ပဉ္စဖဿဒွါရဝသေန[၁]၊ ၅-ပါးသော ဖဿဒွါရတို့၏ အစွမ်းဖြင့်။ ဥပ္ပန္နော၊ ဖြစ်သော။ အသံဝရော၊ အသံဝရသည်။ အကုသလံ၊ အကုသိုလ် ဖြစ်သော။ မနောကမ္မမေဝ၊ မနောကံသည်သာ။ ဟောတိ။ မနောဖဿဒွါရ-ဝသေန၊ ဖြင့်။ ဥပ္ပန္နော။ (အသံဝရော၊ သည်။) တီဏိပိ၊ ၃-ပါးလည်းဖြစ်ကုန်သော။ ကမ္မာနိ၊ ကံတို့သည်။ ဟောန္တိ။ ဟိ၊ မှန်။ (တနည်း) ဟိ၊ ထပ်၍ ခဲ့ဦးအံ့။ သော၊ ထို မနောဖဿဒွါရ၏ အစွမ်းဖြင့်ဖြစ်သော အသံဝရသည်။ ကာယဒွါရေ၊ ၌။ စောပနံ၊ လှုပ်ရှားခြင်းသို့။ ပတ္တော၊ ရောက်သည်။ (သမာနော၊ သော်။) အကုသလံ၊ သော။ ကာယကမ္မံ၊ သည်။ ဟောတိ။ ဝစီဒွါရေ (စောပနံ ပတ္တော သမာနော) အကုသလံ ဝစီကမ္မံ ဟောတိ။ ဥဘယတ္ထ၊ ၂-ပါးစုံသော ကာယဒွါရ ဝစီဒွါရတို့၌။ စောပနံ၊ သို့။ အပတ္တော၊ မရောက်သည်။ (သမာနော) အကုသလံ မနောကမ္မံ ဟောတိ။

[ဖဿဒွါရ၏ အစွမ်းဖြင့် ဖြစ်ပုံကို ပြပြီး၍၊ အသံဝရဒွါရ၏ အစွမ်းဖြင့် ဖြစ်ပုံကို ပြလိုသောကြောင့် "ပဉ္စ အသံဝရဒွါရဝသေန" စသည်မိန့်။]

ပဉ္စအသံဝရဒွါရဝသေန၊ ၅-ပါးသော အသံဝရဒွါရတို့၏ အစွမ်းဖြင့်။ ဥပ္ပန္နော။ (အသံဝရော)ပိ၊ သည်လည်း။ အကုသလံ မနောကမ္မမေဝ ဟောတိ။

၁။ ပဉ္စဖဿဒွါရဝသေန။ ။ဒွါရကထာ အစ မာတိကာခေါင်းစဉ်၌ ကမ္မ—ကမ္မဒွါရ၊ ဝိညာဏ-ဝိညာဏဒွါရ၊ ဖဿ-ဖဿဒွါရ-စသည်ဖြင့် စဉ်ခဲ့သော်လည်း ကံတို့မှာ ''ကာယဒွါရ၌ဖြစ်လျှင် ကာယကံမည်၏'' ဤသို့ စသည်ဖြင့် ထင်ရှားပြီးဖြစ်သည့်အတွက် ဆိုဖွယ်မလိုသောကြောင့် လည်းကောင်း၊ ကာယဒွါရ-စသည်တို့၌ ထိုကံတို့၏ဖြစ်ပုံကို ဆိုခဲ့ပြီးဖြစ်သောကြောင့်လည်းကောင်း၊စက္ခုဝိညာဏဒွါရ—စသော ၄ါးပါးသော ဝိညာဏ-ဒွါရတို့၏အစွမ်းဖြင့် အသံဝရ-သံဝရတို့၏ဖြစ်ပုံကို ဆိုကြောင်း စကား၏ အကြောင်း ပရိယာယ်မရှိ (နှီးနှောပြစရာမလို) သောကြောင့် လည်းကောင်း ထိုကမ္မဒွါရ ဝိညာဏ-ဒွါရတို့ကို မဆိုတော့ပဲ ရှောင်လွှဲ၍ (ထိုကိုရှောင်လျှင် ထို၌ဖြစ်သော ကမ္မ-ဝိညာဏတို့ကို လည်း ရှောင်ပြီးဖြစ်၍) ဖဿဒွါရ၏ အစွမ်းဖြင့် ဖြစ်ပုံကို စ၍ ပြလိုသောကြောင့် "ပဉ္စ-ဖဿဒွါရဝသေန ဟိ''စသည်ကိုမိန့်သည်။ [တတ္ထ ဟိဝိကေမ္မဒွါရဝသေန။ပ။ဥပ္ပန္နော-တိအာဒိ ဝုတ္တံ။—ဋီကာ။]

ပထမဝိဂ္ဂဟ။ ။ပြခဲ့သော "ပဉ္စ ဖဿဒွါရဝသေန''စသောဝါကျ၊''ပဉ္စ အသံဝရ-ဒွါရဝသေန'' စသောဝါကျနှင့် နောက်၌လာသော သံပရဝါကျတို့ဖြင့် ကမ္မပထမြောက်-မမြောက်သော အသံဝရ-သံဝရတို့၏ ကမ္မပထ-အကမ္မပထတို့နှင့် သမာနနာမ (နာမည်တူ) ဖြစ်ပုံကို ပြ၏။ ထို့ကြောင့် ဤဝါကျတို့ကို ရည်ရွယ်၍ ဋီကာ၌ ''အကမ္မပထာနံ ကမ္မ-ပထေသု ကမ္မပထာနဉ္စ အကမ္မပထေသု သမာနနာမတာဝသေန (ဧတ္ထ သံသန္ဒိတတ္တာ) ဟု ဟိတ်ပါဌ်ကို ပြ၏။ထိုဟိတ်နှင့်အညီ ကမ္မပထသံသန္ဒနပုဒ်ကို ပထမဝိဂ္ဂဟပြုခဲ့ရသည်၊ ထိုဟိတ်၏ ဖလဝါကျ စကားရပ်ကား "ဇုမ ကမ္မပထံ အပတ္တာနဉ္စ။ပ။ကာယကမ္မာဒိ တာဒိပနံ (ကမ္မပထ သံသန္ဒနံ နာမ),''ဟူသော ဋီကာစကားတည်း။

စောပနကာယ အသံဝရဒွါရဝသေန၊ ဖြင့်။ ဥပ္ပန္နော(အသံဝရော)အကုသလံ ကာယကမ္မမေဝ ဟောတိ။ ၂၊ ဝါစာ အသံဝရဒွါရဝသေန၊ ဖြင့်။ ဥပ္ပန္နော (အသံဝရော)အကုသလံ ဝစီကမ္မမေဝ ဟောတိ။ မနောအသံဝရဒွါရဝသေန၊ဖြင့်။ဥပ္ပန္နော(အသံဝရော)အကုသလံ။ မနောကမ္မမေဝ၊သည်သာ။ဟောတိ။

[အသံဝရဒွါရ၏ အစွမ်းဖြင့် ဖြစ်ပုံကိုပြပြီး၍ ဒုစရိုက်၏အစွမ်းဖြင့် ဖြစ်ပုံကို ပြလိုသောကြောင့် "တိဝိဓံ ကာယဒုစ္စရိတံ" စသည် မိန့်။]

[၁] တိဝိဓံ၊ ၃-ပါးအပြားရှိသော။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်သည်။ အကုသလံ။ကာယကမ္မမေဝ၊ သည်သာ။ ဟောတိ၊ စတုဗ္ဗိဓံ။ ဝစီဒုစ္စရိတံ၊သည်။ အကုသလံ ဝစီကမ္မမေဝ ဟောတိ၊ တိဝိဓံ။ မနောဒုစ္စရိတံ၊ သည်။ အကုသလံ မနောကမ္မမေဝ ဟောတိ။

[အသံဝရ၏ အစွမ်းဖြင့် ဖြစ်ပုံကို ပြပြီး၍ သံဝရ၏ အစွမ်းဖြင့် ဖြစ်ပုံကို ပြလိုသောကြောင့်"ပဉ္စဖဿဒွါရဝသေန ဥပ္ပန္နော သံဝရောပိ" စသည် မိန့်။]

ပဉ္စဖဿဒွါရဝသေန ဥပ္ပန္နော။ သံဝရောပိ၊ သည်လည်း။ [ပိဖြင့် အသံဝရောကိုပေါင်း။] ကုသလံ မနောကမ္မမေဝ ဟောတိ။ ပန၊ ကား။ မနောဖဿဒွါရဝသေန ဥပ္ပန္နော။ အယမ္ပိ၊ ဤ သံဝရသည်လည်း။ အသံဝရော ဝိယ၊

၁။ တိဝိဓံ။ပ။မေဝ ဟောတိ။ ။ဖဿဒွါရ၏အစွမ်းဖြင့် ပြရာ၌"သော ဟိ ကာယဒွါရေ စောပနံ ပတ္တော အကုသလံ ကာယကမ္မံ ဟောတိ" စသည်ဖြင့် ပြခဲ့၏။ ထို့ပြင် အသံဝရဒွါရ၏ အစွမ်းဖြင့် ပြရာ၌ "စောပနကာယအသံဝရဒွါရဝသေန ဥပ္ပန္နော" စသည်ဖြင့်လည်း ပြခဲ့၏။ ထိုအလို ကမ္မပထမြောက်သော အသံဝရဝစီကံသည် ကာယဒွါရ၌ဖြစ်လျှင် (လက်ပြခြေပြဖြင့် မုသားစသည် ပြောလျှင်) ကာယကံအမည် ဖြစ်ရတော့မည်ကဲ့သို့ ထင်ရ၏။ထိုသို့ မဖြစ်ဖို့ရန် (မထင်ဖို့ရန်) "စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ။ပ။ဝစီကမ္မမေဝ ဟောတိ"ဟု ဧဝဖြင့်မိန့်ရပြန်၏။ပါဏာတိပါတ-စသော ကမ္မပထပတ္တ အသံဝရတို့၏ ဝစီဒွါရဝယ် ဖြစ်ရာ၌သည်း ရှေ့စကားများအလို ဝစီကံဟု ထင်စရာရှိ၏။ထိုသို့ မဖြစ်ဖို့ (မထင်ဖို့)ရန်"တိဝိဓံ ကာယဒုစ္စရိတံ အကုသလံ ကာယကမ္မမေဝ"ဟု ဧဝဖြင့် မိန့်ရပြန်သည်။ ဆိုလိုရင်းမှာ- "ရှေ့စကားဖြင့် လျဉ်းပါးဖွယ်ကို ဤနောက်စကားဖြင့် ကာကွယ်သည်"ဟူလို။ [သော ဟိ ကာယဒွါရေ။ပ။အပဝါဒေနနိဝတ္တိဒဋ္ဌဗ္ဗာ။-ဋီကာ]

ဒုတိယ ဝိဂ္ဂဟ။ ။ဤပြခဲ့သော "တိဝိဓံ ကာယဒုစ္စရိတံ" စသော ဝါကျနှင့်နောက်၌လာသော "တိဝိဓံ ကာယသုစရိတံ"စသော ဝါကျတို့ဖြင့် ပါဏာတိပါတ-စသော ကမ္မပထတို့သည် ဝစီဒွါရ-စသည်၌ ဖြစ်ကြသော်လည်း မိမိ၏ ကာယကံ-စသောနာမည် စသည်ကို မစွန့်ပုံကိုပြ၏။ ထို့ကြောင့် ဤဝါကျတို့ကို ရည်ရွယ်၍ ဋီကာ၌ "ကမ္မပထာနံ ကမ္မပထေသု သာမညနာမာဝိဇဟနဝသေန (ဧတ္ထ သံသန္ဒိတတ္တာ)" ဟု ဟိတ်ပါဌ်ပြ၏။ ထိုဟိတ်နှင့်အညီ ကမ္မပထသံသန္ဒနပုဒ်ကို ဒုတိယဝိဂ္ဂဟတမျိုး ပြခဲ့ရသည်။ ထိုဟိတ် ပါဌ်၏ ဖလဝါကျကား "ကမ္မပထပ္ပတ္တာနံ ။ပ။ ကာယကမ္မာဒိဘာဝါဝိဇဟနဒီပနံ (ကမ္မပထသံသန္ဒနံ နာမ"ဟူသောစကားတည်း။

သို။ တီဏိပိ ကမ္မာနိ ဟောန္တိ။ ပဉ္စသံဝရဒွါရဝသေန၊ ၅-ပါးသော သံဝရ-ဒွါရတို့၏ အစွမ်းဖြင့်။ ဥပ္ပန္နော။ (သံဝရော) ပိ၊ လည်း။ ကုသလံ မနော-ကမ္မမေဝ ဟောတိ၊ စောပန-ကာယသံဝရဒွါရဝသေန ဥပ္ပန္နော (သံဝရော) ကုသလံ ကာယကမ္မမေဝ ဟောတိ၊ဝါစာသံဝရဒွါရဝသေန ဥပ္ပန္နော(သံဝရော) ကုသလံ ဝစီကမ္မမေဝ ဟောတိ၊ မနောသံဝရဒွါရဝသေန ဥပ္ပန္နော(သံဝရော) ကုသလံ မနောကမ္မမေဝ ဟောတိ။ တိဝိဓံ၊ သော။ ကာယသုစရိတံ၊ သည်။ ကုသလံ ကာယကမ္မမေဝ ဟောတိ၊ စတုဗ္ဗိဓံ။ ဝစီသုစရိတံ၊ သည်။ ကုသလံ ဝစီကမ္မမေဝ ဟောတိ၊ တိဝိဓံ။ မနောသုစရိတံ၊ သည်။ ကုသလံ မနောကမ္မ-မေဝ ဟောတိ။

[အသံဝရ-သံဝရတို့၏ ဖြစ်ရာ-မဖြစ်ရာ ဒွါရကို ပြပြီး၍ ကံတို့၏ ဖြစ်ရာ မဖြစ်ရာ ဒွါရကို ပြလိုသောကြောင့် "အကုသလံ ကာယကမ္မံ" စသည် မိန့်။]

အကုသလံ၊ သော။ ကာယကမ္မံ၊ သည်။ပဉ္စဖဿဒွါရဝသေန၊ ဖြင့်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ မနောဖဿဒွါရဝသေနေဝ၊ ဖြင့်သာ။ ဥပ္ပဇ္ဇတိ၊ အကုသလံ။ ဝစီကမ္မံ၊ သည်။ တထာ၊ ထို့အတူတည်း။ ["ပဉ္စဖဿဒွါရဝသေန နုပ္ပဇ္ဇတိ၊ မနော-ဖဿဒွါရဝသေနေဝ ဥပ္ပဇ္ဇတိ" ကို ညွှန်းသည်။] ပန၊ ကား။ အကုသလံ မနောကမ္မံ။ ဆ ဖဿဒွါရဝသေန၊ ဖြင့်။ ဥပ္ပဇ္ဇတိ။ ¹တံ၊ ထို အကုသိုလ် မနော ကံသည်။ ကာယဝစီဒွါရေသု၊ တို့၌။ စောပနံ၊ သို့။ ပတ္တံ၊ ရောက်သည်။

၁။ တံ။ပ။ကာယဝစီကမ္မံ ဟောတိ။ ။ဋီကာ ပထမနည်းအတိုင်း နိဿယ၌ အနက် ပေးထားသည်။ ဤနည်းအလို "ကာယဝစီကမ္မံ၊ ကာယကံ ဝစီကံသည်" ဟု မပေးပဲ နိဿယပေးသလို ပေးရသည်။ ဘာ့ကြောင့်နည်း–မနောကံသည် ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော်လည်း ကာယကံအမည် ဝစီကံအမည် မရနိုင်သောကြောင့်တည်း။ [နော န ယုဇ္ဇတိ၊ စောပနံ ပတ္တံ ကာယေ ဝါစာယ စ အကုသလံ ကမ္မံ ဟောတီတိ အတ္ထသိဒ္ဓိ-တော။–ဋီကာ။

အထဝါ တံ သဒ္ဒဿ။ ။"အထဝါ တံ သဒ္ဒဿ။ပ။သိဒ္ဓေါဝ ဟောတိ"ဟူသော ဋီကာ ပုဂိယနည်း အလိုအားဖြင့် "ဆ ဖဿဒွါရဝသေန၊ ဖြင့်။ ယံ၊ အကြင် ကံသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တံ၊ ကို ၆-ပါးသော ဖဿဒွါရ၏ အစွမ်းဖြင့် ဖြစ်သောကံသည်။ ကာယ-ဝစီဒွါရေသု၊ တို့၌။ စောပနံ၊ ပတ္တံ (သမာနံ) အကုသလံ။ ကာယဝစီကမ္မံ၊ ကာယကံ ဝစီကံ သည်။ ဟောတိ" ဟု ပေးပါ။

အထဝါ တန္တိ။ ။"အထဝါ တန္တိ" စသော ဋီကာ တတိယနည်းအလို အားဖြင့် "တံ၊ ထို ၆-ပါးသော ဖဿဒွါရ၏ အစွမ်းဖြင့်ဖြစ်သော မနောကံသည်" ဟုပင် စွဲရသည်။ သို့သော် ထို မနောကံဟူသည် စေတနာပုဂ္ဂိုလ်၏ အလိုအားဖြင့် ဖြစ်သော ကာယကံ ဝစီကံလည်း ပါသော မနောကံတည်း။ မှန်၏–စေတနာ၏ အလိုမှာ စိတ် ကြောင့်ဖြစ်သော အဘိဇ္ဈာ–စသော ကံဟူသမျှ ကာယဒွါရ၌ဖြစ်ဖြစ်၊ ဝစီဒွါရ၌ဖြစ်ဖြစ်

(သမာနံ။) အကုသလံ၊ သော။ ကာယဝစီကမ္မံ၊ ကာယဒွါရ၌ ဖြစ်သော ကံ ဝစီဒွါရ၌ ဖြစ်သော ကံသည်။ ဟောတိ၊ ၏။ စောပနံ၊ သို့။ အပတ္တံ၊ မရောက် သည်။ (သမာနံ) အကုသလံ။ မနောကမ္မမေဝ၊ သည်သာ။ ဟောတိ။

စ၊ ဆက်။ ပဉ္စ ဖဿဒွါရဝသေန၊ ဖြင့်။ (အကုသလံ၊ သော။ ကာယကမ္မံ၊ သည်။ နုပ္ပဇ္ဇတိ) ယထာ၊ မဖြစ်သကဲ့သို့။ ဧဝံ၊ တူ။ ပဉ္စအသံဝရဒွါရဝသေနပိ၊ ဖြင့်လည်း။ အကုသလံ ကာယကမ္မံ နုပ္ပဇ္ဇတိ။ပန၊ အန္ဒယ-ကား။ စောပနကာယ အသံဝရဒွါရဝသေန၊ ဖြင့်လည်းကောင်း။ ဝါစာအသံဝရဒွါရဝသေန စ၊ ဖြင့်လည်းကောင်း။ ဥပ္ပဇ္ဇတိ။ မနောအသံဝရဒွါရဝသေန နုပ္ပဇ္ဇတိ။ အကုသလံ၊ သော။ ဝစီကမ္မမ္ပိ၊ သည်လည်း။ ပဉ္စ အသံဝရဒွါရဝသေန နုပ္ပဇ္ဇတိ။ စောပန-ကာယ ဝါစာ အသံဝရဒွါရ ဝသေန၊ စောပနကာယ အသံဝရဒွါရ ဝါစာ အသံဝရဒွါရတို့၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇတိ၊ မနော အသံဝရဒွါရဝသေန နုပ္ပဇ္ဇတိ၊ အကုသလံ။ မနောကမ္မံ၊ သည်။ အဋ္ဌအသံဝရဒွါရဝသေနပိ၊ ၈—ပါးသော အသံဝရဒွါရတို့၏ အစွမ်းဖြင့်လည်း။ ဥပ္ပဇ္ဇတေဝ၊ ဖြစ်သည်သာ။ ကုသလ—ကာယကမ္မာဒီသုပိ၊ ကုသိုလ် ကာယကံ အစရှိသည်တို့၌လည်း။ ဧသေဝနယော။

ပန၊ အထူးကား။ အယံ၊ ဤ ဆိုအပ်လတ္တံ့ကား။ ဝိသေသော၊ အထူး တည်း။ အကုသလ ကာယကမ္မ ဝစီကမ္မာနိ၊ အကုသိုလ် ကာယကံ ဝစီကံတို့ သည်။ မနော အသံဝရဒွါရဝသေန၊ ဖြင့်။ နုပ္ပဇ္ဇန္တိ ယထာ၊ မဖြစ်ကုန်သကဲ့သို့။ တထာ၊ တူ။ တောနိ၊ ဤ ကုသိုလ် ကာယကံ ဝစီကံတို့သည်။ (မနောသံဝရ-ဒွါရဝသေန၊ ဖြင့်။)နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်သည်ကား။ န၊မဟုတ်ကုန်။ ပန၊အဟုတ် ကား။ တောနိ၊ ဤ ကုသိုလ်ကာယကံ ဝစီကံတို့သည်။ ကာယင်္ဂဝါစင်္ဂ၊ကိုယ်

မနောကံ ဟုသာ ဆိုလိုသည်။ [ယော ဟိ ပရဿ အဓိပ္ပာယော၊ မနသာ နိမ္မိတ္တိတေန သမ္ဘွေန မနောကမ္မနေဝ ဘဝိတမ္ဗံ။—ဋီကာ။]

အထဝါ ကမ္မန္တိ။ ။“အထဝါ ကမ္မန္တိ” စသော ဋီကာ စတုတ္ထနည်းအလို အား ဖြင့် “တံ၊ ထိုကံသည်” ဟု သာမည္ဆွဲပါ။ ထိုကံ၏ ၃—မျိုးပြားပုံကို ပြလို၍ “ကာယ-ဝစီဒွါရေသု စောပနံ ပတ္တံ” စသည်ကို မိန့်သည်။ [အထဝါ ကမ္မန္တိ အဝိသေသေန ကမ္မသဒ္ဒမတ္တေန (မနောကမ္မံဝယ် ကမ္မသဒ္ဒါမျှနှင့်) သမ္ဗန္ဓံ ကတွာ”စသည်—ဋီကာ။]

တတိယ ဝိဂ္ဂဟ။ ။ဤပြခဲ့သော “အကုသလံ ကာယကမ္မံ ပဉ္စဖဿဒွါရဝသေန နုပ္ပဇ္ဇတိ၊ မနောဖဿဒွါရဝသေနေဝ ဥပ္ပဇ္ဇတိ” စသော ဝါကျတို့ဖြင့် ကမ္မပထ-အကမ္မပထတို့၏ ဖဿဒွါရ-စသည်တို့၌ ဖြစ်ပုံကို ရောနှော၍ ပြ၏။ ထို့ကြောင့် ဤဝါကျတို့ကို ရည်ရွယ်၍ ဋီကာ၌ “ဥဘယေသဉ္စ ဥပ္ပတ္တိဝသေန ဒွါရေသု ဝွေ့ သံသန္ဒိတတ္တာ” ဟု ဟိတ်ပါဌ်ပြ၏။ ထို ဟိတ်နှင့်အညီ ကမ္မပထသံသန္ဒနပုဒ်ကို တတိယဝိဂ္ဂဟ ပြခဲ့ရသည်။ ထို ဟိတ်၏ ဖလဝါကျ စကားရပ်ကား “ယထာပကာသိတာနဉ္စ။ပ။ ဥပ္ပတ္တိပကာသနံ ကမ္မပထသံသန္ဒနံ နာမ” ဟူသော စကားရပ်တည်း။

အင်္ဂါ နှုတ်အင်္ဂါကို။ (ဗဟုဝုစ်ရှိလျှင် ကောင်း၏။) အစောပေတွာ၊ မလှုပ်စေမူ၍။ သိက္ခာပဒါနိ၊ တို့ကို။ ဂဏှန္တဿ၊ ယူသောပုဂ္ဂိုလ်၏ (သန္တာန်၌)။မနော-သံဝရဒွါရေပိ၊ ၌လည်း။ ဥပ္ပဇ္ဇန္တိ ဧဝ၊ ဖြစ်ကုန်သည်သာ။[ဧဝံ၊ ဤမဟာအဋ္ဌကထာ၌ ဆိုအပ်ပြီးသော နည်းဖြင့်။ ကမ္မာနံ၊ ကံတို့၏။ ဒွါရေသု၊ တို့၌လည်း ကောင်း။ ဒွါရာနဥ္စ၊တို့၏လည်း။ ကမ္မေသု၊တို့၌လည်းကောင်း။အနိယတတ္တာ၊ မမြဲကုန်သည်၏ အဖြစ်ကြောင့်။ ဒွါရနိဗန္ဓနံ၊ ဒွါရဖြင့် စိတ်ကို အမြဲသတ်မှတ် ဖွဲ့စပ်မှုကို။ န ကတံ၊ ပြုတော်မမူအပ်။]

အမှာ။ ။ဤသို့ ဧဝံ-စသော ဋီကာပါဌ်ကို ထည့်၍ မစု-အဖွင့်အတိုင်း ယောဇနာသည်။ ဧဝံ-စသည်ဖြင့် ဋီကာ၌ နိဂုံးဝါကျ ထည့်ထားသောကြောင့် ဤနေရာတွင် ကမ္မပထသံသန္ဒနကထာ ပြီးပြီဟု ထင်သည်။ အဓိပ္ပာယ်ကို ဋီကာမှာ ရှုပါ။

[ယခုအခါ ဒွါရကထာ၏နိဂုံးနှင့်တကွ ဤမဟာကုသိုလ်စိတ်၏ဖြစ်ပုံကိုပြလို၍ တတ္ထ-စသည်ကို မိန့်သည်။ဒွါရကထာ၏အစ မာတိကာ၌ တီဏိကမ္မဒွါရာနိ၊ ပဉ္စ ဝိညာဏဒွါရာနိ-စသည်ကို သတိပြုပါ။ ထို မာတိကာအတိုင်းဆိုလိမ့်မည်။]

တတ္ထ၊ ထို ကမ္မဒွါရ-စသည်တို့တွင်။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော။ ကုသလံ စိတ္တံ၊ သည်။ တိဝိဓကမ္မဒွါရဝသေန၊ ၃-ပါးအပြားရှိသော ကမ္မဒွါရ၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏။ပဉ္စ ဝိညာဏဒွါရဝသေန၊ ၅-ပါးသော ဝိညာဏဒွါရတို့၏ အစွမ်းဖြင့်။ နုပ္ပဇ္ဇတိ။ ပန၊ ကား။ ယမိဒံ။ပ။ အဒုက္ခမသုခံ ဝါတိ၊ ဟူသော။ ဣမိနာ နယေန၊ ဖြင့်။ ဆ ဖဿဒွါရဝသေန ဥပ္ပဇ္ဇတိ။ အဋ္ဌ အသံဝရဒွါရဝသေန၊ ၈-ပါးသော အသံဝရဒွါရတို့၏ အစွမ်းဖြင့်။ နုပ္ပဇ္ဇတိ၊အဋ္ဌ သံဝရဒွါရဝသေန ဥပ္ပဇ္ဇတိ။ ဒသ အကုသလကမ္မပထဝသေန၊၁၀-ပါးသော အကုသလ ကမ္မပထတို့၏ အစွမ်းဖြင့်။ နုပ္ပဇ္ဇတိ၊ ဒသ ကုသလကမ္မပထဝသေန ဥပ္ပဇ္ဇတိ။ တသ္မာ၊ ထို့ကြောင့်။ ဣဒမ္ပိ စိတ္တံ၊ ဤ ပထမ မဟာကုသိုလ်စိတ်သည်လည်း။ တိဝိဓကမ္မဒွါရဝသေန[1] ဝါ၊ ဖြင့်မူလည်း။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဝါ၊ အတိတ်စိတ်၏ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်။ ဟောတု၊ ဖြစ်စေ။ ဆ ဖဿဒွါရဝသေန ဝါ၊ ဖြင့်မူလည်း။ (ဥပ္ပန္နံ။ ဟောတု၊

၁။ **တိဝိဓကမ္မဒွါရဝသေန။** ။"စိတ္တံ တိဝိဓကမ္မဒွါရဝသေန ဥပ္ပဇ္ဇတိ"ဟူသော စကားရပ်၌ ကာမာဝစရကုသိုလ်စိတ်၏ ကာယကမ္မဒွါရ(ကာယဝိညတ်)၏ အစွမ်းဖြင့် ဖြစ်ပုံ၊ဝစီကမ္မဒွါရ (ဝစီဝိညတ်)၏ အစွမ်းဖြင့် ဖြစ်ပုံမှာ ထင်ရှားပါ၏။ စိတ်ကိုယ်တိုင်က "အယံနာမ မနော မနောဒွါရံ န ဟောတီတိ န ဝတ္တဗ္ဗံ" နှင့်အညီ မနောဒွါရဖြစ်နေသောကြောင့်"ထိုဒွါရဖြစ်သောစိတ်က အဘယ်နည်းဖြင့် ထိုဒွါရ၏အစွမ်းဖြင့် ဖြစ်သော စိတ် ဖြစ်နိုင်ပါမည်နည်း"ဟု မေးဖွယ်ရှိ၏။

ဖြစ်စေ။)အဌ သံဝရဒွါရဝသေန ဝါ၊ဖြင့်မူလည်း။(ဥပ္ပန္နံ ဟောတု။) ဒသ ကုသလ ကမ္မပထဝသေန ဝါ၊ ဖြင့်မူလည်း။(ဥပ္ပန္နံ၊သည်။ ဟောတု၊ဖြစ်စေ။) ကာမာဝစရံ ကုသလံ။ပ။ဓမ္မာရမ္မဏံ ဝါထိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူ အပ်သော်။ သဗ္ဗံ၊ အလုံးစုံသော စိတ်သည်။ ("တိဝိဓကမ္မဒွါရ၏ အစွမ်းဖြင့် ဖြစ်သောစိတ်"အစရှိသော အလုံးစုံသော စိတ်သည်။) ဝုတ္တမေဝ၊ ဟောတော် မူအပ်ပြီးသည်သာ။ ဟောတိ၊ ဖြစ်တော့၏။ [မည်သည့်နည်းဖြင့် ဖြစ်စေကာမူ "ကာမာဝစရံ။ပ။ဓမ္မာရမ္မဏံ ဝါ"ဟု ဟောတော်မူလိုက်လျှင် အားလုံး ပါဝင် တော့သည်—ဟူလို။] ဣတိ၊ အပြီးတည်း။

ဒွါရကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

အဖြေကား— မနောကမ္မဒွါရဖြစ်သော စိတ်၏ မနောကမ္မဒွါရ အဖြစ်ဖြင့် ဖြစ်ပုံကို မှတ်ယူ၍"ကာမာဝစရ ကုသိုလ်စိတ်သည် မနောကမ္မဒွါရ အဖြစ်ဖြင့် ဖြစ်၏"ဟု ဆိုလို သည်။ [တိဝိဓကမ္မဒွါရဝသေန ဥပ္ပဇ္ဇတီတိ ဣဒံ မနောကမ္မဒွါရဘူတဿ မေတ န သဘာဝေန ဥပ္ပတ္တိံ ဂဟေတွာ ဝုတ္တံ။—ဋီကာ။....တေန သဘာဝေနာတိ မနောကမ္မဿ (မနောကံ၏) ဒွါရဘာဝေန၊ န အညေနာတိ အဓိပ္ပာယော။ —အနု။ ဤအလို ကာယကမ္မဒွါရ ဝစီကမ္မဒွါရနှင့် တွဲခိုက်"ဝသေန၊ အစွမ်းဖြင့်"ဟု အနက်ပေး၍ မနော ကမ္မဒွါရဝသေနနှင့် တွဲခိုက်"ဝသေန၊ အဖြစ်ဖြင့်"ဟု အနက်ပေးပါ၊ မနောကံဟူသည် အနဘိဇ္ဈာ-စသည်တည်း။ ထိုကံ၏ ဖြစ်ကြောင်း ဒွါရအဖြစ်ဖြင့် ဤ မဟာကုသိုလ်စိတ် ဖြစ်သည်—ဟူလို။]

တနည်းအဖြေ။ ။တေဘူမကကုသလအဆုံး၌ "စိတ္တံ ဥပ္ပန္နံ ဟောတိ။ပ။စိတ္တာဓိ- ပတေယျံ"ဟု ရှိ၏။ထိုပါဠိ၌"စိတ္တာဓိပတေယျံ၊ စိတ္တာဓိပတိမှလာသော ဖဿ-စသော သမ္ပယုတ်တရားဟူသော"ဟု အနက်ပေး၍"စိတ္တာဓိပတေယျ"အရ သမ္ပယုတ်တရားကို ကောက်ရသကဲ့သို့၊ ဤ၌လည်း"တိဝိဓကမ္မဒွါရ၌ သမ္ပယုတ်တရားစုကို မနောကမ္မဒွါရ" ဟု ကောက်ပါ။[ယထာ ဝါ စိတ္တံ စိတ္တာဓိပတေယျန္တိ သမ္ပယုတ္တဝသေန ဝုစ္စတိ၊ ဧဝံ ဣဓာပီတိ ဝေဒိတဗ္ဗံ။—ဋီကာ။] ဤဋီကာ၌ အနုဋီကာ ယူပုံမှာ သမ္ပယုတ်တရားစု၏ မနောကမ္မဒွါရအမည်ကို စိတ်၌ပြန်၍ တင်စားပါ။ သို့မှ စိတ်ကို မနောကမ္မဒွါရဟု ယူနိုင်မည်—ဟူလို သတတ်။

တနည်း။ ။ကာယဒွါရ ဝစီဒွါရမပါပဲ မနောအစဉ်ချည်း ဆက်၍ ဖြစ်နေရာ၌ ရှေးရှေးစိတ်ကို"မနောကမ္မဒွါရ=မနောကံ၏ဖြစ်ကြောင်း ဒွါရ"ဟု ယူနိုင်၏၊ သို့ဖြစ် လျှင် တိဝိဓကမ္မဒွါရဝသေန-၌လည်း မနောကမ္မဒွါရအတွက် ရှေးရှေးစိတ်ကိုယူ၍ စိတ္တံ ဥပ္ပန္နံ၌ စိတ္တံ အတွက် နောက်နောက်စိတ်ကို ယူနိုင်ပါသည်။ ဤသို့ယူလျှင် စောဒနာ ဖွယ်ပင် မရှိတော့။ [စောပနဒွါရဟိတဿ မနောပဗန္ဓဿ မနောကမ္မဘာဝေ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ —ဋီကာ။....ဝတ္တဗ္ဗမေဝ နတ္ထိ အနန္တရပစ္စယဘူတမနောရဟိတဿ စိတ္တဿ အဘာဝတော။—အနုဋီကာ။]

ဒွါရကထာအဖွင့်ပြီး၏။

ယံယံဝါပနအဖွင့်

အမှာ။ ။ပါဠိတော်၌ "ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ" နှင့်စပ်၍ "စိတ်ဖြစ်ဖို့ရာ အာရုံသည် အမြဲပါရ၏၊ဒွါရကား မမြဲ"ဟု ဆိုပြီးလျှင် "ဒွါရ မမြဲ"ဟူသော ထိုစကားနှင့်စပ်၍ ဒွါရကထာကိုအကျယ်ဆိုခဲ့ရာ ယခုအခါ ပြီးပြီဖြစ်၍ ဓမ္မာရမ္မဏံ ဝါ တိုင်အောင် ဖွင့်ပြပြီးဖြစ်ရကား "ယံယံ ဝါပနာရဗ္ဘ"စသော ပါဠိတော်ကို ဖွင့်ပြပါတော့မည်။

ယံယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ¹၊ယံယံ ဝါ ပနာရဗ္ဘ-ဟူသော ဤပါဠ်၌။အယံ၊ ဤ ဆိုအပ်လတ္တံ့ကား။ ယောဇနာ၊ ယံယံ ဝါ ပန-ဟူသောပုဒ်ကို ဆိုခြင်း၌ အကျိုးကို ယှဉ်စေခြင်းတည်း။ (ယှဉ်စပ်၍ ပြခြင်းတည်း။) ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တေသု၊ ဟောတော်မူအပ်ပြီးကုန်သော။ ရူပါရမ္မဏာဒီသု၊ ရူပါရုံ အစရှိသော အာရုံတို့တွင်။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုသော်လည်း။ အာရဗ္ဘ၊ အာရုံပြု၍။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ (ဥပ္ပန္နံ ဟောတိ-၌ စပ်။) ဣတိ အတ္ထော၊ နက်။ [အာရဗ္ဘ ကို "အာရမ္မဏံ ကတွာ" ဟု ဖွင့်သည်။] သဒ္ဒါရမ္မဏံ ဝါ၊ ကို သော်လည်း ။ပ။ ဓမ္မာရမ္မဏံ ဝါ၊ ကိုသော်လည်း။ အာရဗ္ဘ။ ဥပ္ပန္နံ၊ သည်။ ဟောတိ။ [အချို့စာအုပ်၌ "ဟောတီတိ" ဟု ရှိ၏။ ဣတိ(အယံ)၊ ဤဆိုအပ်ပြီးကား။ ယောဇနာ ¹၊ တည်း" ဟု ပြန်အုပ်ပါ။]

၁။ ယံယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ။ ။"ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ" ဟု ဟောတော်မူပြီးလျှင် "အာရဗ္ဘ" ဟု ဆက်၍ ပါဠိတော်၌ ဟောထိုက်သည် မဟုတ်ပါလော။ အဘယ်အကျိုးငှာ "ယံယံ ဝါ ပန-ဟူသော ပုဒ်အပေါင်းကို ဟောတော်မူပါသနည်း" ဟု မေးဖွယ်ရှိသောကြောင့် "ယံယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ" ဟူသော ပါဌ်ကို မိန့်သည်။ ရှေးနိဿယ၌ကား "ပဒယောဇနာ၊ ဖလယောဇနာ ၂-ပါး တို့တွင် ဖလယောဇနာအားဖြင့် ယောဇနာလိုသော ဆရာသည် ယံယံ ဝါပနာရဗ္ဘာတိ ဧတ္ထ အယံ ယောဇနာ-မိန့်သော်" ဟု ကျမ်းတက်လေသည်။

၂။ အယံ ယောဇနာ။ ။[ယုဇ ဓာတ်၊ ကာရိတ်ကျေ၊ယုပစ္စည်း။] ယောဇီယတေ၊ ယှဉ်စေခြင်း။ ယောဇနာ၊ ခြင်း။ ထို ယောဇနာသည် တပုဒ်နှင့်တပုဒ်ကို ယှဉ်စေခြင်း (စပ်၍ ဆက်သွယ်၍ပြခြင်း) ဟူသော ပဒယောဇနာ၊ထိုထိုပုဒ်၌ ရထိုက်သော အနက်ကို ယှဉ်စေခြင်း (ပါဠိကို မြန်မာလို နိဿယပြန်ခြင်း) ဟူသော အတ္ထယောဇနာ၊ထိုထိုပုဒ်ကို ဆိုရခြင်း၏ အကျိုးကို ယှဉ်စေခြင်း (ယှဉ်စပ်၍ ပြခြင်း) ဟူသော ဖလယောဇနာ ဟု ၃-မျိုး ရှိ၏။ ထိုတွင် ဤနေရာ၌ ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ-၏ နောက်၌ ပါဠိတော်ဝယ် ဟောတော်မူအပ်သော "ယံယံ ဝါ ပန" စသော ပုဒ်အပေါင်းကို ဟောတော်မူရခြင်း၏အကျိုးကို ရူပါရမ္မဏံ ဝါ။ပ။ဓမ္မာရမ္မဏံ ဝါ တို့နှင့်တကွ ယှဉ်တွဲ၍ပြသောကြောင့် "ဖလယောဇနာ ဖြစ်သည်" ဟု မှတ်ပါ။ [အယံ ယောဇနာတိ-ရူပါရမ္မဏံ ဝါ ။ပ။ ပယောဇနံ သမ္ဗန္ဓော။—ဋီကာ။]

[၁]ဝတ္ထာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ (ယံယံ ဝါ ပန-မပါသော ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ-ဟူသော စကားအစဉ်ဖြင့်။) တေသံ စိတ္တာနံ၊ ဤ ပဌမ မဟာကုသိုလ်စိတ်၏။ တေသု အာရမ္မဏေသု၊ ဤအာရုံ ၆-ပါးတို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ဧကမေဝ၊ တပါးသာလျှင်ဖြစ်သော။ အာရမ္မဏံ၊ သည်။ ဝါ၊ ကို။ အနုညာတသဒိသံ၊ ခွင့်ပြုအပ်သည်နှင့် တူသည်။ ဟောတိ၊ ၏။

[၂]စ၊ စင်စစ်ကား။ဣဒံ၊ဤ ပဌမ မဟာကုသိုလ်စိတ်သည်။ ဧကသ္မိံ သမယေ၊ တခုသောအခါ၌။ ဝါ၊ တနည်း။ ဧကဿ ပုဂ္ဂလဿ၊ တယောက်သော ပုဂ္ဂိုလ်၏ (သန္တာန်၌)။ ရူပါရမ္မဏံ၊ ကို။ အာရဗ္ဘ၊ ၍။ ဥပ္ပန္နံ၊ သည်။ ဟောတိ။ ပုန၊ တဖန်။ အညသ္မိံ သမယေ၊ အခြားသောအခါ၌။ ဝါ၊ တနည်း။ အညဿ ပုဂ္ဂလဿ၊ အခြားသော ပုဂ္ဂိုလ်၏ (သန္တာန်၌)။ သဒ္ဒါဒီသုပိ၊ သဒ္ဒါရုံ အစရှိသည်တို့တွင်လည်း။ အညတရံ၊ အမှတ်မထား တပါးပါးသော။ အာရမ္မဏံ အာရဗ္ဘ။ ဥပ္ပဇ္ဇတိ ဧဝ၊ ဖြစ်နိုင်သည်သာ။

ပယောဇန သမ္ဗန်။ ။ယောဇနာကို "သမ္ဗန္ဓော" ဟု ဋီကာ ဖွင့်သောကြောင့် ဤနေရာဝယ် ယောဇနာနှင့် သမ္ဗန္ဓောကို သဘောတူ ဟု သိရ၏။ ထိုသမ္ဗန္ဓသည်လည်း ဆဋ္ဌီဝိဘတ်၏ အနက်ဖြစ်သော သာမိသမ္ဗန်၊ အနုသန္ဓေ ကျမ်းတက်မျိုး ဖြစ်သော အနုသန္ဓေသမ္ဗန်၊ အကျိုးဖလကို ဆက်စပ်၍ ပြခြင်း ဟူသော ပယောဇနသမ္ဗန်၊ ပါဌသေသစသည်ကြောင့် ပုဒ်ချင်းဆက်စပ်၍ ပြရသော ပဒသမ္ဗန် ဟု ၄-မျိုးရှိ၏။ ထိုတွင်-ဤနေရာ၌ ပယောဇနသမ္ဗန်တည်း။ [ကော ပနာယံ သမ္ဗန္ဓောတိ ။ပေ။ တံ ပုဗ္ဗာပရဝစနေ ပယောဇနံ သမ္ဗန္ဓော။-ဋီကာ။] ယိုအကျိုးကား ဝတ္ထာဝတာ-စသော နောက်စကားဖြင့် ထင်ရှားလတ္တံ့။

၁။ ဝတ္ထာ ဝတာ ။ပ။သဒိသံ ဟောတိ။ ။ယံယံ ဝါ ပန မပါလျှင် "ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ" ဟု ဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် ထိုအာရုံ ၆-ပါးတို့တွင် တပါးပါးကိုသာ ဤ ပဌမ မဟာကုသိုလ်စိတ်က အာရုံပြုရာရောက်သည်။ ဤသို့ ရောက်သောအပြစ်ကို ပြသောကြောင့် "ရူပါရမ္မဏံ ဝါ ။ပ။ ဝုတ္တေန အာပန္နံ ဒေါသံ ဒဿေတွာ" ဟု ဋီကာမိန့်သည်။

၂။ ဒဿနူ။ပ။အာဟ။ ။ဤဒဿနူ-မှစ၍ ဒဿေတုံ ယံယံ ဝါ ပနာရဗ္ဘာတိ အာဟ" တိုင်အောင်သော စကားဖြင့် ထိုအပြစ်ကို နစ်စေ၍ "ယံယံ ဝါ ပန" ဟု ဟောတော်မူရခြင်း၏ အကျိုးကိုပြသည်။ ထိုတွင်-ဒဿနူ ။ပ။ ဥပ္ပဇ္ဇတိ ဧဝဖြင့် ဤစိတ်၏ သဗ္ဗာရမ္မဏ (အာရုံ ၆-ပါးလုံးကို) အာရုံပြုနိုင်ကြောင်း ပြ၏။ ယံယံ ဝါ ပန-(အမှတ်မထားတပါးပါးသော အာရုံ) ဟုဆိုသဖြင့် မည်သည့်အာရုံ မဆို အာရုံပြုနိုင်ကြောင်း ပြသည်-ဟူလို။

[၁] စ၊ ဆက်။ ဝေါ၊ သို့။ ဥပ္ပဇ္ဇမာနဿ၊ ဖြစ်သော။အဿ၊ ထို ပထမ မဟာကုသိုလ်စိတ်၏။ ကေသိဉ္စိ ဘဝေ၊ တခုသော ဘဝ၌။ ပဌမံ၊ ရှေးဦးစွာ။ ရူပါ-ရမ္မဏံ၊ ကို။ အာရဗ္ဘ။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ။ ပစ္ဆာ၊ နောက်မှ။ သဒ္ဒါရမ္မဏံ (အာရဗ္ဘ ပဝတ္တိ ဟောတိ။) ဣတိ၊ ဤသို့ အစရှိသော။ အယမ္ပိ ကမော၊ ဤ အစဉ်သည်လည်း။နတ္ထိ။

[၂] စ၊ သည်သာ မကသေး။ ရူပါဒီသုပိ၊ ရူပါရုံ အစရှိသော အာရုံတို့တွင်သည်း။ ပဌမံ၊ စွာ။ နီလာရမ္မဏံ၊ ညိုသောအဆင်း အာရုံကို။ (အာရဗ္ဘ ပဝတ္တိ ဟောတိ။) ပစ္ဆာ၊ နောက်မှ။ ပီတာရမ္မဏံ၊ ရွှေသောအဆင်း အာရုံကို။ (အာရဗ္ဘ ပဝတ္တိ ဟောတိ။)ဣတိ၊ဤသို့ အစရှိသော။ အယမ္ပိ နိယမော၊ဤအမြဲသတ်မှတ် ဆုံးဖြတ်ခြင်းသည်လည်း။ နတ္ထိ။ ဣတိ၊သို့။ ဣမံ သဗ္ဗာရမ္မဏတာဧ္ဇဝ၊ ဤ အလုံးစုံသော အာရုံရှိသည်၏ အဖြစ်ကိုလည်းကောင်း။(ဣမံ)ကမာဘာ-ဝဉ္စ၊ ဤ အစဉ်၏ မရှိခြင်းကိုလည်းကောင်း။ ကမာဘာဝေပိ၊ အစဉ် မရှိပြန်သော်လည်း။ ဝါ၊ အစဉ် မရှိရာတွင်လည်း။ နီလပီတာဒီသု၊ နီလ ပီတ-အစရှိသော အာရုံတို့တွင်။ နိယမာဘာဝံ စ၊အမြဲသတ်မှတ် ဆုံးဖြတ်အပ်သော အာရုံ၏ မရှိခြင်းကိုလည်းကောင်း။ ဒဿေတုံ၊ ပြတော်မူခြင်းငှာ။"ယံယံ ဝါ ပနာရဗ္ဘာ"တိ၊ ဟူ၍။ (ဘဂဝါ။) အာဟ၊ ပြီ။

ဣဒံ၊ ဤအနက်သည်။ ဝါ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊(ကိံ ဝုတ္တံ ဟောတိ။) ဣမေသု ရူပါဒီသု၊ ဤ ရူပါရုံ အစရှိသော အာရုံတို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ကေမဝ၊ တပါးသော အာရုံကိုသာ။ (အာရဗ္ဘ။ ဥပ္ပန္နံ၊ သည်ကား။) န၊ မဟုတ်။ အထ ခေါ၊ အဟုတ်ကား။ ယံယံ ဝါ ပန၊ အမှတ်မထား တပါးပါးသော

၁။ **ဝေါ။ပ။ ကမော နတ္ထိ။** ။ဤပါဌ်ဖြင့် တဘဝတွင် ရူပါရုံကို ရှေးဦးစွာ အာရုံပြုပြီးမှ သဒ္ဒါရုံကို ဒုတိယ၊ ဂန္ဓာရုံကို တတိယ၊ ဤသို့စသည်ဖြင့် အစဉ်အတိုင်း အာရုံပြုရခြင်း မရှိကြောင်းကို ပြ၏။ "**ယံယံ** ဝါ ပန၊အမှတ်မထား တပါးပါးသော အာရုံ" ဟု ဆိုသဖြင့် အစဉ်အတိုင်းမဟုတ်၊ သင့်သလို အာရုံပြုနိုင်သည်—ဟူလို။

၂။ **ရူပါဒီသု။ပ။နိယမော နတ္ထိ။** ။ရူပါဒီသုပိ။ပ။ နိယမော နတ္ထိ ဖြင့် ရူပါရုံတို့တွင်လည်း ရှေးဦးစွာ နီလ-အာရုံကို အာရုံပြု၍ နောက်မှ ပီတ-အာရုံကို အာရုံပြုရမည်။ ဤသို့စသည်ဖြင့်လည်းကောင်း၊ သဒ္ဒါရုံတို့တွင်လည်း ရှေးဦးစွာ လူ၏အသံကို အာရုံပြုရမည်။ နောက်မှ မိုးသံစသည်ကို အာရုံပြုရမည်။ ဤသို့စသည်ဖြင့် လည်းကောင်း အမြဲသတ်မှတ်ခြင်းမရှိကြောင်းကို ပြ၏။ "ယံယံ ဝါပန၊ အမှတ်မထား တပါးပါးသော အာရုံ" ဟု ဆိုသဖြင့် မည်သည့် အာရုံကို စ၍ အာရုံပြုရမည်၊ ဒုတိယ အ[illegible]မ်၌ မည်သည့် အာရုံကို အာရုံပြုရမည် ဤသို့စသည်ဖြင့် သတ်မှတ်ချက် မရှိကြောင်းကို ပြသည်—ဟူလို။

အာရုံကို။ အာရဗ္ဘ။ ဥပ္ပန္နံ၊ သည်။ ဟောတိ။[ဤစကားဖြင့် သဗ္ဗာရမ္မဏတာ၏ ဆိုလိုရင်းကို ပြသည်။] စ၊ ဆက်။ ဧဝံ၊ သို့။ ဥပ္ပဇ္ဇမာနမ္ပိ၊ ဖြစ်ပြန်သော်လည်း။ ပဌမံ၊ စွာ။ ရူပါရမ္မဏံ၊ ကို။ (အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။) ပစ္ဆာ သဒ္ဒါရမ္မဏံ အာရဗ္ဘ(ဥပ္ပန္နံ ဟောတိ။)ဣတိ။ ဧဝမ္ပိ၊ ဤသို့လည်း။ အနုပ္ပဇ္ဇိတွာ၊ မဖြစ်မူ၍။ ယံယံ ဝါ ပန အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။ ပဋိလောမတော ဝါ၊ ပဋိလုံအားဖြင့် သော်လည်းကောင်း။ (မဗ္ဗာရုံမှစ၍ နောက်ပြန်သော်လည်းကောင်း။)အနုလောမတော ဝါ၊ အနုလုံအားဖြင့် သော်လည်းကောင်း။ (ရူပါရုံမှစ၍ အစဉ်အတိုင်းသော်လည်းကောင်း။) ဧကန္တရိကဒွန္တရိကာဒိ-နယေန ဝါ၊ တစ်အာရုံခြား,နှစ်အာရုံခြား အစရှိသော နည်းအားဖြင့် သော်လည်းကောင်း။ ရူပါရမ္မဏာဒီသု၊ ရူပါရုံအစရှိသောအာရုံတို့တွင်။ ယံဝါ တံဝါ၊ အမှတ်မထား တပါးပါးသော အာရုံကို။ အာရမ္မဏံ ကတွာ၊ ၍။ ဥပ္ပန္နံ ဟောတိ၊ ဣတိ အတ္ထော။[ပဋိလောမတော ဝါ-မှစ၍ အတ္ထောတိုင်အောင် ယံယံ ဝါ ပန အာရဗ္ဘ ဥပ္ပန္နံ ဟောတိကို ထပ်ဖွင့်သည်။ဤစကားဖြင့် ကမာဘာဝ၏ ဆိုလိုရင်းကို ပြသည်။]

စ၊ ဆက်။ ရူပါရမ္မဏေသုပိ၊ တို့တွင်လည်း။ ပဌမံ၊ စွာ။ နီလာရမ္မဏံ၊ ကို။ (အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။) ပစ္ဆာ၊ မှ။ ပီတာရမ္မဏံ၊ ကို။ (အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။) ဣတိ ဣမိနာပိ နိယမေန၊ ဤအမှတ်အသား အားဖြင့်လည်း။ အနုပ္ပဇ္ဇိတွာ။ ယံယံ ဝါ ပန၊ ကို။ အာရဗ္ဘ၊ ၍။ နီလပီတကာဒီသု၊ နီလပီတက-အစရှိကုန်သော။ရူပါရမ္မဏေသု၊တို့တွင်။ ယံဝါ တံဝါ၊အမှတ်မထား တပါးပါးသော။ ရူပါရမ္မဏံ၊ ကို။ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ၊ ဣတိ အတ္ထော။ [ယံယံ ဝါ ပနာရဗ္ဘကို "နီလ ။ပ။ ဣတိ အတ္ထော" ဟု ထပ်၍ ဖွင့်သည်။ ဤစကားဖြင့် နိယမာဘာဝ၏ ဆိုလိုရင်းကို ပြသည်။] သဒ္ဒါရမ္မဏာဒီသုပိ၊ သဒ္ဒါရုံ အစရှိသော အာရုံတို့၌လည်း။ ဧသေဝနယော၊ တည်း။ (ဣတိ-ဤ အနက်သည်။ ဝါ၊ ကို။ ဝုတ္တံ ဟောတိ။) [ဧသေဝနယောတိ-ဟု ဣတိ ရှိသင့်သည်။ မရှိလျှင် ထည့်၍ပေးပါ။] အယံ၊ ဤ ဆိုအပ်ပြီးကား။ တာဝ၊ နောက် ယောဇနာနည်းမှ ရှေးဦးစွာ။ ဧကာ၊ တမျိုးသော။ ယောဇနာ၊ ဖလ-ယောဇနာတည်း။ (ယံယံ ဝါ ပန-ကို ဟောတော်မူခြင်း၏ အကျိုးကို ယှဉ်စေခြင်းတည်း။)

¹ပန၊ ကား။ အယံ၊ ဤ ဆိုအပ်လတ္တံ့ကား။ အပရာ၊ ပထမနည်းမှ တမျိုး တခြားသော။ ယောဇနာ၊ ယောဇနာတည်း။ တေသု၊ ဤစိတ်၏။

၁။ အပရာ ပန ယောဇနာ။ ။ရှေ့နည်း၌ ရူပါရမ္မဏံ စသောပုဒ်ကို "ရူပမေဝ+အာ-ရမ္မဏံ ရူပါရမ္မဏံ"စသည်ဖြင့် ကမ္မဓာရယ်တွဲ၍ အာရဗ္ဘ၏ ကံအဖြင့်ဖြစ် စပ်ရ၏၊ ဤ

ရူပံ၊ အသင်း ဟူသော။ အာရမ္မဏံ၊ သည်။ (အတ္ထိ။) ဣတိ၊ ကြောင့်။ (ရူပါရုံဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်။ တံ၊ ထို စိတ်သည်။) ရူပါရမ္မဏံ၊ ရူပါရမ္မဏ မည်၏ ။ပ။ တေသ၊ ဤစိတ်၏။ ဓမ္မော၊ ဓမ္မဟူသော။ အာရမ္မဏံ (အတ္ထိ)။ ဣတိ၊ ကြောင့်။ (ဓမ္မဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်။ တံ၊ ထို စိတ်သည်။) ဓမ္မာရမ္မဏံ၊ မည်၏။ ဣတိ၊ သို့။ ရူပါရမ္မဏံ ဝါ၊ အဆင်းဟူသော အာရုံရှိသည်မူလည်း ဖြစ်သော ။ပ။ ဓမ္မာရမ္မဏံ ဝါ၊ ဓမ္မ-ဟူသော အာရုံရှိသည်မူလည်း ဖြစ်သော။ စိတ္တံ၊ သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝတွာ၊ ဟောတော်မူပြီး၍။ ပုန၊ တဖန်။ ယံယံ ဝါ ပနာရဗ္ဘာတိ၊ ဟူ၍။ (ဘဂဝါ) အာဟ။ တဿ၊ ထို ယံယံ ဝါ ပနာရဗ္ဘ—ဟူသော ပါဌ်၏။ အတ္ထော၊ အနက်ကား။ ဧတေသု ရူပါဒိသု၊ ဤ ရူပါရုံ အစရှိသော အာရုံတို့တွင်။ ဟေဋ္ဌာ၊ အောက် ပထမ ယောဇနာ နည်း၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်ပင်။ (သဗ္ဗာရမ္မဏတာ၊ ကမာဘာဝ နိယမာဘာဝ နည်းဖြင့်ပင်။) ယံဝါ တံဝါ၊ အမှတ်မထား တပါး ပါးသော အာရုံကို။ အာရဗ္ဘ ဥပ္ပန္နံ။ ဟောတိ၊ ၏။ ဣတိ အယံ၊ ကား။ အပရာ၊ သော။ ယောဇနာ၊ တည်း။

ပန၊ ဝါဒန္တရကား။ မဟာအဋ္ဌကထာယံ၊ ၌။ ယေဝါပနကေ[၁]၊ ယေဝါ-ပနက—တရား၌။ အဘိနဝံ၊ အသစ်ဖြစ်သော တရားသည်။ နတ္ထိ။ ဟေဋ္ဌာ၊ အောက်၌။ (ရူပါရမ္မဏံ ဝါ-စသည်၌။) ဂဟိတမေဝ၊ ယူအပ်ပြီးသော တရားကိုသာ။ ဂဟိတံ၊ ထပ်၍ ယူအပ်ပြီ။ ဣတိ၊ သို့။ ဝတွာ၊ ဆိုပြီး၍။ ရူပံ၊ ကို။ အာရဗ္ဘ ဝါ၊ အာရုံပြု၍ သော်လည်းကောင်း။ပ။ဓမ္မံ၊ ကို။ အာရဗ္ဘ ဝါ၊

နည်း၌ကား ဗဟုဗ္ဗီဟိသမာသ်တွဲ၍ စိတ္တံ၏ ဝိသေသနအဖြစ်ဖြင့် စပ်ရသည်။ ယံယံ ဝါ ပန-ကို ဟောတော်မူခြင်း၌ သဗ္ဗာရမ္မဏတာ စသော အကျိုးရပုံမှာ ပထမနည်းအတိုင်း ပင်တည်း။ [ဟေဋ္ဌာ ဝုတ္တနယေနာတိ သဗ္ဗာရမ္မဏတာဒိ နယေန။—ဋီကာ။] ဤသို့ အကျိုးပြပုံမှာ ရှေ့နည်းနှင့် မထူးပဲ ရူပါရမ္မဏံ ဝါ-စသည်၌ အနက်အရသာ ထူးသော ကြောင့် ဤ ယောဇနာအရ အတ္ထယောဇနာကို ယူသင့်သည်။

၁။ ယေ ဝါ ပနကေ။ ။ပါဠိတော်၌ ဤနေရာဝယ် ''ယေဝါပန'' ဟု မဟော၊ ''ယံယံ ဝါ ပန'' ဟု ဟောတော်မူသောကြောင့် ''ယံ ဝါပနက'' ဟု ဆိုသင့်၏။ သို့ သော် ''ယေဝါ ပနက'' ဟု အသုံးများသောကြောင့် အတွင်ရှင်ဋီအားဖြင့် ''ယေဝါ ပနက'' ဟု သုံးစွဲထားဟန်တူ၏။ ယောဇနာ၌ကား ယံဝါပနကေတိ ယံဝါပနာတိ ဧတ္ထေ ဝုတ္တေ ယံဝါပနကေ''ဟု တွေ့ရ၏။ကဠ်''ကာ-သဒ္ဒေ''ဟူသောဓာတ်၊ အ-ပစ္စည်း။ ''ယေဝါပနေန၊ ယေဝါပန-သဒ္ဒါဖြင့်။ကိယတိ-ကထိယတိ၊ဟောအပ်၏။ ဣတိ ယေဝါ-ပနကော''ဟု ပြုပါ။

လည်းကောင်း။ ဍ္လဒံ ဝါ ဍ္လဒံ ဝါ၊ ဤမည်သော အာရုံ ဤမည်သောအာရုံကို မူလည်း။ အာရဗ္ဘ ဝါ၊ လည်းကောင်း။(စိတ္တံ ဥပ္ပန္နံ ဟောတိ။) ဍ္လတိ၊ ဤသို့။ ကထေတုံ၊ မိန့်တော်မူခြင်းငှာ။ ဍ္လဒံ၊ ဤ ယံယံ့ ဝါ ပန–ဟူသော စကားကို။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ ဍ္လတိ၊ သို့။ ၁တ္တေကမေဝ၊ ဤမျှလောက်သည်သာ။ အာဂတံ၊ လာ၏။

၁။ တ္တေကမေဝ အာဂတံ။ ။ဤအဋ္ဌကထာ ယောဇနာပုံကဲ့သို့ အကျယ်မပြဲ မဟာ အဋ္ဌကထာ၌ အကျဉ်းမျှ ပြသောကြောင့် "တ္တေကမေဝ အာဂတံ" ဟု ဆိုသည်။ ထိုသို့ အကျဉ်းမျှ ဆိုသော်လည်း ယံယံ ဝါ ပနာရဗ္ဘ–ကို "ဍ္လဒံ ဝါ ဍ္လဒံ ဝါ အာရဗ္ဘ" ဟု ဖွင့်သောကြောင့် ဤ အဋ္ဌကထာကဲ့သို့ သမ္ဘာရမ္မဏာတာ၊ ကမာဘာဝ၊ နိယမာ–ဘာဝ ကိုပင် ရည်ရွယ်၍ "ဍ္လဒံ ဝါ ဍ္လဒံ ဝါ အာရဗ္ဘ" ဟု ဖွင့်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ဤ အဋ္ဌကထာနှင့် မဟာအဋ္ဌကထာသည် အကျဉ်းအကျယ်သာ ကွဲပြား၏။ အဓိပ္ပာယ်မှာ သဘောတူ ဟု မှတ်ပါ။.... [တတ္ထ ဍ္လဒံ ဝါ ဍ္လဒံ ဝါတိ ဇတံ သမ္ဘာရမ္မဏာ–တာဒိံ သန္ဓာယ ကထိတန္တိ ဝေဒိတဗ္ဗံ။–ဋီကာ။]

ဓမ္မုဒ္ဒေသကထာ အဖွင့်

[“ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ”စသည်ဖြင့် ဖဿ၊ ဝေဒနာ–စသော သရုပ်ကို ထုတ်ပြခြင်းကို “ဓမ္မုဒ္ဒေသ” ဟု ခေါ်သည်။]

ဖဿပဉ္စမကရာသိအဖွင့်

တသ္မိံ သမယေတိ ဣဒံ၊ တသ္မိံ သမယေ–ဟူသော ဤစကားသည်။ အနိယမနိဒ္ဒိဋ္ဌဿ၊ ယသ္မိံ သမယေ–ဟူသော အနိယမဖြင့် ညွှန်ပြအပ်ပြီးသော။ (မည်သည့် သမယဟု သတ်မှတ်ခြင်းမရှိပဲ ညွှန်ပြအပ်ပြီးသော။) သမယဿ၊ သမယကို။ နိယမတော၊ မှတ်သားသောအားဖြင့်။ (“သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ ရူပါရုံ–စသည်ကို အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်၏ ဖြစ်ရာအခါ” ဟု သတ်မှတ်သောအားဖြင့်။) ပဋိနိဒ္ဒေသဝစနံ၊ တဖန် ညွှန်ပြကြောင်း စကားတည်း။ တသ္မာ၊ ကြောင့်။ (ထိုသို့ တသ္မိံ သမယေ–ဟူသော ဤသဒ္ဒါ၏ အနိယမနိဒ္ဒိဋ္ဌ သမယကို နိယမအားဖြင့် တဖန် ညွှန်ပြကြောင်း သဒ္ဒါ၏ အဖြစ်ကြောင့်။) ယသ္မိံ သမယေ၊ အကြင် အခါ၌။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ စိတ္တံ၊သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ တသ္မိံ ယေဝ သမယေ၊ ထို အခါ၌ပင်။(ကာမာဝစရ ကုသိုလ်စိတ်၏ ခဏတ္တယသို့ရောက်ရာ ထို အခါ၌ပင်။) ဖဿော၊ ဖဿသည်။ ဟောတိ၊ ၏။ပ။အဝိက္ခေပေါ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဧတ္ထ၊ ဤ တသ္မိံ သမယေ ဖဿော ဟောတိ။ပ။အဝိက္ခေပေါ ဟောတိ–ဟူသော ပါဠိရပ်၌။ အယံ အတ္ထော၊ ဤ အနက်ကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။

[“ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ” စသော ပါဠိရပ်၌ အာစရိယဝါဒကို ပြလို၍ “တတ္ထ” စသည် မိန့်။]

တတ္ထ၊ ထို ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ–အစရှိသော ပါဠိရပ်၌။ (ယောဇနာ ကာတဗ္ဗာ–၌ စပ်။ ယောဇနာ၌ “တတ္ထာတိ စိတ္တဖဿာဒီသု” ဟု စွဲလေသည်။) စိတ္တံ၊ သည်။ (ဟောတိ) ယထေဝ၊ ဖြစ်သကဲ့သို့ပင်။ (ကာမာဝစရ ကုသလ သောမနဿသဟဂဂ ဖြစ်သကဲ့သို့ပင်။) ဧဝံ၊ တူ။ ဖဿာဒီသုပိ၊ ဖဿ–အစရှိသော တရားတို့တွင်လည်း။ဖဿော၊ သည်။ ဟောတိ၊ ၏။ ကိံ၊ အဘယ်သို့။ ဟောတိ၊ ဖြစ်သနည်း။ ကာမာဝစရော၊ ကာမာဝစရ ဖြစ်သော။ (ဖဿော၊ သည်။) ဟောတိ။ ကုသလော၊ ကုသိုလ်ဖြစ်သော။ (ဖဿော) ဟောတိ။ [ဥပ္ပန္နော၊ သည်။ ဟောတိ၊ ၏။ ဤ ဝါကျသည် ရှေး စာအုပ်များ၌ မပါ။] သောမနဿသဟဂတော၊ သောမနဿသဟဂုတ် ဖြစ်

သော။ (ဖဿော) ဟောဇတိ။ ဣတိ အာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ (အာဒိဖြင့် ဉာဏသမ္ပယုတ္တော၊ ရူပါရမ္မဏံ ဝါ အာရဗ္ဘ။ တနည်း– ရူပါရမ္မဏော ဝါ-စသည်တို့ကို ညွှန်းသည်။) လဗ္ဘမာနပဒဝသေန၊ ရထိုက်သော ပုဒ်တို့နှင့် စပ်သဖြင့်။ ယောဇနာ၊ ပုဒ်တို့ကို ယှဉ်စေခြင်းကို။ ကာတဗ္ဗာ၊ ပြုထိုက်၏။ ဟိ၊ မှန်။ (လဗ္ဘမာနပဒဝသေန ယောဇနာ ကာတဗ္ဗာ-ဟူသော စကားသည်မှန်၏။ (တနည်း)–ဟိ ယသ္မာ၊ ကြောင့်။ ဝေဒနာယံ၊ ဝေဒနာ ပုဒ်၌။ (ဝေဒနာဟောတိ-ဟူသော ပုဒ်၌။) သောမနဿသဟဂတန္တိ၊ သောမနဿသဟဂတံ–ဟူသော ပုဒ်ကို။ (န လဗ္ဘတိ၊ မရအပ် မရနိုင်။) ပညိန္ဒြိယေ စ- ပညိန္ဒြေ ၌လည်း။ (ပညိန္ဒြိယံ ဟောတိ-ဟူသော ပုဒ်၌လည်း။) ဉာဏသမ္ပယုတ္တန္တိ၊ ဉာဏသမ္ပယုတ္တံ-ဟူသော ပုဒ်ကို။ န လဗ္ဘတိ။ တသ္မာ၊ ကြောင့်။ လဗ္ဘမာန ပဒ- ဝသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဣဒံ၊ ဤစကားသည်။ အဋ္ဌကထာ- မုတ္တကံ၊ ရှေး အဋ္ဌကထာတို့မှ လွတ်သော။ အာစရိယာနံ၊ ရေဝတ–ဆရာတို့၏။ မတံ၊ အလိုရှိအပ်သော အယူတည်း။ ပန၊ ဆက်။ [1]ဧတံ၊ ဤ ရေဝတ ဆရာ၏ စကားကို။ သာရတော၊ အနှစ်အသားအားဖြင့်။ ဝါ၊ အနှစ်အသား ဟူ၍။ န ဒဋ္ဌဗ္ဗံ၊ မမှတ်ထိုက်။

ပန၊ ပရိဟာရပက္ခမှ တပါး စောဒကပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤဖဿ ဝေဒနာ–အစရှိသည်တို့တွင်။ ဖဿောဝ၊ ဖဿကိုသာ။ ပဌမံ၊ စွာ။ ဝုတ္တော၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤကား စောဒနာတည်း။ (ဖဿဿ၊ ဖဿ၏။ တ္တ–၌ စပ်။) ဝါ၊ ဖဿက။ (အဘိနိပါတဝယ် ဏ– ပစ္စည်း၌ စပ်။) စိတ္တဿ၊ ၏။ (အဘိနိပါတ–၌ စပ်) ပဌမာဘိနိပါတတ္တာ၊

[1]။ န ပနေတံ သာရတော ဒဋ္ဌဗ္ဗံ။ ။အာစရိယာနံ အရ–ရေဝတ အမည်ရှိသော ဆရာကိုယူ၊ ဆရာတပါးတည်း ဖြစ်သော်လည်း လေးစားလောက်သောကြောင့် "အာ- စရိယာနံ"ဟု ဗဟုဝုစ် ဆိုသည်။ ထိုဆရာကား "တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ"စသော တရားသရုပ်ကို ထုတ်ပြရာ ဓမ္မုဒ္ဒေသ အခန်း၌လည်း ရှေ ဝါကျ၌ရှိသော "ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ"စသော ဝိသေသနတို့ကို ရသင့်သလို လိုက်စေ၍ "ကာမာဝစရော ကုသလော သောမနဿ- ဟဂတော ဉာဏသမ္ပယုတ္တော ရူပါရမ္မဏံ ဝါ။ပ။ဓမ္မာရမ္မဏံ ဝါ ယံယံ ဝါပန အာရဗ္ဘ ဖဿော ဟောတိ"ဤသို့ စသည်ဖြင့် ယောဇနာစေလိုသည်။ ထိုသို့ ယောဇနာစေလို သော စကားကို အနှစ်အသားဟု မမှတ်ပါနှင့်။ ဘာကြောင့်နည်း–ကာမာဝစရကုသိုလ် စိတ် ဖြစ်ရာအခါဝယ် ဖဿ ဝေဒနာ-စသည်တို့ပါဝင်ကြောင်းကိုသာ ဘုရားရှင် ပြတော် မူလိုရင်းဖြစ်၍ ဖဿ-စသည်တို့၏ ကာမာဝစရ ကုသိုလ်၊ သောမနဿသဟဂုတ် ဖြစ်ကြောင်းစသည်ကို ပြတော်လိုမူရင်း မဟုတ်သောကြောင့်တည်း။–ဋီကာ။

အာရုံ၌ ရှေးဦးစွာ ကျရောက်ကြောင်းတရား၏အဖြစ်ကြောင့်။ (ဧတ္ထ ဖဿောဝ ပဌမံ။ ဝုတ္တော၊ ပြီ။ ဣတိ၊ ဤကား အဖြေတည်း။) [အဘိနိပတတိ ဧတေ-နာတိ အဘိနိပါတော၊ ပဌမံ+အဘိနိပါတော။] ဟိ၊ ချဲ့။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ အာရမ္မဏသ္မိံ၊ ၌။ စိတ္တဿ၊ ၏။ ပဌမာဘိနိပါတော၊ ရှေးဦးစွာ ကျရောက်ကြောင်းသည်။ ဟုတွာ။ဖဿော၊ သည်။ အာရမ္မဏံ၊ ကို။ ဖုသမာနော၊ ထိလျက်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပဌမံ၊ စွာ။ ဝုတ္တော၊ ပြီ။ ပန၊ ဆက်။ ဖဿေန၊ ဖြင့်။ ဖုသိတွာ၊ ထိ၍။ ဝေဒနာယ၊ ဖြင့်။ ဝေဒယတိ၊ ခံစား၏။ သညာယ၊ ဖြင့်။ သဉ္ဇာနာတိ၊ အမှတ်ပြု၍သိ၏။ စေတနာယ၊ ဖြင့်။ စေတေတိ၊ စေ့ဆော်၏။ တေန၊ ကြောင့်။ ဖုဋ္ဌော။ပ။ စေတေတီတိ၊ ဟူ၍။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ [ဘိက္ခဝေ၊ တို့။ ဖုဋ္ဌော၊ အာရုံ၌ တွေ့ထိသောပုဂ္ဂိုလ်သည်။ ဝါ၊ အာရုံ၌တွေ့ထိသော စိတ် စေတသိက် အစုသည်။ ဝေဒေတိ၊ ခံစား၏။ ဖုဋ္ဌော။ သဉ္ဇာနာတိ၊ မှတ်သိသိ၏။ ဖုဋ္ဌော။စေတေတိ၊ စေ့ဆော်၏။- သဠာယတနသံယုတ်၊ ဒုတိယဒွယသုတ်။]

[ထို ဖဿ၏ ပဌမာဘိနိပါတ သဘောကိုပင် ဥပမာဖြင့် ပြလို၍ "အပိစ" စသည်ကို မိန့်။] အပိစ၊ သည်သာ မကသေး။ အယံ ဖဿော နာမ၊ ဤ ဖဿ မည်သည်။ (သဟဇာတသမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော ဟောတိ-၌ စပ်။) ပါသာဒံ၊ ပြာသာဒ်သို့။ ဝါ၊ ပြာသာဒ် ဆောက်လုပ်ခန်းသို့။ ပတွာ၊ ရောက်၍။ ဝါ၊ ရောက်လတ်သော်။ ထမ္ဘော နာမ၊ တိုင်မည်သည်။ သေသဒဗ္ဗသမ္ဘာရာ-နံ၊ ကြွင်းသော သစ်-အဆောက်အဦတို့၏။ ဗလဝပစ္စယော၊ အားကြီးသော အကြောင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တုလာ၊ ထုတ်လျှောက်၊ သင်္ဃာတ၊ ခေါင်လျှောက်။ ဘိတ္တိပါဒ၊ နံရံခြေ။ ကူဋ၊ အထွတ်။ ထုပိကာ ဂေါပါနသီ၊ အခြင်ရနယ်။ [ဤဂေါပါနသီ၏နောက်၌ "သင်္ဃာတက" ဟု ပါသေး၏။ ရှေးနိဿယ၌ မပါ။] ပက္ခပါသက၊ ဝမ်းဘဲတောင်,ခေါင်အုပ်။ မုခဝဋ္ဋိယော၊ နဖူးစည်းတို့သည်။ ဝါ၊ ခြင်ပိတ်တို့သည်။ ထမ္ဘဗဒ္ဓာ၊ တိုင်၌ စပ်ကုန်သည်။ (ဟုတွာ။) ထမ္ဘေ၊ တိုင်၌။ ပတိဋ္ဌိတာ ယထာ၊ တည်ရကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သဟဇာတသမ္ပယုတ္တဓမ္မာနံ၊ အတူတကွဖြစ်သော သမ္ပယုတ်တရားတို့၏။ ဗလဝပစ္စယော၊ သည်။ ဟောတိ။ ဟိ၊ မှန်။ (တနည်း။) ဟိ ယသ္မာ၊ ကြောင့်။ သေ(သော)၊ ဤ ဖဿသည်။ ထမ္ဘသဒိသော၊ တိုင်နှင့်တူ၏။ အဝသေသာ၊ ဖဿမှ ကြွင်းသော တရားတို့သည်။ ဒဗ္ဗသမ္ဘာရသဒိသာ၊ သစ် အဆောက်အဦနှင့် တူကုန်၏။ ဣတိ၊ ကြောင့်။ (သဟဇာတသမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော ဟောတိ။) တသ္မာပိ၊ ထို့ကြောင့်လည်း။ (ထိုသို့ ဖဿ၏ အတူဖြစ်ဖက် သမ္ပယုတ်တရားတို့၏ အားကြီးသော အကြောင်း၏

အဖြစ်ကြောင့်လည်း။) ပဌမံ၊ စွာ။(ဖဿော၊ ကို။) ဝုတ္တော၊ ပြီ။ [ပိဖြင့် ပဌမာဘိနိပါတတ္တာ ဟူသော ရှေ့အကြောင်းကို ပေါင်းပါ။ ယောဇနာ၌ "အပေက္ခာ"ဟု ဆိုလေ၏။]

ပန၊ ထိုသို့ပင် အကြောင်း ပြကြပါသော်လည်း။ ဣဒံ၊ ဤ ရှေးဆရာတို့၏ ပြအပ်သော အကြောင်းသည်။ (ပဌမာဘိနိပါတတ္တာ-ဟူသော အကြောင်း၊ သဟဇာတသမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော-ဟူသော အကြောင်းသည်။)အကာရဏံ၊ သင့်သောအကြောင်း မဟုတ်။ ဟိ၊ ခြဲ။ ဧကစိတ္တသ္မိံ၊ တခုသောစိတ်၌။ ဥပ္ပန္နဓမ္မာနံ၊ ဖြစ်ကြသော တရားတို့တွင်။ အယံ၊ ဤတရားသည်။ ပဌမံ၊ စွာ။ ဥပ္ပန္နော၊ ဖြစ်၏။ အယံ၊ သည်။ ပစ္ဆာ၊ နောက်မှ။ (ဥပ္ပန္နော။) ဣတိ၊ သို့။ ဣဒံ၊ ဤစကားကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ န လဗ္ဘာ၊ မရအပ်။ [ဤစကားဖြင့် ပဌမာဘိနိပါတတ္တာ-ဟူသော အကြောင်းကို ပယ်သည်။]ဖဿဿ၊ ဖဿ၏။ဗလဝပစ္စယဘာဝေပိ၊ အားကြီးသောအကြောင်း၏ အဖြစ်၌လည်း။ ကာရဏံ၊ အကြောင်းကို။ န ဒိဿတိ၊ မတွေ့ မမြင်အပ်။ [ဤစကားဖြင့် "သဟဇာတ သမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော" ဟူသော အကြောင်းကို ပယ်သည်။] ပန၊ စင်စစ်ကား။ဒေသနာဝါရေနေဝ၊ ဒေသနာတော်၏ အလှည့် အကြိမ်အားဖြင့်သာ။ (ဒေသနာက္ကမအားဖြင့်သာ။) ဖဿော၊ ကို။ပဌမံ။ ဝုတ္တော၊ ပြီ။ ဟိ၊မှန်။ ဝေဒနာ ဖုသတိ။ပ။ဝိတက္ကော ဖုသတိတိ၊ ဟူ၍။ အာဟရိတုမ္ပိ၊ ထုတ်ဆောင်ခြင်းငှာလည်း။ ဝဋ္ဋေယျ၊ သင့်ရာ၏။ ပန၊ ထိုသို့ပင် သင့်ရာပါသော်လည်း။ ဒေသနာဝါရေန၊ အားဖြင့်။ ဖဿောဝ၊ ကိုသာ။ ပဌမံ။ ဝုတ္တော၊ ပြီ။ ဣတိ ဝေဒိတဗ္ဗော။

စ၊ ဆက်။ ဧတ္ထ၊ ဤ ဖဿတရား၌။ (ပုဗ္ဗာပရက္ကမော၊ ရှေ့နောက်၏ အစဉ်ကို။ န ပရိယေသိတဗ္ဗော)ယထာ၊ မရှာထိုက်သကဲ့သို့။ ဧဝံ၊ တူ။သေသ-ဓမ္မေသုပိ၊ ကြွင်းသော တရားတို့၌လည်း။ ပုဗ္ဗာပရက္ကမော နာမ၊ ရှေ့နောက်၏ အစဉ်မည်သည်ကို။ န ပရိယေသိတဗ္ဗော၊မရှာထိုက်။(ရှာဖွယ်မလို။)ပန၊အနွယကား။ ဝစနတ္ထလက္ခဏရသာဒီဟိ၊ ဝစနတ္ထ, လက္ခဏ, ရသ, အစရှိသည်တို့ဖြင့်။ (အာဒိဖြင့် ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ယူ။) ဓမ္မာဝ၊ သဘာဝဓမ္မတို့ကိုသာ။ ပရိယေသိတဗ္ဗာ၊ ရှာထိုက်ကုန်၏။ သေယျထိဒံ၊ ဝစနတ္ထ လက္ခဏ ရသ-အစရှိသည်တို့ဟူသည် အဘယ်နည်း။ (ရှေးနိဿယ၌ "ဣဒံ ဣမေ ဝစနတ္ထလက္ခဏရသာဒယော၊ တို့သည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်း" ဟုပေးသည်။)

(ယော သဘာဝေါ၊ အကြင် သဘောတရားသည်။) ဖုသတိ၊ အာရုံ၌ တွေ့ထိတတ်၏။ ဣတိ၊ ကြောင့်။(သော သဘာဝေါ။) ဖဿော၊ ဖဿမည်၏။

သုခုမံ၊ (သော+အယံ)၊ ထို ဖဿသည်။ ဖုသနလက္ခဏော၊ အာရုံ၌ တွေ့ထိခြင်း လက္ခဏာ ရှိ၏။ [ဤကား အလွယ် ပေးခြင်းတည်း။။ "အနုဝဇ္ဇ-သုခဝိပါက လက္ခဏာ ကုသလာ"တွင်းက ညွှန်ပြခဲ့သည့်အတိုင်း အနက်အကျယ်ကိုလည်း ပေးပါ။]သဃ်ဋ္ဋနရသော၊အာရုံစိတ်ကို ထိခိုက်ခြင်းကိစ္စရှိ၏။ သန္နိပါ-တပစ္စုပဋ္ဌာနော၊ အာရုံစိတ်တို့၏ ပေါင်းဆုံခြင်း သဘောတရားဟု ယောဂီတို့ ဉာဏ်အား ထင်လာ၏။ အာပါတဂတဝိသယ ပဒဋ္ဌာနော၊ ရှေးရှုကျရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။ ဟိ၊ ချဲ့။ အယံ၊ ဤ ဖဿသည်။ အရူပဓမ္မော၊ နာမ်တရားသည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ အာရမ္မဏေ၊ ၌။ ဖုသနာကာရေနေဝ၊ တွေ့ထိခြင်း ဟူသော အခြင်းအရာ အားဖြင့်သာ။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ ဖုသနလက္ခဏော၊ ဖုသနလက္ခဏာရှိ၏။ (အာရုံ၌ တွေ့ထိခြင်း လက္ခဏာရှိ၏။) [အမှာ—"ဖုသတိ၊ အာရုံကို တွေ့ထိတတ်၏" ဟု ပေးရိုးရှိ၏။ ဤ၌ကား "အာရမ္မဏေ" ဟု အာဓာရထားပုံကို ကြည့်၍ "အာရုံ၌" ဟု အနက်တမျိုး ပေးလိုက်ပါသည်။]

စ၊ အဖို့တပါးကား။ (လက္ခဏာမှ တပါး ရသကား၊) [1]ကေဒေသေန၊ တစိတ်တဖို့အားဖြင့်။ (ဘေးဘက်တခုခုအားဖြင့်။) အနလ္လီယမာနောပိ၊ မငြိမကပ်ပါသော်လည်း။ [2]ရူပံ၊ ရူပါရုံသည်။ စက္ခုံ၊ စက္ခုပသာဒကို။ (သဃ်ဋ္ဋေတိ) ဝိယ၊ ထိခိုက်သကဲ့သို့ လည်းကောင်း။ သဒ္ဒေါ၊ သဒ္ဒါရုံသည်။ သောတံ၊ သောတပသာဒကို။ (သဃ်ဋ္ဋေတိ) ဝိယ စ၊ ကဲ့သို့လည်းကောင်း။ တထာ၊

၁။ ကေဒေသေန အနလ္လီယမာနောပိ။ ။လောက၌ "ထိ" သော အရာဝတ္ထု ၂-ခုသည် ဘေးချင်းကပ်လျက် စပ်နေရိုးတည်း။ [သစ်သား ၂-ချောင်းကပ်၍ ထိနေပုံကို ကြည့်ပါ။] ဖဿ၏ စိတ်ကိုလည်းကောင်း၊ အာရုံကိုလည်းကောင်း ထိခိုက်ရာ၌ ထိုကဲ့သို့ ထိပါသလော ဟု မေးဖွယ်ရှိသောကြောင့်"ကေဒေသေန အနလ္လီယမာနောပိ" ဟု မိန့်သည်။ ကေဒေသေနကို ဋီကာ၌ "ကေပဿေန၊ ဘေးတဘက်ချင်း အားဖြင့်" ဟု ဖွင့်သည်။ ဆိုလိုရင်းကား-"သစ်သား ၂-ချောင်းသည် ဘေးချင်းကပ်၍ ထိစပ်နေသကဲ့သို့ ဖဿသည် စိတ်အာရုံကို ထိရာ၌ ငြိကပ် ထိစပ်၍မနေပါ" ဟူလို။

၂။ ရူပံ။ပ။သောတံ။ ။"ထိုသို့ မငြိ မကပ်လျှင် အဘယ်နည်းဖြင့် စိတ်အာရုံကို ထိနိုင်သနည်း" ဟု မေးဖွယ်ရှိ၍ "ရူပံ ဝိယ" စသည်ကို မိန့်သည်။ ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်ရာ၌ အရာဝတ္ထုချင်း မငြိ ကပ်ပဲ ခတ်ခိုက်သည့် သဘောအားဖြင့် ထိခိုက်သကဲ့သို့ (သဒ္ဒါရုံက သောတကို ထိခိုက်ရာ၌လည်း နည်းတူ။) ဖဿကလည်း မငြိ မကပ် မထိ မစပ်ပဲပင် စိတ်အာရုံ ၂-ပါးစုံကို ထိခိုက်နိုင်သည်-ဟူလို။ [အဋ္ဌ-ကထာ၌ "သဃ်ဋ္ဋေတိ" ဟု ကတ္တုသာဓ် ရှိသော်လည်း "ထိခိုက်တတ်" ဟူသော စကားနှင့် "ထိခိုက်ခြင်း ကိစ္စရှိ" ဟူသော စကားသည် အဓိပ္ပာယ်တူသောကြောင့် "သံဃဋ္ဋနံ+ရသော ယဿာတိ သံဃဋ္ဋနရသော" ဟု ပြုပါ။]

တူ။ စိတ္တံ၊ ကိုလည်းကောင်း။ အာရမ္မဏဉ္စ၊ ကိုလည်းကောင်း။ သဃ်ငွှေတိ၊ ထိခိုက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သဃ်ငွှနရသော[၁]၊ သဃ်ငွှနရသ ရှိ၏။ (ထိခိုက်ခြင်း ကိစ္စရှိ၏။) ဝ'၊ တနည်း။ [၂]ဝဏ္ဏာရမ္မဏသဃ်ငွှနတော၊ ဝဏ္ဏ အာရုံတို့၏ ထိခိုက်ခြင်းကြောင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်ရသည်၏ အဖြစ်ကြောင့်။ သမ္ပတ္တိအတ္ထေနပိ၊ သမ္ပတ္တိ အနက်ရှိသည်လည်း ဖြစ်သော။ ရသေန၊ ရသ အားဖြင့်။ သဃ်ငွှနရသော၊ သဃ်ငွှနရသ ရှိ၏။ (ဝဏ္ဏ အာရုံတို့၏ ထိခိုက်ခြင်းကြောင့် အပြည့်အစုံ ဖြစ်ခြင်းဟူသော ရသရှိ၏။) ဣတိ ဝေဒိတဗ္ဗော။

ဟိ၊ သာဓက ကား။ အဋ္ဌကထာယံ၊မဟာအဋ္ဌကထာ၌။စတုဘူမကဖဿော ။ပ။ န သဃ်ငွှနရသောတိ၊ ဟူ၍။ ဇောံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ [ဟိ၊ မှန်။ စတုဘူမကဖဿော၊ ဘုံ ၄–ပါး၌ဖြစ်သော ဖဿသည်။ နော ဖုသန–လက္ခဏော နာမ၊ ဖုသနလက္ခဏာ မရှိသည်မည်သည်။ နတ္ထိ။ ("နော ဖုသန–လက္ခဏော စတုဘူမက ဖဿော နာမ နတ္ထိ" ဟုသော်လည်း ပေး။) သဃ်ငွှန–ရသော ပန၊ သဃ်ငွှနရသ သည်ကား။ ပဉ္စဒ္ဒါရိကော ဝ[၃]၊ ၅-ဒွါရ၌ ဖြစ်သော ဖဿသည်သာ။ ဟောတိ။ ဟိ၊ မှန်။ ပဉ္စဒ္ဒါရိကဿ၊ ၅-ဒွါ၌ဖြစ်သော

၁။ **သဃ်ငွှန ရသော။** ။ရသ၏ ကိစ္စရသ သမ္ပတ္တိရသ ၂-မျိုးတွင် ''ကေဒေသေန ။ပ။သဃ်ငွှနရသော'' ဖြင့် ကိစ္စရသကို ပြ၏။ [သံပုဋ္ဌ၊ စုရာဒိ ဃဋ္ဋဓာတ်သည် တာဠန (ထိခိုက် ပုတ်ခတ်)၊ ဤဟာ (အားထုတ်) အနက်တို့ကို ဟော၏။ ဤနေရာ၌ တာဠန-အနက်တည်း။] ရူပါရုံသည် စက္ခုပသာဒ၌၊ သဒ္ဒါရုံသည် သောတပသာဒ၌ ထိခိုက်သကဲ့သို့ ဤ ဖဿသည်လည်း ယှဉ်ဖက်စိတ်ကိုလည်းကောင်း၊ အာရုံကိုလည်းကောင်း ထိခိုက်သကဲ့သို့ ဖြစ်တတ်၏။ မှန်၏–ဖဿ၏ ထိခိုက်မှုကြောင့်သာ စိတ်နှင့် အာရုံ ၂-ပါးစုံသည် ပေါင်းမိ၏။ ဖဿသည် အာရုံကိုသာ ထိ၍ စိတ်ကို မထိလျှင်လည်းကောင်း၊ စိတ်ကိုသာ ထိ၍ အာရုံကို မထိလျှင် လည်းကောင်း စိတ်နှင့်အာရုံသည် မဆုံမိ မစပ်မိနိုင်။ [သဃ်ငွှနဋ္ဌ ဖဿဿ စိတ္တာရမ္မဏာနံ သန္နိပတနဘာဝေါ ဧဝ။-ဋီကာ။]

၂။ **ဝဏ္ဏာရမ္မဏ။ပ။ဝေဒိတဗ္ဗော။** ။ဤနည်းကား သမ္ပတ္တိရသကို ပြသောနည်းတည်း။ ''သမ္ပတ္တိ'' ဟူသည်လည်း ''ပြည့်စုံခြင်း'' မဟုတ် ဖြစ်ရိုးဖြစ်စဉ်အတိုင်း အပြည့်အစုံ ဖြစ်ခြင်းတည်း။ [ဖဿဿ သမ္ပတ္တိနာမ ဥပ္ပတ္တိနမေဝ။–အနု။] ''ဝဏ္ဏာရမ္မဏသဃ်ငွှနတော ဥပ္ပန္နတ္တာ'' ကို ကြည့်၍ ''သံဃနနေန၊ ဝဏ္ဏအာရုံတို့၏ ထိခိုက်ခြင်းကြောင့်+ ရသော၊ အပြည့်အစုံဖြစ်ခြင်း ဟူသော သမ္ပတ္တိရသသည်။ ယဿ အတ္ထိတိ သဃ်ငွှနရသော'' ဟု ပြုပါ။

၃။ **ပဉ္စဒ္ဒါရိကော ဝ။** ။''သဃ်ငွှနရသသည် ပဉ္စဒ္ဒါရိက ဖဿအတွက်သာ ဖြစ်၏။ မနောဒွါရိက ဖဿအတွက် မဟုတ်'' ဟု ဧဝဖြင့် တားမြစ်ရာရောက်၏။သို့သော် မနောဒွါရိက ဖဿအတွက် သမ္ပတ္တိအနက်အားဖြင့်သာ သဃ်ငွှနရသ မရသော်လည်း ကိစ္စအနက်အားဖြင့်ကား သဃ်ငွှနရသရနိုင်ပါသည်။

ဖဿ၏။ ဖုသန လက္ခဏောတိပိ၊ ဖုသနလက္ခဏော ဟူ၍ လည်းကောင်း။ သင်္ဃဋ္ဋနရသောတိပိ၊ ဟူ၍လည်းကောင်း။ နာမံ၊ အမည်သည်။ (ဟောတိ။) မနောဒွါရိကဿ၊ မနောဒွါရ၌ဖြစ်သော ဖဿ၏။ ဖုသန လက္ခဏောတွေဝ၊ ဖုသနလက္ခဏော ဟူ၍သာ။ နာမံ၊ သည်။ (ဟောတိ။) သင်္ဃဋ္ဋနရသောတိ၊ ဟူ၍။ (နာမံ) န ဟောတိ။]

စ၊ ဆက်။ ဣဒံ၊ ဤစကားကို။ ဝတွာ၊ ဆိုပြီး၍။ ဣဒံ သုတ္တံ၊ ဤပါဠိကို။ (မိလိန္ဒ ပဉှပါဠိတော်ကို။) အာဘတံ၊ ဆောင်အပ်ပြီ။ (ရှေး မဟာအဋ္ဌကထာ၌ ဆောင်အပ်ပြီ။ ကိ°။) မဟာရာဇ၊ မဟာရာဇာ။ ယထာ၊ ဥပမာကား။ ဒွေ၊ ၂-ကောင်ကုန်သော။ မေဏ္ဍာ၊ ဆိတ်တို့သည်။ ယုဇ္ဈေယျုံ၊ ခတ်ကုန်ရာ၏။ တေသု၊ ထို ဆိတ် ၂-ကောင်တို့တွင်။ ဧကော၊ တကောင်သော။ မေဏ္ဍော၊ ကို။ (ဒဋ္ဌဗ္ဗော) ယထာ၊ မှတ်ထိုက်သကဲ့သို့။ ဧဝံ၊ တူ၊ စက္ခု၊ စက္ခုပသာဒကို။ ဒဋ္ဌဗ္ဗံ၊ မှတ်ထိုက်၏။ ဒုတိယော၊ ဒုတိယဖြစ်သော။ မေဏ္ဍော၊ ကို။ (ဒဋ္ဌဗ္ဗော) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ရူပံ၊ ရူပါရုံကို။ ဒဋ္ဌဗ္ဗံ။ တေသံ၊ ထို ၂-ကောင်သော ဆိတ်တို့၏။ သန္နိပါတော၊ ပေါင်းဆုံခြင်းကို။ (ဒဋ္ဌဗ္ဗော) ယထာ။ ဧဝံ၊ တူ။ ဖဿော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဧဝံ၊ ဤသို့လျှင်။ ဖဿော၊ သည်။ ဖုသနလက္ခဏော စ၊ ဖုသနလက္ခဏာ ရှိသည်လည်းကောင်း။ သင်္ဃဋ္ဋနရသော စ၊ ဝတ္ထု အာရုံတို့၏ ထိခိုက်ခြင်းကြောင့် အပြည့်အစုံ ဖြစ်ခြင်း ဟူသော သမ္ပတ္တိရသ ရှိသည်လည်းကောင်း။ (ဟောတိ။)

မဟာရာဇ၊မဟာရာဇာ။ ယထာ၊ဥပမာ တနည်းကား။ဒွေ၊ ၂-ခုကုန်သော။ သမ္မာ၊ လင်းကွင်းတို့ကို။ ("ခွက်ခွင်းတို့ကို" ဟု လည်း ပေးကြ၏။) ဝဇ္ဇေယျုံ၊ မြည်စေကုန်ရာ၏။ ဝါ၊ တီးကုန်ရာ၏ ။ပ။ ဒွေ၊ ၂-ဘက်ကုန်သော။ ပါဏယော၊ လက်တို့ကို။ (ပါဏိသဒ္ဒါ ပုလ္လိင်။) ဝဇ္ဇေယျုံ။ (တေသု၊ထို ၂-ဘက်သော လက်တို့တွင်။) ဧကော၊ သော။ ပါဏိ၊ လက်ကို။ (ဒဋ္ဌဗ္ဗော) ယထာ၊ ဧဝံ စက္ခု ဒဋ္ဌဗ္ဗံ၊ ဒုတိယော။ ပါဏိ၊ ကို။ (ဒဋ္ဌဗ္ဗော) ယထာ၊ ကဲ့သို့။ ဧဝံ ရူပံ ဒဋ္ဌဗ္ဗံ။ တေသံ၊ ထို ၂-ဘက်သော လက်တို့၏။ သန္နိပါတော၊ ကို။ (ဒဋ္ဌဗ္ဗော) ယထာ၊ ဧဝံ ဖဿော ဒဋ္ဌဗ္ဗော။ ဧဝံ၊ လျှင်။ ဖဿော၊ သည်။ ဖုသနလက္ခဏော စ၊သည် လည်းကောင်း။ သင်္ဃဋ္ဋနရသော စ၊ သည် လည်းကောင်း၊(ဟောတိ။) ဣတိ၊ သို့။ (ဣဒံ သုတ္တံ အာဘတံ။) ဣတိ၊ ဤသို့ အစရှိသော။ ဝိတ္ထာရော၊အကျယ်ကို။ (ဝေဒိတဗ္ဗော)။

ဝါ၊ တနည်း။ စက္ခုနာ ရူပံ ဒိသွာတိ အာဒီသု၊ အစရှိသော ပါဠိရပ်တို့၌။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဉ် အစရှိသည်တို့ကို စက္ခုအာဒိနာမေန၊ စက္ခု အစရှိသော နာမည်ဖြင့်။ (ဌာနူပစာအားဖြင့်။)ဝုတ္တာနိ (ယထာ)၊ဟောတော်

မူအပ်ကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဣဓာပိ၊ ဤ ပါဠိရပ်၌လည်း။ တာနိ၊ ထိုစက္ခု ဝိညာဉ် အစရှိသည်တို့ကို။ စက္ခုအာဒိနာမေန၊ ဖြင့်။ ဝုတ္တာနိ၊ ကုန်ပြီ။ ဣတိ ဝေဒိတဗ္ဗာနိ။ တသ္မာ၊ ကြောင့်။ ဧဝံ စက္ခု •ဒဋ္ဌဗ္ဗန္တိ အာဒီသု၊ ဧဝံ စက္ခု ဒဋ္ဌဗ္ဗံ အစရှိသော ပါဠိရပ်တို့၌။ ဧဝံ၊ တူ။ စက္ခုဝိညာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ။ ဣတိ ဣမိနာ နယေန၊ ဖြင့်။ အတ္ထော ဝေဒိတဗ္ဗော။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်လတ်သော်။ စိတ္တာ ရမ္မဏသဃ်ဋ္ဋနတော၊ စိတ် အာရုံ ၂-ပါးစုံကို ထိခိုက်တတ်သည်၏ အဖြစ်ကြောင့်။ ဣမသ္မိံ ပိ သုတ္တေ၊ ဤ မိလိန္ဒပဉှ ပါဠိတော်၌လည်း။ ကိစ္စဋ္ဌေနေဝ၊ ကိစ္စအနက်ရှိသည်သာလျှင်ဖြစ်သော။ ရသေန၊ ရသအားဖြင့်။ သဃ်ဋ္ဋနရသော၊ သဃ်ဋ္ဋနရသ ရှိ၏။ ဣတိ၊ ဤအနက်သည်။ သိဒ္ဓေါ၊ ပြီးစီးသည်။ ဟောတိ။

ပန၊ ကား။ (ရသမှတပါး ပစ္စုပဋ္ဌာန်ကား။) တိဏ္ဏံ၊ ဝတ္ထု, အာရုံ, ဝိညာဉ် ၃-ပါးတို့၏။ [" စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" စသည်ကို ရည်ရွယ်သည်။] သန္နိပါတသင်္ခါတဿ၊ ပေါင်းဆုံခြင်း ဟု ဆိုအပ်သော။ အတ္တနော၊ မိမိ၏။ ကာရဏဿ၊ အကြောင်း၏။ ဝသေန၊ ဖြင့်။ ပဝေဒိတတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ သန္နိပါတ ပစ္စုပဋ္ဌာနော၊ ဝတ္ထု အာရုံ ဝိညာဉ် ၃-ပါးတို့၏ ပေါင်းဆုံခြင်းဟူသောအခြင်း အရာအားဖြင့် ရှေးရှု ထင်လာတတ်၏။ ["တေနေဝါကာရေန ပစ္စုပဋ္ဌာတိ" ဟု ဆိုလတ္တံ့။] ဟိ၊ မှန်။ အယံ၊ ဤ ဖဿကို။ တတ္ထ တတ္ထ၊ ထိုထို ပါဠိရပ်၌။ တိဏ္ဏံ သင်္ဂတိ ဖဿောတိ၊ ဟူ၍။ ဧဝံ၊ သို့။ ကာရဏဿ၊ ၏။ ဝသေန၊ ဖြင့်။ ပဝေဒိတော၊ အပြားအားဖြင့် သိစေအပ်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

စ၊ ဆက်။ ဣမဿ သုတ္တပဒဿ၊ ဤ သုတ်ပုဒ်၏။ (တိဏ္ဏံ သင်္ဂတိ ဖဿော-ဟူသော ဤသုတ်ပုဒ်၏။) တိဏ္ဏံ၊ ဝတ္ထု, အာရုံ, ဝိညာဉ် ၃-ပါးတို့၏။ သင်္ဂတိ-ယာ၊ ပေါင်းဆုံမိခြင်းကြောင့်။ ဖဿော၊ သည်။ ဟောတိ၊ ၏။ ဣတိ အယံ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ သင်္ဂတိမတ္တမေဝ၊ ပေါင်းဆုံခြင်းမျှသည်သာ။ ဖဿော၊ သည်။ ဟောတိ။ ဣတိ အယံ အတ္ထော၊ ကို။ န (ဒဋ္ဌဗ္ဗော)၊ မမှတ်ထိုက်။ [တိဏ္ဏံ သင်္ဂတိ ဖဿော၌ "သင်္ဂတိ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ သည်။ ဟောတိ" ဟု အနက်မှတ်ပါ။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ "ဖဿော၊ သည်။ ဟောတိ၊ ၏" ဟု အနက်မမှတ်ပါနှင့်-ဟူလို။] ပန၊ ဆက်။

၁။ ကိစ္စဋ္ဌေနေဝ။ ။"စက္ခု၊ စက္ခုပသာဒကို" ဟု ပေးလျှင် သဃ်ဋ္ဋနရသအရ "စက္ခု ပသာဒနှင့် ရူပါရုံတို့၏ထိခိုက်ခြင်းကြောင့် ဖဿဖြစ်၏" ဟူသော သမ္ပတ္တိရသ-သာရ၏။ "စက္ခု၊ စက္ခုဝိညာဉ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏" ဟု ပေးလျှင် စက္ခုဝိညာဉ်ဟူသော စိတ်၊ ရူပါရုံ ဟူသော အာရုံ၊ ထို ၂-ပါးစုံကို ထိခိုက်တတ်သော ကိစ္စရသ-သာ ရသည်-ဟူလို။

ဇဝံ၊ သို့။ (ဝတ္ထု၊ အာရုံ၊ ဝိညာဉ် ၃-ပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿ ဖြစ်၏ ဟူ၍။) ပဝေဒိတတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ် ကြောင့်။ [1]တေနေဝ ါကာရေန၊ ထို ၃-ပါးစုံတို့၏ ပေါင်းဆုံခြင်းဟူသော အခြင်းအရာအားဖြင့်ပင်။ ပစ္စုပဋ္ဌာတိ၊ ဉာဏ်အား ရှေးရှု ထင်လာတတ်၏။ ဣတိ၊ ကြောင့်။ သန္နိပါတ ပစ္စုပဋ္ဌာနော‌တိ၊ သန္နိပါတပစ္စုပဋ္ဌာနော-ဟူ၍။ (မယာ။)ဝုတ္တော၊ ပြီ။

ပန၊ ကား။ (ဥပဋ္ဌာနာကာရ-ပစ္စုပဋ္ဌာန်မှတပါး ဖလ-ပစ္စုပဋ္ဌာန်ကား။) ဖလဋ္ဌေန၊ ဖလအနက်ရှိသော။ ပစ္စုပဋ္ဌာနေန၊ ပစ္စုပဋ္ဌာန်အားဖြင့်။ ဧသ (ဧသော)၊ ဤ ဖဿသည်။ ဝေဒနာပစ္စုပဋ္ဌာနော နာမ၊ ဝေဒနာ ပစ္စုပဋ္ဌာန် မည်သည်။ ဝါ၊ ဝေဒနာဟူသောအကျိုးကိုဖြစ်စေတတ်သည်မည်သည်။ ဟောတိ။ [ဖဿပစ္စယာ ဝေဒနာကို ရည်ရွယ်သည်။] ဟိ၊ မှန်။ ဧသ (ဧသော)၊ ဤ ဖဿသည်။ ဝေဒနံ၊ ဝေဒနာဟူသော အကျိုးကို။ ပစ္စုပဋ္ဌာပေတိ၊ ဖြစ်စေတတ် ၏။ ဥပ္ပာဒေတိ၊ ဖြစ်စေတတ်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ ပစ္စုပဋ္ဌာ-ပေတိ၏ အနက်တည်း။ ["ပစ္စုပဋ္ဌာပေတိ၊ ရှေးရှု ထင်လာစေတတ်၏" ဟု အနက်မပေးပါနှင့်။ "ဖြစ်စေတတ်၏" ဟု အနက်ပေးပါ-ဟူလို။]

[2]စ၊ ဆက်။ ဥပ္ပာဒယမာနော၊ ဝေဒနာကို ဖြစ်စေလတ်သော်။ ဗဟိဒ္ဓာ၊ အပဉ္ဇ။ (ပြင်ဘက်က။) ဥဏှပစ္စယာ၊ အပူဟူသော အကြောင်းရှိသော။ (မီးကျီး မီးခဲ ဟူသော အကြောင်းရှိသော။ ဥသ္မာ-ပုဒ်၌ စပ်။) လာခါသန်ိါတဓာတုနိဿိတာ၊ ချိပ်ဟု ဆိုအပ်သော ဓာတ်၌မှီသော။ ဥသ္မာ၊ အငွေ့သည်။ အတ္တနော၊ မိမိ၏။

၁။ တေနဝ ါကာရေန ပစ္စုပဋ္ဌာတိ။ ။ဖလပစ္စုပဋ္ဌာန်၊ ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ဟု ၂-မျိုးရှိကြောင်းကို သင်္ဂြိုဟ်ဘာသာဋီကာ စိတ္တုံပုဒ်၏ အဖွင့်၌ ပြခဲ့ပြီ။ ထိုတွင် ယောဂီပုဂ္ဂိုလ်တို့သည် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလိုသောအခါ "လက္ခဏ ရသ ပစ္စု-ပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ" နှင့်အညီ ရုပ်နာမ် တရားတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန်တင်၍ ပိုင်းခြားရ၏။ ထိုသို့ ပိုင်းခြားရာ၌ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အား ထင်လာသော အခြင်းအရာကို "ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်" ဟု ခေါ်သည်။ ဤ ဖဿကို ဆင်ခြင်ရာ၌ "ဝတ္ထု၊ အာရုံ၊ ဝိညာဉ် ၃-ပါးစုံတို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော သဘော" ဟု ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အား ထင်လာသည်-ဟူလို။

၂။ ဥပ္ပါဒယမာနော စ။ပ။ဝေဒိတဗ္ဗော။ ။မီးကျီးခဲ၊ ချိပ်၊ အငွေ့ ဤ ၃-မျိုး ကို စဉ်းစားကြည့်ပါ။ မီးကျီးခဲသည် အပြင်ဘက်က အရာဝတ္ထုဖြစ်သော အကြောင်း တည်း။ ထို မီးကျီးခဲဖြင့် ချိပ်ကို ကင်သောအခါ ချိပ်၌ အပူငွေ့ ဖြစ်ပေါ်လာ၏။ ထို အပူငွေ့သည် မီးကျီးခဲကြောင့် ဖြစ်ရသော်လည်း မီးကျီးခဲကို နူးညံ့အောင် မပြု။ မိမိမှီရာ ချိပ်ကိုသာ နူးညံ့အောင် ပျော့ပျောင်းအောင် ပြုသကဲ့သို့၊ ထို့အတူ ဝတ္ထု၊ အာရုံ ဟူ သော ဗဟိဒ္ဓအကြောင်း၊ စိတ် ဖဿ-ဟူသော ၃-မျိုးတို့တွင် ဝတ္ထု၊ အာရုံကြောင့် ဖြစ်

နိဿယေ၊ မှီရာဖြစ်သော ချိပ်၌။ မုဒုဘာဝကာရီ၊ နူးညံ့သည်၏ အဖြစ်ကို ပြုလေ့ ရှိသည်။ ဟောတိ ယထာ၊ ကဲ့သို့။ အတ္တနော၊ ၏။ ပစ္စယဘူတေပိ၊ အကြောင်း ဖြစ်၍ ဖြစ်ပါသော်လည်း။ ဝါ၊ အကြောင်းဖြစ်၍ ဖြစ်သည်လည်း ဖြစ်သော။ (ဥဏှာဘာဝေ-၌ စပ်။) ဗဟိဒ္ဓါ၊ ၌။ ဝီတစ္စိတင်္ဂါရ သန္တိတေ၊ ကင်းသော အလျှံရှိသော မီးကျီးဟု ဆိုအပ်သော။ ဥဏှာဘာဝေ၊ အပူငွေ့၏ ဖြစ်ကြောင်း ဖြစ်ရာ ဒြပ်၌။ (မုဒုဘာဝကာရီ၊ သည်။ န ဟောတိ ယထာ၊ ကဲ့သို့။) ဧဝံ၊ တူ။ ဝတ္ထာရမ္မဏ သန္တတိအညပစ္စယော၊ ဝတ္ထု အာရုံ ဟု ဆိုအပ်သော တပါး သော အကြောင်းရှိသည်။ သမာနောပိ၊ သော်လည်း။ စိတ္တနိဿိတတ္တာ၊ စိတ် ၌ မှီသည်၏အဖြစ်ကြောင့်။ အတ္တနော၊ ၏။ နိဿယဘူတေ၊ မှီရာဖြစ်၍ ဖြစ် သော။ စိတ္တေ ဧဝ၊ ၌သာ။ သေ(သော)၊ ဤ ဖဿသည်။ ဝေဒနုပ္ပာဒကော၊ ဝေဒနာကို ဖြစ်စေတတ်သည်။ ဟောတိ။ အတ္တနော၊ ၏။ ပစ္စယဘူတေပိ၊ အကြောင်းဖြစ်၍ ဖြစ်ပါသော်လည်း။ ဝါ၊ အကြောင်းဖြစ်၍ ဖြစ်သည်လည်း ဖြစ်သော။ ဝတ္ထုမှိ၊ ဝတ္ထုရုပ်၌ သော်လည်းကောင်း။ အာရမ္မဏေ ဝါ၊၌သော် လည်းကောင်း။ (ဝေဒနုပ္ပာဒကော၊သည်။ န ဟောတိ။)ဣတိ ဝေဒိတဗ္ဗော။

ပန၊ ကား။(ပစ္စုပဋ္ဌာန်မှတပါး ပဒဋ္ဌာန်ကား။) တဇ္ဇာသမန္နာဟာရေန[၂]၊ ထို ဖဿအား လျောက်ပတ်သော နှလုံးသွင်း အာဝဇ္ဇန်းသည်လည်းကောင်း။

ရသော ဖဿသည် ထို ဝတ္ထု အာရုံ၌ ဝေဒနာကို မဖြစ်စေ။ မိမိမှီရာ စိတ်၌သာ ဝေဒနာ ကို ဖြစ်စေသည်။ [ဝတ္ထု အာရုံသည် မီးကျီးနှင့် တူ၏။ စိတ်သည် ချိပ်နှင့်တူ၏။ ဖဿ သည် အပူငွေ့နှင့်တူ၏။ ဖဿကြောင့်ဖြစ်သော ဝေဒနာသည် မုဒုဘာဝနှင့် တူ၏။]

မှတ်ချက်။ ။''ဥဏှပစ္စယာ။ပ။ ဓာတုနိဿိတာ'' ဟု ရှုတ္တိလိပ်မူများကို တွေ့ရ ၏။ ဥဿ္မာ၌ ဥသ (ဒါဟေ) ဟူသော ဓာတ်၊ မက် ပစ္စည်း၊ ပုလ္လိင် ဟု ထောမနိဓိ ဆို၏။ ထို့ကြောင့် ''ဥဏှပစ္စယော နိဿိတော'' ဟု ပုလ္လိင်ရှိလျှင် ကောင်းမည်။ ဥဏှာဘာဝေ ၌လည်း ဝီတစ္စိတင်္ဂါရသန္တိတေ ဟူသော ဝိသေသနကို ရှု၍ အပူ၏ ဖြစ်ကြောင်းဖြစ်ရာ ဟူသည် ဝီတစ္စိတင်္ဂါရဟူသော မီးကျီးခဲပင်တည်း ဟု သိပါ။ [ရှေးနိဿယဝယ် ''ဥဏှ ဘာဝေ၊ အပူရှိသော ဝတ္ထု'' ဟု ပေးလေသည်။]

၁။ **စိတ္တေဝေ။** ။ဖဿသည် ဝေဒနာဟူသော အကျိုးကို ဖြစ်စေသောအခါ စိတ် ၌သာ ဖြစ်စေ၏-ဟူရာ၌ စိတ္တေဝေဖြင့် ဖဿ၏ စေတသိက် (စိတ်၌မှီသော) သဘော ဖြစ်ကြောင်း၊ဝတ္ထု အာရုံတို့နှင့် မရောပဲ ဝေဒနာကို ထိခိုက်နိုင်သော သဘောဖြစ်ကြောင်း ပြသည်။ [စိတ္တေဝေါတိ ဧတေန စေတသိကသဘာဝတံ ဝတ္ထာရမ္မဏေဟိ အသံ- သဋ္ဌံ သဃဋ္ဋနံ ဝေဒနာယ ဒသ္သေတိ။-ဋီကာ။]

၂။ **တဇ္ဇာသမန္နာဟာရေန။** ။တဇ္ဇကို''အနုစ္ဆဝိကတ္တုရုဋ္ဌိပုဒ်''ဟု နောက် ဝေနာ နိဒ္ဒေသ၌ ဖွင့်လတ္တံ့။ ထို့ကြောင့် ဋီကာ၌''တဿ ဖဿဿ ကာရဏဘူတော တဒနု- ရူပေါ''ဟု ဖွင့်သည်။ ''သမန္နာဟာရ'' ဟူသည် အာဝဇ္ဇန်းတည်း။ [စာအုပ်တို့၌

ဣန္ဒြိယေန စ၊ စက္ခု-စသော ဣန္ဒြေသည်လည်းကောင်း။ ပရိက္ခတော[၁]၊ ထက်ဝန်းကျင် ပြုစီမံအပ်သော။ ဝိသယေ၊ အာရုံ၌။ [၂]အနန္တရာယေန၊ အန္တရာယ်မရှိသဖြင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်နိုင်ခြင်းကြောင့်။ သေ(သော)၊ ဤ ဖဿကို။ အာပါတဂတဝိသယပဒဋ္ဌာနောတိ၊ ရှေးရှု ကျရောက်လာသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏ ဟူ၍။ ဝုစ္စတိ။

(ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။)ဝေဒယတိ၊ ခံစားတတ်၏။ ဣတိ၊ ထိုသို့ ခံစားတတ်သည်၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) ဝေဒနာ၊ ဝေဒနာမည်၏။ သာ၊ ထို ဝေဒနာသည်။ *ဝေဒယိတလက္ခဏာ၊ခံစားတတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။[ဝေဒယိတ၌ ဘာဝပစ္စယန-ကြံ။]အနုဘဝနရသာ၊ခံစားခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်း။ ဣဋ္ဌာကာရသမ္ဘောဂရသာ၊ အာရုံ၏ ဣဋ္ဌအခြင်းအရာကို သုံးဆောင်ခြင်း ကိစ္စရှိ၏။ စေတသိကအဿာဒပစ္စုပဋ္ဌာနာ၊ စိတ်၌မှီလျက် သာယာသောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏။ ပဿဒ္ဓိပဒဋ္ဌာနာ၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဟူသော နီးစွာသော အကြောင်းရှိ၏။[ဤ သုခဝေဒနာအတွက်"ပဿဒ္ဓိပဒဋ္ဌာနာ"ဟု ဆိုသည်။]

"တဇ္ဇာ"ဟု ချည်း တွေ့ရ၏။ "တဇ္ဇံ တဿာရုပ္ပံ"ဟု လည်းကောင်း၊ "တဇ္ဇော ဝါယာမော"စသည်ဖြင့်လည်းကောင်း ၃-လိင် ရှိနိုင်၏။ "တဇ္ဇော စ သမန္နာဟာရော"ဟု ယောဇနာ၌လည်း ဝိဂ္ဂြိုဟ်ပြုထား၏။ထို့ကြောင့်"တဇ္ဇသမန္နာဟာရေန"ဟု ရှိလျှင် ကောင်းမည်ထင်သည်။]

၁။ ပရိက္ခတော။ ။"ပရိက္ခတ (ပရိ+ကတ)"ဟူသည် အာရုံကို ပြုစီမံခြင်းတည်း။ "ထင်လာသော အာရုံသည် ဖဿဖြစ်ဖို့ရန် နီးစွာသော အကြောင်း ပဒဋ္ဌာန်ဖြစ်၏" ဟူရာ၌ ထိုအာရုံကို စက္ခု-စသော ဣန္ဒြေက ရှေးရှုလျက်လည်း ရှိရခြင်း၊ အာဝဇ္ဇန်းက ထိုအာရုံကို ဆင်ခြင်မိရခြင်း၊ ဤသို့ဖြစ်ခြင်းကို"ပရိက္ခတ (ထက်ဝန်းကျင် ပြုပြင်အပ် ဝိုင်းဝန်း၍ ပြုအပ်)"ဟု ဆိုသည်။ [ပရိက္ခတတာ အဘိသင်္ခတတာ။]

၂။ အနန္တရာယေန ဥပ္ပဇ္ဇနတော။ ။ထိုသို့ ဝိုင်း၍ပြုအပ်သော အာရုံမျိုး၌ စိတ်မဖြစ်အောင် မည်သည့်တန်ခိုးရှင်မျှ မတားနိုင်သည့်အတွက် စိတ်ဖြစ်လျှင်လည်း ဖဿပါ ဖြစ်ရမည် ဖြစ်သောကြောင့်"အနန္တရာယေန ဥပ္ပဇ္ဇနတော"ဟု ဆိုသည်။

* ဝေဒယိတ၊အနုဘဝန။ ။ဝေဒယိတ၌ ဝိဒ-ဓာတ်၊ စုရာဒိ-ဏာယ-ပစ္စည်းဖြင့် "ဝေဒယ"ဟု ဖြစ်ပြီးနောက် တ-ပစ္စည်းဖြင့် "ဝေဒယိတ"ဟု ဖြစ်၏။ ယောဇနာ၌၊ "ဝေဒေန+အယိတံ ပဝတ္တံ ဝေဒယိတံ-(ခံစားခြင်းဖြင့်ဖြစ်သော တရား)ဟု ကြံလေ၏။ ဝိဒ-ဓာတ်၏ အနက်များစွာတွင် အနုဘဝန-အနက်တည်း။ ထို့ကြောင့် ဤစေတသိက်၌ လက္ခဏာနှင့် ရသသည် သဘောတူ၏။ "အာရုံကို ခံစားမှုသည် ထိုတရား၏ အမှတ်အသားလည်း ဖြစ်၊ အလုပ်ကိစ္စ ရသလည်း ဖြစ်သည်"ဟူလို။

ဟိ၊ ချဲ့။ စတုဘူမိကဝေဒနာ၊ ဘုံ ၄-ပါး၌ဖြစ်သော ဝေဒနာသည်။ နော ဝေဒယိတလက္ခဏာ နာမ၊ ဝေဒယိတ-လက္ခဏာ ပရှိသည် မည်သည်။ နတ္ထိ။[“နော ဝေဒယိတလက္ခဏာ၊ သော။ ဧတုဘူမိကဝေဒနာ နာမ နတ္ထိ” ဟု သော်လည်း ပေး။] အနုဘဝနရသတာ ပန၊ နုဘဝနရသ၏ အဖြစ်ကို ကား။ သုခဝေဒနာယ မေဝ၊ ၌သာ။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ သို့။ ဝတ္တာ၊ ဆိုပြီး၍။ပုန၊တဖန်။ တံ ဝါဒံ၊ထိုဝါဒကို။ ပဋိက္ခိပိတွာ၊ပယ်ပြီး၍။သုခဝေဒနာ ဝါ၊ သုခဝေဒနာသည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ဒုက္ခဝေဒနာ ဝါ၊ သည်မူလည်း။(ဟောတု။) အဒုက္ခမသုခဝေဒနာ ဝါ၊ အဒုက္ခမသုခ ဝေဒနာ သည် မူလည်း။ (ဟောတု။)သဗ္ဗာ၊ အလုံးစုံသော ဝေဒနာသည်။အနုဘဝန ရသာ၊ ခံစားခြင်း ကိစ္စရှိ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ အယံ အတ္ထော၊ ကို။ ဒီပိတော၊ ပြအပ်ပြီ။(ကိံ။) အာရမ္မဏရသာနုဘဝနဋ္ဌာနံ၊ အာရုံအရသာ ကို ခံစားရာဋ္ဌာနသို့။ ပတွာ၊ ရောက်၍။ ဝါ၊ ရောက်လတ်သော်။ သေသ သမ္ပယုတ္တဓမ္မာ၊ ဝေဒနာမှကြွင်းသော သမ္ပယုတ်တရားတို့သည်။ ဧကဒေသမတ္တ မေဝ၊ တစိတ်တဒေသမျှကိုသာ။ အနုဘဝန္တိ၊ ခံစားနိုင်ကုန်၏။

ဟိ၊ မှန်။[ရှေးနိဿယ၌ “ဟိ၊ ထင်ရှားဆိုအံ့”ဟု တပ္ပါကဋီကရဏ ကြံသည်။]ဖဿဿ၊ ၏။ ဖုသနမတ္တမေဝ တွေ့ထိခြင်းမျှ သည်သာ။ ဟောတိ။ [ဤတွေ့ထိခြင်းကိုပင် “တစိတ်တဒေသ ခံစားခြင်း”ဟု ဆိုသည်။ နောက်၌ လည်း နည်းတူ။] သညာယ၊ ၏။ သဉ္ဇာနနမတ္တကမေဝ၊ အမှတ်ပြု၍ သိခြင်း မျှသည်သာ။(ဟောတိ။) စေတနာယ၊ ၏။ စေတနာမတ္တကမေဝ၊ စေ့ဆော် ခြင်းမျှ သည်သာ။ (ဟောတိ။) ဝိညာဏဿ၊ ဝိညာဉ်၏။ ဝိဇာနနမတ္တကမေဝ၊ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံသိခြင်းမျှသည်သာ။(ဟောတိ။)ဧကံသတော ပန၊ စင်စစ်အားဖြင့်ကား။ ဣဿရဝတာယ[1]၊ အစိုးရခြင်းရှိသည်၏ အဖြစ်ဖြင့်။ ဝိဿဝိဘာယ[1]၊ထိုက်တန်သည်၏ အဖြစ်ဖြင့်။ ဝါ၊ စွမ်းနိုင်သည်၏ အဖြစ်ဖြင့်။

၁။ ဣဿရဝတာယ။ ။ဣဿရသဒ္ဒါသည် အစိုးရသူ ပုဂ္ဂိုလ်ကို ဟော၏။ဣဿရဝ သဒ္ဒါလည်း အစိုးရသူ ပုဂ္ဂိုလ်ကိုပင် ဟော၏။ ဤသို့ အရတူနေသောကြောင့် အရကွဲ အောင် ရှေ့ဣဿရ၌ ဣဿရဘာဝဟု ဆိုလိုလျက် ဘာဝပ္ပစ္စယ-ဘာဝလောပ ကြံပြီးမှ “ဣဿရော ဧတိဿာ အတ္ထီတိ ဣဿရဝါ(ဝေဒနာ)”ဟု ကေသဝေါကဲ့သို့ မဏိမဥ္ဇူ ကြံသည်။ [ဝ-ပစ္စည်း မသက်ပဲ ဝန္တုပစ္စည်းသက်၍“ဣဿရဝန္တု”ဟု ပြီးပြီးမှ န္တုကို ချေလျှင်လည်း ဖြစ်နိုင်စရာရှိ၏။ ဉပမာ-မဟန္တဿ+ဘာဝေါ မဟတ္တံ-၌ န္တကို ချေရ သကဲ့သို့တည်း။] ထို့နောက် “ဣဿရဝါယ+ဘာဝေါ ဣဿရဝတာ” ဟု ဆက်ပါ။ ဤနည်းအားဖြင့်“အစိုးရသည်၏ အဖြစ်ရှိသော ဝေဒနာ၏အဖြစ်”ဟု အနက်ပေးမှ သဒ္ဒတ္ထ ပြည့်စုံစရာ ရှိသည်။

သာမိဘာဝေန၊ အရှင်သခင်၏ အဖြစ်ဖြင့်။ ဝေဒနာပ၊ သည်သာ။ အာရမ္မဏ-ရသံ၊ ကို။ အနုဘဝတိ၊ ခံစား၏။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ဝေဒနာ၊သည်။ ရာဇာ ဝိယ၊ မင်းနှင့် တူ၏။သေသဓမ္မာ၊ဝေဒနာမှကြွင်းသော သမ္ပယုတ်တရားတို့သည်။သူဒေါ ဝိယ၊ စဖိုသည်နှင့် တူ၏။ သူဒေါ၊ သည်။ နာနာရသဘောဇနံ၊ အမျိုးမျိုး အရသာရှိသော ဘောဇဉ်ကို။ သမ္ပာဒေတွာ၊ ပြီးစီးစေ၍။ [နိပ္ဖာဒေတွာဟု အခြားနေရာ၌ ဖွင့်လေ့ရှိ၏။ ပြည့်စုံစေပြီး၍-ဟူလို။] ပေဋ္ဌာယ၊ ပွဲတော်အုပ်၌။ ပက္ခိပိတွာ၊ ထည့်ပြီး၍။ လဉ္ဆနံ၊ တံဆိပ်ကို။ ဒတွာ၊ ပေးပြီး၍။ (တံဆိပ် ခတ်နှိပ်ပြီး၍။) [ပိတ်ထားသော အဖုံးကို အခြားလူတဇယောက်က ဖွင့်၍ အဆိပ်ခတ်လိုက်မည် စိုးသောကြောင့် ထိုသို့ မဖွင့်နိုင်အောင် တံဆိပ်နှိပ်လိုက်ရသည်။] ရညော၊ ၏။ သန္တိကေ၊ ဒခနီး၌။ ဩတာရေတွာ၊ ချ၍။ လဉ္ဆနံ၊ ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ပေဠံ၊ ကို။ ဝိဝရိတွာ၊ ဖွင့်၍။ သဗ္ဗသူပဗျဉ္စနေဟိ၊ အလုံးစုံသော ဟင်းရည် ဟင်းလျာတို့မှ။ အဂ္ဂဂ္ဂံ၊ အဦးအဖျား အဦးအဖျားကို။ အာဒါယ၊ ယူ၍။ ဘာဇနေ၊ ခွက်တခု၌။ ပက္ခိပိတွာ၊ ထည့်၍။ (စုပေါင်း ထည့်ထား၍။) သဒေါသနိဒ္ဒေါသဘာဝဝီမံသနတ္ထံ၊ အပြစ်ရှိသည်၏ အဖြစ် အပြစ်မရှိသည်၏ အဖြစ်ကို စုံစမ်းခြင်းအကျိုးငှာ။ အဇ္ဈောဟရတိ၊ မျိုရ၏။ (စား၍ ပြရ၏။) [အဆိပ်ပါလျှင် ချက်ထားသော စဖိုသည်သည်ပင် ရှေးဦးစွာ သေရလိမ့်မည်။] တတော၊ ထိုမှ နောက်၌။ ရညော၊ အား။ နာနဂ္ဂရသ ဘောဇနံ၊ အမျိုးမျိုး ကောင်းမြတ်သော အရသာရှိသော ဘောဇဉ်ကို။ ဥပနာမေတိ၊ ဆက်သရ၏။

၁။ ဝိဃဝိတာယ။ ။ဝိပုဗ္ဗ၊ သုဓာတ်သည် ဓာတူနံ အနေကတ္ထတ္တာ နှင့်အညီ အရဟာ-အနက်ကို ဟော၏။ ဝိဃဝတိ၊ ထိုက်တန်၏။ ဣတိ ဝိဃဝီ၊ (ဝိဃဝိဟူသော ဣကာရန္တနောင် ဣတ္ထိဇောတက ဤပစ္စည်း။) ဝိဃဝိယာ၊ ထိုက်တန်သော ဝေဒနာ၏။ (တနည်း-အဃတ္ထိ ဏီပစ္စည်းဖြင့်) ဝိဃဝိနော၊ ထိုက်တန်သော ရှင်ဘုရင်၏+ဘာဝေါ ဝိဃဝိတာ။ [အနေကတ္ထတ္တာ ဟိ ဓာတူနံ အရဟတ္ထော ဝိပုဗ္ဗော သုသဒ္ဒေါ။—ဋီကာ။] (တနည်း) ဝိပုဗ္ဗ-သုဓာတ်သည် သဇန (စွမ်းနိုင်ခြင်း) အနက်ကို ဟော၏။ သဇနံကို သမတ္ထနံဟု ယောဇနာဖွင့်၏။ အာရုံကို (သို့မဟုတ်-စားဖွယ်ကို) အလိုရှိတိုင်း အာရုံ ပြုနိုင် (သို့မဟုတ်-စားစွမ်းနိုင်) ခြင်းဟူသော ဝသိတာသည်လည်းကောင်း၊ အာရုံပြုခြင်း (စားခြင်း၊ စွန့်ပေးခြင်း-စသည်ဖြင့် အလိုရှိတိုင်း ပြုခြင်း) ဟူသော ကာမကာရိတာသည် လည်းကောင်း ဝိဃဝိတာ မည်၏။ [ဝိဃဝံ ဝါ သဇနံ၊ ဝသိတာ ကာမကာရိတာ ဝါ ဝိဃဝိတာ။—ဋီကာ။] ဤနည်းဝယ် မဓုဋီကာ၌ "ဝိသဝပုဗ္ဗ+ဣဓာတ်" ဟုလည်းကောင်း၊ "ဣဓာတု ဝသိတဝါစကော၊ ကာမကာရိတဝါစကော ဝါ" ဟုလည်းကောင်း ဖွင့်လေ့၏။ စဉ်းစားပါ။

ရာဇာ၊ သည်။ ဣဿရဝတာယ၊ ဖြင့်။ ဝိဿဝိတာယ၊ ဖြင့်။ ဝါ၊ ဖြင့်။ သာမီ၊ အရှင်သခင်သည်။ ဟုတွာ။ ဣစ္ဆိတိစ္ဆိတံ၊ အလိုရှိအပ် အလိုရှိအပ်သော ဘောဇဉ်ကို။ ဘုဉ္ဇတိ၊ စားနိုင်၏။

ဟိ၊ ဥပမာန ဥပမေယျ ရောနှော၍ ပြဦးအံ့။ တတ္ထ၊ ထို ဥပမာစကားရပ်၌။ သုဒ္ဒဿ၊ ၏။ ဘတ္တဝိမံသနမတ္တမိဝ၊ ထမင်းကို စုံစမ်းရခြင်းမျှကဲ့သို့။ အဝ- သေသဓမ္မာနံ၊ ဝေဒနာမှကြွင်းသော သမ္ပယုတ်တရားတို့၏။ အာရမ္မဏရသဿ၊ ကို။ ဧကဒေသာနုဘဝနံ၊ တစိတ်တဒေသကို ခံစားရခြင်းသည်။ (ဟောတိ။) ဟိ၊ မှန်။ သူဒေါ၊ သည်။ ဘတ္တေကဒေသမတ္တမေဝ၊ ထမင်း၏ တစိတ်တဒေသ မျှကိုသာ။ ဝီမံသတိ ယထာ၊ စုံစမ်းရသကဲ့သို့။ ဧဝံ၊ တူ။ သေသဓမ္မာပိ၊ ဝေဒနာမှကြွင်းသော တရားတို့သည်လည်း။ အာရမ္မဏရသေကဒေသမေဝ၊ အာရုံ အရသာ၏ တစိတ်တဒေသ ကိုသာ။ အနုဘဝန္တိ၊ ခံစားကြရကုန်၏။ ပန၊ ကား။ ရာဇာ၊ သည်။ ဣဿရဝတာယ ဝိဿဝိတာယ သာမိ ဟုတွာ။ ယထာရုစိံ၊ အလိုရှိတိုင်း။ ဘုဉ္ဇတိ ယထာ၊ စားနိုင်သကဲ့သို့။ ဧဝံ၊ တူ။ ဝေဒနာပိ၊ သည်လည်း။ ဣဿရဝတာယ ဝိဿဝိတာယ။ သာမိဘာဝေန၊ အရှင်သခင်၏ အဖြစ်ဖြင့်။ အာရမ္မဏရသံ၊ ကို။ အနုဘဝတိ၊ ခံစားနိုင်၏။ တသ္မာ၊ ကြောင့်။ အနုဘဝနရသာတိ၊ ဟူ၍။ ဝုစ္စတိ။

ဒုတိယေ အတ္ထဝိကပ္ပေ၊ ဒုတိယ အတ္ထဝိကပ်၌။ (ဣဋ္ဌာကာရသမ္ဘောဂရသာ ဝါ ဟူသော ဒုတိယ အတ္ထဝိကပ်၌။) ဣမ၊ ဤ ပထမ မဟာကုသိုလ်စိတ်၌။ အဓိပ္ပေတာ၊ အလိုရှိအပ်သော။ အယံ ဝေဒနာ၊ ဤ သောမနဿဝေဒနာကို။ ယထာ ဝါ တထာ ဝါ၊ အမှတ်မထား တပါးပါးသော အခြင်းအရာ အားဖြင့်။ အာရမ္မဏဿ၊ ၏။ ဣဋ္ဌာကာရမေဝ၊ ဣဋ္ဌ အခြင်းအရာကိုသာ။ သမ္ဘုဉ္ဇတိ၊ ကောင်းစွာ ခံစား၏။ ဣတိ၊ ကြောင့်။ ဣဋ္ဌာကာရသမ္ဘောဂ- ရသာတိ၊ ဟူ၍။ ဝုတ္တာ၊ ပြီ။ ပန၊ ကား။ (ရသမှတပါး ပစ္စုပဋ္ဌာန်ကား။) စေတသိကအဿာဒတော၊ စိတ်၌မှီသော သာယာတတ်သော တရား၏ အဖြစ် ကြောင့်။ သော၊ ဤ ဝေဒနာကို။ အတ္တနော၊ ၏။ သဘာဝေနေဝ၊ ပင်ကို သာယာခြင်း သဘောအားဖြင့်ပင်။ ဥပဋ္ဌာနံ၊ ယောဂီတို့ဉာဏ်အား ထင်လာ ခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ စေတသိကအဿာဒပစ္စုပဋ္ဌာနာတိ၊ ဟူ၍။ ဝါ၊ စိတ်၌မှီသော သာယာတတ်သော တရား၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏ ဟူ၍။ ဝုတ္တာ၊ပြီ။ ပန၊ ကား။ (ပစ္စုပဋ္ဌာန်မှတပါး ပဒဋ္ဌာန် ကား။) ယသ္မာ၊ ကြောင့်။ ပဿဒ္ဓကာယော၊ ငြိမ်းအေးပြီးသော ရူပကာယ နာမကာယ ရှိသူသည်။ သုခံ၊ သုခကို။ ဝေဒေတိ၊ ခံစား၏။ တသ္မာ၊ ကြောင့်။ ပဿဒ္ဓိပဒဋ္ဌာနာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ။

(ယာ ဓမ္မဇာတိ။) နီလာဒိဘေဒံ၊ အညို အစရှိသော အပြားရှိသော။ အာရမ္မဏံ၊ ကို။ သဉ္ဇာနာတိ၊ မှတ်သိ သိတတ်၏။ ဣတိ၊ ထိုသို့ မှတ်သိ သိတတ် သည်၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) သညာ၊ ၏။ သာ၊ ထို သညာ သည်။*သဉ္ဇာနန လက္ခဏာ၊ မှတ်သိ သိခြင်း လက္ခဏာရှိ၏။ပစ္စာဘိညာဏရသာ၊ ရှေးအမှတ်ဖြင့် နောက်ထပ် သိခြင်းကိစ္စ ရှိ၏။ ဟိ၊ မှန်။ စတုဘူမိကသညာ၊ သည်။ နော သဉ္ဇာနနလက္ခဏာ နာမ၊ သဉ္ဇာနနလက္ခဏာ မရှိသည်မည်သည်။ နတ္ထိ။ သဗ္ဗာ၊ အလုံးစုံသော သညာသည်။ သဉ္ဇာနနလက္ခဏာဝ၊ သဉ္ဇာနန–လက္ခဏာ ရှိသည်သာ။ ဟောတိ။ ပန၊ ဆက်။ တ္ထော၊ ဤ သညာတို့တွင်။ ယာ၊ အကြင် သညာသည်။ အဘိညာဏေန၊ ရှေး အမှတ်အသားဖြင့်။ သဉ္ဇာနာတိ၊ ၏။ သာ၊ ထို သညာသည်။ ပစ္စာဘိညာဏရသာ နာမ၊ ပစ္စာဘိညာဏ–ရသ မည်သည်။ ဟောတိ။

တဿာ၊ ထို သညာ၏။ (ပဝတ္တိ ဝေဒိတဗ္ဗာ–ဥ္စပ်။) ဝဍ္ဎကိဿ၊ လက် သမား၏။ ဒါရုမှိ၊ သစ်သား၌။ အဘိညာဏံ၊ အမှတ်အသားကို။ ကတွာ၊ ပြု ပြီး၍။ ပုန၊ တဖန်။ တေန အဘိညာဏေန၊ ထို အမှတ်အသားဖြင့်။ တံ၊ ထို သစ်သားကို။ ပစ္စာဘိဇာနနကာလေ၊ နောက်ထပ် သိရာအခါ၌ လည်းကောင်း။ (ပဝတ္တိ ဝေဒိတဗ္ဗာ–ဥ္စ–စပ်။) ပုရိသဿ၊ ၏။ ကာဠတိလကာဒိ အဘိညာဏံ၊ မဲသော အပျောက် အကွက် အစရှိသော အမှတ်အသားကို။ [ကာဠောဝ တိလကော ကာဠတိလကော။–ယောဇနာ။ ရှေးနိဿယ၌ ကာဠကို "မှဲမည်း" ဟု လည်းကောင်း၊ တိလကကို "မှန်ကူ" ဟု လည်းကောင်း ပေး၏။] သလ္လက္ခေ–တွာ၊ မှတ်သား၍။ ပုန။ တေန၊ ထို အမှတ်အသားဖြင့်။ သော၊ ဤသူကား။ အသုကော နာမ၊ ထိုမည်သူတည်း။ ဣတိ၊ သို့။ တဿ၊ ထို ယောကျ်ားကို။ ပစ္စာဘိဇာနနကာလေ၊ ဥ္စလည်းကောင်း။ ရညော၊ ၏။ပိဠန္ဓနဂေါပက ဘဏ္ဍာ–ဂါရိကဿ၊ တန်ဆာကို စောင့်ရှောက်သော ဘဏ္ဍာစိုး၏။ တသ္မိံ တသ္မိံ ပိဠန္ဓနေ၊ ထိုထို တန်ဆာ၌။ နာမပဏ္ဏကံ၊ နာမည် စာရွက်ငယ်ကို။ ဝါ၊ ကမ္ပည်း စာရွက်ငယ်ကို။ [နာမဿ လိခနပဏ္ဏကံ–နာမည်ကို ရေးအပ်ရာ စာရွက်ငယ်။] ဗန္ဓိတွာ၊ ဖွဲ့ချည်၍။ အသုကံ ပိဠန္ဓနံ နာမ၊ ထိုမည်သော တန်ဆာကို။ အာဟရ၊

---

*သဉ္ဇာနန ပစ္စာဘိညာဏ။ ။ပညာကဲ့သို့ ထူးထူးထွေထွေ မသိပဲ ထင်လာသော အာရုံကို အညိုပဲ၊ အရွှေပဲ၊ အရှည်ပဲ့–စသည်ဖြင့် မှတ်သောအားဖြင့် သိခြင်းကို "သဉ္ဇာ နန" ဟု ခေါ်၏။ ထို ရှေးအမှတ်အသားဖြင့် နောက်ထပ်သိခြင်းကို "ပစ္စာဘိညာဏ" ဟု ခေါ်သည်။ ပတိ၊ တဖန်။ ဝါ၊ နောက်ထပ်။ အဘိညာဏရသာ၊ ရှေးအမှတ်ဖြင့် သိခြင်းကိစ္စရှိ၏။ ထိုသို့ရှေးအမှတ်ဖြင့် နောက်ထပ်သိရာ၌လည်း တတိယအကြိမ် ထပ်၍ သိဖို့ရန် မှတ်သေး၏။ ထိုမှတ်ခြင်းကားသဉ္ဇာနနတည်း။

ဆောင်ခဲ့လော့။ ဉတိ၊ သို့။ ဝုတ္တော၊ သော်။ ဒီပံ၊ ဆီမီးကို။ ဇာလေတွာ၊ တောက်စေ၍။ ဝါ၊ ညှိထွန်း၍။ ရတနဂဗ္ဘံ၊ ရတနာတိုက်ခန်းသို့။ ပဝိသိတွာ၊ ဝင်၍။ ပဏ္ဏံ၊ စာရွက်ကို။ ဝါစေတွာ၊ တိုးတိုး ဆိုစေ၍။ ဝါ၊ ဖတ်၍။ တဿ တဿေဝ ပိဠန္ဓနဿ၊ ထိုထို တန်ဆာကိုသာလျှင်။ အာဟရဏကာလေ စ၊ ဆောင်ယူရာ အခါ၌လည်းကောင်း။ ပဝတ္တိ၊ ဖြစ်ပုံကို။ ဝေဒိတဗ္ဗာ။ [ဤဥပမာများဖြင့် ရှေးဦးစွာ မှတ်သားပြီးနောက် ထို အမှတ်ဖြင့် နောက်ထပ်သိပုံကို ပြသည်။]

အပရော၊ အခြားသော။ နယော၊ နည်းကို။ (ဧဝံ ဝေဒိတဗ္ဗော။) ဟိ၊ ချဲ့။ [၁]သဗ္ဗသင်္ဂါဟကဝသေန၊ အလုံးစုံသော သညာကို သိမ်းယူသောစကား၏ အစွမ်းဖြင့်။ သညာ၊ သည်။ သဉ္ဇာနနလက္ခဏာ၊ ရှိ၏။ ပုန၊ တဖန်။ ဝါ၊ နောက်ထပ်။ သဉ္ဇာနန ပစ္စယနိမိတ္တ ကရဏရသာ၊ မှတ်သိ သိမှတ်ခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်းကိစ္စရှိ၏။ (ကေ ဝိယ၊ အဘယ်သူတို့ကဲ့သို့နည်း။) ဒါရုအာဒီသု၊ သစ်သား အစရှိသည်တို့၌။ တစ္ဆကာဒယော ဝိယ၊ လက်သမား အစရှိသူတို့ ကဲ့သို့တည်း။ (လက်သမား စသူတို့၏ မှတ်သားပုံ ကဲ့သို့တည်း။)

ယထာဂဟိတ နိမိတ္တဝသေန၊ အကြင်အကြင် ယူအပ်ပြီးသော အမှတ်အသား၏ အစွမ်းဖြင့်။ အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ၊ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို ပြုတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ထင်လာတတ်၏။ (ကေ ဝိယ၊ အဘယ်သူတို့ ကဲ့သို့နည်း။) ဟတ္ထိဒဿကအန္ဓာ၊ ဆင်ကိုညွှန်ပြသော သူကန်းတို့သည်။ (အဘိနိဝေသံ၊ မှားမှား ယွင်းယွင်း နှလုံးသွင်းခြင်း ကို။ ဝါ၊ စွဲလမ်းခြင်းကို။ ကရောန္တိ ဝိယ၊ ပြုကုန်သကဲ့သို့တည်း။) [ဤပုဒ်၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။] ဝါ၊ တနည်း။ အာရမ္မဏေ၊ ၌။ အနောဂါဠ္ဟ ဝုတ္တိတာယ၊ သက်ဝင်သောဖြစ်ခြင်း မရှိသည်၏

၁။ သဗ္ဗ။ပ။ဒယော ဝိယ၊ ။ရှေးဦးစွာ မှတ်သားသောသညာ၊ နောက်ထပ် သိဖို့ရန် အမှတ်အသားပြုသော သညာ ဤ သညာအားလုံးကို သိမ်းယူခြင်းကို "သဗ္ဗသင်္ဂါ-ဟကဝသေန" ဟု ဆိုသည်။ လက်သမားသည် ဤသစ်သားကို မည်သည့်နေရာ၌ အသုံးပြုဖို့ရာ ဟု ရှေးဦးစွာ မှတ်သားလိုက်၏။ ထိုမှတ်သားခြင်းမျိုးသည် နောက်ထပ် သိဖို့ရန်လည်း မှတ်သားရာရောက်၏။ ထိုသို့မှတ်သားရာ၌ ပထမသိခြင်းကား သဉ္ဇာနန-လက္ခဏာတည်း။ နောက်ထပ်သိဖို့ရန် အမှတ်အသားပြုခြင်းကား ကိစ္စတည်း၊ တစ္ဆ-ကာဒယော၌ အာဒိဖြင့် ရွှေပြခဲ့သော ကာဠကလက—စသည်ကို မှတ်တတ်သော မုရိသ၊ ပိဠန္ဓနဂေါပက ဘဏ္ဍာဂါရိက—ဟိုကို ယူပါ။ [တစ္ဆကော ဧဆုကိ မတော။—အဘိဓာန်။]

အဖြစ်ကြောင့်။ (နက်နက်နဲနဲ မယူတတ်သည်၏ အဖြစ်ကြောင့်။) အစိရဋ္ဌာန ပစ္စုပဋ္ဌာနာ၊ ကြာမြင့်စွာ တည်ခြင်းမရှိသော တရားဟု ယောဂီတို့ဉာဏ်အား ထင်လာတတ်၏။ (ကိမိဝ၊ အဘယ်ကဲ့သို့နည်း။) ဝိဇ္ဇု ဝိယ၊ လျှပ်စစ်ကဲ့သို့ တည်း။ [လျှပ်စစ်သည် ကြာမြင့်စွာ မတည်သကဲ့သို့ သညာလည်း အာရုံ၌ ကြာ မြင့်စွာမတည်—ဟူလို။] ယထာ ဥပဋ္ဌိတ ဝိသယပဒဋ္ဌာနာ၊ အကြင်အကြင် ထင် လာတိုင်းသော အာရုံဟူသော နီးစွာသော အကြောင်းရှိ၏။ (ကိမိဝ။) တိဏ– ပုရိသကေသု၊ မြက်ဖြင့်ပြုလုပ်အပ်သော ယောကျ်ားရုပ်တို့၌။ မိဂပေါတကာနံ၊ သမင်ငယ်တို့၏။ ပုရိသာတိ ဥပ္ပန္နသညာ ဝိယ၊ ယောကျ်ားတွေ့ ဟု ဖြစ်သော အမှတ်အသား ကဲ့သို့တည်း။[ဤပုဒ်၏ အဓိပ္ပာယ်ကိုလည်း သင်္ဂြိုဟ်ဘာသာဋီကာ ၌ ပြထားပြီ။]

ပန၊ ဆက်။ ဧတ္ထ၊ ဤ သညာတို့တွင်။ ယာ၊ အကြင် သညာသည်။ဉာဏသမ္ပ ယုတ္တာ၊ ဉာဏသမ္ပယုတ်သည်။ ဟောတိ၊ ၏။ သာ သညာ၊ ထိုသညာသည်။ ဉာဏမေဝ၊ ဉာဏ်သို့သာ။ အနုဝတ္တတိ၊ အစဉ်လိုက်၏။ [ဉာဏ်သို့ အစဉ်လိုက် သောကြောင့် ဉာဏသမ္ပယုတ်သညာသည် အဘိနိဝေသကိုလည်း မပြု။ ဝိပရိ– တဂ္ဂါဟ–လည်း မဖြစ်တော့–ဟူလို။] (ကိမိဝ။) [1]သသမ္ဘာရပထဝီ အာဒီသု၊ အဆောက် အဦနှင့် တကွဖြစ်သော ပထဝီ အစရှိသည်တို့၌။ သေသဓမ္မာ၊ ပထဝီမှကြွင်းသော အာပေါ-စသော တရားတို့သည်။ ပထဝီအာဒီနိ၊ ပထဝီ- အစရှိသည်တို့သို့။ (အာနုဝတ္တန္တိ) ဝိယ၊ အစဉ်လိုက်ကုန်သကဲ့သို့တည်း။ ဣတိ။ ဝေဒိတဗ္ဗာ၊ ၏။

(ယာ ဓမ္မဇာတိ။) စေတယတိ၊ စေ့ဆော်[2] တတ်၏။ ဣတိ၊ ထိုသို့ စေ့ဆော် တတ်သည်၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) စေတနာ၊ မည်၏။ အတ္တနာ၊

၁။ သသမ္ဘာရ ။ပ။ ဝေဒိတဗ္ဗာ။ ။အတူတကွဖြစ်ဖက် အာပေါ တေဇော ဝါ ယော-စသော ရုပ်တို့ကို "သမ္ဘာရ" ဟု ခေါ်၏။ ထိုသမ္ဘာရနှင့် တကွဖြစ်သော ပထဝီဓာတ်ကို "သသမ္ဘာရပထဝီ" ဟု ခေါ်သည်။ ယခုမျက်မြင် မြေကြီးပင်တည်း။ ထိုမြေကြီး၌ ပထဝီ ဓာတ် လွန်ကဲရကား ကက္ခဠ သဘောရှိ၏။ ကြွင်းသော ရုပ်တရား တို့သည် ပထဝီသဘောသို့ လိုက်လျော၍ ဖြစ်ကြရသောကြောင့် မြေကြီးတခုလုံး ခက်မာ ခြင်းသဘော ရှိရလေသည်။ မီး၊ လေ၊ ရေတို့သည်း သသမ္ဘာရ တေဇော၊သသမ္ဘာရ ဝါယော၊ သသမ္ဘာရ အာပေါ တို့တည်း။ ထိုဝတ္ထုတို့၌လည်း ကြွင်းသော ရုပ်တရား တို့သည် တေဇော၊ သို့မဟုတ် ဝါယော၊ သို့မဟုတ် အာပေါတို့၏ သဘောသို့ လိုက်ကြ ရကုန်၏။

၂။ စေ့ဆော်ခြင်း။ ။စေတနာကို "စေ့ဆော်ခြင်း" ဟု ရှေးဆရာတို့ မြန်မာပြန် ကြ၏။ ထို မြန်မာပြန်၌ "စေ့" ဟူသောစကားသည် ဤအဘိသန္ဒဟန အနက်ဖြစ် သော ဖွဲ့စပ်ခြင်းပင်တည်း။"ဆော်"ဟူသော စကားကား နောက်၌လာမည့် ခေတ္တသာဓီ

မိမိနှင့်။ သဒ္ဓိံ၊ ဟာကူ။ သမ္ပယုတ္တာဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ အာရမ္မဏေ၊ ၌။ အဘိသန္ဒဟတိ၊ ဖွဲ့စပ်တတ်၏။ ဣတိ (အယံ)၊ ကား။ အတ္ထော၊ စေတယတိ ဟူသော ပုဒ်၏ အနက်တည်း။ သာ၊ ထို စေတနာသည်။ စေတယိတလက္ခဏာ၊ စေ့ဆော် တတ်သည်၏ အဖြစ်-ဟူသော လက္ခဏာ ရှိ၏။ [စုရာဒိ၊စိတ-ဓာတ် သည် ဥဿာဟ-အနက်ကို ဟော၏။ ထို ဥဿာဟဟူသည်လည်း ဝီရိယ မဟုတ်၊ လေးလေးစားစား အာရုံပြုခြင်းတည်း။]စေတနာဘာဝလက္ခဏာ၊စေ့ဆော်တတ် သည်၏ အဖြစ် ဟူသော လက္ခဏာရှိ၏။ ဣတိ အတ္ထော၊ နက်။ [စေတယိတ-၌ ဘာဝပစ္စယ ကြံပါ။ စေတနာဘာဝေါ ဗျာပါရဘာဝေါ။-ဋီကာ။] အာယူ-ဟနရသာ၊ ဖရိုဖရဲကြဲ၍ မနေအောင် ပေါင်းစုခြင်း ကိစ္စ ရှိ၏။

ဟိ၊ မှန်။ စတုဘူမိကစေတနာ၊ သည်။ နေ၁ စေတယိတလက္ခဏာ နာမ၊ မည်သည်။ နတ္ထိ။ သဗ္ဗာ၊ အလုံးစုံသော စေတနာသည်။ စေတယိတလက္ခဏာဝ၊ စေတယိဘာလက္ခဏာ ရှိသည်သာ။ ဟောတိ။ ပန၊ ကား။ အယူဟနရသတာ၊ အာယူဟနရသ ရှိသည်၏အဖြစ်သည်။ ကုသလာကုသလေသု ဝေ၊ ကုသိုလ် အကုသိုလ် စိတ်တို့၌သာ။ ဟောတိ။ ဟိ၊ ချဲ့။ကုသလာကုသလကမ္မာယူဟနဋ္ဌာ-နံ၊ ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ရာဌာနသို့။ ပတွာ၊ ရောက်၍။ ဝါ၊ သော်။ သေသသမ္ပယုတ္တမ္မာနံ၊ စေတနာမှကြွင်းသော သမ္ပယုတ်တရားတို့၏။ ဧကဒေသမတ္တမေဝ၊ တစိတ်တဒေသမျှသည်သာ။ ကိစ္စံ၊ သည်။ ဟောတိ၊ ၏။ စေတနာ ပန၊ သည်ကား။ အတိရေက ဥဿာဟာ၊ လွန်ကဲသော အားထုတ် ခြင်း ရှိသည်။ အတိရေကဝါယာမာ၊ လွန်ကဲသော ကြိုးစားခြင်းရှိသည်။ ဒိဂု-

---

စသူတို့၏ နှိုးဆော်ပုံကို ယူထားသော စကားတည်း။ အဘိသန္ဒဟတိကို "ပဗန္ဓတိ၊ အဆက်မပြတ်အောင် ဖွဲ့စပ်တတ်၏။ပဝတ္တေတိ၊ အဆက်မပြတ်အောင် ဖြစ်စေတတ်၏" ဟု ဋီကာဖွင့်သည်။ ဆိုလိုရင်းကား—စေတနာ၏ စေ့ဆော်မှုကြောင့် အာရုံ၌ အဆက် မပြတ် ထပ်ကာ ထပ်ကာ သမ္ပယုတ်တရားတွေ ဖြစ်နေကြသည်–ဟူလို။

၁။ အာယူဟနရသာ။ ။"အာ+ဦဟန" ဟု ခွဲ၊ ယ-လာ၍ "အာယူဟန" ဟု ဖြစ်၏။ အာသည် ဗျာပန အနက်ဟော။ ဦဟဓာတ်သည် ("ဓာတူနံ အနေကတ္ထတ္တာ" နှင့်အညီ ရာသိကရဏ အနက်ဟော။ အာ–ယှဉ်ဖက်သမ္ပယုတ်တရားတိုင်း၌ ပျံ့နှံ့၍+ ဦဟန–တပါးစီကွဲ၍မနေအောင်) ပေါင်းစုခြင်း။ သမ္ပယုတ်တရားတို့ကို တပါးစီကွဲ၍ မနေစေပဲ ပေါင်းစုခြင်းကိစ္စကို "အာယူဟနရသ"ဟု ဆိုသည်။ ထို့ကြောင့် ခေတ္တသာမိ ဥပမာ၌ "ကေတော ခေတ္တံ သြတရတိ" ဟု ပေါင်းစုပုံကို ဥပမာပြသည်။ [အနေ–ကတ္ထတ္တာ ဓာတူနံ ဦဟနံ ရာသိကရဏံ ။ပ။ ဧတ္ထ စ ဗျာပနတ္ထံ အာကာရံ၊ တဿ စ ယကာရာဂမံ ကတွာ သမ္ပိဏ္ဍနတ္ထံ အာယူဟနန္တိ ပဒံ ဝေဒိတဗ္ဗံ။— သစ္စဝိဘင်း အနုဋီကာ။]

ဏှုဿာဟာ၊ နှစ်ဆတက် အားထုတ်ခြင်းရှိသည်။ ဒိဂုဏဝါယာမာ၊ နှစ်ဆတက် ကြိုးစားခြင်းရှိသည်။ ဟောတိ၊ ၏။ [အတိရေက ဥဿာဟာကိုပင်“အတိရေက ဝါယာမာ”ဟု ဖွင့်သည်။ ဒိဂုဏုဿာဟာ ဒိဂုဏဝါယာမာတို့ကား အတိရေက ဖြစ်ပုံကို ပြသော စကားတည်း။ ဒိဂုဏ ဆိုသော်လည်း ၂-ဆတက် အားထုတ်ခြင်းမဟုတ်။ ဗျာပါရ များခြင်းတည်း။] တေန၊ ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ ထာဝရိယ၊ ။ပ။ စေတနာတိ ဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။ [သော စေတနာ ဤ စေတနာသည်။ ထာဝရိယသဘာဝသဏ္ဌိတာ[1]၊ လယ်ယာပိုင်ရှင်၏။ သဘော၌ ကောင်းစွာတည်သော တရားတည်း။] ခေတ္တသာမိ၊ လယ်ယာပိုင်ရှင်ကို။ ထာဝရိယောတိ၊ ထာဝရိယ ဟူ၍။ ဝုစ္စတိ။

ခေတ္တသာမိ၊ လယ်ပိုင်ရှင်ဖြစ်သော။ ပုရိသော၊ သည်။ ပဉ္စပဏ္ဏာသ၊ ၅-ကျိပ် ၅-ယောက်သော။ ဗလိပုရိသေ၊ အခစား ယောက်ျားတို့ကို။ ဂဟေတွာ၊ ခေါ်၍။ လာယိဿာမိ၊ ရိတ်အံ့။ ဣတိ၊ ဤသို့ ပြော၍။ ဧကတော၊ တပေါင်းတည်း။ ခေတ္တံ၊ လယ်သို့။ ဩတရတိ ယထာ၊ သက်ဆင်း သကဲ့သို့။ တဿ၊ ထိုလယ်ပိုင်ရှင် ယောက်ျား၏။ အတိရေကော၊ လွန်ကဲသော။ ဥဿာဟော၊ အားထုတ်ခြင်းသည်။ အတိရေကော၊ သော။ ဝါယာမော၊ ကြိုးစားခြင်းသည်။ ဒိဂုဏော၊ ၂-ဆတက်သော။ဥဿာဟော၊သည်။ဒိဂုဏော၊သော။ ဝါယာမော၊ ကြိုးစားခြင်းသည်။ ဟောတိ ယထာ၊ ကဲ့သို့။ နိရန္တရံ၊ မပြတ်မလပ်။(ဝဒတိ-၌ စပ်။) ဂဏှထာတိ အာဒီနိ၊ ဂဏှထ-အစရှိသော စကားတို့ကို။ ဝါ၊ယူကြငင်ကြ အစရှိသော စကားတို့ကို။ဝဒတိ ယထာ၊ ပြောသကဲ့သို့။ သီမံ၊ အပိုင်းအခြားကို။ (“မည်သည့်နေရာတိုင်အောင် ရိတ်ရမည်”ဟူသော အပိုင်းအခြားကို။)အာစိက္ခတိ ယထာ၊ပြောပြသကဲ့သို့။ တေသံ၊ထိုကောက်ရိတ်သမားတို့ဖို့။ သုရာဘတ္တဂန္ဓမာလာဒီနိ၊သေရည်၊ထမင်း၊နံ့သာ၊ပန်း အစရှိသည်တို့ကို။ ဇာနာတိ ယထာ၊ သိသကဲ့သို့။(တိုက်ကျွေးဖို့ ပေးကမ်းဖို့ရန် အလိုက်သိသကဲ့သို့။)မဂ္ဂံ၊ လမ်းကို။(ရိတ်၍သွားရမည့်လမ်း၊ရိတ်စရာလမ်းကို။)သမကံ၊

၁။ ထာဝရိယသဘာဝသဏ္ဌိတာ။ ။ရွှေငွေစသော ဥစ္စာသည် ရွေ့လျားပြောင်းသွားတတ်သောကြောင့် ဇင်္ဂမဥစ္စာ မည်၏။ လယ်ယာတို့ကား မရွေ့မပြောင်းတတ်သော ထာဝရဥစ္စာမည်၏။ ထာဝရေ ယဿ အတ္ထီတိ ထာဝရိယော။ ဋီကာ-ပစ္စည်းမှ က-ကို ယ-ပြု။ [ယောဇနာ၌“ထာဝရဿ ခေတ္တဿ သာမိ ထာဝရိယော”ဟု ပြုလေ၏။] ထာဝရိယဿ+သဘာဝေါ ထာဝရိယသဘာဝေါ-လယ်ပိုင်ရှင်၏ လုပ်သားတို့ထက် ဗျာပါရများသော သဘော၊ ထာဝရိယသဘာဝေ+သဏ္ဌိတာ ထာဝရိယသဘာဝသဏ္ဌိတာ-လယ်ပိုင်ရှင်ကဲ့သို့ ဗျာပါရများခြင်းသဘောကို“ထာဝရိယသဘာဝ”ဟု ခေါ်ပါ၏။ ထိုသဘော၌ ကောင်းစွာတည်သည်၊ ထိုသဘောရှိသည်-ဟူလို။

ညီမျှအောင်။ ဟရတိ ယထာ၊ ဆောင်သကဲ့သို့။ ဧဝံ သမ္ပဒံ၊ ဤသို့ မချွတ် မယွင်း ပြီးစီးခြင်းရှိသော။ ဣဒံ၊ ဤ ဥပမေယျကို။ ဝေဒိတဗ္ဗံ၊ ၏။

ဟိ၊ ဥပမာန ဥပမေယျကို ရောနှော၍ပြဦးအံ့။ ခေတ္တသာမိ၊ သော။ ပုရိသော၊ ကို။ (ဝေဒိတဗ္ဗော) ဝိယ၊ ကဲ့သို့။(တထာ၊ တူ။) စေတနာ၊ ကို။ (ဝေဒိတဗ္ဗာ။)ပဥ္စပဏ္ဏာသ၊သော။ ပလိပုရိသာ၊ တို့ကို။(ဝေဒိတဗ္ဗာ ယထာ။ တထာ၊ တူ။)စိတ္တင်္ဂဝသေန၊ စိတ်အင်္ဂါ၏ အစွမ်းဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော ပဥ္စပဏ္ဏာသ၊ ၅၅-ပါးသော။ ကုသလာဝုပ္ပာ၊ ဖဿ ဝေဒနာ-စသော ကုသိုလ်တရားတို့ကို။ (ဝေဒိတဗ္ဗာ၊ကုန်၏။) ခေတ္တသာမိ ပုရိသဿ၊ ၏။ ဒိဂုဏုဿာဟ ဒိဂုဏဝါယာမကရဏကာလော၊ ၂-ဆတက် အားထုတ်မှု, ၂-ဆတက် ကြိုးစားမှုကို ပြုရာအခါကို။(ဝေဒိတဗ္ဗော ဝိယ၊တထာ။) ကုသလာကုသလကမ္မာယူဟနဋ္ဌာနံ ပတ္တာ။ စေတနာယ၊ ၏။ ဒိဂုဏုဿာဟော ဒိဂုဏဝါယာမော ဟောတိ။ ဧဝံ၊ ဤသို့လျှင်။ အဿာ၊ ထို စေတနာ၏။ အာယူဟနရသတာ၊ အာယူဟနရသ ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ။

ပန၊ ကား။(ရသမှတပါး ပစ္စုပဋ္ဌာန်ကား။)သာ သော၊ထိုစေတနာသည်။ သံဝိဒဟနပစ္စုပဋ္ဌာနာ၊ စီမံတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ထင်လာတတ်၏။ ဟိ၊ ချဲ့။ အယံ၊ ဤ စေတနာသည်။ သံဝိဒဟမာနာ၊ စီမံတတ်သည်။ (ဟုတွာ။) [စီမံတတ်သည် အဖြစ်ဖြင့်-ဟူလို။] ဥပဋ္ဌာတိ၊ ယောဂီတို့ ဉာဏ်အား ထင်လာ၏။(ကေ ဝိယ၊ အဘယ်သူတို့ ကဲ့သို့နည်း။) သကိစ္စပရကိစ္စသာဓကာ၊ မိမိကိစ္စ သူတပါးကိစ္စကို ပြီးစေတတ်ကုန်သော။ ဇေဋ္ဌသိဿ မဟာဝဍ္ဎကီအာဒယော၊ တပည့်ကြီး လက်သမားကြီး အစရှိသူတို့သည်။သံဝိဒဟန္တိ ဝိယ၊ စီမံတတ်ကုန် သကဲ့သို့တည်း။ ဟိ၊ ချဲ့။ ဇေဋ္ဌသိဿော၊ သည်။ ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်ကို။ ဒူရတောဝ၊ ဝေးမှပင်။ အာဂစ္ဆန္တံ၊ လာနေသည်ကို။ ဒိသွာ၊ မြင်ရ၍။ သယံ၊ ကိုယ်တိုင်။ အဓိယမာနော၊ သရဇ္ဈာယ်သည်။ ဝါ။ စာအံသည်။ (ဟုတွာ၊ ၍။) ဣတရေပိ၊ မိမိမှ တပါးလည်းဖြစ်ကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ အဇ္ဈေနကမ္မေ၊ သရဇ္ဈာယ်ခြင်း အမှု၌။ ဝါ၊ စာအံခြင်းအမှု၌။ ပဝတ္တယတိ၊ ဖြစ်စေ၏။ [အဓိပုဗ္ဗ ဣဓာတ်၊ ယုပစ္စည်း။ ဣကို ဧပြုလျှင် အဇ္ဈေနဟု ဖြစ်၍၊ ဧကို အယပြုလျှင် အဇ္ဈယနဟု ဖြစ်သည်။] ဟိ၊ မှန်။ တသ္မိံ၊ထို တပည့်ကြီးသည်။ အဓိယိတုံ၊ သရဇ္ဈာယ်ခြင်းငှာ။ အာရဒ္ဓေ၊ အားထုတ်လတ်သော်။ တေပိ၊ ထို သူငယ်တို့သည်လည်း။ တဒနုဝတ္တိတာယ၊ ထို တပည့်ကြီးသို့ အစဉ်လိုက်ကုန်သည်၏ အဖြစ်ဖြင့်။ အဓိယန္တိ၊ သရဇ္ဈာယ်ကြရကုန်၏။

စ၊ ဥပမာ တနည်းကား။(ဇေဋ္ဌသိဿနှင့် တူပုံမှတပါး မဟာဝစ္ဆကိနှင့် တူပုံကား။) မဟာဝစ္ဆကိ၊ သည်။ သယံ။ တစ္ဆန္တော၊ ရွေလတ်သော်။ (ရွေဘော် ထိုးလတ်သော်။) ဣတရေပိ၊ မိမိမှတပါးလည်း ဖြစ်ကုန်သော။ တစ္ဆကော၊ လက်သမားငယ်တို့ကို။ အတ္တနော အတ္တနော၊ ၏။ တစ္ဆနကမ္မေ၊ ရွေခြင်းအမှု၌။ (ရွေဘော်ထိုးခြင်း အမှု၌။) ပဝတ္တယတိ၊ ဖြစ်စေ၏။ ဟိ၊ မှန်။ တသ္မိံ၊ ထိုလက်သမားကြီးသည်။ တစ္ဆိတုံ၊ ရွေခြင်းငှာ။ အာရဒ္ဓေ၊ အားထုတ်လတ် သော်။ တေပိ၊ ထို လက်သမားငယ်တို့ သည်လည်း။ တဒနုဝတ္တိတာယ၊ ထို လက်သမားကြီးသို့ အစဉ်လိုက်ကုန်သည်၏ အဖြစ်ဖြင့်။ တစ္ဆန္တိ၊ ရွေကြရကုန်၏။

စ၊ ဥပမာ တနည်းကား။ [မဟာဝစ္ဆကိအာဒယော၌ အာဒိအရ ဥပမာကို ပြပြန်သည်။] ယောဓနာယကော၊ စစ်သား၏ ရှေ့ဆောင် အကြီးအကဲသည်။ ဝါ၊ စစ်ဗိုလ်သည်။ သယံ၊ ကိုယ်တိုင်။ ယုဇ္ဈမာနော၊ စစ်တိုက်လတ်သော်။ ဣတရေပိ၊ မိမိမှတပါးလည်း ဖြစ်ကုန်သော။ ယောဓေ၊ စစ်သားငယ်တို့ကို။ သမ္ပဟာရဝုတ္တိယံ၊ (ပြင်းစွာ ပုတ်ခတ်ခြင်းဟူသော) စစ်တိုက်မှုဝယ် ဖြစ်ခြင်း၌။ ပဝတ္တယတိ ယထာ၊ ဖြစ်စေသကဲ့သို့။ ဟိ၊ မှန်။ တသ္မိံ၊ ထို စစ်ဗိုလ်သည်။ ယုဇ္ဈိတုံ၊ စစ်တိုက်ခြင်းငှာ။ အာရဒ္ဓေ၊ သော်။ တေပိ၊ ထို စစ်သားငယ်တို့သည် လည်း။ အနိဝတ္တမာနာ၊ နောက်မဆုတ်ကုန်ပဲ။ တဒနုဝတ္တိတာယ၊ ထို စစ်ဗိုလ်သို့ အစဉ်လိုက်ကုန်သည်၏ အဖြစ်ဖြင့်။ ယုဇ္ဈန္တိ ယထာ၊ စစ်တိုက်ကြကုန် သကဲ့သို့။ ဧဝံ၊ တူ။ သောပိ၊ ဤ စေတနာသည်လည်း။ အတ္တနော၊ ၏။ ကိစ္စေန၊ ကိစ္စ အားဖြင့်။ အာရမ္မဏေ၊ ၌။ ပဝတ္တမာနာ၊ ဖြစ်လတ်သော်။ အညေပိ၊ မိမိမှ တပါးလည်းဖြစ်ကုန်သော။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ကြိယာယ၊ အမှုအရာ၌။ ဝါ၊ ကိစ္စ၌။ ပဝတ္တေတိ၊ ဖြစ် စေ၏။

ဟိ၊ မှန်။ တဿာ၊ ထို စေတနာသည်။ အတ္တနော၊ ၏။ ကိစ္စံ၊ ကို။ အာရဒ္ဓာယ၊ အားထုတ်လတ်သော်။ တံ သမ္ပယုတ္တာပိ၊ ယို စေတနာနှင့်ယှဉ် သော ဟရာ တို့သည်လည်း။ အာရဘန္တိ၊ အားထုတ်ကြရကုန်၏။ တေန၊ ကြောင့်။ သကိစ္စ။ပ။ဝိယာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ စ ပန၊ ထပ်၍ ဆက် ဦးအံ့။ အစ္စာယိက ကမ္မာနုဿရဏာဒိသု၊ အဆောတလျင် ဖြစ်စေအပ်သော အမှုကိုအောက်မေ့ခြင်း အစရှိသည်တို့၌။ အယံ၊ ဤစေတနာသည်။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့၏။ ဥဿာဟနဘာဝေန[1]၊ အားထုတ်ခြင်း ရှိကုန်သည်၏ ဖြစ်

[1] ဥဿာဟနဘာဝေန။ ။ဥပုဗ္ဗ-သဟဓာတ်၊ ယုပစ္စည်း။ ဥဿဟ ယတေ ဥဿဟနံ၊ ဥဿဟနံ ဧတေသံ အတ္ထီတိ ဥဿဟနာ (သမ္ပယုတ္တဓမ္မာ)။ ''သမ္ပယုတ္တာနံ''ဟူသော ဘာဝသမ္ဗန်ကို တောက်၍''ဥဿဟနာနံ၊ အားတက်သရော ရှိကုန်သော သမ္ပယုတ်

ကြောင်းဖြစ်ရာ အားဖြင့်။ ပဝတ္တမာနာ၊ ဖြစ်လတ်သော်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ဣတိ ဝေဒိတဗ္ဗာ။ [ဤစေတနာအတွက် ပဒဋ္ဌာန် မပါ။ ဝိသုဒ္ဓိမဂ်၌ "သေသခန္ဓပဒဋ္ဌာနာ" ဟု ပဒဋ္ဌာန် ထည့်သည်။]

အာရမ္မဏံ စိန္တေတီတိ စိတ္တန္တိ အာဒိနာ၊ အစရှိသော။နယေန၊ ဖြင့်။ စိတ္တ-သ၊ စိတ်၏။ ဝစနတ္ထော၊ ဝစနတ္ထကို။ ဝုတ္တော ဧဝ၊ ဆိုအပ်ပြီးသည်သာ။ ပန၊ ဝစနတ္ထမှတပါး လက္ခဏာဒိတ္တကား။ လက္ခဏာဒိတော၊ လက္ခဏာ အစရှိသောအားဖြင့်။ စိတ္တံ၊ သည်။ ဝိဇာနနလက္ခဏံ၊ သညာ ပညာတို့ သိပုံမှတပါးတဖုံ အာရုံကို သိခြင်းလက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ရှေ့ဆောင် ရှေ့သွား၏အဖြစ် ဟူသော ကိစ္စရှိ၏။ [ပုဗ္ဗင်္ဂမ၌ ဘာဝပ္ပစ္စခန်-ကြံ။] သန္ဓဟန ပစ္စုပဋ္ဌာနံ၊ အစဉ်မပြတ်အောင် ဖွဲ့စပ်တတ်သော တရား ဟု ယောဂီတို့ဉာဏ်အား ထင်လာ၏။ နာမရူပ ပဒဋ္ဌာနံ၊ ယှဉ်ဖက် စေတသိက်နာမ်, မှီရာဝတ္ထု ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ ဟိ၊ ချဲ့။ စတုဘူမိကစိတ္တံ၊ သည်။ နေဝ ဝိဇာနနလက္ခဏံ နာမ၊ ဝိဇာနနလက္ခဏာ မရှိသည် မည်သည်။ နတ္ထိ။ သဗ္ဗံ၊ အလုံးစုံသော စိတ်သည်။ ဝိဇာနနလက္ခဏမေဝ၊ ဝိဇာနနလက္ခဏာ ရှိသည်သာ။ (ဟောတိ။) ပန၊ ကား။ ဒွါရံ၊ စက္ခု-စသော ဒွါရသို့။ ပတ္တာ၊ ၍။ (စက္ခုဝိညာဉ် စသည်၏ အဖြစ်ဖြင့် ပေါက်၍။) အာရမ္မဏ ဝိဘာဝနဋ္ဌာနေ၊ အာရုံကို ထင်စွာဖြစ်စေရာ ဌာန၌။

တရားတို့၏+ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ ဥဿဟနဘာဝေါ၊ ရာ" ဟု ပြုပါ။ ထို ဥဿဟနဘာဝ-ဟူသည် သမ္ပယုတ်တရားတို့၏ အားထုတ်ကြောင်းတည်း။ [စာအုပ်တို့၌ "ဥဿ်ာဟန" ဟု သွာ၌ ဝုဒ္ဓိတွေ့ရ၏။ "သမ္ပယုတ္တာနံ၊ တို့ကို။ ဥဿာဟန ဘာဝေန၊ အားထုတ်စေတတ်သည်၏ အဖြစ်ဖြင့်" ဟုလည်း ကာရိတ် သွင်း၍ ပေးကြ၏။ သို့သော် ဋီကာ၌ "အာဒရဘာဝေန" ဟု ကာရိတ်မပါပဲ ဖွင့်သောကြောင့် "ဥဿ-ဟန" ဟုသာ ရှိသင့်မည် ထင်သည်။]

ဆက်ဦးအံ့-စေတနာသည် အာရုံကိုယူရာ၌ ဗျာပါရ အားကြီးသောကြောင့် စေတနာနှင့်ယှဉ်ဖက် သမ္ပယုတ်တရားများလည်း ဗျာပါရ အားကြီးသကဲ့သို့ တက်တက် ကြွကြွ ရှိရလေသည်။ စိတ် စေတသိက် တရားတို့က တက်တက်ကြွကြွ ရှိသောကြောင့် စိတ္တဇရုပ်လည်း သွက်သွက် လက်လက် ဖြစ်နေပေသည်။ စိတ္တဇရုပ် သွက်သွက်လက်လက် ဖြစ်သောကြောင့် အတူဖြစ်ဖက် တိဇရုပ်များလည်း သွက်သွက် လက်လက် ဖြစ်ကြရကား ကုသိုလ်ပြုသောအခါ၌ ဖြစ်စေ၊အကုသိုလ်ပြုသောအခါ၌ ဖြစ်စေ စေတနာထက်သန်လျှင် ထက်သန်သလောက် ခန္ဓာကိုယ်တခုလုံး သွက်သွက်လက်လက် ထက်ထက် မြက်မြက်ရှိ၍ စေတနာ မထက်သန်လျှင် မထက်သန်သလို အေးအေးစက်စက် ထုံထုံထိုင်းထိုင်း နုံနုံချာချာဖြစ်နေလေသည်။ထို့ကြောင့်ပင် ကောင်းမှုမကောင်းမှု ်ူတို့၏ အရင်းခံဖြစ်သော စေတနာကို "ကမ္မ-အမှုသည် လက်သည်"ဟု ဆိုရပေသည်။

စိတ္တံ၊ သည်။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားသည်။ ပုရေစာရိကံ၊ ရှေ့သွားသည်။ ဟောတိ။ [ပုဗ္ဗင်္ဂမံကို ပုရေစာရိကံ ဟု ထပ်ဖွင့်။]

၁ဟိ၊ မှန်။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။ ဒိဋ္ဌံ၊ မြင်ထိုက်သော။ ရူပါရမ္မဏံ၊ ကို။ စိတ္တေနေဝ၊ ဖြင့်သာ။ ဝိဇာနာတိ၊ သိ၏။ သောတေန သုတံ သဒ္ဒါရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ဃာနေန ဃာယိတံ (နမ်းရှူထိုက်သော) ဂန္ဓာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ဇိဝှာယ သာယိတံ (သာယာထိုက်သော) ရသာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ကာယေန ဖုသိတံ ဖောဋ္ဌဗ္ဗာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ။ မနေန၊ မနောဒွါရဖြင့်။ ဝိညာတံ၊ သိထိုက်သော။ ဓမ္မာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ နာဂရဂုတ္တိကော နာမ၊ မြို့စောင့်ယောကျ်ားမည်သည်။ နဂရမဇ္ဈေ၊ မြို့၏ အလယ်၌။ သိင်္ဃာဋကေ၊ လမ်းဆုံလမ်းခွ၌။ နိသိဒိတွာ၊ ထိုင်၍။ အယံ၊ ဤသူကား။ နေဝါသိကော၊ အမြဲနေခြင်း ရှိသူတည်း။ ဝါ၊ မြို့နေသူတည်း။ အယံ၊ ကား။ အာဂန္တုကော၊ ခေတ္တရောက်လာသူတည်း။ (ဧည့်သည်တည်း။) ဣတိ၊ သို့။ အာဂတာဂတံ၊ ရောက်လာရောက်လာသော။ ဇနံ၊ လူကို။ ဥပဓာရေတိ ယထာ၊ မှတ်သားသကဲ့သို့။ ဝဝတ္ထာပေတိ ယထာ၊ ပိုင်းခြား သတ်မှတ် ဆုံးဖြတ်သကဲ့သို့။ ဧဝံ သမ္ပဒံ၊ ဤသို့ မချွတ်မယွင်း ပြီးစီးခြင်းရှိသော။ ဣဒံ၊ ဤ ဥပမေယျကို။ ဒဋ္ဌဗ္ဗံ။

စ၊ သာဓက ကား။ မဟာထေရေနပိ၊ အရှင်နာဂသိန် မဟာထေရ်သည်လည်း။ ဧတံ၊ ဤ စကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ (ကိံ။) မဟာရာဇ၊ မဟာရာဇာ၊ နာဂရဂုတ္တိကော နာမ၊ မည်သည်။ နဂရဿ၊ ၏။ မဇ္ဈေ၊ ၌။ သိင်္ဃာဋကေ၊ ၌။ နိသိန္နော၊ ထိုင်လျက်။ ပုရတ္ထိမတော ဒိသတော၊ အရှေ့အရပ်မှ။ ပုရိသံ၊ ကို။ အာဂစ္ဆန္တံ၊ လာသည်ကို။ ပဿေယျ ယထာ၊ မြင်ရာသကဲ့သို့။ ပစ္ဆိမတော ဒိသတော ပုရိသံ အာဂစ္ဆန္တံ ပဿေယျ ယထာ၊ ဒက္ခိဏတော ဒိသတော ပုရိသံ အာဂစ္ဆန္တံ ပဿေယျ ယထာ၊ ဥတ္တရတော ဒိသတော ပုရိသံ အာဂစ္ဆန္တံ ပဿေယျ ယထာ။ ဧဝမေဝ၊ သာလျှင်။ မဟာရာဇ၊ ဇာ။ ယံ ရူပံ၊ အကြင် ရူပါရုံကို။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။

၁။ စက္ခုနာ ဟိ ဒိဋ္ဌံ။ ။ဒိဋ္ဌံ၌ တ-ပစ္စည်းသည် ရိုးရာအားဖြင့် "မြင်အပ်ပြီး" ဟူသော အပါဒ်အနက်နှင့်တကွ မှချမြင်ခြင်းအနက်ကို ဟော၏။ "စက္ခုပသာဒဖြင့် မြင်အပ်ပြီးဖြစ်လျှင် စက္ခုဝိညာဉ်က ထပ်၍မြင်ဖွယ် မလို။ ထို့ကြောင့် ဤနေရာ၌ ဒိဋ္ဌံအရ "မြင်အပ်ပြီး" ဟု မပေးပဲ "မြင်ထိုက်"ဟု တ-ပစ္စည်း၏ အနာဂတ် ကာလသာမန်နှင့်တကွ အရဟ-အနက်ပေးရသည်။ မြင်ခြင်းကြိယာ၏ ကတ္တားမှာ စက္ခုဝိညာဉ်တည်း။ စက္ခုဒွါရဖြင့်မြင်ထိုက်သောရူပါရုံကို စက္ခုဝိညာဉ်စိတ်ကမြင်သိ သိသည်-ဟူလို။ [သုတံ၊ မုတံ၊ ဝိညာတံ-ကို၌လည်း နည်းတူ။ စက္ခုနာ ဟိ ဒိဋ္ဌန္တိ စက္ခုနာ ဒဋ္ဌဗ္ဗံ။-ဋီကာ။]

ပဿတိ၊ မြင်၏။ တံ၊ ထို ရူပါရုံကို။ ဝိညာဏေန၊ စက္ခုဝိညာဉ်ဖြင့်။ ဝိဇာနာတိ။ ယံ သဒ္ဒံ၊ အကြင် သဒ္ဒါရုံကို။ သောတေန၊ ဖြင့်။ သုဏာတိ၊ ကြား၏။ပ။ ယံ ဂန္ဓံ၊ အကြင် ဂန္ဓာရုံကို။ ဃာနေန၊ ဖြင့်။ ဃာယတိ၊ နမ်းရှူ၏။ပ။ ယံ ရသံ၊ အကြင် ရသာရုံကို။ ဇိဝှာယ၊ ဖြင့်။ သာယတိ၊ သာယာ၏။ပ။ ယံ ဖောဋ္ဌဗ္ဗံ၊ အကြင် ဖောဋ္ဌဗ္ဗာရုံကို။ ကာယေန၊ ဖြင့်။ ဖုသတိ၊ တွေ့ထိ၏။ပ။ ယံ ဓမ္မံ၊ အကြင် ဓမ္မာရုံကို။ မနသာ၊ မနောဒွါရဖြင့်။ ဝိဇာနာတိ။ ယံ၊ ထို ဓမ္မာရုံကို။ ဝိညာဏေန၊ မနောဝိညာဉ်ဖြင့်။ ဇာနာတိ။ ဣတိ၊ သို့။ ဝုတ္တံ၊ ပြီ။ ဧဝံ၊ သို့။ပ။ပုရေစာရိကံ ဟောတိ။ တသ္မာ၊ ကြောင့်။ ပုဗ္ဗင်္ဂမရသန္တိ၊ ဟူ၍။ ဝုစ္စတိ။

တဒေတံ (တံ+ဧတံ)၊ ထိုစိတ်သည်။ ပစ္ဆိမံ ပစ္ဆိမံ၊ နောက်နောက်၌ ဖြစ်သည်။ (ဟုတွာ။) ဥပ္ပဇ္ဇမာနံ၊ ဖြစ်လတ်သော်။ ပုရိမံ ပုရိမံ၊ ရှေးရှေး၌ဖြစ်သော စိတ်ကို။ နိရန္တရံ၊ အကြား မရှိသည်ကို။ ကတွာ။ သန္ဒဟနမေဝ၊ ဆက်စပ်လျက် သာလျှင်။ ဥပဋ္ဌာတိ၊ ယောဂီတို့ ဉာဏ်အား ထင်လာတတ်၏။ ဣတိ၊ ကြောင့်။ သန္ဒဟနပစ္စုပဋ္ဌာနံ၊ မည်၏။ ပန၊ ကား။ (ပစ္စုပဋ္ဌာန်မှတပါး ပဒဋ္ဌာန်ကား။) ပဉ္စဝေါကာရဘဝေ၊ ပဉ္စဝေါကာရဘုံ၌။ အဿ၊ ထိုစိတ်၏။ နိယမတော၊ အမြဲအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်သည်။ (ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းသည်။ ဟောတိ။) စတုဝေါကာရဘဝေ၊ ၌။ နာမမေဝ၊ နာမ်သည်သာ။ ပဒဋ္ဌာနံ ဟောတိ။ တသ္မာ၊ ကြောင့်။ နာမရူပပဒဋ္ဌာနန္တိ၊ ဟူ၍။ (မယာ။) ဝုတ္တံ၊ ဆိုအပ်ပြီ။

ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုအံ့။ ဧတံ စိတ္တံ၊ သည်။ ("စေတနာ ဟောတိ၊ စိတ္တံ ဟောတိ" ဟု ပြအပ်သော ဤစိတ်သည်။) ပုရိမနိဒ္ဒိဋ္ဌစိတ္တေန၊ ရှေ့ သမယ ဝဝတ္ထာန ခန်း၌ ညွှန်ပြအပ်ပြီးသော စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ဧကမေဝ၊ တပါးတည်းသာ။ (ဟောတိ) ကိံ၊ ဖြစ်သလော။ ဥဒါဟု၊ သို့မဟုတ်။ အညံ၊ အခြားသောစိတ်သည်။ (ဟောတိ ကိံ၊ လော။) ဣတိ၊ဤကား အမေးတည်း။[သမယဝဝတ္ထာန ခန်း၌ "စိတ္တံ ဥပ္ပန္နံ" ဟု ပြအပ်ခဲ့သော စိတ်နှင့် ဤနေရာ၌ ပြအပ်သော စိတ်သည် တပါးတည်းသာလော၊ သို့မဟုတ် တမျိုးစီလောဟု မေးသည်။] (ဧတံ စိတ္တံ။ ပုရိမနိဒ္ဒိဋ္ဌစိတ္တေန၊ နှင့်။ သဒ္ဓိံ။) ဧကမေဝ၊ တပါးတည်းသာ။ ဟောတိ။ (ဣတိ၊ ဤကား အဖြေတည်း။) အထ၊ ထိုသို့ တပါးတည်းဖြစ်လျှင်။ ကသ္မာ၊ ကြောင့်။ ပုရိမနိဒ္ဒိဋ္ဌံ၊ ရှေ့ သမယဝဝတ္ထာန် ခန်း၌ ညွှန်ပြအပ်ပြီးသော စိတ်ကို။ ပုန၊ တဖန်။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ ဧတံ၊ ဤပြဿနာကို။ အဋ္ဌကထာယံ၊ ရှေး အဋ္ဌကထာ၌။ (အာစရိယေဟိ၊ ရှေး အဋ္ဌ-

ကထာ ဆရာတို့သည်။) အဝိစာရိတံ၊ မစိစစ်အပ်ခဲ့။ [ယောဇနာ၌ ပုရိမနိဒ္ဒိဋ္ဌ ဟူသောပုဒ်လည်း မပါ။ "တေံ စိတ္တံ ပုန ဝုတ္တန္တိ တေံ ဝစနံ အဋ္ဌကထာယံ အဝိစာရိတံ"ဟု ဝုတ္တန္တိနှင့် အဝိစာရိတံကို တဝါကျတည်းလုပ်၍။ ယောဇနာ ထားသည်။]

[1]ပန၊ ထိုသို့ပင် မစိစစ်အပ်ခဲ့ပါသော်လည်း။ ဧတ္ထ၊ ဤ စိတ္တံ ဟောတိဟု နောက်ထပ် ဟောတော်မူခြင်း၌။ အယံ၊ ဤ ဆိုအပ်လတ္တံ့ဂါသော။ ယုတ္တိ၊ သင့်သောအကြောင်းတည်း။ [2]ဟိ၊ ချဲ့။ ရူပါဒီနိ၊ ရူပ အစရှိသော ကလာပ်ရုပ်တို့ကို။ ဥပါဒါယ၊ ညဏ်ဖြင့်ယူ၍။ ဝါ၊ စွဲမှီ၍။ ပညတ္တာ၊ ပညတ်အပ်ကုန်သော။ သူရိယာဒယော၊ နေ အစရှိသည်တို့သည်။ အတ္တဘော၊ လိုရင်း အနက်အားဖြင့်။ ရူပါဒီဟိ၊ ရူပ အစရှိသည်တို့မှ။ အညေ၊ တမျိုးတခြားတို့သည်။ နှောန္တိ ယထာ၊ မဟုတ်ကုန်သကဲ့သို့။ တေနေဝ၊ ထိုသို့ တမျိုးတခြား မဟုတ်သည်၏ အဖြစ်ကြောင့်ပင်။ ယသ္မိံ သမယေ၊ ၌။ သူရိယော၊ သည်။ ဥဒေတိ၊ တက်လာ၏။ တသ္မိံ သမယေ၊ နေတက်လာရာ ထိုအခါ၌။ တဿ၊ ထို နေ၏။ တေဇသင်္ခါတံ၊ အရှိန်ဟု ဆိုအပ်သော။ ရူပမ္ပိ၊ အဆင်းအရောင် သည်လည်း။ (ဥဒေတိ၊ ပေါ်ထွက်လာ၏။) ဣတိ ဧဝံ၊ သို့။ ပုစ္ဆာနေပိ၊ ဆိုအပ်ပါသော်လည်း။ ("နေထွက်လာလျှင် အဆင်းအရောင်လည်း ပေါ်ထွက်လာ၏" ဟု နေက တခြား အဆင်းအရောင်ကတခြား ဤ သို့ ခွဲခြား၍ဆိုအပ်ပါသော်လည်း။) ရူပါဒီဟိ၊ အဆင်းအရောင် အစရှိသည်တို့မှ။ အညော၊ တမျိုး တခြားသော။ သူရိယော နာမ၊ နေမည်သည်။ န အတ္ထိ ယထာ၊ မရှိသကဲ့သို့။

၁။ အယံ ပနေတ္ထ ယုတ္တိ။ ။"စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု ဓမ္မဝဝတ္ထာနခန်း၌ ဟောတော်မူပြီးပါလျက် "စိတ္တံ ဟောတိ"ဟု ဓမ္မုဒ္ဒေသခန်း၌ စိတ္တံကို ထပ်၍ ဟောတော်မူရာ၌ ထိုသို့ ဟောတော်မူခြင်း၏ သင့်လျော်သော အကြောင်းကို "ယုတ္တိ" ဟု ဆိုသည်။ ထို ယုတ္တိကို ပြသောစကားသည် "ပုန ဝုတ္တန္တိ ဝေဒိတဗ္ဗံ" တိုင်အောင်တည်း။ ယို့ကြောင့် "ယထာ ဟိ"စသည်ကို ယုတ္တိအကျယ်ပြဟု မှတ်ပါ။

၂။ ယထာ။ပ။သူရိယော နာမ နတ္ထိ။ ။"နေ၌အဆင်းအရောင် ၇-မျိုးရှိ၏" ဟု ဆိုကြ၏။ ထို အဆင်းအရောင်ကို "ရူပ"ဟု ဆိုသည်။ အာဒိဖြင့် ရူပ (ဝဏ္ဏ) မှတပါး သော အတူဖြစ်ဖက် ဥတုဇရုပ် (ပထဝီစသော) ၇-ပါးကို ယူပါ။ ထို ရူပ-စသည်တို့ကို ညဏ်ဖြင့်ယူ၍ "သူရိယ" ဟုလည်းကောင်း၊ "နေ" ဟုလည်းကောင်း နာမည်ပညတ် သတ်မှတ် ခေါ်ဝေါ်ရာ၌ ထို ရူပ-စသည်တို့မှတပါး နေ (သူရိယ) ဟု သီးခြားမရှိ။ ယို့ကြောင့် "အကြင်အခါ နေထွက်လာ၏။ ထိုအခါ အရှိန်အဝါဟူသော အဆင်းရူပ လည်း ပေါ်လာ၏" ဟု ဆိုရာ၌ စကားသုံးနှုန်းပုံမှာ နေက တခြား ရူပက တခြားဟု ဖြစ်နေသော်လည်း လက်တွေ့အားဖြင့် ရူပ-စသည် တခြား နေတခြား မရှိတော့သကဲ့သို့....

[၁]တထာ၊ တူ။ စိတ္တံ၊ ကို။ ဖဿာဒယော၊ ဖဿ အစ ရှိကုန်သော။ဓမ္မေ၊တို့ကို။ ဥပါဒါယ။ န ပညာပိယတိ၊ ပညတ်အပ်သည် မဟုတ်။ အတ္တတော ပန၊ လိုရင်းအနက်အားဖြင့်ကား။ ဧတံ၊ ဤစိတ်သည်။ တေဟိ၊ ထို ဖဿ အစရှိသည်တို့မှ။ အညမေဝ၊ တမျိုးတခြားသည်သာ။ ဟောတိ။ တေန၊ ကြောင့်။ ယသ္မိံ သမယေ၊ ၌။ စိတ္တံ၊ သည်။ ဥပ္ပန္နံ၊ အတိတ်စိတ်၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်။ ဟောတိ၊ ၏။ ဧကံသေ-နေဝ၊ စင်စစ်အားဖြင့် သာလျှင်၊ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿာ ဒီဟိ၊ ဖဿ အစရှိသည်တို့မှ။ အတ္တတော၊ အားဖြင့်။ အညမေဝ၊ တမျိုးတခြား သာလျှင် ဖြစ်သော။ တံ၊ ထို စိတ်သည်။ ဟောတိ။ ဣတိ၊ သို့။ ဣမဿ အတ္ထဿ၊ ကို။ ဒီပနတ္ထာယ၊ ငှာ။ ဧတံ၊ ဤစိတ်ကို။ ပုန။ ဝုတ္တံ၊ ပြီ။ ဣတိ ဝေဒိတဗ္ဗံ။

[၂]စ၊ သည်သာမက သေး၊ ယသ္မိံ သမယေ ။ပ။ ဟောတီတိ အာဒိသု၊ အစရှိသော ပါဠိရပ်တို့၌။ ဘာဝေန္တေန၊ ဘာဝေတိ-ကြိယာကို ဖြစ်စေသော ပုဂ္ဂိုလ်ဖြင့်။ ဝဝတ္ထာပိတော၊ ပိုင်းခြား သတ်မှတ်အပ်သော။ သမယော၊ သမယ၌။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဘာဝေတိ၊ မဂ္ဂကို ဖြစ်စေ၏။ သော၊ထို ပုဂ္ဂိုလ်သည်။ အတ္ထတော၊ အားဖြင့်။ န ဥပ္ပဇ္ဇတိ နာမ၊ ဖြစ်သည်မမည်။ တေနေဝ၊ ထို့ကြောင့်ပင်။ တတ္ထ၊ ထို ရူပူပပတ္တိယာ အစရှိသော ပါဠိရပ်၌။ ဖဿော ဟောတိ ဝေဒနာ ဟောတီတိ၊ ဟူ၍။ ဝုတ္တံ ယထာ၊ ဟောတော်မူအပ် သကဲ့သို့။ဧဝံ၊ တူ။ ယော ဘာဝေတိ သော ဟောတီတိ၊ ယော ဘာဝေတိ သော ဟောတိ- ဟူ၍။ န ဝုတ္တံ။ ပန၊ အနွယ ကား။ [၃]ယသ္မိံ သမယေ ။ပ။ ဟောတီတိ အာဒီသု၊ အစရှိသော ပါဠိရပ်တို့၌။ စိတ္တေန၊ ဖြင့်။ ဝဝတ္ထာပိတော၊

၁။ **တထာ ။ပ။ အညမေဝ ဟောတိ။** ။ဤ ဥပမေယျဝါကျ၌ ဥပမာနမှ ပြောင်းပြန် အနက်ကိုချည်းပြ၏။ ထို့ကြောင့် ပြခဲ့သော နေ-ဥပမာသည် ဝိသဒိသူပမာတည်း။ ဥပမာန၌ ရူပ-စသည်မှတပါး သူရိယ ဟု သီးခြားမရှိ။ ဤဥပမေယျ၌ကား ဖဿ-စသည်မှတပါး စိတ်ဟု သီးခြားရှိသည်။ ဤသို့ ဖဿ-စသည်မှတပါး စိတ်ဟု သီးခြား ရှိကြောင်းကို ပြခြင်းအကျိုးငှာ "စိတ္တံ ဟောတိ"ဟု စိတ်ကို ထပ်၍ ဟောတော်မူပါသည်။

၂။ **ယထာ စ ။ပ။ အာဒီသု။** ။"ယသ္မိံ သမယေ ရူပူပပတ္တိယာ"စသော ရူပါဝစရ ကုသလပဒ၊ထိုပါဠိတော်ဝယ် "ယသ္မိံ ။ပ။ မဂ္ဂံ ဘာဝေတိ"၌ ဘာဝေတိ၏ ကတ္တား ဖြစ်သော ဘာဝေန္တပုဂ္ဂိုလ်ဖြင့် သမယကို မှတ်သား၏။ထို ဘာဝေန္တပုဂ္ဂိုလ်သည် ပရမတ္ထ အားဖြင့်ထင်ရှားမရှိသောကြောင့်"ဖဿော ဟောတိ"စသည်ကဲ့သို့"ယော ဘာဝေတိ၊ သော ဟောတိ" ဟု ထို ရူပါဝစရကုသလပဒ ဓမ္မုဒ္ဒေသ၌ ဟောတော်မမူ။

၃။ **ယသ္မိံ သမယေ ကာမာဝစရံ-စသည်။** ။ဤ ကာမာဝစရကုသိုလ် အရာ၌ကား "ယသ္မိံ သမယေ ။ပ။ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု ရှေးဦးစွာ စိတ်ဖြင့် သမယကို မှတ်သား၍"တသ္မိံ သမယေ" ဟု စိတ်ဖြင့် မှတ်သားအပ်သော ထို သမယဝယ် (ရူပါဝစရ၌၊

သော။ သမယေ၊ ၌။ သမယဝဝတ္ထာပိတံ၊ သမယဖြင့် ပိုင်းခြားသတ်မှတ်အပ်ပြီးသော။ စိတ္တံ၊ သည်။ တထာ၊ ထို ဆိုအပ်ပြီးသည့်အတိုင်း။ ("န သောအတ္တတော ဥပ္ပဇ္ဇတိ နာမ" ဟု ဆိုအပ်ပြီးသည့် အတိုင်း။) အတ္တတော၊ လိုရင်း အနက်အားဖြင့်။ ဝါ၊ တရားကိုယ်အားဖြင့်။ နုပ္ပဇ္ဇတိ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ ပန၊ အဟုတ်ကား။ တဒါ၊ ၌။ ဖဿော၊ သည်။ ဟောတိ ယထေဝ၊ ဖြစ်သကဲ့သို့သာ၊ ဝေဒနာ၊ သည်။ ဟောတိ ယထေဝ။ တထာ၊ ဟူ။စိတ္တမ္ပိ၊ သည်လည်း။ ဟောတိ။ ဣတိ၊ သို့။ ဣမဿပိ အတ္ထဿ၊ ကိုလည်း။ (ပိဖြင့်ရှေ့ ဣမဿ အတ္ထဿကို ပေါင်း။) ဒီပနတ္ထံ၊ ငှာ။ ဣဒံ၊ ဤစိတ်ကို။ ပုန ဝုတ္တံ၊ ဣတိ ဝေဒိတဗ္ဗံ။ [ဤ ဝေဒိတဗ္ဗံ နောက်၌ "ဣပိ အယံ၊ ကား။ ယုတ္တိ၊ တည်း" ဟု အယံ ပနေတ္ထ ယုတ္တိကို ပြန်၍ လျှည့်ပါ။]

[၁]ပန၊ ဆက်။ ဣဒံ၊ ဤဆိုအပ်လတ္တံ့ ကား။ ဧတ္ထ၊ ဤ စိတ္တံ ဟောတိ ဟု စိတ်ကို ထပ်၍ ဟောတော်မူအပ်ရာ၌။ သန္နိဋ္ဌာနံ၊ အဆုံးအဖြတ်တည်း။ ဝါ၊ ဆုံးဖြတ်ကြောင်း အကျိုးတည်း။ ဥဒ္ဒေသဝါရေ၊ ၌။ (ဖဿော ဟောတိ ။ပ။ အဝိက္ခေပေါ ဟောတိ ဟူသော ဥဒ္ဒေသဝါရ- ၌။) သင်္ဂဟနတ္ထံ၊စိတ်ကို သိမ်းယူခြင်းအကျိုးငှာလည်းကောင်း။ နိဒ္ဒေသဝါရေ၊ ၌။ (ကတမော တသ္မိံ သမယေ ဖဿော ဟောတိ-စသော နိဒ္ဒေသ ဝါရ၌။) ဝိဘဇနတ္ထံ စ၊ စိတ်ကို အကျယ်ဝေဖန်ခြင်း အကျိုးငှာ လည်းကောင်း။ (ပုန။ ဝုတ္တံ၊ ပြီ။) [သင်္ဂဟနတ္ထ ဝိဘဇနတ္ထကို ချဲ့လို၍ "ပုရိမေန ဟိ" စသည်မိန့်။] ဟိ၊ ချဲ့၊ ပုရိမေန၊ ရှေ့ဖြစ်သော။ စိတ္တသဒ္ဒေန၊ ဖြင့်။ (စိတ္တံ ဥပ္ပန္နံ ဟောတိ၌ ပါသော စိတ္တ-သဒ္ဒါဖြင့်။) ကေဝလံ၊ သင်္ဂဟနတ္ထ မဖက် သက်သက်။ သမယော၊ ကို။ ဝဝတ္ထာပိတော၊ ပိုင်းခြားသတ်မှတ်အပ်ပြီ။ ပန၊ ဆက်။ စိတ္တေန၊ ဖြင့်။ တသ္မိံ ဝဝတ္ထာပိတသမယေ၊ ထို ပိုင်းခြား သတ်မှတ်အပ်ပြီးသော သမယ၌။ ယေ ဓမ္မာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ ပါဝင်ကုန်၏။ တေသံ၊ ထို တရား

ဘာဝေန္တပုဂ္ဂိုလ် မဖြစ်သလို မဟုတ်ပဲ) စိတ်ကလည်းဖဿ-စသည်တို့ကဲ့သို့ ဖြစ်လျက် ပါဝင်လျက် ရှိ၏။ ဤသို့သော အဓိပ္ပာယ်ကို ပြခြင်းအကျိုးငှာလည်း စိတ္တံ ဟောတိ ဟု ထပ်၍ ဟောတော်မူရသည်။ [ဤ၌လည်း ဥပမာနသည် ဝိသဒိသူပမာပင်တည်း။]

၁။ ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ။ ။ရှေ့ ယုတ္တိပြ စကားဝယ်"စိတ္တံ ဟောတိ"ဟု ဟောတော်မူရခြင်း၏ အကြောင်းယုတ္တိကို ၂-မျိုးအားဖြင့် ပြပြီး၍ ယခုအခါ၌ အကျိုးကိုပြ၍ ဆုံးဖြတ်ချက် ချလိုသောကြောင့်"ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ" ဟု မိန့်သည်။ ထိုအကျိုးကား "ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ" စသော ဥဒ္ဒေသ ဝါရ၌ "စိတ္တံ ဟောတိ"ဟု စိတ်ကို သိမ်းယူခြင်းအကျိုး "ကတမော တသ္မိံ သမယေ ဖဿော" စသော နိဒ္ဒေသ ဝါရ၌"ကတမံ တသ္မိံ သမယေ စိတ္တံ" စသည်ဖြင့် အကျယ်ဝေဖန်ရခြင်းအကျိုးတည်း။

တို့ကို။ ဒဿနတ္ထံ၊ ငှာ။ ဖဿော ဟောတီတိ အာဒိ၊ အစရှိသော စကား ရပ်ကို။ (ဘဂဝတာ။) အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။ စိတ္တုဒ္ဓာပိ၊ သည်လည်း။ တသ္မိံ သမယေ၊ ထိုစိတ်ဖြင့် မှတ်သားအပ်ပြီးသော သမယ၌။ ဟောတိ ယေဝ၊ ဖြစ်သည်သာ။ ဝါ၊ ပါဝင်သည်သာ။ တသ္မာ၊ ကြောင့်။ တဿာပိ၊ ထို စိတ်ကိုလည်း။ သင်္ဂဏှနတ္ထံ၊ ငှာ။ ဧတံ စိတ္တံ၊ ကို။ ဝုတ္တံ၊ ပြီ။ [ဤတိုင်အောင် သော စကားဖြင့် ဥဒ္ဒေသဝါရေ သင်္ဂဏှနတ္ထံ၏ အကျယ်ကို ပြသည်။]

ဧ၊ သည်သာ မကသေး။ (အကျိုးသည်သာ မကသေး-ဟူလို။) ["သင်္ဂဏှ နတ္ထံ၏ အကျယ်မှတပါး ဝိဘဇနတ္ထံ၏ အကျယ်ကား"ဟုလည်း ပေးပါ။] ဣမသ္မိံ ဌာနေ၊ ဤ ဥဒ္ဒေသ အရာ၌။ တေသံ၊ ဤစိတ်ကို။ အဝုတ္တမာနေ၊ ဟောတော်မမူအပ်သော်။ (ဟောတော်မမူလိုက်လျှင်။) ကတမံ တသ္မိံ သမယေ စိတ္တံ ဟောတီ၊ ဟူ၍။ နိဒ္ဒေသဝါရေ၊ ၌။ ဝိဘဇိယံ၊ အကျယ် ဝေဖန်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ မတတ်ကောင်းလတ် သော်။ အဿ၊ ထိုစိတ်ကို။ ဝိဘဇနံ ယေဝ၊ အကျယ် ဝေဖန်ကြောင်း စကား ရပ်သည်ပင်။ ပရိဟာယေထ၊ ယုတ်လျော့ရာ၏။ (မဝေဖန်နိုင်ပဲ ရှိရာ၏။) တသ္မာ၊ ကြောင့်။ တဿ၊ ထိုစိတ်ကို။ နိဒ္ဒေသဝါရေ၊ ၌။ ဝိဘဇနတ္ထမ္ပိ၊ ငှာလည်း။ တေဒ္ဓ၊ ဤ စိတ္တံ ဟောတိ ဟူသော စကားကိုလည်း။ ဝုတ္တံ၊ ဟော တော်မူအပ်ပြီ။ ဣတိ ဝေဒိတဗ္ဗံ။ [ဤ ဝုတ္တံတိုင်အောင်သော စကားဖြင့် နိဒ္ဒေသ-ဝါရေ ဝိဘဇနတ္ထံ၏ အကျယ်ကို ပြသည်။ ဤနေရာတွင် ဣတိထည့်၍ ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံကို ပြန်၍ လှည့်သင့်သည်။ ယသ္မာ ဝါ-စသော စကားကား ပြအပ်ပြီးသော ယုတ္တိစကား သန္နိဋ္ဌာန် စကားတို့မှ တနည်းပြအပ်သော စကား တည်း။]

ဝါ၊ တနည်း။ ယသ္မာ၊ ကြောင့်။ ဥပ္ပန္နံ ဟောတီတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ စိတ္တံ ဥပ္ပန္နန္တိ ဧတံ၊ ဟူသော ဤစကားသည်။ ဒေသနာသီသမေဝ၊ ဒေသနာတော်၏ ဦးခေါင်းမျှသာတည်း။ ပန၊ စင်စစ်ကား။ စိတ္တံ၊ စိတ်သည်။ ဧကမေဝ၊ တပါးတည်းသာ။ န ဥပ္ပဇ္ဇတိ၊ ဖြစ်သည် မဟုတ်။ ဣတိ၊ ဤအကြောင်းကို။ အဋ္ဌကထာယံ၊ ရှေးအဋ္ဌကထာ၌။ ဝိစာရိတံ၊ စိစစ်အပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ စိတ္တံ ဥပ္ပန္နန္တိ ဧတ္ထာပိ၊ ဟူသော ဤပါဌ်၌လည်း။ စိတ္တမတ္တမေဝ၊ စိတ်မျှကိုသာ။ အဂ္ဂဟေတွာ၊ မယူမူ၍။ ပရောပဏ္ဏာသကုသလ-ဓမ္မေဟိ၊ ငါးဆယ်ကျော် ကုသိုလ်တရားတို့နှင့်။ (ဖဿ-စသော တရားတို့နှင့်။) သဒ္ဓိံ ယေဝ၊ အတူတကွ သာလျှင်။ စိတ္တံ၊ ကို။ ဂဟိတံ၊ ယူအပ်ပြီ။ ဧဝံ၊ လျှင်။ တတ္ထ၊ ထို သမယ ဝဝတ္ထာနံခန်း၌။ [ရှေးနိဿယ၌ "တတ္ထ၊ ထို စိတ္တံ ဥပ္ပန္နံ ဟူသော စကားရပ်၌"ဟု ရှိ၏။-သင့်သည်သာ။] သဒ္ဓေပတော၊ အကျဉ်းချုပ်

အားဖြင့်။ သဗ္ဗေပိ၊ ကုန်သော။ စိတ္တ စေတသိကဓမ္မေ၊ တို့ကို။ ဂဟေတွာ၊ ယူပြီး၍။ ဣဓ၊ ဤ ဥဒ္ဒေသဝါရ၌။ သရူပေန၊ သရုပ်သကောင်အားဖြင့်။ (ထို အကျဉ်းပြအပ်ပြီးသော တရားစုကို သရုပ် ထုတ်ပြသော အားဖြင့်။) ပဘေဒတော၊ အထူးအပြားအားဖြင့်။ ("ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ" စသော အထူးအပြားအားဖြင့်။) ဒဿေတုံ၊ ပြတော်မူခြင်းငှာ။ ဖဿော ဟောတီတိ အာဒိ၊ ကို။ (ဘဂဝတာ။) အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။ ဣတိ၊ ကြောင့်။ ဖဿာ-ဒယော၊ ဖဿ-အစရှိသော တရားတို့ကို။ (ဝုတ္တာ) ဝိယ၊ ဟောတော်မူအပ်ကုန်သကဲ့သို့။ (တထာ။) စိတ္တံပိ၊ ကိုလည်း။ ဝုတ္တမေဝ၊ ဟောတော်မူအပ်သည်သာ။ ဣတိ ဝေဒိတဗ္ဗံ။

ဈာနင်္ဂရာသိအဖွင့်

[ဖဿပဉ္စက် ၅-ခုမြောက်ရှိသော ဖဿပဉ္စမကရာသိကို ဖွင့်ပြပြီး၍၊ ယခုအခါ၌ ဈာနင်္ဂရာသိကို ဖွင့်ပြလိုသောကြောင့် "ဝိတက္ကေတိ" စသည် မိန့်သည်။]

(ယော သဘာဝေါ။) ဝိတက္ကေတိ၊ အာရုံကို ကြံတတ်၏။ ဣတိ၊ ထိုသို့ အာရုံကို ကြံတတ်သည်၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) ဝိတက္ကော[၁]၊ ဝိတက္ကမည်၏။ ဝါ၊ တနည်း။ ဝိတက္ကနံ၊ အာရုံကို ကြံခြင်း။ ဝိတက္ကော၊ ခြင်း။ ဦဟနံ၊ အာရုံကို ကြံခြင်း။ ဣတိ ဝုတ္တံ ဟောတိ။ သွာယံ (သော+အယံ)၊ ထိုဝိတက်သည်။ အာရမ္မဏေ၊ အာရုံပေါ်၌။ စိတ္တဿ၊ ကို။ အဘိ-နိရောပနလက္ခဏော၊ ရှေးရှု တက်ရောက်စေခြင်း လက္ခဏာရှိ၏။ ဝါ၊ ရှေးရှု တင်ပေးခြင်း လက္ခဏာရှိ၏။ [အဘိနိရောပန၌ အဘိ+နိပုဗ္ဗ-ရုဟဓာတ်+ကာ-ရိတ် ဏာပေပစ္စည်း+ယုပစ္စည်း။] ဟိ၊ မှန်။ သော၊ ထိုဝိတက်သည်။ အာရမ္မဏေ၊ ၌။ စိတ္တံ၊ ကို။ အာရောပေတိ၊ တက်ရောက်စေတတ်၏။ ဝါ၊ တင်ပေးတတ်၏။

၁။ ဝိတက္ကော။ ။ "ဝိတက္ကေတီတိ ဝိတက္ကော၊ ဝိတက္ကနံ ဝါ ဝိတက္ကော" ဟု သာဓန ၂-မျိုးသာပြထားသော်လည်း "ဝိတက္ကေန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဝိတက္ကော" ဟု ကရဏသာဓနလည်း ရနိုင်၏။ ထိုသို့ သာဓန ၃-မျိုး ဆိုရခြင်း၏ အကြောင်းကို သဂြိုဟ် ဘာသာဋီကာ စိတ္တံအဖွင့်၌ ပြထားပြီ။ ["ဝိတက္ကော-ကြံ+စည်ခြင်း" ဟု ရေးရိုးရှိ၏။ သို့သော် အာရမ္မဏာဘိနိရောပနလက္ခဏာနှင့်အညီ စိတ်ကို အာရုံပေါ်ရောက်အောင် အစစ္စာ တင်ပေးခြင်းသာ ဝိတက်၏ တာဝန်တည်း။ ထိုသို့ တင်ပေးပြီးနောက် ထိုအာရုံကို အထပ်ထပ် အာရုံပြုသော အားဖြင့် "စည်နေခြင်း" သဘာမှာ ဝိစာရ၏ သဘောသာဖြစ်သည်။ ထို့ကြောင့် "ဝိတက္ကေတိ-ကြံဘတ်၏" ဟုသာ အနက်ပေးပါ။]

ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ကောစိ၊ တစုံတယောက်သော ယောကျ်ားသည်။ ရာဇဝလ္လဘော၊ မင်းကျွမ်းဝင်သော်။ (မင်း၏ အကျွမ်းဝင်သူ ဖြစ်သော။)ဉာတိ ဝါ၊ ဆွေမျိုးကိုသော်လည်းကောင်း။ မိတ္တံ ဝါ၊မိတ်ဆွေကိုသော်လည်းကောင်း။ နိဿာယ၊ မှီ၍။ ရာဇဂေဟံ၊ မင်း၏ အိမ်တော်သို့။ (နန်းတော်သို့။)အာရောဟတိ ယထာ၊ တက်ရောက်ရသကဲ့သို့။ ဧဝံ၊ တူ။ ဝိတက္ကံ၊ ကို။ နိဿာယ။ စိတ္တံ၊ သည်။ အာရမ္မဏံ၊ သို့။ အာရောဟတိ၊ တက်ရောက်ရ၏။ တသ္မာ၊ ကြောင့်။ သော၊ ထို ဝိတက်ကို။ အာရမ္မဏော။ပ။ လက္ခဏောတိ၊ ဟူ၍။ ဝုတ္တော၊ ဆိုအပ်ပြီ။

ပန၊ ဝါဒန္တရကား။ နာဂသေနတ္ထေရော၊ အရှင်နာဂသိန် ထေရ်သည်။ အာဟ၊ ဆိုပြီ။ (ကိံ ။) ဝိတက္ကော၊ သည်။ အာကောဋနလက္ခဏော၊ အာရုံကို ရှေးဦးစွာ ခေါက်ခြင်းလက္ခဏာရှိ၏။ မဟာရာဇ၊ မဟာရာဇာ။ ဘေရီ၊ သည်။ ဝါ၊ ကို။ အာကောဋိတာ ယထာ၊ ရှေးဦးစွာ တီးခေါက်အပ်သကဲ့သို့။ အထ ပစ္ဆာ၊ ထိုမှနောက်၌။ အနုရဝတိ ယထာ၊ အဆက်ဆက် မြည်နေသကဲ့သို့။ အနုသဒ္ဒါယတိ ယထာ၊ အဆက်ဆက် အသံပြုသကဲ့သို့။ – [သဒ္ဒံဟူသောနာမ်ပုဒ်နောင် ကရောတိအနက်၌ အာယ-ပစ္စည်းသက်ထားသော နာမဓာတ်။] မဟာ-ရာဇ၊ ဇာ။ ဧဝမေဝ၊ ဤအတူသာလျှင်။ အာကောဋနာ၊ ရှေးဦးစွာ ခေါက်ခြင်းကို။ (ဒဋ္ဌဗ္ဗာ) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ဝိတက္ကော၊ ဝိတက်ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပစ္ဆာ၊ နောက်မှ။ အနုရဝနာ၊ အဆက်ဆက် မြည်ခြင်းကို။ အနုသဒ္ဒါယနာ၊ အဆက်ဆက် အသံပြုခြင်းကို။ (ဒဋ္ဌဗ္ဗာ) ယထာ၊ ဧဝံ။ ဝိစာရော၊ ဝိစာရကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဣတိ၊ သို့။ အာဟ၊ ပြီ။

သွာယံ (သော+အယံ)၊ ထို ဝိတက်သည်။ အာဟနန ပရိယာဟနနရသော၊ အစစွာ တီးခေါက်ခြင်း ထက်ဝန်းကျင် တီးခေါက်ခြင်း ကိစ္စရှိ၏။ ဝါ၊ ရှေးရှု ခေါက်ခြင်း လှည့်ပတ်၍ ခေါက်ခြင်း ကိစ္စ ရှိ၏။ တထာဟိ၊ ထိုစကား မှန်၏။ တေန၊ ထို ဝိတက်ကြောင့်။ ယောဂါဝစရော၊ ယောဂါဝစရ ပုဂ္ဂိုလ်ကို။အာရမ္မဏံ၊ပ။ကရောတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ [အာရမ္မဏံ၊ ကို။ ဝိတက္ကာဟတံ၊ ဝိတက်သည် အစစွာ ခေါက်အပ်သည်ကို။ (အာဟတံ၌ အာသည် အာဒိကမ္မ အနက်ဟော။) ဝါ၊ ဝိတက်သည် ရှေးရှုခေါက်အပ်သည်ကို။ (အာသည် အဘိမုခ အနက်ဟော။) ဝိတက္က ပရိယာဟတံ၊ ဝိတက်သည် ထက်ဝန်းကျင် ခေါက်အပ်သည်ကို။ ဝါ၊ ဝိတက်သည် လှည့်ပတ်၍ ခေါက်အပ်သည်ကို။ ကရောတိ၊ ပြု၏။] အာရမ္မဏေ၊ ၌။ စိတ္တဿ၊ ကို။ အာနယ်န ပစ္စုပဋ္ဌာနော၊ ဆွဲဆောင်တတ်သော တရား ဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

ပေးနိုင်သည်။] ဟိ၊ မှန်။ သော၊ ထို ဝိတက်သည်။ ကေဝ္ဂေါ၊ တခုတည်း
သော အာရုံရှိသည်။ ဟုတွာ၊ ၍။ ဝါ၊ လတ်သော်။ အဗ္ဗေပ္ပတိ၊ အပ္ပနာသို့
ရောက်၏။ ဝါတဂ္ဂဟဏတ္ထံ၊ လေအဟုန်ကို ယူခြင်းအကျိုးငှာ။ ပက္ခေ၊ တို့ကို။
ဖန္ဒာပယမာနဿ၊ လှုပ်ရှားစေလျက်။ (အတောင်ခတ်လျက်။) ဂမနံ ဝိယ၊
ကဲ့သို့။ အနုမဇ္ဇနဘာဝေန၊ အဖန်ဖန် ပွတ်တိုက်ဟတ်သည်၏ အဖြစ်ဖြင့်။
ပဝတ္တော။ ဝိစာရော၊ သည်။ ဟောတိ။ ["အနုမဇ္ဇန ဘာဝေန။ပ။ဝိစာရော၊
ဝါတဂ္ဂဟဏတ္ထံ။ပ။ဂမနံ ဝိယ" ဟုလည်း ပေးနိုင်သည်။] ဟိ၊ မှန်။ သော၊
ထို ဝိစာရသည်။ အာရမ္မဏံ၊ ကို။ အနုမဇ္ဇတိ၊ အဖန်ဖန် ပွတ်တိုက်တတ်၏။ ဣတိ၊
သို့။ ဝုတ္တံ၊ ပြီ။ ["အဋ္ဌကထာယံ ပန" မှ အဋ္ဌကထာယ်ကို ဤ ဝုတ္တံ-၌ စပ်ပါ။]

တံ၊ ထို အဋ္ဌကထာ စကားသည်။ အနုပ္ပဗန္ဓေန၊ အာရုံ၌ စိတ်ကို အစဉ်မပြတ်
ဖွဲ့စပ်ခြင်းအားဖြင့်။ ပဝတ္တိယံ၊ ဖြစ်ရာအခါ၌။ ¹အတိ ဝိယ၊ အလွန်အကဲသာ
လျှင်။ ယုဇ္ဇတိ၊ သင့်မြတ်ပါပေ၏။ ပန၊ ဆက်။ နေသံ၊ ထို ဝိတက် ဝိစာရ
၂-ပါးတို့၏။ သော ဝိသေသော၊ သည်။ (ပြခဲ့သော အထူးသည်။) ပဌမ
ဒုတိယဈာနေသု၊ တို့၌။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ။ (ဤ ဝါကျ၏
အဓိပ္ပာယ်ကို ပါရာဇိကဏ်ဘာသာဋီကာ၌ ပြထားပြီ။)

အပိစ²၊ သည်သာ မကသေး။ မလဂ္ဂဟိတံ၊ ယူအပ်သော အညစ်အကြေး
ရှိသော။ (ကြေးတင်နေသော။) ကံသဘာဇနံ၊ ကြေးခွက်ကို။ ဧကေန ဟတ္ထေန၊

၁။ အတိ ဝိယ ယုဇ္ဇတိ။ ။ရှေး အဋ္ဌကထာ၌ ဆိုအပ်သော စကားသည် ဤ သင်္ဂဟ-
အဋ္ဌကထာဝယ် ပြခဲ့သောစကားနှင့် ပြောင်းပြန်ဖြစ်၍ နေသောကြောင့် မသင့်သကဲ့သို့
ထင်ရ၏။ မှန်၏-ဤ သင်္ဂဟအဋ္ဌကထာ၌ "ဝိပ္ဖါရဝါ ဝိတက္ကော" ဟု ဆို၏။ ရှေးအဋ္ဌ-
ကထာ၌ "ဝါတဂ္ဂဟဏတ္ထံ ပက္ခေ ဖန္ဒာပယမာနဿ ဂမနံ ဝိယ။ပ။ဝိစာရော" ဟု ဆိုထာ
၏။ ဝိတက်၏ သဘောသည်ပင် ရှေး အဋ္ဌကထာ၌ ဝိစာရ၏သဘော ဖြစ်နေပြန်သည်။
သင်္ဂဟအဋ္ဌကထာ၌ "သန္တဝုတ္တိ ဝိစာရော" ဟု ဆို၏။ ရှေး အဋ္ဌကထာ၌ကား "ပ
သန္နိသီဒါပေတ္ဘာ။ပ။ဝိတက္ကော" ဟု ဆို၏။ ဝိစာရ၏သဘောကိုပင် ဤ သင်္ဂဟအဋ္ဌ-
ကထာ၌ ဝိတက်၏သဘောကဲ့သို့ ဖြစ်နေပြန်သည်။ ဤသို့ ရှေး အဋ္ဌကထာစကားနှင့် ဤ
သင်္ဂဟအဋ္ဌကထာ စကားသည် ပြောင်းပြန်ဖြစ်နေ၏။ သို့သော် ဤ သင်္ဂဟအဋ္ဌကထာ
သည် ဝိတက်၏ ပဌမ ဖြစ်ရာအခါကို ရည်ရွယ်၍ ပဌမုပ္ပတ္တိကာလေ-စသည်ဖြင့် ဆိုခဲ့
သည်။ ရှေးအဋ္ဌကထာ၌ကား ဥပစာရဘာဝနာ အပ္ပနာဘာဝနာ ဖြစ်ရာအခါဝယ်
ဝိတက်၏ အဆက်မပြတ် ဖြစ်နေသောကြောင့် ဝိတက်၏ အာရုံယူပုံလည်း အလွန်ငြိမ်
သက်၏။ ထို့ကြောင့် "တံ အနုပ္ပဗန္ဓေန ပဝတ္တိယံ အတိ ဝိယ ယုဇ္ဇတိ" ဟု ဆိုသည်၊

၁။ အပိ စ။ ။တေလစုဏ္ဏကေနာတိ တေလေန် စုဏ္ဏေန မိဿိတတေလေန၊
လဏှာတိ ဟိံသာတိ မလဘာဝဝန္တိ လဏှု၊ ယဒါဒိနာ ဥ၊ လဏှု စ+တံ+ဥပကဍ္ဍာတိ
လဏှုပကံ၊ ဘေန၊ ပရိမဇ္ဇနာနုရူပစာရိကာဒိနာတိ အတ္ထော။ ဝါသာဒ္ဒေါ တေလေန ဝါတိ

လက်ပဟာဘက်ဖြင့်။ ဒဠ္ဌံ၊ မြဲစွာ။ ဂဟေတွာ၊ ကိုင်၍။ ဣတရေန၊ အခြားသော။ ဟတ္ထေန၊ ဖြင့်။ စုဏ္ဏတေလေန ဝါ၊ ဆပ်ပြာမှုန့်တို့ဖြင့် ရောအပ်သော ဆီဖြင့် သော်လည်းကောင်း။ လဏ္ဍုပကေန ဝါ၊ ပွတ်တိုက်ခြင်းငှာ လျော်ကပ်သော ဘရွတ်ဖြင့်သော်လည်းကောင်း။ ပရိမဇ္ဇန္တဿ၊ ပွတ်တိုက်သူ၏။ ဒဠ္ဌဂ္ဂဟဏ-ဟတ္ထော ဝိယ၊ မြဲစွာကိုင်ယူကြောင်း လက်သည်ကဲ့သို့။ ဝိတက္ကော၊ သည်။ ဟောတိ။ပရိမဇ္ဇနဟတ္ထော ဝိယ၊ ထက်ဝန်းကျင် ပွတ်တိုက်ကြောင်း လက်သည် ကဲ့သို့။ ဝိစာရော ဟောတိ။

တထာ၊ ထိုမှတပါး။ ဒဏ္ဍပ္ပဟာရေန၊ တုတ်ဖြင့် ပုတ်ခတ်ခြင်းဖြင့်။ စက္ကံ၊ စက်ဘီးကို။ ဘမယိတွာ၊ လည်စေ၍။ ဘာဇနံ၊ ခွက်ကို။ ကရောန္တဿ၊ ပြုသော။ ကုမ္ဘကာရဿ၊ အိုးလုပ်သမား၏။ ဥပ္ပီဠနဟတ္ထော ဝိယ၊ ဖိနှိပ်ကြောင်း လက်သည်ကဲ့သို့။ ဝိတက္ကော၊ သည်။ ဟောတိ။ ဣတော စိတော စ၊ ဤဘက် ဤဘက်၌လည်း။ သဉ္စရဏဟတ္ထော ဝိယ၊ လှည့်လည်ကြောင်း လက်သည်ကဲ့သို့။ ဝိစာရော၊ သည်။ ဟောတိ၊ ၏။

တထာ၊ ထိုမှ တပါး။ မဏ္ဍလံ[၁]၊ ကောက်နယ် တလင်းဝိုင်းကို။ ကရောန္တ-ဿ၊ ပြုသူ၏။ မဇ္ဈေ၊ အလယ်၌။ သန္နိရုဇ္ဈိတွာ၊ကောင်းစွာ ဖိနှိပ်၍။ ဌိတကဏ္ဋ-ကော ဝိယ၊ တည်သော စူးသည်ကဲ့သို့။ အဘိနိရောပနော၊ ရှေးရှု တင်တတ် သော။ ဝိတက္ကော(ဟောတိ)။ ဗဟိ၊ ဘေး ပတ်ဝန်းကျင်၌။ ပရိဗ္ဘမနကဏ္ဋ-ကော ဝိယ၊ ထက်ဝန်းကျင် လှည့်ပတ်ကြောင်း စူးသည်ကဲ့သို့။ အနုမဇ္ဇမာနော၊ အဖန်ဖန် ပွတ်တိုက်တတ်သော။ ဝိစာရော(ဟောတိ)။

(ယာ ဓမ္မဇာတိ။)ပိဏယတိ၊ နှစ်သက်စေတတ်၏။ ဝါ၊ တိုးပွားစေတတ် ၏။ ဣတိ၊ ကြောင့်။(သာ ဓမ္မဇာတိ။) ပီတိ၊ မည်၏။ သာ၊ ထို ပီတိသည်။ သမ္ပိယာယနလက္ခဏာ၊ လွန်စွာ ချစ်ခြင်းဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဝါ၊လွန်စွာ နှစ်သက်ခြင်း လက္ခဏာရှိ၏။ ကာယစိတ္တပိဏနရသာ၊ ကိုယ် စိတ် ၂-ပါးကို

ယောဇေတဗ္ဗော။ ဤသို့ ယောဇနာဖွင့်သောကြောင့် “စုဏ္ဏတေလေန လဏ္ဍုပကေန” ဟု ရှေးပါဠိ၌ရှိဟန်တူသည်။ ရှေး နိဿယ၌ကား ‘‘စုဏ္ဏတေလဝါလဏ္ဍုပဂေန-ဆပ်ပြာမှုန့် ဆီဆွတ်စတစ်အပ်သော ဆိတ်မွေးစသည်ဖြင့် ပြုအပ်သော သားမြီးတပွတ်ဖြင့်” ဟု တပုဒ်တည်း အနက်ပေးသည်။

၁။ မဏ္ဍလံ။ ။မဏ္ဍလံကို‘‘ခလမဏ္ဍလံ’’ဟု ဋီကာဖွင့်၏။ထိုအတိုင်းဆိုလျှင် အလယ် တည့်တည့်၌ စူးတချောင်းဖြင့် ထောက်ထား၍ ထိုစူး၌ ကြိုးတပ်ပြီးလျှင် ဘေးပတ်ပတ် လည် အသိုရှိသလောက် ပိုင်းပုံမျိုးကို ဆိုလိုဟန်တူသည်။ ယခုခေတ် ကွန်ပါစက်ဝိုင်း လှည့်ပတ်ပုံနှင့်လည်း သဘောတူပင်တည်း။ ထို့ကြောင့် မဏ္ဍလံကို“သာမည-အဝန်း အဝိုင်း’’ဟု ပေးသင့်မည် ထင်သည်။

ပွားတိုးစေခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်း။ ဖရဏရသာ၊ ပဏီတရုပ်တို့ဖြင့် တကိုယ်လုံးကို ဖြန့်ခြင်းကိစ္စ ရှိ၏။ဩဒဂျပစ္စုပဋ္ဌာနာ၊တတ်ကြွသောစိတ်၏ ဖြစ်ကြောင်းဟုရုံးဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏။ [ဤပုဒ်တို့၏ အဓိပ္ပာယ်ကို ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာ ဈာန်ခန်း၌ ပြထားပြီ။]

ပန၊ ဆက်။ သာ သော၊ ထို ပီတိသည်။ ခုဒ္ဒိကာပီတိ၊ ခုဒ္ဒိကာပီတိလည်း ကောင်း။ ခဏိကာပီတိ၊ လည်းကောင်း။ ဩက္ကန္တိကာပီတိ၊ လည်းကောင်း။ ဥဗ္ဗေဂါပီတိ၊ လည်းကောင်း။ ဖရဏာပီတိ၊ လည်းကောင်း။ ဣတိ၊ သို့။ ပဉ္စဝိဓာ၊ ၅-ပါး အပြားရှိသည်။ ဟောတိ။ တတ္ထ၊ ထို ၅-ပါးသော ပီတိတို့တွင်။ ခုဒ္ဒိကာ၊ ခုဒ္ဒိကာမည်သော။ ပီတိ၊ သည်။ သရီရေ၊ ကိုယ်၌။ လောမဟံသမတ္တမေဝ၊ အမွေးတို့၏ ရှင်ခြင်းမျှကိုသာ။ ဝါ၊ ကြက်သီးမွေးညင်း ထခြင်းမျှကိုသာ။ ကာတုံ၊ ငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။[ထို့ကြောင့် အငယ်ဟော ခုဒ္ဒသဒ္ဒါနောင် သွတ္ထ၌ က-ပစ္စည်းသက်၊ အ ကို ဣပြု၍“ခုဒ္ဒိကာ”ဟု ဆိုသည်။ “သေးငယ်သောပီတိ”ဟူလို။] ခဏိကာ၊ ခဏိကာမည်သော။ ပီတိ၊ သည်။ ခဏေ ခဏေ၊ ခဏ ခဏ၌။ ဝိဇ္ဇုပ္ပါဒသဒိသာ၊ လျှပ်စစ်၏ ဖြစ်ခြင်းနှင့်တူသည်။ ဝါ၊ လျှပ်လက်ခြင်းနှင့် တူသည်။ ဟောတိ။ [လျှပ်လက်သလို ခဏခဏ ဖြစ်၍ ပျက်သွားသည်-ဟူလို၊ ခဏေ ခဏေ+ပဝတ္တာ ခဏိကာ”ဟု ပြု။ ခဏ-တပုဒ် ချေ။ ခဏာဏဖြစ်သော ပီတိ။] ဩက္ကန္တိကာ၊ ဩက္ကန္တိကာ မည်သော။ ပီတိ၊ သည်။ သမုဒ္ဒတီရံ၊ သမုဒ္ဒရာကမ်းသို့။ ဝီစိ၊ လှိုင်း တံပိုးသည်။ (ဩက္ကမိတွာ ဩက္ကမိတွာ၊ သက်ရောက်၍ သက်ရောက်၍။ ဘိဇ္ဇတိ) ဝိယ၊ ပျက်သကဲ့သို့။ (တထာ၊ တူ။) ကာယံ၊ ကိုယ်သို့။ ဩက္ကမိတွာ ဩက္ကမိတွာ၊ ၍။ ဘိဇ္ဇတိ၊ ပျက်တတ်၏။[ဩက္ကမတီတိ(သက်ရောက်တတ်သည်၏အဖြစ်ကြောင့်)ဩက္ကန္တာ၊ ဩက္ကန္တာယေဝ ဩကန္တိကာ-ဟု ပြု။] ဥဗ္ဗေဂါ၊ ဥဗ္ဗေဂါမည်သော။ ပီတိ၊ သည်။ ဗလဝတီ၊ အားရှိသည်။ ဟောတိ။ ကာယံ၊ ကို။ ဥဒ္ဓဂ္ဂံ၊ အထက်သို့ တက်သည်ကို။ ကတွာ။ အာကာသေ၊ ၌။ လင်္ဃာပနပမာဏပ္ပတ္တာ၊ ပျံတက်စေခြင်းဟူသော အတိုင်းအရှည်သို့ ရောက်သည်။ ဟောတိ။[လင်္ဃိဓာတ် ဏာပေပစ္စည်း ယုပစ္စည်းဖြင့် “လင်္ဃာပန”ဟု ပြီး၏။“ ဥဒ္ဓံ+ဝေဂေါ တေိဿတိ ဥဗ္ဗေဂါ”ဟု ပြု။ အထက်သို့တက်သော အဟုန်ရှိသော ပီတိ။]

တထာဟိ၊ ထိုစကား မှန်၏။ ပုဏ္ဏဝလ္လိကဝါသီ၊ ပုဏ္ဏဝလ္လိက အရပ်၌ နေလေ့ရှိသော။ မဟာတိဿတ္ထေရော၊ မဟာတိဿ ထေရ်သည်။ ပုဏ္ဏမဒိဝသေ၊ လပြည့်နေ့၌။ သာယံ၊ ညချမ်းအခါ၌။ စေတိယင်္ဂဏံ၊ စေတီ ရင်ပြင်သို့။ (ပုဏ္ဏဝလ္လိက ကျောင်းတိုက်၌ရှိသော စေတီရင်ပြင်သို့။) ဂန္တွာ၊ ၍။ စန္ဒာလောကံ၊လရောင်ကို။ ဒိသွာ၊ကြည့်၍။ မဟာစေတိယာဘိမုခေါ၊မဟာစေတီသို့

ရှေးရှုသည်။ ဟုတ္တာ၊ ၍။ ဣမာသ ဝေလာယ၊ ဤ အချိန်အခါ၌။ စတဿော၊ ၄-ပါးကုန်သော။ ပရိသာ၊ ပရိသတ်တို့သည်။ (ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာ ပရိသတ်တို့သည်။) မဟာစေတိယံ၊ မဟာစေတီတော်ကို။ ဝန္ဒန္တိ ဝတ၊ ရှိခိုးနေကြလေယောင် တကား။ ဣတိ၊ သို့။ ပကတိယာ၊ ပင်ကိုအားဖြင့်။ (ရှေးတုန်းက။) ဒိဋ္ဌာရမ္မဏာ သေန၊ မြင်အပ်ပြီးသော အာရုံ၏ အစွမ်းဖြင့်။ ဗုဒ္ဓာရမ္မဏံ၊ ဘုရားဟူသော အာရုံရှိသော။ ဥဗ္ဗေဂါပီတိ၊ ဥဗ္ဗေဂါပီတိကို။ ဥပ္ပာဒေတွာ၊ ဖြစ်စေ၍။ သုဓာတလေ-အင်္ဂတေ အပြင်၌။ ပဟာတမ်ိတြဂေဏ္ဍု-ကော ဝိယ၊ ပေါက်အပ်သော ဆန်းကြယ်သော ဂျင်လုံးသည်ကဲ့သို့။ ဝါ၊ ပေါက်အပ်သော ဆန်းကြယ်သော ဘောလုံးသည်ကဲ့သို့။ (ဘောလုံးသည် ပေါက်လိုက်သောအခါ မြေက မာသောကြောင့် အထက်သို့ မြောက်တက်လာသကဲ့သို့။) အာကာသေ၊ ၌။ ဥပ္ပတိတွာ၊ ပျံတက်၍။ စေတိယင်္ဂဏေဝ၊ မဟာစေတီ ရင်ပြင်တော်၌သာ။ အဋ္ဌာသိ၊ တည်ဖူးပြီ။

တထာ၊ ထိုမှ တပါး။ ဂိရိကဏ္ဍကဝိဟာရဿ၊ ဂိရိကဏ္ဍက ကျောင်းတိုက်၏။ ဥပနိဿယေ၊ မှီရာဖြစ်သော။ (ဂေါစရဂံ အမှီပြုရာ ဖြစ်သော။) ဝတ္တကါ-လကဂါမေ၊ ဝတ္တကါလက ရွာ၌။ ဧကာ၊ တယောက်သော။ ကုလဓီတာပိ၊ အမျိုးသမီးသည်လည်း။ (ပိဖြင့် မဟာတိဿထေရ်ကို ပေါင်း။) ဗလဝဗုဒ္ဓာ-ရမ္မဏာယ၊ အားရှိသော ဘုရားဟူသော အာရုံရှိသော။ ဥဗ္ဗေဂါပီတိယာ၊ ဖြင့်။ အာကာသေ၊ ၌။ လင်္ဃေသိ၊ ပျံတက်ဖူးပြီ။ [“ဗလဝတိယာ ဗုဒ္ဓာရမ္မဏာယ ဥဗ္ဗေဂါပီတိယာ”ဟု ရှိလျှင် ကောင်း၏။ သို့မဟုတ်“ဗုဒ္ဓာရမ္မဏာယ ဗလဝ-ဥဗ္ဗေဂါပီတိယာ”ဟု ရှိလျှင်လည်း ကောင်း၏။] ကိရ၊ ချဲ့။ တဿာ၊ထို အမျိုးသမီး၏။ မာတာပိတရော၊တို့သည်။ သာယံ၊ ညချမ်းအခါ၌။ ဓမ္မဿဝနတ္ထာယ၊ ငှာ။ ဝိဟာရံ၊ သို့။ ဂစ္ဆန္တာ၊ သွားကုန်လတ်သော်။ (သွားခါနီး ဖြစ်ကုန်လတ်သော်။) အမ္မ၊ ချစ်သမီး။ တွံ၊ သင်သည်။ ဂရုဘာရာ၊ လေးသော ကိုယ်ဝန်ရှိ၏။ အကာလေ၊အခါမဲ့၌။ ဝိစရိတုံ၊လှည့်လည်ခြင်းငှာ။ န သက္ကောသိ၊ မစွမ်းနိုင်။ မယံ၊ တို့သည်။ တုယှံ၊ သင်၏။ ဝါ၊ သင့်ဖို့။ ပတ္တိံ၊ ကုသိုလ်အဖို့ကို။ ကတွာ၊ ၍။ ဓမ္မံ၊ ကို။ သောဿာမ၊ နာခဲ့ကုန်အံ့။ ဣတိ၊ ဤသို့ ပြော၍။ အဂမံသု၊ သွားကြကုန်ပြီ။

သာ၊ ထို အမျိုးသမီးသည်။ ဂန္တုကာမာ၊ လိုက်လိုသည်။ (သမာနာ) ပိ၊ သော်လည်း။ တေသံ၊ ထို မိဘတို့၏။ ဝစနံ၊ စကားကို။ ပဋိဗာဟိတုံ၊ ပယ်မြစ်ခြင်းငှာ။ အသက္ကောန္တီ၊ မစွမ်းနိုင်သည်။ (ဟုတ္တာ။)ဃရေ၊ ၌။ ဩဟိယိတွာ၊ ကျန်ရစ်၍။ ဃရဒ္ဓါရေ၊ အိမ်တံခါး၌။ ဌတွာ၊ ရပ်၍။ စန္ဒာလောကေန၊ လ ရောင်ဖြင့်။ ဂိရိကဏ္ဍကေ၊ဂိရိကဏ္ဍက ကျောင်းတိုက်၌။ (ဂိရိကဏ္ဍက ကျောင်း

တိုက်သဲက။)အာကာသေ၊ ၌။ စေတိယင်္ဂဏံ၊ ကို။ ဩလောကေန္တီ၊လှမ်းမျှော်၍ ကြည့်လတ်သော်။ စေတိယဿ၊စေတီတော်အား။ ဒီပပူဇံ၊ဆီမီးဖြင့် ပူဇော်ခြင်းကို။အဒ္ဒသ၊မြင်ရပြီ။ဧတဿော၊ကုန်သော။ ပရိသာ စ၊တို့သည်လည်း။ မာလာဂန္ဓာဒီဟိ၊ ပန်းနံ့သာ အစရှိသော ပူဇော်ဖွယ်တို့ဖြင့်။ စေတိယပူဇံ၊ စေတီတော်ကို ပူဇော်ခြင်းကို။ ကတွာ။ ပဒက္ခိဏံ၊ လက်ယာရစ်။ ကရောန္တိယော၊ ပြုနေသည်တို့ကို။(လက်ယာရစ်လှည့်နေသည်တို့ကို။ အဒ္ဒသ။) ဘိက္ခုသံဃဿ စ၊ ရဟန်း သံဃာတော်၏လည်း။ ဂဏသဇ္ဈာယသဒ္ဒံ၊ အပေါင်း၏ သရဇ္ဈာယ်သံကို။ (အပေါင်းအားဖြင့် သရဇ္ဈာယ်သံကို။) အဿောသိ၊ ကြားရပြီ။

အထ၊ ထို အခါ၌။ အဿာ၊ ထို အမျိုးသမီး၏။ ဧဝံ၊ အကြင် လူတို့သည်။ ဝိဟာရံ၊ သို့။ ဂန္တွာ၊ ၍။ ဧဝရူပေ၊ သော။ စေတိယင်္ဂဏေ၊ ၌။ အနုသဉ္စရိတုံ၊ အစဉ် လှည့်လည်ခြင်းငှာ လည်းကောင်း။ (လှည့်လည်ခွင့်ကိုလည်းကောင်း။) ဧဝရူပံ၊ သော။ မဓုရံ၊ ချိုမြိန် ကောင်းမြတ်သော အရသာနှင့် တူသော။ ဓမ္မကထံ၊ တရားစကားကို။ သောတုံ၊ နာခြင်းငှာ လည်းကောင်း။ (နာခွင့်ကိုလည်းကောင်း။) လဘန္တိ၊ ရကြကုန်၏။ ဣမေ မနုဿာ၊ တို့သည်။ ဧညာ ဝတ၊ ဘုန်းကံ ရှိပါပေကုန်စွ။ ဣတိ၊ ဤသို့။ ကြံ၍။ မုတ္တာရာသိ သဒိသံ၊ ပုလဲအစုနှင့် တူသော။ စေတိယံ၊ စေတီတော်ကို။ ပဿန္တိယာ ဧဝ၊ လှမ်း၍ ဖူးမြော်စဉ်ပင်။ ဥဗ္ဗေဂါ၊ အထက်သို့တက်သော အဟုန်ရှိသော။ ပီတိ၊ သည်။ ဥဒပါဒိ၊ ပြီ။ သာ၊ ထို အမျိုးသမီးသည်။ အာကာသေ၊ ၌။ လင်္ဃိတွာ၊ ပျံတက်၍။ မာတာပိတူနံ၊ ဟို၏။ ပုရိမတရံ ဧဝ၊ ရှေးဦးစွာသာလျှင်။ အာကာသေန၊ ကောင်းကင် ခရီးဖြင့်။ [အချို့စာအုပ်၌ "အာကာသတော၊ မှ" ဟု ရှိ၏၊ ကောင်းသည်။] စေတိယင်္ဂဏေ၊ ၌။ ဩရုယှ၊ သက်ဆင်း၍။ စေတိယံ။ ကို။ ဝန္ဒိတွာ၊ ၍။ ဓမ္မံ၊ ကို။ သုဏမာနာ၊ နာလျက်။ အဋ္ဌာသိ၊ တည်ပြီ။[မိဘတို့က တောင် ပါကျောင်းသို့ တက်နေရသောကြောင့် နောက်ကျနေသည်။]

အထ၊ ယိုမှ နောက်၌။ (အမျိုးသမီးရောက်ပြီးသည်မှ နောက်၌။)နံ၊ ထို အမျိုးသမီးကို။ မာတာပိတရော၊ တို့သည်။ အာဂန္တွာ၊ လာ၍။အမ္မ၊ ချစ်သမီး။ တွံ၊ သင်သည်။ ကတရေန မဂ္ဂေန၊ အဘယ်လမ်းဖြင့်။ အာဂတာ၊ လာသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ သို့။ ပုစ္ဆိံသု၊ မေးကြကုန်ပြီ။ သာ၊ ထို အမျိုးသမီးသည်။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂတာ၊ လာသည်။ အမှိ၊ ဖြစ်ပါ၏။ မဂ္ဂေန၊ လမ်းဖြင့်။ (သွားရိုးလမ်းဖြင့်။ အာဂတာ၊ သည်။) န (အမှိ)၊ မဖြစ်ပါ။ ဣတိ၊ သို့။ ဝတွာ၊ ပြော၍။ ဝါ၊ သော်။ အမ္မ၊ ချစ်သမီး။ အာကာသေန နာမ၊ ကောင်းကင်ခရီးဖြင့် မည်သည်။ ခီဏာသဝါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ သဉ္စရန္တိ၊ လှည့်လည်တော်မူကြကုန်၏။ တွံ၊ သည်။ ကထံ၊ အဘယ်

နည်းဖြင့်။ အာဂတာ၊ သည်။ အသိ၊ နည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ပြောဆိုအပ်သည်။ (သမာနာ။) အာဟ၊ ပြောပြီ။ (ကိံ။) မယှံ၊ ကျွန်ုပ်၏။ (ဗလဝ-ပီတိ-၌ စပ်။) ဝါ၊ သည်။ (ဋ္ဌိတာယ-၌ စပ်။)စန္ဒာလောကေန၊ ဖြင့်။ စေတိ-ယံ၊ ကို။ ဩလောကေန္တိယာ၊ ကြည့်လျက်။ ဋ္ဌိတာယ၊ တည်လတ်သော်။ဗုဒ္ဓာ-ရမ္မဏာ၊ သော။ ဗလဝပီတိ၊ အားရှိသော ပီတိသည်။ ဟောတိ၊ ဖြစ်ပါ၏။ အထ၊ ထို အခါ၌။ အဟံ၊ ကျွန်ုပ်သည်။ အတ္တနော၊ ၏။ ဋ္ဌိတဘာဝံ၊ ရပ်နေသည်၏ အဖြစ်ကို။, (ရပ်နေမှုန်းကို။) နေဝ (အညာသိံ)၊ မသိလိုက်ပါ။ နိသိန္နဘာဝံ၊ ထိုင်နေသည်၏အဖြစ်ကို။ (ထိုင်နေမှုန်းကို။) န အညာသိံ၊ မသိလိုက်ပါ။ ပန၊ စင်စစ်ကား။ ဂဟိတာရမ္မဏေနေဝ၊ ယူအပ်ပြီးသော အာရုံဖြင့်သာလျှင်။ အာကာသံ၊ သို့။ လင်္ဃိတွာ၊ ပျံတက်၍။ စေတိယင်္ဂဏေ၌။ ပတိဋ္ဌိတာ၊ တည်သည်။ အမို့၊ ဖြစ်ပါ၏။ ဣတိ၊ ဤသို့ ပြောပြီ။ ဧဝံ၊ ဤသို့လျှင်။ ဥဗ္ဗေဂါပီတိ၊ ဥဗ္ဗေဂါပီတိသည်။ အာကာသေ၊ ၌။ လင်္ဃာပနပ္ပမာဏာ၊ ပျံတက်စေခြင်းဟူသော အတိုင်းအရှည်ရှိသည်။ ဟောတိ။

ပန၊ ကား။ ဖရဏာပီတိယာ၊ ဖရဏာပီတိသည်။ (တကိုယ်လုံး၌ ပျံ့နှံ့သော ပီတိသည်။) ဥပ္ပန္နာယ၊ သော်။ သကလသရီရံ၊ အလုံးစုံသော ကိုယ်သည်။ (အနုပရိပ္ဖုဋ္ဌံ ဟောတိ-၌ စပ်။) ဓမိတွာ၊ လေဖြင့် မှုတ်၍။ ပူရိတဝတ္ထိ ဝိယ၊ ပြည့်စေအပ်သော စည်ပေါင်းသည်ကဲ့သို့လည်းကောင်း။ မဟတာ၊ ကြီးစွာသော။ ဥဒကောဃေန၊ ရေအလျဉ်သည်။ ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ၊ ပြေးဝင်အပ်သော တောင်ဝှမ်းသည် ကဲ့သို့လည်းကောင်း။ အနုပရိပ္ဖုဋ္ဌံ၊ အစဉ်အတိုင်း ဖြန့်အပ်သည်။ ဟောတိ။ [သကလသရီရံ နောက်၌ ဖရိတွာဟု ရှိ၏၊ သကလသရီရံကို "အနုပရိပ္ဖုဋ္ဌံ ဟောတိ" ၌ စပ်ရမည် ဖြစ်သောကြောင့် "ဓမိတွာ" ဟု ရှေးနိဿယ ရှိသည့်အတိုင်းကောင်းသည်။ လေဖြင့် မှုတ်၍ ပြည့်စေအပ်သော စည်ပေါင်းကဲ့သို့-ဟူလို။]

ပန၊ ဆက်။ ပဉ္စဝိဓာ၊ သော။ သာ သော ပီတိ၊ သည်။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှန္တီ၊ ယူလတ်သော်။ [ပီတိရင့်လာလျှင် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဖြစ်သောကြောင့် ထို ပဿဒ္ဓိဖြစ်ဖို့ရန် ရင့်နေသည်ကို "ဂဗ္ဘံ ဂဏှန္တီ" ဟု ဆိုသည်။] ပရိပါကံ၊ ရင့်ကျက်ခြင်းသို့။ ဂစ္ဆန္တီ၊ ရောက်လတ်သော်။ [ဂဗ္ဘံ ဂဏှန္တီ-ကို ထပ်ဖွင့်သည်။] ကာယပဿဒ္ဓိံ စ၊ ကာယပဿဒ္ဓိလည်း ဖြစ်သော။ စိတ္တပဿဒ္ဓိံ စ၊ ဖြစ်သော။ ဒုဝိဓံ၊ သော။ ပဿဒ္ဓိံ၊ ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ပဿဒ္ဓိ၊ သည်။ ဂဗ္ဘံ၊ ကို။ ဂဏှန္တိ၊ သော်။ ပရိပါကံ၊ သို့။ ဂစ္ဆန္တိ၊ သော်။ ကာယိကံ၊ ကိုယ်၌လည်း ဖြစ်သော။ စေတသိကံ စ၊ စိတ်၌လည်း ဖြစ်သော။ ဒုဝိဓံ သုခံ

ပရိပူရေတိ။ သုခံ၊ သည်။ ဂဗ္ဘံ၊ ကို။ ဂဏှန္တံ၊ သော်။ ပရိပါကံ ဂစ္ဆန္တံ။ ခဏိကသမာဓိံ၊ ခဏိကသမာဓိလည်း ဖြစ်သော။ ဥပစာရသမာဓိံ၊ သော။ အပ္ပနာသမာဓိံ၊ သော။ တိဝိဓံ သမာဓိံ ပရိပူရေတိ။ [“အပ္ပနာသမာဓိန္တိ” ဟု ရှိပါသည်ကား မကောင်း။ ခဏိကသမာဓိံ၊ လည်းကောင်း။ပ။ရှိတိ၊ သို့။ တိဝိဓံ သမာဓိံ။— ဟုသော်လည်းပေး။] တာသု၊ ထို ပီတိတို့တွင်။ [သုခက သမာဓိကို ပြည့်စေတတ်သော်လည်း သုခ၏ အရင်းခံမှာ ပီတိဖြစ်သောကြောင့် လည်းကောင်း၊ပီတိကို ပြရာဖြစ်သောကြောင့် လည်းကောင်း ပီတိကိုစွဲရသည်။] အပ္ပနာသမာဓိပူရိကာ၊ အပ္ပနာသမာဓိကို ပြည့်စေတတ်သော ပီတိကို။ ထပေတွာ၊ ထား၍။ ရှိတရာ၊ အခြားကုန်သော။ ဒွေပိ၊ ၂-ပါးသော ခဏိကသမာဓိ ဥပစာရသမာဓိကို ပြည့်စေတတ်သော ပီတိတို့သည်လည်း။ရှိ၊ ဤကာမာဝစရ ကုသိုလ်အရာ၌။ ယုဇ္ဇန္တိ၊ သင့်ကုန်၏။ [အပ္ပနာသမာဓိ ပူရိကပီတိမှာ ဈာန် အရာ၌သာ ရနိုင်သည်။]

(ယံ ဓမ္မဇာတံ။)သုခယတိ[၁]၊ ချမ်းသာစေတတ်၏။ ရှိတိ၊ ထိုသို့ ချမ်းသာစေတတ်သည်၏ အဖြစ်ကြောင့်။(တံ ဓမ္မဇာတံ။) သုခံ၊ မည်၏။ ယဿ၊ အကြင် ပုဂ္ဂိုလ်၏ (သန္တာန်၌)။ ဥပ္ပဇ္ဇတိ။ တံ၊ ထို ပုဂ္ဂိုလ်ကို။ သုခံ၊ ချမ်းသာသည်ကို။ ဝါ၊ ချမ်းသာအောင်။ ကရောတိ၊ ပြုတတ်၏။ ရှိတိ အတ္ထော၊ နက်။(အဓိပ္ပာယ် အနက်။) ဝါ၊ တနည်း။ ကာယစိတ္တာဗာဓံ၊ ကိုယ်နာ စိတ်နာ ၂-ဖြာသော ဒုက္ခဝေဒနာကို။ သုဋ္ဌု၊ လွန်စွာ။ ခါဒတိ၊ ခဲစားတတ်၏။ ခနတိ စ၊ တူးဖြို လည်း တူးဖြိုတတ်၏။ ရှိတိ သုခံ။ [ဤပုဒ်၏ အဓိပ္ပာယ်ကို ပါရာဇိကဏ် ဘာသာဋီကာ ဈာန်ခန်း၌ ပြထားပြီ။] တော၊ ဤ သုခသည်။ သောမနဿ-ဝေဒနာယ၊ ၏။ နာမံ၊ တည်း။] သုခဟု ဆိုသော်လည်း ကာယိကသုခ မဟုတ်။ ဤ မဟာကုသိုလ်စိတ်နှင့် ယှဉ်ရာဝယ် စေတသိကသုခ သာတည်း။ သောမနဿဝေဒနာ ကိုပင် စေတသိက-သုခဟု ခေါ်၏။ ထို့ကြောင့် “သော-မနဿဝေဒနာယ” ဟု ဆိုသည်။] တဿ၊ ထို သုခ၏။ လက္ခဏာဒီနိ၊ တို့ကို။ ဝေဒနာပဒေ၊ ဝေဒနာပုဒ်၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။ဝေဒိတဗ္ဗာနိ၊ ကုန်၏။

[၁] သုခယတိ။ ။“သုခ ဒုက္ခ၊ သုခဓာတ် ဒုက္ခဓာတ်သည်။ တကြိယာယံ၊ ထို ချမ်းသာခြင်းကြိယာ ဆင်းရဲခြင်းကြိယာ ဟူသော အနက်၌။ (ဝတ္တတိ။) အကမ္မကာဝ ဇ္ဇမေ ဓာတဝေါ” ဟု ဆို၍ “ဒုက္ခတိ-ဆင်းရဲ၏” ဟု သဒ္ဒနီတိ ပုံစံထုတ်၏။ ထို့ကြောင့် သုခယတိ၌ သုခဓာတ် ကာရိတ် ဏာယ-ပစ္စည်းဟု မှတ်ပါ။ သုခံ၌လည်း ကာရိတ်ပစ္စည်း ကျေ၊အ-ပစ္စည်းတည်း။“ချမ်းသာစေတတ်”ဟူရာ၌“မိမိဖြစ်ရာပုဂ္ဂိုလ်ကို ချမ်းသာအောင် ပြုတတ်၏”ဟု အဓိပ္ပာယ်ဆိုလို၏။ ထို့ကြောင့် “ယဿ ဥပ္ပဇ္ဇတိ”စသည်ကို မိန့်သည်။

အပရော၊ ရှေးနည်းမှ တပါးသော။ နယော၊ ကို။ (ဧဝံ ဝေဒိတဗ္ဗော။) သုခံ၊ သည်။ သာတလက္ခဏံ၊ မိမိကိန်းရာ သတ္တဝါနှင့် သမ္ပယုတ္တဓမ္မတို့ကို သာယာစေတတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ်တရားတို့ကို။ ဥပဗြူဟနရသံ၊ တိုးပွားစေခြင်း ကိစ္စရှိ၏။ သမ္ပယုတ္တကာနံ၊ တို့ကို။ (လိုက်စေ။) အနုဂ္ဂဟဏ ပစ္စုပဋ္ဌာနံ၊ အဖန်ဖန် ယူခြင်းသဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ ချီးမြှောက်ခြင်း သဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

စ၊ ဆက်။ နေသံ ပီတိသုခါနံ၊ ထို ပီတိ သုခတို့၏။ ကတ္ထစိ၊ အချို့စိတ်၌။ (ပီတိယှဉ်ရာ စိတ်၌။) အဝိပ္ပယောဂေ၊ မကွေမကွာ ယှဉ်ခြင်းသည်။ သတိပိ၊ ရှိပါသော်လည်း။ ဣဋ္ဌာရမ္မဏ ပဋိလာဘတုဋ္ဌိ၊ ဣဋ္ဌာရုံကို ရခြင်းကြောင့် နှစ်သက်ခြင်းသဘောသည်။ ပီတိ၊ ပီတိတည်း။ ပဋိလဒ္ဓရသာနုဘဝနံ၊ ရအပ်ပြီးသော အာရုံအရသာကို ခံစားခြင်းသဘောသည်။ သုခံ၊ သုခတည်း။ ယတ္ထ၊ အကြင်စိတ်၌။ ပီတိ၊ သည်။ (အတ္ထိ၊ ရှိ၏။ ယှဉ်၏-ဟူလို။) တတ္ထ၊ ထို ပီတိယှဉ်ရာစိတ်၌။ သုခံ၊ သည်။ (အတ္ထိ။) ယတ္ထ၊ ၌။ သုခံ၊ သည်။ (အတ္ထိ။) တတ္ထ၊ ထို သုခယှဉ်ရာ စိတ်၌။ နိယမတော၊ မြဲသောအားဖြင့်။ ပီတိ၊ သည်။ န (အတ္ထိ)။ ပီတိ၊ ကို။ သင်္ခါရက္ခန္ဓ သင်္ဂဟိတာ၊ သင်္ခါရက္ခန္ဓာဖြင့် သိမ်းယူအပ်၏။ သုခံ၊ ကို။ ဝေဒနာက္ခန္ဓ သင်္ဂဟိတံ၊ ဝေဒနာက္ခန္ဓာဖြင့် သိမ်းယူအပ်၏။ ကန္တာရခိန္နဿ၊ ခရီးခဲ၌ ပင်ပန်းနေသူ၏။ ဝနန္တောဒက သဝနဒဿနေသု ဝိယ၊ ဇာတဿရတောကို ကြားရခြင်း, ရေကို မြင်ရခြင်းတို့၌ ကဲ့သို့။ ပီတိ၊ သည်။ (ဟောတိ။) ဝနစ္ဆာယပ္ပဝေသန ဥဒကပရိဘောဂေသု ဝိယ၊ တောရိပ်သို့ဝင်ရခြင်း, ရေကိုသုံးဆောင်ရခြင်းတို့၌ ကဲ့သို့။ သုခံ၊ သည်။ (ဟောတိ)။ [ဤပုဒ်တို့၏အကျယ်ကို ပါရာဇိကဏ် ဘာသာဋီကာ စျာန်ခန်း၌ ပြထားပြီ။

ဟိ၊ ချဲ့။ ပုရိသော၊ သည်။ မဟာကန္တာရမဂ္ဂံ၊ ကြီးစွာသော ခရီးခဲကို။ ပဋိပန္နော၊ သွားသည်။ (သမာနော၊ ဖြစ်စဉ်။) ဃမ္မပရေတော၊ နွေ နေပူသည် နှိပ်စက်အပ်သည်။ (ဟုတွာ။) ["ပရံ+ဣတော-အလွန်ရောက်အပ်" ဟု သဒ္ဒတ္ထဖြစ်သော်လည်း "နှိပ်စက်အပ်" ဟု အဓိပ္ပာယတ္ထ ပေးလိုက်သည်။] တသိတော၊ ပင်ပန်းသည်။ ပိပါသိတော၊ လွန်စွာဖြစ်သော မွတ်သိပ်ခြင်းရှိသည်။ [သဋ္ဌာတ-အဿအနက်၌ ဣတ-ပစ္စည်းသက်။] (ဟုတွာ။) ပဋိပထေ၊ ရှေးရှုခရီး၌။ (ခရီးရင်ဆိုင်။) ပုရိသံ၊ ကို။ ဒိသွာ၊ မြင်ရ၍။ ကတ္ထ၊ အဘယ်အရပ်၌။ ပါနီယံ၊ သောက်ရေသည်။ အတ္ထိ၊ ရှိပါသနည်း။ ဣတိ၊ သို့။ ပုစ္ဆေယျ၊ မေးရာ၏။ သော၊ ထိုယောကျ်ားသည်။ (ဝဒေယျ-၌ စပ်။) အဋဝိံ၊ တောအုပ်ကို။ ဥတ္တရိတွာဝ၊ လွန်ပြီး၍သာလျှင်။ (လွန်လျှင် လွန်ခြင်းပင်။) ဇာတဿရဝနသဏ္ဍော၊ ဇာတ-

ဿရအိုင်ရှိသော တောအုပ်သည်။ အတ္ထိ၊ ရှိလေ၏။ (ရှိလေရဲ့။) တတ္ထ၊ ထို တောအုပ်သို့။ ဂန္တွာ၊ ရောက်၍(ရောက်လျှင်။) လဘိဿသိ၊ ရေကိုရပါလတ္တံ့၊ ဣတိ၊ သို့။ ဝဒေယျ၊ ပြောရာ၏။ သော၊သည်။ တဿ၊ ၏။ ကထံ၊ စကားကို။ သုတွာ၊ ကြားရ၍။ ဟဋ္ဌ ပဟဋ္ဌော၊ ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းသည်။ (အလွန်ရွှင်လန်းသည်။)ဘဝေယျ၊ ဖြစ်ရာ၏။

တတော၊ ထိုကြားရာအခါမှ နောက်၌။ ဂစ္ဆန္တော၊ သွားလတ်သော်။ဘူမိ-ယံ၊ ၌။ ပတိတာနိ၊ ကျကုန်သော။ ဥပ္ပလဒလနာလပတ္တာဒီနိ၊ ကြာပွင့်ဖတ်, ကြာရိုး, ကြာရွက် အစရှိသည်တို့ကို။ ဒိသွာ၊ မြင်ရ၍။သုဋ္ဌုတရံ၊ အလွန် အမင်း။ ဟဋ္ဌပဟဋ္ဌော၊သည်။ဟုတွာ။ ဂစ္ဆန္တော၊ သော်။ အလ္လဝတ္ထေ၊ စိုသော အဝတ် ရှိကုန်သော။ အလ္လကေသေ၊ စိုသောဆံပင် ရှိကုန်သော။ ပုရိသေ၊ တို့ကို။ ပဿေယျ၊ မြင်ရာ၏။ ဝနကုက္ကုဋမောရာဒီနံ၊ ရေကြက်,ဥဒေါင်း အစ ရှိသော ငှက်တို့၏။ သဒ္ဒံ၊ အသံကို။ သုဏေယျ၊ ကြားရာ၏။[“အဏ္ဏော နီရံ ဝနံ ဝါလံ၊ တောယံ အမ္ဗု ဒကဉ္စ ကံ” ဟူသော အဘိဓာန်နှင့်အညီဝနကုက္ကုဋ္ဌ၌ ဝနသဒ္ဒါသည် ရေ ဟူသောအနက်ကို ဟော၏။] ဇာတဿရပရိယန္တေ၊ဇာတ-ဿရအိုင်၏ အဆုံး၌။ (ဘေးပတ်ဝန်းကျင်၌။) ဇာတံ၊ပေါက်သော။မဏိဇာလ သဒိသံ၊ ပတ္တမြား ကွန်ရက်နှင့်တူသော။ နီလဝနသဏ္ဍံ၊စိမ်းညိုသော တောအုပ် ကို။ ပဿေယျ၊ မြင်ရာ၏။ သရေ၊ ဇာတဿရအိုင်၌။ ဇာတာနိ၊ပေါက်ကုန် သော။ ဥပ္ပလ ပဒုမ ကုမုဒါဒီနိ၊ ဥပ္ပလ-မည်သောကြာ, ပဒုမ္မာကြာ, ကုမုဒြာ ကြာ အစရှိသည်တို့ကို။ ပဿေယျ။ အစ္ဆံ၊ ကြည်လင်သော။ဝိပ္ပသန္နံ၊ အထူး သဖြင့် ကြည်လင်သော။ ဥဒကံ၊ ရေကို။ ပဿေယျ။

သော၊ ထိုယောကျ်ားသည်။ ဘိယျော ဘိယျော၊ အလွန့်အလွန်။ဟဋ္ဌပဟ-ဋ္ဌော ဟုတွာ။ ဇာတဿရံ၊ ဇာတဿရအိုင်သို့။ ဩတရိတွာ၊ သက်ဆင်း၍။ ယထာရုစိ၊ အလိုရှိတိုင်း။ နှတွာ စ၊ ရေချိုးပြီး၍လည်းကောင်း။ ပိဝိတွာ စ၊ ရေသောက်ပြီး၍ လည်းကောင်း။ ပဋိပ္ပဿဒ္ဓဒရထော၊ ငြိမ်းအေးပြီးသော အပူရှိသည်။(ဟုတွာ။) ဘိသမုဠာလပေါက္ခရာဒီနိ[၁]၊ ကြာစွယ် ကြာဥ ကြာစေ့

၁။ ဘိသမုဠာလပေါက္ခရာဒီနိ။ ။အဘိဓာန် (၆၈၇)၌ ဘိသနှင့် မုဠာလကို ကြာစွယ်အနက်ဟော ပရိယာယ် ၂-ပုဒ် ဟု ဆိုထား၏။ဤနေရာ၌ကား ထို ၂-ပုဒ်သည် အနက်တူ မဟုတ်နိုင်။ ဝဂ်ိသ သံယုတ် ဋီကာ၌ “မုဠာလန္တိ- သေတရတ္တပဒုမာနံ မူလံ (ကြာရင်း ကြာစွယ်)။ ဘိသန္တိ-တေသံယေဝ ကန္ဒံ (ကြာဥ)” ဟု ဖွင့်၏။ ပေါက္ခရ သဒ္ဒါသည် အနက်အမျိုးမျိုးကို ဟောနိုင်သော်လည်း ဤနေရာ၌“ပဒုမကောသ-ကြာစေ့ အိမ်, ကြာခွက်”ဟူသော အနက်ဖြစ်သင့်၏။ ထိုကြာခွက်၌ ပါရှိသော အစေ့များကို စားလေ့ရှိကြသည်။ ထို့ကြောင့် ပေါက္ခရ-အရ ကြာခွက်အစေ့တိုင်အောင် ယူပါ။

အစရှိသည်တို့ကို။ ခါဒိတွာ၊ ခဲစားပြီး၍။ နီလုပ္ပလာဒီနိ၊ ကြာညိုပန်း အစရှိသည် တို့ကို။ ပိဠန္ဓိတွာ၊ ပန်ဆင်၍။ မန္ဒာလကမူလာနိ၊ ဟင်းညှော့မြစ်တို့ကို။ ခန္ဓေ၊ ပခုံး၌။ ခိပိတွာ၊ ပစ်တင်၍။ ဥတ္တရိတွာ၊ ရေမှတက်၍။ သာဋကံ၊ ပုဆိုးကို။ နိဝါသေတွာ၊ ဝတ်၍။ ဥဒကသာဋကံ၊ ရေသနုပ်ကို။ အာတပေ၊ နေပူ၌။ ကတွာ၊ ပြု၍။ (လှန်း၍။) သိတဗ္ဗာယာယ၊ အေးသောအရိပ်၌။ မန္ဒမန္ဒေ၊ ညင်းညင်းသာသာသော။ ဝါတေ၊ လေသည်။ ပဟရန္တေ၊ တိုက်ခတ်စဉ်။ နိပန္နော၊ လျောင်းလျက်။ အဟောသုခံ အဟောသုခန္တိ၊ အော်-ချမ်းသာလေစွ့, အော်-ချမ်းသာလေစွ့ ဟူ၍။ ဝဒေယျ ယထာ၊ ပြောဆိုရာ သကဲ့သို့။ ဧဝံ၊ တူ။ ဣဒံ သမ္ပဒံ၊ ဤ မချွတ်မယွင်း ပြီးစီးခြင်းရှိသော ဥပမေယျကို။ ဒဋ္ဌဗ္ဗံ၊ ၏။

ဟိ၊ ဥပမာန ဥပမေယျ ရောနှော၍ ပြဦးအံ့။ တသာ ပုရိသသာ၊ ၏။ဇာတ-ဿရဝနသဏ္ဍသဝနတော၊ ဇာတဿရအိုင်ရှိသော တောအုပ်ကို ကြားရရာ အခါမှ။ ပဋ္ဌာယ၊ ၍။ ယာဝဥဒကဒဿနာ၊ ရေကိုမြင်ရာအခါ တိုင်အောင်။ ဟဋ္ဌပဟဋ္ဌကာလော ဝိယ၊ ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းရာအခါကဲ့သို့။ ပုဗ္ဗဘာဂါရမ္မဏော၊ ရှေ့အဖို့၌ ဖြစ်သော အာရုံ၌။ ဟဋ္ဌပဟဋ္ဌာကာရော၊ ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းသော အခြင်းအရာရှိသော ပီတိ၊ကို။(ဒဋ္ဌဗ္ဗာ။)နှတွာ စ ။ပ။အဟောသုခန္တိ၊ ဟူ၍။ ဝဒတော၊ ပြောဆိုသော ယောကျ်ား၏။ နိပန္န-ကာလော ဝိယ၊ လျောင်းရာအခါ ကဲ့သို့။ ဗလဝပ္ပတ္တံ၊ အားရှိသည်၏အဖြစ်သို့ ရောက်သော။ အာရမ္မဏ ရသာနုဘဝနာကာရ သဏ္ဌိတံ၊ အာရုံအရသာကို ခံစားခြင်းဟူသော အခြင်းအရာအားဖြင့် ကောင်းစွာတည်သော။ သုခံ၊ ကို။ (ဒဋ္ဌဗ္ဗံ။) စ၊ ဆက်။ တသ္မိံ တသ္မိံ သမယေ၊ ထိုထို အခါ၌။(ဇာတဿရ ဝန သဏ္ဍကို ကြားရရာအခါ, ရေကိုမြင်ရရာ အခါ,တောရိပ်သို့ ဝင်ရာအခါ, ရေကို သုံးဆောင်ရာအခါ၌။) ပါကဋဘာဝတော၊ ပီတိ သုခတို့၏ ထင်ရှားသည်၏ အဖြစ်ကြောင့်။ ဧတံ၊ ဤဣဋ္ဌာရမ္မဏ ပဋိလာဘတုဋ္ဌိ-အစရှိသော စကားကို။ (အ စရိယေဟိ၊ ရှေးဆရာတို့သည်။) ဝုတ္တံ၊ ပြီ။ ဣတိ၊ ဝေဒိတဗ္ဗံ။ ပန၊စင်စစ် ကား။ယတ္ထ၊ အကြင်စိတ်၌။ ပီတိ၊ သည်။ အတ္ထိ။ တတ္ထ၊ ထို ပီတိယှဉ်ရာ စိတ်၌။ သုခမ္ပိ၊ သည်လည်း။ အတ္ထိ။ ဣတိ ဧဝံ၊ ဤစကားကို။ (မယာ။) ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာ။ [ရှေ့၌ "ယတ္ထ ပီတိ၊ တတ္ထ သုခံ"ဟု ဆိုခဲ့သည်ကို ပြန်၍ ညွှန်းသည်။]

စိတ္တဿေကဂ္ဂတာတိ၊ ကား။စိတ္တဿ၊ ၏။ဧကဂ္ဂဘာဝေါ၊ တခုတည်းသော အာရုံရှိသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်။(ပါဠိတော် ဟောတိ-၌ စပ်။) ဧတံ၊ ဤ စိတ္တဿေကဂ္ဂတာ-ဟူသော အမည်သည်။ သမာဓိဿ၊ သမာဓိ၏။

နာမံ၊ တည်း။ ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျတ္ထကား။ အဿ၊ထို သမာဓိ၏။ လက္ခဏာဒိသု၊လက္ခဏာ အစရှိသည်တို့တွင်။ တာဝ၊ နောက်တနည်းမှ ရှေးဦးစွာ။အဋ္ဌကထာယံ၌။ ဝုတ္တံ၊ ပြီ။(ကိံ ။) သမာဓိ၊ သည်။ ပါမောက္ခလက္ခဏော စ၊ အကြီးအမှူး၏အဖြစ်ဟူသော လက္ခဏာရှိသည်လည်းကောင်း။ အဝိက္ခေပ လက္ခဏော စ၊ ဝိက္ခေပ၏ ဆန့်ကျင်ဘက်၏အဖြစ်ဟူသော လက္ခဏာရှိသည် လည်းကောင်း။ ဟောတိ။ ဟိ၊ ချဲ့။ ကူဋ္ဋာဂါရကဏ္ဏိကာ၊ စုလစ်မွမ်းချွန် အထွတ်ရှိသောအိမ်၏ အချက်သည်။ သေသဒဗ္ဗသမ္ဘာရာနံ၊ ကြွင်းသော အဆောက်အဦတို့၏။ ဝ၊ တို့ကို။ အာဗန္ဓနတော၊ လွန်စွာ ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်။ ပမုခါ၊ အကြီးအမှူးသည်။ ဝ၊ ပမာနသည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ။ သဗ္ဗကုသလဓမ္မာနံ၊ အလုံးစုံသော ကုသိုလ်တရားတို့၏။ သမာဓိစိတ္တေန၊ သမာဓိနှင့်ယှဉ်သော စိတ်ကြောင့်။ ဣဇ္ဈနတော၊ ပြီးစီးရခြင်းကြောင့်။ သဗ္ဗေသမ္ပိ၊ ကုန်သော။ တေသံ ဓမ္မာနံ၊ ထို ကုသိုလ် တရားတို့၏။ သမာဓိ၊ သည်။ ပါမောက္ခော၊ အကြီးအမှူးသည်။ ဟောတိ။

ဧတေန၊ ကြောင့်။ ယထာ မဟာရာဇ။ပ။အဂ္ဂမက္ခါယတိတိ၊ဟူ၍။(အာယ- သ္မတာ နာဂသေနတ္ထေရေန၊ သည်။) ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။[မဟာရာဇ၊ ဇာ။ ကူဋ္ဋာဂါရဿ၊ အထွတ်ရှိသော အိမ်၏။ ယာကာစိ၊ အမှတ်မရှိ အလုံး စုံကုန်သော။ ဂေါပါနသိယော၊ အခြင်ရနယ်တို့သည်။ (သန္တိ။) သဗ္ဗာ၊ ကုန် သော။ တာ၊ ထို အခြင်ရနယ်တို့သည်။ ကူဋ္ဋင်္ဂမာ၊အထွတ်သို့ ရောက်ကြရကုန် သည်။ ကူဋ္ဋနိန္နာ၊ အထွတ်သို့ ညွတ်ကိုင်းကြရကုန်သည်။ကူဋ္ဋသမောသရဏာ၊ အထွတ်၌ ပေါင်းဆုံကြရကုန်သည်။(ဟောန္တိ။) ကူဋ္ဋံ၊ အထွတ်ကို။ တာသံ၊ ထို အခြင်ရနယ်တို့ထက်။ အဂ္ဂံ၊ အမြတ်ဆုံး ဟူ၍။(အရေးအကြီးဆုံး ဟူ၍။) အက္ခာယတိ ယထာ၊ ဆိုအပ်သကဲ့သို့။ မဟာရာဇ ဧဝမေဝ။ယေကေစိ၊အမှတ် မရှိ အလုံးစုံကုန်သော။ ကုသလာ ဓမ္မာ၊တို့သည်။(သန္တိ။) သဗ္ဗေ၊ကုန်သော၊ တေ၊ ထို ကုသိုလ်တရားတို့သည်။ သမာဓိနိန္နာ၊ သမာဓိသို့ ညွတ်ကြရကုန် သည်။ပ။သမာဓိပဗ္ဘာရာ၊ ကုန်သည်။(ဟောန္တိ။) သမာဓိ၊ ကို။ တေသံ၊ ထို ကုသိုလ်တရားတို့ထက်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။]

စ၊ ပါမောက္ခ လက္ခဏာမှတပါး အဝိက္ခေပလက္ခဏာကာ ။ သေနင်္ဂ၊ စစ် အင်္ဂါသို့။ ပတွာ၊ ရောက်၍။ ဝ၊ ရောက်လတ်သော်။ ရာဇာ နာမ၊ မင်းမည် သည်။(ဂစ္ဆတိ-စသည်၌ စပ်။) ယတ္ထ ယတ္ထ၊ အကြင် အကြင် အရပ်၌။ သေနာ၊ စစ်တပ်သည်။ဩသီဒတိ၊ ဆုတ်နစ်၏။ တံတံ ဌာနံ၊ စစ်တပ်၏ဆုတ်နင်ရာ ထိုထို အရပ်သို့။ ဂစ္ဆတိ၊ သွားရ၏။ တဿ၊ ထိုမင်း၏။ ဂတဂတဋ္ဌာနေ၊ ရောက်အပ် ရောက်အပ်သော အရပ်၌။ သေနာ၊ သည်။ ပရိပူရတိ ပြည့်၏။ ပ၊ သေနာ၊

တဘက်စစ်တပ်သည်။ ဘိဇ္ဇိတွာ၊ ပျက်၍။ ရာဇာနမေဝ၊ မင်းသို့သာ။ (တဘက်စစ်တပ်၏ အရှင်ဖြစ်သော မင်းသို့သာ။) အနုဝတ္တတိ ယထာ၊ အစဉ်လိုက်ရသကဲ့သို့။ (မိမိတိုင်းရှိရာသို့ ဆုတ်ရသကဲ့သို့။) ဧဝမေဝ။ သဟဇာတဓမ္မာနံ၊ တကွဖြစ်ဖက်တရားတို့အား။ ဝိက္ခိပိတုံ၊ ပျံ့လွင့်ခြင်းငှာ။ ဝါ၊ ပျံ့လွင့်ခွင့်ကို။ ဝိပ္ပကိရိတုံ၊ ဖရိဖရဲ ပြန့်ကြဲခြင်းငှာ။ ဝါ၊ ခွင့်ကို။ အပ္ပဒါနတော၊ မပေးခြင်းကြောင့်။ သမာဓိ၊ သည်။ အဝိက္ခေပလက္ခဏော နာမ၊ ဝိက္ခေပ၏ ဆန့်ကျင်ဘက်လက္ခဏာ ရှိသည်မည်သည်။ ဟောတိ၊ ဣတိ(ဝုတ္တံ)။ [တ၁၀ ဝုတ္တံ-ပြန်လှည့်။]

ပန၊ ကား။ အပရော၊ တပါးသော။ နယော၊ ကို။ (ဧဝံ ဝေဒိတဗ္ဗော။) စိတ္တဒသ ဝဂ္ဂတာသင်္ခါတော၊ စိတ္တဒသကဂ္ဂတာဟု ဆိုအပ်သော။ အယံ သမာဓိ နာမ၊ ဤ သမာဓိမည်သည်။ [၁]အဝိသာရလက္ခဏော၊ မိမိသဘောအားဖြင့် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်း။ အဝိက္ခေပလက္ခဏော၊ သမ္ပယုတ်တရားတို့၏ မပျံ့လွင့်ကြောင်း၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ ["ဝိက္ခေပ၏ ဆန့်ကျင်ဘက်၏ အဖြစ်ဟူသော လက္ခဏာရှိ၏" ဟုလည်း ပေး။] နှာနိယစုဏ္ဏာနံ၊ ဆပ်ပြာမှုန့်တို့ကို။ (သမ္ပိဏ္ဍကံ၊ ပေါင်းစုတတ်သော။) ဥဒကံ ဝိယ၊ ရေကဲ့သို့။ သဟဇာတဓမ္မာနံ၊ တို့ကို။ သမ္ပိဏ္ဍနရသော၊ ပေါင်းစုခြင်း ကိစ္စရှိ၏။

ဥပသမပစ္စုပဋ္ဌာနော၊ ငြိမ်သက်ခြင်းသဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ တနည်း။ ဉာဏပစ္စုပဋ္ဌာနော၊ ဉာဏ် တည်းဟူသော အကျိုးကိုဖြစ်စေတတ်၏။ (ဖလပစ္စုပဋ္ဌာနံ။) ဟိ၊ မှန်။ သမာဟိတော။ပ။ ပဿတိတိ၊ ဟူ၍။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ [သမာဟိတော၊ အာရုံ၌ ကောင်းစွာထားအပ်သော စိတ်ရှိသူသည်။ ဝါ၊ သမာဓိရှိသူသည်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။-ခန္ဓသံယုတ်၊ သမာဓိ-သုတ်။] ဝိသေသတော၊ အထူးအားဖြင့်။ (များသောအားဖြင့်။) သမာဓိ၊ သည်။ သုခပဒဋ္ဌာနော၊ သုခဟူသော နီးစွာသောအကြောင်းရှိ၏။ [အများအားဖြင့် သုခရှိလျှင် သမာဓိဖြစ်တတ်၏။ သို့သော် သုခမပါသော စတုတ္ထဈာန် သမာဓိများလည်း ရှိသေးရကား ဝိသေသတော ဟု ယောဘုယျေန-

[၁]။ အဝိသာရ၊ အဝိက္ခေပ။ ။မိမိပင်ကိုသဘောအတိုင်း မပျံ့လွင့်ခြင်းသည် အဝိသာရမည်၏။ "သရ-ဂတိမှိ" ဟူသော ဓာတ်နှင့်အညီ "ဝိဝိဓံ သရဏံ ဝိသာရော-အထူးထူး အပြားပြား သွားခြင်း။ ဝါ၊ ပျံ့လွင့်ခြင်း။ န+ဝိသာရော အဝိသာရော။ အဝိက္ခေပကား-သမ္ပယုတ်တရားတို့ကို ပစ်လွှင့်တတ်သော ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်တည်း။ [အဝိသာရော အဋ္ဌနော ဧဝ အဝိသရဏသဘာဝေါ၊ အဝိက္ခေပေါ၊ သမ္ပယုတ္တာနံ အဝိက္ခိတ္တတာ။-ဋီကာ။]

ဟု ဖွင့်သည်။] နိဝါတော၊ လေမရှိသောအရပ်၌။ (လေငြိမ်သောအရပ်၌။) ဒိပစ္စိနံ၊ ဆီမီးအလျှံတို့၏။ ဌိတိ ဝိယ၊ တည်ငြိမ်ခြင်းကဲ့သို့။ စေတသော၊ ၏။ ဌိတိ၊ တည်ငြိမ်ခြင်းသဘောတည်း။ ဝါ၊ တည်ငြိမ်ကြောင်းသဘောတည်း။ ဣတိ ဒဋ္ဌဗ္ဗော။ [မီးလျှံ၏တည်ငြိမ်ပုံကိုဥပမာပြသဖြင့် စေတသော ဌိတိ အရ၌ စိတ္တက္ခဏတခု၏ တည်ခြင်းကိုမဆိုလို၊ မီးလျှံအစဉ်ကဲ့သို့ စိတ်အစဉ်၏တည်ခြင်းကို ဆိုလိုသည်။]

ဣန္ဒြိယရာသိ အဖွင့်

[ဈာနရာသိကို ဖွင့်ပြပြီး၍ ဣန္ဒြိယရာသိကိုဖွင့်ပြလိုသောကြောင့်"သဒ္ဒဟန္တိ" စသည်ကို မိန့်။]

တေ ယ၊ ဤ သဘောတရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) သဒ္ဒဟန္တိ၁၊ ဘုရားအစရှိသော အာရုံကို ယုံကြည်တတ်ကုန်၏။ (ဣတိ၊ ကြောင့်။ သာ၊ ထို သဘောတရားသည်။ သဒ္ဓာ၊ မည်၏။) ဝါ၊ တနည်း။ (ယာ၊ အကြင် သဘောတရားသည်။) သယံ၊ မိမိဟူသော သဒ္ဓာကိုယ်တိုင်။ သဒ္ဒဟတိ၊ဘုရား အစရှိသောအာရုံကို ယုံကြည်တတ်၏။ (ဣတိ၊ ကြောင့်။ သာ။ သဒ္ဓာ၊မည်၏။) ဝါ၊ တနည်း။ သော၊ ဤ သဘောတရားသည်။ သဒ္ဒဟန မတ္တမေဝ၊ ဘုရား အစရှိသောအာရုံကို ယုံကြည်ခြင်း မျှသာတည်း။ ဣတိ၊ ကြောင့်။ သဒ္ဓာ၊ မည်၏။ ၂သာ၀၊ ထို သဒ္ဓာသည်ပင်။ အဿဒ္ဓိယဿ၊ သဒ္ဓာမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်ကို။ အဘိဘဝနတော၊ လွှမ်းမိုးနိုင်ခြင်း

၁။ သဒ္ဒဟန္တိ တေ ယ။ ။သဒ္ဓာသည် ယုံကြည်သောအားဖြင့် ဖြစ်လတ်သော် ယှဉ်ဖက် တရားတို့အားလည်း ထို ယုံကြည်ခြင်းကြိယာ၌ ဖြစ်အောင် ပကတူပနိဿယ သဘောအားဖြင့် ကျေးဇူးပြုလျက် ရှိ၏။ ဤသို့ သမ္ပယုတ်တရားတို့သည် သဒ္ဓာကို အကြောင်းပြု၍ ယုံကြည်မှုကြိယာ၌ ဖြစ်ကြရသောကြောင့် "သဒ္ဒဟန္တိ တေ ယ" ဟု ဆိုသည်။ ဤသို့ သဒ္ဓာသမ္ပယုတ် စိတ္တုပ္ပာဒ်တို့၏ ယုံကြည်သောအခြင်းအရာအားဖြင့် ဖြစ်ကြသောအခါ ထို စိတ္တုပ္ပာဒ်၏ တည်ရာ ပုဂ္ဂိုလ်သန္တာ၀ါ ဟု ခေါ်ဆိုအပ်သော ခန္ဓာ အစဉ်လည်း ဘုရား အစရှိသော အာရုံကို ယုံကြည်နေရကား "သဒ္ဓာတရားဖြစ်သော ပုဂ္ဂိုလ်" ဟု ခေါ်ဆိုရသည်။ [ကတ္တုသာဓ်၊ ဘာ၀သာဓ် ပြုရခြင်း၏အကြောင်းကို ရှေးနည်းအတိုင်း သိပါ။]

၂။ သာ၀။ပ။ဣန္ဒြိယံ။ ။ရှေးစာအုပ်များ၌ "သာစ" ဟု ရှိ၏။ ဝိရိယိန္ဒြေ၊ သတိန္ဒြေ စသည်တို့၌ "တဒေဝ" ဟု လည်းကောင်း၊ "သာ၀" ဟု လည်းကောင်း ရှိသောကြောင့် "သာ၀"ဟု ရှိသင့်သည်။ အဓိပတိယဋ္ဌေနကား ဣန္ဒြိယသဒ္ဒါ၏ အနက်တည်း။ ဣန္ဒြိယသဒ္ဒါသည် အဓိပတိ အနက်ကိုဟောသော "အနိုပ္ဖန္နပါဋိပဒိကပုဒ်" ဟု ဆိုလိုသည်။အဘယ့်ကြောင့် "အစိုးတရ ဖြစ်သနည်း" ဟု မေးဖွယ်ရှိသောကြောင့်"အဿ-

ကြောင့်။ (ဝါ၊ လွှမ်းမိုးနိုင်သည့်အတွက်။) အဓိပတိယဋ္ဌေန၊ အကြီးအကဲ၏ အဖြစ်ဟူသော အနက်ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယမည်၏။ ဝါ၊ တနည်း။ အဓိမောက္ခ လက္ခဏေ၊ (ယုံကြည်ဖွယ်ဝတ္ထုကိုယုံကြည်သောအားဖြင့်) ဆုံးဖြတ်ခြင်း လက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ အစိုးရသူ၏ အဖြစ်ကို။ ကာရေတိ၊ ပြုစေတတ်၏။ ဣတိ၊ ကြောင့်။ ဣန္ဒြိယံ၊ မည်၏။ သဒ္ဓာဝ၊ သဒ္ဓာသည်ပင်။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓာဣန္ဒြေ။

ပန၊ ဆက်။ (တနည်း) ပန၊ ပဒတ္ထမှ တပါး လက္ခဏာဒျတ္ထကား။ သာသော သဒ္ဓာ၊ ထို သဒ္ဓာသည်။ သမ္ပသာဒနလက္ခဏာ စ၊ ကောင်းစွာ ကြည်လင်စေခြင်း လက္ခဏာရှိသည်လည်းကောင်း။ သမ္ပက္ခန္ဒနလက္ခဏာ စ၊ ကောင်းစွာ ပြေးဝင်ခြင်း လက္ခဏာရှိသည် လည်းကောင်း။ (ဟောတိ။) [“ပက္ခန္ဒနံ သံသိ-

ဒ္ဓိယာသ အဘိဘဝနတော”ဟု မိန့်သည်။ အသဒ္ဓိယ ဟူသည်–သဒ္ဓာမရှိသော (ဘုရားအစရှိသော အာရုံ၊ ကံ ကံ၏ အကျိုး စသည်၌ မယုံကြည်သော) ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်တည်း။ တချို့နေရာ၌ မိစ္ဆာဓိမောက္ခ (မယုံကြည်ထိုက်သော ပုရဏကဿပ အစရှိသော ပုဂ္ဂိုလ်တို့၌ ယုံကြည်သောအားဖြင့် ဆုံးဖြတ်ချက်ချတတ်သော မှားသော အဓိမောက္ခစေတသိက်) ကိုလည်း အသဒ္ဓိယ ဟု ခေါ်သေး၏။ [နတ္ထိ သဒ္ဓာ ယဿာတိ အသဒ္ဓေါ၊ အသဒ္ဓဿ+ဘာဝေါ အသဒ္ဓိယံ။]

၁။ **အဓိမောက္ခလက္ခဏေ။** ။အဓိမောက္ခသည် “ယုံကြည်သောအားဖြင့် ဆုံးဖြတ်ခြင်းဟူသော သဒ္ဓါဓိမောက္ခ၊ အဓိမောက္ခစေတသိက်တည်းဟူသော ယေဝါပနကာဓိမောက္ခ” ဟု ၂–မျိုးရှိ၏။ ဤ သဒ္ဓါစေတသိက်ကိုပင် ယုံကြည်ထိုက်သော ဝတ္ထုတို့၌ ယုံကြည်သောအားဖြင့် ဆုံးဖြတ်တတ်သောကြောင့် “သဒ္ဓါဓိမောက္ခ” ဟု ခေါ်သည်။ ပကိဏ်းစေတသိက်တွင်းက အဓိမောက္ခကိုပင် (“ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ” စသည်တို့ကဲ့သို့ နာမည်သီးခြား မတပ်ပဲ) “ယေဝါပန တသ္မိံ သမယေ” စသည်ဖြင့် ဟောတော်မူရာတွင် ပါဝင်သွားသောကြောင့် ယေဝါပနကာဓိမောက္ခ ဟု ခေါ်သည်။ ထိုတွင် အဓိမောက္ခလက္ခဏေ၌ အဓိမောက္ခကား သဒ္ဓါဓိမောက္ခတည်း။

၂။ **ဣန္ဒဋ္ဌံ ကာရေတိ။** ။ဣန္ဒြိယဝိဘင်း မူလဋီကာ၌ ဣန္ဒဋ္ဌံကို “ဣန္ဒဘာဝံ” ဟု ဖွင့်၏။ ထို ဣန္ဒဘာဝံကိုလည်း “ပရမိဿရဘာဝံ” ဟု ထပ်၍ဖွင့်သည်။ “ဣဒိ ပရမိဿရိယေ” ဟူသော ဓာတ်နက်ကို ဖွင့်ခြင်းတည်း။ သဒ္ဓါစေတသိက်သည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို အဓိမောက္ခလက္ခဏာအရာ၌ မိမိကို မင်းမြှောက်စေသကဲ့သို့၊ အစိုးရသူ၏ အဖြစ်ဟူသော ရာထူးကို သမ္ပယုတ်တရားတို့က ပြုပေးရသည်။

ဆိုလိုရင်းကား–ငါ မပါလျှင် အသင် သမ္ပယုတ်တရားတို့မှာ ဆုံးဖြတ်စွမ်းနိုင်သော အဓိမောက္ခ-သဘော မရှိကြ၊ ထို ဆုံးဖြတ်ရမည့်ကိစ္စဝယ် ငါက အကြီးအချုပ် လုပ်မည်၊ အသင်တို့က ငါ့ကို အကြီးအချုပ်ပြုစေကြ၊ အကြီးအကဲမြှောက်ကြ–ဟူလို။ [ကာရေတိ၏ ကာရိတ်ကံ၊ ဓာတ်ကတ္တားကို “သမ္ပယုတ္တဓမ္မေ” ဟု ဆရာတို့ ထည့်ကြသည်။

ဒနံ၊''ဟု ဋီကာရှိသောကြောင့်''ပက္ခန္ဒနလက္ခဏာ''ဟု ရှေးပါဠိ ရှိဟန်တူသည်။] ဟိ၊ ဥပမာဆောင် ထင်အောင် ပြအံ့။ စက္ကဝတ္တိဿ၊ စကြာရတနာကို လည်း စေနိုင်သော။ ရဉော၊ ၏။ ဥဒကပ္ပသာဒကော၊ ရေနောက်ကို ကြည်စေ နိုင်သော။ မဏိ၊ ပတ္တမြားသည်။ ဥဒကေ၊ ၌။ ပက္ခိတ္တော၊ ထည့်အပ်သည်။ (သမာနော။) ပင်္ကသေဝါလပဏကကဒ္ဒမံ၊ ညွန်ပြစ်, မှော်, ရေညှိ, ညွန်ကြဲကို။ သန္နိသီဒါပေတိ ယထာ၊ ကောင်းစွာ နစ်မြုပ်စေသကဲ့သို့။ ဥဒကံ၊ ကို။ အစ္ဆံ၊ ကြည်လင်သည်ကို။ ဝိပ္ပသန္နံ၊ အထူးသဖြင့် ကြည်လင်သည်ကို။ အနာဝိလံ၊ မနောက်ကျုသည်ကို။ ကရောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ။ သဒ္ဓါ၊ သည်။ ဥပ္ပဇ္ဇမာနာ၊ သော်။ နီဝရဏေ၊ နီဝရဏ အနောက်အကျုတို့ကို။ ဝိက္ခမ္ဘေတိ၊ ခွါနိုင်၏။ ကိလေသေ၊ တို့ကို။ သန္နိသီဒါပေတိ၊ ကောင်းစွာ နစ်မြုပ်စေ၏။ စိတ္တံ၊ ကို။ ပသာဒေတိ၊ ကြည်လင်စေ၏။ အနာဝိလံ၊ ကို။ ကရောတိ။ပသန္နေန၊ သော။ စိတ္တေန၊ ဖြင့်။ ယောဂါဝစရော၊ ယောဂါဝစရ ဖြစ်သော။ (အားထုတ်အပ်သော ကမ္မဋ္ဌာန်း၌ သက်ဝင်၍ ဖြစ်သော။) ကုလပုတ္တော၊ အမျိုးသားသည်။ ဒါနံ၊ ကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ ကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ် စောင့်သုံးမှုကို။ ကရောတိ။ ဘာဝနံ၊ ကို။ အာရဘတိ၊ အားထုတ်၏။ ဧဝံ၊ ဤသို့လျှင်။ တာဝ၊ သမ္ပက္ခန္ဒနလက္ခဏာမှ ရှေးဦးစွာ။ သဒ္ဓါ၊ ကို။ သမ္ပသာဒနလက္ခဏာတိ၊ ကောင်းစွာကြည်လင်ခြင်း လက္ခဏာရှိ၏ဟူ၍။ ဝေဒိတဗ္ဗာ။

ကာရိတ်ကံ၊ ခေတ်ကတ္တား ရနိုင်သောအရာဝယ် တတိယာဝိဘတ်ဖြင့်သာ အသုံးများ၏။ ယို့ကြောင့်''သမ္ပယုတ္တဓမ္မေဟိ''ဟု ထည့်သင့်၏၊ဝိရိယိန္ဒြေ–စသည်တို့၌ ဤနည်း မှီးပါ။
သဒ္ဒတ္ထ။ ။ဇုန္ဒဝ္ဂ ကာရေတိ-ဟူသော အနက်သည် ဇုန္ဒြိယသဒ္ဒါ၏ သဒ္ဒတ္ထမဟုတ်၊ ဇုန္ဒြေထိုက်သောတရားတို့၏သဘောကိုပြသောသဘာဝတ္ထတည်း။သဒ္ဒတ္ထကား''ဇုန္ဒတိ ပရမိဿရိယံ ကရောတီတိ ဇုန္ဒော''ဟု ဝစနတ္ထပြု၍ အလွန်အစိုးရသူ၏အဖြစ်ကို ပြုတတ်သော မြတ်စွာဘုရားကို လည်းကောင်း၊ ကံကိုလည်းကောင်း ''ဇုန္ဒ'' ဟု ခေါ်ပါ။ ဇုန္ဒေန+ဒေသိတံ ဇုန္ဒြိယံ။ဇုန္ဒေန၊ဇုန္ဒမည်သောမြတ်စွာဘုရားသည်။ဒေသိတံ၊ဟောတော်မူအပ်သော တရားတည်း။ ဇုန္ဒြိယံ၊ တရား။ (တနည်း) ဇုန္ဒဿ၊ ဇုန္ဒမည်သော ကံ၏။ လိင်္ဂံ၊ သိစေအပ်သော စက္ခု-စသော ဇုန္ဒြေတည်း။ (တနည်း) သဋ္ဌတံ၊ စီမံအပ်သော စက္ခု-စသော ဇုန္ဒြေတည်း။ဇုန္ဒြိယံ၊ ဇုန္ဒြေ။ ဤသို့ ဝစနတ္ထပြု၍ ဒေသိတ–အနက် လိင်္ဂ-အနက် သဋ္ဌတ-အနက်၌ ဇုယ-ပစ္စည်းသက်၊ ဒ–ကို ဒြပြု၍ ''ဇုန္ဒြိယ'' ဟု ပြီးသော တဒ္ဓိတ်ပုဒ်တည်း။ အခြားသော အနက်များလည်း ရှိသေး၏။ ထိုအနက်များကို ဇုန္ဒြိယဝိဘင်း အဋ္ဌကထာဋီကာ၌ လည်းကောင်း၊ သဒ္ဒနီတိ တဒ္ဓိတ်ခန်း၌လည်းကောင်း ရှုပါ။ [သက္ကတ်၌ကား ဇုန္ဒ-အရ အစိုးရသော ပရမအတ္တကို အရကောက်၍ ထိုအနက်များကိုပင် ဖွင့်ပြသည်။]

ပေယျ၊ ကြောင့်။ အာယသ္မာ နာဂသေနော၊ သည်။ အာဟ၊ ဆိုပြီ။
(ကိံ။) မဟာရာဇ။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေနိုင်သော။ ရာဇာ၊
သည်။ စတုရင်္ဂိနိယာ၊ ၄-ပါးသော အင်္ဂါရှိသော။ သေနာယ၊ နှင့်။ သဒ္ဓိံ။
အဒ္ဓာနမဂ္ဂံ၊ အဓွန့်ရှည်သော ခရီးကို။ ပဋိပန္နော၊ သွားသည်။ (သမာနော။)
ပရိတ္တံ၊ အနည်းငယ်သော။ ဥဒကံ၊ ကို။ တရေယျ၊ ဖြတ်ကူးရာ၏။ တံ ဥဒကံ၊
သည်။ (ဘဝေယျ-၌ စပ်။) ဝါ၊ ကို။ (သန္ဒိဟတံ-၌ စပ်။) ဟတ္ထိဟိ စ၊ တို့
သည်လည်းကောင်း။ (ကမ္မရုပ် ကြိယာတို့၌ စပ်။) ဝါ၊ တို့ကြောင့်လည်း
ကောင်း။ (ကတ္တုရုပ် ကြိယာတို့၌ စပ်။) အဿေဟိ စ၊ တို့သည်လည်းကောင်း။
ဝါ၊ တို့ကြောင့်လည်းကောင်း။ ရထေဟိ စ၊ တို့သည်လည်းကောင်း။ ဝါ၊
တို့ကြောင့်လည်းကောင်း။ ပတ္တိဟိ စ၊ ခြေလျင် စစ်သားတို့သည်လည်းကောင်း။
ဝါ၊ တို့ကြောင့် လည်းကောင်း။ သန္ဒိဟတံ၊ လှုပ်ချောက်ချားအပ်သည်။
(ဟုတွာ။) အာဝိလံ၊ နှောက်ကျုသည်။ လုလိတံ၊ နှောက်အပ်သည်။ ကလလီ-
ဘူတံ၊ ညွန်ဖြစ်၍ဖြစ်သည်။ ဘဝေယျ၊ ၏။ [“လုလ-မဒ္ဒနေ=နင်းချေ မွှေ
နှောက်အပ်” ဟု ဓာတ်ကျမ်းရှိ၏။]

ဥတ္တိဏ္ဏော၊ ရေကို ကူးမြောက်ပြီးသော။ စက္ကဝတ္တိ၊ သော။ ရာဇာ၊ သည်။
မနုဿေ၊ တို့ကို။ အာဏာပေယျ၊ စေခိုင်းရာ၏။ (ကိံ။) ဘဏေ၊ အမောင်တို့။
ပါနီယံ၊ သောက်ရေကို။ အာဟရထ၊ ဆောင်ချေကြကုန်။ ပိဝိဿာမိ၊ သောက်
အံ့။ ဣတိ၊ သို့။ (အာဏာပေယျ။) [ဋီကာ၌ “ပါနီယံ” နေရာဝယ် “ပိတံ”
ဟု ရှိ၏။ ပိတံ၊ သောက်ထိုက်သော ရေကိုဟု ပေး။] ရညော စ၊ ၏လည်း။
ဥဒကပ္ပသာဒကော၊ သော။ မဏိ၊ သည်။ ဘဝေယျ၊ ရှိရာ၏။ ဒေဝ၊ မင်းမြတ်။
ဧဝံ၊ အမိန့်တော်အတိုင်းပါ။ ဣတိ၊ ဤသို့ သံတော်ဦးတင်၍။ တေ မနုဿာ၊
တို့သည်။ စက္ကဝတ္တိဿ၊ သော။ ရညော၊ မင်းအား။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။
ဥဒကပ္ပသာဒကံ၊ သော။ တံ မဏိံ၊ ကို။ ဥဒကေ၊ ၌။ ပက္ခိပေယျုံ၊ ထည့်
ကုန်ရာ၏။ (မဏိမှိ၊ ကို။) [၁] ဥဒကေ၊ ၌။ ပက္ခိတ္တမတ္တေ၊ ထည့်အပ်ကာမျှနှင့်။
သဟ၊ တပြိုင်နက်။ ပင်္ကသေဝါလပဏကံ၊ သည်။ ဝိဂစ္ဆေယျ၊ ကင်းရာ၏။
ကဒ္ဒမော စ၊ သည်လည်း။ သန္နိသီဒေယျ၊ ကောင်းစွာ။ နစ်မြုပ်ရာ၏။
ဥဒကံ၊ သည်။ အစ္ဆံ၊ သည်။ ဝိပ္ပသန္နံ အနာဝိလံ ဘဝေယျ။ တတော၊

၁။ သဟ ဥဒကေ။ ။“သဟသာ ဥဒကေ ပက္ခိတ္တမတ္တေ” ဟု အချို့စာအုပ်၌ရှိ၏။
ကပျာကယာ ထည့်မည်မဟုတ်သောကြောင့် “သဟသာ” ဟု မရှိသင့်။ “သဟ သစ္စေ
ကတေ မယှံ” ကဲ့သို့ “သဟ ဥဒကေ ပက္ခိတ္တမတ္တေ” ဟုသာ ရှိသင့်သည်။ တချို့စာအုပ်၌
“တသ္မိံ ဥဒကေ ပက္ခိတ္တမတ္တေ” ဟုလည်း ရှိ၏။ “တသ္မိံ၊ ထို ပတ္တမြားကို။ ဥဒကေ၊ ၌။
ပက္ခိတ္တမတ္တေ၊ ထည့်အပ်ကာမျှ ဖြစ်လတ်သော်” ဟု ပေးပါ။

ထိုမှ နောက်၌။ စက္ကဝတ္တိဿ၊ သော။ ရညော၊ အား။ ပါနီယံ၊ ကို။ ဥပနာ–မေယျုံ၊ ဆက်သကုန်ရာ၏။ (ကိံ၊ အဘယ်သို့ သံတော်ဦးတင်၍ ဆက်သကုန်ရာသနည်း။) ဒေဝေါ၊ သည်။ ပါနီယံ၊ ကို။ (တနည်း) ပီတံ၊ သောက်တော်ရေကို။ ပိဝတု၊ သောက်တော်မူပါ။ ဣတိ၊ ဤသို့ သံတော်ဦးတင်၍။ (ဥပနာမေယျုံ။)

မဟာရာဇ။ ဥဒကံ၊ ကို။ (ဒဋ္ဌဗ္ဗံ) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ စိတ္တံ၊ ကို။ ဒဋ္ဌဗ္ဗံ။ တေ ပနုဿာ၊ တို့ကို။ (ဒဋ္ဌဗ္ဗာ) ယထာ။ ဧဝံ ယောဂါဝစရော ဒဋ္ဌဗ္ဗော။ သေဝါလပဏကံ၊ ကိုလည်းကောင်း။ ကဒ္ဒမော စ၊ ကိုလည်းကောင်း။ ဒဋ္ဌဗ္ဗော ယထာ၊ ဧဝံ ကိလေသာ ဒဋ္ဌဗ္ဗာ။ ဥဒကပသာဒကော၊ သော။ မဏိ၊ ကို။ ဒဋ္ဌဗ္ဗော ယထာ၊ ဧဝံ သဒ္ဓာ ဒဋ္ဌဗ္ဗာ။ ဥဒကပ္ပသာဒကမဲ၊ သော။ မဏိမှိ၊ ကို။ ပက္ခိတ္တမတ္တေ၊ ထည့်အပ်ကာမျှ ဖြစ်လတ်သော်။ ပင် ။ပ။ ပဏကံ၊ သည်။ ဝိဂစ္ဆတိ ယထာ၊ ကဲ့သို့။ သန္နိသီဒတိ ယထာ၊ ကောင်းစွာ နစ်မြုပ်သကဲ့သို့။ ဥဒကံ၊ သည်။ အစ္ဆံ ဝိပ္ပသန္နံ အနာဝိလံ ဘဝတိ ယထာ၊ မဟာရာဇ ဧဝ မေဝ ။သဒ္ဓာ၊သည်။ ဥပ္ပဇ္ဇမာနာ၊ သော်။ နီဝရဏေ၊တို့ကို။ ဝိက္ခမ္ဘေတိ၊ ခွာနိုင်၏။ ဝိနီဝရဏံ၊ ကင်းသော နီဝရဏရှိသော။ စိတ္တံ၊ သည်။ အစ္ဆံ ဝိပ္ပသန္နံ အနာဝိလံ ဟောတိ။ ဣတိ၊ ဤသို့။ (အာဟ၊ မိန့်ဆိုပြီ။)

[illegible]ပန၊ ကား။ (သမ္ပသာဒနလက္ခဏာ၏ ဥပမာမှတပါး သမ္ပက္ခန္ဒနလက္ခဏာ၏ ဥပမာကား။) ကုမ္ဘီလ။ပ။ကိဏ္ဏံ၊ မိကျောင်း, မကန်း, ဖမ်းစားတတ်သော ရက္ခိုသ်အစရှိသည်တို့ဖြင့် ရောပြွမ်းသော။ ပူရံ၊ ရေဖြင့်ပြည့်သော။ မဟာနဒိံ၊ မြစ်ကြီးကို။ အာဂမ္မ၊ ရောက်၍။ဘီရုကဇနော၊ကြောက်တတ်သော လူအပေါင်းသည်။ ဥဘောသု၊ ၂–ဘက်ကုန်သော။ တီရေသု၊ ကမ်းတို့၌။ တိဋ္ဌတိ၊ ရပ်နေ၏။ သင်္ဂါမသူရော၊ စစ်မြေပြင်၌ ရဲရင့်သော။ မဟာယောဓော ပန၊ သူရဲကောင်းကြီးသည်ကား။ အာဂန္တွာ၊ လာ၍။ ကသ္မာ၊ ကြောင့်။ ဌိတာ၊ ရပ်နေကြကုန်သည်။ အတ္ထ၊ ဖြစ်ကုန်သနည်း။ ဣတိ၊ သို့။ ပုစ္ဆိတွာ၊ မေး၍။ ဝါ၊ သော်။ သပ္ပဋိဘယဘာဝေန၊ ဘေးဘျမ်းနှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့်။ (ရေထဲ၌ ဘေးရန်ရှိသောကြောင့်။) ဩတရိတုံ၊ သက်ဆင်းခြင်းငှာ။ န ဝိသဟာမ၊ မဝံ့ပါကုန်။ ဣတိ၊ သို့။ ဝုတ္တေ၊ ပြောဆိုအပ်သော်။ (မဆင်းဝံ့လို့ ရပ်နေရကြောင်းကို ပြောအပ်သော်။) သုနိသိတံ၊ ကောင်းစွာ သွေးအပ်ပြီးသော်။ အသိံ၊ သန်လျက်ကို။ ဂဟေတွာ၊ ကိုင်၍။ မမ၊ ငါ၏။ ပစ္ဆတော၊ နောက်၌။ (နောက်က။) ထေ၊ လိုက်ခဲ့ကြကုန်။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ဣတိ၊ သို့။ ဝတွာ၊ ပြောဆို၍။ (ပြောပြော ဆိုဆို။) နဒိံ၊ သို့။ ဩတရိတွာ၊ သက်ဆင်း၍။ အာဂတာဂတေ၊

လာကုန် လာကုန်သော။ ကုမ္ဘီလာဒယော၊ မိကျောင်း အစရှိသော ဘေးရန်တို့ကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ သြရိမတီရေ၊ ဤဘက်ကမ်း၌။ (ဤဘက်ကမ်းက။) မနုဿာနံ၊ တို့၏။ သောတ္ထိဘာဝံ၊ ချမ်းသာ ကုန်သည်၏ အဖြစ်ကို။ ကရောန္တော၊ ပြုလျက်။ ပါရိမတီရံ၊ ထိုဘက်ကမ်းသို့။ နေတိ ယထာ၊ ပို့ဆောင်သကဲ့သို့ လည်းကောင်း။ ပါရိမတီရတောပိ၊ ထိုဘက်ကမ်းမှလည်း။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ သြရိမတီရံ၊ ဤဘက်ကမ်းသို့။ အာနေတိ ယထာ၊ ဆောင်လာသကဲ့သို့ လည်းကောင်း။ ဧဝမေဝ။ ဒါနံ၊ ကို။ ဒဒတော၊ ပေးလှူသောပုဂ္ဂိုလ်၏လည်းကောင်း။ သီလံ၊ ကို။ ရက္ခတော၊ စောင့်ရှောက်သောပုဂ္ဂိုလ်၏ လည်းကောင်း။ ဥပေါသထကမ္မံ၊ ဥပုသ်စောင့်သုံးခြင်း အမှုကို။ ကရောတော၊ ပြုသောပုဂ္ဂိုလ်၏လည်းကောင်း။ ဘာဝနံ၊ ကို။ အာရဘတော၊ အားထုတ်သော ပုဂ္ဂိုလ်၏လည်းကောင်း။ သဒ္ဓါ၊ သည်။ ပုဗ္ဗင်္ဂမာ၊ ရှေ့သွားသည်။ ပုရေစာရိကာ၊ ရှေ့သွားသည်။ ဟောတိ။ တေန၊ ကြောင့်။ ပက္ခန္ဒနလက္ခဏာ စ သဒ္ဓါတိ၊ ဟူ၍။ (မယာ။) ဝုတ္တံ၊ ပြီ။

အပရော၊ ရှေးနည်းမှ တပါးသော။ နယော၊ ကို။ (ဧဝံ ဝေဒိတဗ္ဗော)။ သဒ္ဓါ၊ သည်။ သဒ္ဒဟနလက္ခဏာ၊ ယုံခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်း။ သြကပ္ပနလက္ခဏာ၊ ယုံကြည်ထိုက်သောဝတ္ထုတို့၌ အစဉ်အတိုင်း သက်ဝင်၍ ဆုံးဖြတ်ခြင်း လက္ခဏာ ရှိ၏။[သြကပ္ပနလက္ခဏာတိ အနုပဝိသိတွာ ဧဝမေတန္တိ ကပ္ပနလက္ခဏာ။-ဋီကာ။] ဥဒကပသာဒကမဏိ ဝိယ၊ ရေနောက်ကို ကြည်စေတတ်သော ပတ္တမြားကဲ့သို့။ ပသာဒနရသာ၊ သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်း။ သြဃုတ္တရဏော ဝိယ၊ ရေကိုဖြတ်ကူးသော သူရဲကောင်းကဲ့သို့။ ပက္ခန္ဒနရသာ၊ သဒ္ဓေယျဝတ္ထုတို့၌ ပြေးဝင်ခြင်း ကိစ္စရှိ၏၊ အကာလုဿိယ ပစ္စုပဋ္ဌာနာ၊ မနောက်ကျုသည်၏ အဖြစ်ဖြင့် ယောဂီတို့ ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ တနည်း။ အဓိမုတ္တိ ပစ္စုပဋ္ဌာနာ၊ သဒ္ဓေယျဝတ္ထုတို့၌ ဆုံးဖြတ်ခြင်းဟူသော အကျိုးကို ဖြစ်စေတတ်၏။ သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ၊ ယုံကြည်ထိုက်သော ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။ [ဗုဒ္ဓါဒိဝတ္ထုနိ သဒ္ဓေယျာနိ-ဘုရား အစရှိသော ရတနာ ၃-ပါး၊ကံ-ကံ၏ အကျိုးတို့ကို "သဒ္ဓေယျဝတ္ထု"ဟု ခေါ်သည်။ သဒ္ဒါတဗ္ဗာနီတိ သဒ္ဓေယျာနိ။ သံပုဗ္ဗ-ဒါဓာတ်၊ ဏျပစ္စည်း။] ဝါ၊ တနည်း။ သောတာပတ္တိယင်္ဂပဒဋ္ဌာနာ[၁]၊

၁။ **သောတာပတ္တိယင်္ဂပဒဋ္ဌာနာ။** ။သပ္ပုရိသူပသေဝန (သူတော်ကောင်းကို မှီခို ဆည်းကပ်ရခြင်း)၊ သဒ္ဓမ္မဿဝန (သူတော်ကောင်းတရားကို ကြားနာရခြင်း)၊ ယောနိသောမနသိကာရ၊ ဓမ္မာနုဓမ္မပဋိပတ္တိ (လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်ခြင်း) တို့သည် သောတာပတ္တိမဂ်၏ အကြောင်း အင်္ဂါတို့တည်း။ထို

သောတာပတ္တိမဂ်၏ အကြောင်းအင်္ဂါဟူသော နီးစွာသော အကြောင်းရှိ၏။ သာ၊ထို သဒ္ဓါကို။ ဟတ္ထဝိတ္တဗီဇာနိ[1] ဝိယ၊လက်,ဥစ္စာ,မျိုးစေ့တို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်ထိုက်၏။

ဝီရိယာ၊ ရဲရင့်သူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာ သဘောတည်း။ ဝီရိယံ၊ ဘော။ ဝါ၊ တနည်း။ ဝီရာနံ၊ ရဲရင့်သူတို့၏။ ကမ္မံ၊ အလုပ်တည်း။ ဝီရိယံ၊လုပ်။ [ကမ္မံဟူရာ၌ ထိုအလုပ်ကို ဝီရိယဖြင့် လုပ်ရသောကြောင့် အကျိုး-အလုပ်၏။ ကမ္မ-အမည်ကို အကြောင်းဝီရိယ၌ တင်စားထားသော ဖလူပစာရ-ဟုမှတ်ပါ။] ဝါ၊ တနည်း။ [2]ဝိဓိနာ၊ အစီအရင်ဖြင့်။ နယေန၊ နည်းလမ်းဖြင့်။ ဥပါယေန၊

အကြောင်းအင်္ဂါ ပြည့်စုံသူမှာ သောတာပတ္တိမဂ်နှင့် ယှဉ်သောသဒ္ဓါ ဖြစ်ပေါ်လာတတ်သောကြောင့် ''သောတာပတ္တိယင်္ဂပဒဋ္ဌာနာ''ဟု ဆိုသည်။ [ဤနေရာ၌ သဒ္ဓါအရ သောတာပတ္တိမဂ်နှင့်ယှဉ်သော သဒ္ဓါကို ယူပါ။]

၁။ ဟတ္ထ ဝိတ္တ ဗီဇာနိ။ ။ပတ္တမြားထွက်သော ကျောက်တောင်သို့ ရောက်သော အခါ မကျိုး မပျက် ကောင်းသော လက်ရှိသော ပုဂ္ဂိုလ်သည်သာ ထိုရတနာတို့ကို ကောက်ယူနိုင်၍ ကောင်းသော လက်မရှိသူကား ထိုရတနာတို့ကို မကောက်ယူနိုင်သကဲ့သို့၊ မဂ် ဖိုလ် နိဗ္ဗာန် တိုင်အောင်သော တရားရတနာတို့ ထွက်ပေါ်ရာ ဗုဒ္ဓသာသနာ တည်းဟူသော ရတနာတောင်ကြီးဝယ် သဒ္ဓါတရားတည်းဟူသော လက်ရှိသူသာ သူတော်ကောင်းဥစ္စာတို့ကို ကောက်ယူနိုင်၏။ သဒ္ဓါလက် မပါသူကား မကောက်ယူနိုင်။ ထို့ကြောင့် သဒ္ဓါသည် လက်နှင့်တူ၏။

ဝိတ္တနှင့် တူပုံ။ ။''သဒ္ဓီဓ ဝိတ္တံ၊ ပုရိသဿ သေဋ္ဌံ'' ဟူသော ယက္ခသံယုတ်၊ အာဠဝက-သုတ် ပါဠိတော်နှင့်အညီ ရတနာအမျိုးမျိုးကို ရောင်းရာ ဈေးအတွင်းသို့ ရောက်သူသည် ဝယ်ဖို့ရန် ဥစ္စာပါမှသာ ဝယ်ယူနိုင်၊ ဥစ္စာမပါသူကား မဝယ်ယူနိုင်သကဲ့သို့၊ ဗုဒ္ဓသာသနာ တည်းဟူသော ရတနာဈေးကြီးဝယ် သဒ္ဓါတည်းဟူသော ဥစ္စာပါသူသည်သာ သူတော်ကောင်း ရတနာများကို ဝယ်ယူနိုင်၏။ သဒ္ဓါဥစ္စာ မပါသူကား မဝယ်ယူနိုင်။ ထို့ကြောင့် သဒ္ဓါသည် ဥစ္စာနှင့်တူ၏။

မျိုးစေ့နှင့် တူပုံ။ ။''သဒ္ဓါ ဗီဇံ၊ တပေါ ဝုဋ္ဌိ''ဟူသော ဗြာဟ္မဏသံယုတ်၊ ကသိဘာရဒွါဇ-သုတ် ပါဠိတော်နှင့်အညီ မိုး လေ ကောင်းမွန်နေသော ဥတု ရေမြေဝယ် မျိုးစေ့ရှိသူသာ စိုက်ပျိုးကြဲချ၍ အသီးအနှံတို့ကို ရ၏။ မျိုးစေ့ မရှိသူကား မကြဲနိုင်သကဲ့သို့၊ တရားတည်းဟူသော မိုး လေ ကောင်းမွန်နေသော သာသနာ့မြေဝယ် သဒ္ဓါမျိုးစေ့ရှိသူသာ ကြဲချ၍ သူတော်ကောင်းတရား အသီးအနှံများကို ရနိုင်၏။ သဒ္ဓါမျိုးစေ့မရှိသူကား မကြဲချနိုင်။ ထို့ကြောင့် သဒ္ဓါသည် မျိုးစေ့နှင့်လည်း တူ၏။

၂။ ဝိဓိနာ။ပ။ဝီရိယံ။ ။ရှေ့ ၂-နည်း၌ ဝီရဿ၊ ဝီရာနံ-ပုဒ်တို့နောင် ဘာဝအနက် ကမ္မအနက်၌ ဏျ-ပစ္စည်းသက်။ ရ-၏ အ-ကို ဣပြု၍ ဝီရိယဟု ပြီးခဲ့၏။ ဤနည်း၌ကား

သင့်သောအကြောင်းဖြင့်။ဉာဏ်ရယိတဗ္ဗံ ပဝတ္တယိတဗ္ဗံ၊ ဖြစ်စေထိုက်သော တရား တည်း။ ဝုတ္တိ၊ ကြောင့်။ ဝီရိယံ၊ မည်၏။ တဒေဝ၊ ထိုဝီရိယသည်ပင်။ ကော- သဇ္ဇဿ၊ ကောသဇ္ဇကို။(ပျင်းရိသူ၏ အဖြစ်ကို။)အဘိဘဝနတော၊ ကြောင့်။ ဝါ၊ အတွက်။ အဓိပတိယဋ္ဌေန၊ ကြောင့်။ ဣန္ဒြိယံ၊ မည်၏။ ဝါ၊ တနည်း။ ပဂ္ဂဟလက္ခဏော၊ သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်းလက္ခဏာရှိ၏။ [မူ၌ ကား၌ "အနုဗလပ္ပဒါနံ ပဂ္ဂဟော"ဟု ဖွင့်၏။ ယင်းကြောင့် ပဂ္ဂဟလက္ခဏော-ဟု ရှိသင့်၏။] ဣန္ဒဋ္ဌံ၊ မိမိ၏ အစိုးရသူ၏အဖြစ်ကို။ ကာရေတိ။ ဣတိ၊ ကြောင့်။ ဣန္ဒြိယံ၊ မည်၏။ ဝီရိယမေဝ၊ သည်ပင်၊ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဝီရိယိန္ဒြိယံ၊ ဝီရိယဣန္ဒြေ။

ပန၊ ဆက်။ (တနည်း) ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျုတ္တကား။ တံ ဖေတံ ဝီရိယံ၊ သည်။ ဥပတ္ထမ္ဘနလက္ခဏဉ္စ၊ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်း လက္ခဏာရှိသည်လည်းကောင်း။ ပဂ္ဂဟလက္ခဏဉ္စ၊ သမ္ပယုတ်တရားတို့ကို ချီး မြှောက်ခြင်း လက္ခဏာရှိသည်လည်းကောင်း။(ဟောတိ။) ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဇိဏ္ဏဃရံ၊အိုသောအိမ်သည်။(အိမ်အိုသည်။)အာဂန္တုကေန၊ အာဂန္တုကဖြစ်သော။ ထူဏုပတ္ထမ္ဘေန၊ထောက်တိုင်ဖြင့်။ (ထောက်ပံ့တတ်သော တိုင်ဖြင့်။)တိဋ္ဌတိ ယထာ၊ တည်ရသကဲ့သို့။ ဧဝမေဝ ။ ယောဂါဝစရော၊သည်။ ဝီရိယုပတ္ထမ္ဘေန၊ ဝီရိယ-တည်းဟူသော ထောက်တိုင်သည်။ ဥပတ္ထမ္ဘိတော၊ ထောက်ပံ့အပ်သည်။ ဟုတွာ။ သဗ္ဗကုသလဓမ္မေဟိ၊ တို့မှ။ န ဟာယတိ၊ မယုတ်။ န ပရိဟာယတိ၊ မလျော့။ ဧဝံ၊ လျှင်။ တာဝ၊ ပဂ္ဂဟလက္ခဏာမှ ရှေးဦးစွာ။ အဿ၊ ထို ဝီရိယ၏။ ဥပတ္ထမ္ဘနလက္ခဏတာ၊ ဥပထမ္ဘနလက္ခဏာ ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ။

"ဝိ+ဤရိယ"ဟု ခွဲ။ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဤရိယံ။ ဤရဓာတ်၊ ဏျ ပစ္စည်း၊ ကာရိတ်ပစ္စည်းကျေ။ "ဝိဓိနာ+ဤရိယံ ဝီရိယံ"ဟု သမာသ်တွဲပါ။ ဝိသည် ဝိဓိအနက် ဟော။ ထို ဝိဓိဟူသည် တစုံတခုကိစ္စ လုပ်ငန်းကို ဖြစ်စေဖို့ရန် ရှေးဦးစွာ ဟင်ကြံ၍ စီမံ အပ်သော ပုဗ္ဗပယောဂတည်း။ ထို အစီအရင်ကိုပင် နယ (နည်းလမ်း)ဥပါယ(သင့် သောအကြောင်း) ဟု ဖွင့်သည်။

ဆိုလိုရင်းကား—ကိစ္စတခု ပြုလုပ်ဖို့ရန် ပျင်းရိသောကြောင့် ဝီရိယ-မဖြစ်သူ၏ သန္တာန်၌ ထိုအလုပ်ကို မလုပ်ခြင်းကြောင့် ရရှိမည့်အပြစ်၊ လုပ်ခြင်းကြောင့် ရရှိမည့် အကျိုးကို စဉ်းစား ဆင်ခြင်လိုက်သောအခါ ထိုအလုပ်ကို လုပ်ဖို့ရန် ဝီရိယဖြစ်ပေါ်လာ ၏။ ထိုဝီရိယမျိုးကို ရည်ရွယ်၍"ဝိဓိနာ ဤရယိတဗ္ဗံ-သင့်လျော်သော ပုဗ္ဗပယောဂ ဥပါယ အစီအရင်ဖြင့် ဖြစ်စေအပ်သောတရား"ဟု ဆိုသည်။

တေန၊ ကြောင့်။ နာဂသေနော ထေရော၊ သည်။ အာဟ၊ ပြီ။(ကိ°။) မဟာရာဇ။ ပုရိသော၊ သည်။ ဂေဟေ၊ အိမ်သည်။ ပတန္တေ၊ ပြိုလုလတ်သော်။ တံ၊ ထိုအိမ်ကို။ အညေန၊ အခြားသော။ ဒါရုနာ၊ထောက်တိုင်ဖြင့်။ ဥပတ္ထမ္ဘေယျ ယထာ၊ ထောက်ထားရာ သကဲ့သို့။ ဥပတ္ထမ္ဘိတံ၊ ထောက်အပ်သည်။ သန္တံ၊ ဖြစ်လတ်သော်။ ဧဝံ၊ ဤသို့ ထောက်ခြင်းဟူသောအကြောင်းကြောင့်။ တံ ဂေဟံ၊ သည်။န ပတေယျ ယထာ၊ မလဲရာ သကဲ့သို့။ [ဧဝံ တံ ဂေဟံ-ဟု ဧဝံ-ပါသည်ကား မကောင်း။] မဟာရာဇ ဧဝမေဝ။ ဝီရိယံ၊ သည်။ ဥပတ္ထမ္ဘနလက္ခဏံ၊ ထောက်ပံ့ခြင်း လက္ခဏာရှိ၏။ ဝီရိယုပတ္ထမ္ဘိတာ၊ ဝီရိယသည် ထောက်ပံ့အပ်ကုန်သော။ သဗ္ဗေ၊ ကုန်သော။ ကုသလာဓမ္မာ၊ တို့သည်။ န ဟာယန္တိ၊ မယုတ်ကုန်။ န ပရိဟာယန္တိ၊ မလျော့ကုန်။ ဣတိ၊ သို့။ (အာဟ၊ ပြီ။)

ဝါ ပန၊ သည်သာ မကသေး။(ဥပတ္ထမ္ဘနလက္ခဏာမှတပါး ပဂ္ဂဟလက္ခဏာကား။) ခုဒ္ဒကာယ၊ ငယ်သော။ (သေနာယ) စ၊ စစ်တပ်၏လည်းကောင်း။ မဟတိယာ၊ ကြီးသော။ သေနာယ စ၊ ၏လည်းကောင်း။[မဟတိကာယ ဟု ရှိသည်ကား မကောင်း။] သင်္ဂါမေ၊ ပေါင်းဆုံခြင်းသည်။ ဝါ၊ စစ်ပွဲသည်။ ပဝတ္တေ၊ ဖြစ်လတ်သော်။ ခုဒ္ဒိကာ၊ သော။ သေနာ၊ သည်။ ဩလီယေယျ၊ ဆုတ်နစ်ရာ၏။ တတော၊ ထိုသို့ ဆုတ်နစ်ခြင်းကြောင့်။ ရညော၊ အား။ အာရောစေယျ၊ သံတော်ဦးတင်ရာ၏။ ရာဇာ၊ သည်။ ဗလဝါဟနံ၊ အားရှိသော စစ်တပ်ကို။ ပေသေယျ၊ စေလွှတ်ရာ၏။ တေန၊ ထိုအားရှိသော စစ်တပ်သည်။ ပဂ္ဂဟိတာ၊ ချီးမြှောက်အပ်သော။(ထောက်ပံ့အပ်သော။) သကာ- သေနာ၊ မိမိ စစ်တပ်သည်။ ပရသေနံ၊ တပါးသော ရန်သူ၏ စစ်တပ်ကို။ ပရာဇေယျ ယထာ၊ ရှုံးစေရာ သကဲ့သို့။ ဧဝမေဝ။ ဝီရိယံ၊ သည်။ သဟဇာတ သမ္ပယုတ္တဓမ္မာနံ၊ တကွဖြစ်သောသမ္ပယုတ်တရားတို့အား။ဩလီယိတုံ၊ တွန့်ဆုတ်ခြင်းငှာ။ ဩသက္ကိတုံ၊ ဆုတ်နစ်ခြင်းငှာ။ န ဒေတိ၊ မပေး။ ဥက္ခိပတိ၊ မြှောက်ပင့်၏။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ တေန၊ ကြောင့်။ ပဂ္ဂဟလက္ခဏဉ္စ ဝီရိယန္တိ၊ ဟူ၍။(မယာ) ဝုတ္တံ။

အပရော နယော (ဧဝံ ဝေဒိတဗ္ဗော)။ ဝီရိယံ၊ သည်။ ဥဿာဟလက္ခဏံ၊ ရသည့်ဆင်းရဲ ကြိတ်အံခဲ၍ အမြဲသည်းခံခြင်း လက္ခဏာ ရှိ၏။[ဥ (ဒုက္ခလာဘေ) ဆင်းရဲကို ရလတ်သော်။ သဟနံ၊ သည်းခံနိုင်ခြင်း။ ဥဿာဟော၊ ခြင်း။] သဟဇာတာနံ၊ တို့ကို။ ဥပတ္ထမ္ဘနရသံ၊ ထောက်ပံ့ခြင်းကိစ္စ ရှိ၏။ အသံသီဒန ဘာဝပစ္စုပဋ္ဌာနံ၊ ဆုတ်နစ်ခြင်း မရှိသည်၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ သံဝိဂ္ဂေါ ယောနိသော ပဒဟတီတိ၊ ဟူ၍။ ဝစနတော၊

ဟောတော်မူခြင်းကြောင့်။ သံဝေဂပဒဋ္ဌာနံ[၁]၊ ထိတ်လန့်ကြောင်း သဟောတ္တပ္ပ ဉာဏ်လျှင် နီးစွာသောအကြောင်း ရှိ၏။ [သံဝိဂ္ဂေ၊ ထိတ်လန့်သော ပုဂ္ဂိုလ်သည်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဒဟတိ၊ အားထုတ်၏။ အချို့က မသင့်သောအားဖြင့် အလွဲကို အားထုတ်တတ်သောကြောင့် "ယောနိသော ပဒဟတိ"ဟု ဟောတော်မူသည်။—စတုက္ကအင်္ဂုတ္တိုရ်၊ ပတောဒ-သုတ်။] ဝါ၊ တနည်း။ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ၊ ဝီရိယာရမ္ဘဝတ္ထုလျှင် နီးစွာသော အကြောင်း ရှိ၏။ သမ္မာ၊ ကောင်းစွာ။ (လမ်းမှန်အားဖြင့်။) အာရဒ္ဓံ၊ အားထုတ်အပ်သော ဝီရိယသည်။ (ရှေ့ဝီရိယဖြင့် အားထုတ်အပ်သော နောက်ဝီရိယသည်။) သဗ္ဗာသံ၊ ကုန်သော။ သမ္ပတ္တီနံ၊ သမ္ပတ္တိတို့၏။ (မနုဿသမ္ပတ္တိ, ဒေဝသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိတို့၏။) မူလံ၊ အကြောင်းရင်းသည်။ ဟောတိ၊ ဧကတိ ဒဋ္ဌဗ္ဗံ။

တေသ၊ ဤ သဘောတရားဖြင့်။ (တံ သမင်္ဂိပုဂ္ဂလာ၊ ထို သဘောတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။ (တနည်း) သမ္ပယုတ္တဓမ္မာ၊ တို့သည်။) သရန္တိ၊ အောက်မေ့တတ် အမှတ်ရတတ်ကုန်၏။ ဧတိ၊ ထိုသို့ အောက်မေ့ကြောင်း အမှတ်ရကြောင်း၏ အဖြစ်ကြောင့်။ (သာ၊ ထို သဘောတရားသည်။ သတိ၊ မည်၏။) ဝါ၊ တနည်း။ (ယာ၊ အကြင် သဘောတရားသည်။)သယံ၊ မိမိဟူသော သတိကိုယ်တိုင်။ သရတိ၊ အောက်မေ့တတ် အမှတ်ရတတ်၏။(ဧတိ၊ထိုသို့ အောက်မေ့တတ် အမှတ်ရတတ်သည်၏ အဖြစ်ကြောင့်။ သာ။ သတိ၊ မည်၏။) ဝါ၊ တနည်း။ သော၊ ဤ သဘောတရားသည်။ သရဏမတ္တမေဝ၊ အောက်မေ့ခြင်း အမှတ်ရခြင်း မျှသာတည်း။ ဧတိ၊ ကြောင့်။ သတိ၊ မည်၏။ [သရဏံ သတိ ဟု-ဘာဝသာဓနေပြု။ မတ္တဖြင့် ကရဏသတ္တိ ကတ္တုသတ္တိကို ကန့်။ ဝေကာ၊ သန္နိဋ္ဌာနာဝဓာရဏတည်း။] သာဝ၊ ထို သတိသည်ပင်။ မုဋ္ဌသစ္စဿ၊ ပျောက်ကင်းသော သတိရှိသူ၏ အဖြစ်ကို။ (ပျောက်ကင်းသော သတိရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို။) ဘာတိ-

---

၁။ သံဝေဂပဒဋ္ဌာနံ။ ။ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပါယဘယ၊ အတီတေ ဝဋ္ဋမူလဒုက္ခ၊ အနာဂတေ ဝဋ္ဋမူလဒုက္ခ၊ ပစ္စုပ္ပန္နေ အာဟာရ ပရိယေသနဒုက္ခ။ ဤ ရှစ်ဌာနသည် သံဝေဂ၏ အကြောင်းဝတ္ထုတည်း။ ထို ရှစ်ဌာနကို အာရုံပြု၍ စဉ်းစားသောအခါ ထိတ်လန့်ကြောင်းဖြစ်သော ဩတ္တပ္ပနှင့်တကွ ဉာဏ်ဖြစ်ပေါ်လာ၏။ ထို သဟောတ္တပ္ပဉာဏ်ကို "သံဝေဂ" ဟု ခေါ်၏။ ထို သံဝေဂသည် ဝီရိယဖြစ်ခြင်း၏ အကြောင်းတည်း။ ဤပဒဋ္ဌာန်ကို ကုသိုလ်ဝီရိယ၌သာ ရအပ်၏။ [ဝီရိယာရမ္ဘဝတ္ထု-ပဒဋ္ဌာနံ-အရ ဝီရိယာရမ္ဘဝတ္ထုရှစ်ပါး အကျယ်ကို သုတ်ပါထေယျ သံဂီတိသုတ်ကိုမှီး၍ ဋီကာဖွင့်သည့်အတိုင်း သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

ဘဝနတော အဓိပတိယဋ္ဌေန။ ဣန္ဒြိယံ၊ မည်၏။ ဝါ၊ တနည်း။ ဥပဋ္ဌာန— လက္ခဏော၊ စိရကတ-အစရှိသော အာရုံသို့ ကပ်၍တည်ခြင်း လက္ခဏာဉ္စ။ ဝါ၊ ပစ္စုပ္ပန်အာရုံသို့ ကပ်၍တည်ခြင်း မစွန့်လွှတ်ခြင်း လက္ခဏာဉ္စ။ ဣန္ဒဋ္ဌံ၊ မိမိ၏ အစိုးရသည်၏အဖြစ်ကို။ သမ္ပယုတ္တဓမ္မေဟိ၊ တို့သည်။ ဝါ၊ တို့ကို။ ကာရေတိ၊ ဣတိ ဣန္ဒြိယံ။ သတိ ဧဝ၊ သည်ပင်။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ သတိန္ဒြိယံ၊ သတိဣန္ဒြေ။

ပန၊ ဆက်။ (တနည်း) ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျတ္ထကား။ သာ သော သတိ၊ သည်။ ၁အပိလာပန လက္ခဏာ စ၊ သမ္ပယုတ်တရားတို့ကို မပေါ် လွင်စေခြင်းလက္ခဏာရှိသည် လည်းကောင်း။ ဥပဂ္ဂဏှန လက္ခဏာ စ၊ အာရုံကို သိမ်းပိုက်ခြင်း လက္ခဏာရှိသည်လည်းကောင်း။ ဟောတိ။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ရညော၊ ၏။ ဘဏ္ဍာဂါရိကော၊ ဘဏ္ဍာတိုက်စိုးသည်။ ဒသ- ဝိဓံ၊ သော။ ရတနံ၊ ကို။ ဂေါပယန္တော၊ လုံခြုံစေလျက်။ ဝါ၊ စောင့်ရှောက် လျက်။ သာယံ၊ ညနေချမ်းအခါ၌ လည်းကောင်း။ ပါတံ၊ နံနက်အခါ၌ လည်း ကောင်း။ ရာဇာနံ၊ ကို။ ဣဿရိယသမ္ပတ္တိံ၊ အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ စည်းစိမ်ကို။ သလ္လက္ခာပေတိ ယထာ၊ မှတ်မိစေသကဲ့သို့။ သာရေတိ ယထာ၊ အောက်မေ့စေသကဲ့သို့။ ဝါ၊ အမှတ်ရစေသကဲ့သို့။ ဧဝမေဝ။ သတိ၊ သည်။ ကုသလံ ဓမ္မံ၊ ကို။ သလ္လက္ခာပေတိ၊ မှတ်စေ၏။ သရာပေတိ၊ အောက်မေ့စေ ၏။ ဝါ၊ အမှတ်ရစေ၏။

တေန၊ ကြောင့်။ ထေရော၊ ရှင်နာဂသိန် ထေရ်သည်။ အာဟ၊ ပြီ။ (ကိံ။) မဟာရာဇ။ စက္ကဝတ္တိဿ၊ သော။ ရညော၊ ၏။ ဘဏ္ဍာဂါရိကော၊ သည်။ စက္က- ဝတ္တိံ၊ သော။ ရာဇာနံ၊ ကို။ သာယံ၊ ၌ လည်းကောင်း။ ပါတံ၊ ၌လည်းကောင်း။ ယသံ၊ အခြံအရံကို။ သရာပေတိ၊ အမှတ်ရစေ၏။ (ကိံ၊ အဘယ်သို့အမှတ်ရစေသ နည်း။) ဒေဝ၊ မင်းမြတ်။ ဟတ္ထိ၊ ဆင်တို့သည်။ တေ္တကာ၊ ဤမျှ အတိုင်းအရှည်ရှိ

၁။ အပိလာပန၊ ဥပဂ္ဂဏှန။ ။ပိလာပနန္တ ပ္လု (ဓာတ်၊ ဏာပေ ပစ္စည်း၊ ယုပစ္စည်း။ ပ-၏အ-ကို ဇုပ္ပ။ တနည်း-သက္ကတ၌ ညီပုဒ်သည် ပါဠိ၌ “သိရိ” ဟုဖြစ်သကဲ့သို့ သက္ကတ၌ ပ္လု (ဓာတ်သည် ပါဠိ၌ “ပိလုဓာတ်” ဟု ဖြစ်သင့်၏။ ဤသို့ဆိုလျှင် ပိလုဓာတ် ဏာပေပစ္စည်း၊ ယုပစ္စည်း ဟု ကြံပါ။ ထို ပ္လု (ပိလု) ဓာတ်သည် သပ္ပန-ရေပေါ်၌ ပေါ် ၍သွားခြင်းအနက်ကို ဟော၏။ ဤ သတိသည် အာရုံကို ပေါလောပေါ်၍ မသွား စေ။ [ဥဒကေ အလာဗု ဝိယ အာရမ္မဏံ ပိလဝိတွာ ဂန္တုံ အပ္ပဒါနံ။ ပ။ အပိလာပနံ။-ဋီကာ။] နောက်၌ “အဟိတေ ဓမ္မေ အပနုဒေတိ၊ ဟိတေ ဓမ္မေ ဥပဂ္ဂဏှာတိ” ကို ကြည့်၍ သမ္ပယုတ်တရားတို့ကို မပယ်ရှားပဲ သိမ်းပိုက်ထားခြင်းကို “ဥပဂ္ဂဏှန” ဟု ယူပါ။

ပါကုန်၏။ အဿာ၊မြင်းတို့သည်။ ဝေတ္တကာ။ ရထာ၊ရထားတို့သည်။ ဝေတ္တကာ။ ပတ္တိ၊ ခြေလျင်တပ်သားတို့သည်။ ဝေတ္တကာ။ ဟိရညံ၊ ငွေသည်။ ဝေတ္တကံ၊ဤ မျှ အတိုင်းအရှည်ရှိပါ၏။ သုဝဏ္ဏံ၊ ရွှေသည်။ ဝေတ္တကံ။ သဗ္ဗံ၊ သော။ သာ ပတေယျံ၊ ဥစ္စာနှစ်သည်။ ဝေတ္တကံ။ ဒေဝေါ၊ မင်းမြတ်သည်။ တံ၊ ထို စည်းစိမ်ကို။ သရတု၊ အမှတ်ရတော်မူပါ။ ဣတိ၊ ထိုသို့ သံပေါ်ဦးဝင်၍။ (သရာပေတိ) ယထာ၊ အမှတ်ရစေသကဲ့သို့။ [“သော ဓနသ္မံ မနိတ္ထံယံ” အဘိဓာန်နှင့်အညီ သ-သဒ္ဒါသည် ဥစ္စာအနက်ကို ဟော၏။ သဿ၊ ဥစ္စာ၏+ ပတိ၊ အရှင်တည်း။ သပတိ၊ ဥစ္စာ၏အရှင်။ သပတိဿ၊ ဥစ္စာရှင်၏+ဟိတံ၊ စီးပွားတည်း။ သာပတေယျံ၊ ဥစ္စာရှင်၏ စီးပွား။ ဟိတအနက်၌ ဏေယျ ပစ္စည်း။]

မဟာရာဇ ဝေဝမေဝ။ သတိ၊ သည်။ ကုသလေ ဓမ္မေ၊ တို့ကို။ အပိလာ ပေတိ၊ ပေါလော မပေါ်စေ။ [ပေါ်လောပေါ်၍ လွင့်မသွားစေ။ အာရုံ အဖြစ်ဖြင့် ထင်လာစေသည်-ဟူလို။] (ကိံ၊ သို့။ အပိလာပေတိ၊ နည်း။) ဣမေ စတ္တာရော၊ ဤ ၄-ပါးတို့သည်။ သတိပဋ္ဌာနာ၊ တို့တည်း။ပ။ ဣမေ သတ္တ၊ ဤ ၇-ပါးတို့သည်။ ဗောဇ္ဈင်္ဂါ၊ တို့တည်း။ အယံ၊ ဤ တရား အပေါင်းသည်။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါ ရှိသော။ မဂ္ဂေါ၊ မဂ်တည်း။ အယံ၊ ဤ သမာဓိသည်။ သမထော၊ တည်း။ အယံ၊ ဤ ပညာသည်။ ဝိပဿနာ၊ တည်း။ အယံ၊ ဤ ပညာသည်။ ဝိဇ္ဇာ၊ တည်း။ အယံ၊ ဤ အရဟတ္တဖိုလ်သည်။ ဝိမုတ္တိ၊ တည်း။ ဣမေ၊ ဤ တရား တို့သည်။ လောကုတ္တရာ၊ ကုန်သော။ ဓမ္မာ၊ တို့တည်း။ ဣတိ၊ သို့။ (အပိလာ ပေတိ။) ဧဝံ၊ ဤသို့လျှင်။ မဟာရာဇ။ သတိ၊ သည်။ အပိလာပနလက္ခဏာ၊ ရှိ၏။ ဣတိ။ အာဟ၊ ပြီ။ [ဋီကာ၌ “အပိလာပေ ကရောတိ”ဟု ဖွင့်၏။ ပိလုမှ ဥကို ဣ၊ ဣကို အာဝပြု၍ “အပိလာဝေ”ဟု ရှိသင့်၏။ အကမ္မကနှောင် ကာရိတ်ဝင်လျှင် သကမ္မကဝါတ်ဖြင့် ဖွင့်ရိုးတည်း။ ထို့ကြောင့်“အပိလာဝေ+ ကရောတိ”ဟု ဋီကာဖွင့်သည်။]

ပန၊ ကား။ (အပိလာပန လက္ခဏာမှတပါး ဥပဂ္ဂဏှနလက္ခဏာကား။) စက္ကဝတ္တိဿ၊ သော။ ရညော၊ ၏။ ပရိဏာယကရတနံ၊ သားကြီး ရတနာ သည်။ ရညော၊ ၏။ အဟိတေ စ၊ စီးပွား မဟုတ်သူတို့ကိုလည်းကောင်း။ ဝါ၊ စီးပွားမဲ့ ဖြစ်သူတို့ကိုလည်းကောင်း။ ဟိတေ စ၊ စီးပွားဖြစ်သူတို့ကို လည်းကောင်း။ ဝါ၊ စီးပွားကို ပြုတတ်သူတို့ကိုလည်းကောင်း။ ဥ တွာ၊ သိ၍။ အဟိတေ၊ စီးပွားမဲ့ဖြစ်သူတို့ကို။ အပယာပေတိ ယထာ၊ ဖယ်ရှား သကဲ့သို့။ (ဖဲသွားစေသကဲ့သို့။) ဟိတေ၊ စီးပွားဖြစ်သူတို့ကို။ ဥပယာပေတိ

ယထာ၊ ချဉ်းကပ်စေသကဲ့သို့။ ဝေမေဝ။ သတိ၊ သတိသည်။ ဟိတာ-ဟိတာနံ၊ စီးပွားဖြစ်ကုန် စီးပွားမဲ့ဖြစ်ကုန်သော။ ဓမ္မာနံ၊ တို့၏။ ဂတိယော၊ ဖြစ်ခြင်းတို့ကို။ (သဒ္ဒတ္ထ။) ဝါ၊ ပြီးစီးခြင်းတို့ကို။ (အဓိပ္ပာယတ္ထ။)သမန္နေ-သိတွာ (သံ+အနု+ဧသိတွာ)၊ ကောင်းစွာ ရှာ၍။ ကာယဒုစ္စရိတာဒယော၊ အစရှိကုန်သော။ ဣမေ ဓမ္မာ၊ တို့သည်။ အဟိတာ၊ စီးပွားမဲ့ တရားတို့တည်း။ ဣတိ၊ ဤသို့ သိ၍။ အဟိတေ၊ စီးပွားမဲ့ ဖြစ်ကုန်သော။ ဓမ္မေ၊ ဒုစရိုက် တရားတို့ကို။ အပနုဒေတိ၊ ပယ်ရှား၏။ ကာယသုစရိတာဒယော၊ ကာယ သုစရိုက် အစရှိကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဟိတာ၊ စီးပွား တို့တည်း။ ဣတိ၊ ဤသို့ သိ၍။ ဟိတေ၊ စီးပွားဖြစ်ကုန်သော။ ဓမ္မေ။ သုစရိုက်တရားတို့ကို။ ဥပဂ္ဂဏှာတိ။ သိမ်းပိုက်၏။ ["ဥပ-ကပ်၍ + ဂဟ-ယူ" ဟူသည် "သိမ်းပိုက်ခြင်း"ပင်တည်း။]

တေန၊ ကြောင့်။ ထေရော အာဟ၊ (ကိံ) မဟာရာဇ စက္ကဝတ္တိဿ ရညော။ ပရိဏာယကရတနံ၊ သည်။ ရညော၊ ၏။ ဟိတာဟိတေ၊ စီးပွား ဖြစ်သူ စီးပွားမဲ့ ဖြစ်သူတို့ကို။ ဇာနာတိ၊ (ကိံ။) ဣမေ၊ ဤ သူတို့သည်။ ရညော၊ ၏။ ဟိတာ၊ စီးပွားဖြစ်သူတို့တည်း။ ဣမေ၊ ဤသူတို့ကား။ အဟိတာ၊ စီးပွားမဲ့ ဖြစ်သူတို့တည်း။ ဣမေ၊ တို့သည်။ ဥပကာရာ၊ လျော် သော ကျေးဇူးကို ပြုတတ်သူတို့တည်း။ ဣမေ၊တို့ကား။ အနုပကာရာ၊လျော် သော ကျေးဇူးကို မပြုတတ်သူတို့တည်း။ ဣတိ ဇာနာတိ။ [အခြားနေရာ၌ ဥပကာရနှင့်တွဲလျှင် "အပကာရ-ကျေးဇူးမဲ့ကို ပြုတတ်သူ"ဟု သုံးစွဲတတ်၏။]

တတော၊ ထိုသို့ သိခြင်းကြောင့်။ အဟိတေ၊ စီးပွားမဲ့ ဖြစ်သူတို့ကို။ အပနုဒေတိ ယထာ၊ ကဲ့သို့။ ဟိတေ၊ စီးပွားဖြစ်သူတို့ကို။ ဥပဂ္ဂဏှာတိ ယထာ၊ ကဲ့သို့။ မဟာရာဇ ဝေမေဝ။ သတိ၊ သည်။ ဥပ္ပဇ္ဇမာနာ၊ သော်။ ဟိတာဟိတာနံ ဓမ္မာနံ။ ဂတိယော၊ တို့ကို။ သမန္နေသတိ၊ ကောင်းစွာ ရှာမှီး၏။ (ကိံ။) ဣမေ ဓမ္မာ၊ တို့သည်။ ဟိတာ၊ စီးပွားတို့တည်း။ ဣမေ ဓမ္မာ၊ တို့ကား။ အဟိတာ၊ စီးပွားမဲ့တို့တည်း။ ဣမေ ဓမ္မာ၊ တို့သည်။ ဥပကာရာ၊ လျော်သော ကျေးဇူးကို ပြုတတ်သော တရားတို့တည်း။ ဣမေ ဓမ္မာ၊ တို့ကား။ အနုပကာရာ၊ လျော်သော ကျေးဇူးကို မပြုတတ်သော တရား တို့တည်း။ ဣတိ (သမန္နေသတိ)။ တတော၊ ထိုသို့ ရှာမှီးခြင်း ကြောင့်။ အဟိတေ ဓမ္မေ။ အပနုဒေတိ ယထာ၊ ကဲ့သို့။ ဟိတေ ဓမ္မေ။ ဥပဂ္ဂဏှာတိ ယထာ၊ ကဲ့သို့။ မဟာရာဇ ဝေမေဝ။ သတိ၊ သည်။ ဥပဂ္ဂဏှန လက္ခဏာ၊ ရှိ၏။ ဣတိ။ (အာဟ၊ ပြီ။)

[လက္ခဏာမှာ ရှေးနည်းအတိုင်း ဖြစ်သော်လည်း ရသ-စသည်ကို ထည့်၍ ပြလိုသောကြောင့် "အပရော နယော"ဟု မိန့်သည်။ အပရော နယောတိ ရသာဒိ ဒဿနတ္တံ အာရဒ္ဓံ။–ဋီကာ။] အပရော နယော (ဝေံ ဝေဒိတဗ္ဗော)။ သတိ၊ သည်။ အပိလာပနလက္ခဏာ။ ရှိ၏။ အသမ္မောသန ရသာ၊ အာရုံကို ပျောက်ပျက်စေတတ်သော ပမာဒ၏ ဆန့်ကျင်ဘက်ကိစ္စ ရှိ၏။ အာရက္ခ-ပစ္စုပဋ္ဌာနာ၊ အာရုံကို စောင့်ရှောက်တတ်သောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ တနည်း။ ဝိသယာဘိမုခီဘာဝ ပစ္စုပဋ္ဌာနာ၊ အာရုံသို့ ရှေးရှုသည်၏အဖြစ်ဖြင့် ယောဂီတို့။ပ။ထင်လာ၏။ ထိရသညာ ပဒဋ္ဌာနာ၊ခိုင်မြဲသောသညာလျှင် နီးစွာသောအကြောင်းရှိ၏။ [ဤပုဒ်၏အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။] ဝါ၊ တနည်း။ ကာယာဒိသတိပဋ္ဌာနပဒဋ္ဌာနာ[၁]၊ ကာယအစရှိသော သတိပဋ္ဌာန်လျှင် နီးစွာသောအကြောင်း ရှိ၏။ ပန၊ ဆက်။ အာရမ္မဏေ၊ ၌။ ဒဠှံ၊ မြဲစွာ။ ပတိဋ္ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ ဧသိကာ ဝိယ၊ မြို့၏တံခါးတိုင်နှင့်တူ၏ ဟူ၍လည်းကောင်း။ [ထို တံခါးတိုင်သည် အထက်၌ ၁၀-တောင်မြင့်လျှင် အောက်၌လည်း ၁၀-တောင်စိုက်ရ၏။] စက္ခုဒွါရာဒိ ရက္ခဏတော၊ စက္ခုဒွါရ-အစရှိသော ဒွါရကို စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်။ ဒေါဝါရိကော ဝိယ စ၊ တံခါးမှူးနှင့် တူ၏ ဟူ၍လည်းကောင်း။ ဒဋ္ဌဗ္ဗာ။

(ယော သဘာဝေါ။) အာရမ္မဏေ၊ ၌။ စိတ္တံ၊ ကို။ သမ္မာ၊ ကောင်းစွာ။ အာဓိယတိ-ထပေတိ၊ ထားတတ်၏။ဣတိ၊ ထိုသို့ အာရုံ၌ စိတ်ကို ကောင်းစွာ ထားတတ်သည်၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) သမာဓိ၊ မည်၏။ [အာဓိယတိ၌ အာပုဗ္ဗ ဘူဝါဒိ ဓာဓာတ်၊ အ-ပစ္စည်း၊ ယ-လာ၊ ဓာ၏ အာကို ဣပြု။ ဓာတ်ကျမ်းတို့၌ကား "အာဓေတိ" ဟု ရှိ၏။ အ-ပစ္စည်းကို ပြေ၊ သံ+အာ+ဓာဓာတ်၊ ဣပစ္စည်းဖြင့် "သမာဓိ" ဟုဖြစ်၏။] သော၀၊ ထို

၁။ **ကာယာဒိ သတိပဋ္ဌာန ပဒဋ္ဌာနာ။** ။"ကာယာဒိ" အရ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဟူသော အာရုံ ရ၏။ "သတိပဋ္ဌာနာ"အရကား–ထိုအာရုံကို အာရုံပြုသော **သတိ** ရ၏။ ဤသို့ အရမတူသောကြောင့် **သတိပဋ္ဌာနာအရ** အာရမ္မဏိက သတိပဋ္ဌာန်တို့၏အမည်ကို ကာယ-အစရှိသော အာရုံ၌တင်စားထားသော ဖလူပစာစကားဟု မှတ်ပါ။ [သတိယာ ဝတ္ထုဘူတာ ကာယာဒယော ကာယာဒိသတိပဋ္ဌာနာ။–ဋီကာ။]

တနည်း။ ။ရှေးရှေးသတိသည် နောက်နောက်သတိ၏ ပဒဋ္ဌာန်ဖြစ်သောကြောင့် "ကာယာဒိသတိပဋ္ဌာနပဒဋ္ဌာနာ-ကာယ အစရှိသည်၌ ဖြစ်သော သတိပဋ္ဌာန်လျှင် နီးစွာသောအကြောင်းရှိ၏" ဟု ပေးပါ။ [သတိယောယေဝ ဝါ ပုရိမာ ပစ္ဆိမာနံ ပဒဋ္ဌာနံ။–ဋီကာ။]

သမာဓိသည်ပင်။ ဝိက္ခေပဿ၊ သမ္ပယုတ်တရားတို့ကို အထူးထူး အပြားပြား ပစ်လွှင့်တတ်သော ဥဒ္ဓစ္စကို။ အဘိဘဝနတော။ပ။ ဣန္ဒြိယံ၊ မည်၏။ ဝါ၊ တနည်း။ အဝိက္ခေပလက္ခဏော၊ ဝိက္ခေပ၏ ဆန့်ကျင်ဘက် လက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ ကို။ (သမ္ပယုတ္တဓမ္မေဟိ၊ တို့သည်။ ဝါ၊ တို့ကို။) ကာရေတိ၊ ပြုစေတတ်၏။ ဣတိ၊ ကြောင့်။ ဣန္ဒြိယံ။ သာမာဓိယေဝ၊ သည်ပင်။ ဣန္ဒြိယံ၊ အစိုးရသော တရားတည်း။ သမာဓိန္ဒြိယံ၊ သမာဓိ ဣန္ဒြေ။ ပန၊ ဆက်။ (တနည်း) ပန၊ ပစ္စက္ခသံဝဏ္ဏနာမှတပါး အတိဒေသသံဝဏ္ဏနာကား။ အဿ၊ ထို သမာဓိ၏။ လက္ခဏာဒီနိ၊တို့ကို။ ဟေဋ္ဌာ၊အောက်၌။(အောက် ကေဂ္ဂတာ ပုဒ်၏ အဖွင့်၌။) ဝုတ္တနယေနေဝ၊ ဖြင့်သာ။ ဝေဒိတဗ္ဗာနိ။

(ယာ ဓမ္မဇာတိ။)ပဇာနာတိ၊ အပြားအားဖြင့်သိတတ်၏။ ဣတိ၊ကြောင့်။ (သာ ဓမ္မဇာတိ။) ပညာ၊ မည်၏။ ကိံ၊ အဘယ်ကို။ ပဇာနာတိ၊ နည်း။ ဣဒံ၊ ဤ တဏှာ ကြဉ်ယား တေဘူမက တရားသည်။ (အဘိဓမ္မာနည်း။) ဝါ၊ ဤ ဇာတိ-အစရှိသော တရားသည်။ (သုတ္တန်နည်း။) ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ အရိယသစ္စာနိ၊ တို့ကို။ (ပဇာနာတိ။) ပန၊ ဝါဒန္တရကား။ အဋ္ဌကထာယံ၊ ရှေး အဋ္ဌကထာ၌။ ပညာပေတိ၊ အပြား တို့ဖြင့် သိစေတတ်၏။ ဣတိ၊ ကြောင့်။ ပညာ၊ မည်၏။ ဣတိ။ ဝုတ္တံ၊ ပြီ။ ["ပ+ဉာ"ဟု ပုဒ်ခွဲ။ ပသည် ပကာရ အနက်ဟော။ ပညာပေတိတိ ပကာရေဟိ ဇာနာပေတိ။-ဋီကာ။] ကိန္တိ၊ အဘယ်သို့လျှင်။ ပညာပေတိ၊ အပြားတို့ဖြင့် သိစေတတ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ သို့။ ပညာပေတိ၊ အပြား တို့ဖြင့် သိစေတတ်၏။ သာဝ၊ ထို ပညာသည်ပင်။ အဝိဇ္ဇာယ၊ ကို။ အဘိ-ဘဝနတော။ပ။ဣန္ဒြိယံ။ ဝါ၊ တနည်း။ ဒဿနလက္ခဏော၊ ဒုက္ခ-အစရှိသည်ကို သိမြင်ခြင်းလက္ခဏာ၌။ ဣန္ဒဋ္ဌံ ကာရေတိ၊ ဣတိ ဣန္ဒြိယံ။ ပညာဝ၊ သည်ပင်။ ဣန္ဒြိယံ၊ တည်း။ ပညိန္ဒြိယံ၊ ဣန္ဒြေ။

ပန၊ ဆက်။ (တနည်း) ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျတ္ထကား။ သာ သော ပညာ၊ သည်။ ဩဘာသနလက္ခဏာ စ၊ ထွန်းပြခြင်း လက္ခဏာရှိသည် လည်းကောင်း။ ပဇာနနလက္ခဏာ စ၊ အပြားတို့ဖြင့် သိခြင်း လက္ခဏာ ရှိသည် လည်းကောင်း။ (ဟောတိ။) ဟိ၊ ဥပမာဆောင် ထင်အောင် ပြအံ့။ စတုဗ္ဘိတ္တိ-ကေ၊ ၄-ဘက် နံရံရှိသော။ (၄-ဘက် ကာထားသော။)ဂေဟေ၊ အိမ်၌။ ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ ဒီပေ၊ ဆီမီးကို။ ဇာလိတေ၊ တောက်ပ စေအပ်သော်။ ဝါ၊ ညှိထွန်းအပ်သော်။ [ဇလဓာတ်သည် အကမ္မကဓာတ်ဖြစ်၍ ကံ ရှိသောအခါ ကာရိတ်ဝင်၍ ဇာလဟု ရှိရသည်။] အန္ဓကာရော၊ အမိုက်မှောင်

သည်။ နိရုဇ္ဈတိ ယထာ၊ ချုပ်ပျောက်ရသကဲ့သို့။ [အန္ဓ+ကရောတီတိ အန္ဓကာရော၊ ပကတိမျက်စိကို ကန်းသကဲ့သို့ပြုတတ်သော အမှောင်။] အာလောကော၊ အရောင်သည်။ ပါတုဘဝတိ ယထာ၊ ထင်ရှားဖြစ်သကဲ့သို့။ ဧဝမေဝ။ ပညာ၊ သည်။ ဩဘာသနလက္ခဏာ၊ ရှိ၏။ ပဇ္ဇောဘာသသမော၊ ပညာရောင်နှင့်တူသော။ ဩဘာသော နာမ၊ အရောင်မည်သည်။ နတ္ထိ။ ဟိ၊ မှန်။ ပညဝတော၊ ဝိပဿနာ ပညာရှိသော ပုဂ္ဂိုလ်၏။ ဝါ၊ သည်။ ဧကပလ္လင်္ကေန၊ တခုတည်းသော ထက်ဝယ် တင်ပျဉ်ဖြင့်။ နိသိန္နဿ၊ ထိုင်နေလတ်သော်။ ဒသသဟဿိလောကဓာတု၊ တသောင်းသော လောကဓာတ်သည်။ ဧကာလောကာ၊ တခုတည်းသော အရောင်ရှိသည်။ ဟောတိ။ [ဝိပဿနုပက္ကိလေသ၌လာသော ဩဘာသကို ရည်ရွယ်၍ဆိုသည်။]

တေန ထေရော အာဟ၊ (ကိံ)မဟာရာဇ။ ပုရိသော၊ သည်။ အန္ဓကာရေ၊ အမိုက်မှောင်ဖြစ်သော။ ဂေဟေ၊ ၌။ [အမှောင်၏အမည်ကို အမှောင်ရှိသော အိမ်၌ တင်စားထားသော ဂုဏူပစာတည်း။] တေလပဇ္ဇောတံ၊ ဆီမီးကို။ ပဝေသေယျ၊ သွင်းရာ၏။ ပဝိဋ္ဌော၊ သွင်းအပ်ပြီးသော။ ပဒီပေါ၊ သည်။ အန္ဓကာရံ၊ ကို။ ဝိဓမေတိ ယထာ၊ ဖျက်ဆီးသကဲ့သို့။ ဩဘာသံ၊ အရောင်ကို။ ဇနေတိ ယထာ၊ ဖြစ်စေသကဲ့သို့။ အာလောကံ၊ အလင်းကို။ ဝိဒံသေတိ ယထာ၊ ထင်ရှား ပြသကဲ့သို့။ [''ဒံသ-ဒဿနေ'' ဓာတ်ကျမ်း။] ရူပါနိ စ၊ ရူပါရုံတို့ကိုလည်း။ ပါကဋ္ဌာနိ၊ ထင်ရှားသည်တို့ကို။ ကရောတိ ယထာ၊ ကဲ့သို့။ မဟာရာဇ ဧဝမေဝ။ ပညာ၊ သည်။ ဥပ္ပဇ္ဇမာနာ၊ သော်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမေတိ။ ဝိဇ္ဇောဘာသံ၊ ဝိဇ္ဇာတည်းဟူသော အရောင်ကို။ ဇနေတိ။ ဉာဏာလောကံ၊ ဉာဏ်တည်းဟူသော အရောင်ကို။ ဝိဒံသေတိ၊ ၏။ အရိယသစ္စာနိ၊ တို့ကို။ ပါကဋ္ဌာနိ ကရောတိ။ [နိဂ္ဂုံးဖြစ်၍ ဧဝံ ဟု ရှိစေ။] ဧဝံ၊ ဤသို့လျှင်။ မဟာရာဇ။ ပညာ၊ သည်။ ဩဘာသနလက္ခဏာ၊ ရှိ၏။ ဣတိ၊ သို့။ (အာဟ။)

ပန၊ကား။ (ဩဘာသနလက္ခဏာမှတပါး ပဇာနန လက္ခဏာကား။) ဆေကော၊ ကျွမ်းကျင်သော။ ဘိသက္ကော၊ ဆေးဆရာသည်။ အာတုရာနံ၊ ကျင်နာသူတို့၏။ ဝါ၊ မကျန်းမာသူတို့၏။ ဝါ၊ တို့အား။ သပ္ပာယာသပ္ပာယာနိ၊ လျော်ကပ်ကုန် မလျော်ကပ်ကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဇာနာတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ပညာ ဥပ္ပဇ္ဇမာနာ။ ကုသလာကုသလေ၊ ကုသိုလ် အကုသိုလ် ဖြစ်ကုန်သော။ သေဝိတဗ္ဗာသေဝိတဗ္ဗေ၊ မှီဝဲထိုက်ကုန် မမှီဝဲထိုက်ကုန်သော။ ဟီနပဏီတေ၊ ယုတ်ညံ့ကုန် မွန်မြတ်ကုန်သော။ ကဏှ။ ပ။ ဘာဂေ၊ မည်းညစ်သောတရား ဖြူစင်သောတရား, ထိုတရားတို့နှင့် တူသော အဖို့ရှိကုန် ပတူသောအဖို့ရှိကုန်သော။ ဓမ္မေ၊ တို့ကို။ ပဇာနာတိ။ စ၊ သာ-

ဓေက-ကား။ ဓမ္မသေနာပတိနာပိ၊ သည်လည်း။ ဇတံ၊ ဤစကားကို။ ဝုတ္တံ၊ ပြီ။ (ကိံ။) အာဝုသော၊ ငါ့ရှင် မဟာကောဋ္ဌိက။ (ယသ္မာ၊ ကြောင့်။) ပဇာ- နာတိ၊ အပြားတို့ဖြင့် သိတတ်၏။ ဣတိ ခေါ တသ္မာ၊ ထို့ကြောင့်။ ပညာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကိဥ္စ၊ အဘယ်ကို။ ပဇာနာတိ၊ နည်း။ ဣဒံ၊ ဤတရား သည်။ ဒုက္ခံ၊ တည်း။ ဣတိ ပဇာနာတိ။ ဣတိ၊ ဤသို့ အစရှိသည်ဖြင့်။ ဝိတ္ထာရေတဗ္ဗံ၊ အကျယ်ချဲ့ထိုက်၏။ -[မူလပဏ်၊ စူဠဝေဒလ္လ ဓမ္မကဝဂ်၊ မဟာဝေဒလ္လ သုတ်။] ဇဝံ၊ ဤသို့လျှင်။ အဿာ၊ ထိုပညာ၏။ ပဇာနနလက္ခဏတာ၊ ပဇာနနလက္ခဏာ ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

အပရော နယော(ဇဝံ ဝေဒိတဗ္ဗော)။ ပညာ၊ သည်။ ယထာသဘာဝ ပဋိဝေဓလက္ခဏာ၊ သဘောအားလျော်စွာ ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ [အမှန်ကိုသိခြင်း လက္ခဏာရှိ၏-ဟူလို။ ယထာသဘာဝဖြင့် အမှားအားဖြင့် သိခြင်းကို ကန့်။]ဝါ၊ တနည်း။ ကုသ။ပ။ဝိယ၊ ကျွမ်းကျင်သော လေးသမား သည် ပစ်အပ်သောလေး၏ ထိုးထွင်းခြင်းကဲ့သို့။ (တထာ။) အက္ခလိတပဋိဝေဓ လက္ခဏာ၊ မချွတ်မယွင်း ထိုးထွင်း၍ သိခြင်းလက္ခဏာ ရှိ၏။ ပဒီပေါ၊သည်။ (ဩဘာသတိ)ဝိယ၊ ထွန်းပြသကဲ့သို့။ (တထာ။) ဝိသယောဘာသနရသာ၊ အာရုံကို ထွန်းပြခြင်းကိစ္စရှိ၏။ အရညဂတသုဒေသကော၊ တောသို့ရောက်သော ကောင်းစွာလမ်းညွှန်တတ်သော ယောကျ်ားသည်။ (အမူဋ္ဌော)ဝိယ၊ မတွေဝေ သကဲ့သို့။ ဝါ၊ မျက်စိမလည် သကဲ့သို့။ (တထာ။) အသမ္မောဟပစ္စုပဋ္ဌာနာ၊ သမ္မောဟ၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ယောဂီတို့။ပ။ထင်လာ၏။

(ယော သဘာဝေါ။) မနတိ၊ သိတတ်၏။ ဣတိ၊ ထိုသို့ သိတတ်သည်၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) မနော၊ ၏။ ဝိဇာနာတိ၊ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံ သိတတ်၏။ ဣတိ အတ္ထော၊ ¦နက်။[“မနတိ” အရ သညာသိ ပညာသိကို ယူမည်စိုး၍“ဝိဇာနာတိ”ဟု ဖွင့်သည်၊ ဝိညာဉ်သိ သိသည်-ဟူလို။] ပန၊ ဝါဒန္တရ ကား။ အဋ္ဌကထာစရိယာ၊ ရှေး အဋ္ဌကထာ ဆရာတို့သည်။ အာ-ဟု၊ ကုန်ပြီ။(ကိံ။) နာဠိယာ၊ ကွမ်းစားခွက်ဖြင့်။မိနမာ- နော ဝိယ၊ ချင့်သူကဲ့သို့လည်းကောင်း။ မဟာတုလာယ၊ ကြီးစွာသော ချိန် ခွင်ဖြင့်။[ရှေးက ချိန်ခွင်ကြီးကို“ရာဇူ”ဟု ခေါ်သည်။] ဓာရယမာနော ဝိယ စ၊ နှိုင်းချိန်သကဲ့သို့ လည်းကောင်း။ အာရမ္မဏံ၊ ကို။ [1]မိနာတိ၊ နှိုင်းချိန် တတ်၏။ န ဇာနာတိ၊ မသိတတ်။ ဣဘ်၊ ကြောင့်။ မနော၊ မည်၏။

၁။ မိနာတိ။မ.မနော။ ။မိဓာတ်၏အနက်များစွာတို့တွင် ဤနေရာ၌ မာန (နှိုင်းချင့် ခြင်း) အနက်ကို ဟော၏။ ကိယာဒိဂိဏ်းဖြစ်၍“မိနာတီတိမနော”ဟု ပြု၊ ယုပစ္စည်း ဖြင့် ပြီးစေ။ မိနာတိ၏နောက်၌ ပါဌ်အမျိုးမျိုး ပျက်၍နေ၏၊ ‘‘န ဇာနာတိ’’ဟု ရှိသင့်

ဉာတိ။ အာဟု၊ ကုန်ပြီ။ တဒေဝ၊ ထို မနသည်ပင်။ မနနလက္ခဏော၊သိခြင်း လက္ခဏာ၃်။ ဝါ၊ နှိုင်းချိန်ခြင်း လက္ခဏာ၃်။ ဉာနဒ္ဓံ၊ (သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဉာတိ ဉာဏ်ိယံ။ မနောဝ၊ မနသည်ပင်။ ဉာဏ်ိယံ၊ တည်း။ မနိန္ဒြိယံ၊ ဋ္ဌေ။ တော၊ ဤ မနိန္ဒြိယ-သဒ္ဒါသည်။ ဟေဋ္ဌာ၊ ၌၊ ဝုတ္တစိတ္တဿေဝ၊ဟော တော်မူအပ်ပြီးသော စိတ်၏သာလျှင်။ ဝေဝစနံ၊ ဝေဝုစ်ပရိယာယ်တည်း။

[1]ပိတိသောမနဿသမ္ပယောဂတော၊ သာယာနှစ်သက်တတ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။ ဝါ၊ ပိတိဖြင့် မှတ်သားအပ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။ သောဘနံ၊ တင့်တယ်သော။ မနော၊ စိတ်တည်း။ ဉာတိ၊ ကြောင့်။ သုမနော၊ မည်၏။[(တနည်း)ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သောဘနံ၊ သော။ မနော၊ သည်။ အတ္ထိ။ ဉာဘိ၊ ကြောင့်။ သုမနော[2]၊ မည်၏။] သုမနဿ၊

သည်။ အာရုံကို နှိုင်းချိန်ရုံသာ နှိုင်းချိန်တတ်၏။ ပညာကဲ့သို့ မသိတတ်-ဟူလို။ ရှေး နိဿယ၌''ပဇာနာတိ''ဟု ရှိ၏၊ စဉ်းစားပါ။

၁။ပီတိ။ပ။သောမနဿံ။ ။''ပီတိသောမနဿသမ္ပယောဂတော''ဟူသော ဟိတ်ကို မူလဋီကာဆရာသည် မနှစ်သက်။ အကြောင်းနည်း–''ပီတိ စ+သောမနဿဉ္စ ပီတိ သောမနဿံ''ဟု ဒွန်သမာသ်တွဲ၍ ထို ပီတိသောမနဿ ၂-ပါးစုံနှင့်ယှဉ်ခြင်းကြောင့် စိတ်သည်(တနည်း)ပုဂ္ဂိုလ်သည် သုမနအမည်ရလျှင်''သုမနဿ ဘာဝေါ သောမနဿံ''ဟု ပြုသောအခါ ထို သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ပီတိသောမနဿ ၂-ပါးစုံကို ရဖွယ်ရှိသောကြောင့်တည်း။ အမှန်အားဖြင့်ကား သောမနဿံ အရတွင် ပီတိ မပါဝင်နိုင်။ ထို့ကြောင့် ပီတိနေ့ရာဝယ်''သာတ''သဒ္ဒါကို ယှဉ်စေသင့်သည်-ဟု မိန့်သည်။

အနုဋီကာ။ ။အနုဋီကာဆရာကား-ပီတိနှင့် သောမနဿံကို ဒွန်သမာသ်မတွဲပဲ ''ပီတိယာ+ယုတ္တံ သောမနဿံ ပီတိသောမနဿံ''ဟု မဇ္ဈေလောပီ တပ္ပုရိသ်တွဲ၍ သောမနဿကိုသာ အရကောက်သည်။ထိုသို့ဖြစ်လျှင်''သုမနဿ ဘာဝေါ သောမနဿံ'' ၌လည်း''ပဓာနဖြစ်သော သောမနဿဝေဒနာသာ ရသည်'' ဟု မိန့်၏။ သို့ဖြစ် လျှင် ''ပီတိသောမနဿံ'' ဟု အဘယ့်ကြောင့် ပီတိကို ဒ်ပိုထည့်ထားရပါသနည်း။ ဤသို့မေးဖွယ်ရှိ၏။ အဖြေကား-ပီတိနှင့်ယှဉ်သော သောမနဿက များသောကြောင့် လည်းကောင်း၊ထင်ရှားသောကြောင့်လည်းကောင်း ပီတိကို ထည့်၍ဆိုပါသည်။

ဟနည်း။ ။ပီတိသောမနဿံ၌ ''ပီတိယာ+ဥပလက္ခိတံ သောမနဿံ ပီတိသော- မနဿံ''ဟု ပြု။ ဥပလက္ခဏာနည်းအရ ပီတိဖြင့် မှတ်သားအပ်သော သောမနဿ-ဟူလို။ ဤစကားဖြင့် သပ္ပီတိကသောမနဿကို တိုက်ရိုက်ပြ၍ နိပ္ပီတိကဖြစ်သော စတုတ္ထဈာန– သမ္ပယုတ္တသောမနဿတို့ကို ဥပလက္ခိတဗ္ဗအဖြစ်ဖြင့် ယူရသည်။

၂။သုမနော။ ။စာအုပ်များ၌''သောဘနံ+မနော ယဿာတိ သုမနော''ဟု ဗဟု– ဗ္ဗီဟိသမာသ် တွေ့ရ၏။ ထို ဗဟုဗ္ဗီဟိသမာသ် အရဆိုလျှင် တင့်တယ်သောစိတ်ကို မရ၊

တင့်တယ်သောစိတ်၏။ (ဝါ၊ တင့်တယ်သောစိတ်ရှိသော ပုဂ္ဂိုလ်၏။) ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာတည်း။ သောမနဿံ၊ ဖြစ်ရာ။ သာတလက္ခဏော၊ သာယာ စေတတ်သည်၏အဖြစ် ဟူသော လက္ခဏာဉ်။ ဣန္ဒြိယံ (သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဣတိ ဣန္ဒြိယံ။ သောမနဿမေဝ၊ သည်ပင်။ ဣန္ဒြိယံ၊ တည်း။ သောမနဿိန္ဒြိယံ၊ ဧ္တြ။ တေ၊ ဤ သောမနဿိန္ဒြိယ-သဒ္ဒါသည်။ ဟေဋ္ဌာ၊ ၌။ ဝုတ္တဝေဒနာယ၊ ဟောတော်မူအပ်ပြီးသော ဝေဒနာ၏။ ဝေဝစနံ၊ ဝေဝုစ်ပရိယာယ် စကားလှယ် သဒ္ဒါတည်း။

တေန၊ ထို သဘောတရားဖြင့်။ သမ္ပယုတ္တကာ၊ သမ္ပယုတ် ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ဇီဝန္တိ၊ အသက်ရှင်ကြကုန်၏။ (အသက်ရှည်ကြကုန်၏။) ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏။ အသက်ရှင်ကြောင်း၏ အဖြစ်ကြောင့်။ (တံ၊ ထို သဘောတရားသည်။) ဇီဝိတံ၊ မည်၏ အနုပါလနလက္ခဏော၊ စောင့်ရှောက်ခြင်း လက္ခဏာဉ်။ ဣန္ဒြိယံ၊ မိမိ၏ အစိုးရသည်၏ အဖြစ်ကို။ (သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဣတိ ဣန္ဒြိယံ။ ဇီဝိတမေဝ၊ ဇီဝိတသည်ပင်။ ဣန္ဒြိယံ၊ တည်း။ ဇီဝိ-

---

တင့်တယ်သောစိတ်ရှိသူ ပုဂ္ဂိုလ်ကိုသာ ရ၏။ မဓုဋ္ဌလည်း "ပုဂ္ဂလော သုမနော ဟောတိ" ဟုပင် ဖွင့်၏။ ဤသို့ ပုဂ္ဂိုလ်ရသောနည်းလည်း အခြားနေရာ၌ ရှိပါ၏။ သို့သော် "ပီတိ သောမနဿ သမ္ပယောဂတော" ဟူသော စကားသည် ပုဂ္ဂိုလ်နှင့် မဆိုင်၊ စိတ်နှင့်သာဆိုင်၏။ မူလဋီကာ၌လည်း "ယေန ယောဂါ သုမနော ဟောတိ" ဟု ယှဉ်ဖက်ဖြစ်သော စိတ်ကိုပင် ဆိုထား၏။ [မဓုဋ္ဌ "ပုဂ္ဂလော သုမနော" ဟု ဖွင့်သည်ကိုလည်း စဉ်းစားပါ။] ထို့ကြောင့် "သောဘနံ မနောဘိ သုမနော" ဟု ကမ္မဓာရည်းသမာသ်သာ သင့်မည်ထင်သည်၊ အရကိုလည်း တင့်တယ်သောစိတ်ကို ကောက်ပါ။

ဇီဝန္တိ။ ။နာမ်ဇီဝိတအရာဖြစ်၍ "သမ္ပယုတ္တကာ ဓမ္မာ" ဟု ကတ္တားထည့်၏။ ဤဝစနတ္ထသည် ရုပ်ဇီဝိတနှင့်လည်း ဆိုင်၏။ ထို့ကြောင့် "သဟဇာတ ဓမ္မာ" ဟုလည်း ကတ္တားရှိနိုင်သည်။ ဤ ဇီဝိတကြောင့် သဟဇာတ်တရားတို့သည် ဥပါဒ်မှ ဘင်တိုင်အောင် တည်နိုင်၊ အသက်ရှင်နိုင်ကြ၏။ ရှေးရှေး ဇီဝိတသည် မိမိ၏နောက်၌ အလားတူ သဟဇာတ်တရားတို့ ဖြစ်ဖို့ရန် ကျေးဇူးပြု၏။ ထို ကျေးဇူးပြုမှုသည် တဘဝအတွက် စုတိတိုင်အောင် လည်းကောင်း၊ သတ္တဝါတယောက်အတွက် ပရိနိဗ္ဗာန် စံသည့်တိုင်အောင်လည်းကောင်း ကျေးဇူးပြုလျက် ရှိသည်။ ထို့ကြောင့် ဇီဝိတ ဖြစ်ခိုက် ခဏတ္တယ၌ အသက်ရှင်ဆဲ ကိုယ်ကို ရည်ရွယ်၍ "ဇီဝန္တိ၊ အသက်ရှင်ကြကုန်၏" ဟု လည်းကောင်း၊ နောက်နောက် အဆက်ဆက်ဖြစ်ဖို့ရန် ကျေးဇူးပြုမှုကို ရည်ရွယ်၍ "ဇီဝန္တိ၊ အသက်ရှည်ကြကုန်၏" ဟု လည်းကောင်း ၂-နက် ပေးနိုင်သည်။ [ကြွင်း အဓိပ္ပါယ်များကို သဂြိုဟ်ဘာသာဋီကာ၌ လည်းကောင်း၊ မူလဋီကာနိဿယ၌ လည်းကောင်း ရှုပါ။]

တိန္ဒြိယံ၊ ဇန္ဒြ။ တံ၊ ထို ဇီဝိတိန္ဒြေသည်။ ပဝတ္တသန္တတာဓိပတေယျံ[၁]၊ အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲသည်။ ဟောတိ၊ ၏။

ပန၊ ပဒတ္ထမှ တပါး လက္ခဏာဒျုတ္တကား။* လက္ခဏာဒီဟိ၊ လက္ခဏာ အစရှိသည်တို့ဖြင့်။ (အနုပါလနလက္ခဏံ–စသည်၌ အဘိန္နဝိသေသန စပ်။) ဇီဝိ–တိန္ဒြိယံ၊ သည်။ အတ္တနာ၊ မိမိနှင့်။ အဝိနိဘုတ္တာနံ၊ အသီးအခြား မခွဲအပ်ကုန်သော။ ဓမ္မာနံ၊ တကွဖြစ်ဖက် တရားတို့ကို။ အနုပါလနလက္ခဏံ၊ စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။ တေသံ၊ ထို တကွဖြစ်ဖက် တရားတို့ကို။ ပဝတ္တနရသံ၊ ဥပါဒ်မှ ဘင်တိုင်အောင် ဖြစ်စေခြင်းကိစ္စ ရှိ၏။ တေသံ ယေဝ၊ ထို တကွဖြစ်ဖက် တရားတို့ကိုပင်။ ထပနပစ္စုပဋ္ဌာနံ၊ ဘင်မတိုင်မီ ဖြစ်တည်အောင် ထားတတ်သော တရား ဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ယာပယိတဗ္ဗဓမ္မ–ပဒဋ္ဌာနံ၊ ဥပါဒ်မှစ၍ ဘင်သို့ကျအောင် ရောက်စေထိုက်သော တရားလျှင် နီးစွာသောအကြောင်း ရှိ၏။

စ၊ ဆက်။ အနုပါလနလက္ခဏာဒိမှိ၊ အနုပါလနလက္ခဏာ အစရှိသော။ (အာဒိဖြင့် ပဝတ္တနထပနကို ယူ။) ဝိဓာနေ၊ အစီအရင်သည်။ သန္တေပိ၊ သော်လည်း။ ဥဒကံ၊ ရေသည်။ ဥပ္ပလာဒီနိ၊ ကြာ အစရှိသည်တို့ကို။ (အနုပါလေတိ) ဝိယ၊ စောင့်ရှောက်သကဲ့သို့။ (တထာ။) အတ္ထိက္ခဏေယေဝ၊ အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲ ခဏ၌သာလျှင်။ တံ၊ ဇီဝိတိန္ဒြေသည်။ တေ ဓမ္မေ၊ ထို တကွဖြစ်ဖက် တရားတို့ကို။ အနုပါလေတိ၊ စောင့်ရှောက်၏။ စ၊ သည်သာ မက သေး။ ဓာတိ၊ အထိန်းသည်။ ကုမာရံ၊ သတို့သားကို။ (ပါလေတိ) ဝိယ၊ ကဲ့သို့။ (တထာ။) ယထာသကံ ပစ္စယုပ္ပန္နေပိ၊ အကြင်အကြင် မိမိဥစ္စာ ဟူသော အကြောင်းကြောင့် ဖြစ်ရသည်လည်း ဖြစ်ကုန်သော။ ဓမ္မေ၊ တကွဖြစ်ဖက် တရားတို့ကို။ ပါလေတိ၊ ၏။ စ၊ သည်သာ မကသေး။ နိယာမကော၊ လှေသူကြီးသည်။ (သယံပဝတ္တိတနာဝါသမ္ဗန္ဓေန၊ မိမိသည် ဖြစ်စေအပ်သော လှေနှင့် စပ်သဖြင့်။ ပဝတ္တတိ) ဝိယ၊ ဖြစ်တည်နိုင်သကဲ့သို့။ (တထာ။) သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝ၊ မိမိသည် ဖြစ်စေအပ်သော တရားနှင့် စပ်သဖြင့်သာလျှင်။ ပဝတ္တတိ၊ ဖြစ်တည်နိုင်၏။ [ဤတိုင်အောင် အနုပါလနလက္ခဏာကို ထင်စွာပြသော စကားတည်း။]

၁။ ပဝတ္တသန္တတာဓိပတေယျံ။ ။ပဝတ္တတိ၊ အဆက်မပြတ် ဖြစ်တတ်၏။ ဣတိ၊ ကြောင့်၊ ပဝတ္တံ၊ မည်၏။ အဆက်မပြတ် ဖြစ်၍နေသော ခန္ဓာအစဉ်တည်း။ ပဝတ္တံ စ+တံ+သန္တတိစာတိ ပဝတ္တသန္တတိ၊ အဓိပတိမေဝ အာဓိပတေယျံ၊ သွတ္ထ၌ ဏေယျပစ္စည်းသက်။ ပဝတ္တသန္တတိယာ+အာဓိပတေယျံ ပဝတ္တသန္တတာဓိပတေယျံ။ [ပဝတ္တသန္တတာဓိပတေယျန္တိ ပဝတ္တသဉ္ဇာတာယ သန္တတိယာ အဓိပတိဘူတံ။–ဋီကာ။]

[လက္ခဏမှတပါး ရသကိုပြလို၍ "နဘင်္ဂတော"စသည် မိန့်။] ဘင်္ဂတော၊ ဘင်ခဏမှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်၌။ န ပဝတ္တယတိ၊ သဟဇာတ် တရားတို့ကို မဖြစ်စေနိုင်။ (ကသ္မာ၊ နည်း။) အတ္တနော စ၊ မိမိဟူသော ဇီဝိတိန္ဒြေ၏ လည်းကောင်း။ ပဝတ္တယိတဗ္ဗာနံ စ၊ ဖြစ်စေထိုက်သော သဟ ဇာတ် တရားတို့၏လည်းကောင်း။ အဘာဝေါ၊ မရှိတော့ခြင်းကြောင့်တည်း။ [ရသမှတပါး ပစ္စုပဋ္ဌာန်ကို ပြလို၍ နဘင်္ဂက္ခဏေ စသည်မိန့်။] ဘင်္ဂက္ခဏေ၊ ၌။ န ထပေတိ၊သဟဇာတ်တရားတို့ကို တည်တံ့အောင် မထားနိုင်။ (ကသ္မာ။) သယံ၊ မိမိဟူသော ဇီဝိတိန္ဒြေက။ ဘိဇ္ဇမာနတ္တာ၊ ပျက်ဆဲ၏ အဖြစ်ကြောင့် တည်း။ (ကော ဝိယ၊ အဘယ်ကဲ့သို့နည်း။) ခီယမာနော၊ ကုန်ခန်းဆဲ ဖြစ် သော။ ဝဋ္ဋိသိနေဟော၊ မီးစာ ဆီသည်။ ဒီပသိခံ၊ ဆီမီးလျှံကို။ (န ထပေတိ) ဝိယ၊ တည်တံ့အောင် မထားနိုင်သကဲ့သို့တည်း။

စ၊ ထိုသို့ပင် ဖြစ်ပါသော်လည်း။ (အတ္တိခဏ၌ စောင့်ရှောက်နိုင်၊ ဘင် ခဏမှ အထက်၌ မဖြစ်စေနိုင်၊ ဘင်ခဏ၌ တည်တံ့အောင် မထားနိုင်ပါသော် လည်း။) အနုပါလန။ပ။ ဝိရဟိတံ၊ စောင့်ရှောက်နိုင်ခြင်းဟူသော အာနုဘော်၊ ဖြစ်စေနိုင်ခြင်း ဟူသော အာနုဘော်၊ တည်တံ့အောင် ထားနိုင်ခြင်း ဟူသော အာနုဘော်မှကင်းသည်။ န (ဟောတိ)၊ မဖြစ်။ (ကသ္မာ။) ယထာဝုတ္တက္ခဏေ၊ အကြင်အကြင် ဆိုအပ်ပြီးသော ခဏ၌။ (အတ္တိခဏ-စသည်၌။) တဿ တဿ၊ ထိုထိုကိစ္စကို။ (စောင့်ရှောက်ခြင်း, ဖြစ်တည်စေခြင်း, ထားခြင်း ကိစ္စကို။) သာဓနတော၊ ပြီးစေနိုင်ခြင်းကြောင့်တည်း။ ဣတိ ဒဋ္ဌဗ္ဗံ။

မဂ္ဂင်ရာသိအဖွင့်

[ဈာနင်္ဂရာသိကို ဖွင့်ပြပြီး၍ မဂ္ဂင်ရာသိကို ဖွင့်ပြလိုသောကြောင့်"သမ္မာဒိဋ္ဌိ အာဒီသု" စသည်မိန့်။]

သမ္မာဒိဋ္ဌိ အာဒီသု၊ သမ္မာဒိဋ္ဌိ အစရှိသော ပုဒ်တို့၌။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော။) ဒဿနဋ္ဌေန၊ မြင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ သမ္မာဒိဋ္ဌိ၊ မည်၏။ [ဒဿနဋ္ဌ ဘာဝပ္ပဓာနကြံ၊ နောက်၌လည်း နည်းတူ။] အဘိနိရောပနဋ္ဌေန၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်တတ်သည်၏ အဖြစ် ဟူသော အနက်ကြောင့်။ သမ္မာသင်္ကပ္ပေါ၊ မည်၏။ ပရိဂ္ဂဟဏဋ္ဌေန၊ သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သည်၏ အဖြစ် ဟူသော အနက်ကြောင့်။ သမ္မာဝါယာမော၊ မည်၏။ ဥပဋ္ဌာနဋ္ဌေန၊ အာရုံ၌ ကပ်၍ တည်တတ်သည်၏ အဖြစ် ဟူသော အနက်ကြောင့်။ သမ္မာသတိ၊ မည်၏။ အဝိက္ခေပဋ္ဌေန-

ပိဋကွေပ၏ ဆန့်ကျင်ဘက်၏အဖြစ် ဟူသော အနက်ကြောင့်။ သမ္မာသမာဓိ၊ မည်၏။ ဣတိ။ ဝေဒိတဗ္ဗော၊ ၏။

ပန၊ သဘာဝတ္ထမှတပါး ဝစနတ္ထကား။ ဝစနတ္ထတော၊ အားဖြင့်။ [ယောဇနာ၌ "ဝစနတ္ထော"ဟု ရှိ၏။ "ဝစနတ္ထော၊ ကို။ ဧဝံ ဝေဒိတဗ္ဗော"ဟု ပေးပါ။] (ယာ ဓမ္မဇာတိ။) [1]သမ္မာ၊ ကောင်းစွာ။ ဝါ၊ မဖောက်မပြန်။ ပဿတိ၊ မြင်တတ်၏။ (ဣတိ၊ ထိုသို့ ကောင်းစွာမြင်တတ်သည်၏ အဖြစ်ကြောင့်။ သာ ဓမ္မဇာတိ။ သမ္မာဒိဋ္ဌိ၊ ၏။) ဝါ၊ တနည်း။ တာယ၊ ထို သဘော တရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) သမ္မာ၊ စွာ။ ပဿန္တိ၊ မြင်တတ် ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ ကောင်းစွာ မြင်ကြောင်း၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) သမ္မာဒိဋ္ဌိ၊ မည်၏။ (ယော သဘာဝေါ) သမ္မာ။ သင်္ကပ္ပေတိ၊ ကြံတတ်၏။ (ဣတိ၊ ထိုသို့ ကောင်းစွာ ကြံတတ် သည်၏ အဖြစ်ကြောင့်။ သော သဘာဝေါ၊ သည်။ သမ္မာသင်္ကပ္ပေါ၊ မည် ၏။) ဝါ၊ တနည်း။ တေန၊ ထို သဘောတရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) သမ္မာ၊ စွာ။ သင်္ကပ္ပေန္တိ၊ ကြံတတ်ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်

---

[1]။ သမ္မာ ပဿတိ။ ။သမ္မာတိ အဝိပရီတနိယျာနိကဘာဝေန။—ဋီကာ။ မဓု၌ သမ္မာ၏ သုဋ္ဌု (ကောင်းစွာ) အနက်ကို မနှစ်သက် သော်လည်း သမ္မာကို "ကောင်း" ဟုသာ အနက်ပေးပါ။ ဘာ့ကြောင့် "ကောင်းသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "အဝိပရီတနိယျာနိကဘာဝေန"ဟု ဋီကာဖွင့်သည်။ "မဖောက်မပြန်သောကြောင့် လည်းကောင်း၊ ဒုဂ္ဂတိဘဝ ကာမဘဝ ဝဋ္ဋဒုက္ခတို့မှ ထွက်မြောက် တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ကောင်းသည်—ဟူလို။ ကာမာဝစရမဂ္ဂင်သည် ဒုဂ္ဂတိ ဘဝမှ ထွက်မြောက်တတ်၏။ မဟဂ္ဂုတ်မဂ္ဂင်သည် ကာမဘဝမှ ထွက်မြောက်တတ် ၏၊ လောကုတ္တရာမဂ္ဂင်သည် ဝဋ္ဋဒုက္ခမှ ထွက်မြောက်တတ်၏။ ဤကား မိမိ၏အယူ တည်း။

အနုဋီကာ။ ။အနုဋီကာ၌မူ "အဝိပရီတတ္တော ဟိ သမ္မာသဒ္ဒေါ"ဟု လည်း ကောင်း၊ "အဝိပရီတနိယျာနိကတ္တော ဝေ ဝါ သမ္မာသဒ္ဒေါ"ဟု လည်းကောင်း ဖွင့်၏။ ဒိဋ္ဌိ စသည်နှင့်လည်း သမာနာဓိကရဏ (တုလျာဓိကရဏ)ဟု ဖွင့်၏။ ထိုအလို "သမ္မာ၊ မဖောက်မပြန်သော။ ဝါ၊ ဒုဂ္ဂတိဘဝ, ကာမဘဝ, ဝဋ္ဋဒုက္ခမှ ထွက်မြောက်တတ်သော။ ဒိဋ္ဌိ၊ ဒိဋ္ဌိတည်း"ဟု အနက်ပေးစေလိုသည်။ ဒိဋ္ဌိနှင့် စပ် ခိုက် သမ္မာကို တုလျာဓိကရဏအနက် ပေးနိုင်ပါ၏။ ပဿတိ၌စပ်ခိုက် "သမ္မာ- စွာ"ဟု ကြိယာဝိသေသနသာ ပေးလို့ဖြစ်ပါသည်။ ထိုအဖွင့်သည် ပသတ္ထတာ၌ "ပသတ္ထတာ စ ဝေမေဝ ဒဋ္ဌဗ္ဗာ"ဟူသော ဋီကာစကားနှင့် ညီမည် မထင်ပါ။ ထို၌ "သမ္မာ၊ (အဝိပရီတ နိယျာနိက၏ အဖြစ်ကြောင့်) ချီးမွမ်းအပ်စွာ"ဟုသာ ပေးနိုင်ပါသည်။ [ဧဝမေဝါတိ—အဝိပရီတနိယျာနိကဘာဝေန။—မဓု။]

တရားတို့၏ ကောင်းစွာကြံကြောင်း၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) သမ္မာသင်္ကပ္ပေါ၊ မည်၏။ (ယော သဘာဝေါ) သမ္မာ။ ဝါယမတိ၊အားထုတ်တတ်၏။ (တနည်း)ဝါယာမေဇာတိ၊ လုံ့လကိုပြုတတ်၏။(ဣတိ၊ ထိုသို့ ကောင်းစွာ အားထုတ်တတ်သည်၏ အဖြစ်ကြောင့်။ သော သဘာဝေါ။ သမ္မာဝါယာ- မော၊ မည်၏။) [စာအုပ်များ၌ "ဝါယာမေတိ"ဟု တွေ့ရ၏။ ဝိ+အာပုဗ္ဗ၊ ယမုဓာတ်၊ ဘူဝါဒိဂိုဏ်းဖြစ်၍ "ဝါယမတိ"ဟု သာ ရှိသင့်၏။ တနည်း- "ဝါယာမံ"ဟူသော ဒုတိယန္တနာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဏ-ပစ္စည်း သက်၍ "နာမဓာတ်"ဟု သော်လည်းကြံပါ။] ဝါ၊ တနည်း။ တေန၊ ဖြင့်။ (သမ္ပယုတ္တ ဓမ္မာ) သမ္မာ။ ဝါယမန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ ကောင်းစွာ အားထုတ်ကြောင်း၏ အဖြစ်ကြောင့်။(သော သဘာဝေါ။) သမ္မာဝါယာမော၊ မည်၏။ (ယာ ဓမ္မဇာတိ) သမ္မာ။ သရတိ၊ အမှတ်ရတတ်၏။(ဣတိ၊ထိုသို့ ကောင်းစွာအမှတ်ရတတ်သည်၏ အဖြစ်ကြောင့်။ သာ ဓမ္မဇာတိ။ သမ္မာသတိ၊ မည်၏။ ဝါ၊ တနည်း။ တာယ၊ဖြင့်။ (သမ္ပယုတ္တ ဓမ္မာ) သမ္မာ။ သရန္တိ၊ အမှတ်ရတတ်ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရား တို့၏ ကောင်းစွာ အမှတ်ရကြောင်း၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) သမ္မာသတိ၊ မည်၏။ (ယော သဘာဝေါ) သမ္မာ။ သမာဓိယတိ၊ အာရုံ၌ ကောင်းစွာတည်တတ်၏။ (ဣတိ၊ ထိုသို့ အာရုံ၌ကောင်းစွာ တည်တတ်သည်၏ အဖြစ်ကြောင့်။ သော သဘာဝေါ။ သမ္မာသမာဓိ၊ မည်၏။) ဝါ၊ တနည်း။ တေန၊ ဖြင့်။ (သမ္ပယုတ္တဓမ္မာ) သမ္မာ။ သမာဓိယန္တိ၊ ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ အာရုံ၌ ကောင်းစွာတည်ကြောင်း၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) သမ္မာသမာဓိ၊ မည်၏။

အပိစ၊ တနည်းကား။ ပသတ္ထာ၊ ချီးမွမ်းအပ်သော။ (ဒိဋ္ဌိ၊ ဒိဋ္ဌိတည်း။ သမ္မာဒိဋ္ဌိ၊ ချီးမွမ်းအပ်သော ဒိဋ္ဌိ။) ဝါ၊ တနည်း။ သုန္ဒရာ၊ ကောင်းသော။ ဒိဋ္ဌိ၊ တည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းသော ဒိဋ္ဌိ။ ဣတိ ဣမိနာပိ နယေန၊ ဤနည်းအား ဖြင့်လည်း။ တေသံ၊ ထို သမ္မာဒိဋ္ဌိ အစရှိသောပုဒ်တို့၏။ ဝစနတ္ထော၊ ကို။ ဝေဒိ- တဗ္ဗော။ [ပသတ္ထဖြစ်ခြင်း၏ အကြောင်းမှာ ပြခဲ့သော အဝိပရိတ နိယျာနိက ပင်တည်း။]ပန၊ပစ္စက္ခသံဝဏ္ဏနာမှတပါးအတိဒေသသံဝဏ္ဏနာကား။လက္ခဏာ- ဒီနိ၊ တို့ကို။ ဟေဋ္ဌာ၊ ၌။ ဝုတ္တာနေဝ၊ သည်သာ။[ဝိတက် စသည်တို့၌ ဆိုခဲ့ပြီ- ဟူလို။]

ဗလရာသိအဖွင့်

[မဂ္ဂရာသိကို ဖွင့်ပြပြီး၍ ဗလရာသိကို ဖွင့်ပြလိုသောကြောင့် "သဒ္ဓါဗလာဒီသုပိ" စသည် မိန့်။]

သဒ္ဓါဗလာဒီသုပိ၊ သဒ္ဓါဗလံ–အစရှိသော ပုဒ်တို့၌လည်း။ သဒ္ဓါဒီနိ၊ သဒ္ဓါ အစရှိသော ပုဒ်တို့သည်။ ဝုတ္တတ္ထာနေဝ၊ ဆိုအပ်ပြီးသော အနက်ရှိကုန်သည်သာ။ [သဒ္ဓိန္ဒြေ စသည်၌ ဆိုခဲ့ပြီ·ဟူလို။] ပန၊ အတိဒေသ သံဝဏ္ဏနာမှ တပါး ပစ္စက္ခသံဝဏ္ဏနာကား။ အကမ္ပိယဋ္ဌေန၊ တုန်လှုပ်ခြင်း မရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ဗလံ၊ ဗလမည်၏။ ဣတိ။ ဝေဒိတဗ္ဗံ၊ ၏။ ဧဝံ၊ ဤသို့လျှင်။ ဧတေသု၊ ဤ ဗိုလ် ၇-ပါးတို့တွင်။ အဿဒ္ဓိယေ၊ သဒ္ဓါ၊ ရှိသူ၏ဖြစ်ကြောင်း အကုသိုလ် စိတ္တုပ္ပာဒ်ကြောင့်။ ဝါ၊ မိစ္ဆာဓိမောက္ခကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိ၊ ကြောင့်။ သဒ္ဓါဗလံ၊ သဒ္ဓါဗလ မည်၏။ ကောသဇ္ဇေ၊ ပျင်းရိသူ၏ဖြစ်ကြောင်းအကုသိုလ် စိတ္တုပ္ပာဒ်ကြောင့်။ န ကမ္ပတိ။ ဣတိ။ ဝီရိယဗလံ၊ မည်၏။ မုဋ္ဌဿစ္စေ၊ ပျောက်ကင်းသော သတိရှိသူ၏ဖြစ်ကြောင်း အကုသိုလ်စိတ္တုပ္ပာဒ်ကြောင့်။ န ကမ္ပတိ၊ ဣတိ။ သတိဗလံ၊ မည်၏။ ဥဒ္ဓစ္စေ၊ ဥဒ္ဓစ္စကြောင့်။ န ကမ္ပတိ၊ ဣတိ။ သမာဓိဗလံ၊ မည်၏။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကြောင့်။ န ကမ္ပတိ၊ ဣတိ။ ပညာဗလံ၊ မည်၏။ အဟိရိကေ၊ အဟိရိက ကြောင့်။ န ကမ္ပတိ၊ ဣတိ။ ဟိရိဗလံ၊ မည်၏။ အနောတ္တပ္ပေ၊ ကြောင့်။ န ကမ္ပတိ၊ ဣတိ။ ဩတ္တပ္ပဗလံ၊ မည်၏။ ဣတိ၊ ဤသို့။ အယံ၊ ဤ အနက်ဖွင့်သည်။ ဥဘယပဒဝသေန၊ သဒ္ဓါပုဒ် ဗလပုဒ် အစရှိသော နှစ်ပုဒ်တို့၏ အစွမ်းဖြင့်။ အတ္ထဝဏ္ဏနာ၊ အနက်အဖွင့်သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထို ဗိုလ် ၇-ပါးတို့တွင်။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ပဉ္စ၊ ၅–ပါးသော ဗိုလ်တို့ကို။ ဟေဋ္ဌာ၊ ၌။ လက္ခဏာဒီဟိ၊ တို့ဖြင့်။ ပကာသိတာနေဝ၊ ထင်ရှား ပြအပ်ကုန်ပြီးသည်သာ။ [ဤပုဒ်တို့၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း ဗလအဖွင့်၌ ပြထားပြီ။]

ပစ္ဆိမဒ္ဒယေ၊ နောက်ဖြစ်သော ဟိရီ ဩတ္တပ္ပ–ဗိုလ် နှစ်ပါးအပေါင်း၌။ (ဝစနတ္ထလက္ခဏာဒီနိ၊ တို့ကို။ ဧဝံ ဝေဒိတဗ္ဗာနိ။ ယာ ဓမ္မဇာတိ။)ကာယ–ဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့ကို။ ဝါ၊ တို့ကြောင့်။ [နောက်၌ အဋ္ဌကထာဝယ် "ဥပယောဂတ္ထေ ကရဏဝစနံ" ဟု လည်းကောင်း၊ ဋီကာဝယ် "ဟေတုအတ္ထေ ကရဏဝစနံ" ဟု လည်းကောင်း ဖွင့်လတ္တံ့။]ဟိရိယတိ၊ ရှက်တတ်၏။ ဣတိ၊ ထိုသို့ ကာယဒုစရိုက်စသည်တို့ကို ရှက်တတ်သည်၏အဖြစ်ကြောင့်။(သာ ဓမ္မဇာတိ။) ဟိရီ၊ မည်၏။ ဧတံ၊ ဤ ဟိရီ ဟူသောအမည်

သည်။ လဇ္ဇာယ၊ ကာယဒုစရိုက် စသည်တို့ကို ရှက်ခြင်း သဘောတရား၏။ အဓိဝစနံ၊ တည်း။ (ယံ ဓမ္မဇာတံ။) တေဟိ ဧဝ၊ ထို ကာယဒုစရိုက် စသည်တို့ကြောင့်ပင်။ (ဤ၌ကား ဟိဖ်အနက်သာ ဖွင့်လတ္တံ့။) ဩတ္တပ္ပတိ၊ ထိတ်လန့်တတ်၏။ ဣတိ၊ ထိုသို့ ကာယဒုစရိုက် စသည်တို့ကြောင့် ထိတ်လန့်တတ်သည်၏ အဖြစ်ကြောင့်။ (တံ ဓမ္မဇာတံ။) ဩတ္တပ္ပံ၊ မည်၏။ တံ၊ ဤ ဩတ္တပ္ပ ဟူသော အမည်သည်။ ပါပတော၊ မကောင်းသော ဒုစရိုက်ကြောင့်။ ဥဗ္ဗေဂဿ၊ ထိတ်လန့်ခြင်း သဘောတရား၏။ အဓိဝစနံ၊ တည်း။ တေသံ၊ ထို ဟိရီ ဩတ္တပ္ပ နှစ်ပါးတို့၏။ နာနာကရဏဒီပနတ္ထံ၊ အသီးအခြားပြုကြောင်း အထူးကို ပြခြင်း အကျိုးငှာ။ လဇ္ဇာဘယလက္ခဏေန၊ လဇ္ဇာ ဘယလက္ခဏာနှင့်။ (သဒ္ဒိံ။) သမုဋ္ဌာနံ စ၊ သမုဋ္ဌာန်လည်းကောင်း။ အဓိပတိ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမံ မာတိကံ၊ ကို။ ဌပေတွာ၊ ထား၍။ အယံ ဝိတ္ထာရကထာ၊ ဤ အကျယ်ဖြစ်သော စကားကို။ ဝုတ္တာ၊ ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ။ (ကိံ။)

ဟိရိ နာမ၊ ဟိရီမည်သည်။ အဇ္ဈတ္တသမုဋ္ဌာနာ၊ မိမိ ခန္ဓာကိုယ် ဟူသော နိယကဇ္ဈတ္တလျှင် ဖြစ်ကြောင်းရှိ၏။ [နိယကဇ္ဈတ္တံ + ဇာတိအာဒိသမုဋ္ဌာနံ ဧတိ-ဿာတိ အဇ္ဈတ္တသမုဋ္ဌာနာ။-ဋီကာ။] ဩတ္တပ္ပံ နာမ၊ မည်သည်။ ဗဟိဒ္ဓာ သမုဋ္ဌာ-နံ၊ ပဟိဒ္ဓဟူသော ဖြစ်ကြောင်းရှိ၏။ ဟိရီ နာမ၊ မည်သည်။ အတ္တာဓိပတိ၊ မိမိ ဟူသော အကြီးအကဲရှိ၏။ ဩတ္တပ္ပံ နာမ၊ မည်သည်။ လောကာဓိပတိ၊ လောက ဟူသော အကြီးအကဲရှိ၏။ ဟိရီ နာမ၊ မည်သည်။ လဇ္ဇာသဘာဝသဏ္ဌိတာ၊ ရှက်ခြင်းသဘောအားဖြင့် ကောင်းစွာတည်၏။ ဩတ္တပ္ပံ နာမ၊ မည်သည်။ ဘယသဘာဝသဏ္ဌိတံ၊ ကြောက်ခြင်းသဘောအားဖြင့် ကောင်းစွာတည်၏။ ဟိရီ နာမ၊ မည်သည်။ သပ္ပတိဿဝလက္ခဏာ၊ ရှေးရှု နားထောင်ခြင်းနှင့် တကွ ဖြစ်သော ဂါရဝတရားလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ [သဟ + ပတိဿဝေန သပ္ပတိဿဝံ၊ ပတိဿဝ ဘူတံ တံသဘာဂဥ္စ ယံကိဉ္စိ ဂါရဝန္တိ အတ္ထော။-ဋီကာ။] ဩတ္တပ္ပံ နာမ၊ မည်သည်။ ဝဇ္ဇဘီရုကဘယဒဿာဝိ[၁] လက္ခဏံ၊ အပြစ်ကို ကြောက်တတ်သူ၏အဖြစ်,အပြစ်ကို ဘေးဟု ရှုလေ့ရှိသူ၏ အဖြစ်ဟူသော လက္ခဏာရှိ၏။

၁။ ဝဇ္ဇဘီရုကဘယဒဿာဝိ။ ။ဘာယတိ၊ ကြောက်တတ်၏။ ဣတိ ဘီရုကော။ [ဘီဓာတ်-ရုပစ္စည်း၊ သွင်္ဂြိုဟ် က-ပစ္စည်းသက်။ တနည်း—ဘီဓာတ်-ဏုကပစ္စည်း၊ရ်-လာ။] ဝဇ္ဇံ+ဘီရုကော ဝဇ္ဇဘီရုကော၊ဘယတော+ပဿတီတိ ဘယဒဿာဝီ။ [ဒိသ-ဓာတ်-အာဝီပစ္စည်း။] ဝဇ္ဇဘီရုကော စ+သော+ဘယဒဿာဝီစာတိ ဝဇ္ဇဘီရုကဘယ ဒဿာဝီ။ [ဝဇ္ဇံ ဘာယတိ၊ တဉ္စ ဘယတော ပဿတီတိ ဝဇ္ဇဘီရုကဘယဒဿာဝီ။—ဋီကာ။ဤဋီကာ၌ တဿီလအနက် မဖွင့်။]

တတ္ထ၊ ဤ ဟိရိ ဩတ္တပ္ပ ၂-ပါးတို့တွင်။ အဇ္ဈတ္တသမုဋ္ဌာနံ၊ မိမိခန္ဓာ ကိုယ် ဟူသော နိယကဇ္ဈတ္တလျှင် ဖြစ်ကြောင်းရှိသော။ ဟိရိ ၊ ကို။ဧတုပ်၊ ကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ [လေးပါးသရုပ်ကို ဇာတိ ပစ္စဝေက္ခိတွာ-စသည်ဖြင့် ပြသည်။ ဇာတိ ၊အမျိုး ဇာတ်ကို။ ပစ္စဝေက္ခိတွာ၊ဆင်ခြင်၍လည်းကောင်း။ ဝယံ၊အရွယ်ကို။ပစ္စဝေက္ခိ-တွာ၊ ၍လည်းကောင်း။ သူရဘာဝံ၊ ရဲရင့်သူ၏အဖြစ်ကို။ ပစ္စဝေက္ခိတွာ၊ ၍လည်းကောင်း။ ဗာဟုသစ္စံ၊ များသောသုတရှိသူ၏အဖြစ်ကို။ ပစ္စဝေက္ခိ-တွာ၊ ၍လည်းကောင်း။(သမုဋ္ဌာပေတိ။) ကထံ၊ အဘယ်သို့ ဖြစ်စေသနည်း။ တေံ ပါပကရဏံ နာမ၊ ဤ(ငါးဖမ်းခြင်းအစရှိသော)မကောင်းမှုကို ပြုခြင်း မည်သည်။ ဇာတိသမ္ပန္နာနံ၊ အမျိုးဇာတ်နှင့်ပြည့်စုံသူတို့၏။ န ကမ္မံ၊ အလုပ် မဟုတ်။ ဣဒံ၊ ဤ(ငါးဖမ်းခြင်း အစရှိသော) အလုပ်သည်။ ဟီနဇစ္စာနံ၊ ယုတ်ညံ့သောဇာတ် ရှိကုန်သော။ ကေဝဋ္ဋာဒီနံ၊ တံငါသည် အစရှိသူတို့၏။ ကမ္မံ၊ အလုပ်တည်း။ မာဒိသဿ၊ ငါကဲ့သို့ ရှုအပ်သော။ ဇာတိသမ္ပန္နဿ၊ ဇာတ်နှင့်ပြည့်စုံသူအား။ ဝါ၊ ၏။ ဣဒံ ကမ္မံ၊ ဤအလုပ်သည်။ ဝါ၊ ကို။ ကာတုံ၊ ပြုခြင်းငှာ။ န ယုတ္တံ၊ မသင့်။ ဣတိ ဧဝံ၊ သို့။ ဇာတ၀၊ ဝယ-စသည်တို့မှ ရှေးဦးစွာ။ ဇာတိ ၊ ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပါဏာတိ-ပါတာဒိပါပံ၊ ပါဏာတိပါတ-အစရှိသော မကောင်းမှုကို။ အကရောန္တော၊ မပြုပဲ။ ဟိရိ ၊ ဟိရိကို။ သမုဋ္ဌာပေတိ။

တထာ၊ ထိုမှတပါး။(ဇာတိ ပစ္စဝေက္ခဏာမှတပါး ဝယပစ္စဝေက္ခဏာ ကား။) တေံ ပါပကရဏံ နာမ၊ မည်သည်။ ဒဟရေဟိ၊ ငယ်ရွယ်သူတို့သည်။ ကတ္တဗ္ဗံ၊ ပြုထိုက်သော။ ကမ္မံ၊ အလုပ်တည်း ။ မာဒိသဿ၊ သော။ ဝယေ၊ ကြီးရင့်သောအရွယ်၌။ ဌိတဿ၊ တည်သူအား။ ဝါ၊ ၏။ ဣဒံ ကမ္မံ ကာတုံ န ယုတ္တံ။ ဣတိ ဧဝံ၊ သို့။ ဝယံ ပစ္စဝေက္ခိတွာ။ပ။သမုဋ္ဌာပေတိ။ တထာ၊ ထိုမှ တပါး။ (ဝယ ပစ္စဝေက္ခဏာမှတပါး သူရဘာဝ ပစ္စဝေက္ခဏာကား။) တေံ ပါပကရဏံ နာမ၊ မည်သည်။[စာအုပ်များ၌ ပါပကမ္မံ နာမ ဟု ရှိ၏။"ပါပ ကရဏံ နာမ"ဟု ရှိမှ ရှေ့နောက် ညီသည်။] ဒုဗ္ဗလဇာတိကာနံ၊ အားမရှိသူ ၏အဖြစ်ဟူသော သဘောရှိသူတို့၏။ (အားနည်းသူတို့၏။)ကမ္မံ၊အလုပ်တည်း။ သူရဘာဝ ါနံ၊ ရဲရင့်သူ၏အဖြစ် ရှိသူတို့၏။ ဝါ၊ သူရဲဘောကောင်းတို့၏။ န (ကမ္မံ)၊ အလုပ်မဟုတ်။ မာဒိသဿ၊ သော။ သူရဘာဝသမ္ပန္နဿ၊ ရဲရင့်သူ၏ အဖြစ်ဟူသော သတ္တိနှင့်ပြည့်စုံသူ၏။ (သူရဲဘောကောင်းသူ၏။) ဣဒံ ကမ္မံ ကာတုံ န ယုတ္တံ။ ဣတိ ဧဝံ၊ သို့။ သူရဘာဝံ၊ ရဲရင့်သူ၏ အဖြစ်ကို။ ဝါ၊ သူရဲ ဘောကောင်းခြင်းကို။ ပစ္စဝေက္ခိတွာ။ပ။သမုဋ္ဌာပေတိ။

တထာ၊ ထိုမှ တပါး။ (သူရဘာဝပစ္စဝေက္ခဏာမှတပါး ဗာဟုသစ္စပစ္စ-ဝေက္ခဏာကား။) ဧတံ ပါပကရဏံ နာမ၊ မည်သည်။ အန္ဓဗာလာနံ၊ ကန်းမိုက်သူတို့၏။ ကမ္မံ၊ တည်း။ ပဏ္ဍိတာနံ၊ ပညာရှိ သူတော်ကောင်းတို့၏။ န (ကမ္မံ)။ မာဒိသဿ၊ သော။ ပဏ္ဍိတဿ၊ ပညာရှိဖြစ်သော။ ဗဟုဿုတဿ၊ များသော သုတရှိသူ၏။ ဣဒံ။ပ။န ယုတ္တံ။ ဣတိ ဧဝံ၊ သို့။ ဗာဟုသစ္စံ ပစ္စဝေက္ခိတွာ။ပ။သမုဋ္ဌာပေတိ။ ဧဝံ၊ ဤသို့လျှင်။ အဇ္ဈတ္တသမုဋ္ဌာနံ၊ သော။ ဟိရိံ၊ ကို။ စတူဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ကြောင့်။ သမုဋ္ဌာပေတိ၊ ၏။ စ ပန၊ ထပ်၍ဆက်ဦးအံ့။သမုဋ္ဌာပေတွာ၊ ဖြစ်စေပြီး၍။ အတ္တနော၊ ၏။ စိတ္တေ၊ ၌။ ဟိရိံ၊ ကို။ ပဝေသေတွာ၊ သွင်း၍။ ပါပကမ္မံ၊ မကောင်းမှုကို။ န ကရောတိ၊ မပြု။ ဧဝံ၊ ဤသို့လျှင်။ ဟိရိ နာမ၊ မည်သည်။ အဇ္ဈတ္တသမုဋ္ဌာနာ၊ သည်။ ဟောတိ။

ကထံ၊ အဘယ်သို့လျှင်။ ဩတ္တပ္ပံ နာမ၊ မည်သည်။ ဗဟိဒ္ဓသမုဋ္ဌာနံ၊ ဗဟိဒ္ဓဟူသော ဖြစ်ကြောင်းရှိသည်။ (ဟောတိ၊ နည်း။) တွံ၊ သည်။ ပါပကမ္မံ၊ ကို။ သစေ ကရိဿသိ၊ အကယ်၍ ပြုအံ့။ (ဧဝံ သတိ။) စတူသု၊ ကုန်သော။ ပရိသာသု၊ တို့၌။ ဂရဟပ္ပတ္တော၊ ကဲ့ရဲ့ခြင်းသို့ ရောက်သည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဟိ၊ မှန်။ [နာဂရိကော၊ မြို့ကြီးသားသည်။ အသုစိံ၊ မစင်ကို။ (ဂရှဟတိ) ယထာ၊ ကဲ့ရဲ့ စက်ဆုပ်သကဲ့သို့။ (တထာ။) ဝိညူ၊ ပညာရှိတို့သည်။ တံ၊ မကောင်းမှုပြုသော သင့်ကို။ ဂရဟိဿန္တိ၊ ကဲ့ရဲ့ စက်ဆုပ်ကုန်လတ္တံ့။ ဘိက္ခု၊ အို-ရဟန်း။ သီလဝန္တေဟိ၊ သီလရှိသော ပုဂ္ဂိုလ်တို့သည်။ ဝဇ္ဇိတော၊ ရှောင်ကြဉ်အပ်သည်။ (သမာနော၊ သော်။) ကထံ၊ အဘယ်သို့။ ကရိဿသိ၊ ပြုလတ္တံ့နည်း။] ဣတိ ဧဝံ၊ သို့။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်လျက်။ ဗဟိဒ္ဓာသမုဋ္ဌိတေန၊ ဗဟိဒ္ဓ-ဟူသော ဖြစ်ကြောင်းရှိသော။ ဩတ္တပ္ပေန၊ ဩတ္တပ္ပကြောင့်။ ပါပကမ္မံ။ ကို။ န ကရောတိ။ ဧဝံ၊ ဤသို့လျှင်။ ဩတ္တပ္ပံ နာမ၊ မည်သည်။ ဗဟိဒ္ဓာသမုဋ္ဌာနံ၊ ရှိသည်။ ဟောတိ။ [မိမိမှတပါး အခြားပုဂ္ဂိုလ်များကို "ဗဟိဒ္ဓ" ဟု ဆိုသည်။]

ကထံ၊ အဘယ်သို့လျှင်။ ဟိရိ နာမ၊ မည်သည်။ အတ္တာဓိပတိ၊ မိမိဟူသော အကြီးအကဲရှိသည်။ (ဟောတိ၊ နည်း။) ဣဓ၊ ဤ လောက၌။ ဧကစ္စော၊ အချို့သော။ ကုလပုတ္တော၊ အမျိုးသားသည်။ အတ္တာနံ၊ မိမိကို။ အဓိပတိံ၊ အဓိပတိကို။ ဇေဋ္ဌကံ၊ အကြီးအကဲကို။ [အဓိပတိံကို ထပ်ဖွင့်သည်။] ကတွာ။ မာဒိသဿ၊ သော။ သဒ္ဓါပဗ္ဗဇိတဿ၊ သဒ္ဓါကြောင့် ရဟန်းအဖြစ်သို့ရောက်ခဲ့သော။ (သဒ္ဓါသက်သက်ကြောင့် ရဟန်းပြုခဲ့သော။) ဗဟုဿုတဿ၊ များသော သုတရှိသော။ ဓုတင်္ဂဓရိဿ၊ ဓုတင်ကို ဆောင်လေ့ရှိသူအား။

ဝါ၊ ၏။ ပါပကမ္မံ၊ သည်။ ဝါ၊ ကို။ ကာတုံ၊ န ယုတ္တံ။ ဣတိ၊ ဤသို့ တွေး၍။ ပါပံ၊ ကို။ န ကရောတိ။ ဝေံ၊ ဤသို့လျှင်။ ဟိရိ နာမ၊ မည် သည်။ အတ္တာဓိပတိ၊ သည်။ ဟောတိ။ တေန၊ ကြောင့်။ ဘဂဝါ အာဟ (ကိံ)။ သော။ ထို ပုဂ္ဂိုလ်သည်။ အတ္တာနံယေဝ၊ မိမိကိုပင်။ အဓိပတိံ၊ အဓိပတိကို။ ဇေဋ္ဌကံ၊ အကြီးအကဲကို။ ကရိတွာ။ အကုသလံ၊ ကို။ ပဇဟတိ၊ ပယ်စွန့်၏။ ကုသလံ၊ ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသော အကုသိုလ်တရားကို။ ပဇဟတိ။ အနဝဇ္ဇံ၊ အပြစ်မရှိသော ကုသိုလ်တရားကို။ ဘာဝေတိ၊ ၏။ အတ္တာနံ၊ ကို။ သုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်အောင်။ ပရိဟရတိ၊ ရှက်ဆောင်၏။ ဣတိ။ (အာဟ၊ ပြီ။)-[တိကအင်္ဂုတ္တိုရ်၊ အာဓိပတေယျသုတ်။]

ကထံ၊ အဘယ်သို့လျှင်။ ဩတ္တပ္ပံ နာမ၊ မည်သည်။ လောကာဓိပတိ၊ လောကဟူသော အကြီးအကဲရှိသည်။ (ဟောတိ၊ နည်း။) ဣဓ ကေစ္စော ကုလပုတ္တော။ လောကံ၊ ကို။ ဝါ၊ လူအပေါင်းကို။ အဓိပတိံ ဇေဋ္ဌကံ ကတွာ ပါပကမ္မံ န ကရောတိ။ ယာကာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း။ အယံ လောကသန္နိဝါသော၊ သတ္တဝါအပေါင်း၏စုဝေးတည်နေရာဤဩကာသ လောကသည်။ မဟာ၊ ကျယ်ဝန်း၏။ မဟန္တသ္မိံ၊ ကျယ်ဝန်းသော။ လောက သန္နိဝါသေ၊ သတ္တဝါအပေါင်း၏ စုဝေးတည်နေရာ ဩကာသလောက၌။ ဣဒ္ဓိမန္တော၊ တန်ခိုးရှိကုန်သော။ ဒိဗ္ဗစက္ခုကာ၊ ဒိဗ္ဗစက္ခု အဘိညာဉ် ရှိကုန် သော။ ပရစိတ္တဝိဒုနော၊ သူတပါးစိတ်ကို သိကုန်သော။ သမဏ ဗြာဟ္မဏာ၊ သမဏ ဗြာဟ္မဏတို့သည်။ သန္တိ။ တေ၊ ထို သမဏ ဗြာဟ္မဏတို့သည်။ ဒူရ-တောပိ၊ အဝေး၌လည်း။ ပဿန္တိ၊ လှမ်း၍ မြင်ကြကုန်၏။ [ရှေးနိဿယ၌ "ဒူရတောပိ၊ အဝေးမှလည်း"ဟု ပေး၏။ အပါဒါန်-အပါဒါနီ မဖြစ်နိုင်။] အာသန္နာ၊ နီးကုန်သည်။ ဝါ၊ အနီး၌ နေကုန်သည်။ (သမာနာ) ပိ၊ ဖြစ်ပါ ကုန်သော်လည်း။ န ဒိဿန္တိ၊ မမြင်အပ် မမြင်နိုင်ကုန်။ စေတသာပိ၊ မိမိတို့၏ စိတ်ဖြင့်လည်း။ စိတ္တံ၊ သူတပါးစိတ်ကို။ ပဇာနန္တိ၊ အပြားအားဖြင့် သိကုန် ၏။ တေပိ၊ ထို သမဏ ဗြာဟ္မဏတို့သည်လည်း။ မံ၊ ငါ့ကို။ ဧဝံ၊ သို့။ ဇာနိဿန္တိ၊ သိကုန်လတ္တံ့။ (ကိံ။) ဘော၊ အမောင်တို့။ ဣမံ ကုလပုတ္တံ၊ ကို။ ပဿထ၊ ကြည့်ကြကုန်။ သဒ္ဓာယ၊ ကြောင့်။ အဂါရသ္မာ၊ အိမ်မှ။ (နိက္ခမိတွာ။) အနဂါရိယံ၊ အိမ်၏ အစီးအပွားဖြစ်သော လယ်ထွန်, ကုန်ရောင်း, နွားကျောင်းမှုမရှိရာ ရဟန်းဘောင်သို့။ ပဗ္ဗဇိတော၊ ကပ်ရောက်ပြီးသည်။ သမာနော၊ ဖြစ်ပါလျက်။ ပါပကေဟိ၊ ကုန်သော။ အကုသလေဟိ၊ ကုန် သော။ ဓမ္မေဟိ၊ တို့နှင့်။ ဝေါကိဏ္ဏော၊ ရောပြွမ်းသည်။ (ဟုတွာ။) ဝိဟရတိ၊ နေ၏။ ဣတိ၊ သို့။ (ဇာနိဿန္တိ။)

ဣဒ္ဓိမန္တိယော၊ တန်ခိုးရှိကုန်သော။ ဒိဗ္ဗစက္ခုကာ၊ နတ်၌ဖြစ်သော ပသာဒ-စက္ခု ရှိကုန်သော။ ပရစိတ္တ ဝိဒူနိယော၊ သူတပါးစိတ်ကို သိကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ သန္တိ။ ဟာ၊ ထို နတ်တို့သည်။ ဒူရတောပိ ပဿန္တိ။ပ။ ဓမ္မေဟိ၊ တို့နှင့်။ ဝေါကိဏ္ဏော ဟုတ္វာ ဝိဟရတိ၊ ဣတိ (ဇာနိဿန္တိ)။ သော၊ ထို ပုဂ္ဂိုလ်သည်။ လောကံယေဝ၊ ကိုပင်။ အဓိပတိံ ဇေဋ္ဌကံ ကတွာ။ပ။ ပရိဟရတိ၊ ဣတိ (အာဟ)။-[အာဓိပတေယျသုတ်။]ဝေ၊ လျှင်။ ဩတ္တပ္ပံ နာမ၊ မည်သည်။ လောကာဓိပတိ၊ လောကဟူသော အကြီးအကဲရှိသည်။ ဟောတိ။

[သမ္ပဋ္ဌာန်၊ အဓိပတိ လဇ္ဇာ၊ ဘယာလက္ခဏေန-ဟူသော မာတိကာပုဒ်တို့တွင် အဓိပတိ၏အကျယ်ကို ပြပြီး၍၊ လဇ္ဇာဘယ၏ အကျယ်ကို ပြလို သော ကြောင့် "လဇ္ဇာသဘာဝသဏ္ဌိတာ ဟိရီ" စသည်မိန့်။]

ပန၊ ကား။ လဇ္ဇာ။ပ။ဩတ္တပ္ပန္တိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ လဇ္ဇာတိ၊ ကား။ လဇ္ဇနာကာရော၊ ရှက်ခြင်းဟူသော အခြင်းအရာတည်း။ ဟိရီ၊ သည်။ တေန သဘာဝေန၊ထိုရှက်ခြင်းသဘောအားဖြင့်။ သဏ္ဌိတာ၊ ကောင်းစွာတည်၏။ ဘယန္တိ၊ ကား။ အပါယဘယံ၊ အပါယ်မှ ကြောက်ခြင်းတည်း။ ဩတ္တပ္ပံ၊ သည်။ တေန သဘာဝေန၊ ထို ကြောက်ခြင်း သဘောအားဖြင့်။ သဏ္ဌိတံ။ တဒုဘယမ္ပိ၊ ထို ဟိရီ ဩတ္တပ္ပ ၂-ပါးစုံသည်လည်း။ ပါပပရိဝဇ္ဇနေ၊ မကောင်းမှုမှ ရှောင်ကြဉ်ရာအခါ၌။ ပါကဋံ၊ သည်။ ဟောတိ။

ဟိ၊ ချဲ့။ ဧကစ္စော၊ အချို့ပုဂ္ဂိုလ်သည်။ (ပါပကမ္မံ န ကရောတိ-၌ စပ်။) ယထာ နာမ၊ ဥပမာမည်သည်ကား။ ဧကော၊ သော။ ကုလပုတ္တော၊ သည်။ ဥစ္စာရပဿာဝါဒီနိ၊ ကျင်ကြီး ကျင်ငယ် အစရှိသည်တို့ကို။ ကရောန္တော၊ ပြုနေစဉ်။ လဇ္ဇိတဗ္ဗယုတ္တကံ၊ ရှက်ခြင်း၌ သင့်လျော်သော။ (ရှက်ခြင်းငှာ သင့်လျော်သော၊ ရှက်လောက်သော။) ဧကံ၊ တယောက်ကို။ ဒိသွာ၊ မြင်၍။ (သယံ၊ ကိုယ်တိုင်။) လဇ္ဇနာကာရပ္ပတ္တော၊ ရှက်ခြင်းဟူသော အခြင်းအရာသို့။ ရောက်သည်။ (ရှက်သူ၏အမူအရာရှိသည်။) ဘဝေယျ ယထာ၊ ဖြစ်ရာသကဲ့သို့။ ဟီဠိတော၊ ရှုတ်ချအပ်သည်။ (လူမြင်ကွင်း၌ ပြုရမလားဟု အရှုတ်ချခံရသည်။ ဘဝေယျ ယထာ၊ ကဲ့သို့။) ဧဝမေဝ။ အဇ္ဈတ္တံ၊ နိယကဇ္ဈတ္တ၌။ (မိမိသန္တာန်၌။) လဇ္ဇိမမ္မံ၊ လဇ္ဇီပုဂ္ဂိုလ်၏ သဘောသို့။ (ရှက်ခြင်းသဘောသို့။) ဩက္ကမိတွာ၊ သက်ရောက်၍။ ပါပကမ္မံ၊ ကို။ န ကရောတိ။ ဧကစ္စော၊ သည်။ အပါယဘယ-ဘီတော၊ အပါယ်မှကြောက်သည်။ ဟုတွာ ပါပကမ္မံ န ကရောတိ။

တတြ၊ ထိုသို့ မပြုရာ၌။ ဣဒံ၊ ဤ ဆိုအပ်လတ္တံ့ကား။ ဩပမ္မံ၊ ဥပမာတည်း။ ["ဥပမာယေဝ ဩပမ္မံ"ဟု ပြု။] ဟိ၊ ချဲ့။ ဒွီသု၊ နှစ်လုံးကုန်သော။ အယောဂုဠေသု၊ သံလုံးတို့တွင်။ ဧကော၊ တလုံးသည်။ သီတလော၊

အေးသည်။ ဂူထမက္ခိတော၊ မစင်သည် လူးအပ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဧကော၊ တလုံးသည်။ ဥဏှော၊ ပူသည်။ အာဒိတ္တော၊ အလျှံ တပြောင်ပြောင် တောက်လောင်သည်။ ဘဝေယျ၊ ၏။ တတ္ထ၊ ထို သံလုံး နှစ်လုံးတို့တွင်။ ပဏ္ဍိတော၊ ပညာရှိသည်။ (ဉာဏ်အမြော်အမြင် ရှိသူသည်။) သီတလံ၊ အေးသော သံလုံးကို။ ဂူထမက္ခိတတ္တာ၊ မစင်လူးအပ်သည်၏ အဖြစ်ကြောင့်။ ဇိဂုစ္ဆန္တော၊ စက်ဆုပ်သည်။ (ဟုတ္វာ။) န ဂဏှာတိ ယထာ၊ မကိုင်သကဲ့သို့လည်းကောင်း။ ဣတရံ၊ အေးသောသံလုံးမှ တပါးသော ပူသောသံလုံးကို။ ဒါဟဘယေန၊ ပူလောင်ခြင်းမှ ကြောက်ခြင်းကြောင့်။ န ဂဏှာတိ ယထာ၊ ကဲ့သို့လည်းကောင်းတည်း။ တဿ၊ ထို ဥပမာစကားရပ်၌။ သီတလဿ၊ အေးသောသံလုံးကို။ ဂူထမက္ခနဇိဂုစ္ဆာယ၊ မစင်လူးခြင်းမှ စက်ဆုပ်ခြင်းကြောင့်။ အဂဏှနံ ဝိယ၊ မကိုင်ခြင်းကိုကဲ့သို့။ အဇ္ဈတ္တံ၊ ၌။ လဇ္ဇိမမ္ပိ၊ သို့။ ဩတ္တပ္ပိတ္ဘာ၊ ၍။ ပါပဿ၊ ကို။ အကရဏံ၊ မပြုခြင်းကို။ (ဝေဒိတဗ္ဗံ။) ဥဏှဿ၊ ပူသောသံလုံးကို။ ဒါဟဘယေန၊ ကြောင့်။ အဂဏှနံ ဝိယ၊ ကဲ့သို့။ အပါယဘယေန၊ အပါယ်မှ ကြောက်ခြင်းကြောင့်။ ပါပဿ အကရဏံ ဝေဒိတဗ္ဗံ။

[လဇ္ဇာဘယ၏ အကျယ်ကို ပြပြီး၍ လက္ခဏာ၏အကျယ်ကို ပြလိုသော ကြောင့် "သပ္ပတိဿဝလက္ခဏာ ဟိရိ"စသည် မိန့်။]

သပ္ပတိဿဝ။ပ။ဩတ္တပ္ပန္တိ၊ ဟူသော။ ဣဒံပိ ဒွယံ၊ ဤ လက္ခဏာ ၂-ပါး အပေါင်းသည်လည်း။ ပါပပရိဝဇ္ဇနေ ဝေ၊ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း ၌ပင်။ပါကဋံ ဟောတိ။ [ရှေ့၌"ပါပပရိဝဇ္ဇနေ"ဟု ရှိခဲ့ပြီးဖြစ်၍"ပါပပရိဝဇ္ဇနေ ဝေ"ဟု ဝေ-ထည့်သည်။] ဟိ၊ ချဲ့။ ကေစ္စော၊ သည်။ (ပါပံ န ကရောတိ-၌ စပ်။)ဇာတိ မဟတ္တ ပစ္စဝေက္ခဏာ၊ အမျိုးဇာတ်၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်းလည်းကောင်း။ သတ္ထုမဟတ္တ ပစ္စဝေက္ခဏာ၊ ဆရာဖြစ်သော မြတ်စွာဘုရား၏မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းလည်းကောင်း။ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏာ၊အမွေဖြစ်သော ကိုးပါးသော လောကုတ္တရာတရား စသည်၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း လည်းကောင်း။ သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏာ၊ သီတင်းသုံးဖော်တို့၏ မြင့်မြတ်ကုန်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း လည်းကောင်း။ ဣတိ၊ သို့။ စတူဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ကြောင့်။ သပ္ပတိဿဝ လက္ခဏံ၊ ရှေးရှု နားထောင်ခြင်းနှင့် တကွဖြစ်သော ဂါရဝ တရားဟူသော လက္ခဏာရှိသော။ ဟိရိံ၊ ကို။ သမုဋ္ဌာပေတွာ ပါပံ န ကရောတိ။

ကေစ္စော၊ သည်။ အတ္တာနုဝါဒဘယံ၊ မိမိကိုယ်ကို မိမိ စွပ်စွဲခြင်းဟူသော ဘေးလည်းကောင်း။ ပရာနုဝါဒဘယံ၊ သူတပါးတို့၏ စွပ်စွဲခြင်းဟူသော

ဘေးလည်းကောင်း။ ဒဏ္ဍဘယံ၊ ဒဏ်ခံရခြင်းဟူသော ဘေးလည်းကောင်း။ ဒုဂ္ဂတိဘယံ၊ ဒုဂ္ဂတိဘေးလည်းကောင်း။ ဣတိ၊ သို့။ စတူဟိ ကာရဏေဟိ၊ တို့ကြောင့်။ ဝဇ္ဇ။ပ။လက္ခဏ၊ အပြစ်ကို ကြောက်တတ်သူ၏ အဖြစ်,အပြစ်ကို ဘေးဟု ရှုလေ့ရှိသူ၏အဖြစ် ဟူသော လက္ခဏာရှိသော။သြတ္တပ္ပံ၊ ကို။ သမုဋ္ဌာ-ပေတွာ ပါပံ န ကရောတိ။ တတ္ထ၊ ထို ဟိရီ သြတ္တပ္ပ အရာ၌။ ဇာတိမဟတ္တ ပစ္စဝေက္ခဏာဒီနိ စေဝ၊ တို့ကိုလည်းကောင်း။ အတ္တာနုဝါဒ ဘယာဒီနိ စ၊ တို့ကိုလည်းကောင်း။ ဝိတ္ထာရေတွာ၊ အကျယ်ချဲ့၍။ ကထေတဗ္ဗာနိ၊ ပြောဟောထိုက်ကုန်၏။ (ဣတိ၊ သို့။ ဝုတ္တာ၊ ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ။) [ဇာတိမဟတ္တ ပစ္စဝေက္ခဏာ - စသည်တို့၏ အကျယ်ကို ကင်္ခါဝိတရဏီအဋ္ဌကထာ၊ အပရအဋ္ဌရသဿာတဝဂ်၌ လည်းကောင်း၊ အတ္တာနုဝါဒဘယ - စသည်တို့၏ အကျယ်ကို စတုက္ကအင်္ဂုတ္တိုရ်၊ ဘယဝဂ်၊ အတ္တာနုဝါဒ-သုတ်၌လည်းကောင်း ရှုပါ။]

မူလရာသိအဖွင့်

[ဗလရာသိကို ဖွင့်ပြပြီး၍ မူလရာသိကို ဖွင့်ပြလိုသောကြောင့် "န လုဗ္ဘန္တိ ဧတေန" စသည်မိန့်။]

ဧတေန၊ ဤ သဘောတရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) န လုဗ္ဘန္တိ၊ မတပ်မက်တတ်ကုန်။ (ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ မတပ်မက်ကြောင်း၏ အဖြစ်ကြောင့်။ သော သဘာဝေါ၊ အလောဘော၊ မည်၏။) ဝါ၊ တနည်း။ (ယော သဘာဝေါ။) သယံ၊ ကိုယ်တိုင်။ န လုဗ္ဘတိ၊ မတပ်မက်တတ်။ (ဣတိ၊ ထိုသို့ မတပ်မက်တတ်သည်၏ အဖြစ်ကြောင့်။ သော သဘာဝေါ။ အလောဘော၊ မည်၏။) ဝါ၊ တနည်း။ တံ၊ ထို သဘောတရားသည်။ အလုဗ္ဘနမတ္တမေဝ၊ မတပ်မက်ခြင်းမျှသာတည်း။ ဣတိ၊ ကြောင့်။ အလောဘော၊ မည်၏။ အဒေါသာမောဟေသုပိ၊ အဒေါသ အမောဟတို့၌လည်း။ ဧသေဝနယော။

တေသု၊ ထို အလောဘ အဒေါသ အမောဟတို့တွင်။ အလောဘော၊ သည်။ အာရမ္မဏေ၊ ၌။ စိတ္တဿ၊ ၏။ အဂေဓလက္ခဏော၊ မမက်မောခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်း။ ကမလဒလေ၊ ကြာဖက် အပြင်၌။ ဇလဗိန္ဒု၊ ရေပေါက်သည်။ (နလဂ္ဂတိ) ဝိယ၊ မငြိကပ်ဘကဲ့သို့။ (တထာ။ အာရမ္မဏေ၊ ၌။ စိတ္တဿ၊ ၏။) အလဂ္ဂဘာဝလက္ခဏော၊ မငြိကပ်သည် အဖြစ်ဟူသော လက္ခဏာရှိ၏။ မုတ္တဘိက္ခု၊ မငြိမကပ် လွတ်လပ်သော ရဟန္တာရဟန်းသည်။

(န ပရိဂ္ဂဏှာတိ) ဝိယ၊ တစုံတခုကိုမျှ မသိမ်းပိုက်သကဲ့သို့။ (တထာ။) အပရိဂ္ဂဟာဏရသော၊ မသိမ်းပိုက်ခြင်း ကိစ္စရှိ၏။ အသုစိမှိ၊ ဖစင်၌။ ပတိဘာ ပုရိသော ဝိယ၊ကျသော ယောကျ်ားသည်ကဲ့သို့။ အနလ္လီနဘာဝပစ္စုပဋ္ဌာနော[၁]၊ မငြိမကပ်ခြင်းဟူသော အလိုရှိသောတရား ဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏။

အဒေါသော၊ သည်။ အစဏ္ဍိက္ကလက္ခဏော၊ ကြမ်းတမ်းခြင်းမရှိသူ၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ [စဏ္ဍော+ယဿ အတ္ထိတိ စဏ္ဍိကော၊ စဏ္ဍိကဿ ဘာဝေါ စဏ္ဍိက္ကံ။] ဝါ၊ တနည်း။ အနုကူလမိတ္တော၊ အရာရာ၌ လိုက်လျော သော မိတ်ဆွေသည်။ (န ဝိရုဇ္ဈတိ) ဝိယ၊ မဆန့်ကျင်သကဲ့သို့။ (တထာ။) အဝိရောဓလက္ခဏော၊ မဆန့်ကျင်ခြင်း လက္ခဏာရှိ၏။ အာဃာတဝိနယရသော၊ အာဃာတကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ဝါ၊ ရန်ငြိုးကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်း။ စန္ဒနံ၊ စန္ဒကူးသည်။ (ပရိဠာဟံ၊ ပူလောင်ခြင်းကို။ ဝိနေတိ) ဝိယ၊ ပယ်ဖျောက်သကဲ့သို့။ (တထာ။) ပရိဠာဟဝိနယရသော၊ ဒေါသအပူကို ပယ်ဖျောက်ခြင်းကိစ္စရှိ၏။ ပုဏ္ဏစန္ဒော၊ ပြည့်သော လသည်။ (သီတလော) ဝိယ၊ အေးမြသကဲ့သို့။(တထာ။) သောမ္မဘာဝပစ္စုပဋ္ဌာနော၊ အေးမြသည်၏ အဖြစ်ဖြင့် ယောဂီတို့။ပ။ထင်လာ၏။ အမောဟော၊ ကို။ လက္ခဏာဒီဟိ၊ တို့ဖြင့်။ ဟေဋ္ဌာ၊ ၌။ ပညိန္ဒြိယပဒေ၊ ပညိန္ဒြိယပုဒ်၌။ ဝိဘာ- ဝိတော ဧဝ၊ ထင်စွာပြအပ်ပြီးသည်သာ။

ပန၊ ဆက်။ တီသု၊ ကုန်သော။ ဣမေသု၊ ဤ အလောဘ အဒေါသ အမောဟတို့တွင်။ အလောဘော၊ သည်။ မစ္ဆေရမလဿ၊ မစ္ဆေရ အညစ် အကြေး၏။(မပေးရက်လို ဝန်တိုခြင်းဟူသော အညစ်အကြေး၏။)ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ [မစ္ဆေရကိုပယ်တတ်သော ပဟာယကပဋိပက္ခ ဖြစ်သည် ဟူလို။] အဒေါသော၊ သည်။ ဒုဿီလျမလဿ[၂]၊ ဒုဿီလျ အညစ်အကြေး၏။

၁။ အနလ္လီနဘာဝပစ္စုပဋ္ဌာနော။ ။ဘာဝသဒ္ဒါသည် အဘိဓေန်လာ အနက် တို့တွင် အလို-ဟူသော အနက်ဟောတည်း။ ဆိုလိုရင်းကား—မစင်ထဲ၌ကျနေသော ယောကျ်ားသည် မစင်တွေ ငြိကပ်၍နေသော်လည်း စိတ်အားဖြင့် မငြိကပ်ခြင်းကိုသာ အလိုရှိသကဲ့သို့၊ အလောဘ၏သဘောလည်း လောဘနေယျအာရုံတို့နှင့် ရောယှက် နေရသော်လည်း သဘောအားဖြင့် ထိုအာရုံတို့၌ မငြိမကပ်လိုသော သဘောရှိသည်— ဟူလို။

၂။ ဒုဿီလျမလဿ။ ။များစွာသော သီလပျက်မှုသည် ဒေါသအရင်းခံလျက် ရှိ တတ်၏။လောဘ ပြင်းထန်းသော အဒိန္နာဒါနဒုဿီလျသော်မှဥစ္စာရှင်ကိုမုန်းသောဒေါသ အရင်းခံလျက် ရှိတတ်သေး၏။ ထို့ကြောင့် "အဒေါသော ။ပ။ဓုဒံ၊ ကို။ ဒေါသသမု-

(ပဋိပက္ခော။)အမောဟော၊ သည်။ ကုသလေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ အဘာဝနာယ၊ မဖြစ်စေကြောင်း မတိုးပွားစေကြောင်း မောဟ၏။ ဝါ၊ ဘာဝနာ၏ ဆန့်ကျင်ဘက် နီဝရဏ၏။ ပဋိပက္ခော။ စ၊ သည်သာ မကသေး။ ဧတ္ထ၊ ဤ အလောဘ အဒေါသ အမောဟတို့တွင်။ အလောဘော၊ သည်။ ဒါနဟေတု၊ ဒါန၏အကြောင်းသည်။။ (ဟောတိ။) အဒေါသော၊ သည်။ သီလဟေတု(ဟောတိ)။ အမောဟော၊ သည်။ ဘာဝနာဟေတု (ဟောတိ။)

စ၊ သည်သာ မကသေး။ တေသု၊ ထို အလောဘ အဒေါသ အမောဟ တို့တွင်။ အလောဘေန၊ ကြောင့်။ [1]အမိကံ၊ပိုလွန်သော ဂုဏ်ကို။ န ဂဏှာတိ၊ မယူ။ (ကသ္မာ၊ ကြောင့်။ အလောဘေန အမိကံ န ဂဏှာတိ။ ဣတိ၊သို့။ဝိညာ-ယတိ၊ နည်း။) လုဒ္ဓဿ၊ လောဘကြီးသူ၏။ အမိကဂ္ဂဟဏတော၊ အပိုအလွန် ကို ယူတတ်သည်၏အဖြစ်ကြောင့်။ (အလောဘေန အမိကံ န ဂဏှာတိ၊ ဣတိ ဝိညာယတိ။) အဒေါသေန၊ ကြောင့်။ ဦနံ၊ ယုတ်လျော့သောဂုဏ်ကို။ န ဂဏှာတိ။ (ကသ္မာ အဒေါသေန ဦနံ နဂဏှာတိ၊ ဣတိ ဝိညာယတိ။) ဒုဋ္ဌဿ၊ ဒေါသကြီးသူ၏။ ဦနဂ္ဂဟဏတော၊ ယုတ်လျော့သည်ကို ယူတတ်သည်၏ အဖြစ်ကြောင့်။ (အဒေါသေန ဦနံ န ဂဏှာတိ၊ ဣတိ ဝိညာပေတိ။) အမောဟေန၊ ကြောင့်။ ဝိပရီတံ၊ ဖောက်ပြန်သော ဝိပလ္လာသလေးပါးကို။ န ဂဏှာတိ၊ (ကသ္မာ အမောဟေန ဝိပရီတံ န ဂဏှာတိ၊ ဣတိ ဝိညာယတိ။) မူဠှဿ၊ မောဟကြီးသူ၏။ ဝိပရီတဂ္ဂဟဏတော၊ ဖောက်ဖောက်ပြန်ပြန် ယူတတ်သည် အဖြစ်ကြောင့်။ အမောဟေန ဝိပရီတံ န ဂဏှာတိ၊ ဣတိ ဝိညာ-ယတိ။

စ၊ သည်သာ မကသေး။ ဧတ္ထ၊ ဤ အလောဘ အဒေါသ အမောဟတို့ တွင်။ အလောဘေန၊ ကြောင့်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ ဒေါသံ၊ အပြစ်

ဋ္ဌာန တံ-ဒေါသဟူသောဖြစ်ကြောင်းရှိသည်၏အဖြစ်ကိုလည်းကောင်း။ (ပါဏာတိပါတ-စသည်ကို ရည်ရွယ်သည်။) ဒေါသူပနိဿယတံ စ၊ ဒေါသဟူသော အားကြီးသော မှီရာ ရှိသည်၏ အဖြစ်ကို လည်းကောင်း။ (အဒိန္နာဒါန-စသည်ကို ရည်ရွယ်သည်။) သန္ဓာယ ဝုတ္တံ''။-ဋီကာ။

၁။ အနဝိကံ ဂဏှာတိ-စသည်။ ။အနမိကံ၌ အယုတ္တသမာသ်၊ ''န+အမိကံ= အနမိကံ'' ဟု ပြု၍ န-ကို ဂဏှာတိနှင့် တွဲပါ။ အနူနံ အဝိပရီတံ တို့၌လည်း နည်းတူ။ ''လုဒ္ဓဿ အမိကဂ္ဂဟဏတော'' စသော ဟိတ်တို့ကား ဉာပကဟိတ်များတည်း။ ထို့ ကြောင့် ''ကသ္မာ ဝိညာယတိ'' ဟု ထည့်သည်။ မိမိနှင့်စပ်သော ဂုဏ်မရှိသူ့အပေါ်၌ ဂုဏ်ကိုယူခြင်းသည် (ဂုဏ်ရှိသလို ပြောဆိုခြင်းသည်) အမိကဂ္ဂဟဏတည်း။ မိမိမုန်းသူ ၌ ရှိနေသောဂုဏ်ကို ချေဖျက်၍ ဂုဏ်မရှိသူ ဟု ပြောဆိုခြင်းသည် ဦနဂ္ဂဟဏတည်း။ ဒေါသ ဓာတ်ခံဖြင့် မစ္ဆရိယဖြစ်နေသူတို့သည် ဤ ဦနဂ္ဂဟဏကို ပြုတတ်၏။

ကို။ ဒေါသတော၊ အပြစ်အားဖြင့်။ ခာရေန္တော၊ ဆောင်ရွက်မှတ်သားလျက် ဒေါသေ၊ အပြစ်၌။ ပဝတ္တတိ၊ ဖြစ်တတ်၏။ [အပြစ်ဟု ဝန်ခံသည်-ဟူလို။] ဟိ၊ မှန်။ လုဒ္ဓော၊ လောဘကြီးသူသည်။ ဒေါသံ၊ အပြစ်ကို။ ပဋိစ္ဆာဒေတိ၊ ဖုံးကွယ်ထားတတ်၏။ အဒေါသေန၊ ကြောင့်။ ဝိဇ္ဇမာနံ၊ သော။ ဂုဏံ၊ဂုဏ်ကျေးဇူးကို။ ဂုဏတော၊ ဂုဏ်ကျေးဇူးအားဖြင့်။ ခာရေန္တော၊ လျက်။ ဂုဏေ၊ ဂုဏ်ကျေးဇူး၌။ ပဝတ္တတိ။ ["သူတပါး၏ ဂုဏ်ကျေးဇူးကို ဂုဏ်ကျေးဇူး" ဟု အသိအမှတ်ပြုသည်-ဟူလို။] ဟိ၊ မှန်။ ဒုဋ္ဌော၊ ဒေါသသည် ဖျက်ဆီးအပ်သူသည်။ ဝါ၊ ဒေါသကြီးသူသည်။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ မက္ခေတိ၊ ချေဖျက်တတ်၏။ အမောဟေန၊ ကြောင့်။ ယာထာဝ သဘာဝံ၊ မဖောက်မပြန် ဟုတ်မှန်သော သဘောကို။ ယာထာဝ သဘာဝတော၊ မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့်။ ခာရေန္တော၊ လျက်။ ယာထာဝ သဘာဝေ၊ ၌။ ပဝတ္တတိ။["အမှန်အတိုင်းသိသည်" ဟူလို။] ဟိ၊ မှန်။ မူဠှော၊ တွေဝေသူသည်။ ဝါ၊ မောဟကြီးသူသည်။ တစ္ဆံ၊ အမှန်ကို။ အတစ္ဆန္တိ၊ မမှန်ဟူ၍ လည်းကောင်း။ အတစ္ဆံ၊ မမှန်သည်ကို။ တစ္ဆန္တိ၊ အမှန်ဟူ၍ လည်းကောင်း။ ဂဏှာတိ၊ ယူတတ်၏။

စ၊ သည်သာ မကသေး။ အလောဘေန၊ ကြောင့်။ ပိယဝိပ္ပယောဂဒုက္ခံ၊ ချစ်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော ဒုက္ခသည်။ န ဟောတိ၊ မဖြစ်။ (ကသ္မာ) လုဒ္ဓဿ၊ လောဘကြီးသူ၏။ ပိယသဘာဝတော စ၊ ချစ်ခြင်းသဘော ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပိယဝိပ္ပယောဂါသဟနတော စ၊ ပိယဝိပ္ပယောဂဒုက္ခကို သည်းမခံနိုင်ခြင်းကြောင့် လည်းကောင်းတည်း။ အဒေါသေန၊ ကြောင့်။ အပ္ပိယသမ္ပယောဂဒုက္ခံ၊ မချစ်အပ်သော သတ္တဝါသင်္ခါရတို့နှင့် အတူတကွ ယှဉ်တွဲရခြင်းကြောင့်ဖြစ်သော ဒုက္ခသည်။ န ဟောတိ။ ဟိ(ကသ္မာ)၊ အဘယ့်ကြောင့်နည်း။ ဒုဋ္ဌဿ၊ ဒေါသသည် ဖျက်ဆီးအပ်သူ၏။ ဝါ၊ ဒေါသကြီးသူ၏။ အပ္ပိယသဘာဝတော၊ မုန်းခြင်းသဘော ရှိသည်၏အဖြစ်ကြောင့် လည်းကောင်း။ အပ္ပိယသမ္ပယောဂါသဟနတော စ၊ အပ္ပိယသမ္ပယောဂ ဒုက္ခကို သည်းမခံနိုင်ခြင်းကြောင့် လည်းကောင်းတည်း။ အမောဟေန၊ ကြောင့်။ ဣစ္ဆိတာလာဘဒုက္ခံ၊ အလိုရှိအပ်သော အရာဝတ္ထုကို မရခြင်းကြောင့်ဖြစ်သော ဒုက္ခသည်။ န ဟောတိ။ ဟိ(ကသ္မာ)။ အမူဠှဿ၊ မတွေဝေသော ပုဂ္ဂိုလ်၏။ တံ။ပ။ သဘာဝတော၊တံ ကုတေတ္ထလဗ္ဘာ-ဤသို့ အစရှိသည်ဖြင့် ဆင်ခြင်ခြင်းသဘော ရှိသည်၏အဖြစ်ကြောင့်တည်း။ [တွေ၊ ဤ အိုခြင်းသဘောရှိသော တရား၌။ တံ၊ ထို မအိုပါစေနှင့်ဟူသော တောင့်တခြင်းကို။ ကုတော လဗ္ဘာ၊ အဘယ်

မှာ တောင့်တဟိုင်း ရအပ်ပါအံ့နည်း။ [ဤသို့စသည်ဖြင့် ဆင်ခြင်လေ့ရှိသော ကြောင့် "အလိုရှိအပ်သော၀တ္ထုကို မရသည့်အတွက် ဒုက္ခမဖြစ်တော့"ဟူလို။]

စ၊ သည်သာ မကသေး။ ဧတ္ထ၊ ဤ အလောဘ အဒေါသ အမောဟတို့ တွင်။ အလောဘေန၊ ကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ၊ (ကသ္မာ။)အလောဘဿ၊ ၏။ တဏှာပဋိပက္ခတော၊တဏှာ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် လည်းကောင်း။ ဇာတိဒုက္ခဿ၊ ၏။ တဏှာမူလကတ္တာ စ၊ တဏှာ ဟူသော အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။ [တဏှာဖြင့် ထိုထိုဘ၀ကို တောင့်တသောကြောင့် ဇာတိဖြစ်ရကား ဇာတိ သည် တဏှာအရင်းခံရှိ၏။] အဒေါသေန၊ ကြောင့်။ ဇရာဒုက္ခံ၊ သည်။ န ဟောတိ၊ (ကသ္မာ။) တိက္ခဒေါသဿ၊ ထက်သောဒေါသရှိသူ၏။ ခိပ္ပံ၊ လျင်မြန်စွာ။ဇရာသမ္ဘ၀တော၊အိုခြင်း၏ ဖြစ်သင့်ခြင်းကြောင့်တည်း။["ဒေါသ ကြီးလျှင် အိုလွယ်၏"ဟူလို။] အမောဟေန၊ ကြောင့်။ မရဏဒုက္ခံ၊ သည်။ န ဟောတိ။ ဟိ၊ မှန်။ သမ္မောဟမရဏံ၊ တွေတွေဝေဝေ သေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲကြောင်းတည်း။ တံ၊ ဤ သမ္မောဟမရဏသည်။ အမူဠဿ၊ မတွေဝေသူ၏(အတွက်)။ န ဟောတိ၊ မဖြစ်။ စ၊ သည်သာ မကသေး။ အလောဘေန၊ ကြောင့်။ ဂဟဋ္ဌာနံ၊ အိမ်၌တည်သူ လူ၀တ်ကြောင်တို့၏။ (သုခသံ၀ါသတာ၊ ချမ်းချမ်းသာသာ ပေါင်းသင်းရခြင်း ရှိကုန်သည်၏ အဖြစ်သည်။ ဟောတိ။–လယ်ယာစသည်အတွက် ငြင်းခုံခြင်း မရှိသောကြောင့် တည်း။)အမောဟေန၊ ကြောင့်။ ပဗ္ဗဇိတာနံ၊ ရသေ့ရဟန်းတို့၏။ (သုခ သံ၀ါသတာ၊ သည်။ ဟောတိ။-အသူ၀ါဒနှင့်စပ်၍ ငြင်းခုံရခြင်း မရှိသော ကြောင့်တည်း။)[ပစ္စည်းမရှိသော ရှေးခေတ်ကို ရည်ရွယ်သည်။ ယခုခေတ်၌ ကား အလောဘရှိမှ ပဗ္ဗဇိတတို့လည်း သုခသံ၀ါသ ဖြစ်နိုင်သည်။ အလောဘ မရှိသူ(လောဘကြီးသူ)တို့ကား ကျောင်းလုမှု၊ ဒါယကာ ဒါယိကာမလုမှု စသည်ဖြင့် ဒုက္ခသံ၀ါသ ဖြစ်ကြသည်။] ပန၊ ကား။ အဒေါသေန၊ ကြောင့်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော ဂဟဋ္ဌ ပဗ္ဗဇိတ တို့၏လည်း။ သုခသံ၀ါသတာ ဟောတိ။

စ၊ သည်သာ မကသေး။ ဧတ္ထ၊ ဤ အလောဘ အဒေါသ အမောဟ တို့တွင်။ ဝိသေသတော။ အထူးအားဖြင့်။ အလောဘေန၊ ကြောင့်။ ပေတ္တိ ဝိသယေ၊ ပြိတ္တာတို့၏ အထူးအားဖြင့် ဖြစ်ရာနယ်၌။ ဝါ၊ပြိတ္တာဘုံ၌။ ဥပပတ္တိ၊ ပဋိသန္ဓေ နေရခြင်းသည်။ န ဟောတိ၊ မဖြစ်နိုင်။ ဟိ၊ မှန်။ ယေဘုယျေန၊ အားဖြင့်။ သတ္တာ၊ တို့သည်။ တဏှာယ၊ ဥစ္စာ စသည်၌ တပ်မက်ခြင်း တဏှာ ကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာတို့၏ အထူးအားဖြင့် ဖြစ်ရာနယ်သို့။ ဥပပဇ္ဇန္တိ၊

ကပ်ရောက်ကြရကုန်၏။ အလောဘော စ၊ သည်လည်း။ တဏှာယ၊ ၏။ ပဋိ–
ပက္ခော၊ တည်း။ အဒေါသေန၊ ကြောင့်။ နိရယေ၊ ငရဲ၌။ ဉပပတ္တိ နှ
ဟောတိ။ ဟိ၊ မှန်။ ဒေါသေန၊ ဖြင့်။ စဏ္ဍဇာတိတာယ၊ ကြမ်းတမ်းသူ၏
အဖြစ်ဟူသော သဘောရှိကုန်သည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဒေါသ
နှင့်သဘောတူသော။ နိရယံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကုန်၏။ အဒေါသော စ၊
သည်လည်း။ ဒေါသဿ၊ ၏။ ပဋိပက္ခော၊ တည်း။ အမောဟေန၊ ကြောင့်။
တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်အမျိုး၌။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ န ဟောတိ။
ဟိ၊ မှန်။ မောဟေန၊ ကြောင့်။(သတ္တာ၊ တို့သည်။) နိစ္စံ၊ အမြဲ။ သမ္မူဠ္ဟာ၊
ပြင်းစွာ တွေဝေသော။ တိရစ္ဆာနယောနိံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကုန်၏။ အမော–
ဟော စ၊ သည်လည်း။ မောဟဿ၊ ၏။ ပဋိပက္ခော၊ တည်း။

စ၊ သည်သာ မကသေး။ ဧတေသု၊ တို့တွင်။ အလောဘော၊ သည်။
ရာဂဝသေန၊ ရာဂ၏အစွမ်းဖြင့်။ဥပဂမနဿ၊ချဉ်းကပ်ခြင်း၏။အဘာဝကရော၊
မရှိခြင်းကို ပြုတတ်၏။[ရာဂ၏အစွမ်းဖြင့် မိတ်ဆွေဖွဲ့လို၍ ထိုသူသို့ ချဉ်းကပ်
၏။] အဒေါသော၊ သည်။ ဒေါသဝသေန၊ ဖြင့်။ အပဂမဿ၊ ဖဲခွာခဲ့ခြင်း
၏။(အဘာဝကရော။)[ချဉ်းကပ်ပြီးနောက် ဒေါသအတွက် မတည့်သောအခါ
ခွဲခွာကြပြန်၏။]အမောဟော၊ သည်။ မောဟဝသေန၊ ဖြင့်။ အမဇ္ဈတ္တဘာဝ–
ဿ၊လျစ်လျူမရှုနိုင်သည်၏ အဖြစ်ဟူသော သဘော၏။ (အဘာဝကရော။)
[အမဇ္ဈတ္တဘာဝဿ ပဋိဃာနုနယသခါတဿ မောဟေန ပဝတ္တိ။-ဋီကာ။ လျစ်
လျူမရှုနိုင်သည့်အတွက် ဒေါသဖြင့် မုန်းခြင်း၊ လောဘဖြင့် ချစ်ခြင်းကို ပြုကြ
၏။ အမောဟသည် ထိုနှစ်မျိုးလုံး မရှိခြင်းကို ပြုတတ်သည်–ဟူလို။]

စ၊ သည်သာ မကသေး။ တိဟိပိ၊ ၃-ပါးလည်း ဖြစ်ကုန်သော။ဧတေဟိ၊
ဤ အလောဘ အဒေါသ အမောဟ တို့ကြောင့်။ (တိဿော သညာယော–
၌ စပ်။) ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ (အလောဘ အဒေါသ အမောဟ
အစဉ်အားဖြင့်။) နေက္ခမ္မသညာ၊ နေက္ခမ္မသညာလည်းကောင်း။ ဝါ၊ ကာမမှ
ထွက်မြောက်ကြောင်း။ ဖြစ်သော အလောဘနှင့် ယှဉ်သော သညာလည်း
ကောင်း။ အဗျာပါဒသညာ၊ လည်းကောင်း။ ဝါ၊ ဗျာပါဒ၏ ဆန့်ကျင်ဘက်
မေတ္တာနှင့်ယှဉ်သော သညာလည်းကောင်း။အဝိဟိံသာသညာ၊လည်းကောင်း။
ဝါ၊ ဝိဟိံသာ၏ ဆန့်ကျင်ဘက် ကရုဏာနှင့်ယှဉ်သော သညာ လည်းကောင်း။
ဣတိ၊ သို့။ တိဿော၊ ကုန်သော။ ဣမာ (သညာယော)၊ ဤ သညာတို့
သည်လည်းကောင်း။ အသုဘသညာ၊ လည်းကောင်း။ ဝါ၊ အသုဘဟု ဖြစ်
သော သညာလည်းကောင်း။ အပ္ပမာဏသညာ၊ လည်းကောင်း။ ဝါ၊ အတိုင်း
အရှည်မရှိသော သတ္တဝါပြည့်လျှင် အာရုံရှိသော မေတ္တာနှင့် ယှဉ်သော

သညာလည်းကောင်း။ ခါတုသညာ၊ လည်းကောင်း။ ဝါ၊ ခါတ်သဘော ချည်းသာ ဟု ဖြစ်သော သညာလည်းကောင်း။ ဣတိ၊ သို့။ တိသော၊ ကုန် သော။ ဣမာ သညာယော စ၊ တို့သည်လည်းကောင်း။ ဟောန္တိ။

ပန၊ ဆက်။ ဝါ၊ သည်သာ မကသေး။ အလောဘေန၊ ကြောင့်။ ကာမ။ပ။အန္တသ၊ ဝတ္ထုအာရုံ ကာမဂုဏ်၌ဖြစ်သော ချမ်းသာမှုကို ခံစား သောအားဖြင့် အဖန်ဖန်အားထုတ်ခြင်း ဟူသော အဖို့ကိုလည်းကောင်း။ အဒေါသေန၊ ကြောင့်။ အတ္တ။ပ။အန္တသ၊ အတ္တဘော၏ ပင်ပန်းကြောင်း ဖြစ်သော အကျင့်၌ အဖန်ဖန် အားထုတ်ခြင်းဟူသော အဖို့ကိုလည်းကောင်း။ ပရိဝဇ္ဇနံ၊ ရှောင်ကြဉ်ခြင်းသည်။ ဟောတိ။ အမောဟေန၊ ကြောင့်။ မဇ္ဈိ- မာယ၊ ကာမသုခလ္လိက အတ္တကိလ မထာနုယောဂ အကျင့်နှစ်ပါး၏ အလယ်၌ ဖြစ်သော။ ပဋိပတ္တိယာ၊ မဂ္ဂင်ရှစ်ရပ် ပဋိပတ်ကို။ ပဋိပဇ္ဇနံ၊ ကျင့်ခြင်းသည်။ ဟောတိ။ တထာ၊ ထို့မှတပါး။ အလောဘေန၊ ကြောင့်။ အဘိဇ္ဈာ- ကာယဂန္ထဿ၊ အဘိဇ္ဈာ-ဟူသော ကာယအထုံးအဖွဲ့ကို။ ပဘေဒနံ၊ ဖျက်နိုင် ခြင်းသည်။ ဝါ၊ ဖြေနိုင်ခြင်းသည်။ ဟောတိ။ အဒေါသေန၊ ကြောင့်။ ဗျာပါဒကာယဂန္ထဿ၊ ဗျာပါဒဟူသော ကာယအထုံးအဖွဲ့ကို။ (ပဘေဒနံ ဟောတိ။) အမောဟေန၊ ကြောင့်။ သေသဂန္ထဒွယဿ၊ ကြွင်းသောအထုံး အဖွဲ့ ၂-ပါးအပေါင်းကို။ (ပဘေဒနံ ဟောတိ။) စ၊ သည်သာ မကသေး။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေ၊ ကုန်သော။ သတိပဋ္ဌာနာနိ၊ ကာယာနုပ- ဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့သည်။ပုရိမာနံ၊ကုန်သော။ ဒွိန္နံ၊ ၂-ပါးကုန်သော အလောဘ အဒေါသတို့၏။ အာနုဘာဝေန၊ အာနု ဘော်ကြောင့်။ (ဣဇ္ဈန္တိ၊ ပြီးစီးကုန်၏။) [ဋီကာ၌ "ဣဇ္ဈ-ဟု"မရှိ"သိဇ္ဈ"ဟု ရှိ၏။] ပစ္ဆိမာနိ၊ နောက်၌ ဖြစ်ကုန်သော။ (ဒွေ၊ ကုန်သော။ သတိပဋ္ဌာနာနိ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့သည်။)ပစ္ဆိမဿေဝ၊ နောက်ဖြစ်သော အမောဟ၏သာလျှင်။ အာနုဘာဝေန၊ ကြောင့်။ ဣဇ္ဈန္တိ။

စ၊ သည်သာ မကသေး။ ဧတ္ထ၊ တို့တွင်။ အလောဘော၊ သည်။ အာရော- ဂျဿ၊ ရောဂါမရှိသူ၏ အဖြစ်၏။ (ကျန်းမာခြင်း၏။) ပစ္စယော၊ အကြောင်း သည်။ ဟောတိ။ ဟိ၊ မှန်။ အလုဒ္ဓော၊လောဘမကြီးသူသည်။ လောဘနီယမ္ပိ၊ လောဘ၏ အာရုံလည်းဖြစ်သော။ အသပ္ပါယံ၊ မလျောက်ပတ်သော အရာ ဝတ္ထုကို။ (မလျောက်ပတ်သော ဥတု, မလျောက်ပတ်သော အိပ်ရာနေရာ, မလျောက်ပတ်သောအစာအာဟာရကို။) န သေဝတိ၊ မမှီဝဲ။ တေန၊ထိုသို့မမှီဝဲ ခြင်းကြောင့်။ အရောဂေါ၊ ရောဂါမရှိသည်။(ကျန်းမာသည်။) ဟောတိ။ [ဤ အဓိပ္ပာယ်ကို ပြောင်းပြန်ပြန်၍"လောဘကြီးသူ, အစားမက်မောသူ,မလျောက်

ပတ်သော အိပ်ရာနေရာ၌ နေသူသည် မကျန်းမာ"ဟု မှတ်ပါ။] အဒေါသော၊ သည်။ ယောဗ္ဗနဿ၊ နုပျိုသူ၏ အဖြစ်၏။ (ပစ္စယော ဟောတိ။) ဟိ၊ မှန်။ အဒုဋ္ဌော၊ ဒေါသမကြီးသူသည်။ ဝလိပလိတာဝဟေန၊ အရေတွန့်ခြင်း ဆံဖြူ ခြင်းကို ဆောင်တတ်သော။ ဒေါသဂ္ဂိနာ၊ ဒေါသမီးသည်။ အဍယှမာနော၊ မလောင်အပ်သည်။ (ဟုတွာ။) ဒီဃရတ္တံ၊ ရှည်စွာသော ညဉ့်ပတ်လုံး။ ယုဝါ၊ နုပျိုသည်။ ဟောတိ၊ ၏။ အမောဟော၊ သည်။ ဒီဃာယုတာယ၊ ရှည်သော အသက်ရှိသူ၏ အဖြစ်၏။ (ပစ္စယော ဟောတိ။) ဟိ၊ မှန်။ အမူဠ္ဌော၊ မတွေ ဝေသူသည်။ ဟိတာဟိတံ၊ စီးပွား စီးပွားမဲ့ကို။ ဥတွာ၊ သိ၍။ အဟိတံ၊ စီးပွားမဲ့ကို။ ပရိဝဇ္ဇေန္တော၊ ရှောင်ကြဉ်လျက် လည်းကောင်း။ ဟိတံ၊ စီးပွား ကို။ ပဋိသေဝမာနော၊ မှီဝဲလျက် လည်းကောင်း။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်။ ဟောတိ၊ ၏။["အသက် ဉာဏ်စောင့်သည်"-ဟူလို။]

စ၊ သည်သာ မကသေး။ ဧတ္ထ၊ တို့တွင်။ အလောဘော၊ သည်။ ဘောဂ-သမ္ပတ္တိယာ၊ စည်းစိမ်၏ ပြည့်စုံခြင်း၏။ ပစ္စယော ဟောတိ။ ဟိ၊ မှန်။ အလုဒ္ဓဿ၊ လောဘမကြီးသူ၏။ စာဂေန၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ကြောင့်။ ဘောဂပဋိလာဘော၊ စည်းစိမ်ကိုရခြင်းသည်။ ဟောတိ၊ ၏။[နောက် နောက်ဘဝ၌ စည်းစိမ်ရသည်—ဟူလို။] အဒေါသော၊ သည်။ မိတ္တသမ္ပတ္တိယာ၊ မိတ်ဆွေ၏ ပြည့်စုံခြင်း၏။ ပစ္စယော ဟောတိ။ (ကသ္မာ။)မေတ္တာယ၊ ကြောင့်။ မိတ္တာနံ၊ မိတ်ဆွေတို့၏။ ဝါ၊ တို့ကို။ ပဋိလာဘတော စေဝ၊ ရခြင်းကြောင့် လည်းကောင်း။ အပရိဟာနတော စ၊ မယုတ်လျော့ခြင်းကြောင့် လည်းကောင်း တည်း။ အမောဟော၊ သည်။ အတ္တသမ္ပတ္တိယာ၊ မိမိ၏ ပြည့်စုံခြင်း၏။(ပစ္စယော ဟောတိ။) ဟိ၊ မှန်။ အမူဠ္ဌော၊ သည်။ အတ္တနော၊ ၏။ ဟိတမေဝ၊ စီးပွား ကိုသာ။ ကရောန္တော၊ ပြုလျက်။ အတ္တာနံ၊ မိမိကို။ သမ္ပာဒေတိ၊ ပြည့်စုံစေ၏။

စ၊ သည်သာ မကသေး။ အလောဘော၊သည်။ ဒိဗ္ဗဝိဟာရဿ၊ ဒိဗ္ဗဝိဟာရ-ဟူသော ဈာန်လေးပါး၏။ ပစ္စယော ဟောတိ။ [ဒိဗ္ဗဝိဟာရဿာတိ စတုန္နံ ဈာနာနံ။ -ဋီကာ။]အဒေါသော၊ ဒေါသ၏ဆန့်ကျင်ဘက်မေတ္တာသည်။ ဗြဟ္မ ဝိဟာရဿ၊ ဗြဟ္မဝိဟာရ၏။ (ပစ္စယော ဟောတိ။) အမောဟော၊ သည်။ အရိယဝိဟာရဿ၊ အရိယာတို့၏ နေကြောင်း ဖလသမာပတ်၏။ (ပစ္စယော ဟောတိ။)[အရိယဝိဟာရော ဖလသမာပတ္တိ။-ဋီကာ။]စ၊ သည်သာ မကသေး။ ဧတ္ထ၊ တို့တွင်။ အလောဘေန၊ ကြောင့်။ သကပက္ခေသု၊ မိမိ၏ အသင်းအပင်း ဖြစ်ကုန်သော။ သတ္တသင်္ခါရေသု၊ သတ္တဝါသင်္ခါရတို့၌။ နိဗ္ဗုတော၊ ငြိမ်းအေး သည်။ ဟောတိ၊(ကသ္မာ။)တေသံ၊ ထို မိမိ၏ အသင်းအပင်းဖြစ်သော သတ္တဝါ သင်္ခါရတို့၏။ ဝိနာသေန၊ ပျက်စီးခြင်းကြောင့်။ အဘိသင်္ဂဟေတုကဿ၊ အလွန်

ကပ်ငြိခြင်းဟူသော အကြောင်းရှိသော။ ဒုက္ခဿ၊ ၏။ အဘာဝေါ၊ မရှိခြင်းကြောင့်တည်း။ အဒေါသေန၊ ကြောင့်။ ပဟပက္ခေသု၊ သူတပါး အသင်းအပင်းဖြစ်ကုန်သော။ (သတ္တသင်္ခါရေသု၊ နိဗ္ဗုတော ဟောတိ။) ဟိ (ကသ္မာ)၊ နည်း။ အဒုဋ္ဌဿ၊ ဒေါသမကြီးသူ၏။ ဝေရီသုပိ၊ ရန်သူတို့၌ သော်မှလည်း။ ဝေရိသညာယ၊ ရန်သူဟူသော အမှတ်သညာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ အမောဟေန၊ ကြောင့်။ ဥဒါသိန ပက္ခေသု၊ အလယ်အလတ် အသင်းအပင်း ဖြစ်ကုန်သော။ ဝါ၊ လျစ်လျူရှုထိုက်သော အသင်းအပင်း ဖြစ်ကုန်သော။ (သတ္တသင်္ခါရေသု နိဗ္ဗုတော ဟောတိ၊ ကသ္မာ။) အမူဋ္ဌဿ၊ ၏။ သဗ္ဗာဘိ သင်္ဂတာယ၊ အလုံးစုံသော သကပက္ခ ပရပက္ခတို့၌ ကပ်ငြိခြင်း ၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

စ၊ သည်သာ မကသေး။ အလောဘေန၊ ကြောင့်။ အနိစ္စဒဿနံ၊ အနိစ္စဟု ရှုခြင်းသည်။ ဟောတိ။ ဟိ၊ မှန်။ လုဒ္ဓော၊ သည်။ ဥပဘောဂါသာယ၊ အသုံးအဆောင်၌ တွယ်တာခြင်းကြောင့်။ အနိစ္စေပိ၊ အနိစ္စလည်း ဖြစ်ကုန်သော။ သင်္ခါရေ၊ တို့ကို။ အနိစ္စတော၊ အားဖြင့်။ န ပဿတိ၊ မရှုနိုင်။ အဒေါသေန၊ ကြောင့်။ ဒုက္ခဒဿနံ၊ ဒုက္ခဟု ရှုခြင်းသည်။ ဟောတိ။ ဟိ၊ မှန်။ အဒေါသဇ္ဈာသယော၊ အဒေါသဟူသော အဇ္ဈာသယရှိသူသည်။ ပရိစ္စတ္တ အာဃာတဝတ္ထုပရိဂ္ဂဟော၊ စွန့်လွှတ်အပ်ပြီးသော အာဃာတဝတ္ထုကို သိမ်းပိုက်ခြင်းရှိသည်။ ဝါ၊ အာဃာတဝတ္ထုကို သိမ်းပိုက်မှုကို စွန့်လွှတ်ပြီးသည်။ (ဟုတ္ဝာ။) သင်္ခါရေယေဝ၊ သင်္ခါရတို့ကိုသာ။ ဒုက္ခတော၊ အားဖြင့်။ ပဿတိ၊ ရှုတတ်၏။ [အာဃာတဝတ္ထုသည် ဒေါသဖြစ်ခြင်း၏ အကြောင်းပင် ဖြစ်သော်လည်း သင်္ခါရဟုရှုသောအခါ ဒေါသ ပြေပျောက်သွားသည်-ဟူလို။] အမောဟေန၊ ကြောင့်။ အနတ္တဒဿနံ။ ဟောတိ၊ ၏။ ဟိ၊ မှန်။ အမူဠှော၊ သည်။ ယာထာဝဂဟဏကုသလော၊ မဖောက်မပြန် ဟုတ်မှန်စွာယူခြင်း၌ ကျွမ်းကျင်သည်။ (ဟုတွာ။) အပရိဏာယကံ၊ ရှေ့ဆောင် အတ္တမရှိသော။ ခန္ဓပဉ္စကံ၊ ခန္ဓာ ၅-ပါး အပေါင်းကို။ အပရိဏာယကတော၊ ရှေ့ဆောင် အတ္တမရှိသည်၏ အဖြစ်ဖြင့်။ ဗုဇ္ဈတိ၊ သိတတ်၏။

စ၊ သည်သာ မကသေး။ ယေဟိ၊ ဤ အလောဘ အဒေါသ အမောဟတို့ကြောင့်။ အနိစ္စဒဿနာဒီနိ၊ အနိစ္စဟု ရှုခြင်း အစရှိသည်တို့သည်။ (ဟောန္တိ)-ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ဧတေပိ၊ ဤ အလောဘ အဒေါသ အမောဟတို့သည်လည်း။ အနိစ္စဒဿနာဒီဟိ၊ အနိစ္စဟု ရှုခြင်း အစရှိသည်တို့ကြောင့်။ ဟောန္တိ။ ဟိ၊ မှန်။ အနိစ္စဒဿနေန၊ အနိစ္စဟု ရှုခြင်းကြောင့်။ အလောဘော၊ သည်။ ဟောတိ။ ဒုက္ခ ဒဿနေန၊ ကြောင့်။ အဒေါသော (ဟောတိ)။

အနတ္တဒဿနေန၊ ကြောင့်။ အမောဟော ဟောတိ။ ကော နာမ၊ အဘယ်မည်သူသည်။ ဣဒံ၊ ဤ ရုပ်နာမ်တရားသည်။ အနိစ္စံ၊ တည်း။ ဣတိ၊ သို့။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ဥတွာ၊ သိပြီ၍။ ဝါ၊ သိပြီးဖြစ်ပါလျက်။ တဿ၊ ထို အနိစ္စဖြစ်သော ရုပ်နာမ်တရား၏။ အတ္ထာယ၊ ငှာ။ ပိဟံ၊ တောင့်တခြင်းကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာပါခတော့အံ့နည်း။ [သို့အတွက်အနိစ္စဟု ရှုခြင်းကြောင့် အလောဘ ဖြစ်နိုင်သည်–ဟူလို။] သင်္ခါရေ၊ တို့ကို။ ဒုက္ခာတိ ဝါ၊ ဟူ၍သော်လည်း။ ဇာနန္တော၊ သိသောပုဂ္ဂိုလ်သည်။ အပရံပိ၊ တပါးလည်းဖြစ်သော။ အစ္စန္တတိခိဏံ၊ အလွန်ထက်မြက်သော။ ကောဓဒုက္ခံ၊ ဒေါသဟူသော ဒုက္ခကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာပါတော့အံ့နည်း။ [သို့အတွက် ဒုက္ခဟု ရှုခြင်းကြောင့် အဒေါသ ဖြစ်နိုင်သည်–ဟူလို။] (သင်္ခါရေသု၊ တို့၌။) အတ္တသုညတဉ္စ၊ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကိုလည်း။ ဗုဇ္ဈိတွာ၊ သိပြီး၍။ ဝါ၊ သိပြီးပါလျက်။ ပုန၊ တဖန်။ သမ္မောဟံ၊ လွန်စွာတွေဝေခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ရာပါတော့အံ့နည်း။ [သို့အတွက် အနတ္တဟု ရှုခြင်းကြောင့် အမောဟ ဖြစ်သည်–ဟူလို။] ဣတိ၊ ဤတွင် အလောဘ အဒေါသ အမောဟ အဖွင့် အပြီးတည်း။

ကမ္မပထရာသိအဖွင့်

[မူလရာသိကို ဖွင့်ပြပြီး၍၊ ကမ္မပထရာသိကို ဖွင့်ပြလိုသောကြောင့်၊ "နာဘိဇ္ဈာယတိ" စသည်ကို မိန့်။]

(ယာ ဓမ္မဇာတိ။) နာဘိဇ္ဈာယတိ၊ ရှေးရှု မကြံတတ်။ ဣတိ၊ ကြောင့်။ (သာ ဓမ္မဇာတိ။) အနဘိဇ္ဈာ၊ မည်၏။ (ယော သဘာဝေါ။) ကာယိကစေတသိကသုခံ၊ မိမိ သူတပါး ၂-ဦးသားတို့၏ ကာယိကသုခ စေတသိက သုခကိုလည်းကောင်း။ ဣဓလောက ပရလောကဟိတံ၊ ဤလောက၌ ဖြစ်သော စီးပွား နောက်လောက၌ ဖြစ်သော စီးပွားကိုလည်းကောင်း။ ဂုဏာနုဘာဝပဋိလဒ္ဓံ၊ ဂုဏ်၏အာနုဘော်ကြောင့် ရအပ်သော။ ကိတ္တိသဒ္ဒဉ္စ၊ ကျော်စောသံကိုလည်းကောင်း။ န ဗျာပါဒေတိ၊ ဖောက်ပြန်ခြင်းသို့ မရောက်စေတတ်။ ဝါ၊ မဖျက်ဆီးတတ်။ ဣတိ၊ ကြောင့်။ (သော သဘာဝေါ။) အဗျာပါဒေါ၊ မည်၏။ (ယာ ဓမ္မဇာတိ။) သမ္မာ၊ ကောင်းစွာ။ ဝါ၊ မဖောက်မပြန်။ ပဿတိ၊ မြင်တတ်၏။ (ဣတိ၊ ကြောင့်။ သာ ဓမ္မဇာတိ။ သမ္မာဒိဋ္ဌိ၊ မည်၏။) ဝါ၊ တနည်း။ သောဘနာ၊ တင့်တယ်သော။ ဒိဋ္ဌိ၊ ဒိဋ္ဌိတည်း။ ဣတိ၊ ကြောင့်။ သမ္မာဒိဋ္ဌိ၊ မည်၏။ ဣတိ၊ သို့။ တာနိ နာမာနိ၊ ထို အနဘိဇ္ဈာ အဗျာ–

ပါဒ သမ္မာဒိဋ္ဌိဟူသော အမည်တို့သည်။ အလောဘာဒီနံ ယေဝ၊အလောဘ အစရှိသည်တို့၏ သာလျှင်။ (နာမာနိ။) [အလောဘကို "အနဘိဇ္ဈာ" ဟု လည်းကောင်း၊ အဒေါသကို "အဗျာပါဒ" ဟု လည်းကောင်း၊ အမောဟကို "သမ္မာဒိဋ္ဌိ" ဟု လည်းကောင်း ခေါ်သည်။] ပန၊ ထိုသို့အလောဘ စသည်တို့၏ အမည် ဖြစ်ပါသော်လည်း။ ဟေဋ္ဌာ၊ ၌။ တေ ဓမ္မာ၊ ဤ အလောဘ-အစရှိသော တရားတို့ကို။ မူလဝသေန၊ မူလ၏ အဖြစ်ဖြင့်။ ဂဟိတာ၊ ယူအပ်ကုန်ပြီ။ ဣဓ၊ ဤ နေရာ၌။ ကမ္မပထဝသေန၊ ကမ္မပထအဖြစ်ဖြင့်။ ဂဟိတာ၊ ကုန်ပြီ။ ဣတိ။ ဝေဒိတဗ္ဗာ၊ ကုန်၏။

လောကပါလဒုကအဖွင့်

[လောကပါလ-ဒုက်ကို ဖွင့်ပြလိုသောကြောင့် "ဟိရောတ္တပ္ပာနိပိ" ဟု မိန့်သည်။]

ဟိရောတ္တပ္ပာနိပိ၊ ဟိရိဩတ္တပ္ပတို့ကိုလည်း။ ဟေဋ္ဌာ၊ ၌။ ဗလဝသေန၊ ဖြင့်။ ဂဟိတာနိ၊ ကုန်ပြီ။ ["ဟိရိဗလ ဩတ္တပ္ပဗလ" အဖြစ်ဖြင့် ယူခဲ့သည်-ဟူလို။] ဣဓ၊ ဤနေရာ၌။ လောကပါလဝသေန၊လောကပါလ၏ အဖြစ်ဖြင့်။(ဂဟိတာနိ။) ဟိ၊ မှန်။ လောကံ၊ သတ္တလောကကို။ ဒွေ၊ ကုန်သော။ ဣမေ ဓမ္မာ၊ ဤဟိရိဩတ္တပ္ပ တရားတို့သည်။ပါလယန္တိ၊စောင့်ရှောက်တတ်ကုန်၏။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း။ ဒွေ မေ။ပ။ဒါရာတိဝါတိ၊ ဟူ၍။အာဟ။

> [ဘိက္ခဝေ၊ တို့။ ဒွေ၊ ကုန်သော။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေ ဓမ္မာ၊ တို့သည်။ လောကံ၊ ကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ ဒွေ၊ ၂-ပါးတို့သည်။ ကတမေ၊ အဘယ်တို့နည်း။ ဟိရီ စ၊ လည်းကောင်း။ ဩတ္တပ္ပဉ္စ၊ လည်းကောင်းတည်း။ဘိက္ခဝေ၊ တို့။ ဒွေ သုက္ကာ။ ဣမေ ဓမ္မာ၊ တို့သည်။ ("ပါလေန္တိ၊ ဘိက္ခဝေ ဒွေ သုက္ကာ ဓမ္မာ လောကံ" ဟု ရှိသည်ကား ပါဠိဖိုတည်း။) လောကံ၊ ကို။ သစေ န ပါလေယျုံ၊ အကယ်၍ မစောင့်ရှောက်ကုန်အံ့။ (ဧဝံ သတိ။) ဣဓ၊ ဤ လောက၌။ မာတာတိ ဝါ၊ အမိဟူ၍လည်းကောင်း။ မာတုစ္ဆာတိ ဝါ၊ မိကြီး မိထွေး ဟူ၍လည်းကောင်း။ မာတုလာနီတိ ဝါ၊ ဦးရီး ဦးလေး၏ မယားဟူ၍လည်းကောင်း။အာစရိယဘရိယာတိ ဝါ၊ ဆရာကတော် ဟူ၍လည်းကောင်း။ ဂရူနံ၊ သိက္ခာတင်ပေးသော ပုဏ္ဏားဆရာကြီးတို့၏။ ဒါရာတိ ဝါ၊ ဆရာကတော်တို့ ဟူ၍ လည်းကောင်း။ န ပညာ-ယေျထ၊ မထင်ရှားတော့ရာ။ အဇေဠ[illegible]။ပ။သိင်္ဂါလာ၊ဆိတ်,သိုး,ကြက်

ဝက်၊ အိမ်ခွေး၊ တောခွေးတို့သည်။ (သမ္ဘေဒံ၊ ရောစပ်ခြင်းသို့။ အာ–ဂစ္ဆန္တိ) ယထာ၊ ရောက်ကုန်သကဲ့သို့။ (တထာ။) လောကော၊ သတ္တ–လောကသည်။ သမ္ဘေဒံ၊ သို့။ အာဂမိဿတိ၊ ရောက်တော့လတ္တံ့။ ("အာဂမိဿ၊ ရောက်ရာ၏" ဟုလည်း မူကွဲရှိ၏။ အဖေဆိတ် အမေဆိတ်နှင့် သားဆိတ် သမီးဆိတ်တို့ မေထုန်မှီဝဲသောအားဖြင့် ရောစပ်ကြသကဲ့သို့၊ ထို့အတူ အဖေနှင့် သမီးစသည်တို့ မေထုန်မှီဝဲသောအားဖြင့် ရောစပ်ကြလိမ့်မည်–ဟူလို။) ဘိက္ခဝေ၊ တို့။ စ ခေါ၊ အနွယ ကား။ ယသ္မာ၊ ကြောင့်။ ပ။ ပါလေန္တိ၊ တသ္မာ–ထိုသို့ ဤတရား ၂–ပါး၏ လောကကို စောင့်ရှောက်ခြင်းကြောင့်။ မာတာတိ ဝါ၊ ဟူ၍လည်းကောင်း။ ပ။ ဒါရာတိ ဝါ၊ ဟူ၍လည်းကောင်း။ ပညာယတိ၊ ထင်ရှား၏။–(ဒုက–အင်္ဂုတ္တိုရ်၊ ကမ္မကရဏ–ဝဂ်။)]

ပဿဒ္ဓါဒိယုဂလအဖွင့်

[လောကပါလတရားတို့ကို ဖွင့်ပြပြီး၍၊ ပဿဒ္ဓါဒိယုဂလ တရားတို့ကို ဖွင့်ပြလိုသောကြောင့် "ကာယဿ ပဿမ္ဘနံ" စသည် မိန့်။]

ကာယဿ၊ စေတသိက်အပေါင်း၏။ ပဿမ္ဘနံ၊ ကိလေသာ အပူဝေး၍ ငြိမ်းအေးခြင်းတည်း။ ကာယပဿဒ္ဓိ၊ စေတသိက် အပေါင်း၏ ငြိမ်းအေးခြင်း။ စိတ္တဿ၊ ၏။ ပဿမ္ဘနံ၊ တည်း။ စိတ္တပဿဒ္ဓိ။ စ၊ ဆက်။ တွေ၊ ဤ ကာယ–ပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဟူသောပါဋ္ဌ်၌။ ကာယောတိ၊ ကာယော ဟူသည်ကား။ ဝေဒနာဒယော၊ ဝေဒနာ အစရှိကုန်သော။ တယော၊ ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့တည်း။ ပန၊ ဆက်။ (တနည်း) ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျတ္ထကား။ ဥဘောပိ၊ ၂–ပါးလည်း ဖြစ်ကုန်သော။ ဧတာ ကာယစိတ္တပဿဒ္ဓိယော၊ တို့သည်။ ["ကာယစိတ္တပဿဒ္ဓိယော" ကား နောက်မှထည့်ပါဌ် ဖြစ်ဟန်တူ၏။] ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ၍။ [ကာယ စိတ္တ ၂–ပါးစုံကို တပေါင်းတည်းပြု၍–ဟူလို။ "ဧကတော ဟုတွာ" ဟု ရှိလျှင် သာ၍ကောင်းသည်။] ကာယ။ ပ။ လက္ခဏာ၊ စေတသိက်အပေါင်း စိတ်တို့၏ ပူလောင်ကြောင်းဖြစ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာ အပူတို့၏ ငြိမ်းအေးခြင်း လက္ခဏာရှိကုန်၏။ ကာယစိတ္တဒရထ နိမ္မဒ္ဒနရသာ၊ စေတသိက်အပေါင်းတို့၏ ပူလောင်ကြောင်းဖြစ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို နှိမ်နင်းခြင်းကိစ္စ ရှိကုန်၏။ ကာယစိတ္တာနံ၊ စေတသိက်အပေါင်း စိတ်တို့၏။ အပရိပ္ဖန္ဒသီတိဘာဝပစ္စုပဋ္ဌာနာ၊ မတုန်လှုပ်ကုန်သည်၏ အဖြစ် ငြိမ်းအေးကုန်သည်၏ အဖြစ်ဖြင့် ယောဂီတို့။ ပ။

ထင်လာကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ စေတသိက်အပေါင်း စိတ်ဟူသော နီးစွာ သောအကြောင်းရှိကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ အဝူပသမ။ပ။ဘူတာ၊ မငြိမ် သက်ကုန်သည်၏ အဖြစ်ကို ပြုတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏။ ဝါ၊ မငြိမ်သက်ကုန်သည်၏အဖြစ်ကို ပြုတတ် သော ဥဒ္ဓစ္စအစရှိသော ကိလေသာတို့၏ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။[အာဒိသဒ္ဒါသည် ပဓာနအနက်၊ ကောဋ္ဌ (အစွန်းအစ) အနက် ၂-မျိုးကို ဟော၏။ နောက်လည်း နည်းတူ။]

ကာယဿ၊ ၏။ လဟုဘာဝေါ၊ လျင်မြန် ပေါ့ပါးသည်၏ အဖြစ်တည်း။ ကာယလဟုတာ၊ အဖြစ်။ စိတ္တဿ၊ ၏။ လဟုဘာဝေါ၊ တည်း။ စိတ္တလဟုတာ အဖြစ်။ တာ၊ ထိုကာယလဟုတာ စိတ္တလဟုတာတို့သည်။ ကာယ။ပ။လက္ခဏာ၊ စေတသိက်အပေါင်း စိတ်တို့၏ လေးလံကုန်သည်၏ ဖြစ်ကြောင်းဖြစ်ရာ ထိနမိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့၏ ငြိမ်းအေးခြင်း လက္ခဏာရှိကုန်၏။ ကာယ။ပ။ ရသာ၊ စေတသိက်အပေါင်း စိတ်တို့၏ လေးလံကုန်သည်၏ ဖြစ်ကြောင်းဖြစ်ရာ ထိန မိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့ကို နှိမ်နင်းခြင်းကိစ္စ ရှိကုန်၏။ ကာယ- စိတ္တာနံ၊ တို့၏။ အဒန္ဓတာပစ္စုပဋ္ဌာနာ၊ မနှံ့နှေးကုန်သည်၏ အဖြစ်ဖြင့်ယောဂီ တို့။ပ။ကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ။ ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ ဂရုဘာဝ ။ပ။ဘူတာ၊ လေးလံကုန်သည်၏ အဖြစ်ကို ပြုတတ်သောထိန မိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏။

ကာယဿ၊ ၏။ မုဒုဘာဝေါ၊ နူးညံ့သည်၏ အဖြစ်တည်း။ ကာယမုဒုတာ၊ အဖြစ်။ပ။တာ၊ ထို ကာယမုဒုတာ စိတ္တမုဒုတာတို့သည်။ ကာယ။ပ။လက္ခဏာ၊ စေတသိက်အပေါင်း စိတ်တို့၏ ခက်ထန်ကုန်သည်၏ အဖြစ်၏ ငြိမ်းအေးခြင်း ။ပ။ကုန်၏။ ကာယစိတ္တ။ပ။နိမ္မဒ္ဒနရသာ၊ စေတသိက်အပေါင်း စိတ်တို့၏ ခက် ထန်ကုန်သည်၏ ဖြစ်ကြောင်းဖြစ်ရာ ဒိဋ္ဌိ မာန ပြဋ္ဌာန်းသော ကိလေသာတို့ကို နှိမ်နင်းခြင်းကိစ္စ ရှိကုန်၏။ အပ္ပဋိဃာတပစ္စုပဋ္ဌာနာ၊ မထိပါးတတ်သော တရားဟု ယောဂီတို့။ပ။ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ ထဒ္ဓ။ပ။ဘူတာ၊ ခက် ထန်ကုန်သည်၏ အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ မာန ပြဋ္ဌာန်းသော ကိလေသာ တို့၏ ဆန့်ကျင်ဘက်။ပ။ကုန်၏။ ဣတိ ဒဋ္ဌဗ္ဗာ။

ကာယဿ၊ ၏။ ကမ္မညဘာဝေါ၊ ကောင်းသောအမှု၌ ခံ့သည်၏အဖြစ် တည်း။ ကာယကမ္မညတာ၊ ဖြစ်။ စိတ္တဿ၊ ၏။ ကမ္မညဘာဝေါ၊ တည်း။ စိတ္တကမ္မညတာ။ တာ၊ ထို ကာယကမ္မညတာ စိတ္တကမ္မညတာ တို့သည်။ ကာယ ။ပ။လက္ခဏာ၊ စေတသိက်အပေါင်း စိတ်တို့၏ ကောင်းသောအမှု၌ မခံ့ကုန် သည်၏ ဖြစ်ကြောင်းဖြစ်ရာ ဥဒ္ဓစ္စ-စသည်မှ ကြွင်းသော နီဝရဏတို့၏ ငြိမ်း

အေးခြင်း။ ပ။ ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ အကမ္မညာ။ ပ။ ရသာ၊ ကောင်းသောအမှု၌ မခံ့ကုန်သည်၏ ဖြစ်ကြောင်းဖြစ်ရာ ဥဒ္ဒစ္စ-စသည်မှ ကြွင်းသော နီဝရဏတို့ကို နှိမ်နင်းခြင်း ကိစ္စရှိကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ အာရမ္မဏ ။ပ။ပဋ္ဌာနာ၊ အာရုံပြုခြင်း၏ ပြည့်စုံကြောင်းတရား ဟု ယောဂီတို့။ ပ။ ကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ အကမ္မညာ။ ပ။ ဘူတာ၊ ကောင်းသောအမှု၌ မခံ့ကုန်သည်၏ အဖြစ်ကို ပြုတတ်သော ဥဒ္ဒစ္စ-စသည်မှ ကြွင်းသော နီဝရဏတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏။ ဣတိ ဒဋ္ဌဗ္ဗာ။ [ရှေး၌ ဥဒ္ဒစ္စဖြင့် ကုက္ကုစ္စကိုပါယူ။ ကာမစ္ဆန္ဒ-စသည်ကို "အဝသေသ နီဝရဏ" ဟု ဆိုသည်။]

တာ၊ ထို ကာယကမ္မညတာ စိတ္တကမ္မညတာတို့သည်။ ပသာဒနီယဝတ္ထူသု၊ ကြည်ညိုဖွယ်ဝတ္ထုတို့၌။ ပသာဒါဝဟာ၊ ကြည်ညိုခြင်းကို ဆောင်တတ်ကုန်၏။ သုဝဏ္ဏဝိသုဒ္ဓိ ဝိယ၊ အလွန် သန့်ရှင်းစင်ကြယ်သော ရွှေကဲ့သို့။ ဟိတကြိယာသု၊ စီးပွားကိုပြုခြင်းတို့၌။ ဝိနိယောဂက္ခမဘာဝါဝဟာ၊ ယှဉ်စပ်သုံးစွဲမှု၌ ခံ့သည်၏ အဖြစ်ကို ဆောင်တတ်ကုန်၏။ ဣတိ ဒဋ္ဌဗ္ဗာ။ [လှော်ပြီး ဦးပြီးသော ရွှေသည် ပုတီး နားတောင်းစသော တန်ဆာပြုမှုတို့၌ သုံးစွဲခြင်းငှာ သင့်လျော်သကဲ့သို့၊ ကောင်းသောကိစ္စတို့၌ စိတ် စေတသိက်များကို ယှဉ်စပ် သုံးစွဲခြင်းငှာ သင့်လျော်အောင် ရွက်ဆောင်တတ်ကြသည် ဟူလို။]

ကာယဿ၊ ၏။ ပါဂုညဘာဝေါ၊ ပြွမ်းတီးလေ့လာ မကျင်နာသည်၏ အဖြစ်တည်း။ ကာယပါဂုညတာ၊ အဖြစ်။ စိတ္တဿ၊ ၏။ ပါဂုညဘာဝေါ၊ တည်း။ စိတ္တပါဂုညတာ။ တာ၊ ထို ကာယပါဂုညတာ စိတ္တပါဂုညတာတို့သည်။ ကာယစိတ္တာနံ၊ တို့၏။ အဂေလည ဘာဝလက္ခဏာ၊ မကျင်နာကုန်သည်၏အဖြစ် ဟူသော လက္ခဏာရှိကုန်၏။ ကာယ။ ပ။ ရသာ၊ စေတသိက်အပေါင်း စိတ်တို့၏ ကျင်နာကုန်သည်၏အဖြစ်ကို နှိမ်နင်းခြင်း ကိစ္စရှိကုန်၏။ နိရာဒီနဝ ပစ္စုပဋ္ဌာနာ၊ အပြစ်မရှိသောတရား ဟု ယောဂီတို့။ ပ။ ကုန်၏။ ကာယစိတ္တ ပဒဋ္ဌာနာ၊ ကုန်၏။ ကာယ။ ပ။ ဘူတာ၊ စေတသိက်အပေါင်း စိတ်တို့၏ ကျင်နာကုန်သည်၏အဖြစ်ကို ပြုတတ်သော အဿဒ္ဓိယ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ ဖြစ်ကုန်၏။ ဣတိ ဒဋ္ဌဗ္ဗာ။

ကာယဿ၊ ၏။ ဥဇုကဘာဝေါ၊ ဖြောင့်မတ်သည်၏ အဖြစ်တည်း။ ကာယုဇုကတာ၊ အဖြစ်။ စိတ္တဿ၊ ၏။ ဥဇုကဘာဝေါ၊ တည်း။ စိတ္တုဇုကတာ။ တာ၊ ထို ကာယုဇုကတာ စိတ္တုဇုကတာတို့သည်။ ကာယစိတ္တာနံ၊ တို့၏။ အဇ္ဇဝ လက္ခဏာ၊ ဖြောင့်မတ်ကုန်သည်၏ အဖြစ်ဟူသော လက္ခဏာရှိကုန်၏။ ကာယ ။ပ။ ရသာ၊ စေတသိက်အပေါင်း စိတ်တို့၏ ကောက်ကျစ်ကုန်သည်၏ အဖြစ်ကို

နှိမ်နင်းခြင်း ကိစ္စရှိကုန်၏။ အဇ္ဈတ္တပစ္စုပဋ္ဌာနာ၊ မတောက်ကျစ်ကုန်သည်၏ အဖြစ်ဖြင့် ယောဂီတို့။ပ။ထင်လာကုန်၏။ ကာယစိတ္တ ပဒဋ္ဌာနာ၊ ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ ကုက္ကုလ။ပ။ဘူတာ၊ ကောက်ကျစ်ကုန်သည်၏ အဖြစ်ကို ပြုတတ်သော မာယာ သာဌေယျ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏။ ဣတိ ဒဋ္ဌဗ္ဗာ။ [ဤ ကာယပဿဒ္ဓိ-စသည်တို့၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ အပြည့်အစုံ ပြထားပြီ။]

(ယာ ဓမ္မဇာတိ။) သရတိ၊ ဘုရား အစရှိသောအာရုံကို အမှတ်ရတတ်၏။ ဣတိ၊ ကြောင့်။(သာ ဓမ္မဇာတိ။) သတိ၊မည်၏။ (ယံဓမ္မဇာတံ။)သမ္မဇာနာတိ၊ ထက်ဝန်းကျင် အပြားတို့ဖြင့် သိတတ်၏။ ဣတိ၊ ထိုသို့ ထက်ဝန်းကျင် အပြား တို့ဖြင့် သိတတ်သည်၏ အဖြစ်ကြောင့်။ (တံ ဓမ္မဇာတံ။)သမ္ပဇညံ[၁]၊ သမ္ပဇည မည်၏။ သမန္တတော၊ ထက်ဝန်းကျင်၌။ ပကာရေဟိ၊ အပြားတို့ဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိ အတ္ထော၊ နက်။ ပန၊ ဆက်။ သာတ္ထကသမ္ပဇညံ၊ သာတ္ထကသမ္ပဇညလည်းကောင်း။ သပ္ပာယသမ္ပဇညံ၊လည်းကောင်း။ ဂေါစရ-သမ္ပဇညံ၊ လည်းကောင်း။ အသမ္မောဟသမ္ပဇညံ၊ လည်းကောင်း။ ဣတိ၊ သို့။ စတုန္နံ၊ ကုန်သော။ ဣမေသံ၊ ဤ သမ္ပဇညတို့၏။ ဝသေန ဖြင့်။ အဿ၊ ထို သမ္ပဇည၏။ ဘေဒေါ၊ အပြားကို။ ဝေဒိတဗ္ဗော။ [သမ္ပဇည ၄-ပါးတို့၏ သဘောကို ဋီကာ၌ ရှုပါ။ ထိုထက်အကျယ်ကို သီလက္ခန်အဋ္ဌကထာ သာမည ဖလသုတ်အဖွင့်၌ ရှုပါ။] စ၊ ဆက်။ တေသံ၊ ထို **သ**တိ သမ္ပဇညတို့၏။လက္ခဏာ ဒီနိ၊ တို့ကို။ သတိန္ဒြိယပညိန္ဒြိယေသု၊ တို့၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာ။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဣတိ၊ ဤသို့လျှင်။ ဟေဋ္ဌာ၊ ၌။ ဝုတ္တမေဝ၊ ဟောတော်မူအပ်ပြီးသည်သာလျှင် ဖြစ်သော။ တံ ဓမ္မဒ္ဝယံ၊ ထို သတိ ပညာ တရားနှစ်ပါးအပေါင်းကို။ ပုန၊ တဖန်။ ဣမသ္မိံ ဌာနေ၊ ဤ အရာ၌။ ဥပကာရဝသေန၊ လျော်သောကျေးဇူးကို ပြုတတ်သည်၏ အစွမ်းဖြင့်။

၁။ သမ္ပဇညံ ။သံကို "သမန္တတော"ဟု လည်းကောင်း၊ ပကို "ပကာရေဟိ" ဟုလည်းကောင်း ဖွင့်သည်။ သိသင့်သမျှ အာရုံအားလုံးကို အမျိုးမျိုးအဖုံဖုံ စုံအောင် သိနိုင်သည်--ဟူလို၊ တရားကိုယ်မှာ ပညာပင်တည်း။ "ဇာနာတိ"ဟု ကတ္တုသာဓ ဝစနတ္ထပြုသောကြောင့် သံ-ရှေး ပ-ရှေးရှိသော ဉာဓာတ်၊ ကိယာဒိ-နာပစ္စည်းဖြင့် "သမ္ပဇာနာ"ဟု ဖြစ်ပြီးနောက် ကိတ်ဏျပစ္စည်းသက်၍ ချကို ဥ ပြု၊ ဒွေဘော်သာပြီးလျှင် ဇာ၌ ရဿပြု၊ ဏျပစ္စည်းကို "ကတ္တားဟော"ဟု ကြံပါ။ အခြားနေရာ၌ကား သဘော သမ္ပဇာနော စသည်ဖြင့် သမ္ပဇာနပုဒ်က ပုဂ္ဂိုလ်ကိုဟော၍ "သမ္ပဇာနဿ+ ဘာဝေါ သမ္ပဇညံ"ဟု ပြုရသည်။ ဋီကာ၌ "သမံ သမန္တတော ပကာရေဟိ ဇာနနံ သမ္ပဇညံ"ဟု ဘာဝသာဓန တနည်းပြထား၏။

ဂဟိတံ၊ ယူတော်မူအပ်ပြီ။[ဤ တရား ၂-ပါးသည် ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီတိုင်းအား ကျေးဇူးများသောကြောင့် ထပ်၍ ယူအပ်သည်-ဟူလို။]

(ယော သဘာဝေါ။) ကာမစ္ဆန္ဒာဒယော၊ အငရှိကုန်သော။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင်ဘက် တရားတို့ကို။သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိ၊ ထိုသို့ကာမစ္ဆန္ဒ-အစရှိသော ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေတတ်သည်၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) သမထော၊ မည်၏။ (ယာ ဓမ္မဇာတိ။)အနိစ္စာဒိဝသေန၊ အနိစ္စ-အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဝိဝိဓေဟိ၊ အထူးထူး အပြားပြားကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။[အနိစ္စ,ဒုက္ခ,အနတ္တကိုပင်"ဝိဝိဓအာကာရ"ဟု ဆိုသည်။] ဓမ္မေ၊ တေဘူမက တရားတို့ကို။ ပဿတိ၊ ရှုတတ်၏။ ဣတိ၊ ထိုသို့ အနိစ္စ-အစရှိသော အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့် တေဘူမက တရားတို့ကို ရှုတတ်သည်၏ အဖြစ်ကြောင့်။(သာ ဓမ္မဇာတိ။) ဝိပဿနာ၊မည် ၏။ သော။ ဤ ဝိပဿနာသည်။ အတ္ထတော၊ အနက် တရားကိုယ်အားဖြင့်။ ပညာဝ၊ ပညာပင်တည်း။ဒွိန္နံ၊ ကုန်သော။ ဣမေသမ္ပိ၊ ဤ သမထ ဝိပဿနာ တရားတို့၏လည်း။ လက္ခဏာဒီနိ၊ တို့ကို။ ဟေဋ္ဌာ၊ ၌။ ဝုတ္တာနေဝ၊ ဆိုအပ်ကုန် ပြီးသည်သာ။ ပန၊ ထိုသို့ပင် အောက်၌ ဟောတော်မူအပ်ပါကုန်သော်လည်း။ ဣဓ၊ ဤနေရာ၌။ တေ၊ ဤ သမထ ဝိပဿနာ တရားတို့ကို။ ယုဂနဒ္ဓဝသေန[၁]၊ အစုံဖွဲ့အပ်သော တရားတို့၏ အစွမ်းဖြင့်။ ဂဟိတာ၊ ကုန်ပြီ။

(ယော သဘာဝေါ။)သဟဇာတဓမ္မေ၊ တို့ကို။ ပဂ္ဂဏှာတိ၊ချီးမြှောက်၏။ ဣတိ၊ ထိုသို့ တကွဖြစ်ဖက်တရားတို့ကို ချီးမြှောက်တတ်သည်၏ အဖြစ်ကြောင့်။ (သော သဘာဝေါ။) ပဂ္ဂါဟော၊ မည်၏။[တရားကိုယ်မှာ ဝီရိယပင်တည်း။]

၁။ ယုဂနဒ္ဓဝသေန။ ယုဂေ၊ ထမ်းပိုး၌။ နဒ္ဓာ၊ ဖွဲ့အပ်သော အာဇာနည်မြင်း တို့တည်း။ ယုဂနဒ္ဓာ၊ တို့။ အာဇာနည်မြင်းတို့သည် တစီးကိုတစီးက မလွန်ပဲ အချင်းချင်း ကျေးဇူးပြုကာ အညီအမျှ ထမ်းပိုးကို ယမ်းဆောင်ကြသကဲ့သို့၊ ထို့အတူ သမထ ဝိပဿနာတရားတို့လည်း ကမ္မဋ္ဌာန်းအာရုံတခု၌ အချင်းချင်း လွန်ဟက်၍မသွားပဲ အညီ အမျှ အာရုံပြုကြရသည်။ [သမံ ပဝတ္တာတိ အညမညာနတိဝတ္တနေန သမံ။ပ။ပဝတ္တာ။-အနုဋီကာ။] နဒ္ဓာ၌ နဟ-ဗန္ဓနေဟူသော ဓာတ်၊ တ-ပစ္စည်း၊ သိနိဟ-မှ သိနိဒ္ဓဖြစ်သကဲ့ သို့တည်း။ အချို့စာအုပ်များ၌ "ယုဂနန္ဓာ"ဟု ရှိ၏၊ ယိုပါင်၌ နန္ဓဓာတ်ယည်း ဖွဲ့ခြင်း အနက်ဟောပင်၊ အ-ပစ္စည်းဟု ကြံပါ။

အနုဋီကာ။ ။အညမညသဟာယဘာဝူပဂမနေန ယောဂိနော မနောရထဓုရာ-ကဍ္ဎနေ (စိတ်တည်းဟူသော ရထားထမ်းပိုးကို ဆွဲငင်ခြင်း၌) ရထဓုရာကဍ္ဎနေ ဝိယ အာဇာနေယျယုဂေါ ယုဂလကော ဟုတွာ အညမညာနတိဝတ္တမာနေန နဒ္ဓာ ဗဒ္ဓာ ဝိယာတိ ဝါ ယုဂနဒ္ဓာ၊ဤသို့လည်းဖွင့်သေး၏။ ဤအလို"ယုဂေါ၊အစုံသည် (ဟုတွာ။) ဗဒ္ဓာ၊ ဖွဲ့အပ်သော တရားတို့တည်း။ ယုဂနဒ္ဓာ၊ တို့"ဟု ပြုပါ။

ဥဒ္ဒစ္စသဟဂတသ၊ သော။ ဝိဂစ္ဆပသ၊ သမ္ပယုတ်တရားတို့ကို အထူးထူး အပြား
ပြား ပစ်လွှင့်တတ်သောတရား၏။ ပဋိပက္ခဘာဝတော၊ ဆန့်ကျင်ဘက်၏အဖြစ်
ကြောင့်။ ဝိက္ခေပေါ၊ ဝိက္ခေပသည်။ န၊ မဟုတ်။ ဣတိ၊ ကြောင့်။ အဝိက္ခေ-
ပေါ၊ မည်၏။[အ သဒ္ဒါသည် ပဋိပက္ခအနက်ဟော။ တရားကိုယ်မှာ သမာဓိပင်
တည်း။]ဧတေသံပိ၊ ဤ ပဂ္ဂါဟ အဝိက္ခေပ တို့၏လည်း။[ပိဖြင့် သတိ သမ္ပဇည
ကို ပေါင်း။]လက္ခဏာဒီနိ၊တို့ကို။ဟေဋ္ဌာ။ဝုတ္တာနေဝ၊ဆိုအပ်ကုန်ပြီးသည်သာ။
ပန၊ ထိုသို့ပင် အောက်၌ ဟောတော်မူအပ်ပြီး ဖြစ်ပါကုန်သော်လည်း။ဣဓ၊
ဤနေရာ၌။ ဧတံ ဒွယံ၊ ဤ ပဂ္ဂါဟ အဝိက္ခေပ ၂-ပါးအပေါင်းကို။ ဝီရိယ
သမာဓိယောဇနတ္ထာယ[၁]၊ ဝီရိယ သမာဓိတို့ကို ယှဉ်စေရပုံကို ပြခြင်းအကျိုးငှာ။
ဂဟိတံ၊ ထပ်၍ ယူတော်မူအပ်ပြီ။ ဣတိ ဝေဒိတဗ္ဗံ။

ယေဝါပနကဘာဇနီ

ယေဝါပန။ပ။ကုသလာ’တိ၊ ကား။ ဖဿော ဟောတိ။ပ။အဝိက္ခေပေါ
ဟောတီတိ၊ဟူ၍။ကေဝလံ၊ယေဝါပနက ဟုရားမဖက်သက်သက်။ပဒပဋိပါဠိ-

၁။ ဝီရိယသမာဓိယောဇနတ္ထာယ။ ။သမ္မကုသလမဓမ္မေသု လီနုဒ္ဓစ္စာဘာဝေါ ဧတေဟိ
ဋ္ဌိဟိ သမံ ယုဂ္ဂေဟိ ဝီရိယသမာဓိယောဇနတ္ထာယာတိ အာဟ၊ ယောဂဝစန-
တ္ထာယာတိ အတ္ထော–အလုံးစုံသော ကုသိုလ်တရားတို့၌ တွန့်ဆုတ်ခြင်း၊ ပျံ့လွင့်ခြင်း
၏ မရှိမှုသည် အညီအမျှ ယှဉ်ကြကုန်သော ဤ ဝီရိယ သမာဓိ ၂-ပါးတို့ကြောင့်
ဖြစ်၏။ ထို့ကြောင့်“ဝီရိယသမာဓိယောဇနတ္ထာယ”ဟု သင်္ဂဟအဋ္ဌကထာဆရာ ဆို
သည်။–ဋီကာ။ဤဋီကာ၌ ယောဇနတ္ထာယ ကို“ယောဂဝစနတ္ထာယ”ဟု အဓိပ္ပာယ်
ဖွင့်၏။“ယောဇနတ္ထာယ၊ ယှဉ်စပ်စေရပုံကို ပြဆိုခြင်းအကျိုးငှာ”ဟု ပေးပါ။ ဘုရားရှင်
က ယှဉ်စေပုံကိုသာ ပြတော်မူ၏၊ ယှဉ်စေသောပုဂ္ဂိုလ်ကား ယောဂီပုဂ္ဂိုလ်တည်း။“ဝီရိယ
သမာဓိတို့၏ ထိုထိုကုသိုလ်ကိစ္စ၌ အညီအမျှ ယှဉ်ကြရပုံကိုဆိုခြင်း (ယှဉ်စေရသည်ဟု
နားလည်စေခြင်း)အကျိုးငှာ ဤပဂ္ဂါဟ အဝိက္ခေပ ၂-ပါးကို ထပ်၍ ဘုရားရှင်ယူတော်
မူသည်”ဟု အဓိပ္ပာယ်မှတ်ပါ။

မှန်၏၊ ဝီရိယနှင့် သမာဓိ သည်းအညီအမျှ ယှဉ်ကြရသော တပါးကို တပါးက မလွန်
ရသော တရားပင်တည်း။ “ဝီရိယလွန်တော့ ဥဒ္ဓစ္စ၊ သမာဓိလွန်တော့ ကောသဇ္ဇ” ဟု
ရှေးဆရာတို့ ဆိုရိုးအတိုင်း ဝီရိယလွန်၍ သမာဓိလျော့နေလျှင် ဥဒ္ဓစ္စဖြစ်တတ်၏။ သမာဓိ
လွန်၍ ဝီရိယလျော့နေလျှင်လည်း ကောသဇ္ဇဖြစ်၍ တွန့်ဆုတ်နေတတ်၏။ ဤတရား
၂–ပါးသည် အညီအမျှ ယှဉ်နေမှသာ လိုရာကိစ္စ ပြီးစေနိုင်သည်။ ထို့ကြောင့်“ ဝီရိယ
သမာဓိယောဇနတ္ထာယ၊ ဝီရိယသမာဓိတို့ကို ယှဉ်စပ်ရပုံကို ပြခြင်းအကျိုးငှာ” ဟု ပေး
ထားသည်။

၂။ ယေဝါပန။ပ။ကုသလာ။ ။အဋ္ဌကထာ ဆရာသည် ယေဝါပန။ပ။အရူပိနော
ဓမ္မာကို အပ္ပနာပရိစ္ဆေဒ (နိဂုံးအပိုင်းအခန်း) ၌ သွင်းပြခဲ့၏။ ထို့ကြောင့်“ယေဝါပန

ယာ၊ ပုဒ်တို့၏အစဉ်အားဖြင့်။ ဥဒ္ဒိဋ္ဌာ၊ သရုပ်အရ ထုတ်ပြအပ်ပြီးကုန်သော။
ဣမေ ပရောပဏ္ဏာသဓမ္မာ ဧဝ၊ဤငါးဆယ်ထက်ပိုလွန်သော တရားတို့သည်သာ။
(၅၆–ပါးတို့သည်သာ။ ဟောန္တိ၊ ဖြစ်ကုန်သည်ကား။) န၊ မဟုတ်သေး။
အထခေါ၊ အဟုတ်ကား။ ယသ္မိံ သမယေ၊ ၌။ ကာမာဝစရံ၊ ကာမာဝစရ
ဖြစ်သော။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။သောမနဿသဟဂတံ၊သောမနဿ-
သဟဂုတ်ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ အသင်္ခါရိကံ၊ အသင်္ခါရိကဖြစ်
သော။ မဟာစိတ္တံ၊ မဟာကုသိုလ်စိတ်သည်။ ဥပ္ပန္နံ၊ အတိတ်စိတ်၏ ဘင်ခဏမှ
အထက်ဖြင်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်။ ဟောတိ၊ ၏။
တသ္မိံ သမယေ၊ ၌။ အညေပိ၊ ဖဿ–စသည်တို့မှ တခြားလည်း ဖြစ်ကုန်သော။
တေဟိယေဝ ဖဿာဒီဟိ၊ ထို ဖဿ–အစရှိသည်တို့နှင့်ပင်။ သမ္ပယုတ္တာ၊ အညီ
အမျှ ဧကုပ္ပာဒတာ–အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သည်။ ဟုတွာ၊ ၍။
ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ အတ္တနော အတ္တနော၊ အား။ အနုရူပံ၊ လျော်
သော။ ပစ္စယံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲမှီ၍။ သမုပ္ပန္နာ၊ ဖြစ်ကုန်သော။
ရူပါဘာဝေန၊ ဖောက်ပြန်ခြင်း၏ မရှိခြင်းကြောင့်။ အရူပိနော၊ ဖောက်ပြန်
ခြင်း မရှိကုန်သော။ (ဝါ၊ နာမ် ဖြစ်ကုန်သော။) သဘာဝတော၊ မိမိ မိမိတို့
၏ အမှတ်အသားအားဖြင့်။ဥပလဗ္ဘမာနာ၊ ရအပ်ကုန်သော။ ယေဝါပန ဓမ္မာ၊
အကြင် တရားဟူသည်။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်
သော။ (ဖဿမှစ၍ အားလုံးလည်း ဖြစ်ကုန်သော။) ဣမေ ဓမ္မာ၊ တို့သည်။
ကုသလာ၊ ကုသိုလ်တရားတို့တည်း။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော
ဖဿော–အစ အရူပိနောဓမ္မာ–တိုင်အောင်သောစကားအစဉ်ဖြင့်။ စိတ္တင်္ဂဝသေ
န၊ စိတ်၏ အင်္ဂါ၏အဖြစ်ဖြင့်။ ပါဠိယံ၊ ၌။ အာရုဠှေ၊ တက်ရောက်ကုန်သော။
ပရောပဏ္ဏာသ ဓမ္မေ၊ ၅၀–ကျော် တရားတို့ကို။ ဒိပေတွာ၊ ပြတော်မူပြီး၍။
ယေဝါပနကဝသေန၊ ယေဝါပနက၏ အဖြစ်ဖြင့်။ ဝါ၊ ယေဝါပန-သဒ္ဒါ

။ပ။ဂ္ဂ သလာတိ'' ဟု တပေါင်းတည်း တည်ပါဠိလုပ်သည်။ ''ဖဿ–စသောအားဖြင့်
သရုပ်ပြခဲ့သော ၅၆-ပါး တရားတို့သာ မကသေး၊ အခြားသော တရားများလည်း ရှိကြ
သေး၏၊ ဤတရားအားလုံးပင် ကုသိုလ်တရားများဖြစ်ကြသည်–ဟူလို။ [ပါဠိတော်၌
ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာပုဒ်တို့တွင် ပဋိစ္စ၏ကံကို ''အတ္တနော အတ္တနော အနုရူပံ
ပစ္စယံ'' ဟု ထည့်၏။ အရူပိနောကို ''ရူပါဘာဝေန'' ဟု ဝိသေသနထည့်၍ ဖွင့်၏။
''ရုပ္ပနံ ရူပံ၊ နတ္ထိ+ရူပံ+ဧတေသန္တိ အရူပိနော'' ဟု ပြုပါ။ ဓမ္မာကို ''သဘာဝတော
ဥပလဗ္ဘမာနာ'' ဟု ဖွင့်၏။ ထိုသို့ဖွင့်သဖြင့် အစစ်အမှန် မရကောင်းသော ပညတ်ဓမ္မ
တို့ကို တားမြစ်သည်။ ''အစစ်အမှန် ပရမတ္ထအားဖြင့် ရအပ် ရကောင်းသည်''ဟူလို။]

၁။ ယေဝါပနကဝသေန။ ။ပါဠိတော်၌။ ''ယေဝါပန'' ဟု ဟောတော်မူအပ်
သော တရားကို''ယေဝါပနက'' ဟု ခေါ်သည်။ ယေဝါပနာတိ၊ ယေဝါပနတို့ဟူ၍။

ဖြင့် ဟောတော်မူအပ်သော တရားတို့၏ အဖြစ်ဖြင့်။ အပရေပိ၊ တခြားလည်းဖြစ်ကုန်သော။ နဝ၊ ကုန်သော။ ဓမ္မ၊ ဆန္ဒ အဓိမောက္ခ အစရှိသောတရားတို့ကို။ ဓမ္မရာဇာ၊ တရားမင်းဘုရားသည်။ ဒီပေတိ၊ ပြတော်မူ၏။

ဟိ၊ မှန်။ တေသု တေသု သုတ္တပဒေသု၊ ထိုထို ပါဠိတော်ပုဒ်တို့၌။ ဆန္ဒော၊ ဆန္ဒ လည်းကောင်း ။ပ။ မိစ္ဆာဇီဝ ဝိရတိ၊ မိစ္ဆာဇီဝ ဝိရတိလည်းကောင်း။ ဣတိ၊ သို့။ နဝ၊ ကုန်သော။ ဣမေ ဓမ္မာ၊ တို့သည်။ ပညာယန္တိ၊ ထင်ရှားကုန်၏။ စ၊ ဆက်။ ဣမသ္မိံပိ မဟာစိတ္တေ၊ ဤ ပထမ မဟာကုသိုလ်စိတ်၌လည်း။ ကတ္တု-ကမျတာ ကုသလဓမ္မစ္ဆန္ဒော၊ ပြုခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ကုသိုလ်ဓမ္မဖြစ်သော ဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ ဝါ၊ ပါဝင်၏။ ပန၊ ထိုသို့ပင် ရှိပါသော်လည်း။ စိတ္တင်္ဂဝသေန၊ ဖြင့်။ ပါဠိယံ၊ ၌။ န အာရုဠှော၊ မတက်ရောက်။ [အာပုဗ္ဗ-ရုဟဓာတ်၊ တ-ပစ္စည်း ဖြစ်၍ ကတ္တားဟော ကြံသည်၊ ကံဟောဖြစ်လျှင် "အာရောပိတော" ဟု ကာရိတ်ဝင်စေရသည်။] သော၊ ထို ကုသလ-ဓမ္မစ္ဆန္ဒကို။ ဣဓ၊ ဤ ပထမ မဟာကုသိုလ်စိတ်၌။ ယေဝါပနကဝသေန၊ ယေဝါပနက-သဒ္ဒါဖြင့် ဟောတော်မူအပ်သော တရား၏ အဖြစ်ဖြင့်။ ဂဟိ-တော၊ ယူအပ်တော်မူပြီ။

[ဣမသ္မိံပိ မဟာစိတ္တေကို ပုဒ်တိုင်းလိုက်စေ။] အဓိမောက္ခော၊ သည်။ အတ္ထိ။ပ။ တတြမဇ္ဈတ္တတာ အတ္ထိ။ မေတ္တာ ပုဗ္ဗဘာဂေ၊ အပ္ပနာသို့ရောက်သော မေတ္တာ၏ ရှေ့အဖို့၌ဖြစ်သော ပရိကံ မေတ္တာသည်။ အတ္ထိ။ [မဟာကုသိုလ်အရာဖြစ်၍ အပ္ပနာစျာန်မေတ္တာကို မယူရ၊ မဟာကုသိုလ်၌ယှဉ်သော ပရိကံမေတ္တာကိုသာ ယူရသည်။ "ပရိကံမေတ္တာ" ဟူရာ၌ သာမန်မေတ္တာများလည်း ပါဝင်၏။ နောက် ပုဗ္ဗဘာဂတို့၌လည်း ဤအဓိပ္ပာယ်မှီးပါ။]သော၊ ထိုမေတ္တာ ပုဗ္ဗဘာဂသည်။ ဝါ၊ ကို။ အဒေါသေ၊ အဒေါသကို။ ဂဟိတေ၊ ယူအပ်သော်။ ဂဟိတောဝ၊ ယူအပ်ပြီးတော့သည်သာ။ ဟောတိ။ ["အဒေါသော ဟောတိ" အရတွန်းက ပါဝင်သွားလေပြီ-ဟူလို။] ကရုဏာ ပုဗ္ဗဘာဂေ၊ အပ္ပနာသို့ရောက်သော ကရုဏာ၏ ရှေ့အဖို့၌ဖြစ်သော ပရိကံကရုဏာသည်။ အတ္ထိ။ မုဒိတာ ပုဗ္ဗဘာဂေ၊ သည်။ အတ္ထိ။ [ဤ ကရုဏာ မုဒိတာကား ပါဠိတော်၌အခြားနာမည်တချိုးဖြင့် မယူခဲ့သေး။]ဥပေက္ခာပုဗ္ဗဘာဂေ၊ အပ္ပနာ

ကာယန္တိ ကထိယန္တိ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ကြောင့်။ ယေဝါပနကာ၊ တို့မည်၏။ ကာ-ဓာတ်သည် ကထန-အနက်ဟော။ ဖသော ဟောတိ စသည်တို့ကဲ့သို့ သရုပ်သကောင်အားဖြင့် မဟောပဲ ယေဝါပန-သဒ္ဒါဖြင့် ပေါင်းရုံး၍ ရောပြွမ်း သောပြွမ်း ဟောတော်မူအပ်သော တရားများ—ဟူလို။

သို့ရောက်သော ဥပေက္ခာ၏ ရှေးအဖို့၌ဖြစ်သော ပရိကံဥပေက္ခာသည်။ အတ္ထိ။ သော ပန၊ ထို ဥပေက္ခာသည်ကား။ ဝါ၊ ကိုကား။ တတြမဇ္ဈတ္တတာယ၊ တတြမဇ္ဈတ္တတာကို။ ဂဟိတာယ၊ ယူအပ်သော်။ ဂဟိတော ဝ၊ ယူအပ်ပြီး တော့သည်သာ။ ဟောတိ။ [ယေဝါပနက-အဖြစ်ဖြင့် တတြမဇ္ဈတ္တတာကို ယူလိုက်လျှင် ထို ဥပေက္ခာပုဗ္ဗဘာဂ ပါဝင်တော့သည်-ဟူလို။] သမ္မာဝါစာ၊ သည်။ အတ္ထိ။ပ။သမ္မာကမ္မန္တော၊ သည်။ အတ္ထိ ။ပ။ [ဤသို့ ပေယျာလရှိသင့် ၏။ ထို ပေယျာလဖြင့် "စိတ္တဂ်ဝသေန ပန" စသည်ကို မြုပ်ထား၏။ ဤသို့ (ပေ) ဟု ရှိမှ နောက်လာသည့် "သောပိ" ဖြင့် သမ္မာအာဇီဝ တပါးတည်းကို စွဲနိုင်မည်။] သမ္မာအာဇီဝေါ အတ္ထိ။ ပန၊ ထိုသို့ပင် ရှိပါသော်လည်း။ စိတ္တဂ်-ဝသေန ပါဠိယံ န အာရုဠှော။ သောပိ၊ ထို သမ္မာအာဇီဝကိုလည်း။ ဣဓ၊ ဤ ပထမ မဟာကုသိုလ်စိတ်၌။ ယေဝါပနကဝသေန။ ဂဟိတော၊ ပြီ။

ပန၊ ဆက်။ နဝသု၊ ကိုးသော။ ဣမေသု၊ ဤ တရားတို့တွင်။ ဆန္ဒော၊ လည်းကောင်း ။ပ။ တတြမဇ္ဈတ္တတာ၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမေ စတ္တာရော၊ ဤ လေးပါးသော စေတသိက်တို့ကိုသာ။ ကေစ္စဏော၊ တပြိုင် နက်သော ခဏ၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ [နိယတယောဂီ စေတသိက်များ ဖြစ်သောကြောင့် တပြိုင်နက် ယှဉ်ကြသည်-ဟူလို။] သေသာ၊ ကြွင်းသော စေတသိက် ၅-ပါးတို့ကို။ နာနာက္ခဏေ၊ အသီး အသီးသော ခဏ၌။ (လဗ္ဘန္တိ။)[အနိယတယောဂီ စေတသိက်များ ဖြစ်သောကြောင့်လည်းကောင်း၊ အာရုံမတူသောကြောင့် လည်းကောင်း တပြိုင်နက်မရနိုင်-ဟူလို။] ဟိ၊ မှန်။ ယဒါ၊ ၌။ ဣမိနာ စိတ္တေန၊ ဖြင့်။ [1]မိစ္ဆာဝါစံ၊ မိစ္ဆာဝါစာကို။ ပဇဟတိ၊ ပယ် စွန့်၏။ [မပြောတော့ဟု ရှောင်ကြဉ်သောအားဖြင့် ပယ်စွန့်၏။] ဝိရတိဝသေန၊ ဖြင့်။ သမ္မာဝါစံ၊ ကို။ ပူရေတိ၊ ပြည့်စေ၏။ တဒါ၊ ၌။ ဆန္ဒာဒယော၊ အစရှိကုန်သော။ စတ္တာရော၊ ၄-ပါးသော နိယတစေတသိက်တို့လည်းကောင်း။ သမ္မာဝါစာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဣမေ ပဉ္စ၊ ဤ ၅-ပါးသော စေတသိက်တို့ကို။ ကေစ္စဏော၊ ၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

၁။ မိစ္ဆာဝါစံ၊ပ။ပူရေတိ၊ ။"မိစ္ဆာဝါစာကို ပယ်စွန့်၍ ဝိရတိ၏အစွမ်းဖြင့် စိတ်အင်္ဂါကို ပြည့်စေ၏"ဟူရာ၌ "ကောင်းသောစကားကို ပြောသောအားဖြင့် စိတ်အင်္ဂါကို ပြည့်စေသည်မဟုတ်၊ သမ္မာဝါစာဝိရတိနှင့် ယှဉ်သောအားဖြင့် စိတ်အင်္ဂါကို ပြည့်စေ၏" ဟု သိစေလို၍ "ဝိရတိဝသေန။ပ။ပူရေတိ"ဟုမိန့်သည်။ [ဝိရတိဝသေနာတိဝစီပဝတ္တိယာ န ပူရေတိ၊ ကိန္တု ဝိရတိယောဂေနာတိ အတ္ထော။-ဋီကာ။] "မိစ္ဆာကမ္မန္တံ ပဇဟတိ၊ ဝိရတိဝသေန သမ္မာကမ္မန္တံ ပူရေတိ"၌လည်း နည်းတူ။

ယဒါ မိစ္ဆာကမ္မန္တံ ပဇဟတိ၊ ဝိရတိဝသေန သမ္မာကမ္မန္တံ ပူရေတိ၊ တဒါ ဆန္ဒာဒယော စတ္တာရော, သမ္မာကမ္မန္တေဝါစာတိ ဣမေ ပဉ္စ ကေကွဏေ လဗ္ဘန္တိ။ ယဒါ မိစ္ဆာအာဇီဝံ ပဇဟတိ၊ ဝိရတိဝသေန သမ္မာအာဇီဝံ ပူရေတိ၊ တဒါ ဆန္ဒာဒယော စတ္တာရော, သမ္မာအာဇီဝေါ စာတိ ဣမေ ပဉ္စ ကေကွဏေ လဗ္ဘန္တိ။ ယဒါ။ ကရုဏာယ၊ ဖြင့်။ ပရိကမ္မံ၊ ပရိကံကို။ ကရောတိ၊ ဟဒါ ဆန္ဒာဒယော စတ္တာရော, ကရုဏာပုဗ္ဗဘာဂေါ စာတိ ဣမေ ပဉ္စ ကေကွဏေ လဗ္ဘန္တိ။ ယဒါ မုဒိတာယ ပရိကမ္မံ ကရောတိ၊ တဒါ ဆန္ဒာဒယော စတ္တာရော, မုဒိတာပုဗ္ဗဘာဂေါ စာတိ ဣမေ ပဉ္စ ကေကွဏေ လဗ္ဘန္တိ။

၁။ **တေဟိ ဝါ။ပ။တဇ္ဇာ။** ။ဤနည်း၌"တ+ဇာ"ဟု ခွဲ၊တ—သဒ္ဒါဖြင့် သမယနိဒ္ဒေသ ၌ ဟောတော်မူအပ်ပြီးသော ရူပါရမ္မဏ သဒ္ဒါရမ္မဏ စသည်ကိုစွဲ၏။ ထို အာရုံတို့သည် ဇာဋ္ဌအာရုံများဖြစ်ရကား သာတ-သုခဖြစ်ခြင်း၏ အကြောင်းတည်း။ထို့ကြောင့်"ဣမဿ သုခဿ ပစ္စယေဟိ" ဟု ဝိဓသာသန အပိုတည့်သည်။ဆိုလိုရင်း—မှာ"တေဟိ+ဇာတာ တဇ္ဇာ" သာတည်း။ [ဤနည်းအလို တဇ္ဇာသည် နိပ္ဖန္နပါဋိပဒိကပုဒ်တည်း။မနောဝိညာ-ဏဓာတုနှင့် တွဲသောအခါ သမာသ်အလယ် ရဿဖြစ်သောကြောင့်"တဇ္ဇ" ဟု ပါဌ် တမျိုး ဖြစ်သင့်သည်။ သို့သော်-အနုဋ္ဌဝိကတ္ထ အနိပ္ဖန္နပါဋိပဒိက ပုဒ်ကို ရည်ရွယ်၍ "တဇ္ဇာမနောဝိညာဏဓာတု" ဟုသာ ပါဌ်တော်၌ ရှိရတော့သည်။ တ-သဒ္ဒါနှင့် သမာသ်တွဲရာ၌ နိဂ္ဂဟိတ်မလာလျှင် ဒွေဘော်လာမြဲဖြစ်၍"ဇ္ဇာ"ဟု ဖြစ်ရသည်။ မနော-ဝိညာဏဓာတုကို ရသောကြောင့် "တဇ္ဇာ" ဟု အာပစ္စယန္တလည်း ဖြစ်ရသည်။]

ဋီကာတနည်း။ ။ဋီကာ၌ "တဿ ဝါ။ပ။တဇ္ဇာ" ဟု အဋ္ဌကထာနည်းမှ တနည်း ပြသေး၏။ ထိုအလို"တဿ+ဇာတာ တဇ္ဇာ"ဟု ဆဋ္ဌီသမာသ်ပြု။ တဿ၊ ထိုသာတ-သုခ၏+ဇာတာ၊ အကြောင်း၏အဖြစ်ဖြင့် ဖဿအကျိုးငှာဖြစ်သော မနောဝိညာဏ ဓာတ်တည်း။ တဇ္ဇာ၊ ဓာတ်။

၂။ **သမ္ဘဿဇံ။** ။ဖဿနှင့် သာတ-သုခဝေဒနာသည် အတူတကွဖြစ်၏၊ ထိုသို့ ဖြစ်ရာ၌"ဖဿ-ပစ္စယာ ဝေဒနာ" ကိုထောက်၍ "သမ္ဘဿတော+ဇာတံ" ဟု လည်း ကောင်း၊ သဟဇာတ နိဿယပစ္စည်းကို ထောက်၍ "သမ္ဘဿေ+ဇာတံ" ဟု လည်း ကောင်း ဝိဂ္ဂြိုဟ် ၂—မျိုးပြသည်။

၃။ **မဓုရဋ္ဌေန သာတံ။** ။မဓုရဋ္ဌေနသည် သာတံ၏ အနက်ပြတည်း။ သာတ—သဒ္ဒါသည် ချိုမြိန် ကောင်းမြတ်သော အရသာအနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိက

ဣဒံ ဝုတ္တံ ဟောတိ၊ (ကိံ ဝုတ္တံ ဟောတိ။) တသ္မိံ သမယေ၊ ကာမာဝစရကုသိုလ် သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာစိတ်၏ဖြစ်ရာ ထိုအခါ၌။ ယထာဝုတ္တေန၊ အကြင်အကြင် ဆိုအပ်ပြီးသော။ အတ္တေန၊ အနုဝိစ္ဆက အစရှိသော အနက်ကြောင့်။ တဇ္ဇာယ၊ တဇ္ဇာမည်သော။ မနောဝိညာဏ ဓာတုယာ၊ ၏။ သမ္ဖဿဇံ၊ သမ္ဖဿကြောင့် ဖြစ်သော။ ဝါ၊ သမ္ဖဿ၌ဖြစ်သော။ စေတသိကံ၊ စိတ်၌မှီသော။ ယံ သာတံ၊ အကြင် တံသမင်္ဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော သဘောသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ သမယေ၊ ၌။ အယံ၊ ဤသို့သော။ ဝေဒနာ၊ သည်။ ဟောတိ။ ဣတိ(ဝုတ္တံ ဟောတိ)။ ဧဝံ၊ သို့လျှင်။ သဗ္ဗပဒေဟိ၊ တို့နှင့်။ သဒ္ဓိံ။ ယောဇနာ၊ အနက်ကို ယှဉ်စေခြင်းကို။ ဝေဒိတဗ္ဗာ။ [သာတာ–ပုဒ်ပြီးပုံကို ဋီကာ၌ တိုက်ရိုက်ပြထား၏။]

ဣဒါနိ၊ စေတသိကံ သာတံပုဒ်ကိုဟောတော်မူပြီးရာယခုအခါ၌။ (ဝုတ္တေသု၊ ဟောတော်မူအပ်ကုန်သော။) စေတသိကံ သုခံတိ အာဒိသု၊ စေတသိကံ သုခံ အစရှိသော ပုဒ်တို့တွင်။ စေတသိကပဒေန၊ စေတသိကပုဒ်ဖြင့်။ ကာယိကသုခံ၊ ကို။ ပဋိက္ခိပတိ၊ ပယ်မြစ်တော်မူ၏။ သုခပဒေန၊ သုခံပုဒ်ဖြင့်။ စေတသိကံ၊ စိတ်၌မှီသော။ ဒုက္ခံ၊ ကို။ (ပဋိက္ခိပတိ။) စေတောသမ္ဖဿဇန္တိ၊ ကား။ စိတ္တသမ္ဖဿေ၊ စိတ်၏ သမ္ဖဿ၌။ ဇာတံ၊ ဖြစ်သော။ သာတံ သုခံ ဝေဒယိတန္တိ၊ ကား။ သာတံ ဝေဒယိတံ၊ တံသမင်္ဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော သာတ–ဝေဒနာဖြစ်သော။ န အသာတံ ဝေဒယိတံ၊ မသာယာစေတတ်သော အသာတဝေဒနာ မဟုတ်သော။ သုခံ ဝေဒယိတံ၊ သုခဝေဒနာ ဖြစ်သော။ န ဒုက္ခံ ဝေဒယိတံ၊ ဒုက္ခဝေဒနာ မဟုတ်သော သဘောတရားသည်။ ဟောတိ။ [ဤသို့ဖွင့်ခြင်းကား သာတံ သုခံ ပုဒ်တို့က ဝေဒယိတ–ပုဒ်၏ ဗျဝစ္ဆေဒက ဝိသေသန ဖြစ်ကြောင်းကို ဖွင့်ပြခြင်းတည်း။] ပရတော၊ သာတံ သုခံ ဝေဒယိတံ ပုဒ်တို့၏ နောက်၌။ တီဏိ၊ သုံးပါးကုန်သော။ ပဒါနိ၊ စေတောသမ္ဖဿဇာ သာတာ သုခါ ဟူသော ပုဒ်တို့ကို။ ဣတ္ထိလိင်္ဂဝသေန၊ ဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ [ဝေဒနာပုဒ်က ပဓာနဖြစ်သောကြောင့် စေတောသမ္ဖဿဇာ သာတာ သုခါတို့ကို ဣတ္ထိလိင်

ရှင်းပုဒ်တည်း–ဟူလို။ ဋီကာ၌ ဤ အဋ္ဌကထာနည်းမှ တနည်းပြလို၍ "သမ္ပယုတ္တဓမ္မေ ဝါ" စသည်ဖြင့် ဝါ–သဒ္ဒါနှင့်တကွ ဆိုသည်။ ဋီကာအလို "တံသမင်္ဂီပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ သာဒယတီတိ သာတံ" ဟု ဟေတုကတ္တုသာဓ်ပြု၊ ကာရိတ်ကျေ။ ဏာ–ပစ္စည်း၊ ဒ-ကို တ-ပြု။ [အဋ္ဌကထာနိဿယကိုကြည့်၍ ပါဠိတော်၌ "တဇ္ဇာမနောဝိညာဏ–ဓာတု သမ္ဖဿဇံ" စသော ပုဒ်တို့ကို အနက်ပေးပါ။]

အဖြစ်ဖြင့် ဟောတော်မူရသည်။] ပန၊ ဆက်။ သာတာဝေဒနာ၊ သာတ-ခဝေဒနာဖြစ်သော။ န အသာတာ (ဝေဒနာ)၊ အသာတ-ဝေဒနာ မဟုတ်သော။ သုခါ ဝေဒနာ၊ သုခဝေဒနာ ဖြစ်သော။ န ဒုက္ခာ (ဝေဒနာ)၊ ဒုက္ခခဝေဒနာ မဟုတ်သော သဘောတရားသည်။ (ဟောတိ။) ဣတိ၊ သို့။ ဧတ္ထ၊ ဤ နောက်သုံးပုဒ်တို့၌။ အယးမဝ အတ္ထော၊ ဤ အနက်ပင်တည်း။ [သာတံ သုခံ ဝေဒယိတံနှင့် အနက် အဓိပ္ပာယ်ချင်း တူသောကြောင့်"အယ မေဝ"ဟု ဧဝဖြင့် ဆိုသည်။]

သညာနိဒ္ဒေသေ၊ ၌။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော။)တဇ္ဇာ။ပ။သမ္ဖဿ-ဇာတိ၊ ကား။ တဿာ ကုသလသညာယ၊ ထို ကုသိုလ်သညာအား။ အနုစ္ဆ-ဝိကာယ၊ လျောက်ပတ်သော။ မနောဝိညာဏဓာတုယာ၊ ၏။ သမ္ဖဿမှို၊ ၌။ ဇာတာ၊ ဖြစ်သော သညာတည်း။ သညာတိ၊ သညာဟူသော အမည် သည်။ သဘာဝနာမံ၊ သဘောကိုသာပြသော နာမည်တည်း။ [ဖဿတုန်းက "သဘာဝပဒံ နာမ"ဟု ဖွင့်ခဲ့၏။ ဤ၌ "သဘာဝနာမံ"ဟု ဖွင့်သောကြောင့် စကားအသုံး ရှေ့နောက် မတူသော်လည်း အဓိပ္ပာယ်မှာ သဘောတူပင် တည်း။] သဉ္ဇာနနာတိ၊ ကား။ သဉ္ဇာနနာကာရော၊ အမှတ်ပြု၍ သိခြင်း ဟူသော အခြင်းအရာတည်း။ သဉ္ဇာနိတတ္တန္တိ၊ ကား။ သဉ္ဇာနိတဘာဝေါ၊ အမှတ်ပြု၍ သိတတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတည်း။ စေတနာ နိဒ္ဒေသေပိ၊ ၌လည်း။ ဣမိနာဝ နယေန၊ ဖြင့်သာလျှင်။ (အတ္ထော) ဝေဒိ တဗ္ဗော။

စိတ္တ နိဒ္ဒေသေ၊ ၌။ စိတ္တ ဝိစိတ္တတာယ၊ ထူးဆန်းသည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ မည်၏။ ["စိတ္တကို ဝိစိတ္တဟု ထပ်ဖွင့်။ စိတ္တံ၊ ဆန်းကြယ်သော သဘော တရားသည်"ဟု ပါဠိတော်၌ အနက်ပေး။] (ယံ၊ အကြင် တရားသဘော သည်။) အာရမ္မဏံ၊ ကို။ [၁]မိနမာနံ၊ နှိုင်းချင့်လျက်။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ကြောင့်။ (တံ၊ သည်။) မနော၊ မန မည်၏။ မာနသံတိ၊ ကား။ မနော ဧဝ၊ စိတ်ပင်တည်း။ ဟိ၊ ချဲ့။ အန္တလိက္ခစရော။ပ။ မာနသောတိ ဧတ္ထ ပန၊ ဟူသော ဤပါဠိ၌ကား။ သမ္ပယုတ္တကဓမ္မော၊ သမ္ပယုတ်ဖြစ်သော တရားကို။ (ရာဂကို။) မာနသောတိ၊ ဟူ၍။ ဝုတ္တော၊ ဆိုအပ်ပြီ။ ["မနသိ+ဘဝေါ မာနသော"ဟု ပြု၊ စိတ်၌ဖြစ်သော ရာဂ–ကျော့ကွင်း။– အန္တလိက္ခစရော၊ ကောင်းကင်၌

၁။ မိနမာနံ ဇာနာတိ။ ။ဇာနာတိကိုကြည့်၍"မန–ဉာဏေ"ဟူသော ဓာတ်ဖြင့် "မနတီတိ မနော"ဟုလည်း ကောင်း၊ "မိနမာနံ"ကိုကြည့်၍ "မာ-ပရိမာဏေ(ပရိစ္ဆိန္ဒနေ)"ဟူသောဓာတ်၊ ယုပစ္စည်းဖြင့်"မိနာတိ၊ နှိုင်းချင့်တတ်၏။ဣတိ မနော"ဟု လည်း ကောင်း ပြုကြ၏။

လှည့်လည်နိုင်သော။ မာနသော၊ စိတ်၌ဖြစ်သော။ ယွာယံ (ယော+အယံ) ပါသော၊ အကြင် ရာဂတည်းဟူသော ကျော့ကွင်းသည်။ စရတိ၊ လှည့်လည်၏။ ("တေန တံ ဗာဓယိဿာမိ၊ န မေ သမဏ မောက္ခသိ"ဟူသော ၂-ပါဒကို ဆက်။-မဟာဝဂ္ဂပါဠိ၊ ပါရာဇိကကထာ။) "အန္တလိက္ခေ စရန္တေ ပဉ္စာဘိညေပိ ဗန္ဓတီတိ အန္တလိက္ခ စရော၊ ရာဂပါသော"-ဝိမတိ။ အဘိညာဉ် ရ၍ ကောင်းကင်၌ သွားနေသူတို့ကိုသော်မှ နှောင်ဖွဲ့နိုင်သော ရာဂ-ကျော့ကွင်းကို "အန္တလိက္ခစရ-ကောင်းကင်လှည့်လည်နိုင်သည်"ဟု ဆိုသည်။]

ကထံဟိ။ပ။ဇနေသုတောတိ ဧတ္ထ၊ ၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။မာန-သံတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ [မာနံ+သာတိ ဩသာနံ ကရောတီတိ မာနသံ။-မာနကို အဆုံးတိုင်အောင်ပြုတတ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်။ မာနသဒ္ဒူပပဒ သာဓာတ်၊ သာ-ဩသာနကရဏေ။....ဘာဂဝါ၊ မြတ်စွာဘုရား။ တုယှံ၊ အရှင်ဘုရား၏။ သာဝကော၊ ၌။ ရတော၊ မွေ့လျော်သော။ ဇနေ၊ လူအပေါင်း၌။ သုတော၊ ထင်ရှားသော။ သာဝကော၊ သာဝကသည်။ အပ္ပတ္တမာနသော၊ မရောက်အပ်သေးသော အရဟတ္တဖိုလ်ရှိသည်။ (ဟုတ္တာ။) သေခေါ၊ သေက္ခပုဂ္ဂိုလ်သည်။(သမာနော၊ ဖြစ်ပါလျက်။) ကထံ၊ ကြောင့်။ ကာလံ၊ သေခြင်းကို။ ကယိရာ၊ ပြုရပါသနည်း။ — သဂါထာဝဂ္ဂသံယုတ်—တတိယဝဂ်၊ ဂေါဓိက-သုတ်။] ပန၊ အတ္ထုဒ္ဓါရမှတပါး အတ္ထုဒ္ဒေသကို ဆိုဦးအံ့။ ဣဓ၊ ဤ စိတ္တနိဒ္ဒေသ၌။ မနောဝ၊ စိတ်သည်ပင်။ မာနသံ၊ မည်၏။ ဟိ၊ မှန်။ တေ ပဒံ၊ ဤ မာနသံဟူသော ပုဒ်ကို။ ဗျဉ္ဇန ဝသေန၊ ဖြင့်။ ဝဍ္ဍိတံ၊ တိုးပွားစေအပ်ပြီ။ ["မနော ဧဝ မာနသံ"ဟု ပြု၍ သွတ္ထ၌ ဏ-ပစ္စည်းသက်၊ ဝုဒ္ဓိပြု၊ သ-လာ။]

ဟဒယံတိ၊ ကား။ စိတ္တံ၊ တည်း။["ဖာလေဿာမိတိ ဟိ"ဟု ရှိသင့်သည်၊မရှိလျှင် ထည့်။] ဟိ၊ ချဲ့။ စိတ္တံ ဝါ။ပ။ဖာလေဿာမိတိ ဧတ္ထ၊ ၌။ဥရော၊ ရင်ကို။ ဟဒယံတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ တေ၊ သင်၏။ စိတ္တံ ဝါ၊ ကိုမူလည်း။ ခိပိဿာမိ၊ ပစ်လွင့်အံ့။ တေ၊ သင်၏။ ဟဒယံ ဝါ၊ ရင်ကိုလည်း။ ဖာလေဿာမိ၊ ခွဲအံ့။ — [ယက္ခသံယုတ်၊ သူစိလောမသုတ်။] ဟဒယာ ဟဒယံ။ပ။တစ္ဆတီတိ ဧတ္ထ၊ ၌။ စိတ္တံ၊ ကို။ ((ဟဒယံတိ ဝုတ္တံ။) [ဟဒယာ၊ မိမိ၏စိတ်ဖြင့်။ ဟဒယံ၊ သူတပါး စိတ်ကို။အညာယ၊ သိ၍။ တစ္ဆတိ မညေ၊ ရွေသကဲ့သို့ ဖြစ်၏။-မူလပဏ်-မူလပရိယာယဝဂ်၊ အနင်္ဂဏ-သုတ်။]ဝက္ကံ ဟဒယံတိ ဧတ္ထ၊ ၌။ဟဒယဝတ္ထုံ၊ကို။(ဟဒယံတိ ဝုတ္တံ။-)[မဟာဝဂ္ဂပါဠိ၊ မဟာသတိပဋ္ဌာနသုတ်၊ ကာယာနုပဿနာ-ပဋိကူလမနသိကာရပဗ္ဗ။] ပန၊အတ္ထုဒ္ဓါရ သာမညမှတပါး အတ္ထုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့။ စိတ္တမေဝ၊ ကိုပင်။ အဗ္ဘန္တရဋ္ဌေန၊ အတွင်း၏အဖြစ်ဟူသော

အနက်ကြောင့်။ ဟဒယံတိ ဝုတ္တံ။[ဟဒယံ၊ အတွင်း၌ဖြစ်သောစိတ်။အဇ္ဈတ္တိက တရားဖြစ်သောကြောင့်"အတွင်း"ဟု ဆိုသည်။]

တမေဝ၊ ထိုစိတ်သည်ပင်။ ပရိသုဒ္ဓဋ္ဌေန၊ ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ပဏ္ဍရံ၊ မည်၏။["ပဏ္ဍရံ၊ ဖြူစင်သန့်ရှင်းသော သဘောသည်"ဟု ပါဠိတော်၌ ပေး။] ဧတံ၊ ဤ ပဏ္ဍရံဟူသော ပုဒ်ကို။ ဘဝင်္ဂံ၊ ဘဝင်ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ မူအပ်ပြီ။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း။ပဘဿရမိဒံ။ပ။ ဥပက္ကိလိဋ္ဌန္တိ၊ ဟူ၍။ အာဟ၊ ပြီ။ [ဘိက္ခဝေ၊ တို့။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် ထွက်သောအရောင်ရှိ၏။(သရတိ နိဿရတီတိ သရာ၊ ပဘာ+သရာ ယဿာတိ ပဘဿရံ။)တဉ္စ၊ ထိုစိတ်သည်လည်း။ အာဂန္တုကေဟိ၊ အာဂန္တုက ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ညစ်နွမ်းစေတတ်သော ကိလေသာတို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်း၏။- ဧကအင်္ဂုတ္တိုရ်၊အစ္ဆရာသင်္ဃာတ-ဝဂ်။] ပန၊ ဆက်။ တတော၊ ထိုဘဝင်မှ။ နိက္ခန္တတ္တာ၊ ထွက်လာသည်၏ အဖြစ်ကြောင့်။ အကု-သလံပိ၊ အကုသိုလ်ကို သော်မှလည်း။ [ပိဖြင့် ကုသိုလ်မှာ ဆိုဖွယ်မရှိဟု သမ္ဘာဝနာပြု။] ဂင်္ဂါယ၊ ဂင်္ဂါမြစ်မှ။ နိက္ခန္တာ၊ ထွက်သော။ နဒီ၊ မြစ်ကို။ ဂင်္ဂါ၊ ဂင်္ဂါဟူ၍။(ဝုတ္တာ ဝိယ၊ ဆိုအပ်သကဲ့သို့ လည်းကောင်း။) ဂေါဓာ-ဝရိတော၊ ဂေါဓာဝရီ မြစ်မှ။ နိက္ခန္တာ၊ သော။ (နဒီ၊ ကို။) ဂေါဓာဝရီ၊ ဟူ၍။(ဝုတ္တာ) ဝိယ စ၊ ဆိုအပ်သကဲ့သို့လည်းကောင်း။ (ဧဝံ၊ အတူ။)ပဏ္ဍ-ရန္တေဝ၊ ပဏ္ဍရ ဟူ၍သာ။ ဝုတ္တံ၊ ဆိုအပ်ပြီ။ [အကြောင်းဘဝင်၏ ပဏ္ဍရ အမည်ကို အကျိုးအကုသိုလ်၌ တင်စားသောကြောင့် အကုသိုလ်ကိုလည်း "ပဏ္ဍရ" ဟု ဆိုရသည်၊ ကာရဏူပစာတည်း။ ဝိဘာဝိနီ၌အားဖြင့် "ဘဝင်္ဂစလန၊ မနောဒွါရာဝဇ္ဇန်း၊ ဇော"ဟု ရှိသောကြောင့် အကုသိုလ်ဇောကို "ဘဝင်မှ ထွက်လာသည်"ဟု ဆိုသည်။ ဋီကာ၌ အခြားတနည်း ပြသေး၏။]

ပန၊ ဆက်ဦးအံ့။ မနော မနာယတနန္တိ ဣဓ၊ မနော မနာယတနံ-ဟူသော ဤပါဌ်၌။ မနောဂ္ဂဟဏံ၊ မနောသဒ္ဒါသည်။ မနသော၊ မန၏ပင်။ အာယတနဘာဝဒီပနတ္ထံ၊ အာယတန၏အဖြစ်ကို ပြရခြင်းအကျိုးရှိ၏။ တေန၊

၁။ မနော မနာယတနံ။ ။ဤ၌ မနော၏အတွက် အနက်တမျိုး၊ မနာယတန၏ အတွက်အနက်တမျိုးဟု ၂-မျိုးမမှတ်ရ။ "မနော၊ မနဟူသော။ယံ မနာယတနံ၊သည်" ဟု ဝိသေသန-ဝိသေသျအဖြစ်ဖြင့် တနက်တည်း မှတ်ရသည်။ မနာယတနံကို မနောဟု ဝိသေသနပြုသဖြင့် မနာယတနံ အရ မန၏တည်ရာ ဟဒယဝတ္ထုစသည်ကို မရ၊စိတ်သာ ရသည်ဟု ပြ၏။ ထို့ကြောင့်"မနသ+အာယတနံ မနာယတနံ"ဟု ဆဋ္ဌီတပ္ပုရိသ် မပြုပဲ"မနော ဧဝ အာယတနံ မနာယတနံ"ဟု ကမ္မဓာရည်းသမာသ် ပြုရသည်။

ထို မနောသဒ္ဒါဖြင့်။ ဧတံ၊ ဤအနက်ကို။ ဒီပေတိ၊ ပြ၏။(ကိံ၊ အဘယ် အနက်ကို။ ဒီပေတိ၊ ပြသနည်း။ ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာ နတ်ကွန်းသည်။) ဒေဝါယတနံ၊ ဒေဝါယတန-မည်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။(ဧဝံ၊ တူ။) ဣဒံ၊ ဤတရားသည်။ မနဿ၊ မန၏။ အာယ-တနတ္တာ၊ တည်ရာ၏ အဖြစ်ကြောင့်။ မနာယတနံ၊ မနာယတနမည်သည်။ န ဟောတိ၊ မဟုတ်။ အထ ခေါ၊ အဟုတ်ကား။ မနော ဧဝ၊ မနသည်ပင်။ အာယတနံ၊အာယတနစာည်း။မနာယတနံ၊ မနအာယတန။ဣတိ၊ဤအနက်ကို။ ဒီပေတိ၊ ပြ၏။

[1]တတ္ထ၊ ထို မနာယတနံ ပါဋ္ဌ်၌။ နိဝါသဋ္ဌာနတ္ထေန၊ နေရာဟူသော အနက်ကြောင့်လည်းကောင်း။ အာကရဋ္ဌေန[2]၊ ရောပြွမ်းရာ ပေါ်ထွက်ရာ ဟူသော အနက်ကြောင့်လည်းကောင်း။ သမောသရဏဋ္ဌေန၊ ပေါင်းဆုံရာ ဟူသောအနက်ကြောင့်လည်းကောင်း။ သဉ္ဇာတိဒေသဋ္ဌေန၊ ကောင်းစွာပေါက် ဖွားရာဟူသော အနက်ကြောင့်လည်းကောင်း။ ကာရဏဋ္ဌေန စအကြောင်း ဟူသော အနက်ကြောင့်လည်းကောင်း။ အာယတနံ၊ အာယတနမည်၏ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။

တထာဟိ၊ ထိုစကားကို ချဲ့ဦးအံ့။ လောကေ၊ ၌။(လောကပြောရိုးဆိုစဉ် ၌။) ဣဿရာယတနံ၊ အစိုးရသော ဗြဟ္မာမင်း၏နေရာ။ ဝါသုဒေဝါယတနံ၊ ဝါသုဒေဝမည်သော ဗိဿကြိုးနတ်၏နေရာ။ ဣတိ အာဒီသု၊ ဤသို့အစရှိသော စကားရပ်တို့၌။ နိဝါသဋ္ဌာနံ၊ နေရာအရပ်ကို။ အာယတနန္တိ၊ ဟူ၍။ဝုစ္စတိ၊ အပ်၏။[“ဝါသုဒေဝေါ ဟရိကဏှော”ဟသော အဘိဓာန်(၁၆)၌“ဗိဿကြိုး” ဟု နိဿယသစ် အနက်ပေးသည်။] သုဝဏ္ဏာယတနံ၊ ရွှေတို့၏ ပေါ်ထွက်ရာ

၁။ တတ္ထ။ပ။အာယတနံ။ ။နိဝါသဋ္ဌာန-စသော အနက်များသည် အာယတန-သဒ္ဒါ၏ သဒ္ဒတ္ထ (ဝစနတ္ထ) မဟုတ်ကြ။ ထိုအနက်များ၌ အာယတန-သဒ္ဒါက ထင်ရှားသောကြောင့် ရုဠ္ဟီအနက်များဘည်း။ [ရုဠ္ဟီဝသေန အာယတနသဒ္ဒဿတ္ထံ ဝတွာ၊ အပိ-စာတိအာဒိ အာရဒ္ဓံ။“အပိစ နိဝါသနဋ္ဌာနဋ္ဌေန”စသော အာယတနဝိဘင်း အဋ္ဌကထာ၏အဖွင့်-မူလဋီကာ။] အာယတနသဒ္ဒါ၏ ဝစနတ္ထကို ထိုအဋ္ဌကထာ၌ တိုက်ရိုက် ပြထား၏။

၂။ အာကရဋ္ဌေန။ ။ထောဒနိမိ အာပုမ္ဗ-ကြိခာဘ် အပ်-ပစ္စည်းဖြင့်“အာကရ” ဟု ရှိ၏။ ပါဠိ၌ အာပုဗ္ဗ-ကိရ ဓာတ်၊ အ-ပစ္စည်းဟု ကြံ။ ကိ၏ဣကို (အ) ပြု။ အာကိ-ရိယန္တေ့ ဓာတဝေါ အတြာတိ အာကရော-ရွှေဓာတ် ငွေဓာတ် စသော ဓာတ်သတ္တု တို့၏ ရောပြွမ်းအပ်ရာ (ဓာတ်သတ္တုတို့၏ ထွက်ရာ) ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ကျောက်တွင်း စသောအရပ်။

အရပ်။ (ရွှေတွင်း။) ရဇတာယတနံ၊ ငွေတို့၏ပေါ်ထွက်ရာအရပ်။ (ငွေတွင်း။) ဣတိ အာဒိသု၊ တို့၌။ အာကရော၊ ရောပြွမ်းရာ့အရပ်ကို။ (အာယတနန္တိ ဝုစ္စတိ။)
[လောကကြောင်း ပုံစံကို ပြပြီး၍ သာသနာတော်ကြောင်း ပုံစံကို ပြလိုသောကြောင့် "သာသနေ ပန" ဟု မိန့်။] သာသနေ ပန၊ သာသနာတော်၌ကား။ မနောရမေ၊ စိတ်၏ မွေ့လျော်ရာဖြစ်သော။ အာယတနေ၊ လူအများသတ္တဝါအများတို့၏ ပေါင်းဆုံရာ အရပ်၌။ ဝိဟင်္ဂမာ၊ ငှက်အပေါင်းတို့သည်။ နံ၊ ထို ပညောင်ပင်ကြီးကို။ သေဝန္တိ၊ မှီဝဲကြကုန်၏။ ဣတိ အာဒိသု၊ တို့၌။ သမောသရဏဋ္ဌာနံ[၁]၊ ပေါင်းဆုံရာ အရပ်ကို။ (အာယတနန္တိ ဝုစ္စတိ။)
ဒက္ခိဏာပထော၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း အရပ်သည်။ ဂုန္နံ၊ နွားတို့၏။ အာယတနံ၊ ပေါက်ဖွားရာ အရပ်တည်း။ ဣတိ အာဒိသု၊ တို့၌။ သဉ္ဇာတိဒေသော၊ ကောင်းစွာ ပေါက်ဖွားရာအရပ်ကို။ (အာယတနန္တိ ဝုစ္စတိ။) [သမ္ဘာ+ဇာယန္တိ ဧတ္ထာတိ သဉ္ဇာတိ-နွားစသည်တို့၏ ကောင်းစွာပေါက်ဖွားရာဒေသ။]
သတိ၊ ထင်ရှားရှိသော။ အာယတနေ၊ အဘိညာဉ်ဟူသော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ [၂]တတြ တတြေဝ၊ ထိုထိုအဘိညာဉ်ဖြင့် မျက်

၁။ **သမောသရဏဋ္ဌာနံ။** ။ပဥ္စကအင်္ဂုတ္တိုရ်၊ မဏ္ဍိမပဏ္ဏာ-သုမနဝဂ်-အဋ္ဌမ-သုတ်၌လာသော ပါဠိတည်း။ "လူနှင့်တကွ သတ္တဝါအများတို့၏ ပေါင်းစုံရာ သာယာသော အရပ်ဝယ် ပညောင်ပင်ကြီးတပင် ပေါက်နေ၏။ ထို ပညောင်ပင်ကြီးကို ငှက်အပေါင်း လာ၍ မှီခိုနေကြသည်" ဟု ဥပမာပြ၍ "သဒ္ဓါတရားရှိသော ဥပါသကာ ကိုလည်း ရဟန္တာဘိုင်အောင် သူတော်သူမြတ် အလျှုခံပုဂ္ဂိုလ်တို့က မှီခိုကြရသည်" ဟု ဟောတော်မူသည်။ ထို့ကြောင့် ထိုပါဠိ၌ အာယတနံ-သဒ္ဒါသည် အများ၏ ပေါင်းဆုံစုဝေးရာဟူသော အနက်ကိုဟော၏။
ရှေးနိဿယ။ ။"မနောရမေ၊ နှလုံး မွေ့လျော်ဖွယ်သော။ အာယတနေ၊ ရဟန်းသူမြတ် တည်းဟူသော ငှက်တို့၏စုဝေးရာ အင်္ဂြင်းတောနှင့်တူသော ဘုရားသာသနာတော်၌။ ဝိဟင်္ဂမာ၊ ရဟန်း သူတော်သူမြတ် ဟု ဆိုအပ်သော ငှက်အပေါင်းတို့သည်။ နံ၊ ထို သီလ သမာဓိ ပညာ ဂုဏ်ဖြင့်လွှန်၍ သူမွန်သူမြတ် ဟု ဆိုအပ်သော တောစိုးသစ်ပင်ကြီးကို။ သေဝန္တိ၊ မှီဝဲကုန်၏" ဟု ပေးလေသည်။ ဤသုတ်မှတပါး အခြားသုတ္တန်များ၌ ထိုအဓိပ္ပာယ်ကို ဖွင့်လေရော့သလား ဟု စဉ်းစားမိသည်။ ဤသုတ်၌ကား ထိုအဓိပ္ပာယ်မျိုးမရပါ။

၂။ **တတြ တတြေဝ။ ပ။ အာယတနေ။** ။"ယဿ ယဿ အဘိညာ သစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ အဘိညာ သစ္ဆိကိရိယာယ" ဟု ဥပရိပဏ္ဏာသ၊ ကာယဂတာသတိသုတ်-ပါဠိတော်ရင်းဝယ် အနိယမဝါကျရှိသောကြောင့် "တတြ တတြေဝ" ဖြင့် အဘိညာ သစ္ဆိကရဏီယ ဓမ္မကို စွဲရသည်။ သက္ခိဘဗ္ဗတံ့ကို

မှောက်ပြုထိုက်သော ဇှုဒ္ဓိဝိဓ-စသော ဝမ္မဒ္ဓပင်။ သက္ခိဘဗ္ဗတံ၊ မျက်မှောက် ပြုနိုင်သူ၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဣတိ အာဒီသု၊ တို့၌။ ကာရဏံ၊ အကြောင်းကို။ (အာယတနန္တိ ဝုစ္စတိ။)

ပန၊ အတ္ထုဒ္ဓါရ သာမညမှတပါး အတ္ထုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့။ ဣဓ၊ ဤ မနော မနာယတနံ-ဟူသောပါဠ်၌။ သဥ္ဇာတိ ဒေသဋ္ဌေန၊ သဥ္ဇာတိဒေသ အနက်လည်းကောင်း။ သမောသရဏဋ္ဌေန၊ သမောသရဏအနက်လည်းကောင်း။ ကာရဏဋ္ဌေန၊ ကာရဏ အနက်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓာပိ၊ သုံးပါး အပြားအားဖြင့်လည်း။ ဝဋ္ဋတိ၊ ၏။ (ရှေးနိဿယ၌ "တိဝိဓာပိ ဝဋ္ဋတိ" ဟု ရှိ၏။) ဟိ၊ ချဲ့။ ဖဿာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဧတ္ထ၊ ဤ မန၌။ သဥ္ဇာယန္တိ၊ ကောင်းစွာ ဖြစ်ကြကုန်၏။ ဣတိ၊ ထိုသို့ ကောင်းစွာဖြစ်ရာ၏ အဖြစ်ကြောင့်။ သဥ္ဇာတိဒေသဋ္ဌေနပိ၊ သဥ္ဇာတိဒေသ အနက်အားဖြင့်လည်း။ ဧတံ၊ ဤ မန သည်။ အာယတနံ၊ မည်၏။ ဗဟိဒ္ဓါ၊ အပသန္တာန်၌။ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာ၊ တို့သည်။ အာရမ္မဏ ဘာဝေန၊ အာရုံ၏ အဖြစ်ဖြင့်။ ဧတ္ထ၊ ဤ မန၌။ သြသရန္တိ၊ သက်ရောက်ကြကုန်၏။ ဣတိ၊ ထိုသို့ သက်ရောက် ရာ၏ အဖြစ်ကြောင့်။ သမောသရဏဋ္ဌေနပိ၊ သမောသရဏ အနက်အား ဖြင့်လည်း။ (ဧတံ၊ သည်။) အာယတနံ၊ မည်၏။ ပန၊ အဖို့တပါးကား။ ဖဿာဒီနံ၊ ဖဿ-အစရှိသော တရားတို့၏။ သဟဇာတာဒိ ပစ္စယဋ္ဌေန၊ သဟ ဇာတ-အစရှိသော ပစ္စည်း၏ အဖြစ်ဖြင့်။ ကာရဏတ္တာ၊ အကြောင်း၏ အဖြစ် ကြောင့်။ကာရဏဋ္ဌေနပိ၊ အကြောင်းဟူသော အနက်အားဖြင့်လည်း။ အာယ-

---

"ပစ္စက္ခဘာဝံ ဟု လည်းကောင်း၊ သတိ အာယတနေကို "သတိ ကာရဏေ" ဟု လည်း ကောင်း "အဘိညာဝကာရဏံ" ဟု ကာရဏာသရုပ်ကိုလည်းကောင်း ထို အဋ္ဌကထာဖွင့် သည်။ ["သက္ခိကာတဗ္ဗဿာတိ ပစ္စက္ခတော ကာတဗ္ဗဿ အဓိဋ္ဌာနုဝိကုဗ္ဗနာဒိ- ဓမ္မဿ"။—ဥပရိပဏ္ဏာသဋီကာ။]

ရှေးနိဿယ။ ။"သတိ (အတ္တနော သန္တာနေ ဘူတေ ပုဗ္ဗေ ပရိစိဏ္ဏေ)၊ရှေး ဘဝ၌ လေ့ကျက်အပ်ဖူးသောအားဖြင့် မိမိသန္တာန်၌ ထင်ရှားဖြစ်ဖူးသော။ အာယတ- နေ၊ ဣဒ္ဓိဝိဓ-စသော အဘိညာဥ်အား လျောက်ပတ်သော အဓိကာရ အကြောင်းသည်။ သတိ-သန္တေ ဝိဇ္ဇမာနေ၊ ရှိလတ်သော်။ တတြ တတြဝ၊ ထိုထို ဣဒ္ဓိဝိဓ-စသော အရာ ၌လျှင်။ သက္ခိဘဗ္ဗတံ၊ သက်သေထိုက်သည်၏ အဖြစ်သို့။ ပါပုဏာတိ၊ ၏။" ဟု ပေးလေ၏။ အခြားပါဠိ အဋ္ဌကထာဖွင့်ကိုတွေ့၍ ပေးလေရော့သလား ဟု စဉ်းစား မိ၏။ ယခု တွေ့ရသော ကာယဂတာသတိ သုတ္တန်ပါဠိတော်၏ အဖွင့် အလိုအား ဖြင့်ကား ဤသို့ မပေးနိုင်။ ဤဝါကျ၌ ယောဇနာဖွင့်ပုံမှာ သာ၍ အဋ္ဌကထာဖွင့်နှင့် မသီသေး၏။

တနံ၊ အာယတန-မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ။ မနိန္ဒြိယံ၊ မနိန္ဒြိယာပုဒ်သည်။ ဝုတ္တာတ္ထမေဝ၊ ဆိုအပ်ပြီးသော အနက်ရှိသည်သာ။

(ယံ ဓမ္မဇာတံ၊ သည်။) ဝိဇာနာတိ၊ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံ သိတတ်၏။ ဣတိ၊ ကြောင့်။ (တံ ဓမ္မဇာတံ၊ သည်။) ဝိညာဏံ၊ မည်၏။ ဝိညာဏမေဝ၊ ဝိညာဉ်သည်ပင်။ ခန္ဓော၊ ခန္ဓာတည်း။ ဝိညာဏက္ခန္ဓော၊ ဝိညာဉ်ခန္ဓာ။ တဿ၊ ထို ခန္ဓသဒ္ဒါ၏။ ရာသိ အာဒိဝသေန၊ အစု အစရှိသည်တို့၏ အစွမ်းဖြင့်။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။ ဟိ၊ ချဲ့။ မဟာဥဒကက္ခန္ဓောတွေဝ၊ များစွာသော ရေအစု ဟူ၍သာ။ သင်္ချံ၊ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ ဧတ္ထ၊ ဤပါဠိ၌ရပ်၌။ ရာသဋ္ဌေန (ရာသိ+အဋ္ဌေန)၊ အစု ဟူသော အနက်အားဖြင့်။ ခန္ဓော၊ ခန္ဓသဒ္ဒါကို။ ဝုတ္တော၊ ဟောတော်မူ အပ်ပြီ။-(စတုက္ကံအင်္ဂုတ္တိုရ်၊ဒုတိယပဏ်-ပုညာဘိသန္ဒဝဂ်၊ပုညာဘိသန္ဒ-သုတ်။) သီလက္ခန္ဓော၊ သီလဂုဏ်။ သမာဓိက္ခန္ဓော၊ သမာဓိဂုဏ်။ ဣတိ အာဒီသု၊ တို့၌။ ဂုဏဋ္ဌေန၊ ဂုဏ်ဟူသော အနက်အားဖြင့်။ (ခန္ဓော ဝုတ္တော။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ မဟန္တံ၊ ကြီးစွာသော။ ဒါရုက္ခန္ဓံ၊ သစ်တုံးကို။ အဒ္ဒသ၊ မြင်တော်မူရပြီ။ ဣတိ ဧတ္ထ၊ ၌။ ပဏ္ဏတ္တိမတ္တဋ္ဌေန[၁]၊ ပညတ်မျှဖြစ်သော အနက်အား ဖြင့်။ (ခန္ဓော ဝုတ္တော။)

[၂] ပန၊ အဖို့တပါးကား။ ဣဓ၊ ဤ ဝိညာဏက္ခန္ဓော—ဟူသော ပုဒ်၌။ ရုဠှီ-တော၊ ရုဠှီအားဖြင့်။ ခန္ဓော၊ ခန္ဓသဒ္ဒါကို။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ ဟိ၊

၁။ ပဏ္ဏတ္တိမတ္တဋ္ဌေန။ ။မတ္တသဒ္ဒါဖြင့် သဒ္ဒပဝတ္တိနိမိတ်ကို ကန့်သည်။"ရာသဋ္ဌေန ခန္ဓော"၌ ခန္ဓ—သဒ္ဒါသည် အစုအနက်ဟူသော သဒ္ဒပဝတ္တိနိမိတ်ကို ငဲ့သေး၏။"ဂုဏ—ဋ္ဌေန ခန္ဓော" စသည်၌လည်း ထို့အတူ ဆိုင်ရာအနက်ဟူသော သဒ္ဒပဝတ္တိနိမိတ်ကို ငဲ့သေး၏။ "သစ်တုံး" ဟူသော နာမည်ပညတ်ကို ဟောရာ၌ကား ထိုကဲ့သို့ သဒ္ဒပဝတ္တိ-နိမိတ်ကို မငဲ့သောကြောင့် "ပဏ္ဏတ္တိမတ္တဋ္ဌေန" ဟု ဆိုသည်။ [ထို ဒါရုက္ခန္ဓဟူသော နာမည်ပညတ်မျိုးသည် ဒါရုမှတပါး သိလာ (ကျောက်တုံး) စသည်တို့၌ မဖြစ်နိုင်။]

၂။ ဣဓပန။ပ။ရုဠှီတော။ ။ဤ၌ ရုဠှီဟူသည် ကေဒဿျပစာဖြစ်သော အတင်ရုဠှီတည်း။ မှန်၏-ဤ ပဌမ မဟာကုသိုလ်စိတ် ဖြစ်ရာအခါ၌ ပါဝင်သော "ဝိညာဏ—က္ခန္ဓာ"ဟူသည် ပစ္စုပ္ပန်အခိုက်၌ဖြစ်သော စိတ်တည်း။ ထိုစိတ်တခုတည်းကို အစု—စု၍ မဖြစ်ရကား ရာသိအနက်အားဖြင့် ခန္ဓအမည် မရနိုင်။ အတိတ် အနာဂတ် ပစ္စုပ္ပန်စိတ် ၃-မျိုးပေါင်းမိမှ (အဇ္ဈတ္တဝိညာဉ် ဗဟိဒ္ဓဝိညာဉ် စသည်ဖြင့် ၂—မျိုးစီပေါင်းမိမှ) ရာသိ အနက်အားဖြင့် ခန္ဓ—အမည် ရနိုင်သည်။ ထို့ကြောင့် ၃-မျိုး စသည်ပေါင်းမိမှ ရာသိ အနက်အားဖြင့် ခန္ဓ-အမည်ရနိုင်သော ဝိညာဏက္ခန္ဓာအမည်ကို ဤ ပစ္စုပ္ပန်စိတ်တခု၌ တင်စားထားရကား ကေဒဿျပစာ—ရုဠှီအမည်သာ ဖြစ်ရလေသည်။ ထို့ကြောင့် "ဝိညာဏက္ခန္ဓဿ ကေဒေသဘူတံ" စသည်ဖြင့် အကျယ်မိန့်သည်။

မှန်။ (တနည်း) ပိ (ယသ္မာ)၊ ကြောင့်။ ရာသဋ္ဌေန၊ အစုဟူသော အနက် အားဖြင့်။ တေ ဝိညာဏာ၊ ဤ ဝိညာဉ်သည်။ (ဝိညာဏက္ခန္ဓောဟု ဟောတော် မူအပ်သော ဤ ဝိညာဉ်သည်။) ဝိညာဏက္ခန္ဓသ၊ဝိညာဏက္ခန္ဓာ၏။ ဧကဒေ- သော၊ တစိတ် တဒေသတည်း။ (အချို့စာ၌ "ဧကော် ဝိညာဏံ" ဟု ရှိ၏၊ မကောင်း။) ဣသ္မာ၊ ထို့ ကြောင့်။ ရက္ခသ၊ သစ်ပင်၏။ ဧကဒေသံ၊ တစိတ် တဒေသ ဖြစ်သော သစ်ကိုင်းကို။ ဆိန္ဒန္တော၊ ဖြတ်သူကို။ ရုက္ခံ ဆိန္ဒတီတိ၊ ဟူ၍။ ဝါ၊ သစ်ပင်ဖြတ်သူ ဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ဝိညာဏက္ခန္ဓသ၊ ၏။ ဧကဒေသဘူတံ၊ တစိတ်တဒေသ ဖြစ်၍။ ဖြစ်သော။ ဧကမ္ပိ၊ တခုလည်းဖြစ်သော။ (ဤ ဌ်ကား ဧကံ-ဟုပင် ရှိသင့်၏။) ဝိညာဏံ၊ ကို။ ရုဠ္ဟီတော၊ ရုဠ္ဟီအားဖြင့်။ ဝိညာဏက္ခန္ဓောတိ၊ ဟူ၍။ ဝုတ္တံ။

တဇ္ဇာ မနောဝိညာဏဓာတူတိ၊ ကား။ ဖဿာဒီနံ၊ ဖဿ အစရှိကုန်သော။ တေသံ ဓမ္မာနံ၊ ထို တရားတို့အား။ အနုစ္ဆဝိကာ၊ လျောက်ပတ်သော။မနော ဝိညာဏဓာတု၊ မနောဝိညာဏ ဓာတ်တည်း။ ဟိ၊ မှန်။ ဣမသ္မိံ ပဒေ၊ ဤ တဇ္ဇာ မနောဝိညာဏဓာတု ဟူသောပုဒ်၌။ ဧကမေဝ၊ တပါးသာလျှင်ဖြစ် သော။ ဖိတ္တံ၊ ကို။ (ဝုတ္တံ-၌ စပ်။) မိနနဋ္ဌေန၊ နှိုင်းချင့်တတ်သည်အဖြစ်ဟူ သော အနက်ကြောင့်။မနော၊ မနမည်၏။ဝိဇာနနဋ္ဌေန၊ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံ သိတတ်သည် အဖြစ်ဟူသော အနက်ကြောင့်။ ဝိညာဏံ၊ ဝိညာဏ မည်၏။ သဘာဝဋ္ဌေန၊ သဘောဟူသော အနက်ကြောင့်။ ဝါ၊ တနည်း။ နိဿတ္တဋ္ဌေန၊ သတ္တဝါမဟုတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ဣတိ၊ ဤသို့။ တိဟိ၊ (မန + ဝိညာဏ + ဓာတုအားဖြင့်) ၃-ပါး ကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

ဣတိ၊ ဤသို့လျှင်။ ဣမသ္မိံ ဖဿပဉ္စမကေ၊ ဤ ဖဿပဉ္စမက နိဒ္ဒေသ၌။ တာဝ၊ ဝေဒနာ-စသည်တို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်သော။) ဖဿော၊ ဖဿသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဖဿော ဧဝ၊ ဖဿသာတည်း။ န တဇ္ဇာ မနောဝိညာဏဓာတု သမ္ဘဝေါ၊ တဇ္ဇာ မနောဝိညာဏဓာတု သမ္ဘဝ မဟုတ်။ [ဖဿသည် သမ္ဘဝ (ဖဿကြောင့် ဖြစ်သော တရား) မဖြစ်နိုင်-ဟူလို။] စိတ္တဉ္စ၊ စိတ်သည်လည်း။ (စိတ္တံ ဟောတိ၌ စိတ်သည်လည်း။) ယသ္မာ၊ကြောင့်။ တဇ္ဇာ မနောဝိညာဏဓာတု ဧဝ၊ တဇ္ဇာမနောဝိညာဏ ဓာတ် သာတည်း။ (ဧဝဖြင့် သမ္ဘဝကို ကန့်၊ မနောဝိညာဏ ဓာတ်ဟူသော စိတ် ကသာ ဖဿ၏ဖြစ်ကြောင်းဖြစ်၍ ဖဿက မနောဝိညာဏဓာတ် ဟူသော စိတ် ၏ဖြစ်ကြောင်း မဟုတ်သောကြောင့် စိတ်ကို သမ္ဘဝဟု မခေါ်နိုင်-ဟူလို။)

တသ္မာ၊ ထို့ကြောင့်။ ဣမသ္မိံ ပဒဒ္ဓယေ၊ ဤဖဿစိတ္တ ဟူသော ပုဒ် ၂–ပါး အပေါင်း၌။ တဇ္ဇာ မနောဝိညာဏဓာတုသမ္ဖဿဇာတိ၊ ဟူ၍။ န အာရောပိတာ၊ တင်တော်မမူအပ်။ (ပါဠိတော်၌ ဖဿနိဒ္ဒေသ၌လည်းကောင်း၊ စိတ္တနိဒ္ဒေသ၌ လည်းကောင်း"တဇ္ဇာ မနောဝိညာဏဓာတုသမ္ဖဿဇာ"ဟု နာမည်တပ်၍ ဟော တော်မမူအပ်–ဟူလို။)

ဝိတက္ကပဒါဒီသု ပန၊ ဝိတက္ကပုဒ် အစရှိသည်တို့၌ကား။ လဗ္ဘမာနာပိ၊ ရထိုက် ပါသော်လည်း။ (တဇ္ဇာ မနောဝိညာဏဓာတုသမ္ဖဿဇာကို ရထိုက်ပါသော် လည်း။) ဣမ၊ ဤစိတ္တနိဒ္ဒေသ၌။ ပရိစ္စိန္နတ္တာ၊ ဖြတ်အပ်ပြီး၏ အဖြစ်ကြောင့်။ (ဟောတော်မမူပဲ ဖြတ်ထားအပ်ပြီး၏ အဖြစ်ကြောင့်။) န ဥဒ္ဓတာ၊ ထုတ် ဆောင်တော် မမူအပ်။ (ဝိတက္က–စသောပုဒ်တို့၌ "တဇ္ဇာ မနောဝိညာဏဓာတု သမ္ဖဿဇ" ဟူသော နာမည်ကို ရနိုင်ပါသော်လည်း ဤ စိတ္တနိဒ္ဒေသ၌ မဟောပဲ ဖြတ်ထားအပ်ပြီးဖြစ်သောကြောင့် ထို တဇ္ဇာ မနောဝိညာဏ ဓာတုသမ္ဖဿဇ နာမည်ကို ထုတ်ပြတော်မမူအပ်–ဟူလို။)

စ ပန၊ ထပ်၍ ဆက်ဦးအံ့။ ဖဿပဉ္စမကာနံ၊ ဖဿပဉ္စမက ဖြစ်ကုန်သော။ ဣမေသံ ဓမ္မာနံ၊ တို့၏။ (ပညတ္တိ–၌ စပ်။) ဝါ၊ ဤတရားတို့ကို။ (ဝိနိဗ္ဘောဂံ– ၌ စပ်။) ပါဋိယေက္က ပါဋိယေက္ကံ၊ အသီးအသီး။ ဝိနိဗ္ဘောဂံ၊ ခွဲခြားခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ ပညတ္တိံ၊ နာမည်ပညတ်ကို။ ဥဒ္ဓရမာနေန၊ ထုတ်ပြတော် မူသော။ ဘဂဝတာ၊ သည်။ ဒုက္ကရံ၊ ခဲယဉ်းစွာပြုအပ်သော အမှုကို။ ကတံ၊ ပြုတော်မူအပ်ပါပေပြီ။ ဟိ၊ ဥပမာဆောင် ထင်အောင် ပြဦးအံ့။ ကေဘာဇနေ၊ တခုတည်းသော ခွက်၌။ ပက္ခိပိတွာ၊ ထည့်၍။ ဒိဝသံ၊ တနေ့ပတ်လုံး။ နိမ္မထိ– တာနံ၊ မွှေနှောက်အပ်ပြီးကုန်သော။ နာနာဥဒကာနံ၊ အထူးထူးသော ရေတို့၏ သော်လည်းကောင်း။ နာနာတေလာနံ ဝါ၊ အထူးထူးသော ဆီတို့၏သော် လည်းကောင်း။ (နာနာကရဏံ–၌ စပ်။) ဝဏ္ဏဂန္ဓရသာနံ၊ အဆင်း အနံ့ အရသာတို့၏။ နာနာတာယ၊ ထူးကုန်သည်၏ အဖြစ်ကြောင့်။ ဒိသွာ ဝါ၊ မျက်စိဖြင့် ကြည့်၍သော်လည်းကောင်း။ ဃာယိတွာ ဝါ၊ နှာခေါင်းဖြင့် နမ်း၍သော်လည်းကောင်း။ သာယိတွာ ဝါ၊ လျှာဖြင့် သာယာ၍သော်လည်း ကောင်း။ (လျက်၍သော်လည်းကောင်း။) နာနာကရဏံ၊ အသီးအခြားပြု ကြောင်း အထူးကို။ ဉာတုံ၊ သိခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ ဘဝေယျ၊ ဖြစ်တန်ရာသေး၏။ ဧဝံ သန္တေပိ၊ ဤသို့ သိခြင်းငှာ တတ်ကောင်း ပါသော်လည်း။ တံ၊ ထို သိခြင်းကို။ ဒုက္ကရန္တိ၊ ခဲယဉ်းစွာ ပြုအပ်၏ဟူ၍။

ဝါ၊ပြုနိုင်ခဲ၏ဟူ၍။ ဝုတ္တံ၊(မိလိန္ဒပဉှာ၌) မိန့်တော်မူအပ်ပြီ။ [၁]သမ္မာသမ္ဗုဒ္ဓေန ပန၊ မြတ်စွာဘုရားသည်ကား။ ကောရမ္မဏေ၊ တခုတည်းသော အာရုံ၌။ ပဝတ္တမာနာနံ၊ ကုန်သော။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဣမေသံ ဓမ္မာနံ၊ ဤ တရားတို့၏။(ပညတ္တိံ-၌ စပ်။) ပါဠိဝိယေက်ုံ ပါဠိဝိယေက်ုံ၊ အသီးအသီး။ ဝိနိဗ္ဗောဂံ၊ ခွဲခြားခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ ပညတ္တိံ၊ နာမည်ပညတ်ကို။ ဥဒ္ဒရမာနေန၊ ထုတ်ဆောင်တော်မူလတ်သော်။ (တနည်း) ဥဒ္ဒရမာနေန၊ ထုတ်ဆောင်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ အတိဒုက္ကရံ၊ အလွန်ခဲယဉ်းစွာ ပြုအပ်သော အမှုကို။ ကတံ၊ ပြုအပ်ပါပေပြီ။

တေန၊ ထို့ကြောင့်။ အာယသ္မာ နာဂသေနတ္ထေရော၊ အရှင် နာဂသိန် ထေရ်သည်။ အာဟ၊ မိန့်တော်မူပြီ။(ကိံ အာဟ။) မဟာရာဇ၊ မဟာရာဇာ။ (မိလိန္ဒမင်းကို ခေါ်သည်။) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒုက္ကရံ၊ခဲယဉ်းစွာ ပြုအပ်သော အမှုကို။ ကတံ၊ ပြုအပ်ပါပေပြီ။ဣတိ၊ ဤသို့။အာဟ၊မိန့်တော်မူပြီ။ ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ဘဂဝတာ၊ သည်။ ကိံ၊ အဘယ်သို့သော။ဒုက္ကရံ၊ ကို။ ကတံ၊ ပြုအပ်ပါသနည်း။ ဣတိ၊ ဤသို့ လျှောက်ပြီ။ မဟာရာဇ၊ မဟာရာဇာ။ ဘဂဝတာ၊ သည်။ ကောရမ္မဏေ၊ ၌။ ပဝတ္တမာနာနံ၊ ကုန်သော။ အရူပီနံ၊ ကုန်သော။ စိတ္တစေတသိကာနံ၊ ကုန်သော။ ဣမေသံ ဓမ္မာနံ၊ ဤတရားတို့ကို။ ယံ ဝဝတ္ထာနံ၊ အကြင် ပိုင်းခြားခြင်းကို။ အက္ခာတံ၊

၁။ သမ္မာသမ္ဗုဒ္ဓေန။ပ။အတိဒုက္ကရံ။ ။ပထမ မဟာကုသိုလ်စိတ်၌ အမြဲအားဖြင့် စေတသိက် ၃၃-ပါး ယှဉ်၏။ ထို စိတ် စေတသိက်တို့သည် ကေပ္ပါဒ-စသော လက္ခဏာ ၄-ပါးနှင့်ညီစွာ ဒွတူဖြစ် အတူချုပ် တူသောမှီရာရှိ၍ အာရုံတခုကို ဝိုင်းလျက် ပြုကြ လေရာ သဗ္ဗညုတဉာဏ်တော်ရှင် မဟုတ်လျှင်“ဤသဘောကား ဖဿ၊ဤသဘောကား ဝေဒနာ”စသည်ဖြင့် ခွဲခြား၍သိဖို့ရန် မည်သည့် လောကဓာတ်နည်းနှင့်မျှ ရှေးကလည်း မဖြစ်ခဲ့၊ ယခုလည်း မဖြစ်နိုင်၊ နောက်နောင်အခါ ကမ္ဘာအဆက်ဆက်လည်း ဖြစ်နိုင် လိမ့်မည်မဟုတ်။ထို့ကြောင့် အရှင်နာဂသိန်သည် မိလိန္ဒမဟာရာဇာအား ဤအဓိပ္ပာယ် ထင်ရှားအောင် သမုဒ္ဒရာဝယ် မြစ်ကြီးငါးသွယ်မှ စီးဝင်လာသောရေကို ဥပမာပြလျက် မိန့်တော်မူသည်။

ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နှစ်နှစ်ကာကာ ယုံကြည်၍ အဘိဓမ္မာ လေ့လာကြရ သော မိမိတို့အတွက်မှာ ဘုရားတရားတော်ကို အစဉ်လိုက်၍“သဘောအားဖြင့် အချင်း ချင်း မတူကွဲပြား ထူးခြားသော တရားဓမ္မတို့ကိုလည်းကောင်း၊ ထို သဘာဝဓမ္မတို့၏ ဝီထိအစဉ်အားဖြင့် စီ:ဘာစဉ်ကာ ဖြစ်ပေါ်နေပုံကိုလည်းကောင်း၊ ထို သဘာဝဓမ္မတို့၏ ဟေတုသတ္တိ အာရမ္မဏသတ္တိ-စသော ပဋ္ဌာန်းပစ္စယသတ္တိ ကိုလည်းကောင်း”ကြံစည် စဉ်းစား နာကြား ပို့ချ၍ နေရသည်မှာ အလွန် ဝမ်းမြောက်ဖွယ် ကောင်းပါပေသည်။

ဟောတော်မူအပ်ပြီ။ ကိံ၊ အဘယ်သို့။ အက္ခာတံ၊ ဟောတော်မူအပ်သနည်း။ အယံ၊ ဤ တွေ့ထိခြင်းသဘောတရားသည်။ ဖဿော၊ ဖဿတည်း။ အယံ၊ ဤခံစားခြင်း သဘောတရားသည်။ ဝေဒနာ၊ ဝေဒနာတည်း။ အယံ၊ ဤ မှတ်သားခြင်းသဘောတရားသည်။ သညာ၊သညာတည်း။ အယံ၊ ဤ စေ့ဆော်ခြင်း သဘောတရားသည်။ စေတနာ၊ စေတနာတည်း။ ဣဒံ၊ ဤ ဆန်းကြယ်သော သဘောတရားသည်။ စိတ္တံ၊စိတ်တည်း။ ဣတိ၊ ဤသို့။ ယံ ဝဝတ္ထာနံ၊ အကြင် ပိုင်းခြားခြင်းကို။ အက္ခာတံ၊ ဟောတော်မူအပ်ပြီ။ တံ၊ ထို ပိုင်းခြားခြင်းဟူသော။ ဒုက္ကရံ၊ ခဲယဉ်းစွာပြုအပ်သော အမှုကို။ ကတံ၊ ပြုတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပြီ။

ဘန္တေ၊ ရှး၊ ဩပမ္မံ၊ ဥပမာကို။ ကရောဟိ၊ ပြုပါဦးလော့။ ဣတိ၊ ဤသို့ လျှောက်ပြီ။ မဟာရာဇ၊ မဟာရာဇာ။ ယထာ၊ ဥပမာကား။ကောစိ-ဒေဝ၊ တစုံတယောက်သောလျှင် ဖြစ်သော။ ပုရိသော၊ သည်။ နာဝါယ၊ လှေဖြင့်။ သမုဒ္ဒံ၊ သို့။ အဇ္ဈောဂါဟေတွာ၊ သက်ဝင်၍။ ဟတ္ထပုဋေန၊ လက်ခုပ်ဖြင့်။ ဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ ဇိဝှာယ၊ လျှာဖြင့်။ သာ-ယိတွာ၊ လျက်၍။ ဇာနေယျ နုခေါ၊ သိနိုင်ရာသလော။ ကိံ၊ အဘယ်သို့။ ဇာနေယျ၊ သိနိုင်ရာသနည်း။ မဟာရာဇ။ သော ပုရိသော၊ သည်။ ဣဒံ၊ ဤရေသည်။ ဂင်္ဂါယ၊ဂင်္ဂါမြစ်၏။ ဝါ၊ ဂင်္ဂါမြစ်က။ ဥဒကံ၊ ရေတည်း။ ဣဒံ၊သည်။ယမုနာယ၊၏။ ဝါ၊က။ ဥဒကံ၊တည်း။ ဣဒံ၊သည်။အစိရဝတိယာ၊ ၏။ ဝါ၊ က။ ဥဒကံ၊ တည်း။ ဣဒံ၊ သည်။ သရဘုယာ၊ သရဘူမြစ်၏။ ဝါ၊ သရဘူမြစ်က။ ဥဒကံ၊ တည်း။ ဣဒံ၊ သည်။ မဟိယာ၊ မဟီ မြစ်၏။ ဝါ၊ က။ ဥဒကံ၊ တည်း။ (မြစ်ကြီး ငါးသွယ်က ရေတွေသည် သမုဒ္ဒရာထဲသို့ ဝင်လာသောကြောင့် ဤစကားကို ဆိုရသည်။) ဣတိ၊ ဤသို့။ဇာနေယျ နုပေါ၊ သိနိုင်ရာသလော။ ဣတိ၊ ဤသို့ မေးတော်မူပြီ။ ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ဇာနိတုံ၊ သိခြင်းငှာ။ ဒုက္ကရံ၊ ခဲယဉ်းစွာ ပြုအပ်ပါ၏။ဣတိ၊ ဤသို့ လျှောက်ပြီ။ မဟာရာဇ။ ကောရမ္မဏော၊ ၌။ ပဝတ္တမာနာနံ၊ကုန်သော။ အရူပိနံ၊ ကုန်သော။ စိတ္တစေတသိကာနံ၊ ကုန်သော။ ဣမေသံ ဓမ္မာနံ၊ တို့ကို။ ယံ ဝဝတ္ထာနံ၊ အကြင် ပိုင်းခြားခြင်းကို။ အက္ခာတံ၊ ပြီ။ပ။ဣဒံ၊ ဤ ဆန်းကြယ်သော သဘောသည်။ စိတ္တံ၊ တည်း။ ဣတိ၊ ဤသို့။ ယံ ဝဝတ္ထာနံ၊ ကို။ အက္ခာတံ။ တံ၊ ထို ပိုင်းခြားရခြင်းသည်။ တတော၊ ထိုရေကို ခွဲခြားရခြင်းထက်။ ဒုက္ကရတရံ၊ သာ၍ ခဲယဉ်းစွာ ပြုအပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဝိတက္ကနိဒ္ဒေသ၊ ဝိတက္ကနိဒ္ဒေသ၌။(တက္ကော-စသည်၌ အပေါင်းအာခါရ+အစိတ် အာဓေယ်အဖြစ်ဖြင့် စပ်။) တက္ကနဝသေန၊ အာရုံသို့ စိတ်ကို ဆွဲငင်

ခြင်း၏ အစွမ်းအားဖြင့်။ တက္ကော၊ တက္ကမည်၏။ တသာ၊ ထို ဝိတက်၏။ (ပဝတ္တိ-၌ စပ်။)ကိတ္တကံ၊အဘယ်မျှလောက်ကို။တက္ကေသိ၊ဆွဲငင်သွားသနည်း။ ကုမ္ဘံ၊ တကုမ္ဘကို။ တက္ကေသိ၊ ဆွဲငင်သွားပြီ။ သကဋံ၊ တလှည်းကို။ တက္ကေသိ၊ ပြီ။ ယောဇနံ၊ တယူဇနာတိုင်တိုင်။ တက္ကေသိ၊ ပြီ။ အဍ္ဍယောဇနံ၊ ယူဇနာဝက်တိုင်တိုင်။ တက္ကေသိ၊ ပြီ။ ဣတိ ဧဝံ၊ဤသို့။(လောကသိဒ္ဓေန၊ လောက၌ ထင်ရှားသော။) တက္ကနဝသေန[1]၊ အာရုံသို့ စိတ်ကို ဆွဲငင်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တိ၊ ဖြစ်ပုံကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။ ဣဒံ၊ ဤ တက္ကောဟူသော ပုဒ်သည်။ ဝိတက္ကဿ၊ ဝိတက်၏။ သဘာဝပဒံ၊ သဘောကိုသာပြသော ပုဒ်တည်း။ ဝိတက္ကနဝသေန၊ အာရုံသို့ အထူးထူး အပြားပြား ဆွဲငင်ခြင်း၏ အစွမ်းဖြင့်။ ဝိတက္ကော၊ ဝိတက္ကမည်၏။ ဧတံ၊ ဤ ဝိတက္ကောဟူသော အမည်သည်။ ဗလဝကရတက္ကဿ၊ အထူးသဖြင့်အားရှိသော ဆွဲငင်ခြင်း၏။ နာမံ၊ အမည်တည်း။

သင်္ကပ္ပ၊ ကောင်းစွာ။ ကပ္ပနဝသေန၊ ကြံစည်ခြင်း၏ အစွမ်းဖြင့်။ သင်္ကပ္ပော၊ သင်္ကပ္ပ မည်၏။ ဧကဂ္ဂံ၊ တခုတည်းသော အာရုံရှိသော။ စိတ္တံ၊ စိတ်ကို။အာ-ရမ္မဏေ၊ အာရုံ၌။ ဝ ါ၊ သို့။ အပ္ပေတိ၊ ရောက်စေတတ်၏။ ဝ ါ၊ သွင်းထားတတ်၏။ ဣတိ၊ ကြောင့်။ အပ္ပနာ၊ အပ္ပနာမည်၏။(အပ္ပဓာတ်-ပါပုဏန-အနက်ဟော၊ ယုပစ္စည်း၊ ကာရိတ်ကျေ။) ဒုတိယပဒံ၊ ဗျပ္ပနာဟူသော ဒုတိယပုဒ်ကို။ ဥပသဂ္ဂဝသေန၊ ဝိ-ဥပသာရ၏ အစွမ်းဖြင့်။ ဝဍ္ဎိတံ၊ တိုးပွားစေအပ်ပြီ။(ဝိ အနက် အထူးမရှိပါ-ဟူလို။) ဝ ါ၊ တနည်း။ ဗလဝတရာ၊ သာ၍ အားရှိသော။ အပ္ပနာ၊ စိတ်ကို အာရုံ၌ တင်သွင်းတတ်သော တရားသည်။ ဗျပ္ပနာ၊ ဗျပ္ပနာမည်၏။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။အဘိနိရော-ပေတိ၊ ရှေးရှု တင်ထားတတ်၏။ ပတိဋ္ဌာပေတိ၊ တည်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ စေဘသော အဘိနိရောပနာ၊ မည်၏။("အဘိနိရောပန-ရှေးရှုတင်ခြင်း"ဟူသည် အာရုံပေါ်၌ စိတ်ကိုတည်စေခြင်းတည်း။ထို့ကြောင့်"ပတိ-ဋ္ဌာပေတိ"ဟု အဓိပ္ပာယ်ဖွင့်သည်။) ယာထာဝတာယ၊ ဟုတ်မှန်သည်၏အဖြစ်

---

[1] ၁။ ဧဝံ တက္ကနဝသေန။ ။တက္ကသဒ္ဒါသည် အခြားနေရာ၌ ကြံစည်ခြင်းအနက်ကို ဟောသော်လည်း ဤနေရာ၌"ကုမ္ဘံ တက္ကေသိ"စသည်ဖြင့် လောက၌ ထင်ရှားသော စကားအသုံးကိုထောက်၍ ဆွဲငင်ခြင်း အာကဍ္ဎနအနက်ကို ဟောရသည်။ ကြံစည်ခြင်း အနက်ကိုကား သင်္ကပ္ပပုဒ်က ဟောလိမ့်မည်။ ဆွဲငင်ခြင်းဟူသည်လည်း စိတ်ကို အာရုံပေါ်သို့ရောက်အောင် ဆွဲငင်ခြင်းတည်း။ ("အဘိနိရောပန-စိတ်အာရုံသို့တင်ပေးခြင်း" နှင့် သဘောတူပင်တည်း။) [ဧဝံ တက္ကနဝသေန လောကသိဒ္ဓေနာတိ အဓိပ္ပာယော၊ ဝေဠေဝဠု။ပ။အာဧမ္ဗဏဿ အာကဍ္ဎနံ ဝိတက္ကနံ။-ဋီကာ။]

ကြောင့်လည်းကောင်း။ နိယျာနိကတာယ စ၊ ဝဋ်ဆင်းရဲမှထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ (ဝိပဿနာ သမ္မာဒိဋ္ဌိကို ရည်ရွယ်သည်။) ကုသလဘာဝပ္ပတ္တော၊ ကုသိုလ်၏ အဖြစ်သို့ ရောက်သော။ပသတ္ထော၊ ချီးမွမ်းအပ်သော။ သက်ပွော၊ သက်ပွတည်း။ ဣတိ၊ ထို့ကြောင့်။ သမ္မာသက်ပွော၊ သမ္မာသက်ပွမည်၏။ (သမ္မာသဒ္ဒါသည် ပသတ္ထအနက်ဟောတည်း။ ထို"ပသတ္ထ ဖြစ်ခြင်း၏အကြောင်းမှာလည်း ယာထာဝတာဂုဏ်,နိယျာနိကတာဂုဏ်ဘည်း"ဟု သိစေလို၍"ယာထာဝ။ပ။ပသတ္ထော"ဟု ဖွင့်သည်။)

ဝိစာရနိဒ္ဒေသေ၊ ဝိစာရ နိဒ္ဒေသ၌။အာရမ္မဏေ၊ အာရုံ၌။ စရဏကဝသေန၊ လှည့်လည်ခြင်း၏ အစွမ်းဖြင့်။ စာရော၊ စာရမည်၏။(ဝိစာရ၏ ဥပမာကို ပြရာ၌ ပျားပိတုန်း၏ ရစ်ဝဲနေပုံကို ဥပမာပြသည်။ ထို့ကြောင့် အာရုံပေါ်၌ အထပ်ထပ် အာရုံပြုသောအားဖြင့် သုံးသပ်နေခြင်းကိုပင် "စရဏက-လှည့်လည်ခြင်း"ဟု ဆိုသည်။) ဣဒံ၊ ဤစာရောဟူသောပုဒ်သည်။ အဿ၊ထို ဝိစာရ၏။ သဘာဝပဒံ၊ သဘောကိုသာ ပြသောပုဒ်တည်း။ ဝိစရဏဝသေန[၁]၊အာရုံ၌ ထက်ဝန်းကျင် လှည့်လည်ခြင်း၏အစွမ်းဖြင့်။ ဝိစာရော၊ ဝိစာရမည်၏။

အနုဂစ္ဆနာ၊ အာရုံသို့အစဉ်လိုက်၍။ ဝိစရဏဝသေန၊ ထက်ဝန်းကျင် လှည့်လည်ခြင်း၏ အစွမ်းဖြင့်။ အနုဝိစာရော၊ အနုဝိစာရမည်၏။ (အနုသဒ္ဒါသည် အနုဂမန အနက်ဟောတည်း။) ဥပဂစ္ဆနာ၊ အာရုံသို့ကပ်၍။ ဝိစရဏဝသေန၊ ထက်ဝန်းကျင် လှည့်လည်ခြင်း၏ အစွမ်းဖြင့်။ ဥပဝိစာရော၊ ဥပဝိစာရမည်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ဝါ၊ တနည်း။ ဥပသဂ္ဂဝသေန၊ဝိ,အနု,ဥပ-ဟူသော ဥပသာရ၏ အစွမ်းဖြင့်။ ပဒါနိ၊ ပုဒ်တို့ကို။ ဝဍ္ဎိတာနိ၊ တိုးပွားစေအပ်ကုန်ပြီ။ [ဥပသဂ္ဂဝသေန ဝါ-ဟူသော ဤနည်းအားဖြင့် ဝိစာရ, အနုဝိစာရတို့လည်း စာရ၏ အနက်ကိုပင် ဟောကြရသည်။ ဥပသာရအတွက် အနက်သီးခြား မရှိ။ ရှေး၌ဖွင့်ခဲ့သော နည်းအားဖြင့်ကား ဥပသာရအတွက် အနက်သီးခြားရှိသည်။] (ဝနစရကော၊ တောလည် မုဆိုးသည်။) သရံ၊ မြားကို။ ဇိယာယ၊ လေးညှို့၌။ အနုသန္ဒဟိတွာ၊ ဆက်စပ်၍။ ဌပေတိ ဝိယ၊ ထားသကဲ့သို့။ တထာ၊ ထို့အတူ။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ ကို။ အနုသန္ဒဟိတွာ၊ ဆက်စပ်၍။ ဌပနတော၊ ထားတတ်သည်၏ အဖြစ်ကြောင့်။ (ဘာဝပဓာန။) စိတ္တဿ အနုသန္ဓာနတာ၊ စိတ္တဿ အနုသန္ဓာနတာ-မည်၏။ ["စိတ္တဿ၊ စိတ်ကို- အနု-

၁။ **ဝိစရဏဝသေန**။ ။သမန္တတော စရဏံ ဝိစရဏံ။-ဋီကာ။ဤအလို ဝိသဒ္ဒါသည် သမန္တအနက်ဟောတည်း။ဝိစာရသည် အာရုံကိုအဖန်ဖန် သုံးသပ်ခြင်း လက္ခဏာရှိ၏။ ယိုသို့ အဖန်ဖန်သုံးသပ်ခြင်းလည်း အာရုံပေါ်၌ ထက်ဝန်းကျင် ရစ်ဝဲနေသကဲ့သို့ ဖြစ်ရကား"**သမန္တတော** စရဏံ ဝိစရဏံ"ဟု ဆိုသည်။

သန္ဓာနတာ၊ အာရုံ၌ ဆက်စပ်တတ်သည်၏ အဖြစ်ဟူသော သဘောတရားသည်။ (တနည်း) စိတ္တဿ၊ ကို။ အနုသန္ဓာနတာ၊ ဖွဲ့စပ်ခြင်း သဘောတရားသည်" ဟု ပါဠိတော်၌ပေး။ နောက်နည်းအလို တာပစ္စည်း အနက်မရှိ။]

(ယာ ဓမ္မဇာတိ၊ အကြင် သဘောတရားသည်။) အာရမ္မဏံ၊ အာရုံကို။ အနုပေက္ခမာနော ဝိယ၊ အဖန်ဖန် ကြည့်ရှုသကဲ့သို့။ (ဝိယသည် ဥပရိက္ခာဇောတက။)' တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ကြောင့်။ အနုပေက္ခနတာ၊ မည်၏။ [အနုပေက္ခနတာ၊ အာရုံကို အဖန်ဖန် ကြည့်ရှုတတ်သည်၏ အဖြစ်ဟူသော သဘောတရား။ ဝါ၊ ကြည့်ရှုခြင်း သဘောတရား။]ဝါ၊ တနည်း။ ဝိစရဏဝသေန၊ အာရုံ၌ ထက်ဝန်းကျင် လှည့်လည်ခြင်း၏ အစွမ်းဖြင့်။ ဥပေက္ခနတာ၊ ကြည့်ရှုတတ်သည်၏ အဖြစ်သည်။ အနုပေက္ခနတာ၊ အနုပေက္ခနတာ မည်၏။ [အနုပေက္ခနတာ၊ အာရုံကို တက်ဝန်းကျင် လှည့်လည်ခြင်း၏ အစွမ်းဖြင့် ကြည့်ရှုတတ်သည်၏ အဖြစ်။ ဝါ၊ ကြည့်ရှုခြင်း။ အနုကို "ဝိစရဏဝသေန" ဟု ဖွင့်။]

ပီတိနိဒ္ဒေသေ၊ ပီတိနိဒ္ဒေသ၌။ ပီတိတိ၊ ပီတိဟူသော ပုဒ်သည်။ သဘာဝပဒံ၊ သဘောကိုသာပြသော ပုဒ်တည်း။ ပမုဒိတဘာဝေါ၊ လွန်စွာ ဝမ်းမြောက်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်။ ပါမောဇ္ဇံ၊ ပါမောဇ္ဇမည်၏။ [ပမောဒနံ၊ လွန်စွာ ဝမ်းမြောက်ခြင်း။ ပမောဒေါ၊ ခြင်း။ ပမောဒေါယေဝ ပါမောဇ္ဇံ၊ သ္ဝတ္ထ၌ ဏျပစ္စည်း။ ပမုဒိတဘာဝေါကား အနက်ဖွင့်သာ။] အာမောဒနာကာရော၊ လွန်စွာ ဝမ်းမြောက်ခြင်းဟူသော အခြင်းအရာသည်။ အာမောဒနာ၊ မည်၏။ ပမောဒနာကာရော၊ အပြားအားဖြင့် ဝမ်းမြောက်ခြင်းဟူသော အခြင်းအရာသည်။ ပမောဒနာ၊ ပမောဒနာမည်၏။ ¹ဝါ၊ တနည်း။ ဘေသဇ္ဇာနံ ဝါ၊ ဆေးတို့ကိုသော်လည်းကောင်း။ တေလာနံ ဝါ၊

၁။ ယထာ ဝါ။ပ။ဝုတ္တာ။ ။မူဒခေတ်သည် "မုဒေါ ဟာသေ ကိဋ္ဌာ စုဏ္ဏာ–ဒနေသု စုတု မိဿနေ" ဟု ဓာတ်ကျမ်းရှိသောကြောင့် ဝမ်းမြောက် ရွှင်လန်းခြင်းဟူသော ဟာသ အနက်ဖြင့် "အာမောဒနာကာရော။ပ။ပမောဒနာ" ဟု ဖွင့်ပြပြီး၍ စုရာဒိ မုဒဓာတ်၏ မိဿနအနက်ကို တနည်းဖွင့်ပြလိုသောကြောင့် "ယထာ ဝါ ဘေသဇ္ဇာနံ ဝါ" စသည် မိန့်။ လောက၌ ဆေး၊ သို့မဟုတ် ဆီ၊ သို့မဟုတ် ရေနွေး ရေအေးတို့ကို တပေါင်းတည်း ပြုခြင်းကို "မောဒနာ" ဟု ဆိုရိုးရှိ၏။ ထို့အတူ ဤ၌လည်း ပီတိနှင့်ယှဉ်ဖက်တရားတို့ကို ပီတိက တပေါင်းတည်းပြုခြင်းကို "မောဒနာ" ဟု ဆိုရ၏။ ထို မောဒနာကိုပင် အာ–ဥပသာရ ပ-ဥပသာရတို့ဖြင့် တန်ဆာဆင်၍ ပါဠိတော်၌ "အာမောဒနာ၊ ပမောဒနာ" ဟု ဟောတော်မူသည်၊ အာ-ဥပသာရ၊ ပ–ဥပသာရတို့အတွက် အနက် သီးခြား မရှိ–ဟူလို။

ဆီတို့ကိုသော်လည်းကောင်း။ ဥဏှောဒကသီတောဒကာနံ ဝါ၊ ရေနွေး ရေအေးတို့ကိုသော် လည်းကောင်း။ ကေတော၊ တပေါင်းတည်း။ ကရဏံ၊ ပြုခြင်းကို။ မောဒနာတိ၊ မောဒနာဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤ့အတူ။ အယမ္ပိ ပီတိ၊ ဤ ပီတိသည်လည်း။ ဓမ္မာနံ၊ သမ္ပယုတ်တရားတို့ကို။ ကေတော၊ တပေါင်းတည်း။ ကရဏေန၊ ပြုခြင်းကြောင့်။ ဝါ၊ ပြုတတ်သည်၏ အဖြစ်ကြောင့်။ မောဒနာ၊ မောဒနာမည်၏။ ပန်၊ ထိုသို့ပင် ကေ—တော ကရဏကြောင့် မောဒနာဟု ဆိုရပါသော်လည်း။ ဥပသဂ္ဂဝသေန၊အာ, ပ, ဥပသာရတို့၏ အစွမ်းဖြင့်။ မဏ္ဍေတွာ၊ တန်ဆာဆင်၍။ အာမောဒနာ ပမောဒနာတိ၊ အာမောဒနာ ပမောဒနာ ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။

(ယော၊ အကြင် သဘောတရားသည်။) ဟာသေတိ၊ တံ သမင်္ဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို ရွှင်လန်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ (သော သဘာဝေါ၊ သည်။) ဟာသော၊ ဟာသမည်၏။ [ပီတိဖြစ်သောအခါ ပီတိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုလည်း တပြုံးပြုံးတရွှင်ရွှင် ဖြစ်စေတတ်, ယှဉ်ဖက်တရားတို့ကိုလည်း ရွှင်လန်းစေတတ်သည်–ဟူလို။] ပဟာသေတိ၊ အပြားအားဖြင့် ရွှင်လန်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပဟာသော၊ ပဟာသမည်၏။ ဧတံ၊ ဤ ဟာသော ပဟာသောဟူသော အမည်သည်။ ဟဋ္ဌပဟဋ္ဌာကာရာနံ၊ ရွှင်လန်းခြင်းဟူသော အခြင်းအရာ အပြားအားဖြင့် ရွှင်လန်းခြင်းဟူသော အခြင်းအရာတို့၏။ အဓိဝစနံ၊ အမည်တည်း။

ဝိတ္တိ[1]တိ၊ ဝိတ္တိဟူသည်ကား။ ဝိတ္တံ၊ ဥစ္စာတည်း။ ဧတံ၊ ဤ ဝိတ္တိဟူသော အမည်သည်။ ဓနဿ၊ ဥစ္စာ၏။ နာမံ၊ အမည်တည်း။ ပန၊ ဆက်။ အယံ၊ ဤ ပီတိသည်။ သောမနဿပစ္စယတ္တာ၊ သောမနဿ၏ အကြောင်း၏ အဖြစ်ကြောင့်။ ဝါ၊ သောမနဿ၏ အကြောင်းဖြစ်သည့်အတွက်။ ဝိတ္တိသရိက္ခတာယ၊ ဥစ္စာနှင့်တူသည်၏ အဖြစ်ကြောင့်။ ဝိတ္တိ၊ ဝိတ္တိ မည်၏။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ ဓနိနော၊ ဓနရှင်၏။ ဓနံ၊ ဥစ္စာကို။ ပဋိစ္စ၊ စွဲ၍။ သောမနဿံ၊ သောမနဿသည်။ ဥပ္ပဇ္ဇတိ ယထာ၊ ဖြစ်ရသကဲ့သို့။ ဧဝံ၊ တူ။ ပီတိမတောပိ၊ ပီတိရှိသော ပုဂ္ဂိုလ်၏လည်း။ ပီတိံ၊ ပီတိကို။ ပဋိစ္စ၊ စွဲ၍။ သောမနဿံ၊ သည်။

၁။ ဝိတ္တိ။ ။ဝိတ္တိနှင့် ဝိတ္တံသည် မနေအနက်ကို ဟော၏။ ရုမာဒီ ဝိဒမာက်–လာဘ အနက်ဟော၊ တိပစ္စည်း၊ တ–ပစ္စည်းတည်း။ "သောမနဿံ ဝိန္ဒတိ ဧတာယာကိ ဝိတ္တိ၊ ဝိန္ဒတိ ဧတေနာတိ ဝိတ္တံ" ဟု ပြု။ လောက၌ စည်းစိမ်ဥစ္စာသည် သောမနဿ (ဝမ်းမြောက်ခြင်း၏) အကြောင်း ဖြစ်သကဲ့သို့ ဤ ပီတိတည်းဟူသော ဥစ္စာလည်း သော–မနဿ၏ အကြောင်းပစ္စည်း ဖြစ်သည်–ဟူလို။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိတ္တိတိ၊ ဝိတ္တိဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။ တော၊ ဤဝိတ္တိဟူသော အမည်သည်။ တုဋ္ဌိသဘာဝ သဏ္ဌိတာယ၊ နှစ်သက်ခြင်းသဘော၌ ကောင်းစွာတည်သော။ ပီတိယာ၊ ၏။ နာမံ၊ ဟည်း။

ပန၊ ကား။ ပီတိမာ၊ ပီတိရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ ဥဂ္ဂတတ္တာ၊ တက်ကြွကုန်သည်၏ အဖြစ်ကြောင့်။ အဗ္ဘုဂ္ဂတတ္တာ၊ အလွန် တက်ကြွကုန်သည်၏ အဖြစ်ကြောင့်။ ဥဒဂ္ဂေါ ဣတိ၊ ဥဒဂ္ဂေါ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥဒဂ္ဂဿ၊ အထက်၌ အဖျားရှိသကဲ့သို့ ဖြစ်သော ပုဂ္ဂိုလ်၏။ ဝါ၊ တက်ကြွသော ပုဂ္ဂိုလ်၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ ဩဒဂျံ[1]၊ အထက်၌ အဖျားရှိသကဲ့သို့ ဖြစ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ။ ဝါ၊ တက်ကြွသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ။

အတ္တနော၊ မိမိ၏။ မနတာ၊ စိတ်၏ ဖြစ်ကြောင်းဖြစ်ရာတည်း။ အတ္တမနတာ[2]၊ မိမိစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ။ ဟိ၊ ချဲ့။ အနဘိရဒ္ဓဿ[3]၊ မိမိ သူတပါး

၁။ ဩဒဂျံ။ ။"ဥဒဂ္ဂေါကို ဥ+အဂ္ဂေါ"ဟု ပုဒ်ဖြတ်။ သက္ကတ၌ ဥတ်-ဥပသာရ သည် သန္ဓိစပ်သောအခါ ဒ-အဖြစ်ဖြင့် စပ်၏။ ပါဠိ၌ကား ထို တ-၏အစား ဒ-အက္ခရာ လာ၍ ဥဒဂ္ဂ-ဟု ဖြစ်ရ၏။ ဥဒ္ဓ+အဂ္ဂေါ ယဿာတိ ဥဒဂ္ဂေါ။ ယဿ၊ အကြင် ပုဂ္ဂိုလ်၏။ ဥဒ္ဓ၊ အထက်၌။ အဂ္ဂေါ၊ အဦးအဖျားသည်။ အတ္ထိ။ ရှိ၏။ ဣတိ သော ဥဒဂ္ဂေါ။ ပီတိဖြစ် နေသောအခါ ကိုယ်ရောစိတ်ပါ တက်ကြွနေသောကြောင့် အထက်၌ အဦးအဖျား ရှိသကဲ့သို့ မော့လျက် တကြော့ကြော့ဖြစ်နေသည်။ ထို ဥဒဂ္ဂ၏ဖြစ်ကြောင်းမှာ ဤ ပီတိ စေတသိက်ပင်တည်း။ ထို့ကြောင့် "ဥဒဂ္ဂဿ+ဘာဝေါ ဩဒဂျံ"ဟု ပြုရသည်၊ ဘာဝ အနက်၌ ဏျ-ပစ္စည်းသက်၊ ဂ-တလုံးချေ။

၂။ အတ္တမနတာ။ ။နှစ်သက် မရွှင်လန်းသူမှာ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု အကြောင်းတခုခု ရှိတတ်၏။ ထို့ကြောင့် ထိုသူ၏စိတ်သည် မိမိသဘောကျသောစိတ် မဟုတ်ရကား"အတ္တနောမန"မမည်။ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု အကြောင်းတခုခု ရှိမှ ချမ်းသာသောစိတ်ဖြစ်ရကား မိမိသဘောကျ"အတ္တနောမန"မည်၏။ ထို အတ္တနော မန၏ ဖြစ်ကြောင်းဖြစ်ရာ ဟူသည် ဤ ပီတိမည်သော စေတသိက်ပင်တည်း။

၃။ အနဘိရဒ္ဓဿ။ ။သီလက္ခန် ဗြဟ္မဇာလသုတ် အဋ္ဌကထာကနိဒါန်း၌ အနဘိရဒ္ဓိကို "နေဝ အတ္တနော န ပရေသံ ဟိတံ အဘိရာဓယတီတိ အနဘိရဒ္ဓိ၊ ကောပဿေတံ အဓိဝစနံ"ဟု အဋ္ဌကထာဖွင့်၏။ အဘိရာဓယတိကိုလည်း "သာဓေတိ"ဟု ဋီကာ ဖွင့်၏။ ဓာတ်ကျမ်း၌လာသော ရာဓဓာတ်၏ အဘိနိပ္ဖါဒန အနက်ပင်တည်း။ အဘိ ရာဓယတီတိ အဘိရဒ္ဓေါ-မိမိသူတပါး၏ စီးအပွားကို ပြီးစေတတ်သူ။ ဝါ၊ နှစ်သက် ဝမ်းမြောက်သူ၊ န+အဘိရဒ္ဓေါ အနဘိရဒ္ဓေါ-သူ။ [ရှေးနိဿယ၌ "အနဘိရဒ္ဓဿ၊ မငြိမ်းအေးသော ကိုယ် စိတ်ရှိသူ၏။ ဝါ၊ အမျက်ထွက်သူ၏"ဟု ပေးလေသည်။]

စီးအပ္ပွားကို မပြီးစေတတ်သော ပုဂ္ဂိုလ်၏။ ဝါ၊ မနှစ်သက် မရွှင်ပြသော ပုဂ္ဂိုလ်၏။မနော၊ စိတ်သည်။ဒုက္ခပဒဋ္ဌာနတ္တာ၊ဒုက္ခ၏ နီးစွာသော အကြောင်း၏ အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ မနော နာမ၊ စိတ်မည်သည်။ န ဟောတိ၊ မဖြစ်။ အဘိရဒ္ဓဿ၊ မိမိ သူတပါး စီးအပွားကို ပြီးစေတတ်သော ပုဂ္ဂိုလ်၏။ ဝါ၊ နှစ်သက်ရွှင်ပြသော ပုဂ္ဂိုလ်၏။ (မနော၊ စိတ်သည်။) သုခပဒဋ္ဌာနတ္တာ၊ သုခ၏ နီးစွာသော အကြောင်း၏ အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ မနော နာမ၊ စိတ်မည်သည်။ ဟောတိ။ [ပီတိဖြစ်လျှင် ပဿဒ္ဓိသုခဖြစ်၏။ ထို့ကြောင့် ပီတိကို "သုခ၏ နီးစွာသောအကြောင်း"ဟု ဆိုသည်။]

ဣတိ၊ ဤသို့လျှင်။ ဝါ၊ ဤနည်းအားဖြင့်။ အတ္တနော၊ မိမိ၏။ မနတာ၊ စိတ်၏ ဖြစ်ကြောင်း ဖြစ်ရာသည်။ အတ္တမနတာ၊ မည်၏။ သကမနတာ၊ မိမိ စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ။ သကမနဿ၊ မိမိစိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာ။ ဣတိ အတ္ထော၊ ဤကား အနက်။ [သကမနဿဘာဝေါ၊ ဟု ရှိလျှင် ကောင်း၏။ သုတ္တန္တိကဒုက၊ နိက္ခေပကဏ္ဍ-ခန္တိနိဒ္ဒေသ-မူလဋီကာကို ကြည့်ပါ။] (သကဟု ဖွင့်သဖြင့်"အတ္တသည် စိတ်ဟူသော အနက်ကို မဟော၊ မိမိဟူသော အနက်ကို ဟောသည်"ဟု ပြသည်။) [1]ပန၊ ဆက်။ သာ၊ ထို အတ္တမနတာကို။ ယသ္မာ၊ အကြင်ကြောင့်။ အညဿ၊ စိတ်မှတပါး အခြားသော။ ကဿစိ၊ တစုံ တယောက်သော ပုဂ္ဂိုလ်၏။ အတ္တမနတာ၊ အတ္တမနတာသည်။ န၊ မဟုတ်။ ပန၊ စင်စစ်ကား။ စိတ္တဿေဝ၊ စိတ်၏သာလျှင်။ ဧသော ဘာဝေါ၊ ဤ သဘော တရားသည်။ စေတသိကော၊ စိတ်၌ဖြစ်သော။ ဓမ္မော၊ သဘောတရားတည်း။ တသ္မာ၊ ထို့ကြောင့်။ အတ္တမနာ စိတ္တဿာတိ၊ ဟူ၍။ ဝုတ္တာ၊ မူအပ်ပြီ။

ကေဂ္ဂတာနိဒ္ဒေသေ၊ ဧကဂ္ဂတာနိဒ္ဒေသ၌။(ယာ ဓမ္မဇာတိ။)အစလဘာဝေ-န၊ မတုန်လှုပ်သည်၏ အဖြစ်ဖြင့်။ အာရမ္မဏေ၊ ၌။တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ကြောင့်။(သာ ဓမ္မဇာတိ။)ဌိတိ၊ မည်၏။ ပရတော၊နောက်၌။ပဒဒွယံ၊ သဏ္ဌိတိ

၁။ သာပန။ပ။စိတ္တဿာတိ ဝုတ္တာ။ ။ထို ပီတိမည်သော စေတသိက်တရားကို အတ္တမနတာ ဟု ဆိုလျှင် စိတ္တဿ ဟု အဘယ်ကြောင့် ဝိသေသနသမ္ဗန် ထ ်ရသေး သနည်းဟု မေးဖွယ်ရှိသောကြောင့် သာ ပန-စသည်မိန့်။ "အတ္တမနတာ၊ မိမိစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ"ဟူသည်"အဘယ်သူ၏ အတ္တမနတာပါနည်း၊ တစုံတယောက်သော ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တမနတာ –ပါလော"ဟု စောဒနာဖွယ် ရှိသောကြောင့် "စိတ္တဿ"ဟု ဝိသေသနသမ္ဗန် ထည့်ရသည်။ "တစုံတယောက်သော ပုဂ္ဂိုလ်၏ အတ္တမနတာမဟုတ်၊ စိတ်၏ အတ္တမနတာဖြစ်သည်" ဟူလို။ စာအုပ်များ၌ "န အညဿ ကဿစိ အတ္တနော မနတာ"ဟုရှိ၏၊ "န အညဿ ကဿစိ အတ္တမနတာ"ဟု ရှိမှ စာသွားေြာင့်သည်။

အဝဋ္ဌိတိဟူသော ပုဒ် ၂-ပါးအပေါင်းကို။ ဥပသဂ္ဂဝသေန၊ သံ,အဝ-ဥပသာရ တို့၏ အစွမ်းဖြင့်။ဝဍ္ဎိတံ၊ တိုးပွားစေတော်မူအပ်ပြီ။ (ဤအလို သံ-အတွက် အဝ-အတွက် အနက်မရှိ။) အပိ စ၊ တနည်းကား။ (ယာ ဓမ္မဇာတိ။) သမ္ပယုတ္တဓမ္မေ၊ တို့ကို။ အာရမဏမှိ၊ ၌။ သမ္ပိဏ္ဍေတွာ၊ ပေါင်း၍။ တိဋ္ဌတိ၊ ၏။ ဣတိ (သာ ဓမ္မဇာတိ)။ သဏ္ဌိတိ၊ သဏ္ဌိတိမည်၏။ [သံ သဒ္ဒါ၏ အဘိဓာန်လာ အနက်တို့တွင် သမောဓာန်အနက် ဟု သိစေလို၍"သမ္ပိဏ္ဍေတွာ"ဟု ဆိုသည်။] (ယာ ဓမ္မဇာတိ။) အာရမ္မဏံ၊ သို့။ ဩဂါဟေတွာ၊ သက်ဝင်၍။ အနုပဝိသိတွာ၊ အစဉ်အတိုင်း သက်ဝင်၍။ (ဩဂါဟေတွာကို ထပ်ဖွင့်သည်။) တိဋ္ဌတိ၊ ၏။ ဣတိ(သာ ဓမ္မဇာတိ၊ အဝဋ္ဌိတိ၊ မည်၏။[အဝဋ္ဌိတိ၌ အဝကို ဩဂါဟေ-တွာဟု ဖွင့်သည်။] ဟိ၊ မှန်။ ကုသလပက္ခသ္မိံ၊ ကုသိုလ်အဖို့၌။ သဒ္ဓါ၊ သဒ္ဓါလည်းကောင်း။ သတိ၊ သတိလည်းကောင်း။ သမာဓိ၊ သမာဓိလည်း ကောင်း။ ပညာ၊ လည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော၊ ကုန်သော။ ဓမ္မာ၊တို့သည်။ အာရမ္မဏံ၊သို့။ ဩဂါဟန္တိ၊သက်ဝင်တတ်ကုန်၏။ တေနေဝ၊ ထို့ကြောင့်ပင်။ သဒ္ဓါ၊ သဒ္ဓါကို။ ဩကပ္ပနာ၊ ဩကပ္ပနာဟူ၍။ ဝါ၊ အာရုံ၌ သက်ဝင် ယုံကြည်တတ်သော တရားဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။ [အပေါ်ယံ ယုံကြည်ခြင်းမျိုးမဟုတ်၊ အာရုံ၌ သက်ဝင်၍ ယုံကြည်ခြင်းကို ဩကပ္ပနာဟု ခေါ်သည်။] သတိ၊ သတိကို။ အပိလာပနတာ[1]၊ အပိလာ-ပနတာ ဟူ၍။ ဝါ၊ ပေါလောမပေါ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာဟူ၍။ (ဝုတ္တာ၊ ပြီ။)သမာဓိ၊ သမာဓိကို။ အဝဋ္ဌိတိတိ၊ ဟူ၍။ ဝါ၊ အာရုံ၌ သက်ဝင်၍ တည်တတ်သော သဘောဟူ၍။(ဝုတ္တာ။) ပညာ၊ ပညာကို။ ပရိယော-ဂါဟနာတိ၊ ပရိယောဂါဟနာ ဟူ၍။ ဝါ၊ ထက်ဝန်းကျင် အာရုံ၌ သက်ဝင်ပယ်သော တရားဟူ၍။(ဝုတ္တာ။)

ပန၊ ကား။ အကုသလပက္ခေ၊ အကုသိုလ်အဖို့၌။ တဏှာ၊ တဏှာလည်း ကောင်း။ ဒိဋ္ဌိ၊ လည်းကောင်း။ အဝိဇ္ဇာ၊ လည်းကောင်း။ ဣတိ။ တယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အာရမ္မဏံ၊ သို့။ ဩဂါဟန္တိ၊ သက်ဝင်ကုန်၏။ တေနေဝ၊ ထို့ကြောင့်ပင်။ တေ၊ ထို တရားတို့ကို။ ဩဃာတိ၊ ဩဃ တို့ ဟူ၍။ ဝုတ္တာ။ [ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ-ဟု ဟော

၁။ **အပိလာပနတာ**။ ။ပိလုဓာတ် ယုပစ္စည်းဖြင့် ဥကိုဩ၊ ဩကို အဝပြုလျှင်"ပိလဝန"ဟု ဖြစ်၏။ သက္ကတ၌ ပ္လု-ဟု တလုံးဓာတ်ဖြစ်သောကြောင့် ဥ-မချေ ရသကဲ့သို့ ထို ပ္လုကို ဖြန့်ထားသော ပိလုဓာတ်၌လည်း ဥ-မချေရ။ ထို့ကြောင့်"အပိလဝနတာ" ဟု ရှိလျှင် ကောင်းမည်ထင်သည်။

တော်မူသည်။] ပန၊ ဆက်။ တွေ၊ ဤ အကုသိုလ်အဖို့၌။ စိတ္တေကဂ္ဂတာ၊စိတ္တေ-ကဂ္ဂတာသည်။ ၁ဗလဝတီ၊ အားရှိသည်။ န ဟောတိ၊ မဖြစ်။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ ရဇုဋ္ဌာနဋ္ဌာနေ၊ မြူမှုန်တို့၏ ထကြွရာအရပ်ကို။ (ဖုန်ထရာအရပ်ကို။) ဥဒကေန၊ ရေဖြင့်။ သိဉ္စိတွာ၊ သွန်းဖျန်း၍။ သမ္မဋ္ဌေ၊ တံမြက်လှည်းအပ်သော်။ [ရှေးနိဿယ၌ "သမ္မဋ္ဌေ၊ ကောင်းစွာ အညီအညွတ် ပြုအပ်သော်"ဟု ပေး၏။] ထောကမေဝ၊ အနည်းငယ်သာလျှင် ဖြစ်သော။ ကာလံ၊ ကာလပတ်လုံး။ ရဇော၊ မြူမှုန်သည်။ သန္နိသီဒတိ၊ ကောင်းစွာတည်၏။ ဝါ၊ ငြိမ်သက်စွာတည်၏။ (ရဇုဋ္ဌာနဋ္ဌာနေ၊ သည်။) သုက္ခ-န္တေ သုက္ခန္တေ၊ ခြောက်လတ် ခြောက်လတ်သော်။ (အန္တ အနက်မရှိ။) ပကတိဘာဝေန၊ ပကတိအဖြစ်ဖြင့်။ (နဂိုအတိုင်း။) ဝုဋ္ဌာတိ ယထာ၊ ထသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အကုသလပက္ခေ၊ ၌။ စိတ္တေကဂ္ဂတာ၊ စိတ္တေ-ကဂ္ဂတာသည်။ ဗလဝတီ၊ အားရှိသည်။ န ဟောတိ၊ မဖြစ်။ ပန၊ ဗျတိရိတ်ကား။ တသ္မိံ ဌာနေ၊ ထိုအရပ်ကို။ (ဥပလိတ္တေ—၌ စပ်။) ဃဋေဟိ၊ ရေအိုးတို့ဖြင့်။ ဥဒကံ၊ ရေကို။ အာသိဉ္စိတွာ၊ သွန်းလောင်း၍။ (ရှေးနိဿယ၌ "အဘိသိဉ္စိတွာ"ဟု ရှိ၏။) ကုဒ္ဒါလေန၊ ပေါက်တူးဖြင့်။ ခဏိတွာ၊ တူးဆွ၍။ အာကောဋနမဒ္ဒနဃဋ္ဋနာနိ၊ မြေခဲလုံးတို့ကို ထုရိုက်ခြင်း,ထုရိုက်ပြီးနောက် မြေမှုန်တို့ကို ရေဖြင့်နယ်ခြင်း,နယ်ပြီးနောက် ဒင်ဆောင့်ခြင်းတို့ကို။ ကတွာ၊ ပြု၍။ ဥပလိတ္တေ၊အင်္ဂတေဖြင့် လိမ်းကျံအပ်သော်။ အာဒါသေ ဝိယ၊ကြေးမုံ၌ကဲ့သို့။ ဝါ၊ မှန်၌ကဲ့သို့။ ဆာယာ၊ အရိပ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဝဿသတာတိက္ကမေပိ၊ အနှစ်တရာလွန်ရာအခါ၌သော်လည်း။ တံမုဟုတ္တကတံ ဝိယ၊ ထို တမုဟုတ်၌ ပြုလုပ်အပ်သကဲ့သို့။ ဟောတိ ယထာ။ ဖြစ်သကဲ့သို့။ ဧဝမေဝ။ ကုသလပက္ခေ၊ ၌။ စိတ္တေကဂ္ဂတာ၊ သည်။ ဗလဝတီ၊ အားရှိသည်။ ဟောတိ၊ ၏။

ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန၊ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏ အစွမ်းဖြင့်။ ပဝတ္တဿ၊ ဖြစ်သော။ (အကုသလနိဒ္ဒေသ၌ ပဝတ္တဿ ဟု ရှိလတ္တံ့။) ဝိသဘာဂဿ၊

၁။ န ဗလဝတီ ဟောတိ။ ။အကုသိုလ်ခန်း၌လည်း ဧကဂ္ဂတာနိဒ္ဒေသဝယ်"အဝ-ဋ္ဌိတိ"ဟု ဟောတော်မူ၏။ ထို ဧကဂ္ဂတာကို အားမရှိလျှင် အဘယ့်ကြောင့်"အဝဋ္ဌိတိ" ဟု ဟောတော်မူရပါသနည်း၊ ဤသို့ မေးဖွယ်ရှိ၏။ အဖြေကား-ပါဏာတိပါတ-စသော မကောင်းမှုကို ပြုရာဝယ် အခိုက်အတန့်ပင် ဖြစ်စေကာမူ ထိုအာရုံ၌ သက်ဝင်၍ တည်မှ ပါဏာတိပါတ-စသောအမှုတို့ ထမြောက်ကြ၏။ ထို ထမြောက်လောက်ရုံမျှ သက်ဝင်၍ တည်ခြင်းကို ရည်ရွယ်တော်မူ၍"အဝဋ္ဌိတိ"ဟု ဟောတော်မူသည်။ "နဗလဝတီ။ပ။ တထာ အဝဋ္ဌာနမတ္တဘာဝတော"ဟူသော ဋီကာအဓိပ္ပာယ်ကို မှီးသည်။

ဖောက်ဖောက်ပြန်ပြန် ထက်ဝန်းကျင် ဆောင်ခြင်း၏။ ဝါ၊ အထူးထူးအပြားပြား ထက်ဝန်းကျင် ဆောင်ခြင်း၏။ ဝါ၊ ဖရိုဖရဲ ဖြန့်ကြဲခြင်း၏။ ပဋိပက္ခ တော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ အဝိသာဟာရော¹၊ မည်၏။

ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေနေဝ၊ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏ အစွမ်းဖြင့်ပင်။ ဂစ္ဆန္တံ၊ သွားနေ သော။ စိတ္တံ၊ စိတ်သည်။ (သဟဇာတဓမ္မေ၊ တကွဖြစ်ဖက် တရားတို့ကို။) ဝိက္ခိပတိ နာမ၊ အထူးထူး အပြားပြား ပစ်လွှင့်သည်မည်၏။ [ရှေးနိဿယ၌ "ဝိက္ခိပတိ နာမ၊ အထူးထူးသော အာရုံသို့ ပြေးသွားပျံ့လွင့်သည်မည်၏" ဟု ပေးလေ၏။ နောက် အကုသလနိဒ္ဒေသ၌ "သဟဇာတဓမ္မေ" ဟု ရှေ့ပုဒ်မှ လိုက်လာသောကြောင့်လည်းကောင်း၊ ဝိပုဗ္ဗ-ခိပ-ဓာတ်က သဒ္ဒတ္ထအားဖြင့် ပျံ့ လွင့်ခြင်း ဟူသော အကမ္မက အနက်ကို မဟော၊ ပစ်လွှင့်ခြင်းဟူသော သကမ္မက အနက်ကိုသာ ဟောသောကြောင့် လည်းကောင်း ထို ရှေးနိဿယအနက်ကို စဉ်း စားပါ။]

အယံ ပန၊ ဤ ဧကဂ္ဂတာသည်ကား။ တထာဝိဓော၊ ထိုသို့ သဘောရှိ သော။ ဝိက္ခေပေါ၊ အထူးထူး အပြားပြား ပစ်လွှင့်တတ်သော တရားသည်။ န ဟောတိ၊ မဟုတ်။ ဣတိ။ အဝိက္ခေပေါ၊ ပမည်၏။ စ၊ သည်သာ မကသေး။ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ ဝသေနေဝ၊ ဖြင့်ပင်။ စိတ္တံ၊ သည်။ ဝါ၊ ကို။ ဝိသာဟဋံ² နာမ²၊ ဖောက်ဖောက်ပြန်ပြန် ထက်ဝန်းကျင် ဆောင်အပ်သည်မည်သည်။ ဝါ၊ အထူးထူး အပြားပြား ထက်ဝန်းကျင် ဆောင်အပ်သည်မည်သည်။ ဝါ၊ ဖရို

၁။ အဝိသာဟာရော။ ။ဝိရှုပ်၊ ဖောက်ဖောက်ပြန်ပြန်။ (တနည်း) ဝိဝိဓ၊ အထူးထူး အပြားပြား+သံဟရဏ၊ ထက်ဝန်းကျင် ဆောင်ခြင်း။ ဝါ၊ ဖရိုဖရဲ ဖြန့်ကြဲခြင်း။ ဝိသာ ဟာရော၊ ခြင်း။ ဥဒ္ဓစ္စဝိစိကိစ္ဆာသည် တခုသောအာရုံ၌ ငြိမ်သက်စွာ မတည်နိုင်-မဆုံး ဖြတ်နိုင်ရကား စိတ်ကို ထက်ဝန်းကျင် ဆောင်ယူကာ ဖြန့်ကြဲသကဲ့သို့ ဖြစ်၏။ ထိုသို့ဖြစ် ခြင်း၏ ဆန့်ကျင်ဘက်ဟူသည် စိတ်၏ အာရုံတခု၌ ငြိမ်သက်စွာ တည်နေခြင်းဟူသော ဧကဂ္ဂတာတည်း။ ထိုသို့ တည်နေခြင်းကို "အဝိသာဟာရ" ဟု ဆိုသည်။ [သံ+ဟာရ၌ နိဂ္ဂဟိတ်ချေ၊ ဒီဃပြု။] (တနည်း) သံ+ဟာရ၌ သံသည် သမာဓာန အနက်ဟော တည်း။ သမ္ပယုတ်တရားတို့ကိုတပေါင်းတည်း ဆောင်ခြင်း ပေါင်းစုခြင်းကို "သံဟာရ" ဟု ဆို၍ ထိုသို့ ပေါင်းစုမှုမရှိခြင်းကို "ဝိသာဟာရ" ဟု ဋီကာ၌ တနည်းဖွင့်၏၊ ဤ နည်း၌ ဝိသည် အဘာဝ အနက်ဟောတည်း၊ ဝိသာဟာရော၊ ပေါင်းစုမှု၏မရှိခြင်းသည်။ န၊ မဟုတ်၊ သမ္ပယုတ်တို့ကို ပေါင်းစုမှုမရှိခြင်းမဟုတ်, ပေါင်းစုခြင်းသဘောတရား။

၂။ ဝိသာဟဋံ နာမ။ ။ဝိ+သံ+အာ+ဟရဓာတ်, တ—ပစ္စည်း, ကံဟောတည်း။ ထို့ကြောင့် "ဋ္ဌဘော ဝိဟတာ စ ပသာရိယတိ" ဟု ကံဟော အာချာတ်ကြိယာဖြင့် အနက်အဓိပ္ပာယ် ဖွင့်ပြသည်၊ "ပသာရိယတိဘိ" ဟု ဋီကာပါနေသည်ကား မကောင်း

ဖရဲ ဖြန့်ကြဲအပ်သည့် မည်သည်။ ဟောတိ၊ ၏။ ဣတော စိတော စ၊ ဤ အာရုံ ဤအာရုံသို့လည်း။ ပသာရိယတိ၊ ဖြန့်အပ်၏။ ဣတိ၊ ဤကား အနက် တည်း။ ပန၊ ဆက်။ အယံ၊ ဤ ကေဂ္ဂတာသည်။ ဧဝံ၊ သို့။ အဝိသာဟဋ္ဌသာ၊ ဖောက်ဖောက်ပြန်ပြန် ထက်ဝန်းကျင် ဆောင်အပ်သည် မဟုတ်သော။ ဝါ၊ အထူးထူးအပြားပြား ထက်ဝန်းကျင် ဆောင်အပ်သည် မဟုတ်သော။ ဝါ၊ ဖရိုဖရဲ ဖြန့်ကြဲအပ်သည် မဟုတ်သော။ မာနသဿ၊ စိတ်၏။ ဘာဝေါ၊ ဖြစ် ကြောင်း ဖြစ်ရာတည်း။ ဣတိ။ အဝိသာဟဋ္ဌ မာနသတာ၊ မည်၏။

သမထောတိ ဧတ္ထ၊ သမထောဟူသော ဤပါဠ်၌။ (လဗ္ဘမာနေသု၊ အတ္ထု-ဒ္ဓါရ-အဖြစ်ဖြင့် ရထိုက်သော။) သမထော၊ သမထသည်။ စိတ္တသမထော၊ လည်းကောင်း။ အဓိကရဏသမထော၊ လည်းကောင်း။ သဗ္ဗသင်္ခါရသမထော၊ လည်းကောင်း။ ဣတိ။ တိဝိဓော၊ ၏။ တတ္ထ၊ ထို သုံးပါးတို့တွင်။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။သမာပတ္တီသု၊တို့၌။စိတ္တေကဂ္ဂတာ။သည်။စိတ္တသမထောနာမ၊ မည်၏။ ဟိ၊ မှန်၏။ (တနည်း) ဟိ (ယသ္မာ)။ တံ၊ ထိုသမာဓိသို့။ အာဂမ္မ၊ ရေးရှုရောက်၍။ ဝါ၊ စွဲ၍။ စိတ္တစလနံ၊စိတ်၏ လှုပ်ရှားခြင်းသည်။ စိတ္တဝိပ္ဖန္ဒိတံ၊ စိတ်၏ အထူးထူး အပြားပြား တုန်လှုပ်ခြင်းသည်။ သမ္မတိ၊ ငြိမ်သက်၏။ ဝူပသမ္မတိ၊ အထူးသဖြင့် ငြိမ်သက်၏။ တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ စိတ်လှုပ် ရှားခြင်း၏ ငြိမ်သက်ကြောင်း၏အဖြစ်ကြောင့်။ ["တံ အာဂမ္မ ထိုကိုစွဲ၍" ဟူရာ၌ "ထို့ကြောင့်" ဟု အဖြောင့်အားဖြင့် အဓိပ္ပာယ်ထွက်၏။ သို့ဖြစ်၍ "သမ္မတိ ဧတေနာတိ သမထော" ဟု ကရဏသာဓ်ပြု။ "စိတ္တဿ + သမထော- စိတ္တသမထော" ဟု ဆက်ပါ။] သော၊ ထိုသမာဓိကို။ စိတ္တသမထောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ [ရှေးနိဿယ၌ "တံ, သော" တို့အရ ကေဂ္ဂတာကို စွဲပြီးလျှင် သမထောဟူသော နောက်ပုဒ်ကိုငဲ့၍ "သော" ဟု ထားရကြောင်းကို ဆုံးဖြတ် လေ၏။ ထို အဆုံးအဖြတ်ကို "တံ သဗ္ဗသင်္ခါရ သမထောတိ ဝုစ္စတိ" ဟူသော လာလတ္တံ့စကားကို ထောက်၍ စဉ်းစားပါ။]

သမ္မုခါဝိနယာဒိ၊ သမ္မုခါဝိနယ အစရှိသော။ သတ္တဝိဓော၊ ခုနစ်ပါး အပြား ရှိသော။ သမထော၊ သည်။ အဓိကရဏသမထောနာမ၊ မည်၏။ ဟိ၊ မှန်၏။(တနည်း)ဟိ (ယသ္မာ)။ တံ၊ ထို သမ္မုခါဝိနယ အစရှိသော သမထသို့။

လှ။ ထို့ကြောင့် "ဣတိ၊ ဤကားအနက်" ဟု ပေးလိုက်သည်။ ပသာရိယတိနေရာ ဝယ် "ဟရိယတိ" ဟုလည်း မူကွဲရှိ၏။ ရှေးနိဿယ၌ "ဝိသဋဟဋ္ဌနာမ၊ ဖောက်ပြန် သည်ဖြစ်၍ ရွေ့ရှား ပျံ့လွင့်သည်မည်သည်" စသည်ဖြင့် ကတ္တားဟော အနက်ပေး လေသည်၊

အာဂမ္မ၊ ၍။ တာနိတာနိ အဓိကရဏာနိ၊ ထိုထိုအဓိကရုဏ်းတို့သည်။ သမ္မန္တိ၊ ငြိမ်းအေးကုန်၏။ ဝူပသမ္မန္တိ၊ အထူးသဖြင့် ငြိမ်းအေးကုန်၏ ။တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ အဓိကရုဏ်းတို့၏ ငြိမ်းအေးကြောင်း၏ အဖြစ်ကြောင့်။ သော၊ ထို သမ္မုခါဝိနယ အစရှိသော သမထကို၊ အဓိကရဏ သမထောတိ၊ ဟူ၍။ (အဓိကရုဏ်း၏ ငြိမ်းအေးကြောင်းဟူ၍။) ဝုစ္စတိ။ ပန၊ ကား။ ယသ္မာ။ သဗ္ဗေ၊ ကုန်သော။ သင်္ခါရာ၊ တို့သည်။ နိဗ္ဗာနံ၊ သို့။ အာဂမ္မ၊ ၍။ သမ္မန္တိ၊ ငြိမ်းအေးကုန်၏။ ဝူပသမ္မန္တိ၊ အထူးသဖြင့် ငြိမ်းအေးကုန်၏။ တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းအေးကြောင်း၏ အဖြစ်ကြောင့်။ (အဓိကရဏသာဓ်လည်း ရနိုင်၏။ "ငြိမ်းအေးရာ၏အဖြစ်ကြောင့်"ဟုပေး။) တံ၊ ထို နိဗ္ဗာန်ကို၊ သဗ္ဗသင်္ခါရ သမထောတိ၊ သဗ္ဗသင်္ခါရသမထ ဟူ၍။ ဝါ၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းအေးကြောင်းဟူ၍။ ဝုစ္စတိ၊ ၏။ ဣမသ္မိံ အတ္ထေ၊ ဤ သမထော ဟူသော ပုဒ်၏ အနက်၌။ စိတ္တသမထော၊ စိတ္တသမထကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

(ယံ ဓမ္မဇာတံ။) သမာဓိလက္ခဏော၊ သမာဓိ၏လက္ခဏာ၌။ ဌာနဠံ၊ မိမိအစိုးရသည်၏အဖြစ်ကို။ (သမ္ပယုတ္တဓမ္မေဟိ၊ တို့သည်။ ဝါ၊ တို့ကို။) ကာရေတိ၊ ပြုစေတတ်၏။ ဣတိ (တံ ဓမ္မဇာတံ။) သမာဓိန္ဒြိယံ၊ မည်၏။ (ယံ ဓမ္မဇာတံ။) ဥဒ္ဒစ္စေ၊ ဥဒ္ဒစ္စကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိ (တံ ဓမ္မဇာတံ။) သမာဓိဗလံ၊ မည်၏။ [ဗလ၏အကမ္ပနအနက်ကို ဖွင့်သည်။] သမ္မာ သမာဓီတိ၊ ကား။ ယာထာဝ သမာဓိ၊ မဖောက်မပြန် ဟုတ်မှန်သော သမာဓိသည်။ နိယျာနိက သမာဓိ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော သမာဓိသည်။ ကုသလသမာဓိ၊ ကုသိုလ်ဖြစ်သော သမာဓိသည်။ (ဟောတိ။) [သမ္မာ၏အနက်ကို ယာထာဝ၊ နိယျာနိက၊ ကုသလဟု အဓိပ္ပာယ်ဖွင့်သည်။ သဒ္ဒတ္ထမှာ "ကောင်းသော"ဟု ပင် ဖြစ်သည်။ သမ္မာသင်္ကပ္ပပုဒ်အဖွင့်ကို ပြန်ကြည့်ပါ။]

သဒ္ဓိန္ဒြိယနိဒ္ဒေသေ၊ ၌။ ဗုဒ္ဓါဒိဂုဏာနံ၊ ဘုရားအစရှိသော ရတနာ ၃-ပါး၏ ဂုဏ်တော်တို့ကို ၊ သဒ္ဒဟနဝသေန၊ ယုံကြည်ခြင်း၏ အစွမ်းဖြင့်။သဒ္ဓါ၊သဒ္ဓါ မည်၏။ ဝါ၊ တနည်း။ ဗုဒ္ဓါဒီနိ၊ ဘုရား အစရှိကုန်သော။ ရတနာနိ၊ ရတနာ တို့ကို။ သဒ္ဒဟတိ၊ ယုံကြည်တတ်၏။ ပတိယယတိ[1]၊ စွဲ၍ဖြစ်တတ်၏။ ဣတိ။

၁။ ပတိယယတိ၊ ။စာအုပ်များ၌"ပတ္တိယာယတိ"ဟုတွေ့ရ၏။"အပရပ္ပစ္စယော" ၌၌ ပစ္စယောသည် ယုံကြည်ခြ်းအနက်ကို ဟော၏။ ပုဒ်ရင်းမှာ ပတိပုဗ္ဗ ဣဓာတ်၊အ- ပစ္စည်းတည်း။ ဤ၌လည်း"ပတိ+အယတိ"ဟု ဖြစ်သောအခါ (ယ) လာ၍"ပတိယ- ယတိ"ဟု ဣဓာတ်ဖြင့်သာ ပါဌ်မှန်ဖြစ်သင့်၏။ ပတိယယတိ၊ စွဲ၍ဖြစ်၏။ (သဒ္ဒတ္ထ။) ယုံကြည်၏။ (အဓိပ္ပာယတ္ထ။) [ပရံ နပ္ပ စ္စတိ ပရ-သ သဒ္ဒါယ ဧတ္တေ န ပဝတ္တတိ။—

သဒ္ဓါ၊ မည်၏။[ဤသို့ သဒ္ဒဟာတိကို ပတိယယတိဟု ဖွင့်ခြင်းမှာလည်း သဒ္ဒဟာတိ၌ သံပုဗ္ဗ ဓာ-ဓာတ်ဖြစ်၍“ကောင်းစွာထားတတ်၏၊ စေ့စပ်တတ်၏”စသော အနက်တို့ကို ယူမည်စိုးသောကြောင့်တည်း။]

သဒ္ဒဟနာတိ၊ ကား။ သဒ္ဒဟနာကာရော၊ ယုံကြည်ခြင်းဟူသော အခြင်းအရာတည်း။ ဗုဒ္ဓါဒီနံ၊ ဘုရား အစရှိသောရတနာတို့၏။ ဂုဏေ၊ ဂုဏ်တို့သို့။ ဩဂါဟတိ၊ သက်ဝင်တတ်၏။ ဘိန္ဒိတွာ၊ ခွဲ၍။(အနုပဝိသတိ) ဝိယ၊ အစဉ်အတိုင်း သက်ဝင်သကဲ့သို့။ အနုပဝိသတိ၊အစဉ်အတိုင်း သက်ဝင်တတ်၏။ဣတိ။ ဩကပ္ပနာ¹၊မည်၏။ တာယ၊ဤ သဒ္ဓါဖြင့်။သတ္တာ၊ သတ္တဝါတို့သည်။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသော ရတနာတို့၏။ ဂုဏေသု၊ ဂုဏ်တော်တို့၌။ အတိဝိယ၊ အလွန်အကဲသာလျှင်။ [အဘိ၏အဖွင့်တည်း။] ပသီဒန္တိ၊ ကြည်ညိုကြကုန်၏။ (ဣတိ။သော၊ ထို သဒ္ဓါတရားသည်။ အဘိပ္ပသာဒေါ။) ဝါ၊ တနည်း။သယံ၊ မိမိဟူသော သဒ္ဓါကိုယ်တိုင်။ အဘိပ္ပသီဒတိ၊ အလွန်ကြည်လင်တတ်၏။ဣတိ။ (သော၊ ထို သဒ္ဓါတရားသည်။) အဘိပ္ပသာဒေါ၊ မည်၏။[မဏ္ဍိတုဿုကေသု တတိယာ-နှင့်အညီ ကြည်လင်ခြင်းအနက်ဟော ပုဒ်က သတ္တမျတ္ထင့်၍“ဂုဏေသု”ဟု အာဓာရဖြင့် ထားသည်။]

ဣဒါနိ၊ ၌။ ယသ္မာ၊ ကြောင့်။ သဒ္ဓိန္ဒြိယာဒီနံ၊ ကုန်သော။သမာသပဒါနံ၊ သမာသ်ပုဒ်တို့၏။ ဝသေန၊ ဖြင့်။ အညသ္မိံ၊သော။ ပရိယာယေ၊ အကြောင်းကို။[“အညသ္မိံ ကာရဏေ”—ဋီကာ။]အာရဒ္ဓေ၊ အားထုတ်အပ်သော်။အာဒိပဒံ၊ အစဖြစ်သောပုဒ်ကို။[ယာ သဒ္ဓါ၊ သဒ္ဒဟနာ-စသည်ဖြင့် ဆိုခဲ့ရာဝယ် အစဖြစ်သော သဒ္ဓါ-ပုဒ်ကို။]ဂဟေတွာဝ၊ ယူ၍သာလျှင်။ ပဒဘာဇနံ၊ ပဒဘာဇနီကို။ ကရိယတိ၊ ပြုအပ်၏။ အယံ၊ ဤသို့ ပြုခြင်းသည်။ အဘိဓမ္မေ၊ ၌။ဓမ္မတာ၊ သဘောတံထွာ ဓမ္မတာတည်း။(ထုံးစံတည်း။)တသ္မာ၊ ကြောင့်။ ပုန၊ တဖန်။ သဒ္ဓါတိ၊ ဟူ၍။ ဝုတ္တံ။ ဝါ၊ တနည်း။ ဣတ္ထိယာ၊ မိန်းမ၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြိယမည်သည်။(ဟောတိ) ယထာ၊ ကဲ့သို့။ တထာ၊ တူ။ ဣဒံ၊ သဒ္ဓိန္ဒြိယပုဒ်သည်။ န၊ မဟုတ်။[“သဒ္ဓါယ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ”ဟု

မဟာဝါ၊ ဓမ္မစက္ကသုတ်ဖွင့် တေရသကဏ်၊....၌“န ပဝတ္တတိ”သည် ဇှဓာတ်၏ အနက်ပြတည်း။]

၁။ ဩကပ္ပနာ။ ။အဝပုဗ္ဗ ကပ္ပဓာတ်ကို ဩဂါဟတိဟု အနက်ဖွင့်သည်။ ဓာတူနံ အနေကတ္ထတာ ပင်တည်း။ ထို ဩဂါဟနကို ဂါဟူ-ဝိလောဠနေ ဓာတ်နက်အရ မွှေနှောက် ချောက်ချားခြင်းအနက်ကို ယူမည်စိုး၍“ဘိန္ဒိတွာ ဝိယ အနုပဝိသတိ”ဟု ထပ်ဖွင့်သည်။“ရတနာ ၃-ပါးတို့၏ ဂုဏ်တော်တွင်းသို့ ခွဲ၍ဝင်သွားသကဲ့သို့ သက်ဝင်ယုံကြည်တတ်သော သဒ္ဓါ”ဟူလို။]

ဆဋ္ဌိတပ္ပုရိသ်သမာသ် ပြုရမည်မဟုတ်။] ပန၊ အဟုတ်ကား။ ဣဒံ၊ ဤသဒ္ဓိန္ဒြိယံ ပုဒ်သည်။ သဒ္ဓါဝ၊ သဒ္ဓါသည်ပင်။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓါဣန္ဒြေ။ ဣတိ ဧဝံ၊ ဤသို့။ သမာနာဓိကရဏဘာဝဉာပနတ္ထမ္ပိ၊ တူသော တည်ရာအနက်ရှိသည်၏ အဖြစ်ကို သိစေခြင်းအကျိုးငှာလည်း။ ပုန၊ တဖန်။ သဒ္ဓါတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဧဝံ၊ ဤသို့။ သဗ္ဗပဒနိဒ္ဒေသေသု၊ အလုံးစုံသော ပုဒ်တို့၏ နိဒ္ဒေသတို့၌။ အာဒိပဒဿ၊ အစပုဒ်ကို။ ပုန၊ တဖန်။ ဝစနေ၊ ဟော တော်မူခြင်း၌။ ပယောဇနံ၊ အကျိုးကို။ ဝေဒိတဗ္ဗံ၊ ၏။ အဓိမောက္ခလက္ခဏေ၊ ယုံကြည်သော အားဖြင့် ဆုံးဖြတ်ခြင်းလက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ ကို။ (သမ္ပယုတ္တဓမ္မေ- ဟိ၊ တို့ကို။)ကာရေတိ။ ဣတိ။ သဒ္ဓိန္ဒြိယံ၊ မည်၏။ အသဒ္ဓိယေ၊ သဒ္ဓါမရှိသူ ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ် တတ်။ ဣတိ။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်မည်၏။

ဝီရိယိန္ဒြိယနိဒ္ဒေသေ၊ ၌။ စေတသိကောတိ ဣဒံ၊ စေတသိကော ဟူသော ဤပုဒ်ကို။ ဝီရိယဿ၊ ၏။ နိယမတော၊ အမြဲအားဖြင့်။ စေတသိကဘာဝဒီပ- နတ္ထံ၊စိတ်၌မှီသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ။ ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ဟိ၊ ချဲ့။ဣဒံဝီရိယံ၊သည်။ (ကာယိကန္တိ ဝုစ္စမာနမ္ပိကာယိကံ နာမ နတ္ထိ-ဦစပ်။)ယဒပိ ။ပ။ဥဒ္ဒေသံ ဂစ္ဆတီတိ၊ ဟူ၍။ ဝေမာဒိသု၊ ဤသို့ အစရှိကုန်သော။သုတ္တေသု၊ သုတ်တို့၌။[မဟာဝဂ္ဂ-ဗောဇ္ဈင်္ဂသံယုတ်၊သာကစ္စဝဂ်၊ပရိယာယ-သုတ်။]စင်္ကမ- နာဒိနိ၊ စင်္ကြံသွားခြင်း အစရှိသည်တို့ကို။ ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်၏ (သန္တာန်၌)။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ကာယိကန္တိ၊ ကာယိက ဟူ၍။ ဝုစ္စမာနမ္ပိ၊ ဟောတော်မူအပ် ပါသော်လည်း။ ကာယဝိညာဏံ ဝိယ၊ ကာယဝိညာဉ်သည်ကဲ့သို့။ ကာယိကံ နာမ၊ ကာယဒွါရ၌ ဖြစ်သည်မည်သည်။ နတ္ထိ၊ မရှိ။[ကာယဒွါရ၌ဖြစ်သော ဝိညာဉ်သည် ကာယိကမည်၏။ ထို ကာယိ- က ဝိညာဉ်မျိုး ရှိသကဲ့သို့ ကာယိကဝီရိယ မရှိ-ဟူလို] ပန၊ အနွယ ကား။ဧတံ၊ ဤ ဝီရိယသည်။ စေတသိကမေဝ၊ စိတ်၌ မှီသည်သာလျှင်တည်း။ ဣတိ၊ ဤ အနက်ကို။ ဒဿေတုံ၊ ငှာ။ စေတသိကောတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ [ဘိက္ခဝေ၊ ဘိက္ခုတို့။ ကာယိကံ၊ ကာယဒွါရ၌ဖြစ်သော။ ယဒပိ ဝီရိယံ၊ အကြင် ဝီရိယ သည်လည်း။ အတ္ထိ၊ ၏။ တဒပိ၊ ထို ကာယိက ဝီရိယသည်လည်း။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယ သမ္ဗောဇ္ဈင် မည်၏။ စေတသိကံ၊ စိတ်၌မှီသော။ ယဒပိ ဝီရိယံ၊ အကြင် ဝီရိယ သည်လည်း။ (အတ္ထိ။) တဒပိ၊ ထို စေတသိက ဝီရိယ သည်လည်း။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်မည်၏။ ဣတိ ဟိ၊ ဤ သို့လျှင်။ ဣဒံ၊ ဤ ဝီရိယသည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ထုတ်ပြအပ်သည် ၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။]

ဝီရိယာရမ္ဘောတိ၊ ကား။ ဝီရိယသင်္ခါတော၊ ဝီရိယ ဟု ဆိုအပ်သော။ အာရမ္ဘော၊ အားထုတ်ခြင်းသည်။ (ဟောတိ။) ဣမိနာ၊ ဤ ဝီရိယ-ဟူသော ဝိသေသနဖြင့်။ သေသာရမ္ဘေ၊ ဝီရိယမှ ကြွင်းသော အာရမ္ဘတို့ကို။ ပဋိက္ခိပတိ၊ ပယ်၏။ ဟိ၊ မှန်။ အယံ အာရမ္ဘသဒ္ဒေါ၊ ဤ အာရမ္ဘ-သဒ္ဒါသည်။ ကမ္မေ၊ ကံ လည်းကောင်း။ (ဣတိ-၌ စပ်။) အာပတ္တိယံ၊ အာပတ် လည်းကောင်း။ ကိရိယာယံ၊ကိရိယာ လည်းကောင်း။ ဝီရိယေ၊ ဝီရိယ လည်းကောင်း။ ဟိံသာ-ယံ၊ ညှဉ်းဆဲခြင်းလည်းကောင်း။ ဝိကောပနေ၊ ဖျက်ဆီးခြင်း လည်းကောင်း။ ဣတိ၊ သို့။ အနေကေသု၊ ကုန်သော။ အတ္ထေသု၊ တို့၌။ အာဂတော၊ လာပြီ။ ဟိ၊ ချဲ့။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ဒုက္ခံ၊ ဒုက္ခကို။ သမ္ဘောတိ၊ ခံစားရ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထို ဒုက္ခကို။ အာရမ္ဘပစ္စယာ၊ မိမိကိုယ်တိုင် အားထုတ်အပ်သော ကံဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ခံစားရ၏။အာရမ္ဘာနံ၊မိမိကိုယ်တိုင် အားထုတ်အပ်ကုန်သော ကံတို့၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ၊ ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ဣတိ ဧတ္ထ၊ ဤ ပါဠိရပ်၌။ ကမ္မံ၊ ကံသည်။ အာရမ္ဘောတိ၊ အာရမ္ဘဟူ၍။ အာဂတံ၊ လာပြီ။[ခုဒ္ဒကနိကာယ်-သုတ္တနိပါတ်၊ မဟာဝဂ်၊ ဒွယတာနုပဿနာ-သုတ်။ “အာရမ္ဘိယတေ၊ အားထုတ်အပ်၏။ ဣတိ-အာရမ္ဘော” ဟု ပြု။]

အာရမ္ဘတိ စ၊ အာပတ်သို့လည်း ရောက်၏။ ဝိပ္ပဋိသာရီ စ၊ နှလုံးမသာယာခြင်း ရှိသည်လည်း။ ဟောတိ၊ ၏။ ဣတိ ဧတ္ထ၊ ၌။ အာပတ္တိ၊ သည်။ အာရမ္ဘောတိ၊ ဟူ၍။ အာဂတာ၊ ပြီ။ [စတုက္ကအင်္ဂုတ္တိုရ်-ပဉ္စမပဏ္ဏာ၊ စက္ကဝဂ်၊ ဥဇ္ဇယ-သုတ်။] မဟာရမ္ဘာ၊ များစွာအားထုတ်အပ်သော ကိရိယာရှိကုန်သော။ဝါ၊ များစွာအားထုတ်အပ်သော ကိစ္စရှိကုန်သော။ တေ မဟာယညာ၊ ထို ကြီးစွာသော ယဇ်တို့သည်။ မဟပ္ဖလာ၊ များသော အကျိုးရှိကုန်သည်။ န ဟောန္တိ၊ ကုန်။ ဣတိ ဧတ္ထ၊ ၌။ ယူပုဿာပနာဒိကိရိယာ၊ ယဇ်တိုင်ထူခြင်း အစရှိသော အမှုအရာသည်။ ဝါ၊ ယဇ်တိုင်ထူခြင်း အစရှိသော ကိစ္စသည်။ (အာရမ္ဘောတိ၊ ဟူ၍။ အာဂတာ။) [ပဉ္စကအင်္ဂုတ္တိုရ်-တတိယပဏ္ဏာ၊ တိကဏ္ဍကီဝဂ်၊ အာရမ္ဘ-တိသုတ်။] ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အာရမ္ဘထ၊ အစစွာ အားထုတ်ကြကုန်လော့။ နိက္ကမထ၊ ကောသဇ္ဇမှ ထွက်မြောက်ကြကုန်လော့။ ယုဉ္ဇထ၊ ပြီးစီးအောင် အားထုတ်ကြကုန်လော့။ [စ၍ အားထုတ်ပြီးနောက် ကောသဇ္ဇဖြစ်၍ ပျင်းရိနေတတ်၏၊ ထိုကဲ့သို့ မပျင်းရိအောင် အားထုတ်ကြ-ဟူလို။] ဣတိ ဧတ္ထ၊ ၌။ ဝီရိယံ၊ သည်။ (အာရမ္ဘောတိ အာဂတံ။) [သဂါထာဝဂ္ဂ-ဗြဟ္မသံယုတ်၊ ဒုတိယဝဂ်၊ အာရုဏဝတီသုတ်။] သမဏံ ဂေါ-တမံ၊ ကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ပါဏံ၊ သတ္တဝါကို။ အာရမ္ဘန္တိ၊ သတ်ဖြတ်

ကြကုန်၏။ ဣတိ ဧတ္ထ၊ ဤ၌။ ဟိံသာ၊ ဟိံသာသည်။ အာရမ္ဘောတိ အာဂတာ။)
[မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ဇီဝကသုတ်။]

ဗီဇဂါမ ဘူတဂါမ သမာရမ္ဘာ၊ ဗီဇဂါမ် ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ ဣတိ ဧတ္ထ၊ ဤ၌။ ဆေဒန ဘဉ္ဇနာဒိကံ၊ ဖြတ်ခြင်း ခွဲခြင်းအစရှိသော။ ဝိကောပနံ၊ ဖျက်ဆီးခြင်းသည်။ (အာရမ္ဘောတိ အာဂတံ။) [သီလက္ခန်၊ ဗြဟ္မဇာလသုတ်-စူဠသီလအခန်း။] ပန၊ အတ္ထုဒ္ဓါရ သာမညမှတပါး အတ္ထုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့။ ဣဓ၊ ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌။ ဝီရိယမေဝ၊ ဝီရိယကိုသာ။ အာရမ္ဘောတိ၊ အာရမ္ဘဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တေန၊ ကြောင့်။ ဝီရိယာရမ္ဘောတိ ဝီရိယ-သင်္ခါတော အာရမ္ဘောတိ၊ ဟူ၍။ အာဟ၊ မိန့်ဆိုပြီ။ ဟိ၊ မှန်၏။ ဝီရိယံ၊ ကို။ အာရမ္ဘနကဝသေန၊ အားထုတ်ခြင်း၏ အစွမ်းဖြင့်။ အာရမ္ဘောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံ၊ ဤ ဝီရိယာရမ္ဘော ဟူသော ပုဒ်သည်။ အဿ၊ ထို ဝီရိယ၏။ သဘာဝပဒံ၊ သဘောကိုသာပြသော ပုဒ်တည်း။

ကောသဇ္ဇတော၊ ပျင်းရိသူ၏အဖြစ်မှ။ နိက္ခမနဝသေန၊ ထွက်မြောက်ခြင်း၏ အစွမ်းဖြင့်။ နိက္ကမော၊ နိက္ကမမည်၏။ [“နိက္ခမနံ နိက္ကမော” ဟု ပြု၊ “နိက္ခ-မတိ ဧတေနာတိ နိက္ကမော” ဟုလည်း ပြုနိုင်သည်။ ကောသဇ္ဇမှ ထွက်မြောက်ကြောင်း ဝီရိယ-ဟူလို။] ပရံပရံ၊ အဆင့်ဆင့် မြင့်သော။ ဌာနံ၊ အရာသို့။ အက္ကမနဝသေန (အာ + ကမနဝသေန)၊ ရှေးရှုရောက်ခြင်း၏ အစွမ်းဖြင့်။ ပရက္ကမော၊ မည်၏။ [“ပရံ+အက္ကမော” ဟု ဖြတ်၊ ပရံ၊ အဆင့်ဆင့်မြင့်ရာသို့။ အက္ကမော၊ ရှေးရှုရောက်ခြင်း။ ဝါ၊ ရှေးရှုရောက်ကြောင်း ဝီရိယ။] ဥဂ္ဂန္တွာ၊ အထက်သို့တက်၍။ ဝါ၊ တိုးတက်၍။ ယမနဝသေန၊ အားထုတ်ခြင်း၏ အစွမ်းဖြင့်။ ဥယျာမော၊ ဥယျာမ- မည်၏။ [ဥ-ကို“ဥဂ္ဂန္တွာ”ဟု ဖွင့်၏။ ဥပဂန္တွာ ဟု ရှိသည်ကားမကောင်း။ ယမုဓာတ်-ယုပစ္စည်းဖြင့် “ယမန” ဟု ရှိ၏။ ယာမန ဟုရှိလျှင် ပါဠ်ပျက်တည်း။]ဗျာယမနဝသေန (ဝိ+အာယမနဝသေန)၊ ထူးကဲစွာ အားထုတ်ခြင်း၏ အစွမ်းဖြင့်။ ဝါယာမော၊ မည်၏။ [ဝိ+အာ+ယမုဓာတ် ဏ-ပစ္စည်း။]

ဥဿဟနဝသေန၊ အားထုတ်ခြင်း၏ အစွမ်းဖြင့်။ ဥဿာဟော[1]၊ မည်၏။ အဓိမတ္တုဿဟနဝသေန၊ လွန်ကဲသော အတိုင်းအရှည်ရှိသော အားထုတ်

၁။ ဥဿာဟော။ ။ဥပုဗ္ဗ သဟဓာတ်သည် အားထုတ်ခြင်း အနက်ဟောဟု ဓာတ်ကျမ်း၌ဆို၏။ ဥ ဥပသာရ၏ လာဘအနက်နှင့် သဟဓာတ်၏ သည်းခံခြင်းအနက်ကိုယူ၍ ဥ (ဒုက္ခလာဘေ)၊ ဆင်းရဲရလတ်သော်။ သဟတီတိ ဥဿာဟော”ဟုလည်း ပြုကြ၏။ ယု ပစ္စည်းဖြင့် ဥဿဟန၊ ဏ-ပစ္စည်းဖြင့် ‘‘ဥဿာဟ’’ဟု ဖြစ်၏။

ခြင်း၏ အစွမ်းဖြင့်။ ဝါ၊ အတိုင်းထက်အလွန် အားထုတ်ခြင်း၏ အစွမ်းဖြင့်။ ဥဿောဠှီ[၁]၊ ဥဿောဠှီ မည်၏။ ထိရဘာဝဋ္ဌေန၊ ခိုင်မြဲသည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ထာမော၊ ထာမမည်၏။ ("ထာတိ တိဋ္ဌတီတိ၊ မြဲစွာတည် တတ်သည် အဖြစ်ကြောင့်။ ထာမော" ဟုပင် ပြုပါ။) စိတ္တစေတသိကာနံ၊ တို့ကို ဓာရဏဝသေန၊ မလျော့ရအောင် ဆောင်ထားခြင်း၏ အစွမ်းဖြင့်။ ဓာရေတိ၊ ဆောင်ထားတတ်၏။ ဣတိ။ ဓိတိ၊ မည်၏။ (ဓာဓာတ်-တိပစ္စည်း၊ ဓာ၏ အာကို ဣပြု။) ဝါ၊ တနည်း။ အဝိစ္ဆေဒတော၊ အဆက်မပြတ်သော အားဖြင့်။ ပဝတ္တနဝသေန၊ ဖြစ်ခြင်း၏ အစွမ်းဖြင့်။ ကုသလသန္တာနံ၊ ကုသိုလ် အစဉ်ကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ။ ဓိတိ၊ မည်၏။

အပရော နယော၊ အခြားတနည်းကား။ သော၊ ဤ ဝီရိယသည်။ ကာမာနံ၊ ကာမတို့ကို။ ပနူဒနာယ၊ ပယ်ခြင်းငှာ။ [ယောဇနာ၌ ပနူဒနာယကို တတိယာ ဝိသေသန ဟု ဆို၏၊ သို့သော် နုဒ ဒီဃိသုတ်၌ ပနူဒနံ ဟု နပုလ္လိင်ရှိသော ကြောင့် ပနူဒနာယသည် တတိယာဝိဘတ်၏ ကာရိယ မဖြစ်နိုင်၊ သဝိဘတ်၏ ကာရိယသာဖြစ်သင့်သည်။ ဗန္ဓနစ္ဆေဒါယ ဩဿနိတ္ထရဏာယ တို့၌လည်း နည်းတူ။] နိက္ကမော စ၊ ကာမမှ ထွက်မြောက်တတ်သောတရားလည်း ဟုတ်၏။ သော၊ ဤ ဝီရိယသည်။ ဗန္ဓနစ္ဆေဒါယ၊ ကိလေသာအနှောင်အဖွဲ့ကို ဖြတ်ခြင်းငှာ။ ပရက္ကမော စ၊ အဆင့်ဆင့်မြင့်သောအရာသို့ ရောက်ကြောင်းတရား လည်း ဟုတ်၏။ သော၊ သည်။ ဩဿနိတ္ထရဏာယ၊ ဩဃမှ ထွက်မြောက် ခြင်းငှာ။ ဥယျာမော စ၊ တိုးတက်၍ အားထုတ်ကြောင်းတရားလည်း ဟုတ် ၏။ သော၊ သည်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းသို့။ ဝါ၊ အပြီးအဆုံးသို့။ ဂမနဋ္ဌေန၊ ရောက်ကြောင်း၏ အဖြစ်ဟူသောအနက်ကြောင့်။ ဝါယာမော စ၊ အထူးသဖြင့် အားထုတ်ကြောင်းတရားလည်း ဟုတ်၏။ သော၊ သည်။ ပုဗ္ဗင်္ဂမဋ္ဌေန၊ ရှေးသွား၏ အဖြစ်ဟူသော အနက်ကြောင့်။ ဥဿာဟော စ၊ ဒုက္ခ ရလတ်သော် သည်းခံကြောင်းတရားလည်း ဟုတ်၏။ သော၊ သည်။ အဓိမတ္တဋ္ဌေန၊ လွန်ကဲသော အတိုင်းအရှည်ရှိသည်၏ အဖြစ် ဟူသော အနက်ကြောင့်။ ဝါ၊ အတိုင်းထက်အလွန် အားထုတ်တတ်သည်၏

၁။ ဥဿောဠှီ။ ။ဥပုဗ္ဗ သဟဓာတ် တ-ပစ္စည်း။ ဟန္တေဟိ ဟော၊ ဟဿ ဠွော ဝါ အဒဟာနံဟာန်-သုတ်ဖြင့် တ-ပစ္စည်းကို ဟ-ပြု၊ သဟဓာတ်၏ ဟ-ကို ဠွ-ပြု၊ သုတ်ကြီးဖြင့် သ-၏ (အ) ကို ဩပြု၊ ဥနောက် ဋ္ဌေဘော်လာ "ဥဿောဠှ" ဟု ပြီးပြီးနောက် နဒါဒိ ဤ-ပစ္စည်းသက်၍ "ဥဿောဠှီ" ဟု ဖြစ်၏။ သာမန် ဥဿာဟထက် လွန်သောဝီရိယတည်း။ [ရှေးနိဿယ၌ကား "ဥ (ပဗ္ဗ) ဒုက္ကရကမ္မံ သဟတိ ယာယာတိ ဥဿောဠှီ" ဟု ပြု၍ သဟဓာတ်ကို သောဠှ ပြုလေ၏။]

အဖြစ်ဟူသော အနက်ကြောင့်။ ဥဿောဠှိ စ၊ အလွန်အကဲ အားထုတ်ကြောင်း တရားလည်း ဟုတ်၏။ ဧသော၊ သည်။ ပလိဗုဒ္ဓဋ္ဌေနတာယ၊ အဝိဇ္ဇာ တည်းဟူသော တံခါးကျည်မင်းတုပ်ကို ခွါလှစ်တတ်သည်၏ အဖြစ်ကြောင့်။ ထာမော စ၊ အားအစွမ်းလည်း ဟုတ်၏။ ဧသော၊ သည်။ အဝဋ္ဌိတိ ကာရိ-တာယ၊ သဏ္ဌာန်ဝင်၍တည်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်။ ဓိတိ စ၊ ခိုင်မြဲစွာ တည်တတ်သောတရားလည်း ဟုတ်၏။ ဣတိ၊ ကား။ (အပရော နယော၊ တည်း။)

ကာမံ။ ပ။ အဝသိဿတုတိ၊ ၍။ ဧဝံ၊ သို့။ ပဝတ္တိကာလေ၊ ဖြစ်ရာအခါ၌။ အသိထိလ ပရက္ကမနဝသေန၊ မလျော့သဖြင့် အဆင့်ဆင့် မြင့်သောအရာသို့ ရောက်ခြင်း၏အစွမ်းဖြင့်၊ အသိထိလ ပရက္ကမတာ၊ မည်၏။ ထိရပရက္ကမော ဒဠှပရက္ကမော၊ ခိုင်မြဲသော အဆင့်ဆင့် မြင့်သောအရာသို့ ရောက်ကြောင်း ဝီရိယတည်း။ ဣတိ အတ္ထော။ [ကာမံ၊ စင်စစ်။ တစော စ၊ အရေသည် လည်းကောင်း။ နှာရု စ၊ အကြောသည်လည်းကောင်း။ အဋ္ဌိ စ၊ အရိုး သည်လည်းကောင်း။ အဝသိဿတု၊ ကြွင်းကျန်ပါစေတော့။ —[ဒုက အင်္ဂုတ္တိုရ်၊ ပဌမပဏ္ဏာ၊ ကမ္မကရဏဝဂ်-ဥပညာတသုတ်။]

ပန၊ ကား။ ယသ္မာ၊ ကြောင့်။ တေံ ဝီရိယံ၊ သည်။ ကုသလကမ္မကရဏ ဋ္ဌာနေ၊ ကုသိုလ်ကံကို ပြုရာဋ္ဌာန၌။ ဆန္ဒံ၊ အလိုဆန္ဒကို။ န နိက္ခိပတိ၊ မလျော့ ချတတ်။ ဓုရံ၊ တာဝန်ဖြစ်သော ကုသိုလ်ကို။ ဝါ၊ ဝန်ခံအပ်သော ပဋိ-ညာဉ်ကို။ န နိက္ခိပတိ၊ မလျော့ချတတ်။ န ဩတာရေတိ၊ အောက်သို့ မချတတ်။ န ဝိဿဇ္ဇေတိ၊ မစွန့်တတ်။ အနောသက္ကိတမာနသတံ၊ မဆုတ် နစ်သောစိတ်ရှိသူ၏ အဖြစ်ကို။ အာဝဟတိ၊ ဆောင်တတ်၏။ တသ္မာ၊ ကြောင့်။ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော် မူအပ်ပြီ။ [အနိက္ခိတ္တဆန္ဒတာ၊ မချအပ်သော ကုသိုလ်ဆန္ဒရှိသူ၏ အဖြစ်။ အနိက္ခိတ္တဓုရတာ၊ မချအပ်သော တာဝန်ရှိသူ၏ အဖြစ်။]

၁။ ဓုရံ။ ။သက္ကတ၌ ဓုရ်ဗဓာတ်၊ ကွိပ်ပစ္စည်း၊ ဟိံသာ-အနက်ဟောဟု ဆို၏။ ပါဠိ၌ကား ဓုဗ္ဗိဓာတ်၊ အ-ပစ္စည်းဟု ကြံပါ။ "ဓုဗ္ဗတိ၊ မိမိကိန်းရာ သတ္တဝါကို ညှဥ်းဆဲ တတ်၏။ ဣတိ ဓုရံ"ဟု ပြု၊ ဗ္ဗကို သုတ်ကြီးဖြင့် ရ-ပြု။ တာဝန်ဟူသည် ကိုယ်ဖြင့်ဖြစ် စေ စိတ်ဖြင့်ဖြစ်စေ ထမ်းဆောင်၍ နေရသောကြောင့် ထိုတာဝန်က တာဝန်ရှိသူကို နှိပ်စက်ရာ ရောက်သည်။ ဤနေရာ၌ "ကုသလကမ္မကရဏဋ္ဌာနေ" ဟူသော ရှေ့စကား ကို ထောက်၍ ဓုရံ၏ အရကောက်ကို ကုသလံ ဟု ဖွင့်၍ ဓုရအားလုံးနှင့် ဆိုင်အောင် "ပဋိညံ"ဟု တနည်းဖွင့်သည်။ ထို ပဋိညာဟူသည် ဝန်ခံအပ်သော တာဝန်ပင်တည်း။

ပန၊ ကား။ တဇ္ဇာတိကေ၊ ထိုဝီရိယကို လျှော့ချထိုက်သော သဘောရှိသော။ (ဝီရိယကို လျှော့ရတော့မလို ဖြစ်နေသော။) ဥဒက သမ္ဘိန္နဌာနေ၊ ရေဖြင့် ရောအပ်သော ရွံ့ညွန်အရပ်၌။ ဓုရဝ ါဟဂေါဏံ၊ ဝန်ဆောင် နွားလားကို။ ဂဏှထ၊ ယူခဲ့ကြကုန်။ ဣတိ၊ သို့။ ဝဒန္တိ၊ ပြောတတ်ကြကုန်၏။ သော၊ ထို ဝန်ဆောင် နွားလားသည်။ ဇဏ္ဏုနာ၊ ဒူးပုဆစ်ဖြင့်။ ဘူမိံ၊ မြေကို။ ဥပ္ပီဠိတွာပိ၊ ဖိနှိပ်၍သော်မှလည်း။ ဝါ၊ ထောက်၍သော်မှလည်း။ ဓုရံ၊ ဝန်ကို။ ဝဟတိ ယထာ၊ ဆောင်သကဲ့သို့။ ဘူမိယံ၊ ၌။ ပတိတုံ၊ ကျခြင်းငှာ။ (ဝန်ကို မြေကြီးပေါ်၌ ကျခြင်းငှာ။) န ဒေတိ ယထာ၊ မပေးသကဲ့သို့။ ဧဝမေဝ။ ဝီရိယံ၊ သည်။ ကုသလ ကမ္မကရဏဋ္ဌာနေ၊ ၌။ ဓုရံ၊ ကို။ ဥက္ခိပတိ၊ အထက်သို့ ချီမြှောက်၏။ ပဂ္ဂဏှာတိ၊ ချီမြှောက်၏။ တသ္မာ။ ဓုရသမ္ပဂ္ဂါဟောတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ပဂ္ဂဟာလက္ခဏော၊ သမ္ပယုတ်တရားတို့ကို ချီမြှောက်ခြင်းလက္ခဏာ၌။ ဣန္ဒ္ဋ္ဌံ၊ ကို။ (သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဣတိ။ ဝီရိယိန္ဒြိယံ၊ မည်၏။ ကောသဇ္ဇေ၊ ကြောင့်။ န ကမ္ပတိ၊ ဣတိ။ ဝီရိယဗလံ၊ မည်၏။ ယာထာဝ နိယျာနိက ကုသလဝါယာမ တာယ၊ မဖောက်မပြန် ဟုတ်မှန်သော ဝါယာမ, ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော ဝါယာမ, ကုသိုလ်ဝါယာမ၏ အဖြစ်ကြောင့်။ သမ္မာဝါယာမော၊ မည်၏။

သတိန္ဒြိယနိဒ္ဒေသေ၊ ၌။ သရဏကဝသေန၊ အမှတ်ရခြင်း၏ အစွမ်းဖြင့်။ ဝါ၊ အောက်မေ့ခြင်း၏ အစွမ်းဖြင့်။ သတိ၊ မည်၏။ ဣဒံ၊ ဤ သတိပုဒ်သည်။ သတိယာ၊ ၏။ သဘာဝပဒံ၊ တည်း။ ပုနပ္ပုနံ၊ အဖန်ဖန်။ သရဏတော၊ အမှတ်ရခြင်းကြောင့်။ ဝါ၊ အောက်မေ့ခြင်းကြောင့်။ အနုဿရဏဝသေန၊ အဖန်ဖန် အမှတ်ရခြင်း၏ အစွမ်းဖြင့်။ အနုဿတိ၊ မည်၏။ (အနုသဒ္ဒါ ပုနပ္ပုနံ အနက်ဟော။) အဘိမုခံ၊ ရှေးရှု။ ဂန္တွာ ဝိယ၊ သွားသကဲ့သို့။ သရဏတော၊ ကြောင့်။ ပတိဿရဏဝသေန၊ ရှေးရှု အမှတ်ရခြင်း၏ အစွမ်းဖြင့်။ ပတိဿတိ၊ ပတိဿတိ မည်၏။ (ပတိသဒ္ဒါသည် အဘိမုခ-အနက်ရှိ၏။) တနည်း-ဇတံ၊ ဤပတိဿတိ ပုဒ်သည်။ ဥပသဂ္ဂဝသေန၊ ပတိ ဥပသာရ၏ အစွမ်းဖြင့်။ ဝဍ္ဎိတမတ္တံ၊ တိုးပွားစေအပ်ကာမျှဖြစ်သော ပုဒ်တည်း။ [ပဘိ အနက်မရှိ-ဟူလို။] သရဏာကာရော၊ အမှတ်ရခြင်းဟူသော အခြင်းအရာသည်။ သရဏတာ၊ မည်၏။ ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ သရဏတာတိ၊ သရဏတာဟူသော အမည်သည်။ တိဏ္ဏံ၊ ဘုရားစသော အားဖြင့် သုံးပါးကုန်သော။ သရဏာနမ္ပိ၊ သရဏတို့၏လည်း။ နာမံ၊ တည်း။ တသ္မာ၊ ကြောင့်။ တံ၊ ထို ဘုရားစသော ကိုးကွယ်ရာဟူသော အနက်ကို။ ပဋိသေဓေတုံ၊ တား

မြစ်ခြင်းငှာ။ ပုန၊ တဖန်။ သတိဂ္ဂဟဏံ၊ သတိသဒ္ဒါကို။ ကတံ၊ ပြု။ ဟိ၊ မှန်။ [၁]သတိသင်္ဂါတာ၊ သော။ သရဏတာ၊ အမှတ်ရခြင်းဟူသော အခြင်းအရာတည်း။ ဣတိ အယံ၊ ကား။ ဧတ္ထ၊ ဤ သတိသရဏတာ ဟူသော ပုဒ်၌။ အတ္ထော၊ တည်း။ သုတပရိယတ္တဿ၊ ကြားနာအပ် ကိုယ်တိုင် သင်ယူအပ်ပြီးသော အတတ်ကို။ ဓာရဏဘာဝတော၊ ဆောင်ရွက် မှတ်သားနိုင်သည်၏ အဖြစ်ကြောင့်။ ဓာရဏတာ၊ မည်၏။ [ယခုအခါ၌ စာတို့ကို မမေ့အောင် ဆောင်နိုင်ခြင်းကို ဉာဏ်ဟု ထင်မှတ်ကြ၏၊ "မှတ်ဉာဏ်ကောင်းသည်"ဟုလည်း ချီးမွမ်းကြ၏။ သို့သော်-ထို မမေ့အောင် မှတ်နိုင်ခြင်းသည် ဉာဏ်မဟုတ်၊ ဤ သတိ၏ သဘောသာတည်း။] အနုပဝိသန သင်္ခါတေန၊ အာရုံ၌ အစဉ်အတိုင်း သက်ဝင်ခြင်းဟု ဆိုအပ်သော။ ဩဂါဟနဋ္ဌေန၊ သက်ဝင်ခြင်းဟူသော အနက်အားဖြင့်။ အပိလာပနဘာဝေါ၊ အာရုံတို့၌ ပေါလောပေါလော မျောမသွားစေတတ်သည်၏ အဖြစ်သည်။ အပိလာပန-တာ၊ မည်၏။

[၂]ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ လာဗုကဃဋာဟာဒီနိ၊ ဗူးတောင်းအစရှိသည်တို့သည်။ (အထဲ၌ အသားမရှိသော ဗူးသီးခွက် စသော အရာဝတ္ထုတို့သည်။) ဥဒကေ၊ ရေပေါ်၌။ ပ္လဝန္တိ ယထာ၊ ပေါလော ပေါ်ကုန်သကဲ့သို့။ န အနုပဝိသန္တိ ယထာ၊ မသက်ဝင် မနစ်မြုပ်ကုန်သကဲ့သို့။ ဟထာ၊ ထို့အတူ။ အာရမ္မဏေ၊ ၌။ သတိ၊ သတိသည်။ ပိလဝတိ၊ ပေါလောပေါ်သည်ကား။ န၊ မဟုတ်။ န အနုပဝိသတိ၊ အစဉ်အတိုင်း မသက်ဝင်သည်ကား။ န၊ ဟုတ်။ (ဝိသဒိသူပမာ။) ဟိ၊ မှန်။ သော၊ ဤ သတိသည်။

၁။ သတိသင်္ဂါတာ။ပ။အတ္ထော။ ။ပါဠိတော်၌"သတိ သရဏတာ"ဟု ရှိ၏။ သတိ-သဒ္ဒါသည် သရဏတာကို အထူးပြုသော ဝိသေသနတည်း။ ထို ဝိသေသနဖြင့်၊ "ကိုးကွယ်ရာဖြစ်သော ရတနာ ၃-ပါးတို့၏ ဖြစ်ကြောင်းဖြစ်ရာ"ဟု အနက်ပေးမည်ကို တားမြစ်သည်။ "သတိ၊ သတိဟူသော။သရဏတာ၊ အောက်မေ့ခြင်း အခြင်းအရာ"ဟု ပေးပါ-ဟူလို။ သရဏံ ယေဝ သရဏတာ၊ တာပစ္စည်း အနက်မရှိ။

၂။ ယထာဟိ။ပ။သတိ။ ။ရေပြင်ပေါ်၌ ဗူးခွက်သည် ပေါလော ပေါလော မျော၍နေသကဲ့သို့၊ မသက်ဝင် မနစ်မြုပ်သကဲ့သို့၊ ထို့အတူ အာရုံပေါ်၌ သတိသည် ပေါလော ပေါလော မျော၍နေ၊ သက်ဝင် နစ်မြုပ်၏။ အာရုံပေါ်၌ သမ္ပယုတ်တရားတို့၏ မမျောခြင်း၏ အကြောင်းသည် ဤ သတိပင် ဖြစ်၏။ထို့ကြောင့် သတိကို "အပိလဝနတာ၊ သမ္ပယုတ်တရားတို့ ပေါလော ပေါလော မမျောခြင်း၏ ဖြစ်ကြောင်းဖြစ်ရာ"ဟု ဆိုရသည်။ [ဤအလို "အပိလဝနတာ"ဟု ရှိလျှင် ကောင်းသည်။ သတိ၏ လက္ခဏာကို ပြရာ၌ကား "အပိလာပန"ပင်တည်း။]

အာရမ္မဏံ၊ သို့။ အနုပဝိသတိ၊ အစဉ်အတိုင်း သက်ဝင်တတ်၏။ တသ္မာ၊ ကြောင့်။ အပိလာပနတာတိ၊ ဟူ၍။ ဝုတ္တာ၊ ပြီ။ စိရကတ စိရဘာသိတာနံ၊ ကြာမြင့်စွာသောကာလ၌ ပြုအပ်ပြီးသောအမှု, ကြာမြင့်စွာသော ကာလ၌ ပြောဆိုအပ်ပြီးသော စကားတို့၏။ အသမ္မုဿနဘာဝတော၊ မပျောက်ပျက်ကြောင်း၏ အဖြစ်ကြောင့်။ အသမ္မုဿနတာ၊ မည်၏။ [“မုသ-နဿနေ” ဓာတ်ကျမ်း၊ “မေ့လျော့”ဟု မပေးနိုင်။]

[၁]ဥပဋ္ဌာနလက္ခဏော၊ စိတ်၌ အာရုံ၏ ကပ်၍တည်ကြောင်း၏ အဖြစ်ဟူသော လက္ခဏာ၌လည်းကောင်း။ ဓောတနလက္ခဏော စ၊ အာရုံကို ထွန်းပြကြောင်း၏ အဖြစ်ဟူသော လက္ခဏာ၌လည်းကောင်း။ဣန္ဒဋ္ဌံ (သမ္ပယုတ္တမမ္မေဟိ)ကာရေတိ၊ ဣတိ ဣန္ဒြိယံ။ သတိသခ်ါတံ၊ သော။ ဣန္ဒြိယံ၊တည်း။ သတိန္ဒြိယံ၊ သတိဣန္ဒြေ။ ပမာဒေ၊ ကြောင့်။ ဝါ၊ မေ့လျော့ကြောင်း ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်။ န ကမ္ပတိ၊ဣတိ။ သတိဗလံ၊ မည်၏။ ယာထာဝ သတိ၊ မဖောက်မပြန် ဟုတ်မှန်သော သတိတည်း။နိယျာနိကသတိ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော သတိတည်း။ ကုသလာ၊ သော။ သတိ၊ တည်း။ဣတိ။ သမ္မာသတိ၊ မည်၏။

ပညိန္ဒြိယနိဒ္ဒေသေ၊ ၌။ တဿ တဿ အတ္ထဿ၊ ထိုထို အနက် အဓိပ္ပာယ်ကို။ ပါကဋကရဏသခ်ါတေန၊ ထင်ရှားအောင် ပြုတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော။ ပညာပနဋ္ဌေန၊ ထင်ရှားစေတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ပညာ[၂]၊ မည်၏။ ဝါ၊ တနည်း။ အနိစ္စာဒိနာ၊ အနိစ္စတာ အစရှိသော။ [“အနိစ္စတာ ဒိနာ” ဟု ဆိုလိုလျက် တာ-ပစ္စည်းအကျေကြံ။] တေန တေန ပကာရေန၊ ထိုထို အပြားအားဖြင့်။ ဓမ္မေ၊ တို့ကို။ ဇာနာတိ၊ သိတတ်

၁။ ဥပဋ္ဌာန၊ဓောတန။ ။အခြားနေရာ၌“စိတ်၏ အာရုံ၌ တည်ခြင်းကို ဥပဋ္ဌာနံ” ဟု ခေါ်၏၊ ဤနေရာ၌ကား စိတ်၌အာရုံ၏ ကပ်၍တည်ခြင်းကို “ဥပဋ္ဌာန”ဟု ခေါ်သည်။ “ဓောတန” ဟူသည်လည်း ထိုကဲ့သို့ အာရုံထင်လာအောင် သတိက အာရုံကို ထွန်းပြခြင်းတည်း။ [စိတ္တေ အာရမ္မဏဿ ဥပဋ္ဌာနံ ဓောတနဉ္စ သတိယေဝါတိ၊ တဿာ တေံ လက္ခဏံ။-ဋီကာ။] နိဿယ၌ “ကပ်တည်ကြောင်း၊ ထွန်းပြကြောင်း” ဟု ကရဏသာဓ် အနက်ပေး၍ ဘာဝပ္ပဓာန ကြံလိုက်သည်။ [ယေန ဓမ္မေန စိတ္တေ အာရမ္မဏံ ဥပတိဋ္ဌတိ, ဓောတတိ စ၊ သော ဓမ္မော ဥပဋ္ဌာနံ ဓောတနဉ္စ ဝုတ္တော။-အနု။]

၂။ ပညာ။ ။“ပါကဋကရဏ၊ ပညာပနဋ္ဌ”ကိုကြည့်၍ ပ-ပုဗ္ဗ ဉာဓာတ် ကာရိတ် ဏေ၊ အ-ပစ္စည်း၊ ဇုတ္တိဓောတက အာ-ပစ္စည်း။ ပ-ဥပသာရကြောင့် ဉာဓာတ်သည် ထင်ရှားခြင်းအနက်ဟော။ ပညာပေတိ၊ (အနက်အဓိပ္ပာယ်ကို) ထင်ရှားစေတတ်၏။ ဣတိ ပညာ။ နောက်နည်း၌ ပ-ဥပသာရသည် ပကာရ အနက်ဟော။ ဉာဓာတ်ကား သိခြင်းအနက်ဟောတည်း။ ပကာရေန ဇာနာတီတိ ပညာ။

၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ ပညာ၊ မည်၏။ ဣဒံ၊ ဤပညာဟူသော ပုဒ်သည်။ အဿ၊ ထိုပညာ၏။ သဘာဝပဒံ၊ တည်း။ ပဇာနနာကာရော၊ အပြားအားဖြင့်။ သိခြင်းဟူသော အခြင်းအရာသည်။ ပဇာနနာ၊ မည်၏။ အနိစ္စာဒီနိ၊ အနိစ္စတာ အစရှိသော အခြင်းအရာတို့ကို။ ဝိစိနာတိ၊ စိစစ်တတ်၏။ ဣတိ၊ ဝိစယော၊ မည်၏။ ပဝိစယောတိ၊ ဟူ၍။ ဥပသဂ္ဂေန၊ ပ-ဥပသာရဖြင့်။ ပဒံ၊ ပုဒ်ကို။ ဝဍ္ဎိတံ၊ တိုးပွားစေတော်မူအပ်ပြီ။ [ပ-အနက်မရှိ-ဟူလို။] စတုသစ္စဓမ္မေ၊ လေးပါးသော သစ္စာတရားတို့ကို၊ ဝိစိနာတိ၊ ၏။ ဣတိ။ ဓမ္မဝိစယော၊ မည်၏။ အနိစ္စာဒီနံ၊ တို့ကို။ သံလက္ခဏဝသေန၊ ကောင်းစွာ မှတ်သားခြင်း၏ အစွမ်းဖြင့်။ သလ္လက္ခဏာ၊ မည်၏။ သာယေဝ၊ ထိုသလ္လက္ခဏာကိုပင်။ ပုန၊ တဖန်။ ဥပသဂ္ဂနာနတ္တေန၊ ဥပသာရအားဖြင့် ထူးသည်၏ အဖြစ်ကြောင့်။ ဥပလက္ခဏာ ပစ္စုပလက္ခဏာတိ၊ ဟူ၍။ ဝုတ္တာ၊ ပြီ။ [ဥပ-ပတိ ဥပသာရတို့ အနက်မရှိ-ဟူလို။]

ပဏ္ဍိတဿ၊ ပညာရှိသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာတည်း။ ပဏ္ဍိစ္စံ၊ ရာ။ ကုသလဿ၊ ကျွမ်းကျင်သူ၏။ ဘာဝေါ၊ တည်း။ ကောသလ္လံ၊ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ။ နိပုဏဿ၊ ဖွဲ့စင်သူ၏။ ဘာဝေါ၊ တည်း။ နေပုညံ၊ ဖွဲ့စင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ။ အနိစ္စာဒီနံ၊ တို့ကို။ ဝိဘာဝနဝသေန၊ ထင်စွာဖြစ်စေခြင်း၏ အစွမ်းဖြင့်။ ဝေဘဗျာ[1]၊ မည်၏။ အနိစ္စာဒီနံ၊ တို့ကို။ စိန္တနကဝသေန၊ သိခြင်း၏ အစွမ်းဖြင့်။ စိန္တာ၊ မည်၏။ [“စိန္တနံ စိန္တာ” ဟု ပြု။] ဝါ၊ တနည်း။ ယဿ၊ အကြင် ပုဂ္ဂိုလ်၏ သန္တာန်၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထို ပုဂ္ဂိုလ်ကို။ အနိစ္စာဒီနိ၊ တို့ကို။ စိန္တာပေတိ၊ သိစေတတ်၏။ ဣတိပိ၊ ကြောင့်လည်း။ စိန္တာ၊ မည်၏။ [ယဿ ဝါ ဟု ဝါသဒ္ဒါ ပါပြီးဖြစ်သော ကြောင့် ဣတိပိဟု ပိ-လိုမည် မထင်။] အနိစ္စာဒီနိ၊ တို့ကို။ ဥပပရိက္ခတိ၊ စူးစမ်း နှိုင်းချိန်တတ်၏။ ဣတိ။ ဥပပရိက္ခာ၊ မည်၏။

ဘူရီတိ၊ ဘူရိဟူသော အမည်သည်။ ပထဝိယာ၊ မြေကြီး၏။ နာမံ၊ တည်း။ အယံပိ၊ ဤ ပညာသည်လည်း။ သဏှဋ္ဌေန[2]၊ သိမ်မွေ့သည်၏ အဖြစ်

၁။ ဝေဘဗျာ။ ။ဝိဘာဝနဝသေနကို ကြည့်၍ “ဝိပုဗ္ဗ ဘူဓာတ်၊ ကာရိတ်ကျေ၊ ဏျ ပစ္စည်းဖြင့် “ဝိဘာဝေတီတိ (အနိစ္စတာစသော အခြင်းအရာတို့ကို) ထင်စွာပြတတ်သည် ၏ အဖြစ်ကြောင့်၊ ဝိဘာဝေါ-မည်၏၊ ဝိဘာဝေါယေဝ ဝေဘဗျာ” ဟု ပြု၊ သွဿန္တ ဏျ ပစ္စည်း၊ ဝ-ကို ဗ-ပြု၊ ဏျပစ္စည်းဖြစ်၍ “ဝေဘဗျံ”ဟု ရှိလျှင် ကောင်း၏၊ သို့သော် ပညာကို အရကောက်ရသောကြောင့် “ဝေဘဗျာ”ဟု ထားဟန်တူသည်။

၂။ သဏှဋ္ဌေန။ ။ကျောက်၊ ကျောက်စရစ်၊ သဲ-စသည်တို့မှ ကောင်းသော မြေကို ရည်ရွယ်၍ “သဏှ”ဟု ဆိုသည်။ ထိုမြေနုကဲ့သို့ ကိလေသာ တည်းဟူသော ကျောက် စသည်မှ ကင်းသောကြောင့် ပညာအစစ်အမှန်လည်း သဏှပင် ဖြစ်သည်။

ဟူသော အနက်ကြောင့်လည်းကောင်း။ ဝိတ္ထဋ္ဌေန စ၊ ပြန့်ကျယ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း။ ဘူရိ ဝိယ၊ မြေကြီးနှင့်တူ၏။ ဣတိ၊ ဘူရိ၊ မည်၏။ တေန၊ ကြောင့်။ ဘူရိ ဝုစ္စတိ ပထဝီ။ ပ။ ဘူရိပညောတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။ ပထဝီမြေကြီးကို။ ဘူရိ၊ ဘူရိဟူ၍။ ဝုစ္စတိ၊ အပ်၏။ ပထဝီသမာယ၊ မြေကြီးနှင့် တူသော။ ဝိတ္ထဋ္ဌာယ ဝိပုလာယ၊ ပြန့်ကျယ်သော။ တာယ ပညာယ၊ နှင့်။ သမန္နာဂတော၊ ပြည့်စုံတော် မူ၏။ ဣတိ၊ ကြောင့်။ ဘူရိပညော၊ မည်၏။—[မဟာနိဒ္ဒေသပါဠိ၊ အဋ္ဌကဝဂ်၊ သုတ္တက-နိဒ္ဒေသ။] အပိစ၊ သည်သာ မကသေး။ ဘူရိတိ၊ ဟူသော။ ဧတံ၊ ဤအမည်သည်။ ပညာယ၊ ၏။ အဓိဝစနံ၊ တည်း။[ဤအလို အထင်ရှင်ဖို့ ဟု မှတ်ပါ။]ဘူတေ၊ ထင်ရှားရှိသော။ အတ္ထေ၊ အနက်၌။[ပရမတ္ထတရား လေးပါးကို ဆိုသည်။]ရမတိ၊ မွေ့လျော်တတ်၏။ ဣတိပိ၊ ကြောင့်လည်း။ ဘူရိ၊ မည်၏။ [ဘူတသဒ္ဒါုပပဒ+ရမုဓာတ်၊ ကွိပစ္စည်း၊ ဣတ္ထိဇောတက ဤပစ္စည်း။ "ဘူတရိ" ဟု ဆိုလိုလျက် တ-ကိုချေ။]

အသနိ၊ မိုးကြိုးသည်။သိလုစ္စယေ၊ ကျောက်တောင်တို့ကို။ (မေဓတိ) ဝိယ၊ ညှဉ်းဆဲဖျက်ဆီးတတ်သကဲ့သို့။(ယာ ဓမ္မဇာတိ။)ကိလေသေ၊ တို့ကို။ မေဓတိ ဟိံသတိ၊ ၏။ ဣတိ၊ မေဓာ၊ မည်၏။ [ဓာတ်ကျမ်း၌လာသော မေဓ—ဓာတ်၏ ဟိံသာ အနက်ကို ဖွင့်သည်။]ဝါ၊ တနည်း။ ခိပ္ပံ၊ လျင်စွာ။ ဂဟဏဓာရဏ-ဋ္ဌေန၊ သင်ယူနိုင် ဆောင်ရွက် မှတ်သားနိုင်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ မေဓာ၊ မည်၏။ [ဓာတ်ကျမ်း၌"မေဓ-ဓာတ်သည် လျင်စွာယူခြင်း အနက်ဟော"ဟု ဆို၏၊ ထိုအနက်ဖွင့်သည်။"မေဓတိ ခိပ္ပံ ဂဏှာတီတိ မေဓာ" ဟု ပြု။] ယဿ၊ အကြင် ပုဂ္ဂိုလ်၏ သန္တာန်၌။ ဥပဋ္ဌာတိ၊ ကပ်၍တည်၏။ တံ၊ ထိုပုဂ္ဂိုလ်ကို။ အတ္တဟိတပဋိပတ္တိယံ၊ မိမိစီးပွားကို ကျင့်ခြင်း၌။ ပရိဏေတိ၊ ဆက်ဝန်းကျင် ဆောင်တတ်၏။ စ၊ တနည်းကား။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ ယာထာဝ လက္ခဏပဋိဝေဓေ၊ ဟုတ်မှန်သော လက္ခဏာကို ထိုးထွင်း၍ သိခြင်း၌။ ပရိဏေတိ၊ ၏။ ဣတိ။ ပရိဏာယိကာ[၁]၊ မည်၏။

၁။ ပရိဏာယိကာ။ ။ပရိပုဗ္ဗ-နီဓာတ်၊ ဏွုပစ္စည်း၊ ရ-ကြောင့် န-ကို ဏ-ပြန်၊ ဧ-ကို အာယ-ပြု၊ နောက် က—အက္ခရာကြောင့် အ-ကို ဣပြု။အာပစ္စည်းသက်၍ "ပရိ-ဏာယိကာ"ဟု ပြီး၏။ ထို နီဓာတ်သည် အာချာတ်ရုပ်ဖြင့်"နေတိ၊ နယတိ"ဟု ရှိရသောကြောင့်"ပရိဏေတိ၊ သို့မဟုတ်-ပရိဏာယတိ"ဟု ရှိသင့်သည်။ "ပရိဏာမေတိ၊ ညွတ်စေတတ်၏"ဟု ရှိသည်ကား ပါဠ်ပျက်ဟန်တူ၏။ မိမိကိန်းရာ သန္တာဝါကို မိမိ စီးပွားကိုကျင့်မှု၌ ပို့ဆောင်တတ်သောကြောင့် လည်းကောင်း၊ သမ္ပယုတ်တရားတို့ကို မှန်သောလက္ခဏာကို ထိုးထွင်း၍သိမှု၌ ပို့ဆောင်တတ်သောကြောင့် လည်းကောင်း ပညာကို "ပရိဏာယိကာ"ဟု ခေါ်ရသည်။

အနိစ္စာဒိဝသေန၊ အနိစ္စတာ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဓမ္မေ၊တို့ကို။ ဝိပဿတိ၊ အထူးထူး အပြားပြား ရှုတတ်၏။ ဣတိ။ ဝိပဿနာ၊ ဝိပဿနာ မည်၏။ သမ္မာ၊ မဖောက်မပြန်။ 'အနိစ္စာဒိဟိ၊ အနိစ္စတာ အစရှိကုန်သော။ ပကာရေဟိ၊ တို့ဖြင့်။ ဇာနာတိ၊ ၏။ဣတိ။ သမ္ပဇည်၊ မည်၏။[အနိစ္စာဒိနိ ဟု စာအုပ်တို့၌ တွေ့ရ၏။ ပကာရေဟိ၏ သရုပ်ပြဖြစ်သောကြောင့်"အနိစ္စာဒိဟိ" ဟု ရှိသင့်သည်။ ရှေး၌"အနိစ္စာဒိနာ ပကာရေန"ဟု ရှိခဲ့သည်။ စာရှိအတိုင်း ဆိုလျှင်"ပကာရေဟိ၊ တို့ဖြင့်။ အနိစ္စာဒိနိ၊ တို့ကို"ဟု ပေးပါ။]ဥပ္ပထပဋိပန္နေ၊ မမှန်သောလမ်း၌ သွားနေကုန်သော။ ဝါ၊ လမ်းမှား၌ သွားနေကုန်သော။ သိန္ဓဝေ၊ သိန္ဓောမြင်းတို့ကို။ ဝီထိအာရောပနတ္ထံ၊ လမ်းမှန်သို့ တက်ရောက်စေခြင်းအကျိုးငှာ။ ပတောဒေါ[၁]၊ နှင်တံသည်။(လှံတံသည်။) ဝိဇ္ဈတိ ဝိယ၊ ထိုးဆွတတ်သကဲ့သို့။(တထာ၊ ထို့အတူ။) ဥပ္ပထေ၊ မမှန်သောလမ်း၌။ဝါ၊ လမ်းမှား၌။(ကာမဂုဏ် အာရုံလမ်း၌။) ဓာဝနကံ၊ ပြေးသွားနေသော။ ကူဋ စိတ္တံ၊ ကောက်ကျစ်သောစိတ်ကို။ ဝီထိအာရောပနတ္ထံ၊ လမ်းမှန်သို့ တက်ရောက် စေခြင်း အကျိုးငှာ။(ဝိပဿနာလမ်းသို့ တက်ရောက်စေခြင်းငှာ။)ဝိဇ္ဈတိ၊ ထိုး ဆွတတ်၏။ ဣတိ၊ ကြောင့်။ ပတောဒေါ၊ မည်၏။ ဒဿနလက္ခဏော၊ မြင်ခြင်း လက္ခဏာ၌။ ဣန္ဒဋ္ဌံ(သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဣတိ ဣန္ဒြိယံ၊ ပညာသင်္ခါတံ၊ သော။ ဣန္ဒြိယံ၊ တည်း။ပညိန္ဒြိယံ။[နိဿယ၌"ပညာဝ ဣန္ဒြိယံ၊ပညိန္ဒြိယံ"ဟု ရှိ၏။] အဝိဇ္ဇာယ၊ ကြောင့်။န ကမ္ပတိ၊ ဣတိ။ ပညာဗလံ၊ မည်၏။ ကိလေ- သစ္ဆေဒနဋ္ဌေန၊ ကိလေသာကို ဖြတ်တောက်တတ်သည်၏ အဖြစ်ဟူသောအနက် ကြောင့်။ ပညာဝ၊ သည်ပင်။ သတ္ထံ၊ လက်နက်တည်း။ ပညာသတ္ထံ၊ ပညာ လက်နက်။ အစ္စုဂ္ဂတဋ္ဌေန၊ အထက်သို့စွင့်စွင့် မြင့်တက်တတ်သည်၏အဖြစ် ဟူသောအနက်ကြောင့်။ ပညာဝ၊ သည်ပင်။ ပါသာဒေါ၊ ပြာသာဒ်တည်း။ ပညာပါသာဒေါ၊ပညာပြာသာဒ်။[သဒိသူပစာဖြစ်၍ မူလလိင်အတိုင်း"သတ္ထံ- ပါသာဒေါ"ဟု ထားရသည်။]

၁။ ပတောဒေါ။ ။တုဒဓာတ်သည် ဗျဒ္ဓန (နှိပ်စက်ခြင်း) အနက်ဟော၊"နှိပ်စက်" ဟူသည် ထိုးဆွခြင်းပင်တည်း၊နှင်တံ (လှံတံ) သည် လမ်းမှားသို့ ပြေးနေသော သိန္ဓော မြင်းကို ထိုးဆွ၍ လမ်းမှန်သို့ တင်ပေးသကဲ့သို့၊ ထို့အတူ ပညာသည် ကာမဂုဏ်အာရုံ လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို ဘာဝနာကမ္မဋ္ဌာန်း ဟူသော လမ်းမှန်သို့ရောက် အောင် (တနည်း–ကာမသုခလ္လိက၊အတ္တကိလမထဟူသော လမ်းမှားသို့သွားနေသော စိတ်ကို မဇ္ဈိမပဋိပဒါဟူသော လမ်းမှန်သို့ရောက်အောင်) တင်ပေးတတ်သောကြောင့် နှင်တံနှင့်တူသည်။ [ရှေ့၌''ပတောဒေါဝိယ''ဟု ပါပြီးဖြစ်သောကြောင့် ဝိဇ္ဈတိတိ၏ နောက်၌''ပတောဒေါဝိယ''ဟု ရှိပြန်သည်မှာ ပိုဟန်တူသည်။]

အာလောကနဋ္ဌေန၊ ထင်စွာပြတတ်သည်၏အဖြစ် ဟူသောအနက်ကြောင့်။ ပညာဝ၊ သည်ပင်။ အာလောကော[၁]၊ အရောင်တည်း။ ပညာအာလောကော၊ ပညာအရောင်။ဩဘာသနဋ္ဌေန၊ထွန်းလင်းစေတတ်သည်၏အဖြစ် ဟူသောအနက်ကြောင့်။ပညာဝ၊ သည်ပင်။ဩဘာသော၊အလင်းတည်း။ ပညာဩဘာသော၊ ပညာအလင်း။ပဇ္ဇောတနဋ္ဌေန၊ အပြားအားဖြင့် တောက်ပစေတတ်သည်၏အဖြစ် ဟူသော အနက်ကြောင့်။ ပညာဝ၊ ပင်။ ပဇ္ဇောတော၊ အထိန် အဝင်းတည်း။ ပညာပဇ္ဇောတော၊ ပညာ အထိန် အဝင်း။ ဟိ၊ မှန်။ ပညဝတော၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ ဧကပလ္လင်္ကေန၊ တခုတည်းသော ထက်ဝယ်တင်ပျဉ်ဖြင့်။ နိသိန္နဿ၊ ထိုင်နေလတ်သော်။ ဒသသဟဿိ လောကဓာတု၊ တသောင်းသော လောဓာတ်သည်။ ဧကာလောကာ၊ တခုတည်းသော အရောင်ရှိသည်။ ဧကော-ဘာသာ၊ တခုတည်းသော အလင်းရှိသည်။ ဧကပဇ္ဇောတာ၊ တခုတည်းသော အဝင်းအထိန်ရှိသည်။ ဟောတိ။ တေန၊ ကြောင့်။ ဧတံ၊ ဤ ပညာ အာလောကော စသော သုံးပုဒ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ [ပညဝတော အရ ဝိပဿနာပညာ ရှိသူကိုရ၏။ ထို ဝိပဿနာ ပညာ အရှင်မှာ ဝိပဿ-နုပက္ကိလေသတွင် ပါဝင်သော ဩဘာသ ဖြစ်ပေါ်လာသောအခါ လောကဓာတ်ကြီး တခုလုံး၌ အရောင်အလင်းတွေ ဖြစ်နေသည်-ဟူလို။]

ပန၊ ဆက်။ တီသု၊ ကုန်သော။ ဣမေသု ပဒေသု၊ ဤ ပညာ အာလောကော စသော ပုဒ်တို့တွင်။ ဧကပဒေနပိ၊ တခုသော ပုဒ်ဖြင့်လည်း။ ဧတသ္မိံ အတ္ထေ၊ ဤ ဆိုအပ်ပြီးသော အနက်သည်။ သိဒ္ဓေ၊ ပြီးစီးပါလျက်။ (တဒနု-ရူပေနေဝ ဣမာပိ ဒေသနာ ကတာ-၌ ငပ်။) ဘိက္ခဝေ၊ တို့။ အာလောကာ၊ အရောင်တို့သည်။ ဣမေ စတ္တာရော၊ ဤ လေးပါးတို့တည်း။ ကတမေ စတ္တာ-ရော၊ အဘယ် လေးပါး တို့နည်း။ စန္ဒာလောကော၊ လရောင် လည်းကောင်း။ သူရိယာလောကော၊ နေရောင် လည်းကောင်း။ အဂ္ဂျာလောကော၊ မီးရောင် လည်းကောင်း။ ပညာလောကော၊ ပညာရောင် လည်းကောင်းတည်း။ ဘိက္ခ-ဝေ၊ တို့။ အာလောကာ၊ တို့သည်။ ဣမေ စတ္တာရော၊ တို့တည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ကုန်သော။ ဣမေသံ အာလောကာနံ၊ ၊ တို့တွင်။ ယဒိဒံ (ယော+

၁။ အာလောကောစသည်။ ။စုရာဒိ လောက-ဓာတ်သည် ဒီပန (ပြခြင်း) အနက်ကို ဟော၏။ "အရောင်=အလင်း" ဟု ပြတ်နက်ဖြစ်၏။ အဝပုဗ္ဗ ဘာသဓာတ်လည်း ဇုတ (ထွန်းလင်းခြင်း) အနက် ရှိ၏။ "အရောင်အလင်း" ဟုပင် ပြတ်နက်ဖြစ်၏။ ဇုတဓာတ်လည်း ဒိတ္တိ (ထွန်းလင်းခြင်း) အနက်ပင်တည်း။ ပဋိဋ္ဌ ပရိယာယ်သဒ္ဒါဖြစ်သော ကြောင့် မြန်မာ၌လည်း "အရောင်၊အလင်း၊ဝင်းထိန်" ဟု ပရိယာယ်ပြန်လိုက်သည်။

အယံ) ပညာလောကော၊ အကြင် ပညာရောင်သည်။ အတ္ထိ၊ ၏။ တေ၊ ဤ ပညာရောင်သည်။ အဂ္ဂေါ၊ အမြတ်ဆုံးတည်း။

တထာ၊ ထိုမှတပါး။ ဘိက္ခဝေ၊ တို့။ ဩဘာသာ၊ အလင်းတို့သည်။ ဣမေ စတ္တာရော၊ တို့တည်း။ပ။ဘိက္ခဝေ၊ တို့။ ပဇ္ဇောတာ၊ အဝင်းအထိန်တို့သည်။ ဣမေ စတ္တာရော၊ တို့တည်း။ ဣတိ၊ သို့။ သုတ္တာနံ၊ တို့၏။ အဇ္ဈာသယဝသေန၊ အလိုဆန္ဒ၏ အစွမ်းဖြင့်။ ယာနိ စေတာနိ သုတ္တာနိ၊ တို့ကို။ (ဘဂဝတာ။) ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ တဒနုရူပေနေဝ၊ ထိုသုတ်တို့အား လျော်သဖြင့်သာလျှင်။ ဣဓာပိ၊ ဤ အဘိဓမ္မာ ပါဠိတော်၌လည်း။ ဒေသနာ၊ ကို။ကတာ၊ပြီ။ [၁]ဟိ၊ မှန်။ အတ္ထော၊ အနက် အဓိပ္ပာယ်သည်။ ဝါ၊ ကို။ အနေ-ကေဟိ၊ ကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဝိဘဇ္ဇမာနော၊ ဝေဖန်အပ်သော်။ သုဝိဘတ္တော၊ ကောင်းစွာ ဝေဖန်အပ်သည်။ ဟောတိ၊၏။ (ကသ္မာ၊ နည်း။) အညထာ စ၊ အခြားသော အနက်ဖြင့်လည်း။ အညော၊ အခြားပုဂ္ဂိုလ်သည်။ ဗုဇ္ဈတိ၊ သိနိုင်၏။ အညထာ စ၊ ထိုသူ သိနိုင်လောက်သော အနက်မှတပါးသော အနက်ဖြင့်လည်း။ အညော၊ အခြားပုဂ္ဂိုလ်သည်။ ဗုဇ္ဈတိ။ ဣတိ၊ ထို့ကြောင့်တည်း။

ရတိ ကရဏဋ္ဌေန၊ မွေ့လျော်ခြင်းကို ပြုတတ်သည်၏ အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ ရတိ ဒါယကဋ္ဌေန၊ မွေ့လျော်ခြင်းကို ပေးတတ်သည်၏အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ ရတိ ဇနကဋ္ဌေန၊ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သည်၏အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ စိတ္တီကတဋ္ဌေန၊ စိတ်မဟုတ်သော်လည်း စိတ်ကဲ့သို့ အလေးဂရုပြုအပ်သည်၏ အဖြစ် ဟူသောအနက်ကြောင့် လည်းကောင်း။ ဒုလ္လဘပါတုဘာဝဋ္ဌေန၊ ခဲယဉ်း

၁။ အတ္ထော ဟိ၊ပ။သုဝိဘတ္တော။ ။''အနက်တမျိုးကိုအထပ်ထပ်ဆိုသဖြင့် ပုန-ရုတ္တိဒေါသ မရောက်ပါလော'' ဟု မေးဖွယ်ရှိ၍ ''အတ္ထော ဟိ'' စသည်ကို မိန့်သည်။ အနက်တမျိုးကို အခြင်းအရာ (သဒ္ဒါ) အမျိုးမျိုးဖြင့် ဝေဖန်မှ ကောင်းစွာ အပြည့်အစုံ ဝေဖန်ရာရောက်၏။ ထို့ကြောင့် ပုနရုတ္တိဒေါသ မဖြစ်ပါ—ဟူလို။ ပုနရုတ္တိဒေါသ မဖြစ်လျှင် ရှိပါစေတော့၊ အကျိုးထူး တစုံတရာမရှိလျှင် နိရတ္ထကဒေါသ ရောက်ရာသည် မဟုတ်လော၊ အဘယ့်ကြောင့် အမျိုးမျိုးဝေဖန်မှ သုဝိဘတ္တဖြစ်သနည်း-ဟု မေးဖွယ်ရှိပြန်၍ ''အညထာ စ အညော ဗုဇ္ဈတိ'' စသည်ကို မိန့်သည်။ တချို့က ''ပညာ အာ-လောကော'' ဟု ဟောမှ အနက်အဓိပ္ပာယ်နားလည်၍၊ တချို့ကမူ ''ပညာ ဩဘာ-သော၊ ပညာ ပဇ္ဇောတော'' ဟု တမျိုးမျိုးဟောမှ နားလည်နိုင်ရကား ပုဂ္ဂိုလ် အမျိုးမျိုးကို နားလည်စေရခြင်း အကျိုးရှိသောကြောင့် အမျိုးမျိုးဝေဖန်မှ သုဝိဘတ္တ ဖြစ်သည်—ဟူ၍။

စွာ ရအပ်သည်ဖြစ်၍ ထင်ရှားဖြစ်ပေါ်လာသည်၏ အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ (အခြားနေရာ၌ ဒုလ္လဘဒဿနနှင့် သဘောတူပင်တည်း။) အတုလဌေန၊ အတူမရှိသည်၏ အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ အနောမသတ္တ ပရိဘောဂဌေန စ၊ မယုတ်ညံ့သော အထက်တန်း သတ္တဝါတို့၏ အသုံးအဆောင်၏ အဖြစ် ဟူသော အနက်ကြောင့် လည်းကောင်း။ ပညာ ဝ၊ သည်ပင်။ ရတနံ[၁]၊ ရတနာတည်း။ ပညာရတနံ၊ ပညာရတနာ။

တေန၊ ထို သဘောဟာရားဖြင့်။ သတ္တာ၊ တို့သည်။ န မုယှန္တိ၊ မတွေဝေကုန်။ ဝါ၊ တနည်း။ သယံ၊ မိမိဟူသော အမောဟကိုယ်တိုင်။ အာရမ္မဏေ၊ ၌။ န မုယှတိ၊ မတွေဝေတတ်။ ဣတိ၊ ကြောင့်။ အမောဟော၊ မည်၏။ [“မုယှန္တိ တေနာတိ မောဟော၊ မုယှတီတိ မောဟော၊ န+မောဟော အမောဟော” ဟု ပြုစေလိုသည်။] ဓမ္မဝိစယပဒံ၊ ဓမ္မဝိစယပုဒ်သည်။ ဝုတ္တတ္ထမေဝ၊ ဆိုအပ်ပြီးသောအနက်ရှိသည်သာ။ ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ ကြောင့်။ တံ၊ ဤ ဓမ္မဝိစယ ပုဒ်ကို။ ပုန၊ တဖန်။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ အမောဟဿ၊ ၏။ မောဟပဋိပက္ခဘာဝဒီပနတ္ထံ၊ မောဟ၏ ဆန့်ကျင်ဘက်၏အဖြစ်ကို ပြခြင်းအကျိုးငှာ။ ဝါ၊မောဟ၏ ဆန့်ကျင်ဘက်၏အဖြစ်ကို ပြလိုခြင်းဟူသော အကြောင်းကြောင့်။(ဝုတ္တံ၊ ပြီ။)

တေန၊ ထို ဓမ္မဝိစယပုဒ်ဖြင့်။ ဧတံ၊ ဤအနက်ကို။ ဒီပေတိ၊ ပြ၏။(ကိံ၊ အဘယ်အနက်ကို။ ဒီပေတိ၊ နည်း။) ယွာယံ(ယော+အယံ)အမောဟော၊ သည်။(အတ္ထိ။) သော၊ ထို အမောဟသည်။ ကေဝလံ၊ ပဋိပက္ခမဖက် သက်သက်။ မောဟတော၊ မှ။ အညော၊ အခြားသော။ဓမ္မော၊ သည်။ န၊ မဟုတ်။

၁။ ရတန။ ။ရတိကရဏဋ္ဌေန ရတိဒါယကဋ္ဌေန ရတိဇနကဋ္ဌေန တို့ကို ကြည့်၍ ‘‘ရတိံ ကရောတီတိ ရတိကရဏံ၊ရတိံ ဒဒါတီတိ ရတိဒါနံ၊ရတိံ ဇနေတီတိ ရတိဇနနံ’’ ဟု ဆိုလိုလျှက် မလိုရာ အက္ခရာတို့ကိုချေ၍ လည်းကောင်း၊ တိ၏ ဣကို အ-ပြု၍လည်းကောင်း၊ ရတန ဟု ပြီးရသည်။ စိတ္တီကတဌေန–စသည်တို့ကား သဒ္ဒတ္ထ မဟုတ်၊ ရတန၏ ဂုဏ်ကိုပြသော ပုဒ်တို့တည်း။ ထိုပုဒ်တို့၏အနက်၏အရ အသင်ရှငိအားဖြင့် ရတန ဟု ခေါ်ရသည်၊ အနိပ္ဖန္နပါဋိပဒိက ပုဒ်တည်း။ အခြားနေရာ၌ကား ‘‘မဟဂ္ဃ-များသော အဖိုးရှိ’’ အနက်ကိုလည်း ပြ၍။

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

ပန၊ အဟုတ်ကား။ မောဟဿ၊ ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်ဖြစ်သော။ ဓမ္မဝိစယသင်္ခါတော၊ ဓမ္မဝိစယဟု ဆိုအပ်သော။ အမောဟော နာမ၊ အမောဟ မည်သော တရားကို။ ဣဓ၊ ဤပါဠိတော်၌။ အဓိပ္ပေတော၊ ၏။ ဣတိ၊ ဤ အနက်ကို။ (ဒီပေတိ။ အသဒ္ဒါ အညအနက်မဟုတ် ပဋိပက္ခအနက်-ဟူလို။) ["ဓမ္မဝိစယော၊ ဓမ္မဝိစယဟု ဆိုအပ်သော။ ယော အမောဟော၊ အကြင် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသဘောသည်"ဟု ပါဠိတော်၌ ပေး ပါ။] သမ္မာဒိဋ္ဌိတိ၊ ကား။ယာထာဝ နိယျာနိကကုသလဒိဋ္ဌိ၊ မဖောက်မပြန် ဟုတ်မှန်သောဒိဋ္ဌိ, ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သောဒိဋ္ဌိ, ကုသိုလ်ဖြစ်သော ဒိဋ္ဌိတည်း။

ဇီဝိတိန္ဒြိယနိဒ္ဒေသေ၊ ၌။ ယော။ပ။အာယူတိ၊ ကား။ သမ္ပယုတ္တကာနံ၊ ကုန်သော။ တေသံ အရူပဓမ္မာနံ၊ ထို နာမ်တရားတို့၏။ (အာယု-၌ စပ်။) ဝါ၊ တို့ကို။ အာယာပနဋ္ဌေန၊ ဖြစ်စေတတ်သည်၏အဖြစ် ဟူသောအနက် ကြောင့်။ ယော အာယု[၁]၊ အကြင် အသက်သည်။ အတ္ထိ။ ဟိ၊ မှန်။(တနည်း) ဟိ(ယသ္မာ)၊ ကြောင့်။ တသ္မိံ၊ထို ဇီဝိတိန္ဒြေသည်။ သတိ၊ သော်။အရူပဓမ္မာ၊ တို့သည်။ အယန္တိ ဝတ္တန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ တသ္မာ၊ ထိုသို့ နာမ် တရားတို့၏ ဖြစ်ကြောင်း၏အဖြစ်ကြောင့်။ အာယူတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ဣဒံ၊ ဤ အာယုဟူသောပုဒ်သည်။ အဿ၊ ထို ဇီဝိတိန္ဒြေ၏။ သဘာဝပဒံ၊ တည်း။

ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ဧတေ ဓမ္မာ၊ ဤ သမ္ပယုတ်ဖြစ်သော နာမ် တရားတို့သည်။ အာယုသ္မိံ၊ ဇီဝိတိန္ဒြေဟူသော အသက်သည်။ သတိယေဝ၊ ရှိသော်သာ။ ဝါ၊ ရှိခြင်းကြောင့်သာ။(လက္ခဏာဟိတ်။) တိဋ္ဌန္တိ၊ တည်တန့် နိုင်ကုန်၏။ ယပေန္တိ ယာပေန္တိ၊ မျှတနိုင်ကုန်၏။ ဣရိယန္တိ ဝတ္တန္တိ၊ ဖြစ်နိုင်

၁။ အာယု။ ။အယဓာတ်၊ ဏာပစ္စည်းဖြစ်၍ ဝုဒ္ဓိဖြင့်"အာယု"ဟု ဖြစ်၏။ ဝိဂ္ဂြိုဟ်၌ ကား ဏ-အနုဗန် မရှိသောကြောင့်"အယန္တိ"ဟု ရှိရသည်။ အယဓာတ်သည် ဂတိ အနက်ရှိသောကြောင့်"ဂစ္ဆန္တိ"ဟု ဓာတ်နက်ဖွင့်၍ ထိုဂမုလည်း ဖြစ်ခြင်းအနက်ဟော ဟု သိစေလို၍"ပဝတ္တန္တိ"ဟု ထပ်ဖွင့်သည်။ "ယေ ဂတျတ္ထာ တေ ဗုဇ္ဈတ္ထာ၊ ပဝတ္တိ ပါပုဏတ္ထကာ"–ဓာတွတ္ထသင်္ဂဟ။] ဆက်ဦးအံ့၊–တသ္မိံသတိ၊ထိုတရားရှိလတ်သော်" ဟူရာ၌ လက္ခဏာအနက်သည် ဟိတ်သဘောလည်းရှိ၏။ထို့ကြောင့်"အယန္တိ ဧတေ- နာတိ အာယု"ဟု ဝစနတ္ထပြု။"အယန္တိ ဧတေန"အရ"ဖြ ကြောင်း"ဟူသည် ခဏ- တ္တယမျှဖြစ်ကြောင်း မဟုတ်။ တဘာဝအတွက် ကံ အရှိန်ရှိသမျှ တဘာဝလုံး ဖြစ်ကြောင်း တည်း။ မှန်၏။–ရုပ်ဇီဝိတ နာမ်ဇီဝိတဟု ခေါ်အပ်သော ဤအာယုသည် ကံကုန်လျှင် တဘဝအတွက် အဆက်ပြတ်၏။ ဖို အာယုပြတ်လျှင်လည်း နာမ်တရားအားလုံးနှင့် ကမ္မဇရုပ်အားလုံးပင် မဖြစ်နိုင်ကြ။ [အယန္တိတိ ဧကကမ္မနိဗ္ဗတ္တမနုဿာဒိ သန္တတိ အဝိစ္ဆေဒဝသေန ပဝတ္တန္တိ။–ဋီကာ။]

ကုန်၏။ ပါလယန္တိ၊ စောင့်ရှောက်နိုင်ကုန်၏။ တသ္မာ၊ ကြောင့်။ ဣတိတိ အာဒိနိ၊ ဣတိ-အစရှိသော ပုဒ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ ပန၊ သဒ္ဒတ္ထမှတပါး ဝစနတ္ထကား။ တေ္တ၊ ဤ ဣတိ-စသော ပုဒ်တို့၌။ ဝစနတ္ထော၊ ကို။(ဧဝံ ဝေဒိတဗ္ဗော။) တောယ၊ ဤ သဘောတရားဖြင့်။(သမ္ပယုတ္တကာ၊ ကုန်သော။ အရူပဓမ္မာ၊ တို့သည်။) တိဋ္ဌန္တိ၊ တည်တံ့နိုင်ကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ တည်တံ့နိုင်ကြောင်း၏ အဖြစ်ကြောင့်။(သာ ဓမ္မဇာတိ။) ဌိတိ၊ မည်၏။ (တောယ၊ ဖြင့်။ သမ္ပယုတ္တကာ။ အရူပဓမ္မာ၊ တို့သည်။) ယပေန္တိ၊ မျှတကုန်၏။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ မျှတကြောင်း၏ အဖြစ်ကြောင့်။(သာ ဓမ္မဇာတိ။)ယပနာ၊ မည်၏။ တထာ၊ ထိုသမ္ပယုတ်တရားတို့၏ မျှတခြင်း၏အဖြစ်ကြောင့်။ ယာပနာ၊ မည်၏။ ပန၊ ဆက်။ ဧဝံ၊ ဤသို့ ရဿပြုမှုသာ။ဗုဇ္ဈန္တာနံ၊ အနက်ကိုသိကုန်သော ပုဂ္ဂိုလ်တို့၏။ ဝသေန၊ ဖြင့်။ [၁]ပုရိမပဒေ၊ ယပနာဟူသော ရှေ့ပုဒ်၌။ရဿတ္တံ၊ ရဿ၏အဖြစ်ကို။ကတံ၊ ပြုတော်မူအပ်ပြီ။

တောယ၊ ဖြင့်။(သမ္ပယုတ္တကာ အရူပဓမ္မာ။) ဇီရိယန္တိ၊ အသက်မွေးကြကုန်၏။ ဝါ၊ အသက်ရှင်ကြရကုန်၏။ ဣတိ၊ ကြောင့်။(သာ ဓမ္မဇာတိ။)ဇီရိယနာ၊ မည်၏။[ဇီရိယ ဓာတ်သည် ဇီဝဝုတ္တိအနက်ကို ဟော၏။] (တောယ၊ ဖြင့်။ သမ္ပယုတ္တကာ အရူပဓမ္မာ။)ဝတ္တန္တိ၊ ဖြစ်ရကုန်၏။ ဣတိ။ ဝတ္တနာ၊မည်၏။ (တောယ သမ္ပယုတ္တကာ အရူပဓမ္မာ။)ပါလယန္တိ၊ မိမိကိုစောင့်ရှောက်တတ်ကုန်၏။ ဣတိ။ ပါလနာ၊ မည်၏။ တေန၊ ဖြင့်။ (သမ္ပယုတ္တကာ အရူပဓမ္မာ။) ဇီဝန္တိ၊ အသက်ရှင်ကြရကုန်၏။ ဣတိ။ ဇီဝိတံ၊ မည်၏။ အနုပါလန လက္ခဏော၊ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ၌။ ဣန္ဒဋ္ဌံ(သမ္ပယုတ္တဓမ္မေဟိ) ကာရေတိ၊ ဣတိ။ ဇီဝိတိန္ဒြိယံ၊ မည်၏။

ဟိရီဗလနိဒ္ဒေသေ၊ ၌။ ယံ တသ္မိံ သမယေတိ၊ ကား။ တသ္မိံသမယေ၊ ကာမာဝစရကုသိုလ် သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာစိတ်၏ ဖြစ်ရာ ထိုအခါ၌။ ယေန ဓမ္မေန၊ အကြင် တရားကြောင့်။(ဟိရီယတိ-၌ စပ်။) ဝါ၊ တနည်း။ လိင်္ဂဝိပလ္လာသံ၊ ပုလ္လိင်၏ နပုလ္လိင် ပြောင်းလွဲခြင်းကို။ ကတွာ။

၁။ ပုရိမပဒေ ရဿတ္တံ ကတံ။ ။ယပဓာတ်သည် မျှတခြင်းအနက်ကို ဟောရာ၌ စုရာဒိဂိုဏ်းဖြစ်၍ ဏေပစ္စည်းသက်ရသည်၊ ထို ဏေပစ္စည်းကြောင့် ဝုဒ္ဓိလည်းရောက်ရသည်။ ထို့ကြောင့် ယာပနာသည် သဒ္ဒါနည်းအားဖြင့် ပုဒ်ရင်းတည်း။ ယပနာကား တခင်္ဂသာ ရဿပြုထားသော ပုဒ်ဖြစ်သည်။ ဤသို့"ယပနာ"ဟု ဟောမှ သိနိုင်မည့် ပုဂ္ဂိုလ်ရှိသည့်အတွက် ရဿပြု၍ ဟောတော်မူရသည်။

တသ္မိံ သပယေ၊ ၌။ ယော ဓမ္မော၊ သည်။ (ဟိရိယတိ။) လ္လတိပိ၊ ဤသို့ လည်း။ အတ္တော ဝေဒိတဗ္ဗော။ [နောက်နည်း၌ "ယံ" ကို လိင်္ဂဝိပလ္လာသကြံ၍ ဟိရိယတိ၏ကတ္တား အဖြစ်ဖြင့် "ယော ဓမ္မော" ဟု ပါဠိတော်၌ အနက် ပေးပါ။]ဟိရိယိတဗ္ဗေနာ[1]တိ၊ ဟိရိယိတဗ္ဗေနဟူသော သဒ္ဒါသည်။ ဥပယောဂ-တ္ထေ၊ ဒုတိယာ ဝိဘတ်၏ အနက်၌။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ်ရှိသော သဒ္ဒါ တည်း။ ဟိရိယိတဗ္ဗယုတ္တကံ၊ ရှက်ထိုက်သည်၏ အဖြစ်နှင့် ယှဉ်သော။ ဝါ၊ ရှက်ခြင်းနှင့် ယှဉ်သော။ ကာယဒုစ္စရိတာဒိဓမ္မံ၊ ကာယဒုစရိုက် အစရှိသော တရားကို။ ဟိရိယတိ ဇိဂုစ္ဆတိ၊ စက်ဆုပ်တတ်၏။ လ္လတိ အတ္ထော၊ နက်။ ["ဟိရိယိတဗ္ဗေန၊ စက်ဆုပ်ထိုက်သည်၏ အဖြစ်နှင့်။ (ဘာဝပ္ပဓာန။)တနည်း၊ စက်ဆုပ်ခြင်းနှင့်။ (တဗ္ဗပစ္စည်း ဘောဟော။) ယုတ္တံ ဟိရိယိတဗ္ဗယုတ္တကံ၊ သမာသန္တ က—ပစ္စည်း။]

ပါပကာနန္တိ၊ ကား။ လာမကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနန္တိ၊ ကား။ အကောသလ္လ သမ္ဘူတာနံ၊ ဉာဏ်ကြောင့် ကောင်းစွာဖြစ်သည် မဟုတ်ကုန်သော။ ဓမ္မာနံ၊ တို့သို့။ (သမာပတ္တိယာ—၌ စပ်။) သမာပတ္တိယာတိ လ္လဒမ္ပိ၊ သမာပတ္တိယာ ဟူသော ဤသဒ္ဒါသည်လည်း။ (ပိဖြင့် ဟိရိယိတဗ္ဗေန ကို ပေါင်း။) ဥပယောဂတ္ထေ၊ ၌။ ကရဏဝစနံ၊ တည်း။ တေသံ ဓမ္မာနံ၊ ထို အကုသိုလ်တရားတို့ကို။ ဝါ၊ တို့သို့။ သမာပတ္တိံ၊ ကောင်းစွာရောက်ခြင်းကို။ ပဋိလာဘံ၊ ရခြင်းကို။ သမင်္ဂိဘာဝံ၊ ပြည့်စုံသူ၏အဖြစ်ကို။ ဟိရိယတိ ဇိဂုစ္ဆတိ၊ စက်ဆုပ်တတ်၏။ လ္လတိ အတ္ထော၊ နက်။

ဩတ္တပ္ပဗလနိဒ္ဒေသေ၊ ၌။ ဩတ္တပ္ပိတဗ္ဗေနာတိ၊ ဩတ္တပ္ပိတဗ္ဗေန ဟူသော သဒ္ဒါသည်။ ဟေတွတ္ထေ၊ ဟိတ်အနက်၌။ ကရဏဝစနံ၊ တည်း။ ဩတ္တပ္ပိတဗ္ဗ-ယုတ္တကေန၊ ကြောက်လန့်ထိုက်သည်၏ အဖြစ်နှင့် ယှဉ်သော။ ဝါ၊ ကြောက် လန့်ခြင်းနှင့် ယှဉ်သော။ ဩတ္တပ္ပဿ၊ ၏။ ဟေတုဘူတေန၊ အကြောင်းဖြစ်၍ ဖြစ်သော။ ကာယဒုစ္စရိတာဒိနာ၊ ကာယဒုစရိုက် အစရှိသည် ကြောင့် လည်း

၁။ ဟိရိယိတဗ္ဗေန။ ။"ဟိရိ" ဟူသော ဤ ကာရန္တဓာတ်သည် "လဇ္ဇနအနက် ဟော" ဟု ဓာတ်ကျမ်း၌ဆိုသော်လည်း ဤ၌ ဇိဂုစ္ဆတိတိ အတ္ထောကိုကြည့်၍ "ဇိဂုစ္ဆ-နတ္ထ" ဟု မှတ်ပါ။ သက္ကတ၌ ဤဓာတ်သည် ပါဠိ၌ "ဟိရိ" ဟု ဖြစ်၏။ ဒိဝါဒိဂိုဏ်း ဖြစ်သောကြောင့် ယ-ပစ္စည်းသက်၍ "ဟိရိယိတဗ္ဗေန၊ ဟိရိယတိ" ဟု ရှိရသည်။ သက္ကတ၌ "ဟြီ" ဟု ဧကဿရဓာတ် ဖြစ်သောကြောင့် ပါဠိ၌ "ဟိရိ" ဟု အနေကဿရဓာတ် ဖြစ်သော်လည်း ဓာတွန်မချေရ။ ဥပမာ- "ဋ္ဌေ"ဟူသော ဧကဿရဓာတ် သည် ပါဠိ၌ "ဂိလေ" ဟု အနေကဿရဓာတ် ဖြစ်သော်လည်း ဓာတွန် မကျေသကဲ့ သို့တည်း။ [မူလဋီကာ၌ အဋ္ဌကထာနည်းမှ တနည်းဖွင့်ထားသေး၏။]

ကောင်း။ ဩတ္တပ္ပဿ၊ ၏။ ဟေတုဘူတာယ၊ အကြောင်းဖြစ်၍ ဖြစ်သော။ ဝုတ္တပ္ပကာရာယ၊ ဆိုအပ်ပြီးသော အပြားရှိသော။ သမာပတ္တိယာ စ၊ အကုသိုလ်တရားတို့သို့ ကောင်းစွာရောက်ခြင်းကြောင့်လည်းကောင်း။ ဩတ္တပ္ပတိ၊ ၏။ ဘာယတိ၊ ကြောက်တတ်၏။ ဣတိ အတ္ထော။ [ဩတ္တပ္ပိတဗ္ဗေန၌ ဟိတ်အနက်ဖွင့်ခြင်းမှာ အဝပုဗ္ဗ+ဒိဝါဒိ တပ-ဓာတ်က ကြောက်ခြင်းအနက်ကို ဟော၍ ထို ကြောက်ခြင်း အနက်က ဟိတ်ကို ငဲ့သောကြောင့်တည်း။ "တပ္ပ" ဟု ပ-ဒွေဘော် ဖြစ်ရခြင်း မှာလည်း ယ-ကို ပုဗ္ဗရူပ် ပြုသောကြောင့်တည်း။ ဝုတ္တပ္ပကာရ-ဟူသည် "ပါပကာနံ အကုသလာနံ ဓမ္မာနံ" ဟု ဆိုအပ်ပြီးသော အပြားတည်း။]

အလောဘနိဒ္ဒေသေ၊ ၌။ အလုဗ္ဘနက[၁]ဝသေန၊ မလိုချင်ခြင်း၏ အစွမ်းဖြင့်။ အလောဘော၊ မည်၏။ န လုဗ္ဘတိ၊ မလိုချင်တတ်။ ဣတိပိ၊ ကြောင့်လည်း။ အလောဘော၊ မည်၏။ ဣဒံ၊ ဤ အလောဘောဟူသော ပုဒ်သည်။ အဿ၊ ထို အလောဘ၏။ သဘာဝပဒံ၊ တည်း။ အလုဗ္ဘနာတိ၊ ကား။ အလုဗ္ဘ-နာကာရော၊ မလိုချင်ခြင်းဟူသော အခြင်းအရာသည်။ (ဟောတိ။) လောဘသမင်္ဂိပုဂ္ဂလော၊ လောဘနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ လုဗ္ဘိတော နာမ၊ လုဗ္ဘိတ မည်၏။လုဗ္ဘိတော၊ လောဘကြီးသူသည်။ န၊ မဟုတ်။ အလုဗ္ဘိတော၊ လောဘကြီးသူမဟုတ်။အလုဗ္ဘိတဿ၊ လောဘမကြီးသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ အလုဗ္ဘိတတ္တံ၊ ရာ။ သာရာဂပဋိပက္ခတော၊ ပြင်းစွာ တပ်မက်ခြင်း၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ (ပြင်းစွာ တပ်မက်တတ်သော ရာဂ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။) သာရာဂေါ၊ ပြင်းစွာ တပ်မက်တတ်သော ရာဂသည်။ န၊ မဟုတ်။ အသာရာဂေါ၊ မဟုတ်။[သာရာဂေါကို "သံ+ရာဂေါ" ဟု ပုဒ်ဖြတ်။ သံသည် ဘုသ-အနက်ဟော၊ နိဂ္ဂဟိတ်ချေ၊ သ၏ အ-ကို ဒီဃပြု။ ပဋိပက္ခတော နေရာ၌ "ပဋိက္ခေပတော" ဟု ရှိသည်ကား မကောင်း။]

အသာရဇ္ဇနာတိ၊ ကား။ အသာရဇ္ဇနာကာရော၊ ပြင်းစွာ မတပ်မက်ခြင်းဟူသော အခြင်းအရာသည်။ (ဟောတိ။) အသာရဇ္ဇိတဿ၊ ပြင်းစွာ မတပ်မက်သော ပုဂ္ဂိုလ်၏။ ဘာဝေါ၊ တည်း။ အသာရဇ္ဇိတတ္တံ၊ ရာ။ န အဘိဇ္ဈာယတိ၊

၁။ အလုဗ္ဘနက။ ။"အလုဗ္ဘနမေဝ အလုဗ္ဘနကံ" ဟု ဋီကာဖွင့်သောကြောင့် လုဘဓာတ်၊ ဒိဝါဒိ ယ ပစ္စည်း၊ဘာဝဟောယုပစ္စည်းဖြင့် "လုဗ္ဘနံ" ဟု ပြီးပြီးနောက် "လုဗ္ဘနမေဝ လုဗ္ဘနကံ" ဟု သွာ္ဘ၌ က-ပစ္စည်းသက်။ န+လုဗ္ဘနကံ အလုဗ္ဘနကံ။ ["ဖုသနကဝသေန ဖဿော"တွန်းကလည်း ဤနည်းရနိုင်၏။] ပါဠိတော်၌ "လုဗ္ဘနံ လောဘော၊ န+လောဘော အလောဘော"ဟု ပြ။ နောက်နည်း၌ကား "လုဗ္ဘတီတိ လောဘော" ဟု ကတ္တုသာဓ်ပြု၍ "န+လောဘော အလောဘော" ဟု ပြပါ။

သူတပါးစည်းစိမ်ကို ရှေးရှုမကြံတတ်။ ဣတိ။အနဘိဇ္ဈာ၊မည်၏။အလောဘော ကုသလမူလံတိ၊ ကား။ အလောဘသဒ္ဒါတံ၊သော။ ကုသလမူလံ၊ ကုသိုလ်မူလ သည်။ ဟောတိ။ ဟိ၊ မှန်။ အလောဘော၊ သည်။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ ပစ္စယဋ္ဌေန၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ် ဟူသော အနက်ကြောင့်။ မူလံ၊ မူလတည်း။ ဣတိ။ ကုသလမူလံ၊ မည်၏။ ကုသလဥ္စ၊ ကုသိုလ်လည်း ဟုတ်၏။ တံ၊ ထို ကုသိုလ်ဟူသည်။ ပစ္စယဋ္ဌေန၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ မူလဥ္စ၊ မူလလည်းဟုတ်၏။ ဣတိပိ၊ ကြောင့်လည်း။ ကုသလမူလံ၊ မည်၏။

အဒေါသ နိဒ္ဒေသေ၊ ၌။ [“အဒေါသပဒ”ဟု “ပဒ”ပါသည်ကား အပို၊ ရှေးနိဿယ၌လည်း မပါ။] အဒုဿနကဝသေန၊ မပျက်စီးခြင်း၏ အစွမ်းဖြင့်။ အဒေါသော[၁]၊ မည်၏။ [“ဒုဿနံ ဒေါသော”ဟု ဘာဝသာဓနပြု၊ “န ဒေါ- သော အဒေါသော”ဟု ဆက်။] န ဒုဿတိ၊ မပျက်စီးတတ်။ ဣတိပိ၊ ကြောင့် လည်း။ အဒေါသော၊ မည်၏။ ဣဒံ၊ ဤ အဒေါသောဟူသော ပုဒ်သည်။ အဿ၊ ထို အဒေါသ၏။ သဘာဝပဒံ၊ တည်း။ အဒုဿနာတိ၊ ကား။ အဒုဿနာကာရော၊ စိတ်၏ မပျက်ခြင်းဟူသော အခြင်းအရာသည်။ ဟောတိ။ အဒုဿိတဿ၊ မပျက်သောစိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ အဒုဿိတတ္တံ၊ ရာ။

ဗျာပါဒ ပဋိပက္ခတော၊ ဗျာပါဒ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ ဗျာပါဒေါ၊ ဗျာပါဒသည်။ န၊ မဟုတ်။ ဣတိ။ အဗျာပါဒေါ[၂]၊ မည်၏။ ကောဓဒုက္ခပဋိပက္ခတော၊ အမျက်ထွက်ခြင်းဟူသော ဒုက္ခ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ ဗျာပဇ္ဇော၊ လွန်စွာနှိပ်စက် ဖျက်ဆီးတတ်သော ဒုက္ခသည်။

၁။ အဒေါသော။ ။ဒိဝါဒိ ဒုသဓာတ်သည် အပ္ပီတိ-မနှစ်သက်ခြင်း၊ဝိဂတ-ပင်ကို သဘောမှ ကင်းခြင်းဟူသော ပျက်စီးခြင်း၊ ဤ ၂-နက်ကို ဟော၏။ ဤနေရာ၌ ဝိဂတ အနက်ကို ယူ၍ပေးလိုက်သည်။“ အဒုဿနကဝသေန၊ မနှစ်သက် မဟုတ် နှစ်သက် ခြင်း၏ အစွမ်းဖြင့် ဟု လည်းကောင်း“နဒုဿတိ၊မနှစ်သက်မဟုတ် နှစ်သက်တတ်၏” ဟုလည်းကောင်း ဤသို့လည်း အပ္ပီတိအနက် ပေးနိုင်သည်။ရှေးနိဿယ၌“အဒုဿန- ဝသေန၊မပြစ်မှားခြင်း၏ အစွမ်းဖြင့်”ဟု လည်းကောင်း၊ “န ဒုဿတိ၊မပြစ်မှားတတ်” ဟု လည်းကောင်း ပေးလေသည်။

၂။ အဗျာပါဒေါ။ ။ဝိ-အာ-ပုဗ္ဗ ပဒ-ဓာတ်၊ ဏ ပစ္စည်း။ ဝိရူပံ+အာပဇ္ဇတိ စေတနာတိ ဗျာပါဒေါ-စိတ်၏ ဖောက်ပြန်ခြင်းကို ရောက်ကြောင်း ဒေါသ။ကရဏသာဓ် ရရာမှာ၌ ဟေတုကတ္တုသာဓ်လည်း ရနိုင်၏၊ ထို့ကြောင့် ကာရိတ်အကျေကြံ၍“ဝိရူပံ အာပါဒေတီတိ ဗျာပါဒေါ”ဟုလည်း ပြုရ၏။ န+ဗျာပါဒေါ အဗျာပါဒေါ။

န၊ မဟုတ်။ ဣတိ။ အဗျာပဇ္ဇော[1]၊ မည်၏။ အဒေါသသခါတံ၊ သော။ ကုသလမူလံ၊ ကုသိုလ်တို့၏ မူလသည်။ ဝါ၊ ကုသိုလ်ဖြစ်သော မူလသည်။ အဒေါသော၊ အဒေါသ ဟူသော။ ကုသလမူလံ၊ ကုသလမူလ မည်၏။ တံ၊ ထို ကုသလမူလံ ဟူသောပုဒ်သည်။ ဝုတ္တတ္ထမေဝ၊ ဆိုအပ်ပြီးသော အနက် ရှိသည်သာ။

ကာယပဿဒ္ဓိ နိဒ္ဒေသာဒီသု၊ ကာယပဿဒ္ဓိ နိဒ္ဒေသ အစရှိသည်တို့၌။ ယသ္မာ၊ ကြောင့်။ကာယောတိ၊ ကာယော ဟူသောပုဒ်ဖြင့်။ တယော၊ ကုန်သော။ ခန္ဓာ၊ စေတသိက်ခန္ဓာတို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ တသ္မာ၊ ကြောင့်။ ဝေဒနာက္ခန္ဓဿာတိ အာဒိ၊ ဝေဒနာက္ခန္ဓဿ အစရှိသောစကားရပ်ကို။ (ဘဂဝတာ) ဝုတ္တံ။ တေ ယ၊ ဤ သဘောတရားဖြင့်။ တေ ခန္ဓာ၊ ထို သမ္ပယုတ်တရားတို့သည်။ ပဿမ္ဘန္တိ၊ ငြိမ်းအေးကုန်၏။ ဝိဂတဒရထာ၊ ကင်းသော ကိလေသာ အပူ ရှိကုန်သည်။ သမဿာသပ္ပတ္တာ၊ လွန်စွာ သက်သာခြင်းသို့ ရောက်ကုန်သည်။ ဘဝန္တိ။ ဣတိ၊ ထိုသို့ သမ္ပယုတ်တရားတို့၏ ငြိမ်းအေးကြောင်း၏ အဖြစ်ကြောင့်။ (သာ ဓမ္မဇာတိ။) ပဿဒ္ဓိ၊ မည်၏။ ဒုတိယပဒံ၊ ပဋိပဿဒ္ဓိဟူသော ဒုတိယပုဒ်ကို။ ဥပသဂ္ဂဝသေန၊ ပဋိ-ဥပသာရ၏ အစွမ်းဖြင့်။ ဝဍ္ဎိတံ၊ တိုးပွားစေတော်မူအပ်ပြီ။ ပဿမ္ဘနာတိ၊ ကား။ ပဿမ္ဘနာကာရော၊ ကိလေသာအပူ တို့၏ ငြိမ်းအေးခြင်းဟူသော အခြင်းအရာသည်။ ဟောတိ။ ဒုတိယပဒံ၊ ပဋိ

၁။ အဗျာပဇ္ဇော။ ။ဗျာပါဒေတ်သည်တားမြစ်ခြင်း၊ညှဥ်းဆဲခြင်းနှိပ်စက်ခြင်း အနက်ကို ဟော၏။ဝိသေသေန အာ (ဘုသော) ဗျာဓေတိတိ ဗျာဗာဓော=မိမိကိန်းရာ သတ္တဝါကိုလည်းကောင်း၊စိတ်ကိုလည်းကောင်းအထူးအားဖြင့်အလွန်နှိပ်စက်တတ်သောတရား။ ဗျာဗာဓောယေဝ ဗျာပဇ္ဇော၊ သွတ္တာဒ္ဓ ကျပ္ပစ္စည်းသက်။ ဤဗျာပဇ္ဈသဒ္ဒါသည် "ဒုက္ခ" ဟူသောအနက်ကို ဟော၏၊ ထိုဒုက္ခသည် ကာယိကဒုက္ခ စေတသိကဒုက္ခဟု ၂-မျိုးရှိ၏။ ထိုဒုက္ခ ၂-မျိုးလုံးကို ယူမည်စိုး၍ "ကောဓ"ဟု ဝိသေသနပြုသည်၊ ဒေါသ စေတသိက် တည်းဟူသော စေတသိကဒုက္ခ-ဟူလို။ "အ"သဒ္ဒါသည် ပဋိပက္ခအနက်ဟော၊ ထို့ကြောင့် "ကောဓဒုက္ခ ပဋိပက္ခတော"ဟု ဟိတ်ထည့်သည်။ [မူလဋီကာ၌ ကမ္မသာဓန တနည်းပြသေး၏၊ ထိုနိဿယ၌ ရှုပါ။]

မှတ်ချက်။ ။စာအုပ်များ၌"အဗျာပဇ္ဇော"ဟု ပစောက် တပဉ်ယက္ခရာ ဇ္ဇ ၂-လုံး ဖြင့်ချည်း ရှိ၏။ ထိုပါဌ်သည်"ကောဓဒုက္ခ"ဟူသော ဟိတ်ပါဌ်ကိုထောက်၍ မသင့်။ ဘာ့ကြောင့်နည်း၊ဗျာပဇ္ဇသဒ္ဒါသည် ဗျာပါဒ (ဒေါသ) ကို တိုက်ရိုက်ဟောသောကြောင့် လည်းကောင်း၊ ထိုဗျာပါဒကိုဟောလျှင် ရှေ့အဗျာပါဒေါနှင့် အနက်တူနေသောကြောင့် လည်းကောင်းတည်း။ [ဗျာဗာဓနဋ္ဌေန ဗျာဗာဓော၊ ဗျာဗာဓော၀ ဗျာပဇ္ဈံ၊ ဒုက္ခန္တိ အတ္ထော။-ဘေသဇ္ဇပစ္စဝေက္ခဏာ-အဖွင့်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ။]

ပဿမ္ဘနာဟူသော ဒုတိယပုဒ်ကို။ ဥပသဂ္ဂဝသေန ဝဍ္ဎိတံ။ပဿဒ္ဓိသမင်္ဂိတာ-ယ၊ ပဿဒ္ဓိနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ပဋိပ္ပဿမ္ဘိတဿ၊ ငြိမ်းအေးပြီးသော။ ခန္ဓတ္တယဿ၊ စေတသိက် ခန္ဓာ သုံးပါးအပေါင်း၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာတည်း။ ပဋိပ္ပဿမ္ဘိတတ္တံ၊ ငြိမ်းအေးပြီးသော စေတသိက် ခန္ဓာသုံးပါးအပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာ။ သဗ္ဗပဒေဟိပိ၊ ပဿဒ္ဓိ ပဋိ-ပဿဒ္ဓိ အစရှိသော အလုံးစုံသော ပုဒ်တို့ဖြင့်လည်း။ တိဏ္ဏံ၊ ကုန်သော။ခန္ဓာနံ၊ တို့၏။ ကိလေသဒရထ ပဋိပဿဒ္ဓိ ဧဝ၊ ကိလေသာအပူတို့၏ ငြိမ်းအေးခြင်းကိုသာ။ ကထိတာ၊ ဟောတော်မူအပ်ပြီ။ ဒုတိယနယေန၊ ဖြင့်။ ဝိညာဏက္ခန္ဓဿ၊ ၏။ဒရထပဋိပဿဒ္ဓိ ဧဝ၊ကိလေသာအပူတို့၏ငြိမ်းအေးခြင်းကိုသာ။ကထိတာ။

လဟုတာတိ၊ ကား။ လဟုတာကာရော၊ လျင်မြန်သည်၏ အဖြစ်ဟူသော အခြင်းအရာသည်။ (ဟောတိ။)[စေတသိက် ခန္ဓာအပေါင်း၏ ဘဝင်အစဉ်မှ လျင်မြန်စွာ ထနိုင်ခြင်းကို ကာယဿလဟုတာ ဟု ဆိုသည်။] လဟု ပရိဏာမ-တာတိ(ဧတ္ထ)၊၌။(ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော။) ဧတေသံ ဓမ္မာနံ၊ ဤတရား တို့၏။ လဟု၊ လျင်မြန်သော။ ပရိဏာမော၊ ပြောင်းလဲခြင်းသည်။ အတ္ထိ။ ဣတိ၊ ကြောင့်။(တေ ဓမ္မာ။) လဟုပရိဏာမာ၊ တို့မည်၏။ တေသံ၊ ထို လျင်မြန်သော ပြောင်းလဲခြင်းရှိသော တရားတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာတည်း။ လဟုပရိဏာမတာ[၁]၊ ရာ။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ။ပရိဝတ္တန သမတ္ထတာ၊ အဖန်ဖန်ဖြစ်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်တည်း။ ဝါ၊ ပြောင်းလဲ ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်တည်း။ ဣတိ ဝုတ္တံ ဟောတိ။

၁။ လဟုပရိဏာမတာ။ ။"လဟု+ပရိဏာမော"ဟု ၂-ပုဒ်ခွဲ၍ ဗဟုဗ္ဗီဟိသမာသ် ပြု။ လဟုပရိဏာမာနံ+ဘာဝေါ လဟုပရိဏာမတာ။ လဟုအရ''သီဃံ သီဃံ''ဟု လည်းကောင်း၊ ပရိဏာမတာအရ''ပရိဝတ္တနသမတ္ထတာ''ဟု လည်းကောင်း အနက် ဖွင့်သည်။ ယင်းသို့ ဖွင့်သဖြင့် ပရိပုဗ္ဗ နမုဓာတ်သည် ပရိဝတ္တန (ပြောင်းလွဲခြင်း) အနက် ဟောဟု ပြ၏။ ပရိဝတ္တန– အဖန်ဖန်ဖြစ်ခြင်းဟူသည် ကုသိုလ်ကံစွကို ပြုရာ၌ လည်း ကောင်း၊ အနိစ္စ-စသည်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌လည်းကောင်း ထိန မိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ်စိတ်တို့ကဲ့သို့ ထိုင်းမှိုင်း လေးတွဲခြင်းမရှိပဲ ရှေးဝီထိနှင့်နောက် ဝီထိအကြား၌ ဘဝင်များစွာ မခြားအောင် ထပ်ကာထပ်ကာ ဖြစ်နိုင်ခြင်းတည်း။ ထို ဖြစ်နိုင်ခြင်းကိုပင် ရှေးဝီထိမှ ပြောင်းလွဲ၍ နောက်ဝီထိဘာ ခု ဖြစ်ခြင်းကြောင့် ပရိဝတ္တနဟု ခေါ်ရသည်။ ရှေးနိဿယ၌ ပရိဏာမ၊ ပရိဝတ္တနတို့ကို"ပြန်ခြင်း"ဟု ပေးသည်။ ထို ပြန်ခြင်းဟူသည် ထပ်ပြန်တလဲလဲ ဖြစ်ခြင်းပင်တည်း။ [ထိနမိဒ္ဓာဒိ ပဋိပက္ခဘာဝေန ကု-သလကမ္မေ အနိစ္စာဒိမနသိကာရေ စ သီဃံ သီဃံ ပရိဝတ္တနသမတ္ထတာ လဟုပရိဏာ-မတာ။–ဋီကာ။]

အဒန္ဓတာတိ တေ၊ အဒန္ဓတာဟူသော ဤ သဒ္ဒါသည်။ ဂရုဘာဝပဋိက္ခေပ ဝစနံ၊ လေးနှေးသည်၏ အဖြစ်ကို ပယ်ကြောင်းသဒ္ဒါသည်။ အဘာရိယတာ၊ ဝန်ပလေးသည်၏ အဖြစ်သည် ။ဟောတိ။ ဣတိ အတ္ထော၊ နက်။[“အဒန္ဓန တာ”ဟု စာအုပ်တို့၌ ရှိ၏။“အဒန္ဓန”ဟူသောပါဋ္ဌကို မတွေ့ဖူးပါ၊ ဒမိဓာတ်၊ အ-ပစ္စည်း၊“ဒန္ဓော”ဟု ပြီးရာ၍“နတ္ထိ ဒန္ဓော ဧတေသံတိ အဒန္ဓာ၊ အဒန္ဓာနံ ဘာဝေါ အဒန္ဓတာ”ဟု ရှိလျှင်ကောင်းသည်။] အဝိတ္ထမ္ဘနာတိ၊ ကား။မာနာဒိ ကိလေသဘာရဿ၊ မာန-အစရှိသော ကိလေသာဝန်၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အထဒ္ဓတာ၊ မခက်ထန်သည်၏အဖြစ်သည်။ ဟောတိ။[စာအုပ်တို့၌“အဝိတ္တနတာ”ဟု ရှိ၏။“ဝိတ္ထန”ဟု ပါဠိ မရှိ။ ဝိပုဗ္ဗ-ထဘိဓာတ်၊ ယု ပစ္စည်းဖြင့်“ဝိတ္ထမ္ဘန”ဟူသာ ရှိ၏။ ထိုထဘိဓာတ်နောင် တ[ပစ္စည်းသက်လျှင် “ထဒ္ဓ”ဟု ဖြစ်၏။ ထို့ကြောင့်“အဝိတ္ထမ္ဘနတာ”ဟု သံဝဏ္ဏေတဗ္ဗ၌ လည်း ကောင်း၊“အထဒ္ဓတာ”ဟု သံဝဏ္ဏနာ၌လည်းကောင်း ရှိမှသင့်မည်ထင်သည်။] ဝေါ၊ သို့လျှင်။ ပဌမေန၊ ပထမ ပုဒ်ဖြင့်။ တိဏ္ဏံ၊ ကုန်သော။ ခန္ဓာနံ၊ စေတသိက် ခန္ဓာတို့၏။ လဟုတာကာရော၊ လျင်မြန်ကုန်သည်၏အဖြစ်ဟူသော အခြင်းအရာကို။ ကထိတော၊ ဟောတော်မူအပ်ပြီ။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ ဝိညာဏ- က္ခန္ဓဿ၊ ၏။ လဟုတာကာရော ကထိတော။

မုဒုတာတိ၊ ကား။ မုဒုဘာဝေါ၊ နူးညံ့သည်၏အဖြစ်သည်။ ဟောတိ။မဒ္ဒဝ တာတိ(တွေ)၊ သိနိဒ္ဓံ၊ ပြေပြစ်သော။ မဋ္ဌံ၊ ညက်ညောသော စိတ်ကို။ မဒ္ဒဝံ၊ မဒ္ဒဝ ဟူ၍။ ဝုစ္စတိ၊ ၏။ မဒ္ဒဝဿ၊ ပြေပြစ် ညက်ညောသော စိတ်၏။ ဘာဝေါ၊ တည်း။ မဒ္ဒဝတာ၊ ရှု။[“မုဒုနော+ဘာဝေါ မဒ္ဒဝံ”ဟု ဝိဂ္ဂဟ် ပြုရသော်လည်း အထင်ရှင်း္ဘအားဖြင့် စိတ်ကို အရကောက်ရသောကြောင့်“ဝုစ္စတိ သိနိဒ္ဓံ မဋ္ဌံ”ဟု ဝုစ္စတိသဒ္ဒါဖြင့် ဆိုသည်။]အကက္ခဠတာတိ၊ ကား။ အကက္ခဠ ဘာဝေါ၊ မကြမ်းတမ်းသော စိတ်၏အဖြစ်သည်။ဟောတိ။ဣဓာပိ၊ ဤ မုဒုတာ နိဒ္ဒေသ၌လည်း။ ပုရိမနယေန၊ ဖြင့်။ တိဏ္ဏံ ခန္ဓာနံ၊ တို့၏။(မုဒုတာကာရော၊ နူးညံ့သည်၏အဖြစ်ဟူသော အခြင်းအရာကို။ ကထိတော၊ ပြီ။)ပစ္ဆိမနယေန။ ဝိညာဏက္ခန္ဓဿ၊ ၏။ မုဒုတာကာရော၊ ကိုသာ။ ကထိတော။

ကမ္မညတာတိ၊ ကား။ ကမ္မနိ၊ ကောင်းသော အမှု၌။ သာဓုတာ၊ ကောင်း သည်၏ အဖြစ်သည်။ဟောတိ။ ကုသလကိရိယာယ၊ ကုသိုလ်ကို ပြုခြင်း၌။ ဝိနိ ယောဂက္ခမတာ၊ ယှဉ်စပ်ခြင်း၌ ခံ့သည်၏အဖြစ်တည်း။ ဣတိ အတ္ထော၊နက်။ [“ကုသိုလ် အဗျာကတဆိုင်ရာ ကောင်းသောအလုပ်၌ ကောင်းမွန်ခန့်ညားသော တရား”ဟူလို။“ကမ္မနိ+သာဓု ကမ္မညံ၊ ကမ္မညဿ ဘာဝေါ ကမ္မညတာ”ဟု ပြု။]သေသပဒဒွယံ၊ကြွင်းသော ကမ္မညတ္တံ ကမ္မညဘာဝေါဟူသော ပုဒ် ၂-ပါး

အပေါင်းကို။ ဗျဉ္ဇနဝသေန၊ ဗျည်းသဒ္ဒါ ဘာဝသဒ္ဒါတို့၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဟိ၊ မှန်။ ပဒဒ္ဒယေနာပိ[၁]၊ ပုဒ် ၂-ပါး အပေါင်းဖြင့်လည်း။ပုရိမနယေန၊ဖြင့်။ တိက္ခံ။ ခန္ဓာနံ၊ တို့၏။ (ကမ္မနိယာကာရော၊ ကောင်းသော အမှု၌ ခံ့သည်၏ အဖြစ်ဟူသော အခြင်းအရာကို။ ကထိတော။) ပစ္ဆိမနယေန၊ ဖြင့်။ ဝိညာဏက္ခန္ဓဿ၊ ၏။ ကမ္မနိယာကာရောဝ၊ ကိုသာ။ ကထိတော၊ပြီ။

ပဂုဏတာတိ၊ ကား။ပဂုဏဘာဝေါ၊ ပြွမ်းတီး လေ့လာသည်၏ အဖြစ်သည်။ (ဟောတိ။) အနာတုရတာ၊ မကျင်နာသည်၏ အဖြစ်တည်း။ နိဂ္ဂိလာနတာ၊ ဂိလာန မဟုတ်သည်၏ အဖြစ်တည်း။ ဣတိ အတ္ထော၊ နက်။ [ဤ ပဂုဏတာ ပုဒ်၏ သဒ္ဒတ္ထကို သင်္ဂြိုဟ်ဘာသာဋီကာ ကာယပါဂုညတာအဖွင့်၌ ပြထားပြီ။] သေသပဒဒ္ဒယံ၊ ကြွင်းသော ပဂုဏတ္တံ ပဂုဏဘာဝေါဟူသော ပုဒ် ၂-ပါး အပေါင်းကို။ ဗျဉ္ဇနဝသေန၊ ဗျည်းသဒ္ဒါ ဘာဝသဒ္ဒါတို့၏ အစွမ်းဖြင့်။ ဝုတ္တံ။ ဣဓာပိ၊ ဤ ပါဂုညတာ နိဒ္ဒေသ၌လည်း။ ပုရိမနယေန တိက္ခံ ခန္ဓာနံ (နိဂ္ဂိလာနာကာရော၊ မကျင်နာကုန်သည်၏ အဖြစ်ဟူသော အခြင်းအရာကို။ ကထိတော။) ပစ္ဆိမနယေန ဝိညာဏက္ခန္ဓဿ။ နိဂ္ဂိလာနာကာရောဝ၊ ကိုသာ။ ကထိတော။

ဥဇုကတာတိ၊ ကား။ ဥဇုကဘာဝေါ၊ ဖြောင့်မတ်သည်၏ အဖြစ်သည်။ (ဟောတိ။)ဥဇုကေန၊ သော။ အာကာရေန၊ အခြင်းအရာအားဖြင့်။ ပဝတ္တနတာ၊ ဖြစ်သည်၏အဖြစ်တည်း။ ဣတိ အတ္ထော၊ နက်။ ဥဇုကဿ၊ သော။ ခန္ဓတ္တယဿ၊ ခန္ဓာသုံးပါးအပေါင်း၏ လည်းကောင်း။ ဝိညာဏက္ခန္ဓဿ၊ ၏ လည်းကောင်း။ ဘာဝေါ၊ တည်း။ ဥဇုကတာ၊ ဖြောင့်မတ်သောတရား၏ဖြစ်ကြောင်းဖြစ်ရာ။ အဇိမှတာတိ၊ အဇိမှတာဟူသော သဒ္ဒါသည်။ဂေါမုတ္တဝင်္ကဘာဝပဋိက္ခေပေါ၊ နွားကျင်ကောက်ကဲ့သို့ ကောက်သည်၏အဖြစ်ကို ပယ်ရှားကြောင်းသဒ္ဒါတည်း။အဝင်္ကတာတိ၊ဟူသောသဒ္ဒါသည်။စန္ဒလေခါ ဝင်္ကဘာဝ ပဋိက္ခေပေါ၊ လဆုတ်ကောက်ကဲ့သို့ ကောက်သည်၏အဖြစ်ကို။ပ။သဒ္ဒါတည်း။ အကုဋိလတာတိ၊ ဟူသောသဒ္ဒါသည်။ နင်္ဂလကောဋိ ဝင်္ကဘာဝ ပဋိက္ခေပေါ၊

၁။ ပဒဒ္ဒယေနပိ ဟိ။ ။''ဟိ''ဟု ဒဠှီဇောတကဖြင့် တက်လာသော်လည်း ရှေ့စကားကိုထောက်ခံသော အခြင်းအရာကို မတွေ့ရ။ပါဌ်ရှိအတိုင်းသာဆိုလျှင် ပဒဒ္ဒယေန ပုရိမနယေန ၂-ပုဒ်လုံးပင် ကထိတော၌ စပ်ရမည်ဖြစ်၍ ကထိတောအတွက် ကရိယာ ၂-ခုရှိခြင်းမှာ မကောင်း။ ရှေး၌''ဖဝံ ပဌမပဒေန''ဟု လည်းကောင်း၊ဣမာပိ ပုရိမနယေ န''ဟု လည်းကောင်း။ကရိယာတမျိုးစီသာ ရှိခဲ့၏။ ထို့ကြောင့် စာကျနေဟန်တူသည်။ ဤသို့ရှိလျှင် ကောင်း၏။ ''ပဒဒ္ဒယေနပိ ဟိ ကုသလကိရိယာယ ဝိနိယောဂက္ခမတာယေဝ ဝုတ္တာ'' ဟု ဒဠှီဝါကျ ရှိစေ၍ ''ဣမာပိ ပုရိမနယေန'' စသည်ဖြင့် ရှိသင့်မည် ထင်သည်။

ထယ်တုံး၏ အဖျားကောက်ခြင်းကဲ့သို့ ကောက်သည်၏အဖြစ်ကို ပယ်ရှားကြောင်း သဒ္ဒါတည်း။

ဟိ၊ ခဲ့။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ပါပံ၊ မကောင်းမှုကို။ ကတွာ၀၊ ပြုပြီး၍သာ။ န ကရောမိ၊ မပြုပါ။ ဣတိ၊ သို့။ ဘာသတိ၊ လိမ်၍ပြော၏။ ယော၊ ထို ပုဂ္ဂိုလ်သည်။ ဂန္တွာ၊ သွား၍။ ပစ္စောသက္ကနတာယ[1]၊ တဖန် ဆုတ်နစ်တတ်သည်၏ အဖြစ်ကြောင့်။ ဂေါမုတ္တ၀င်္ကော နာမ၊ နွားကျင်ကောက်ကဲ့သို့ ကောက်သူမည်သည်။ ဟောတိ။ ယော ပါပံ။ ကရောန္တော၀၊ ပြုလျက်သာ။ (အပြုသားနှင့်ပင်။) [2]အဟံ၊ သည်။ (ငါဖြင့်။) ပါပသ္မာ၊ မှ။ ဘာယာမိ၊ ကြောက်ပါ၏။ ဣတိ။ ဘာသတိ၊ ညာ၍ပြော၏။ သော၊ သည်။ ယေဘုယျေန၊ အားဖြင့်။ ကုဋိလတာယ၊ ကောက်သည်၏ အဖြစ်ကြောင့်။ စန္ဒလေခါ၀င်္ကော နာမ၊ လရေးကောက်ကဲ့သို့ ကောက်သူမည်သည်။ ဟောတိ။ ယော ပါပံ။ ကရောန္တော၀၊ ပြုလျက်သာ။ [3]ကော၊ အဘယ်သူသည်။ ပါပသ္မာ၊ မှ။ န ဘာယေယျ၊ မကြောက်ပဲ ရှိပါအံ့နည်း။ ဣတိ။ ဘာသတိ၊ ပရိယာယ်ဖြင့်

၁။ **ဂန္တွာ ပစ္စောသက္ကနတာယ။** ။ပါပံ ကတွာ-အရ မကောင်းမှုကိုပြုခြင်းကို ရည်ရွယ်၍"ဂန္တွာ"ဟုဆိုသည်။န ကရောမီတိ ဘာသတိ-အရ မပြုပါဟု မိမိအမှုကို ဖုံးခြင်းကို "ပစ္စောသက္ကန-တဖန် ပြန်၍ ဆုတ်ခြင်း"ဟု ဆိုသည်။ပြုလျက်သားနှင့် မပြုဟု ဖုံးခြင်းသည် မာယာသဘောတည်း။ ထို့ကြောင့် "ပစ္စောသက္ကနဘာဝေန ပဝတ္တံ အကုသလမေဝ ပစ္စောသက္ကနံ" ဟု ဋီကာ၌လည်းကောင်း။ "ပစ္စောသက္ကနံ မာယာ" ဟု အနုဋီကာ၌ လည်းကောင်း မိန့်သည်။ ထိုကဲ့သို့ ဂန္တွာ ပစ္စောသက္ကန အမှုသည် နွားကျင်ကောက်နှင့်တူ၏။ နွားတို့သည် သွားယင်း ကျင်ငယ်စွန့်သောအခါ ဝဲဘက်ကခြေ မြောက်လျှင် ဝဲဘက်သို့ ကျင်ငယ်ကြောင်း ကောက်သွား၏၊ တဖန် ယာဘက်ခြေ မြောက်ပြန်သော် ယာဘက်သို့ ကျင်ငယ်ကြောင်း ပြန်လာပြန်၏။ ဤနည်းအားဖြင့် တလမ်းလုံး ကောက်ချည်း နေသောကြောင့် ထို ဂန္တွာ ပစ္စောသက္ကန ပြုသူကို "ဂေါမုတ္တ၀က်နှင့် တူသူ" ဟု ဆိုသည်။ [၃-ဒွါရလုံး မစင်ကြယ်သူလည်း အကောက်တွေ များလှသောကြောင့် "ဂေါမုတ္တ၀က်နှင့် တူ၏" ဟု နောက်တနည်း ပြသည်။]

၂။ **ဘာယာမဟံ ပါပသ္မာ။** ။မကောင်းမှုကို ပြုလျက်သားနဲ့ "ဒို့များတော့ မကောင်းမှုမှ ကြောက်ပါ၏" ဟု ပြောဆိုသူသည် ဂန္တွာ ပစ္စောသက္ကနလောက် မကောက်သောကြောင့် "သုံးရက်လအရေး၏ ခပ်ကွေးကွေး ကောက်ခြင်းနှင့် တူ၏" ဟု ဆိုသည်။ [၃-ဒွါရတို့တွင် ဒွါရ ၂-ပါး မစင်ကြယ်သူသည်လည်း လ-အရေးဝယ် အစ ၂-ဘက်က ကောက်နေသည်နှင့် တူသောကြောင့် "စန္ဒလေခါ၀က်" ဟု နောက်တနည်း ပြသည်။]

၃။ **ကော ပါပသ္မာ န ဘာယေယျ။** ။မကောင်းမှုကို ပြုလျက်ပင် "ဘယ်သူသည် မကောင်းမှုမှ မကြောက်ပဲ ရှိပါမည်လဲ" ဟု ပြောသူကား သူမပြုဟု ဖုံးရာမရောက်၊ မလွဲသာ၍ ပြုမိသည်ဟု ဝန်ခံရာရောက်၏။ ထို့ကြောင့် အလွန်အမင်း မကောက်ရကား

ပြော၏။ သော၊ ထိုသူသည်။ နာတိ ကုဋ္ဌိလတာယ၊ အလွန် မကောက်သည်၏ အဖြစ်ကြောင့်။ ဝါ၊ မကောက်လွန်းသည်၏အဖြစ်ကြောင့်။ နင်္ဂလကောဋိ-ဝင်္ကော နာမ၊ ထယ်တုံး၏ အဖျားကောက်ခြင်းကဲ့သို့ ကောက်သူမည်သည်။ ဟောတိ။ ဝါ၊ တနည်း။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ တိဏ္ဏိ၊ ကုန်သော။ ကမ္မ-ဒွါရာနိ၊ ကံ၏ ဖြစ်ကြောင်း ဒွါရတို့သည်။ အသုဒ္ဓါနိ၊ မစင်ကြယ်ကုန်။ သော၊ သည်။ ဂေါမုတ္တ ဝင်္ကော နာမ ဟောတိ။ ယဿ၊ ၏။ ယာနိ ကာနိစိ၊ အမှတ်မထား တပါးပါးကုန်သော။ ဒွေ၊ ကုန်သော။ (ကမ္မဒွါရာနိ အသုဒ္ဓါနိ။) သော၊ သည်။ စန္ဒလေခါ ဝင်္ကော နာမ ဟောတိ။ ယဿ၊ ၏။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ဧကံ၊ တပါးသောကမ္မဒွါရသည်။ (အသုဒ္ဓံ၊ မစင်ကြယ်။) သော၊ သည်။ နင်္ဂလကောဋိဝင်္ကော နာမ ဟောတိ။

ပန၊ ဝါဒန္တရကား။ ဒီဃဘာဏကာ၊ ဒီဃနိကာယ်ကို ရွတ်အံကြကုန်သော ထေရ်တို့သည်။ (ဒီဃနိကာယ်ဆောင် ထေရ်တို့သည်။) အာဟု၊ ကုန်ပြီ။ (ကိံ။) ကေစ္စော၊ အချို့သော။ ဘိက္ခု၊ သည်။ သဗ္ဗဝယေ၊ အလုံးစုံသော အရွယ် ၃-ပါး၌။ ဧကဝီသတိယာ၊ သော။ အနေသနာသု၊ မသင့်သော ရှာမှီးခြင်း တို့၌လည်းကောင်း။ ဆသု၊ ကုန်သော။ အဂေါစရေသု စ၊ ကျက်စားရာ မဟုတ်သော အရပ်တို့၌ လည်းကောင်း။ စရတိ၊ လှည့်လည်၏။ အယံ (ဘိက္ခု)၊ ဤရဟန်းသည်။ ဂေါမုတ္တဝင်္ကော နာမ ဟောတိ။ ဧကော၊ အချို့သော။ (ဘိက္ခု၊ သည်။) ပဌမဝယေ၊ ၌။ စတုပါရိသုဒ္ဓိသီလံ၊ ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ဝါ၊ ဖြည့်ကျင့်၏။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်ခြင်းရှိသည်။ ကုက္ကုစ္စကော၊ အပ်လေသလော မအပ်သလော ဟု တွေးတော စဉ်းစား တတ်သော ကုက္ကုစ္စရှိသည်။ သိက္ခာကာမော၊ သိက္ခာသုံးပါးကို လိုလားသည်။ ဟောတိ။ မဇ္ဈိမဝယ ပစ္ဆိမဝယေသု၊ တို့၌။ ပုရိမသဒိသော၊ ရှေး၌ဖြစ်သော ဂေါမုတ္တဝင်္ကပုဂ္ဂိုလ်နှင့် တူသည်။ ဟောတိ။ အယံ (ဘိက္ခု)၊ သည်။ စန္ဒလေခါဝင်္ကော နာမ ဟောတိ။

ဧကော၊ သော။ (ဘိက္ခု။) ပဌမဝယေ၊ ၌လည်းကောင်း။ မဇ္ဈိမဝယေပိ၊ ၌လည်းကောင်း။စတုပါရိသုဒ္ဓိသီလံ ပူရေတိ၊ လဇ္ဇီ။ပ။သိက္ခာကာမော ဟောတိ။ ပစ္ဆိမဝယေ၊ ၌။ ပုရိမသဒိသော၊ ရှေး၌ ဖြစ်သော ဂေါမုတ္တဝင်္က ပုဂ္ဂိုလ် နှင့်တူသည်။ ဟောတိ၊ အယံ (ဘိက္ခု)၊ နင်္ဂလကောဋိ ဝင်္ကော နာမ ဟောတိ။

ထယ်တုံး၏ လက်ကိုင်ရာ အဖျားတဘက်၌သာ ကောက်ခြင်းနှင့်တူသည်။ [၃-ဒွါရတို့တွင် ဒွါရတခုခုသာ မစင်ကြယ်သူသည် ထို "နင်္ဂလကောဋိဝင်္ကနှင့်တူ၏" ဟု နောက်တနည်း ပြသည်။ ဒီဃဘာဏက ပုဂ္ဂိုလ်တို့၏ အယူဝါဒကား ထင်ရှားပြီ။]

ကိလေသဝသေန၊ ကိလေသာတို့၏ အစွမ်းဖြင့်။ ဧဝံ၊ သို့။ ဝဏ်သော၊ ကောက်သော။ တဿ ပုဂ္ဂလဿ၊ ၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာကို။ ဇိမှတာ ဝဏ်တာ ကုဋိလတာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တာသံ၊ ထို ဇိမှတာ ဝဏ်တာ ကုဋိလတာတို့၏။ပဋိပက္ခဝသေန၊ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်။အဇိမှတာဒိကာ၊ အဇိမှတာ အစရှိသည်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ ခန္ဓာဓိဋ္ဌာနာဝ၊ ခန္ဓာဟူသော တည်ရာရှိသည်သာလျှင် ဖြစ်သော။ ဒေသနာ၊ ' ဒေသနာတော်ကို။ ကတာ၊ ပြုတော်မူအပ်ပြီ။ [ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဟူ၍လည်းကောင်း၊ ဝိညာဏက္ခန္ဓော ဟူ၍လည်းကောင်း ခန္ဓာကို တည်ရာပြု၍ ဟောတော်မူအပ်သည်-ဟူလို။] ဟိ၊ မှန်။ (တနည်း-ကသ္မာ၊ ကြောင့်။ ခန္ဓာ-ဓိဋ္ဌာနာဝ ဒေသနာ။ ကတာ၊ နည်း။) ဟိ (ယသ္မာ)၊ ကြောင့်။ ဧတာ၊ ဤ အဇိမှတာ အစရှိသည်တို့သည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ အဇိမှတာဒိကာ၊ အဇိမှတာ အစရှိသည်တို့တည်း။ ပုဂ္ဂလဿ၊ ၏။ (အဇိမှတာဒိကာ၊ တို့သည်။) နော၊ မဟုတ်ကုန်။ ဣတိ၊ ကြောင့်။(ခန္ဓာဓိဋ္ဌာနာဝ ဒေသနာ။ ကတာ၊ ပြီ။)

ဧဝံ၊ သို့လျှင်။ သဗ္ဗေဟိပိ၊ ကုန်သော။ ဣမေဟိ ပဒေဟိ၊ ဤ ကာယုဇု-ကတာ အစရှိသော ပုဒ်တို့ဖြင့်။ ပုရိမနယေန၊ ဖြင့်။ တိဏ္ဏံ ခန္ဓာနံ၊ တို့၏။ (ဥဇုတာကာရောဝ၊ ဖြောင့်မတ်ကုန်သည်၏ အဖြစ်ဟူသော အခြင်းအရာကိုသာ။ (ကထိတော။) ပစ္ဆိမနယေန၊ ဝိညာဏက္ခန္ဓဿ၊ ၏။ (ဥဇုတာကာရောဝ၊ ဖြောင့်မတ်သည်၏ အဖြစ်ဟူသော အခြင်းအရာကိုသာ။ ကထိတော၊ ဣတိ၊ သို့။ အရူပီနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ နိက္ကိလေသတာယ၊ ကိလေသာ မရှိကုန်သည်၏အဖြစ်ကြောင့်။ ဥဇုတာကာရောဝ ကထိတော၊ ဣတိ ဝေဒိ-တဗ္ဗော။ [ဣမေဟိ ပဒေဟိကို ကထိတော၌ တိုက်ရိုက်စပ်၊ ပုရိမနယေနကို "တိဏ္ဏံ ခန္ဓာနံ ။ပ။ ဝိညာဏက္ခန္ဓဿ ဥဇုတာကာရောဝ ကထိတော" ဟူသော ထည့်ပါဌ်၌စပ်။ ထို့ကြောင့် ကရိုဏ်း ၂-ရပ် ယှဉ်ကပ်၍နေသည်။]

ဣဒါနိ၊ ၌။ ယေဝါပနာတိ၊ ဟူသော။ ယွာယံ (ယော+အယံ) အပ္ပနာ-ဝါရော၊ အကြင် အပ္ပနာဝါရကို။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ တေန၊ ထို အပ္ပနာဝါရဖြင့်။ ဓမ္မုဒ္ဒေသဝါရေ၊ ဓမ္မုဒ္ဒေသဝါရ၌။ ဒဿိတာနံ၊ ပြတော်မူ အပ်ပြီးကုန်သော။ ယေဝါပနကာနံ ယေဝ၊ ယေဝါပနက တရားတို့၏ပင်။ သင်္ခေပတော၊ အကျဉ်းချုပ်အားဖြင့်။ နိဒ္ဒေသော၊ အကျယ်ညွှန်ပြကြောင်း စကားရပ်သည်။ ဝါ၊ ကို။ ကထိတော၊ ဟောတော်မူအပ်သည်။ ဟောတိ။ ဣတိ၊ နိဒ္ဒေသဝါရအဖွင့် အပြီးတည်း။- နိဒ္ဒေသဝါရကထာ နိဋ္ဌိတာ။

[နိဂုံးကိုပြလို၍ ဧတ္တာဝတာ စသည်မိန့်။] ဧတ္တာဝတာ၊ ဤမျှ အတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့်။ ပုစ္ဆာ၊ ပုစ္ဆာလည်းကောင်း။ သမယနိဒ္ဒေ- သော၊ လည်းကောင်း။ ဓမ္မုဒ္ဒေသော၊ လည်းကောင်း။ အပ္ပနာ၊ အပ္ပနာ လည်းကောင်း။ ဣတိ၊ သို့။ ဥဒ္ဒေသဝါရေ၊ ဥဒ္ဒေသဝါရ၌။ စတူဟိ၊ ကုန် သော။ ပရိစ္ဆေဒေဟိ၊ အပိုင်းအခြားတို့ လည်းကောင်း။ (ဣတိ-၌ စပ်။) ပုစ္ဆာ၊ လည်းကောင်း။ သမယနိဒ္ဒေသော၊ လည်းကောင်း။ ဓမ္မနိဒ္ဒေသော၊ လည်းကောင်း။ [ဓမ္မုဒ္ဒေသောဟု မှားနေတတ်သည်။] အပ္ပနာ၊ လည်းကောင်း။ ဣတိ၊ သို့။ နိဒ္ဒေသဝါရေ၊ ၌။ စတူဟိ ပရိစ္ဆေဒေဟိ၊ တို့လည်းကောင်း။ ဣတိ၊ သို့။ အဋ္ဌ ပရိစ္ဆေဒ ပဋိမဏ္ဍိတော၊ ရှစ်ပါးသော ပရိစ္ဆေဒတို့ဖြင့် တန်ဆာဆင်အပ်သော။ [“အဋ္ဌဟိ ပရိစ္ဆေဒေဟိ ပဋိမဏ္ဍိတော” ဟု ရှိလျှင် ကောင်း၏။] ဓမ္မဝဝတ္ထာနဝါရော၊ ဓမ္မဝဝတ္ထာန ဝါရသည်။ (ဖဿ တခြား၊ ဝေဒနာ တခြား ဤသို့ စသောအားဖြင့် ဓမ္မတို့ကို တပါးစီ သီးသန့်ခွဲခြား၍ တည်စေရာ ဝါရသည်။) နိဋ္ဌိတော၊ ပြီးတော့သည်သာလျှင်။ ဟောတိ။

ဓမ္မဝဝတ္ထာနဝါရ ပြီး၏။

သင်္ဂဟဝါရ အဖွင့်

ဣဒါနိ၊ ဓမ္မဝဝတ္ထာနဝါရကို ပြပြီးရာ ယခုအခါ၌။ တသ္မိံ ခေါ ပန သမယေ စတ္တာရော ခန္ဓာ ဟောန္တိတိ၊ အစရှိသော။ သင်္ဂဟဝါရော[၁]၊ သင်္ဂဟဝါရကို။ (ဘဂဝတာ) အာရဒ္ဓေါ၊ အားထုတ်တော်မူအပ်ပြီ။ ["ဣဒါနိ" ပါသောကြောင့် "အားထုတ်တော်မူအပ်၏"ဟု ပစ္စုပ္ပန်အနက် ပေးကြ၏။] သော၊ ထို သင်္ဂဟဝါရသည်။ ဥဒ္ဒေသနိဒ္ဒေသပဋိနိဒ္ဒေသာနံ၊ တို့၏။ ဝသေန၊ အပြားအားဖြင့်။ (ဝသ-သဒ္ဒါ ဘေဒ-အနက်ဟော။) တိဝိဓော၊ သည်။ ဟောတိ။ တတ္ထ၊ ထို ၃-ပါးတို့တွင်။ တသ္မိံ ခေါ ပန သမယေ စတ္တာရော ခန္ဓာတိ ဧဝမာဒိကော၊ တသ္မိံ။ပ။ခန္ဓာ၊ ဤသို့ အစရှိသော စကားရပ်သည်။ ဥဒ္ဒေသော၊ အကျဉ်းချုပ် ညွှန်ပြကြောင်း စကားရပ်တည်း။ ကတမေ တသ္မိံ သမယေ စတ္တာရော ခန္ဓာတိ အာဒိကော၊ အစရှိသော စကားရပ်သည်။ နိဒ္ဒေ-သော၊ အကျယ်ညွှန်ပြကြောင်း စကားရပ်တည်း။ ကတမော တသ္မိံ သမယေ ဝေဒနာက္ခန္ဓောတိ အာဒိကော၊ အစရှိသော စကားရပ်သည်။ ပဋိနိဒ္ဒေသော၊ တဖန် အကျယ်ညွှန်ပြကြောင်း စကားရပ်တည်း။ ဣတိ ဝေဒိတဗ္ဗော။

တတ္ထ၊ ထို သုံးပါးသော ဝါရတို့တွင်။ ဥဒ္ဒေသဝါရေ၊ ၌။ စတ္တာရော ခန္ဓာတိ အာဒယော၊ အစရှိကုန်သော။ တေဝီသတိ၊ ၂၃-ပါးသော။ ကော-ဋ္ဌာသာ၊ အစုတို့သည်။ ဟောန္တိ။ [စတ္တာရော ခန္ဓာ တစု၊ ဒွေ အာယတနာနိ တစု-ဤသို့အားဖြင့် "ဧကော ဓမ္မဓာတု"တိုင်အောင် ၂၃-စုကို ပါဠိတော် ကြည့်၍ သိပါ။] တေသံ၊ ထို ၂၃-ပါးသော အစုတို့၏။ ဧဝံ၊ ဤဆိုအပ်

၁။ သင်္ဂဟဝါရော။ ။"ကတမေ ဓမ္မာ ကုသလာ" စသော ပဒဘာဇနီကို စ၍ဖွင့်ရာ၌ နိဒ္ဒေသဝယ် "ဓမ္မဝဝတ္ထာနဝါရ၊ သင်္ဂဟဝါရ၊ သုညတဝါရ"ဟု ဝါရကြီး ၃-ပါးရှိ၏ဟု ဆိုခဲ့၏။ ထိုတွင် ဓမ္မဝဝတ္ထာနဝါရကို ဖွင့်ပြပြီး၍ သင်္ဂဟဝါရကို ဖွင့်ပြလိုသောကြောင့် "ဣဒါနိ။ပ။သင်္ဂဟဝါရော အာရဒ္ဓေါ"ဟု မိန့်သည်။ သင်္ဂဟ=သံ+ဂဟ၊ သံသည် သမ္ပိဏ္ဍနအနက်ဟော။ သံဒိပိတ္တာ+ဂဟဏံ သင်္ဂဟော။ (တနည်း) သံသည် သဟ အနက်ဟော။ သဟ+ဂဟဏံ သင်္ဂဟော၊ ဓမ္မဝဝတ္ထာနဝါရ၌ ပြအပ်ခဲ့သော ဖဿ၊ ဝေဒနာ-စသော တရားတို့ကို ခန္ဓာ ၄-ပါး၊ အာယတန ၂-ပါး၊ ဓာတ် ၂-ပါး စသည်ဖြင့် ပြခြင်းသည် ၅၁-ကျော် (၆၅) တရားတို့ကို ၄-ပါး ၂-ပါး စသည်ဖြင့် အကျဉ်းချုပ်၍ ယူခြင်းဖြစ်သောကြောင့် သင်္ဂဟမည်၏။ (တနည်း) ၅၀-ကျော် (၆၅) တရားတို့ကိုပင် ခန္ဓာ ၄-ပါး အာယတန ၂-ပါး စသည်ဖြင့် အတူ တကွပေါင်း၍ ယူခြင်းဖြစ်သောကြောင့် သင်္ဂဟမည်၏၊ သင်္ဂဟဿ၊ အကျဉ်းချုပ်ယူခြင်း၏။ ဝါ၊ အတူတကွ ပေါင်း၍ယူခြင်း၏။ ဝါရော၊ အလှည့်အကြိမ်ဖြစ်သော စကား ရပ်တည်း။ သင်္ဂဟဝါရော၊ ရပ်။

လတ္တံ့သော နည်းဖြင့်။အဒ္ဓာ ဝေဒိတဗ္ဗာ၊ယသ္မိံသမယေ၊ ၌။ကာမာဝစရံ၊ သော။ ပဌမံ၊သော။ မဟာကုသလစိတ္တံ၊မဟာကုသိုလ်စိတ်သည်။ဥပ္ပန္နံ ဟောတိ၊ ၏။ တသ္မိံသမယေ၊ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၏ ဖြစ်ရာ ထိုအခါ၌။ စိတ္တင်္ဂဝသေန၊ စိတ်၏ အင်္ဂါ၏အစွမ်းဖြင့်၊ ဥပ္ပန္နာ၊ကုန်သော။ ယေဝါပနကေ၊ ယေဝါပနကတရားတို့ကို။ ထပေတွာ၊ ချန်ထား၍။ ပါဠိအာရုဠှာ၊ပါဠိ၌ တက်ရောက်ကုန်သော။ယေ အတိရေကပဏ္ဏာသဓမ္မာ၊ အကြင် ၅၀-ကျော်တရားတို့သည်။ (သန္တိ)။["ထပေတွာ ယေဝါပနကေ"ဟူသောစကားကို ဋီကာဆရာ မနှစ်သက်၍ ဋီကာ၌ အဋ္ဌကထာ၏ အလိုကိုရှေးဦးစွာပြပြီးလျှင် မိမိ၏အလိုကို နောက်၌ပြထားသည်။ဋီကာ၌ ရှုပါ။]သဗ္ဗေပိ၊ကုန်သော။တေ၊ ထို ၅၀-ကျော် တရားတို့သည်။ ဝါ၊ တို့ကို။ သင်္ဂယှမာနာ၊သိမ်းယူအပ်ကုန်လတ်သော်။ရာသ-ဋ္ဌေန၊အစုဟူသော အနက်အားဖြင့်။ စတ္တာရောဝ၊ ၄-ပါးသာလျှင် ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ ဟောန္တိ၊ [ရှေးနိဿယ၌ "ရာသဋ္ဌေန၊ ကြောင့်"ဟု ပေး၏။ဤ၌ကား"ခန္ဓာအားဖြင့် ၄-ပါး,အာယတနအားဖြင့် ၂-ပါး"စသော စကားကိုထောက်၍"အားဖြင့်"ဟု ကြိယာဝိသေသန ပေးလိုက်ပါသည်။]

ဟေဋ္ဌာ၊ ၌။ ဝုတ္တေန၊ ဆိုအပ်ပြီးသော။ (မနာယတန အဖွင့်၌ "တဋ္ဌ-နိဝါသဋ္ဌေန"စသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော။) အာယတနဋ္ဌေန၊ အာယတန၏ အနက်အားဖြင့်။ ဒွေဝ၊ ၂-ပါးသာလျှင် ဖြစ်ကုန်သော။ အာယတနာနိ၊ တို့သည်။ ဟောန္တိ၊ သဘာဝဋ္ဌေန၊ သဘောဟူသောအနက်အားဖြင့် လည်းကောင်း။ သုညတဋ္ဌေန၊ အတ္တ ဇီဝမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော အနက် အားဖြင့်လည်းကောင်း။ နိဿတ္တဋ္ဌေန၊ သတ္တ မဟုတ်သည်၏ အဖြစ် ဟူသော အနက်အားဖြင့်လည်းကောင်း။ ဒွေဝ ဓာတုယော ဟောန္တိ။ ပစ္စယသင်္ခါတေန[1]၊ အာဟာရပစ္စည်းဟု ဆိုအပ်သော။ အာဟာရဋ္ဌေန၊ အာ

[1] ပစ္စယသင်္ခါတေန။ ။"အာဟာရဋ္ဌေန"အရ အာဟာရပစ္စည်းကို ယူစေလို၍ "ပစ္စယသင်္ခါတေန"ဟု ဝိသေသနပြုသည်။ [ပစ္စယသင်္ခါတေနာတိ အာဟာရပစ္စယ-သင်္ခါတေနာတိ ဝုတ္တံ ဟောတိ။-ဋီကာ။] ဤသို့ ဝိသေသနပြုသဖြင့် အာဟာရသဒ္ဒါ၏ အကြောင်းသာမညအနက် အစာအာဟာရအနက် စသည်ကို တားမြစ်၏။ မဓုဋီကာ "အာဟာရပစ္စယသင်္ခါတေနာတိ န သဟဇာတာဒိဝသေန"ဟု သဟဇာတ စသော ပစ္စည်းများကို တားမြစ်သည်-ဟု ဖွင့်၏။ စဉ်းစားပါ။

တနည်း။ ။ဇနကသတ္တိဖြင့် ဖြစ်စေတတ်သော ဇနကအကြောင်း၊ ဥပတ္ထမ္ဘက သတ္တိဖြင့် ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းဟု အကြောင်း ၂-မျိုးရှိသည် တွင် ဇနကအကြောင်းကို ဟေတု၊ ဥပတ္ထမ္ဘကအကြောင်းကို ပစ္စယဟု ခေါ်၏။ ထို့ကြောင့် "အာဟာရဋ္ဌ"အရ ဇနကအကြောင်းမဟုတ်၊ဥပတ္ထမ္ဘကအကြောင် ဟု သိစေ လို၍ "ပစ္စယသင်္ခါတေန"ဟု ဝိသေသနပြုသည်။-ဋီကာ ဒုတိယနည်း။

ဟာရ အနက်အားဖြင့်။ (တနည်း, ပစ္စယ သခါတေန၊ အာကပ်ပံ့တတ်သောအကြောင်းဟု ဆိုအပ်သော။ အာဟာရဋ္ဌေန၊ အားဖြင့်။) ဧတ္ထ၊ ဤ ၅၀-ကျော်တရားတို့တွင်။ တယောဝ၊ ၃-ပါးသာလျှင် ဖြစ်ကုန်သော။ (ဖဿ စေတနာ ဝိညာဉ်ဟူကုန်သော။) ဓမ္မာ၊ တို့သည်။ အာဟာရာ၊ အာဟာရ တို့သည်။ ဟောန္တိ။ အဝသေသာ၊ဖဿ စေတနာဝိညာဉ်တို့မှ ကြွင်းသောတရားတို့သည်။ နော အာဟာရာ၊ အာဟာရ မဟုတ်ကုန်သည်။ ဟောန္တိ။ [ရှေးနိဿယ၌"အဝသေသာ"အရ ဖဿ စေတနာ ဝိညာဉ်မှတပါး ပါဠိတော်၌လာသော ကျန် ၅၃-ပါးကို ယူလေ၏။ သို့သော်-ဝိညာဏ က"စိတ္တံ၊ မနိန္ဒြိယံ" ဟူသော နာမည်ဖြင့် ၂-ဌာန ပါသောကြောင့် အဝသေသာ အရ ၅၂-ပါးသာ ရနိုင်ပါသည်။]

ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ဧတေ၊ ဤ ဖဿ စေတနာ ဝိညာဉ်တရားတို့သည်။အညမညံ ဝါ၊ အချင်းချင်း၏လည်းကောင်း။ တံ သမုဋ္ဌာနရူပဿ ဝါ၊ ထို တရားတို့ကြောင့်ဖြစ်သော ရုပ်၏လည်းကောင်း။ ပစ္စယာ၊ အကြောင်းတို့သည်။ န ဟောန္တိ ကိံ၊ မဖြစ်ကုန်သလော။ ဣတိ၊ ဤကား အမေးတည်း။(ဧတေ၊ ဤ ဖဿ စေတနာ ဝိညာဉ်တရားတို့သည်။ အညမညံ ဝါ၊ ၏လည်းကောင်း။ တံသမုဋ္ဌာနရူပဿ ဝါ၊၏လည်းကောင်း။ ပစ္စယာ၊ တို့သည်။)န ဟောန္တိ၊ မဖြစ်ကုန်သည်ကား။ နော၊ မဟုတ်ကုန်။ (ဟောန္တိ ဧဝ။) ပန၊ ထိုသို့ ဖြစ်ပါကုန်သော်လည်း။ ဣမေ၊ ဤ ဖဿ စေတနာ ဝိညာဉ်တရားတို့ကို။(ဝုတ္တာ-၌ စပ်။) ဝါ၊ တို့သည်။ (ဟောန္တိ-၌ စပ်။) [1]တထာ စ၊ ထို ဝေဒနာ သညာ စသည်တို့ ကျေးဇူးပြုတိုင်းသော သဟဇာတ-စသော အခြင်းအရာအားဖြင့်လည်း။ ဟောန္တိ။ အညထာ စ၊ တပါးသော အခြင်းအရာအားဖြင့်လည်း။ (ဝေဒနာ သညာ-စသည်တို့ ကျေးဇူးပြုပုံမှတပါး အာဟာရသတ္တိဖြင့် ကျေးဇူးပြုခြင်းဟူသော အခြင်းအရာအားဖြင့်လည်း။) ဟောန္တိ။ ဣတိ၊ ကြောင့်။ ပစ္စယတ္တေ၊ အကြောင်းတို့၏ အဖြစ်သည်။ သမာနေပိ၊ တူပါသော်လည်း။အတိရေကပစ္စယာ၊ လွန်ကဲသော အကြောင်းတို့သည်။(ဝါ၊ အပိုအလွန် ကျေးဇူးပြုတတ်ကုန်သည်။) ဟောန္တိ။ တသ္မာ၊ ကြောင့်။ အာဟာရာတိ၊ တို့ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

---

[1]။ **တထာ စ အညထာ စ**။ ။တထာဖြင့် စေဒနာဝါကျ၌ပါသော အညမညံ တံသမုဋ္ဌာနရူပဿကို ညွှန်း၏။ထို့ကြောင့် သဟဇာတ အညမည-စသော သဟဇာတမျိုးဖြင့် ကျေးဇူးပြုမှုကို"တထာ စ ဟောန္တိ"ဟု ဆိုသည်။ ထို သဟဇာတမျိုးမှ တပါး ဓဿာဒ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုမှုကို "အညထာ စ ဟောန္တိ"ဟု ဆိုသည်။

ကထံ၊ အဘယ်သို့။ (အတိရေကပစ္စယာ။ ဟောန္တိ၊ နည်း။) ဟိ၊ ချဲ့။ ဧတေသု၊ ဤ သုံးပါးတို့တွင်။ ဖဿာဟာရော၊ သည်။ အ၀သေသာ၊ဖဿ စေတနာ ၀ိညာဉ်တို့မှ ကြွင်းကုန်သော။ စိတ္တစေတသိကာ၊ တို့သည်။ ယေသံ ဓမ္မာနံ၊ အကြင်တရားတို့အား။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ (သဟ ဇာတ-စသော သတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်သည်။) ဟောန္တိ။ တေသဥ္စ၊ ထို တရားတို့အားလည်း။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ။ ¹တိဿော၊ ကုန်သော။ ဝေဒနာ၊ တို့ကိုလည်း။ အာဟရတိ၊ အပိုအလွန်ဆောင် တတ်သေး၏။ [ထို့ကြောင့် "အတိရေကပစ္စယာ" ဟု ဆိုသည်။] မနောသဥ္စေ- တနာဟာရော၊ သည်။ တေသဥ္စ၊ ထို တရားတို့အားလည်း။ (ကြွင်းသော စိတ် စေတသိက်တို့ ကျေးဇူးပြုရာ တရားတို့အားလည်း။) ပစ္စယော ဟောတိ။ တယော၊ ကုန်သော။ ဘဝေ၊ ဘ၀တို့ကိုလည်း။ အာဟရတိ။ ၀ိညာဏာ- ဟာရော၊ သည်။ တေသဥ္စ၊ တို့အားလည်း။ (ကြွင်းသော စိတ်စေတသိက်တို့ ကျေးဇူးပြုရာ တရားတို့အားလည်း။) ပစ္စယော ဟောတိ။ ပဋိသန္ဓိနာမရူပဥ္စ၊ ပဋိသန္ဓေဖြစ်သော နာမ်ရုပ်ကိုလည်း။ အာဟရတိ။ ဣတိ၊ သို့။ (အတိရေက ပစ္စယာ၊ ဟောန္တိ။)

သော-ထို ၀ိညာဏာဟာရ ဟူသည်၊ ၀ိပါကော၀-၀ိပါက်သည်သာလျှင်၊ (ပဋိသန္ဓေ ၀ိညာဉ်တည်းဟူသော ၀ိပါက်သည်သာလျှင်၊ ဟောတိ) နနု- ဖြစ်သည်မဟုတ်လော။ ဣဒံပန၊ ဤပထမ မဟာကုသိုလ်စိတ်သည်ကား ။ကုသလ ၀ိညာဏံ၊ ကုသိုလ်၀ိညာဉ်သည်။ ဟောတိနနု၊ လော။ ဣတိ၊ ဤကားစောဒနာ တည်း။ (ဣဒံ၊ ဤပထမ မဟာကုသိုလ်စိတ်သည်။) ကုသလ၀ိညာဏံ၊ သည်။ ကိဥ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်ပါပေ၏။ ပန၊ ထိုသို့ပင်ဖြစ်ပါသော် လည်း။တံသရိက္ခတာယ၊ ထို၀ိပါက်၀ိညာဉ်နှင့်တူသည်၏အဖြစ်ကြောင့်။၀ိညာ- ဏာဟာရောတွေ၀၊ ဟူ၍သာ။ ၀ုတ္တံ၊ ဟောတော်မူအပ်ပြီ။

[အာဟာရဒွေန အရ အာဟာရပစ္စည်းဟူသော အခိပ္ပာယ်ကို ဖွင့်ပြပြီး၍ ဥပတ္ထမ္ဘကအကြောင်းဟူသော အခိပ္ပာယ်ကိုဖွင့်ပြလိုသောကြောင့် "ဥပတ္ထမ္ဘက

၁။ တိဿော စ ဝေဒနာ။ ။ဖဿ အားလုံးအတွက် ဖြစ်သင့်သမျှ ဆောင်နိုင်ပုံကို ရည်ရွယ်၍ "တိဿော ဝေဒနာ" ဟု ဆိုသည်၊ဤပထမ မဟာကုသိုလ်ဖဿကား သုခ ဝေဒနာကိုသာဆောင်နိုင်သည်၊ နောက်စေတနာဟာရက တယောဘ၀ ဆော င်နိုင်ပုံ, ၀ိညာဏာဟာရက ပဋိသန္ဓေနာမ်ရုပ် ဆောင်နိုင်ပုံ၌လည်း ဤသို့ ယထာသမ္ဘ၀နည်း အားဖြင့် ဆိုထားသည်ဟုမှတ်ပါ။ [တိဿောစ ဝေဒနာ အာဟရတီတိ- အာဒိ ယထာ သမ္ဘ၀ ၀သေန ၀ုတ္တံ၊န ဇူမသ္မိံ ယေ၀စိတ္တေ ဖဿာဒိ၀သေန။-ဋီကာ။ထိုသို့ဆောင်ရာ၌ အကျယ်ကို သမုစ္စည်းပိုင်း ဘာသာဋီကာ "စတ္တာရော အာဟာရာ" အဖွင့်၌ရှုပါ။]

ဋ္ဌေနဝါ”ဟု တနည်းမိန့်ပြန်သည်။] ဝါ၊ တနည်း။ ဥပတ္ထမ္ဘကဋ္ဌေန၊ထောက်ပံ့တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်။ တယော၊ ကုန်သော။ ဣမေ၊ ဤဖဿ စေတနာ ဝိညာဉ်တရားတို့ကို။ အာဟာရာတိ၊ တို့ဟူ၍။ဝုတ္တာ။ ဟိ၊ ချဲ့။ ကဗဠီကာရာဟာရော၊ သည်။ ရူပကာယဿ၊ ရူပကာယကို။ (ဥပတ္ထမ္ဘကော) ဝိယ၊ ထောက်ပံ့တတ်သကဲ့သို့။(တထာ–တူ။)ဣမေ၊ ဤဖဿ စေတနာ ဝိညာဉ် တရားတို့သည်။ သမ္ပယုတ္တဓမ္မာနံ၊ တို့အား။ ဥပတ္ထမ္ဘကပစ္စယာ၊ ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ။ တေနေဝ၊ ထို့ကြောင့်ပင်၊ အရူပိနော အာဟာရာ။ပ။အာဟာရပစ္စယေန ပစ္စယောတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

အပရော နယော၊ အခြားတနည်းကား။ အဇ္ဈတ္တိက သန္တတိယာ၊ အဇ္ဈတ္တိက ခန္ဓာအစဉ်၏။ ဝိသေသပစ္စယတ္တာ၊ ထူးသော အကြောင်းတို့၏ အဖြစ်ကြောင့်။ ကဗဠီကာရာဟာရော စ၊ ကိုလည်းကောင်း။ တယော၊ ကုန်သော။ ဣမေ ဓမ္မာ စ၊ ဤ ဖဿ စေတနာ ဝိညာဉ်တရားတို့ကို လည်းကောင်း။ အာဟာရာတိ၊ တို့ ဟူ၍။ ဝုတ္တာ။ ဟိ၊ ချဲ့။ ကဗဠီကာရော၊ ကဗဠီကာရ ဟူသော။ အာဟာရော၊ သည်။ ကဗဠီကာရာဟာရဘက္ခာနံ၊ ကဗဠီကာရာဟာရ ဟူသော အစာရှိကုန်သော။ သတ္တာနံ၊ တို့၏။ ရူပကာယဿ၊ ၏။ ဝိသေသပစ္စယော၊ ထူးသော အကြောင်းသည်။ ဟောတိ၊ ၏။နာမကာယေ၊ ၌။ဖဿော၊ သည်။ ဝေဒနာယ၊ ၏။ (ဝိသေသပစ္စယော ဟောတိ။) မနောသဉ္စေတနာ၊ သည်။ ဝိညာဏဿ၊ ၏။(ဝိသေသပစ္စယော ဟောတိ။)ဝိညာဏံ၊ သည်။ နာမရူပဿ၊ ၏။(ဝိသေသ-ပစ္စယော ဟောတိ။)ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း။ သေယျ-ထာပိ ဘိက္ခဝေ။ပ။နာမရူပံတိ၊ ဟူ၍။ အာဟ၊ ပြီ။ [ဘိက္ခဝေ၊ တို့။ သေယျ-ထာပိ၊ ဥပမာ မည်သည်ကား။ အယံ ကာယော၊ ဤ ရူပကာယသည်။ အာ-ဟာရဋ္ဌိတိကော၊ အာဟာရဟူသော တည်ကြောင်းရှိသည်။ (ဟုတ္ဝာ။) အာ-ဟာရံ၊ ကို။ ပဋိစ္စ၊ စွဲမှီ၍။ တိဋ္ဌတိ၊ တည်၏။ အနာဟာရော၊ အစာအာဟာရ မရှိသည်။ (သမာနော၊ သော်။) နော တိဋ္ဌတိ၊ မတည်နိုင်။-ဗောဇ္ဈင်္ဂသံယုတ်၊ ပဗ္ဗတဝဂ်-ကာယသုတ်။] တထာ၊ တူ။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်း ကြောင့်။ ဝေဒနာ၊ သည်။ ဟောတိ။ သင်္ခါရပစ္စယာ၊ ကြောင့်။ ဝိညာဏံ၊ သည်။ ဟောတိ။ ဝိညာဏပစ္စယာ၊ ကြောင့်။ နာမရူပံ၊ သည်။ ဟောတိ။ [နိဒါနသံယုတ်၊ ဗုဒ္ဓဝဂ်—ပဋိစ္စသမုပ္ပါဒသုတ်။ ဤ အပရော နယော—နည်း၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း၊ အာဟာရအဖွင့်၌ ရှုပါ။]

[ပါဠိတော်၌“တယော အာဟာရာ” ဟူသော ပါဌ်ကို ဖွင့်ပြပြီး၍ “အဋ္ဌိန္ဒြိယာနိ” အစရှိသော ပါဌ်ကို ဖွင့်ပြလိုသောကြောင့် “အဓိပတိယဋ္ဌေန ပန” စသည်မိန့်။] ပန၊ ကား။ အဓိပတိယဋ္ဌေန၊ မိမိနှင့်စပ်သော တရားတို့၏ အကြီး

အကဲ၏ အဖြစ်ဟူသော အနက်အားဖြင့်။ ဝါ၊ အစိုးရသည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ အဋ္ဌေ၀၊ ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ (ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ-အားဖြင့် ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ နောက်၌လည်း ပါဠိတော်ကြည့်၍ သိပါ။) ဓမ္မာ၊ တို့သည်။ ဣန္ဒြိယာနိ၊ တို့သည်။ ဟောန္တိ။ အဝသေသာ၊ ကြွင်းသော တရားတို့သည်။ (ဣန္ဒြိယာနိ န ဟောန္တိ။) တေန၊ ကြောင့်။ အဋ္ဌိန္ဒြိယာနိ ဟောန္တီတိ၊ ဟူ၍။ ဝုတ္တံ။ ဥပနိဇ္ဈာယနဋ္ဌေန၊ အာရုံသို့ကပ်၍ ရှုတတ်သည်၏အဖြစ်ဟူသော အနက်အားဖြင့်။ ပဉ္စေ၀၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဈာနင်္ဂါနိ ဟောန္တိ။ တေန၊ ကြောင့်။ ပဉ္စင်္ဂိကံ ဈာနံ ဟောတီတိ၊ ဟူ၍။ ဝုတ္တံ။ နိယျာနဋ္ဌေန စ၊ ဝဋ္ဋ ဆင်းရဲမှ ထွက်မြောက်တတ် သည်၏ အဖြစ်ဟူသော အနက်အားဖြင့် လည်းကောင်း။ ဟေတုဋ္ဌေန စ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ဘာပကဟိတ် ဟူသော အနက်အားဖြင့် လည်းကောင်း။ ပဉ္စေ၀ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ။ တေန၊ ကြောင့်။ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတီတိ၊ ဟူ၍။ ဝုတ္တံ။ ဟိ၊ မှန်။ (ပဉ္စင်္ဂိကော မဂ္ဂေါ–ဟူသောစကားသည် မှန်၏–ဟူလို။) အရိယမဂ္ဂေါ၊ အရိယာမင်္ဂသည်။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါရှိသည်။ ကိဉ္စာပိ ဟောတိ။ ပန၊ ထိုသို့ ဖြစ်ပါသော်လည်း။ လောကိယစိတ္တေ၊ ၌။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ တိဿော၊ ကုန်သော။ ဝိရတိယော၊ တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တသ္မာ၊ ကြောင့်။ ပဉ္စင်္ဂိကောတိ၊ ဟူ၍။ ဝုတ္တော၊ ပြီ။

[သုတ္တန်ပါဠိတော်ကို ထောက်ထား၍ ပဉ္စင်္ဂိကော မဂ္ဂေါ ဟူသော စကားကို မနှစ်သက်သော ဝေါဒက ပုဂ္ဂိုလ်၏ ဝေါဒနာပုံကို ပြလိုသောကြောင့် "နနု စ" စသည်မိန့်။] (အာစရိယ၊ အရှင် အဋ္ဌကထာဆရာ။) နနု စ၊ ဝေါဒနာပါဦးအံ့။ (ကိံ ။) ယထာဂတမဂ္ဂေါ[1]တိ ခေါ ပ။ အမိဝစနံတိ၊ ဟူသော။ ဣမသ္မိံ

၁။ ယထာဂတမဂ္ဂေါ။ ။ဤပါဠိတော်သည် သဠာယတနသံယုတ်-အာသီဝိသဝဂ်၊ ကိံသုကောပမ-သုတ် ပါဠိတော်တည်း၊ ထို၏ အဋ္ဌကထာ၌ "ယာဒိသော ဝေ ပုဗ္ဗေ အာဂတ ဝိပဿနာမဂ္ဂေါ၊ အယမ္ပိ အဋ္ဌင်္ဂသမန္နာဂတတ္တာ တာဒိသော ဝေ" ဟု ဖွင့်၏။ ထိုအဖွင့်၌ "အာဂတ" ဟူသော ပုဒ်ကိုထောက်၍ "ယထာ+အာဂတ" ဟု ခွဲပြီးလျှင် "အာဂတဿ၊ ရှေးအဖို့၌ဖြစ်ပေါ်လာပြီးသော ဝိပဿနာမင်္ဂအား+အနုရူပံ၊ လျော်သည်တည်း။ ယထာဂတံ၊ သည်။ ယထာဂတံ၊ရှေးအဖို့၌ ဖြစ်ပေါ်လာပြီးသော ဝိပဿနာမင်္ဂအားလျော်စွာ+ပဝတ္တော၊ ဖြစ်သော+မဂ္ဂေါ၊ လောကုတ္တရာမင်္ဂတည်း။ ယထာဂတမဂ္ဂေါ၊ မင်္ဂ" ဟု ပြ၊ [ယောဇနာ၌ကား "ယထာ+ဂတ" ဟု ပုဒ်ခွဲ၍ "ပုဗ္ဗဘာဂေ ပဝတ္တမဂ္ဂဿ အနုရူပံ ဂစ္ဆတိ ပဝတ္တတီတိ ယထာဂတော၊ ယထာဂတော စ+သော+မဂ္ဂေါ စာတိ ယထာဂတ မဂ္ဂေါ" ဟု ပြလေ၏။] ဆိုလိုရင်းကား–လောကု-

သုတ္တေ၊ ဤသုတ်၌။ လောကုတ္တရမဂ္ဂေါ၊ သည်။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသည်။ ဟောတိ ယထေဝ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ပုဗ္ဗဘာဂ ဝိပဿနာမဂ္ဂေါပိ၊ လောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာ မဂ်သည်လည်း။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါရှိ၏။ ဣတိ ဣမဿတ္ထဿ၊ ဤအနက်၏။ ဝါ၊ ကို။ [၁]ယထာဂတ ဝစနေန၊ ယထာဂတသဒ္ဒါဖြင့်။ ဒီပိတတ္တာ၊ ပြတော်မူအပ်သည်၏ အဖြစ်ကြောင့်။ လောကိယ မဂ္ဂေနာပိ၊ လောကီ ဝိပဿနာ-မဂ်သည်လည်း။ အဋ္ဌင်္ဂိကေန၊ ရှစ်ပါးသောအင်္ဂါရှိသည်။ ဘဝိတဗ္ဗံ နနု၊ ဖြစ်ထိုက်သည်မဟုတ်ပါလော။ ဣတိ၊ သို့။ (နနု စ၊ စောဒနာပါ၏။) [ဘိက္ခု၊ ရဟန်း။ ယထာဂတ မဂ္ဂေါတိ၊ ယထာဂတမဂ္ဂေါ ဟူသော။ ဧတံ၊ ဤအမည် သည်။ အရိယဿ၊ မြတ်သော။ အဋ္ဌင်္ဂိကဿ၊ သော။ မဂ္ဂဿ၊ ၏။ အဓိဝစနံ၊ အမည်တည်း။]

(ဘဒြမုခ၊ ကောင်းသောမျက်နှာရှိသော ငါ့ရှင်စောဒက။ လောကိယမဂ္ဂေ-နာပိ၊ သည်လည်း။ အဋ္ဌင်္ဂိကေန၊ သည်။) [၂]န ဘဝိတဗ္ဗံ၊ မဖြစ်ထိုက်။ [တနည်း-ရှေ့ကပုဒ်တွေကို အားလုံးလိုက်၍ "ဣမဿတ္ထဿ ဒီပိတတ္တာ" ဟူသော စောဒ-

---

တ္တရာမဂ်မရမီ ရှေ့အဖို့ ဝိပဿနာ အခိုက်၌ဖြစ်သော လောကီမဂ်နှင့် အလားတူစွာဖြစ်သော လောကုတ္တရာမဂ်ကို "ယထာဂတမဂ်" ခေါ်သည်-ဟူလို။

၁။ **ယထာဂတဝစနေန ။ပ။ ဒီပိတတ္တာ။** ။လောကုတ္တရာ မဂ်၏ အင်္ဂါရှစ်ပါးရှိကြောင်းမှာ ထင်ရှားပြီးဖြစ်၏။ ထို လောကုတ္တရာမဂ်သည် အင်္ဂါရှစ်ပါး ရှိသကဲ့သို့ ပုဗ္ဗဘာဂဝိပဿနာမဂ်လည်း အင်္ဂါရှစ်ပါးရှိ၏ဟူသော အဓိပ္ပာယ်ကို ယထာဂတသဒ္ဒါဖြင့် ပြအပ်၏။ ပြပုံကား- "ယထာဂတ-လာခဲ့သော လောကီဝိပဿနာမဂ်အားလျော်သော လောကုတ္တရာမဂ်"ဟု ဆိုသဖြင့် "လောကီမဂ်လည်း အင်္ဂါရှစ်ပါးရှိ၏"ဟု အဓိပ္ပာယ်ရသည်-ဟူလို။ ထိုသို့ အဓိပ္ပာယ်ရသောကြောင့် လောကီဝိပဿနာမဂ်ကိုစွဲတပ်သော ဤပဌမ မဟာကုသိုလ်စိတ်လည်း မဂ္ဂင်ရှစ်ပါးရှိသောစိတ်သာ ဖြစ်ထိုက်ရကား "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟု ဟောတော်မမူပဲ "အဋ္ဌင်္ဂိကော မဂ္ဂေါ ဟောတိ"ဟု ဟောတော်မူသင့်သည် မဟုတ်ပါလော ဟု စောဒနာသည်။

၂။ **န ဘဝိတဗ္ဗံ။ပ။ပရိယာယဒေသနာ။** ။ပရိယာယ်ဒေသနာ ဟူသည် တိုက်ရိုက်ဟောအပ်သောဒေသနာမဟုတ်၊ သွယ်ဝိုက်၍ ဟောတော်မူအပ်သော ဒေသနာတော်တည်း။ ဤ ယထာဂတမဂ္ဂေါ-စသော ဒေသနာတော်သည် လောကီမဂ်၌ မဂ္ဂင်ရှစ်ပါးရှိ၏ ဟု ပြသော်လည်း တကယ်အားဖြင့် ရှိသည်မဟုတ်၊ ဝိပဿနာ မစီးဖြန်းမီ ရှေ့အဖို့က ကာယကံ ဝစီကံ အာဇီဝတို့ စင်ကြယ်ပြီးဖြစ်၍ ထိုရှေ့အဖို့က စင်ကြယ်မှုကို "ဝိရတီသုံးပါး"ဟု ယူပြီးလျှင် ဝိပဿနာခဏ၌လည်း ထို ဝိရတီသုံးပါး ပါဝင်သည့်အနေအားဖြင့် ယထာဂတ (လောကီဝိပဿနာမဂ်မှာလည်း အင်္ဂါရှစ်ပါးရှိ၏) ဟု ဟောတော်မူသည်။ ထိုသို့ ပရိယာယ်ဒေသနာဖြစ်သောကြောင့် ဝိပဿနာ စိတ္တက္ခဏ၌ ဝိရတီသုံးပါး မယူအပ်ရကား အဋ္ဌင်္ဂိကမဂ္ဂ မဖြစ်နိုင်။ ပဉ္စင်္ဂိကမဂ္ဂသာ ဖြစ်နိုင်မည်-ဟူလို။

ကာ ဘောဂဟိတ်ကို "ဣမသ္မိံ အတ္တေ ဒိပိတေပိ"ဟု လက္ခဏာ အရှစ်တင်၍ ပေးမည်။ ယထာဂတ မဂ္ဂေါတိ။ ပ။ အဓိဝစနံတိ၊ ဟူသော။ ဣမသ္မိံ သုတ္တေ၊ ၌။ လောကုတ္တရမဂ္ဂေါ၊ သည်။ အင်္ဂိကော၊ သည်။ ဟောတိ ယထေဝ၊ ကဲ့သို့။ တထေဝ။ ပုဗ္ဗဘာဂ ဝိပဿနာမဂ္ဂေါပိ၊ သည်လည်း။ အင်္ဂိကော၊ ၏။ ဣတိ ဣမသ္မိံ အတ္တေ၊ ဤအနက်ကို။ ယထာဂတဝစနေန၊ ဖြင့်။ ဒီပိတေပိ၊ ပြအပ်ပါသော်လည်း။ လောကိယ မဂ္ဂေနာပိ၊ သည်လည်း။ အင်္ဂိကေန၊ သည်။ န ဘဝိတဗ္ဗံ။] ဟိ၊ မှန်။ (တနည်း-ကသ္မာ၊ ကြောင့်။ န ဘဝိတဗ္ဗံ၊ မဖြစ်ထိုက်သနည်း။)ဟိ ယသ္မာ၊ ကြောင့်။ အယံ သုတ္တန္တိကဒေသနာ နာမ၊ ဤ သုတ္တန္တိကဒေသနာမည်သည်။ ပရိယာယဒေသနာ၊ ပရိယာယ် ဒေသနာတည်း။ (တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ သုတ္တန္တိကဒေသနာ၏ ပရိယာယ်ဒေသနာ၏ အဖြစ်ကြောင့်။ န ဘဝိတဗ္ဗံ။) [၁]တေန၊ ကြောင့်။ ပုဗ္ဗေဝ ။ ပ ။ သုပရိသုဒ္ဓော ဟောတီတိ၊ ဟူ၍။ (ဘဂဝါ အာဟ။) [ပုဗ္ဗေဝ၊ ဝိပဿနာမရောက်မီ ရှေ့အဖို့၌ပင်။ အဿ၊ ထိုရဟန်း၏။ ကာယကမ္မံ၊ သည်လည်းကောင်း။ ဝစီကမ္မံ၊ သည်လည်းကောင်း။ အာဇီဝေါ၊ အသက်မွေးဝမ်းကျောင်းသည်လည်းကောင်း။ သုပရိသုဒ္ဓေါ၊ အလွန် စင်ကြယ်သည်။ ဟောတိ။]

ပန၊ ကား။ အယံ၊ ဤ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟူသော အဘိဓမ္မာဒေသနာသည်။ နိပ္ပရိယာယဒေသနာ၊ ပရိယာယ်မဟုတ် မုချဒေသနာတည်း။

၁။ တေနာဟ။ ပ။ ဟောတီတိ။ ။ဥပရိပဏ္ဏာသ-သဠာယတနဝဂ်၊ မဟာသဠာယတနသုတ် ပါဠိတော်တည်း။ ဤပါဠိတော်၏ အဆက်၌ "အဿယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ"ဟု ရှိ၏။ ထိုသို့"အဋ္ဌင်္ဂိက"ဟု ဆိုသော်လည်း ပုဗ္ဗေဝ-ဟူသော ရှေ့စကားကိုထောက်၍ ဝိပဿနာခဏ၌ အင်္ဂါရှစ်ပါးပြည့်သည် မဟုတ်။ ရှေ့အဖို့က ကာယကံ ဝစီကံ အာဇီဝ စင်ကြယ်မှုကို "ဝိရတိသုံးပါး"ဟု ယူ၍ "အင်္ဂါရှစ်ပါးပြည့်သည်"ဟု ဆိုသည်။ ထို့ကြောင့် ဤဒေသနာတော်လည်း ပရိယာယဒေသနာ ဖြစ်ကြောင်းကို ထောက်ခံသော သာဓကဖြစ်သည်။

မှတ်ချက်။ ။ဤ အဋ္ဌကထာ၌ စောဒကပုဂ္ဂိုလ်၏ စောဒနာမှု ရှိသောကြောင့် သာဓကတွေပြ၍ ဖွင့်နေရသော်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို စ၍လေ့လာခဲ့ရသော မိမိတို့မှာ "ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ၊ လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ" ဟူသောစကားတုန်းကပင် လောကီမဟာကုသိုလ်စိတ်၌ အဋ္ဌင်္ဂိကမဂ် မရ၊ ပဉ္စင်္ဂိကမဂ်သာ အမြဲရကြောင်း နားလည်ခဲ့ပြီးဖြစ်ကြပါသည်။ [ဝိရတိ ၁-ပါးပါးယှဉ်သောအခါ ဝိရတိ ၁-ပါး တိုးနိုင်၍ ဆဋ္ဌင်္ဂိက ဖြစ်ပါသော်လည်း ဝိပဿနာစိတ် ဖြစ်သောအခါ ရုပ်နာမ်တခုခုကို လက္ခဏာယာဉ်တင်၍ အနိစ္စ ဒုက္ခ အနတ္တ-ဟု ရှုနေသောကြောင့် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံမပြုရကား ဝိရတိ ၁-ပါးမျှလည်း မယှဉ်နိုင်ပါ။]

ဟိ၊ မှန်။ (တနည်း) ဟိ ယသ္မာ၊ ကြောင့်။ လောကိယ စိတ္တသ္မိံ၊ ၌။တိယော၊ ကုန်သော။ ဝိရတိယော၊ တို့ကို။ န လဗ္ဘန္တိ၊ တပြိုင်နက် မရအပ်, မရနိုင်ကုန်။ တသ္မာ၊ ကြောင့်။ (လောကီစိတ်၌ ဝိရတိသုံးပါးတို့ တပြိုင်နက် မရအပ်ကုန်သည်၏ အဖြစ်ကြောင့်။) ပဥ္စင်္ဂိကော၀၊ ၅-ပါးသော အင်္ဂါရှိ၏ဟူ၍သာ။ ဝုတ္တော၊ ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

[“ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိ”၏အဖွင့်ကို ပြပြီး၍“သတ္တဗလာနိ ဟောန္တိ” ၏အဖွင့်ကို ပြလိုသောကြောင့်“အကမ္ပိယဋ္ဌေန ပန”စသည် မိန့်။] ပန၊ ကား။ အကမ္ပိယဋ္ဌေန၊ အသဒ္ဓိယ အစရှိသော ဆန့်ကျင်ဘက်တရားတို့သည် မလှုပ်ရှားစေအပ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ သတ္တေဝ၊ ၇-ပါးသာလျှင် ဖြစ်ကုန်သော။ ဓမ္မာ၊ သဒ္ဓါ အစရှိသောတရားတို့သည်။ ဗလာနိ၊ ဗိုလ်တို့သည်။ ဟောန္တိ။မူလဋ္ဌေန၊ အခြေအမြစ်ဟူသော အနက်အားဖြင့်။ တယော၀၊ ကုန်သော။ ဓမ္မာ၊ အလောဘ အစရှိသော တရားတို့သည်။ ဟေတူ၊ တို့သည်။ ဟောန္တိ။ ဖုသနဋ္ဌေန၊ တွေ့ထိခြင်းဟူသော အနက်အားဖြင့်။ ဧကော၀၊သော။ ဓမ္မော၊ တရားဟူသည်။ ဖဿော၊ ဖဿတည်း။ ဝေဒယိတဋ္ဌေန၊ ခံစားတတ်သည်၏အဖြစ်ဟူသော အနက်အားဖြင့်။ ဧကော၀။ဓမ္မော၊ ဟူသည်။ ဝေဒနာ၊ တည်း။ သဥ္ဇာနနဋ္ဌေန၊ အမှတ်ပြု၍ သိတတ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ ဧကော၀။ ဓမ္မော၊ သည်။ သညာ၊ တည်း။ စေတယနဋ္ဌေန၊ စေ့ဆော်တတ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ ဧကော၀ ဓမ္မော။ စေတနာ၊ တည်း။စိတ္တ ဝိစိတ္တဋ္ဌေန၊ ထူးဆန်းသည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ [စိတ္တကို ဝိစိတ္တဟု ထပ်ဖွင့်သည်။] ဧကော၀၊ သော။ ဓမ္မော၊ သည်။ စိတ္တံ၊ တည်း။

ရာသဋ္ဌေန စေ၀၊အစုဟူသော အနက်အားဖြင့် လည်းကောင်း။ ဝေဒယိတဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ ဧကော၀ ဓမ္မော။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာတည်း။ ရာသဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ သဥ္ဇာနနဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ ဧကော၀ ဓမ္မော သညာက္ခန္ဓော။ ရာသဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ အဘိသင်္ခရဏဋ္ဌေန စ၊ ပြုစီမံတတ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့် လည်းကောင်း။ ဧကော၀ ဓမ္မော သင်္ခါရက္ခန္ဓော။ ရာသဋ္ဌေန စ၊ အားဖြင့်လည်းကောင်း။ စိတ္တ ဝိစိတ္တဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ ဧကော၀ ဓမ္မော ဝိညာဏက္ခန္ဓော။ [ဝိညာဏအရ ဝိညာဉ်၏ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံ သိခြင်းကိုပင် “စိတ္တဝိစိတ္တ-ထူးဆန်းသော သိခြင်း” ဟု ဆိုနိုင်၏။ ထို့ကြောင့် ဝိညာဏကိုပင် “စိတ္တ ဝိစိတ္တဋ္ဌေန” ဟု ဖွင့်သည်။

ဝိဇာနနမေဝ စိတ္တဝိစိတ္တတာတိ စိတ္တဝိစိတ္တဋ္ဌေန ဧကောဝ ဓမ္မော ဝိညာဏက္ခန္ဓောတိ အာဟ။–ဋီကာ။]

ဝိဇာနနဋ္ဌေန စေဝ၊ သညာ ပညာတို့ သိပုံမှ တမျိုးတဖုံ သိခြင်းဟူသော အနက်အားဖြင့် လည်းကောင်း။ ဟေဋ္ဌာ၊ အောက် မနာယတန အဖွင့်၌။ ဝုတ္တ အာယတနဋ္ဌေန စ၊ ဆိုအပ်ပြီးသော အာယတန၏ အနက်အားဖြင့်လည်းကောင်း။ ဧကမေဝ၊ တပါးသာလျှင်ဖြစ်သော။ မနာယတနံ၊ မနာယတနသည်။ ဟောတိ။ ဝိဇာနနဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ အဓိပတိယဋ္ဌေန စ၊ မိမိနှင့်စပ်သော တရားတို့၏ အကြီးအကဲ၏ အဖြစ်ဟူသော အနက်အားဖြင့် လည်းကောင်း။ ဧကမေဝ၊ သော။ မနိန္ဒြိယံ၊ သည်။ ဟောတိ။ [ဤ ၂-ဝါကျသည် ပါဠိသွားတမျိုး ဖြစ်နေ၏။ ရှေ့၌ "ဧကောဝ ဓမ္မော" ဟု ချည်း လာခဲ့၏။ နောက်၌လည်း လာလတ္တံ့၊ ထိုအတိုင်းဆိုလျှင် "ဧကောဝ ဓမ္မော မနာယတနံ၊ ဧကောဝ ဓမ္မော မနိန္ဒြိယံ" ဟု ရှိသင့်သည်။] ဝိဇာနနဋ္ဌေန စ၊ အားဖြင့် လည်းကောင်း။ သဘာဝ သုညတ နိဿတ္တဋ္ဌေန စ၊ ပရမတ္ထ သဘာဝဟူသော အနက်၊ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ် ဟူသော အနက်၊ သတ္တဝါ မဟုတ်သည်၏ အဖြစ် ဟူသောအနက် အားဖြင့် လည်းကောင်း။ ဧကောဝ ဓမ္မော။ မနောဝိညာဏ ဓာတု နာမ၊ မည်သည်။ ဟောတိ။ အဝသေသာ၊ ကြွင်းသောတရားတို့သည်။ (မနောဝိညာဏ ဓာတု နာမ၊ မည်သည်။) န ဟောန္တိ။ ပန၊ ဆက်။ စိတ္တံ၊ ကို။ ဌပေတွာ၊ ၍။ ယထာ ဝုတ္တေန၊ အကြင်အကြင် ဆိုအပ်ပြီးသော။ အတ္ထေန၊ အားဖြင့်။ (အာယတနဋ္ဌ, သဘာဝ သုညတနိဿတ္တဋ္ဌ အားဖြင့်။) အဝသေသာ၊ မနောဝိညာဏဓာတ်မှ ကြွင်းကုန်သော။ သဗ္ဗေပိ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဧကံ၊ တပါးသော။ ဓမ္မာယတနမေဝ၊ ဓမ္မာယတန သည်သာလျှင် လည်းကောင်း။ ဧကာ၊ သော။ ဓမ္မဓာတုယေဝ စ၊ သည်သာလျှင် လည်းကောင်း။ ဟောတိ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ပန၊ ဆက်။ ယေဝါပန တသ္မိံ သမယေတိ ဣမိနာ အပ္ပနာဝါရေန၊ ယေဝါပန တသ္မိံ သမယေ ဟူသော ဤ အပ္ပနာဝါရဖြင့်။ ဣမာပိ၊ ဤ သင်္ဂဟဝါရ၌လည်း။ [ပိဖြင့် ဓမ္မဝဝတ္ထာနဝါရကို ပေါင်း။] ဟေဋ္ဌာ၊ ၌။ ဝုတ္တာ၊ ဟောတော်မူအပ်ပြီးကုန်သော။ ယေဝါပနကာဝ၊ ယေဝါပနက တရားတို့ကိုသာ။ (ဆန္ဒ အဓိမောက္ခ အစရှိသော ယေဝါပနက တရားတို့ကိုသာ။) သင်္ဂဟိတာ၊ သိမ်းယူအပ်ကုန်ပြီ။ စ၊ ဆက်။ ဣဓ၊ ဤ သင်္ဂဟဝါရ၌။ (ဟေဋ္ဌာ၊ ၌။ ဝုတ္တာ၊ ကုန်သော။ ယေဝါပနကာဝ၊ တို့ကိုသာ။ သင်္ဂဟိတာ) ယထာ၊

ကဲ့သို့။ ဧဝံ၊ တူ။ သဗ္ဗတ္ထ၊ အလုံးစုံသော ဝါရတို့၌။ (နောက်လာမည့် သုညတ- ဝါရနှင့် ဒုတိယစိတ်စသည်ဝယ် လာမည့်ဝါရတို့၌။ ဟေဋ္ဌာ ဝုတ္တာ ယေဝါ- ပနကာဝ သင်္ဂဟိတာ။) ဟိ၊ မှန်။ ဣတော၊ ဤ သင်္ဂဟဝါရမှ။ ပရံ၊ ၌။ တွေ့ကုံပိ၊ ဤမျှလောက်သော စကားကိုလည်း။ န ဝိစာရယိဿာမ၊ မစိစစ်ကုန် တော့အံ့။ နိဒ္ဒေသ ပဋိနိဒ္ဒေသ ဝါရေသု၊ တို့၌။ ဟေဋ္ဌာ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။ အတ္ထော ဝေဒိတဗ္ဗော။ ဣတိ၊ အပြီးတည်း။

သင်္ဂဟဝါရော၊ သင်္ဂဟဝါရသည်။ နိဋ္ဌိတော၊ ပြီ။

ကောဋ္ဌာသဝါရောတိပိ၊ ကောဋ္ဌာသဝါရဟူသော အမည်သည်လည်း။
ဧတဿ ဝ၊ ဤ သင်္ဂဟဝါရ၏ပင်။ နာမံ၊ အမည်တည်း။

သင်္ဂဟဝါရပြီး၏။

သုညတဝဂ်အဖွင့်

ဣဒါနိ၊ သင်္ဂဟဝါရကို ပြပြီးရာ ယခုအခါ၌။ တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တီတိ၊ တသ္မိံ ခေါ ပန။ပ။ဟောန္တိ အစရှိသော။ သုညတဝါရော၊ ကို။ (ဘဂဝတာ။) အာရဒ္ဓေါ၊ ပြီ။ ဝါ၊ ၏။ သော၊ ထို သုညတဝါရကို။ ဥဒ္ဒေသနိဒ္ဒေသဝသေန၊ ဥဒ္ဒေသ နိဒ္ဒေသတို့၏ အပြားအားဖြင့်။ ဒွိဓာ၊ အားဖြင့်။ ဝဝတ္ထိတော၊ ပိုင်းခြား မှတ်သားအပ်ပြီ။ (ဤ ဝါရ၌ ပဋိနိဒ္ဒေသ မပါ။) တတ္ထ၊ ထို ဥဒ္ဒေသ နိဒ္ဒေသတို့တွင်။ ဥဒ္ဒေသဝါရေ၊ ၌။ ဓမ္မာ ဟောန္တီတိ ဣမိနာ၊ ဓမ္မာ ဟောန္တိ ဟူသော ဤ ကောဋ္ဌာသနှင့်။ သဒ္ဓိံ။ စတုဝီသတိ၊ သော။ ကောဋ္ဌာသာ၊ အစုတို့သည်။ ဟောန္တိ။ စ၊ ဆက်။ သဗ္ဗကောဋ္ဌာသေသု၊ အလုံးစုံသော ကောဋ္ဌာသတို့၌။ စတ္တာရော ခန္ဓာ တယောတိ၊ စတ္တာရော ခန္ဓာ တယောဟူ၍။ ဂဏန ပရိစ္ဆေဒေါ၊ ဂဏန်းဖြင့် ပိုင်းခြားခြင်းကို။ န ဝုတ္တော၊ ဟောတော်မမူအပ်။ [စတ္တာရော ခန္ဓာ ဒွေ အာယတနာနိ စသည်ဖြင့် စတ္တာရော ဒွေ စသော ဂဏန်းများမပါ-ဟူလို။] ကသ္မာ၊ ကြောင့်။ (န ဝုတ္တော။) သင်္ဂဟဝါရေ၊ ၌။ ပရိစ္ဆိန္နတ္တာ၊ စတ္တာရော ဒွေစသည်ဖြင့် ပိုင်းခြားအပ်ပြီး ကုန်၏ အဖြစ်ကြောင့်။ (န ဝုတ္တော။) ဟိ၊ မှန်။တတ္ထ၊ ထို သင်္ဂဟဝါရ၌။ ပရိစ္ဆိန္နဓမ္မာ ယေဝ၊ ပိုင်းခြားအပ်ပြီးသော ဓမ္မတို့ကိုသာ။ ဣဓာပိ၊ ဤ သုညတဝါရ၌လည်း။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

ဟိ၊မှန်။(ဓမ္မတို့ကိုသာ ဟောအပ်၏ဟူသော စကားသည် မှန်၏။)တနည်း- ဟိယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤဆိုအပ်ပြီးသောတရားအပေါင်း၌။ [ဧတ္ထာတိ တေသု ယထာဝုတ္တေ သမယေ။](တနည်း)ဧတ္ထ၊ဤဆိုအပ်ပြီးသော ခန္ဓာအစ ရှိသော တရားတို့၌။ [ဧတေသု ဝါ ဓမ္မေသု။-ဋီကာ။]သတ္တောဝါ၊ သတ္တဝါ ကိုလည်းကောင်း။ ဘာဝေါ ဝါ၊ အထည်ကိုယ်ပညတ် ဒြဗ်ကိုလည်းကောင်း။ အတ္တာ ဝါ၊ အတ္တကိုလည်းကောင်း။ န ဥပလဗ္ဘတိ၊ မရအပ်။ ["ဘာဝေါ တိ သတ္တော၊ ယောကောစိ ဝါ အတ္တော"ဟု ဋီကာဖွင့်သောကြောင့် အဋ္ဌ ကထာ၌ သတ္တောဟူသောပါဠ်သည် ရှေးက ရှိဟန်မတူ။] ဓမ္မာဝ၊ ဓမ္မတို့ကို သာ။ (ဝုတ္တာ-၌ စပ်။) ဧတေ၊ ဤတရားတို့သည်။ ဓမ္မမတ္တာ၊ ဓမ္မမျှတို့သာ တည်း။ အသာရာ၊ အနှစ်သာရမရှိကုန်။ အပရိဏာယကာ၊ ရှေ့ဆောင်လမ်းပြ မရှိကုန်။ ဣတိ၊ သို့။ ဣမိဿာ သုညတာယ၊ ဤ သုည၏အဖြစ်ကို။ ဝါ၊ ဤ သတ္တ-အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကို။ ဒီပနတ္ထံ၊ ပြခြင်းအကျိုးငှာ။ ဝုတ္တာ၊ ကုန်ပြီ။ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤ တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ အစရှိသော ပါဠိရပ်၌။ ဧဝံ၊ သို့။ အတ္ထော ဝေဒိတဗ္ဗော။

ယသ္မိံ သမယေ၊ ၌။ ကာမာဝစရံ၊ သော။ ပဌမံ၊ သော။ မဟာကုသလ-စိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ။ တသ္မိံ သမယေ၊ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၏ဖြစ်ရာ ထိုအခါ၌။ စိတ္တင်္ဂဝသေန၊ စိတ်၏ အင်္ဂါ၏အစွမ်းဖြင့်။ ဥပ္ပန္နာ၊ ကုန်သော။ အတိရေက ပဏ္ဏာသ ဓမ္မာ၊ ၅၀-ကျော် တရားတို့သည်။ သဘာဝဋ္ဌေန၊ ပရမတ္ထသဘာဝဟူသော အနက်အားဖြင့်။ ဓမ္မာ ဝေ၊ ဓမ္မတို့ချည်းသာ။ ဟောန္တိ။ အညော၊ ဓမ္မမှတပါးသော။ ကောစိ၊ တစုံတခုသော။ သတ္တော ဝါ၊ သည်လည်းကောင်း။ ဘာဝေါ ဝါ၊ သည်လည်းကောင်း။ ပေါသော ဝါ၊ သည်လည်းကောင်း။ ပုဂ္ဂလော ဝါ၊ သည်လည်းကောင်း။ န ဟောတိ၊ မရှိ။ ဣတိ ဧဝံ၊ သို့။ အတ္ထော ဝေဒိတဗ္ဗော။ [ပါဠိတော်၌ "ဓမ္မာ ဟောန္တိ"ဟု ဟောတော်မူသောကြောင့် ဓမ္မမှတပါး အခြားသော သတ္တစသည် မရှိ-ဟူလို။] [1]တထာ၊ တူ။ ရာသဋ္ဌေန (ရာသိ+အဋ္ဌေန)၊ အစုဟူသော အနက်အားဖြင့်။ ခန္ဓာဝ၊ ခန္ဓာတို့ ချည်းသာ။ ဟောန္တိ။ ဣတိ ဧဝံ၊ သို့။ ပုရိမ နယေနေဝ၊ ဖြင့်သာလျှင်။ သဗ္ဗပဒေသု၊ တို့၌။ အတ္ထယောဇနာ၊ အနက်ကို ယှဉ်စေခြင်းကို။ ဝေဒိတဗ္ဗာ။

ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ဈာနတော၊ မှ။ အညံ၊ အခြားသော ဈာနင်္ဂံ၊ ဈာနင်သည်။ (နတ္ထိ။) မဂ္ဂတော ဝါ၊ မဂ်မှလည်း။ အညံ၊ အခြားသော။ မဂ္ဂင်္ဂံ၊ သည်။ နတ္ထိ။ တသ္မာ၊ ကြောင့်။ ဣဓ၊ ဤ သုညတ ဝါရ၌။ ဈာနံ ဟောတိ မဂ္ဂေါ ဟောတိ ဣစ္စေဝ၊ ဟူ၍သာ။ ဝုတ္တံ၊ ပြီ။ [သင်္ဂဟ ဝါရ၌ "ဈာနင်္ဂါနိ မဂ္ဂင်္ဂါနိ"ဟု ဟောသကဲ့သို့ ဤ၌မဟောပဲ "ဈာနံ ဟောတိ၊ မဂ္ဂေါ ဟောတိ"ဟူသာ ဟောတော်မူအပ်သည်-ဟူလို။] ဟိ၊ မှန်။ ဥပနိဇ္ဈာ-ယနဋ္ဌေန၊ အာရုံသို့ ကပ်၍ရှုတတ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့်။ ဈာနမေဝ၊ ဈာန်သည်သာ။ ဟောတိ။ ဟေတုဋ္ဌေန၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ပာပက အကြောင်းဟူသော အနက်အားဖြင့်။ မဂ္ဂေါဝ၊ သည်သာ။ ဟောတိ။ အညော၊ ဈာန် မဂ်တို့မှ တပါးသော။ ကောစိ၊ သော။ သတ္တော ဝါ၊ သည်လည်းကောင်း။ ဘာဝေါ ဝါ၊ သည်လည်းကောင်း။ န ဟောတိ၊ မရှိ။ ဣတိ ဧဝံ၊ သို့။ သဗ္ဗပဒေသု၊ တို့၌။ အတ္ထယောဇနာ ကာတဗ္ဗာ။

[1]။ **တထာ ရာသဋ္ဌေန ခန္ဓာဝ။** ။တထာဖြင့် "ယသ္မိံသမယေ ကာမာဝစရံ ပဌမံ မဟာကုသလစိတ္တံ ဥပ္ပဇ္ဇတိ၊ တသ္မိံသမယေ စိတ္တင်္ဂဝသေန ဥပ္ပန္နာ အတိရေကပဏ္ဏာသ ဓမ္မာ"တို့ကိုလည်းကောင်း၊ "န အညော ကောစိ သတ္တော ဝါ ဘာဝေါ ဝါ ပေါသော ဝါ ပုဂ္ဂလော ဝါ ဟောတိ"ဟူသော စကားကိုလည်းကောင်း ပြန်ညွှန်းသည်။ ထို့ကြောင့် "**ဣတိ ဧဝံ ပုရိမနယေနေဝ။ပ။ဝေဒိတဗ္ဗာ**"ဟု ဖွင့်သည်။

နိဒ္ဒေသဝါရော၊ သည့်။ ဥတ္တာနတ္ထော ယေဝ၊ ပေါ်လွင် ထင်ရှားသောအနက်ရှိသည်သာ။ ဣတိ၊ အပြီးတည်း။

သုညတဝါရော နိဋ္ဌိတော။

စ၊ ဆက်။ ဝါ၊ နိဂုံးကို ဆိုဦးအံ့။ တိဟိ၊ ကုန်သော။ မဟာဝါရေဟိ၊ တို့ဖြင့်။ မဏ္ဍေတွာ၊ တန်ဆာဆင်၍။ နိဒ္ဒိဋ္ဌဿ၊ ညွှန်ပြတော်မူအပ်သော။ ပဌမစိတ္တဿ၊ ပထမ မဟာကုသိုလ်စိတ်၏။ အတ္ထဝဏ္ဏနာ၊ အနက်ဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

ဒုတိယမဟာကုသိုလ်စိတ်

ဣဒါနိ၊ ပထမစိတ်ကို ပြပြီးရာ ယခုအခါ၌။ ဒုတိယစိတ္တာဒီနိ၊ ဒုတိယစိတ်အစရှိသော စိတ်တို့ကို။ ဒဿေတုံ၊ ငှာ။ ကတမေ ဓမ္မာတိ အာဒိ၊ အစရှိသော စကားရပ်ကို။ (ဘဂဝတာ၊ သည်။) အာရဒ္ဓံ၊ ပြီ။ သဗ္ဗေသုပိ၊ ကုန်သော။ တေသု၊ ထို ဒုတိယစိတ် အစရှိသော စိတ်တို့၌။ [ယောဇနာ၌ကား၊ "ဒုတိယစိတ္တာဒီနံ ဥဒ္ဒေသေသု"ဟု ဖွင့်၏။] ပဌမစိတ္တေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။ တယော တယော၊ သုံးပါး သုံးပါးကုန်သော။ မဟာဝါရာ၊ ဝါရကြီးတို့ကို။(ဓမ္မဝဝတ္ထာနဝါရ၊ သင်္ဂဟဝါရ၊ သုညတဝါရ။) ဝေဒိတဗ္ဗာ၊ ကုန်၏။ စ၊ ဆက်။ ကေဝလံ၊ ပဒတ္ထမဖက် သက်သက်။ မဟာဝါရာ ဧဝ၊ ဝါရကြီးတို့ကိုသာ။ (ဝေဒိတဗ္ဗာ၊ ကုန်သည်ကား။)န၊ မဟုတ်ကုန်သေး။ ပဌမစိတ္တေ၊ ၌။ ဝုတ္တသဒိသာနံ၊ ဟောတော်မူအပ်ပြီးသော ပုဒ်နှင့်တူကုန်သော။ သဗ္ဗပဒါနံ၊ တို့၏။ အတ္ထောပိ၊ ကိုလည်း။ ဝုတ္တနယေနေဝ၊ ဖြင့်သာ။ ဝေဒိတဗ္ဗော။

ဣတော၊ဤ ဝါရတို့ကို ပိုင်းခြားခြင်း,ပဒတ္ထကို ညွှန်ပြခြင်းမှ။ (ရှေးနိဿယ၌ "ဣတော၊ဤ ဒုတိယစိတ္တ နိဒ္ဒေသမှ"ဟု ပေးလေ၏။)ပရမ္ပိ၊ ၌လည်း။ အပုဗ္ဗပဒဝဏ္ဏနံယေဝ၊ ရှေးမဟုတ်သောပုဒ်တို့၏ အဖွင့်ကိုသာ။ ဝါ၊ အသစ်ဖြစ်သော ပုဒ်တို့၏ အဖွင့်ကိုသာ။ ကရိဿာမ၊ ပြုကုန်တော့အံ့။ တာဝ၊ တတိယစိတ္တ နိဒ္ဒေသ စသည်တို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌေ။)ဣမသ္မိံ ဒုတိယစိတ္တ နိဒ္ဒေသေ၊ ၌။ သသင်္ခါရေနာတိ ဣဒမေဝ၊ သသင်္ခါရေန ဟူသော ဤ ပုဒ်သည်သာ။ အပုဗ္ဗံ၊ ရှေးမဟုတ်သည်။ ဝါ၊ အသစ်သည်။ ဟောတိ၊ ၏။ တဿ၊ ထို သသင်္ခါရေန ဟူသော ပုဒ်၏။ အတ္ထော၊ ကို။ (ဧဝံ ဝေဒိတဗ္ဗော။) (ယော၊ အကြင်အကြောင်းအပေါင်းသည်။) သင်္ခါရေန၊ တွန့်ဆုတ်သောစိတ်ကို ပြုစီမံတတ်သော ပယောဂဥပါယနှင့်။ သဟ (ဝတ္တတိ)။ ဣတိ၊ ကြောင့်။ (သော၊ ထို

အကြောင်း အပေါင်းသည်။) သသင်္ခါရော[၁]၊ သသင်္ခါရမည်၏။ သသင်္ခါရေန[၂]၊ တွန့်ဆုတ်သော စိတ်ကို ပြုစီမံတတ်သော သင်္ခါရနှင့် တကွဖြစ်သော။ သပ္ပ-ယောဂေန၊ ပယောဂ[၃]နှင့် တကွဖြစ်သော။ သဥပါယေန၊ ဥပါယ[၄]နှင့် တကွဖြစ်သော။ တေန ပစ္စယဂဏေန[၅]၊ ထိုအာရုံ မနသိကာရ စသော အကြောင်း

၁။ သသင်္ခါရော။ ။သဟသင်္ခါရေနကား လဟုကနည်းအားဖြင့် ဝိဂြိုဟ်ငြသော စကားတည်း။ "သဘ+သင်္ခါရေန+ယော+ဝတ္တတီတိ သင်္ခါရော" ဟု ဗဟုဗ္ဗီဟိပြု။ ထို သသင်္ခါရောသည် ပဌမာဝိဘတ်ဖြင့် ရှိရိုးဖြစ်သော ပုဒ်အနိုက်အတန့်ကိုငဲ့သော ပဒါဝတ္ထိ ကန္တ၊ ပါဠိတော်၌ရှိသော သသင်္ခါရေနပုဒ်ကို ဖြတ်သော ဒန္တစ္ဆေဒန နည်းတည်း။ တေန သသင်္ခါရေန ကား ပါဠိတော်၌ ဝါကျအရှိကိုငဲ့သော ဝါကျာဝတ္ထိကန္တ၊ ဖြတ်အပ်ပြီးသော ဆင်စွယ်ကို ပြန်၍ ချွန်ပေးသည်နှင့်တူသော ဒန္တသောဓန နည်းတည်း။

၂။ သသင်္ခါရေန။ ။သသင်္ခါရေနကို "သပ္ပယောဂေန သဥပါယေန ပစ္စယ-ဂဏေနာတိ အတ္ထော" ဟု ဖွင့်သည်၊ ထိုသို့ဖွင့်သဖြင့် "သင်္ခါရ" ဟူသော သမာသ် ပုဒ်တစိတ်အရ ပယောဂ ဥပါယကို ယူပါဟု လည်းကောင်း၊ "သသင်္ခါရ" ဟူသော သမာသ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူပါဟု လည်းကောင်း သိစေအံ့။ ချွဦးအံ့ "သင်္ခါရော-တိ၊ တစုံတခုသော ကိစ္စ၌ တွန့်ဆုတ်နေသောစိတ်ကို မတွန့်ဆုတ်အောင် ပြုပြင်တတ်၏။ ဣတိ သင်္ခါရော" ဟု ပြုပါ၊ ထိုပြုပြင်တတ်သောအရာ ဟူသည် ပယောဂနှင့် ဥပါယ တည်း။

၃။ ပယောဂ။ ။"သပ္ပယောဂေနာတိ လီနဿ စိတ္တဿ ဥဿဟနပယောဂ သဟိတေန (အားတက်စေတတ်သော ကာယပယောဂ ဝစီပယောဂနှင့် တကွဖြစ်သော)" ဟု ဖွင့်၏။ ထို့ကြောင့် စေတီရင်ပြင်တော်ကို တံမြက်လှည်းမှု စသည်ပြုဖို့ရန် တွန့်ဆုတ်နေသောစိတ်ကို မတွန့်ဆုတ်ဖို့ရန် အားတက်လာဖို့ရန် ပြုစီမံတတ်သော လက်မောင်း လက်ရုံးကို ဆန့်တန်းခြင်း လမ်းလျှောက်ခြင်း စသော ကာယပယောဂ၊ အားတက်စေတတ်သော "ဝိရိယဝတော ကိံ နာမ န သိဇ္ဈတိ" စသော ပါဠိဂါထာ ပျို့ကဗျာကို ရွတ်ဆိုခြင်းစသော ဝစီပယောဂကို "ပယောဂ" ဟု ယူပါ။

၄။ ဥပါယ။ ။"ဥပယတိ၊ အကျိုးသို့ ကပ်ရောက်တတ်၏၊ ဣတိ ဥပါယော" နှင့်အညီ အကျိုးသို့ ကပ်ရောက်တတ်သော အကြောင်းတမျိုးကို "ဥပါယ" ဟု ခေါ်၏။ [ဥပ+ဣဓာတ်၊ ဏပစ္စည်း။] ထိုဥပါယကို ဋီကာ၌ "ကုသလဿ ကရဏာကာ-ရဏောသု အာဒီနဝါနိသံသပစ္စဝေက္ခဏာ ပရေဟိ ဥဿာဟနံတိ ဧဝမာဒိ" ဟု ဖွင့်၏။ ထို့ကြောင့် ကုသိုလ်ကို ပြုခြင်း၌အကျိုး မပြုခြင်း၌ အပြစ်ကို ဆင်ခြင်မှု ဟူသော မိမိ၏ မနောပယောဂကိုလည်းကောင်း၊ ဆရာ မိဘ စသော သူတပါးတို့က ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ တိုက်တွန်းမှု ဟူသော ကာယပယောဂ ဝစီပယောဂကို လည်းကောင်း "ဥပါယ" ဟု ယူပါ။

၅။ ပစ္စယဂဏေန။ ။ပစ္စယဂဏ၏ သရုပ်ကို "ယေန အာရမ္မဏာဒိနာ" ဟု ဖွင့်ထားသောကြောင့် အာရုံ မနသိကာရ—စသော စိတ်ဖြစ်ဖို့ရန် အကြောင်းအပေါင်း ကို "ပစ္စယဂဏ" ဟု ယူရသည်။ မှန်၏—မည်သည့်စိတ်မဆို အာရုံမပါဲ မဖြစ်နိုင်၊

အပေါင်းကြောင့်။ (ဥပ္ပန္နံ-၌ စပ်။) ဣတိ အတ္ထော။ ဟိ၊ မှန်။ အာရမ္မဏာဒိနာ၊ အာရုံ အစရှိသော။ ယေန ပစ္စယဂဏေန၊ အကြင် အကြောင်း အပေါင်း ကြောင့်။ ပဌမံ၊ ပထမ ဖြစ်သော။ မဟာစိတ္တံ၊ မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ။ သပ္ပယောဂေန၊ သော။ သဉပါယေန၊ သော။ တေနေဝ (ပစ္စယဂဏေန)၊ ထို အကြောင်းအပေါင်းကြောင့်ပင်။ ဣဒံ၊ ဤ ဒုတိယ မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ။

တဿ၊ ထို ဒုတိယ မဟာကုသိုလ်စိတ်၏။ ဧဝံ၊ သို့။ ဥပ္ပတ္တိ၊ ဖြစ်ပုံကို။ ဝေဒိတဗ္ဗာ။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော။ ဘိက္ခု၊ သည်။ ဝိဟာရ ပစ္စန္တေ၊ ကျောင်းတိုက်၏ အစွန်အဖျား၌။ ဝသမာနော၊ နေလျက်။ စေတိယင်္ဂဏ သမ္မဇ္ဇနဝေလာယ၊ စေတီရင်ပြင်တော်ကို တံမြက်လှည်းရာ အချိန်သည် လည်းကောင်း။ ထေရုပဋ္ဌာနဝေလာယ၊ ထေရ်ကို ဆည်းကပ်ရာ အချိန်သည် လည်းကောင်း။ (ဆရာတော်ကို ဆည်းကပ်ရာ အချိန်သည် လည်းကောင်း။) သမ္ပတ္တာယ၊ ရောက်သော် လည်းကောင်း။ ဓမ္မသဝနဒိဝသေ၊ တရားနာရာနေ့သည်။ သမ္ပတ္တေ ဝါ၊ ရောက်သော် လည်းကောင်း။ မယှံ၊ ၏။ ဝါ၊ ငါ့မှာ။ ဂန္တွာ၊ သွား၍။ ပစ္စာဂစ္ဆတော၊ ပြန်လာလတ်သော်။ အတိဒူရံ၊ အလွန်ဝေးသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်မည်။ န ဂမိဿာမိ၊ မသွားတော့အံ့။ (မသွားတော့ပါဘူးလေ။) ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံပြီး၍။ [ဤတိုင်အောင် စိတ်၏ တွန့်ဆုတ်ပုံကို ပြသည်။] ပုန၊ တဖန်။ စိန္တေသိ၊ ကြံပြန်ပြီ။ (ကိံ။) ဘိက္ခုဿ နာမ၊ ရဟန်းအားမည်သည်။ (ရဟန်းဆိုတာ။) စေတိယင်္ဂဏံ ဝါ၊ စေတီရင်ပြင်တော်သို့ လည်းကောင်း။ ထေရုပဋ္ဌာနံ ဝါ၊ ထေရ်ကိုဆည်းကပ်ရာ အရပ်သို့ လည်းကောင်း။ ဓမ္မသဝနံ ဝါ၊ တရားနာရာ အရပ်သို့ လည်းကောင်း။ အဂန္တုံ၊ မသွားပဲ နေခြင်းငှာ။ အသာရုပ္ပံ၊ မလျောက်ပတ်ချေ။ ဂမိဿာမိ၊

အာဝဇ္ဇန်း ဟူသော ယောနိသောမနသိကာရ မပါပဲလည်း ကုသိုလ်မဖြစ်နိုင်။ ထို့ကြောင့် ထို ၂-ပါးကို အရင်းခံအဖြစ်ဖြင့် ယူရ၏။ အာရမ္မဏာဒိနာ၌ အာဒိ-အရကား သမာသအဖွင့်တုန်းက ပြခဲ့သော ဟေတုနှ၏အရာဖြစ်သော ဟေတုပစ္စည်း စသော ရသင့်ရာ အကြောင်းများကိုလည်း ယူရသည်။

မှတ်ချက်။ ။သသင်္ခါရေနကို ဥပ္ပန္နံ၌ စပ်ရသောကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဝယ် "သသင်္ခါရိကံ" ဟူသော ပုဒ်ကိုလည်း "သသင်္ခါရေန+ဥပ္ပန္နံ သသင်္ခါရိကံ" ဟု ဥပ္ပန္နတဒ္ဓိတ်ပြုမှ ဤ အဋ္ဌကထာအဖွင့်နှင့် လျော်သည်။ ဤ ဒုတိယစိတ်ကို "သသင်္ခါ-ရေန ဥပ္ပန္နံ" ဟု ဟောတော်မူသောကြောင့် ပထမ စိတ်ကို သင်္ခါရမရှိသော အကြောင်းအပေါင်းကြောင့် ဖြစ်သောစိတ် ဟု ဗျတိရေကနည်းအားဖြင့် သိနိုင်၏။ ထို့ကြောင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၌ ပထမစိတ်ကို "အသင်္ခါရိကံ" ဟု တိုက်ရိုက်ဆိုထားသည်။

သွားဦးအံ့။ (သွားဦးမှပါပဲလေ။) ဣတိ၊ သို့။ စိန္တေသိ၊ပြီ။ [ဤတိုင်အောင် အကျိုးအပြစ် စဉ်းစားပုံ မနောပယောဂ ဟူသောဥပါယကို ပြသည်။ ဣဘိ၊ သို့။ စိန္တေတွာ၊ ကြံပြီး၍။ ဂစ္ဆတိ၊ ၏။[ဤစကားဖြင့် ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်ပုံကို ပြသည်။]

တဿ၊ ထို ရဟန်း၏(သန္တာန်၌)။ ဧဝံ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ ၁အတ္တနော၊ ၏။ ပယောဂေန၊ ပယောဂကြောင့်။(ဥပ္ပန္နံ၊ဖြစ်သော။ကုသလစိတ္တံ၊ သည်။ သသင်္ခါရေန၊ တွန့်ဆုတ်သောစိတ်ကို ပြုစီမံတတ်သော ပယောဂဥပါယ-ဟူသော သင်္ခါရနှင့်တကွ ဖြစ်သော။ ပစ္စယဂဏေန၊ အကြောင်းအပေါင်းကြောင့်။ ဥပ္ပန္နံ နာမ၊ ဖြစ်သည်မည်သည်။ ဟောတိ။) ဝါ၊ တနည်း။ ပရေန၊ သူတပါးသည်။ ဝတ္တာဒီနံ၊ ဝတ် အစရှိသည်တို့ကို။ အကရဏေ၊ မပြုခြင်း၌။ အာဒီနဝံ စ၊ အပြစ်ကိုလည်းကောင်း။ ကရဏေ၊ ပြုခြင်း၌။ အာနိသံသံ စ၊ အကျိုးကိုလည်းကောင်း။ ဒဿေတွာ၊ ပြ၍။ သြဝဒိယမာနဿ၊ဆုံးမအပ်သော်။ ဝါ၊ ဆုံးမအပ်သော။ (တဿ၊ ထိုရဟန်း၏သန္တာန်၌။) [ဤစကားဖြင့် သူတပါး၏ သြဝါဒဟူသော ဥပါယကို ပြ၏။](ဥပ္ပန္နံ ကုသလစိတ္တံ သသင်္ခါရေန ပစ္စယဂဏေန၊ ဥပ္ပန္နံ နာမ ဟောတိ။)ဝါ၊တနည်း။ နိဂ္ဂဟဝသေန၊ နှိပ်ခြင်း၏ အစွမ်းဖြင့်။ (အတင်းတိုက်တွန်းသောအားဖြင့်။) ဧဟိ၊လာ။ ဣဒံ၊ ဤအမှုကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ သို့။ ကာရိယမာနဿ၊ ပြုစေအပ်သော်။ ဝါ၊ ပြုစေအပ်သော။(တဿ၊ ထိုရဟန်း၏ သန္တာန်၌။-ဤစကားဖြင့် သူတပါး၏ ဥပါယကို ပြ၏။) ဥပ္ပန္နံ ကုသလစိတ္တံ။ပ။ဟောတိ။ ဣတိ၊ သို့။(ဥပ္ပတ္တိ ဝေဒိတဗ္ဗာ။)....ဒုတိယစိတ္တံ နိဋ္ဌိတံ။

၁။ **အတ္တနော ပယောဂေန။** ။စာအုပ်များ၌ ပယောဂေန၏နောက်၌ ဝါသဒ္ဒါကိုတွေ့ရ၏။ ထိုဝါကို ရှေးအဖွင့်များ မဖွင့်ကြ၊ သူ၏ ဝိကပ်ပြုစရာလည်းမ ရှိ။ ထို့ကြောင့် တဿေဝံမှစ၍ ဥပ္ပန္နံ ဟောတိ တိုင်အောင် ဝါကျသုံးမျိုးခွဲ၍ အဓိပ္ပာယ်မှတ်ပါ။

(၁) တဿ ဧဝံ အတ္တနော ပယောဂေန ဥပ္ပန္နံ ကုသလစိတ္တံ သသင်္ခါရေန ပစ္စယဂဏေန ဥပ္ပန္နံ နာမ ဟောတိ။

(၂) တဿ ပရေန ဝါ ဝတ္တာဒီနံ အကရဏေ စ အာဒီနဝံ၊ ကရဏေ စ အာနိသံသံ ဒဿေတွာ သြဝဒိယမာနဿ ဥပ္ပန္နံ ကုသလစိတ္တံ သသင်္ခါရေန ပစ္စယဂဏေန ဥပ္ပန္နံ နာမ ဟောတိ။

(၃) **တဿ** နိဂ္ဂဟဝသေန ဝါ "ဧဟိ ဣဒံ ကရောဟိ"တိ ကာရိယမာနဿ ဥပ္ပန္နံ ကုသလစိတ္တံ သသင်္ခါရေန ပစ္စယဂဏေန ဥပ္ပန္နံ နာမ ဟောတိ။

ဤသို့ သုံးဝါကျခွဲ၍ အဓိပ္ပာယ်ယူသောအခါ ပထမဝါကျအတွက် ဝါသဒ္ဒါ ပါဖွယ်မလိုကြောင်း၊ ဒုတိယ တတိယဝါကျအတွက်သာ "ပရေန ဝါ၊ နိဂ္ဂဟဝသေန ဝါ"ဟု ဝါသဒ္ဒါ ပါသင့်ကြောင်း သိသာ၏။ [အတင်းတိုက်တွန်းမှုကို "နိဂ္ဂဟ"ဟု ဆိုသည်။]

တတိယမဟာကုသိုလ်စိတ်

တတိယေ၊ တတိယစိတ်၌။ (သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ်၌။) ဉာဏေန၊ နှင့်။ ဝိပ္ပယုတ္တံ၊ မယှဉ်သည်တည်း။ ဣတိ၊ ကြောင့်။ ဉာဏဝိပ္ပယုတ္တံ၊ မည်၏။ ဟိ၊ မှန်။ (တနည်း) ဟိ၊ ယသ္မာ၊ ကြောင့်။ ဣဒံပိ၊ ဤ တတိယစိတ်သည်လည်း။ (ပိဖြင့် ရှေးစိတ် ၂-ပါးကို ပေါင်း။) အာရမ္မဏေ၊ ၌။ ဟဋ္ဌပဟဋ္ဌံ၊ ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းသည်။ ဝါ၊ အလွန် ရွှင်လန်းသည်။ ဟောတိ။ [ဤစကားဖြင့် သောမနဿသဟဂုတ် ဖြစ်ကြောင်းကို ပြသည်။] ပန၊ ထိုသို့ အလွန်ရွှင်လန်းပါသော်လည်း။ ဧတ္ထ၊ ဤတတိယစိတ်၌။ ပရိစ္ဆိန္ဒကဉာဏံ၊ ပိုင်းဖြတ်တတ်သော ဉာဏ်သည်။ န ဟောတိ၊ မရှိ။ ဝါ၊ မပါ။ တသ္မာ၊ ကြောင့်။ ဣဒံ၊ ဤ တတိယစိတ်ကို။ (ဝေဒိတဗ္ဗံ-၌ စပ်။) ဝါ၊ သည်။ (ဥပ္ပဇ္ဇတိ-၌ စပ်။) ဒဟရကုမာရကာနံ၊ ငယ်ရွယ်သော သတိုးသားတို့၏။ (သတိုးသားငယ်တို့၏။) ဘိက္ခုံ၊ ကို။ ဒိသွာ၊ ၍။ အယံ ထေရော၊ ဤ ထေရ်သည်။ မယှံ၊ ငါ၏။ (ထေရော၊ တည်း။) ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဝန္ဒနကာလေ၊ ရှိခိုးရာအခါ၌လည်းကောင်း။ တေနေဝ နယေန၊ ထိုနည်းအားဖြင့် သာလျှင်။ (ငါတို့၏ စေတီတည်း စသောနည်းအားဖြင့်သာလျှင်။) စေတိယဝန္ဒနဓမ္မဿဝနကာလာဒီသု စ၊ စေတီတော်ကို ရှိခိုးရာအခါ, တရားနာရာအခါ အစရှိသည်တို့၌လည်းကောင်း။ ဥပ္ပဇ္ဇတိ။ ဣတိ ဝေဒိတဗ္ဗံ။ ပန၊ ဆက်။ ပါဠိယံ၊ ၌။ ဧတ္ထ၊ ဤ တတိယစိတ်၌။ [1]သတ္တသု၊ ကုန်သော။ ဌာနေသု၊ တို့၌။ ပညာ၊ သည်။ ပရိဟာယတိ၊ ယုတ်လျော့၏။ သေသံ၊ ပညာ၏ယုတ်လျော့ခြင်းမှ ကြွင်းသောအစီအရင်သည်။ပါကတိကမေဝ၊ ပင်ကိုသဘော ရှိသည်သာ။ (ပထမ ဒုတိယစိတ်တို့နှင့် တူသည်သာ။) ဣတိ၊ အပြီးတည်း။....တတိယစိတ္တံ နိဋ္ဌိတံ။

စတုတ္ထမဟာကုသိုလ်စိတ်

စတုတ္ထစိတ္တေပိ၊ ၌လည်း။ (သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် မဟာကုသိုလ် သသင်္ခါရိကစိတ်၌လည်း။) ဧသေဝနယော၊ တည်း။ ပန၊ အထူးကား။

[1] ၁။ သတ္တသု ဌာနေသု။ ။ပညိန္ဒြေဟူသော နာမည်ဖြင့်ဖြစ်ရာ ဣန္ဒြိယဌာန၊ သမ္မာဒိဋ္ဌိဟူသော နာမည်ဖြင့်ဖြစ်ရာမဂ္ဂင်္ဂဌာန၊ပညာဗလံဟူသော နာမည်ဖြင့်ဖြစ်ရာ ဗလဌာန၊ အမောဟောဟူသော နာမည်ဖြင့်ဖြစ်ရာ မူလဌာန၊ သမ္မာဒိဋ္ဌိဟူသော နာမည်ဖြင့်ဖြစ်ရာ ကမ္မပထဌာန၊ သမ္ပဇညံဟူသော နာမည်ဖြင့်ဖြစ်ရာ ဥပကာရဌာန၊ ဝိပဿနာဟူသော နာမည်ဖြင့်ဖြစ်ရာ ဝိဋ္ဌိဒုကဋ္ဌာန ကို "၇-ဌာန" ဟု ဆိုသည်။ ထို ၇-ဌာန၌ ပညာကို အရကောက်ရသော ပညိန္ဒြေ စသည် မပါ—ဟူလို။

ဣဒံ၊ ဤ စတုတ္ထစိတ်ကို။ (လဗ္ဘတိ၊ ဝေဒိတဗ္ဗံ-တို့၌ စပ်။) သသင်္ခါရေနာတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ (ဝေဒိတဗ္ဗံ-၌ စပ်။) ယဒါ၊ ၌။ မာတာပိတရော၊ တို့သည်။ ဒဟရကုမာရကေ၊ ငယ်ရွယ်သော သတိုးသားတို့ကို။ (သတိုးသားငယ်တို့ကို။) သီသေ၊ ၌။ ဂဟေတွာ၊ ကိုင်၍။ (ဦးခေါင်းကို နှိမ်၍။) စေတိယာဒီနိ၊ စေတီတော် အစရှိသော ရှိခိုးဖွယ်တို့ကို။ ဝန္ဒာပေန္တိ၊ ရှိခိုးစေကြကုန်၏။ တေ စ၊ ထို သတိုးသားငယ်တို့သည်လည်း။ အနတ္တိကာ၊ ရှိခိုးခြင်းဖြင့် အလိုမရှိကြ ကုန်သည်။ (ပင်ကိုက ရှိမခိုးလိုကြကုန်သည်။) သမာနာပိ၊ ဖြစ်ပါကုန်သော်လည်း။ ဟဋ္ဌ ပဟဋ္ဌာဝ၊ ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းကုန်သည်သာ။ ဝါ၊ အလွန်ရွှင်လန်း ကုန်သည်သာ။ (ဟုတွာ။) ဝန္ဒန္တိ၊ ရှိခိုးကုန်၏။ ဧဝရူပေ၊ သော။ ကာလေ၊ ၌။ လဗ္ဘတိ၊ ဣတိ ဝေဒိတဗ္ဗံ။

ပဉ္စမမဟာကုသိုလ်စိတ်

ပဉ္စမေ၊ ၌။ (ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် အသင်္ခါရိကစိတ်၌။) ဥပေက္ခာသဟဂတံတိ၊ ကား။ ဥပေက္ခာဝေဒနာယ၊ နှင့်။ သမ္ပယုတ္တံ၊ အညီအမျှ ဧကုပ္ပါဒတာ-အစရှိသော အပြားတို့ဖြင့်ယှဉ်သော။ (စိတ္တံ-၌ စပ်။) ဟိ၊ မှန်။ ဣဒံ၊ ဤ ပဉ္စမစိတ်သည်။ အာရမ္မဏေ၊ ၌။ မဇ္ဈတ္တံ၊ အလယ်အလတ်၌ တည်သော သဘောရှိသည်။ ဝါ၊ လျစ်လျူရှုသည်။ ဟောတိ၊ ပန၊ ထိုသို့ လစ်လျူရှုပါသော်လည်း။ ဧတ္ထ၊ ဤ ပဉ္စမစိတ်၌။ ပရိစ္ဆိန္နကဉာဏံ၊ သည်။ ဟောတိ ယေဝ၊ ရှိသည်သာ။ ပန၊ ဆက်။ ပါဠိယံ၊ ၌။ ဧတ္ထ၊ ဤ ပဉ္စမစိတ်၌။ ဈာနစတုက္ကေ၊ ၌။ ဥပေက္ခာ ဟောတီတိ၊ ဟူ၍လည်းကောင်း။ ဣန္ဒြိယဋ္ဌကေ၊ ဣန္ဒြိယ အဋ္ဌက၌။ ဥပေက္ခိန္ဒြိယံ ဟောတီတိ၊ ဟူ၍လည်းကောင်း။ ဝုတ္တာ၊ ဟောတော်မူပြီး၍။ သဗ္ဗသမ္ပိ၊ ကုန်သော။ ဝေဒနာဒိပဒါနံ၊ ဝေဒနာ အစရှိသောပုဒ်တို့၏။ နိဒ္ဒေသေ၊ ၌။ သာတာ သာတသုခ ဒုက္ခ ပဋိက္ခေပဝသေန၊ သာတ အသာတကို ပယ်ခြင်း, သုခ ဒုက္ခကို ပယ်ခြင်း၏အစွမ်းဖြင့်။ ဒေသနံ၊ ကို။ ကတွာ၊ ပြုတော်မူ၍။ အဒုက္ခမသုခဝေဒနာ၊ ကို။ ကထိတာ၊ ပြီ။ [“နေဝသာတံ နာသာတံ” ဟု လည်းကောင်း၊ “အဒုက္ခမသုခံ” ဟု လည်းကောင်း ဒေသနာတော်ကို ပြုတော်မူသည်။ ပါဠိတော်ကိုကြည့်ပါ။]

အဿာ၊ ထို အဒုက္ခမသုခဝေဒနာ၏။ မဇ္ဈတ္တလက္ခဏော၊ လျစ်လျူရှုခြင်းလက္ခဏာ၌။ ဣန္ဒတ္တကာရဏဝသေန၊ အစိုးရသည်၏အဖြစ်ကို ပြုစေခြင်း၏အစွမ်းဖြင့်။ ဥပေက္ခိန္ဒြိယဘာဝေါ၊ ဥပေက္ခိန္ဒြေ၏ အဖြစ်ကို။ ဝေဒိတဗ္ဗော။ [“ဣန္ဒတ္တံ ကာရေတိ” နှင့် လျော်အောင် “ဣန္ဒတ္တကာရဏ” ဟု ရှိသောမူသာ

ကောင်း၏။] စ၊ ဆက်။ ပဒပဋ္ဌိပါဠိယာ၊ ပုဒ်တို့၏ အစဉ်အားဖြင့်။ ကေသွိံ ဌာနေ၊ တခုသော ဌာန၌။ (ဈာနင်္ဂ ဌာန၌။) ပီတိ၊ သည်။ ပရိဟီနာ၊ ယုတ်လျော့၏။ တသ္မာ၊ ကြောင့်။ ဓိတ္တင်္ဂဝသေန၊ ဖြင့်။ပါဠိအာရုဠ္ဌာ၊ ပါဠိတော်၌ တက်ရောက်ကုန်သော။ ပဉ္စပဏ္ဏာသေဝ၊ ၅၅-ပါးသာလျှင်ဖြစ်သော။ ဓမ္မာ၊ တို့သည်။ဟော်န္တိ။ တေသံ၊ထို တရားတို့၏။ ဝသေန၊ ဖြင့်။ သဗ္ဗကောဋ္ဌာသေသု၊ အလုံးစုံသော ကောဋ္ဌာသတို့၌လည်းကောင်း။ သဗ္ဗဝါရေသု စ၊ တို့၌လည်း ကောင်း။ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

ဆဋ္ဌ-စသည်မဟာကုသိုလ်စိတ်

ဆဋ္ဌ သတ္တမ အဋ္ဌမာနိ၊ ဆဋ္ဌစိတ်, သတ္တမစိတ်, အဋ္ဌမစိတ်တို့ကို။ ဒုတိယ တတိယ စတုတ္ထေသု၊ ဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌။ ဝုတ္တနယေနေဝ၊ ဖွင့်ဆိုအပ်ပြီးသော နည်းဖြင့်သာ။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဟိ၊ မှန်။ ကေဝလံ၊ ကြွင်းသော အစီအရင်မဖက် သက်သက်။ ဣမေသု၊ ဤ ဆဋ္ဌ သတ္တမ, အဋ္ဌမ စိတ်တို့၌။ ဝေဒနာ ပရိဝတ္တနဉ္စေဝ၊ ဝေဒနာကို လဲလှယ်ခြင်းသည်လည်း ကောင်း။ ပီတိပရိဟာနဉ္စ၊ ပီတိ၏ ယုတ်လျော့ခြင်းသည် လည်းကောင်း။ ဟောတိ၊ ၏။ သေသံ၊ ကြွင်းသော အစီအရင်ကို။ ဥပ္ပတ္တိနယေန၊ စိတ်ဖြစ်ပုံ နည်းနှင့်။ သဒ္ဓိံ။ တာဒိသမေဝ၊ ထို ဒုတိယ တတိယ စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာ။ ဟိ၊ မှန်။ [1]ကရုဏာ မုဒိတာ ပရိကမ္မကာလေပိ၊ ကရုဏာ မုဒိတာ ပရိကံပြုရာ အခါ၌လည်း။ ဣမေသံ၊ ဤ ဥပေက္ခာသဟဂုတ် စိတ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ပုံကို။ မဟာအဋ္ဌ-ကထာယံ၊ ၌။ အနုညာတာ ဧဝ၊ ခွင့်ပြုအပ်သည်သာ။ ဣမာနိ အဋ္ဌ၊ ဤ ရှစ်ပါးသောစိတ်တို့သည်။ ကာမာဝစရ ကုသလစိတ္တာနိ နာမ၊ တို့မည်၏။

၁။ ကရုဏာ။ပ။အနုညာတာဧဝ။ ။"တေသံ တာဒိသမေဝ" ဟူသော စကားကို ခိုင်မြဲစေလို၍"ကရုဏာ။ပ။အနုညာတာ ဧဝ"ဟု မိန့်သည်။ ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်သောကြောင့် ကရုဏာ မုဒိတာတို့ မယှဉ်နိုင် ဟု ထင်မှတ်ဖွယ်ရှိ၏။ ထိုသို့ ထင်မှတ်ဖွယ် ရှိသည့်အတိုင်းပင် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ "ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ န သန္တီတိ កេစိ ဝဒန္တိ"ဟု ကေစိဝါဒ လာသည်။ ထိုသို့ ကေစိဆရာတို့က ဥပေက္ခာသဟဂုတ်စိတ်၌ ကရုဏာ မုဒိတာတို့ မယှဉ်နိုင် ဟု ဆိုသော်လည်း မဟာအဋ္ဌကထာ၌ ယှဉ်နိုင်ကြောင်းကို ခွင့်ပြုထားသည်—ဟူလို။ [ကေစိဝါဒ၏ အဓိပ္ပာယ်နှင့် တကွ ပယ်ရှားချက်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ၊ မူလဋီကာကိုလည်း ရှုပါ။]

ပုညကိရိယာဝတ္ထုစသည်

သဗ္ဗာနိပိ၊ ကုန်သော။ တာနိ၊ ထို ကာမာဝစရ ကုသိုလ်စိတ်တို့ကို။ ဒသဟိ၊ ကုန်သော။ ပုညကိရိယဝတ္ထူဟိ[၁]၊ တို့ဖြင့်။ 'ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ကထံ၊ အဘယ်သို့ သိထိုက်ကုန်သနည်း။ ဒါနမယံ၊ ဒါနမယဖြစ်သော။ ပုညကိရိယ–ဝတ္ထု၊ပုညကိရိယ ဝတ္ထုလည်းကောင်း။ သီလမယံ၊သော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) ဘာဝနာမယံ၊ သော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) အပစိတိ သဟဂတံ[၂]၊ အရိုအသေပြုခြင်းဟူသော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) ဝေယျာဝစ္စသဟဂတံ၊ ဝေယျာဝစ္စဟူသော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) ပတ္တာနုပ္ပဒါနံ၊ ပတ္တာနုပ္ပဒါန ဟူသော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။)အဗ္ဘနုမောဒနံ၊ဟူသော။(ပုညကိရိယဝတ္ထု၊ လည်းကောင်း။) ဒေသနာမယံ၊ ဖြစ်သော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) သဝနမယံ၊ သော။ (ပုညကိရိယဝတ္ထု၊ လည်းကောင်း။) ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇုကမ္မဖြစ်သော။ ပုညကိရိယဝတ္ထု၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒသ၊ ဤ ၁၀–ပါး တို့သည်။ပုညကိရိယဝတ္ထူနိ နာမ၊ တို့မည်၏။ တတ္ထ၊ ထို ၁၀–ပါးသော ပုညကိရိယဝတ္ထုတို့တွင်။ ဒါနမေဝ၊ ဒါနသည်ပင်။ ဒါနမယံ၊ မည်၏။ (မယ အတွက် အနက်သီးခြား မရှိ။)ပုညကိရိယာ စ၊ ပြုထိုက်သော ကောင်းမှုလည်း ဟုတ်၏။ သာ၊ ထို ပြုထိုက်သောကောင်းမှု ဟူသည်။ တေသံ တေသံ အာနိ–

၁။ **ပုညကိရိယဝတ္ထု။** ။ကတ္တဗ္ဗာတိ ကိရိယာ။ ပုညံ စ+တံ+ကိရိယာ စာတိ ပုညကိရိယာ (ပြုထိုက်သော ကောင်းမှု။) ပုညကိရိယာ စ၊ ပြုထိုက်သော ကောင်းမှုလည်း ဟုတ်၏။သာ။ပ။ဟူသည်။ဝတ္ထု စ၊ထိုထိုအကျိုးတို့၏တည်ရာအကြောင်းလည်းဟုတ်၏။ ဣတိ ပုညကိရိယဝတ္ထု။ဒါနမယံ စသည်၌ မယပစ္စည်း၏ သွတ္ထဖြစ်ပုံနှင့် အခြားတနည်းကို ပြခဲ့ပြီ။

၂။ **အပစိတိ သဟဂတံ။** ။အပ-ရှေးရှိသော စိ-ဓာတ်သည် ဓာတ်ကျမ်းတို့၌ ဖျက်ဆီးခြင်းအနက်ကို ဟော၏၊ သို့သော် ဓာတူနံ အနေကတ္ထတ္တာ နှင့်အညီ ဤနေရာ၌ အရိုအသေပြုခြင်း အနက်ကို ဟောသင့်၏။ "အပစိနနံ၊ အရိုအသေပြုခြင်း။ အပစိတိ၊ ခြင်း။ အပစိတိ ဧဝ အပစိတိသဟဂတံ"ဟူသော ဋီကာပထမနည်းအလို သဟဂတ အတွက် အနက်သီးခြား မရှိ။....(တနည်း) အပစိတိ အရ အရိုအသေပြုကြောင်း စေတနာနှင့် ယှဉ်သော တရားတို့ကိုလည်းကောင်း၊ အရိုအသေပြုသော ကိုယ်အမူအရာ နှုတ်အမူအရာကိုလည်းကောင်း ယူ၍ "အပစိတိယာ+သဟဂတံ အပစိတိသဟဂတံ" ဟု ပြုလျှင် ထိုတရားတို့နှင့်ယှဉ်သော စေတနာကိုလည်းကောင်း၊ ထိုအမူအရာကိရိယာနှင့် တကွဖြစ်သော စေတနာကိုလည်းကောင်း "အပစိတိသဟဂတ မည်၏" ဟု ဋီကာဖွင့်သည်။ [ဝေယျာဝစ္စသဟဂတံ၌လည်း နည်းတူ။]

သံသာနံ၊ ထိုထို အကျိုးအာနိသင် တို့၏။ ဝတ္ထု စ၊ တည်ရာအကြောင်းလည်း ဟုတ်၏။ ဣတိ၊ ကြောင့်။ ပုညကိရိယဝတ္ထု၊ မည်၏။ သေသေသုပိ၊ ဒါနမယ ပုညကိရိယ ဝတ္ထုမှ ကြွင်းသော သီလမယ ပုညကိရိယဝတ္ထု စသော ပုညကိရိယဝတ္ထု တို့၌လည်း။ ဧသေဝ နယော၊ တည်း။

တတ္ထ၊ ထို ပုညကိရိယဝတ္ထုတို့တွင်။ (ဒါနမယ ပုညကိရိယဝတ္ထု နာမ-စသည်၌ စပ်။) စီဝရာဒီသု၊ သက်နှ်းအစရှိကုန်သော။ စတူသု၊ ကုန်သော။ ပစ္စယေသု၊ တို့တွင်။ [ဤစကားဖြင့် ဝိနည်း၌လာသော ဒါနဝတ္ထုကို ပြ၏။] ဝါ၊ တနည်း။ ရူပါဒီသု၊ ရူပါရုံ အစရှိကုန်သော။ ဆသု၊ ကုန်သော။ အာရမ္မဏေသု၊ တို့တွင်။ [ဤစကားဖြင့် အဘိဓမ္မာ၌လာသော ဒါနဝတ္ထုကို ပြသည်။] ဝါ၊ တနည်း။ အန္နာဒီသု၊ ထမင်း အစရှိကုန်သော။ (အာဒိဖြင့် "အန္နံ ပါနံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။ ဂန္ဓာ သေယျာ ပဒီပေယျံ၊ ဒါနဝတ္ထူ သိယုံ ဒသ"ဟူသော (၄၂၂) အဘိဓာန်ဂါထာ၌လာသော ပါန စသည်တို့ကို ယူ။) ဒသသု၊ ကုန်သော။ ဒါနဝတ္ထူသု၊ တို့တွင်။ [ဤစကားဖြင့် သုတ္တန်၌လာသော ဒါနဝတ္ထုကို ပြသည်။] တံတံ၊ ထိုထို ဒါနဝတ္ထုကို။ ဒေန္တဿ၊ ပေးလှူသောပုဂ္ဂိုလ်၏ (သန္တာန်၌လည်းကောင်း)။ တေသံ၊ ထို သက်နှ်း အစရှိသော လှူဖွယ်ဝတ္ထုတို့၏။ [စာအုပ်တို့၌"တေသံ တေသံ"ဟု ဝိစ္ဆာရှိ၏။ "တံတံ"ဟု ဝေဝုစ်ဝိစ္ဆာ ဆိုပြီးနောက် ထိုအရကိုပင် "တေသံ တေသံ" ဟု ဗဟုဝုစ်ဝိစ္ဆာ မပြုထိုက်။ ထို့ကြောင့် "တေသံတိ စီဝရာဒီနံ"ဟူသော ယောဇနာနှင့်အညီ တေသံတပုဒ်သာ ရှိထိုက်သည်။] ဥပ္ပါဒတော၊ ဖြစ်ရာအခါမှ။ ပဋ္ဌာယ၊ ၍။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့လည်းကောင်း။ (ပုဗ္ဗစေတနာ အခိုက်လည်းကောင်း။) ပရိစ္စာဂကာလေ၊ စွန့်လွှတ်ရာ အခါလည်းကောင်း။ (မုဉ္စစေတနာ အခိုက်လည်းကောင်း။) ပစ္ဆာ၊ ၌။ သောမနဿစိတ္တေန၊ သောမနဿနှင့် ယှဉ်သောစိတ်ဖြင့်။ အနုဿရဏေ စ၊ အောက်မေ့ရာအခါ လည်းကောင်း။ (အပရစေတနာ အခိုက်လည်းကောင်း။) ဣတိ၊ သို့။ တီသု၊ ကုန်သော။ ကာလေသု၊ တို့၌။ ပဝတ္တာ၊ သော။ စေတနာ၊ သည်။ ဒါနမယံ၊ ဒါနမယဖြစ်သော။ ပုညကိရိယဝတ္ထု နာမ၊ ပုညကိရိယဝတ္ထု မည်၏။

ပဉ္စသီလံ၊ ၅-ပါးသီလကို သော်လည်းကောင်း။ အဋ္ဌသီလံ၊ ရှစ်ပါးသီလကို သော်လည်းကောင်း။ ဒသသီလံ၊ ကို သော်လည်းကောင်း။ သမာဒိယန္တဿ၊ ဆောက်တည်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း။ (ပဝတ္တာ စေတနာ-၌ စပ်။) ပဗ္ဗဇိဿာမိ၊ ရှင်ရဟန်းပြုအံ့။ ဣတိ၊ ဤသို့ ကြံ၍။ ဝိဟာရံ၊ သို့။ ဂစ္ဆန္တဿ၊ သွားသောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ ပဗ္ဗဇန္တဿ၊ ရှင်

ဖြစ်ဆဲ ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ မနောရထံ၊ စိတ်၏အလိုကို။ မတ္တကံ၊ အထွတ်အထိပ်သို့။ ပါပေတွာ၊ ရောက်စေ၍။ (အဟံ၊ သည်။) ပဗ္ဗဇိတော၊ ရှင်ရဟန်းအဖြစ်သို့ ရောက်ပြီးသည်။ အမှိ ဝတ၊ ဖြစ်ရပေစွ။ သာဓု သာဓု၊ ကောင်းလေစွ ကောင်းလေစွ။ ဣတိ၊ သို့။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ ပါတိမောက္ခံ၊ ပါတိမောက္ခ သီလကို။ သံဝရန္တဿ၊ စောင့်စည်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ (ပါတိမောက္ခ သံဝရသီလကို စောင့်စည်းသော ပုဂ္ဂိုလ်ကို ဆိုသည်။) စီဝရာ-ဒယော၊ သင်္ကန်း အစရှိကုန်သော။ ပစ္စယေ၊ တို့ကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌ လည်းကောင်း။ (ပစ္စယသန္နိဿိတ သီလကို စောင့်ရှောက်သောပုဂ္ဂိုလ်ကို ဆိုသည်။) အာပါထဂတေသု၊ ရှေးရှုကျခြင်းသို့ ရောက်ကုန်သော။ ရူပါဒီသု၊ ရူပါရုံ အစရှိသော အာရုံတို့၌။ စက္ခုဒွါရာဒီနိ၊ စက္ခုဒွါရ အစရှိသော ဒွါရတို့ကို။ သံဝရန္တဿ၊ စောင့်စည်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ (ဣန္ဒြိယသံဝရသီလကို စောင့်စည်းသော ပုဂ္ဂိုလ်ကို ဆိုသည်။) အာဇီဝံ၊ အသက်မွေးဝမ်းကျောင်းကို။ သောဓေန္တဿ စ၊ သုတ်သင်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ (အာဇီဝပါရိသုဒ္ဓိသီလကို စောင့်စည်းသော ပုဂ္ဂိုလ်ကို ဆိုသည်။) ပဝတ္တာ စေတနာ။ သီလမယံ၊ သော။ ပုညကိရိယဝတ္ထု နာမ။

ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌။ ဝုတ္တေန၊ ဟောတော်မူအပ်သော။ ဝိပဿနာမဂ္ဂေန၊ ဝိပဿနာ အစဉ်အားဖြင့်။ စက္ခုံ၊ စက္ခုပသာဒကို။ အနိစ္စတော၊ အနိစ္စအားဖြင့်လည်းကောင်း။ ဒုက္ခတော၊ အားဖြင့်လည်းကောင်း။ အနတ္တတော၊ အားဖြင့်လည်းကောင်း။ ဘာဝေန္တဿ၊ ဖြစ်စေသောပုဂ္ဂိုလ်၏ (သန္တာန်၌လည်းကောင်း) ။ပ။မနံ၊မနောဒွါရကို။ [သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရတို့ကို ပေယျာလမြှုပ်ထားသည်။] ရူပေ၊ ရူပါရုံတို့ကို။ပ။ဓမ္မေ၊ ဓမ္မာရုံတို့ကို။ စက္ခုဝိညာဏံ၊ ကို။ပ။မနောဝိညာဏံ၊ ကို။ စက္ခုသမ္ဖဿံ၊ စက္ခုသမ္ဖဿ။ပ။မနောသမ္ဖဿံ၊ ကို။ စက္ခုသမ္ဖဿဇံ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော။ ဝေဒနံ၊ ကို။ပ။မနောသမ္ဖဿဇံ၊ သော။ ဝေဒနံ၊ ကို။ပ။ရူပသညံ၊ ရုပ်၌ဖြစ်သော သညာကို။ပ။ဇရာမရဏံ၊ ကို။ အနိစ္စတော။ပ။ဘာဝေန္တဿ၊ ၌လည်းကောင်း။ ပဝတ္တာ။ စေတနာ၊ သည်။ ဝါ၊ တနည်း။ အဋ္ဌတိံသာယ၊ ၃၈-ပါးသော။ အာရမ္မဏေသု၊ တို့၌။ အပ္ပနံ၊အပ္ပနာသို့။ အပ္ပတ္တာ၊ မရောက်သေးသော။ သဗ္ဗာပိ၊ သော။ စေတနာ၊သည်။ဘာဝနာမယံ၊သော။ပုညကိရိယဝတ္ထု နာမ၊မည်၏။[အာကာသကသိုဏ်းကို ကသိဏုဂ္ဃာဋိမာကာသ၌ သွင်းပြီးလျှင် အာလောက ကသိုဏ်းကို

ဩဒါတကသိုဏ်း၌သွင်း၍ ဓမ္မသင်္ဂဟ်ီစသော ပါဠိတော်၌ ကမ္မဋ္ဌာန်း“၃ဂ”ပါး သာ လာ၏။ ကာမာဝစရအခန်း ဖြစ်၍“အပ္ပနံ အပ္ပတ္တာ”ဟု ဆိုသည်။အပ္ပနာ သို့ရောက်လျှင် ရူပါဝစရဘာဝနာ ဖြစ်လိမ့်မည်။]

ပန၊ ကား။ မဟလ္လကံ၊ အသက် သိက္ခာ ဂုဏ်ဝါကြီးရင့်သူကို။ ဒိသွာ၊မြင် ၍။ ပစ္စုဂ္ဂမနု။ဂ။မဂ္ဂသမ္ပဒါနာဒိဝသေန၊ ခရီးဦးကြိုဆိုခြင်း,သပိတ်သင်္ကန်းကို လှမ်းယူခြင်း, ရှိခိုးခြင်း,လမ်းဖယ်ပေးခြင်း(လမ်း၌ဆုံနေလျှင် မိမိက ဖယ်ပေး ခြင်း)အစရှိသည်တို့၏ အစွမ်းဖြင့်။ အပစိတိသဟဂတံ၊ အပစိတိ ပုညကိရိယ ဝတ္ထုကို။ ဝေဒိတဗ္ဗံ။ ဝုဍ္ဍတရာနံ၊ အသက် သိက္ခာ ဂုဏ်ဝါကြီးရင့်သူတို့၏။ [သာရတ္ထဒီပနီ-သေနာသနက္ခန္ဓက၊ အင်္ဂုတ္တရဒီကထာ၌“ယေ ဝုဍ္ဍ မပစာ- ယန္တိ တိ ဇာတိဝုဍ္ဎော ဝယောဝုဍ္ဎော ဂုဏဝုဍ္ဎောတိ တယော ဝုဍ္ဎာ” ဟု ဖွင့်၏။] ဝတ္တပဋိပတ္တိကရဏဝသေန၊ဝတ် အကျင့်ကို ပြုခြင်း၏အစွမ်းဖြင့်လည်းကောင်း။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှာ။ ပဝိဋ္ဌံ၊ ဝင်လာသော။ ဘိက္ခုံ၊ ကို။ ဒိသွာ၊ ၍။ ပတ္တံ၊ ကို။ ဂဟေတွာ၊ ယူ၍။ ဂါမေ၊ ၌။ ဘိက္ခံ၊ ဆွမ်းကို။ သမာဒပေတွာ၊ ဆောက်တည်စေ၍။ (ထိုထိုအိမ်၌ ဆွမ်းလှူကြဖို့ရန် ဆော်ဩ၍-ဟူလို၊ “သမာ ပေတွာ၊ ပြည့်စုံစေ၍”ဟု ရှိလျှင်လည်း ကောင်း၏။) ဥပသံဟရဏဝသေန၊ ရဟန်း၏အထံသို့ ဆောင်ပို့ခြင်း၏ အစွမ်းဖြင့်လည်းကောင်း။ ဂစ္ဆ၊ သွားချေ။ ဘိက္ခူနံ၊ တို့၏။ ပတ္တံ၊ ကို။ အာဟရ၊ ဆောင်ယူချေလော့။ ဣတိ၊ ဤသို့ စေခိုင်းအပ်သောစကားကို။ သုတွာ၊ ကြား၍။ ဝေဂေန၊ လျင်စွာ။ ဂန္တွာ၊၍။ ပတ္တာဟရဏာဒိဝသေန၊ သပိတ်ကို ဆောင်ယူခြင်း အစရှိသည်တို့၏ အစွမ်း ဖြင့်လည်းကောင်း။ ကာယဝေယျာဝစ္စကကာလေ၊ ကိုယ်ဖြင့် ဝေယျာဝစ္စကို ပြုရာအခါ၌။ ဝေယျာဝစ္စသဟဂတံ၊ ဝေယျာဝစ္စ ပုညကိရိယဝတ္ထုကို။ဝေဒိ- တဗ္ဗံ၊ ၏။[ဝုဍ္ဍတရာနံ ဝတ္တပဋိပတ္တိကရဏဝသေန သည် ရဟန်းသာမဏေတို့၏ ဝေယျာဝစ္စပြုပုံကို ပြသောစကားတည်း။ ဂါမံ ပိဏ္ဍာယ စသော စကားတို့ ကား လူဝတ်ကြောင်တို့၏ ဝေယျာဝစ္စပြုပုံကို ပြသောစကားတည်း။]

ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူပြီး၍လည်းကောင်း။ ဂန္ဓာဒီဟိ၊ နံ့သာ အစရှိသောပူဇော်ဖွယ်တို့ဖြင့်။ ပူဇံ၊ ပူဇော်မှုကို။ ကတွာ၊ ပြုပြီး၍လည်း ကောင်း။ အသုကဿ နာမ၊ ထိုမည်သူ၏ အတွက်။ ပတ္တိ၊ ရောက်အပ် ရအပ်သော ကုသိုလ်အဖို့သည်။ ဟောတု၊ ဖြစ်ပါစေ။ ဣတိ ဝါ၊ ဤသို့သော် လည်းကောင်း။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့၏ အတွက်။ (ပတ္တိ၊ သည်။) ဟောတု၊ ဖြစ်ပါစေ။ ဣတိ ဝါ၊သော်လည်းကောင်း။ ပတ္တိံ၊ ရောက်အပ် ရအပ်သော ကုသိုလ်အဖို့ကို။ ဒဒတော၊ပေးသောပုဂ္ဂိုလ် ၏။ ပတ္တာနုပ္ပဒါန၊ ပတ္တာနုပ္ပဒါန ပုညကိရိယဝတ္ထုကို။ ဝေဒိတဗ္ဗံ။ [အနုပ္ပ-

ဒီယတေ ဧတေနာတိ အနုပ္ပဒါနံ။ တဆင့်ပေးစေကြောင်း(အမျှဝေကြောင်း) ဖြစ်သောစေတနာ။ ပတ္တိယာ၊ ရောက်အပ် ရအပ်သော ကုသိုလ်အဖို့ကို။အနုပ္ပ-ဒါနံ၊ တဆင့် ပေးစေကြောင်းဖြစ်သော စေတနာတည်း။ ပဝတ္တာနုပ္ပဒါနံ။]

ပန၊ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ဧဝံ၊ သို့။ ပတ္တိံ၊ကို။ ဒဒတော၊ ပေးဝေသောပုဂ္ဂိုလ်၏။(အမျှဝေသောပုဂ္ဂိုလ်၏။) ပုညက္ခယော၊ ကောင်းမှု၏ ကုန်ခြင်းသည်။ ဟောတိ ကိံ၊ ဖြစ်သလော။ [မိမိကုသိုလ်ကို သူတပါးအား ဝေလိုက်သည့်အတွက် ကုန်သွားသလား–ဟူလို။] (ပတ္တိံ ဒဒတော။ ပုညက္ခယော၊ သည်။) န ဟောတိ၊ မဖြစ်၊ ပန၊ အနွယ ကား။ ဧကံ၊ တခုသော။ ဒီပံ၊ ဆီမီးကို။ ဇာလေတွာ၊ တောက်စေ၍။ ဝါ၊ ငြိ ထွန်း၍။ တတော၊ ထိုဆီမီးမှ။ ဒီပသဟဿံ၊ ဆီမီးတထောင်ကို။ဇာလေန္တဿ၊ တောက်စေသောပုဂ္ဂိုလ်၏။(မီးကူး၍ထွန်းပေးသော ပုဂ္ဂိုလ်၏။) ပဌမဒီပေါ၊ ပထမ ဆီမီးကို။ ခီဏောတိ၊ ကုန်သွားပြီဟူ၍။ န ဝတ္တဗ္ဗော ယထာ၊ မဆို ထိုက်သကဲ့သို့။ ပန၊စင်စစ်ကား။ ပုရိမာလောကေန၊ ရှေ့ဆီမီးရောင်နှင့်။သဒ္ဓိံ။ ပစ္ဆိမာလောကော၊ နောက်ဆီမီးရောင်သည်။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ၍။ အတိမဟာ၊ အလွန်ကျယ်ပြန့်သည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ တူသာလျှင်။ ပတ္တိံ။ ဒဒတော၊၏။ ပရိဟာနိ နာမ၊ ယုတ်လျော့ ခြင်းမည်သည်။ နတ္ထိ။ ပန၊ စင်စစ်ကား။ ဝုဍ္ဍိယေဝ၊ တိုးပွားခြင်းသည် သာ လျှင်။ ဟောတိ၊ ဣတိ ဝေဒိတဗ္ဗော။

ပရေဟိ၊ သူတပါးတို့သည်။ဒိန္နာယ၊ အမျှပေးဝေအပ်သော။ပတ္တိယာ ဝါ၊ ရောက်အပ် ရအပ်သော ကုသိုလ်အဖို့ကိုသော် လည်းကောင်း။ အညာယ၊ အမျှပေးဝေအပ်သောကုသိုလ်မှတပါးသော။ ပုညကိရိယာယဝါ၊ ပြုအပ်သော ကောင်းမှုကိုသော်လည်းကောင်း။သာဓု သာဓူတိ၊ သာဓု သာဓု ဟူ၍။ အနု-မောဒနဝသေန၊ ဝမ်းမြောက်ခြင်း၏အစွမ်းဖြင့်။ အဗ္ဘနုမောဒနံ၊အဗ္ဘနုမောဒန ပုညကိရိယဝတ္ထုကို ဝေဒိတဗ္ဗံ။[သင်္ဂြိုဟ်၌"ပတ္တာနုမောဒန"ဟု ရှိ၏။ဤ အဋ္ဌ ကထာ၌ကား "အဗ္ဘနုမောဒန"ဟု ရှိ၏။ ထိုသို့ရှိသည့်အလိုက် အဓိပ္ပာယ် အယူ အဆ ကွဲပြားပုံကို သင်္ဂြိုဟ်ဘာသာဋီကာ ပုညကိရိယဝတ္ထုခန်း၌ ရှုပါ။]

ဧကော၊ တပါးသောပုဂ္ဂိုလ်သည်။ ဧဝံ၊ဤသို့ တရားဟောရလျှင်။မံ၊ ငါ့ကို။ ဓမ္မကထိကောတိ၊ ဟူ၍။ ဇာနိဿန္တိ၊ သိကြကုန်လတ္တံ့။ ဣတိ၊ သို့။ ဣစ္ဆာယ၊ ယုတ်မာသောအလို၌။ ဌတွာ၊ တည်၍။ လာဘဂရုကော၊ လာဘ်၌ အလေးပြု သည်။ဟုတွာ။ဒေသေတိ၊ဟော၏။တံ၊ ထို ဟောကြောင်းစေတနာသည်။မဟ-ပ္ဖလံ၊များသော အကျိုးရှိသည်။ န၊ မဖြစ်။ ဧကော၊သည်။ အတ္တနော၊မိမိ၏။

ပဂုဏံ၊ အဝါးဝစ္စာ လေ့လာအပ်ပြီးသော။ ဓမ္မံ၊ ကို။ အပစ္စာသီသမာနော၊ လာဘ်ကို မတောင့်တသည်။ ဟုတွာ၊ ၍။ ဝိမုတ္တာယတနသီသေန[၁]၊ နိဗ္ဗာန် တည်းဟူသော အကြောင်းကို အဦးပဓာန ပြုသဖြင့်။ ဝါ၊ နိဗ္ဗာန်ကို ပဓာန အကြောင်းပြုသဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဒေသေတိ၊ ဟော၏။ ဣဒံ၊ ဤ ဟောကြောင်းစေတနာသည်။ ဒေသနာမယံ၊ သော။ ပုညကိရိယ ဝတ္ထု နာမ၊ ၏။

ဧကော၊ တပါးသော ပုဂ္ဂိုလ်သည်။ သုဏန္တော၊ တရားနာလတ်သော်။ ဣတိ၊ ဤသို့ တရားနာရလျှင်။ မံ၊ ကို။ သဒ္ဓေါတိ၊ သဒ္ဓါရှိသူ ဟူ၍။ ဇာနိ-ဿန္တိ၊ သိကုန်လတ္တံ့။ ဣတိ၊ ဤသို့ ကြံ၍။ သုဏာတိ၊ နာ၏။ တံ၊ ထို တရားနာကြောင်း စေတနာသည်။ မဟပ္ဖလံ၊ သည်။ န၊ မဖြစ်။ ဧကော၊ သည်။ ဧဝံ၊ ဤသို့ တရားနာရသည်ရှိသော်။ မေ၊ ၏။ ဝါ၊ မှာ။ မဟပ္ဖလံ၊ များသောအကျိုးသည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဟိတဖရဏေန[၂]၊ ဒေသကပုဂ္ဂိုလ်၌ အစီးအပွားကို ဖြန့်ကြောင်းဖြစ်သော။ ဝါ၊ မိမိ၏ အစီးအပွား ကို ဖြန့်ကြောင်းဖြစ်သော။ မုဒုစိတ္တေန၊ နူးညံ့သောစိတ်ဖြင့်။ ဓမ္မံ၊ ကို။ သုဏာ-တိ၊ နာ၏။ ဣဒံ၊ ဤ၊ တရားနာကြောင်း စေတနာသည်။ သဝနမယံ၊ သော။ ပုညကိရိယဝတ္ထု နာမ၊ မည်၏။

ဒိဋ္ဌိံ၊ အသိဉာဏ်ကို။ ဝါ၊ အယူကို။ [ဉာဏ်ဖြင့်သိအပ်သော အယူကို ကာရဏူပစာရအားဖြင့် ဒိဋ္ဌိ ဟု ဆိုသည်။] ဥဇုံ၊ ဖြောင့်မတ်အောင်။ ကရော-န္တဿ၊ ပြုသောပုဂ္ဂိုလ်၏။ ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇုကမ္မ ဖြစ်သော။ ပုညကိရိယဝတ္ထု နာမ၊ မည်၏။ ပန၊ ဝါဒန္တရကား။ ဒီဃဘာဏကာ၊ ဒီဃနိကာယ်ကို ရွတ်အံ့ သရ-

၁။ ဝိမုတ္တာယတန သီသေန။ ။ဝိမုတ္တိသဒ္ဒါသည် များသောအားဖြင့် အရဟတ္တဖိုလ် ကိုသာ ဟော၏၊ ဤနေရာ၌ကား နိဗ္ဗာန်ကိုဖွင့်ကြသည်။ အာယတနသဒ္ဒါသည် အကြောင်းဟူသောအနက်ကို ဟော၏။ သီသသဒ္ဒါကား အဦးပဓာန အနက်ဟော တည်း၊နိဗ္ဗာန်ကိုပဓာနအားဖြင့် ရည်စူး၍ တရားဟောသည်။"တရားနာသူများကို တတ် သိ လိမ္မာစေလိုခြင်းများလည်း အပဓာနအားဖြင့် ပါဝင်နိုင်သည်" ဟူလို။ [ဝိမုတ္တာယ-တနသီသေနာတိ နိဗ္ဗာနသင်္ခါတဿ အာယတနဿ သီသဘာဝေန၊ နိဗ္ဗာနဿ ဝါ ပဋိလာဘဿ ပဓာနကာရဏဘာဝေန — နိဗ္ဗာန်ကိုရခြင်း၏ ပဓာန အကြောင်း၏ အဖြစ်ဖြင့်။-ယောဇနာ။ အနည်းငယ်ပျက်သည်ကို ပြင်လိုက်သည်။]

၂။ ဟိတ ဖရဏေန။ ။ဟိတ ဖရဏေနာတိ ဒေသကေ မေတ္တာဖရဏေန။ ဤ နည်း၌ ဒေသကပုဂ္ဂိုလ်အပေါ်ဝယ် စီးပွားလိုလားသော မေတ္တာကို "ဟိတဖရဏ"ဟု ဆိုသည်။ဧဝံမေ ဟိတံ ဘဝိဿတီတိ ပဝတ္တေန ဟိတစိတ္တေန ဝါ။ဤဒုတိယနည်း၌ကား မိမိ အစီးအပွားကို လိုလားသောစိတ်ကို "ဟိတဖရဏ" ဟု ဆိုသည်။ အဓိပ္ပာယ် ၂-မျိုးလုံးပင် စိတ်အနေ နူးညံ့သောကြောင့် "မုဒုစိတ္တေန" ဟု ဆိုသည်။

ဈျာယ်သော ထေရ်တို့သည်။ ဝါ၊ ဒီဃနိကာယ်ဆောင် ထေရ်တို့သည်။ အာဟု၊ ဆိုကြကုန်ပြီ။ (ကိံ။) ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇုကမ္မသည်။သဗ္ဗေသံ၊ အလုံးစုံသော ပုည ကိရိယဝတ္ထုတို့၏။ နိယမလက္ခဏံ၊ အကျိုးကြီးသည် အဖြစ်ကို အမြဲသတ်မှတ် ဆုံးဖြတ်ခြင်း၏ လက္ခဏာတည်း။ [နိယမ လက္ခဏန္တိ မဟပ္ဖလတာ နိယမဿ လက္ခဏံ။-ဋီကာ။ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်၍အကျိုးကြီးသည်-ဟူလို။] ဟိ၊ မှန်။ (တနည်း) ကသ္မာ။ ဒိဋ္ဌိဇုကမ္မံ၊ သည်။ သဗ္ဗေသံ၊ တို့၏။ နိယမလက္ခဏံ၊ သည်။ ဟောတိ၊ နည်း။ ဟိ ယသ္မာ၊ ကြောင့်။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံ တခုသော။ ပုညံ၊ ကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်၏။ ဒိဋ္ဌိယာ၊ အသိဉာဏ် ၏။ ဝါ၊ အယူ၏။ ဥဇုကဘာဝေနေဝ၊ ဖြောင့်မတ်သည်၏ အဖြစ်ကြောင့်သာ လျှင်။ မဟပ္ဖလံ၊ သည်။ ဟောတိ။ ဣတိ၊ ကြောင့်။ (ဒိဋ္ဌိဇုကမ္မံ၊ သည်။ သဗ္ဗေသံ၊ တို့၏။ နိယမလက္ခဏံ၊ သည်။ ဟောတိ။)

အထ ဝါ၊ ထို့ပြင် တနည်းကား။ ပီတိ စ၊ လည်း။ သုခဉ္စ၊ လည်း။ ပီတိသုခံ၊ ပီတိသုခ။ ဓမ္မဝိနယာဒယော ဝိယ၊ ဓမ္မဝိနယော အစရှိသော သဒ္ဒါ တို့ကဲ့သို့တည်း။ အဿ ဈာနဿ၊ ၏။ ဝါ၊ တနည်း။ အသ္မိံ ဈာနေ၊ ၌။ ဝိဝေကဇံ၊ ဝိဝေက-ကြောင့် ဖြစ်သော။ [ဝိဝေက၏အနက်ကို အကျယ်ပေး လိုက အဖွင့်ကြည့်ပေးပါ။] ပီတိသုခံ၊ သည်။ အတ္ထိ၊ ၏။ ဣတိ ဧဝမ္ပိ၊ ဤ သို့လည်း။ ဝါ၊ ဤ အကြောင်းကြောင့်လည်း။ ဝိဝေကဇံ ပီတိသုခံ၊ ဝိဝေ-ကဇံ ပီတိသုခံမည်၏။ [ဝိဝေကဇံ တပုဒ်, ပီတိသုခံ တပုဒ် ဟု ၂-ပုဒ်မခွဲပဲ တပုဒ်တည်းသာ ဖြစ်သည်။] ဟိ၊ မှန်။ (တနည်း) ဟိ (ယသ္မာ)၊ ကြောင့်။ ဈာနံ၊ သည်။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သည်။ ဟောတိ ယထေဝ၊ ဖြစ်သကဲ့သို့သာလျှင်။ ဧဝံ၊ တူ။ တတ္ထ၊ ဤ ဈာန်၌။ ပီတိသုခမ္ပိ၊ ပီတိသုခ သည်လည်း။ ဝိဝေကဇမေဝ၊ ကြောင့်ဖြစ်သည် သာလျှင်။ ဟောတိ၊ ၏။ အဿ၊ ထိုဈာန်၏။ တဉ္စ၊ ထို ဝိဝေကကြောင့်ဖြစ်သော ပီတိသုခသည်လည်း။ အတ္ထိ။ တသ္မာ၊ ကြောင့်။ ဧကပဒေနေဝ၊ ဖြင့်သာလျှင်။ ဝိဝေကဇံ ပီတိသုခန္တိ၊ ဝိဝေကဇံ ပီတိသုခံ ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ယုဇ္ဇတိ၊ သင့်၏။ ပန၊ ဆက်။ ဝိဘင်္ဂေ၊ ၌။ ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတန္တိအာဒိနာ၊ သဟဂတံ-အစရှိသော။ နယေန၊ ဖြင့်။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ ပန၊ ထိုသို့ပင် ဟော တော်မူအပ်ပါသော်လည်း။ အတ္ထော၊ ကို။ တတြာပိ၊ ထို ဈာနဝိဘင်း ပါဠိ၌ တော်၌လည်း။ ဧဝမေဝ၊ ဤ ဖွင့်ဆိုအပ်သည့်အတိုင်းသာ။ ဒဋ္ဌဗ္ဗော၊ ၏။

ပဌမံ ဈာနန္တိ ဧတ္ထ၊ ဟူသော ဤပါဠ်၌။ ဂဏနာနုပုဗ္ဗတာ (ဂဏနာနု ပုဗ္ဗတာယ)၊ ဂဏန်းအစဉ်အားဖြင့်။ ပဌမံ၊ ပထမ ဖြစ်သော။ (ဈာန်-၌ စပ်။)

[တနည်း၊ ပဌမံ[၁]၊ ပဌမံဟူသော သဒ္ဒါသည်။ ဂဏနာနုပုဗ္ဗတာ၊ ဂဏန်းအစဉ်အတိုင်းဖြစ်သော သဒ္ဒါတည်း။ (ဂဏန်းအစဉ်အားဖြင့် ပထမကို ဟောသော သဒ္ဒါဖြစ်သည်) -ဟူလို။] ပဌမံ၊ ရှေးဦးစွာ။ ဥပ္ပန္နံ၊ ဖြစ်သောဈာန်တည်း။ ဝါ၊ ရအပ်သော ဈာန်တည်း။ (ပြခဲ့သော ဥပ္ပန္နအမျိုးမျိုးတွင် ပဋိလဒ္ဓဥပ္ပန္နတည်း။) ဣတိ၊ ကြောင့်။ ပဌမံ၊ မည်၏။ ပဌမံ၊ စွာ။ သမာပဇ္ဇိတဗ္ဗံ၊ ဝင်စားထိုက်သော ဈာန်တည်း။ ဣတိပိ၊ ကြောင့်လည်း။ ပဌမံ၊ မည်၏။ ပန၊ ဆက်။ ဣဒံ၊ ဤ ရှေးဦးစွာ ဝင်စားရခြင်းဟူသော လက္ခဏာသည်။ ကေန္တ-လက္ခဏံ၊ ကေန် လက္ခဏာသည်။ န၊ မဟုတ်။ (ကသ္မာ၊ နည်း။) ဟိ (ယသ္မာ) ကြောင့်။ စိဏ္ဏဝသီဘာဝေါ၊ လေ့လာအပ်ပြီးသော ဝသီဘော်ရှိသော။ အဋ္ဌသမာပတ္တိလာဘီ၊ ရှစ်ပါးသော သမာပတ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်သည်။ အာဒိတော၊ အစဈာန်မှ။ပဋ္ဌာယ၊ စ၍။မတ္ထကံ၊ အပြီးအဆုံးသို့။ ပါပေန္တောပိ၊ ရောက်စေလျက်လည်း။သမာပဇ္ဇိတုံ၊ ဝင်စားခြင်းငှာ။သက္ကောတိ။မတ္ထကတော၊ အထွတ်အထိပ်ဈာန်မှ။ ဝါ၊ နောက်ဆုံးဈာန်မှ။ ပဋ္ဌာယ၊ ၍။ အာဒိံ၊ အစသို့။ပါပေန္တောပိ သမာပဇ္ဇိတုံ သက္ကောတိ။ အန္တရန္တရာ၊ အကြားအကြား၌။ ဩက္ကမန္တောပိ၊ သက်ရောက်လျက်လည်း။ (သမာပဇ္ဇိတုံ) သက္ကောတိ။(တသ္မာ၊ ကြောင့်။ ဣဒံ၊ သည်။ ကေန္တ လက္ခဏံ၊ သည်။ န ဟောတိ။) [အဆုံးမှစ၍ ဝင်စားသောအခါ၊ အကြားအကြား၌ ဝင်စားသောအခါဝယ် ဤဈာန်သည် ပထမ ဝင်စားအပ်သောဈာန် မဖြစ်နိုင်။ ထို့ကြောင့် "ပဌမံ သမာပဇ္ဇိ-တဗ္ဗံ" သည် ကေန္တလက္ခဏာ မဟုတ်ပါ-ဟူလို။] ဧဝံ၊ သို့လျှင်။ ပုဗ္ဗုပ္ပတ္တိယ-ဋ္ဌေန၊ ရှေးဦးစွာ ဖြစ်ခြင်းရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်။ [ပဌမံ ဥပ္ပန္နံ ကို ရည်ရွယ်သည်။] ပဌမံ နာမ ဟောတိ။

ဈာနန္တိ (ဧတ္ထ)၊ ဈာနံ ဟူသော ဤ ပါဌ်၌။ (အတ္ထုဒ္ဓာရဘာဝေန၊ အတ္ထု-ဒ္ဓာရ၏ အဖြစ်ဖြင့်။ လဗ္ဘမာနံ၊ ရထိုက်သော။)ဈာနံ၊ဈာန်သည်။ အာရမ္မဏူပ-နိဇ္ဈာနံ၊ အာရမ္မဏူပနိဇ္ဈာန် လည်းကောင်း။လက္ခဏူပနိဇ္ဈာနံ၊ လက္ခဏူပနိဇ္ဈာန် လည်းကောင်း။ ဣတိ၊ သို့။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိ၏။ တတ္ထ၊ ထို ၂-ပါးသော ဈာန်တို့တွင်။ အဋ္ဌ သမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့သည်။ ပထဝီကသိဏာဒိ အာရမ္မဏံ၊ပထဝီကသိုဏ်း အစရှိသောအာရုံကို။ဥပနိဇ္ဈာယန္တိ၊

၁။ ပဌမံ။ ။"ပဌမံ၊ ဂဏန်းအစဉ်အားဖြင့် ပထမ ဖြစ်သော။ ဝါ၊ ရှေးဦးစွာ ရအပ်သော။ ဝါ၊ ရှေးဦးစွာ ဝင်စားအပ်သော" ဟု ပါဠိတော်၌ ပေးပါ။ ပထမဟူသော အမည်သည် ပထမနည်းအလို ဒေသနာက္ကမ၊ ဒုတိယနည်းအလို ဥပ္ပတ္တိက္ကမ (ပုဂ္ဂိုလ်၌ ဖြစ်ခြင်း၏အစဉ်) တတိယနည်းအလို ပဝတ္တိက္ကမ (ဝင်စားသောအခါဖြစ်စဉ်) အားဖြင့် ရအပ်သော အမည်တည်း။

ရှုတတ်ကုန်၏၊ဣတိ၊ကြောင့်။(ထိုသို့ ပထဝီကသိုဏ်း အစရှိသောအာရုံကိုရှုတတ်ကုန်သည်၏ အဖြစ်ကြောင့်။) အာရမ္မဏူပနိဇ္ဈာနန္တိ၊ အာရမ္မဏူပနိဇ္ဈာန်ဟူ၍။ သဉ္ဇံ၊ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂတာ၊ ရောက်ကုန်ပြီ။ ပန၊ ကား၊ ဝိပဿနာမဂ္ဂဖလာနိ၊ ဝိပဿနာ,မဂ်, ဖိုလ်တို့သည်။ လက္ခဏူပနိဇ္ဈာနံ နာမ၊ မည်၏။ တတ္ထ၊ ထိုဝိပဿနာ, မဂ်, ဖိုလ်တို့တွင်။ ဝိပဿနာ၊ သည်။အနိစ္စာဒိလက္ခဏာဿ၊ အနိစ္စ အစရှိသော လက္ခဏာကို။ ဥပနိဇ္ဈာနတော၊ ရှုတတ်သည်၏ အဖြစ်ကြောင့်။ လက္ခဏူပနိဇ္ဈာနံ၊ မည်၏။ ဝိပဿနာယ၊ သည်။ ကတကိစ္စဿ၊ ပြုအပ်သော ကိစ္စ၏။ မဂ္ဂေန၊ မဂ်ဖြင့်။(မဂ်ကျမှ။) ဣဇ္ဈနတော၊ ပြီးစီးခြင်းကြောင့်။ မဂ္ဂေါ၊ သည်။ လက္ခဏူပနိဇ္ဈာနံ၊ မည်၏။ ပန၊ ကား။ ဖလံ၊ ဖိုလ်သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာဟူသော။ တထလက္ခဏံ၊ မှန်ကန်သည်၏ အဖြစ်ဟူသောလက္ခဏာကို။ ဥပနိဇ္ဈာယတိ၊ ရှုတတ်၏။ ဣတိ၊ ကြောင့်။ လက္ခဏူပနိဇ္ဈာနံ နာမ၊ မည်၏။ တေသု၊ ထို ၂–ပါးသောဈာန်တို့တွင်။ ဣမသ္မိံ အတ္ထေ၊ ဤ ပဌမံ ဈာနံ ဟူသောပုဒ်၏အနက်၌။ အာရမ္မဏူပနိဇ္ဈာနံ၊ အာရမ္မဏူပနိဇ္ဈာန်ကို။ အဓိပ္ပေတံ၊ ၏။ တသ္မာ၊ ကြောင့်။ (ထိုသို့ အာရမ္မဏူပနိဇ္ဈာန်၏ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။) အာရမ္မဏူပနိဇ္ဈာနတော၊ အာရုံကို ရှုတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ပစ္စနီကဈာပနတော ဝါ၊ ဆန့်ကျင်ဘက် တရားတို့ကို လောင်မြိုက်တတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဈာနန္တိ၊ ဈာနဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။[စာအုပ်တို့၌"ဈာပန", ဟု ရှိ၏။ ဈာယနသာ ရှိသင့်ကြောင်းကို ပါရာဇိကဏ် ဘာသာဋီကာ၌ ပြထားပြီ။]

ဥပသမ္ပဇ္ဇာတိ၊ ကား။ ဥပဂန္တွာ၊ ရောက်၍။ ပါပုဏိတွာ၊ ရောက်၍။ ဣတိ ဝုတ္တံ ဟောတိ။ ဝါ၊ တနည်း။ ဥပသမ္ပာဒယိတွာ၊ ပြီးစေ၍။ နိပ္ဖာဒေတွာ၊ပြီးစေ၍။ ဣတိ ဝုတ္တံ ဟောတိ။ ပန၊ ဆက်။ ဝိဘင်္ဂေ၌။ ဥပသမ္ပဇ္ဇာတိ ပဌမဿ။ပ။ဥပသမ္ပဒါတိ၊ ဒါဟူ၍။(ဘဂဝတာ။)ဝုတ္တံ၊ ပြီ။ တဿာပိ၊ ထို ဈာန ဝိဘင်း ပါဠိတော်၏လည်း။ ဧဝမေဝ၊ ဤ ဆိုအပ်ပြီးသည့် အတိုင်းသာ။ အတ္ထော ဝေဒိတဗ္ဗော။[ဥပသမ္ပဇ္ဇာတိ၊ ကား။ ပဌမဿ ဈာနဿ။ ပဌမဈာန်၏။ ဝါ၊ ကို။ ဝါ၊ သို့။ လာဘော ပဋိလာဘော၊ ရခြင်း။ ပတ္တိ သမ္ပတ္တိ၊ ရောက်ခြင်း။ ဖုသနာ သမ္ဖုသနာ၊ ထိခြင်း။ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်း။ ဥပသမ္ပဒါ၊ ပြီးစီးခြင်းတည်း။] ဝိဟရတီတိ၊ ကား။ တဒနုရူပေန၊ ထို ဈာန်အားလျော်ပတ်သော။ ဣရိယာပထဝိဟာရေန၊ ဣရိယာပုထ်တည်းဟူသော နေခြင်းဖြင့်။ ဣတိ၊ သို့။ ဝုတ္တပ္ပကာရဈာနသမင်္ဂီ၊ ဆိုအပ်ပြီးသော အပြားရှိသော ဈာန်နှင့်ပြည့်စုံသည်။ ဟုတွာ။(ဣတိကို ထပ်ဖွင့်သည်။) အတ္တ–

ဘာဝဿ၊ အတ္တဘော၏။ ဝါ၊ ကို။ ဠရိယနံ၊ အမူအရာကို။ ဝုတ္တိ၊ ဖြစ်ခြင်းကို။ ပါလနံ၊ စောင့်ခြင်းကို။ ယပနံ ယာပနံ၊ ရှည်သောကာလသို့ ရောက်စေခြင်းကို။ စာရံ၊ လှည့်လည်ခြင်းကို။ ဝိဟာရံ၊ ဣရိယာတပါး ညောင်းညာမျှားကို တပါးဖြင့်ဖြတ် မကျလတ်အောင် ဆောင်ခြင်းကို။ အဘိနိပ္ဖာဒေတိ၊ ပြီးစေတော်မူ၏။ ဣတိ အတ္ထော၊ နက်။ ဟိ၊ သာဓက ကား။ ဝိဘင်္ဂေ၊ ၌။ ဝိဟရတီတိ၊ ဣရိယတိ ။ပ။ ဝိဟရတီတိ၊ ဟူသော။ ဧတံ (သုတ္တံ)၊ ဤ ပါဠိကို။ ဘဂဝတာ ဝုတ္တံ။[ဝိဟရတီတိ၊ ကား။ ဣရိယတိ ဝတ္တတိ၊ ဖြစ်၏။ ပါလေတိ၊ စောင့်ရှောက်၏။ ယပေတိ ယာပေတိ၊ ရှည်သော ကာလသို့ ရောက်စေ၏။ စရတိ၊ လှည့်လည်၏။ ဝိဟရတိ၊ ဣရိယာတပါး။ပ။ဆောင်၏။ တေန၊ ကြောင့်။ ဝိဟရတီတိ၊ ဟူ၍။ ဝုစ္စတိ။]

ပထဝီကသိဏံ[၁] တိ ဧတ္ထ၊ ဟူသော ဤပါဠိ၌။ ပထဝီမဏ္ဍလမ္ပိ၊ ပထဝီ ကသိုဏ်းဝန်းကိုလည်း။ သကလဋ္ဌေန၊ အလုံးစုံဟူသော အနက်ကြောင့်။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝုစ္စတိ။ တံ၊ ထို ပထဝီ ကသိုဏ်းဝန်းကို။ နိဿာယ၊ မှီ၍။ ပဋိလဒ္ဓံ၊ ရအပ်သော။ နိမိတ္တမ္ပိ၊ နိမိတ်ကိုလည်းကောင်း။ ပထဝီကသိဏနိမိတ္တေ၊ ၌။ ပဋိလဒ္ဓဈာနမ္ပိ၊ အာရုံပြု၍ ရအပ်သောဈာန်ကိုလည်းကောင်း။ (ပထဝီကသိဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။) [ပိုသဒ္ဒါ ၃-ခုသည် အညမညသမုစ္စည်း။] တတ္ထ၊ ထို ပထဝီကသိုဏ်း အစရှိသည်တို့တွင်။ ဣမသ္မိံ အတ္ထေ၊ ဤပထဝီကသိဏံ ဟူသော ပုဒ်၏ အနက်၌။ ဈာနံ၊ ကို။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ ပထဝီကသိဏသင်္ခါတံ၊ ပထဝီကသိုဏ်းဟု ဆိုအပ်သော။ ဝါ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသည်ဟု ဆိုအပ်သော။ ဈာနံ၊သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ (တနည်း) ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ပြီးစေ၍။ ဝိဟရတိ၊ နေ၏။ ဣတိ အယံ၊ ဤ ဆိုအပ်

၁။ **ပထဝီကသိဏံ**။ ။ကသိဏသဒ္ဒါသည် အလုံးစုံဟူသောအနက်ကို ဟော၏။ [သမ္ဗန္ဓ သမတ္တမခိလံ၊ နိခိလံ သကလံ တထာ။နိဿေသံ ကသိဏာသေသံ၊ သမဂ္ဂဉ္စ အနူနကံ။ (၇၀၂-အဘိဓာန်။)] ပထဝီယေဝ၊ မြေသည်ပင်။ ကသိဏံ၊ အလုံးစုံ အကုန်အစင် အာရုံပြုအပ်သည်၏ အဖြစ်ကြောင့် ကသိဏတည်း။ ပထဝီကသိဏံ။ ပထဝီကသိုဏ်း= အလုံးစုံ အကုန်အစင် အာရုံပြုအပ်သောမြေဝိုင်း။ ဤအနက်သည် မုချအနက်တည်း။ထို ပထဝီကသိုဏ်းကို အာရုံပြု၍ရအပ်သော ပဋိဘာဂနိမိတ်ကား သဒိသူပစာရအားဖြင့် ပထဝီကသိဏ မည်၏။ ပဋိဘာဂသဒ္ဒါသည်''အတူ''ဟူသော အနက်ကို ဟော၏။ တံ တံ နိဿာယ ကို ကြည့်၍ မဥ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ ကဲ့သို့ ဌာနူပစာရလည်း ကြံကြ၏။ဈာန်ကို အရကောက်ရာ၌ကား အကြောင်း အာရုံ၏အမည်ကို အကျိုး အာရမ္မဏိက ဈာန်၌ တင်စားသောကြောင့် ကာရဏူပစာရအားဖြင့် ကသိဏမည်၏။ ရှေးနိဿယ၌''ကုန္တာ ပစရန္တိ''ကဲ့သို့ ဌာနျူပစာရ ကြံလေသည်။

ပြီးကား။ ဧတ္ထ၊ ဤ ပထဝီကသိဏံ ဈာနံ ဟူသောပါဠိ၌။ သခေ်ပတ္တော၊ အကျဉ်းဖြစ်သော အနက်တည်း။

ပန၊ ဆက်။ ဣမသ္မိံ ပထဝီကသိဏေ၊ ၌။ ပရိကမ္မံ၊ ပရိကံကို။ (အဖန်ဖန် ပြုလုပ်အပ် အားထုတ်အပ်သော ဘာဝနာမှုကို။) ကတွာ၊ ၍။ စတုက္က ပဉ္စက-ဇ္ဈာနာနိ၊ စတုက္ကဈာန် ပဉ္စကဈာန်တို့ကို- နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဈာနပဒ-ဋ္ဌာနံ၊ ဈာန်ဟူသောနီးကပ်သောအကြောင်း ရှိသော။ ဝိပဿနံ၊ ကို။ ဝဍ္ဎေ-တွာ၊ ပွားစေ၍။ (ဈာန်ဝင်စားပြီးမှ ဝိပဿနာကို ပွားစေ၍။) အရဟတ္တံ၊ ဖိုလ်သို့။ ပတ္တုကာမေန၊ ရောက်ခြင်းငှာ အလိုရှိသော။ ကုလပုတ္တေန၊ သည်။ ကိံ၊ အဘယ်ကို။ ကတ္တဗ္ဗံ၊ ပြုထိုက်ပါသနည်း။ ဣတိ၊ ဤကား အမေးတည်း။ တာဝ၊ ဘာဝနာမပွားမီ ရှေးဦးစွာ။ အာဒိတော၊ အစမှ စ၍။ ပါတိမောက္ခ သံဝရ။ပ။သမ်ါတာနိ၊ ပါတိမောက္ခ သံဝရသီလ ဣန္ဒြိယ သံဝရသီလ အာဇီဝ ပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလ ဟု ဆိုအပ်ကုန်သော။ စတ္တာရိ၊ ကုန်သော။ သီလာနိ၊ တို့ကို။ ဝိသောဓေတွာ၊ အထူး သုတ်သင်ပြီး၍။သုပရိ သုဒ္ဓေ၊ အလွန် ထက်ဝန်းကျင် စင်ကြယ်သော။ (သုသည် သုဋ္ဌုအနက်ဟော။) သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌိတေန၊ တည်ပြီးသည်။ (ဟုတွာ ပတိပဇ္ဇိ တဗ္ဗံ-၌ စပ်။) အဿ၊ ထို ယောဂီပုဂ္ဂိုလ်၏။ အာဝါသာဒီသု၊ အာဝါသ အစ ရှိကုန်သော။ ဒသသု၊ ကုန်သော။ပလိဗောဓေသု၊ တို့တွင်။ ယော ပလိဗော-ဓော၊ အကြင် ပလိဗောဓသည်။ အတ္ထိ။ [ပရိဗုန္ဓတိ၊ ဘာဝနာအလုပ်ကို နှောင့် ယှက်တတ်၏။ ဣတိ ပလိဗောဓော။-ပလိဗောဓ ၁၀-ပါးကို ဝိသုဒ္ဓိမဂ် စသည်၌ ရှုပါ။]

တံ၊ ထို ပလိဗောဓကြီး ၁၀-ပါးကို။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်ပြီး၍။ ကမ္မဋ္ဌာန ဒါယကံ၊ ကမ္မဋ္ဌာန်းကို ပေးနိုင်သော။ ကလျာဏမိတ္တံ၊ ကလျာဏ မိတ်ဆွေသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ပါဠိယာ၊ ပါဠိတော်၌။အာဂတေသု၊ ကုန်သော။ အဋ္ဌတိံသာယ[1]၊ သော။ ကမ္မဋ္ဌာနေသု၊ တို့တွင်။ အတ္တနော၊ ၏။ စရိယာနု-ကူလံ၊ စရိုက်အား လျောက်ပတ်သော။ ကမ္မဋ္ဌာနံ၊ကမ္မဋ္ဌာန်းကို။ ဥပပရိက္ခန္တေန၊

၁။ **အဋ္ဌတိံသာယ။** ။အာကာသကသိုဏ်းကို ကသိဏုဂ္ဃာဋိမာကာသ၌ သွင်းပြီးလျှင် အာလောကကသိုဏ်းကို ဩဒါတကသိုဏ်း၌ သွင်း၍ မွေသင်္ဂဟ် စသော ပါဠိတော်၌ ကမ္မဋ္ဌာန်း ၃၈-ပါးသာ လာသောကြောင့် "အဋ္ဌတ်ံသာယ"ဟု ဆိုသည်။ [ကိဉ္စာပိ ပါဠိယံ ပထဝီကသိဏာဒီနိ ရူပါဝစရဇ္ဈာနာရမ္မဏာနိ အဋ္ဌေဝ ကသိဏာနိ သရူပတော အာဂတာနိ၊ ဩဒါတဗာသိဏေ ပန အာလောကကသိဏံ, အာကာသ-ကသိဏေ စ (ကသိဏုဂ္ဃာဋိမာကာသကို ဆိုသည်။) ပရိစ္ဆိန္နာကာသကသိဏံ အန္တော ဂဓံ ကတွာ ဒေသနာ ကတာ။-ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ သေသကသိဏ နိဒ္ဒေသ။]

စူးစမ်း ဆင်ခြင်လက်သော်။ အဿ၊ ထို မိမိအား။ ဣဒံ ပထဝီကသိဏံ၊ ဤ ပထဝီကသိုဏ်းဟူသော ကမ္မဋ္ဌာန်းသည်။ အနုကူလံ၊ လျော်ကပ်သည်။ သစေ ဟောတိ၊ အံ့။ (ဧဝံ သတိ။) ဣဒမေဝ ကမ္မဋ္ဌာနံ၊ ဤ ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းကိုပင်။ ဂဟေတွာ၊ ယူ၍။ ဈာန ဘာဝနာယ၊ ဈာန်ကို ဖြစ်စေခြင်းအား။ [ဈာန်ခန်းအဖွင့်ဖြစ်၍ "ဈာန ဘာဝနာယ" ဟု ဆိုသည်။]အနနုရူပံ၊ မလျော်ကပ်သော။ ဝိဟာရံ၊ ကျောင်းတိုက်ကို။ (မဟာဝါသံ နဝါဝါသံ စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာသော မလျော်ကပ်သော ၁၈-ရပ်သောကျောင်းကို။)ပဟာယ၊ ပယ်စွန့်၍။အနုရူပေ၊ လျော်ကပ်သော။ဝိဟာရေ၊ ၌။ ဝိဟရန္တေန၊ နေလျက်။ [**မဝေးနီးမော, မရောလူရှင်, မှက်ခြင်ပါးနိုး, ပစ္စည်းမိတ်ဆွေ, ရလွယ်လေ, ငါးထွေ ကျောင်းအင်္ဂါ**။ ဤ အင်္ဂါ ၅-ပါးနှင့်ညီသော ကျောင်းတိုက်၌ နေလျက်။] ခုဒ္ဒက ပလိဗောဓုပစ္ဆေဒံ၊ ငယ်သော ပလိဗောဓကို ဖြတ်ခြင်းကို။ ကတွာ၊ ၍။ (ရှည်သောလက်သည်း ဆံပင်တို့ကိုဖြတ်ခြင်း အစရှိသော ငယ်သော ပလိဗောဓကို ပယ်ခြင်းကိုပြု၍။) ကသိဏ ပရိကမ္မ။ပ။ကောသလ္လပ္ပ–ဘေဒံ၊ ကသိုဏ်းပရိကံကိုပြုခြင်း ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ခြင်း ၇-ပါးသော အသပ္ပါယကို ရှောင်ကြဉ်ခြင်း ၇-ပါးသော သပ္ပါယကိုမှီဝဲခြင်း ၁၀–ပါးအပြားရှိသော အပ္ပနာကောသလ္လ အပြားရှိသော။ သဗ္ဗံ၊ သော။ ဘာဝနာဝိဓာနံ၊ ဘာဝနာအစီအရင်ကို။ အပရိဟာပေန္တေန၊ မယုတ်လျော့စေပဲ။ ဈာနာဓိဂမတ္ထာယ၊ ဈာန်ကို ရခြင်းအကျိုးငှာ။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ အယံ၊ ဤ ဆိုအပ်ပြီးကား။ ဧတ္ထ၊ ဤ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ သင်္ခေပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရော ပန၊ ကိုကား။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ (မယာ၊ သည်။) ဝုတ္တနယေနေဝ၊ ဖြင့်သာ။ ဝေဒိတဗ္ဗော။

စ၊ ဆက်။ ဧတ္ထ၊ ဤ ပထဝီကသိဏ ကမ္မဋ္ဌာန်း၌။ (ဘာဝနာဝိဓာနံ၊ ကို။ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေနေဝ။ ဝေဒိတဗ္ဗံ ယထာ၊ ကဲ့သို့။) ဧဝံ၊ တူ။ ဣတော၊ ဤ ပထဝီကသိဏ ကမ္မဋ္ဌာန်းမှ။ ပရေသုပိ၊ နောက်ဖြစ်သော ကမ္မဋ္ဌာန်းတို့၌လည်း။ (ဘာဝနာဝိဓာနံ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။) ဟိ၊ မှန်။ သဗ္ဗကမ္မဋ္ဌာနာနံ၊ တို့၏။ သဗ္ဗံ၊ သော။ ဘာဝနာဝိဓာနံ၊ ကို။ အဋ္ဌကထာ–နယေန၊ ရှေးအဋ္ဌကထာ နည်းဖြင့်။ ဂဟေတွာ၊ ယူ၍။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ ဝိတ္ထာ–ရိတံ၊ ချဲ့အပ်ပြီ။ တတ္ထ တတ္ထ၊ ထိုထို အဋ္ဌကထာ၌။ ပုန၊ တဖန်။ ဝုတ္တေန၊ ဆိုအပ်သော။ တေန၊ ထို ဘာဝနာအစီအရင်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ကြောင့်။ နံ၊ ထို ဘာဝနာအစီအရင်ကို။ ပုန၊ တဖန်။ န ဝိတ္ထာရယာမ၊ မချဲ့ကုန်။ ပန၊ ထိုသို့ မချဲ့ပါကုန်သော်လည်း။ ပါဠိယာ၊

၏။ ဟေဋ္ဌာ၊ ၌။ အနာဂတံ၊ မလာသေးသော။ အတ္တံ၊ ကို။ အပရိဟာ-
ပေန္တာ၊ မယုတ်လျော့စေကုန်ပဲ။ နိရန္တရံ၊ အကြားမရှိအောင်။ အနုပဒဝဏ္ဏန
မေဝ၊ အစဉ်အတိုင်းဖြစ်သော ပုဒ်တို့၏ အဖွင့်ကိုသာ။ ကရိဿာမ၊ ပြုကုန်အံ့။

တသ္မိံ သမယေတိ၊ ကား။ ပဌမဇ္ဈာနံ၊ သို့။ ဥပသမ္ပဇ္ဇ၊ ၍။ တသ္မိံ ဝိဟရဏ
သမယေ၊ ထို နေရာအခါ၌။ ဖဿော၊ သည်။ ဟောတိ။ပ။အဝိက္ခေပေါ၊သည်။
ဟောတိ။ ဣတိ၊ သို့။ ကာမာဝစရပဌမကုသလစိတ္တေ၊ ၌။ ဝုတ္တပ္ပကာရာယ၊
ဆိုအပ်ပြီးသော အပြားရှိသော။ ပဒပဋိပါဋိယာ၊ အားဖြင့်။ ဆပ္ပဏ္ဏာသ၊ ၅၆-
ပါးသော။ ဣမေ ဓမ္မာ၊ တို့သည်။ ဟောန္တိ။ ဟိ၊ မှန်။ (တနည်း) ဟိ၊ စိုးစဉ်း
အနည်းငယ် ဆိုဖွယ်အထူးကား။ကေဝလံ၊သက်သက်။ ဝေ၊ ထို ၅၆-ပါးသော
တရားတို့သည်။ ကာမာဝစရာ၊ တို့တည်း။ ဣမေ၊ ဤ ၅၆-ပါးသော တရား
တို့သည်။ ဘူမန္တရဝသေန၊ ဘုံအထူး၏ အစွမ်းဖြင့်။ မဟဂ္ဂတာ၊ မြတ်သည်၏
အဖြစ်သို့ ရောက်ကုန်သော။ ဝါ၊ မဟဂ္ဂုတ်ဖြစ်ကုန်သော။ ရူပါဝစရာ၊ ရူပါ-
ဝစရတို့သည်။ ဟောန္တိ။ ဣတိ အယံ၊ ကား။ (ဤသို့ ကာမာဝစရမဟုတ်ပဲ
ရူပါဝစရ အဖြစ်ကား။) ဧတ္ထ၊ ဤ ၅၆-ပါးသော တရားတို့၌။ ဝိသေသော၊
အထူးတည်း။ သေသံ၊ ကြွင်းသော အစီအရင်ကို။ တာဒိသမေဝ၊ ထိုကဲ့သို့ ရှု
အပ်သည်သာ။ (ကာမာဝစရ ကုသိုလ်အဖွင့်ကဲ့သို့ ရှုအပ်သည်သာ။) ပန၊အထူး
ကား။ ဧတ္ထ၊ ဤ ရူပါဝစရ ကုသိုလ်အဖွင့်၌။ ယေဝါပနကာ၊ ယေဝါပနက
ဖြစ်ကုန်သော။ ဆန္ဒာဒယော၊ အစရှိကုန်သော။ စတ္တာရောဝ၊ ၄-ပါးသော
တရားတို့ကိုသာ။ လဗ္ဘန္တိ။ [ယေဝါပနကတရား ၉-ပါးတို့တွင် ဆန္ဒ, အဓိ-
မောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ၄-ပါးတို့သာ ရ၏၊ ပဌမကသိဏ
ဈာန်ခန်းဖြစ်သောကြောင့် ကရုဏာ, မုဒိတာ ၂-ပါးမရ။ မဟဂ္ဂုတ်၌ ဝိရတိ
မယှဉ်သောကြောင့် ဝိရတိသုံးပါးလည်း မရ။]သေသာ ဝါရ သုညတဝါရာ၊
တို့သည်။ ပါကတိကာ ဧဝ၊ ပင်ကိုသဘော ရှိကုန်သည်သာ။ ဣတိ၊ အပြီး
တည်း။....ပဌမံ၊ ပဌမဈာန်သည်။ (နိဋ္ဌိတံ၊ ပြီ။)

ဒုတိယဈာန်

ဒုတိယဇ္ဈာန နိဒ္ဒေသေ၊ ၌။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ ကား။ ဝိတက္ကဿ
စ၊ ဝိတက် လည်းကောင်း။ [ဣတိ-၌ စပ်။ "ဝိတက္ကဿ စ၊ ၏ လည်းကောင်း"
ဟု ပေးလျှင် "ဣတိ ဣမေသံ ဒွိန္နံ" ဟု ပေးပါ။] ဝိစာရဿ စ၊ လည်းကောင်း။
ဣတိ၊ သို့။ ဣမေသံ ဒွိန္နံ၊ ဤ ၂-ပါးသော တရားတို့၏။ ဝူပသမာ၊ ငြိမ်း
အေးခြင်းကြောင့်။သမတိက္ကမာ၊လွန်မြောက်ခြင်းကြောင့်။ ဒုတိယဇ္ဈာနက္ခဏေ၊

ဒုတိယဈာန်ခဏ၌။ အပါတုဘာဝေါ၊ ထင်ရှားမဖြစ်ခြင်းကြောင့်။ ဣတိ ဝုတ္တံ
ဟောတိ။ တတ္ထ၊ ထို ဝိတက္က ဝိစာရာနံ ဝူပသမာ ဟူသော ပါဌ်၌။ (စောဒနာ
သောဓနာနယော၊ စောဒနာ သောဓနာနည်းကို။ ဧဝံ၊ ဤ ဆိုအပ်လတ္တံ့
သော နည်းဖြင့်။ ဝေဒိတဗ္ဗော။) ဒုတိယဇ္ဈာနေ၊ ၌။ သဗ္ဗေပိ၊ လည်းဖြစ်
ကုန်သော။ ပဌမဇ္ဈာနဓမ္မာ၊ ပဌမဈာန် တရားတို့သည်။ ကိဥ္စာပိ န သန္တိ၊
အကယ်၍ကား မရှိပါပေကုန်။ ဟိ၊ မှန်၏။ တနည်း-ဟိ (ယသ္မာ)၊ ကြောင့်။
ပဌမဇ္ဈာနေ၊ ၌။ ဖဿာဒယော၊ ဖဿ အစရှိကုန်သော တရားတို့သည်။ အညေ
ယေဝ၊ ဒုတိယဈာန် ဖဿ-အစရှိသော တရားတို့မှ တမျိုးတခြားတို့သာတည်း။
ဣဓ၊ ဤ ဒုတိယဈာန်၌။ (ဖဿာဒယော၊ တို့သည်။) အညေယေဝ၊ ပဌမ
ဈာန်ဖဿ အစရှိသောတရားတို့မှ တမျိုးတခြားတို့သာတည်း။တသ္မာ၊ ကြောင့်။
ဒုတိယဇ္ဈာနေ၊ ၌။ သဗ္ဗေပိ၊ ကုန်သော။ ပဌမဇ္ဈာနဓမ္မာ၊ တို့သည်။ ကိဉ္စာပိ န
သန္တိ၊- ကုန်၊ (ပြန်လှည့်စပ်သည်။) ပန၊ ထိုသို့ပင် မရှိပါကုန်သော်လည်း။
ဩဠာရိကဿ ဩဠာရိကဿ၊ ရုန့်ရင်း ရုန့်ရင်းသော။ အင်္ဂဿ၊ ဈာန်အင်္ဂါကို။
သမတိက္ကမာ၊ ကြောင့်။ ပဌမဇ္ဈာနတော၊ ဈာန်မှ။ ပရေသံ၊ နောက်ဖြစ်ကုန်
သော။ ဒုတိယဇ္ဈာနာဒီနံ၊ ဒုတိယဈာန် အစရှိသည်တို့ကို။ အဓိဂမော၊ ရခြင်း
သည်။ ဟောတိ၊ ၏။ ဣတိ ဣမဿ အတ္ထဿ၊ ကို။ (ဒီပနဉ္စ ယု-ပစ္စည်းဖြစ်၍
ဆဋ္ဌီကံ ထားသည်။) ဒီပနတ္ထံ၊ ပြတော်မူခြင်း အကျိုးငှာ။ ဝိတက္ကဝိစာရာနံ
ဝူပသမာတိ၊-မာဟူ၍။ ဧဝံ၊ သို့။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။ ဣတိ ဝေဒိတဗ္ဗံ။
ဣဓ၊ ဤ ဈာနကထာ၌။ နိယကဇ္ဈတ္တံ၊ မိမိကို မှီ၍ဖြစ်သော အဇ္ဈတ္တကို။
အဇ္ဈတ္တန္တိ၊ အဇ္ဈတ္တဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဝိဘင်္ဂေ ပန၊ ဈာနဝိဘင်း
ပါဠိတော်၌ကား။ (တနည်း) ဝိဘင်္ဂေ ပန၊ ၌လည်း။ အဇ္ဈတ္တံ ပစ္စတ္တန္တိ၊ ဟူ
၍။ ဧတ္တကမေဝ၊ ဤမျှလောက်ကိုသာ။ (ပါဌ်ရှိတိုင်း ပေးသည်။) တနည်း-
ဧဝမေဝ၊ ဤအတိုင်းသာ။(ဖြစ်သင့်သော ပါဌ်။ ဘဂဝတာ)ဝုတ္တံ။ [အဓိပ္ပာယ်
ကို ပါရာဇိကဏ် ဘာသာဋီကာ၌ ပြထားပြီ။] ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။
နိယကဇ္ဈတ္တံ၊ တ္တကို။ အဓိပ္ပေတံ၊ ၏။ တသ္မာ၊ ကြောင့်။ အတ္တနိ၊ မိမိ၌။ ဇာတံ၊
ဖြစ်သော။ အတ္တနော၊ ၏။ သန္တာနေ၊ ၌။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဣတိ၊ သို့။
ဧတ္ထ၊ ဤ အဇ္ဈတ္တံ ပုဒ်၌။ အယံ အတ္ထော၊ ဤအနက်သည်။ (ဟောတိ။)[ပါရာ-
ဇိကဏ်၌ "အတ္တနိ ဇာတံ အတ္တနော သန္တာ၅နေ နိဗ္ဗတ္တန္တိ အယမေတ္ထ အတ္ထော"
ဟု ရှိ၏။ ထို စာသွားက ကောင်းသည်။ ဘာကြောင့်နည်း-အတ္တနိ ဇာတံ ကို
"အတ္တနော သန္တာနေ နိဗ္ဗတ္တံ" ဟု ဖွင့်ရာရောက်သောကြောင့်တည်း။]
သမ္ပသာဒနံတိ ဧတ္ထ၊-ဟူသော ဤ ပါဌ်၌။ သဒ္ဓါ၊ သဒ္ဓါကို။ သမ္ပသာဒနံ၊
-ဟူ၍။ ဝုစ္စတိ၊ ၏။ သမ္ပသာဒနယောဂတော၊ ကြည်လင်စေတတ်သော

သဒ္ဓါနှင့် ယှဉ်ခြင်းကြောင့်။ ဈာနမ္ပိ၊ ဈာန်သည်လည်း။ သမ္ပသာဒနံ-မည်၏။ (ကိမိဝ၊ အဘယ်ကဲ့သို့နည်း။) နီလဝဏ္ဏယောဂတော၊ ညိုသော အဆင်းနှင့် ယှဉ်ခြင်းကြောင့်။ နီလဝတ္ထံ ဝိယ၊ နီလဝတ္ထ မည်သကဲ့သို့တည်း။ ဝါ၊ တနည်း။ ယသ္မာ၊ ကြောင့်။ တံ ဈာနံ၊ သည်။ သမ္ပသာဒနသမန္နာဂတတ္တာ၊ ကြည်လင်စေတတ်သော သဒ္ဓါနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စ၊ ဝိတက် ဝိစာရတို့ လှုပ်ချောက်ချားမှု၏ ငြိမ်သက်ခြင်းကြောင့် လည်းကောင်း။ စေတော၊ စိတ်ကို။ သမ္ပသာဒယတိ၊ ကြည်လင်စေတတ်၏။ တသ္မာပိ၊ ကြောင့်လည်း။ (ပိဖြင့် ရှေးနည်းကို ပေါင်း။) သမ္ပသာဒနန္တိ၊-ဒန ဟူ၍။(ဘဂဝတာ။) ဝုတ္တံ၊ အပ်ပြီ။ စ၊ ဆက်။ ဣမသ္မိံ အတ္ထဝိကပ္ပေ၊ ဤ အတ္ထဝိကပ်၌။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်လင်စေတတ်သော။ ဣတိ ဧဝံ၊ သို့။ ပဒသမ္ဗန္ဓော၊ ပုဒ်တို့၏ ဆက်စပ်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ ပုရိမသ္မိံ၊ ရှေ့ဖြစ်သော။ အတ္ထဝိကပ္ပေ ပန၊ ၌ကား။ စေတသော တိ ဧတံ၊ စေတသော ဟူသော ဤ ပုဒ်ကို။ ဧကောဒိဘာဝေန၊ ဧကောဒိဘာဝ ပုဒ်နှင့်။ သဒ္ဓိံ၊ တကွ။ ယောဇေတဗ္ဗံ၊ ယှဉ်စေထိုက်၏။

တတြ၊ ထို စေတသော ဧကောဒိဘာဝံ ပုဒ်တို့၌။ အယံ၊ ဤ ဆိုအပ်လတ္တံ့ ကား။ အတ္ထယောဇနာ၊ အနက်တို့ကို ယှဉ်စေခြင်းတည်း။ ဧကော၊ မြတ်သည်။ ဝါ၊ အဖော်မပါသည်။(ဟုတွာ။) ဥဒေတိ၊ ဖြစ်၏။ ဣတိ။ ဧကောဒိ၊ ဒိမည် ၏။ ဝိတက္ကဝိစာရေဟိ၊ တို့သည်၊ အနဇ္ဈာရုဠှတ္တာ၊ မတက်ရောက်အပ်သည်၏ အဖြစ်ကြောင့်။အဂ္ဂေါ သေဋ္ဌော၊မြတ်သည်။ ဟုတွာ ဥဒေတိ ဣတိ အတ္ထော။ ဟိ၊မှန်၏။ သေဋ္ဌောပိ၊ မြတ်သော အရာကိုလည်း။ လောကေ၊ ၌။ ဧကောတိ၊ ဧကော ဟူ၍။ ဝုစ္စတိ၊ ၏။ ဝါ၊ တနည်း။ ဝိတက္ကဝိစာရဝိရဟတော၊ ဝိတက် ဝိစာရတို့မှ ကင်းခြင်းကြောင့်။ ဧကော အသဟာယော၊ အဖော်မရှိသည်။ ဟုတွာ(ဥဒေတိ၊ ဖြစ်၏။) ဣတိပိ၊ သို့လည်း။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ။ အထ ဝါ၊ ထို့ပြင် တနည်းကား။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ဥဒါယတိ၊ တက်ကြွစေတတ်၏။ ဣတိ။ ဥဒိ၊ မည်၏။ ဥဋ္ဌာပေတိ၊ တက်ကြွစေတတ်၏။ ဣတိ အတ္ထော။ သေဋ္ဌဋ္ဌေန၊ မြတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်။ ဧကော စ၊ မြတ်သည်လည်း ဟုတ်၏။ သော၊ ထို အမြတ်ဟူသည်။ ဥဒိ စ၊ သမ္ပယုတ္တဓမ္မတို့ကို တက်ကြွစေတတ်သည်လည်း ဟုတ်၏။ ဣတိ၊ ကြောင့်။ ဧကောဒိ၊ မည်၏။ ဧတံ၊ ဤ ဧကောဒိဟူသော အမည်သည်။ သမာဓိဿ၊ သမာဓိ၏။အဓိဝစနံ၊အမည်တည်း။ဣတိ၊ဤသို့လျှင်။ ဣမံ ဧကောဒိံ၊ ဤ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို။ ဝါ၊ ဤ ဝိတက် ဝိစာရ အဖော်မပါသည် ဖြစ်၍ ဖြစ်သော သမာဓိကို။ ဝါ၊ ဤ မြတ်လည်းမြတ် သမ္ပယုတ်တရားတို့

ကိုလည်း တက်ကြွစေတတ်သော သမာဓိကို။ ဘာဝေတိ ဝဍ္ဎေတိ၊ တိုးပွားစေတတ်၏။[ဘူဓာတ်သည် သတ္တာအနက်အပြင် ဝုဍ္ဎိ(ဝစုန)အနက်လည်း ရှိ၏။] ဣတိ၊ ကြောင့်။ ဣဒံ ဒုတိယဇ္ဈာနံ၊ သည်။ ဧကောဒိဘာဝံ၊ ဧကောဒိဘာဝံမည်၏။ ပန၊ ဆက်ဦးအံ့။ သော အယံ ဧကောဒိ၊ ထိုသို့သော ဤ ဧကောဒိသည်။ ယသ္မာ။ စေတသော၊ ၏။ ဧကောဒိ၊ ဧကောဒိတည်း။ သတ္တဿ၊ ၏။ န ဧကောဒိ၊ ဧကောဒိ မဟုတ်။ ဇီဝဿ၊ အသက်ကောင်၏။ န ဧကောဒိ၊ ပသ္မာ။ တေံ၊ ဤစျာန်ကို။ စေတသော ဧကောဒိဘာဝံတိ၊ ဟူ၍။(ဘဂဝတာ) ဝုတ္တံ။[ဣတိ အယံ၊ ကား။ အတ္တယောဇနာ၊ တည်း။—ဤသို့ တတြာယံ အတ္တယောဇနာကို ပြန်အုပ်ရန် "ဣတိ"ပါလျှင် ကောင်း၏။ မပါလျှင် ထည့်။]

စ၊ စောဒနာပါဦးအံ့။ အယံ သဒ္ဓါ၊ ဤ သဒ္ဓါသည်။ ပဌမဇ္ဈာနေပိ၊ ၌လည်း။ အတ္ထိ နနု၊ ရှိသည်မဟုတ်ပါလော။ ဧကောဒိနာမကော၊ ဧကောဒိအမည်ရှိသော။ အယံ စ သမာဓိ၊ ဤသမာဓိသည်လည်း။ (ပဌမဇ္ဈာနေပိ အတ္ထိ နနု။) အထ၊ ထိုသို့ ရှိပါလျက်။ ကသ္မာ။ ဣဒမေဝ၊ ဤ ဒုတိယစျာန်ကိုသာ။ သမ္ပသာဒနန္တိ စ—နံ ဟူ၍လည်း ကောင်း။ စေတသော ဧကောဒိဘာဝန္တိ စ—ဝံ ဟူ၍ လည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသနည်း။ ဣတိ၊ စောဒနာတည်း။(ပရိဟာရော မယာ) ဝုစ္စတေ။ ဟိ၊ ချဲ့။ တနည်း-ဟိ(ယသ္မာ)၊ ကြောင့်။ အဒုံ ပဌမဇ္ဈာနံ၊ ထို ပဌမစျာန်သည်။ ဝိတက္က ဝိစာရက္ခောဘေန၊ ဝိတက် ဝိစာရတို့၏ လှုပ်ချောက်ချားခြင်းကြောင့်။ဝီစိတရင် သမာကုလံ၊ လှိုင်းငယ် လှိုင်းကြီးတို့ဖြင့် ရောပြွမ်းသော။[ခုဒ္ဒိကာ ဦမိယော ဝီစိယော၊ မဟတိယော တရင်္ဂါ။]ဇလံ ဣဝ၊ ရေသည်ကဲ့သို့။ သုပ္ပသန္နံ၊ကောင်းစွာ ကြည်လင်သည်။ န ဟောတိ။ ဟသ္မာ၊ ကြောင့်။(ထိုသို့ ဝိတက်ဝိစာရတို့ လှုပ်ရှားသည့်အတွက် ကောင်းစွာ မကြည်လင်သည်၏ အဖြစ်ကြောင့်။) သဒ္ဓါယ၊ သဒ္ဓါသည်။ သတိယာပိ၊ လည်း။ သမ္ပသာဒနန္တိ၊ -နံ ဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်ခဲ့။ စ၊ ဆက်။(တနည်း) စ၊ သမ္ပသာဒနံ ဟု မဟောရုံသာ မကသေး။ န သုပ္ပသန္နတ္တာ ယေဝ၊ ကောင်းစွာ မကြည်လင်သည်၏ အဖြစ်ကြောင့်ပင်။ ဧတ္ထ၊ အဲဒီ ပဌမစျာန်၌။ သမာဓိပိ၊ သည်လည်း။ သုဋ္ဌု၊ ကောင်းစွာ။ န ပါကဋော၊ မထင်ရှား။ တသ္မာ၊ ကြောင့်။(ထိုသို့ မကြည်လင်သည့်အတွက် သမာဓိ၏လည်း ကောင်းစွာ မထင်ရှားသည်၏ အဖြစ်ကြောင့်။) ဧကောဒိဘာဝန္တိပိ၊ ဘာဝံ ဟူ၍လည်း။ န ဝုတ္တံ၊ ဟောတော်မမူအပ်ခဲ့။ ပန၊ အနွယ ကား။ ဣမသ္မိံ ဈာနေ၊ ၌။ ဝိတက္က ဝိစာရပလိဗောဓာဘာဝေန၊ ဝိတက် ဝိစာရတို့၏ နှောင့်ယှက်ခြင်း၏ မရှိခြင်းကြောင့်။ လဒ္ဓောကာသာ၊ ရအပ်ပြီးသော အခွင့်အလမ်းရှိသည်။ (ဟုတွာ။) သဒ္ဓါ၊ သည်။ ဗလဝတီ၊

အားရှိ၏။ ဗလဝသဒ္ဒာ သဟာယပ္ပဋိလာဘောနေဝ၊ အားရှိသော သဒ္ဒါ အဖော်ကို ရခြင်းကြောင့်ပင်။ သမာဓိပိ၊ သည်လည်း။ ပါကဋော၊ ထင်ရှား၏။ တသ္မာ၊ ကြောင့်။ (ထိုသို့သဒ္ဒါအားရှိသည့်အတွက် သမာဓိ၏ ထင်ရှားသည်၏ အဖြစ်ကြောင့်။) ဣဒမေဝ၊ ဤ ဒုတိယစျာန်ကိုသာ။ ဧဝံ၊ ဤသို့ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဣတိ ဝေဒိတဗ္ဗံ။

ပန၊ ဆက်။ ဝိဘင်္ဂေ၊ ၌။ သမ္ပသာဒနန္တိ ယာ သဒ္ဓါ။ပ။သမ္မာ သမာဓိ-တိ၊-ဓိ ဟူ၍။ ဧတ္တကမေဝ၊ ဤမျှလောက်ကိုသာ။ ဝုတ္တံ၊ ပြီ။ ပန၊ ထိုသို့ပင် ဤမျှလောက်ကိုသာ ဟောတော်မူအပ်ပါသော်လည်း။ ဧဝံ၊ သို့။ ဝုတ္တေန၊ ဟောတော်မူအပ်သော။ ဧတေန၊ ဤ ဝိဘင်းပါဠိတော် ပါဌ်နှင့်။ သဒ္ဓိံ။ အယံ အတ္ထဝဏ္ဏနာ၊ ဤ အနက်အဖွင့်ကို။ ဝါ၊ သည်။ ယထာ၊ အကြင် အခြင်းအရာအားဖြင့် (သိအပ်သော်)။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။အညဒတ္ထု၊ စင်စစ်။ သံသန္ဒတိ စေဝ၊ နှီးလည်း နှီးနှော၏။ သမေတိ စ၊ ညီလည်း ညီညွတ်၏။ ဧဝံ၊ ဤသို့ မဆန့်ကျင်လောက်အောင် နှီးနှောညီညွတ်လောက်အောင်သော အခြင်းအရာအားဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ [သမ္ပသာဒနန္တိ၊ကား။ ယာ သဒ္ဓါ၊ အကြင် ယုံကြည်ခြင်းသည်။ ယာ သဒ္ဒဟနာ၊ အကြင် ယုံကြည်ပုံ အခြင်းအရာသည်။ ယာ ဩကပ္ပနာ၊ အကြင် အာရုံ၌ သက်ဝင်ခြင်းသည်။ ယော အဘိပ္ပသာဒေါ၊ အကြင် အလွန်ကြည်လင်ခြင်းသည်။ (အတ္ထိ။) စေတသော ဧကောဒိဘာဝန္တိ၊ ကား။ စိတ္တဿ၊ ၏။ ယာ ဌိတိ၊ အကြင် တည်ခြင်းသည်။ပ။ယော သမ္မာသမာဓိ- ဓိသည်။ (အတ္ထိ။)

အဝိတက္ကံ အဝိစာရန္တိ၊ ကား။ ဘာဝနာယ၊ နာဖြင့်။ (ဝိတက္ကဿ၊၏။ဝါ၊ ကို။)ပဟီနတ္တာ၊ ပယ်အပ်ပြီး၏ အဖြစ်ကြောင့်။ ဧတသ္မိံ၊ ဤစျာန်၌။ ဝါ- ဧတဿ၊ ၏။ ဝိတက္ကော၊ သည်။ နတ္ထိ၊ ဣတိ။ အဝိတက္ကံ၊ မည်၏။ ဣမိနာဝ နယေန၊ ဤနည်းဖြင့်ပင်။ အဝိစာရံ၊-ရ မည်၏။ ဝိဘင်္ဂေပိ၊ ၌လည်း။ ဣတိ အယဥ္စ။ပ။အဝိစာရန္တိ၊ ဣဘိ။ပ။အဝိစာရံ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။ [ဣတိ၊ ဤသို့သျှင်။အယဥ္စ ဝိတက္ကော၊ဤဝိတက်သည်လည်းကောင်း။အယဥ္စ ဝိစာရော၊ လည်းကောင်း။ သန္တာ၊ ငြိမ်သက်ပြီးကုန်သည်။ သမိတာ၊ ငြိမ်းအေးခြင်းသို့ ရောက်ပြီးကုန်သည်။ ဝူပသန္တာ၊ အထူး ငြိမ်းအေးပြီးကုန်သည်။ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ၊ ပျက်စီးခြင်းသို့ ရောက်ပြီးကုန်သည်။ အပ္ပိတာ ဗျပ္ပိတာ၊ ပျက်စီးခြင်းသို့ ဆောက်စေအပ်ပြီးကုန်သည်၊ [“ဝိနာသံ ဂမိတာ”။-ဋီကာ။ အပ္ပိတာတိ ဂမိတာ ဝိနာသံ ပါပိတာ။-ဝေဠ္ဍောဘဏ္ဍ ဝိမတိဋီကာ။]သောသိတာ ဝိသောသိတာ၊ ခြောက်သွေ့ခြင်းသို့ ရောက်ပြီးကုန်သည်။ ဗျန္တိကတာ၊ ကင်း

သော အပိုင်းအခြားရှိအောင်ပြုအပ်ပြီးကုန်သည်။ ဟောန္တိ၊ တေန၊ ကြောင့်။ အဝိတက္ကံ အဝိစာရန္တိ၊ ရံ ဟူ၍။ဝုစ္စတိ၊၏။

ဧတ္ထ၊ ဤ အဝိတက္ကံ အဝိစာရံ ဟူသော ပါဌ်၌။ (ဌတွာ၊ ရပ်တန့်၍။ စောဒကော၊ သည်။) အာဟ၊ ပြီ။ (ကိံ၊ အဘယ်သို့ ဆိုသနည်း။) စ၊ စော ဒနာပါဦးအံ့။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဣမိနာပိ၊—မာ ဟူသော ဤပါဌ်ဖြင့်လည်း။ အယံ အတ္ထော၊ ဤအနက်သည်။ (ဘာဝနာဖြင့် ပယ်အပ်ပြီးသည့်အတွက် ဝိတက် ဝိစာရ မရှိခြင်းဟူသော ဤအနက်သည်။) [ဘာဝနာယ ပဟီနတ္တာ ဝိတက္ကဝိစာရာနံ အဘာဝသင်္ခါတော အတ္ထော။-ဋီကာ။] သိဒ္ဓေါ နနု၊ ပြီးသည် မဟုတ်ပါလော။ အထ၊ ထိုသို့ ပြီးပါလျက်။ ကသ္မာ၊ ကြောင့်။ ပုန၊ တဖန်။ အဝိတက္ကံ အဝိစာရန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ (ဣတိ၊ သို့။ အာဟ၊ ပြီ။ ပရိဟာရော မယာ) ဝုစ္စတေ။ [ဝုစ္စတေ၏ နယ်ကား "ဝတ္တဗ္ဗမေဝ ါတိ"တိုင်အောင်တည်း။] ဧတံ၊ ဤစကားသည်။ ဧဝံ၊ ဤ ငါ့ရှင်စောဒက ပြောပြုအပ်သည့်အတိုင်း မှန်ပါပေ၏။ အယံ အတ္ထော၊ ဘာဝနာဖြင့် ပယ်အပ်ပြီးသည့်အတွက် ဝိတက် ဝိစာရတို့၏ မရှိခြင်းဟူသော ဤအနက်သည်။ သိဒ္ဓေါ ဝ၊ ပြီးပါပေသည်သာ။ ပန၊ ထိုသို့ပင် ပြီးပါသော်လည်း။ ဧတံ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသော ဤစကားသည်။ တဒတ္ထ ဒီပကံ၊ ထို ဝိတက် ဝိစာရတို့၏ မရှိခြင်းမျှဟူသော အနက်ကိုပြသော စကားသည်။ န၊ မဟုတ်။ သြဠာရိကဿ ပန။ပ။ဧဝံ ဝုတ္တန္တိ၊ ဟူ၍။ အဝေါစုမှ နနု၊ ဆိုခဲ့ကုန်ပြီ မဟုတ်လော။

အပိစ၊ သည်သာ မကသေး။ ဝိတက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ငြိမ်းအေးခြင်းကြောင့်။ ဣဒံ၊ ဤ ဒုတိယဈာန်သည်။ သမ္ပသာဒနံ၊ -န မည်၏။ ကိလေသကာလုသိယဿ၊ ကိလေသာတို့၏ လှုပ်ချောက်ချား ကုန်သည်၏ အဖြစ်၏။ (ဝူပသမာ၊ ကြောင့်။ သမ္ပသာဒနံ၊ မည်သည်။) န၊ မဟုတ်။ စ၊ သည်သာ မကသေး။ ဝိဘက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ကြောင့်။ ဧကော- ဒိဘာဝံ၊ ဧကောဒိဘာဝ မည်၏။ ဥပစာရဇ္ဈာနမိဝ၊ ဥပစာရဈာန်သည် ကဲ့သို့။ နီဝရဏပ္ပဟာနာ၊ နီဝရဏတို့ကို ပယ်ခြင်းကြောင့်။ (ဧကောဒိဘာဝံ၊ မည် သည်။) န၊ မဟုတ်။ ပဌမဇ္ဈာနမိဝ၊ ကဲ့သို့။ အင်္ဂပါတုဘာဝါ စ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ၏ ထင်ရှားဖြစ်ခြင်းကြောင့်လည်း။ (ဧကောဒိဘာဝံ) န။ ဣတိ ဧဝံ၊ သို့။ ဣဒံ ဝစနံ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသော ဤစကားသည်။ သမ္ပသာဒနဧကောဒိဘာဝါနံ၊ သမ္ပသာဒန ဧကောဒိဘာဝတို့၏။ ဟေတုပရိ ဒီပကံ၊ အကြောင်းကိုပြသော စကားတည်း။ တထာ၊ ထိုမှတပါး။ ဝါ၊ သည်သာ မကသေး။ ဝိတက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ကြောင့်။ ဣဒံ၊

ဤစျာန်သည်။ အဝိတက္ကံ အဝိစာရံ၊ အဝိတက္ကံ အဝိစာရံ မည်၏။ တတိယ
စတုတ္ထဇ္ဈာနာနိ ဝိယ၊ တတိယစျာန် စတုတ္ထစျာန်တို့ကဲ့သို့ လည်းကောင်း။ စက္ခု
ဝိညာဏာဒီနိ ဝိယ စ၊ စက္ခုဝိညာဉ် အစရှိသည်တို့ကဲ့သို့ လည်းကောင်း။
အဘာဝေါ၊ ဝိတက် ဝိစာရတို့၏ မရှိခြင်းကြောင့်။ (မယှဉ်ခြင်းကြောင့်။) အဝိ
တက္ကံ အဝိစာရံ၊ မည်သည်။ နု၊ မဟုတ်။ ဣတိ ဧဝံ၊ သို့။ အဝိတက္က အဝိစာရ
ဘာဝဿ၊ အဝိတက္က အဝိစာရ အဖြစ်၏။ ဟေတုပရိဒီပကဥ္စ၊ အကြောင်းကို
ပြသော စကားသည်လည်း။ (ဟောတိ။) ဝိတက္ကဝိစာရာဘာဝမတ္တပရိဒီပကံ၊
ဝိတက် ဝိစာရတို့၏ မရှိခြင်းမျှကို ပြသော စကားသည်။ နု၊ မဟုတ်။ ပန၊
ကား။ အဝိတက္ကံ အဝိစာရန္တိ ဣဒံ ဝစနံ၊ သည်။ ဝိတက္ကဝိစာရာဘာဝမတ္တပရိ-
ဒီပကမေဝ၊ ဝိတက် ဝိစာရတို့၏ မရှိခြင်းကိုပြသော စကားသည်သာ။
(ဟောတိ။) တသ္မာ၊ ကြောင့်။ ပုရိမံ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသော
ရှေ့စကားကို။ ဝတွာပိ၊ ဟောတော်မူပြီး၍လည်း။ (ပုန၊ တဖန်။) ဝတ္တဗ္ဗ
မေဝ၊ အဝိတက္ကံ အဝိစာရံ ဟု ဟောတော်မူထိုက်သည်သာ။ ဣတိ၊ ဤကား
အဖြေတည်း။

သမာဓိဇန္တိ၊ ကား။ ပဌမဇ္ဈာန သမာဓိတော၊ ပဌမစျာန် သမာဓိကြောင့်။
ဇာတံ၊ ဖြစ်သော။ ဝါ၊ တနည်း။ သမ္ပယုတ္တသမာဓိတော၊ ယှဉ်ဖက် သမာဓိ
ကြောင့်။ ဇာတံ၊ သော။ (စျာန်-၌ စပ်။) ဣတိ အတ္ထော၊ နက်။ တတ္ထ၊
ထို သမာဓိဇံ ဟူသော ပါဌ်၌။ (စောဒနာသောဓနာနယော ဧဝံ ဝေဒိတဗ္ဗော။)
ပဌမမ္ပိ၊ ပဌမစျာန်သည်လည်း။ သမ္ပယုတ္တသမာဓိတော၊ ယှဉ်ဖက် သမာဓိ
ကြောင့်။ ကိဉ္စာပိ ဇာတံ၊ အကယ်၍ကား ဖြစ်ပါပေ၏။ အထ ခေါ၊ ထိုသို့ပင်
ဖြစ်ပါသော်လည်း။ အယမေဝ (သမာဓိ)၊ ဤ သမာဓိသည်သာ။ သမာဓီတိ၊
သမာဓိဟူ၍။ (တနည်း) အယမေဝ (သမာဓိ) သမာဓီတိ၊ ဤသမာဓိမှ သမာဓိ
ဟူ၍။ ဝတ္တဗ္ဗတံ၊ ဆိုထိုက်သည်၏ အဖြစ်ကို။ အရဟတိ၊ ထိုက်၏။ (ကသ္မာ၊
နည်း။) ဝိတက္ကဝိစာရက္ခောဘ ဝိရဟေန၊ ဝိတက် ဝိစာရတို့၏ လှုပ်ချောက်
ချားမှုမှ ကင်းခြင်းကြောင့်။ ဝါ၊ ကင်းသည့်အတွက်။ (ဟိတ်ကူ။) အတိ
ဝိယ၊ အလွန် အကဲသာလျှင်။ အစလတ္တာ၊ မတုန်လှုပ်သည်၏ အဖြစ်ကြောင့်
လည်းကောင်း။ သုပ္ပသန္နတ္တာ စ၊ လွန်စွာကြည်လင်သည်၏ အဖြစ်ကြောင့်
လည်းကောင်းတည်း။ တသ္မာ၊ ကြောင့်။ (ထိုသို့ ဤသမာဓိမှ သမာဓိ ဟူ၍
ဆိုထိုက်သည်၏ အဖြစ်ကြောင့်။) ဣမဿ၊ ဤ ဒုတိယစျာန်၏။ ဝဏ္ဏ
ဘဏနတ္ထံ၊ ဂုဏ်ကျေးဇူးကို ဟောတော်မူခြင်းငှာ။ ဣဒမေဝ၊ ဤ ဒုတိယစျာန်ကို
သာ။ သမာဓိဇန္တိ၊ သမာဓိဇံ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ပီတိသုခန္တိ ဣဒံ၊—
ခံ ဟူသော ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာ။

ဒုတိယန္တိ၊ ကား။ ဂဏနာနုပုဗ္ဗတာ (ဂဏနာနုပုဗ္ဗတာယ)၊ ဂဏန်းအစဉ်အားဖြင့်။ ဒုတိယံ၊ ဒုတိယဖြစ်သော။ (ဈာန်-၌ စပ်။) ဣဒံ၊ ဤဈာန်ကို။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ သမာပဇ္ဇတိ၊ ဝင်စားအပ်၏။ ဣတိပိ၊ ကြောင့်လည်း။ ဒုတိယံ၊ မည်သော။ (ဈာန်-၌ စပ်။) တသ္မိံ သမယေ ဖဿော ဟောတိတိ အာဒိသု၊ အစရှိသော ပါဠိရပ်တို့၌။ ဈာနပဉ္စကေ၊ ၌။ ဝိတက္က ဝိစာရပဒါနိ၊ ဝိတက္က ဝိစာရပုဒ်တို့သည်။ (ပရိဟီနာနိ၊ ယုတ်လျော့ကုန်၏။) မဂ္ဂပဉ္စကေ စ၊ ၌လည်း။ သမ္မာသင်္ကပ္ပပဒံ၊ သည်။ ပရိဟီနံ။ တေသံ၊ ထို ယုတ်လျော့သောပုဒ်တို့နှင့်။ ဝသေန၊ စပ်သဖြင့်။ သဝိဘတ္တိကာ ဝိဘတ္တိကပဒဝိနိစ္ဆယော၊ သဝိဘတ္တိကပဒ အဝိဘတ္တိကပဒ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ကောဋ္ဌာသဝါရေပိ၊ ၌လည်း။ တိဝင်္ဂိကံ ဈာနံ ဟောတိ၊ စတုရင်္ဂိကော မဂ္ဂေါ ဟောတီတိ၊ ဟူ၍။ အာဂတံ၊ ပါဠိတော်၌ လာပြီ။ သေသံ၊ ကြွင်းသော ပုဒ်အပေါင်းသည်။ ပဌမဇ္ဈာန သဒိသမေဝ၊ ပဌမ ဈာန်နှင့် တူသည်သာ။ (ပဌမဈာန်၌ ဆိုအပ်ပြီးသော ပုဒ်အပေါင်းနှင့် တူသည်သာ။) ဣတိ၊ အပြီးတည်း။....

ဒုတိယံ၊ ဒုတိယဈာန်သည်။ (နိဋ္ဌိတံ။)

တတိယဈာန်

တတိယဇ္ဈာနနိဒ္ဒေသေ၊ ၌။ ပီတိယာ စ ဝိရာဂါတိ (ဧတ္ထ)၊ ဟူသော ဤပါဌ်၌။ ဝိရာဂေါ နာမ၊ ဝိရာဂ မည်သည်။ ဝုတ္တပ္ပကာရာယ၊ (သမာဓိဇံ ပီတိသုခံ ဟု) ဟောတော်မူအပ်ပြီးသော အပြားရှိသော။ ပီတိယာ၊ ကို။ ဇိဂုစ္ဆနံ ဝါ၊ စက်ဆုပ်ခြင်းသည် လည်းကောင်း။ သမတိက္ကမော ဝါ၊ လွန်မြောက်ခြင်းသည် လည်းကောင်းတည်း။ ပန၊ ဆက်။ ဥဘိန္နံ၊ ပီတိယာ ဝိရာဂါ နှစ်ပုဒ်တို့၏။ အန္တရာ၊ အကြား၌။ စသဒ္ဒေါ၊ သည်။ သမ္ပိဏ္ဍနတ္ထော၊ ပေါင်းဆည်းခြင်း အနက်ရှိ၏။ သော၊ ထို စသဒ္ဒါသည်။ ဝူပသမံ ဝါ၊ ဝူပသမ သက်သက်ကိုသော် လည်းကောင်း။ ဝိတက္က ဝိစာရ ဝူပသမံ ဝါ၊ ဝိတက္က ဝိစာရ ဝူပသမ ကိုသော် လည်းကောင်း။ သမ္ပိဏ္ဍေတိ၊ ပေါင်းဆည်း၏။ တတ္ထ၊ ထို ပေါင်းအပ်သော အနက် ၂-ပါးတို့တွင်။ ယဒါ၊ အကြင်အခါ၌။ ဝူပသမမေဝ၊ ဝိတက္က ဝိစာရမဖက် ဝူပသမ သက်သက်ကိုသာ။ သမ္ပိဏ္ဍေတိ၊ ၏။ တဒါ၊ ၌။ ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့် လည်းကောင်း။ ဘိယျော၊ အလွန်ဆိုဖွယ်ကား။ ကိဉ္စိ၊ အဘယ်နည်း။ (ပီတိယာ၊ ၏။) ဝူပသမာ စ၊ လည်းကောင်း။ ဧဝံ၊ သို့။ ယောဇနာ၊ ပုဒ်တို့ကို ယှဉ်စေခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။

စ၊ ဆက်။ ဣမိဿာ ယောဇနာယ၊ ဤ ယောဇနာနည်း၌။ ဝိရာဂေါ၊ ဝိရာဂ သဒ္ဒါသည်။ ဇိဂုစ္ဆနတ္ထော၊ ဇိဂုစ္ဆန အနက်ရှိသည်။ ဟောတိ။ တသ္မာ၊ ကြောင့်။ (ထိုသို့ ဝိရာဂ သဒ္ဒါ၏ ဇိဂုစ္ဆန အနက်ရှိသည်၏ အဖြစ်ကြောင့်။) ပီတိယာ၊ ကို။ ဇိဂုစ္ဆနာ စ၊ စက်ဆုပ်ခြင်းကြောင့် လည်းကောင်း။ (ပီတိယာ၊ ၏။) ဝူပသမာ စ၊ ပယ်ခွာလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့် လည်းကောင်း။ ဣတိ အယံ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပန၊ ကား။ (ဝူပသမ သမ္ဗိုဏ္ဍနမှတပါး ဝိတက္က ဝိစာရ ဝူပသမသမ္ဗိုဏ္ဍန ကား။) ယဒါ၊ ဝိတက္က ဝိစာရာနံ၊ တို့၏။ ဝူပသမံ၊ ကို။ သမ္ဗိဏ္ဍေတိ၊ ၏။ [ပါဠိဇိကဏ်၌ "ဝိတက္က ဝိစာရ ဝူပသမံ" ဟု သမာသ်ရှိ၏။ သာ၍ ရှေနောက်ညီသည်။] တဒါ၊ ပီတိယာ၊ ကို။ ဝိရာဂါ စ၊ လွန်မြောက်ခြင်းကြောင့် လည်းကောင်း။ ဘိယျော၊ ကား။ ကိဉ္စ၊ နည်း။ ဝိတက္က ဝိစာရာနံ၊ တို့၏။ ဝူပသမာ စ၊ လည်းကောင်း။ ဣတိ ဧဝံ၊ သို့။ ယောဇနာ ဝေဒိတဗ္ဗာ။ စ၊ ဆက်။ ဣမိဿာ ယောဇနာယ၊ ၌။ ဝိရာဂေါ၊ ဝိရာဂ သဒ္ဒါသည်။ သမတိက္ကမနတ္ထော၊ သမတိက္ကမန အနက်ရှိသည်။ ဟောတိ။ တသ္မာ၊ ကြောင့်။ (ထိုသို့ ဝိရာဂသဒ္ဒါ၏ သမတိက္ကမန အနက်ရှိသည်၏ အဖြစ်ကြောင့်။) ပီတိယာ၊ ကို။ သမတိက္ကမာ စ၊ လွန်မြောက်ခြင်းကြောင့် လည်းကောင်း။ ဝိတက္က ဝိစာရာနံ၊ တို့၏။ ဝူပသမာ စ၊ ငြိမ်းအေးခြင်းကြောင့် လည်းကောင်း။ (ဥပေက္ခကော ဝိဟရတိ-၌ စပ်။) ဣတိ အယံ အတ္ထော ဒဋ္ဌဗ္ဗော။ [ဤအဖွင့်အတိုင်း ပါဠိတော်၌ ၂-နည်းပေးပါ။]

စ၊ ဆက်။ ဧတေ ဝိတက္က ဝိစာရာ၊ ဤဝိတက် ဝိစာရတို့သည်။ ဒုတိယဇ္ဈာနေယေဝ၊ ၌ပင်။ ဝါ၊ ဒုတိယစျာန်တုန်းကပင်။ ကာမံ ဝူပသန္တာ၊ အကယ်၍ကား ငြိမ်းအေးပြီးပါပေကုန်ပြီ။ ပန၊ ထိုသို့ပင် ငြိမ်းအေးပြီးပါကုန်သော်လည်း။ ဣမဿ ဈာနဿ၊ ဤ တတိယစျာန်၏။ မဂ္ဂပရိဒီပနတ္ထံ၊ လမ်းကြောင်းကို ပြခြင်းအကျိုးငှာ လည်းကောင်း။ ဝဏ္ဏ ဘဏနတ္ထံ စ၊ ဂုဏ်ကို ပြောဆိုခြင်း အကျိုးငှာ လည်းကောင်း။ ဧတံ၊ ဝိတက္က ဝိစာရာနံ ဝူပသမာ ဟူသော ဤစကားကို။ (ဘဂဝတာ။) ဝုတ္တံ၊ ပေါင်းဆည်းသောအားဖြင့် ဟောတော်မူအပ်ပြီ။ [နန္ဒ ထည့်၍ စောဒနာဝါကျထုတ်ပြီး တနည်းပေးပါဦး။] ဟိ၊ ချဲ့။ ဝိတက္က ဝိစာရာနံ ဝူပသမာတိ၊ မာဟူ၍။ ဝုတ္တေ၊ သမ္ဗိဏ္ဍနတ္ထ အဖြစ်ဖြင့် ဟောတော်မူအပ်သော်။ (ပညာယတိ ဝဏ္ဏဘဏနံ ဟောတိ-တို့၌ စပ်။) ဣဒံ၊ ဤ အနက်သဘောသည်။ ပညာယတိ၊ ထင်ရှား၏။ (ကိံ၊ အဘယ် အနက်သဘောသည်။ ပညာယတိ၊ နည်း။) နနု၊ စင်စစ်။ (ကေသတ္တ နိပါတ်။)ဝိတက္က ဝိစာရ ဝူပသမော၊ ဝိတက် ဝိစာရတို့၏ ငြိမ်းအေးခြင်းသည်။ ဣမဿ ဈာနဿ၊ ၏။ မဂ္ဂေါ၊ လမ်းကြောင်း

တည်း။ ဋ္ဌတိ၊ ဤအနက်သဘောသည်။ ပညာယတိ။ ဧ၊ အဖို့တပါးကား။ (မဂ္ဂ ပရိဒီပနတ္ထမှ တပါး ဝဏ္ဏဘဏ္ဏနတ္ထ ကား။) တတိယေ၊ တတိယဖြစ်သော။ အရိယမဂ္ဂေ၊ အနာဂါမိ အရိယမဂ်၌။ ဝါ၊ ကျမ္မ။ အပ္ပဟီနာနံ၊ ပယ်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍။ (သမာနာနံပိ၊ ဖြစ်ပါကုန်သော်လည်း။ ဝါ၊ ဖြစ်သည်လည်း ဖြစ်ကုန်သော။) သက္ကာယ ဒိဋ္ဌာဒီနံ၊ သက္ကာယဒိဋ္ဌိ အစရှိသည်တို့ကို။ (ပဟာနံ-၌ စပ်။) ပဋ္ဌမ္ဘ။ပ။ပဟာနာတိ၊ ပဋ္ဌမ္ဘ။ပ။ပဟာနာ ဟူ၍။ ဧဝံ၊ သို့။ ပဟာနံ၊ ပယ်ခြင်းသည်။ ဝါ၊ ပယ်ခြင်းကိုပြသော စကားသည်။ ဝါ၊ ကို။ ဝုတ္တမာနံ၊ ဟောတော်မူအပ်သော်။ တဒဓိဂမာယ၊ ထို အနာဂါမိမဂ်ကို ရခြင်းအကျိုးငှာ။ ဥဿုကာနံ၊ အားထုတ်သော ပုဂ္ဂိုလ်တို့၏။ ဥဿာဟဇနနတ္ထံ၊ အားတက်သရောကို ဖြစ်စေခြင်း အကျိုးငှာ။ ဝဏ္ဏဘဏနံ၊ ဂုဏ်ကို ပြောဆိုခြင်းသည်။ ဝါ၊ ဂုဏ်ကို ပြောဆိုကြောင်း စကားသည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ဋ္ဌမ၊ ဤ တတိယစျာန်၌။ ဝါ၊ ကျမ္မ။ အဝူပသန္တာနံ၊ ငြိမ်းအေးသည် မဟုတ်ကုန်သည်ဖြစ်၍။ (သမာနာနံပိ၊ သော် လည်း။ ဝါ၊ကုန်သော။) ဝိတက္က ဝိစာရာနံ၊ တို့၏။ ဝူပသမော၊ သည်။ ဝါ၊ ငြိမ်းအေးခြင်းကို ပြသောစကားသည်။ ဝါ၊ ကို။ ဝုတ္တမာနော၊ သော်။ ဝဏ္ဏဘဏနံ ဟောတိ။ တေန၊ ထိုသို့ မဂ္ဂပရိဒီပန ဝဏ္ဏဘဏန အကျိုးရှိခြင်းကြောင့်။ ပီတိယာ စ သမတိက္ကမာ။ပ။ ဝူပသမာတိ၊ ဟူ၍။ အယံ အတ္ထော၊ ဤ သမ္ပိဏ္ဍယ အနက်ကို။ (မယာ။) ဝုတ္တော၊ ပြီ။

၁+၂။ ပဟာနံ၊ ဝူပသမော။ ။"ပဟာနံ ဝုတ္တမာနံ ဝဏ္ဏဘဏနံ ဟောတိ"ဟု တဝါကျတည်း၌ ဝိဘတ်တူရှိရကား အရတူရပေလိမ့်မည်။ ထို့ကြောင့်"ပဟာနံ"အရ ပယ်ခြင်း ကိရိယာကိုသာ မယူပဲ ပယ်ခြင်းကိုပြသော စကားတိုင်အောင် ဖလူပစာရအားဖြင့် ယူပါ၊ ဝူပသမော၌လည်း နည်းတူ။ [ပါရာဇိကဏ် မအူဆရာတော်၏နိဿယ၌ကား ဤသို့ မယူပဲ"ပဟာနေ ဝုတ္တမာနေ"ဟု လက္ခဏာပြင်တော်မူ၏။ မိမိကား ဝဏ္ဏဘဏနံသည် ဝိသေသကတ္တား၊ ပဟာနံသည် သာမညကတ္တားဟု ကတ္တား ၂-ခုရှိမှ အဓိပ္ပာယ်ပြည့်စုံသည် ဟု ယူဆပါသည်။]

၃။ ဥဿာဟဇနနတ္ထံ။ ။စာအုပ်တို့၌ရှိသော ဥဿာဟဇနကံကို"ဥဿာဟဇနနတ္ထံ"ဟု မအူနိဿယ၌ ပြင်၏။ ထိုသို့ ပြင်ခြင်းကား ဥပမေယျဝါကျ၌ ဥဿာဟဇနန မပါပဲ ဝဏ္ဏဘဏန သာ ပါခြင်းနှင့်လည်းကောင်း၊"ဥဿာဟဇနနတ္ထဉ္စ ပဒံ ဘဏာနံ တိ ပဒေ သမ္ဗန္ဓါနံ"ဟူသော ယောဇနာဖွင့်နှင့်လည်းကောင်း၊ အရူပကုသိုလ်အဖွင့်ဝယ် "ဣမသ္မိံ ဈာနေ ဥဿာဟဇနနတ္ထံ။ပ။ဝစနံ ဝေဒိတဗ္ဗံ"ဟူသော စကားနှင့်လည်းကောင်း ညီမျှပါပေသည်။

ဥပေက္ခကော[1] စ ဝိဟရတီတိ ဧတ္ထ၊ ဌ၌။ ဥပပတ္တိတော၊အသင့်အားဖြင့်။ ဣက္ခတိ၊ ရှုတတ်၏။ ဣတိ။ ဥပေက္ခာ၊ မည်၏။ သမံ၊ ညီညီမျှမျှ။ပဿတိ၊ ရှုတတ်၏။ အပက္ခပတိတာ၀၊ တဘက်၌ မကျသည်သာလျှင်။ (အယုတ္တသမာသ်၊အ-ကို ပတိတ-၌ စပ်။)ဟုတ္ဝာ၊ ၍။ ပဿတိ၊ ၏။ ဣတိ အတ္ထော။ ဝိသဒါယ၊(သံကိလေသ ကင်းသဖြင့်) သန့်ရှင်း ထင်ရှားသော။ ဝိပုလာယ၊ (မဟဂ္ဂုတ်အဖြစ်သို့ ရောက်ပြီးသဖြင့်)ကြီးကျယ် ပြန့်ပြောသော။ ထာမဂတာ-ယ၊(ပီတိနှင့် မရောပြွမ်းသဖြင့်)အားအစွမ်းသို့ ရောက်သော။ တာယ၊ ထို ဥပေက္ခာနှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ တတိယဇ္ဈာနသမင်္ဂီ၊ တတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ဥပေက္ခကောတိ၊ ဥပေက္ခ-ကော ဟူ၍။ ဝုစ္စတိ၊ ၏။ပန၊ ဆက်။ ဥပေက္ခာ၊ သည်။ ဆဠင်္ဂုပေက္ခာ၊ ဆဠင်္ဂုပေက္ခာ လည်းကောင်း။ပ။ပါရိသုဒ္ဓုပေက္ခာ၊-က္ခာလည်းကောင်း။ဣတိ၊ သို့။ ဒသဝိဓာ၊ ဆယ်ပါး အပြားရှိသည်။ ဟောတိ။

တတ္ထ၊ ထို ဆယ်ပါးသော ဥပေက္ခာတို့တွင်။ ဣဓ၊ ဤ သာသနာတော်၌။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ ဝါ၊ ရဟန္တာဖြစ်သော။ ဘိက္ခု၊ သည်။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်လတ်သော်။ သုမနော၊ ကောင်းသောစိတ်ရှိသည်။ (ဝမ်းမြောက်သည်။) နေဝ ဟောတိ၊ မ ဖြစ်။ ဒုမ္မနော၊ မကောင်းသော စိတ်ရှိသည်။(နှလုံးမသာယာသည်။) န ဟောတိ။ ဥပေက္ခကော၊ အသင့်အားဖြင့် ရှုသည်။ (ဟုတ္ဝာ) စ၊ ဖြစ်၍လည်းကောင်း။ သတော၊ အမှတ်ရသည်။ သမ္ပဇာနော၊ ကောင်းစွာ အပြား အားဖြင့် သိသည်။ (ဟုတ္ဝာ စ၊ လည်းကောင်း။) ဝိဟရတိ၊ နေနိုင်၏။ ဣတိ ဧဝံ၊ သို့။ အာဂတာ၊ လာသော။(ဆက္ကအင်္ဂုတ္တိုရ်-အာဟုနေယျဝဂ်၊ ပဌမအာဟုနေယျ-သုတ်၌ လာသော။) ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ ဆသု၊ ကုန်သော။ ဒွါရေသု၊ တို့၌။ ဣဋ္ဌာနိဋ္ဌဆဠာရမ္မဏာပါတေ၊ ဣဋ္ဌ အနိဋ္ဌဖြစ်သော ၆-ပါးသော အာရုံ၏ ရှေးရှုကျခြင်းသည်။(သတိ၊ လတ်သော်။)ပရိသုဒ္ဓပကတိဘာဝါဝိဇဟနာကာရဘူတာ၊ ထက်ဝန်းကျင်သန့်ရှင်းသော ရဟန္တာပုဂ္ဂိုလ်၏ ပင်ကိုသဘော

၁။ ဥပေက္ခကော။ ။သမန္နာဂတတ္တာကို ကြည့်၍ ဥပေက္ခကော၌အဿတ္ထိတဒ္ဓိတ်ဝိဂ္ဂြိုဟ် ပြုရိုးရှိ၏။သို့သော်-ဗဟုဗ္ဗီဟိ အဿတ္ထိတို့သည် ကတ္တုသာဓ်ဝိဂ္ဂြိုဟ်ပြု၍အဓိပ္ပာယ် မရမှ ပြုရသောဝိဂ္ဂြိုဟ်များတည်း။ ထို့ပြင်-က ပစ္စည်းသည် အဿတ္ထိအနက်၌ သက်လေ့ မရှိ။ထို့ကြောင့် သတော သမ္ပဇာနော ကို ကတ္တုသာဓ်ဝိဂ္ဂြိုဟ် ပြုလတ္တံ့ဖြစ်သကဲ့သို့ ဤ၌လည်း"ဥပပတ္တိတော+ဣက္ခတီတိ ဥပေက္ခကော"ဟု ကတ္တုသာဓ်ဝိဂ္ဂြိုဟ်ပင် ပြုသင့်သည်။

ရှိသည်၏ အဖြစ်ကို မစွန့်ခြင်းဟူသော အခြင်းအရာဖြစ်၍ ဖြစ်သော။ ယာ ဥပေက္ခာ၊ သည်။(အတ္ထိ။) အယံ၊ ဤ ဥပေက္ခာသည်။ ဆဠင်္ဂုပေက္ခာ နာမ၊ မည်၏။[ရဟန္တာပုဂ္ဂိုလ်တို့၏"ပရိသုဒ္ဓပကတိ"ဟူသည် ကိလေသာကင်း၍ သန့်ရှင်းစင်ကြယ်သော သဘောတည်း။ ပရိသုဒ္ဓပကတိ ခီဏာသဝပကတိ နိက္ကိလေသတာ။—ဋီကာ။]

ပန၊ ကား။ ဥပေက္ခာသဟဂတေန၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ စေတသာ၊ ဖြင့်။ ဧကံ ဒိသံ၊ တခုသော အရပ်ကို။(တခုသော အရပ်၌ရှိသော သတ္တဝါအပေါင်းကို။)ဖရိတွာ၊ ဖြန့်၍။ ဝိဟရတိ၊ နေနိုင်၏။ ဣတိ ဧဝံ၊ သို့။ အာဂတာ၊ သော။(ဒီဃနိကာယ်—သီလက္ခန္ဓဝဂ်၊ တေဝိဇ္ဇ—သုတ်၌ လာသော။) သတ္တေသု၊သတ္တဝါတို့၌။ မဇ္ဈတ္တာကာရဘူတာ၊ အလယ်အလတ်၌ တည်သော သဘောရှိသူ၏ အခြင်းအရာ ဖြစ်၍ဖြစ်သော။ ယာ ဥပေက္ခာ (အတ္ထိ)။ အယံ၊ သည်။ဗြဟ္မဝိဟာရုပေက္ခာ နာမ၊ဗြဟ္မဝိဟာရုပေက္ခာမည်၏။[သတ္တဝါတို့အပေါ်၌ ကမ္မဿကာ ဟု ရှုတတ်သော ဥပေက္ခာတည်း။] ဝိဝေကနိဿိတံ၊ ဝိဝေက၌ မှီသော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ဝါ၊ တိုးပွားစေ၏။ ဣတိ ဧဝံ၊ သို့။ အာဂတာ၊ သော။ (မဇ္ဈိမပဏ္ဏာ—ပရိဗ္ဗာဇကဝဂ်၊ မဟာသကုလုဒါယိ—သုတ်၌ လာသော။) သဟဇာတာနံ၊ တကွဖြစ်ဖက်တရားတို့၏(အပေါ်၌)။ မဇ္ဈတ္တာကာရဘူတာ၊ သော။ယာ ဥပေက္ခာ(အတ္ထိ)။ အယံ၊ သည်။ ဗောဇ္ဈင်္ဂုပေက္ခာ နာမ၊ မည်၏။

ပန၊ ကား။ ကာလေန၊ ရှေးကာလနှင့်။(အနုရူပံ၊ လျော်သော။)ကာလံ၊ နောက်ကာလ၌။(တနည်း)ကာလေန ကာလံ၊မကြာမကြာ။ ဥပေက္ခာနိမိတ္တံ[၁]၊ နောက်နောက် ဝီရိယုပေက္ခာ၏ အကြောင်းဖြစ်သော ရှေးရှေး ဝီရိယုပေက္ခာကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊သော။

၁။ ဥပေက္ခာနိမိတ္တံ။ ။တွန့်ဆုတ်ခြင်းတည်းဟူသော လီနပက္ခ၊ ပျံ့လွင့်ခြင်းဘည်းဟူသော ဥဒ္ဓစ္စပက္ခ၌ ကျရောက်ခြင်းမှ ကင်းသည့်အတွက် အသင့်အားဖြင့် ရှုတတ်သော အလယ်အလတ် ဝီရိယကို"ဥပေက္ခာ"ဟု ခေါ်၏။ နောက်နောက် ဝီရိယုပေက္ခာဖြစ်လျှင် ရှေးရှေး ဝီရိယုပေက္ခာ၏ အခြင်းအရာကိုယူ၍ ဖြစ်ရသောကြောင့် နောက်နောက် ဝီရိယုပေက္ခာ၏ အကြောင်းဖြစ်ရကား ထိုဥပေက္ခာသည် နိမိတ္တလည်းမည်၏။ထို့ကြောင့် "ဥပေက္ခာယေဝ၊ လီနုဒ္ဓစ္စပက္ခသို့ ကျရောက်ခြင်းမှ ကင်းသည့်အတွက် အသင့်အားဖြင့် ရှုတတ်သော ရှေးရှေး ဝီရိယသည်ပင်။ နိမိတ္တံ၊ နောက်နောက် ဝီရိယ၏အကြောင်းတည်း။ ဥပေက္ခာနိမိတ္တံ၊ ကြောင်း"ဟု ပြုပါ။ [လီနုဒ္ဓစ္စပက္ခပါတရဟိတံ။ပ။ဥပေက္ခာနိမိတ္တံ။—ဋီကာ။] ဆိုလိုရင်းကား — ဝီရိယလွန်ဟော့ ဥဒ္ဓစ္စ၊ ဝီရိယလျော့လွန်းတော့ ကောသဇ္ဇ ဖြစ်သည်။ ထို့ကြောင့် မလျော့မတင်း စောင်းကြိုးညှင်းသို့ အသင့်အားဖြင့် ရှုတတ်သော ဝီရိယကို"ဝီရိယုပေက္ခာ"ဟု ခေါ်သည်—ဟူလို။

(တိကအင်္ဂုတ္တိုရ်-လောကကပလ္လဝင်၊ နိမိတ္တ-သုတ်၌လာသော။) အနုစ္စာရဒ္ဓ-
နာတိသိထိလဝီရိယသင်္ခါတာ၊ အလွန် အားထုတ်အပ်သည်လည်းမဟုတ် အလွန်
လျော့သည်လည်းမဟုတ်သော ဝီရိယ ဟု ဆိုအပ်သော။ ယာ ဥပေက္ခာ(အတ္ထိ)။
အယံ၊ သည်။ ဝီရိယုပေက္ခာ နာမ၊ မည်၏။

ကတိ၊ အဘယ်မျှလောက်ကုန်သော။ သင်္ခါရုပေက္ခာ၊ တို့သည်။ သမာဓိ
ဝသေန၊ သမာဓိ၏ အစွမ်းကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်း။ ကတိ၊ ကုန်
သော။ သင်္ခါရုပေက္ခာ၊ တို့သည်။ ဝိပဿနာဝသေန၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊
နည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ သင်္ခါရုပေက္ခာ၊ တို့သည်။ သမာဓိဝသေန၊
ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။[လောကီသမာပတ် ရှစ်ပါးကို ရဖို့ရန်ဖြစ်သော
သင်္ခါရုပေက္ခာ ရှစ်ပါးတည်း။] ဒသ၊ ကုန်သော သင်္ခါရုပေက္ခာ၊ တို့သည်။
ဝိပဿနာဝသေန၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ။[မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ သုညတဝိဟာရ
သမာပတ်၊ အနိမိတ္တ ဝိဟာရသမာပတ်အားဖြင့် ၁၀-ပါးတို့ကို ရဖို့ရန်ဖြစ်သော
သင်္ခါရုပေက္ခာ ၁၀-ပါးတည်း။]ဣတိ ဧဝံ၊ သို့။ အာဂတာ၊ သော။(ပဋိသမ္ဘိ
ဒါမဂ်-မဟာဝဂ်၊ ဉာဏကထာ၌လာသော။) နီဝရဏာဒိ ပဋိသင်္ခါ[၁]၊ နီဝရဏ
စသည်ကို ပယ်ထိုက်သောတရား၏ အဖြစ်ဖြင့် ရှုတတ်သော။(အာဒိဖြင့် ဒုတိယ
ဈာန် စသည့်တို့အတွက် ဝိတက် ဝိစာရ စသည်ကိုယူ။) သန္တိဋ္ဌနာ[၁]၊ ပယ်ခြင်း
ကိစ္စ၌ ဗျာပါရမပြုပဲကောင်းစွာတည်တတ်သော။ ဂဟဏေ၊ နီဝရဏ စသည်ကို
ယူခြင်း၌။ မဇ္ဈတ္တဘူတာ၊ အလယ်အလတ်၌ တည်သောသဘော ရှိသည်ဖြစ်၍
ဖြစ်သော။(အပြစ်ကိုမြင်ပြီးဖြစ်၍ လျစ်လျူရှုတတ်သော။) ယာ ဥပေက္ခာ
အတ္ထိ။ အယံ၊ သည်။ သင်္ခါရုပေက္ခာ နာမ၊ မည်၏။[ဂဟဏေ၊ နီဝရဏ စသည်
ကို ယူခြင်း၌+မဇ္ဈတ္တဘာဝေန၊ လျစ်လျူရှုသည်၏ အဖြစ်ကြောင့်။ သင်္ခါရေ၊
တို့ကို။ ဥပေက္ခတီတိ သင်္ခါရုပေက္ခာ။ တထာ၊ ထို လျစ်လျူရှုသည်၏အဖြစ်
ဖြင့်။ ပဝတ္တာ၊ သော။ ဝိပဿနာပညာ၊ တည်း။—အနု။]

၁။ ပဋိသင်္ခါ၊သန္တိဋ္ဌနာ။ ။နီဝရဏေ ပဋိသင်္ခါတိ ပဥ္စနီဝရဏာနိ ပဟာတဗ္ဗဘာ-
ဝေန ပရိဂ္ဂဟေတွာ။ သန္တိဋ္ဌနာတိ နီဝရဏာနံ ပဟာနာဘိမုခီဘူတတ္တာ တေသံ ပဟာ-
နေပိ အဗျာပါရဘာဝူပဂမနေန မဇ္ဈတ္တတာယ သန္တိဋ္ဌနာ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊
မဟာဝဂ္ဂ-ဉာဏကထာ၊ သင်္ခါရုပေက္ခာနိဒ္ဒေသ။) ၌ အဖွင့်ကိုထောက်၍ "ပဋိသင်္ခါ
တပုဒ်၊ သန္တိဋ္ဌနာ တပုဒ်"ဟု သိသာ၏။ ထိုတွင် ပဋိသင်္ခါဟူသည် နီဝရဏ စသည်ကို
ပယ်ထိုက်သော တရား၏အဖြစ်ဖြင့် ရှုတတ်သော ပညာတည်း။ သန္တိဋ္ဌနာဟူသည် "ထို
နီဝရဏ စသည်ကို ပယ်ခြင်း၌သော်မှလည်း ဗျာပါရ မရှိတော့ပဲ လျစ်လျူရှုလျက် ကောင်း
စွာ တည်တတ်သော ပညာတည်း"ဟု မှတ်ပါ။[အဋ္ဌ၊ ဒသတို့၏သရုပ်ကို ဋီကာ၌
လည်းကောင်း၊ ပါဠိတော်ရင်း၌လည်းကောင်းရှုပါ။]

ပန၊ကာႏ။ ယသ္မိံသမယေ။ပ။ဥပေက္ခာသဟဂတံတိ၊ ဟူ၍။ ဝေံ၊ ဤသို့။ အာဂတာ၊ သော။(ဤ ဓမ္မသင်္ဂဏီပါဠိတော်-ကာမာဝစရကုသလ အခန်း၌ လာခဲ့ပြီးသော။)အဒုက္ခမသုခ ဆိုခ်ါတာ၊ အဒုက္ခမသုခ ဟု ဆိုအပ်သော။ ယာ ဥပေက္ခာ(အတ္ထိ)။အယံ၊သည်။ ဝေဒနုပေက္ခာ နာမ၊ မည်၏။ ယံ၊ အကြင် ခန္ဓာငါးပါးအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင် ခန္ဓာငါးပါးအပေါင်း သည်။ဘူတံ၊ ထင်ရှားဖြစ်၏။[ယဒတ္ထိ ယံ ဘူတန္တိ ယံ အတ္ထိ, ယံ ဘူတံ တေရဟိ ခန္ဓပဥ္စကံ။] [1]တံ၊ ထိုခန္ဓာငါးပါးအပေါင်းကို။ ပဇဟတိ၊ မုစ္စိတုကမျတာဉာဏ် ဖြင့် ပယ်စွန့်၏။[2]ဥပေက္ခံ၊ဥပေက္ခာကို။ပဋိလဘတိ၊ရ၏။ဣတိ ဝေံ၊သို့။အာဂတာ၊ သော။ (ဥပရိပဏ်-ဒေဝဒဟဝဂ်၊ အာနေဉ္ဇ သပ္ပါယ-သုတ်၌ လာသော။) ဝိစိနနေ၊ သင်္ခါရတို့ကို စိစစ်ခြင်း၌။ မဇ္ဈတ္တဘူတာ၊ သော။ ယာ ဥပေက္ခာ (အတ္ထိ)။ အယံ၊ သည်။ ဝိပဿနုပေက္ခာ နာမ၊ မည်၏။

ပန၊ ကာႏ။ ဆန္ဒာဒီသု၊ အစရှိကုန်သော။ ယေဝါပနကေသု၊ ယေဝါ-ပနကတရား ၉-ပါးတို့၌။ အာဂတာ၊ သော။ (ဤ ဓမ္မသင်္ဂဏီပါဠိတော်-ပဌမ မဟာကုသိုလ်စိတ်၌ပင် လာခဲ့သော။) သဟဇာတာနံ၊ တကွဖြစ်ဖက် စိတ် စေတသိက်တို့၏ အပေါ်၌။ သမဝါဟိတဘူတာ၊ အညီအမျှ အားထုတ်

၁။ **တံ ပဇဟတိ။** ။"ထို ခန္ဓာ ၅-ပါးသည်(တဏှာ သမုဒယကဲ့သို့) ပယ် ထိုက်သော တရားမဟုတ်ပါပဲ အဘယ့်ကြောင့် ထို ခန္ဓာ ၅-ပါးကို ပယ်၏"ဟု ဆိုပါ သနည်း—ဟု မေးဖွယ်ရှိ၏။ အနိစ္စာနုပဿနာ စသည်တို့ဖြင့် နိစ္စသညာ စသည်ကို ပယ် စွန့်လတ်သော် ခန္ဓာ ၅-ပါးအပေါ်၌ ကောင်းစွာ အပြစ်မြင်သောကြောင့် ထို ခန္ဓာ ၅-ပါးနှင့်စပ်သော ဆန္ဒရာဂကို ပယ်စွန့်လိုက်လျှင်ပင် ခန္ဓာ ၅-ပါးကိုလည်း နောက်ထပ် မယူသောအားဖြင့် ပယ်စွန့်ရာရောက်၏။ ထို့ကြောင့်"တံ ပဇဟတိ"ဟု ဆိုပါသည်။ [အနိစ္စာနုပဿနာဒီဟိ နိစ္စသညာဒယော ပဇဟန္တော သမ္ဗဒေဝ ဒိဋ္ဌာဒီနဝတ္တာ တပ္ပ-ဋိဗဒ္ဓဆန္ဒရာဂပ္ပဟာနေန ပဇဟတိ(ဌာနီ ဆန္ဒရာဂကို ပယ်ခြင်းဖြင့် ဌာန ခန္ဓာ ၅-ပါး ကိုလည်း ပယ်ရာရောက်၏။) ယထာ အာယတိံ အာဒါနံ န ဟောတိ၊ တထာ ပဋိ-ပတ္တိယာ ပဇဟတိ။—ဝိသုဒ္ဓိမဂ် ဋီကာ။]

၂။ ဥပေက္ခံ ပဋိလဘတိ။ ။အဘယ်အရာ၌ အသင့်အားဖြင့် ရှုမှုကို ရပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် ဋီကာ၌"ဒိဋ္ဌသောဝတ္တိကတ္တယဿ သပ္ပလက္ခဏာဝိစိနနေ ဝိယ ဒိဋ္ဌလက္ခဏတ္တယဿ ဘူတဿ သင်္ခါရလက္ခဏဝိစိနနေ"ဟု အာခါရနှင့်တကွ ဥပေက္ခာဖြစ်ပုံကို ထည့်၍ပြသည်။ မြင်အပ်ပြီးသော လည်ရစ် ၃-ဆင့်ပါသော မြွေ၏ အပေါ်၌ မြွေဟုတ်—မဟုတ် မစိစစ်တော့ပဲ စိစစ်မှု၌ လျစ်လျူရှုသကဲ့သို့ မြင်အပ်ပြီးသော လက္ခဏာအရေး ၃-ပါးရှိသော ခန္ဓာ ပဉ္စကအပေါ်၌ အနိစ္စ စသောလက္ခဏာကို စိစစ်မှု၌ လျစ်လျူရှုမှုကို ရသည်။-ဟူလို။ [ဇွေးနိဿယ၌ ဤဋီကာပါဌ်ကို ထည့်၍ ပြသည်။]

တတ်သည် ဖြစ်၍ဖြစ်သော။ ယာ ဥပေက္ခာ (အတ္ထိ)။ အယံ၊ သည်။ တတြ မဇ္ဈတ္တုပေက္ခာ နာမ၊ မည်၏။ [ဝဟာခေတ်ကသာ ဆောင်ခြင်းအနက်ကို ဟော၍ ဝါဟာခေတ်ကား အားထုတ်ခြင်းအနက်ကို ဟော၏။ တု-ပစ္စည်း မဟုတ်၊ တ-ပစ္စည်းဖြစ်၍ ဆဋ္ဌီကံကို မငဲ့သောကြောင့် "သဟဇာတာနံ၊ တို့၏ အပေါ်၌"ဟု ပေးသည်။]

ဥပေက္ခကော စ ဝိဟရတီတိ၊ ဟူ၍။ ဧဝံ၊ သို့။ အာဂတာ၊ သော။ (ဤပါဠိတော် ဈာန်ခန်း၌ လာသော။) အဂ္ဂသုခေ၊ အမြတ်ဆုံး သုခဖြစ်သော။ [လောကီတရားတွင် တတိယဈာန်အထက် သုခ မရှိတော့သည်ဖြစ်၍ အဂ္ဂသုခ ဟု ဆိုသည်။] တသ္မိံပိ၊ ထို တတိယဈာန် ချမ်းသာ၌သော်မှလည်း။ အပက္ခပါတဇနနီ၊ သုခအဖို့၌ ကျရောက်ခြင်းကို မဖြစ်စေတတ်သော။ ယာ ဥပေက္ခာ (အတ္ထိ)။ အယံ၊ သည်။ ဈာနုပေက္ခာ နာမ၊ မည်၏။ ပန၊ ကား။ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံ ဈာနန္တိ၊ ဟူ၍။ ဧဝံ၊ သို့။ အာဂတာ၊ သော။ (ဤပါဠိတော် ဈာန်ခန်း၌လာသော။) သဗ္ဗပစ္စနီကပရိသုဒ္ဓါ၊ အလုံးစုံသော ဆန့်ကျင်ဘက်တို့မှ ထက်ဝန်းကျင် စင်ကြယ်သော။ ပစ္စနီက ဝူပသမ-နေပိ၊ ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်း၌ သော်မှလည်း။ အဗျာပါရ ဘူတာ၊ ဗျာပါရမရှိသည်ဖြစ်၍ ဖြစ်သော။ ယာ ဥပေက္ခာ (အတ္ထိ)။အယံ၊ သည်။ ပါရိသုဒ္ဓုပေက္ခာ နာမ၊ မည်၏။

တတ္ထ၊ ထို ဥပေက္ခာတို့တွင်။ ဆဠင်္ဂုပေက္ခာ စ၊ သည်လည်းကောင်း။ပ။ ပါရိသုဒ္ဓုပေက္ခာ စ၊ သည်လည်းကောင်း။ အတ္ထတော၊ လိုရင်းအနက်အားဖြင့်။ (တရားကိုယ်အားဖြင့်။)ကော၊ တခုတည်းသော။ တတြမဇ္ဈတ္တုပေက္ခာဝ၊ သည်သာ။ ဟောတိ။ [ရှေးနိဿယ၌ "ကော-တူ၏"ဟု ပေးသည်။] ပန၊ ထိုသို့ပင် တတြမဇ္ဈတ္တုပေက္ခာ တခုတည်းသာ ဖြစ်ပါသော်လည်း။ တေန တေန အဝတ္ထာဘေဒေန၊ ထိုထို အခိုက်အတန့် အထူးအားဖြင့်။ အဿာ၊ ဤ တတြမဇ္ဈတ္တုပေက္ခာ၏။ အယံ ဘေဒေါ၊ ဤ ဆဠင်္ဂုပေက္ခာ စသောအားဖြင့် ကွဲပြားခြင်းသည်။ ဟောတိ၊ ၏။(ကော ဝိယ၊ အဘယ်ကဲ့သို့နည်း။) ဧကဿာပိ၊ တယောက်တည်း ဖြစ်၍လည်း။ သတော၊ ဖြစ်သော။ သတ္တဿ၊ သတ္တဝါ၏။ ကုမာရ။ပ။ဝသေန၊ သတိုးသားငယ်, လုလင်ပျို, လူကြီး, စစ်သူကြီး, ရှင်ဘုရင် အစရှိသည်တို့၏ အပြားအားဖြင့်။ ဘေဒေါ ဝိယ၊ ကွဲပြားခြင်းကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ တာသု၊ ထို ဥပေက္ခာတို့တွင်။ ယတ္ထ၊ အကြင်စိတ္တုပ္ပာဒ်၌။ ဆဠင်္ဂုပေက္ခာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထို စိတ္တုပ္ပာဒ်၌။ ဗောဇ္ဈင်္ဂုပေက္ခာဒယော၊ ဗောဇ္ဈင်္ဂုပေက္ခာ အစရှိသော ဥပေက္ခာတို့သည်။ န (ဟောန္တိ)၊မဖြစ်ကုန်။ယတ္ထ ဝါ ပန၊ အကြင် စိတ္တုပ္ပာဒ်၌မူလည်း။ ဗောဇ္ဈင်္ဂ

ပေက္ခာ။ဟောတိ၊ ၏။ တတ္ထ၊ထို စိတ္တုပ္ပာဒ်၌။ ဆဠင်္ဂုပေက္ခာဒယော၊ တို့သည်။ န ဟောန္တိ။ ဣတိ၊ သို့။ (ဘေဒေါ၊ ကွဲပြားပုံကို။) ဝေဒိတဗ္ဗော၊ [ဝေဒိတဗ္ဗာ ဟုရှိလျှင် "ဥပေက္ခာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏"ဟု ပေး။ ဤစကားအရ "ဆ-ဗြ-ဗော-တ, ဈာနင့်ပ, အတ္ထ တတြာ"ဟု ဆိုကြသည်။]

စ၊ ဆက်။ တေသံ၊ ဤဥပေက္ခာတို့၏။ အတ္ထတော၊ အားဖြင့်။ ဧကီဘာဝေါ၊ တခုတည်း၏ အဖြစ်သည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ သင်္ခါရုပေက္ခာ ဝိပဿနုပေက္ခာနမ္ပိ၊ တို့၏လည်း။ (ဧကီဘာဝေါ ဟောတိ။) ဟိ၊ မှန်၏။ သော၊ဤဥပေက္ခာသည်။ (တနည်း) တော၊ ဤ သင်္ခါရုပေက္ခာ ဝိပဿနုပေက္ခာတို့သည်။ပညာ ဧဝ၊ ပညာချည်းသာတည်း။ကိစ္စဝသေန၊ကိစ္စ၏ အစွမ်းဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားအားဖြင့်။ ဘိန္နာ၊ ပြား၏။ (တနည်း)ဘိန္နာ၊ ပြားကုန်၏။ဟိ၊ဥပမာဆောင်ထင်အောင်ပြအံ့။ပုရိသဿ၊၏။(ဝိစိနနေ-၌စပ်။) ဝါ၊ သည်။ (ပရိယေသမာနဿ၌-စပ်။) သာယံ၊ ညနေချမ်းအခါ၌။ ဂေဟံ၊ အိမ်သို့။ ပဝိဋ္ဌံ၊ ဝင်လာသော။ သပ္ပံ၊ မြွေကို။ အဇပဒဒဏ္ဍံ၊ ဆိတ်ခြေသဏ္ဌာန်ရှိသောတုတ်ကို။(အရင်း၌ ခွပါ၍ ဆိတ်ခွါနှင့်တူသော တုတ်ကို။) ဂဟေတွာ၊ ကိုင်၍။ ပရိယေသမာနဿ၊ ရှာစဉ်။ တံ၊ ထိုမြွေကို။ ထုသကောဋ္ဌာသေ၊ ဖွဲအစု၌။ [အချို့စာအုပ်၌ "ထုသကောဋ္ဌကေ"ဟု ရှိ၏။ "ဖွဲတိုက်၌"ဟုလည်း ပေးကြသည်။] နိပန္နံ၊ လျောင်းနေသည်ကို။ (စင်းနေသည်ကို။ စင်းစင်းကြီး အလျားလိုက်နေသည်ကို။) ဒိသွာ၊ မြင်၍။ သပ္ပေါ နု ခေါ၊ မြွေလေလော၊ နော(သပ္ပေါ နု ခေါ)၊မြွေမဟုတ်လေသလော။ဣတိ၊သို့။အဝလောကေန္တဿ၊ ငုံ့၍ကြည့်စဉ်။ သောဝတ္ထိကတ္တယံ[၁]၊ လှပတင့်တယ်ကြောင်းဖြစ်သော လည်ရေးသုံးဆင့်အပေါင်းကို။ ဒိသွာ၊မြင်ရ၍။နိဗ္ဗေမတိကဿ၊ ယုံမှား မရှိတော့သည်ဖြစ်၍။ (မြွေအစစ် ဟုဆုံးဖြတ်ပြီးဖြစ်၍။) သပ္ပော၊ မြွေလေလော။ န သပ္ပော၊မြွေမဟုတ်လေသလော။ ဣဘိ၊ သို့။ ဝိစိနနေ၊ စူးစမ်း ဆင်ခြင်ခြင်း၌။ မဇ္ဈတ္တတာ၊ အလယ်အလတ်၌တည်သော သဘောရှိသူ၏အဖြစ်သည်။ ဝါ၊ လျစ်လျူရှုတတ်သူ၏ အဖြစ်သည်။ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ အာရဒ္ဓဝိပဿကဿ၊ အားထုတ်အပ်ပြီးသော ဝိပဿနာ ရှိသော ပုဂ္ဂိုလ်၏။ ဝိပဿနာ

၁။ သောဝတ္ထိကတ္တယံ။ ။သုဝတ္ထိဟူသော ပါဠိသည်"သွဿ္တိ" ဟူသော သက္ကတမှ လာ၏၊ ထိုပုဒ်ကို အဗျယပုဒ်ဟုဆို၏။ "သု+အဿ္တိ"ဟု ခွဲ၍ "သုဘာဝယ+ဟိတံ၊ တင့်တယ်ခြင်း၏ စီးပွား"ဟု သဒ္ဒတ္ထဖြစ်၏။ ခေမ, အာသီသ, ပုညကံ စသော အနက်များကို ဟော၏။ မင်္ဂလာအနက်ကိုလည်း ဟော၏။ မြွေ၌ လည်ရေးသုံးဆင့်သည် လှပတင့်တယ်ခြင်း၏ အကြောင်းဖြစ်ရကား သွတ္ထိ (သုဝတ္ထိ) မည်၏။ သွတ္ထ၌ ဏိကပစ္စည်းသက်၍ "သောဝတ္ထိက"ဟု ဖြစ်သည်။

ဉာဏေန၊ ဖြင့်။ လက္ခဏတ္တယေ၊ လက္ခဏာ ၃-ပါးအပေါင်းကို။ ဒိဋ္ဌေ၊ မြင်အပ်ပြီးသော်။ သင်္ခါရာနံ၊ တို့၏။ အနိစ္စဘာဝါဒိ ဝိစိနနေ၊ အနိစ္စ အစရှိသည်အဖြစ်ကို စိစစ်ခြင်း၌။ ယာ မဇ္ဈတ္တတာ၊ သည်။ ဥပ္ပဇ္ဇတိ။ အယံ၊ ဤ မဇ္ဈတ္တတာသည်။ ဝိပဿနုပေက္ခာ၊ မည်၏။

ပန၊ ဆက်။ တဿ ပုရိသဿ၊ ၏။ ဝါ၊ သည်။(ပရိယေသတော ဂဟဏေ-တို့၌ စပ်။) အဇပဒဒဏ္ဍကေန၊ ဆိတ်ခြေသဏ္ဌာန်ရှိသော တုတ်ဖြင့်။ ဂါဠှံ၊ မြဲမြံစွာ။ သပ္ပံ၊ ကို။ ဂဟေတွာ၊ ကိုင်၍။ ကိန္တိ၊ အဘယ်သို့လျှင်။ အဟံ၊ သည်။ ဣမံ သပ္ပံ၊ ကို။ အဝိဟေဌေန္တော၊ မညှဉ်းဆဲပဲ။ အတ္တာနဉ္စ၊ မိမိကိုလည်း။ ဣမိနာ၊ ဤမြွေသည်။ ဝါ၊ ကို။ အဍံသာပေန္တော၊ မကိုက်စေပဲ။ မုဉ္စေယျံ၊ လွှတ်ရပါအံ့နည်း။ ဣတိ၊ သို့။ မုဉ္စနာကာရမေဝ၊ လွှတ်ခြင်းဟူသော အခြင်းအရာကိုပင်။ (လွှတ်ဖို့ရန် အခြင်းအရာကိုပင်။) ပရိယေသတော၊ ရှာစဉ်။ ဝါ၊ ရှာသော။ (တဿ ပုရိသဿ၊ ၏။) ဂဟဏေ၊ ဖမ်းကိုင်ခြင်း၌။ မဇ္ဈတ္တတာ၊ သည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ။ လက္ခဏတ္တယဿ၊ လက္ခဏာ ၃-ပါးအပေါင်း၏။ ဝါ၊ ကို။ ဒိဋ္ဌတ္တာ၊ မြင်အပ်ပြီး၏အဖြစ်ကြောင့်။ အာဒိတ္တေ ဝိယ၊ လွန်စွာတောက်လောင်သော မီးပုံ ၃-ပုံနှင့်တူကုန်သော။ တယော ဘဝေ၊ ၃-ဘဝတို့ကို။ (ကာမ, ရူပ, အရူပဘဝတို့ကို။) ပဿတော၊ မြင်နေရသော ပုဂ္ဂိုလ်၏။ သင်္ခါရဂ္ဂဟဏေ၊ သင်္ခါရတို့ကို အာရုံပြုသောအားဖြင့် ယူခြင်း၌။ ယာ မဇ္ဈတ္တတာဟောတိ။ အယံ၊ ဤ မဇ္ဈတ္တတာသည်။ သင်္ခါရုပေက္ခာ၊ မည်၏။ ဣတိ၊ သို့။ ဝိပဿနုပေက္ခာယ၊ သည်။ သိဒ္ဓာယ၊ ပြီးလတ်သော်။ သင်္ခါရုပေက္ခာပိ၊ သည်လည်း။ သိဒ္ဓါဝ၊ ပြီးတော့သည်သာ။ ဟောတိ။ ပန၊ ထိုသို့ပင် ပြီးပါသော်လည်း။ သော၊ ဤ ဥပေက္ခာသည်။ ဝိစိနနဂ္ဂဟဏေသု၊ စူးစမ်းရှာဖွေခြင်း ယူခြင်းတို့၌။ မဇ္ဈတ္တသင်္ခါတေန၊ လျစ်လျူရှုတတ်သည်၏ အဖြစ် ဟု ဆိုအပ်သော။ ဣမိနာ ကိစ္စေန၊ ဤကိစ္စအားဖြင့်။ ဒွိဓာ၊ အားဖြင့်။ ဘိန္နာ၊ ပြား၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ပန၊ ကား။ ဝီရိယုပေက္ခာ၊ သည်လည်းကောင်း။ ဝေဒနုပေက္ခာ စ၊ သည်လည်းကောင်း။ အညမညဉ္စ၊ အချင်းချင်းလည်းကောင်း။ (မိမိတို့ ၂-ပါးချင်းလည်းကောင်း။) အဝသေသာဟိ စ၊ ကြွင်းသောဥပေက္ခာတို့နှင့်လည်းကောင်း။ အတ္ထတော၊ အားဖြင့်။ ဘိန္နာယေဝ၊ ကွဲပြားသည်သာ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဒသသု၊ ကုန်သော။ ဣမာသု ဥပေက္ခာသု၊ တို့တွင်။ ဆဠင်္ဂုပေက္ခာ၊သည်။ ဣဓ၊ ဤ တတိယဈာန်၌။ အဓိပ္ပေတာ၊ ၏။ သာ၊ ထို ဆဠင်္ဂုပေက္ခာသည်။ မဇ္ဈတ္တလက္ခဏာ၊ အလယ်အလတ်၌ တည်သောသဘောရှိသည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ အနာဘောဂရသာ၊ ပဏီတသုခ၌သော်မှ နှလုံးမသွင်းခြင်း

ကိစ္စရှိ၏။ အဗျာပါရ ပစ္စုပဋ္ဌာနာ၊ ပဏီတသုခ၌ ကြောင့်ကြမစိုက်သည်၏ အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ သမ္ပယုတ်တရားတို့ကို ပဏီတသုခ၌ ကြောင့်ကြမစိုက်ခြင်းဟူသော အကျိုးကို ဖြစ်စေတတ်၏။ ပီတိ ဝိရာဂပဒဋ္ဌာနာ၊ ပီတိ၌ စက်ဆုပ်ခြင်း (လွန်မြောက်ခြင်း) လျှင် နီးစွာသော အကြောင်းရှိ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဧတ္ထ၊ ဤ ဥပေက္ခကော စ ပုဒ်အဖွင့်၌။ (ဧတ္ထ စေဒကော အာဟ၊ကိံ ။) စ၊ စောဒနာပါဦးအံ့။ အယံ၊ ဤ စျာနုပေက္ခာသည်။ အတ္ထတော၊ အနက် သဘောအားဖြင့်။ (တရားကိုယ်အားဖြင့်။) တတြမဇ္ဈတ္တုပေက္ခာဝ၊သည်သာ။ ဟောတိ၊၏။ သာ စ၊ထိုတတြမဇ္ဈတ္တုပေက္ခာသည်လည်း။ ပဌမ ဒုတိယဇ္ဈာနေ- သုပိ၊ တို့၌လည်း။ အတ္ထိ၊ ၏။ တသ္မာ၊ ကြောင့်။ (ထိုသို့တတြမဇ္ဈတ္တုပေက္ခာ၏ ပဌမစျာန် ဒုတိယစျာန်တို့၌လည်း ရှိသည်၏အဖြစ်ကြောင့်။) တတြာပိ၊ ထို ပဌမစျာန် ဒုတိယစျာန်တို့၌လည်း။ ဥပေက္ခကော စ ဝိဟရတီတိ၊ ဟူ၍။ ဧဝံ၊ သို့။ အယံ၊ ဤ တတြမဇ္ဈတ္တုပေက္ခာသည်။ ဝါ၊ ကို။ ဝတ္တဗ္ဗာ၊ ဟောတော်မူ ထိုက်သည်။ သိယာ နနု၊ ဖြစ်ရာသည်မဟုတ်ပါလော။ [ဤ သိယာကျမှ အာဘောဂဝါကျဆုံး၍ နနုနှင့် တွဲသည်။] အထ၊ ထိုသို့ဖြစ်ပါလျက်။ ကသ္မာ၊ ကြောင့်။ သာ၊ ထို တတြမဇ္ဈတ္တုပေက္ခာကို။ (ဘဂဝတာ) န ဝုတ္တာ။ ဣတိ၊ သို့။ (အာဟ။) ဣတိ၊ ဤကား စောဒနာတည်း။ အပရိဗျတ္တကိစ္စတော၊ မထင်ရှားသော ကိစ္စရှိသည်၏ အဖြစ်ကြောင့်။ (န ဝုတ္တာ။) ဟိ၊ ချဲ့။ တဿာ၊ ထို တတြမဇ္ဈတ္တုပေက္ခာ၏။ တတ္ထ၊ ထို ပဌမစျာန် ဒုတိယစျာန် တို့၌။ ကိစ္စံ၊ ကိစ္စသည်။ အပရိဗျတ္တံ၊ မထင်ရှား။ (ကသ္မာ၊ နည်း။) ဝိတက္ကာဒီဟိ၊ ဝိတက် အစရှိသည်တို့သည်။ (အာဒိဖြင့် ဝိစာရ, ပီတိတို့ကို ယူ။) အဘိဘူတတ္တာ၊ လွှမ်းမိုးအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ ကား။ ဣဓ၊ ဤ တတိယစျာန်၌။ အယံ၊ ဤ တတြမဇ္ဈတ္တုပေက္ခာကို။ (ဝုတ္တာ-၌ စပ်။) ဝါ၊ သည်။ (ဇာတာ-၌ စပ်။) ဝိတက္က ဝိစာရပီတီဟိ၊ တို့သည်။ အနဘိဘူတတ္တာ၊ကြောင့်။ ဥက္ခိတ္တ သိရာ ဝိယ၊ မြှောက်ချီအပ်သော ဦးခေါင်း ရှိသကဲ့သို့။ (ဦးခေါင်း မော်နေသကဲ့သို့။) ဟုတွာ၊ ၍။ ပရိဗျတ္တကိစ္စာ၊ ထင် ရှားသော ကိစ္စရှိသည်။ ဇာတာ၊ ဖြစ်ပြီ။ တသ္မာ၊ ကြောင့်။ (ထိုသို့ ထင်ရှား သော ကိစ္စရှိသည်၏ အဖြစ်ကြောင့်။) ဝုတ္တာ၊ ပြီ။ ဣတိ၊ ဤကား အဖြေ တည်း။ ဥပေက္ခကော စ ဝိဟရတီတိ ဧတဿ၊ ဟူသော ဤပုဒ်၏။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ အတ္ထဝဏ္ဏနာ၊ အနက်အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီ။

ဣဒါနိ၊ ၌။ သတော စ သမ္ပဇာနောတိ ဧတ္ထ၊ ပါဌ်၌။ (အတ္ထဝဏ္ဏနာ၊ ကို။ ဝုစ္စတိ၊ ၏။) သရတိ၊ အောက်မေ့တတ် မှတ်တတ်၏။ ဣတိ။ သတော၊ သတ

မည်၏။ သမ္ပဇာနာတိ၊ ကောင်းစွာအပြားအားဖြင့် သိတတ်၏။ ဣတိ။ သမ္ပ-ဇာနော၊—နမည်၏။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်ဖြင့်။ (ပုဂ္ဂလာဓိဋ္ဌာန်ဖြင့်။) သတိ စ၊ သတိကိုလည်းကောင်း။ သမ္ပဇညဉ္စ၊ ကိုလည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တတ္ထ၊ ထို သတိ သမ္ပဇည ၂-ပါးတို့တွင်။ သတိ၊ သတိသည်။ သရဏလက္ခဏာ၊ သိမှတ်ခြင်း လက္ခဏာရှိ၏။ အသံမုဿနရသာ၊ မေ့လျော့ပျောက်ပျက်ခြင်း၏ ဆန့်ကျင်ဘက် ကိစ္စရှိ၏။အာရက္ခပစ္စုပဋ္ဌာနာ၊ ကိလေသာတို့မှ စောင့်ရှောက်တတ်သည်၏ အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ ဝါ၊ ကိလေသာတို့မှ စောင့်ရှောက်ခြင်းအကျိုးကို ဖြစ်စေတတ်၏။ သမ္ပဇညံ၊ သည်။ အသမ္မောဟလက္ခဏံ၊ သမ္မောဟ၏ ဆန့်ကျင်ဘက် လက္ခဏာရှိ၏။[အသမ္မုယှနံ အသမ္မောဟော၊ သမ္မဒေဝ ပဇာနနံ၊ သမ္မောဟပဋိပက္ခော ဝါ။] တီရဏရသံ၊ ဆုံးဖြတ်ခြင်း ကိစ္စရှိ၏။ [တီရဏံ ကိစ္စဿ ပါရဂမနံ—ကိစ္စ၏ပြီးဆုံးခြင်းသို့ ရောက်ခြင်း။] ပဝိစယပစ္စုပဋ္ဌာနံ၊ စူးစမ်းစိစစ်ခြင်း သဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

တတ္ထ၊ ထို သတော သမ္ပဇာနော ဟူသော ပါဌ်၌။ (စောဒနာသောဓနာ-နယော ဧဝံ ဝေဒိတဗ္ဗော။) [ရှေးနိဿယ၌ "တတ္ထ၊ ထိုစျာန်တို့တွင်" ဟု စွဲ၏။] ဣဒံ သတိသမ္ပဇညံ၊ သည်။ ပုရိမဇ္ဈာနေသုပိ၊ ရှေးစျာန်တို့၌လည်း။ကိဉ္စာပိ အတ္ထိ၊အကယ်၍ကား ရှိပါပေ၏။ ဟိ၊ မှန်၏။ (တနည်း) ဟိ ယသ္မာ၊ကြောင့်။ မုဋ္ဌသတိဿ၊ ပျောက်ကင်းသော သတိရှိသော။ အသမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် မသိသောပုဂ္ဂိုလ်၏(သန္တာန်၌)။ ဥပစာရဇ္ဈာနမတ္တမ္ပိ၊ ဥပစာရစျာန်မျှသော်မှလည်း။ န သမ္ပဇ္ဇတိ၊ မပြီးစီးနိုင်တုံသေး၏။[ပါရာဇိကဏ် အဋ္ဌကထာ၌ "ဥပစာရဇ္ဈာနမတ္တမ္ပိ" ဟု ရှိသည်။] အပ္ပနာ၊ အပ္ပနာစျာန်သည်။ ပဂေဝ၊ ရှေးဦးမဆွ အစကပင်။ န သမ္ပဇ္ဇတိ၊ နိုင်။ (တနည်း—အပ္ပနာ၊ သည်။ ပဂေဝ၊ အဘယ်မှာ ပြီးစီးနိုင်ပါအံ့နည်း။)တသ္မာ၊ ကြောင့်။ (ထိုသို့ မုဋ္ဌဿတိ အသမ္ပဇာနပုဂ္ဂိုလ်မှာ အပ္ပနာစျာန်ကို မဆိုထားဘိ ဥပစာရစျာန်ကိုသော်မှလည်း မပြီးစီးနိုင်သည်၏ အဖြစ်ကြောင့်။) ဣဒံ သတိသမ္ပဇညံ၊ သည်။ ပုရိမဇ္ဈာနေသုပိ၊ တို့၌လည်း။ ကိဉ္စာပိ အတ္ထိ၊ အကယ်၍ကား ရှိပါပေ၏။ [ပြန်လှည့်စပ်သည်။] ပန၊ ထိုသို့ပင် ရှိပါသော်လည်း တေသံ ဈာနာနံ၊ ထို ရှေးစျာန်တို့၏။ ဩဠာရိကတ္တာ၊ ကြမ်းတမ်းကုန်သည်၏ အဖြစ်ကြောင့်။ ဘူမိယံ၊ ၌။ ပုရိသဿ၊ ၏။ ဂတိ၊ သွားရခြင်းသည်။ သုခါ ဝိယ၊ လွယ်ကူသကဲ့သို့။ (တထာ၊ တူ။) စိတ္တဿ၊ ၏။ ဂတိ၊ ဖြစ်ရခြင်းသည်။ သုခါ၊ သည်။ ဟောတိ။ တတ္ထ၊ ထို ရှေးစျာန်တို့၌။ သတိသမ္ပဇညကိစ္စံ၊ သည်။ အဗျတ္တံ၊ မထင်ရှား။ ပန၊ အနွယ ကား။ (တနည်း) ပန၊ အဖွိုတပါးကား။ ဣမဿ

ဈာနဿ၊ ဤ တတိယဈာန်၏။ ဩဠာရိကင်္ဂပ္ပဟာနေန၊ ကြမ်းတမ်းသော ဈာန်အင်္ဂါတို့ကို ပယ်ပြီးခြင်းကြောင့်။ ဝါ၊ ပြီးသည့်အတွက်။ သုခုမတ္တာ၊ နူးညံ့သည်၏အဖြစ်ကြောင့်။ ပုရိသဿ၊ ၏။ ခုရဓာရာယံ၊ သင်ဓုန်းသွား၌။ (သမီပျူပစာ၊ သင်ဓုန်းသွားအနီး၌-ဟူလို။) ဂတိ ဝိယ၊ သွားရခြင်းကဲ့သို့။ (တထာ၊ တူ။) သတိသမ္ပဇညပရိဂ္ဂဟိတာယေဝ၊ သတိသမ္ပဇညဖြင့် သိမ်းဆည်းအပ်သည်သာလျှင် ဖြစ်သော။ စိတ္တဿ၊ ၏။ ဂတိ၊ ဖြစ်ရခြင်းကို။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိထိုက်၏။ ဣတိ၊ ကြောင့်။ (ထိုသို့ ဤဈာန်၏ နူးညံ့သည့်အတွက် သတိသမ္ပဇညဖြင့် သိမ်းဆည်းအပ်သော စိတ်၏ဖြစ်ခြင်းကို အလိုရှိထိုက်သည်၏ အဖြစ်ကြောင့်။) ဣဓေဝ၊ ဤ တတိယဈာန်၌သာ။ ဣဒံ၊ ဤ သတိသမ္ပဇည ကို။ ဝုတ္တံ၊ ပြီ။

၁။ **ဧကကာရဏဝါဒေါ**။ ။"ပကတိကာရဏဝါဒေါ, ဣဿရကာရဏဝါဒေါ ဝါ" ဟု ဖွင့်ရာ၌ ပကတိကာရဏ-ဣဿရကာရဏသည် ဧကကာရဏ (အကြောင်း တခု)၏ သရုပ်ပြတည်း။"အားလုံးသော အရာဝတ္ထုသည် ပကတိဟူသော အကြောင်း တခုသာရှိ၏။ ဣဿရဝါဒီတို့ကလည်း "ဣဿရ" ဟူသော အကြောင်းတခုသာရှိ၏၊ များစွာသော အကြောင်းမရှိ"—ဟူလို။ အနုဋီကာ၌ ထိုကာရဏ ၂-မျိုးကို ပြခြင်းသည် နိဒဿနနည်းမျှသာ၊ ပဇာပတိ—ပုရိသ-ကာလစသောသတို့ကိုလည်း ဧကကာရဏ အရ ယူရမည် ဟု ဆို၏။ နိဒဿနနည်းဟု မဆိုလျှင်လည်း ထို ပဇာပတိ စသည်ကို "ဝါဒေါ ဝါ" ၌ အဝုတ္တဝိကပ္ပန ဝါသဒ္ဒါဖြင့် ယူပါ ဟု ဆို၏။

၂။ **ပကတိ**။ ။ပကတိဝါဒီနော သတ္တရဇတမသန္နိပါတာနံ တိဏ္ဏံ ဂုဏာနံ သမ-ဘာဝေါ ပကတိ၊ သာ စ နိစ္စာ။-ကထာဝတ္ထု အနုဋီကာ—ပုဂ္ဂလကထာ။ ဩကာသ ကမ္ဘာလောကကြီးနှင့်တကွ သက်ရှိ သက်မဲ့ အရာဝတ္ထု ဟူသမျှသည် ပကတိမှ စ၍ ဖြစ်၏၊ ထို ပကတိ ဟူသော ပင်ကိုကား ကမ္ဘာပျက်သော်လည်း မပျက်စီးပဲ မြဲ၏၊ ဤသို့ ပကတိဝါဒီတို့က ဆိုကြ၏။ ထို ပကတိဟူသည်"သတ္တ-ရဇ-တမ" ဟူသော သတ္တိ ၃-ခု၏ အပေါင်းတည်း။

ခွဲဦးအံ့-ပကတိသဒ္ဒါကို။ သတ္တာဒိသာမျာဝတ္ထာယံ၊ သတ္တ စသောဂုဏ် ၃—ပါးတို့၏ တူမျှသော အခိုက်အတန့်၌ လည်းကောင်း။ ဤရိပ်ဘာ၊ ဆိုအပ်၏။-အဘိဓာန် (၁၁၁)။ဤအဘိဓာန်နှင့်အညီ ဗိသဏိုးနတ်မင်းကြီးသည် ကမ္ဘာကို ဖန်ဆင်းလိုသော အခါ ရှေးဦးစွာ ပကတိနှင့် ပုရိသကို ဖန်ဆင်းလိုက်၏။ [ပကတိကို "မာယာ" ဟု လည်း ခေါ်၏၊ ပုရိသကို "အတ္တ" ဟုလည်း ခေါ်၏။] ထိုတွင် ပကတိသည် စိတ် စေတနာ မရှိ။ သတ္တ၊ ရဇ၊ တမ—ဟူသော ဂုဏ်သတ္တိ ၃-မျိုးရှိ၏။ ပုရိသကား စိတ် စေတနာရှိသည်။

ဂုဏ် ၃-မျိုး။ ။သတော၊ သူတော်ကောင်း၏+ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်သည်၊ သတ္တံ၊ သတ္တမည်၏။ ဤ သတ္တသည် သုခ၏ အကြောင်းတည်း။ "ရဇ" ဟူသည် ရာဂတည်း၊ ဤရဇသည် ဒုက္ခ၏အကြောင်းတည်း။ "တမ" ဟူသည် ဝိတ်ဆို့ တတ်သော အမိုက်မှောင်တည်း။ ဤ တမသည် မောဟ၏အကြောင်းတည်း။ ထို သုခ ဒုက္ခ မောဟတို့၏ အကြောင်းဖြစ်သော သတ္တ၊ ရဇ၊ တမ ၃—ခု အပေါင်းကိုပင် ပကတိ (မူလ ပင်ကိုသဘော) ဟု ခေါ်ရသည်။

ပုရိသ (အတ္တ) နှင့်ပေါင်းပုံ။ ။ထို ပကတိသည် ပုရိသ (အတ္တ) နှင့် ပေါင်းစပ်မိသောအခါ နဂိုသဘောမှ ချောက်ချား၍ ဖောက်ပြားခြင်းသို့ ရောက်ရကား ဗုဒ္ဓိတတ္တ (ဉာဏ်ပညာ၏ ဖြစ်ခြင်း) ဟူသော မဟာ၊ ငါဟူသော အဘိမာန၊ ပထဝီ အာပေါ

အကြောင်းရှိ၏ ဟူသော အယူဝါဒသည်လည်းကောင်း။ ဝါ၊ ကိုလည်းကောင်း။ (ပဋိသေဓိတော ဟောတိ။) ဝါ၊ တနည်း။ ဣဿရနိမ္မာနကာရဏဝါဒေါ၊ ဗြဟ္မာ ဗိဿကြိုး အစိုးရသူ ဟူသော အကြောင်းရှိ၏ဟူသော အယူဝါဒသည်။ ဝါ၊ ကို။ (ပဋိသေဓိတော ဟောတိ။)

အဝယဝါနံ၊ အစိတ်အကြောင်းတို့၏။ အညမညာပေက္ခတာယ၊ အချင်းချင်း ငဲ့ခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်။ သမုဒါယော၊ အပေါင်းကို။ အညမညာပေက္ခာ'တိ၊ ဟူ၍။ (သင်္ဂဟကာရေန) ဝုတ္တော။ အပေက္ခာ စ၊ အပေက္ခာ ဟူသည်

စသော မာတ်ကြီး၊ ရူပ သဒ္ဒ စသော အာရုံ၊ စက္ခု သောတ စသော ပသာဒရုပ် ဤသို့စသောအားဖြင့် ရုပ် နာမ် ခန္ဓာ ဖြစ်ပေါ်လာ၏။ ဤသို့ဖြစ်ဖို့ရန် အခြေခံ အကြောင်းရင်း မျိုးစေ့သည် ပုရိသ (အတ္တ) မဟုတ် ပကတိသာတည်း။ ထို့ကြောင့် ပကတိဝါဒကို ''ဧကကာရဏဝါဒ''ဟု ဆိုရသည်။ [အတ္တ၏ သတ္တိကိုကား သင်္ချိုဟ်ဘာသာဋီကာဝယ် အတ္တဝါဒုပါဒါန် အခန်း၌ ပြထားပြီ။ ဤအဓိပ္ပာယ်ကို အဘယာရာမဆရာတော်၏ (၉၂) အဘိဓာန် နိဿယသစ်မှ ယူထားသည်။]

၁။ **ဣဿရ။** ။ဗြဟ္မဇာလသုတ်၌လာသော''ဣဿရော ကတ္တာ နိမ္မာတာ''နှင့်အညီ ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတို့၏ အကြောင်းရင်း အစသည်''မဟာဗြဟ္မာ''ဟူသော ဣဿရ (အစိုးရသူ) ပင်တည်း။ ဤသို့ ဣဿရဝါဒီတို့က ယူကြ၏။

ပဇာပတိ၊ ပုရိသ။ ။''ပဇာပတိ''ဟူသည် သတ္တဝါတို့၏ အရှင်သခင် ဖြစ်သော ထို ဣဿရပင်တည်း။ ''ပုရိသ''ဟူသည်လည်း ကမ္ဘာကို ဖန်ဆင်းနိုင်လောက်အောင် တန်ခိုးအထူးရှိသော ထို ဣဿရယောကျ်ားပင်တည်း။ [ယထာ စ ဣဿရော, ဧဝံ ပဇာပတိ,ပုရိသော စ၊ နာမမတ္တမေဝ ဟေတ္တ ဝိသေသော။-ကထာဝတ္ထု အနုဋီကာ။]

ကာလဝိသေ..။ ။''ကာလကြောင့် သက်ရှိသက်မဲ့ အရာဝတ္ထုတွေ ဖြစ်..၏''ဟု အယူရှိသော ကာလဝါဒီပုဂ္ဂိုလ်တို့က ''ကာလသည် မူလအကြောင်းတည်း''ဟု ဆိုကြ၏။ [ရှေ့ ''ယထာ ဝါ''အဖွင့်၌ ကာလ၏သတ္တိကို ပြခဲ့ပြီ။]

အဏုမြူဝါဒ။ ။ထို့ပြင်-ကမ္ဘာပျက်သောအခါ ပရမာဏုမြူသာ ကျန်တော့၏။ ထို ပရမာဏုမြူ ၂-ခု ပေါင်း၍ ဒွိအဏုမြူ ဖြစ်၏။ ဧကအဏုမြူနှင့် ဒွိအဏုမြူ ပေါင်းလျှင် တိအဏုမြူဖြစ်၏။ ဒွိအဏုမြူ ၂-ခုပေါင်းလျှင် စတုအဏုမြူ ဖြစ်၏။ ဤသို့အားဖြင့် သက်ရှိ သက်မဲ့ ဟူသမျှသည် အဏုမြူအပေါင်းသာ ဖြစ်ရကား''ပရမာဏုမြူသည် အကြောင်းရင်းတည်း''ဟု ယူဆသော အဏုမြူဝါဒလည်းရှိ၏။ ဤသို့''ဧကကာရဏ အကြောင်းတခုသာရှိ၏၊ များစွာသောအကြောင်းတို့ကြောင့် ကုသိုလ်စသော တရားတို့ ဖြစ်ရသည်မဟုတ်''ဟု ယူဆသောဝါဒအမျိုးမျိုးကို''ဧကကာရဏဝါဒ''ဟုခေါ်သည်။

၂။ **အညမညာပေက္ခာ** ။အပေက္ခာသဒ္ဒါသည် ဣတ္ထိလိင်ရှိ၏။ ဤ၌ သမဝါယောကို အရကောက်ရသောကြောင့် ဗဟုဗ္ဗီဟိသမာသ်ပြု၍''အပေက္ခော''ဟု ထားသည်။ အညမညံ+အပေက္ခာ ယဿာတိ အညမညာပေက္ခော''ဟု ပြု။ ဤသို့ ဝိဂ္ဂြိုဟ်ပြုရသောကြောင့်''အညမညာပေက္ခော''အရ အပေါင်းအစုရှုလျှင် တပေါင်းတစု တခုတည်းဖြစ်သောကြောင့် အချင်းချင်း ငဲ့စရာမလို၊ သို့ပါလျက် အဘယ့်ကြောင့် '' အညမညာပေ-

လည်း။ ယာဝ၊ လောက်။ သဟာယကာရဏသမာဂမော၊ အဖော်ဖြစ်သော အကြောင်းတို့၏ ပေါင်းဆုံမိခြင်းသည်။ န ဟောတိ၊ သေး။ တာဝ၊ထို အဖော် အကြောင်းတို့ မပေါင်းဆုံမိသေးသမျှ။ ဖလဿ၊ အကျိုးကို။ အနိပ္ဖာဒနံ၊မပြီး စေနိုင်ခြင်းသည်လည်းကောင်း။(ပြီးစေဖို့ရန်အကြောင်း မဖြစ်ခြင်းသည်လည်း ကောင်း။)နိပ္ဖာဒနသမတ္ထဿ၊ ပြီးစေခြင်း၌ စွမ်းနိုင်သော အကြောင်းအစိတ် ၏။ သမာဂမေ၊ ပေါင်းဆုံမိခြင်းသည်။(သတိ။) နိပ္ဖာဒနဥ္စ၊ အကျိုးကို ပြီးစေခြင်းသည် လည်းကောင်းတည်း။

သမာဂမော စ ၊ သမာဂမဟူသည်လည်း။ယေသု၊ အကြင် အကြောင်း တရားတို့သည်။ယုဇ္ဇမာနေသု၊ယှဉ်မိကုန်လတ်သော်။ နိဗ္ဗာပါရေသုပိ၊အကျိုးကို

ကွော''ဟု ဆိုရသနည်း ဟု မေးဖွယ်ရှိရကား ''အဝယဝါနံ အညမညာပေက္ခတာယ သမုဒါယော ဝုတ္တော''ဟု ဖွင့်သည်။ စက္ခုပသာဒ ရူပါရုံ စသော အစိတ်တို့၏ အညမညာပေက္ခ အမည်ကို အပေါင်းသမဝါယ၌ တင်စား၍ အပေါင်းသမဝါယကိုပင် အဝယဝူပစာရ (ကေဒေသူပစာရ) အားဖြင့် ''အညမညာပေက္ခ''ဟု အဋ္ဌကထာဆရာ ဆိုပါသည်—ဟူလို။

အနုဋီကာ။ ။အဝယဝ။ပ။သမုဒါယော ဝုတ္တော၊ အဝယဝဓမ္မေန သမုဒါယဿ အပဒိသိတဗ္ဗတ္တာ။ ယထာ—သမံစုဏ္ဏံ (ညီမျှသောဆေးမှုန့်) အလက်တော ဒေဝဒတ္တော (တန်ဆာဆင်အပ်သော ဒေဝဒတ်။)....''သမံစုဏ္ဏံ''ဟူသော စကားသည် ဆေးတဖုံ လုံးကို ပြောသောစကားတည်း၊ ထိုတဖုံလုံးသည်''သမ''မဖြစ်နိုင်။ အစိတ် အစိတ် ဆေးတို့၏ သမအမည်ကို ဆေးတဖုံလုံး၌တင်စား၍ အဝယဝူပစာ (ကေဒေသူပစာရ) အားဖြင့်''သမံစုဏ္ဏံ''ဟု ဆိုသကဲ့သို့လည်းကောင်း။''အလက်တော ဒေဝဒတ္တော''၌ တန်ဆာဆင်၍ဖြစ်နိုင်သော ဦးခေါင်း လက် စသော အစိတ်အင်္ဂါတို့၏ အလက်တ အမည်ကို ဒေဝဒတ်တကိုယ်လုံး၌ တင်စား၍ ထိုဥပစာရအားဖြင့်ပင် ''အလက်တော ဒေဝဒတ္တော''ဟု ဆိုသကဲ့သို့လည်းကောင်းတည်း။

၃။ **အပေက္ခာ စ**။ ။အညမညာပေက္ခာနှင့်စပ်၍ အပေက္ခာ၏အဓိပ္ပာယ်ကို ပြလို သောကြောင့်''အပေက္ခာ စ''ဟု မိန့်သည်။အကျိုးတခုကို အတူပြုဖက်အဖော်ဖြစ်သော အကြောင်းတို့၏ မပေါင်းမိသေးလျှင် ထိုအကျိုးကို မဖြစ်စေနိုင်ခြင်း၊ ပေါင်းမိလျှင်ကား ထိုအကျိုးကို ဖြစ်စေနိုင်ခြင်းကို''အပေက္ခာ''ဟု ခေါ်သည်။ [အကျိုးတခုကို မပြီးစေနိုင် သော အကြောင်းတွေ ရာထောင်မက ပေါင်းမိသော်လည်း အကျိုးမပြီးသောကြောင့် ''သမာဂမေ နိပ္ဖာဒနသမတ္ထဿ''ဟု သမတ္ထသဒ္ဒါကို ထည့်၍ ဆိုသည်။ ထို ငှဲခြင်း လည်း ထမ်းစင်ထမ်းသူ လူ ၄-ယောက်တို့ တယောက် တယောက်ကို လာရောက်ဖို့ရန် ငှဲခြင်း၊ စောင့်မျှော်ခြင်းနှင့်တူ၏။ ထို့ကြောင့်''အပေက္ခာဝိယာတိ အပေက္ခာ ဒဋ္ဌဗ္ဗာ'' ဟု အနုဋီကာ မိန့်သည်။]

၁။ **သမာဂမော စ**။ ။ရှေ့ဝါကျ၌ပါသော''သမာဂမ''ဟူရာ၌ ထမ်းစင်ထမ်း ရာဝယ် လူ ၄-ယောက်သည် ထမ်းစင်အနား၌ ပေါင်းစုမိကြသကဲ့သို့ စက္ခုပသာဒ၊ရူပါရုံ

ပြီးစေဖို့ရန် ဗျာပါရ မရှိပါကုန်သော်လည်း။ ဖလဿ၊ အကျိုး၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ (ဟောတိ။) တေသံ၊ ထို အကြောင်းတို့၏။ သဗ္ဗာဝေါ၊ ထင်ရှားရှိကုန်သည်၏ အဖြစ်တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။ [သဗ္ဗာဝေါကို မဝဋ္ဋ "သဟ—ဘာဝေါ ဓမ္မောတိ အတွေ့-အတူတကွဖြစ်သော သဘော" ဟုဖွင့်၏။ ထို အကြောင်းတို့ အတူမဖြစ်နိုင်သောကြောင့် ထိုအဖွင့်ကို စဉ်းစားသင့်သည်။]

အသာမဂ္ဂီ။ ပ။ ပတ္တိတောတိ၊ ကား။ အသမဝေတာနံ၊ အညီအမျှ တကွ မဖြစ်ကုန်သော။ စက္ခု။ ပ။ ရာနံ၊ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရ တို့၏။ စက္ခုဝိညာဏဿ၊ ၏။ အဟေတုဘာဝေ၊ အကြောင်းမဟုတ်ကုန်သည်၏ အဖြစ်သည်။ သတိ၊ သော်။ သမဝေတာနံ၊ အညီအမျှ တကွဖြစ်ကုန်သော။ (စက္ခုရူပါလောကမနသိကာရာနံ စ၊ တို့၏လည်း။) တံသဘာဝါဝိနိဝတ္တိတော၊ ထိုအကြောင်း မဖြစ်ခြင်းဟူသောသဘောမှ မဆုတ်နစ်ခြင်းကြောင့်။ ဝါ၊ သည့်အတွက်။ ဟေတုဘာဝါနုပတ္တိတော၊ အကြောင်း၏အဖြစ်သို့ မရောက်ခြင်းကြောင့်။ (အဋ္ဌကထာဝယ် တံ န ယုတ္တံ-၌ စပ်။) ဣတိ အတွေ့။

[၁]ဟိ၊ မှန်။ တနည်း၊ ဟိ (ယသ္မာ)။ သဘာဝန္တရံ၊ ဖဿ စသော သဘော တမျိုးသည်။ အညေန၊ အခြားသော ဝေဒနာ စသော သဘောတမျိုးနှင့်။ သဟိတံ၊ တကွဖြစ်သည်။ (သမာနံ။) သဘာဝန္တရံ၊ ဝေဒနာ စသော သဘော တမျိုးသည်။ န ဟောတိ၊ မဖြစ်နိုင်။ ဣတိ၊ ကြောင့်။ (အသမဝေတာနံ စက္ခု ရူပါလောကမနသိကာရာနံ။ ပ။ တံ သဘာဝါဝိနိဝတ္တိ၊ ထိုအကြောင်း မဖြစ်ခြင်းဟူသော သဘောမှ မဆုတ်နစ်ခြင်းသည်။ ဟောတိ။)

ကေသုဉ္စိ၊ ကား။ အန္တသတော၊ သူကန်းတရာတွင်။ ဧကေကဿ၊ သော။ ... ဒွေ၊ သူကန်းသည်။ (ဒဿုံ အသက္ကောန္တေ-၌ စပ်။) ဣတိ အယံ၊ ကား။

စသော အကြောင်းတို့သည် တနေရာတည်း၌ ပေါင်းစုကြခြင်း မဟုတ်၊ စက္ခုပသာဒ စသော အကြောင်းတို့၏ အကျိုးကို ပြီးစေဖို့ရန် ဗျာပါရမရှိကြသော်လည်း (ကိုယ့်နေရာ၌ ကိုယ့်ဘာသာ တည်ရှိကြလျက်ပင်) အကျိုးတရား ဖြစ်လောက်အောင် ထင်ရှားရှိခြင်းကိုပင် ထမ်းစင်ထမ်းသူ လူ ၄-ယောက် ပေါင်းမိခြင်းနှင့်တူသောကြောင့် "သမဂ္ဂ (ပေါင်းမိခြင်း)" ဟု ခေါ်ရသည်။

၁။ **န ဟိ။ ပ။ သဘာဝန္တရံ ဟောတိ။** ။ဓာတုကထာပကရဏ်၏ မိမိစကားကို ခိုင်မြဲစေသော ဒဠှီဝါကျ၊ (တနည်း) ထောက်ခံသော ဟေတုဝါကျတည်း။ ဖဿ စသော သဘော တမျိုးသည် ဝေဒနာနှင့် အတူဖြစ်သောအခါ ဝေဒနာသဘောတမျိုးသို့မပြောင်းနိုင်သောကြောင့် မပေါင်းမိခင်က အကြောင်းမဖြစ်သော တရားအစုလည်း ပေါင်းမိမှ အကြောင်း မဖြစ်နိုင်ပါ—ဟူလို။

အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ [1]အညထာ၊ (ကေကသို့ ဟု ဝိစ္ဆာအနက်ကို ယူခြင်းမှ) တပါးသော အခြင်းအရာအားဖြင့်။ ယထာရုတ-ဝသေန၊ အကြင်အကြင် ရွတ်ဆိုအပ်သော သဒ္ဒါ၏အစွမ်းဖြင့်။ (အဋ္ဌကထာ၌ "ကေသို့ အဒ္ဓေ"ဟု တိုက်ရိုက်ရွတ်ဆိုအပ်သော သဒ္ဒါ၏အစွမ်းဖြင့်။) အဝိစ္ဆာ၊ ဝိစ္ဆာမဟုတ်သော အနက်ကို။ ဂယှမာနေ၊ သော်။ [2]ကေသ၊ သော။ အဒ္ဓသ၊ ၏။ ဒသနာသမတ္ထတာ၊ မြင်ခြင်း၌ မစွမ်းနိုင်သည်၏ အဖြစ်သည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော သူကန်းတို့၏ အတွက်လည်း။ န ဟောတိ၊ နိုင်။ [3]ကေသ၊ သူကန်းတယောက်၏။ အသမတ္ထတာယ၊ မြင်ခြင်း၌ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော သူကန်းတို့၏လည်း။ အသမတ္ထကာပိ၊ ကိုလည်း။ န ဝုတ္တာ၊ မဆိုအပ်။ ဝါ၊ မဆိုလို။ [4]ကိန္တု၊ စင်စစ်သော်ကား။ သဗ္ဗေသံ၊ တို့၏။ ဝိသုံ၊ အသီးအသီး။ ဝါ၊ တယောက်စီ တယောက်စီ။ အသမတ္ထတာယ ဧဝ၊ ကြောင့်သာ။ (သဗ္ဗေသမ္ပိ အသမတ္ထတာ ဝုတ္တာ။)ဣတိ၊

၁။ အညထာ။ပ။ဂယှမာနေ။　။"အန္ဓသတေ ကေကသို့ အဒ္ဓေ" ဟူသော အဓိပ္ပာယ်ကို အညထာ၏ အပါဒါန်ခံပါ။ "သူကန်းတရာတွင် တယောက်တယောက်သော သူကန်းဟူသော အနက်မှ တပါးသော အခြင်းအရာအားဖြင့်" ဟူလို။ "ယို တပါးသော အခြင်းအရာ" ဟူသည် ပါဠိ၌ရှိအတိုင်း "သူကန်းတယောက်သည် မြင်ခြင်း၌မစွမ်းနိုင်သော်"ဟူသောအနက်တည်း။ ထို့ကြောင့်"ယထာရုတဝသေန အဝိစ္ဆာ ဂယှမာနေ" ကို အညထာ၏ အနက်ဖွင့် ဟု မှတ်ပါ။ ၎င်း၌ "ဂယှမာနေ" ကို နောက် "န ယုဇ္ဇယျော၊ နာပိ သမ္ဘဝေါ"တို့၌ စပ်ပါ။

၂။ ကေသ အန္ဓဿ။ပ။န ဟောတိ။　။မဓုဋီကာ၌ "သဗ္ဗေသမ္ပိ ဟောတိ-သဗ္ဗေသံ အသမတ္ထတာ သိယာတိ အဓိပ္ပါယော" ဟု (န) မပါပဲ ဖွင့်ထား၏။ သို့သော် "နာပိ" စသည်ဖြင့် တက်သော နောက်ဝါကျကိုထောက်လျှင် ရှေ့ဝါကျ၌ (န) ပါသောကြောင့် "သမ္ဘဝေါန အပိသဒ္ဒါနှင့်တကွ ဆိုသည်" ဟု သိသာ၏။ ထို့ကြောင့်"သဗ္ဗေ-သမ္ပိ န ဟောတိ" ဟု သာ ရှိသင့်၏။ ဆိုလိုရင်းကား–"သူကန်းတယောက်၏ ဒဿန အသမတ္ထတာသည် သူကန်းအားလုံး၏ ဒဿနအသမတ္ထတာ မဖြစ်နိုင်" ဟု ဆိုလိုသည်၊

၃။ နာပိ။ပ။ဝုတ္တာ။　။ထိုသို့ မဖြစ်နိုင်ရုံသာမက သင်္ဂဟအဋ္ဌကထာ ဆရာသည်း သူကန်းတယောက်၏ ဒဿနကိစ္စ၌ အသမတ္ထဖြစ်မှုကြောင့် သူကန်း တရာလုံး၏ အသမတ္ထ အဖြစ်ကိုလည်း ဆိုလိုသည် မဟုတ်။

၄။ ကိန္တု။ပ။ဝေါတိ။　။စင်စစ်အားဖြင့် သင်္ဂဟအဋ္ဌကထာဆိုလိုရင်းမှာ သူကန်းအားလုံးတွင် တယောက်စီ တယောက်စီ၏ မြင်ခြင်းကိစ္စ၌ မစွမ်းနိုင်ခြင်းကြောင့်သာ အားလုံးပေါင်းမိသော်လည်း မစွမ်းနိုင်ပုံကိုဆိုလိုရင်းဖြစ်၏။"ဝေါတိ" ၌ ဣတိကို ရှေ့ "ဂယှမာနေ" ၌ ပြန်၍စပ်ပါ။

ကြောင့်။ (ယထာရူတဝသေန အတ္တေ ဂယှမာနေ။) ဥပမာဝစနံ၊ ဥပမာ စကားသည်။ (ကေသိုံ အန္ဓေ စသော ဥပမာစကားသည်။) န ယုဇ္ဇေယျ။

ဥပမောပမိတဗ္ဗသမ္ဗန္ဓောပိ၊ ဥပမာန ဥပမေယျတို့၏ စပ်ခြင်းသည်လည်း။ န၊ မဖြစ်။ ဟိ၊ မှန်။ တနည်း၊ ဟိ (ယသ္မာ)။ ဥပမိတဗ္ဗေသု၊ နှိုင်းယှဉ်ထိုက်ကုန်သော။ (ဥပမေယျဖြစ်ထိုက်ကုန်သော။) စက္ခာဒီသု၊ တို့တွင်။ (စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရတို့တွင်။) ကေဃ၊ တပါးတပါးသော တရား၏။ အသမတ္ထတာယ၊ စက္ခုဝိညာဉ် ဖြစ်စေခြင်း၌ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော တရားတို့၏လည်း။ အသမတ္ထတာ၊ ကို။ န ဝုတ္တာ၊ မဆိုအပ်။ ဝါ၊ မဆိုလို။ ကိန္တု၊ ကား။ သဗ္ဗေသံ၊ အလုံးစုံသော စက္ခုပသာဒ စသည်တို့၏။ ဝိသုံ၊ အသမတ္ထတာယ၊ ကြောင့်။ သဟိတာနံ၊ တကွဖြစ်ကုန်သော တရားတို့၏။ အသမတ္ထတာ၊ ကို။ (ဝုတ္တာ၊ ဆိုအပ်၏။ ဝါ၊ ဆိုလို၏။)ဣတိ၊ ကြောင့်။ (ဥပမောပမိတဗ္ဗသမ္ဗန္ဓော န ဟောတိ။) စ၊ ဆက်။ အန္ဓသတံ ပဿတီတိ (တွေ)၊ ၌။ အန္ဓသတံ၊ သည်။ သဟိတံ၊ တကွဖြစ်သည်။ ဝါ၊ ပေါင်းမိသည်။ (သမာနံ) န ပဿတိ။ (အဋ္ဌကထာမှ န- ကို ယူပေး သည်။) ဣတိ အယံ၊ ကား။ အဓိပ္ပာယော၊ တည်း။ (ကသ္မာ၊ နည်း။) အညထာ၊ ("သဟိတံ"ဟု ထည့်ခြင်းမှ) တပါးသော အခြင်းအရာအားဖြင့်။ (ယထာရူတဝသေန အတ္တေ ဂယှမာနေ။) ဝုတ္တနယေန၊ ဖြင့်။ ဥပမိတဗ္ဗာ သမာနတာ ပတ္တိတော၊ ဥပမေယျနှင့် မတူသည့်၏အဖြစ်သို့ ရောက်ခြင်းကြောင့် တည်း။

သာဓာရဏ။ပ။ဒ္ဒီတဘာဝေါတိ၊ ဟူသောပါဌ်ဖြင့်။ (ပဝတ္တိမာဟ-၌ စပ်။) ယေသု၊ အကြင် အကြောင်းတို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှား ရှိကုန်လတ်သော်။ ဖလပ္ပဝတ္တိ၊ စက္ခုဝိညာဉ်စသော အကျိုး၏ဖြစ်ခြင်းသည်။ (ဟောတိ။)တေသံ၊ ထို စက္ခုပသာဒ အစရှိသော အကြောင်းတို့၏။ သမောဓာနေ၊ ပေါင်းဆုံရာ အခါ၌။ (ပဝတ္တိမာဟ-၌ စပ်။)ယထာ၊ အကြင် နိဿယ အာရမ္မဏ စသော အခြင်းအရာအားဖြင့်။ ဟေသု၊ ထို စက္ခုပသာဒ စသော အကြောင်းတို့သည်။ ပဝတ္တမာနေသု၊ သော်။ ဖလပ္ပဝတ္တိ၊စက္ခုဝိညာဉ် စသော အကျိုး၏ ဖြစ်ခြင်း သည်။ (ဟောတိ။) တထာ၊ ထို နိဿယ အာရမ္မဏ စသော အခြင်းအရာ အားဖြင့်။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ (သင်္ဂါဟကာရော) အာဟ။ ယေသံ ကေသဉ္စိ၊ အမှတ်မရှိ တစုံတခုကုန်သော။ အနေကေသံ၊ တပါးမက များစွာသော အကြောင်းတို့၏။ သမောဓာနမတ္တံ၊ ပေါင်းဆုံခြင်းမျှသည်။ သာမဂ္ဂီ၊ သာမဂ္ဂီ မည်သည်။န၊ မဟုတ်။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ယေသံ ကေသဉ္စိ အနေ- ကေသံ သမောဓာနမတ္တံ သာမဂ္ဂီ။ န၊ မဟုတ်။ ဣတိ၊ သို့။ ဝိညာယတိ၊နည်း။)

ဟိ (ယသ္မာ)။ သဒ္ဒ။ပ။သမောဓာနံ၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့၏ ပေါင်းဆုံခြင်းသည်။ စက္ခုဝိညာဏဿ၊ ၏။ (ဟေတု၊ အကြောင်း သည်။) န၊ မဖြစ်။ ဝါ၊ တနည်း။ သာသနာ့တော်နည်းမှ တပါး လောက နည်းကား။) ကဋ္ဌ။ပ။သမောဓာနံ၊ သစ်တုံး အိုးခြမ်းခွဲ ကျောက်ခဲတို့၏ ပေါင်းဆုံခြင်းသည်။ သောတဝိညာဏဿ၊ ၏။ ဟေတု၊ သည်။ န၊ မဖြစ်။ ဣတိ၊ ကြောင့်။ (ယေသံ ကေသဉ္စိ။ပ။သာမဂ္ဂီ။ န၊ မဟုတ်။ဣတိ ဝိညာယတိ။)

တန္တိ၊ ကား။ တံ ဒဿနံ၊ ထိုမြင်ခြင်းသည်။ ဝါ၊ ထို မြင်တတ်သော စက္ခုဝိညာဉ်သည်။ (သာဓာရဏဖလံ၊ ဆက်ဆံသောအကျိုးတည်း။) စက္ခာဒီနံ ပန တံ သာဓာရဏဖလံ၌ တံ၏ အဖွင့်။)....အဿာ။ပ။သိဒ္ဓေါတိ၊ ကား။ အယံ အတ္ထော၊ ဤအနက်ကို။ (မညီညွတ်ရာ အခါ၌ အကြောင်း မဟုတ်သော တရား တို့၏ ညီညွတ်ရာအခါ၌ အကြောင်းဖြစ်ခြင်းဟူသော ဤအနက်ကို။)န သာမေ ဟာဗ္ဗော၊ ယုတ္တိဖြင့် မပြီးစေထိုက်။ (ယုတ္တိဖြင့် ပြီးစေဖွယ်မလို။ ကသ္မာ၊နည်း။) ဝိသုံ၊ အသီး အသီး။ အဟေတူနံ၊ အကြောင်း မဖြစ်ကုန်သော။ စက္ခာဒီနံ၊ စက္ခု အစရှိသော အကြောင်းတို့၏။ သဟိတာနံ၊ တကွဖြစ်ကုန်သည်ဖြစ်၍။ (သမာနာနံ၊ ဖြစ်ကုန်လတ်သော်။) ဟေတုဘာဝဿ၊ အကြောင်းတို့၏ အဖြစ် ၏။ ပစ္စက္ခသိဒ္ဓတ္တာ၊ မျက်မှောက်အားဖြင့် ပြီးသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ အတ္ထော၊ ဤကား အဓိပ္ပာယ်နက်။ ဟိ၊ မှန်။ (တနည်း-ကသ္မာ အယံ အတ္ထော။ န သာဓေတဗ္ဗော၊ သနည်း။)ဟိ (ယသ္မာ)။ ပစ္စက္ခသိဒ္ဓေ၊ မျက် မှောက်အားဖြင့် ထင်ရှားသော အနက်၌။ ယုတ္တိမဂ္ဂနံ၊ ယုတ္တိကို ရှာနေခြင်း သည်။ န ယုတ္တံ၊ မသင့်။ ဣတိ၊ ကြောင့်။(အယံ အတ္ထော န သာဓေတဗ္ဗော။)

[ခဏအနက်ကို ဖွင့်ပြသော အဋ္ဌကထာဝယ် "ခဏသာမဂ္ဂိံ ဝိနာ နတ္ထိ"၌ ခဏသာမဂ္ဂိံကို ဖွင့်ပြလိုသောကြောင့် "မနုဿတ္တာဒီနံ" စသည်ကို မိန့်။] မနုဿတ္တာဒီနံ၊ မနုဿတ္တ အစရှိကုန်သော။ ခဏာဝယဝါနံ၊ ခဏ အစိတ် တို့၏။ သာမဂ္ဂီ၊ ပေါင်းဆုံ ညီညွတ်ခြင်းသည်။ ခဏသာမဂ္ဂီ၊ ခဏသာမဂ္ဂီ မည်၏။ တံ၊ ထို ခဏသာမဂ္ဂီကို။ ဝိနာ၊ ၍။ နဝမစက္ကသမ္ပတ္တိသခ်ါတော၊ နဝမ ခဏ စတုစက္ကသမ္ပတ္တိခဏ ဟု ဆိုအပ်သော။ သော ခဏော၊ ထို ခဏသည်။ နတ္ထိ။ ဟိ၊ မှန်။ သာ ဧဝ ခဏသာမဂ္ဂီ၊ ထို ခဏသာဂ္ဂီသည်ပင်။ (ထို အစိတ်

၁။ သာ ဧဝ သော ခဏော။ ။ဤစကားအရ "နဝမခဏ"ဟူသည် ဗုဒ္ဓုပ္ပါဒ (ဘုရားပွင့်ရာအခါ) တပါးတည်းသာ မက ဗုဒ္ဓုပ္ပါဒ မဇ္ဈိမဒေသနာ စသော အစိတ်ခဏ တို့၏ အပေါင်းကိုမှ "နဝမခဏ"ခေါ်သည် ဟု သိပါ။ [ယခုအခါ ဗုဒ္ဓုပ္ပါဒ—ဘုရား ပွင့်တော်မူခြင်း တပါးကိုသာ "နဝမခဏ"ဟု ယူမှားကြသည်။] စတုစက္ကသမ္ပတ္တိခဏ ဟူသည်လည်း စက်တပါးတည်းသာမက စက် ၄-ပါးအပေါင်းတည်းဟု သိပါ။

ခဏာတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းသည်ပင်။) သော ခဏော၊ ထို နဝမခဏ စတုစက္ကသမ္ပတ္တိခဏ မည်၏။ ဣတိ အတ္ထော၊ အနက်။

အတ္တနော၊ ပိမိဟူသော အခွင့်၏။ ဒုလ္လဘတာယ၊ ခဲယဉ်းသဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်။ ခဏသဒ္ဒေါ၊ ခဏ ဟု ဆိုအပ်သော။ ဘမယော၊ သမယသည်။ ဝါ၊ အခွင့်သည်။ ကုသလုပ္ပတ္တိယာ၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်ခြင်း၏။ ဒုလ္လဘဘာဝံ၊ ကို။ ဒီပေတိ၊ ၏။ ဣတိ အတ္ထော။ ဝါ၊ တနည်း။ ခဏတ္ထော၊ ခဏ အနက်ရှိသော။ သမယသဒ္ဒေါ၊ သမယ သဒ္ဒါကို။ ခဏသဒ္ဒေါ သမယောတိ၊ ဟူ၍။ (သင်္ဂဟကာရေန) ဝုတ္တော။ ["ခဏတ္ထသဒ္ဒေါ" ဟု ဆိုလိုလျက် အတ္ထ ကျေသည် ဟု မစုဖွင့်၏။] သော၊ ထို ခဏအနက်ရှိသော သမယ သဒ္ဒါသည်။ (ဒီပေတိ-၌ စပ်။) ဒုလ္လဘော၊ သော။ ယသ္မိံ ခဏော၊ အကြင် နဝမခဏ စတုစက္ကသမ္ပတ္တိခဏ သည်။ သတိ၊ သော်။ [ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌ စပ်ဖို့ရာ "ယသ္မိံ ခဏေ" ဟု လက္ခဏာအနက် ဆိုသည်။] ဣတိ ဣမဿ အတ္ထဿ၊ ဤအနက်ကို။ ဝိဘာဝနဝသေန၊ ထင်စွာပြခြင်း၏ အစွမ်းဖြင့်။ တဒါယတ္တာယ၊ ထို ခဏနှင့် စပ်သော ကုသလုပ္ပတ္တိယာ၊ ၏။ ဒုလ္လဘဘာဝံ ဒီပေတိ။ [1]ဧတေနုပါယေန၊ ကပ်၍သိကြောင်းဖြစ်သော ဤနည်းဖြင့်။ သမဝါယ။ပ။ဝုတ္တိံ ဒီပေတီတိ ဧတ္ထ၊ ဒီပေတိ ဟူသော ဆိုအပ်ပြီးသော ဤပါဌ်၌လည်းကောင်း။ ဣတော၊ ဤခဏအနက်မှ။ပရေသု စ၊ နောက်ဖြစ်သောကာလ, သမူဟ, ဟေတုအနက် တို့၌ လည်းကောင်း။ ယောဇနာ၊ အနက်တို့ကို ယှဉ်စေခြင်းကို။ တဿ တဿ၊ ထိုထို သမယ၏။ တံ တံ ဒီပနေ၊ ထိုထို အတ္ထဝိသေသကို ပြခြင်း၌။ ကာတဗ္ဗာ၊ ၏။

တဿ ပုရိသဿာတိ၊ ကား။ သေယျထာပိ ဘိက္ခဝေ။ပ။အာဟာရဿာ မိတိ၊ ဟူ၍။ ဧဝံ၊ သို့။ ဝုတ္တဇဝန ပုရိသဿ၊ ဟောတော်မူအပ်သော လျင်မြန်သော ယောကျ်ား၏။ (ယထာ ယော ဇဝေါ အတ္ထိ-၌ စပ်။) [ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဤသို့ဖြစ်က, နှိုင်းချိန်ဆ၍, သိကြဖို့ရာ, ဥပမာ မည်သည်ကား။

1။ ဧတေနုပါယေန။ပ။ကာတဗ္ဗာ၊ ။"ဥပါယေန"ကို "ဥပါယဘူတေန နယဘူတေန" ဟု အနုဋီကာအဖွင့်၏။ (၁) သမဝါယ သမယ၌ ယောဇနာပုံ-သမဝါယ။ပ။ဝုတ္တိံ ဒီပေတိ သယံ ပစ္စယသာမဂ္ဂိဘာဝတော။ သမဝါယတ္ထော ဝါ သမယသဒ္ဒေါ သမဝါယသဒ္ဒေါ သမယော၊ သော ယာယ ပစ္စယသာမဂ္ဂိယာ သတိဘိ ဣမဿ ဓမ္မဿ ပကာသနဝသေန မမ္မာနံ အနေကဟေတုတော ဝုတ္တိံ ဒီပေတိ။ [ဤအကိုင်း အဋ္ဌကထာဘာသာဋီကာ၌ အနက်တနည်းပေးပုံကို ပြထားသည်။]

(၂) ကာလသမယ၌ ယောဇနာပုံ — ကာလ။ပ။ပရိတ္တတံ ဒီပေတိ၊ အတ္တနော အတိပရိတ္တတာယ။ (၃) သမူဟအနက်၌ ယောဇနာပုံ—သမူဟ။ပ။သဟုပ္ပတ္တိံ ဒီပေတိ သယံ ဓမ္မာနံ သမုဒါယဘာဝတော။ (၄) ဟေတုအနက်၌ ယောဇနာပုံ-ဟေတု။ပ။

စတ္တာရော၊ လေးယောက်ကုန်သော။ ဒဠှဓမ္မာ[၁]၊ ခိုင်ခံ့သော လေးရှိကုန်သော။ သိက္ခိတာ[၂]၊ သင်အပ်ပြီးသော လေးအတတ်ရှိကုန်သော။ ကတဟတ္ထာ[၃]၊ ပြုအပ်ပြီးသော လက်အကျင့်ရှိကုန်သော။ (လေးအတတ်ကို လေ့လာပြီးကုန်သော။) ကတုပါသနာ[၄]၊ မင်း နန်းတော် စသည်သို့ ကပ်၍ ပြုအပ်ပြီးသော မြားပစ်ခြင်း

ဝုတ္တံ တံ ဒီပေတိ သတိဝေ း တ္တနိအတ္တနော ဖလာနံ သမ္ဘဝတောတိ အဖ္ဖုံပက္ခေ စ၊ (ဤကား သမယသဒ္ဒါက သမဝါယ စသောအနက်ကိုဟောရာ၌ အတ္တဝိဇ္ဇသော ဖြပုံတည်း။)

သဒ္ဒပက္ခေ စ (သမဝါယစသော အနက်ရှိသော သမယသဒ္ဒါက အတ္တဝိဇ္ဇသော ဖြပုံ၌ကား) ယသ္မိံ အတိပရိတ္တေ ကာလေ ယသ္မိံ ဓမ္မသမုဒါယေ ယမှိ ဟေတုမှိ သာတိတိဗေဘသ အတ္တသ ဉာပနဝသေန တဒါဓာရာယ တဒမိနာယ စ ကုသလဓမ္မပ္ပဝတ္တိယာ ဒုပ္ပဋိဝိဇ္ဈတံ အနေကေသံ သဟုပ္ပတ္တိံ ပရာမိနပ္ပာတ္တိံ စ ဒီပေတိတိ။–အနုဋီကာ။

ဆက်ဦးအံ့–ဤ အနုဋီကာ၌ "တဒါဓာရာယ။ပ။ဒုပ္ပဋိဝိဇ္ဈတံ"သည် ကာလအနက်ရှိသော သမယသဒ္ဒါက ပြပုံတည်း။ "အနေကေသံ သဟုပ္ပတ္တိံ"သည် သမူဟအနက်ရှိသော သမယသဒ္ဒါက ပြပုံတည်း။ "ပရာမိနပ္ပစ္စတ္တိံ"သည် ဟေတုအနက်ရှိသော သမယသဒ္ဒါက ပြပုံတည်း။ ထိုသို့ပြရာ၌ ကာလနှင့် သမူဟအနက်သည် အဓိကရဏအနက် ဖြစ်သောကြောင့် "သတိ"ဟု မထည့်ရ။ ကျန် ၃–နက်ကိုပြရာ၌ ဘာဝလက္ခဏာအနက် ဖြစ်သောကြောင့် "သတိ"ဟု ထည့်ရပုံကိုလည်း သတိပြုပါ။

၁။ ဒဠှဓမ္မာ။ ။ဤ ဒဠှဓမ္မာပုဒ်၏ ရုပ်ပြီးပုံကို ကစ္စည်းဘာသာဋီကာ "ဓနုမှာ စ" သုတ်၌ ကြည့်ပါ။ "ဒဠှ+ဓနု-ခိုင်ခံ့သန်မာသော လေး"ဟူသည် ညှို့တင်ထားအပ်သော လေး၏ညှို့၌ ပိုအချိန် ၂-ထောင် (တပိုလျှင် ၄-ကျပ်သား ရှိသောကြောင့် ကျပ်ချိန် ၈စ်ထောင်) ရှိသော ကြေး၊ သို့မဟုတ်-သံကို ဆွဲထားပြီးနောက် မြှောက်လိုက်သည်ရှိသော် မြေမှမြောက်၍ပါလာ၏။ လေးကိုင်းလည်းမကျိုး၊ ကြိုးလည်းမပြတ်၊ ထိုမျှလောက် ခိုင်ခံ့သန်မာသောလေးကို "ဒဠှဓနု"ဟု ခေါ်၏။ [ဒဠှဓနု နာမ ဒွိသဟဿထာမံ ဝုစ္စတိ။–အနု။ ပလာနံ ဒွိသဟဿထာမံ။–သံယုတ်ဋီကာ။]

၂။ သိက္ခိတာ။ ။သိက္ခိတဗ္ဗာတိ သိက္ခာ။ သိက္ခာ+သဉ္ဇာတာ ဧတေသန္တိ သိက္ခိ-တာ-ကောင်းစွာ ဖြစ်ပြီးသော သင်ထိုက်သော အတတ်ရှိသူတို့။ လေးအတတ်ကိုသင်ပြီး တတ်ပြီးသူတို့။ ["ဒွါဒသဝဿာနိ အာစရိယကုလေ ဥဂ္ဂဟိတသိပ္ပာ-၁၂ နှစ်တိုင်ပတ်လုံး ဆရာ့အိမ်၌ သင်အပ်ပြီးသော အတတ်ရှိသူတို့"ဟု သံယုတ်အဋ္ဌကထာအတိုင်း အနုဖွင့်သည်ကား အဓိပ္ပာယ်ဖွင့်သာ။]

၃။ ကတဟတ္ထာ။ ။ဟတ္ထဖြင့် လက်သာမက "လက်ဖြင့်ပြုအပ်သော လေ့ကျင့်မှုတိုင်အောင်"ယူပါ။ ထို့ကြောင့် "စိဏ္ဏဝသီဘာဝါ–လေ့လာအပ်ပြီးသော ဝသီဘော် (=လေ့အကျင့်) ရှိသူတို့"ဟု ဖွင့်ကြသည်။ "ကတော+ဟတ္ထော ယေဟီတိ ကတဟတ္ထာ"ဟု ပြု။

၄။ ကတုပါသနာ။ ။အသုဓာတ်သည် ခိပန (ပစ်ချခြင်း အနက်ဟောတည်း။ ဥပ၊ မင်း၏ နန်းတော်စသည်သို့ ချဉ်းကပ်၍+အသနံ၊ မြားကို ပစ်ချခြင်း။ လေးအတတ်ပြခြင်း။ ဥပါသနံ၊ ခြင်း။ ကတံ+ဥပါသနံ ယေဟီတိ ကတုပါသနာ။ (သံယုတ်ဋီကာ။) "ရာဇကုလာဒီသု ဒဿိတသိပ္ပာ"ကား အဓိပ္ပာယတ္ထ။

အတတ်ရှိကုန်သော။ (မင်းပွဲသဘင် စသည်၌ လေးအတတ်ကို ပြပြီးကုန်သော။) ဓနုဂ္ဂဟာ၊ လေးကော်သားတို့သည်။ စတုဒ္ဒိသာ[၁]၊ အရပ်လေးမျက်နှာ ရှိကုန်သည်။ ဝါ၊ အရပ်လေးမျက်နှာသို့ ရှေးရှုကုန်သည်။ (ဟုတ္ဝာ။) ဌိတာ၊ တည်ကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ အထ၊ ထိုအခါ၌။ ပုရိသော၊ ယောကျ်ား တယောက်သည်။ အာဂစ္ဆေယျ၊ လာရာ၏။ (ကိံ၊ အဘယ်သို့ပြော၍ လာရာ သနည်း။) အဟံ၊ အကျွန်ုပ်သည်။ စတုန္နံ၊ လေးယောက်ကုန်သော။ ဒဠှဓမ္မာနံ၊ ကုန်သော။ သိက္ခိတာနံ၊ ကုန်သော။ ကတဟတ္ထာနံ၊ ကုန်သော။ ကတုပါ- သနာနံ၊ ကုန်သော။ ဣမေသံ ဓနုဂ္ဂဟာနံ၊ တို့၏။ ဝါ၊ တို့သည်။ စတုဒ္ဒိ- သာ၊ အရပ် ၄-မျက်နှာတို့သို့။ (ပါဠိတော်၌ ဤပုဒ်ပါ၏။) ခိတ္တေ ခိတ္တေ၊ ပစ်အပ်ကုန် ပစ်အပ်ကုန်သော။ ကဏ္ဍေ၊ မြားတို့ကို။ ပထဝိယံ၊ မြေ၌။ အပ္ပတိဋ္ဌိတေ၊ မတည်ကုန်သေးမီ။ ဂဟေတွာ၊ ဖမ်းယူ၍။ အာဟရိဿာမိ၊ ဆောင်ပါအံ့။ ဣတိ၊ ဤသို့ ပြော၍။ (အာဂစ္ဆေယျ။)

တာဝပရိတ္တကောတိ၊ကား။ ဂမနဿာဒါနံ[၂]၊ပြေးသွားခြင်း၌ သာယာခြင်း ရှိကုန်သော။ ဒေဝပုတ္တာနံ၊ တို့၏။ ဝါ၊ တို့သည်။ ဟေဋ္ဌုပရိယာယေန၊အောက် အထက် ဖြစ်ခြင်းအားဖြင့်။ (အောက် ထက် ပြောင်းပြန် ကျွမ်းလှန်၍ ပြေးခြင်း အားဖြင့်။) ပဋိမုခံ၊ ရှေးရှု။ ဓာဝန္တာနံ၊ ပြေးကုန်လတ်သော်၊ ဝါ၊ ကုန်သော။ ဒေဝပုတ္တာနံ၊ တို့၏။ သိရသိ၊ ဦးခေါင်း၌လည်းကောင်း၊ ပါဒေ စ၊ ခြေ၌လည်း ကောင်း။ ဗဒ္ဓခုရဓာရာသန္နိပါတတော စ၊ ဖွဲ့အပ်သော သင်ဓုန်းသွားတို့၏ ပေါင်းဆုံခြင်းထက်လည်း။ ကာလော၊ စိတ်ဖြစ်ရာကာလသည်။ ပရိတ္တတရော၊ သာ၍ တိုလျ၏။

ကာလသင်္ခါတော၊ ကာလဟု ဆိုအပ်သော။ သမယော။ သမယသည်။ ဝါ၊ အခါသည်။ စိတ္တပရိစ္ဆိန္နော၊စိတ်ဖြင့်ပိုင်းခြားအပ်သည်။ (ဟုတွာ။)ဝုစ္စ-

၁။ စတုဒ္ဒိသာ။ ။"စတုဒ္ဒိသာဘိမုခါ"ဟု အနုဋီကာဖွင့်၏။"စတဿော+ဒိသာ ဧတေသံတိ စတုဒ္ဒိသာ"ဟု ပြု။"အရပ် ၄-မျက်နှာရှိ"ဟူသည် အရပ် ၄-မျက်နှာသို့ မျက်နှာပြုနေကြသူတည်း။ ဘိုင်ကိုဖြစ်စေ၊ သစ်ပင်ကိုဖြစ်စေ၊ တစုံတခုကို ကျောမှီ၍ အရပ် ၄-မျက်နှာသို့ မျက်နှာပြုလျက် ရပ်နေကြသည်—ဟူလို။

၂။ ဂမနဿာဒါနံ။ ။လ-နေတို့၏ ရှံခါ ရှေ့ကပြေးကြ၊ ရံခါနောက်က လိုက်၍ ပြေးကြသောကြောင့် ထိုနတ်များကို "ဂမနဿာဒ-ပြေးသွားခြင်း၌ သာယာခြင်းရှိသူ များ" ဟု ဆိုသည်။ ထိုနတ်တို့ ပြေးသွားရာ၌ ရိုးရိုးပြေးသွားခြင်းမဟုတ်၊ ထက်အောက် ပြောင်းပြန် ကျွမ်းထိုး၍ ပြေးခြင်းဖြစ်၏။ ဦးခေါင်းနှင့် ခြေတို့၌လည်း သင်ဓုန်းသွားတွေ ဖွဲ့ချည်ထားသေး၏။ ထိုကျွမ်းထိုးသောအခါ ထိုသင်ဓုန်းတို့၏ အသွားတွေ ပေါင်းမိပုံ မြန်သည်ထက် ကာလဆိုသော ပညတ်က သာ၍ မြန်ပါသေးသည်—ဟူလို။

မာနော၊ ဆိုအပ်သော်။ တေနေဝ ပရိစ္ဆေဒကစိတ္တေန၊ ထိုပိုင်းခြားကြောင်း စိတ်ဖြင့်ပင်။ အဟံ၊ ကာလဟူသော ငါသည်။ ဝေံ ပရိစ္ဆော၊ ဤသို့တိုလျ၏။ (သို့ကလောက်ပင် တိုလျ၏။) ဣတိ၊ သို့။ အတ္တာနော၊ မိမိဟူသော ကာလ၏။ ပရိတ္တတံ ဒီပေတိ။ [စိတ်၏အဖြစ်အပျက် တိုသလောက် ထိုစိတ်ဖြစ်ရာကာလ လည်း တိုသည်-ဟူလို။] စ၊ မိမိ တိုလျပုံကို ပြရုံသာ မကသေး။ အဟံ၊ ကာလ ဟူသော ငါသည်။ (ပရိစ္ဆော)ယထာ၊ တိုလျ သကဲ့သို့။ ဧဝံ၊ တူ။ သဗ္ဗော၊ သော။ ကုသလာပတ္တပ္ပဝတ္တိကာလော၊ ကုသိုလ်စိတ်၏ ဖြစ်ရာကာလသည်။ (ပရိ-တ္တော၊ တိုလျ၏။) ဣတိ၊ သို့။ တသ္မ၊ ထို ကုသိုလ်စိတ်ဖြစ်ရာကာလ၏။ ပရိတ္တတံ ဒီပေတိ။ [1]သဒ္ဒဿ၊ ကာလ အနက်ရှိသော သဒ္ဒါ၏။ ဒီပနာ၊ ပြခြင်းကို။ ဝုတ္တာ-နယာ နုသာရေန၊ ဆိုအပ်ပြီးသောနည်းကို အစဉ်လိုက်သဖြင့်။ ဝေဒိတဗ္ဗာ။

[2]ပကတိဝါဒီနံ၊ ပကတိကို ပြောဆိုလေ့ရှိသူတို့၏။ (ဝါဒေ၊ အယူ၌။)မဟာ-တော ဝိယ၊ မဟာမည်သော ဗုဒ္ဓိညာဏ်၏ကဲ့သို့လည်းကောင်း။ အဏုဝါဒီနံ၊ အဏုမြူကိုပြောဆိုလေ့ရှိသူတို့၏။ဒွိအဏုကဿ ဝိယ စ၊ အဏုမြူနှစ်ခုအပေါင်း၏ ကဲ့သို့လည်းကောင်း။ ဧကဿေဝ၊ တခုသာလျှင်ဖြစ်သော။ (ဓမ္မဿ ဥပ္ပတ္တိ ပဋိသေဓိတာ ဟောတိ-၌ စပ်။)

[3]ဟောတု။ပ။ ဝုတ္တိတံ ဒီပေတီတိ၊ ပါဠိဖြင့်။ (ဝုတ္တာ-၌စပ်။) ပစ္စယာယတ္တ-ဝုတ္တိ ဒီပနတော၊ ပစ္စယာယတ္တဝုတ္တိဒီပန ထက်။ ဟေတုသဒ္ဒါတဿ၊ ဟေတု

၁။ **သဒ္ဒဿ ဒီပနာ။** ကာလသဒ္ဒါတော်ကို "ကာလအနက် ရှိသည်ဟု ဆိုအပ်သော" ဟု ပေးလျှင် "သမယ" အရ သဒ္ဒါရ၏၊ ရှေ့၌ ပြအပ်ပြီးသော အနက်သည် ကာလအနက် ဖြစ်သော သမယဖြင့်ပြအပ်သော အနက်တည်း။ ကာလအနက်ကို ဟော သော သမယ သဒ္ဒါက အတ္တဝိသေသပြပုံကို "ယသ္မိံ ဒုလ္လဘော ခဏော သတိ" ဟူသော ဆိုအပ်ပြီးသောနည်းကို မှီး၍သိပါ-ဟု ဆိုလိုသည်။ နည်းမှီပုံကို အနုဋီကာအဖွင့်အတိုင်း အဋ္ဌကထာဘာသာဋီကာ၌ပြထားပြီ။

၂။ **ပကတိ ။ပ။ ဧကဿေဝ။** ။ဖြဟ္မာမင်းက ပကတိနှင့် ပုရိသကို စ၍ ဖန်ဆင်းပြီး သောအခါ ထို ပကတိသည် ဗုဒ္ဓိတတ္တ (အသိညာဏ်) ဟူသော မဟာကိုလည်းကောင်း၊ အဟံကာရ ဟူသော အတိမာန စသည်ကိုလည်းကောင်း ဖြစ်စေ၏။ ထို မဟာသည် ပကတိဟူသော မူလသဘော တခုတည်းသာ ဖြစ်သကဲ့သို့ လည်းကောင်း ဒွိအဏုက သည် အဏုမြူဟူသော မူလအထည်ကိုယ်ရှိ၍ တခုတည်းဖြစ်သကဲ့သို့ လည်းကောင်း။ တခုတည်းသောတရား၏ ဖြစ်ခြင်းကို တားမြစ်သည်-ဟူလို။

၃။ **ဟေတု ။ပ။ ဒီပနတာ ဝုတ္တာ။** ။ဟေတုသည် "အကြောင်း"ဟူသောအနက် ကို ဟောသောကြောင့် "ဟေတု သဒ္ဒါတော ပန သမယော ပစ္စယာယတ္တဝုတ္တိတံ ဒီပေ တိ" ဟု အဋ္ဌကထာ၌ ဆိုထိုက်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် "ပရာယတ္တ-ဝုတ္တိတံ ဒီပေတိ" ဟု ဆိုပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ဟေတု။ပ။ ဒီပနတာ

ဟု ဆိုအပ်သော။ (သမယသာ၊ သမယ၏။) [၁]တပ္ပရဘာဝေါ၊ ထို ပရာယတ္တ-ဝုတ္တိကို ပြခြင်း၌ လွန်မြတ်သောသဘော ရှိသည်၏ အဖြစ်ကြောင့်။ ပရာယတ္တဝုတ္တိဒီပနတာ၊ ပရာယတ္တဝုတ္တိ ဒီပန၏ အဖြစ်ကို။ ဝုတ္တာ၊ ဆိုအပ်ပြီ။ [သမဝါယ အနက်ကို ပြတုန်းကတော့ အဘယ့်ကြောင့် ပရာယတ္တဝုတ္တိ ဒီပနအဖြစ်ကို မဆို အပ်ပါသနည်း—ဟု မေးဖွယ်ရှိသောကြောင့် "သတိ ပန ။ပ။ န ဝုတ္တာ" ဟု မိန့်သည်။] ပန၊ ဆက်။ ပစ္စယာယတ္တဘာဝေ၊ ပစ္စယာယတ္တ၏ အဖြစ်သည်။ သတိ၊ ဖြစ်လတ်သော်။ ပစ္စယသာမဂ္ဂိအာယတ္တတာ၊ အကြောင်းညီညွတ်ခြင်း နှင့် စပ်သည်၏အဖြစ်ကို။ သမဝါယသခ်ါတေန၊ သော။ (သမယေန၊ သမယ သည်။)ဒီပိယတိ၊ ပြအပ်၏။ ဣတိ၊ ကြောင့်။ တသ္မာ၊ ထို သမယ၏။ အတပ္ပရ-ဘာဝတော၊ ထို ပစ္စယသာမဂ္ဂိအာယတ္တကို ပြခြင်း၌ လွန်ကဲသော အတိုင်း အရှည်မရှိသည်၏အဖြစ်ကြောင့်။ တံ ဒီပနတာ၊ ထို ပရာယတ္တကို ပြတတ်သည်၏ အဖြစ်ကို။ န ဝုတ္တာ။

ကတ္တုဘူတေန၊ ကတ္တားဖြစ်၍ ဖြစ်သော။ အနေန သမယေန၊ ဤသမယ သဒ္ဒါသည်။(ပဋိသေဓိတော၊တားမြစ်အပ်ပြီးသည်။ ဟောတိ။)ဝါ၊ တနည်း။ ကရဏဘူတေန၊ ကရိုဏ်းဖြစ်၍ ဖြစ်သော။ အနေန သမယေန၊ ဖြင့်။ ဘဂဝတာ၊ သည်။ ပဋိသေဓိတော(ဟောတိ)၊ ဣတိ အတ္ထော။ ပုရိမာသု၊ကုန်သော။ ဒီပနာသု၊ ဒီပနာတို့၌။ သေ နယော၊ ဤနည်းတည်း။[ရှေ့၌ ဆိုအပ်ပြီးသော "ဧဝံ ဒီပေန္တေန အနေန"၌ "အနေန"ကို ဤနည်းအတိုင်း ကတ္တားအနက်၊

ဝုတ္တာ" ဟု မိန့်သည်။....ဆိုလိုရင်းကား—"ပစ္စယာယတ္တ"ဟူရာ၌ ပစ္စယဟူသည် စက္ခု ပသာဒ ရူပါရုံ အာလောက မနသိကာရကဲ့သို့ ညီညွတ်နေသော အကြောင်းများတည်း။ ဟေတု ဟူသည်ကား ထိုအကြောင်းတို့တွင် ထူးခြားသော ပဓာန အကြောင်းတည်း။ ဤသို့လျှင် ပစ္စယာယတ္တဒီပနထက် ပရာယတ္တဒီပနက လွန်ကဲသော ပဓာနရှိသော ကြောင့် ဟေတု အနက်ဖြစ်သော သမယအတွက် ပရာယတ္တဝုတ္တိ ဒီပန အဖြစ်ကို ဆိုပါ သည်—ဟူလို။

၁။ တပ္ပရဘာဝါ ဟေတုသခ်ါတဿ။ ။အနု၌ "တပ္ပရဘာဝတော" ဟု ဖွင့်ပြီး လျှင် "ဟေတုသခ်ါတဿ သမယဿ ပရာယတ္တဝုတ္တိဒီပနေ ကေန္တဗျာဝဋသဘာဝ-တော တိ အတ္ထော' ဟု ဖွင့်၏။ ထို၌ "ပရာယတ္တဝုတ္တိဒီပနေ" ဖြင့် တ—သဒ္ဒါ၏ အစွဲကို ဖွင့်၏။"ကေန္တဗျာဝဋ" ဖြင့် ပရ၏ လွန်မြတ်ဟူသော အနက်ကို ဖွင့်၏။ "သဘာဝ-တော" ဖြင့် ဘာဝါ၏ အနက်ကို ဖွင့်၏။ ထို့ကြောင့် "တသ္မိံ+ပရံ (ပဓာနံ) ယဿာတိ တပ္ပရော (ဟေတုသမယော)၊ တပ္ပရော+ဘာဝေါ ယဿာတိ တပ္ပရ-ဘာဝေါ" ဟု ပြုပါ။

ကရိုဏ်းအနက် ၂–မျိုးပေးနိုင်သည်–ဟူလို။ သို့သော် "ဩဝါဒေါ ဒိန္နော"၌ ကား"ဘဂဝတာ"ဟု ကတ္တားထည့်သင့်သောကြောင့် ကရိုဏ်းအနက်သာ ပေးပါ။]

အဓိကရဏဝသေနာတိ၊ ကား။ အာဓာရဝသေန၊ တည်ရာ၏ အစွမ်းဖြင့်။ ဝေတ္တာတိ(ပဒဿ)၊ ၏။ ကာလသမူဟသင်္ခါတေ၊ ကာလအနက် သမူဟအနက်ဟု ဆိုအပ်သော။ သမယေ၊ သမယကို။ ဂဟိတေ၊ ယူအပ်သော်။ ဉာတိ အတ္တော။ ဟိ၊ မှန်။ စိတ္တပရိစ္ဆိန္နော၊စိတ်ဖြင့် ပိုင်းခြားအပ်သော။ကာလောပိ၊ ကာလကိုလည်း။("စိတ္တက္ခဏ"ဟု ဆိုအပ်သော ခဏတ္တယ ကာလကိုလည်း။) သဘာဝတော၊ ပရမတ္ထ သဘောအားဖြင့်။ အဝိဇ္ဇမာနောပိ၊ ထင်ရှား မရှိပါသော်လည်း။အာဓာရဘာဝေန၊တည်ရာ၏အဖြစ်ဖြင့်သာလျှင်။သညာတော၊ အသိအမှတ် ပြုအပ်သည်။ (မဓု၌"ပညာတော–ထင်ရှားသည်"ဟု ရှိ၏။) (ဟုတ္ဝာ။) အဓိကရဏန္တိ၊ တည်ရာဟူ၍။ (သင်္ဂဟကာရေန) ဝုတ္တော။ (ကသ္မာ၊ နည်း။) တက္ခဏပ္ပဝတ္တာနံ၊ ထို ခဏ၌ ဖြစ်ကုန်သော တရားတို့၏။ တတော၊ ထိုတခဏမှ။ (ထိုခဏတ္တယမှ။) ပုဗ္ဗေ၊ ရှေ့၌လည်းကောင်း။ ပရတော စ၊ နောက်၌လည်းကောင်း။ အဘာဝ ါ၊ မရှိခြင်းကြောင့်တည်း။[စိတ်ဖြစ်ရာကာလ၌ ထိုကာလ၏ ရှေ့ကပ်လျက်လည်းကောင်း၊ ထိုကာလ၏ နောက်ကပ်လျက်လည်းကောင်း ထိုစိတ်မဖြစ်။ ထို့ကြောင့် ထို ကာလကို ထိုစိတ်၏ တည်ရာဟု အသိအမှတ်ပြုအပ်သည်–ဟူလို။ ဖဿ စသည်တို့၏ တည်ရာဖြစ်ပုံကိုလည်း ဤနည်းအတိုင်း သိပါ။]

ဘာဝေ ါတိ၊ ကား။ ကိရိယာ၊ ကြိယာတည်း။ ကိရိယာယ၊ ကြိယာဟုပါး ဖြင့်။ ကိရိယန္တရလက္ခဏံ၊ ကြိယာတပါးကို မှတ်သားခြင်းသည်။ ဘာဝေန ဘာဝလက္ခဏံ၊ ဘာဝေနဘာဝလက္ခဏ မည်၏။ ဂါဝီသု၊ နွားမတို့ကို။ ဒုယှ–မာနာသု၊ နို့ညှစ်အပ်ကုန်ဆဲ ဖြစ်လတ်သော်။(ပုရိသော၊ သည်။) ဂတော၊ သွား၏။(ဂါဝီသု၊ တို့ကို။) ဒုဒ္ဓါသု၊ နို့ညှစ်အပ်ပြီးကုန်လတ်သော်။(ပုရိသော၊ သည်။) အာဂတော၊ ပြန်လာ၏။ ဉာတိ၊ ဤဥဒါဟရဏ်၌။ ဒေါဟနကိရိယာ၊ နို့ညှစ်ခြင်း ကြိယာသည်။ ဂမနကိရိယာယ၊ သွားခြင်း ကြိယာကို။ လက္ခဏံ၊ မှတ်ကြောင်းသည်။ ဟောတိ ယထာ၊ ကဲ့သို့။[တချို့စာအုပ်၌"ဒေါဟနကိရိ–ယာယ"ဟု ရှိ၏။"ဒေါဟနကိရိယာယ၊ ဖြင့်။ ဂမနကိရိယာယ၊ ကို။ လက္ခဏံ၊ မှတ်ခြင်းသည်။ ဟောတိ ယထာ၊ ကဲ့သို့"ဟု ပေးပါ။] ဧဝံ၊ တူ။ ဣဟာပိ၊ ဤ ယသ္မိံ သမယေ အစရှိသော ပါဠ်၌လည်း။ ယသ္မိံ သမယေတိ၊ ဟူ၍လည်းကောင်း။ တသ္မိံ သမယေတိ စ၊ ဟူ၍လည်းကောင်း။ ဝုတ္တေ၊ ဆိုအပ်သော်။ သတီတိ အယမတ္ထော၊ သတိဟူသော ဤအနက်သည်။ ဝ ါ၊ ကို။

ဝိညာဉ်ယမာနေ့ ဝေ၊ သိအပ်သည်သာ။ ဟောတိ။ (ကသ္မာ၊ နည်း။) အညာ-ကိရိယာသမ္ဘဝဘာဝေန၊ အခြားကြိယာနှင့် စပ်ခြင်း၏ မရှိခြင်းကြောင့်။ ဝါ၊ မရှိလတ်သော်။ ပဒတ္ထဿ၊ ပုဒ်အနက်၏။ သတ္တာဝိရဟာဘာဝတော၊[1] သတ္တာကြိယာမှ ကင်းခြင်း၏ မရှိခြင်းကြောင့်တည်း။ ဣတိ၊ ကြောင့်။ သမယဿ၊ သမယ၏။ (ခဏ, သမဝါယ, ဟေတုအနက်ဖြစ်သော သမယ၏။) သတ္တာကိရိယာယ၊ သတ္တာကြိယာဖြင့်။ စိတ္တုပ္ပါဒကိရိယာ၊ စိတ်၏ ဖြစ်ခြင်းကြိယာကို လည်းကောင်း။ ("စိတ္တံ ဥပ္ပန္နံ ဟောတိ" ကို ရည်ရွယ်သည်။) ဖဿာဒိဘာဝန-ကိရိယာ စ၊ ဖဿ အစရှိသည်တို့၏ ဖြစ်ခြင်းကြိယာကိုလည်းကောင်း။ ("ဖဿော ဟောတိ ဝေဒနာ ဟောတိ" စသည်ကို ရည်ရွယ်သည်။) လက္ခီယတိ၊ မှတ်သားအပ်၏။ ဣတိ၊ ကြောင့်။ ဥဘယတ္ထ၊ ယသ္မိံ သမယေ တသ္မိံ သမယေ အားဖြင့် ၂-ပါးစုံသော သမယသဒ္ဒါ၌။ လက္ခဏဘူတဘာဝေယုတ္တော၊ လက္ခဏ ဖြစ်၍ဖြစ်သော သဘာဟူသောကြိယာနှင့် ယှဉ်သော။ ဘုမ္မနိဒ္ဒေသော၊ သမယေ ဟု သတ္တမီဝိဘတ်ဖြင့် ညွှန်ပြခြင်းကို။ ကတော၊ ပြုအပ်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဥဒ္ဒါနတောတိ၊ ကား။ ဥဒ္ဒေသတော၊ ဥဒ္ဒေသအားဖြင့်။ သခေ်ပတော၊ အကျဉ်းချုပ်အားဖြင့်။ (ဒွေ၊ ၂-ပါးတို့တည်း။) ["စ၊ ဆက်" ဟု မဝုဒ္ဓ(စ) အကျေကြံသည်။] [2]ကိလေသကာမော၊ ကိလေသာကာမသည်။ ဝတ္ထုကာမဘာဝံ၊ ဝတ္ထုကာမ၏အဖြစ်သို့။ ဘဇန္တော၊ ကပ်ဝင်လတ်သော်။ ကာမနီယဝသေန၊

၁။ သတ္တာဝိရဟာဘာဝတော။ ။ယသ္မိံ သမယေ စသည်ကို လက္ခဏဝန္တ ကတ္တား အနက်ပေးရာ၌ ထိုက ္ ား၏ စပ်ဖို့ရာ လက္ခဏကြိယာ မရှိသေး၊ ထိုသို့မရှိလျှင် "ကြိယာ သုညာ ကတ္တာ နာမ နတ္ထိ" နှင့် အညီ သံ့ လက္ခဏကြိယာကို ထည့်ရလိမ့်မည်။ ထိုသို့ ထည့်သောအခါ "သတ္တာ ကရဏာရူပါဟိ, ဓာတွတ္ထာ သကလာ တတော" ဟူသော ဘေဒစိန္တာနှင့်အညီ "ဘူ-သတ္တာယံ" ဟု ဓာတ်နက် ဆိုအပ်သော သတ္တာကြိယာ တမျိုး မျိုးကို ထည့်ရ၏။ ထို့ကြောင့် "သဘိ" ဟု အသခေတ်ကြိယာကို ထည့်ရသည်။ အခြား နေရာဝယ် "ဟောတိ၊ အတ္ထိ" ဟု ထည့်ရာ၌လည်း ္ ည်းတူ။

၂။ ကိလေသကာမော။ပ။ဟောတိ။ မဋ္ဌေးရှေး ကိလေသာသည် နောက်နောက် ကိလေသာက အလိုရှိအပ်သောကြောင့် (နောက်နောက်ရာဂက ရှေးရှေးရာဂကို သာယာ သောကြောင့်) ကိလေသကာမလည်း ဝတ္ထုကာမသဘော သက်ရောက်၏။ ထို့ကြောင့် အချုပ်အားဖြင့်ဆိုလျှင် ကာမတပါးသာ ဖြစ်ထိုက်သည် မဟုတ်ပါလော ဟု စောကြော ဖွယ်ရှိသောကြောင့် "ကိလေသကာမော" စသည်ကို မိန့်။ ကိလေသကာမသည် ဝတ္ထု ကာမ၏အဖြစ်သို့ ကပ်ဝင်သောအခါ နောက်နောက်ကာမသည် အလိုရှိအပ်သည့် အတွက် "ကာမီယတီတိ ကာမော" အရတွင် ပါဝင်၏။ "ကာမေတီတိ ကာမော" အရ၌ကား ကိလေသာကာမ သက်သက်သာတည်း။ ထို့ကြောင့် အကျဉ်းချုပ်အားဖြင့် ကာမသည် ၁ပါးမဖြစ်၊ နှစ်ပါးသာ ဖြစ်သည်-ဟူလို။

လိုလားတောင့်တအပ်သည်၏ အစွမ်းဖြင့်။ ဘဇတိ၊ ကပ်ဝင်၏။ ကာမနဝသေန၊ လိုလားတောင့်တတတ်သည်၏ အစွမ်းဖြင့်။ န(ဘဇတိ)၊ ကပ်ဝင်သည် မဟုတ်။ ဣတိ၊ ကြောင့်။ ကာမနဝသေန၊ ဖြင့်။ ကိလေသကာမော ဝေ၊ သည်သာ။ (ကာမော၊ ကာမ မည်သည်။) ဟောတိ။ ဝတ္ထုကာမော၊ သည်။ (ကာမော၊ သည်။) န (ဟောတိ)။

ဒုဝိဓော ပေယောတိ ဝစနေန၊ ဟူသော စကားဖြင့်။ ဒုဝိဓာပိ၊ လည်း ဖြစ်သော။ သဟိတဿ၊ (အာရုံ အာရမ္မဏိက အဖြစ်ဖြင့်) တကွဖြစ်သော ကာမ၏။ အဝစရဏပ္ပဒေသံ၊ သက်ဝင်၍ဖြစ်ရာ ကာမဘုံအရပ်ကို။ သင်္ဂဏှာတိ၊ သိမ်းယူ၏။ [ထိုစကား၏ လဒ္ဓဂုဏ်ကို ပြလို၍ "တေန" စသည် မိန့်။] တေန၊ ထို့ကြောင့်။ (ထိုသို့ အတူတကွဖြစ်သော ကာမ ၂-မျိုး၏ အဝစရဏအရပ်ကို သိမ်းယူခြင်းကြောင့်။) ဝတ္ထုကာမဿေဝ၊ ဝတ္ထုကာမ၏သာ။ ပဝတ္တိဒေ-သော၊ ဖြစ်ရာအရပ် ဖြစ်သော။ ရူပါ ရူပ ဓာတုဒွယံ၊ ရူပဓာတ် အရူပဓာတ် ၂-ပါး အပေါင်းကို။ (ရူပဘုံ အရူပ ဘုံကို။) အပနီတံ၊ ဖယ်ထုတ်အပ်သည်။ ဟောတိ။ [ရူပ သဒ္ဒ စသော ဝတ္ထုကာမသာရှိ၍ ကာမတဏှာကား ရူပ အရူပ ဘုံ၌ မရှိ။]

["ဒုဝိဓဿပိ သဟိတဿ"နှင့် စပ်၍ စောဒနာကို ပြလိုသောကြောင့်"နနု စ" စသည် မိန့်။] နနုစ၊ စောဒနာပါဦးအံ့။ (ကိံ၊ နည်း။) ဒုဝိဓောပိ၊ သော။ သဟိတော၊ တကွဖြစ်သော ကာမသည်။ ရူပါရူပဓာတူသု၊ တို့၌။ ပဝတ္တတိ နနု၊ ဖြစ်သည်မဟုတ်ပါလော။ (ကသ္မာ၊ နည်း။) ရူပါ ရူပါဝစရ ဓမ္မာနံ၊ ရူပါဝစရ အရူပါဝစရ တရားတို့၏။ ဝတ္ထုကာမတ္တာ၊ ဝတ္ထုကာမတို့၏ အဖြစ်ကြောင့် လည်းကောင်း။ တဒါရမ္မဏာနံ၊ ထို ရူပါဝစရ အရူပါဝစရ တရား ဟူသော အာရုံရှိကုန်သော။ ရူပါရူပ ရာဂါနံ၊ ရူပရာဂ အရူပရာဂတို့၏။ ကိလေသကာမ ဘာဝ သိဒ္ဓိတော စ၊ ကိလေသကာမ၏ အဖြစ်၏ ပြီးစီးခြင်းကြောင့် လည်းကောင်းတည်း။ ဣတိ၊ သို့။ (နနု စ စောဒေမိ၊ စောဒနာပါ၏။)တံ၊ ထိုစကားသည်။န၊မဟုတ်။(ကသ္မာ၊ နည်း။)ဗဟလ ကိလေသဿ၊ထူးထဲသော ကိလေသာဖြစ်သော။ ကာမရာဂဿ၊ကာမရာဂ၏။ဝါ၊ကို။ကိလေသ-ကာမဘာဝေန၊ ကိလေသကာမ၏ အဖြစ်ဖြင့်။ ဣဓ၊ ဤ ဒုဝိဓော ပေယော ဟူသောစကားရပ်၌။ သင်္ဂဟိတတ္တာ၊ သိမ်းယူအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဝေဠ ကတ္တာ၊ဤ အကြောင်းကြောင့်။ရူပါ ရူပဓာတူသု၊တို့၌။ ပဝတ္တမာနေသု၊ ကုန်သော။ကာမာဝစရဓမ္မေသု၊ ကာမာဝစရ တရားတို့၌။ နိကန္တိ၊တပ်နှစ်သက် ခြင်းကို။ဣဓ၊ဤ ဒုဝိဓော ပေယော ဟူသောစကားရပ်၌။န သင်္ဂဟိတာ၊ မသွင်း

ယူအပ်။ (ကသ္မာ၊ နည်း။) သုခုမတ္တာ၊ သိမ်မွေ့သည်၏ အဖြစ်ကြောင့်တည်း။ [အဓိပ္ပာယ်ကို အဋ္ဌကထာ ဘာသာဋီကာ၌ အမေး အဖြေ အဖြစ်ဖြင့် ပြထားပြီ။]

ဟိ၊ မှန်။ (တနည်း) ဟိ ယသ္မာ။ ဥဒ္ဒါနတော ဒွေ ကာမာတိ၊ ဟူသော စကားရပ်၌။ သဗ္ဗကာမေ၊ အလုံးစုံသော ကာမတို့ကို။ (ဝတ္ထုကာမ အားလုံးနှင့်တကွ ဗဟုလ သုခုမ ဖြစ်သော ကိလေသကာမ အားလုံးတို့ကို။) ဥဒ္ဒိသိတ္ဝာပိ၊ အကျဉ်းချုပ် ပြပြီး၍လည်း။ ဒုဝိဓော ပေသောတိ ဧတ္ထ၊ ဟူသော စကားရပ်၌။ တဒေကဒေသဘူတာ၊ ထို ကာမတို့၏ တစိတ်တပိုင်း ဖြစ်၍ဖြစ်ကုန်သော။ အညမညသဟိတတာ ပရိစ္ဆိန္နာ[၁]၊ အချင်းချင်း တကွဖြစ်သည်၏ အဖြစ်ဖြင့် ပိုင်းခြားအပ်ကုန်သော။ ကာမရာဂ တဗ္ဗတ္ထုကာမမ္ဘာဝ၊ ကာမရာဂ ထိုကာမရာဂ၏ တည်ရာ အာရုံဖြစ်သော တရားတို့ကိုသာ။ သင်္ဂဟိတာ၊ ကုန်ပြီ။ ဣတိ၊ ကြောင့်။ (ရူပါရူပ ဓာတူသု၊ တို့၌။ ပဝတ္တမာနေသု ကာမာဝစရဓမ္မေသု နိကန္တိ ဣဓ န သင်္ဂဟိတာ။)

ဝါ၊ တနည်း။ နိရဝသေသော[၂]၊ အကြွင်းအကျန်မရှိသော။ ကာမရာဂ–ကာမတဏှာ။ပ။တဏှာဘေဒေါ၊ ကာမရာဂ, ကာမတဏှာ, ရူပတဏှာ အရူပ–

၁။ အညမည။ပ။ပရိစ္ဆိန္နာ။ ။ဝတ္ထုကာမ ပ႑ာရ၌ ရူပါရုံ စသော ကာမဂုဏ်ငါးပါးနှင့် အခြားသော တေဘူမက ဝဋ္ဋတရားတည်း။ ကာမဘုံ၌ ရူပါရုံ စသော ကာမကို အာရုံပြုသော ကာမတဏှာလည်း ရှိ၏၊ အခြားသော အာရုံများကို အာရုံပြုသော ကာမတဏှာလည်း ရှိ၏။ ဤသို့ အချင်းချင်း ဝတ္ထုကာမနှင့် ကိလေသကာမတို့ တကွဖြစ်ခြင်းကို "အညမည သဟိတတာ" ဟု ဆိုသည်။ ရူပဘုံ၌ကား ရူပ သဒ္ဒဟူသော နှင်သက်စရာ အာရုံရှိသော်လည်း ရူပတဏှာ သဒ္ဒတဏှာ ဟူသော ကာမတဏှာကား မရှိ။ ထို့ကြောင့် အညမညသဟိတတာ မဖြစ်။ ဤနေရာ၌ အညမည သဟိတ အဖြစ်ဖြင့် ပိုင်းခြားအပ်သော ကာမရာဂ၊ ထို ကာမရာဂ၏တည်ရာ ဝတ္ထုကာမတို့ကိုသာ "ဒုဝိဓောပိ ကာမော" အရ ယူရသည်။

၂။ နိရဝသေသော ဝါ၊ ။"ဒုဝိဓော ပေသော၊ ၂–ပါးလုံးလည်း ဖြစ်သော ဤကာမ"ဟု အဝယဝ သမုစ္စည်းလည်း ဖြစ်နိုင်၊ အများနောက်တိုင်သောကြောင့် သမ္ဘာဝနာလည်း ဖြစ်နိုင်သော ပိသဒ္ဒါဖြင့် ဆိုသောကြောင့် "အကြွင်းမရှိသော ကိလေသကာမကို လည်းကောင်း၊ အများဆုံးဖြစ်နိုင်သော ဝတ္ထုကာမကို လည်းကောင်း ယူထားသည်" ဟု သိသာ၏။ မှန်၏–ကာမာဝစရဘုံ၌ ရူပ သဒ္ဒ စသည့်အာရုံ ကာမဂုဏ်ငါးပါး၌ ဖြစ်သော ကာမရာဂ၊ ကြွင်းသော ကာမတရားစုကို အာရုံပြုသော ကာမတဏှာ၊ ရူပ စိတ် စေတသိက်ကို အာရုံပြုသော ရူပတဏှာ၊ အရူပ စိတ် စေတသိက်ကို အာရုံပြုသော အရူပတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော နိရောဓတဏှာ ဤရာဂတဏှာ အားလုံးကို ကိလေသကာမ ဟု ခေါ်၏။ ထိုကိလေသကာမသည် ကာမဘုံတွင် အစုံအလင်ရှိ၏။

တဏှာ,နိရောဓတဏှာ အပြားရှိသော။ ကိလေသကာမော၊ ကိလေသကာမ သည်။ [ကိလေသကာမော၏ ဝိသေသနချည်း ဖြစ်သောကြောင့် "ကာမရာဂ ကာမတဏှာ ။ပ။ဘေဒေါ" ဟု တပုဒ်တည်းရှိရမည်။] ဣဓ၊ ဤ ကာမဘုံ၌။ ပဝတ္တတိ၊ ၏။ ဣတိ၊ ကြောင့်။ အနဝသေသ ပဝတ္တိတံ၊ အကြွင်းအကျန်မရှိ သောအားဖြင့် ဖြစ်ခြင်းရှိသည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ ဒုဝိဓေ၁ ပေသောတိ (သင်္ဂဟကာရေန) ဝုတ္တံ။ စ၊ ဆက်။ ဝတ္ထုကာမောပိ၂၊ သည်လည်း။ ရူပါ ရူပါဝစရဝိပါကမတ္တော၊ ရူပါဝစရဝိပါက် အရူပါဝစရဝိပါက်မျှ ဖြစ်သော။ အပ္ပကော၊ အနည်းငယ်သည်။ ဣဓ၊ ဤကာမဘုံ၌။ န ပဝတ္တတိ၊ မဖြစ်။ (ဣဓာပိ၌ ပိ-ပိုဟန်တူ၏။) ၂တထာပိ၊ ထိုသို့ အနည်းငယ်သော ဝတ္ထုကာမ မဖြစ်ပါသော်လည်း။ ကာမာဝစရဓမ္မာနံ၊ တို့၏။ (ဟိတ်၏သမ္ဗန်ထည့်သည်။) ပရိပုဏ္ဏဝတ္ထုကာမတ္တာ၊ ပြည့်စုံသော ဝတ္ထုကာမတို့၏ အဖြစ်ကြောင့်။ ကာမာ-ဝစရဓမ္မာဝ၊ ကာမာဝစရ တရားတို့ကိုသာ။ ဣဓ၊ ဤ ဒုဝိဓေ ပေသော ဟူ

၁။ ဝတ္ထုကာမောပိ စ။ ။[အနဝသေသပ္ပဝတ္တိကို ရည်ရွယ်လျှင် ဝတ္ထုကာမ ကား။ တချို့မဖြစ်သည် မဟုတ်ပါလော၊ အဘယ်နည်းဖြင့် ဝတ္ထုကာမအတွက် အနဝသေသ-ပ္ပဝတ္တိဖြစ်ပုံကို မှတ်ရမည်နည်းဟု မေးဖွယ်ရှိသောကြောင့်"ဝတ္ထုကာမောပိ စ"စသည် ကို မိန့်သည်။"ဝတ္ထုကာမ"ဟု ခေါ်အပ်သော ရူပ သဒ္ဒ စသည် အာရုံ ကာမဂုဏ်နှင့် ကြွင်းသော တေဘူမက ဝဋ္ဋတရားတွင်လည်း ကာမဘုံ၌ ရူပဝိပါက် အရူပဝိပါက်မျှသာ မရှိပါ။ ကျန်ဝတ္ထုကာမ အားလုံးရှိ၏။ ထို ရူပဝိပါက် အရူပဝိပါက်များ မရှိသော်လည်း ယေဘုယျနည်းအားဖြင့် (သို့မဟုတ်-သဘောကွဲပြားသော တရား မကျန်တော့သည့် အတွက် ပြည့်စုံသလောက် ဖြစ်နေသော သဒိသူပစာရအားဖြင့်) ဝတ္ထုကာမလည်းပြည့် စုံသည်ပင် မည်နိုင်ပါသည်။ [ယေဘုယျဘာဝတော,အနဝသေသော ဝိယ အနဝသေ-သောတိ ဝါ ဒဿေတွာ ဂဟေတဗ္ဗောတိ ဒဿေန္တော ဝတ္ထုကာမောပီတိ အာဒိမာဟ၊ အနဝသေသသဒိသတာ စေတ္ထ သဘာဝဘိန္နဿ ကဿစိ အနဝသေသတော။-အနု။]

၂။ တထာပိ။ပ။ဂဟိတာ။ ။ဤကာမဘုံ၌ ရူပ အရူပ ဝိပါက်မှတပါး ဝတ္ထုကာမ ဟု ခေါ်ရသော တေဘူမက ဝဋ္ဋတရားသည် ပြည့်စုံစွာရှိပါသော်လည်း ဝတ္ထုကာမ အတွက် ထိုအားလုံးကို မယူပဲ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်ပြည့်စုံသော ကာမာ ဝစရတရားတို့ကိုသာ (ကာမစိတ် စေတသိက် တို့ကိုသာ) ယူထားသည်။ဤစကားအရ "အလုံးစုံသော ကိလေသကာမဖြင့်လည်းကောင်း။ ကာမာဝစရ တရားဟူသော ဝတ္ထုကာမတို့ဖြင့်လည်းကောင်း ဤကာမ (၁၁) ဘုံ အရပ်ကို မှတ်သား၍"ကာမာ-ဝစရဘုံ" ဟု ခေါ်ထားကြောင်းကိုပြသည်။ [ဣမိနာ ဝိကပ္ပေန သဗ္ဗေန ကိလေသာ-ကာမေန ဝတ္ထုကာမေပိ ကာမာဝစရဓမ္မေန စ ဧကာဒသကာမာဝစရပဒေသူပလက္ခဏံ ယုတ္တံတိ ဒဿေတိ။-မဓု။]

သောစကားရပ်၌။ ဂဟိတာ၊ ကုန်ပြီ။ [1]ဝေဠုကတ္ထာ၊ ကြောင့်။ သသတ္တာ-ဝစရောပမာ၊ သသတ္တာဝစရ ဥပမာသည်။ ယုတ္တာ၊ သင့်သည်။ ဟောတိ။

ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ဧတ္ထ၊ ဤပါဠိ၌၊ (ရူပါဝစရကုသလ ပဒဘာဇနီ ပါဠိ၌။) ရူပဘဝေ၊ ရူပဘဝကို။ ဥတ္တရပဒလောပံ၊ ဘဝဟူသော နောက်ပုဒ်ကို ချေခြင်းကို။ ကတွာ။ ရူပန္တိ၊ ဟူ၍။ ဝုတ္တော (ယထာ)၊ ကဲ့သို့။ ဧဝံ၊ တူ။ ဣဓာပိ၊ ဤ ကာမာဝစရေ ဟူသော ပုဒ်၌လည်း။ ဥတ္တရပဒလောပေါ၊ အဝစရ ဟူသော နောက်ပုဒ်ကို ချေခြင်းကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဟိ၊ မှန်။ (တနည်း–ကသ္မာ ဒဋ္ဌဗ္ဗော။) ဟိ (ယသ္မာ)။ အညထာ၊ ဤသို့ မဟုတ်လျှင်။ (နောက်ပုဒ်ကို မချေလျှင်။) စိတ္တံ၊ စိတ်ကို။ ကာမာဝစရာဝစရန္တိ၊ ဟူ၍။ ဝုစ္စေယျ၊ ဟောတော်မူအပ်ရာ၏။ ဣတိ၊ ကြောင့်။ (ဥတ္တရပဒလောပေါ ဒဋ္ဌဗ္ဗော။)

[“အာရမ္မဏကရဏဝသေန ဧတ္ထ ကာမေ အဝစရတီတိပိ” စသောနည်းကို ဖွင့်ပြလို၍ “အာရမ္မဏ” စသည် မိန့်။] အာရမ္မဏကရဏ ဝသေနာတိ အာဒိကေ၊ အစရှိသော စကားရပ်၌။ ကာမေတိ၊ ကာမေ ဟူသောပါဠိဖြင့်။ သဗ္ဗံ၊ သော။ တဏှံ၊ ကို။ (ဗဟလ၊ သုခုမတဏှာ အားလုံးကို။) အာဟ၊ ဆိုပြီ။ တသ္မာ။ ကာမဋ္ဌေသာတိအာဒိ၊ စကားကို။ ဝုတ္တံ၊ ပြီ။

[အပိစ စသည်ဖြင့် တက်သောနည်းကို ဖွင့်ပြလို၍ “ကာမေ”စသည် မိန့်။] ကာမေ အဝစာရေတီတိ ကာမာဝစရန္တိ၊ ဟူ၍။ ဝတ္တဗ္ဗေ၊ ဆိုထိုက်လျက်။ ဝါ၊ ဆိုလိုလျက်။ စာသဒ္ဒဿ၊ စာသဒ္ဒါ၏။ (စာ၌ အာ၏။) ရဿတ္တံ၊ ရဿ အဖြစ်ကို။ ကတံ၊ ပြီ။

ရုဠှီသဒ္ဒေနာတိ၊ ကား။ [2]ဉာဏသမ္ပယုတ္တေသု၊ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့၌။ ရုဠှေန၊ တက်ရောက်ထင်ရှားပြီးသော။ သဒ္ဒေန၊ သဒ္ဒါအားဖြင့်။ (“ကုသလမေဝ–ကုသိုလ် မည်သည်သာ”ဟု အဋ္ဌကထာ၌စပ်။) ဝါ၊ တနည်း။

၁။ ဝေဠုကတ္ထာ။ပ။ဝုတ္တာ။ ။လင်္ကာရဋီကာ၌ကျတည်း။ [ဝေဠုကတ္ထာတိ–ကိလေသကာမ ဝတ္ထုကာမာနံ အနဝသေသ ပရိပုဏ္ဏာဘာဝေန အဘိလက္ခိတတ္တာတိ အတ္ထော။ -အနု။] သသတ္တာဝစရ ကို ဥပမာပြရာ၌ လက်နက်မပါသော အခြား အခြေ ၂-ချောင်း အခြေ ၄-ချောင်း သတ္တဝါတွေ ရှိနေသော်လည်း လက်နက်ရှိသူ လူတို့ဖြင့် မှတ်သား၍ “သသတ္တာဝစရ အရပ်” ဟု ခေါ်သကဲ့သို့ ဤကာမဘုံ၌ ရူပါရူပ လောကုတ္တရာ တရားတွေ ရှိနေသော်လည်း ကိလေသာကာမ ဝတ္ထုကာမ ၂-မျိုးဖြင့် မှတ်သား၍ ဥပလက္ခဏ နည်းအားဖြင့် ကာမာဝစရဘုံ ဟု ခေါ်ထားသည်–ဟူလို။

၂။ ဉာဏသမ္ပယုတ္တေသု ရုဠှေန။ ။ကောသလ္လသမ္ဘူတ အနက်ကြောင့် ဖြစ်သော ကုသလသဒ္ဒါသည် ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့၌ တက်ရောက်ထင်ရှားသောအထင် ရုဠှသဒ္ဒါတည်း။ ထို အထင်ရုဠှီသဒ္ဒါဖြင့် ဉာဏဝိပ္ပယုတ် ကုသိုလ်လည်း ကုသိုလ်ချင်း

ညာဏသမ္ပယုတ္တေသု[၁]၊ တို့၌။ ပဝတ္တိတွာ၊ ဖြစ်ပြီး၍။ အနဝဇ္ဇသုခဝိပါကတာယ၊ အနဝဇ္ဇ သုခဝိပါက၏ အဖြစ်ဖြင့်။ တံ သဒိသေသု၊ ထို ညာဏသမ္ပယုတ်နှင့်တူ ကုန်သော။ ညာဏဝိပ္ပယုတ္တေသု၊ တို့၌။ ရုဠှေန၊ တတ်ရောက်စေအပ် တင်စားအပ်သော။ သဒ္ဒေန၊ (အတင်ရုဠှီ) သဒ္ဒါအားဖြင့်။ (ကုသလမေဝ။)

အထဝါ[၂]၊ ထို့ပြင် တနည်းကား။ ကိဉ္စိ၊ သော။ နိမိတ္တံ၊ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကို။ (သဒ္ဒပ္ပဝတ္တိနိမိတ်ကို။) ဂဟေတွာ၊ ယူ၍။ (ပဝတ္တိ-၌ စပ်။) အညသ္မိံ၊ ထိုအနက်မှ အခြားသော။ တံ နိမိတ္တယုတ္တေ၊ ထို သဒ္ဒပ္ပဝတ္တိနိမိတ် နှင့် ယှဉ်သော။ ကိသ္မိဉ္စိဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ ဝိသယေ၊ ဟောရာဖြစ်သော အနက်၌ဖြစ်သည်။ သတိပိ၊ လည်း။ သမ္မုတိယာ၊ သမုတ် အပ်သော အမည်၏။ စိရကာလတာဝသေန၊ ကြာမြင့်သောကာလ ရှိသည်၏ အဖြစ်၏အစွမ်းဖြင့်။ နိမိတ္တဝိရဟေပိ[၃]၊ သဒ္ဒပ္ပဝတ္တိနိမိတ်မှ ကင်းသော မူလ အနက်၌လည်း။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ရုဠှီ နာမ၊ ရုဠှီ မည်၏။ မဟိယံ၊ မြေ၌။ သေတိ၊ အိပ်တတ်၏။ ဣတိ။ မဟိံသော၊ မည်၏။ ဂစ္ဆန္တိ၊ ကုန်၏။

တူသောကြောင့် ကုသလအမည် ရသည်—ဟူလို။ [တေန ရုဠှေန ကာရဏဘူတေန တံ သဒိသံ ညာဏဝိပ္ပယုတ္တံပိ ကုသလမေဝါတိ ယောဇနာ။—မဓု။]

မှတ်ချက်။ ။ဤနည်း၌ အစစ်အမှန်အားဖြင့် ကုသလအမည် ရနိုင်သော ညာဏ သမ္ပယုတ်ကို ဟောရာဝယ် ကုသလသဒ္ဒါကို အထင်ရုဠှီသဒ္ဒါ ဟု ဆိုရကား ယခုခေတ် ယူရိုး အမိပ္ပာယ်မျိုးမဟုတ်ပါ။ ယခုခေတ်၌ကား အစစ်အမှန်အနက်မှ အခြားအနက်ကို ဟောရာ၌သာ ရုဠှီ ဟု ဆိုသည်။

၁။ **ညာဏသမ္ပယုတ္တေသု ဝါ။** ။ကောသလ္လသမ္ဘူတ အနက်ရှိသော ကုသလသဒ္ဒါ ကို ညာဏသမ္ပယုတ်တို့၌ ရှေးဦးစွာ မုချဖြ (အစစ်အမှန်အနက်) အားဖြင့် ဖြစ်စေ၍ ထို့နောက် ညာဏဝိပ္ပယုတ်တို့၌လည်း အနဝဇ္ဇ သုခဝိပါကချင်း တူသောကြောင့် တင် စားအပ်သော သဒိသူပစာ ရုဠှီသဒ္ဒါဖြင့်—ဟူလို။ တင်စားအပ်သောကြောင့် ဤရုဠှီကို “အတင်ရုဠှီ”ဟု ခေါ်သည်။ ဤနည်းကား ယခုခေတ် ယူရိုးနည်းတည်း။

၂။ **အထဝါ။** ။ဤနည်း၌ အထင်-အတွင် ၂-မျိုးရသော ရုဠှီတည်း။ ကိဉ္စိ နိမိတ္တံ ဂဟေတွာ-မြေ၌အိပ်ခြင်းကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ကျွဲကို“မဟိံသော”ဟု ခေါ် ထားရာ၌ သတိပိ။ပ။ဝိသယေ – မြေ၌အိပ်ခြင်းဟူသော ပဝတ္တိနိမိတ်ရှိသော “ဆင်” စသော အခြား သတ္တဝါဖြစ် ရှိသော်လည်း မြေ၌အိပ်ခြင်းကြိယာက ကျွဲ၌သာထင်ရှား သောကြောင့် အထင်ရုဠှီအားဖြင့် ကျွဲကိုသာ“မဟိံသ”ဟု ခေါ်ရသည်။

၃။ **နိမိတ္တဝိရဟေပိ ပဝတ္တိ။** ။ထိုကျွဲသည် မြေ၌မအိပ်ပဲ သွားနေသောအခါ ထို နိမိတ်မှကင်းသော်လည်း မဟိံသ နာမည်၏ ကျွဲအပေါ်ဝယ် ကြာမြင့်စွာသောကာလက ဖြစ်နေခြင်း (နာမည်တွင်နေခြင်း) ကြောင့် အတွင်ရုဠှီအားဖြင့်လည်း မဟိံသောသည် ရုဠှီသဒ္ဒါ ဖြစ်ပြန်၏။ သွားခြင်းကြိယာကို အကြောင်း ပဝတ္တိနိမိတ် ပြု၍ ဖြစ်သော ဂေါသဒ္ဒါ၏ ရုဠှီဖြစ်ပုံလည်း နည်းတူ။

ဣတိ။ ဂါဝေါ၊ ဂေါတို့ မည်၏။ ဣတိ၊ ဤ ဥဒါဟရဏ်တို့၌။(ရုဠှီဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော)ယထာ။ [1]ဧဝံ၊တူ။ ကုသလသဒ္ဒဿပိ၊၏လည်း။ ရုဠှီဘာဝေါ ဝေဒိတဗ္ဗော။

[2]ပညာနိဒ္ဒေသေ၊ ပညာနိဒ္ဒေသ၌။ ကောသလ္လန္တိ၊ ဟူ၍။ အဘိဓမ္မေ၊ အဘိဓမ္မာ ပါဠိ၌တော်၌။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တဿ စ၊ ထို ကောသလ္လ ၏လည်း။ ဘာဝေါ၊ ရှိခြင်းကြောင့်။(ဉာဏသမ္ပယုတ် ကုသိုလ်စိတ်၌ သဒ္ဒပ္ပဝတ္တိ နိမိတ်အဖြစ်ဖြင့် ရှိခြင်းကြောင့်။) ကုသလသဒ္ဒပ္ပဝတ္တိ၊ ကုသလ–သဒ္ဒါ၏ ဖြစ်ခြင်းသည်။(ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။(ထိုသို့ အဘိဓမ္မာ၌"ကောသလ္လ" ဟု ဟောတော်မူခြင်း, ထို ကောသလ္လကြောင့် ကုသလသဒ္ဒါ ဖြစ်ခြင်းကြောင့်။) ကောသလ္လယောဂါ ကုသလန္တိ၊ကောသလ္လယောဂါ ကုသလံ ဟူသော။ အယံ၊ ဤ ပရိယာယ်သည်။ အဘိဓမ္မပရိယာယော၊ အဘိဓမ္မာ ဒေသနာနည်းသည်။ ဟောတိ။ကုသလန္တိ၊ ပုဒ်ဖြင့်။ကုသလဘာဝံ၊ ကုသိုလ်၏အဖြစ်ကို။အာဟ၊ ပြီ။ [ကုသလံ၌ ဘာဝပ္ပဓာန-ဘာဝလောပကြံပါ–ဟူလို။]

ဝိပါကာဒီနံ၊ ဝိပါက် အစရှိသည်တို့၏။(အာဒိဖြင့် ကြိယာကိုယူ။) အဝဇ္ဇ ပဋိပက္ခတာ၊ အပြစ်၏ ဆန့်ကျင်ဘက်၏ အဖြစ်သည်။("ဝဇ္ဇမေဝ အဝဇ္ဇံ" ဟုပြု၊"သာဝဇ္ဇ"ဟု ရှိလျှင် ကောင်း၏။) နတ္ထိ။ ဣတိ၊ ကြောင့်။ကုသလမေဝ၊ ကုသိုလ်ကိုသာ။ အနဝဇ္ဇလက္ခဏံ၊ အနဝဇ္ဇလက္ခဏာ ရှိ၏ ဟူ၍။ ဝုတ္တံ။အနဝဇ္ဇ လက္ခဏမေဝ ါတိ(ဧတ္ထ)၊ ဟူသော ဤပါဌ်၌။ သုခဝိပါကဘာဝဿ၊ သုခဝိပါက အဖြစ်၏။ လက္ခဏာဘာဝနိဝါရဏတ္ထံ၊ လက္ခဏာ၏ အဖြစ်ကို တားမြစ်ခြင်း အကျိုးငှာ။ အဝဓာရဏံ၊ ဧဝ သဒ္ဒါကို။ ကတံ၊ ပြီ။ တံ နိဝါရဏဉ္စ၊ ထိုသုခဝိပါကကို တားမြစ်ခြင်းကိုလည်း။ တဿ၊ ထို သုခဝိပါက၏။ ပစ္စု

၁။ ဧဝံ ကုသလသဒ္ဒဿပိ။ ။ကုသလသဒ္ဒါလည်း ကောသလ္လသမ္ဘူတကြောင့် ဉာဏသမ္ပယုတ်ကုသိုလ်၌ ထင်ရှားပြီးသော အထင်ရုဠှီသဒ္ဒါ ဖြစ်ရကား ကောသလ္လ သမ္ဘူတဖြစ်သော ဉာဏသမ္ပယုတ် ဝိပါက် ကြိယာတို့၌ ကုသလအမည် မရတော့။ဉာဏ ဝိပ္ပယုတ် ကုသိုလ်ဖြစ်သောအခါလည်း ဉာဏသမ္ပယုတ်တုန်းက တွင်နေသော အတွင် ရုဠှီအားဖြင့်"ကုသလ"ဟုပင် ခေါ်ရသည်–ဟူလို။

၂။ ပညာနိဒ္ဒေသေ။ပ။ဟောတိ ။အဘိဓမ္မာ၌ ကောသလ္လသမ္ဘူတ အနက် မပါ ပါတကား၊....အဘယ့်ကြောင့် ကောသလ္လသမ္ဘူတ အနက်၌ ကုသလ-သဒ္ဒါကို အဘိဓမ္မ ပရိယာယ ဟု ဆိုရသနည်းဟု မေးဖွယ်ရှိသောကြောင့်"ပညာနိဒ္ဒေသေ"စသည်ကို မိန့်။ အဘိဓမ္မာပါဠိတော်ဝယ်"ပညာ ဟောတိ"ဟူသော ဥဒ္ဒေသ၏ ပဒဘာဇနီ၌"ကော- သလ္လံ"ဟု ပါရှိ၏။ ထို ကောသလ္လ (ဉာဏ်) ကြောင့် ကုသလဟူသော အမည်ဖြစ်၏။ ထို့ကြောင့် ကောသလ္လသမ္ဘူတ၌ကုသလကို အဘိဓမ္မပရိယာယ ဟု ဆိုသည်-ဟူလို။

ပဋ္ဌာနတံ၊ ပစ္စုပဋ္ဌာန်၏ အဖြစ်ကို။ ဂတ္တုကာမတာယ၊ ဆိုလိုသည်၏ အဖြစ်ကြောင့်။ ကတ၊ ပြီ။ သမ္ဗတ္တိအတ္ထေန၊ သမ္ပတ္တိ အနက်ရှိသော။ ရသေန၊ ရသအားဖြင့်။ ဝေါဒါနဘာဝရသံ၊ ဖြူစင်သည်၏ အဖြစ်ဟူသော ရသရှိ၏။ ဖလ-ဋ္ဌေန၊အကျိုးအနက်ရှိသော။ ပစ္စုပဋ္ဌာနေန၊ ပစ္စုပဋ္ဌာန် အားဖြင့်။ ဋ္ဌဝိပါက ပစ္စုပဋ္ဌာနံ၊ ဋ္ဌဝိပါက်ဟူသော ပစ္စုပဋ္ဌာန်ရှိ၏။

သဘာဝေါ၊ သဘာဝဟူသည်။ ကက္ခဋ္ဋာဒိဖုသနာဒိကော၊ ကက္ခဋ္ဋ အစရှိ, ဖုသန အစရှိသော။ အသာဓာရဏော၊ အခြားတရားတို့နှင့် မဆက်ဆံသော သဘောတည်း။(ကက္ခဋ္ဋာဒိဖြင့် ရုပ်အားလုံးကိုပြ၍၊ဖုသနာဒိဖြင့် နာမ်အားလုံးကို ပြသည်။)သာမညံ၊ သာမည ဟူသည်။ သာဓာရဏော၊ အခြားတရားတို့နှင့် ဆက်ဆံသော။ အနိစ္စာဒိဘာဝေါ၊ အနိစ္စ အစရှိသည်တို့၏ အဖြစ်တည်း။ [အခြားနေရာ၌ လက္ခဏာကို "အနိစ္စတာ" ဟု ဆို၏။ ထို့ကြောင့် "အနိစ္စာဒိ-ဘာဝေါ"ဟု ရှိသင့်၏။ ယခုစာအုပ်များ၌ "အနိစ္စာဒိသဘာဝေါ" ဟု ရှိသည်ကို စဉ်းစားသင့်၏။]

စ၊ ဆက်။ ဣမ၊ ဤ လက္ခဏ စသည်ကို ပြရာ၌၊ ကုသလလက္ခဏံ၊ ကုသိုလ်၏ လက္ခဏာကို။ [အနဝဇ္ဇသုခဝိပါက လက္ခဏာကို လည်းကောင်း၊ နောက်တနည်း အလိုအားဖြင့် အနဝဇ္ဇလက္ခဏာကိုသာလည်းကောင်း ရည်ရွယ်၍ "ကုသလလက္ခဏံ" ဟု ဆိုသည်။] သဗ္ဗကုသလသာဓာရဏသဘာဝတ္တာ၊ အလုံးစုံသော ကုသိုလ်နှင့် ဆက်ဆံသော သဘော၏အဖြစ်ကြောင့်။ သာမညံ၊ သာမညလက္ခဏာ ဟူ၍။ ဒဋ္ဌဗ္ဗံ၊ ၏။ ဝါ၊ တနည်း။ အကုသလာဒီဟိ၊ တို့နှင့်။ အသာဓာရဏတာယ၊ ကြောင့်။ သဘာဝေါ၊ သဘာဝလက္ခဏာ ဟူ၍။ (ဒဋ္ဌဗ္ဗံ။) ဥပဋ္ဌာနာကာရောတိ၊ ကား။ ဂဟေတဗ္ဗဘာဝေန၊ ဉာဏ်ဖြင့် ယူထိုက်သည်၏ အဖြစ်ကြောင့်။ ဉာဏဿ၊ အား။ ဥပဋ္ဌဟနာကာရော၊ ထင်လာသော အခြင်းအရာတည်း။ ဖလံ ပန၊ အကျိုးသည်ကား။ အတ္တနော၊ မိမိ၏။ ကာရဏံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ တပ္ပဋိဗဒ္ဓဘာဝေန၊ ထို အကြောင်း၏ အတူ၏ အဖြစ်ဖြင့်။ ဝါ၊ ထိုအကြောင်းနှင့် တူသည်၏ အဖြစ်ဖြင့်။ (ဥပဋ္ဌာတိ၊ ကပ်၍ တည်တတ်၏။) ဝါ၊ တနည်း။ ပဋိမုခံ၊ အကြောင်းသို့ ရှေးရှု။ ဥပဋ္ဌာတိ၊ တည်နေတတ်၏။ ဣတိ၊ ကြောင့်။ ပစ္စုပဋ္ဌာနံ၊ န မည်၏။ ["ဥပဋ္ဌာတိတိ ဥပဋ္ဌာနံ၊ ပဋိစ္စ+ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ၊ (တနည်း) ပဋိမုခံ+ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ" ဟု ပြု။]

ဝိဇာနာတီတိ၊ ဟူသောပါဌ်ဖြင့်။ သညာပညာကိစ္စဝိသိဋ္ဌံ၊ သညာ၏ သဉ္ဇာနန ကိစ္စ, ပညာ၏ ပဇာနနကိစ္စမှ ထူးခြားသော။ ဝိသယဂ္ဂဟဏံ၊ အာရုံကို ယူခြင်း

ကိစ္စကို။ အာဟ၊ ပြီ။ [၁]သဗ္ဗစိတ္တသာဓာရဏတ္တာ၊ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့်။ (စိတ္တံဟူသော ဤသဒ္ဒါက အလုံးစုံသောစိတ်ကို ဟောနိုင်သောကြောင့်။) ယတ္ထ ယတ္ထ၊ အကြြင်အကြင် စိတ်၌။ ယထာ ယထာ၊ အကြင်အကြင် အခြင်းအရာအားဖြင့်။ အတ္တော၊ အနက်ကို။ လဗ္ဘတိ၊ ၏။ တတ္ထ တတ္ထ၊ ထိုထို စိတ်၌။ တထာ တထာ၊ ထိုထို အခြင်းအရာအားဖြင့်။(အတ္တော၊ ကို။) ဂဟေတဗ္ဗော၊ ၏။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။(ဝုတ္တံ-၌ စပ်။)

ယံ၊ အကြင် လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်သည်။ အာသေဝန ပစ္စယဘာဝေန၊ အာသေဝနပစ္စည်း၏ အဖြစ်ဖြင့်။ စိနောတိ၊ စီတတ်၏။ ယာဥ္စ၊ အကြင် ဝိပါက်စိတ်ကိုလည်း။ ကမ္မုနာ၊ ကံသည်။ အာဘိသင်္ခတတ္တာ၊ ပြုစီမံအပ်သည်၏ အဖြစ်ကြောင့်။ စိတံ၊ စီအပ်၏။ တံ၊ ထို စိတ်ကို။ တထာ၊ ထို အခြင်းအရာအားဖြင့်။ စိတ္တန္တိ၊ ဟူ၍။ (သင်္ဂဟကာရေန) ဝုတ္တံ။ [၂]ပန၊ ဆက်။ ယံ၊ အကြင်စိတ်သည်။ တထာ၊ ထို အခြင်းအရာအားဖြင့်။ န ဟောတိ၊ မဖြစ်။ ပရိတ္တကိရိယဒွယံ၊ကာမကြိယာ ၂-ပါးအပေါင်းလည်းဖြစ်သော။အန္တိမဇဝနဥ္စ၊ အဆုံးဇောလည်းဖြစ်သော။ တံ၊ ထို စိတ်ကို။ ဝါ၊ သည်။ လဗ္ဘမာနစိန္တနဝိစိတ္တ-တာဒိဝသေန၊ ရအပ်သော စိန္တနအနက်, ဝိစိတ္တတာအနက် အစရှိသည်တို့၏ အစွမ်းဖြင့်။ စိတ္တံ၊ စိတ္တမည်၏။ ဣတိ ဝေဒိတဗ္ဗံ။ ဟသိတုပ္ပါဒေ ပန[၃]၊ သည်

၁။ သဗ္ဗစိတ္တ။ပ။ဝုတ္တံ။ ။"အာရမ္မဏံ စိန္တေတီတိ စိတ္တံ" ဟူသော ပထမနည်းကိုသာ ဆိုသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "စိနောတီတိ စိတ္တံ၊ စိတန္တိ စိတ္တံ" ဟူသော ဒုတိယ-တတိယနည်းတို့ကို ဆိုရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "သဗ္ဗစိတ္တသာဓာရဏတ္တာ" စသည်မိန့်။ အဓိပ္ပာယ်မှာ ပါဌ်လျှောက်အတိုင်း သိသာပြီ။ [ဂဟေတဗ္ဗောတိနောက်၌ ရှေးစာအုပ်များ၌ ဝါသဒ္ဒါ ပါသည်ကား အပိုသာတည်း။ ဣတိကိုလည်း ဝုတ္တံ-၌ စပ်ရမည်ဖြစ်သောကြောင့် ဇို ဣတိနောက်၌ ပိုဒ်မရှိသင့်။]

၂။ ယံ ပန။ပ။ဝေဒိတဗ္ဗံ၊ ။ဇောကိစ္စမတပ်သော အာဝဇ္ဇန်းဒွေးဟူသော ကြိယာနှင့် သတ္တမဇော စသော နောက်ဆုံးဇောတို့သည် အာသေဝနသတ္တိဖြင့်လည်း မစီတတ်၊ ကံ-ကလည်း မပြုမစီအပ်သောကြောင့် အဘယ်နည်းဖြင့် စိတ္တမည်သနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ယံ ပန" စသည်မိန့်။ ထိုစိတ်တို့သည် "အာရမ္မဏံ စိန္တေတိ" အရ စိန္တနကြိယာကြောင့် လည်းကောင်း၊ နောက်၌လာမည့် ဝိစိတ္တတာယအတွက် ဝိစိတ္တ အနက်ကြောင့် လည်းကောင်း၊ စိတ္တကရဏ အနက်ကြောင့် လည်းကောင်း စိတ္တအမည် ရနိုင်ပါသည်-ဟုလို။

၃။ ဟသိတုပ္ပါဒေ ပန။ ။ပရိတ္တကြိယာ ဟူသော အာဝဇ္ဇန်းဒွေး အတွက် အကြောင်းပြ၍ သိရပါပြီ၊ ဟသိတုပ္ပါဒ်ကို အဘယ်သို့ မှတ်ရမည်နည်း-ဟု မေးဖွယ်ရှိ

ကား။ အညဇဝနဂတိကောဝ၊ အခြားဇော၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသည်သာ။ ဝါ၊ အခြားဇောနှင့် အလားတူသည်သာ။

စိတ္တာနံ ပနာတိ (ပဒဿ)၊ ၏။ ဝိစိတြာနံ၊ ဆန်းကြယ်သော စိတ်တို့၏။ ဣတိ အတ္ထော။ ဟိ၊ မှန်။ တဒန္တောဂဓတ္တာ၊ ထို ဆန်းကြယ်သော စိတ်တို့၌ ပါဝင်သည်၏ အဖြစ်ကြောင့်။ သမုဒါယဝေါဟာရေန၊ အပေါင်း၏ စိတ္တဟူသော ဝေါဟာရဖြင့်။ အဝယဝေါပိ၊ အစိတ်ဖြစ်သော စိတ်ကိုလည်း။ စိတ္တန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ် ဆိုနိုင်၏။ ပဗ္ဗတ။ပ။ဒေသေသု၊ တောင်တစိတ်, မြစ်တစိတ်, သမုဒ္ဒရာ တစိတ် အစရှိသော အစိတ်တို့ကို။ ဒိဋ္ဌေသု၊ မြင်အပ်ပြီးကုန်သော်။ ပဗ္ဗတာဒယော၊ တို့ကို။ (မယာ၊ သည်။) ဒိဋ္ဌာ၊ မြင်အပ်ကုန်ပြီ။ ဣတိ၊ သို့။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣတိ ယထာ၊ ဤ ဥဒါဟရဏ်ကဲ့သို့တည်း။

စရဏံ နာမ၊ စရဏ မည်သည်ကား။ ဂဟေတွာ၊ သွားလေရာရာယူ၍။ စရိတဗ္ဗစိတ္တပဋ္ဋော၊ လှည့်လည်ထိုက်သော ဆန်းကြယ်သော ပန်းချီအဝတ်တည်း။ ရူပါနီတိ၊ ကား။ ဗိမ္ဗာနိ၊ အရုပ်တို့ကို။ (ကာတဗ္ဗာနိ-၌ စပ်။)

အဇ္ဈတ္တိကံတိ၊ ဟူသောပါဌ်ဖြင့်။ ဣန္ဒြိယဗဒ္ဓံ၊ ဣန္ဒြိယဗဒ္ဓ ဖြစ်သော အတ္တဘောကို။ ဝဒတိ၊ ဆို၏။....စိတ္တကတမေဝါတိ၊ စကားကို။ စိတ္တဿ၊ စိတ်၏။ မူလကာရဏတံ၊ မူလအကြောင်း၏ အဖြစ်ကို။ ဝါ၊ အကြောင်းရင်း၏ အဖြစ်ကို။ သန္ဓာယ ဝုတ္တံ၊ [ကံက ပြုစီမံအပ်သောကြောင့် ကံသည် အကြောင်းဖြစ်သော်လည်း ထိုကံ၏ အကြောင်းကိုရှာလျှင် စိတ်ကိုတွေ့ရသည်၊ ထို့ကြောင့် စိတ်သည် ဂတိ-စသည်တို့ ဆန်းကြယ်ဖို့ရာ မူလအကြောင်းဖြစ်၍“စိတ္တဿ မူလကာရဏတံ”ဟု ဆိုအပ်ပါသည် ဟူလို။] ဟိ၊ မှန်။(တနည်း-ကသ္မာ ဝိညာယတိ၊) ဟိ(ယသ္မာ)။ ဇောတံ စိတ္တံ၊ ဤစိတ်သည်။ ကမ္မဿ၊ ကံ၏။ ကာရဏံ၊ အကြောင်းတည်း။ ဣတိ၊ ကြောင့်။(စိတ္တကတမေဝါတိ၊ ကို။ စိတ္တဿ မူလကာရဏတံ သန္ဓာယ ဝုတ္တံ၊ ဣတိ ဝိညာယတိ။) ပန၊ ဆက်။ တံ အတ္ထံ၊ ထို အနက်ကို။ (စိတ်၏ မူလအကြောင်း၏ အဖြစ်ဟူသော အနက်ကို။)ဝိဘာဝေတုံ၊ ထင်စွာဖြစ်စေခြင်းငှာ။ ကာယကမ္မာဒိဘေဒန္တိအာဒိံ၊ ကို။ အာဟ။

လိင်္ဂနာနတ္တန္တိ၊ ကား။ သဏ္ဌာနနာနတ္တံ၊ လက်ခြေစသော ပုံသဏ္ဌာန်၏ ကွဲပြားသည်၏အဖြစ်သည်။ (ဟောတိ။) ဝါ၊ တနည်း။ ဘိန္န။ပ။ဝတော၊ ကွဲပြားသော ပုံသဏ္ဌာန်ရှိသော အင်္ဂါကြီးငယ်ရှိသော။သရီရဿ၊ကိုယ်၏။ နာ-

---

သောကြောင့် “ဟာသိဟုပ္ပါဒေါ ပန” စသည်မိန့်။ အခြားဇောကဲ့သို့ မိမိကိုယ်ကို မိမိ ဘာသာ ဇော ၇-ကြိမ် စသည်ဖြင့် စီတတ်ပါသည်-ဟူလို။

နတ္တံ(ဟောတိ)။ ဝေါဟာရဝသေန၊ အခေါ်အဝေါ်၏ အစွမ်းဖြင့်။ ဣတ္ထိပုရိသာဒိဘာဝေန၊ မိန်းမ ယောကျ်ား အစရှိသည်တို့၏ အဖြစ်ဖြင့်။ (မိန်းမ ယောကျ်ား စသောအမည်ဖြင့်။) ဝေါဟရိတဗ္ဗသု၊ ခေါ်ဝေါ်ထိုက်သော ဒြဗ်တို့၌။ ပဏ္ဏတ္တိသဘာဝေသု၊ တောင့်တခြင်း အထူးတို့သည်။ ("ဣတ္ထိ ဘဝေယျာမိ" စသော တောင့်တခြင်းအထူးတို့သည်။) ဥပ္ပဇ္ဇန္တိ။ ကုန်၏။ တတော၊ ထိုသို့ ပတ္ထနာဝိသေသ ဖြစ်ခြင်းကြောင့်။ ကမ္မဝိသေသာ၊ ပစ္စုပ္ပန် ကံအထူးတို့သည်။ (ဥပ္ပဇ္ဇန္တိ။) ဝေ၊ လျှင်။ ဣဒံ ကမ္မနာနတ္တံ၊ ဤပစ္စုပ္ပန်ကံ၏ ကွဲပြားသည်၏အဖြစ်သည်။ ဝေါဟာရနာနတ္တတော၊ ကြောင့်။ ဟောတိ၊ ၏။ ...အပါဒက ။ပ။ ဝေမာဒိသု၊ တို့၌။ အာဒိသဒ္ဒေဟိ၊ ၄-ခုသော အာဒိသဒ္ဒါတို့ဖြင့်။ ဂတိယာ၊ ဂတိ၌လည်းကောင်း။ ဥပပတ္တိယာ၊ ကံကြောင့်ဖြစ်သော ဥပပတ္တိဘဝ၌လည်းကောင်း။ အတ္တဘာဝေ၊ အတ္တဘော၌လည်းကောင်း။ လောကဓမ္မေသု၊ လောကဓံတို့၌လည်းကောင်း။ သုတ္တာဂတာနိ၊ သာမညသုတ်၌ လာကုန်သော။ နာနာကရဏာနိ၊ အသီးအခြားပြုကြောင်း အထူးတို့ကို။ သင်္ဂဏှာတိ၊ သိမ်းယူ၏။

ကမ္မနာနတ္တာဒိဝသေနာတိ ဧတ္ထ၊ ဟူသော ဤပါဠ်၌။ ("ကမ္မနာနတ္တပုထုတ္တပဘေဒဝဝတ္ထာနဝသေန" ဟူသော အဋ္ဌကထာပါဠ်ကို "ကမ္မနာနတ္တာဒိဝသေနာတိ" ဟု ချုံး၍ ဆိုထားသည်။) ကုသလာကုသလဝသေန၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းဖြင့်။ ကမ္မနာနတ္တံ၊ ကမ္မနာနတ္တကို။ ဝေဒိတဗ္ဗံ။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ကုသလာကုသလဝသေန ကမ္မနာနတ္တံ။ ဝေဒိတဗ္ဗံ၊ နည်း။) ဟိ (ယသ္မာ)။ ဝိသဒိသသဘာဝတာ၊ မတူသော သဘောရှိသည်၏ အဖြစ်သည်။ နာနတ္တံ၊ ထူးသည်၏ အဖြစ်တည်း။ ဣတိ၊ ကြောင့်။ (ကုသလာကုသလဝသေန ။ပ။ ဝေဒိတဗ္ဗံ။) ကုသလကမ္မဿ၊ ၏။ ဒါနာဒိဝသေန၊ ဒါန အစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း။ ကာယသုစရိတာဒိဘာဝေန စ၊ ဖြင့်လည်းကောင်း။ ပုထုတ္တံ၊ များသည်၏ အဖြစ်ကို။ (ဝေဒိတဗ္ဗံ။) အကုသလကမ္မဿ စ၊ ၏လည်းကောင်း။ မုသာဝါဒါဒိဟိ၊ တို့ဖြင့်လည်းကောင်း။ ကာယဒုစ္စရိတာဒိဟိ စ၊ တို့ဖြင့်လည်းကောင်း။ ပုထုတ္တံ (ဝေဒိတဗ္ဗံ)။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ကုသလကမ္မဿ ။ပ။ ပုထုတ္တံ။ ဝေဒိတဗ္ဗံ၊ သနည်း။) ဟိ (ယသ္မာ)။ ဗဟုပ္ပကာရတာ၊ များသောအပြား ရှိသည်၏ အဖြစ်သည်။ ပုထုတ္တံ၊ ပုထုတ္တ တည်း။ ဣတိ၊ ကြောင့်။ (ကုသလကမ္မဿ ။ပ။ ဝေဒိတဗ္ဗံ။)

အန္နဒါနာဒိဝသေန၊ ထမင်းအလှူ အစရှိသည်တို့၏ အစွမ်းဖြင့်။ (အာဒိဖြင့် ပါနဒါန စသော ကျန် ၉-ပါးတို့ကို ယူ။) ဒါနာဒီနံ၊ တို့၏လည်းကောင်း။ ပါဏာတိပါတဝိရတိအာဒိဝသေန၊ ဖြင့်။ ကာယသုစရိတာဒီနံ၊ တို့၏လည်းကောင်း။ အာဝါသမစ္ဆရိယာဒိဝသေန၊ အာဝါသမစ္ဆရိယ အစရှိသည်တို့၏

အစွမ်းဖြင့်။မစ္ဆရိယာဒီနံ၊တို့၏လည်းကောင်း။ ပါကဋာတိပါကဋာဒိဝသေန၊ဖြင့်။ ကာယဒုစ္စရိတာဒီနဉ္စ၊ တို့၏လည်းကောင်း။ ပဘေဒေါ၊ တခုတခုသောအစု၏ ကွဲပြားခြင်းကို။ (ဝေဒိတဗ္ဗော၊ကသ္မာ အနန္တဒါနာဒိဝသေန။ပ။ဝေဒိတဗ္ဗော။) ဟိ(ယသ္မာ)။ ကေကာ၊ တခုတခုသော။ •ပကာရော၊ အမျိုးအစား၏။ ဘေဒေါ၊ အပြားသည်။ ပဘေဒေါ၊ ပဘေဒတည်း။ ဣတိ၊ကြောင့်။(အနန္တဒါ-နာဒိဝသေန။ပ။ဝေဒိတဗ္ဗော။) [သစ်ကိုင်း အခက်မကြီးမှ အခက်ငယ်တွေ ဖြာ၍ ကွဲပြားခြင်းမျိုးကို"ပဘေဒ"ဟု ဆိုသည်။]

တထာ တထာ၊ ထိုထိုကုသိုလ်, အကုသိုလ်,ဒါန, မစ္ဆရိယ စသော အခြင်းအရာအားဖြင့်။ (ကုသလာကုသလဝသေန စသည်ကို ကြည့်၍ ပေးသည်။) ဝဝတ္ထိတတာ၊ အသီးအသီး ပိုင်းခြား၍ ထားအပ်ကုန်သည်၏ အဖြစ်သည်။ နိစ္ဆိတတာ၊ ဆုံးဖြတ်အပ်ကုန်သည်၏ အဖြစ်သည်။ နာနတ္တာဒီနံ၊ နာနတ္တ အစ ရှိသည်တို့ကို။ (အာဒိဖြင့် ပုထုတ္တ, ပဘေဒတို့ကို ယူ။) ဝဝတ္ထာနံ၊အသီးအသီး ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းမည်၏။ တေနေပါယေန၊ ဖြင့်။လိင်္ဂနာနတ္တာ-ဒီနိ၊ လိင်္ဂနာနတ္တ အစရှိသည်တို့ကို။ ဝေဒိတဗ္ဗာနိ။ ဟိ၊ မှန်။(ယနည်း-ကသ္မာ တေနေပါယေန။ပ။ဝေဒိတဗ္ဗာနိ) ဟိ ယသ္မာ။ ကမ္မနာနတ္တာဒိဟိ၊တို့ကြောင့်။ တာနိ၊ ထို လိင်္ဂနာနတ္တ အစရှိသည်တို့သည်။ နိဗ္ဗတ္တာနိ၊ ဖြစ်ရကုန်၏။ ဣတိ၊ ကြောင့်။(တေနေပါယေန။ပ။ဝေဒိတဗ္ဗာနိ။)

ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဖြစ်သော။ လိင်္ဂဿ၊ အသွင်သဏ္ဌာန်၏။ ကမ္မတော၊ အတိတ်ကံကြောင့်။ ပဝတ္တိံ၊ ဖြစ်ပုံကိုလည်းကောင်း။ တဒနုက္ကမေန၊ ထိုအစဉ်အားဖြင့်။ ပစ္စုပ္ပန္နကမ္မဿ၊ ၏။ နိပ္ဖတ္တိဉ္စ၊ ပြီးစီးပုံကိုလည်းကောင်း။ဒဿေတွာ၊ ပြပြီး၍။ တတော၊ ထို ပစ္စုပ္ပန်ကံကြောင့်။ အနာဂတ။ပ။ဒဿနေန၊ အနာဂတ်ဖြစ်သော လိင်္ဂနာနတ္တ အစရှိသည်တို့၏ ပြီးစီးပုံကို ပြခြင်းဖြင့်။ သံသာရံ၊ သံသရာကို။ ဃဋေန္တော၊ ဆက်စပ်တော်မူလိုသည်။ (ဟုတွာ။) ကမ္မနာနာကရဏံ ပဋိစ္စာတိအာဒိံ၊ ကို။ အာဟ။ [ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို ပြလို၍ ဟုတ္တ စသည်မိန့်။] တတ္ထ၊ ထို ကမ္မ လိင်္ဂ စသည်တို့တွင်။ ပုရိမေန၊ ရှေ့ဖြစ်သော။ကမ္မဝစနေန၊ ကမ္မသဒ္ဒါဖြင့်။ အဝိဇ္ဇာသင်္ခါရာ၊ တို့ကို။ (ဂဟိတာ။) လိင်္ဂါဒိဝသေန၊ ဖြင့်။ ဝိညာဏာဒီနိ၊ ကုန်သော။ ဘဝပရိယောသာနာနိ၊ ဘဝအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့ကို။ (ဂဟိတာနိ။) ဂတိအာဒိဝစနေန၊ ဂတိ အစရှိသော သဒ္ဒါဖြင့်။ (အာဒိဖြင့် ဥပပတ္တိ စသည်ကိုယူ။) ဇာတိ ဇရာ မရဏာနိ၊ တို့ကို။ ဂဟိတာနိ၊ ဣတိ ဒဋ္ဌဗ္ဗာနိ။

တတ္ထ၊ ထို ဂတိ စသည်တို့တွင်။နိရယာဒယော၊ ကုန်သော။ ပဉ္စ၊ ကုန်သော၊ ဂတိယော၊ ဂတိတို့ကို။ ဂတိတိ၊ ဟူ၍။ ဝုတ္တံ၊ ကုန်၏။ တာသံ၊ ထို ဂတိတို့၏။

ပဌမဇဝနသမုဋ္ဌိတာ၊ ပဌမဇောကြောင့် ဖြစ်သော။ ဝါယောဓာတု၊သည်။ တသ္မိံ ခဏေ၊ ၌။ ရူပါနံ၊တို့၏။ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန[1]၊ အရပ်တပါး၌ဥပါဒ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်။ စာလေတုံ၊လှုပ်ရှားစေခြင်းငှာ။ယဒိပိန သက္ကောတိ၊ အကယ်၍မူလည်း မစွမ်းနိုင်ပါပေ။ တထာပိ၊ ထိုသို့ မစွမ်းနိုင်ပါသော်လည်း။ သာ၊ ထို ဝါယောဓာတ်ကို။ ဝိညတ္တိဝိကာရ သဟိတာဝ၊ ဝိညတ်ဟူသော ဝိကာရရုပ်နှင့် တကွဖြစ်၏ ဟူ၍သာ။ ဝေဒိတဗ္ဗာ၊ ၏။ ဟိ၊ မှန်၏။ (တနည်း) ကသ္မာ၊ ကြောင့်။ (သာ ဝိညတ္တိဝိကာရသဟိတာဝ။ ဝေဒိတဗ္ဗာ၊ နည်း။) ဟိ(ယသ္မာ။) ဒသသု၊ ကုန်သော။ ဒိသာသု၊ တို့တွင်။ ယံ ဒိသံ၊ အကြင်အရပ်သို့။ ဂန္တုကာမော၊ ၏။ [အဘိက္ကမာပေတုံ ပဋိက္ကမာပေတုံ စသည်ကို ရည်ရွယ်သည်။] ဝါ၊ တနည်း။ အင်္ဂပစ္စင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ ခိပိတုကာမော၊ ပစ်ခြင်းငှာ အလိုရှိ၏။ [“သမိဉ္ဇာပေတုံ, ပသာရပေတုံ”စသည်ကို ရည်ရွယ်သည်။] တံဒိသာဘိမုခါနေဝ၊ ထိုအရပ်သို့ ရှေးရှုသည်သာလျှင် ဖြစ်ကုန်သော။ ရူပါနိ၊ ရုပ်တို့ကို။ သာ၊ ထို ဝါယောဓာတ်သည်။ သန္ထမ္ဘေတိ စ၊ ကောင်းစွာလည်း ထောက်ပံ့၏။ သန္ဓာရေတိ စ၊ ကောင်းစွာလည်း ဆောင်ထား၏။ ဣတိ၊ ကြောင့်။ တဒဘိမုခဘာဝဝိကာရဝတီ၊ ထို အရပ်သို့ ရှေးရှုသည်၏ အဖြစ်ဟူသော ထူးခြားသော အမူအရာရှိသည်။ ဟောတိ၊ ၏။ အဓိပ္ပာယသဟဘာဝီ၊ အလိုဆန္ဒနှင့်တကွ ဖြစ်လေ့ရှိသော။ ဝိကာရော စ၊ ထူးခြားသော အမူအရာသည်လည်း။ ဝိညတ္တိ၊

၁။ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန။ ။လှုပ်ခြင်းဟူသည် ရုပ်ကလာပ်တို့၏ မူလဖြစ်ရာ အရပ်မှ အခြားအရပ်၌ နောက်ထပ် ဥပါဒ်ခြင်းတည်း။ ထိုသို့ နေရာပြောင်း၍ ဥပါဒ်ရခြင်းမှာလည်း ရှေးရှေးရုပ်ကလာပ်တွင် ပါဝင်သော ဝါယောဓာတ်၏ အစွမ်းကြောင့်တည်း။ ထိုသို့ နေရာပြောင်း၍ ပြောင်း၍ ဥပါဒ်ခြင်းကိုပင် လူအများက“လှုပ်ရှားခြင်း” ဟု ထင်မြင်ကြသည်။

ဝိညတ်မည်၏။ ဣတိ၊ ထို့ကြောင့်။ (သာဝိညတ္တိဝိကာရသဟိတာ၀။ ဝေဒိ-တဗ္ဗာ၊ ၏။)

ဝေဠု ကတ္ဝာ၊ ဤအကြောင်းကြောင့်။ အာဝဇ္ဇနသမ္ပိ၊ မနောဒွါရာ-ဝဇ္ဇန်း၏လည်း။ ဝိညတ္တိသမုဋ္ဌာပကဘာဝေါ၊ ဝိညတ်ကို ဖြစ်စေနိုင်သည်၏ အဖြစ်သည်။ ယထာ။ပ။ဥပ္ပာဒနေန၊ အလိုဆန္ဒအားလျော်စွာ ဝိကာရရုပ်ကို ဖြစ်စေခြင်းအားဖြင့်။ ဥပပန္နော၊ သင့်လျော်သည်။ ဟောတိ၊ ၏။ ယတော၊ ယင်းကဲ့သို့ သင့်လျော်သည်၏ အဖြစ်ကြောင့်။ ဗာတ္တိံသ၊ သော။ စိတ္တာနိ၊ စိတ်တို့ကို။ ရူပိရိယာပထဝိညတ္တိဇနကာနိ၊ ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေတတ်ကုန်၏ ဟူ၍။ ဝုတ္တာနိ၊ ကုန်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

အနေကသဟဿဝါရံ၊ အကြိမ် ထောင်ပေါင်းများစွာ။ ဥပ္ပန္နာ၊ ဖြစ်သော ဝါယောဓာတ်သည်။ ယောဇနံ၊ တယူဇနာရှိသော အရပ်သို့။ ဂတော၊ ရောက်ပြီ။ ဒသ ယောဇနံ၊ ၁၀-ယူဇနာရှိသော အရပ်သို့။ ဂတော၊ ရောက်ပြီ။ ဣတိ၊ သို့။ ဝတ္တဗ္ဗတံ၊ ဆိုထိုက်သည်၏ အဖြစ်သို့။ အာပဇ္ဇာပေတိ၊ ရောက်စေ၏။

ဝါယောဓာတုယာ။ပ။ဘဝိတုန္တိ၊ ကား။ ထမ္ဘနစာလနေသု၊ ထောက်ပံ့ခြင်း, လှုပ်ရှားစေခြင်းတို့၌။ ဝါယောဓာတုယာ၊ ၏။ ပစ္စယော၊ အကြောင်း သည်။ ဘဝိတုံ၊ ငှာ။ သမတ္ထော၊ သော။ စိတ္တသမုဋ္ဌာန မဟာဘူတာနံ၊ စိတ်ကြောင့်ဖြစ်သော မဟာဘုတ်တို့၏။ ဧကော၊ သော။ အာကာရဝိသေ သော၊ အခြင်းအရာ အထူးသည်။ အတ္ထိ၊ ၏။ အယံ၊ ဤ အခြင်းအရာ အထူးသည်။ ဝိညတ္တိ နာမ၊ မည်၏။ [အဋ္ဌကထာ၌ ဝိညတ်ကို ဝါယော ဓာတ်၏ အာကာရဝိသေသ ဟု ဆို၏။ ဤဋီကာ၌ကား မဟာဘုတ် ၄-ပါး လုံး၏ အာကာရဝိသေသ ဟု ဆိုသည်။ "အဋ္ဌကထာ၌ လိုရင်းပဓာနကိုသာ ဆို၍, ဋီကာ၌ ပဓာန-အပဓာန ၂-မျိုးလုံးကို ပေါင်း၍ ဆိုသည်"ဟု မှတ် ပါ။] ဟိ၊ မှန်။ တေသံ၊ ထို စိတ္တဇ မဟာဘုတ်တို့၏။ တဒါကာရတ္တာ၊ ထို ထူးသော အခြင်းအရာ ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဝါယောဓာတု၊ သည်။ ထမ္ဘေတိ စ၊ ထောက်လည်း ထောက်ပံ့နိုင်၏။ စာလေတိ စ၊ လှုပ်လည်း လှုပ်ရှားစေနိုင်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

န စိတ္တသမုဋ္ဌာနာတိ ဧတေန၊ ဖြင့်။ (ဝိညတ္တိယာ၊ ၏။) ပရမတ္ထတော၊ အားဖြင့်။ အဘာဝံ၊ မရှိခြင်းကို။ ဒဿေတိ၊ ၏။ [1]ဟိ၊ မှန်။ (တနည်း-

၁။ န ဟိ ရူပံ။ပ။အတ္ထိ။ ။"ပရမတ္ထတော အဘာဝံ ဒဿေတိ"ဟူသော ရှေ့ စကား၏ အကြောင်းပြ ဖြစ်၏။ "န စိတ္တသမုဋ္ဌာနာ"ဟူသော စကားသည် ဝိညတ်၏ ပရမတ္ထရုပ်အစစ် မဟုတ်ကြောင်းကို ပြသောစကားတည်း။ အဘယ်ကြောင့် ထိုသို့

ကသ္မာ န စိတ္တသမုဋ္ဌာနာတိ စေတေန ဝိညတ္တိယာ ပရမတ္ထတော အဘာဝံ။ ဒဿေတိ၊ ၏။ ဉာတိ။ ဝိညာယတိ၊ နည်း။) ဟိ(ယသ္မာ။) ရုပ်၊ ရုပ်အစစ်မှန်လျှင်။ အပစ္စယံ၊ အကြောင်းမရှိသောရုပ်သည်။ န အတ္ထိ။[1] နိဗ္ဗာနဝဇ္ဇော၊ နိဗ္ဗာန်သည်ကြဉ်အပ်သော။ နိစ္စော၊ မြဲသော။ အတ္ထော စ၊ ပရမတ္ထ သည်လည်း။ န အတ္ထိ။ ဉာတိ၊ ကြောင့်။ (န စိတ္တသမုဋ္ဌာနာတိစေတေန ။ပ။ ဒဿေတိ၊ ဉာတိ။ ဝိညာယတိ၊ ၏။)

ဝိညတ္တိတာယာတိ[2]၊ ကား။ ဝိညတ္တိဝိကာရတာယ၊ ဝိညတ်ဟူသောဝိကာရ၏ အဖြစ်ကြောင့်။ (စိတ္တသမုဋ္ဌာနာ နာမ ဟောတိ-၌ စပ်။ ဝိညတ္တိယာ၊ ၏။) စိတ္တသမုဋ္ဌာနဘာဝေ ါ၊ စိတ္တသမုဋ္ဌာန်၏ အဖြစ်ကို။ (အဓိပ္ပေတော) ဝိယ၊ အလိုရှိအပ်သကဲ့သို့။ (ဇဝံ၊ တူ။) မဟာဘူတဝိကာရတာယ၊ မဟာဘုတ်တို့၏ ဝိကာရ၏ အဖြစ်ကြောင့်။ ဥပါဒါရူပဘာဝေ ါ စ၊ ဥပါဒါရုပ်၏ အဖြစ်ကိုလည်း။ (ဥပါဒါရုပ်ဟူသော အမည်ကိုလည်း။) အဓိပ္ပေတော၊ ၏။ ဉာတိ ဝေဒိတဗ္ဗော။

ကာယိကကရဏန္တိ၊ ကား။ ကာယဒွါရပဝတ္တစိတ္တကိရိယံ၊ ကာယဒွါရ၌ ဖြစ်သောစိတ်၏ အမှုအရာကို။....အဓိပ္ပာယံ၊ အလိုဆန္ဒကို။ ဝ ါ၊ အကြံကို။ (ဝိညာပေတိ။) ဉာတိ အတ္ထော။....ကာရေတိ မညေတိ စေတန[3]၊ ဖြင့်။ (ဝိညာတတ္တံဒဿေတိ-၌ စပ်။) ဝဏ္ဏဂ္ဂဟဏာနုသာရေန၊ အဆင်းကို ယူကြောင်း

သိနိုင်သနည်း။ "န စိတ္တသမုဋ္ဌာနာ"ဟူသော စကားဖြင့် "ဝိညတ်သည် အပစ္စယ တည်း"ဟု ဆိုရာရောက်၏။ ရုပ်မှန်လျှင်လည်း အပစ္စယရုပ်ဟူ၍ မရှိ။ ထို့ကြောင့် "န စိတ္တသမုဋ္ဌာနာ" ပါဌ်ဖြင့် ဝိညတ်၏ ပရမတ္ထရုပ်အစစ် မဟုတ်ကြောင်းကိုပြသည်-ဟု သိနိုင်ပါသည်-ဟူလို။

၁။ န စ နိဗ္ဗာနဝဇ္ဇော။ပ။အတ္ထိတိ။ ။ဝိညတ်ရုပ်သည် နိဗ္ဗာန်ကဲ့သို့ နိစ္စဖြစ်သော အပ္ပစ္စယတရား မဖြစ်နိုင်ပါလော-ဟု ထပ်၍မေးဖွယ်ရှိသောကြောင့် "န စ"စသည်မိန့်။ နိဗ္ဗာန်မှတပါး နိစ္စဖြစ်သော ပရမတ္ထတရားမရှိသောကြောင့် ဝိညတ်ကို အပ္ပစ္စယဟုလည်း မဆိုနိုင်ပါ-ဟူလို။

၂။ ဝိညတ္တိတာယာတိ။ ။"ဝိညတ္တိဗဟုလာ, ယာစနဗဟုလာ"ဟူသော ပါဠ်၌ ဝိညတ္တိသဒ္ဒါသည် တောင်းခြင်းအနက်ကို ဟောသကဲ့သို့ ဤ၌လည်း တောင်းခြင်းအနက် ဟောသလေလား-ဟု ယုံမှားဖွယ်ရှိသောကြောင့် "ဝိညတ္တိတာယ"ကို "ဝိညတ္တိဝိကာရတာယ"ဟု ဖွင့်သည်။ ထို ဝိညတ်သည် ပရိယာယ်အားဖြင့် (ဥပစာရအားဖြင့်) စိတ္တသမုဋ္ဌာန် အမည်ရသကဲ့သို့ မဟာဘုတ်တို့၏ ဝိကာရဖြစ်သောကြောင့် မဟာဘုတ်တို့ကို စွဲမှီ၍သာ ထင်ရှားရကား ဥပါဒါရုပ် အမည်ကိုလည်း ရနိုင်သည်။

၃။ စေတန။ပ။ဒဿေတိ။ ။ဝိညတ်ကိုသိသော ဝီထိကို ပြရာ၌ (၁) ရူပါရုံကို သိသောဝီထိ, (၂) ထိုအတီတ် ရူပါရုံကိုသိသော တဒနုဝတ္တိက မနောဒွါရဝီထိ, (၃) ဝိညတ်ကိုသိသော မနောဒွါရဝီထိ, (၄) အလိုဆန္ဒ (ဘာဝ) ကို သိသော မနောဒွါရ

ဖြစ်သော စက္ခုဒွါရဝီထိ, မနောဒွါရဝီထိကို အစဉ်လိုက်သဖြင့်။ ဂဟိတာယ၊ ယူအပ်သော။ (သိအပ်သော။) ဝိညတ္တိယာ၊ ဝိညတ်ကြောင့်။ ယံ ကရဏံ၊ အကြင် အမူအရာကို။ (အကြင် အလိုဆန္ဒကို။) ဝိညာတဗ္ဗံ၊ သိနိုင်၏။ တဿ၊ ထို အမူအရာကို။ (ထို အလိုဆန္ဒကို။) ဝိဇာနနေန၊ သိခြင်းအားဖြင့်။ ဝိညတ္တိယာ၊ ၏။ ဝိညာတတ္တံ၊ သိအပ်သည်၏ အဖြစ်ကို။ ဒဿေတိ၊ ၏။ ဟိ၊ မှန်။ (တနည်း– ကသ္မာ တဿ ဝိဇာနနေန ဝိညတ္တိယာ ဝိညာတတ္တံ။ ဒဿေတိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ နည်း။) ဟိ (ယသ္မာ) ဝိညတ္တိရဟိတေသု၊ ဝိညတ်မှ ကင်းကုန်သော။ ရုက္ခစလနာဒီသု၊ သစ်ပင်လှုပ်ခြင်း အစရှိသည်တို့၌။ သေ(သော)၊ ဤ သစ်ပင်သည်။ ဣဒံ၊ ဤအမှုကို။ ကာရေတိ၊ ပြုစေလို၏။ ဣတိ၊ သို့။ ဝိဇာနနံ၊ သိခြင်းသည်။ န ဟောတိ။ ဣတိ၊ ကြောင့်။ (တဿ။ပ။ဒဿေတိ။ ဣတိ၊ သို့။ ဝိညာယတိ၊ ၏။)

ဟိ၊ မှန်။ (တနည်း) ဟိ(ယသ္မာ)။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ ရူပေ၊ ရူပါရုံ၌။ အဘိနိပါတမတ္တံ၊ ရှေးရှု ကျခြင်းမျှသည်။ ကိစ္စံ၊ ကိစ္စတည်း။ အဓိပ္ပာယသဟဘုနော၊ အလိုဆန္ဒနှင့် တကွဖြစ်သော။ စလနဝိကာရဿ၊ လှုပ်ခြင်းဟူသော ဝိကာရကို။ ဂဟဏံ ၊ ယူခြင်းသည်။ (သိခြင်းသည်။) န (ကိစ္စံ)၊ ကိစ္စ မဟုတ်။ [စက္ခုဝိညာဉ်က အလိုဆန္ဒ အဓိပ္ပာယ်ကိုလည်းကောင်း၊ ဝိကာရ–ဝိညတ်ကိုလည်းကောင်း မသိနိုင်–ဟူလို] ပန၊ ထိုသို့ပင် စက္ခုဝိညာဉ်၏ အလိုဆန္ဒနှင့်တကွ ဝိကာရကို သိခြင်းကိစ္စ မရှိပါသော်လည်း။ စိတ္တဿ၊ စိတ်၏။ လဟုပရိဝတ္တိတာယ၊ လျင်မြန်သော အပြောင်းအလဲ ရှိသည်၏ အဖြစ်ကြောင့်။ စက္ခုဝိညာဏဝီထိယာ၊ ၏။ အနန္တရံ၊ အခြားမဲ့၌။ မနောဝိညာဏေန၊ ဖြင့်။ ဝိညာတမ္ပိ၊ သိအပ်သည်လည်း ဖြစ်သော။ စလနံ၊ လှုပ်ခြင်းဟူသော ဝိကာရကို။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။ ဝါ၊ စက္ခုဝိညာဉ်ဖြင့်။ ဒိဋ္ဌံ ဝိယ၊ မြင်အပ်သကဲ့သို့။ အဝိသေသဝိဒုနော၊ အထူးကို မသိနိုင်သူတို့သည်။ (စက္ခုဝိညာဏဝီထိနှင့် မနောဝိညာဏဝီထိတို့၏ အထူးကို မသိနိုင်ကုန်သော လူပြိန်းတို့သည်။) မညန္တိ၊မှတ်

ဝီထိ ဟုဝီထိ အစဉ် ၄–မျိုးရှိ၏။ ထိုတွင်-ဝဏ္ဏဂ္ဂဟဏာနုသာရေနဖြင့် ၁–၂-ဝီထိတို့သို့ အစဉ်လိုက်ပုံကို ပြ၏။ ဂဟိတာယ ဝိညတ္တိယာဖြင့် (၃) ဝီထိကိုပြ၏။ ယံ ကရဏံ ဝိညာတဗ္ဗံ၊ တဿ ဝိဇာနနေနဖြင့် (၄) ဝီထိကိုပြသည်။

ရူပံ ပဥ္စမစိတ္တေန၊ တီတံ ဒုတိယ စေတသာ။
တတိယေန တု ဝိညတ္တိံ၊ ဘာဝံ စတုတ္ထစေတသာ။

၁။ ဂဟဏံ။ ။“စလန ဝိကာရဿ ဂဟဏံ” စသည်ဖြင့် ဂဟဏ-ဟုလာသမျှ ယူကြောင်းဝီထိ ဟု မှတ်ပါ။ “ယူ” ဟူသည် ဝီထိစိတ်ဖြင့် သိခြင်းတည်း။ ဂယှတိ ဧတေနာတိ ဂဟဏံ=ယူကြောင်း ဝီထိစိတ်။

ထင်ကြကုန်၏။ တသ္မာ၊ ကြောင့်။ (ဝိဇာနန် ဟောတိ–၌ စပ်။) နီလာဘိနိ- ပါတဝသပ္ပဝတ္တာယ၊ ညိုသော အာရုံ၌ ရှေးရှုကျခြင်း၏ အစွမ်းဖြင့်ဖြစ်သော။ စက္ခုဝိညာဏဝီထိယာ၊ ၏လည်းကောင်း။ နီလန္တိ၊ ညိုသော အဆင်း ဟူ၍။ ပဝတ္တာယ၊ ဖြစ်သော။ မနောဝိညာဏဝီထိယာ စ၊ ၏လည်းကောင်း။ အန္တရံ၊ အထူးကို။ န ဝိညာယတိ ယထာ၊ မသိအပ် မသိနိုင်သကဲ့သို့။ ဧဝံ၊ တူ။ စိတ္တေနာ၊ နှင့်။ သဟေဝ၊ တကွသာလျှင်။ အနုပရိဝတ္တော၊ အစဉ်လိုက်၍ ဖြစ်သော။ (စိတ္တာနုပရိဝတ္တိဓမ္မဖြစ်သော။) ကာယ။ ပ။ သာခါတော၊ ရုပကာယကို ထောက်ပံ့ တတ်, လှုပ်ရှားစေတတ်သော ထူးခြားသော အမှုအရာ ဟု ဆိုအပ်သော။ တသ္မိံ၊ ထို ဝိကာရရုပ်ကို။ အဝိညာယမာနန္တရေန[၁]၊ မသိအပ်သော အထူးရှိ သော။ (စက္ခုဝိညာဏဝီထိမှ အထူးကိုမသိနိုင်သော။)မနောဒွါရဝိညာဏေန၊ မနောဒွါရဝိညာဉ်ဖြင့်။ ဂဟိတေ၊ ယူအပ်ပြီးသော်။ ပါ၊ ယူအပ်ပြီးမှ။ (ဝိကာရ- ဟူသော ဝိညတ်ကိုသိပြီးမှ။) သေ (သော)၊ ဤသူသည်။ ဣဒံ၊ ဤအမှုကို။ ကာရေတိ၊ ပြုစေလို၏။ အယံ၊ ဤအလိုသည်။ အဿ၊ ထိုသူ၏။ အဓိပ္ပာယော၊ အလိုတည်း။ ဣတိ၊ သို့။ ဝိဇာနန်၊ သိခြင်းသည်။ ဟောတိ။

(ကိမိဝ၊ အဘယ်ကဲ့သို့နည်း။)'တာလပဏ္ဏာဒိရူပါနိ၊ ထန်းရွက် အစရှိသည် တို့၏ အဆင်းတို့ကို။ ဒိသွာ၊ မြင်ပြီး၍။ တဒနန္တရပ္ပဝတ္တာယ၊ ထို မြင်ခြင်း

၁။ **အဝိညာယမာနန္တရေန**။ ။အဝိညာယမာန်+အန္တရံ ယဿာတိ အဝိညာယ မာနန္တရံ-စက္ခုဝိညာဏဝီထိမှ မသိအပ်သော အထူးရှိသော မနောဝိညာဉ်။စက္ခုဝိညာဏ ဝီထိနှင့် မနောဝိညာဏဝီထိ ဟု ၂–မျိုး ကွဲပြားပုံကို မသိရသော (စက္ခုဝိညာဏဝီသိ ဟုပင် ထင်ရသော) မနောဝိညာဏဝီထိ။

၂။ **တာလပဏ္ဏာဒိ။ပ။ဝိယ**။ ။''တာလပဏ္ဏာဒိရူပါနိ ဒိသွာ'' ဖြင့် စက္ခုဒွါရ- ဝီထိ, တဒနုဝတ္တိက အတီတဂ္ဂဟဏ မနောဒွါရဝီထိ တို့ကို ပြ၏၊ ''တဒနန္တရပ္ပဝတ္တာယ မနောဒွါရဝီထိယာ'' ဖြင့် တာလပဏ္ဏနှင့် ဥဒကတို့၏ တကွဆက်စပ်ပုံ အခြင်းအရာကို သိသောဝီထိ, တာလပဏ္ဏသည် ထို ရေ စသည်ရှိကြောင်း သိစေနိုင်သော အမှတ် အသား–ဟု သိသော ဝီထိများကို ပြ၏။ ဥဒကာဒိဂ္ဂဟဏံဖြင့် ရေကိုသိသော ဝီထိကို ပြ သည်။ဤ၌ ရေကိုသိသော ဝီထိသည် အလိုဆန္ဒကို သိသော ဝီထိမျိုးတည်း။ ဥဒကာဒိ သဟစာရိပ္ပကာရ-တံ သညာဏာကာရ ဂဟဏဝီထိ သည် ဝိညတ်ကို သိသော ဝီထိမျိုး တည်း။

မှတ်ချက်။ ။ဤဝီထိ၌ ဥဒကာဒိ သဟစာရိပ္ပကာရကို သိသောဝီထိတမျိုး၊ တံ သညာဏာကာရကို သိသော ဝီထိဘမျိုးဟု မနောဒွါရဝီထိ ၂-မျိုးရှိနိုင်သကဲ့သို့ ဝိညတ် ကို သိရာ၌လည်း လက်လှုပ်ခြင်းနှင့် လာစေလိုခြင်း၏ ဆက်သွယ်မှု သမ္ဗန္ဓကိုသိသော ဝီထိတမျိုးလည်း ရှိရသေးသည်–ဟု မှတ်ပါ။ ထိုဝီထိကား''ရူပံ ပဌမစိတ္တေန''စသော ဂါထာ၌ မပါ။

၏အခြားမဲ့၌ ဖြစ်သော။ အဝိညာယမာနန္တရာယ၊ မသိအပ်သော အထူးရှိသော။ (စက္ခုဝိညာဏဝီထိမှ အထူးကို မသိနိုင်သော။) မနောဒွါရဝီထိယာ၊ ဖြင့်။ တာလပဏ္ဏာဒီနံ[၁]၊ တို့၏။ ဥဒကာဒိ[၁]။ပ။တံသညာဏာကာရံ၊ ရေ အစရှိသည် တို့နှင့် တကွဖြစ်လေ့ရှိသည်၏ အဖြစ်ဟူသော အပြား, ထို ရေအစရှိသည်တို့၏ အမှတ်အသားဟူသော အခြင်းအရာကို။ ဂဟေတွာ။ ဥဒကာဒိဂ္ဂဟဏံ ဝိယ၊ ရေ အစရှိသည်ဟူ့ကို ယူခြင်းကဲ့သို့တည်း။ ဝါ၊ ရေ အစရှိသည်တို့ကို သိရခြင်း ကဲ့သို့တည်း။

စ၊ ဆက်။ တွေ့။ပ။ဘဝိဿတီတိ အာဒိနာ၊ စကားရပ်ဖြင့်။ ဥဒကာဒိသမ္ဗန္ဓ-နာကာရေန၊ ရေ အစရှိသည်တို့နှင့် ဆက်သွယ်ခြင်းဟူသော အခြင်းအရာ ကြောင့်။ ရူပဂ္ဂဟဏာနုသာရဝိညာဏေန၊ ရူပါရုံကိုသိကြောင်း ဝီထိကို အစဉ် လိုက်သော မနောဝိညာဉ်ဖြင့်။ ယံ ဥဒကာဒိ၊ အကြင် ရေ အစရှိသည်ကို။ ဝိညာတဗ္ဗံ၊ သိထိုက်၏။ တဿ၊ ထို ရေ စသည်ကို။ ဝိဇာနနေန၊ သိခြင်းအား ဖြင့်။ တဒါကာရဿ၊ ထို ရေ စသည်တို့၏ အထိမ်းအမှတ်ဟူသော အခြင်းအရာ ၏။ ပါ၊ ရာကို။ ဝိညာတတာ၊ သိအပ်သည်၏ အဖြစ်ကို။ ဝုတ္တာ၊ ပြီ။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်ထိုက်၏။ ပန၊ ဆက်။ တေဿ ကာယိကကရဏဂ္ဂဟဏဿ၊ ဤ ကာယဒွါရ၌ဖြစ်သော အမူအရာကိုယူကြောင်း ဝီထိ၏လည်းကောင်း။ (ဥပမေယျဘက်အတွက်။ တေဿ) ဥဒကာဒိဂ္ဂဟဏဿ စ၊ ဤ ရေ အစရှိသည် ကိုယူကြောင်း ဝီထိ၏လည်းကောင်း။(ဥပမာနဘက်အတွက်။) ပုရိမသိဒ္ဓသမ္ဗ-န္ဓဂ္ဂဟဏံ[၂]၊ ရှေး၌ပြီးပြီးသော အဆက်အသွယ်ကိုယူကြောင်း ဝီထိသည်။ ဥပ-နိဿယော၊ အားကြီးသော မှီရာအကြောင်းသည်။ ဟောတိ။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၁။ **တာလပဏ္ဏာဒိ, ဥဒကာဒိ။** ။တာလပဏ္ဏာဒိ၌ အာဒိဖြင့် အဋ္ဌကထာ၌ ပြအပ်သော ဓဇ၊ သာခါစလန၊ ပုဗ္ဗုဠက၊ ဥဿရိတတိဏပဏ္ဏကသင္ကု တို့ကို ယူပါ။ ဥဒ-ကာဒိ၌ အာဒိဖြင့် သုရာ၊ ဝါတပ္ပဟာတ၊ မစ္ဆ၊ ဩဃ တို့ကို ယူပါ၊ [သဉ္ဇာနာတိ ဧတေနာတိ သညာဏံ—ရေ အစရှိသည်တို့ကို သိကြောင်း အမှတ်အသား။ တဿ ဥဒကာဒိနော သညာဏံ တံသညာဏံ၊ တဿ+အာကာရော တံသညာဏာကာရော၊ ဥဒကာဒိသဟစာရိပ္ပကာရော စ+သော+တံသညာဏာကာရော စာတိ ဥဒကာ။ပ။ ကာရော။—အနု၊]

၂။ **ပုရိမသိဒ္ဓသမ္ဗန္ဓဂ္ဂဟဏံ။** ။ဤစကားအရ ဝီထိတမျိုးတိုးလာပြန်၏။ တောထဲ၌ ရေရှိ၏ ဟူသော အထိမ်းအမှတ်ကိုပြသော ထန်းရွက်ကိုမြင်လျှင် ရေနှင့် ထန်းရွက်တို့ ဆက်သွယ်ခြင်းကို ရှေးက သိဖူး၏။ ထို သိအပ်ဖူးသော ဆက်သွယ်မှုကို ပြန်၍ သတိ ရသော ဝီထိသည် ပုရိမသိဒ္ဓသမ္ဗန္ဓဂ္ဂဟဏဝီထိ ပင်တည်း၊ လက်ယပ်လိုက်လျှင် လာစေ လို၏ ဟူသော ရှေးက အဆက်အသွယ်ကို ပြန်၍သတိရခြင်း၌လည်း နည်းတူ။

အထ ပန[1]၊ သို့မဟုတ်။ (တနည်းကား) [2]အနာလမ္ဗိတာ၊ အာရုံမပြုအပ်သည်။ (သမာနာ)ပိ၊ သော်လည်း။ ဝါ၊ သော။ ဝိညတ္တိ၊ ဝိညတ်သည်။ (ပစ္စယော-၌ စပ်။) ကာယိကကရဏဂ္ဂဟဏဿ စ၊ ကာယဒွါရ၌ဖြစ်သော အမူအရာဟူသော အလိုကိုယူကြောင်း ဝိထိအားလည်း။ ပုရိမ။ ပ။ ဝသေန၊ ရှေး၌ ပြီးပြီးသော အဆက်အသွယ်ကို ယူခြင်း၏ ဥပနိဿယ၏ အစွမ်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ (ဟောတိ။ ကသ္မာ၊ နည်း။) [3]သာမိပ္ပာယဝိကာရသဟဇာတ-ဝဏ္ဏဂ္ဂဟဏာနန္တရံ၊ အလိုနှင့်တကွဖြစ်သော ဝိကာရနှင့်တကွဖြစ်သောအဆင်းကို ယူကြောင်းဝိထိ၏ အခြားမဲ့၌။ ပဝတ္တမာနဿ၊ ဖြစ်သော။ အဓိပ္ပာယဂ္ဂ-ဟဏဿ၊ အလိုကိုယူကြောင်း ဝိထိ၏။ အဓိပ္ပာယသဟဇူဝိကာရာဘာဝေ၊ အလိုနှင့်တကွဖြစ်သော ဝိကာရ၏မရှိခြင်းသည်။ (သတိ။) အဘာဝတော၊ မဖြစ်နိုင်ခြင်းကြောင့်တည်း။

၁။ အထ ပန။ ။ရှေးနည်းမှ တနည်းပြသော စကားတည်း။ ရှေးနည်း၌ "မနောဝိညာ-ဏေန ဂဟိတေ တသ္မိံ။ ပ။ စောပနသင်္ခါတေ"ဟူသော စကားဖြင့် ဝိညတ်ဟူသော ဝိကာရကို မနောဝိညာဉ်ဖြင့် တိုက်ရိုက် အာရုံပြု၍ သိအပ်ကြောင်းကို ပြ၏။ ဤနည်း၌ ကား တိုက်ရိုက် အာရုံမပြုပဲ အနုမာနအားဖြင့် သိကြောင်းကို ပြ၏။ [အထ ပနာတိ အာဒိနာ ဝိညတ္တိယာ အနုမာနေန ဂဟေတဗ္ဗတံ ဒဿေတိ။-အနု။]

၂။ အနာလမ္ဗိတာပိ။ ပ။ ဝသေန။ ။"ဝိညတ်သည် တိုက်ရိုက် အာရုံမပြုအပ်သော်လည်း ကာယိကကရဏ (ကာယဒွါရ၌ဖြစ်သော အမူအရာ ဟူသော အလိုကို) ယူသော ဝိထိအား ကျေးဇူးပြုနိုင်၏"ဟု ဆိုရာ၌ အဘယ်နည်းဖြင့် ကျေးဇူးပြုနိုင်သနည်း-ဟု မေးဖွယ်ရှိ၍ "ပုရိမ။ ပ။ ဝသေန"ဟု မိန့်သည်။ [ရှေ၌ပြခဲ့သော "ပုရိမသိဒ္ဓသမ္ဗန္ဓဂ္ဂဟဏံ ဥပနိဿယော" ကိုပင် "ပုရိမသိဒ္ဓသမ္ဗန္ဓဂ္ဂဟဏောပနိဿယဝသေန"ဟု ဆိုသည်။] "လာစေလိုလျှင် လက်ယပ်၏"ဟု လာစေလိုခြင်းနှင့် လက်ယပ်ခြင်း၏ ဆက်သွယ်ပုံကို ပြန်၍သိသော ဝိထိက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းဟူသော အစွမ်းကြောင့် ဝိညတ်သည် အာရုံမပြုအပ်ပဲလျက် ကာယိက အမူအရာဟူသော အလိုကို သိခြင်း၏ အကြောင်းဖြစ်နိုင်ပါသည်။

၃။ သာမိပ္ပာယ။ ပ။ အဘာဝတော။ ။["အဓိပ္ပာယသဟိတ ဝိကာရေန သဟ ဇာတ"ဟု အနုဖွင့်သောကြောင့် "သာမိပ္ပာယဝိကာရသဟဇာတ"ဟု ပါဌ်ရှိသင့်၏။ ယခုစာအုပ်များ၌ သဟ မပါ။] လက်ယပ်၍ခေါ်ရာ၌ လက်၏အဆင်းဝယ် ဝိညတ်ဟူသော ဝိကာရနှင့် တကွဖြစ်သည်ကို "ဝိကာရသဟဇာတဝဏ္ဏ"ဟု ဆို၏။ ထိုဝိကာရ၌ အလိုနှင့်တကွဖြစ်သည်ကို "သာမိပ္ပာယဝိကာရ"ဟု ဆိုသည်။ ထိုအဆင်းကိုသိသော စက္ခုဝိညာဏ တဒနုဝတ္တိက ၂-ဝိထိ၏ အခြားမဲ့၌ဖြစ်သော အလိုကိုသိသော ဝိထိသည် ဝိညတ်ဟူသော ဝိကာရမရှိလျှင် မဖြစ်နိုင်။ ထို့ကြောင့် ဝိညတ်ဟူသော ဝိကာရသည် (အာရုံမပြုအပ်သော်လည်း) ကာယိကကရဏအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်-ဟူလို။ [ဤစကားအရ "အလိုကိုသိခြင်းဖြင့် ဝိညတ်ဟူသော ဝိကာရကို မှန်းဆ၍ သိအပ်သည်"ဟု ပြသည်။]

ဧဝံ သတိ[၁]၊ သော်။ ဝဏ္ဏဂ္ဂဟဏာနန္တရေန၊ ထန်းရွက် အစရှိသည်တို့၏ အဆင်းကို ယူကြောင်း (သိကြောင်း) ဝီထိ၏ အခြားမဲ့ဖြစ်သော။ ဥဒကာ-ဒိဂ္ဂဟဏေနေဝ၊ ရေ အစရှိသည်ကို ယူကြောင်း (သိကြောင်း) ဝီထိဖြင့်ပင်။ တာလ။ပ။ကာရော၊ ထန်းရွက် အစရှိသည်တို့၏ အမှတ်အသားဟူသော အခြင်း အရာသည်။ (ပါကဋော) ဝိယ၊ ကဲ့သို့။ (ဧဝံ၊ တူ။) ဝဏ္ဏဂ္ဂဟဏာနန္တရေန၊ အဆင်းကိုယူကြောင်း (သိကြောင်း) ဝီထိ၏ အခြားမဲ့ဖြစ်သော။ အဓိပ္ပါ-ယဂ္ဂဟဏေနေဝ၊ အလိုကိုယူကြောင်း (သိကြောင်း) ဝီထိဖြင့်ပင်။ ဝိညတ္တိ၊ သည်။ ပါကဋာ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဣဒဥ္စ။ပ။ မညေတိ၊ ဟူသောပါဠိဖြင့်။ (ဝုတ္တာ-၌ စပ်။) အဓိပ္ပါယ ဝိဇာနနေနေဝ၊ အလိုကို သိခြင်းဖြင့်ပင်။ ဝိညတ္တိယာ၊ ၏။ ဝိညာတတာ၊ သိအပ်သည်၏ အဖြစ်ကို။ (သင်္ဂဟကာရေန။) ဝုတ္တာ၊ ပြီ။

အယံ။ပ။ကာမောတိ၊ ပါဠိဖြင့်။ အဓိပ္ပါယဝိဇာနနေန၊ အားဖြင့်။ ဝိညတ္တိ ယာ၊ ၏။ ပါကဋဘာဝံ ဒဿေတိ။ ဟိ၊ မှန်။ (တနည်း)ကသ္မာ ဝိညာယတိ၊ ဟိ(ယသ္မာ)။တဒပါကဋဘာဝေ၊ ထိုဝိညတ်၏ မထင်ရှားသည်၏ အဖြစ်သည်။ (သတိ။) အဓိပ္ပါယဝိဇာနနံ၊ သည်။ န ဟောတိ၊ မဖြစ်နိုင်။ ဣတိ၊ ကြောင့်။ (အယံ နော။ပ။ဒဿေတိ၊ ဣတိ ဝိညာယတိ။)

သမ္မုခီ။ပ။ဟောတီတိ၊ ပါဠိဖြင့်။ (သာဓေတိ-၌ စပ်။) အသမ္မုခီဘူတ-တာယ၊ မျက်မှောက်မဟုတ်သည်ဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့်။ အနာပါထ-ဂတာနံ၊ ရှေးရှုကျရောက်ခြင်းသို့ မရောက်ကုန်သော။ ရူပါဒီနံ၊ တို့၏။ စက္ခု-ဝိညေယျာဒိဘာဝေ၊ စက္ခုဝိညေယျ အစရှိသည်တို့၏ အဖြစ်ကို။ (သာဓိတော) ဝိယ၊ ပြီးစေအပ်ပြီး ဖြစ်သကဲ့သို့။ (ဧဝံ၊ တူ။) သဘာဝဘူတံ[၂]၊ အစစ်အမှန်

၁။ ဧဝံ သတိ။ ။''ဝိညတ်၏ မှန်းဆ၍ သိအပ်သည်၏အဖြစ် ဟူသော အနက်ကို နိဂုံးအနေအားဖြင့် ပြလို၍''ဧဝံ သတိ''စသည်ကို မိန့်သည်။ ထန်းရွက် စသည်တို့၏ အဆင်းကို သိသောဝီထိ၏ အခြားမဲ့၌ ရေကိုသိသော ဝီထိဖြစ်ခြင်းအားဖြင့်''ထန်းရွက် သည် ရေရှိခြင်း၏ အထိမ်းအမှတ်ဖြစ်၏''ဟူသော အခြင်းအရာသည် အထူး အာရုံမပြု အပ်သော်လည်း ထင်ရှားပြီးဖြစ်သကဲ့သို့ ယက်ယပ်၍ခေါ်ရာဝယ် လက်၏အဆင်းကို သိကြောင်းဝီထိ၏ အခြားမဲ့၌ အဓိပ္ပါယဂ္ဂဟဏဝီထိ၏ ဖြစ်ခြင်းအားဖြင့် ဝိညတ်လည်း အနုမာနအားဖြင့် ထင်ရှားပြီးဖြစ်၏။ ထို့ကြောင့် ''ဣဒဥ္စိဒဥ္စ ကာရေတိ မညေ''ဟူ သော စကားဖြင့် အလိုကိုသိမှုကြောင့်ပင် ဝိညတ်လည်း အနုမာနအားဖြင့် ထင်ရှား ပြီး သိအပ်ပြီးဖြစ်ခြင်းကို အဋ္ဌကထာ၌ ဆိုအပ်ပါသည်-ဟူလို။

၂။ သဘာဝဘူတံ တံ။ ။ဘာဘာဝဘူတံကို ''အနုတ္တဘူတံ''ဟု အနုဋီကာဖွင့်၏။ ဝိညတ်ကို တိုက်ရိုက် အာရုံမပြုအပ်သော အခါ ''ဝိညာပေတီတိ ဝိညတ္တိ၊ ဝိညာယ တီတိ ဝိညတ္တိ''ဟူသော အနက်သည် မဖြစ်နိုင်-ဟု ယူဆဖွယ်ရှိသောကြောင့် ထိုအခါ

သဘောဖြစ်၍ ဖြစ်သော။ (အနုတ္တဖြစ်၍ ဖြစ်သော။) တံ ဝိညတ္တိဘာဝံ၊ ထို ဝိညတ်၏အဖြစ်ကို။ ဝါ၊ ထို ဝိညတ္တိ ဟူသောအမည်ကို။ ဒွိဓာ၊ ဝိညာပေတီတိ ဝိညတ္တိ, ဝိညာယတီတိ ဝိညတ္တိဟူသော ၂-ပါး အပြားအားဖြင့်။ သာဓေတိ၊ ပြီးစေ၏။ ပရံ၊ သူတပါးကို။ ဗောဓေတုကာမတာယ၊ သိစေခြင်းငှာ အလိုရှိသည်၏ အဖြစ်နှင့်။ ဝိနာပိ၊ လည်း။ အဘိက္ကမနာဒိပ္ပဝတ္တနေန၊ ရှေ့သို့ သွားခြင်း အစရှိသည်ကို ဖြစ်စေခြင်းအားဖြင့်။ စိတ္တသပဿ၊ စိတ်နှင့်တကွ ဖြစ်သော။ သော ဝိကာရော၊ ထို ဝိကာရရုပ်သည်။ အဓိပ္ပါယံ၊ အလိုကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယံ စ၊ မိမိဟူသော ဝိကာရရုပ် ကိုယ်တိုင်လည်း။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊ သို့။ ဒွိဓာပိ၊ ၂-ပါးအပြား အားဖြင့်လည်း။ ဝိညတ္တိယေဝ၊ ဝိညတ်မည်သည်သာ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

တသ္မိံ ဒွါရေ သိဒ္ဓါတိ၊ ကား။ တေန ဒွါရေန၊ ထို ကာယဒွါရဖြင့်။ ဝိညာတဗ္ဗဘာဝတော၊ သိထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ တေနေဝ ဒွါရေန၊ ဖြင့်ပင်။ နာမလာဘတော၊ ကာယကံ ဟူသော အမည်ကို ရခြင်း ကြောင့်လည်းကောင်း။ တသ္မိံ ဒွါရေ၊ ၌။ ပါကဋဘာဝဝသေန၊ ထင်ရှားသည်၏ အဖြစ်၏ အစွမ်းဖြင့်။ သိဒ္ဓါ၊ ထင်ရှားသော။ (ယာ စေတနာ-၌စပ်။)

ကုသလံ ဝါ အကုသလံ ဝါတိ၊ ဟူ၍။ ထပေတဗ္ဗံ၊ တန့်ရပ်ထားရာ၏။ ကသ္မာ၊ နည်း။ ယသ္မာ။ ပရဝါဒိနော၊ ပရဝါဒီပုဂ္ဂိုလ်၏။ (မတိယာ၊ ဖြင့်။) အဝိပါ-ကဿ၊ အကျိုးကို ဖြစ်စေခြင်းသဘော မရှိသော ကြိယာစိတ်၏။ ကမ္မဘာ-ဝေါ၊ ကံ၏အဖြစ်သည်။ န သိဒ္ဓေါ၊ မထင်ရှား။ (တသ္မာ ကုသလံ ဝါ အကုသလံ ဝါတိ ထပေတဗ္ဗံ။) ပန၊ ကား။ ဣတရဿ၊ အခြားသော သကဝါဒီပုဂ္ဂိုလ်၏။ (မတိယာ အဝိပါကဿ ကမ္မဘာဝေါ။) သိဒ္ဓေါ၊ ထင်ရှား၏။ ဣတိ၊ ကြောင့်။ ဝိညတ္တိသမုဋ္ဌာပကာနံ၊ ဝိညတ်ကို ဖြစ်စေတတ် ကုန်သော။ ကောဒသန္နံ၊ ကုန်သော။ ကြိယစိတ္တာနံ၊ တို့၏။ (မနောဒွါရာ-ဝဇ္ဇန်း, ဟသိတုပ္ပာဒ်, မဟာကြိယာစိတ် ၈, ကြိယာအဘိညာဉ် စိတ်တို့၏။) ဝသေန၊ ဖြင့်။ တိကံ၊ တိက်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ထပေတဗ္ဗံ၊ တန့် ရပ်ထားရာ၏။

၌လည်း "ဝိညာပေတီတိ ဝိညတ္တိ, ဝိညာယတီတိ ဝိညတ္တိ"ဟူသော ၂-ပါး အပြား အားဖြင့်ပင် ဝိညတ္တိအမည် ဖြစ်နိုင်၏-ဟု ပြလို၍ "သဘာဝဘူတံ တံ ဒွိဓာ ဝိညတ္တိ ဘာဝံ"ဟု မိန့်သည်။ ထို ၂-ပါးသော အနုတ္တအနက်ကို "သမ္ပိဒ်။ပ။ယေဝ နာမ ဟောတိ"ဟူသောစကားက သိစေပါသည်-ဟူလို။

ဒွါရေ။ ပ။ တွေ၊ အစရှိသော ဤဂါထာ၌။ အယံ၊ ကား။ အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ ဒွါရာ၊ ဒွါရတို့သည်။ ¹ဒွါရန္တရစာရိနော၊ ဒွါရ တပါး၌ ဖြစ်လေ့ရှိကုန်သည်။ (ဒွါရတပါး၏အဖြစ်ဖြင့် ဖြစ်လေ့ရှိကုန်သည်။) ယဒိ ဟောန္တိ၊ (ဝေ ဟောန္တေသု။) ဒွါရသမ္ဘေဒါ၊ ဒွါရတို့၏ ရောစပ်ခြင်း ကြောင့်။ ကမ္မသမ္ဘေဒေါပိ၊ ကံတို့၏ ရောစပ်ခြင်းသည်လည်း။ (ဟောတိ။) ဣတိ၊ ကြောင့်။ ကာယကမ္မံ၊ ကာယကံ။ (ကာယဒွါရ၌ဖြစ်သော ကံ။) ကာယကမ္မဒွါရံ၊ ကာယကမ္မဒွါရ။ ဣတိ၊ သို့။ အညမညဝဝတ္ထာနံ၊ အချင်းချင်း ပိုင်းခြား သတ်မှတ် နာမည်တပ်ခြင်းသည်။ န သိယာ။ ²ကမ္မာနံပိ၊ တို့၏လည်း။ ကမ္မန္တရစရဏေ၊ ကံတပါးဝယ် လှည့်လည်ခြင်း၌။ (ကံတပါး၏အဖြစ်ဖြင့် ဖြစ်ခြင်း၌။) သေဝနယော။

³ပန၊ ဆက်။ ဒွါရာနံပိ၊ တို့၏လည်း။ (ပိဖြင့် ကံတို့ကို ပေါင်း။) ဒွါရဘာဝေန၊ ဒွါရ၏ အဖြစ်ဖြင့်။ ကမ္မန္တရစရဏံ၊ ကံတပါး၌ ဖြစ်ခြင်းသည်လည်း ကောင်း။ ကမ္မာနံ၊ တို့၏။ ဒွါရန္တရစရဏံ စ၊ ဒွါရတပါး၌ ဖြစ်ခြင်းသည် လည်းကောင်း။ ယဒိ န သိယာ၊ (ဝေ သတိ။) သုဋ္ဌုတရံ၊ သာ၍ ကောင်းစွာ။ (အတိုင်းထက် အလွန်။) ကမ္မဒွါရဝဝတ္ထာနံ၊ ကံ, ဒွါရတို့ကို ပိုင်းခြားသတ်

၁။ **ဒွါရန္တရစာရိနော။ ပ။ န သိယာ။** ။[ဒွါရန္တရဘာဝေန ပဝတ္တနကာ။] ဒွါရတို့သည် မူလဒွါရမှတပါး အခြားဒွါရတမျိုး အဖြစ်ဖြင့် ပြောင်းလွဲ၍ဖြစ်ကြလျှင် ကာယဒွါရသည် ဝစီဒွါရဖြစ်လိုက်, မနောဒွါရဖြစ်လိုက်၊ ဝစီဒွါရကလည်း ကာယဒွါရဖြစ်လိုက်, ဤသို့ စသည်အားဖြင့် ဒွါရသမ္ဘေဒ (ဒွါရ အရောရော အနှောနှော) ဖြစ်နေခြင်းကြောင့် ပါဏာတိပါတ ဟူသော ကာယကံသည်ပင် ဝစီကံ အမည် ရလိုက်၊ မနောကံ အမည် ရလိုက် ဤသို့အားဖြင့် ကံလည်း အရောရောအနှောနှော ဖြစ်ရကား ဒွါရဖြင့် ကံကို အမြဲ သတ်မှတ်လျက် နာမည်တပ်၍လည်း မဖြစ်၊ ကံဖြင့် ဒွါရကို အမြဲသတ်မှတ်လျက် နာမည် တပ်၍လည်း မဖြစ်တော့။

၂။ **ကမ္မာနံပိ ကမ္မန္တရစရဏေ။** ။ကာယကံက ဝစီကံအဖြစ် မနောကံ အဖြစ်သို့ ပြောင်းလွဲပြန်လျှင်လည်း ကံအချင်းချင်း အရောရော အနှောနှော ဖြစ်ခြင်းကြောင့် ထိုကံဖြင့် ဒွါရတို့ကို အမြဲသတ်မှတ်လျက် (ကာယကမ္မဒွါရ-စသော) နာမည်တပ်၍ မဖြစ်နိုင်တော့ရကား "ကမ္မာနံပိ။ ပ။ သေဝ နယော" ဟု ဆိုသည်။

၃။ **ယဒိ ပန။ ပ။ သုဋ္ဌုတရံ သိယာ။** ။ဤဝါကျ၌ "ကမ္မန္တရစရဏ" ဟူသည် ဒွါရက ကံတမျိုး၏ အမှတ်အသား ဖြစ်ခြင်းတည်း။ [ကမ္မန္တရစရဏန္တိ ကမ္မန္တရုပလက္ခဏဘာဝ။] ထို့ကြောင့် "ဒွါရဘာဝေန" ဟု ဝိသေသနပြုသည်။ ဆိုလိုရင်းကား- ဒွါရတို့က အခြားဒွါရ၌ဖြစ်သော ကံ၏အမှတ်အသား မဖြစ်လျှင်လည်းကောင်း၊ ကံတို့လည်း အခြားဒွါရ၌ မဖြစ်လျှင်လည်းကောင်း ကံဖြင့် ဒွါရကိုသတ်မှတ်ခြင်း၊ ဒွါရဖြင့် ကံကိုသတ်မှတ်ခြင်းသည် "သုဋ္ဌုတရ- အလွန်ရှင်းလင်း ပြတ်သားစွာ ရှိပါပေသည်" ဟူလို။

မှတ် နာမည်တပ်ခြင်းသည်။ သိယာ၊ ၏။ ပန၊ ထိုသို့ ဖြစ်ခုပါသော်လည်း။ ကမ္မာနံ၊ တို့၏။ ဒွါရန္တရေ၊ ဒွါရတပါး၌။ အစရဏံ၊ မဖြစ်ခြင်းသည်။ န အတ္ထိ၊ မရှိ။ ကိန္တု၊ စင်စစ်ကား။ ဒွါရေ၊ ရှိးရာ ဒွါရ၌လည်းကောင်း။ အညသ္မိံ စ၊ အခြား ဒွါရ၌လည်းကောင်း။ ကမ္မာနိ၊ ဖြစ်နေကျ ကံတို့သည်လည်းကောင်း။ အညာနိပိ၊ အခြားကံတို့သည်လည်းကောင်း။ စရန္တိ၊ ဖြစ်ကုန်၏။

* ပန၊ ဆက်။ ယသ္မာ။ ဒွါရေ၊ ၌။ ဒွါရာနိ၊ အခြား ဒွါရတို့သည်။ န စရန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ အဒွါရစာရိံဟိ၊ ဒွါရတပါး၌ ဖြစ်လေ့မရှိကုန်သော။ ကာရဏဘူတေဟိ၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ ဒွါရေဟိ၊တို့ဖြင့်။ ကမ္မာနိ၊ တို့ကို။ ဝါ၊ တို့သည်။ ဒွါရန္တရေ၊ ၌။ စရန္တာနိပိ၊ ဖြစ်ပါကုန်သော်လည်း။ ဝဝတ္ထိတာနိ²၊ ပိုင်းခြားသတ်မှတ်၍ နာမည်တပ်အပ်ကုန်ပြီ။ ²ကေဝလံ။ကမ္မာ နေဝ၊ တို့ကိုသာ။ (ဝဝတ္ထိတာနိ၊ ကုန်သည်။) န၊ မဟုတ်ကုန်သေး။ ပန၊ အဟုတ်ကား။တေဟိ၊ ထိုကံတို့ဖြင့်။ ဒွါရာနိပိ၊ တို့ကိုလည်း။ (ဝဝတ္ထိတာနိ။) ဣတိ ဧဝံ၊ သို့။ ကမ္မဒွါရာနိ၊ တို့ကို။ ယေဘုယျေန။ပ။ဝုတ္တိကာယ စာတိ၊ ဟူ၍။ ဝုစ္စမာနာယ၊ ဆိုအပ်လတ္တံ့သော။ ဝဝတ္ထာနယုတ္တိယာ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်း၌ သင့်သောအကြောင်းအားဖြင့်။ အညမညံ၊ ချင်း။ ဝဝတ္ထိတာနိ၊ ကုန်ပြီ။

တတ္ထ၊ ထို ဒွါရ ကံတို့တွင်။ ကမ္မာနံ၊ တို့၏။ ကာယကမ္မာဒိဘာဝဿ၊ ကာယကမ္မ အစရှိသည်တို့၏ အဖြစ်(နာမည်)၏။ ဒွါရပဗန္ဓတ္တာ၊ ဒွါရကို ငဲ့သည်၏အဖြစ်ကြောင့်။ အဒွါရစာရိဟိ၊ ဒွါရတပါးအဖြစ်ဖြင့် ဖြစ်လေ့မရှိကုန်

*-၁။ ယသ္မာပန။ပ။ဝဝတ္ထိတာနိ။ ။ဒွါရတခု၌ကား အခြားဒွါရများသည် မဖြစ်နိုင်ကြ။ ကာယဒွါရသည် ဝစီဒွါရ မနောဒွါရ မဖြစ်နိုင်၊ ဤသို့စသည်ဖြင့် ဒွါရကခိုင်မြဲသည်-ဟူလို။ ထို့ကြောင့် အပြောင်းအလွဲမရှိသော ဒွါရတို့ဖြင့် ကံတို့ကို အမြဲသတ်မှတ်၍ နာမည်တပ်ရသည်။ [“ကာရဏဘူတေဟိ”၏ အဓိပ္ပာယ်ကား-ဝိညတ်ဟူသော ဒွါရသည် ကံကူသော စေတနာအား ၂၄-ပစ္စည်းတွင် တစုံတခုသော ပစ္စည်းအဖြစ်ဖြင့်မျှ ကျေးဇူးမပြုနိုင်။ သို့သော် ကာယဝိညတ်ဖြစ်မှ (ဓားကို လက်ဖြင့်ကိုင်၍ ခုတ်လိုက်မှ) ပါဏာတိပါတကံ အထမြောက်သောကြောင့် ထိုဝိညတ်သည် ပါဏာတိပါတ ကံ အထမြောက်ခြင်း၏ အကြောင်းဖြစ်သည်-ဟု ဆိုလိုသည်။]

၂။ န ကေဝလံ။ပ။ယုတ္တိယာ။ ။ကံတို့ကိုသာ ဒွါရတို့ဖြင့် သတ်မှတ်၍ နာမည်တပ်ရသည် မဟုတ်သေး၊ ဒွါရတို့ကိုလည်း ထိုကံတို့ဖြင့် (ကာယကမ္မဒွါရ စသည်ဖြင့်) သတ်မှတ်ရသည်။ ဤနည်းအားဖြင့် ကံနှင့်ဒွါရတို့ကို အချင်းချင်း ဝဝတ္ထာနပြုရသည်။ ထိုသို့ပြုရာ၌ အဋ္ဌကထာဝယ် ဆိုအပ်လတ္တံ့သော ယေဘုယျနည်း တဗ္ဗာဟုလ္လနည်းဟူသော ယုတ္တိအားဖြင့် သတ်မှတ်ရသည်။ [ဝဝတ္ထာနေ+ယုတ္တိ-ဝဝတ္ထာနယုတ္တိ။]

သော။ ဒွါရေဟိ၊ တို့ဖြင့်။ ဝဝတ္ထာနံ ဟောတိ။ ပန၊ ကား။ ဒွါရန္တရစာရီဟိ၊ ဒွါရတပါး၌ ဖြစ်လေ့ရှိကုန်သော။ ကမ္မေဟိ၊တို့ဖြင့်။ ဒွါရာနံ၊တို့ကို။ အဝဝတ္ထာနံ၊ ပိုင်းခြားသတ်မှတ် နာမည်မတပ်နိုင်ခြင်းသည်။ န(ဟောတိ)။ [“န အဝဝတ္ထာနံ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်နိုင်ခြင်းသည်။ ဟောတိ၊၏”ဟု ဆိုလိုသည်။](ကသ္မာ။) ¹ကမ္မာနပေက္ခကာယဒွါရာဒိဘာဝေဟိ၊ ကံကိုမငဲ့သော ကာယဒွါရ အစရှိသည်တို့၏အဖြစ် ရှိကုန်သော။ ဒွါရေဟိ၊ တို့ဖြင့်။ဝဝတ္ထိ-တာနံ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်အပ်ပြီးကုန်သော။ ကာယကမ္မာဒီနံ၊တို့၏။ ကာယ။ပ။ကရတ္တာ၊ ကာယကမ္မဒွါရ အစရှိသည်ကို ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းကို ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။

အထ ဝါ²၊ ကား။ ဒွါရန္တရေ၊ ဒွါရတပါး၌။ စရန္တာနိပိ၊ ဖြစ်ပါကုန်သော်လည်း။ ဝါ၊ ဖြစ်သည်လည်းဖြစ်သော ကံတို့သည်။ ကာယာဒီဟိ၊ ကာယ-ဒွါရ အစရှိသည်တို့ဖြင့်။ ဥပလက္ခိတာနေဝ၊ အမြဲ သတ်မှတ်အပ်ပြီးကုန်သည်သာလျှင်။ (ဟုတွာ။) စရန္တိ၊ ကုန်၏။ (ကသ္မာ။) ပါဏာတိပါတာဒီနံ၊ တို့၏။ ³ဇဝံ သဘာဝတ္တာ၊ ဤသို့ သဘောရှိကုန်သည်၏ အဖြစ်ကြောင့်။(ကာယဒွါရ အစရှိသည်တို့ဖြင့် အမြဲသတ်မှတ် နာမည်တပ်အပ်ပြီးသော သဘောရှိကုန်သည်၏

၁။ ကမ္မာန။ပ။ဒွါရေဟိ။ ။ကမ္မာနပေက္ခာ+ကာယဒွါရာဒိဘာဝေါ ယေသန္တိ ကမ္မာနပေက္ခကာယဒွါရာဒိဘာဝါနိ (ဒွါရာနိ)၊ ကာယဒွါရ စသောအမည်သည် ကံကို မငဲ့ပဲ သဘာဝအတိုင်း ရအပ်သောနာမည် ဖြစ်၏။ ထို ကာယဒွါရ စသောနာမည်တို့ဖြင့် ကံကို ကာယကံ စသည်ဖြင့် နာမည်တပ်ပြီးသောအခါ ထို ကာယကံ စသည်တို့က ဒွါရကိုပြန်၍ “ကာယ ကမ္မဒွါရ”စသည်ဖြင့် နာမည်တပ်ဖို့ရန် သင့်မှတ်နိုင်သောကြောင့် ကံတို့ဖြင့် ဒွါရတို့ကို သတ်မှတ်၍ မဖြစ်မဟုတ်၊ ဖြစ်သည်သာ။

၂။ အထ ဝါ။ ။“ယေဘုယျေန ဝုတ္တိယာ, တဗ္ဗာဟုလ္လဝုတ္တိယာ” ဟူသော ဝဝတ္ထာနယုတ္တိမှ အခြားတနည်းကို ပြလို၍ “အထ ဝါ”စသည်ကို မိန့်သည်။ ဤနည်း၌ ပါဏာတိပါတ ကံသည် ယေဘုယျနည်းအားဖြင့် ကာယကံ အမည်ရသည် မဟုတ်။ ကာယဒွါရဖြင့် မှတ်သားအပ်သော သဘောရှိသောကြောင့် ကာယကံအမည် ရ၏။ မှန်၏-ကာယကံသည် ဝစီဒွါရ စသော ဒွါရတပါး၌ ဖြစ်သော်လည်း ကာယဒွါရဖြင့် မှတ်သားအပ် (နာမည်တပ်အပ်) ပြီးသည်ဖြစ်၍ သာလျှင် လှည့်လည်ရကား သဘာဝအတိုင်းပင် ကာယကံဟူသော အမည်ကို ရသည်။ ထိုကံ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကာယဝိညတ်လည်း ကာယ ကမ္မဒွါရ ဟူသောအမည်ကို ရသည်-ဟု ဆိုလိုသည်။ [အခြားကံ, အခြားဒွါရတို့၌လည်း နည်းတူ။]

၃။ ဇဝံ သဘာဝတ္တာ။ပ။ဗောဓေတော။ ။ဤဟိတ်ကို “စရန္တိ”၌လည်းကောင်း၊ နောက်ကသဘာဝါဝဗောဓ၏ ဟိတ်ကူအဖြစ်ဖြင့်လည်းကောင်း မစပ်၌ အစပ် ၂-မျိုးပြ၏။ ဤ၌ နောက်အစပ်အတိုင်း အဓိပ္ပာယ်ပြမည်။ ပါဏာတိပါတ ကံ၏ ကာယဒွါရဖြင့် မှတ်

အဖြစ်ကြောင့်။) ဝါ၊ အတွက်။ အာဏတ္တိ ဟတ္ထ ဝိကာရာဒီဟိ၊ စေခိုင်းခြင်း, လက်၏ ထူးခြားသော အမူအရာ အစရှိသည်တို့ဖြင့်။ ဝုစ္စမာနဿပိ၊ ပြောဆို အပ်သူ (ပြအပ်သူ)၏လည်း။ ဝါ၊ သည်လည်း။ ကာယာဒီဟိ။ သာဓေတဗ္ဗ သဘာဝ ါဝဗောဓတော၊ ကိုယ် အစရှိသော ဒွါရတို့ဖြင့် ပြီးစေထိုက်သော သဘောကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။

[၁]တသ္မာ၊ ကြောင့်။ ကမ္မန္တရဿ၊ ကံတပါးအား။ အတ္တနိ၊ မိမိဟူသော ဒွါရ၌။ စရန္တဿပိ၊ သော်လည်း။ ဒွါရန္တရံ၊ ဒွါရတပါးသည်။ သနာမံ၊ မိမိ အမည်ကို။ န ဒေတိ၊ မပေး။ ကမ္မံပိ၊ ကံသည်လည်း။ ဒွါရဿ၊ အား။ (သနာမံ၊ ကို။) န(ဒေတိ)။ ပန၊ အန္ဒယ ကား။ တံတံ ဒွါရမေဝ၊ ထိုထို ဒွါရ သည်သာ။ ကမ္မ္ဿ၊ ကံအားလည်းကောင်း။ ကမ္မဥ္စ၊ သည်လည်း။ ဒွါရန္တရေ၊ ၌။ စရန္တံပိ၊ ဖြစ်သော်လည်း။ အတ္တနောယေဝ၊ မိမိဟူသော ကံ၏သာလျှင်။ ဒွါရဿ၊ အားလည်းကောင်း။ နာမံ၊ ကို။ ဒေတိ၊ ၏။ ဣတိ၊ကြောင့်။ အညမည ဝဝတ္ထာနံ၊ သည်။ သိဒ္ဓံ၊ ပြီးစီး၏။ [၂]ပန၊ ဆက်။ ပုဗ္ဗေ၊ ၌။ ဒွါရေသု၊

သွားအပ်သောသဘော (ထုံးစံ) ရှိခြင်းကို''ဓေ၀သဘာဝ''ဟု ဆိုသည်။ ထိုသို့ သဘော ရှိသည့်အတွက် ပါဏာတိပါတ အမှုကို စေခိုင်းခြင်းဖြင့် ပြောဆိုအပ်သူ (အစေအခိုင်း ခံရသူ) ကလည်း ကိုယ်ဖြင့်ပြီးစေရမည့် ပါဏာတိပါတ သဘောကို သိနိုင်ခြင်း၊ မုသာဝါဒအမှုကို လက်ပြ၍ ပြောဆိုအပ် (စေခိုင်းအပ်) သူကလည်း နှုတ်ဖြင့်ပြီးစေ ရမည့် မုသား၏သဘောကို သိနိုင်ခြင်းကြောင့် ပါဏာတိပါတ အမှုသည် ကာယ ဒွါရမှ တပါးသော ဝစီဒွါရ၌ ဖြစ်သော်လည်း ကာယဒွါရဖြင့် မှတ်သားအပ်ပြီး ဖြစ်၍ သာ လှည့်လည်ရ၏။ ဤသို့စသည်ဖြင့် သိပါ။

၁။ **တသ္မာ။ပ။အညမညဝဝတ္ထာနံ။** ။ဤနည်းအရ အကျိုးဒလကို ပြလို၍''တသ္မာ'' စသည်မိန့်။ ''တသ္မာ၊ ထိုသို့ ဒွါရတပါး၌ ဖြစ်သော်လည်း ကာယ စသည်တို့ဖြင့် မှတ် သားအပ်ပြီးဖြစ်၍သာ ဖြစ်ခြင်းကြောင့်''ပါဏာတိပါတ ကံသည် ဝစီဒွါရ၌ ဖြစ်သော် လည်း ဝစီဒွါရက မိမိနာမည်ကို မပေး၊ ဝစီကံ မခေါ်စေရ-ဟူလို၊ ထို ပါဏာတိပါတ ကံသည်ပင် ဝစီဒွါရ၌ ဖြစ်ရသော်လည်း မိမိ၏ ကာယကံဟူသော အမည်ကို ထိုဒွါရအား မပေး၊ ထိုဒွါရကို ''ဝစီကမ္မဒွါရ''ဟု မခေါ်စေရ-ဟူလို။ ထို့ကြောင့် အညမညဝဝတ္ထာန (အချင်းချင်းသတ်မှတ်၍ နာမည်တပ်မှု) ကိစ္စသည် ပြီးစီးနိုင်ပါ၏-ဟူလို။

၂။ **ပုဗ္ဗေ ပန။ပ။န တေ ဝဝတ္ထာနန္တိ။** ။ပါဏာတိပါတ စသော ကံကို ကာယ- ဒွါရ စသော ဒွါရဖြင့် အမြဲသတ်မှတ်ပြီး သဘောရှိလျှင် ရှေး၌ ''ဒွါရံ ပန အနိယမံ''ဟု လည်းကောင်း၊ ''ကမ္မဿ အနိယတတ္တာ''ဟု လည်းကောင်း အဘယ့်ကြောင့် ဆိုခဲ့ပါ သနည်း ဟု မေးဖွယ်ရှိသောကြောင့် ''ပုဗ္ဗေ ပန''စသည်ကို မိန့်သည်။ ရှေး၌ကား ကံက ဒွါရတမျိုးတည်း၌သာ မက အခြားဒွါရ၌လည်း ဖြစ်သေးသည်ကို ရည်ရွယ်၍ ''ဒွါရံ ပန အနိယမံ''စသည်ဖြင့် ဆိုခဲ့သည်။ ယခုသတ်မှတ် နာမည်တပ်ခြင်းကို ရည်

တိုင်၌။ အနိဗဒ္ဓတာ၊ မဖွဲ့စပ်အပ်သည်၏ အဖြစ်ကို။ ဝါ၊ မမြဲသည်၏ အဖြစ်ကို။ ကမ္မာနံ၊ တို့၏။ ဒွါရန္တရ စရဏမေဝ၊ ဒွါရတပါး၌ လှည့်လည်ခြင်းကိုသာ။ သန္ဓာယ။ ဝုတ္တာ၊ ပြီ။ တေ ဝဝတ္ထာနံ၊ ဤ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းကို။ (သန္ဓာယ) န (ဝုတ္တံ)။ ဣတိ (အယံ)၊ကား။ အဓိပ္ပာယော၊ တည်း။

["တတ္ထ ကဋမ္မနာပိ ဒွါရံ နာမံ လဘတိ"စသည်ကို ဖွင့်ပြလို၍ တတ္ထ စသည် မိန့်။] တတ္ထာတိ၊ ကား။ တေသု ဒွါရကမ္မေသု၊ တို့တွင်။ (ဤစကားဖြင့် တတ္ထ အစွဲကို ပြသည်။)...:ကာယကမ္မဿ ဥပ္ပဇ္ဇနဋ္ဌာနတ္တာ၊ ဟူသောပါဌ်ဖြင့်။ တံ သဟဇာတတာ၊ ထိုကံနှင့်တကွ ဖြစ်သော။ ဝိညတ္တိယေဝ၊ ဝိညတ်ကိုပင်။ ဝုစ္စတိ၊ ၏။ ဟိ၊ မှန်။ သာ၊ ထို ဝိညတ်သည်။ တဿ၊ ထိုကံအား။ ကေနစိ ပကာရေန၊ တစုံတခုသော အပြားအားဖြင့်။ [၂၄-ပစ္စည်းတွင် တစုံတခုသော ပစ္စည်းဖြင့်။] ပစ္စယော၊ ကျေးဇူးပြုသည်။ကိဉ္စာပိ န ဟောတိ၊ အကယ်၍မူလည်း မဖြစ်ပါပေ။ တထာပိ၊ ထိုသို့ မဖြစ်ပါသော်လည်း။ [1]ကမ္မဿ၊ ကံကို။ ဝိသေသိကာ၊ အထူးပြုတတ်သော။ ဝိညတ္တိ၊ ဝိညတ်ကို။ (ဝုတ္တာ-၌ စပ်။) ဝါ၊ သည်။ တံ သဟဇာတတာ၊ ထိုကံနှင့်တကွ ဖြစ်သည်။ ဟောတိ၊ ၏။ဣတိ၊ ကြောင့်လည်းကောင်း။ ယထာဝုတ္တာ နိယမေန[2]၊ အကြင်ကြင် ဆိုအပ်ပြီးသော သတ်မှတ်ခြင်းဖြင့်။ အညဝိသေသနဿ၊ အခြား ဝိသေသနရှိသော။ ကမ္မဿ၊ ၏။ ဝိသေသနန္တရေ၊

ရှယ်၍ ဆိုခဲ့ခြင်း မဟုတ်ပါ-ဟူလို၊ [''ဒွါရေ စရန္တိ ကမ္မာနီတိ ဧတ္ထ အယမဓိပ္ပာယော'' ဟု ရှေ့၌ ဆိုခဲ့၏။ ဣတိဖြင့် ထို အဓိပ္ပါယောကို ပြန်လှည့်၍ နိဂုံးအုပ်သည်။]

၁။ ကမ္မဿ ဝိသေသိကာ။ ။ကာယဝိညတ် ဖြစ်ပေါ်မှ အထမြောက်သော ကံကို ကာယဝိညတ်က "ကာယကံ" ဟု အထူးပြုသောကြောင့် (ဝစီကံ မနောကံတို့မှ အထူး ပြုသောကြောင့်) ဝိညတ်ကို "ကမ္မဿ ဝိသေသိကာ" ဟု ဆိုသည်။ ဝစီဝိညတ်က ဝစီ ကံကို အထူးပြုရာ၌လည်း နည်းတူ။ [''မရုဉ္စကား ကံသည် အထူးပြုအပ်သော ဝိညတ်'' ဟု တနည်းဖွင့်သေး၏၊ စဉ်းစားပါ။] ထိုဝိညတ်သည် စိတ် စေတသိက်တွင် ပါဝင်သော စေတနာကံနှင့် အတူတကွ စိတ္တဇရုပ်အဖြစ်ဖြင့် ဖြစ်သောကြောင့် "တံ သဟဇာတတာ" ဟု ဆိုသည်။

၂။ ယထာဝုတ္တာ နိယမေန။ ။ယေဘုယျဝုတ္တိအားဖြင့် ဝဝတ္ထာန နိယမကို အဋ္ဌ-ကထာ၌ ဆိုခဲ့၏။ ထိုကို ရည်ရွယ်၍ "ယထာဝုတ္တ နိယမ" ဟု ဆိုသည်။ ထို နိယမအရ ကာယဒွါရဟူသော ဝိသေသနဖြင့် "ကာယကံ" ဟု ယေဘုယျနည်းအရ အမည်ရပြီး သော ကံသည် ဝစီဒွါရဟူသော ဝိသေသနတပါး၌ မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း၊ (ရှေ့၌ပြခဲ့သော အကြောင်းကြောင့် လည်းကောင်း) ဝိညတ်ကို ကံ၏ ဖြစ်ရာဌာန အဖြစ် ဖြင့် ဆိုအပ်သည်-ဟူလို။ [စသဒ္ဒေါ စေတ္တ လောပေါ၊ အဘာဝါ၏ နောက်၌ စ-သဒ္ဒါ ကျေသည်။ အဘာဝါ စာတိ အတ္ထော၊ ဝာသ ဝုတ္တာတိ သမ္ဗန္ဓော။-မဓု။ ဤ အတိုင်း အနက်ပေးထားသည်။]

တပါးသော ဝိသေသနဒ္ဓ။ ဥပ္ပတ္တိ အဘာဝေါ (စ)၊ ဖြစ်ခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း။ တဿ၊ ထိုကံ၏။ ဥပ္ပတ္တိဋ္ဌာနဘာဝေန၊ ဖြစ်ရာဌာန၏ အဖြစ်ဖြင့်။ ဝုတ္တာ၊ ဆိုအပ်ပြီ။

ကာယေန ပန ကတတ္တာတိ၊ ကား။ ကာယဝိညတ္တိ ၊ ကို။ ဇနေတွာ၊၍။ တာယ၊ ထို ကာယဝိညတ်ဖြင့်။ ဇီဝိတိန္ဒြိ။ပ။နိပ္ဖာဒနတော၊ ဇီဝိတိန္ဒြေကို ဖြတ်ခြင်း အစရှိသောအမှုကို ပြီးစေခြင်းကြောင့်။ အတ္တနော၊ မိမိဟူသော ကံ၏။ နိပ္ဖတ္တိဝသေန၊ ပြီးခြင်း၏ အစွမ်းဖြင့်။ ကာယေန၊ ကာယဖြင့်။ ကတံ၊ ပြုအပ်သော။ ကမ္မန္တိ၊ ကံဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ (ကသ္မာ၊ ကြောင့်။ ကမ္မဿ၊ ကံ၏။ နိပ္ဖတ္တိ၊ ပြီးခြင်းကို။ ကာယေန ကတံတိ၊ ကာယေန ကတံ ဟူ၍။ ဝုတ္တာ၊ နည်း။) ဟိ (ယသ္မာ)၊ ထွေ၊ ဤ ကံကိုပြီးစေရာ၌။ ကာယော၊ ကာယဝိညတ်သည်။ ကာရဏဘူတော၊ အကြောင်းဖြစ်၍ ဖြစ်၏။ ဣတိ၊ ကြောင့်။ (ကမ္မဿ နိပ္ဖတ္တိ ကာယေန ကတံတိ ဝုတ္တာ။)

အညမည ဝဝတ္ထိတာတိ ထွေ၊ ၌။ ကမ္မုနာ၊ ကံဖြင့်။ ကာယော၊ ကာယဝိညတ်ကို။ ကာယကမ္မဒွါရန္တိ၊ ကာယကံ၏ဖြစ်ရာ ဒွါရဟူ၍။ ဧဝံ၊ သို့။ ဝဝတ္ထိတော၊ ပိုင်းခြား သတ်မှတ်အပ်ပြီ။ ကာယော ဣစ္စေဝ၊ ကာယ ဟူ၍သာ။ န(ဝဝတ္ထိတော)၊ ပိုင်းခြားသတ်မှတ်အပ်သည်မဟုတ်။ သူစိ၊ အပ်ကို။ကမ္မုနာ၊ အလုပ်ဖြင့်။ သူစိကမ္မ ကရဏန္တိ၊ အပ်အမှုကို ပြုကြောင်းဟူ၍။ ဝဝတ္ထိတာ ယထာ၊ သကဲ့သို့လည်းကောင်း။ သူစိဣစ္စေဝ၊ သူစိဟူ၍သာ။ (ကမ္မကရဏ မပါပဲ-ဟူလို။) န (ဝဝတ္ထိတာ ယထာ)၊ မပိုင်းခြား မသတ်မှတ်အပ်သကဲ့သို့လည်းကောင်း။ တထာ၊ တူ။ ဣဒံပိ၊ ဤ ကာယကမ္မဒွါရကိုလည်း။ ဒဋ္ဌဗ္ဗံ၏။

စ၊ ဆက်။ အညမည ဝဝတ္ထိဘာတိ(ပဒဿ)၏။ အညမညံ။ ဝိသေသိတာ၊ အထူးပြုအပ်ကုန်ပြီ။ ဣတိ အတ္တော၊ ကို။ (ဒဋ္ဌဗ္ဗော။)....ဧဝံ သန္တေတိ၊ ကား။ 'ယထာဝုတ္တံ၊ သော။ ဝဝတ္ထာနနိယမံ၊ ပိုင်းခြား သတ်မှတ်ခြင်း၌

၁။ ကာရဏဘူတော ဟိ ပနေတ္တ။ ။ဤဝါကျ၌ "ဟိ-ပန" ဟု နိပါတ် ၂-ခုရှိ၏။ နောက်၌လည်း "ကာယောတိ" ဟု ဣတိသဒ္ဒါပါ၏။ ထို့ကြောင့် မဝုန်ခြ "ဟိသဒ္ဒေါ ဟေတုအတ္ထော၊ ပနသဒ္ဒေါ ဝစနသိလိဋ္ဌတ္ထော" ပထမဖွင့်သည်။ ဤနည်းအလို "ကသ္မာ ကမ္မဿ နိပ္ဖတ္တိ ကာယေန ကတန္တိ ဝုတ္တာ" ဟု ပုစ္ဆာဝါကျ အပိုထည့်၍ အနက်ပေးဖို့ရန် မဝုဖွင့်သည်။ ဤအတိုင်း နိဿယ၌ အနက်ပေးထား၏။ "ဟိသဒ္ဒေါ ဝါ အဝဓာရဏတ္ထော,ပနသဒ္ဒေါ အာရမ္ဘတ္ထော" ဟု တနည်းဖွင့်သေး၏။ ထိုအလို "ပန၊ဆက်။ပ။ ကာရဏဘူတောဟိ၊ အကြောင်းဖြစ်၍ ဖြစ်သည်သာ။ ဣတိ၊ ဤသို့မှတ်အပ်၏" ဟု ပေးပါ။

၂။ ယထာဝုတ္တံ။ပ။နိယမံ။ ။အဋ္ဌကထာ၌ယေဘုယျဝုတ္တိအားဖြင့် လည်းကောင်း။ တဗ္ဗာဟုလ္လဝုတ္တိအား ဖြင့်လည်းကောင်း ဒွါရဝဝတ္ထာန ကမ္မဝဝတ္ထာန ကို ဆိုထား၏

မြဲသောအမှတ်အသားကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဒွါရေ။ ပ။ ဝစနမေဝ၊ ကို သာ။ ဂဟေတွာ၊ ယူ၍။ စောဒေတိ၊ ၏။ တတ္ထ၊ ထိုစောဒနာ၌။ ဧဝံ သန္တေတိ၊ ကား။ ကမ္မာနံ၊ တို့၏။ ဒွါရန္တရစရဏေ၊ ဒွါရတပါး၌ ဖြစ်ခြင်းသည် လည်းကောင်း။ အညမညေနု၊ တပါးတပါးဖြင့်။ ဝဝတ္ထာနေ စ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည် လည်းကောင်း။ [၁]နာမလာဘေ၊ နာမည်ရခြင်း၌။ ဝိသေသနေ၊ အထူးပြုခြင်းသည်။ သတိ၊ သော်။ (န ယုဇ္ဇတိ-၌ စပ်။) ဣတိ အဓိပ္ပာယော။

ကာယကမ္မဒွါရကထာဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

ဝစီကမ္မဒွါရကထာအဖွင့်

စတုဟိ ။ပ။ သမန္နာဂတာတိ ဧတ္ထ၊ ၌။ (ဒဋ္ဌဗ္ဗာ-၌ စပ်။) [၂]သုဘာသိတ-ဘာသန သင်္ခါတာ၊ ကောင်းစွာ ပြောဆိုအပ်သည် မည်လောက်အောင် ပြောဆိုခြင်းဟု ဆိုအပ်သော။ အပိသုဏဝါစာ၊ ပိသုဏဝါစာ၏ ဆန့်ကျင်ဘက်စကားလည်းကောင်း။ ဓမ္မဘာသနသင်္ခါတော၊ တရားဟောခြင်းဟု ဆိုအပ်သော။

ထိုအဆိုကို ''ယထာဝုတ္တံ ဝဝတ္ထာနနိယမံ'' ဟု ဆိုသည်။ အဋ္ဌကထာ၌ နောက်နားဝယ် ဆိုအပ်သော ဝဝတ္ထာနနိယမကို မယူပဲ ''ဒွါရေ စရန္တိ ကမ္မာနိ''စသော စကားတဘက်သတ်ကိုသာ ယူ၍ ဧဝံ သန္တေ စသည်ဖြင့် စောဒနာသည်။ [ဝဝတ္ထာနေ၊ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်း၌+နိယမော၊ အမြဲ မှတ်သားကြောင်းဖြစ်သော ယေဘုယျ-ဝုတ္တိ, တဗ္ဗာဟုလ္လဝုတ္တိတည်း။ ဝဝတ္ထာနနိယမော။]

၁။ နာမလာဘေ **ဝိသေသနေ**။ ။ရှေ့၌ ဝဝတ္တိတာကို ''ဝိသေသိတာ'' ဟု ဖွင့်ခဲ့၏။ ထို့ကြောင့် ဤ ဝိသေသနေလည်း ''ဝဝတ္ထာနေ'' ၏ အဓိပ္ပာယ် ဟု မှတ်ပါ။ ''နာမလာဘေ'' ကား အဘယ်အရာ၌ ဝိသေသနပြုသနည်း ဟု မေးဖွယ်ရှိ၍ ထည့်အပ်သော အာဓာရတည်း။ [နာမလာဘေ-အာဓာရဘူတေ။-မဓု။]

၂။ သုဘာသိတ။ပ။ဒဋ္ဌဗ္ဗာ။ ။ပိသုဏဝါစာ ဟူရာ၌ ချောပစ်ကုန်းတိုက်ကြောင်း စေတနာကို ယူရသကဲ့သို့၊ အပိသုဏဝါစာ ယူရာ၌လည်း ချောပစ်ကုန်းတိုက်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၍ ကောင်းမွန်စွာ ပြောဆိုကြောင်း စေတနာကိုယူရ၏။ ဤသို့စသည်ဖြင့် အခြားဝါစာတို့၌လည်း ပြောဆိုကြောင်း စေတနာကို ကောက်ယူရ၏။ ထို့ကြောင့် ''တထာ ပဝတ္တာ စေတနာ ဒဋ္ဌဗ္ဗာ'' ဟု ဆိုသည်။

မှတ်ချက်။ ။ဝါစာ ၄-မျိုးကို သရုပ်ပြရာ၌ ''သုဘာသိတ ဘာသနသင်္ခါတာ'' စသည်ဖြင့် ဝိသေသန ၄-မျိုးကိုပြထား၏။ ထို ဝိသေသနများသည် ''သုဘာသိတံယေဝ ဘာသတိ, နော ဒုဗ္ဘာသိတံ, ဓမ္မံ ယေဝ။ပ။နော အဓမ္မံ, ပိယံ ယေဝ။ပ။နော အပ္ပိယံ, သစ္စံ ယေဝ ဘာသတိ, နော အလိကံ'' ဟူသော သဂါထာဝဂ္ဂ-ဝဂ်ီကသုတ်ကို မှီး၍ ပြထားသည်-ဟု မှတ်ပါ။

အသမ္ဗပ္ပလာပေ၊ သမ္ဗပ္ပလာပ၏ ဆန့်ကျင်ဘက် စကားလည်းကောင်း။ ပိယ-ဘာသနသင်္ခါတာ၊ ချစ်ဖွယ်ကို ပြောဆိုခြင်းဟု ဆိုအပ်သော။ အဖရုသဝါစာ၊ ဖရုသဝါစာ၏ ဆန့်ကျင်ဘက် စကားလည်းကောင်း။ သစ္စဘာသနသင်္ခါတော၊ မှန်ကန်သော စကားကို ပြောဆိုခြင်းဟု ဆိုအပ်သော။ အမုသာဝါဒေါ စ၊ မုသာဝါဒ၏ ဆန့်ကျင်ဘက် စကားလည်းကောင်း။ ဣတိ၊ သို့။ တော ဝါစာ၊ တို့ကို။ တထာ၊ ထို သုဘာသိတဘာသန စသော အခြင်းအရာအားဖြင့်။ ပဝတ္တာ၊ ကုန်သော။ စေတနာ။ စေတနာဟို့ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ သဟာသဒ္ဒါ ပ္ပနာတို့၊ ဟူသော စကားကို။ တဿ ဝိကာရဿ၊ ထိုဝိညတ် ဟူသော ဝိကာရရုပ်၏။ သဒ္ဒေန၊ သဒ္ဒရုပ်နှင့်၊ သဟ။ သမ္ဘူတတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ပြီ။ ပန၊ ဆက်။ စိတ္တာနုပရိဝတ္တိတာယ၊ စိတ်သို့ အစဉ်လိုက်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ ("စိတ္တာနုပရိဝတ္တိနော ဓမ္မာ"အရ၌ ဝိညတ် ပါဝင်သောကြောင့်။) သော၊ ထို ဝိညတ်ဟူသော ဝိကာရသည်။ ယာဝ သဒ္ဒဘာဝီ၊ သဒ္ဒရုပ် ဖြစ်သည့်တိုင်အောင် ဖြစ်လေ့ရှိသည်။ (သဒ္ဒရုပ်ကဲ့သို့ ၁၇-ချက် စိတ္တက္ခဏ ကြာသည်။) န၊ မဟုတ်။ ဣတိ ဒဋ္ဌဗ္ဗော၊ ၏။

ဝိတက္က။ပ။ ဝိညေယျောတိ၊ ဟူ၍။ ပဝတ္တေန၊ ဖြစ်သော။ မဟာအဋ္ဌကထာ ဝါဒေန၊ အားဖြင့်။ စိတ္တသမုဋ္ဌာနသဒ္ဒေါ၊ စိတ်ကြောင့်ဖြစ်သော အသံသည်။ ဝိညတ္တိ ဃဋ္ဋနေန၊ ဝိညတ်ကြောင့် ထိခိုက်ခြင်းနှင့်။ ဝိနာပိ။ ဥပ္ပဇ္ဇတိ၊ ဖြစ်နိုင်၏။ ဣတိ၊ ဤအနက်သည်။ အာပဇ္ဇတိ၊ ဖြစ်၏။ (ကဿ ဣတိ အာပဇ္ဇတိ။)ဟိ (ယသ္မာ)ယာ။ပ။ ဝိညတ္တီတိ၊ ဟူ၍။ ဝစနတော၊ ကြောင့်။အသောတဝိညေယျ သဒ္ဒေန၊ သောတဝိညေယျ မဟုတ်သော အသံနှင့်။ ေ ဟ၊ တက္က။ ဝိညတ္တိယာ၊ ဝိညတ်၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ နိုင်။ ဣတိ၊ သို့။ ဝိညာယတိ။ ဣတိ၊ ကြောင့်။ (ဣတိ။ ဤအနက်သည်။ အာပဇ္ဇတိ၊ ၏။)

စ၊ ဆက်။ စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနန္တိ ဝုတ္တံ၊ ပါဠိ၌။ ကောစိ၊ တစုံတခု သော။ စိတ္တသမုဋ္ဌာနော၊စိတ်ဟူသော ဖြစ်ကြောင်းရှိသော။သဒ္ဒေါ၊ သဒ္ဒသည်။ ဝါ၊ ကို။ အသင်္ဂဟိတော နာမ၊ မသိမ်းယူအပ်သည် မည်သည်။ န အတ္ထိ၊ မရှိ။ ဣတိ အဓိပ္ပာယေန၊ ဤသို့သော အလိုဖြင့်။ မဟာအဋ္ဌကထာဝါဒံ၊ ကို။ (သင်္ဂဟကာရော။) ပဋိသေဓေတိ၊ တားမြစ်၏။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ပဋိသေဓေတိ၊ နည်း။) ဟိ (ယသ္မာ)။ ဆဗ္ဗိဓေန ရူပသင်္ဂဟာဒီသု၊ ဆဗ္ဗိဓေန ရူပသင်္ဂဟ အစရှိသည်တို့၌။[အာဒိဖြင့် "သတ္တဝိဓေန ရူပသင်္ဂဟ"စသည်ကိုယူ။ ရူပကဏ္ဍပါဠိတော်ကြည့်ပါ။]သောတဝိညေယျန္တိ ပါဠိဖြင့်လည်းကောင်း။ ဒိဋ္ဌံ သုတန္တိ ဝုတ္တံ၊ ပါဠိ၌။ သုတန္တိ စ၊ ပါဠိဖြင့်လည်းကောင်း။ ကောစိ၊ သော။ သဒ္ဒေါ၊ သဒ္ဒကို။န သင်္ဂယှတိ၊မသိမ်းယူအပ်သည်ကား။ န၊ မဟုတ်။ (သင်္ဂယှတိ

ဧဝ၊ သိမ်းယူအပ်သည်သာ။ သုခုမသဒ္ဒ ဖြစ်စေ,သုခုမ မဟုတ်သော သဒ္ဒဖြစ်စေ, မည်သည့်သဒ္ဒ မဆို သိမ်း ယူနိုင်သည်သာ။) ဣာတိ၊ ကြောင့်။ ဝါ၊ ထိုသို့ သောတ ဝိညေယျံပါဠိ,သုတံ ပါဠိတို့ဖြင့် မှသိမ်းယူအပ်သော သဒ္ဒရုပ် ၏ရှိသည်၏ အဖြစ် ကြောင့်။ (မဟာအဋ္ဌကထာ ဝါဒ၊ ကို။ ပဋိသေဓေတိ။)

ပန၊ ဆက်။ မဟာအဋ္ဌကထာယံ၊ ၌။ (ဝုတ္တာ သိယာ–၌ စပ်။) ဝိညတ္တိသဟဇ မေဝ၊ ဝိညတ်နှင့် တကွဖြစ်သည့်သာလျှင် ဖြစ်သော။ ဇီဝှာ ။ပ။ သမုဋ္ဌိတံ၊ လျှာ, အာစောက်တို့၏ လှုပ်ခြင်း အစရှိသည်ကို ပြုတတ်သော ဝိတက်ကြောင့် ဖြစ်သော။ သုခုမသဒ္ဒံ၊ သိမ်မွေ့သော အသံကို။ ဒိဗ္ဗသောတေန၊ ဖြင့်။ သုတွာ၊ ၍။ အာဒိသတိ၊ ညွှန်ပြ၏။ ဣတိ၊ ဤစကားကို။ သုတ္တေ၊ သုတ္တန်ပါဠိတော်၌။ (ဝုတ္တံ။) [ဣတိတိ ဣတိဝစနံ သုတ္တေ ဝုတ္တန္တိ သမ္ဗန္ဓော။–မဓု။] ပဋ္ဌာနေ စ၊ ပဋ္ဌာန်းပါဠိတော်၌လည်း။ ဩဠာရိကသဒ္ဒံ၊ ထင်ရှားသော အသံကို။ သန္ဓာယ၊ ၍။သောတ ။ပ။ ပစ္စယောတိ၊ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ဣတိ ဣမိနာ အဓိပ္ပာယေန၊ ဤသို့သော အလိုဖြင့်။ အသောတဝိညေယျတာ၊ သောတ ဝိညေယျ မဟုတ်သည်၏ အဖြစ်သည်။ ' ဝါ၊ ကို။ (အာစရိယေန၊ မဟာအဋ္ဌ ကထာ ဆရာသည်။) ဝုတ္တာ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ပန၊ထိုသို့ပင် ဆိုအပ်သည် ဖြစ်ရာပါသော်လည်း။ (ဆိုဟန်တူပါသော်လည်း။) သဒ္ဒေါ စ၊ အသံလည်း ဟုတ်၏။ အသောတဝိညေယျော စ၊ သောတဝိညေယျလည်း မဟုတ်။ ဣာတိ ဧတံ၊ ဤစကား ၂-ရပ်သည်။ ဝိရုဒ္ဓံ၊ ဆန့်ကျင်၏။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပဋိက္ခေပေါ၊သင်္ဂဟကာရဆရာ၏ ပယ်မြစ်ခြင်းကို။ဝေဒိတဗ္ဗော။

ဝိညတ္တိပစ္စယာ၊ ဝိညတ်ဟူသော အကြောင်းကြောင့်။ ဃဋ္ဋနာ၊ ထိခိုက်ခြင်း တည်း။ ဝိညတ္တိဃဋ္ဋနာ၊ ခြင်း။ ဝါ၊ တနည်း။ ဝိညတ္တိ ဧဝ၊ ဝိညတ်သည်ပင်။ (ဝိညတ္တိဃဋ္ဋနာ၊ မည်၏။) ဟိ၊ မှန်။ ဃဋ္ဋနာ။ပ။ဝိကာရော၊ ထိခိုက်သော အခြင်းအရာ အားဖြင့် ဖြစ်သော ဘူတရုပ်တို့၏ ထူးခြားသော အမူအရာကို။ ဃဋ္ဋနာတိ၊ ဃဋ္ဋနာဟူ၍။ ဝုတ္တော၊ ဆိုအပ်ပြီ။ သံဃဋ္ဋနေန၊ ပထဝီဓာတ် ၂-ပါးတို့၏ အချင်းချင်း ထိခိုက်ခြင်းနှင့်။ သဟေဝ၊ တပြိုင်နက်သာလျှင်။သဒ္ဒေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပုဗ္ဗာပရဘာဝေန၊ ရှေ့နောက်၏ အဖြစ်ဖြင့်။ န(ဥပ္ပဇ္ဇတိ)၊ ဖြစ်သည်မဟုတ်။(ထိခိုက်ခြင်းက ရှေ့,အသံက နောက်မှဖြစ်သည်မဟုတ်–ဟူလို။)

ပထဝီဓာတုယာဒိ ဣဒံ၊ ဤစကားကို။ ဝါယောဓာတုယာ၊ ၏။(စာလနံ၊ လှုပ်စေခြင်းဟူသော။ ကိစ္စံ၊ ကိစ္စသည်။ အဓိကံ)ဝိယ၊ အဓိက ဖြစ်သကဲ့သို့။ (လွန်ကဲသကဲ့သို့။ တထာ။) ပထဝီဓာတုယာ၊ ၏။ သံဃဋ္ဋနံ အချင်းချင်း ထိ ခိုက်ခြင်းဟူသော။ ကိစ္စံ၊ သည်။ အဓိကံ၊ တည်း။ ဣတိ ကတွာ၊ ဤသို့

နှလုံးသွင်း၍။ ဝုတ္တံ။ [၁]ဝိကာရသာ စ၊ ဝိကာရ ရုပ်၏လည်း။ တပ္ပစ္စယဘာဝေါ၊ ထို ထိခိုက်ခြင်း၏ အကြောင်း၏အဖြစ်ကို။ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ ဟိ၊ မှန်။ တဗ္ဗိကာရာနံ၊ ထိုဝိကာရရုပ် ရှိကုန်ငသော။ ဘူတာနံ၊ မဟာဘုတ်တို့၏။ [၂]အညမညဿ၊ တပါးတပါးအား။ ပစ္စယဘာဝေါ၊ ကျေးဇူးပြုတတ်ကုန်သည်၏ အဖြစ်သည်။ (ဟောတိ။) ဣတိ၊ ဤသို့ မှတ်အပ်၏။ [၃]အညမ္ပိ၊ သော။ သဗ္ဗံ၊ သော။ ဝိဓာနံ၊ အစီအရင်ကို။ ကာယဝိညတ္တိယံ ဝိယ ဝေဒိတဗ္ဗံ။

တိသမုဋ္ဌာနိကကာယံ စာလေတိ န စာလေတီတိ၊ ဟူသော၊ အယံ ငါရေး ကို။ ဣဓ၊ ဤ ဝစီကမ္မဒွါရကထာ၌။ န လဗ္ဘတိ။(ကသ္မာ န လဗ္ဘတိ။) ဟိ (ယသ္မာ)။ စာလနံ၊ လှုပ်စေခြင်းဟူသည်။ ဥပါဒိန္နဃဋ္ဋနံ၊ ဥပါဒိန္နရုပ်တို့၏ ထိခိုက်ခြင်းသည်။ န၊ မဟုတ်။ ဣတိ။ ကြောင့်။(န လဗ္ဘတိ။) "စိတ္တသမုဋ္ဌာနိကော ပန ကာယေ စလန္တေ တေသမုဋ္ဌာနိကော စလတိ န စလတိ"ဟု ကာယကမ္မဒွါရကထာ၌ ဆိုခဲ့၏။ထိုစကားကိုပင် ဤ၌"တိသမုဋ္ဌာနိကကာယံ စာလေတိ န စာလေတိ"ဟု ချုံး၍ ဆိုထားသည်။]

[၄]ဟိ၊ မှန်။ (တနည်း)ဟိ၊စာလနဃဋ္ဋနတို့၏ သဘောကား။ ဒေသန္တရုပ္ပါဒနပရမ္ပရတာ၊ အရပ်တပါး၌ ဥပါဒ်စေခြင်း၏ အဆက်ဆက်၏ အဖြစ်သည်။

၁။ ဝိကာရဿ စ။ပ။ဝေဒိတဗ္ဗော။ ။[တပ္ပစ္စယဘာဝေါတိ ဥပါဒိန္နကဃဋ္ဋနဿ ပစ္စယဘာဝေါ။—အနု။] ကာယကမ္မဒွါရကထာ၌ "စိတ္တသမုဋ္ဌာနာယ ပန ဝါယော-ဓာတုယာ။ပ။ပစ္စယော ဘဝိတုံ သမတ္ထော ဧကော အာကာရဝိကာရော အတ္ထိ"ဟု ဆိုခဲ့၏။ ထို့အတူ ဤ ဝစီကမ္မဒွါရကထာ၌လည်း "စိတ္တဇပထဝိယာ ဥပါဒိန္နကဃဋ္ဋနေ ပစ္စယော ဘဝိတုံ သမတ္ထော စိတ္တသမုဋ္ဌာနမဟာဘူတာနံ ဧကော အာကာရဝိသေသော အတ္ထိ"ဟု သိနိုင်သောကြောင့်"ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော"ဟု ဆိုသည်။

၂။ အညမညဿ ပစ္စယဘာဝေါ။ ။တပ္ပစ္စယဘာဝေါကိုပင်"အညမညဿ ပစ္စယဘာဝေါ"ဟု ဆိုသည်။ ဝိကာရဟူသော ဝိညတ်ရုပ်ပါရှိသော စိတ္တဇ မဟာဘုတ်တို့၏ အချင်းချင်း ထိခိုက်ခြင်း၏အကြောင်းကို"အညမညပစ္စယ"ဟု ဆိုသည်။ ထို့ကြောင့် ဤဝါကျသည် ရှေ့ဝါကျ၏ ဒဠှီသာဖြစ်သင့်၏။ အကြောင်းပြ မဖြစ်သင့်။[ထိုသို့ စိတ္တဇ မဟာဘုတ်ချင်း ထိခိုက်သောအခါ ကမ္မဇ၊ ဥတုဇ။ အာဟာရဇ မဟာဘုတ်ရုပ်များနှင့်လည်း ထိခိုက်သည်သာ။]

၃။ အညမ္ပိ သဗ္ဗံ ဝိဓာနံ။ ။ဤ ညွှန်ပြချက်ကား မိမိဖွင့်ခဲ့သော"န စိတ္တသမုဋ္ဌာနာ-တိ ဧတေန ပရမတ္ထတော အဘာဝံ ဒဿေတိ။ပ။နိစ္စော အတ္ထီတိ"ဟူသော စကားကို ညွှန်ပြခြင်းတည်း။ ထို့ကြောင့်"အညမ္ပိ၊ အဋ္ဌကထာ၌ ဆိုအပ်သောအစီအရင်မှတပါးလည်းဖြစ်သော"ဟု အကျယ်ပေးပါ။

၄။ စာလနံ ဟိ ။ပ။တရုပ္ပါဒေါ။ ။ဤစကားသည် ကာယဒွါရ အခန်း၌ ဝါယောဓာတ်၏ သဟဇာတရုပ်ကို လှုပ်ရှားစေပုံနှင့် ဤဝစီဒွါရခန်း၌ ပထဝီဓာတ်၏ ဥပါ-

(အဆက်ဆက်အားဖြင့် အနုပ်တပါး၌ ဥပါဒ်စေခြင်းသည်။) စာလန်၊စာလန-မည်၏။ ဝါ၊လှုပ်စေခြင်းမည်၏။ပစ္စယဝိသေသေန၊ အကြောင်းအထူးကြောင့်။ ဘူတကလာပါနံ၊ မဟာဘုတ်ဟူသော ရုပ်ကလာပ်တို့၏။ အာသန္နတရုပ္ပါဒေါ၊ အလွန်နီးကပ်စွာ ဥပါဒ်ခြင်းသည်။ ဃဋ္ဋနံ၊ ဃဋ္ဋန-မည်၏။ ဣတိ၊ ဤကား စာလန ဃဋ္ဋနတို့၏ သဘောတည်း။

ဉပတ္ထမ္ဘနကိစ္စပိ နတ္ထိတိ၊ ကား။ ဥပတ္ထမ္ဘနေန၊ ထောက်ပံ့ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ပဌမစိတ္တသမုဋ္ဌာနာ၊ ပထမစိတ်ကြောင့် ဖြစ်သည်။ (သမာနာ)ပိ၊ သော်လည်း။ ဃဋ္ဋနာကာရေန၊ ထိခိုက်ခြင်းဟူသော အခြင်းအရာအားဖြင့်။ ပဝတ္တတိ၊ ၏။ဣတိ၊ ကြောင့်။ ဃဋ္ဋနတ္ထံ၊ ထိခိုက်ခြင်းအကျိုးငှာ။ ဥပတ္ထမ္ဘနေန၊ ဖြင့်။ ပယောဇနံ၊ အကျိုးသည်။ နတ္ထိ။ လဒ္ဓါသေဝနေန၊ ရအပ်သော အာသေဝနရှိသော။ စိတ္တေနေဝ၊ ပထမ စိတ်ကြောင့်ပင်လျှင်။ ဃဋ္ဋနဿ၊ ၏။ ဗလဝ-ဘာဝတော စ၊ အားရှိသည်၏ အဖြစ်ကြောင့်လည်း။ (ဃဋ္ဋနတ္ထံ။ပ။နတ္ထိ။)

ဒိန္နကဃဋ္ဋန ဖြစ်ပုံသဘောကို ပြသော စကားတည်း။ ရှေးရှေး ရုပ်ကလာပ်၌ပါသော ဝါယောဓာတ်၏ အစွမ်းကြောင့် နောက်နောက် ရုပ်ကလာပ်တို့ ဥပါဒ်သောအခါ မူလနေရာ၌ မဥပါဒ်နိုင်ပဲ အဆင့်ဆင့် နေရာရွေ့၍ ဥပါဒ်စေခြင်းကို ''စာလန'' ဟု ဆိုအံ့။ ဝိညတ်ဟူသော အကြောင်းအထူး၏ ကျေးဇူးပြုမှုကြောင့် စိတ္တဇဘူတရုပ်နှင့် စတုဇဘူတရုပ်တို့၏ (အသံထွက်လောက်အောင် အလွန်နီးကပ်စွာ ဥပါဒ်ခြင်းကို ''ဃဋ္ဋန'' ဟု ဆိုပါသည်—ဟူလို။ [ဒေသန္တရေ၊မူလဥပါဒ်ရာ အရပ်မှ တပါးသော အရပ်၌+ဥပ္ပါဒနံ ဥပါဒ်စေခြင်းတည်း။ ဒေသန္တရုပ္ပါဒနံ၊ ဒေသန္တရုပ္ပဒနဿ+ပရမ္ပရတာ၊ အဆင့်ဆင့်၏ အဖြစ်တည်း။ ဒေသန္တရုပ္ပါဒန ပရမ္ပရတာ၊ ဆိုလိုရင်းမှာ-ဥပါဒ်ပြီးသော ရုပ်ကလာပ်ဟူသမျှတို့ မိမိဖြစ်ရာအရပ်မှ မရွေ့ပြောင်းနိုင်။ ထို့ကြောင့် ''ဆက်ကာ ဆက်ကာ အရပ်တပါး၌ ရွေ့၍ရွေ့၍ ဥပါဒ်စေခြင်းကို ''စာလန'' ခေါ်သည်''ဟူလို။]

၁။ ဥပတ္ထမ္ဘနကိစ္စံ နတ္ထိတိ။ ။''ကာယကမ္မ ဒွါရကထာ၌ ရှေးရှေးဇောကြောင့် ဖြစ်သော ဝါယောဓာတ်က ထောက်ပံ့ပုံကို ဆိုသကဲ့သို့၊ဤ ဝစီကမ္မဒွါရကထာ၌ ရှေးရှေးဇောကြောင့်ဖြစ်သော ပထဝီဓာတ်က ထောက်ပံ့ဖွယ်မလို''ဟု အဋ္ဌကထာဆိုရာ၌ ပထဝီဓာတ်နှင့် ထိခိုက်ရာဝယ် ရှေးရှေးဇောဝီထိမှ (သုတ္တန်နည်းအားဖြင့်) အာသေဝန ရခဲ့ပြီး ဖြစ်သောကြောင့် ပဌမဇောကြောင့် ဖြစ်သော ပထဝီဓာတ်သည်ပင် ထိခိုက်နိုင်ရကား ပထဝီဓာတ်ချင်း ထိခိုက်ကြဖို့ရန် ရှေးရှေးပထဝီဓာတ်တို့က အထောက်အပံ့ပေးနေဖွယ်မလို—ဟု ဆိုလိုသည်။ [ရှေးရှေးဇောဝီထိက ရှတ်ဆိုလို၍ စိတ်ကူးခြင်းကို ''ပုဗ္ဗာဘိသင်္ခါရ''ဟု ခေါ်၏။ ထိုပုဗ္ဗာဘိသင်္ခါရကို''အာသေဝန''ဟု ခေါ်ထားသည်။ ''လဒ္ဓါသေဝနေနာတိ လဒ္ဓပုဗ္ဗာဘိသင်္ခါရေန၊ စိတ္တေနေဝါတိ ပဌမစိတ္တေနေဝ။-အနု။]

ဟူတိ (အယံ)၊ ကား။ အဓိပ္ပာယော၊ သင်္ဂဟကာရဆရာ၏ အလိုတည်း။ ဥပတ္ထမ္ဘနံ၊ သည်။ ¹နတ္ထိ၊ မရှိ။ အတ္ထိ၊ ရှိ၏။ ဟူတိ၊ သို့။ (မရှိဘူး, ရှိတယ် ဆိုတာကို။) ဝိစာရေတွာ၊ စူးစမ်း စိစစ်၍။ ဂဟေတဗ္ဗံ၊ မှတ်ယူထိုက်၏။

ဝစီကမ္မဒွါရကထာ ဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

မနောကမ္မဒွါရကထာ အဖွင့်

အယံ နာမ။ပ။န ဝတ္တဗ္ဗာတိ ဟူဒံ၊ ဤစကားကို။ ယဿ၊ အကြင် စေတနာ ဓမ္မ၏။ မနော၊ မန ဟူသမျှသည်။ ဒွါရံ၊ ဒွါရသည်။ (ဟောတိ။) တံ ဒဿေနတ္ထံ၊ ထို ဒွါရဝန္တဖြစ်သော စေတနာဓမ္မကို ပြခြင်းအကျိုးငှာ။ ဝုတ္တံ၊ ပြီ။

၁။ နတ္ထိ အတ္ထီတိ ဝိစာရေတွာ။ ။ဋီကာဆရာသည် "ဥပတ္ထမ္ဘနကိစ္စမရှိ" ဟူသော စကားကို နှစ်သက်ဟန် မတူ။ ထို့ကြောင့် "ဝိစာရေတွာ ဂဟေတဗ္ဗံ" ဟု ဆိုသည်။ အက္ခရာတလုံးသည် ရဿအက္ခရာပင် ဖြစ်စေကာမူ လက်ဖျောက်တချက်တီးခန့် ကြာရကား ထို အက္ခရာအသံ ပြီးသွား ပေါ်ထွက်သည့်တိုင်အောင် ဇောဝီထိပေါင်း များစွာ ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် ရှေးရှေး ဇောဝီထိတို့ကြောင့်ဖြစ်သော ပထဝီတို့က အထပ်ထပ် ထိခိုက်နေရာဝယ် အသံ မပြီးသေးမီ ထောက်ပံ့နေသည် ဟု ဆိုရသော်လည်း အသံပြီးသမှု အတွက်သာ ထောက်ပံ့နေရခြင်းဖြစ်၍ ထိခိုက်မှု ဃဋ္ဋနအတွက်မှာ ထောက်ပံ့စရာ မလိုသောကြောင့် "ဥပတ္ထမ္ဘနကိစ္စံ နတ္ထိ" ဟု အဋ္ဌကထာ ဆိုပါသည်။ ထို့ကြောင့် အဋ္ဌကထာ စကားသည် အသင့်ပင် ဖြစ်၏ ဟု ထင်၏။ သို့သော်—

အနုဋီကာ။ ။အနုဋီကာ၌ "ကိဉ္စာပိ ပဌမစိတ္တေနာပိ ဃဋ္ဋနာ နိပ္ဖဇ္ဇတိ၊ ကေဿဝ ပန ဗဟုသော ပဝတ္တနေန အတ္ထိ ကောစိ ဝိသေသောတိ ပုရိမဇဝနသမုဋ္ဌိတာဟိ ဃဋ္ဋနာဟိ ပတိလဒ္ဓသေဝနေန သတ္တမဇဝနေန သမုဋ္ဌိတာ ဃဋ္ဋနာ ပရိဗျတ္တံ အက္ခရံ နိဗ္ဗတ္တေတီတိ ဥပတ္ထမ္ဘနံ နတ္ထီတိ န သက္ကာ ဝတ္တုံ၊" ဟု မူလဋီကာ စကားကိုပင် ထောက်ခံပြီး၍ "လဒ္ဓါဘိသင်္ခါရေန ပန ပဌမစိတ္တေနပိ ဃဋ္ဋနာ ဗလဝတီ ဟောတီတိ အဋ္ဌကထာယံ ဥပတ္ထမ္ဘနကိစ္စံ နတ္ထီတိ ဝုတ္တံ သိယာ၊ သဗ္ဗမေတံ ဝိမံသိတွာ ဂဟေတဗ္ဗံ" ဟု မိန့်သည်။

အနုဋီကာ မြန်မာပြန်။ ။ပထမစိတ်ကြောင့်လည်း ထိခိုက်ခြင်းကိစ္စ ပြီးနိုင်သည် ကား မှန်ပါ၏။ သို့သော် တခုသော အက္ခရာ၏ပင် များစွာထပ်၍ ဖြစ်ရခြင်းအားဖြင့် အနည်းငယ်ထူးခြားချက် ရှိရမည်သာ။ ထို့ကြောင့် ရှေ့ဇောတို့ကြောင့် ဖြစ်ရကုန်သော ထိခိုက်ခြင်းတို့မှ ရအပ်သော အာသေဝနရှိသော သတ္တမဇောကြောင့် ဖြစ်သော ထိခိုက်ခြင်းသည် ထင်ရှားသော အက္ခရာအသံကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ဥပတ္ထမ္ဘနကိစ္စ မရှိဟု ဆိုခြင်းငှာ မတတ်ကောင်း။ (ဥပတ္ထမ္ဘနကိစ္စ ရှိရမည်သာ-ဟူလို။)

ကပ္ပေတီတိ၊ ဟူသောပုဒ်၏။ တံ၊ သင် ဖဿသည်။ (သင် ဖဿက။) ဖုသန်၊ တွေ့ထိမှုကို။ ကရောဟိ၊ ပြုလော့။ တံ၊သင် ဝေဒနာသည်။ (သင် ဝေဒနာက။) ဝေဒယိတံ၊ ခံစားမှုကို။ (ကရောဟိ။) ဣတိ ဧဝံ၊ ဤသို့ အစရှိသည်ဖြင့်။ ကပ္ပေန္တံ ဝိယ၊ ပြုစီမံ သကဲ့သို့။ [ဝိယသည် ဥပရိက္ခာဇောတက။] ပဝတ္တတိ၊ ၏။ ဣတိ အတ္ထော။ ပကပ္ပနဥ္စ၊ ပကပ္ပန ဟူသည်လည်း။ တဒေဝ၊ ထို ပြုစီမံ သကဲ့သို့ ဖြစ်ခြင်းပင်တည်း။ [တဒေဝဖြင့် ပကပ္ပနဥ္စ ပ–သဒ္ဒါသည် အနက်အထူးမရှိ၊ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို သိစေသည်။] ကိံ ပိဏ္ဍံ ကရော-တီတိ၊ ပါဠိဖြင့်။ အာယူဟနတ္ထဝသေန၊ အာယူဟန အနက်၏ အစွမ်းဖြင့်။ ပုစ္ဆတိ၊ ၏။ [အာယူဟနနှင့် ပိဏ္ဍံ ကရောတိသည် ပရိယာယ်–ဟူလို။] ဟိ၊ အထူးကား။ ဖဿာဒိဓမ္မေ၁၊ တို့ကို။ အဝိပ္ပကိဏ္ဏေ၊ ဖရိုဖရဲ မကျဲသည်တို့ကို။ ကတွာ၊ ၍။ (စုပေါင်း၍။) သကိစ္စေသု၊ ဖုသန စသော မိမိကိစ္စတို့၌။ ပဝတ္တနံ၊ ဖြစ်စေခြင်းသည်။ အာယူဟနံ၊ အာယူဟန မည်၏။ တတ္ထ၀၊ ထို မိမိတို့ကိစ္စတို့ဝယ် ဖြစ်စေခြင်း၌ပင်။ ဗျာပါရဏံ၂၊ တပင်တပန်း အားထုတ်ခြင်းသည်။ စေတယနံ၊ စေတယန မည်၏။ တထာ၊ ထို ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်။ ကရဏံ၃၊ ပြုခြင်းသည်။ အဘိသင်္ခရဏံ၊ မည်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

၁။ ဖဿာဒိဓမ္မေ ဟိ။ ။ဤစကားသည် အာယူဟနနှင့် စေတယန အထူးကို ပြသောစကားတည်း။ [အာယူဟနစေတယနာနံ နာနတ္တံ ဒဿေန္တော ဖဿာဒိဓမ္မေ-ဟီတိအာဒိမာဟ။–အနု။] ဖဿ-စသော သမ္ပယုတ်တရားတို့ကို တခုနှင့်တခု ပြန့်ကျဲ မနေစေပဲ တလုံးတစည်းတည်းဖြစ်အောင် ပြု၍ မိမိကိစ္စ၌ ဖြစ်စေခြင်းသည် အာယူဟန မည်၏။ ထိုသို့ဖြစ်နေအောင် ဗျာပါရပြုခြင်းသည် စေတယန မည်၏။

၂။ ဗျာပါရဏ။ ။ဝိ-အာ-ပုဗ္ဗ၊ စုရာဒိ-ပရဓာတ်၊ ယု-ပစ္စည်းတည်း။ ပရိဿမ-တပင်တပန်း အားထုတ်ခြင်းအနက်ကို ဟော၏။ ထို အားထုတ်မှုကို "ဗျာပါရ အားကြီးသည်"ဟု ဆိုကြသည်။ ထိုဗျာရသည်ပင် နှိုးဆော်ခြင်းသဘော ဖြစ်သောကြောင့် စေတနာကို အနက်ပြန်ရာ၌ "ဆော်"ဟု ပြန်ဆိုကြ၏။ "အဝိပ္ပကိဏ္ဏေ ကတွာ"နှင့် ဤ "ဗျာပါရဏ"ကို ပေါင်းလျှင် "စေ့+ဆော်"ဟု အနက်ဖြစ်၏။ "ဖဿ-စသော သမ္ပယုတ်တရားတို့ကို ကြိုးတိုးကျဲတဲ မဖြစ်စေပဲ စေ့စပ်နေစေ၍ ဆိုင်ရာကိစ္စကို ပြုလုပ်ဖို့ရန် နှိုးဆော်သောတရား"ဟု ဆိုလိုသည်။

၃။ တထာ ကရဏံ။ ။[တထာ ကရဏန္တိ ယထာ ဖဿာဒယော သကသကကိစ္စေ ပသုတာ ဘဝန္တိ၊တထာ ကရဏံ၊တေနေဝ (ထို့ကြောင့်ပင်) ယထာဝုတ္တေန အဝိပ္ပကိဏ္ဏ ဗျာပါရဏာကာရေန သမ္ပယုတ္တာနံ ကရဏံ ပဝတ္တနန္တိ ဒဋ္ဌဗ္ဗံ။-အနု။] ဤ အနုဋီကာ အတိုင်း "အဘိသင်္ခရဏသည် အာယူဟန စေတယန ၂-မျိုး ဖြစ်အောင် ပြုစီမံခြင်း တည်း"ဟု မှတ်ပါ။ အာယူဟန စေတယန ၂-မျိုးမှ သီးခြားအထူး ဟု မမှတ်ပါနှင့်။

တေ ဘူမကသော၀၊ ဘုံသုံးပါး၌ဖြစ်သော ကုသိုလ် အကုသိုလ် မန-ကိုသာ။ ဂဟဏံ၊ ယူခြင်းသည်။ လောကုတ္တရကမ္မဿ၊ ၏။ ကမ္မက္ခယ-ကရတ္တာ[၁]၊ ကံ၏ကုန်ခန်းခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်တည်း။ ။

မနောကမ္မဒွါရကထာ ၀ဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

ကမ္မကထာအဖွင့်

စေတယိတွာ။ပ။တွေ၊ ၌။ ယသ္မာ၊ ပုရိမစေတနာယ၊ ဖြင့်။ စေတယိတွာ၊ စေ့ဆော်ပြီး၍။ သန္နိဋ္ဌာနကမ္မံ၊ ဆုံးဖြတ်ကြောင်း ကံကို။ ကရောတိ၊၏။ တသ္မာ။ စေတနာပုဗ္ဗကံ၊ စေတနာရှေ့ရှိသော။ ကမ္မံ၊ သတ်မှု စသော ကံသည်။ တံ စေတနာ သဘာ၀မေ၀၊ ထို စေတနာ သဘောရှိသည်သာ။ ဣတိ၊ ကြောင့်။ စေတနံ၊ ကို။ အဟံ၊ သည်။ ကမ္မံ၊ ကံဟူ၍။ ၀ဒါမိ၊ ၏။ ဣတိ အတ္ထော။ [ဤ၀ါကျ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဘာသာဋီကာ၌ ပြထားပြီ။ ဤဋီကာအလို "ယသ္မာ စေတယိတွာ ကာယေန ၀ါစာယ မနသာ ကမ္မံ ကရောတိ၊ တသ္မာ စေတနံ ကမ္မံ ၀ဒါမိ"ဟု ၀ါကျကို ရှေ့နောက်ပြန်၍လည်း အနက်ပေးနိုင်သည် ဟု မှတ်ပါ။]

[၂]အထ ၀ါ၊ ကား။သမာနကာလတ္တော၊တူသော ကာလရှိကုန်သည်၏ အဖြစ်သည်။ (သတိ) ပိ၊ သော်လည်း။ ကာရဏကိရိယာ၊ အကြောင်း ကြိယာသည်။ ပုဗ္ဗကာလာ ဝိယ၊ပုဗ္ဗကာလ ကြိယာကဲ့သို့။ ၀တ္တုံ၊ ဆိုခြင်းငှာ။ ယုတ္တာ၊ သင့်၏။ ဖလကိရိယာ စ၊ အကျိုးကြိယာသည်လည်း။ အပရကာလာ ဝိယ၊ အပရကာလ

၁။ ကမ္မက္ခယ ကရတ္တာ။　။လောကုတ္တရာမဂ် တည်းဟူသော ကမ္မစေ[illegible]နာသည် အဝိဇ္ဇာတဏှာကိုသာ ကုန်အောင်ပြု၏။ ကံကိုကား တိုက်ရိုက်အားဖြင့် ကုန်အောင် မပြုနိုင်။ သို့သော် အဝိဇ္ဇာ တဏှာကုန်လျှင် ကံ၏ အစွမ်းသတ္တိ (အကျိုးပေးနိုင်သော သတ္တိ)လည်း မရှိတော့ရကား မဂ္ဂစေတနာကို "ကမ္မက္ခယကရ"ဟု ဆိုသည်။ ဤ ဋ္ဌါရကထာသည် သံသရာဝယ် အကျိုးပေးနိုင်သော ကံတို့ကို ပြရာကထာ ဖြစ်၏။ ထို့ကြောင့် ကမ္မက္ခယကရဖြစ်သော မဂ္ဂစေတနာကို မယူသင့်ရကား တေဘူမကကုသိုလ် အကုသိုလ်ကိုသာ ယူရတော့သည်။

၂။ အထ ၀ါ။ပ။ယုတ္တာ။　။ပြခဲ့သော နည်း၌"စေတယိတွာ"အရ ပုရိမစေတနာကို ရ၍ "ကမ္မံ ကရောတိ"အရ ပစ္ဆိမစေတနာကို ရသောကြောင့် ကာလအားဖြင့် ကွဲပြားနေရကား ထိုသို့ မကွဲပြားသော အခြားတနည်းကို ပြလို၍ "အထ ၀ါ"စသည် မိန့်။ "စေတယိတွာ ကမ္မံ ကရောတိ"ဟု ဆိုရာ၌ ကာလတူသော်လည်း"စေတယိတွာ"အရ စေ့ဆော်ခြင်း ကိရိယာသည့် အကြောင်းကြိယာ၊"ကရောတိ"အရ ပြုခြင်းကြိယာသည်

ကြိယာကဲ့သို့။ (ဝတ္တုံ ယုတ္တာ။) စ၊ ဆက်။ ^ယသ္မာ။ ^စေတနာယ၊ ဖြင့်။ စေတယိတ္ဘာ၊ စေ့ဆော်၍။ ကာယဝိညတ္တိ၊ ကာယဒွါရ ဝစီဒွါရတို့ဖြင့်။ စောပနကိရိယံ၊ စောပနကြိယာကိုလည်းကောင်း။ (ဝါယောဓာတ်၏ အစွမ်းအားဖြင့် လှုပ်ရှား ကြွမြောက်ခြင်း ဟူသော အမူအရာ ကြိယာ, ပထဝီဓာတ်၏ အစွမ်းအားဖြင့် ထိခိုက် လှုပ်ရှားခြင်း ဟူသော အမူအရာ ကြိယာကိုလည်းကောင်း။) မနသာ၊ မနောဒွါရဖြင့်။ အဘိဇ္ဈာဒိ ကိရိယံ စ၊ အဘိဇ္ဈာ အစရှိသော ကြိယာကိုလည်းကောင်း။ ကရောတိ၊ ၏။ ^တသ္မာ။ တသ္မာ ကိရိယာယ၊ ထို စောပန ကြိယာ, အဘိဇ္ဈာဒိကြိယာကို။ ကာရိကံ၊ ပြုတတ်သော။ စေတနံ၊ ကို။ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။

အကျိုးကြိယာ ဖြစ်သောကြောင့် အကြောင်းကြိယာကို ပုဗ္ဗကာလ၊ အကျိုးကြိယာကို အပရကာလကဲ့သို့ ဆိုသင့်၏။ ဆိုရိုးထုံးစံလည်း ရှိ၏။

ဥပမာ-"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဟူရာ၌ စက္ခု၊ ရူပတို့ကို စွဲမှီရာကာလနှင့် စက္ခုဝိညာဉ်စိတ်၏ ဖြစ်ရာကာလသည် သမာနကာလ ဖြစ်သော်လည်း အကြောင်းဖြစ်သော စက္ခု ရူပ ပဋိစ္စကြိယာကို ပုဗ္ဗကာလကဲ့သို့ ရှေ့က ထား၍၊ စက္ခုဝိညာဉ်၏ ဥပ္ပဇ္ဇနကြိယာကို အကျိုးကြိယာ ဖြစ်သောကြောင့် နောက်က ထားလျက် ဆိုသကဲ့သို့တည်း။ [စိတ်ဖြစ်သည်နှင့် တပြိုင်နက် စေတနာစေတသိက် ပါဝင်၏။ ထို စိတ်ကြောင့်ပင် ကာယဝိညတ် ဝစီဝိညတ်နှင့်တကွ လှုပ်ရှားခြင်း ကြိယာ၊အဘိဇ္ဈာဒိ-ကြိယာလည်း ဖြစ်ရကား တပြိုင်နက် သမာနကာလ ဖြစ်ပုံကို သိပါ။]

၁။ **ယသ္မာ။ပ။ကရောတိ။** ။စေတယိတ္ဘာနှင့် ကရောတိကို တပြိုင်နက်ဖြစ်သော သမာန ကာလကြိယာ ဟု ယူ၍ "ကမ္မံ"အရ စေတနာကိုမယူပဲ အမူအရာ ကြိယာကို ယူသည်။"ကရဏံ၊ ပြုခြင်းအမူအရာ။ ကမ္မံ၊ ရာ"ဟု ပြု။ ထို ကြိယာ ဟူသည် ကာယဝိညတ် ဝစီဝိညတ်တို့နှင့်တကွ ပြုအပ်သော စောပနကြိယာ၊ မနောဒွါရသက်သက်ဖြင့် ပြုအပ်သော အဘိဇ္ဈာ စသော အမူအရာတည်း။ [စောပန၌ စုပဓာတ်သည် မန္ဒဂတိ-နှေးနှေးသွားခြင်း (လှုပ်ရှားခြင်း) အနက်ဟောတည်း။ "စောပနကြိယာ"အရ ကာယဝိညတ် ဝစီဝိညတ်ကိုလည်း အနုဖွင့်သေး၏။ ထိုအလို ရှေးရှေး ကာယ-ဝစီဝိညတ်ကို "ကာယဝိညတ္တိ"အရ ယူ၍၊ နောက်နောက် ဝိညတ်ကို"စောပနကြိယံ"အရ ယူပါ။]

၂။ **တသ္မာ တသ္မာ။ပ။စေတနံ။** ။[တသ္မာဖြင့် "ယသ္မာ။ပ။ကရောတိ"ဝါကျကို ပြန်စွဲပါ။ မဟုတ္တ "သမာန ကာလတ္တေပိ။ပ။ယုတ္တာ"ဝါကျနှင့် ယသ္မာ-စသော နောက်ဝါကျကို အစွဲပြုထား၏၊စဉ်းစားပါ။] "တသ္မာကြိယာယ ကာရိကံ"ဖြင့် "စေတနာဟံ ဘိက္ခဝေ"ဟူသော ဝါကျ၌ စေတနာ၏ ဝိသေသနကိုပြ၏။ ဤအလို "စေတနာ ဟံ ဘိက္ခဝေ"စသော ပါဠိတော်၌ "ယသ္မာ။ စေတယိတ္ဘာ၊ စေတနာဖြင့် စေ့ဆော်၍။ ကာယေန၊ ဖြင့်လည်းကောင်း။ပ။မနသာ၊ ဖြင့်လည်းကောင်း။ ကမ္မံ၊ စောပနကြိယာ အဘိဇ္ဈာ-စသော ကြိယာကို။ ကရောတိ။ တသ္မာ၊ ကြောင့်။ တဿ ကမ္မဿ၊ ထို စောပနကြိယာ အဘိဇ္ဈာဒိကြိယာကို။ ကာရိကံ၊ ပြုတတ်သော။ စေတနံ၊ ကို။

ကာယေဝါတိ၊ ကား။ ကာယဝိညတ္တိသင်္ခါတေ၊ ကာယဝိညတ် ဟု ဆိုအပ်သော။ ကာယေ ဝါ၊ ကာယဒွါရ သည်သော်လည်း။ သတီတိ၊ ကား။ ဓရမာနေ၊ ထင်ရှားရှိလတ်သော်။ ဝါ၊ တနည်း။ အနိရောဓိတေ၊ မချုပ်စေအပ်သေးလတ်သော်။ ကာယ သမုဋ္ဌာပိကာ၊ ကာယဝိညတ်ကို ဖြစ်စေတတ်သော။ စေတနာ၊ သည်။ ကာယသဉ္စေတနာ၊ မည်၏။ စ၊ ဆက်။ ဧတ္ထ၊ ဤ ပါဠိတော်၌။ သုခ ဒုက္ခုပ္ပါဒကေန၊ ကောင်းသော ဣဋ္ဌအကျိုး, မကောင်းသော အနိဋ္ဌအကျိုးကို ဖြစ်စေတတ်သော တရားသည်။ ကမ္မေန၊ ကံသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ စေတနာ စ၊ စေတနာကိုလည်း။ (ကာယသဉ္စေတနာ၌ စေတနာကိုလည်း။)သုခ ဒုက္ခုပ္ပါဒိကာ၊ ကောင်းသော ဣဋ္ဌအကျိုး,မကောင်းသော အနိဋ္ဌအကျိုးကို ဖြစ်စေတတ်၏ ဟူ၍။ (ဘဂဝတာ၊ သည်။) ဝုတ္တာ၊ ပြီ။ ဣတိ၊ ကြောင့်။ တဿာ၊ ထို စေတနာ၏။ ကမ္မဘာဝေါ၊ ကံ၏အဖြစ်သည်။ သိဒ္ဓေါ၊ ပြီးစီးသည်။ ဟောတိ။

သဉ္စေတနိယန္တိ၊ ကား။ သဉ္စေတနသဘာဝဝန္တံ၊ သဉ္စေတနာ သဘောရှိသော။ (ကမ္မံ–၌ စပ်။) သမိဒ္ဓိတ္ထေရေန၊ သမိဒ္ဓိထေရ်သည်။ သဉ္စေတနိယံ။ပ။ ဒုက္ခံ သော ဝေဒယတီတိ၊ ဟူ၍။ အဝိဘဇိတွာ၊ မခွဲခြား မဝေဖန်မူ၍။ ဗျာကတော၊ ဖြေဆိုအပ်ပြီ။ [ယခုစာအုပ်များ၌ “သုခံ သော ဝေဒယတိ”ဟု ရှိ၏။ ပါဠိတော်၌ကား “ဒုက္ခံ သော ဝေဒယတိ”ဟု ရှိ၏။] ပန၊ စင်စစ်ကား။ သော ပဉှော၊ ထို ပြဿနာကို။ သုခဝေဒနီယန္တိ အာဒိနာ၊ ဖြင့်။ ဝိဘဇိတွာ၊ ၍။ ဗျာကာတဗ္ဗော၊ ဖြေဆိုထိုက်၏။ တသ္မာ၊ ကြောင့်။ (ခွဲခြား ဖြေဆိုထိုက်သည်ကို မခွဲခြားပဲ ဖြေဆိုအပ်သည်၏ အဖြစ်ကြောင့်။) သမ္မာ ဗျာကတော နာမ၊ သမ္မာ ဗျာကတ မည်သည်။ န ဟောတိ။ ဣတရဒွယေပိ၊ သုခဝေဒနီယမှ တပါးသော ဒုက္ခဝေဒနီယ, အဒုက္ခမသုခဝေဒနီယ နှစ်ပါး အပေါင်း၌လည်း။ ဧသေဝနယော။

[၁]ပန၊ ဆက်။ ယထာ၊အကြင် အခြင်းအရာအားဖြင့်။ သုတ္တာနိ၊ ကာယေ ဝါ သတိ–အစရှိသော သုတ်တို့သည်။ ဌိတာနိ၊ တည်ရှိကုန်၏။ တထာ၊ ထို သုတ်တို့၏

ကမ္မံ၊ ကံဟူ၍။ ဝဒါမိ၊ ၏’’ဟု ပေးပါ။ ဤနည်း၌ “အကျိုးကြီးယာ၏ ကမ္မအမည်ကို အကြောင်းစေတနာ၌ တင်စား၍ ဖလူပစာရအားဖြင့် စေတနာကို ကမ္မ ဟု ခေါ်သည်”ဟု ဆိုလိုသည်။

၁။ ယထာ ပန။ပ။တထာ။ ။အဋ္ဌကထာဝယ် ကမ္မဒွါရကထာတုန်းက ကံနှင့် ဒွါရတို့၏ မရောပုံကိုလည်းကောင်း၊ အချင်းချင်း ပိုင်းခြားသတ်မှတ် နာမည်တပ်ရပုံကိုလည်းကောင်း ယေဘုယျနည်း တဗ္ဗာဟုလ္လနည်းတို့၏ အစွမ်းဖြင့် ဆိုအပ်သကဲ့သို့ ယုံ့အတူ ဤကံသုံးပါးတို့ကို ပြရာအခန်း၌ အဘယ့်ကြောင့် မဆိုအပ်ပါသနည်း ဟု မေးဖွယ်

တည်ရှိတိုင်းသော အခြင်းအရာအားဖြင့်။ [၁]စောပန။ပ။ဘူတာ၊ စောပန-ကြိယာ၏ မှီရာဖြစ်၍ ဖြစ်ကုန်သော။ ကာယဝါစာ၊ ကာယဝါစာ တို့သည်လည်းကောင်း။ (ကာယ ဝိညတ် ဝစီဝိညတ်တို့သည်လည်းကောင်း။)အဘိဇ္ဈာဒိကိရိယာ နိဿယော၊ အဘိဇ္ဈာအစရှိသော ကြိယာ၏ မှီရာဖြစ်သော။ မနော စ၊ မနသည်လည်းကောင်း။ ဒွါရာနိ၊ ဒွါရတို့မည်၏။ ပန၊ ဆက်။ (တနည်း) ပန၊ ဒွါရမည်ပုံမှဗာပါး ကံမည်ပုံကား။ ဝါသိအာဒီဟိ၊ ဓား အစရှိသည်တို့ဖြင့်။ ဆေဒနာဒိံ၊ ဖြတ်ခြင်း အစရှိသော အမှုကို။ (ကရောန္တိ) ဝိယ၊ ကဲ့သို့။ (တထာ၊ တူ။) [၂]ယာယ စေတနာယ၊ ကြောင့်။ ကရဏဘူတေဟိ၊ ကရိုဏ်းဖြစ်၍ ဖြစ်ကုန်သော။ တေဟိ ကာယာဒီဟိ၊ ထို ကာယ–အစရှိသည်တို့ဖြင့်။ စောပနာဘိဇ္ဈာဒိ ကိရိယံ၊ စောပနကြိယာ, အဘိဇ္ဈာ–အစရှိသော ကြိယာကို။ ကရောန္တိ၊ ကုန်၏။ သာ စေတနာ၊ သည်။ ကမ္မံ၊ ကံ မည်၏။ [၃]ဣတိ၊ ကြောင့်။ (စောပနကြိယာ၏ မှီရာဖြစ်၍ ဖြစ်သော ကာယဝါစာ,

---

ရှိသောကြောင့် ''ယထာ ပန''စသည်ကို မိန့်သည်။ [ပြတ်ပြီးစကားကို စောဒနာဖွယ်ရှိ၍ တက်လာသော ဝါကျာရမ္ဘတည်း။ တထာကို ဒွါရာနိ၊ ကမ္မံ ဣတိ-တို့၌ စပ်ပါ။] ဆိုလိုရင်းကား-ယထာ သုတ္တာနိ ဌိတာနိ၊ တထာ ဒွါရာနိ ကမ္မန္တိ ဣတိ=ကာယေ ဝါ ဟိ သတိ-စသော ပါဠိတော်များ တည်ရှိသည့်အတိုင်းပင် ''မည်သည့်တရားတို့က ဒွါရ၊ မည်သည့်တရားတို့က ကံ''ဟု သတ်မှတ်ပုံ ထင်ရှားပါသည်။ ထို့ကြောင့် ကမ္မ-ဒွါရကထာတုန်းကကဲ့သို့ ယေဘုယျနည်း တဗ္ဗာဟုလ္လနည်းအားဖြင့် မဆိုအပ်တော့ပါ၊-ဟူလို။

၁။ စောပနကြိယာ။ပ။ဒွါရာနိ။ ။စိတ္တဇဝါယောဓာတ် လွန်ကဲသော ရုပ်ကလာပ်ဝယ် ဝါယောဓာတ်၏ ရုပကာယကို တောင့်ထားခြင်း လှုပ်ရှားစေခြင်းကြိယာ၊ စိတ္တဇပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်ဝယ် ပထဝီဓာတ်၏ ဥပါဒိန္နက ပထဝီဓာတ်တို့၌ ထိခိုက်ခြင်းကြိယာကို ''စောပနကြိယာ''ဟု ခေါ်သည်။ ထိုကြိယာတို့၏မှီရာ ဥပနိဿယသည် ကာယဝါစာဟူသော ဝိညတ် ၂-ပါးတည်း။ အဘိဇ္ဈာဒိကြိယာ၏မှီရာ ဥပနိဿယသည် မနတည်း။ ထို ၃-ပါးကို ''ဒွါရ''ဟု ခေါ်၏။

၂။ ယာယ ပန။ပ။ကမ္မံ။ ။[''တေဟိ ကာယာဒီဟိ''ပုဒ်က ကရိုဏ်းဖြစ်သောကြောင့် ယာယ စေတနာယ-ကို ဟိတ်အနက် ပေးရသည်။] ဓား စသည်တို့ဖြင့် ဖြတ်မှုစသည်တို့ကို ပြုရသကဲ့သို့၊ ကာယ–စသည်တို့ဖြင့် စောပနကြိယာ စသည်ကို ပြုကြောင်းစေတနာသည် ကံမည်၏။

၃။ ဣတိ ဒွါရပ္ပဝတ္တိယံ။ပ။ ဒိဿတိ။ ။ဣတိကို တသ္မာ-ဟု မခုဖွင့်၏။ ထိုတသ္မာဖြင့် ရှေ့၌ပြခဲ့သော စောပနကြိယာနိဿယဘူတာ - စသည်ကို (နိဿယအတိုင်း) စွဲပါ။ ဒွါရပ္ပဝတ္တိယမ္ပိကို ''အညသ္မိံ ဒွါရေ အညေသံ ကမ္မာနံ ပဝတ္တိယံ သတိပိ – ပါဏာတိပါတ-စသော ကံက ဝစီဒွါရ၌ လည်းကောင်း၊ မုသာဝါဒ–စသောကံက ကာယဒွါရ၌လည်းကောင်း ဤသို့စသည်ဖြင့် အခြားဒွါရ၌ အခြားကံ

အဘိဇ္ဈာဒိကြိယာ၏ မှီရာဖြစ်သော မနတို့၏ ဒွါရ-မည်ကုန်သည်၏ အဖြစ်, ကာယ-အစရှိသည်တို့ဖြင့် စောပနကြိယာ အဘိဇ္ဈာဒိကြိယာကို ပြုကြောင်း စေတနာ၏ ကံမည်သည်၏ အဖြစ်ကြောင့်။) ဒွါရပ္ပဝတ္တိယံ၊ ဒွါရတပါး၌ ကံတပါး:တို့၏ ဖြစ်ခြင်းသည်။ (သတိ) ပိ၊ သော်လည်း။ ကမ္မဒွါရဘေဒနံ စ၊ ကံနှင့် ဒွါရတို့ကို ခွဲခြားခြင်းသည်လည်းကောင်း။ ကမ္မဒွါရ ဝဝတ္ထာနဉ္စ၊ ကံ ဒွါရတို့ကို ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည့်လည်းကောင်း။ ဒိဿတိ၊ ကွဲကွဲပြားပြား ထင်ရှား၏။ ^၁^စ၊ လဒ္ဓဂုဏ်ကို ပြဉီးအံ့။ ဧဝံ သတိ၊ သော်။ ကာယေန ။ပ။ ဂါထာယော၊ တို့သည်။ အတိဝိယ၊ အလွန်အကဲသာလျှင်။ ယုဇ္ဇန္တိ၊ သင့်မြတ်ကုန်၏။

လောကုတ္တရမဂ္ဂေါ၊ လောကုတ္တရမဂ်သည်။ ဣဓ လောကိယကမ္မကထာယံ၊ ဤ လောကီဖြစ်သော ကမ္မကထာ၌။ အနဓိပ္ပေတော၊ အလို မရှိအပ်သည်။ (သမာနော)ပိ၊ သော်လည်း။ ဘဇာပိယမာနော၊ ကပ်ဝင်စေအပ်သော်။ (သွင်းအပ်သော်။) တီဏိ၊ ကုန်သော။ ကမ္မာနိ၊ ကံတို့သို့။ ဘဇတိ၊ ကပ်ဝင်၏။ [“လောကုတ္တရမဂ္ဂေါ ဘဇာပိယမာနော”ဟူသော အဋ္ဌကထာ စကားကိုပင် “ဣဓ လောကိယ ကမ္မကထာယံ အနဓိပ္ပေတောပိ” ဟု ထည့်၍ဖွင့်သည်။]

တို့ ဖြစ်ပါသော်လည်း”ဟု မဓုဖွင့်၏။ “ကမ္မဒွါရာနံ အသံမိဿနံ” ဟူသော မဓု အဖွင့်ကိုကြည့်၍ “ကမ္မဒွါရဘေဒနဉ္စ”ဟု ရှိသင့်၏။ ကမ္မဒွါရဝဝတ္ထာနံ၏ အဖွင့်ကိုလည်း “ကမ္မဒွါရာနဉ္စ အညမညနိယမနံ” ဟု မဓု၌ ပါ၍ရှိသင့်၏။ .... ဆိုလိုရင်း ကား-ပါဏာတိပါတ-စသော ကံတို့သည် အခြားဒွါရ၌ဖြစ်သော်လည်း “ကာယေ ဝါ ဟိ သတိ” စသော သုတ်တို့အတိုင်း ခွဲခြားလျှင် ကာယဒွါရ၌ ဖြစ်သမျှကံသည် မုသား ပင်ဖြစ်သော်လည်း ကာယကံ ဟုလည်းကောင်း၊ ဝစီဒွါရ၌ ဖြစ်သမျှကံသည် ပါဏာတိ ပါတပင် ဖြစ်သော်လည်း ဝစီကံဟုလည်းကောင်း ဤသို့စသည်ဖြင့် ကမ္မဒွါရတို့ကို မရောယှက်အောင် ခွဲခြားခြင်း နာမည်တပ်ခြင်းသည် ထင်ရှားပါသည်-ဟူလို။

၁။ ဧဝဉ္စ ။ပ။ ယုဇ္ဇန္တိ။ ။ဤဝါကျသည် လဒ္ဓဂုဏ ဝါကျတည်း။ ဤပြခဲ့သော အဓိပ္ပာယ်အရ ယောဇနာနည်း တဗ္ဘာဝဟုလှနည်းအားဖြင့် မဟုတ်ပဲ ပါဠိတော် တည်ရှိ သည့်အတိုင်း ကမ္မဒွါရကို ခွဲခြား၍ နာမည်တပ်နိုင်သောကြောင့် “ကာယေန စေ ကတံ ကမ္မံ” စသော ဂါထာတို့သည် အလွန်ပင် သင့်လျော်ခြင်းဂုဏ်ကို ရကြပေသည်။ ထို ဂါထာတို့ကလည်း ကာယဒွါရဖြင့် ပြုအပ်လျှင် မုသားပင်ဖြစ်သော်လည်း ကာယကံ၊ ဝစီဒွါရဖြင့် ပြုအပ်လျှင် ပါဏာတိပါတပင် ဖြစ်သော်လည်း ဝစီကံဟူသော အဓိပ္ပာယ် ကိုပြကြ၏။ထိုအဓိပ္ပာယ်သည် အလွန် သင့်မြတ်ပါသည်-ဟူလို။

မနေန ဒုဿီလျ[၁]န္တိ၊ ပါဌ်ဖြင့်။ ကာယိက။ ပ။ ဝစ္စံ၊ ကာယဒွါရ၌ ဖြစ်သော လွန်ကျူးမှု, ဝစီဒွါရ၌ ဖြစ်သော လွန်ကျူးမှုသည် ကြဉ်အပ်သော။ သဗ္ဗံ၊ သော။ အကုသလံ၊ ကို။ သင်္ဂဏှာတိ၊ ၏။ ဝါ၊ တနည်း။ မိစ္ဆာဒိဋ္ဌိ ။ ပ။ သမာဓိံ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိကို။ (သင်္ဂဏှာတိ)။ အပိစ၊ သည်သာမကသေး။ ဝါ၊ ဆက်ဦးအံ့။ တော်၊ ဤမနေန ဒုဿီလျကို။ မနသာ ။ ပ။ ဝုတ္တာသာ၊ ဟောတော်မူအပ်သော။ သံဝရဿ၊ သံဝရ၏။ ပဋိပက္ခဝသေန၊ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ သီလဝိပတ္တိဝသေန၊ သီလ ပျက်စီးခြင်း၏ အစွမ်းဖြင့်။ န ဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။ ဟိ၊ မှန်။ (တနည်း) ဟိ (ယသ္မာ)။ သာ၊ ထို သီလဝိပတ္တိသည်။ မာနသိကာ၊ မနောဒွါရ၌ ဖြစ်သော သီလဝိပတ္တိသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ (သီလဝိပတ္တိဝသေန န ဝုတ္တံ။) [မနသက်သက်ဖြင့် သီလမပျက်နိုင်သောကြောင့် "န သီလဝိပတ္တိဝသေန" ဟု ဆိုသည်-ဟူလို။]

မဂ္ဂသောဝ[၃]၊ မဂ်ကိုသာလျှင်။ ဘဇာပနံ၊ ကပ်ဝင်စေခြင်းသည်။ မဟာဝိသယ-တ္တာ၊ ဗောဇ္ဈင်ထက် ကျယ်သော အရာရှိသည်၏အဖြစ်ကြောင့်။ (ဟောတိ။)

၁။ မနေန ဒုဿီလျံ။ ။ကာယေန ဒုသီလျံဖြင့် ကာယဒွါရ၌ ဖြစ်သော လွန်ကျူးမှုကိုသာ ယူသကဲ့သို့လည်းကောင်း၊ ဝါစာယ ဒုသီလျံဖြင့် ဝစီဒွါရ၌ ဖြစ်သော လွန်ကျူးမှုကိုသာ ယူသကဲ့သို့လည်းကောင်း။ မနေန ဒုဿီလျံဖြင့် မနောဒွါရ၌ ဖြစ်သော လွန်ကျူးမှုကိုသာ ယူရပါသလော ဟု မေးဖွယ်ရှိသောကြောင့် "မနေန ဒုဿီလျန္တိ" စသည်ကို မိန့်သည်။ ဤ မနဒုဿီလျ၌ မနောဒုစရိုက် ၃-ပါးသာ မက၊ ကာယိက ဝါစသိက လွန်ကျူးမှုမှ ကြွင်းသော အကုသိုလ်အားလုံးကို ယူနိုင်၏။ တနည်း-ဝိရတိ ၃-ပါးမှ ကြွင်းသော မဂ္ဂင် ၅-ပါး၏ ပြောင်းပြန်ဖြစ်သော မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတို့ကို ယူရ၏။ ထို့ကြောင့် "တံမှာ သံဝရော" ၌လည်း သမ္မာဒိဋ္ဌိ-စသော ၅-ပါးကိုသာ အဋ္ဌကထာ ပြသည်။

၂။ အပိစေတံ။ ။စာအုပ်များ၌ "တမ္ပိစေတံ" ဟု တွေ့ရ၏။ မဓုဋီကာ၌ တေံကို "မနေန ဒုဿီလျံ" ဟု စွဲ၍ "အပိစသဒ္ဒေါ နိပါတသမုဒါယော အာရမ္ဘတ္ထော" ဟု ရှိသောကြောင့် "အပိစေတံ" ဟု ရေးပါ၌ ရှိဟန်တူသည်။ ဆိုလိုရင်းကား-မနေန ဒုဿီလျံ-စသောစကားကို သီလဝိပတ္တိဖြစ်သော ဒုဿီလျကိုရည်ရွယ်၍ ဆိုသည်မဟုတ်၊ "မနသာ သံဝရော သာဓု" ဟု ဟောတော်မူအပ်သော သံဝရ၏ ဆန့်ကျင်ဘက် အနေအားဖြင့် ဆိုအပ်သည်-ဟူလို။

၃။ မဂ္ဂသောဝ။ ။စေတနာ သမ္ပယုတ္တခန္ဓာတို့ကို ပြရာ၌ ဗောဇ္ဈင်နှင့် မဂ္ဂင် ၂-မျိုးကို ပြထားသော်လည်း ကံသို့ သွင်းရာဝယ် လောကုတ္တရာမဂ်ကိုသာပြ၍ ဗောဇ္ဈင်ကို မပြခြင်းမှာ မဂ်က ကံ ၃-ပါးလုံး၌ ဝင်နိုင်သည့်အတွက် အရာကျယ်သောကြောင့်လည်းကောင်း၊ မဂ်ကိုသွင်းပြလိုက်လျှင် မနောကံ၌သာ ဝင်နိုင်သည့်အတွက် အရာကျဉ်းသော ဗောဇ္ဈင် သွင်းနည်းကိုလည်း သိနိုင်သောကြောင့်လည်းကောင်းတည်း။

[မဝုဋီကာ၌ "ဟောတိ" ဟု မထည့်ပဲ "ကတံ" ဟု ထည့်သည်။] ဟိ၊ မှန်။ (တနည်း) ဟိ(ယသ္မာ)။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ မနောကမ္မမေဝ၊ မနောကံသို့သာ။ (ဝေဖြင့်ကာယကံ ဝစီကံတို့ကိုကန့်။) ဘဇေယျုံ၊ ကုန်ရာ၏။ စ၊ သည်သာ မကသေး။ မဂ္ဂဘဇာပနေနေဝ၊မဂ်တို့ကို ကပ်ဝင်စေခြင်း (သွင်းခြင်း) ဖြင့်ပင်။ တေသံ၊ ထိုဗောဇ္ဈင်တို့ကို။ ဘဇာပနံ၊ ကပ်ဝင်စေခြင်းကို။ (ကပ်ဝင်စေနည်းကို။) ဝိညာတုံ၊ သိခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းသည်ကား။ န၊ မဟုတ်။ (သက္ကာ ဝေ။) ဣတိ၊ ကြောင့်။ (မဂ္ဂဿဝ ဘဇာပနံ ဟောတိ။)

ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တာနမ္ပိ၊ မရောက်သော ကံတို့၏လည်း။ တံတံ ဒွါရေ၊ ထိုထိုဒွါရ၌။ သံသန္ဒနံ၊ နှီးနှောခြင်းသည်လည်းကောင်း။ အဝရောဓနံ၊ သက်ဝင်စေခြင်းသည်လည်းကောင်း။ [သံသန္ဒနံကို "အဝရောဓနံ" ဟု ထပ်ဖွင့်။] ဒွါရန္တရေ၊ ဒွါရတပါး၌။ ကမ္မန္တရုပ္ပတ္တိယံ၊ ကံတပါးတို့၏ ဖြစ်ခြင်းသည်။ (သတိ) ပိ၊ ရှိသော်လည်း။ ကမ္မဒွါရာဘေဒနဉ္စ၊ ကံ ဒွါရတို့၏ မပျက်ခြင်းသည်သည်းကောင်း။ ဒွါရသံသန္ဒနံ နာမ၊ ဒွါရသံသန္ဒန မည်၏။ [အဓိပ္ပာယ်ကို အဋ္ဌကထာ ဘာသာဋီကာ၌ ပြထားပြီ။]

တိဝိဓာ။ပ။အာဒိနာ၊ ဖြင့်။ ကမ္မပ္ပထပ္ပတ္တာဝ၊ ကမ္မပထသို့ ရောက်သည်သာလျှင်ဖြစ်သော။ သန္နိဋ္ဌာပကစေတနာ၊ အပြီးအဆုံးသို့ ရောက်စေကြောင်း စေတနာကို။ ဝါ၊ ဆုံးဖြတ်ကြောင်း စေတနာကို။ ကမ္မန္တိ၊ ဟူ၍။ ဝုတ္တာ၊ ပြီ။ ဣတိ၊ ကြောင့်။ သဗ္ဗာ၊ သော။ ပုရိမစေတနာ၊ ရှေး၌ဖြစ်သော စေတနာကို။ ကာယကမ္မံ န ဟောတီတိ၊ ကာယကံ မမြောက်ဟူ၍။ ဝုတ္တာ၊ အဋ္ဌကထာ၌ ဆိုအပ်ပြီ။["ကာယကမ္မံ နာမ ဟောတိ န ဟောတီတိ၊ န ဟောတိ"ဟူသော စကားကို ရည်ရွယ်၍"ကာယကမ္မံ န ဟောတီတိ ဝုတ္တာ"ဟု ဆိုသည်။]

အာဏာပေတွာ။ပ။အလဘန္တဿာတိ၊ ဟူသောစကားကို။ အာဏတ္တေဟိ၊ စေခိုင်းအပ်သူတို့သည်။ အမာရိတဘာဝံ၊ မသတ်အပ်သည်၏ အဖြစ်ကို။ (သတ်မှုအထမမြောက်သည်၏ အဖြစ်ကို။) သန္ဓာယ ဝုတ္တံ၊ အကမ္မပထဘာဝတော၊ ကမ္မပထ မမြောက်သည်၏ အဖြစ်ကြောင့်။ ဝစီဒုစ္စရိတံ နာမ ဟောတိ။ ဣတိ၊ ကား။အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ ["ဝစီဒွါရေပိ။ပ။ဝစီဒုစ္စရိတံ နာမ ဟောတိ"၏ အဖွင့်။ အကယ်၍ စေခိုင်းအပ်သူတို့က တောထဲ၌ သားကောင်တို့ကို သတ်မှု အထမြောက်လျှင် စေခိုင်းသူမှာ ပါဏာတိပါတ ကာယကံ ဖြစ်ရလိမ့်မည်-ဟူလို။]

ဣမေ သတ္တာ၊ တို့ကို။ ဟညန္တု၊ သတ်အပ်ပါစေကုန်။ ဣတိ၊ သို့။ ပဝတ္တဗျာပါဒဝသေန၊ ဖြစ်သော ဗျာပါဒ၏ အစွမ်းဖြင့်။ (ဟောတိ။) [သော စ ခေါ ဗျာပါဒဝသေန-၏ အဖွင့်။]

ကာယကမ္မဝေါဟာရလာဘာ၊ ကာယကံဟု ခေါ်ဝေါ်အပ်သော အမည်ကို ရခြင်းကြောင့်။ စေတနာပက္ခိကာ ဝါ၊ စေတနာ၏ အသင်းအပင်း၌ ပါဝင်ကုန်သည်လည်းကောင်း။ မနောကမ္မဝေါဟာရဝိရဟာ၊ မနောကံဟု ခေါ်ဝေါ်အပ်သော အမည်မှကင်းခြင်းကြောင့်။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံဟု ခေါ်ဝေါ်အပ်သော အမည်ကို မရထိုက်ကုန်သည်လည်းကောင်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သသမ္ဘာရပထဝီအာဒီသု[၁]၊ အဆောက်အဦနှင့် တကွဖြစ်သော မြေကြီးအစရှိသည်တို့၌။ အာပါဒယော၊ အာပေါ-ဓာ-စရှိသည်တို့သည်။ ဧတ္ထ၊ ဤ အဗ္ဗောဟာရိက အရာ၌။ နိဒဿနံ၊ ညွှန်ပြကြောင်း ဥဒါဟရုဏ်တည်း။

ကုလုမ္ဗဿာတိ၊ကား။ ဂဗ္ဘဿ၊ကိုယ်ဝန်သူငယ်ကို။ ဝါ၊ တနည်း။ကုလဿ၊ အမျိုးအနွယ်ကို။ (ဥပဃာတော ဟောတိ-၌ စပ်။) ဣတိ အတ္ထော ဧဝ၊ ဤအနက်ကိုသာ။ (ဒဋ္ဌဗ္ဗော၊ ၏။)[ဧဝဖြင့်"ဂဗ္ဘဿ"ဟူသောအနက်ကို ကန့်။] တိဿောပိ၊ ၃ -တန်လည်း ဖြစ်ကုန်သော။ သင်္ဂီတိယော၊ သင်္ဂါယနာတို့သို့။ အာရုဠ္ဟတာယ၊ တက်ရောက်သည်၏ အဖြစ်ကို။ အနနုဇာနနတော၊ ခွင့်မပြုလိုသည်၏ အဖြစ်ကြောင့်။ တဝ သုတ္တဿာတိ၊ ဟူ၍။ ဝုတ္တံ။ ဒသဝိဓာ၊ သော။ ဣဒ္ဓိ၊ ကို။ ပဋိသမ္ဘိဒါမဂ္ဂေ၊ ၌။ ဣဒ္ဓိကထာယ၊ ဣဒ္ဓိကထာမှ။ ဂဟေတဗ္ဗာ၊၏။

ဘာဝနာမယန္တိ၊ ဟူသော စကားကို။ အဓိဋ္ဌာနိဒ္ဓိံ၊ အဓိဋ္ဌာနိဒ္ဓိကို။ သန္ဓာယ ဝဒတိ။ ဃဋဘေဒေါ ဝိယ၊ အိုး၏ ကွဲခြင်းကဲ့သို့။ ပရူပဃာတော၊သူတပါးကို သတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥဒကဝိနာသော ဝိယ၊ ရေ၏ ပျက်စီးခြင်းကဲ့သို့။ ဣဒ္ဓိဝိနာသော စ၊ တန်ခိုး၏ ပျက်စီးခြင်းသည်လည်း။ဟောတိ၊ ၏။ ဣတိ၊ သို့။ ဥပမာ၊ သည်။ သံသန္ဒတိ၊ ဥပမေယျနှင့် ရောနှော၏။

တဝ ပဋ္ဌောတိ၊ ကား။ ဘာဝနာမယာယ၊ ဘာဝနာမယိဒ္ဓိဖြင့်။ပရူပဃာတော၊ သူတပါးကို သတ်နိုင်ခြင်းသည်။ ဟောတိ။ ဣတိ၊ သို့။ ဝုတ္တော၊

၁။ သသာရမ္ဘာပထဝီအာဒီသု။ ။ပကတိမြေကြီးကို ပထဝီမှကြွင်းသော အာပေါစသော အဆောက်အဦတို့နှင့် တကွဖြစ်သောကြောင့် "သသမ္ဘာရပထဝီ"ဟု ခေါ်၏။ ထိုမြေကြီး၌ အာပေါ တေဇော ဝါယောတို့ ပါသော်လည်း"ရေ, မီး, လေ"ဟူသော ဝေါဟာရကို မရပဲ မြေအမည်၌ ပါဝင်ကြရတော့၏။ အာဒိဖြင့် သသမ္ဘာရ ရေ, မီး, လေ တို့ကို ယူပါ။ ပကတိရေ၌ မြေ,မီး,လေတို့ ပါဝင်ကြသော်လည်း ရေဟူသော ဝေါဟာရ၌ ပါဝင်ကြရ၏။မြေဟူသော မီးဟူသော လေဟူသော ဝေါဟာရ (နာမည်)ကို မရတော့၊ ဤသို့စသည်ဖြင့် သိပါ။

သော။ ဉာပေတုံ၊ သူတပါးကို သိစေခြင်းငှာ။ ဝုစ္စတော၊ သော။ အတ္ထော၊ တည်း။

အာထဗ္ဗနိဒ္ဒိ၊ ဟူသည်။ ဝိဇ္ဇာမယိဒ္ဒိ၊ သည်။ ဟောတိ၊ ၏။.... သတ္တမေ ပဒေတိ၊ ကား။ မဏ္ဍလာဒိတော၊ စည်းဝိုင်း အစရှိသောအရပ်မှ။ သတ္တမေ၊ ခုနစ်လှမ်းမြောက် ဖြစ်သော။ ပဒေ၊ ခြေလှမ်း၌။ (ဌတွာ-၌ စပ်။)

ဝစနတ္တရေန၊ တပါးသော စကားဖြင့်။ ဂမိတဗ္ဗတ္ထံ၊ သိထိုက်သော အနက် ရှိသော သုတ်သည်။ နေယျတ္ထံ၊ နေယျတ္ထ မည်၏။ သယမေဝ၊ မိမိ ပါဠိ အတိုင်းပင်။ ဂမိတဗ္ဗတ္ထံ၊ သည်။ နီတတ္ထံ၊ မည်၏။

ကိရိယတော။ပ။အကိရိယတောတိ၊ ဟူသော ပုစ္ဆာကို။ တေန၊ ထို ဝိတဏ္ဍ ဝါဒီ သည်။ အဓိပ္ပေတာံ၊ သော။ သမ္ဗဇာနမုသာဝါဒံ၊ သမ္ဗဇာနမုသာဝါဒ ပါစိတ်ကို။။ သန္ဓာယ ပုစ္ဆတိ။ ဥပေါသထက္ခန္ဓကေ၊ ၌။ ဝုတ္တံ၊ ဟောတော် မူအပ်သော သမ္ဗဇာနမုသာဝါဒကို။ (သန္ဓာယ။)နှ(ပုစ္ဆတိ)၊မေးသည် မဟုတ်။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ဝိညာယတိ) ဟိ (ယသ္မာ)။ တတ္ထ၊ ထိုဥပေါ-သထက္ခန္ဓက၌။ အဝုတ္တမေဝ၊ မဟောအပ်သည်သာလျှင် ဖြစ်သော။ အနရိယ ဝေါဟာရံ၊ အနရိယဝေါဟာရကို။ (မဟုတ်မမှန် ပြောဆိုခြင်းကို။)သော၊ ထို ဝိတဏ္ဍဝါဒီသည်။ ဝုတ္တန္တိ၊ ဟောတော်မူအပ်ပြီ ဟူ၍။ ဂဟေတွာ၊ ၍။ ဝေါဟရတိ၊ ပြောဆို၏။ ဣတိ၊ ကြောင့်။(ဥပေါသထက္ခန္ဓကေ။ ဝုတ္တံ၊ကို။ နှ ပုစ္ဆတိ၊ ဣတိ ဝိညာယတိ။) ဝါစာဂိရန္တိ၊ ကား။ ဝါစာသင်္ခါတံ၊ စကား ဟု ဆိုအပ်သော။ ဂိရံ၊ အသံကို။ ဝါ၊ တနည်း။ ဝါစာနုစ္စာရဏံ၊ အဖန်ဖန် မြွက်ဆိုအပ်သော စကားကို။(နေဘာဏေယျ-၌ စပ်။)

ခန္ဓသိဝါဒယော သေဋ္ဌာတိ(တွေ)၊ ၌။ ခန္ဓာတိ၊ ကား။ ကုမာရော၊ ကုမာရ နတ်တို့တည်း။ ဝါ၊ ခဒိနတ်တို့တည်း။ သိဝါတိ၊ ကား။ မဟေဿရော၊ မဟေ ဿရ နတ်တို့တည်း။ မိစ္ဆာဒိဋ္ဌိယာ၊မိစ္ဆာဒိဋ္ဌိကို။ နိဒဿနတ္ထံ၊ ညွှန်ပြခြင်း အကျိုး ငှာ။ ဣဒံ၊ ဤ ခန္ဓသိဝါဒယော သေဋ္ဌာ-ဟူသော စကားကို။ (သင်္ဂဟကာရေန) ဝုတ္တံတိ ဒဋ္ဌဗ္ဗံ။ ဟိ၊ မှန်။ (တနည်း-ကသ္မာ ဝိညာယတိ၊)ဟိ(ယသ္မာ)။ နတ္ထိက-ဒိဋ္ဌာဒယော၊အစရှိသော အယူတို့သည်သာ။(ဧဝဖြင့် ခန္ဓသိဝါဒယော သေဋ္ဌာ ကို ကန့်။) ကမ္မပထပ္ပတ္တာ၊ ကမ္မပထသို့ ရောက်ကုန်သည်။ (ဟုတွာ။) ကမ္မံ၊ ကံမည်၏။ ဣတိ၊ ကြောင့်။ (မိစ္ဆာဒိဋ္ဌိယာ။ပ။ဒဋ္ဌဗ္ဗံ၊ ဣတိ ဝိညာယတိ။)

စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာတိ၊ကား။ကာယဒွါရေ၊၌လည်းကောင်း။ ဝစီဒွါရေ စ၊ ၌လည်းကောင်း။ သမုဋ္ဌိတာ၊ ဖြစ်သည်။ (သမာနာ) ပိ၊ သော် လည်း။ ကာယကမ္မန္တိ စ၊ ဟူ၍လည်းကောင်း။ ဝစီကမ္မန္တိ စ၊ ဟူ၍လည်း

ကောင်း။ ဝေါဟာရံ၊ ခေါ်ဝေါ် အပ်သော အမည်ကို။ န လဘတိ။ (ကသ္မာ၊ နည်း။) အဘိဇ္ဈာဒိပ္ပဝတ္တာနုတ္တာ၊ အဘိဇ္ဈာ အစရှိသော မနောကံ တို့က ပဝတ္တာနုတို့၏ အဖြစ်ကြောင့်တည်း။

ပန၊ ဆက်။ တိဝိဓာ။ပ။မနောကမ္မန္တိ၊ ဟူ၍။ ဝစနတော၊ မူခြင်းကြောင့်။ သဘာဝေ နေဝ၊ မိမိသဘောအားဖြင့်ပင်။ သာ၊ထို စေတနာသည်။ မနောကမ္မံ၊ မနောကံတည်း။ အဘိဇ္ဈာဒိပက္ခိကတ္တာ၊ အဘိဇ္ဈာ အစရှိသည်တို့၏ အဖို့၌ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။ (မနောကမ္မံ၊ သည်။) န၊ မဟုတ်။ ဣတိ၊ ကြောင့်။ အဘိဇ္ဈာဒိပက္ခိကာ ဝါတိ၊ ဟူ၍။ (သင်္ဂဟကာရေန) န ဝုတ္တံ။

ဣမသ္မိံ ပန ဌာနေ၊ ဤ မနောကံ၏ မနောဒွါရဝယ် ဖြစ်ရာ၌။ ကာယင်္ဂ-ဝါစင်္ဂါနိ၊ တို့ကို။ အစောပေတွာ၊ ၍။ စိန္တနကာလေ၊ ၌။ စေတနာပိ၊ သည် လည်းကောင်း။ စေတနာ သမ္ပယုတ္တဓမ္မာပိ၊ တို့သည်လည်းကောင်း။ မနော-ဒွါရေ ဧဝ၊ ၌သာ။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ တသ္မာ။ စေတနာယ၊ ၏။ အဗ္ဗောဟာရိက ဘာဝေါ၊ အဗ္ဗောဟာရိက-၏အဖြစ်သည်။ ကထဉ္စိ၊ တစုံတခု သော အကြောင်းကြောင့်မျှ။ နတ္ထိ၊ မရှိတော့။ ·ဣတိ၊ ကား။အဓိပ္ပာယော၊ သင်္ဂဟကာရ ဆရာ၏ အလိုတည်း။

တိဝိဓာ။ပ။ဝစနတော၊ အစရှိသော စကားကို ဟောတော်မူခြင်းကြောင့်။ ပါဏာတိပါတာဒိ ပဋိပက္ခဘူတာ၊ ပါဏာတိပါတ အစရှိသည်တို့၏ ဆန့်ကျင် ဘက် ဖြစ်၍ဖြစ်ကုန်သော။ တဗ္ဗိရတိဝိသိဋ္ဌာ၊ ထို ပါဏာတိပါတ အစရှိသည် တို့မှ ရှောင်ကြဉ်ခြင်းသည် အထူးပြုအပ်ကုန်သော။ စေတနာဝ၊ စေတနာ တို့သည်ပင်။ ပါဏာတိပါတဝိရတိ အာဒိကာ၊ ပါဏာတိပါတဝိရတိ အစရှိသည် တို့သည်။ ဟောန္တိ။ ဣတိ၊ ကြောင့်။ စေတနာ ပက္ခိကာဝါတိ၊ ဟူ၍။ ဝုတ္တံ။ ဝိရတိပက္ခိကာတိ၊ ဟူ၍။ န (ဝုတ္တံ)။....ရက္ခတီတိ၊ ကား။ အဝိနာသေတွာ၊ မဖျက်ဆီးမူ၍။ ကထေတိ၊ ပြော၏။ ဘိန္ဒတီတိ၊ ကား။ ဝိနာသေတွာ၊ ဖျက်ဆီး၍။ ကထေတိ၊ ၏။ ။ကမ္မကထာဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

ပဉ္စဝိညာဏ စသည် အဖွင့်

စက္ခုဝိညာဏဒွါရန္တိ၊ ကား။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ ဒွါရံ ဒွါရတည်း။ ဝါ၊ တနည်း။ စက္ခု စ၊ စက္ခုပသာဒလည်း ဟုတ်၏။ တံ၊ ထို စက္ခုပသာဒ ဟူသည်။ ဝိညာဏဒွါရဥ္စ၊ စက္ခုဒွါရိက ဝီထိ ဖြစ်သော ဝိညာဉ် တို့၏ ဒွါရလည်း ဟုတ်၏။ ဣတိ၊ ကြောင့်။ စက္ခုဝိညာဏဒွါရံ၊ မည်၏။ ဝါ၊ တနည်း။ စက္ခု၊ စက္ခုဟူသော။ ဝိညာဏဒွါရံ၊ စက္ခုဒွါရိကဝီထိ ဖြစ်သော

ဝိညာဥ်တို့၏ဒွါရ။ ဣတိ၊ သို့။ အသမာသနိဒ္ဒေသော၊ သမာသ်မဟုတ်သော ဝါကျကို ညွှန်ပြခြင်းသည်။ (ဟောတိ။) ပန၊ ဆက်။ တံ၊ ထို စက္ခုဝိညာဏဒွါရ ဟူသည်။ စက္ခုမေဝ၊ စက္ခုပသာဒ ပင်တည်း။ သေသေသုပိ၊ စက္ခုဝိညာဏ ဒွါရံ ပုဒ်မှကြွင်းသော သောတဝိညာဏဒွါရံ အစရှိသော ပုဒ်တို့၌လည်း။ ဧသ၊ ဤအစီအရင်သည်။ နယော၊ သိကြောင်း အစီအရင်တည်း။

စက္ခုန္နာ။ပ။အာဒိကာယ၊ သော။ ဂါထာယ၊ ၌။ ပသာဒ။ပ။သံဝရော၊ ပသာဒကာယသံဝရ, စောပနကာယသံဝရ ၂-ပါးတို့ကို။ ဧ-ဇ္ဈံ၊ တပေါင်းတည်း။ ကတွာ၊ ၍။ ကာယေန သံဝရော၊ ကာယေန သံဝရကို။ (ဘဂဝတာ) ဝုတ္တော။ တံ၊ ထို ကာယေန သံဝရကို။ ဣဓ၊ ဤ အဋ္ဌကထာ၌။ ဘိန္ဒိတွာ၊ ၂-မျိုးခွဲ၍။ အဋ္ဌသံဝရာ၊ ရှစ်ပါးသော သံဝရတို့ကို။ (ကထိတာ။)တပ္ပဋိပက္ခဘာဝေန၊ ထို ရှစ်ပါးသောသံဝရတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ဖြင့်။အသံဝရာ၊ တို့ကို။ အဋ္ဌ၊ ဟူ၍။ ကထိတာ၊ (အဋ္ဌကထာ၌) ဆိုအပ်ကုန်ပြီ။

သီလသံဝရာဒယောပိ၊ သီလသံဝရ အစရှိသော သံဝရတို့သည်လည်း။ (ပိဖြင့် ၅-ပါးချင်း တူသော အသံဝရကိုပေါင်း။) သဗ္ဗဒွါရေသု၊ အလုံးစုံသော စက္ခုစသော ဒွါရတို့၌။ ဥပ္ပဇ္ဇမာနာပိ၊ ကုန်သော်လည်း။ ပဉ္စေဝ၊ တရားကိုယ်အားဖြင့် ၅-ပါးသာလျှင် ဖြစ်ကုန်သော။ သံဝရာ၊ တို့သည်။ (ဟောန္တိ။) [၅-ပါး သရုပ် နောက်၌လာလတ္တံ့။] တပ္ပဋိပက္ခဘာဝေန၊ ထိုသံဝရတို့၏ ဆန့်ကျင်ဘက်တို့၏ အဖြစ်ဖြင့်။ ဒုဿီလျာဒီနိ၊ ဒုဿီလျ အစရှိသော ၅-ပါးတို့ကို။ အသံဝရာတိ၊ တို့ဟူ၍။ ဝုတ္တာနိ။

တတ္ထ၊ ထို ၅-ပါးတို့တွင်။ ဒုဿီလျံ၊ ဟူသည်။ ပါဏာတိပါတာဒိစေတနာ၊ ပါဏာတိပါတ အစရှိသော စေတနာတည်း။ မုဋ္ဌဿစ္စံ၊ ဟူသည်။ သတိပဋိပက္ခာ၊ သတိ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ တို့တည်း။ (မုဋ္ဌဿစ္စံ၊ ဟူသည်။) ပမာဒံ၊ မေ့လျော့ကြောင်း ဖြစ်သော အကုသိုလ်စိတ္တုပ္ပာဒ်တည်း။ ဣတိ၊ သို့။ ကေစိ (ဝဒန္တိ)။ သီတာဒီသု၊ အအေး အစရှိသည်တို့ကြောင့်။ ပဋိဃော၊ စိတ်ကို ထိပါးတတ်သော ဒေါသသည်။ အက္ခန္တိ၊ မည်၏။ ထိနမိဒ္ဓံ၊ သည်။ ကောသဇ္ဇံ၊ မည်၏။

ဝိနာ။ပ။သင်္ခါတန္တိ ဣဒံ၊ ဤ စကားကို။ (ဝုတ္တံ-၌ စပ်။) ဝစီဒွါရသလ္လက္ခိတဿ၊ ဝစီဒွါရဖြင့် ကောင်းစွာ မှတ်သားအပ်သော။ မုသာဝါဒါဒိနောပိ၊ မုသာဝါဒ အစရှိသော ကံ၏လည်း။ ကာယဒွါရေ၊ ကာယဒွါရ၌။ ပဝတ္တိသဗ္ဘာဝါ၊ ဖြစ်ခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ အသုဒ္ဓတာ၊

မစင်ကြယ်သည်၏ အဖြစ်သည်။ (ကာယဒွါရ၌ ဝစီကံပါနေသောကြောင့် မစင်ကြယ်သည်၏ အဖြစ်သည်။) အတ္ထိ။ ဣတိ၊ ကြောင့်။ တံနိဝါရဏတ္ထံ၊ ထို ကာယဒွါရ၏ အသုဒ္ဓအဖြစ်ကို တားမြစ်ခြင်း အကျိုးငှာ။ ဝုတ္တံ၊ ပြီ။ (သုဒ္ဓံ၊ ဟု ထည့်၍ဆိုအပ်ပြီ–ဟူလို။) ဟိ၊ ဆက်။ (တနည်း–ကသ္မာ တံနိဝါရဏတ္ထံ ဝုတ္တံ၊ ဣတိ ဝိညာယတိ။) ဟိ (ယသ္မာ)။ တံ၊ ထို ကာယဒွါရ၌ ဖြစ်သော မုသာဝါဒ အစရှိသောကံသည်။ ကာယကမ္မံ၊ သည်။ န ဟောတိ၊ မဟုတ်။ ပန၊ အဟုတ်ကား။ သုဒ္ဓဝစီဒွါရေဥပလက္ခိတံ၊ သုဒ္ဓဝစီဒွါရဖြင့် မှတ်သားအပ်သော။ ဝစီကမ္မမေဝ၊ ဝစီကံသည်သာ။ ဟောတိ။ ဣတိ၊ ကြောင့်။ (တံ–နိဝါရဏတ္ထံ ဝုတ္တံ၊ ဣတိ ဝိညာယတိ။)

ဧတ္ထ အသံဝရောတိ ဧတေန၊ ဖြင့်။ ဒွါရန္တရေ၊ ဝစီဒွါရဟူသော ဒွါရတပါး၌။ ဥပ္ပဇ္ဇမာနောပိ၊ သော်လည်း။ သုဒ္ဓကာယဒွါရေန၊ သုဒ္ဓကာယဒွါရဖြင့်။ ဥပလက္ခိတော၊ သော။ အသံဝရော၊ ကို။ ဝုတ္တော၊ ပြီ။ ဒွါရန္တရူ–နုပလက္ခိတံ၊ ဝစီဒွါရ စသော ဒွါရတပါးဖြင့် မမှတ်သားအပ်သော။ သဗ္ဗံ၊ သော။ တံ ဒွါရိကာ ကုသလဥ္စ၊ ထို သုဒ္ဓကာယဒွါရ၌ ဖြစ်သော အကုသိုလ်ကိုလည်း။ (ဝုတ္တံ) ဣတိ ဝေဒိတဗ္ဗံ။ [၁]ဝေဠု ကတ္ဂ၊ ၏ အကြောင်းကြောင့်။ ကမ္မပထသံသန္ဒနေ၊ ကမ္မပထသံသန္ဒန အခန်း၌။ စောပနကာယ အသံဝရ–ဒွါရဝသေန ဥပ္ပန္နော အကုသလံ ကာယကမ္မမေဝ ဟောတီတိ အာဒိ၊ အစရှိသော စကားသည်။ (အဝိရုဒ္ဓံ ဟောတိ–၌ စပ်။) အကုသလံ ကာယကမ္မံ ။ပ။စောပနကာယ အသံဝရဒွါရဝသေန ဝါစာအသံဝရ ဒွါရဝသေန စ ဥပ္ပဇ္ဇတီတိ အာဒိနာ၊ အစရှိသော စကားနှင့်။ သဟ။ အဝိရုဒ္ဓံ၊ မဆန့်ကျင်သည်။ ဟောတိ။

၁။ ဝေဠု ကတ္ဂ။ပ။အဝိရုဒ္ဓံ။ ။[ဝေဠု ကတ္ဂါတိ–ဝစီဒွါရေ ဥပ္ပဇ္ဇမာနဿပိ ကာယကမ္မဿ ကာယဒွါရေ အသံဝရဘာဝတော။–မဓု။] နောက်၌ ကမ္မပထ–သံသန္ဒနအခန်း လာလတ္တံ့။ ထို၌ "စောပနကာယ အသံဝရဒွါရဝသေန ဥပ္ပန္နော (အသံဝရော) အကုသလံ ကာယကမ္မမေဝ ဟောတိ၊ ဝါစာအသံဝရ ဒွါရဝသေန ဥပ္ပန္နော အကုသလံ ဝစီကမ္မမေဝ ဟောတိ" ဟူသော စကားပါရှိ၏။ ထိုစကားသည် နောက်၌လာသော "အကုသလံ ကာယကမ္မံ။ပ။စောပနကာယ အသံဝရဒွါရ–ဝသေန ဝါစာအသံဝရ ဒွါရဝသေန စ ဥပ္ပဇ္ဇတိ" စသော စကားနှင့် မဆန့်ကျင်ပါ–ဟူလို။ ထို့ကြောင့် ဤ ဝါကျသည် မဆန့်ကျင်ခြင်း အကျိုးရပုံကို ပြသော လဒ္ဓဂုဏဝါကျတည်း။ ["ဝေဠု ကတ္ဂ" ဟု စချီရာ၌ တချို့နေရာဝယ် သာဓကလည်း ဖြစ်တတ်၏။ ထို့ကြောင့် "ဝေဠု ကတ္ဂ, သာဓကာ, တဖြာလဒ္ဓဂုဏ်" ဟု ရှေးဆရာတို့ မိန့်တော်မူကြသည်။]

[1]ဟိ၊ မှန်။ (တနည်း) ဟိ၊ မဆန့်ကျင်ပုံ အခြင်းအရာကား။ အသံဝရော၊ အသံဝရသည်။ ဒွါရန္တရေ၊ ဒွါရတပါး၌။ ဥပ္ပဇ္ဇမာနေပိ၊ သော်လည်း။ သဒ္ဒါရေ ဝေ၊ မိမိဒွါရ၌သာ။ (ဥပ္ပန္နော) တိ၊ ဖြစ်၏ဟူ၍။ ဝုတ္တံ။ သဒ္ဒါရ-ဝသေန၊ မိမိဒွါရ၏ အစွမ်းဖြင့်။ ဥပ္ပန္နောတိ၊ ဟူ၍။ (ဝုတ္တံ။) [2]ကမ္မံ စ၊ ကံကိုလည်း။ အညဒွါရေ၊ ၌။ (ဥပ္ပဇ္ဇမာနံပိ၊ သော်လည်း။) အညဒွါရဝသေန၊ အခြားဒွါရ၏ အစွမ်းဖြင့်။ (ဥပ္ပန္နံတိ ဝုတ္တံ။) ဣတိ ဧဝံ ဤသို့။ ဝါ၊ ဤ အခြင်းအရာအားဖြင့်။ အဝိရုဒ္ဓံ၊ မဆန့်ကျင်။

အထဝါ[3]၊ တနည်းကား။ ဧတ္ထာတိ၊ ဧတ္ထ ဟူသော ဤပါဌ်၌။ သုဒ္ဓံ အသုဒ္ဓံတိ ဧတံ၊ သုဒ္ဓံ အသုဒ္ဓံ ဟူသော ဤ ၂-ပါးကို။ အဝိစာရေတွာ၊ မခွဲခြား မစိစစ်မူ၍။ တေသွိံ စောပနေ၊ ဤစောပနကာယ အသံဝရဒွါရ၌။ ဣတိ၊ ဤအနက်သည်။ ဝါ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်အံ့။ [4]ဧဝံ သတိ။ ဒွါရန္တရေပလက္ခိတံ၊ ဝစီဒွါရ မနောဒွါရ

၁။ အသံဝရော ဟိ။ပ၊ဧဝံ အဝိရုဒ္ဓံ။ ။မဆန့်ကျင်ပုံ အခြင်းအရာကို ပြလို၍ ''အသံဝရော ဟိ'' စသည်ကို မိန့်၊ ကာယအသံဝရသည် ဝစီဒွါရဟူသော ဒွါရတပါး၌ ဖြစ်စေကာမူ ''မိမိဟူသော ဒွါရ၌သာ ဖြစ်၏'' ဟု ဆို၏။ ဝါစာအသံဝရလည်း ကာယဒွါရဟူသော ဒွါရတပါး၌ ဖြစ်စေကာမူ မိမိဟူသော ဝစီဒွါရ၌သာဖြစ်၏ ဟု ဆိုရ၏။ [''သဒွါရေ ဝေါတိ ဝုတ္တံ''ကိုပင်''သဒွါရဝသေန ဥပ္ပန္နောတိ''ဟု ထပ်၍ဆိုသည်။ ထို့ကြောင့် စာအုပ်များ၌''ဥပ္ပန္နောတိ စ''ဟု စသဒ္ဒါ ပါနေသည်မှာ ပိုဟန်တူသည်။]

၂။ ကမ္မံ။ပ။အညဒွါရဝသေန စာတိ။ ။ကမ္မံအရ ကာယကံကိုယူလျှင် ''အညဒွါရေ'' အရ ဝစီဒွါရကို ယူ၍ ''အညဒွါရဝသေန'' အရ ဝစီဒွါရမှတပါးသော ကာယဒွါရကိုပင် ယူပါ။ ကမ္မံအရ ဝစီကံကို ယူလျှင်လည်း အညဒွါရဝသေနတို့အရ ယူရပုံကို ဤနည်းမှီးပါ။ ဤစကားဖြင့် ''ကံလည်း အသံဝရကဲ့သို့ မိမိဒွါရ၌သာဖြစ်သည်'' ဟု ပြသည်။ ''ဝသေန စ'' မှ စ-ကို ကမ္မံ၌ ယှဉ်ပါစေ။ [ဧဝံ အဝိရုဒ္ဓံကား မဆန့်ကျင်ပုံ အခြင်အရာ၏ နိဂုံးတည်း။]

၃။ အထဝါ။ ။ဤ အထဝါ၏ နယ်ကား ''ကမ္မပထာဝိရောဓေ န သိယာ'' တိုင်အောင်တည်း။ ဤသို့ သုဒ္ဓကာယဒွါရ သုဒ္ဓဝစီဒွါရ ဟု လည်းကောင်း၊ အသုဒ္ဓ-ကာယဒွါရ အသုဒ္ဓဝစီဒွါရ ဟု လည်းကောင်း မစိစစ်ပဲ သာမညအားဖြင့် ဧတ္ထကို ''တေသွိံ စောပနေ'' ဟု ဆိုလျှင် ဟု အထဝါ အတွက် အဓိပ္ပာယ်မှတ်ပါ။ ထို့ကြောင့်-အထဝါ၊ သုဒ္ဓကာယဒွါရေန ဥပလက္ခိတော-စသောနည်းမှ တနည်းကား'' ဟု ပေးပါ။ [အညံ့ အတ္ထံ ဝိကပ္ပေတွာ တဿ (ထိုအခြား တနည်း၏) ကမ္မပထသံသန္ဒန-ဝိရောဓံ ဒဿေတုံ အထဝါတိ အာဒိမာဟ။-မဓု။ တေသွိံ စောပနေကို ''တေသွိံ စောပနကာယအသံဝရဒွါရေ'' ဟု အနက်မှတ်ပါ။]

၄။ ဧဝံ သတိ။ပ။ဝုတ္တံ။ ။[ဧဝံ သတီတိ စောပနကာယအသံဝရဒွါရေတိ အတ္ထေ သတိ၊ ဒွါရန္တရေပလက္ခိတံတိ ဝစီမနောကမ္မဒွါရေဟိ ဥပလက္ခိတတ္တာတိ အတ္ထော။

ဟူသော ဒွါရတပါးဖြင့် မှတ်သားအပ်သော။ ကမ္မပထဘာဝပ္ပတ္တတာယ၊ ကမ္မပထ၏ အဖြစ်သို့ ရောက်သည်၏ အဖြစ်ကြောင့်။ စောပနကာယ အသံဝရ–ဒွါရေ၊ စောပနကာယ အသံဝရ–ဒွါရ၌။ ဥပ္ပန္နံ၊ သော။ ဝစီမနောကမ္မံ၊ ဝစီကံ မနောကံကို။ [၁]သေသံ၊ ကမ္မပထမြောက်သော စေတနာမှ ကြွင်းသော။ သမ္ဘံ၊သော။ (တံဒွါရုပ္ပန္နာကုသလံ ဝိယ၊ထို ဒွါရ၌ဖြစ်သော အကုသိုလ်ကိုကဲ့သို့။) စောပနကာယ အသံဝရောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ရာ ရောက်၏။ (ဆိုစရာ ဖြစ်၏။) [၂]ကမ္မပထဘာဝပ္ပတ္တိယာ၊ ကမ္မပထ၏အဖြစ်သို့ ရောက်ခြင်းကြောင့်။ ဒွါရန္တရုပ္ပန္နံ၊ ကာယဒွါရမှတပါးသော ဝစီဒွါရ၌ဖြစ်သော။ ကာယကမ္မဥ္စ၊ ကိုလည်း။ တထာ၊ ထို စောပနကာယအသံဝရ ဟူ၍။ န ဝုစ္စတိ၊ မဆိုအပ်ရာ ရောက်၏။ (မဆိုစရာ ဖြစ်၏။) ဣတိ၊ ကြောင့်။ ကမ္မပထသံသန္ဒနဝိရောဓော၊ ကမ္မပထသံသန္ဒန အခန်းနှင့် ဆန့်ကျင်ခြင်းသည်။ သိယာ။ [“ကမ္မပထသံသန္ဒနာ–ဝိရောဓော န သိယာ”ဟု လည်းရှိ၏၊အဓိပ္ပာယ်အတူပင်။] တဒဝိရောဓံ၊ ထို ကမ္မပထသံသန္ဒန အခန်းနှင့် မဆန့်ကျင်ပုံကို။ တတ္ထေဝ၊ ထို ကမ္မပထသံသန္ဒန အခန်း၌သာ။ ဝက္ခာမ၊ ကုန်အံ့။

[“အတ္တတော သီလံ သတိ”စသည်ကို ဖွင့်ပြလို၍ “သီလသံဝရာဒယော” စသည်မိန့်။][သီလသံဝရာဒယော၊ ကုန်သော။ ပဉ္စ၊ တို့သည်။ နိက္ခေပကဏ္ဍေ၊ ၌။ အာဝိ ဘဝိဿန္တိ။ တတ္ထ၊ ထို ၅-ပါးသော သံဝရတို့တွင်။ [၃]ဉာဏသံဝရေ၊ ဉာဏသံဝရ၌။ ပစ္စယ သန္နိဿိတသီလဿ၊ ပစ္စယ သန္နိဿိတသီလ၏။ (အန္တော

ဝုစ္စတီတိ ဝုံစ္စေယျ။–မရု။] ဆိုလိုရင်းကား“ဝစီဒွါရ မနောဒွါရတို့ဖြင့် မှတ်သားအပ်သော ကမ္မပထမြောက်သော ဝစီကံ မနောကံကို စောပနကာယ အသံဝရဒွါရ၌ဖြစ်လျှင် စောပနကာယအသံဝရ ဟု ဆိုအပ်ရာရောက်သည်”ဟူလို။

၁။သေသံ သမ္ဘံ။ပ။ဝိယ။ ။ဥပမာ–တံ ဒွါရုပ္ပန္နံ (ထို ကာယဒွါရ၌ဖြစ်သော) ကမ္မပထမြောက်သော ဝစီကံ မနောကံမှ ကြွင်းသမျှ အကုသိုလ်ကို စောပနကာယအသံဝရ ဟု ဆိုအပ်သကဲ့သို့တည်း၊

၂။ ကမ္မပထ.ပ.တထာ န ဝုစ္စတိ။ ။ကမ္မပထ မြောက်သောအားဖြင့် ဝစီဒွါရ၌ဖြစ်သော (အသတ်ခိုင်းခြင်း စသော) ကာယကံလည်း (ဝစီဒွါရ၌ ဖြစ်သည့်အတွက်) ကာယကံ ဟု မဆိုအပ်ရာ ရောက်၏။

၃။ ဉာဏသံဝရေ။ပေ။ဒဋ္ဌဗ္ဗာ။ ။ဤစကားဖြင့် ပစ္စယသန္နိဿိတနှင့် အာဇီဝပါရိသုဒ္ဓိကို သီလသံဝရ၌ မသွင်းဟုသိပါ။ ပစ္စည်း ၄-ပါးကို ပဋိသင်္ခါ ယောနိသော-စသည်ဖြင့် ဉာဏ်ကိုဖြစ်စေ၍ ဆင်ခြင်ရသောကြောင့် ဉာဏသံဝရ၌ ပစ္စယသန္နိဿိတသီလကို သွင်းရ၏။ ပစ္စည်းကိုရှာဖွေရာဝယ် အချောင်သုံးစွဲလိုသူ၊ ဝီရိယနည်းသူတို့သာ မတရားရှာဖွေတတ်၏။ဝီရိယရှိသူကား တရားသဖြင့်ရအောင် (ဆွမ်းခံသွားခြင်း–အစရှိသည်ဖြင့်) ဝီရိယ အားထုတ်၍ ရှာ၏။ ထို့ကြောင့် အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယသံဝရ၌ သွင်းရသည်။

ဂမတော၊ အတွင်းဝင်သည်၏ အဖြစ်ကိုလည်းကောင်း။) ဝိရိယသံဝရော။ ၌။ အာဇီဝပါရိသုဒ္ဓိယာ၊ အာဇီဝပါရိသုဒ္ဓိသီလ၏။ အန္တောဂမတာ စ၊ ကိုလည်းကောင်း။ ဒဋ္ဌဗ္ဗာ၊ ၏။

အကုသလကမ္မပထအဖွင့်

သရသေနေဝ၊ မိမိ၏ ဘိဇ္ဇနသဘောအားဖြင့်ပင်။ ပတနသဘာဝဿ၊ ကျခြင်း သဘောရှိသော။ ပါဏဿ၊ သတ္တဝါကို။ အန္တရာ ဧဝ၊ အသက်တမ်းမကုန်မီ အကြား၌ပင်လျှင်။ အတိဝ၊ လျင်စွာသာလျှင်။ ပါတနံ၊ ကျစေခြင်းသည်။အတိပါတော၊မည်၏။ သဏိကံ၊ဖြေးဖြေး။(သူ၏နေနိုင်ခွင့် အသက်တမ်းကုန်ဆုံးမှ။) ပတိတုံ၊ ကျခြင်းငှာ။ အဒတွာဝ၊ မပေးမူ၍သာလျှင်။သီဃံ၊ လျင်စွာ။ ပါတနံ၊ သည်။(အတိပါတော၊ မည်၏။)ဣတိ အတ္ထော။ [ပါတနံ+ပါတော၊ အတိဝ + ပါတော အတိပါတော။ ဤနည်းအလို အတိသဒ္ဒါ သီဃ-အနက်ဟော။] ဝါ၊ တနည်း။ အဘိဘဝိတွာ၊ လွှမ်းမိုး၍။ (အတိက္ကမ္မကိုပင် "သတ္တာဒီဟိ အဘိဘဝိတွာ"ဟု ထပ်ဖွင့်သည်။) ပါတနံ၊ သည်။အတိပါတော၊ မည်၏။ [ဤနည်းအလို အတိသဒ္ဒါ အတိက္ကမ္မ-အနက်ဟော။]

ပယောဂဝတ္ထုမဟန္တတာ[၁]ဒီဟိ၊ ပယောဂ၏ ကြီးသည်၏အဖြစ်, အရာဝတ္ထု၏ ကြီးသည်၏အဖြစ် အစရှိသည်တို့ကြောင့်။ မဟာသာဝဇ္ဇတာ၊ မဟာသာဝဇ္ဇ၏ အဖြစ်သည်။(ဟောတိ။ ကသ္မာ၊ နည်း။)တေဟိ ပစ္စယေဟိ၊ ထိုပယောဂဝတ္ထုမဟန္တတာ အစရှိသော အကြောင်းတို့ကြောင့်။ ဥပ္ပဇ္ဇမာနာယ၊ ဖြစ်သော။ စေတနာယ၊ စေတနာ၏။ ဗလဝဘာဝတော၊ အားရှိသည်၏ အဖြစ်ကြောင့်တည်း။

ယထာဝုတ္တပစ္စယဝိပရိယာယေ၊ အကြင်အကြင် ဆိုအပ်ပြီးသောအကြောင်းတို့၏ ပြောင်းပြန်ဖြစ်ခြင်းသည်။(သတိ)ပိ၊ ဖြစ်ပါသော်လည်း။[ပယောဂဝတ္ထု

၁။ ပယောဂမဟန္တတာ။ ။ပယောဂ တမျိုးတည်းပင် ဖြစ်သော်လည်း အဆောတလျင် ကိစ္စကိုပြီးစေသော စေတနာ၏ အစွမ်းဖြင့်လည်းကောင်း၊ ဖြေးဖြေးပြီးစေကာမူ ရှေ့ဇောပီထိတို့မှ အထုံရသဖြင့် ဆုံးဖြတ်ချက်ချသော ဇောစေတနာ၏ အစွမ်းဖြင့်လည်းကောင်း၊ ပယောဂ၏ကြီးပုံကို သိပါ။ ဤသို့ ပယောဂကြီးသည် မဟာသာဝဇ္ဇဖြစ်ခြင်း၏ အကြောင်းဟု မှတ်ပါ။

—ဝတ္ထုမဟန္တတာ။ ။သတ်အပ်သော သတ္တဝါက အငယ် အကြီး ကွဲပြားစေကာမူ (သေနတ်တချက်ဖြင့် ပစ်သတ်ခြင်းကဲ့သို့) ပယောဂ တူမျှနေပါသော်လည်း သတ္တဝါ အကြီးကိုသတ်ရာ၌ သတ်လိုသော စေတနာသည် ပို၍ထက်သန် ပြင်းထန်ရ၏။ထို့ကြောင့် သတ်အပ်သောဝတ္ထု၏ ကြီးခြင်းကိုလည်း မဟာသာဝဇ္ဇဖြစ်ခြင်း၏ အကြောင်းဟုမှတ်ပါ။

အာဒိပစ္စယာနံ အမဟာတ္တေပိ။-အနု။]တံတံ ပစ္စယေဟိ၊ ထိုထိုဂုဏ္ဏဝန္တတာ အစရှိသော အကြောင်းတို့ကြောင့်။ ဥပ္ပဇ္ဇမာနာယ၊ သော။ စေတနာယ၊ ၏။ ဗလဝ ါဗလဝ ဝသေန ဝ၊ အားရှိသည်၏အဖြစ်, အားမရှိသည်၏ အဖြစ်၏ အစွမ်းဖြင့်ပင်။ အပ္ပသာဝဇ္ဇမဟာသာဝဇ္ဇတာ၊ အပ္ပသာဝဇ္ဇ၏အဖြစ်, မဟာ သာဝဇ္ဇ၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

ဒါဌာကောဋ္ဋိကာဒီနံ[၁]၊ ဒါဌာကောဋ္ဋိကမင်း အစရှိသူတို့၏။ (ဣဒ္ဓိမယော ဝိယ၊ တန်ခိုးကို အသုံးပြုခြင်းဟူသော ပယောဂကဲ့သို့။) ကမ္မဝိပါကဇိဒ္ဓိမယော၊ ကံ၏အကျိုးကြောင့်ဖြစ်သော တန်ခိုးကို အသုံးပြုခြင်းဟူသော ပယောဂသည်။ ဣဒ္ဓိမယော၊ မည်၏။

သဂေါတ္တေဟိ၊ တူသောအနွယ်ရှိသူ လူတို့သည်။ ရက္ခိတာ၊ စောင့်ရှောက် အပ်သော အပျိုသည်။ ဂေါတ္တရက္ခိတာ၊ တာ-မည်၏။ [အနွယ်ကိုဟောသော ဂေါတ္တသဒ္ဒါဖြင့် သဂေါတ္တလူတို့ကို ဌာနျူပစာရအားဖြင့် ယူပါဟု သိစေလို၍ "သဂေါတ္တေဟိ"ဟု ဖွင့်၏။] သဟဓမ္မိကေဟိ၊ အတူတကွ တရားကိုကျင့်သူတို့ သည်။ ဝါ၊ တရားကျင့်ဖော် ကျင့်ဖက်တို့သည်။ရက္ခိတာ၊ သည်။ ဓမ္မရက္ခိတာ၊ တာ-မည်၏။ [ရှေးနည်းအတိုင်း ဥပစာကြံပါ။] သသာမိကာ၊ ပိုင်ရှင်နှင့်တကွ ဖြစ်သော အပျိုသည်။ သာရက္ခာ၊ မည်၏။ [သဟ+အာရက္ခေန ယာ ဝတ္တတီတိ သာရက္ခာ၊ သဿာမိကာ သာရက္ခာတိ ယဿာ ဝတ္ထမာလာဒီနိ သာမိကတ္ထာ ယ (မိမိက လင်ဖြစ်ခြင်းအကျိုးငှာ။) ဒိန္နာနိ၊ သာ တတော ပဋ္ဌာယ ပုရိသေ (လင်ဖြစ်မည့် ယောကျ်ားသည်။)အနာဂတေပိ သဿာမိကာတိ ဝုစ္စတိ။-မဓု။] ယဿ၊ အကြင် အပျိုကို။ ဂမနေ၊ သွားလာခြင်း၌။ ရညာ၊ သည်။ ဒဏ္ဍော၊ ဒဏ်ကို။ ထပိတော၊ ထားအပ်ပြီ။ သာ၊ ထို အပျိုသည်။ သ ပရိဒဏ္ဍာ၊မည်၏။

အတ္တဘာဥကောတိ၊ ဟူသောပါဠိဖြင့်။ ကမ္မပထပ္ပတ္တံ၊ ကမ္မပထသို့ရောက် သော ဝိသံဝါဒနကို။ ဝုတ္တံ။ ဟိ၊ မှန်။ တနည်း (ကသ္မာ ဝိညာယတိ။)ဟိ (ယသ္မာ)၊ ကြောင့်။ သော၊ ဤ ကထာသည်။ ကမ္မပထကထာ၊ ကမ္မပထကို

၁။ ဒါဌာကောဋ္ဋိကာဒီနံ ဝိယ။ ။ဒါဌာကောဋ္ဋိက-မင်းသည် စိတ်ဆိုး၍ အစွယ်ကို ခေါက်လိုက်လျှင် စိတ်ဆိုးခံရသူ သေ၏။ ထိုအစွယ်ခေါက်ခြင်း ပယောဂသည် ကမ္မ-ဝိပါကဇိဒ္ဓိ ပယောဂတည်း။ အာဒိဖြင့် သောတာပန်မဖြစ်မီက ဝေဿဝဏ်နတ်မင်း မျက်စောင်းထိုးခြင်းဟူသော ပယောဂကြောင့် ဘီလူးများသေရခြင်း စသည်ဝယ် မျက် စောင်းထိုးခြင်းဟူသော ပယောဂကို ယူပါ။ [ဒါဌာကောဋ္ဋိကာဒီနံတိ တံနာမကာနံ ရာဇူနံ၊ ဝိယာတိ ဣဒံ သရူပဒဿနံ။ သော ဟိ ဒါဌာကောဋ္ဋိကရာဇာ ယဒါ အညံ ကုပ္ပတိ၊ အတ္တနော ဒါဌံ အင်္ဂုလိယာ အာကောဋေတိ၊ တဒါ ပရေသံ ဝဓော ဟောတိ။-မဓု။]

ဆိုကြောင်းစကားတည်း။ ဣတိ၊ ကြောင့်။ (အတ္ထဘာဝကောတိ၊ ဖြင့်။ ကမ္မ-ပထပ္ပတ္တံ ဝုတ္တံ၊ ဣတိ ဝိညာယတိ။) [အတ္ထဘာဝက ပဟုတ်လျှင် ကမ္မပထ မမြောက်-ဟူလို။ သို့သော် မုသာဝါဒ ဝစီဒုစရိုက်ကား ဖြစ်၏။] အတ္တနော ။ပ။အာဒိ၊ အစရှိသော စကားကို။ မုသာဝါဒ သာမညတော၊ မုသာဝါဒ အားဖြင့် တူသည်၏အဖြစ်ကြောင့်။ ဝုတ္တံ။ ["ကမ္မပထ မြောက်သောကြောင့် ဆိုသည်မဟုတ်၊ မုသာဝါဒချင်းတူသောကြောင့် ဆိုသည်-ဟူလို။] ဟသာဓိပ္ပာယေန၊ ရယ်ရွှင်ခြင်း၌ဖြစ်သောအလိုဖြင့်။ ဝိသံဝါဒန ပုရေက္ခာရဿေဝ၊ ချွတ်ယွင်းစေခြင်းကို ရှေးရှုပြုသောပုဂ္ဂိုလ်၏သာလျှင်။ ဝါ၊ ချွတ်ယွင်းစေလိုသော ပုဂ္ဂိုလ်၏သာလျှင်။ မုသာဝါဒေါ (ဟောတိ)။ [ဧဝဖြင့် ဝိသံဝါဒနာဓိပ္ပာယ မပါပဲ ရယ်မြူးလိုရုံသက်သက်ကား မုသာဝါဒ မဖြစ်ပါ-ဟူလို။ သမ္ဖပ္ပလာပ ကား ဖြစ်စရာရှိ၏။]

သုညဘာဝန္တိ၊ ကား။ ပီတိ ဝိရဟိတတာယ၊ ချစ်ခင် နှစ်သက်ခြင်းမှ ကင်းသည်၏အဖြစ်ကြောင့်။ ရိတ္တတံ၊ ကင်းဆိတ်သည်၏ အဖြစ်ကို။ (ကရောတိ-၌ စပ်။) အတ္ထ ဝိပန္နတာယ၊ အနက် အဓိပ္ပာယ်၏ ဖောက်ပြန်သည်၏ အဖြစ် ကြောင့်။ (ဆဲသောစကား၏ အနက်အဓိပ္ပာယ်က ဖောက်ပြန် ကြမ်းတမ်း သောကြောင့်။) ဟဒယင်္ဂမာ၊ စိတ်နှလုံးသို့ ရောက်သည်။ (နှလုံး အသဲစွဲ လောက်သည်။) န (ဟောတိ)။

အဂ္ဂဏှန္တေတိ၊ ကား။ အသဒ္ဒဟန္တေ၊ မယုံကြည်လတ်သော်။ ကမ္မပထ-ဘေဒေါ၊ ကမ္မပထ အထူးအပြားသည်။ န ဟောတိ။ ["ကမ္မပထဘေဒေါ နတ္ထိ"၌ နတ္ထိကို "န ဟောတိ"ဟု ဖွင့်သည်။] ပန၊ ထိုသို့ပင် ယုံကြည်မှု ကမ္မပထ မြောက်ပါသော်လည်း။ ယောကောစိ၊ အမှတ်မရှိ တစုံတခုသော။ (ကမ္မပထမြောက်, မမြောက် အားလုံးဖြစ်သော။) သမ္ဖပ္ပလာပေါ၊ သည်။ ဒွိဟိ၊ ကုန်သော။ သမ္ဘာရေဟိ၊ အကြောင်း အဆောက်အဦတို့ကြောင့်။ (အင်္ဂါတို့ကြောင့်။) သိဇ္ဈတိ၊ ပြီးစီး၏။ ဣတိ၊ မှတ်အပ်၏။

အတ္တနော၊ မိမိ၏ အထံသို့။ ပရိဏာမနံ၊ ညွတ်စေခြင်းသည်။ စိတ္တေနေဝ၊ စိတ်အားဖြင့် သာလျှင်။ (ဟောတိ။) [ဧဝဖြင့် သူတပါး၏ ပစ္စည်းကို အဒိန္နာဒါန-ကဲ့သို့ ကိုယ်နှုတ်တို့ဖြင့် မိမိအထံသို့ရောက်အောင် ညွတ်စေခြင်းကို ကန့်။] ဣတိဝေဒိတဗ္ဗံ။....မိစ္ဆာ ပဿတီတိ၊ ကား။ ဝိတထံ၊ မမှန်ပဲ။ ပဿတိ၊ မြင်တတ်၏။

ကောဋ္ဌာသတောတိ၊ ကား။ ဖဿပဉ္စမကာဒီသု၊ ဖဿပဉ္စမက အစရှိကုန်သော။ စိတ္တင်္ဂကောဋ္ဌာသေသု၊ စိတ်၏ အင်္ဂါဖြစ်သော အဖို့အစုတို့တွင်။ ယေ

ကောဋ္ဌာသာ၊ တို့သည်။ ဟောန္တိ၊ ရှိကုန်၏။ တတော၊ ထို အဖို့အစုအားဖြင့်။ ဣတိ အတ္ထော။

စေတနာ၊ စေတနာကို။ ကမ္မပထေသု၊ ကမ္မပထတို့၌။ န ဝုတ္တာ နနု၊ ဟော တော်မမူအပ်သည် မဟုတ်ပါလော။ ["ပါဏာတိပါတော ဟောတိ" စသည်ဖြင့် သာ ဟောတော်မူ၏။ "ပါဏာတိပါတစေတနာ ဟောတိ" ဟု ဟောတော်မမူ။] ဣတိ၊ ကြောင့်။ ပဋ္ဌိပါဠိယာ၊ အစဉ်အားဖြင့်။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော ပါဏာ တိ ပါတ စသည်တို့၏။ ကမ္မပထဘာဝေ၊ ကမ္မပထ၏ အဖြစ်သည်။ န ယုတ္တော နနု၊ မသင့်သည် မဟုတ်ပါလော။ ဣတိ၊ ဤကား စောဒနာတည်း။ (န ယုတ္တော၊ မသင့်သည်ကား။) န၊ မဟုတ်။ (ကသ္မာ၊ နည်း။) အဝစနယ၊ စေတနာကို မဟောခြင်း၏။ အညဟေတုတ္တာ၊ အခြားအကြောင်း ရှိသည်၏အဖြစ်ကြောင့် တည်း။ ¹ဟိ၊ ချဲ့။ စေတနာယ၊ ၏။ အကမ္မပထတ္တာ၊ ကမ္မပထ မဟုတ်သည်၏ အဖြစ်ကြောင့်။ ကမ္မပထရာသိမှိ၊ ကမ္မပထ တရားအစု၌။ အဝစနံ၊ မဟောခြင်း သည်။ န၊ မဟုတ်။ ပန၊ အဟုတ်ကား။ ကဒါစိ၊ ၌။ (အင်္ဂါညီညွတ်ရာ တရံ တခါ၌။)ကမ္မပထော၊ သည်။ ဟောတိ၊ ၏။ သမ္ဗန္ဓ (ကမ္မပထော) န (ဟော တိ)။ ကမ္မပထဘာဝဿ၊ ကမ္မပထ အဖြစ်၏။ ဣတိ (တသ္မာ) အနိယတတ္တာ၊ ဤသို့ မမြဲသည်၏ အဖြစ်ကြောင့်။အဝစနံ၊ မဟောခြင်းသည်။ (ဟောတိ။) ပန၊ ဆက်။ ယဒါ ကမ္မပထော ဟောတိ။ တဒါ၊ ၌။ ကမ္မပထရာသိ သင်္ဂဟော၊ စေတနာကို ကမ္မပထ အဖို့အစု၌ သင်္ဂြိုဟ်ရေတွက်ခြင်းကို။ န နိဝါရိတော၊ မတားမြစ်အပ်။ ဣတိ၊ ဤသို့ မှတ်အပ်၏။

²ပဉ္စ ။ပ။ ဓေတေန၊ ဟူသော ဤ သိက္ခာပဒဝိဘင်း ပါဠိတော်စကားနှင့်။ (ဝိရောဓံ-ဥစ်ပ။)အဒိန္နာဒါနာဒီနံ၊ အဒိန္နာဒါန အစရှိသော ကမ္မပထတို့၏။

၁။ န ဟိ စေတနာယ ။ပ။ န နိဝါရိတော။ ။"အညဟေတုတ္တာ" ဟူသော ဟိတ် ကို ချဲ့လို၍" န ဟိ" သည်ကိုမိန့်သည်။ စေတနာကို ကမ္မပထ မဟုတ်သောကြောင့် ကမ္မပထရာသိ၌ မဟောသည်မဟုတ်ပါ။ ကမ္မပထအဖြစ်က မမြဲသောကြောင့် မဟော ခြင်းဖြစ်ပါသည်။ အင်္ဂါစုံညီသော စေတနာအတွက် ကမ္မပထအဖြစ်ကို မတားမြစ်ပါ။ [ဤစကားအရ"အညဟေတု"ဟူသည်"ကမ္မပထအဖြစ်၏နိယတ မဟုတ်ခြင်းဟူသော အကြောင်းတည်း" ဟု မှတ်ပါ] မရဉ္စ "တမေဝတ္ထံ ဇောတိရေကမုခေန ဝိဝရိတုံ ယဒါ ပနာတိ အာဒိ ဝုတ္တံ"ဟု တွေ့ရ၏။ ယဒါ ပန-စသော ဝါကျသည် ဝိတ္ထာရ-မဟုတ်နိုင်၊ ဆက်၍ပြသော ဝါကျသာတည်း၊ ထို့ကြောင့် ထိုအဖွင့်ကိုစဉ်းစားပါ။

၂။ ပဉ္စသိက္ခာပဒါ။ပ။ပရိဟရိယတိ။ ။ဤ၌ "အဒိန္နာဒါနံ သတ္တာရမ္မဏံ ဝါ" အရ သတ္တဝါပြည်တ်ကို အာရုံပြု၍ဟူသော စကားသည် သိက္ခာပဒဝိဘင်း ပါဠိတော်၌ လာလတ္တံ့ဖြစ်သော"ပဉ္စသိက္ခာပဒါ ပရိတ္တာရမ္မဏာ ဝေ-ပရိတ္တဖြစ်သော ကာမပရမတ်

သတ္တာရမ္မဏဘာဝံ ဝိရောစံ၊ သတ္တဝါဟူသော အာရုံရှိသည်၏ အဖြစ်ကို ဆိုကြောင်းစကား၏ ဆန့်ကျင်ပုံကို။ (ဆန့်ကျင့်သကဲ့သို့ ဖြစ်ပုံကို။) သတ္တသခါ-တေ။ပ။ပဝတ္တိတောတိ၊ ဟူ၍။ ဿယမေဝ၊ အဋ္ဌကထာဆရာ ကိုယ်တိုင်ပင်။ ပရိဟရိဿတိ၊ ရှောင်လွှဲလတ္တံ့။ [ဝိဘင်းအဋ္ဌကထာ၌ ဖြေဆိုလတ္တံ့။]

နတ္ထိ သတ္တာ ဩပပါတိကာတိ၊ ဟူ၍။ ပဝတ္တမာနာပိ၊ ဖြစ်ပါသော်လည်း။ ဝါ၊ ဖြစ်သည်လည်း ဖြစ်သော။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ တေဘူမကဓမ္မဝိသယာဝ၊ တေဘူမကတရား ဟူသော အာရုံရှိသည်သာ။ ဣတိ၊ ကြောင့်။ သခါရာ ရမ္မဏ-တာ၊ သခါရဟူသော အာရုံရှိသည်၏ အဖြစ်ကို။ ဝုတ္တာ။ ["နတ္ထိ သတ္တာ ဩပပါတိကာ"ဟူရာ၌ ဒိဋ္ဌိသည် သတ္တဝါ ပညတ်ကို အာရုံပြုသကဲ့သို့ ဖြစ်သော်လည်း"သတ္တာ"အရ တေဘူမကဓမ္မတို့ပင် ရသောကြောင့်"မိစ္ဆာဒိဋ္ဌိ။ပ။သခါ-ရာရမ္မဏာဝ"ဟု အဋ္ဌကထာ၌ ဆိုသည်။]

["တထာ ဝိပါကနိဿန္ဒဖလာနိ ပစ္စဝေက္ခန္တဿ"ကို ဖွင့်ပြလို၍"ဝိပါက" စသည်မိန့်။] ဝိပါကနိဿန္ဒဖလာနိ၊ ဝိပါကအကျိုး နိဿန္ဒအကျိုးတို့သည်။ ယထာက္ကမံ၊ စွာ။ နိရယာဒိဝိပါကဒုဂ္ဂတတာဒီနိ[၁]၊ ငရဲ အစရှိသည်၌ ဖြစ်သော ဝိပါက်စိတ်ဟူသော မူချအကျိုး, အရုပ်အမောင်းမကောင်းသူ၏အဖြစ် အစရှိသည်တို့တည်း။ [ဝိပါကနှင့် နိရယာဒိဝိပါက၊ နိဿန္ဒဖလနှင့်ဒုဂ္ဂတတာဒိ"ဟု အစဉ်အတိုင်း တွဲပါ။]

အကုသလကမ္မပထကထာဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

တရားကိုသာ အာရုံပြု၏"ဟူသောစကားနှင့် ဆန့်ကျင်သကဲ့သို့ဖြစ်၏၊ သို့သော်သတ္တဝါဟု ဆိုသော်လည်း အစစ်အမှန်အားဖြင့်သတ္တဝါမရှိ၊သခါရဖြစ်သော ပရမတ်သာရှိသောကြောင့် ထို ပရမတ်တရားကို အာရုံပြုရကား မဆန့်ကျင်ပါ-ဟု ထို ဝိဘင်းအဋ္ဌကထာ၌ ကိုယ်တိုင်ဖြေလတ္တံ့။

၁။ နိရယာဒိဝိပါကဒုဂ္ဂတတာဒီနိ။ ။ဝိပါကပဒေ နာမံ ဒဿိတံ-("ဝိပါကာဓမ္မာ" ဟူသော မာတိကာပုဒ်၌ ဝိပါကသဒ္ဒါသည် နာမ်ဝိပါက်တရားကိုဟောသကဲ့သို့) ဤ ဝိပါကဖလကို ပြရာ၌လည်း ဝိပါကသဒ္ဒါဖြင့် နာမ်ဝိပါက်တရားကို ပြသည်၊ ငရဲစသည်၌ဖြစ်ရသော နာမ်ဝိပါက်သည် ကံတရား၏တိုက်ရိုက်အကျိုး (မူချအကျိုး) တည်း၊ ဒုဂ္ဂ-တတာ စသောအကျိုးသည် နိဿန္ဒဖလ (အကျိုးဆက်) တည်း။ [ဒုဂ္ဂတတာနာမ-အာ-ရောဟပရိဏာဟာဝသေန (ကိုယ်လုံးကိုယ်ပေါက်၏အစွမ်းဖြင့်) ဒုဇ္ဇာတတာ-မကောင်း ဖြစ်သူ၏ အဖြစ်တည်း။-မဓု။]

-ဒုဂ္ဂတတာဒီနိ။ ။အာဒိသဒ္ဒေန အလဒ္ဓါလာဘော (မရအပ်သေးသော လာဘ် ကို မရခြင်း)၊ လဒ္ဓဝိနာသော (ရအပ်ပြီးလာဘ်၏ ပျက်စီးခြင်း)၊ ဇာနိတာနံ ဘောဂါနံ

ကုသလကမ္မပထအဖွင့်

[၁]ပါဏာတိ။ပ။ဝိရတိယောတိ တော်၊ဟူသော ဤစကားကို။ ယာဟိ ဝိရတီဟိ၊ အကြင် ဝိရတိတို့နှင့်။ သမ္ပယုတ္တာ၊ကုန်သော။ စေတနာ၊စေတနာတို့ကို။ ကာယဝစီကမ္မာနီတိ၊ ကာယကံ,ဝစီကံတို့ ဟူ၍။ဝုစ္စန္တိ၊ ကုန်၏။တာသံ စ၊ထိုဝိရတိတို့၏လည်း။ ကမ္မပထဘာဝေ၊ ကမ္မပထ၏ အဖြစ်သည်။ ယုတ္တော၊ သင့်၏။ ဣတိ ကတွာ၊ ဤသို့ နှလုံးပြု၍။ (သင်္ဂဟကာရေန) ဝုတ္တံ။ တထာဟိ၊ ထို့ ကြောင့်ပင်။ ပဋိပါဋိယာ။ပ။ဝိရတိယောပီတိ၊ ဟူ၍။ ဝက္ခတိ၊ ဆိုလတ္တံ့။

အလ္လသသမ်သန္တိ၊ ကား။ ဇီဝမာနကသသမံသံ၊ အသက်ရှင်ဆဲဖြစ်သော ယုံ၏အသားကို။ (လဒ္ဓုံ ဝဋ္ဋတိ-၌ စပ်။) ဝေါရောပေတာ၊ ခွင်းဖူးသည်။ ဟုတ္ွာ။ နာဘိဇာနာမိ၊ မသိရပါ။

ဒုဿီလျာဒါရမ္မဏာ (ဒုဿီလျ+အာဒိ+အာရမ္မဏာ)၊ ပါဏာတိပါတ စသော ဒုဿီလျ အစရှိသည်တို့၏ အာရုံဖြစ်သော ဇီဝိတိန္ဒြေ အစရှိသည်တို့ သည်။ တဒါရမ္မဏာ၊ ထို ကုသလကမ္မပထတို့၏ အာရုံတို့တည်း။ ["တဒါ-ရမ္မဏာနိ" ဟု ဆိုလိုလျက် "နိ" ကို အာပြုထားသည်။ [ဒုဿီလျာဒိ၌ အာဒိဖြင့် အဘိဇ္ဈာ စသည်ကို ယူလိုဟန်တူသည်။]

ဇီဝိတိန္ဒြိယာဒိ အာရမ္မဏာ၊ ဇီဝိတိန္ဒြေ အစရှိသော အာရုံရှိကုန်သော ကုသလကမ္မပထတို့သည်။ ကထံ၊ အဘယ်နည်းဖြင့်။ ဒုဿီလျာဒီနိ၊ ဒုဿီလျ

ကိစ္စပဋိလာဘော (အလိုရှိအပ်သော စည်းစိမ်တို့ကို ပင်ပင်ပန်းပန်းရှာမှ ရခြင်း)၊ ရာဇာဒီဟိ (ရန်သူမျိုးငါးပါးတို့နှင့်) သာဓာရဏဘောဂတာ (ဆက်ဆံရသော စည်းစိမ် ရှိခြင်း) ဣတိ ဧဝမာဒယော သင်္ဟိတာ။—အနု။ အချုပ်မှာ—နာမ်ဝိပါက် မကောင်း ကျိုးမှတပါး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကြောင်း မကောင်းကျိုးဟူသမျှကို "နိသန္ဒဖလ" ဟုချည်း ဆိုလိုသည်။

၁။ ပါဏာတိ။ပ။ကတွာ ဝုတ္တံ။ ။ကမ္မပထဟူသည် သုဂတိ ဒုဂ္ဂတိသို့ ရောက်ခြင်း ၏ အကြောင်းကံတည်း။ သို့ပါလျက် အဘယ့်ကြောင့် ကုသလကမ္မပထကို ပြရာ၌"ပါ-ဏာတိပါတာဒီဟိ။ပ။ဝိရတိယော"ဟု ဝိရတိကို ကမ္မပထအရကောက်ယူရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ပါဏာတိပါတ။ပ။ဝုတ္တံ" ဟု ဋီကာဆရာ ဖြေသည်၊ ဆိုလို ရင်းကား—ကုသလကမ္မပထအရာ၌ ဝိရတိနှင့်ယှဉ်သော စေတနာတို့ကို ကာယကံ ဝစီကံ ဟု ဆိုလိုရင်းပင်ဖြစ်၏။ သို့သော် ထိုစေတနာနှင့်ယှဉ်ဖက် ဝိရတိတို့လည်း စေတနာကို အကြောင်းပြု၍ ကံဟူသောအမည် ရသင့်၏ဟု နှလုံးသွင်းခြင်းကြောင့် ဝိရတိကို ကမ္မ ပထအရ၌ ယူထားသည်-ဟုလို။ ထို့ကြောင့်ပင် "ဓမ္မတော" အရ ကမ္မပထ၏ တရား ကိုယ်ကို ကောက်ပြရာ၌ "ပဋိပါဋိယာ သတ္တ (ရှေ့ ကုသလကမ္မပထတရား ၇—ပါးတို့ သည်) စေတနာပိ ဝဋ္ဋန္တိ၊ ဝိရတိယောပိ" ဟု အဋ္ဌကထာဆရာ မိန့်လတ္တံ့။

အစရှိသည်တို့ကို။ (ပါဏာတိပါတ စသော ဒုဿီလျ စသည်တို့ကို။) ပဇဟန္တိ၊ ပယ်စွန့်နိုင်ကုန်သနည်း။ ဣတိ၊ ဤသို့ မေးဖွယ်ရှိသောကြောင့်။ တံ၊ ထို ဒုဿီလျ အစရှိသည်တို့ကို ပယ်စွန့်နိုင်ပုံကို။ ဒဿေတုံ၊ ငှါ။ ယထာ ပနာတိ အာဒိ၊ ကို။ (သင်္ဂဟကာရေန။) ဝုတ္တံ၊ ပြီ။

အနဘိဇ္ဈာ။ပ။ဝိရမန္တဿာတိ၊ ဟူသောပုဒ်၏။ အဘိဇ္ဈံ၊ အဘိဇ္ဈာကို။ ပဇဟန္တဿ၊ ပယ်စွန့်သော ပုဂ္ဂိုလ်၏ သန္တာန်၌။ ဣတိ အတ္ထော၊ သည်။ (ဟောတိ။) ဟိ၊ မှန်။ မနောဒုစ္စရိတာ၊ မနောဒုစရိုက်မှ။ ဝိရတိ၊ ရှောင်ကြဉ်ခြင်းသည်။ န အတ္ထိ။ (ကသ္မာ။) အနဘိဇ္ဈာဒိဟေဝ၊ အနဘိဇ္ဈာ အစရှိသော တရားတို့သည်ပင်။ တပ္ပဟာနတော၊ ထို မနောဒုစရိုက်ကို ပယ်နိုင်ခြင်းကြောင့်တည်း။ ["အနဘိဇ္ဈာဖြစ်လျှင် အဘိဇ္ဈာကို, အဗျာပါဒဖြစ်လျှင် ဗျာပါဒကို, သမ္မာဒိဋ္ဌိဖြစ်လျှင် မိစ္ဆာဒိဋ္ဌိကို ပယ်စွန့်နိုင်ခြင်းကြောင့် မနော–ဒုစရိုက်မှ ရှောင်ကြဉ်ဖို့ရန် ဝိရတိဖြစ်စရာ မလို" ဟု ဆိုလိုသည်။]

ကမ္မပထသံသန္ဒနအဖွင့်

[1]ကမ္မပထပ္ပတ္တာနံ၊ ကမ္မပထသို့ ရောက်ကုန်သော။ ဒုဿီလျာဒီနံ၊ ဒုဿီလျ အစရှိကုန်သော။ အသံဝရာနံ၊ အသံဝရတို့၏ လည်းကောင်း။ တထာ၊ ထို့ အတူ ကမ္မပထသို့ ရောက်ကုန်သော။ ဒုစ္စရိတာနဉ္စ၊ ဒုစရိုက်တို့၏လည်းကောင်း။ အကုသလ ကမ္မပထေဟိ၊ အကုသလ ကမ္မပထတို့နှင့် လည်းကောင်း။ (အတ္ထ–တော နာနတ္တာ ဘာဝဒဿနံ–၌ စပ်။) ကမ္မပထ ပတ္တာနမေဝ၊ ကမ္မပထသို့ ရောက်သည်ပင်လျှင် ဖြစ်ကုန်သော။ သုသီလျာဒီနံ၊ ကုန်သော။ သံဝရာနံ စ၊ တို့၏ လည်းကောင်း။ တထာ၊ ထို့ အတူ ကမ္မပထသို့ ရောက်ကုန်သော။ သုစရိတာနံ စ၊ တို့၏လည်းကောင်း။ ကုသလကမ္မ ပထေဟိ စ၊ တို့နှင့်လည်း

၁။ ကမ္မပထပ္ပတ္တာနံ။ပ။ကေစိ ဝဒန္တိ။ ။"ကမ္မပထပ္ပတ္တာနံ" မှစ၍ "ဝဒန္တိ" တိုင်အောင် ကေစိဝါဒကို ၂–နည်းပြထား၏။ ထိုတွင် ပထမနည်းဝယ် "ကမ္မပထ–ပ္ပတ္တာနံ ဒုဿီလျာဒီနံ အသံဝရာနံ" ၌ ဒုဿီလျာဒီနံ အရ အသံဝရ အစ၌ပြခဲ့သော အသံဝရ တရားကိုယ်ဖြစ်သော ဒုဿီလျ၊ မုဋ္ဌသစ္စ၊အညာဏ၊အက္ခန္တိ၊ ကောသဇ္ဇတို့ကို ယူပါ။တထာဖြင့်"ကမ္မပထပ္ပတ္တာနံ"ကို ပြန်၍ညွှန်းသောကြောင့် "တထာ ဒုစ္စရိတာနံ" ဖြင့် ကမ္မပထမြောက်သော ဒုစရိုက်တို့ကို ပြ၏။ ထို ဒုဿီလျာဒိအသံဝရနှင့် ဒုစ္စရိတ တို့၏ အကုသလကမ္မပထနှင့် လိုရင်းအနက် (တရားကိုယ်) အားဖြင့် မထူးခြားပဲ တသားတည်း ရောနှောပုံကိုပြခြင်းသည် ကမ္မပထသံသန္ဒန မည်၏။ ["ကမ္မပထပ္ပတ္တာ–နမေဝ စ သုသီလျာဒီနံ" စသည်၌လည်း ဤနည်းကို မှီးပါ။]

ကောင်း။ အတ္ထတော၊ လိုရင်းအနက်အားဖြင့်။ နာနတ္တာဘာဝဒဿနံ၊ ထူးကုန်သည်၏ အဖြစ်၏မရှိပုံကို ပြခြင်းသည်။ (ကမ္မပထသံသန္ဒနံ၊ မည်၏။) အထ ဝါ၊ ကား။ တေသံ၊ ထို အသံဝရဒုစရိုက်, အသံဝရသုစရိုက်တို့၏။ ဖဿဒွါရာဒီဟိ၊ ဖဿဒွါရ အစရှိသည်တို့နှင့်။ အဝိရောဓဘာဝေန၊ ဆန့်ကျင်ခြင်း မရှိကုန်သည်၏ အဖြစ်ဖြင့်။ ဒီပနံ၊ ပြခြင်းသည်။ ကမ္မပထသံသန္ဒနံ၊ မည်၏။ ဣတိ၊ သို့။ ကေစိ ဝဒန္တိ။

[1]ဟာဒေတံ (တံ+ဧတံ)၊ ထို ကေစိဆရာတို့၏ စကားကို။ ဝိစာရေတဗ္ဗံ၊ စိစစ်ထိုက်၏။ ဟိ၊ ချဲ့။ [2]ပဉ္စဖဿ။ပ။ဒွါရေသု၊ ၅-ပါးသော ဖဿဒွါရ, ၅-ပါးသော အသံဝရဒွါရ, ၅-ပါးသော သံဝရဒွါရတို့၌။ဥပ္ပန္နာနံ၊ ကုန်သော။ အသံဝရာနံ၊တို့၏လည်းကောင်း။သံဝရာနံ စ၊တို့၏လည်းကောင်း။ကမ္မပထတာ၊ ကမ္မပထတို့၏ အဖြစ်သည်။န အတ္ထိ။(ကသ္မာ၊နည်း။)ပါဏာတိပါတာဒီနံ၊တို့၏လည်းကောင်း။ ပရသန္တက။ပ။အာဒီနံ စ၊သူတပါးတို့၏ ဥစ္စာဟူသော တည်ရာအာရုံရှိသော အဘိဇ္ဈာဟူသော လောဘ,တပါးသော သတ္တဝါဟူသော အာရုံရှိသော ဗျာပါဒ, အဟေတုကဒိဋ္ဌိ အစရှိသည်တို့၏လည်းကောင်း။ တေသု ဒွါရေသု၊ ထိုပဉ္စ ဖဿဒွါရ, ပဉ္စ အသံဝရဒွါရ, ပဉ္စ သံဝရဒွါရတို့၌။ အနုပ္ပတ္တိတော၊ မဖြစ်ခြင်းကြောင့်တည်း။[ရူပါရုံ စသော ပဉ္စာရုံကို အာရုံမပြုကြောင်း ထင်ရှားဖို့ရာ ပရသန္တကဝတ္ထု စသော အာရုံတို့ကို ထည့်၍ပြထားသည်။]

၁။ အထ ဝါ။ ။[တေသံတိ အသံဝရဒုစ္စရိတာဒီနံ။–မဋ။] ပြအပ်ခဲ့သော အသံဝရဒုစရိုက်၊ သံဝရ သုစရိုက်တို့၏ ဖဿဒွါရ အစရှိသည်တို့နှင့် မဆန့်ကျင်ပုံကို ပြခြင်းသည် ကမ္မပထသံသန္ဒနမည်၏။ ဤသို့ ကေစိဆရာတို့ ဆိုကြသည်။

၂။ တဒေတံ ဝိစာရေတဗ္ဗံ- န ဟိ။ ။ထို ၂–ဝါဒလုံးပင် စဉ်းစားစရာရှိသည် ဟု စကားပလ္လင်ခံ၍ "န ဟိ" စသည်ဖြင့် ချဲ့သည်။ ထို အကျယ်ကား-"န စဿ ဒွါရန္တရုပ္ပန္နံ ကမ္မန္တရံ ဟောတီ"တိ" တိုင်အောင်တည်း။ [န ဟိဋ္ဌ "ဟိ ယသ္မာ" ဟု ပေး၍ ထို ဣတိကျမှ "ဣတိ၊ ထို့ကြောင့်။ ဝိစာရေတဗ္ဗံ၊ ၏" ဟုလည်း ပြန်လှည့်နိုင်သည်။]

၃။ ပဉ္စ ဖဿ။ပ။အနုပ္ပတ္တိတော။ ။စက္ခုသမ္ဖဿဒွါရ။ပ။ကာယသမ္ဖဿဒွါရကို ပဉ္စ ဖဿဒွါရ ဟု ဆို၏။ ထို ပဉ္စဖဿဒွါရ၊ စက္ခုအသံဝရ-စသော ပဉ္စ အသံဝရဒွါရ၊ ပဉ္စ သံဝရဒွါရတို့၌ဖြစ်သော အသံဝရ–သံဝရတရားတို့သည် ကမ္မပထမမြောက်။ ဘာ့ကြောင့်နည်း –ပါဏာတိပါတ-စသော ကမ္မပထ ၇-ပါး၊ ပရသန္တကဝတ္ထုလောဘ (အဘိဇ္ဈာ)၊ပရသတ္တာရမ္မဏဗျာပါဒ၊ အဟေတုက-စသော မိစ္ဆာဒိဋ္ဌိတို့၏ ထို ၅-ဒွါရတို့၌ မဖြစ်သောကြောင့်တည်း။ ထိုသို့မဖြစ်လျှင် ထို ပဉ္စဒွါရ၌ဖြစ်သော ဒုဿီလျ-စသော အသံဝရ၊ သီလ-စသော သံဝရတို့သည် ကမ္မပထ မမြောက်ရကား"ကမ္မပထနှင့် တရားကိုယ်အရကောက် မထူးကြောင်းကို ပြသောစကားသည် ကမ္မပထသံသန္ဒန မည်၏"ဟု မဆိုထိုက်။ ထို့ကြောင့် ထိုစကားကို စဉ်းစားသင့်သည်–ဟူလို။

စ၊ သည်သာ မကသေး။ [1]တိဝိဓကာယဒုစ္စရိတာဒီနိ၊ ၃–ပါးအပြားရှိသော ကာယဒုစရိုက် အစရှိသည်တို့သည်။ ကမ္မပထာတိ၊ ကမ္မပထတို့ဟူ၍။ ပါကဋ္ဌာ ဝေ၊ ကုန်သည်သာ။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုကာယဒုစရိုက် အစရှိသည်တို့၏။ ကမ္မပထေဟိ၊ တို့နှင့်။ နာနတ္တာဘာဝဒဿနေန၊ ထူးကုန်သည်၏ အဖြစ်၏ မရှိခြင်းကို ပြခြင်းဖြင့်။ ကိံ၊ အဘယ် အကျိုးရှိအံ့နည်း။

[2]စ၊ သည်သာ မကသေး။ ယတော၊ အကြင် ဖဿဒွါရ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်။ တေသံ၊ ထို ဒုစရိုက် သုစရိုက် အသံဝရ သံဝရ တို့၏။ ဖဿဒွါရာဒီဟိ၊ ဖဿဒွါရ အစရှိသည်တို့နှင့်။ အဝိရောဓဘာဝေန၊ မဆန့်ကျင်ကုန်သည်၏ အဖြစ်ဖြင့်။ ဒီပနာ၊ ပြခြင်းသည်။ သိယာ၊ ၏။ ဒုစ္စရိတာနံ၊ တို့၏လည်းကောင်း။ သုစရိတာနံ စ၊ တို့၏လည်းကောင်း။ ဖဿဒွါရာဒိဝသေန၊ ဖဿဒွါရ အစရှိသည်၏ အစွမ်းဖြင့်။(သာ) ဥပ္ပတ္တိ၊ ကို။ န ဒီပိတာ၊ မပြအပ်ခဲ့။ အသံဝရာနံ၊ တို့၏လည်းကောင်း။ သံဝရာနံ စ၊ တို့၏လည်းကောင်း။ (သာ ဥပ္ပတ္တိ)ပိ၊ ကိုလည်း။ န(ဒီပိတာ)။

ပန၊ အနွယ ကား။ [3]ကေဝလံ၊ သက်သက်။ (ကေစိဆရာတို့ ဆိုသကဲ့သို့ ကမ္မပထပတ္တ ဒုဿီလျ-စသည်တို့၏ ကမ္မပထတို့နှင့် ယှဉ်ရောနှော၍ ပြခြင်းမဖက်

၁။ တိဝိဓ ။ပ။ ဘာဝဒဿနေန။ ။ဤစကားသည် "တထာ ဒုစ္စရိတာဒီနံ"ကို အပြစ်ပြသော စကားတည်း။ ကာယဒုစရိုက်၊ သုစရိုက်စသည်တို့ကား ကမ္မပထဟု ထင်ရှားပြီးဖြစ်၏။ ထိုသို့ ထင်ရှားပြီးဖြစ်သောကြောင့် ဒုစရိုက် သုစရိုက် တို့၏ ကမ္မပထတို့နှင့် အထူးမရှိကြောင်းကို ပြခြင်းဖြင့် အကျိုးမရှိ။ ထို့ကြောင့် "ဒုစ္စရိတာဒီနဉ္စ"ဟူသော စကားလည်း စဉ်းစားဖွယ်ရှိသည်-ဟူလို။ ["တိဝိဓဒုစ္စရိတာဒီနံ စ ကမ္မပထတ္တာ ပါကဋ္ဌာဝေါတိ"ဟု ရှိလျှင် စာသွားကောင်း၏။]

၂။ န စ။ပ။ဒီပနာ သိယာ။ ။ဤစကားသည်"အထ ဝါ တေသံ ဖဿဒွါရာဒီဟိ" စသော ဒုတိယ ကေစိဝါဒ၏အပြစ်ကိုပြသော စကားတည်း။ [ယတော-စသော အနိယမ ဝါကျကို ရှေးဦးစွာ အနက်ပေးပါ။ယတောတိ ဖဿဒွါရာဒီသု ဥပ္ပတ္တိတော ဒီပနာ သိယာ၊ သာ ဥပ္ပတ္တိ န ဒီပိတာတိ ယောဇနာ။--မဓု။] အဋ္ဌကထာ ကမ္မပထသံသန္ဒန-အခန်းကို ကြည့်ပါ။ ထိုအခန်း၌ ဖဿဒွါရတို့၏ အစွမ်းဖြင့် ဒုစရိုက် သုစရိုက် အသံဝရ သံဝရတို့၏ဖြစ်ပုံကို မပြခဲ့။ ထို့ကြောင့်"ထို ဒုစရိုက်စသည်တို့၏ ဖဿဒွါရ စသည်တို့နှင့် မဆန့်ကျင်ပုံကို ရောနှော၍ပြဖွယ် မလိုရကား ထို မဆန့်ကျင်ပုံကို ပြသောစကားသည် ကမ္မပထသံသန္ဒန မည်၏"ဟု ဆိုအပ်သော ဝါဒကိုလည်း စဉ်းစားထိုက်သည်—ဟူလို။

၃။ ကေဝလံ။ပ။ဒီပိတာ။ ။"န စ ဒုစ္စရိတာနံ။ပ။ဖဿဒွါရာဒိဝသေန ဥပ္ပတ္တိ ဒီပိတာ"ဟူသော ဗျတိရေကကိုကြည့်၍"ဒုစ္စရိတ သုစရိတ သံဝရ အသံဝရတို့၏ ဖဿဒွါရ-စသည်တို့၏ အစွမ်းဖြင့် ဖြစ်ပုံကို ပြခြင်းနှင့် ရောယှက်သည်ကို"ကေဝလံ"ဟု ဆိုသည်ဟု မှတ်ပါ။ ထို ပြခြင်းနှင့် မရောယှက်ပဲ ဖဿဒွါရ-စသည်တို့၏ အစွမ်းဖြင့်ဖြစ်

သက်သက်။) ဖဿဒွါရာဒိဝသေန၊ ဖဿဒွါရ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဥပ္ပန္နာနံ၊ ကုန်သော။ အသံဝရာနံ၊ တို့၏လည်းကောင်း။ သံဝရာနံ စ၊ တို့၏လည်းကောင်း။ ကာယကမ္မာဒိဝသေန၊ ကာယကံ အစရှိသည်တို့၏ အဖြစ်ကို။ ဒီပိတာ၊ ပြီ။

[၁]စ၊ ဆက်။ ဧတ္တကံ၊ ဤမျှ အတိုင်းအရှည်ရှိသော အသံဝရ သံဝရတို့၏ ကာယကံ စသည်၏အဖြစ်ကို ပြကြောင်းစကားမျှသည်။ ကမ္မပထသံသန္ဒနံ၊ သည်။ယဒိ(ဟောတိ။ ဧဝံ သတိ)။ အကုသလံ။ပ။နုပ္ပဇ္ဇတီတိ အာဒိ၊ အစရှိသောစကားသည်။ ကမ္မပထသံသန္ဒနံ၊ သည်။ န သိယာ၊ မဖြစ်တော့ရာ။

[၂]သောပိ၊ ဤအသံဝရ သံဝရတို့၏ ကာယကံ အစရှိသည်၏အဖြစ်ကို ပြကြောင်း စကားသည်လည်း။ ဆ ဖဿဒွါရာဒီဟိ၊ ဆ ဖဿဒွါရ အစရှိသည်တို့နှင့်။ အဝိရောဓဒီပနာ၊ မဆန့်ကျင်ပုံကို ပြကြောင်းစကားသည်။ (ဟောတိ။) ဣဘိ စေ၊ ဤသို့ ဆိုငြားအံ့။ (ဧဝံသတိ၊ ဤသို့ ဆိုလတ်သော်=ဤသို့ဆိုတိုင်း

သော အသံဝရ သံဝရတရားတို့၏ ကာယကံ စသည်ဖြစ်ပုံကိုသာ (အဋ္ဌကထာ ကမ္မ-ပထသံသန္ဒန အခန်း၌) ပြအပ်ခဲ့သည်–ဟူလို။ [ဤစကားကို"ပဉ္စဖဿဒွါရဝသေန ဟိ ဥပ္ပန္နော အသံဝရော အကုသလံ မနောကမ္မမေဝ ဟောတိ" အစရှိသော ကမ္မပထသံ-သန္ဒနကထာ-လာ စကားကို ရည်ရွယ်၍ဆိုသည်။]

၁။ ယဒိ စ။ပ။န သိယာ။ ။[ဧတ္တကန္တိ–အသံဝရ သံဝရာနံ ကာယကမ္မာဒိဘာဝဒီပနမတ္တံ။–မဓု။] အသံဝရ သံဝရတို့၏ ကာယကံ စသည်ဖြစ်ပုံကို ပြကြောင်းစကားမျှသည်သာ ကမ္မပထသံသန္ဒနဖြစ်လျှင်....အသံဝရ သံဝရတို့၏ ကာယကံ စသည်ဖြစ်ပုံကို ပြပြီးနောက်,ကံတို့၏ ဖဿဒွါရ၏အစွမ်းဖြင့် ဖြစ် မဖြစ်ကို ဆက်၍ပြသော"အကုသလံ ကာယကမ္မံ ပဉ္စဖဿဒွါရဝသေန နုပ္ပဇ္ဇတိ"စသော စကားသည် ကမ္မပထသံသန္ဒန မမည်ရာရောက်၏။ အမှန်အားဖြင့်–"အသံဝရ သံဝရတို့၏ ကာယကံ စသည်ဖြစ်ပုံကို ပြသော စကားသည်လည်းကောင်း။ ကံတို့၏ ဖဿဒွါရ၏အစွမ်းဖြင့် ဖြစ်ပုံကိုပြသော စကားသည်လည်းကောင်း ကမ္မပထသံသန္ဒန အမည်ရသည်သာ"ဟူလို။

၂။ သောပိ။ပ။ န ဝတ္တဗ္ဗံ။ ။[သောပီတိ၊ ကာယကမ္မာဒိဘာဝ ဒီပနာပိ။–မဓု။] အသံဝရ သံဝရတို့၏ ကာယကံ စသော အမည်ကို ပြကြောင်းစကားသည်လည်း ဆ ဖဿဒွါရ-စသည်တို့နှင့် မဆန့်ကျင်ပုံကို ပြခြင်းပင် ဖြစ်သောကြောင့် "အထ ဝါ" ဟု တက်သော ဝါဒအတိုင်းပင် ဖြစ်သည် ဟု ကေစိတို့က ဆိုလျှင်....ရှေ့ဝါကျ စကားနှင့် အထ ဝါ တက်သော စကားသည် အနက်အဓိပ္ပာယ်မပြားပဲ စကားအသုံးအနှုန်းသာ ကွဲရာရောက်၏။ သို့ဖြစ်လျှင် ဆိုအပ်ပြီးသောအပြားကိုပင် အခြားသော အပြားတမျိုးဖြင့် ပြဖို့ရာ "အထ ဝါ" ဟု မဆိုသင့်။

မှန်လျှင်။) [၁]ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာလျှင် ဖြစ်သော။ ပကာရံ၊ အပြားကို။ ပကာရန္တရေန၊ တမျိုးသော အပြားအားဖြင့်။ (နည်းတမျိုးဖြင့်) ဒဿေတုံ၊ ငှာ။ အထ ဝါတိ၊ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုထိုက်။

[၂]စ၊ သည်သာ မကသေး။ ["ကေစိဝါဒ၌ အပြစ်ပြဖွယ် ကျန်သေး၏" ဟူလို။] အထ ဝါ သဒ္ဒေါ၊ သည်။ သမုစ္စယတ္ထော၊ သမုစ္စည်း အနက်ရှိသည်။ (သတိ၊ သော်။) ကမ္မပထပ္ပတ္တာနေဝ၊ ကမ္မပထသို့ ရောက်သည်သာလျှင် ဖြစ်ကုန်သော။ ဒုဿီလျာဒီနိ၊ ဒုဿီလျ အစရှိသည်တို့ကို။ ကာယကမ္မာဒိနာမေဟိ၊ ကာယကံ အစရှိသော နာမည်တို့ဖြင့်။ ဝဒန္တေဟိ၊ ဆိုကုန်သော အဋ္ဌကထာဆရာတို့သည်။ မနောကမ္မဿ၊ ၏။ ဆ ဖဿဒွါရဝသေန၊ ၆-ပါးသော ဖဿဒွါရတို့၏ အစွမ်းဖြင့်။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ န ဝတ္တဗ္ဗာ၊ မဆိုထိုက်။ (ကသ္မာ န ဝတ္တဗ္ဗာ) ဟိ (ယသ္မာ)။ တံ၊ ထိုမနောကံသည်။ စက္ခုဒွါရာဒိဝသေန၊ စက္ခုဒွါရ အစရှိသည်တို့၏ အစွမ်းဖြင့်။ န၊ ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ (န ဝတ္တဗ္ဗာ။)

[၃]စ၊ သည်သာ မကသေး။ ကမ္မပထပ္ပတ္တာ ဧဝ၊ ကမ္မပထသို့ရောက်သည်သာလျှင် ဖြစ်ကုန်သော။ အသံဝရာဒယော၊ တို့ကို။ ယဒိ ဂဟိတာ၊ ကုန်အံ့။ (ဧဝံ

၁။ ဝုတ္တမေဝ ပကာရံ။ ။[ဝုတ္တမေဝ ပကာရံတိဣဒံ နာနတ္တာဘာဝဒဿနံ သန္ဓာယ ဝုတ္တံ။] အထ ဝါ ဟု တက်သောဝါကျ၏ ရှေ့၌ "ကမ္မပထပတ္တာနံ ။ပ။ နာနတ္တာဘာဝဒဿနံ" ကို ရည်ရွယ်၍ "ဝုတ္တမေဝ ပကာရံ" ဟု ဆိုသည်။ [ပကာရန္တရေနာတိ-ဖဿဒွါရာဒီဟိ အဝိရောဓဒီပနာတိပဒံ သန္ဓာယာဟ။] ပကာရန္တရေန ဟူသော စကားကို အထ ဝါ ဟု တက်၍လာသော ဝါကျ၌ ဖဿဒွါရာဒီဟိ အဝိရောဓဒီပနာ-ပုဒ်ကို ရည်ရွယ်၍ ဆိုသည်။ [ဤမဓုဋီကာဖွင့်ပုံကို ထောက်လျှင် "ဝုတ္တမေဝ ပကာရံ ပကာရန္တရေန" ဟု ရေးပါငြ် ရှိဟန်တူသည်။]

၂။ သမုစ္စယတ္ထော စ ။ပ။ ဥပ္ပဇ္ဇတီတိ။ ။အထ ဝါ သဒ္ဒါသည် အတ္ထန္တရဝိကပ္ပန အနက်ဟော မဟုတ်ပဲ သမုစ္စည်းအနက်ဟော ဟု ဆိုလျှင် "ကမ္မပထပ္ပတ္တာနံ ဒုဿီလျာဒီနံ" စသော ရှေ့အနက်နှင့်ပေါင်းဖို့ရာ ကမ္မပထမြောက်သော သဘောတူ အနက်တမျိုး ဖြစ်စရာရှိ၏။ သို့ဖြစ်လျှင် မနောကံ၏ ဆ ဖဿဒွါရ၏ ᪽ စွမ်းဖြင့် ဖြစ်ပုံကို မဆိုထိုက် တော့။ဘာ့ကြောင့်နည်း-ကမ္မပထမြောက်သော မနောကံ၏ စက္ခုသမ္ဖဿဒွါရ-စသော ၅-ဒွါရ၏ အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့်တည်း။ [အဋ္ဌကထာ၌ကား "အကုသလံ မနောကမ္မံ ပန ဆ ဖဿဒွါရဝသေန ဥပ္ပဇ္ဇတိ" ဟု ဆိုထား၏။ ထို့ကြောင့် အထ ဝါ သဒ္ဒါ၏ သမုစ္စည်း အနက်လည်း မဖြစ်နိုင်-ဟူလို။]

၃။ ယဒိ စ။ပ။န ဝတ္တဗ္ဗံ သိယာ။ ။"ကမ္မပထပ္ပတ္တာနံ ဒုဿီလျာဒီနံ အသံဝရာနံ" စသော ပထမနည်း၌ အပြစ်တမျိုးကို တိုး၍ပြလိုသောကြောင့် "ယဒိ စ" စသည်မိန့်။ "ကေစိတို့၏ ပထမနည်းအတိုင်း ကမ္မပထမြောက်သော အသံဝရ-သံဝရတို့ကိုသာ ကမ္မပထ သံသန္ဒနအရာ၌ ယူအပ်ကုန်သည်ဖြစ်အံ့၊ ဤသို့ဖြစ်လျှင် အဋ္ဌကထာ၌ "စောပန

သတိ။) (န ဝတ္တဗ္ဗံ သိယာ–လှမ်းစပ်။) ¹ဒုစ္စရိတေဟိ၊ တို့မှ။ အညေသံ၊ ကုန်သော။ အသံပရာနံ၊ ကမ္မပထမြောက်သော အသံဝရတို့၏။ အဘာဝ ါ၊ မရှိခြင်းကြောင့်လည်းကောင်း။ ²တေသံ၊ ထို အသံဝရတို့၏။ တံတံကမ္မဘာဝဿ၊ ထိုထို ကာယကံ အစရှိသည်၏ အဖြစ်၏။ (အမည်၏။) ဝုတ္တတ္တာ စ၊ ဆိုအပ်ပြီး၏ အဖြစ်ကြောင့်လည်းကောင်း။ စောပန ။ပ။ ဟောတီတိ အာဒိ၊ အစရှိသော စကားသည်။ န ဝတ္တဗ္ဗံ၊ ဆည်။ သိယာ၊၏။

³ဟိ၊ လဒ္ဓဒေါသ တနည်းပြအံ့။ တသ္မိံ၊ ထိုစကားကို။ ဝုစ္စမာနေ၊ သော်။ သက်ရော၊ ရောယှက်ခြင်းသည်။ သိယာ၊ ၏။ (ကသ္မာ သက်ရော သိယာ။) ဟိ (ယသ္မာ)။ ဝစီမနောကမ္မာနိပိ၊ တို့သည်လည်း။ ကာယဒွါရေ၊၌။ ဥပ္ပဇ္ဇန္တိ၊ ကုန်

ကာယ အသံဝရဒွါရဝသေန ဥပ္ပန္နော (အသံဝရော) အကုသလံ ကာယကမ္မမေဝ ဟောတိ''စသောစကားကို မဆိုသင့်၊ဆိုသော်လည်း အကျိုးမရှိတော့။ကမ္မပထမြောက် မမြောက်သောအသံဝရ သံဝရတို့ကိုသိမ်းကျုံး၍ယူမှသာ ''စောပနကာယ အသံဝရော'' စသောစကားကို ဆိုရကျိုးရှိသည်–ဟူလို။

၁။ ဒုစ္စရိတေဟိ။ပ။အဘာဝါ။ ။"အဘယ့်ကြောင့်နည်း'' ဟု မေးဖွယ်ရှိ၍''ဒုစ္စရိတေ ဟိ။ပ။ အဘာဝါ'' ဟူသော ပထမဟိတ်ကို မိန့်သည်။ ဒုစရိုက်မှ တပါးသော အသံဝရ ဟူ၍ သီးခြားမရှိ။ဒုစရိုက်တို့နှင့် အသံဝရတို့သည် တွဲ၍ဖြစ်ကြခြင်းကြောင့်တည်း။ [ဒုစ္စရိတေဟိ။ပ။ ဌာနံ တေဟိ (ထို ဒုစရိုက်တို့နှင့်) သဟဇာတတ္တံ သန္ဓာယ ဝုတ္တံ၊ န သရူပတော နာနတ္တာဘာဝံ=သရုပ်သကောင်အားဖြင့် ကွဲပြားကုန်သည်၏အဖြစ် မရှိခြင်းကို ရည်ရွယ်၍ ဆိုအပ်သည် မဟုတ်။ သရုပ်အားဖြင့်ကား ဒုစရိုက်သည်း တခြား၊ အသံဝရ လည်း တခြားပင်–ဟူလို။–မဓု။]

၂။ တေသဥ္စ တံတံ ကမ္မဘာဝဿ ဝုတ္တတ္တာ။ ။အကယ်၍ ဒုစရိုက်တို့၏ ကာယကံ စသည်ဖြစ်ပုံကို ဆိုခဲ့ပြီးမဟုတ်လျှင် ဤနေရာ၌ အသံဝရတို့၏ ကာယကံစသော အမည် ကို ဆိုထိုက်သည် မဟုတ်ပါလော–ဟု တဆင့်မေးဖွယ် ရှိသောကြောင့်''တေသဥ္စ ။ပ။ ဝုတ္တတ္တာ''ဟု ဒုတိယဟိတ်ကို မိန့်သည်။ဒုစရိုက်တို့၏ ကာယကံ စသည်ဖြစ်ပုံကို''ယော မိဂဝံ ဂမိဿာမိ'' စသည်ဖြင့် အဋ္ဌကထာ၌ ဆိုခဲ့ပြီးဖြစ်၏။ ထို့ကြောင့်ဒုစရိုက်နှင့် မကွဲ ပြားသောအသံဝရတို့၏ ကာယကံ စသည်ဖြစ်ပုံကို မဆိုထိုက်တော့-ဟူလို။ [ဝုတ္တတ္တာတိ ဟေဋ္ဌာ ကမ္မကထာယံ ယော မိဂဝံ ဂမိဿာမီတိ အာဒိနာ။-မဓု။ အနုဋီကာ၌ကား "တိဝိဓံ ကာယဒုစ္စရိတံ အကုသလံ ကာယကမ္မမေဝ ဟောတိ'' ဟူသော ဤ ကမ္မပထ သံသန္ဒနအခန်း၌ ဆိုအပ်လတ္တံ့သောစကားကို ''ဝုတ္တတ္တာ''အရ ယူသွားလေသည်။]

၃။ ဝုစ္စမာနေ ဟိ။ပ။ကမ္မန္တရာနိ။ ။ကာယ ဝစီ မနောကမ္မ၏ အစွမ်းဖြင့် အသံဝရ သာမည်ကိုယူ၍ ဆိုအပ်သည်ရှိသော် အဘယ်အပြစ် ရောက်ရာသနည်း-ဟု မေးဖွယ်ရှိ၍ ''ဝုစ္စမာနေပိ တသ္မိံ'' စသည်ကိုမိန့်။ ထိုသို့ဆိုလျှင် သက်ရဒေါသ ဖြစ်စရာရှိ၏-ဟူလို။ [ဤနည်း၌ ဟိ–သဒ္ဒါသည် ဝါ၏အနက်ရှိ၏–ဟု မဓုဖွင့်၏။] ရောပုံကား–''စောပန ကာယ အသံဝရ။ပ။ ကာယကမ္မမေဝ ဟောတိ'' ဟု ဝေဖြင့် ဆိုသော်လည်း ထို ကာယ

၏။ တထာ၊ တူ။ သေသဒွါရေသုပိ၊ တို့၌လည်း။ ကမ္မန္တရာနိ၊ တပါးသောကံတို့သည်၊ (ဥပ္ပဇ္ဇန္တိ။) ဣတိ၊ ကြောင့်။ (သက်ရော သိယာ။)

[1]ပန၊ သို့မဟုတ်။ ဒွါရန္တရေ၊ တပါးသော ဒွါရ၌။ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ ကမ္မန္တရမ္ပိ၊ တပါးသောကံသည်လည်း။ တံဒွါရိက ကမ္မမေဝ၊ ထိုဒွါရ၌ ဖြစ်သောကံသည်သာ။ အထ သိယာ၊ အံ့။ (ဧဝံ သတိ။) တိဝိဓံ။ပ။ ကာယကမ္မမေဝါတိအာဒိ၊ အစရှိသော စကားသည်လည်းကောင်း။ အကုသလံ။ပ။ဥပ္ပဇ္ဇတီတိ အာဒိ စ၊ သည်လည်းကောင်း။ ဝိရုဇ္ဈေယျ၊ အချင်းချင်း ဆန့်ကျင်ရာ၏။ (တဒ္ဒွ၊ ထို စကား ၂-ရပ်သည်လည်း။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။)

["တဒ္ဒွ န ဝိရုဇ္ဈတိ-ထိုစကား ၂-ရပ်လည်း မဆန့်ကျင်နိုင်" ဟု မဝိုဋီကာ ထည့်၍ မဆန့်ကျင်ကြောင်းကို အဘယ်နည်းဖြင့် သိနိုင်သနည်း ဟု မေးဖွယ်ရှိသောကြောင့် "ဒုစ္စရိတာနံ ဟိ" စသည်ကို မိန့်သည်။] (ကသ္မာ န ဝိရုဇ္ဈတိ ဣတိ ဝိညာယတိ) ဟိ(ယသ္မာ)။ [2]ဒုစ္စရိတာနံ၊ တို့၏။ အညဒွါရစရဏံ၊ တပါးသော

ဒွါရ၌ ဝစီကံ မနောကံများလည်း ဖြစ်နိုင်၏။ ထို့အတူ ဝစီဒွါရ၌လည်း ကာယကံ မနောကံတို့ ဖြစ်နိုင်၏။ဤနည်းအားဖြင့် ဝစီကံ မနောကံတို့သည် စောပနကာယ ဟူသော ကာယဒွါရ၌ဖြစ်သောအခါ ကာယကံအမည် ဖြစ်တော့မလို ဖြစ်၏။ ထို့ကြောင့် ကံအချင်းချင်း ရောနှော ရှုပ်ထွေးခြင်းဟူသောအပြစ် ဖြစ်စရာရှိသည်။

၁။ အထ ပန။ပ ဝိရုဇ္ဈေယျ။ ။အခြားအပြစ်တမျိုးကို ပြပြန်လိုသောကြောင့် "အထ ပန" စသည်မိန့်။ အကယ်၍ ဝစီဒွါရဟူသော ဒွါရတပါး၌ဖြစ်သော ကာယကံသည် ထို ဝစီဒွါရ၌ဖြစ်သော ဝစီကံသာလျှင် ဖြစ်အံ့၊ ဤသို့ဖြစ်လျှင် "တိဝိဓံ ကာယဒုစ္စရိတံ အကုသလံ ကာယကမ္မမေဝ" စသည်ဖြင့် အမြဲသတ်မှတ်အပ်ပြီးသော ရှေ့စကားသည်လည်းကောင်း။ အကုသလံ ကာယကမ္မံ စောပနကာယအသံဝရဒွါရေ ဝသေန ဝါစာအသံဝရဒွါရဝသေန စ ဥပ္ပဇ္ဇတိ" စသော (ကာယကံက ကာယ-ဝစီဒွါရ၌ဖြစ်နိုင်၏ဟူသော) နောက်စကားသည်လည်းကောင်း အချင်းအချင်း ဆန့်ကျင်စရာရှိ၏။ [ရှေ့စကား၌ "ကာယဒုစရိုက်သည် အကုသိုလ် ကာယကံသာ" ဟု ဧဝ ဖြင့် ဆိုပြီးနောက် "အကုသိုလ်ကံသည် စောပန ကာယအသံဝရဒွါရ ဝါစာအသံဝရဒွါရ ၂-မျိုး၌ ဖြစ်၏" ဟု ဆိုပြန်သောကြောင့် စကား ၂-ရပ် ဆန့်ကျင်ရာ ရောက်သည်။

၂။ ဒုစ္စရိတာနံ။ပ။ကမ္မန္တရံ ဟောတီတိ။ ။ကာယဒုစရိုက်၏ ဝစီဒွါရ၌ ဖြစ်ခြင်း စသည်ဖြင့် ဒုစရိုက်တို့၏ အခြားဒွါရ၌ ဖြစ်နိုင်ခြင်းသည် ရှိ၏။ [ဤစကားဖြင့် "အကုသလံ ကာယကမ္မံ" စသော နောက်စကားကို ရည်ရွယ်သည်။] ထိုသို့ဒွါရတပါး၌ဖြစ်စေကာမူ ကံအမည်ကား တမျိုးမပြောင်းတော့၊ "ကာယကံသည် ဝစီဒွါရ၌ ဖြစ်စေကာမူ ကာယကံသာ မည်၏" ဟူလို။ [ဤစကားဖြင့် "တိဝိဓံ ကာယဒုစ္စရိတံ" စသော ပဌမ စကားကို ရည်ရွယ်သည်။ [ဣတိဖြင့် "တဒေတံ ဝိစာရေတဗ္ဗံ" ကို ပြန်၍အုပ်သည်။ ဤဆိုအပ်ပြီးသော အပြစ်အမျိုးမျိုး ရောက်စရာရှိသောကြောင့် ထို ကေစိတို့၏ စကားကို စိစစ်ထိုက်သည်—ဟူလို။

ဒွါရဋ္ဌဖြစ်ခြင်းသည်။ အတ္ထိ။ စ၊ ထိုသို့ပင် တပါးသောဒွါရဋ္ဌဖြစ်ခြင်း ရှိပါသော်လည်း။ အဿ၊ ထို ဒုစရိုက်ကံ၏။ ဒွါရန္တရုပ္ပန္နံ၊ တပါးသော ဒွါရဋ္ဌဖြစ်သော။ ကမ္မန္တရံ၊ ကံတမျိုးသည်။ န ဟောတိ။ ဣတိ၊ ကြောင့်။ (တံ၊ ထိုစကား ၂-ရပ်သည်။ န ဝိရုဇ္ဈတိ၊ ကျင်။ ဣတိ ဝိညာယတိ၊ ၏။) ဣတိ၊ ဤကား တဒေတံ ဝိစာရေတဗ္ဗံ-၏ အကျယ်တည်း။

ဟိ၊မှန်၏။(တနည်း)ဟိ၊ဆက်ဦးအံ့။ [ဟိသဒ္ဒေါ အာရမ္မဏတ္တော၊-မရ။ မိမိကား အဋ္ဌကထာအဖွင့်ကိုထောက်ခံသော ဒဠှီ ဟု ထင်၏။] ဖုသန္တဿအာရုံ၌ ထိတတ်သော။စိတ္တဿ၊၏။သမ္ဖုသနာတိ၊ ကား။ အာရမ္မဏသမာဂမဖုသနာ၊ အာရုံနှင့် ပေါင်းမိလတ်သော် တွေ့ထိခြင်းဟူသော အမူအရာတည်း။ [သံ အတွက်"အာရမ္မဏသမာဂမ" ဟု ထည့်သည်။] ပဋိလာဘသမ္ဖုသနာ၊ ရခြင်းဟူသော သမ္ဖုသနာသည်။ န၊ မဟုတ်။သမ္ဖုသိတဿ၊ အာရုံနှင့် ပေါင်းမိလတ်သော် တွေ့ထိတတ်သော စိတ်၏။ အာရမ္မဏေန၊ အာရုံနှင့်။ သမာဂတဿ၊ ပေါင်းဆုံသော။ စိတ္တဿ၊ ၏။(သမ္ဖုသိတဿ ကိုပင် "အာရမ္မဏေန သမာဂတဿ စိတ္တဿ" ဟု ထပ်ဖွင့်သည်။) ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာ သဘောသည်။ သမ္ဖုသိတတ္တံ၊ တ္တမည်၏။ ယသ္မိံ၊ အကြင်သဘောသည်။ သတိ၊သော်။(အကြင်သဘော တည်းဟူသော သဒ္ဒပဝတ္တိနိမိတ်ရှိလတ်သော်။) စိတ္တံ၊စိတ်ကို။ သမ္ဖုသိတတ္တန္တိ၊ ဟူ၍။ ဝုစ္စတိ။ သော၊ ထို သဘောသည်။ (ထိုသဘောတည်းဟူသော သဒ္ဒပဝတ္တိနိမိတ်သည်။)တဿ၊ ထို သမ္ဖုသိတ အမည်ရသော စိတ်၏။ဘာဝေါ၊ဖြစ်ကြောင်းဖြစ်ရာတည်း။ [ဤစကားသည် အဆန်းမဟုတ်၊သဒ္ဒါကျမ်း၌ ရိုးရာအတိုင်း သဒ္ဒပဝတ္တိနိမိတ်ကို ဘာဝခေါ်သည် ဟု ပြသောစကားတည်း။] ဝေ၊ ဤနည်းအတိုင်း။ အညေသုပိ၊ သမ္ဖုသိတတ္တံ ပုဒ်မှ တပါးလည်း ဖြစ်ကုန်သော။ ဘာဝနိဒ္ဒေသေသု၊ ဘာဝသဒ္ဒါဖြင့် ညွှန်ပြအပ်သောပုဒ်တို့၌။ (ဝေဒယိတတ္တံ စသော ပုဒ်တို့၌-ဟူလို။)ဒဋ္ဌဗ္ဗံ၊ ၏။

အပရဿ၊ အခြားသော။ ဝေဝစနဿ၊ ဝေဝုစ် ပရိယာယ် စကားလှယ်ကို။ ဒီပနာ၊ ပြခြင်းသည်။ အပရဒီပနာ၊ မည်၏။ ဝါ၊ တနည်း။ အပရေန၊ အခြားသော ဝေဝုစ် ပရိယာယ် စကားလှယ်ဖြင့်။ ပုရိမတ္ထဿ၊ ရှေ့အနက်ကို။ ဒီပနာ၊ ထင်ရှားပြခြင်းသည်။ အပရဒီပနာ၊ မည်၏။

ပဏ္ဍိစ္စံ။ပ။ဝေမာဒယော၊ ဤသို့ အစရှိကုန်သော။ ပညာဝိသေသာ၊ ပညာအထူးတို့ကို။ နာနာကာလေ၊ အမျိုးမျိုးသော အခါ၌။ လဗ္ဘမာနာပိ၊ ရအပ်ပါကုန်သော်လည်း။ ကေသုဉ္စိ စိတ္တေ၊ တခုတည်းသော စိတ်၌။ လဗ္ဘန္တိ၊ ရအပ်ရနိုင်ကုန်၏။ စ၊ ဆက်။ ကေသုဉ္စိ ဝိသေသေ၊ တခုတည်းသော ပဏ္ဍိစ္စ စသော

အထူး၌။ ဣတရေပိ၊ ပဏ္ဍိစ္စံမှ အခြားသော ကောသလ္လံ စသော အထူးတို့သည်လည်း။ အနုဂတာ၊ အစဉ် လိုက်ရကုန်သည်။ ဟောန္တိ။ ဣတိ၊ ဤအနက်ကို။ ဒဿေတုံ၊ ငှာ။ တထာ ဝိဘတ္တံ၊ ထို ပဏ္ဍိစ္စံ ကောသလ္လံ အစရှိသော အပြားအားဖြင့် ဝေဖန်ခြင်းသည်။ အတ္ထတော၊ အနက်အားဖြင့်။ ဝိဘတ္တိ၊ ဝေဖန်ခြင်းသည်။ ဟောတိ၊ ၏။ (ကသ္မာ၊ နည်း။) အတ္ထနာနတ္တေန၊ အနက်အားဖြင့် မတူသည်၏ အဖြစ်ဖြင့်။ (သိပုံချင်း မတူသည်၏အဖြစ်ဖြင့်။) ကတတ္တာ၊ အကျယ်ဝေဖန်မှုကို ပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။

[1]အထဝါ၊ ကား။ ကောဓော။ပ။ကုဇ္ဈိတတ္တန္တိ၊ တတ္တံ ဟူကုန်သော။သဘာဝါကာရဘာဝနိဒ္ဒေသေဟိ၊ သဘာဝနိဒ္ဒေသ, အာကာရနိဒ္ဒေသ, ဘာဝနိဒ္ဒေသတို့ဖြင့်။ (ကောဓောဟူသော သဘာဝနိဒ္ဒေသ, ကုဇ္ဈနာဟူသော အာကာရနိဒ္ဒေသ, ကုဇ္ဈိတတ္တံ ဟူသော ဘာဝနိဒ္ဒေသတို့ဖြင့်။) ကောဓောတိ၊ ကောဓ ဟူ၍။ ဝါ၊ အမျက်ထွက်ခြင်း (အမူအရာ ကြိယာ) ဟူ၍။ ဧဝံ၊ သို့။ အာကာရော၀ အတ္တော၊ အာကာရ အနက်ကိုသာ။ ဝုတ္တော ယထာ၊ ဟောတော်မူအပ်သကဲ့သို့။ ဧဝံ၊ တူ။ ဣဓ၊ ဤ ပညာနိဒ္ဒေသ၌။ န (ဝုတ္တော)၊ ဟောတော်မူအပ်သည် မဟုတ်။ ပန၊ အဟုတ်ကား။ ဣဓ၊ ဤ ပညာနိဒ္ဒေသ၌။ ပဏ္ဍိတာဒိဘာဝါကာရဘိန္နော၊ ပဏ္ဍိတ အစရှိသည်တို့၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့် ကွဲပြားသော၊အတ္တော၊ အနက်ကို။ဝုတ္တော၊ ပြီ။ ဣတိ၊ ကြောင့်။ဣဓ ဝိဘတ္တိဂမနံ၊ ဤအကျယ် ဝေဖန်အပ်သည်၏ အဖြစ်သို့ ရောက်ခြင်းသည်။ အတ္ထဝသေန၊အနက်၏ အစွမ်းဖြင့်။ ဟောတိ။သမ္ဖုသိတတ္တန္တိ ထွောပိ၊၌လည်း။ ဖဿော၊ တွေ့ထိခြင်း။ ဝါ၊ တွေ့ထိခြင်း အမူအရာ ကြိယာ။ ဣတိ ဧဝံ၊ ဤသို့။ အာကာရော၀ အတ္တော၊ အာကာရ အနက်ကိုသာ။ န ဝုတ္တော၊ ဟောတော်မူအပ်သည်မဟုတ်။ ပန၊အဟုတ်ကား။ သမ္ဖဿော၊ အာရုံနှင့် ပေါင်းဆုံမိလတ်သော် တွေ့ထိခြင်း။ ဣတိ ဧဝံ အာကာရော၊ ဤသို့သောအာကာရကို။ ဝုတ္တော၊ ပြီ။ဣတိ၊ ကြောင့်။အတ္ထတော ဝိဘတ္တိဂမနန္တိ၊ဟူ၍။ (သင်္ဂဟကာရေန)ဝုတ္တံ။

၁။ အထ ဝါ။ပ။အတ္ထဝသေန ဟောတိ။ ။"ကောဓော၊ ကုဇ္ဈနာ၊ ကုဇ္ဈိတတ္တံ" ဟု ၃-မျိုးပြားရာ၌ အနက်အရကောက်မှာ အမျက်ထွက်ခြင်းဟူသော အခြင်းအရာ အာကာရ အနက်တမျိုးသာ ရ၏။ ဤ ပဏ္ဍိစ္စံ ကောသလ္လံ စသည်ဖြင့် ဝေဖန်ရာ၌ကား ပဏ္ဍိစ္စံ အရ ပဏ္ဍိတဘာဝ အာကာရ, ကောသလ္လံအရ ကုသလဘာဝ အာကာရ, နေပုညံအရ နိပုဏဘာဝ အာကာရ, ဝေဘဗျာအရ ဝိဘာဝန အာကာရ,စိန္တနာအရ စိန္တန-အာကာရ, ဥပပရိက္ခာအရ ဥပပရိက္ခန အာကာရ ဤသို့အားဖြင့် ကွဲပြားသောအနက်ကို ရသည်။ ထို့ကြောင့် "အတ္ထတော ဝိဘတ္တိဂမနံ ဝေဒိတဗ္ဗံ" ဟု အဋ္ဌကထာ၌ ဆိုသည်။

ဒေါသော ဗျာပါဒေါတိ၊ ဟူ၍။ (ဥဒ္ဒိဋ္ဌော-၌ စပ်။) ဥဒ္ဒေသေပိ၊ ဥဒ္ဒေသ၌လည်း။ နာမနာနတ္တေန၊ နာမည်အားဖြင့် မတူသည်၏အဖြစ်ကြောင့်။ နာနာ-ဘူတော၊ ထူးသည်ဖြစ်၍ဖြစ်သော ကောဓ ကို။ ဥဒ္ဒိဋ္ဌော၊ သရုပ်အရ ထုတ်ပြတော်မူအပ်ပြီ။ နိဒ္ဒေသေပိ၊ နိဒ္ဒေသ၌လည်း။ တေနေဝ နာနတ္တေန၊ ထို နာမ-နာနတ္တ ကြောင့်ပင်။ နိဒ္ဒိဋ္ဌော၊ အကျယ် ညွှန်ပြတော်မူအပ်ပြီ။

ကောဝ ခန္ဓော ဟောတီတိ၊ ဟူသော စကားကို။ ကေန၊ တခုသော။ ခန္ဓသဒ္ဒေန၊ ခန္ဓ သဒ္ဒါသည်။ ဝတ္တဗ္ဗတံ၊ ဟောထိုက် ဟောနိုင်သည်၏ အဖြစ်ကို။ သန္ဓာယ (သင်္ဂဟကာရော)အာဟ။....စေတနာတိ၊ စေတနာ ဟူသော ပါဋ်ဖြင့်။ သင်္ခါရက္ခန္ဓံ၊ သင်္ခါရက္ခန္ဓာကို။ ဒဿေတိ၊ ပြ၏။(ကသ္မာ၊ နည်း။ သင်္ခါရက္ခန္ဓဿ၊ ၏။) တပ္ပမုခတ္တာ၊ ထို စေတနာ အမှူးရှိသည်၏ အဖြစ်ကြောင့်တည်း။ (စေတနာက ပဓာနဖြစ်သောကြောင့်တည်း။)

အသဒ္ဓမ္မာတိ၊ ကား။ အသတံ၊ မသူတော်တို့၏။ ဓမ္မာ၊ တို့တည်း။ ဝါ၊ တနည်း။ အသန္တော၊ မချီးမွမ်းအပ်ကုန်သော။ ဓမ္မာ၊ တို့တည်း။ ဝါ၊ တနည်း။ သဒ္ဓမ္မာ၊သဒ္ဓမ္မတို့သည်။ န၊ မဟုတ်ကုန်။ ဣတိ၊ ဤ ဝစနတ္ထကြောင့်။ အသဒ္ဓမ္မာ၊ အသဒ္ဓမ္မ တို့ မည်၏။ ဣတိ၊ သို့။ အသဒ္ဓမ္မဝစနီယဘာဝေန၊ အသဒ္ဓမ္မ သဒ္ဒါသည် ဟောအပ်သောအနက်၏ အဖြစ်ဖြင့်။ ဧကီဘူတော၊ တခုတည်းဖြစ်၍ဖြစ်သည်။ (သမာနော) ပိ၊ သော်လည်း။ ဝါ၊ သော။ အသဒ္ဓမ္မော၊ အသဒ္ဓမ္မသည်။ (ဂတော-၌ စပ်။) [1]ကောဓဂရုတာဒိဝိသိဋ္ဌေန၊ကောဓဂရုတာ အစရှိသည်တို့သည် အထူးပြုအပ်သော။ (ကောဓဂရုတာ န သဒ္ဓမ္မဂရုတာ ဟု အထူးပြုအပ်သော။) သဒ္ဓမ္မဂရုတာ ပဋိက္ခေပနာနတ္တေန၊ သဒ္ဓမ္မဂရုထာကို ပယ်မြစ်ခြင်း၏ ထူးသည်၏အဖြစ်ကြောင့်။ နာနတ္တံ၊ ထူးသည်၏အဖြစ်သို့။ ဂတော၊ ရောက်ရ၏။ ဣတိ၊ ကြောင့်။ စတ္တာရောတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

၁။ ကောဓဂရုတာဒိ။ပ။နာနတ္တေန။ ။ပဋိက္ခေပ-ဟူသည် ပဋိသေဓတည်း၊ ကောဓဂရုတာဒိဝိသိဋ္ဌ။ကောဓဂရုတာ စသော ၄-မျိုးသည် အထူးပြုအပ်(ဝိသေသနပြုအပ်)သော+ပဋိက္ခေပ-ပယ်မြစ်ခြင်း၊ (န+သဒ္ဓမ္မဂရုတာ ဟု န-သဒ္ဒါဖြင့် တားမြစ်ခြင်း)၊"ကောဓဂရုတာ န သဒ္ဓမ္မဂရုတာ"ဟု ဆိုရာ၌ ကောဓဂရုတာသည် ဝိသေသနကူမအပ်သော သဒ္ဓမ္မဂရုတာကို ပယ်မြစ်ခြင်းတည်း။"သဒ္ဓမ္မတပါးတည်းဖြစ်သော်လည်း ကောဓဂရုတာ စသော ဝိသေသန ၄-မျိုးကြောင့် ၄-မျိုးပြားရသည်"ဟူလို။ [ပဋိက္ခေပနံ ပဋိသေဓနံ ပဋိက္ခေပေါ။-မဓု။]

[၁]ဝါ၊ တနည်း။ န သဒ္ဒမ္မဂရုတာတိ၊ ဟူ၍။ ဝုစ္စမာနာ၊ ဟောအပ်သော အသဒ္ဓမ္မဂရုတာ တို့သည်။ အသဒ္ဓမ္မဂရုတာဘာဝေန၊ အသဒ္ဓမ္မဂရုတာ၏ အဖြစ် ဖြင့်။ ဧကီဘူတာ၊ တခုတည်း ဖြစ်၍ ဖြစ်ကုန်သည်။ (သမာနာ)ပိ၊သော်လည်း။ ကောဓ။ပ။နာနတ္တေန၊ ကောဓ‌ႏုစသည်တို့သည် အထူးပြုအပ်သော ပယ်မြစ်ခြင်း ၏ ထူးသည်၏ အဖြစ်ကြောင့်။ နာနတ္တံ၊ ထူးကုန်သည်၏ အဖြစ်သို့။ ဂတာ၊ ကုန်ပြီ။ [၂]ဝါ၊ တနည်း။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်ကို။ (ဝုစ္စတိ-၌ စပ်။) တေန၊ ထို ဆန့်ကျင်ဘက်သည်။ ပဋိက္ခိပီယတိ၊ ပယ်မြစ်အပ်၏။ ဝါ၊ တနည်း။ သယံ၊ မိမိဟူသော ဆန့်ကျင်ဘက်ကိုယ်တိုင်။ ပဋိက္ခိပတိ၊ ပယ်မြစ်တတ်၏။ ဣတိ၊ ဤဝစနတ္ထ ကြောင့်။ ပဋိက္ခေပေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣဘိ၊ ဤသို့လျှင်။ သဒ္ဓမ္မဂရုတာ ပဋိက္ခေပနာနတ္တေန၊ သဒ္ဓမ္မဂရုတာ၏ ဆန့်ကျင်ဘက် ဖြစ်သော ကောဓ ဂရုတာ စသည်တို့၏ ထူးကုန်သည်၏ အဖြစ်ကြောင့်။ အသဒ္ဓမ္မဂရုတာ၊ အသဒ္ဓမ္မဂရုတာတို့သည်။ ဝါ၊ တနည်း။ အသဒ္ဓမ္မာ၊ အသဒ္ဓမ္မတို့သည်။ နာနတ္တံ၊ ထူးကုန်သည်၏ အဖြစ်သို့။ ဂတာ၊ ကုန်ပြီ။

အလောဘောတိ အာဒီနံ၊ အစရှိသော ပုဒ်တို့၏။ ဖဿာဒီဟိ၊ ဖဿ အစ ရှိသော ပုဒ်တို့မှ။ နာနတ္တံ၊ ထူးကုန်သည်၏ အဖြစ်ကို။ လောဘာဒိဝိသိဋ္ဌေန၊ လောဘ အစရှိသောတရားတို့သည် အထူးပြုအပ်သော။ ပဋိက္ခေပေန၊ ပယ်မြစ် ခြင်းအားဖြင့်။ ဝါ၊ တနည်း။ လောဘာဒိ ပဋိပက္ခေန၊ လောဘ အစရှိသည် တို့၏ ဆန့်ကျင်ဘက်အားဖြင့်။ ဝေဒိတဗ္ဗံ။ [ဖဿနိဒ္ဒေသ စသည်တို့၌ ဤ ပဋိ-

---

၁။ န သဒ္ဓမ္မဂရုတာတိ ဝုစ္စမာနာ ဝါ။ ။ဤနည်း၌ အသဒ္ဓမ္မကို ပဓာန မထား"န သဒ္ဓမ္မဂရုတာ"ဟု ဟောတော်မူအပ်တိုင်းသော စကားကို ပဓာနထား၏။န သဒ္ဓမ္မဂရု တာ ဟု ဟောတော်မူအပ်သော တရားတို့သည် တပါးတည်းဖြစ်သော်လည်း ကောဓ စသော ဝိသေသနတို့ သည် အထူးပြုအပ်သော တားမြစ်ခြင်းက ၄-မျိုးပြားသောကြောင့် န သဒ္ဓမ္မဂရုတာတို့လည်း ၄-မျိုးပြားကြရသည်။

မှတ်ချက်။ ။ပထမနည်း၌ ကောဓဂရုတာ စသော ဝိသေသနက ၄—မျိုးပြား သောကြောင့် အသဒ္ဓမ္မ ၄—မျိုးပြားသည်ဟု ဆို၏။ဒုတိယနည်း၌ ဂရုတာကို မထည့်ပဲ ကောဓ စသော ဝိသေသနတို့က ၄-မျိုးပြားသောကြောင့် န သဒ္ဓမ္မဂရုတာတို့လည်း ၄—မျိုးပြားရသည်—ဟု ဆိုသည်။

၂။ ပဋိပက္ခော ဝါ။ ။ဤ တတိယနည်း၌ကား ပဋိက္ခေပ သဒ္ဒါသည်"ပဋိက္ခိပီယ-တိ တေန"ဟူသော အဝုတ္တကတ္တုသာဓန"သယံ ဝါ ပဋိက္ခိပတိ"ဟူသော ဝုတ္တကတ္တု-သာဓန ဝစနတ္ထကြောင့် ပဋိပက္ခအနက်ကို ဟော၏။"သဒ္ဓမ္မဂရုတာ၏ ပဋိပက္ခဖြစ် သော ကောဓဂရုတာ စသည်တို့က ၄—မျိုးပြားသောကြောင့် အသဒ္ဓမ္မဂရုတာသည် သို့မဟုတ် အသဒ္ဓမ္မသည် ၄-မျိုးပြားသည်"—ဟူလို။

ကွေပနာနတ္တ မပါပဲ အလောဘ စသော နိဒ္ဒေသ၌သာ ပါသောကြောင့်။ “ဖဿာဒီဟိ နာနတ္တံ” ဟု ဆိုသည်။]...အလောဘာ ဒေါသာ မောဟာနံ၊ အလောဘ, အဒေါသ, အမောဟတို့၏။ အညမညနာနတ္တံ၊ အချင်းချင်း ထူးကုန်သည်၏အဖြစ်ကို။ ယထာ ဝုတ္တေန၊ အကြင်အကြင် ဆိုအပ်ပြီးသော။(လောဘာဒိ ဝိသိဋ္ဌေန စသည်ဖြင့် ဆိုအပ်ပြီးသော။) ပဋိက္ခေပနာနတ္တေန၊ ပဋိက္ခေပနာနတ္တအားဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်စေထိုက်၏။ [လောဘကို ပယ်ခြင်းအားဖြင့် အလောဘ ဖြစ်ရသည်။ ဒေါသကို ပယ်ခြင်းအားဖြင့် အဒေါသ ဖြစ်ရသည်။ မောဟကို ပယ်ခြင်းအားဖြင့် အမောဟဖြစ်ရသည်–ဟူလို။]

ပဒတ္ထဿ၊ ရှေ့ပုဒ်အနက်ကို။ ပဒန္တရေန၊ တပါးသော နောက်ပုဒ်ဖြင့်။ ဝိဘာဝနံ၊ ထင်စွာ ဖြစ်စေခြင်းသည်။ ဝါ၊ ထင်စွာပြခြင်းသည်။ ပဒတ္ထုတိ၊ ပဒတ္ထုတိ မည်၏။ ဟိ၊ မှန်။ တနည်း–(ကသ္မာ ပဒတ္ထဿ ပဒန္တရေန ဝိဘာဝနံ။ ပဒတ္ထုတိ၊ မည်သနည်း။) ဟိ(ယသ္မာ)၊ ကြောင့်။ တေန၊ ထို နောက်ပုဒ်တပါးဖြင့်။ တံ ပဒံ၊ ထို ရှေ့ပုဒ်သည်။ မဟတ္ထံ၊ များသော အနက် အဓိပ္ပာယ်ရှိ၏။ ဣတိ၊ သို့။ ဒီပိတံ၊ ပြအပ်သည်လည်းကောင်း။ အလင်္ကတဥ္စ၊ တန်ဆာဆင်အပ်သည်လည်းကောင်း။ ဟောတိ။ ဣတိ၊ ကြောင့်။ (ပဒတ္ထဿ။ပ။ ပဒတ္ထုတိ၊ မည်၏။)

အတ္ထဝိသေသာဘာဝေပိ၊ အနက်အထူး မရှိပါသော်လည်း။ အာဘရဏဝသေန စ၊ တန်ဆာဆင်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း။ အာဒရဝသေန စ၊ တရားနာသူတို့ကို လေးစားခြင်း၏ အစွမ်းဖြင့်လည်းကောင်း။ [အာဒရဝသေနာတိ သောတူနံ။-အနု။] ဝါ၊ တရားကို လေးစားခြင်း၏ အစွမ်းဖြင့်လည်းကောင်း။ ပုန၊ တဖန်။ ဝစနံ၊ ဟောတော်မူခြင်းသည်။ ဒုတ္တိကမ္မံ၊ ကမ္မမည်၏။ [ဆိုလိုရင်းကား-ထပ်၍ ဟောဘော်မူခြင်းသည် ဒွိတ္တိကမ္မကို ပြုခြင်းတည်း။ ထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကား....တန်ဆာဆင်လိုခြင်း, တရားနာသူတို့ကို လေးစားခြင်း, သို့မဟုတ် တရားကိုလေးစားခြင်းတည်း။]

တဇ္ဇန္တိ၊ ကား။ တဿ ဖလဿ၊ ထို အကျိုးအား။ အနုစ္ဆဝိကံ၊ လျော်ကပတ်သော။(ကထံ မန္တေတိ-၌ စပ်။)ကေဝလံ၊ သက်သက်။ နိဒ္ဒိသိယမာနံ၊ ညွှန်ပြအပ်ဆဲဖြစ်သော။(ပါဠိတော်၌ ဟောတော်မူအပ်ဆဲ ဖြစ်သော။)သာတမေဝ၊ သာတ သုခသည်သာ။ ဝါ၊ ကိုသာ။ အဓိကတံ၊ အထက်၌ ပြုအပ်သည်ကား။ (အဓိကာရ နည်းအားဖြင့် လိုက်လာသည်ကား။)န၊ မဟုတ်သေး။ အထ ခေါ၊ စင်စစ်ကား။ ယထာ နိဒ္ဒိဋ္ဌာနိ၊ အကြင် အကြင် ညွှန်ပြအပ်ပြီးကုန်သော။ (သမယနိဒ္ဒေသ၌ ဟော်ာတော်မူအပ်ပြီးကုန်သော။) အာရမ္မဏာနိပိ၊ အာရုံတို့သည်လည်း။ ဝါ၊

တို့ကိုလည်း။ (အမိကတာနိ၊ ကုန်သည်။ ဟောန္တိ။) ဣတိ၊ ကြောင့်။ တေဟိ ဝါတိအာဒိ၊ တေဟိ ဝါ-အစရှိသော စကားကို။ (သင်္ဂဟကာရေန) ဝုတ္တံ၊ [1]ဝါ၊ အဋ္ဌကထာနည်းမှ တနည်းကား။ တဿ၊ ထို သာတသုခ၏။ ဇာတာ၊ အကြောင်း၏အဖြစ်ဖြင့် ဖဿအကျိုးငှာဖြစ်သော မနောဝိညာဏဓာတ်တည်း။ ကာရဏဘာဝေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဖဿတ္ထံ၊ ဖဿအကျိုးငှာ။ ပဝတ္တာ၊ ဖြစ်သော မနောဝိညာဏဓာတ်တည်း။ (တဿ ဇာတာကို ထပ်ဖွင့်သည်။) ဣတိ၊ ဤ ဝစနတ္ထကြောင့်။ တဇ္ဇာ၊ မည်၏။ တံ သမင်္ဂိပုဂ္ဂလံ၊ ထို သာတသုခနှင့်ပြည့်စုံခြင်းရှိသော ပုဂ္ဂိုလ်ကို။ ဝါ၊ တနည်း။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ အတ္တနိ၊ မိမိ၌။ သာဒယတိ၊ သာယာစေတတ်၏။ ဣတိ၊ ကြောင့်။ ဒကာရဿ၊ ဒ-အက္ခရာ၏။ တကာရံ၊ တ-အက္ခရာကို။ ကတွာ၊ ၍။ သာတံ၊ သာတ မည်၏။ ဒုက္ခံ၊ ဒုက္ခကို။ သုဋ္ဌု၊ လွန်စွာ။ ခါဒတိ၊ ခဲစားတတ်၏။ ဝါ၊ တနည်း။ ခဏတိ၊ တူးဖြိုတတ်၏။ ဣတိ၊ ကြောင့်။ သုခံ၊ မည်၏။ [ရှေ့နည်းအလို သုခံ၌ သုပုဗ္ဗ-ခါဒဓာတ်၊ နောက်နည်းအလို ခနုဓာတ် ကွိ-ပစ္စည်းချည်းတည်း။]

ပါသောတိ၊ ကား။ ရာဂပါသော၊ ရာဂ-တည်းဟူသော ကျော့ကွင်းသည်။ (စရတိ-၌ စပ်။) ဟိ၊ မှန်။ သော၊ ထို ရာဂ-တည်းဟူသော ကျော့ကွင်းသည်။ နိရုဝရဏတ္တာ၊ အပိတ်အပင် အဆီးအတား မရှိသည်၏အဖြစ်ကြောင့်။ အန္တလိက္ခစရော၊ ကောင်းကင်၌ လှည့်လည်နိုင်၏။

အကုသလမ္ပိ၊ အကုသိုလ်သော်မှလည်း။ ပဏ္ဍာရန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သေး၏။ ကုသလံ၊ ကုသိုလ်ကို။ (ပဏ္ဍရန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။) ဣတိ၊ သို့။ ဝါဒေ၊ ပြောဆိုဖွယ်သည်။ ကော ပန၊ အဘယ်မှာရှိပါအံ့နည်း။ (ဣတိ အယံ၊ ကား။) အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ ဟိ၊ မှန်။ တနည်း-(ကသ္မာ။ ဣတိ အယံ၊ ကား။ အဓိပ္ပာယော၊ သည်။ ဟောတိ၊ နည်း။) ဟိ (ယသ္မာ)။ တံ၊ ထို ကုသိုလ်သည်။ ပဏ္ဍရတော၊ ဖြူစင်သော ဘဝင်စိတ်မှ။ နိက္ခန္တံ၊ ထွက်ရသည်။ (ဟုတွာ၊ ဖြစ်၍။ ဝါ၊ ဖြစ်သည့်အပြင်။) သယံ စ၊ ကိုယ်တိုင်လည်း။ ပဏ္ဍရံ၊ ဖြူစင်၏။ (ဥပက္ကိလေသတို့နှင့် မယှဉ်သောကြောင့် ဖြူစင်၏။) ဣတိ၊ ကြောင့်။ (ဣတိ အယံ အဓိပ္ပာယော ဟောတိ။)

---

[1] တဿ ဝါ။ပ။တဇ္ဇာ။ ။အဋ္ဌကထာနည်းမှ တနည်းတည်း။ တဿာတိ သာတဿ သုခဿ၊ဇာတာတိ တေဿ အတ္ထံ ဒဿေတုံ"ကာရဏဘာဝေန ဖဿတ္ထံပဝတ္တာ"တိ ဝုတ္တံ။-အနု။မနောဝိညာဏဓာတ်သည် ဖဿနှင့်ယှဉ်သောကြောင့် မနောဝိညာဏဓာတု သမ္ဖဿကို ကြည့်၍"ဖဿတ္ထံ ပဝတ္တာ"ဟု ဆိုသည်။ ထို ဖဿဖြစ်လျှင် သာတသုခ ဝေဒနာလည်း ဖြစ်ရသောကြောင့် ထိုမနောဝိညာဏ ဓာတ်သည်ပင် သာတသုခ၏ အကြောင်းလည်းဖြစ်ရကား"ကာရဏဘာဝေန ပဝတ္တာ"ဟု ဆိုသည်။

အထ ဝါ၊ အင်္ဂကထာနည်းမှ တနည်းကား။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ စိတ္တံ၊ သည်။(ကုသိုလ် အကုသိုလ် အဗျာကတ အားလုံးသော စိတ်သည်။) သဘာဝတော၊ ပင်ကို သဘောအားဖြင့်။ ပဏ္ဍရမေဝ၊ ဖြူစင်သည်သာ။ ပန၊ ထိုသို့ပင် ဖြူစင်ပါသော်လည်း။ အာဂန္တုကေဟပက္ကိလေသမေဝါဒါ-နေဟိ၊ အာဂန္တုကဖြစ်သော ဥပက္ကိလေသစေတသိက် ဝေါဒါနဖြစ်သော စေတသိက်တို့သည်။ ဝါ၊ တို့ကြောင့်။ သာဝဇ္ဇာနဝဇ္ဇာနံ၊ သာဝဇ္ဇဖြစ်သော အကုသိုလ်စိတ် အနဝဇ္ဇဖြစ်သော ကုသိုလ် အဗျာကတစိတ်တို့၏။ ဥပက္ကိလိဋ္ဌ-ဝိသုဒ္ဓတရတာ၊ ညစ်နွမ်းစေအပ်ကုန်သည်၏အဖြစ် အထူးသဖြင့်စင်ကြယ်ကုန်သည်၏အဖြစ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ (ကုသိုလ် အဗျာကတတို့က သဘာဝအားဖြင့် စင်ကြယ်သည့်အပြင် ဝေါဒါနဖြစ်သော စေတသိက်တို့ကြောင့် သာ၍စင်ကြယ်ရကား "ဝိသုဒ္ဓတရ" ဖြစ်ကြသည်-ဟူလို။)

ဒါရုပ္ပမာဏောသု၊ သစ်တုံး ပမာဏရှိကုန်သော။ သိလာဒီသု၊ ကျောက်တုံး အစရှိသည်တို့၌။ ခန္ဓပညတ္တိယာ၊ ခန္ဓဟူသော နာမည်ပညတ်၏။ အဘာဝ ါ၊ မရှိခြင်းကြောင့်။("သိလက္ခန္ဓ" ဟု ခေါ်ရိုးထုံးစံ မရှိခြင်းကြောင့်။) ကိဉ္စိ၊ တစုံ တခုသော။ နိမိတ္တံ၊ သဒ္ဒပဝတ္တိ နိမိတ်ကို။ အနပေက္ခိတွာ၊ မငဲ့မူ၍။ ဒါရုမှိ၊ သစ်တုံး၌။ ခန္ဓပညတ္တိ၊ ခန္ဓဟူသော နာမည်ပညတ်သည်။ (ဟောတိ။) ဣတိ၊ ကြောင့်။ ပဏ္ဏတ္တိမတ္တဋ္ဌေနာတိ၊ ဟူ၍။ (သင်္ဂဟကာရေန) ဝုတ္တံ။

[1]တံ သဒ္ဒေန၊ တံ သဒ္ဒါဖြင့်။ မနောဝိညာဏဓာတုယေဝ၊ မနောဝိညာဏဓာတ်ကိုသာ။ ဝုစ္စေယျ၊ ဆိုအပ်ရာ၏။ (ကသ္မာ၊ နည်း။) နိဒ္ဒိသိတဗ္ဗတ္တာ၊ (မနောဝိညာဏဓာတ်က) ညွှန်ပြထိုက်သည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ ညွှန်ပြအပ်ဆဲ၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့ ဆိုအပ်သော်။ [2]တဿာ၊ ထို မနောဝိညာဏဓာတ်၏။ တဇ္ဇတာ၊ တဇ္ဇာ၏အဖြစ်သည်။ (တဇ္ဇာဟူသော နာမည်

၁။ တံသဒ္ဒေန။ပ။လဘတိ။ ။ဤ စိတ္တနိဒ္ဒေသ၌ "တဇ္ဇာမနောဝိညာဏဓာတု" ဟုသာ ဟောတော်မူ၍ "တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ" ဟု သမ္ဖဿဇကို ထည့်၍ဟောတော်မမူ။ ထို့ကြောင့် "တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇ" ဟူသော အမည်ပညတ်ကို စိတ်၌ အဘယ့်ကြောင့် မရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "တံ သဒ္ဒေန ။ပ။ တဿာ န ။ပ။ လဘတိ" ဟု မိန့်သည်။

၂။ န တဿာ တဇ္ဇတာ။ ။တဇ္ဇာ၌ တံ သဒ္ဒါဖြင့် မနောဝိညာဏဓာတ်ကို စွဲလျှင် ထိုမနောဝိညာဏဓာတ်သည် တဇ္ဇာအမည် မရနိုင်။ [ဆိုလိုရင်းကား-ဝေဒနာနိဒ္ဒေသ၌ ညွှန်ပြအပ်ဆဲဖြစ်သော သာတသုခကို တဇ္ဇာ၌ တံ-သဒ္ဒါဖြင့် စွဲရသကဲ့သို့ ဤ၌လည်း အကျယ်ညွှန်ပြထိုက်သော မနောဝိညာဏဓာတ်ကို စွဲလျှင် "တဇ္ဇာ-ထို မနောဝိညာဏဓာတ်အား လျောက်ပတ်သော မနောဝိညာဏဓာတ်" ဟု အနက်ဖြစ်နေရကား ထို

သည်။) နု၊ မဖြစ်နိုင်။ [၁]ဘေဟိ အာရမ္မဏေဟိ၊ ထို အာရုံတို့ကြောင့်။ဇာတာ၊ ဖြစ်သော မနောဝိညာဏ ဓာတ်တည်း။ တဇ္ဇာ၊ ထို အာရုံတို့ကြောင့်ဖြစ်သော မနောဝိညာဏဓာတ်။ ဣတိ စ၊ ဤသို့လည်း။ ဝုစ္စမာနေ၊ ဆိုအပ်သော်။သမ္ဘဝဇာတာ၊ သမ္ဘဝဇ ၏ အဖြစ်ကို။ (သမ္ဘဝဇဟူသော နာမည်ကို။)နု ဝတ္တဗ္ဗာ၊ မဟောထိုက်။ [၂]ဟိ၊ မှန်။ သော၊ ထို ဖဿသည်။ အာရမ္မဏံ၊ အာရုံသည်။ နု၊ မဟုတ်။ [၃]ဝိသေသပစ္စယောပိ၊ မနောဝိညာဏဓာတ် ဖြစ်ဖို့ရန် ထူးသော အကြောင်းသည်လည်း။ နု၊ မဟုတ်။ (ကသ္မာ ဝိသေသပစ္စယော။ နု ဟောတိ၊ နည်း။ ယသ္မာ၊ ကြောင့်။) တိဏ္ဏံ သင်္ဂတိ ဖဿောတိ၊ ဟူ၍။ ဝိညာဏမေဝ၊ ဝိညာဉ်ကိုသာ။ ဖဿဿ၊ ၏။ ဝိသေသပစ္စယောတိ၊ ထူးသောအကြောင်းဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ကြောင့်။ (သော၊ ထို ဖဿသည်။ ဝိသေသပစ္စယောပိ၊သည်လည်း။ နု၊ မဟုတ်။) [၄]တသ္မာ၊ ကြောင့်။ဝိသေသပစ္စယ

အနက်လည်း မသင့်သောကြောင့် မနောဝိညာဏဓာတ်မှာ တဇ္ဇာအမည်မဖြစ်နိုင်။ထိုသို့ မဖြစ်နိုင်လျှင် ပါဠိတော်၌ "တဇ္ဇာ မနောဝိညာဏဓာတု"ဟု ဟောတော်မမူသင့်ရာ ရောက်သည်-ဟူလို။]

၁။ တေဟိ။ပ။နု ဝတ္တဗ္ဗာ။ ။ဝေဒနာနိဒ္ဒေသ၌ "တေဟိ အာရမ္မဏေဟိ ဇာတာ တဇ္ဇာ"ဟု ပြခဲ့သကဲ့သို့၊ ဤ၌လည်း ထိုနည်းအတိုင်းပြလျှင် မနောဝိညာဏဓာတ်ဟူသော ပိတ်ကို အရကောက်ရမည် ဖြစ်သောကြောင့် "တဇ္ဇာမနောဝိညာဏဓာတု-သမ္ဘဿဇံ၊ ထို အာရုံတို့ကြောင့် ဖြစ်သော မနောဝိညာဏဓာတ်၏ သမ္ဘဿကြောင့် ဖြစ်သော (မနောဝိညာဏဓာတ်)"ဟု အနက်ထွက်နေရကား မနောဝိညာဏဓာတ် ဟူသောစိတ်သည် သမ္ဘဿကြောင့် ဖြစ်သောတရားမဟုတ်သည့်အတွက်"သမ္ဘဿဇ" ဟူသောအမည်ကို မဆိုထိုက်။

၂။ နု ဟိ သော အာရမ္မဏံ။ ။"တဇ္ဇာ-ထို အာရုံတို့ကြောင့် ဖြစ်သော"ဟု ဆိုလျှင် အဘယ်ကြောင့် "သမ္ဘဿဇ"ဟု မဆိုနိုင်သနည်း-ဟု မေးဖွယ်ရှိသောကြောင့်"နု ဟိ သော အာရမ္မဏံ"ဟု မိန့်သည်။ ဇေဇ္ဇာ-နှင့် သမ္ဘဿဇာသည် အနက်အရ တူနေရကား ဖဿကသည်း အာရုံဖြစ်ပါမှ "သမ္ဘဿဇာ"ဟု အမည်ရနိုင်သည်။စင်စစ်ကား သမ္ဘဿသည် ယှဉ်ဖက် မနောဝိညာဉ်၏ အာရုံမဟုတ်။ ထို့ကြောင့် "သမ္ဘဿဇာ"ဟု မဆိုနိုင်-ဟူလို။

၃။ နာပိ ဝိသေသပစ္စယော။ ။ဖဿသည် မနောဝိညာဏဓာတ် (စိတ်)ဖြစ်ဖို့ရာ ထူးသောအကြောင်း ဖြစ်လျှင် "သမ္ဘဿတော ဇာတာ"အရ "သမ္ဘဿဇ"ဟူသော အမည်ပညတ်ကို ရရာ၏။ ထိုသို့လည်း ထူးသောအကြောင်း မဟုတ်။ "တိဏ္ဏံ-ဝတ္ထု၊ အာရုံ ဝိညာဉ်ဟူသော ၃-ပါးတို့၏။ သင်္ဂတိ ဖဿော"ဟု ဟောတော်မူသောကြောင့် မနောဝိညာဏဓာတ် ဟူသော ဝိညာဉ်ကသာ ဖဿ၏ ဝိသေသပစ္စယ ဖြစ်သည်-ဟူလို။

၄။ တသ္မာ နု။ပ။လဗ္ဘတိ။ ။ဤကား ပြခဲ့သောအကြောင်း ၂-ရပ်၏ ဖလဝါကျတည်း။ ထိုသို့ အနုဗ္ဗဝိက အနက်အားဖြင့်လည်း တဇ္ဇာအမည် သမ္ဘဿဇာအမည်၏

ဘူတံ၊ ထူးသောအကြောင်း ဖြစ်၍ဖြစ်သော။ ဝိညာဏံ၊ မနောဝိညာဉ်သည်။ သမ္ဘဿဇတာယ၊ သမ္ဘဿဇ၏ အဖြစ်ဖြင့်။ တဇ္ဇာ။ပ။ပညတ္တိံ၊ တဇ္ဇာ မနော ဝိညာဏ ဓာတုသမ္ဘဿဇာ ဟူသော ပညတ်ကို။ န လဘတိ၊ မရ။

၁စ၊ ဆက်။ တဒေဝ၊ ထို ဝိညာဉ်သည်ပင်။ တဿ၊ ထို ဖဿ၏။ ကာရဏဘာဝေန၊ အကြောင်း၏ အဖြစ်ဖြင့်လည်းကောင်း။ ဖလဘာဝေန စ၊ အကျိုး၏ အဖြစ်ဖြင့်လည်းကောင်း။ ဝုတ္တမာနံ၊ ဟောတော်မူအပ်သော်။ သုဝိညေယျံ၊ လွယ်ကူစွာ သိအပ်သည်။ ဝါ၊ သိလွယ်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ (တဇ္ဇာ မနောဝိညာဏဓာတု သမ္ဘဿဇာ ပညတ္တိံ န လဘတိ။)

၂ဝါ၊ တနည်း။ ဧတေန၊ ဤ အကြောင်းကိုရှာခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊ ကုန်ပြီ။ တေ ဓမ္မာ၊ ထို တရားတို့သည်။ တံ သဘာဝါ ယေဝ၊ ထို ဟောတော်မူအပ်တိုင်းသော သဘောရှိကုန်သည်သာ။ ဣတိ၊ ကြောင့်။ ဧဝံ ဝိဓေသု၊ ဤသို့ သဘောရှိသော တရားတို့၌။ ကာရဏံ၊ အကြောင်းကို။ န မဂ္ဂိတဗ္ဗံ၊ မရှာထိုက်။ ဝါ၊ ရှာဖွယ်မလို။

လောကသိဒ္ဓေန၊ လောက၌ ထင်ရှားသော။ ဧဝံ၊ သို့။ တက္ကနဝသေန၊ ဆွဲငင်ခြင်း၏ အစွမ်းဖြင့်။ (ပဝတ္တိ ဝေဒိတဗ္ဗာ-၌ စပ်။) ဣတိ (အယံ)၊ ကား။ အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။["ကုမ္ဘံ တက္ကေသိ"စသော အသုံး အနှုန်းသည် သာသနာတော်၌ ထင်ရှားသော အသုံးအနှုန်းမဟုတ်၊ လောက၌

မဖြစ်သင့်၊ ''တေဟိ+ဇာတာ''ဟူသော ဝစနတ္ထအားဖြင့်လည်း သမ္ဘဿဇာအမည်ကို မဆိုသင့်သောကြောင့် ဖဿ၏ ဝိသေသပစ္စယဖြစ်သော မနောဝိညာဏဓာတ် ဟူသော ဝိညာဉ်သည် တဇ္ဇာမနောဝိညာဏဓာတုသမ္ဘဿဇာ ဟူသော အမည်ပညတ်ကို မရနိုင်။

၁။ န စ တဒေဝ။ပ။ဟောတီတိ။ ။"တဿ ဝါ ဇာတာ,ကာရဏဘာဝေန ဖဿတ္တံ ပဝတ္တာ တဇ္ဇာ''ဟု မိမိ(ဋီကာဆရာ) ကိုယ်တိုင် ပြခဲ့သောနည်းအရ "တဇ္ဇာမနော ဝိညာဏဓာတု သမ္ဘဿဇာ''အမည် မရနိုင်ပါလော-ဟု မေးဖွယ်ရှိသောကြောင့် ဤ စကားကို ဆိုရသည်။ ထိုအတိုင်းဆိုလျှင် ထိုဝိညာဉ် တခုတည်းသည်ပင် တဇ္ဇာအခိုက်၌ "တဿ၊ ထိုဖဿ၏+ဇာတာ၊ အကြောင်း၏ အဖြစ်ဖြင့် ဖြစ်သော''ဟု အနက်ပေး၍ အကြောင်းဖြစ်ပြီးလျှင် ''သမ္ဘဿဇာ-သမ္ဘဿကြောင့် ဖြစ်သော'' ဟူသော အခိုက်၌ အကျိုး ဖြစ်ပြန်သောကြောင့် ''တဇ္ဇာမနောဝိညာဏဓာတုသမ္ဘဿဇာ'' ဟု အမည် ရသော မနောဝိညာဉ်ကို လွယ်ကူစွာ မသိနိုင်-ဟူလို။

၂။ ကိံ ဝါ ဧတေန။ ။"တဇ္ဇာ မနောဝိညာဏဓာတု သမ္ဘဿဇာ'' ဟု ဟော တော်မမူခြင်း၏အကြောင်းကို ရှာခြင်းဖြင့် အကျိုးမရှိ၊ ဘုရားရှင် ဟောတော်မူအပ်သည့် အတိုင်းသာ သဘာဝဓမ္မကို မှတ်ရမည်-ဟု ညွှန်ပြ၍ ထို အကြောင်းရှာမှုကို ဂရုမပြု စေလိုသောကြောင့် "ကိံ ဝါ ဧတေန''ဟု မိန့်သည်။

ထင်ရှားသော အသုံးအနှုန်းဖြစ်သောကြောင့် "လောကသိဒ္ဓေန" ဟု ထည့်၍ ဖွင့်သည်။ ထိုအဖွင့်ဖြင့် သာသနသိဒ္ဓကို ကန့်ပါ။ မဝုဋ္ဌကား သဘာဝသိဒ္ဓကို ကန့်သည်၏ ဟု ယူ၍ "န သဘာဝသိဒ္ဓေန" ဟု ဖွင့်လေသည်။] ဝေဠွေဝဠူ၊ ဤသို့ ဤသို့လည်း။ ဘဝိတဗ္ဗံ၊ ဖြစ်ထိုက်၏။ ဣတိ၊ သို့။ ဝိဝိဓံ၊ အထူးထူး အပြားပြား။ တက္ကနံ၊ အာရုံကို ဆွဲငင်ခြင်းသည်။ ကူပေ၊ တွင်း၌။ ဥဒကဿ၊ ရေကို။ (အာကစ္စနံ)ဝိယ၊ ဆွဲငင်ခြင်းကဲ့သို့။ အာရမ္မဏဿ၊ အာရုံကို။ အာကစ္စနံ၊ ဆွဲငင်ခြင်းသည်။ ဝိတက္ကနံ၊ ဝိတက္ကန မည်၏။ ["ဝိဝိဓံ+တက္ကနံ ဝိတက္ကနံ" ဟု ပြု။ အာရမ္မဏဿ အာကစ္စနံဖြင့် ဓာတွန်း အနေကတ္ထတ္တာနှင့် အညီ တက္က-ဓာတ်၏ အာကစ္စနအနက်ကို ပြသည်၊တက္ကနံကို "ကူပေ ဝိယ ဥဒကဿ အာရမ္မ-ဏဿ အာကစ္စနံ" ဟု ထပ်ဖွင့်သည်။]....သမန္တတော၊ ထက်ဝန်းကျင်၌။ စရဏံ၊ လှည့်လည်ခြင်းသည်။ ဝိစရဏံ၊ ဝိစရဏ မည်၏။

အတ္တမနတာတိ ဧတ္ထ၊ ၌။ အတ္တသဒ္ဒေန၊ အတ္တသဒ္ဒါသည်။ စိတ္တံ၊ စိတ်ဟူသော အနက်ကို။ န ဝုတ္တံ၊ ဟောတော်မူအပ်သည် မဟုတ်။ (ကသ္မာ ဝိညာ-ယတိ) ဟိ (ယသ္မာ)။ စိတ္တဿ၊ စိတ်၏။ ဝါ၊ မှာ။ မနော၊ စိတ်သည်။ န အတ္ထိ၊ မရှိနိုင်။ ဣတိ၊ ကြောင့်။ (အတ္တသဒ္ဒေန စိတ္တံ န ဝုတ္တံ၊ ဣတိ ဝိညာ-ယတိ။)[အတ္တမနတာ၌ အတ္တသဒ္ဒါက စိတ်ဟူသောအနက်ကို ဟောလျှင် "အတ္တ-မန-စိတ်၏ စိတ်" ဟု အနက်ထွက်နေသောကြောင့် စိတ်မှာ အခြားစိတ်တခု ရှိရာရောက်၏၊ထို့ကြောင့် အတ္တသဒ္ဒါက စိတ်ဟူသောအနက်ကို မဟောကြောင်း သိရသည်--ဟူလို။] ပန၊ ဆက်။ [1]အတ္တမနဿ၊ မိမိစိတ်ရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာသည်။ အတ္တမနတာ၊ မည်၏။ ဣတိ၊ သို့။ ဝတ္တဗ္ဗာ၊ ဝိဂ္ဂြိုဟ်ဆို၍။ ဝါ၊ ဝိဂ္ဂြိုဟ်ဆိုလိမ့်မည် ဟု သိ၍။ (ဝုတ္တံ-၌စပ်။) ပန၊ တဖန်။ ပုဂ္ဂလဒိဋ္ဌိနိသေဓနတ္ထံ၊ ပုဂ္ဂိုလ် ဟူသော အယူကို တားမြစ်ခြင်း အကျိုးငှာ။ စိတ္တဿာတိ၊ ဟူ၍။ ဝုတ္တံ၊ အပ်ပြီ။

န ဗလဝတီ၊ အားမရှိသော ကေဂ္ဂတာကို။ ကသ္မာ၊ ကြောင့်။ အဝဋ္ဌိတိ၊ အဝဋ္ဌိတိ ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်သနည်း။ တနည်း-ဗလဝတီ၊ အား

၁။ အတ္တမနဿးပ။ဝုတ္တံ။ ။ဝတ္တဗ္ဗာ-အရ တကယ် ဝိဂ္ဂြိုဟ်ဆိုရသည်မဟုတ်။ ထိုသို့ ဆိုလိမ့်မည် ဟု သိခြင်းတည်း။ ထိုသို့ ဝိဂ္ဂြိုဟ်ပြုလျှင် "အတ္တမန" အရ ပုဂ္ဂိုလ်ကို ရနေသောကြောင့် ထို ပုဂ္ဂိုလ်ဟူသောအယူကို တားမြစ်ဖို့ရာ "စိတ္တဿ" ဟု ထည့်တော်မူသည်။ ဤ "ပုဂ္ဂလဒိဋ္ဌိနိသေဓနတ္ထံ" အရ "အတ္တမနတာ—မိမိစိတ်ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ" ဟု အနက်မပေးသင့် ဟု မှတ်ပါ။ [အတ္တမနတာတိ ဝတ္တဗ္ဗာတိ အတ္တမနတာတိ သောတုဇနဿ ဝိဇ္ဇနံ မဇ္ဈေတွာဟိ အဇ္ဈော၊ တဿ ဝုတ္တန္တိ သမ္ဗန္ဓော။—မဓု။]

ရှိသည်။ (ယဒိ) နှ (သိယာ)၊အံ့။ (ဇေ၀ သတိ) ကသွာ။ အဝဋ္ဌိတိ၊ ကို။ ဝုတ္တာ၊ နည်း။ ဌိတိ၊ ဤကား အ ေမးတည်း။ ကေဂ္ဂစိတ္တေန၊ ကေခုတည်းသော အာရုံရှိသော စိတ်ဖြင့်။ (တည်ငြိမ်သော စိတ်ဖြင့်။) ပါဏာဝဓာဒိကာရဏော၊ သူ့အသက်သတ်မှု အစရှိသည်ကို ပြုခြင်း၌။ တထာ၊ ထို သူ့အသက်သတ်မှု အစရှိသည်ကို ပြီးစေနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။ ဒဠှာဋ္ဌာနမတ္တ ဘာဝ–တော၊ သက်ဝင်၍ တည်ခြင်းမျှ၏ အဖြစ်ကြောင့်။ (အဝဋ္ဌိတိ၊ ကို။ ဝုတ္တာ၊ ပြီ။)

ဝိရူပံ၊ ဖောက်ဖောက်ပြန်ပြန်။ ဝါ၊ တနည်း။ဝိဝိဓံ၊ အထူးထူး အပြားပြား။ သံဟရဏံ၊ ထက်ဝန်းကျင် ဆောင်ခြင်းတည်း။ ဝိကိရဏံ၊ ဖရိုဖရဲ ဖြန့်ကြဲခြင်းတည်း။ ဝိသာဟာ ရော၊ ဖောက်ဖောက်ပြန်ပြန် ထက်ဝန်းကျင် ဆောင်ခြင်း။ ဝါ၊ အထူးထူး အပြားပြား ထက်ဝန်းကျင် ဆောင်ခြင်း။ ဝါ၊ ဖရိုဖရဲ ဖြန့်ကြဲခြင်း။ ဝါ၊ တနည်း။ သံဟရဏံ၊ သံဟရဏ ဟူသည်။ သမ္ပိဏ္ဍနံ၊ သမ္ပယုတ်တရားတို့ကို ပေါင်းစုခြင်းတည်း။ တဒဘာဝေါ၊ ထို ပေါင်းစုခြင်း၏ မရှိခြင်းသည်။ ဝိသာဟာရော၊ ဝိသာဟာရ မည်၏။

အညသ္မိံ ပရိယာယေတိ၊ ကား။ အညသ္မိံ၊ အခြားသော။ ကာရဏော၊ အကြောင်းကို။ (အာရမ္ဘော၊ အားထုတ်အပ်သော်-၌ စပ်။)... ဒိဋ္ဌိနံ၊ ကုန်သော။ ပဒါနံ၊ ပုဒ်တို့၏လည်းကောင်း။ ဗဟူနံ၊ ကုန်သော။ ပဒါနံ ဝါ၊ တို့၏လည်းလည်း။ ကေသ္မိံ၊ တခုသော။ အတ္ထေ၊ အနက်၌။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ သမာနာဓိကရဏဘာဝေါ၊ မည်၏။ [တူသောတည်ရာ အနက်ရှိသော ပုဒ်တို့ကို သဒ္ဒါကျမ်းတို့၌ "တုလျာဓိကရဏ" ဟု ခေါ်ရိုးရှိသကဲ့သို့ ဤ၌သည်း ၂–ပုဒ် ၃–ပုဒ် စသော ပုဒ်တို့၏ တနက် တည်း၌ ဖြစ်ခြင်းကို "သမာနာဓိကရဏဘာဝ" ဟု ခေါ်သည်။]

အာရမ္ဘတိ စာတိ၊ ကား။ အာပဇ္ဇတိ စ၊ အာပတ်သို့လည်း ရောက်၏။... ဥဒ္ဒံ၊ အထက်၌။ ယမနံ၊ အားထုတ်ခြင်းတည်း။ ဥယျာမော၊ အထက်၌ အားထုတ်ခြင်း။ [ဤနည်းကို မူလဋီကာနည်း ဟု မဝုဖွင့်၏။] ...ဓုရန္တိ၊ ကား။ နိပ္ဖာဒေတုံ၊ ပြီးစေခြင်းငှာ။ အာရဒ္ဓံ၊ အားထုတ်အပ်သော။ ကုသလံ၊ ကုသိုလ်ကို။ ဝါ၊ တနည်း။ ပဋိညံ၊ ဝန်ခံအပ်သော တာဝန်ကို။ (နနိက္ခိပတိ–၌ စပ်။)

တိဏ္ဏန္တိ၊ ကား။ ဗုဒ္ဓါဒီနံ၊ ဘုရား အစရှိသော ရတနာ ၃–ပါးတို့၏။(နာမံ–၌ စပ်။)....စိတ္တေ၊ ၌။ အာရမ္မဏာဿ၊ အာရုံ၏။ ဥပဋ္ဌာနံ၊ ကပ်၍တည်ကြောင်းတရားသည်လည်းကောင်း။ ဇောတနဥ္စ၊ ထွန်းလင်း(ထင်လာ) ကြောင်း တရားသည်လည်းကောင်း။ သတိယေဝ၊ သတိသာတည်း။ ဌတိ၊ ကြောင့်။ တဿာ၊ ထို သတိ၏။ တေ၊ ဤ ဥပဋ္ဌာနဇောတန သည်။ လက္ခဏံ၊ လက္ခဏာတည်း။

ပါသာဏ။ပ။ရဟိတာ၊ ကျောက်, ကျောက်စရစ်, သဲ အစရှိသည်တို့မှ ကင်းသော။ ဘူမိ၊ မြေသည်။ သဏ္ဍာ၊ သိမ်မွေ့၏။ ဣတိ၊ ကြောင့်။ သဏ္ဍ္ဍဿနာတိ၊ ဟူ၍။ ဝုတ္တံ။....အယန္တိတိ၊ ကား။ ကေကမ္မ။ပ။ဝသေန၊ တခုသောကံကြောင့် ဖြစ်သော လူ အစရှိသူတို့၏ ခန္ဓာအစဉ်၏ မပြတ်စဲခြင်း၏ အစွမ်းဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်၏။ ဟိ၊ မှန်။ ကုသလာ ကုသလေသုပိ၊ ကုသိုလ် အကုသိုလ်တရားတို့၌လည်း။ ဇီဝိတံ၊ ဇီဝိတိန္ဒြေသည်။ ဣန္ဒြိယ ပစ္စယဘာဝေန၊ ဣန္ဒြိယ ပစ္စည်း၏ အဖြစ်ဖြင့်။ သမ္ပယုတ္တော၊ သမ္ပယုတ်တရားတို့ကို။ ပဝတ္တယမာန မေဝ၊ ဖြစ်စေလျက်ပင်။ ဝါ၊ ဖြစ်စေယင်းပင်။ တဒဝိစ္ဆေဒဿ၊ ထို ကုသိုလ် အကုသိုလ် အစဉ် မပြတ်ခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။

ဝါ-အဋ္ဌကထာနည်းမှ တနည်းကား၊ [၁]ယံ ဟိရီယတီတိ(ဧတ္ထ)၊ ၌။ဟိရီယတိ သဒ္ဒေန၊ ဟိရီယတိ သဒ္ဒါသည်။ ဝုတ္တော၊ ဟောအပ်သော။ ဘာဝေ ါ၊ စက်ဆုပ်ခြင်း ကြိယာကို။ ယံ သဒ္ဒေန၊ ယံ သဒ္ဒါသည်။ ဝုစ္စတိ၊ ဟောအပ်၏။(ကြိယာပရာမသန အနက်ဟော-ဟူလို။) ဣတိ၊ ကြောင့်။ ယန္တိ ဧတံ၊ ယံ ဟူသော ဤသဒ္ဒါကို။ ဘာဝနပုံသကံ၊ ဘာဝနပုံသက ဟူ၍။ ဝါ၊ ကြိယာ၌ စပ်ထိုက်သော နပုလ္လိင်ရှိသော ဝိသေသန ဟူ၍။ ဒဋ္ဌဗ္ဗံ၊ ၏။ စ၊ သည်သာ မကသေး။ ဟိရီယိ တဗ္ဗေနာတိ (ဧတ္ထ)၊ ၌။ ဟေတု အတ္ထေ၊ ၌။ ကရဏဝစနံ၊ သည်။ ယုဇ္ဇတိ၊ သင့်၏။

အလဇ္ဇနကဝသေနာတိ ဧတ္ထ၊ ၌။ အလဇ္ဇနမေဝ၊ မလိုချင်ခြင်းသည်ပင်။ အလဇ္ဇနကံ၊ မည်၏။ ဣတိ၊ သို့။ ဘာဝနိဒ္ဒေသော၊ ဘာဝအနက်ကို ညွှန်ပြကြောင်းသဒ္ဒါ ဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏။

[၂]အဗျာဗဇ္ဈောတိ (ပဒဿ)၊ ၏။ ဗျာဗာဓေန၊ စိတ်ကို လွန်စွာ ဖျက်ဆီးတတ်သော။ ဒေါမနဿ သင်္ခါတေန၊ ဒေါမနဿ ဟု ဆိုအပ်သော။ ဒုက္ခေန၊ စေတသိကဒုက္ခသည်။ဒေါသေန ဝိယ၊ ဒေါသသည်ကဲ့သို့။ န ဗျာဗာဓေတဗ္ဗော၊

၁။ယံ ဟိရီယတိတိ။ပ။ယုဇ္ဇတိ။ ။ဤနည်းကား အဋ္ဌကထာမှ တနည်းတည်း။"ယံ"ကို ဟိရီယတိနှင့် တွဲ၍ ကြိယာပရာမသနဘာဝနပုံသက အနက် ပေးသောအခါ "ဟိရီယိတဗ္ဗေန"ကိုလည်း ဟိတ်အနက် ပေးပါ။ဤဋီကာအလို ပါဠိတော်၌ "ဟိရီယိတဗ္ဗေန၊ စက်ဆုပ်ထိုက်သော ဒုစရိုက်ကြောင့်။ ယံ ဟိရီယတိ၊ အကြင် စက်ဆုပ်တတ်၏။ ပါပကာနံ။ပ။မွှာနံ၊ တို့သို့။ သမာပတ္တိယာ၊ ရောက်ခြင်းကြောင့်။ ယံ ဟိရီယတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဣဒံ၊ ဤသို့သော။ ဟိရီဗလံ၊ သည်။ ဟောတိ၊ ၏။"ဟု ပေးပါ။

၂။ အဗျာဗဇ္ဈောတိ။ပ။ယုဇ္ဇတိ။ ။ဤနည်းကား အဋ္ဌကထာနည်းမဟုတ်၊ မိမိ ဋီကာနည်းတည်း။ ဤအဖွင့်ကိုကြည့်၍ "အဗျာပဇ္ဈော"ဟု မရှိရ "အဗျာဗဇ္ဈော"ဟု လည်းကောင်း၊ "န ဗျာပါဒေတဗ္ဗော"ဟု မရှိရ "န ဗျာဗာဓေတဗ္ဗော"ဟု လည်း

မဖျက်ဆီးနိုင်။ ဣတိပိ အာတ္တော၊ အဋ္ဌကထာမှ တနည်းဖြစ်သော ဤအနက်သည်လည်း။ ယုဇ္ဇတိ၊ သင့်၏။

ထိန။ပ။ဘာဝေန၊ ထိန မိဒ္ဓ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ ကုသလကမ္မေ၊ ကုသိုလ်အလုပ်၌လည်းကောင်း။ အနိစ္စာဒိမနသိကာရေ စ၊ အနိစ္စ အစရှိသောအားဖြင့် နှလုံးသွင်းမှု၌လည်းကောင်း။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ။ ပရိဝတ္တနသမတ္ထတာ၊ အဖန်ဖန် ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်။ (ပြောင်းလဲခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်။) လဟုပရိဏာမတာ၊ တာ မည်၏။ ဟိ၊ ချဲ့။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာဟူသော နီဝရဏရှိကုန်သော။ တဏှာ သံယောဇနာနံ၊ တဏှာဟူသော သံယောဇဉ်ရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အကုသလပ္ပဝတ္တိ၊ အကုသိုလ်၏ ဖြစ်ခြင်းသည်။ ပကတိဘူတာ၊ ပင်ကိုဖြစ်၍ဖြစ်၏။ ဣတိ၊ ကြောင့်။ တတ္ထ၊ ထိုအကုသိုလ်ဖြစ်ခြင်း၌။ လဟု ပရိဏာမတာယ၊ လျင်မြန်သော ပြောင်းလဲခြင်းရှိသည်၏ အဖြစ်ဖြင့်။ အတ္ထော၊ အကျိုးသည်။ န၊ မရှိ။ စ၊ ဆက်။ တေသံ၊

ကောင်း ရှိရမည်။ ဘာ့ကြောင့်နည်း-ဗျာပါဒပုဒ်က ဒေါသအနက်ကိုဟော၍ ဗျာဗာဓ်ပုဒ်ကသာ ဒုက္ခအနက်ကို ဟောသောကြောင့်တည်း။

မှတ်ချက်။ ။အဋ္ဌကထာ၌ "ကောဓဒုက္ခ ပဋိပက္ခတော"ဟူသောဟိ`က်ကို ဋီကာဆရာ နှစ်သက်ပုံမရ။ ဘာ့ကြောင့်နည်း....ဒုက္ခဟု ဆိုလျှင် ကာယဝိညာဉ်ဒွေနှင့်ယှဉ်သော ကာယိကဒုက္ခဟူသော ဒုက္ခဝေဒနာ၊ ဒေါသမူဒွေနှင့်ယှဉ်သော စေတသိကဒုက္ခဟူသော ဒေါမနဿဝေဒနာ ဤ ၂-မျိုးကိုသာ ယူရရိုးတည်း။ အဋ္ဌကထာ၌ကား ကောဓ (ဒေါသ) ကို ဒုက္ခ ဟု ဆိုထားသောကြောင့်တည်း။ ယို့ကြောင့် ဗျာဗဇ္ဈအရ ယူရိုးဖြစ်သော ဒုက္ခဝေဒနာကို ယူ၍ "န ဗျာဗာဓေတဗ္ဗော—ဒေါသသည် မဖျက်ဆီးအပ်သကဲ့သို့ ဒေါမနဿဟူသော ဒုက္ခသည် မဖျက်ဆီးအပ်" ဟု ဋီကာတမျိုးဖွင့်သည်။

၁။ ကုသလကမ္မေ။ ။မဝုဋီကာ၌ "ကုသလံ ဓမ္မန္တိ ဧတေန ကုသလသံမ္ပယုတ္တံ လဟုတာကိစ္စံ ဒဿေတိ။ပ။ကုသလကမ္မေဟိ အာဒိနာ စ ရူပါဒိသု သီဃံသီဃံ ပရိဏာမတံ နိဒ္ဒေသတိ"ဟု တွေ့ရ၏။ထိုအတိုင်းဆိုလျှင်"ကုသလံ ဓမ္မံ ကုသလကမ္မေ,အနိစ္စာဒိမနသိကာရေ စ"ဟု ပါဌ်ရှိရလိမ့်မည်။ ဆိုလိုရင်းကား—"ကုသိုလ်တရားကို ကုသိုလ်အလုပ်ဝယ် လျင်စွာ လျင်စွာ ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်၊ အနိစ္စာဒိ မနသိကာရ၌လည်း ကုသိုလ် အဗျာကတတရားစုကို လျင်စွာ လျင်စွာ အဖန်ဖန်ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည် လဟုတာ မည်၏"ဟု ဆိုလိုသည်။

၂။ အဝိဇ္ဇာနီဝရဏာနံ။ပ။ပကတိဘူတာ။ ။သီဃပရိဝတ္တန၏အဖြစ်ကြောင့် လဟုပရိဏာမတာဖြစ်လျှင် အကုသိုလ်အလုပ်၌လည်း လဟုတာစေတသိက် ပါဝင်စရာရှိသည် မဟုတ်လော ဟု စောဒနာဖွယ် ရှိသောကြောင့် "အဝိဇ္ဇာနီဝရဏာနံ ဟိ"စသည်မိန့်။ အဝိဇ္ဇာနီဝရဏနှင့် တဏှာသံယောဇနရှိကုန်သော သတ္တဝါတို့၏ အကုသိုလ် ဖြစ်ခြင်း

ထို အကုသိုလ်တို့၏။ ဘာဝေ ါ၊ ဖြစ်ကြောင်းဖြစ်ရာ အမူအရာသည်။ ဂရုတာ ယေဝ၊ လေးနေးသည်၏ အဖြစ်ပင်တည်း။ ဣတိ၊ ကြောင့်။ တဗ္ဗိဓုရသဘာ-ဝါနံ၊ ထို ဂရုတာ၏ဆန့်ကျင်ဘက် သဘောတရားတို့၏။ လဟုတာ၊ လဟုတာကို။ ဒဋ္ဌဗ္ဗာ၊ ၏။ ဟိ၊ မှန်။ သာ၊ ထို လဟုတာ သည်။ ပဝတ္တမာနာ၊ ဖြစ်လတ်သော်။ သီဃံ၊ စွာ။ ဘဝင်္ဂဝုဋ္ဌာနဿ၊ ဘဝင်မှ ထခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။

စ၊ ဆက်။ ယေ ဓမ္မာ၊ အကြင် တရားတို့သည်။ မောဟာသမ္ပယုတ္တာ ဝိယ၊ မောဟယှဉ်သော အကုသိုလ်တရားတို့ကဲ့သို့။ အဝိပန္နလဟုတာ၊ မပျက်စီးသော (မချို့တဲ့သော) လဟုတာ ရှိကုန်၏။ (လဟုတာနှင့် ပြည့်စုံကုန်၏။) တေသဥ္စ၊ ထို တရားတို့၏လည်း။ကုသလကရဏေ၊ ကုသိုလ်ကို ပြုခြင်း၌။ အပ္ပဋိ-ဃာတတာ၊ မထိပါး မချုပ်ချယ်ခြင်းသည်။ မုဒုတာ၊ မုဒုတာတည်း။ အပ္ပဋိ-ဃာတေန၊ ကြောင့်။ မုဒုတာဒိရူပသဒိသတာယ၊ မုဒုတာ အစရှိသော ရုပ်တို့နှင့် တူကုန်သည်၏ အဖြစ်ကြောင့်။ အရူပဓမ္မာနမ္ပိ၊ နာမ်တရားတို့၏လည်း။ မုဒုတာ မဒ္ဒဝတာတိအာဒိ၊ စကားကို။ (ဘဂဝတာ) ဝုတ္တံ။ [မုဒုတာနိဒ္ဒေသ၌ ဟောတော်မူအပ်ပြီ။]

ဝိလီနံ၊ ကြေမွသော။ သုဝဏ္ဏံ၊ ရွှေသည်။ (အကမ္မညံ၊ ပုတီး၊ နားတောင်း စသော တန်ဆာပြုမှု၌မကောင်းသည်။ဟောတိ) ဝိယ၊ကဲ့သို့။ (တထာ။) သိနေဟ ဝသေန၊ တဏှာတည်းဟူသော အစေး၏အစွမ်းဖြင့်။ ကိလိန္နံ၊ စိုစွတ်သော။ အတိမုဒုကံ၊ အလွန်နူးညံ့သော။ (ပြော့လွန်းသော။) စိတ္တံ၊ သည်။ အကမ္မညံ၊ ကုသိုလ်အမှု၌ မကောင်းသည်။ ဟောတိ၊ ၏။ အတာပိတံ၊ မီးဖြင့် မပူစေအပ်သော။ ဝါ၊ လျော့ပြီး ဦးပြီး မဟုတ်သော။ သုဝဏ္ဏံ၊ သည်။ (အကမ္မညံ ဟောတိ) ဝိယ (တထာ)။ မာနာဒိဝသေန၊ မာန အစရှိသည်တို့၏ အစွမ်းဖြင့်။ အတိထဒ္ဓံ၊ အလွန်မာကြောသော။ (စိတ္တံ စ၊ သည်လည်း။ အကမ္မညံ ဟောတိ။) ပန၊ အနွယ ကား။ ယံ၊ အကြင် စိတ်သည်။ အနုရူပမုဒုတာယုတ္တံ၊ သင့်လျော်ရုံ နူးညံ့သည်၏အဖြစ်နှင့် ယှဉ်သည်။ (ဟောတိ။) ယုတ္တမဒ္ဒဝံ၊ သင့်လျော်ရုံနူးညံ့သော။ သုဝဏ္ဏံ၊ သည်။ (ကမ္မညံ၊ ပုတီး၊နားတောင်း စသော တန်ဆာပြုမှု၌ ကောင်းသည်။ဟောတိ)ဝိယ (တထာ)။တံ၊ထို အနုရူပမုဒုတာ ယုတ္တဖြစ်သော စိတ်သည်။ကမ္မညံ။ကုသိုလ်အမှု၌ ကောင်းသည်။ဟောတိ။မုဒု

မှာ ပင်ကိုရိုးရာ ဖြစ်သောကြောင့် ထို အကုသိုလ် အမှု၌ လဟုတာပါ၍ အကျိုးမရှိ၊ လဟုတာ မပါနိုင်ပါ-ဟူလို။ အမှန်အားဖြင့်ကား-ထို အကုသိုလ်တို့၏ ဖြစ်ကြောင်း ဖြစ်ရာသည် အမြဲလေးလံနေသော ဂရုတာ သာတည်း။

ကဿ၊သော။တဿေဝ၊ ထိုစိတ်၏ပင်။ယော ကမ္မညဘာဝေါ၊ အကြင် အမှုဌ်ကောင်းသောစိတ်၏ အခြင်းအရာသည်။(အတ္ထိ။) သာ၊ထို အခြင်းအရာသည်။ ကမ္မညတာ၊ တာမည်၏။ ဣဘိ၊သို့။မုဒုတာဝိသိဋ္ဌာ၊မုဒုတာသည် အထူးပြုအပ်သော။ကမ္မညတာ၊ကမ္မညတာကို။ဝေဒိတဗ္ဗာ။

ပစ္စောသက္ကနဘာဝေန၊တဖန် ဆုတ်နစ်သည်၏ အဖြစ်ဖြင့်။ ပဝတ္တံ၊ သော။ အကုသလမေဝ၊အကုသိုလ်စိတ်သည်ပင်။ပစ္စောသက္ကနံ၊ နာ-မည်၏။[ထို ပစ္စော-သက္ကန ဟူသည် မာယာတည်း။"အစွသရ"ဟုလည်း ဆိုကြသေး၏။-ဒ္ဓနု။]

ကေဝိသတိအနေသနာ နာမ၊ကေဝိသတိ အနေသနာ တို့မည်သည်ကို။(ဝေ ဝေဒိတဗ္ဗာ—၌ စပ်။) ဝေဇ္ဇကမ္မံ၊ ဆေးကုမှုကို။ ကရောတိ။ ဒူတကမ္မံ၊ တမန်သည် တို့၏ အမှုကို။ (တမန်သည်တို့၏ အလုပ်ဖြစ်သော လူတို့၏သဝန်စာလွှာ နှုတ်မှာစကားကို ယူဆောင်၍ တရွာမှ တရွာ စသည်သို့ ခရီးရှည်သွားမှုကို။) ကရောတိ။ ပဟိဏကမ္မံ၊ စေခိုင်းအပ်သည်ဖြစ်၍ တအိမ်မှတအိမ်သို့ ခရီးတိုသွားမှုကို။ ကရောတိ။ ဂဏ္ဍံ၊ အနာကို။ ဖာလေတိ၊ ဓားဖြင့် ခွဲပေး၏။ အရုမက္ခနံ၊ အနာကို လိမ်းကျံကြောင်းဖြစ်သော ဆေးကို၊ ဒေတိ၊ ပေး၏။ ဥဒ္ဓံ ဝိရေစနံ၊ အထက်သို့ ပျို့အန်ကြောင်း ဆေးကို။ (အန်ဆေးကို။) ဒေတိ။ အဓော ဝိရေစနံ၊ အောက်သို့ ဝမ်းလျှောကြောင်း ဆေးကို။ (ဝမ်းနှုတ်ဆေးကို။) ဒေတိ။ နတ္ထုတေလံ၊ နှာနှပ်ဆီကို။ (ရှူစရာဖြစ်စေ နှာခေါင်း၌ ကည့်ဖို့ရာဖြစ်စေ အသုံးပြုဖို့ ဆီကို။) ပစတိ၊ ချက်ပေး၏။ စက္ခုတေလံ၊ မျက်စဉ်းဆီကို။ ပစတိ။ ဝေဠုဒါနံ၊ ပေးအပ်သော ဝါးကို။ ဒေတိ။ ["ဝေဠု ဝေ ဒါတဗ္ဗ-ဘာဝေန ပရိဂ္ဂဟိတော ဝေဠုဒါနံ နာမ-ပေးထိုက်သည်၏ အဖြစ်ဖြင့် (ပေးဖို့ရာ) သိမ်းဆည်းထားအပ်သော ဝါးကို ဝေဠုဒါန ဟု ခေါ်သည်"-အနု။] ပဏ္ဏဒါနံ၊ ပေးထိုက်သော ဓနိရွက် ထန်းရွက် စသည်ကို။ ဒေတိ။ ပုပ္ဖဒါနံ၊ ပေးထိုက်သော ပန်းကို။ဒေတိ။ဖလဒါနံ၊ ပေးထိုက်သော အသီးကို။ဒေတိ၊သိနာန-ဒါနံ၊ ပေးထိုက်သော ရေချိုးကြောင်း ဆပ်ပြာကို၊ ဒေတိ၊ [ဆပ်ပြာအမှုန့် အခဲ ၂-မျိုးလုံးကို သိနာန ဟု ခေါ်၏။ သိနာတိ၊ သောစေ-စင်ကြယ်ခြင်းဟူသော အနက်၌ ဖြစ်၏။ သိနာယတိ အနေနာတိ သိနာနံ။]

ဒန္တကဋ္ဌဒါနံ၊ ပေးထိုက်သော ဒန်ပူကို။ ဒေတိ၊ မုခေါဒကဒါနံ၊ ပေးထိုက်သော မျက်နှာသစ်ရေကို။ ဒေတိ။ စုဏ္ဏဒါနံ[၁]၊ ပေးထိုက်သော မျက်နှာချေ

၁။ စုဏ္ဏဒါနံ။ ။စုဏ္ဏေနာတိ ဧတ္ထ အတ္ထာနော သန္တကံ ဂန္ဓိသစုဏ္ဏံ ဝါ၊ ကုက္ကုမှုန့်ကိုသော်လည်းကောင်း။အညံ ဝါ ကသာဝံ၊ ကုက္ကုမှုန့်မှ တပါးသော ဖန်သော အရသာရှိသော အမှုန့်သော်လည်းကောင်း။ ယံကိဉ္စိ ကုလသင်္ဂဟတ္တာယ ဒေတိ။-သံဃာ

မှုန့်ကို။ ဒေတိ။ မတ္တိကာဒါနံ၊ ပေးထိုက်သော မြေညက်မှုန့်ကို။ ဒေတိ။ စာဋု-ကကမ္မံ၊ အလှူရှင်တို့ကို မြှောက်ပင့်၍ မိမိကိုယ်ကို နှိမ့်ချလျက် သနားချစ်ခင်အောင် ပြောဆိုမှုကို။ ကရောတိ၊ ပြု၏။ မုဂ္ဂသူပိယံ၊ မကျက်နည်းပါး အကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားပြောမှုကို။ (ကရောတိ။) ပါရိဘဋ္ဋံ၊ သားငယ် သမီးငယ်တို့ကို ချော့မြှူခြင်းစသည်ဖြင့် အစေအပါး၏ အဖြစ်ကို။ (ကရောတိ။) ဇင်္ဃပေသနိယံ၊ သလုံးမြင်းခေါင်းဖြင့် တအိမ်မှတအိမ်သို့ သွား၍ အစေအပါးခံခြင်းသည်။ ဒွါဝီသတိမံ၊ ၂၂-ခုမြောက်သည်။ (သမာနံပိ၊ သော်လည်း။) ဒူတကမ္မေန၊ ဒူတကမ္မနှင့်။ သဒ္ဓိံ၊ တူ၏။ တသ္မာ၊ ကြောင့်။ တေဝီသတိ၊ ၂၃-ပါးသည်။ (ဟောတိ။)

ဆ၊ ကုန်သော။ အဂေါစရာ၊ အဂေါစရ တို့ဟူသည်။ ဝေသိယာဂေါ-စရော၊ ပြည့်တန်ဆာမ ဟူသော မပြတ်မလပ် သွားရာအရပ်လည်းကောင်း။ (ဆွမ်းမခံကောင်းမဟုတ်, ဆွမ်းခံကောင်းပါ၏။ သို့သော် မိတ်ဆွေ ဖွဲ့သောအားဖြင့် မပြတ် မသွားရသောကြောင့် အဂေါစရ ဟုဆိုသည်။) ဝိဓဝါ-ဂေါစရော၊ လင်သေ လင်ပြတ် တခုလပ် မုဆိုးမ ဟူသော မပြတ်မလပ်သွားရာအရပ်လည်းကောင်း။ ထုလ္လကုမာရီဂေါစရော၊ အရွယ်လွန်ပြီး အပျိုကြီး ဟူသော မပြတ်မလပ်သွားရာအရပ်လည်းကောင်း။ ပဏ္ဍကာဂေါစရော၊ ပဏ္ဍုက် ဟူသော မပြတ်မလပ်သွားရာ အရပ်လည်းကောင်း။ ပါနာဂါရဂေါစရော၊ ထန်းရည်အရက်ဆိုင်ဟူသော မပြတ်မလပ်သွားရာအရပ်လည်းကောင်း။ဘိက္ခုနီအဂေါစရော၊ ဘိက္ခုနီ ဟူသော မပြတ်မလပ်သွားရာ အရပ်လည်းကောင်း။ ဣတိ၊ ဤသည်တို့တည်း။

သခေ်ပတောတိ၊ ကား။ သင်္ခေပေန၊ သရုပ်အားဖြင့်။ အနုဒ္ဒိဋ္ဌတ္တာ၊ မပြအပ်ခဲ့သည်၏ အဖြစ်ကြောင့်။ (ဥဒ္ဒေသ-တုန်းက မပြအပ်ခဲ့သည်၏ အဖြစ်ကြောင့်။) ဟတ္ထ ကတမော ဆန္ဒောတိ အာဒိ၊ အစရှိသော စကားရပ်သည်။ ဝါ၊ ကို။ ဝတ္တုံ၊ ဟောတော်မူခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ထို့ကြောင့်။ ယော ဆန္ဒော ဆန္ဒိကတာတိ အာဒိ နိဒ္ဒေသံ၊ အစရှိသော နိဒ္ဒေသကို။ သင်္ခိ-

ဒိသေသည်ကုလဒူသက သိက္ခာပုဒ်အဋ္ဌကထာ။ ဤအဋ္ဌကထာကိုကြည့်၍ စုဏ္ဏအရ မျက်နှာစသည်ကို အသွေးအသား သန့်ရှင်းအောင် လိမ်းကြောင်းဖြစ်သော အမှုန့်ကို စုဏ္ဏခေါ်သည် ဟု မှတ်ပါ။ မဇ္ဈိမပဏ္ဏာသ၊ရဋ္ဌပါလ-သုတ်၌လည်း "မုခံ စုဏ္ဏကမက္ခိတံ"ဟု ရှိသည်။ ထို စုဏ္ဏကတို့မှာ လူများအတွက်ဖြစ်သောကြောင့် မွှေးသောအနံ့လည်း ပါ၏။ ဤ စုဏ္ဏဒါနံ၌ကား ရဟန်းများ၏ ရှိရင်း စုဏ္ဏဖြစ်သောကြောင့် မွှေးသောအနံ့ရှိသော မှုန့်တို့ကို မဖွင့်ပါ-ဟူလို။

ပိတွာ၊ အကျဉ်းချုံး၍။ ယေဝါပနာတိ၊ ဟူ၍။ နိဒ္ဒေသော၊ နိဒ္ဒေသကို။ ကတော၊ ပြုတော်မူအပ်ပြီ။ ဣတိ အတ္ထော၊ ဤကား အနက်။

နိဒ္ဒေသဝါရေ၊ ၌။ ပုစ္ဆာဒီနံ၊ ပုစ္ဆာ အစရှိသည်တို့၏။ ပဘေဒေ၊ အသီး အသီး။ ["ကတမေ တသ္မိံ သမယေ" စသည်ဖြင့် တရားတပါးလျှင် ပုစ္ဆာ တခုစီ ရှိသောကြောင့်။ အနေကတ္တေ[1]၊ များကုန်သည်၏ ့အဖြစ်သည်။ (သတိ) ပိ၊ သော်လည်း။ ပုစ္ဆာဒိဘာဝေန၊ ပုစ္ဆာ အစရှိသည့်တို့၏ အဖြစ်ဖြင့်။ ဧကတ္တံ[1]၊ တခုတည်း၏ အဖြစ်သို့။ ဥပနေတွာ၊ ညက်ဖြင့် ကပ်ဆောင်၍။ စတုပရိစ္ဆေဒတော၊ ၄-ပါးသောအပိုင်းအခြား ရှိသည်၏ အဖြစ်ကို။ (သင်္ဂဟကာရေန။) ဝုတ္တာ၊ မိန့်တော်မူအပ်ပြီ။ နိဒ္ဒေသဝါရကထာဝဏ္ဏနာ၊ နိဒ္ဒေသဝါရကထာကို ဖွင့်ကြောင်းဖွင့်ရာ ဋီကာသည်။ နိဋ္ဌိတာ။ [ဤနေရာကျမှ "နိဒ္ဒေသဝါရကထာ ဝဏ္ဏနာ" ဟု ရှိရမည်။

ကောဋ္ဌာသဝါရအဖွင့်

စတ္တာရော ဒွေတိ၊ စတ္တာရော ဒွေ ဟူ၍။ ဧဝမာဒိကံ၊ ဤသို့ အစရှိသော။ (ဂဟဏံ-၌ စပ်။) သင်္ခိပိတွာ၊ ချုံး၍။ ဝါ၊ တနည်း။ သဟ၊ အတူတကွ။ ဂဟဏံ၊ ယူကြောင်းစကားရပ်သည်။ သင်္ဂဟော၊ မည်၏။ [သံ-သဒ္ဒါသည် ပထမနည်း၌ သင်္ခေပအနက်ဟော-ဒုတိယနည်း၌ သဟအနက်ဟောတည်း။]

ထပေတွာ ယေဝါပနကေတိ (ဣဒံ)၊ ထပေတွာ ယေဝါပနကေ ဟူသော ဤစကားကို။ သင်္ဂဟေတဗ္ဗေ၊ အကျဉ်းချုံး၍ ယူထိုက်ကုန်သော တရားတို့ကို။ ဝါ၊ အတူတကွပေါင်း၍ ယူထိုက်ကုန်သော တရားတို့ကို။ သန္ဓာယ၊ ၍။ (သင်္ဂဟကာရေန) ဝုတ္တံ။ [၅၀-ကျော်တရားတို့ကို ခန္ဓာအားဖြင့် ၄-ပါး ဟု လည်းကောင်း။ အာယတနအားဖြင့် ၂-ပါး ဟု လည်းကောင်း ဤသို့စသည်ဖြင့် ဟောတော်မူခြင်းသည်။ ထို ၅၀-ကျော် တရားတို့ကို ချုံး၍ယူကြောင်း၊ တနည်း-အတူတကွပေါင်း၍ ယူကြောင်း စကားဖြစ်သည်-ဟူလို။] ဟိ၊ မှန်။ တနည်း-ဟိ၊ ချဲ့။ တေ၊ ထို ၅၀-ကျော် တရားတို့သည်။ ဝိသုံဝိသုံ၊ အသီး

၁။ အနေကတ္တေ ဧကတ္တံ။ ။ပုစ္ဆာသည်"ကတမေ တသ္မိံ သမယေ ဖဿော" စသည်ဖြင့် တရားတိုင်းပါနေ၍ များ၏။ သမယနိဒ္ဒေသလည်း ပထမစိတ်အတွက် ဒုတိယစိတ်အတွက်သာ မက၊ပထမစိတ်မှာပင်"တသ္မိံ သမယေ"တွေများ၏။မူနိဒ္ဒေသ အပ္ပနာ (နိဂုံး), တို့လည်း များသည်ပင်။သို့သော်-ဧကတ္တံ ဥပနေတွာ-ပုစ္ဆာဇာတ်စသည်ကို ငုံသော ဇာတျာပေက္ခနည်းအားဖြင့် တခုတည်းကပ်ဆောင်၍ ပုစ္ဆာပရိစ္ဆေဒ၊သမယ-နိဒ္ဒေသ၊မူနိဒ္ဒေသ၊အပ္ပနာ-ဟု ၄-ပါးသော ပရိစ္ဆေဒကိုသာ အဋ္ဌကထာဆရာ ပြသည်။

အသီး။ ဥဒ္ဒိဋ္ဌတ္တာ၊ သရုပ်အရ ထုတ်ပြအပ်ကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်း ။ နိဒ္ဒိဋ္ဌတ္တာ စ၊ အကျယ် ညွှန်ပြအပ်ကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ [အကျဉ်းတုန်းကလည်း ဖဿော ဟောတိ ဝေဒနာ ဟောတိ-စသည်ဖြင့်လည်းကောင်း၊ အကျယ်၌လည်း ကတမော တသ္မိံ သမယေ ဖဿော-စသည်ဖြင့် လည်းကောင်း။ အသီးအသီး ပြခဲ့သောကြောင့်။] ဝိပ္ပကိဏ္ဏာ၊ အထူးသဖြင့် ပြန့်ကြဲ၍နေကုန်၏။ ဣတိ၊ ကြောင့်။ သင်္ဂဟေတဗ္ဗာ၊ အကျဉ်းချုံး၍ သူဆိုက်ကုန်သည်။ ဝါ၊အတူတကွ ပေါင်း၍ယူထိုက်ကုန်သည်။ဟောန္တိ။

ယေဝါပနကာ၊ ယေဝါပနက တရားတို့သည်။သင်္ဂဟဂမနေနေဝ၊ ယေဝါပနက ဟု အကျဉ်းချုံး၍သိမ်းယူခြင်းသို့ရောက်ခြင်းကြောင့်ပင်။ [ယေဝါပန ဟု သိမ်းယူခြင်းသို့ ရောက်ကြောင်းဖြစ်သော ယေဝါပနက ဟူသော စကားကြောင့်ပင်။ မဓု၌ "ဆန္ဒော ဟောတိ အဓိမောက္ခော ဟောတီတိ အာဒိနာ သင်္ဂဟ ဝစနေန" ဟု ဖွင့်သည်ကို စဉ်းစားပါ။] တထာ၊ ထိုဖဿ ဝေဒနာ-စသည်တို့ကဲ့သို့။ န (ဟောန္တိ)၊ ကုန်။ (ကသ္မာ။) အဝိပ္ပကိဏ္ဏတ္တာ၊ အထူးသဖြင့် မပြန့်ကြဲကုန်သည့်၏ အဖြစ်ကြောင့်တည်း။ [ယေဝါပနက ဟု ဟောတော်မူခြင်းသည်ပင် သိမ်းကျုံး၍ယူပြီးဖြစ်သောကြောင့် ဖဿဝေဒနာ-စသည်တို့ကဲ့သို့ ဖရိုဖရဲ တကွဲတပြားစီ မနေရကား ထပ်၍ ချုံးဖွယ်မလိုပါ-ဟူလို။]

ပန၊ထိုသို့ပင် ထပေတွာ ယေဝါပနကေ ဟု အဋ္ဌကထာဆရာ ဆိုအပ်ပါသော်လည်း။ (တေ၊ထို ယေဝါပနကတရားတို့သည်။) ယသ္မာ၊ကြောင့်။သခါရက္ခန္ဓပရိယာပန္နာ၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ကုန်သည်။ ဟောန္တိ။ တသ္မာ၊ ကြောင့်။တံနိဒ္ဒေသေ၊ထိုသင်္ခါရက္ခန္ဓနိဒ္ဒေသ ပါဠိတော်၌။အခန္ဓဘာဝနိဝါရဏတ္ထံ၊ ယေဝါပနက တရားတို့၏ ခန္ဓာမဟုတ်ကုန်သည်၏ အဖြစ်ကို တားမြစ်ခြင်းအကျိုးငှာ။ ယေဝါပနာတွေဝ၊ ယေဝါပနတို့ ဟူ၍သာ။ (ဘဂဝတာ။) ဝုတ္တာ၊ ကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ ယေဝါပနကာ၊ ယေဝါပနက တရားတို့ကို။ န ထပေတဗ္ဗာ[၁]၊ မချန်ထားထိုက်ကုန်။ ဣတိ၊ ဤကား ဋီကာဆရာ၏ အလိုတည်း။

---

[၁] န ထပေတဗ္ဗာ။ ။ထပေတွာ ယေဝါပနကေ ဟူသော အဋ္ဌကထာစကားကို ဋီကာဆရာ မနှစ်သက်။ယေဝါပနက တရားတို့ကို မချန်ထားထိုက်ဟု ဋီကာဆရာ ဆိုလိုသည်၊ ဆိုလိုရင်းကား-အဋ္ဌကထာ၌ "ယေဝါပနက တရားတို့ကို ချန်ထား၍"ဟု ဆိုခြင်းသည် ဥဒ္ဒေသဝါရ၌လည်း "ယေဝါ ပန တသ္မိံ သမယေ၊ နိဒ္ဒေသဝါရ၌လည်း ယေဝါ ပန တသ္မိံ သမယေ" ဟု ဟောတော်မူရကား ဖဿ ဝေဒနာ-စသည်တို့ကဲ့သို့ တကွဲတပြားစီ ဖရိုဖရဲဖြစ်၍ မနေ၊ ယေဝါပန တရား အဖြစ်ဖြင့် တပေါင်းတစည်းတည်းသာ ဖြစ်၏။ ထို့ကြောင့် သင်္ဂဟဝါရဝယ် ယေဝါပနက တရားတို့ကို

ပစ္စယ သန်္နိတေနာတိ၊ ကား။ အာဟာရ ပစ္စယ သန်္နိတေန၊ အာဟာရ ပစ္စည်း ဟု ဆိုအပ်သော။ (အာဟာရဝဂ္ဂေန-၃ ၆ပ်။) ဣတိ ဝုတ္တံ ဟောတိ။ အထ ဝါ၊ ကား။ ဟေတု၊ ဟေတုလည်းကောင်း။ ပစ္စယော၊ ပစ္စယလည်းကောင်း။ ဣတိ၊ သို့။ ဧတေသု ဒွီသု၊ ဤ ၂—မျိုးတို့တွင်။ ဇနကော၊ ဖြစ်စေတတ်သော အကြောင်းသည်။ ဟေတု၊ ဟေတု မည်၏။ ဥပတ္ထမ္ဘကော၊ ထောက်ပံ့တတ်သော အကြောင်းသည်။ ပစ္စယော၊ ပစ္စယ မည်၏။ ဣတိ ဧဝံ၊ သို့။ ဝိသေသဝန္တေသု၊ အထူးရှိကုန်သော အကြောင်းတို့တွင်။ ပစ္စယ သန်္နိတေန၊ ထောက်ပံ့တတ်သော ပစ္စယ ဟု ဆိုအပ်သော။ (အာဟာရဝဂ္ဂေန တယော အာဟာရာ ဟောန္တိ-၃ ၆ပ်။)

ဟိ၊ ထင်ရှားအောင် ပြဦးအံ့။ [ဥပတ္ထမ္ဘကဖြစ်ပုံကို ထင်ရှားအောင် ပြဦးအံ့။] ကဗဠီကာရာဟာရော၊ ကဗဠီကာရာဟာရသည်။ (ရုပ်အာဟာရသည်။) ဩဇာဋ္ဌမက ရူပါဟရဏေန၊ ဩဇာဋ္ဌမက ရုပ်ကို ဆောင်ခြင်း အားဖြင့်။ ရူပကာယံ၊ ရူပကာယကို။ ဥပတ္ထမ္ဘေတိ ယထာ၊ ထောက်ပံ့တတ်သကဲ့သို့။ ဧဝံ၊ တူ။ ဣမေပိ၊ ဤ ဖဿ, စေတနာ, ဝိညာဉ် ဟူသော နာမ်အာဟာရတို့သည်လည်း။ ဝေဒနာဒိ အာဟာရဏေန၊ ဝေဒနာ အစရှိသော အကျိုးကို ဆောင်ခြင်းအားဖြင့်။ [အာဒိဖြင့် ပဋိသန္ဓေဝိညာဉ်, နာမ်ရုပ်တို့ကို ယူ။] နာမကာယံ၊ နာမကာယကို။ (ဥပတ္ထမ္ဘေန္တိ။) ဣတိ၊ ဤသို့ မှတ်အပ်၏။ [“ကသ္မာ ဝိသေသဝန္တေသု ပစ္စယသန်္နိတေန ဣတိ အတ္ထော။ ဒဋ္ဌဗ္ဗော၊ နည်း။ ဟိ (ယသ္မာ) ကဗဠီကာရ ဟာရော။ပ။နာမကာယံ ဥပတ္ထမ္ဘေန္တိ။ ဣတိ၊ ကြောင့်။ ဧဝံ ဝိသေသဝန္တေသု ပစ္စယသန်္နိတေန ဣတိ အတ္ထော ဒဋ္ဌဗ္ဗော” ဟုလည်း တနည်းပေးနိုင်၏။]

တထာ စ ဟောန္တီတိ၊ ဟူသော စကားကို။ သာဓာရဏော၊ အတူတကွ ဆောင်တတ်ကုန်သော။ ဝါ၊ ဆက်ဆံကုန်သော။ သဟဇာတာဒိ ပစ္စယော၊ သဟဇာတ အစရှိသော ပစ္စည်းတို့ကို။ (အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့ကို အာဒိဖြင့် ယူပါ။) သန္ဓာယာဟ။ အညထာ စာတိ၊ ကား။ အညေန၊ သဟဇာတ အစရှိသော အခြင်းအရာတို့မှ အခြားသော။ ဧကေန၊ တပါးသော။ အာကာရေန စ၊ ဥပတ္ထမ္ဘန အခြင်းအရာ အားဖြင့်လည်း။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိယေဝ။ ဣတိ၊

ပေါင်း၍ ယူဖွယ် မလိုသောကြောင့် ‘‘ထပေတွာ ယေဝါပနကေ’’ ဟု မိန့်သည်။ ဋီကာ ဆရာကား ဤသင်္ဂဟဝါရဝယ် သန်္နိဋ္ဌာနကိုပြရာ၌ ယေဝါပန တသွိံ သမယေ စသည်ဖြင့် ထည့်၍ပြသောကြောင့် ‘‘ထပေတွာ ယေဝါပနကေ’’ ဟု မဆိုသင့်ကြောင်းကို မိန့်သည်။

ကြောင့်။ (အပိုအလွန် ကျေးဇူးပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်။)အာဟာရတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ဣတိ အတ္ထော။ တသ္မာ၊ ကြောင့်။ (ဖဿ စေတနာ ဝိညာဉ်တို့က တပါးသော အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်။) အာဟာရဏကိစ္စရဟိတာနံ၊ ဝေဒနာ-အစရှိသော အကျိုးတရားတို့ကို ဆောင်ခြင်းကိစ္စမှ ကင်းကုန်သော။ ဟေတု အဓိပတိ အာဒီနံ၊ ဟိတ်ခြောက်ပါး, အဓိပတိ လေးပါး အစရှိသော တရားတို့၏။ အာဟာရဘာဝပ္ပသင်္ဂေါ၊ အာဟာရအဖြစ်၌ ကပ်ငြိ လျှဉ်းပါးဖွယ်သည်။နတ္ထိ။

တိဿော စ။ပ။ အာဟာရတီတိ အာဒိ၊ စကားကို။ ယထာသမ္ဘဝဝသေန၊ ဖြစ်သင့်သည်အား လျော်သည်၏ အစွမ်းဖြင့်။ ဝုတ္တံ။ ဣမသ္မိံယေဝ စိတ္တေ၊ ဤ ပဌမ မဟာကုသိုလ်စိတ် တခုတည်း၌သာ။ ဖဿာဒိဝသေန၊ ဖဿ အစရှိသည်တို့၏ အစွမ်းဖြင့်။ န (ဝုတ္တံ)၊ ဟောတော်မူအပ်သည် မဟုတ်။ တယော စ ဘဝေတိ၊ ကား။ ကာမာဒိဘဝဘူတံ၊ ကာမ အစရှိသော ဘဝဖြစ်၍ ဖြစ်သော။ [ဘဝကြီး ကိုးပါးကို ဆိုသည်။] ဝိညာဏံ၊ ပဋိသန္ဓေ ဝိညာဉ်ကို။ ဝိသေသေန၊ အထူးအားဖြင့်။ (အာဟာရတိ၊ ဆောင်နိုင်၏။) ["သင်္ခါရပစ္စယာ ဝိညာဏံ"အရ စေတနာက ပဋိသန္ဓေဝိညာဉ်ကို အထူးအားဖြင့် ဆောင်နိုင်သည်-ဟူလို။] အဝိသေသေန စ၊ သာမညအားဖြင့်ကား။ ပဋ္ဌ၊ ကုန်သော။ ဥပါဒါနက္ခန္ဓေ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့ကို။ (အာဟာရတိ။) [သာမညအားဖြင့်ကား ပဋိသန္ဓေကမ္မဇရုပ်နှင့်တကွ ပဋိသန္ဓေ ပဝတ္တိ ၂-ပါးစုံ၌ဖြစ်သော ဝိပါက်ဝိညာဉ်တို့ကို ဆောင်နိုင်သည်-ဟူလို။]

အာရမ္မဏံ၊ ကို။ ဥပဂန္တွာ၊ ကပ်၍။ နိဇ္ဈာယနံ၊ ရှုခြင်းသည်။ စိန္တနံ၊ သိခြင်းသည်။ ဥပနိဇ္ဈာယနံ၊ န-မည်၏။ ["ရှု-ဟူသည် သိခြင်းပင်တည်း"ဟု သိစေလို၍ နိဇ္ဈာယနံကို စိန္တနံ ဟု ထပ်ဖွင့်သည်။] ဟေတုဋ္ဌေနာတိ (ပဒဿ)၊ ၏။ ဥပါယတ္ထေန၊ အကြောင်းဟူသော အနက်အားဖြင့်။ (ဣတိ အတ္ထော ဒဋ္ဌဗ္ဗော။) မူလတ္ထေန၊ မူလဟူသော အနက်အားဖြင့်။ (ဣတိ အတ္ထော)န (ဒဋ္ဌဗ္ဗော)။ [ဟေတုဋ္ဌေန၌ ဟေတု-အရ အကြောင်းဟူသော သာမညဟိတ် အနက်ကို ယူပါ။ "ဟိတ်ခြောက်ပါးဟူသော မူလဟိတ်အနက်ကို မယူပါနှင့်"-ဟူလို။]

[၁]ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်၏ ရှေ့အဖို့၌။ ဂတော ပဋိပန္နော၊ ကျင့်အပ်သော။ နာနာက္ခဏိကော၊ အထူးထူးသော ခဏ၌ဖြစ်သော။ အဋ္ဌင်္ဂိကော၊

၁။ ပုဗ္ဗဘာဂေ။ပ။ဝုတ္တော။ ။လောကုတ္တရာမဂ် မရောက်မီ ရှေ့အဖို့ ဝိပဿနာ ခဏ၌ စိတ္တက္ခဏပေါင်း များစွာဖြစ်သောကြောင့်လည်းကောင်း၊ ထို များစွာဖြစ်ရာဝယ်

ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊ မဂ်ကို။ (ဝုတ္တော-၌ စပ်။) လောကုတ္တရက္ခ-ဏော၀၊ လောကုတ္တရာ ခဏ၌သာ။ သဟ၊ တကွ။ (မဂ္ဂင်ရှစ်ပါးလုံး အပြည့်ဒ စုံ။) ပ၀တ္တော၊ ဖြစ်သည်။ (ဟုတ္ဘ။) ယဘာဂတမ္မဂ္ဂေါတိ၊ ဟူ၍။ ဝုတ္တော၊ ဟော တော်မူအပ်ပြီ။

ဝိပဿနာက္ခဏေတော၊ ဝိပဿနာခဏမှ။ ပုဗ္ဗေ၀၊ ရှေး၌ပင်။ ကာယကမ္မာ ဒီနံ၊ ကာယကံ အစရှိသည်တို့၏။ သုပရိသုဒ္ဓတာယ၊ အလွန် စင်ကြယ်ကုန် သည်၏ အဖြစ်ကြောင့်။ အဋ္ဌင်္ဂိကမဂ္ဂုပနိဿယော၊ အဋ္ဌင်္ဂိက အရိယာမဂ်၏ အားကြီးသော မှီရာအကြောင်းဖြစ်သော။အရိယော၊မြတ်သော။ အဋ္ဌင်္ဂိကော၊ သော။ မဂ္ဂေါ၊ သည်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာ၏ ပြည့်စုံလုံလောက်ခြင်း သို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ ဧဝံ၊ သို့။ ဝုတ္တေန၊ ဟောတော်မူအပ်သော။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ^၁^ပုဗ္ဗဘာဂမဂ္ဂဿ၊ လောကုတ္တရာမဂ်၏ ရှေ့ အဖို့၌ဖြစ်သော ဝိပဿနာမဂ်၏။ အဋ္ဌင်္ဂိကတာ၊ ရှစ်ပါးသော အင်္ဂါရှိသည်၏ အဖြစ်ကို။ ယထာဂတဝစနေန၊ ယထာဂတ-သဒ္ဒါဖြင့်။ ဒီပိတာ၊ ပြတော်မူ အပ်ပြီ။ ကေဝလံ၊ တပြိုင်နက်သော ခဏ၌။ အဋ္ဌန္နံ၊ ကုန်သော။ အင်္ဂါနံ၊ အင်္ဂါတို့၏။ သမ္ဘာ၀ေါ၊ ထင်ရှားကုန်သည်၏ အဖြစ်ကြောင့်။ (ပုဗ္ဗဘာဂမဂ္ဂဿ အဋ္ဌင်္ဂိကတာ။) န (ဒီပိတာ၊) ပြတော်မူအပ်သည် မဟုတ်။ ဣတိ ဧဝံ၊ သို့။

ဝိရတီ ၃-မျိုးတို့ တမျိုးစီယှဉ်နိုင်သောကြောင့်လည်းကောင်း၊ ထို ၃-မျိုးကိုပင် ပရိယာယ် အားဖြင့် ပေါင်း၍ "နာနာက္ခဏိကော အဋ္ဌင်္ဂိကော မဂ္ဂေါ"ဟု ဆိုသည်။ ထိုသို့ ဝိပဿနာ ခဏ၌ ဝိရတီ ၃-မျိုးတို့ အသီးအသီး ဖြစ်ကြသော်လည်း လောကုတ္တရာမဂ် ခဏ၌ကား အမြဲအားဖြင့် တပေါင်းတည်း[illegible]စ်သောကြောင့် "လောကုတ္တရက္ခဏေ၀ သဟ ပ၀တ္တော" ဟု ဆိုသည်။ ဤ၌ "နာနာက္ခဏိကော အဋ္ဌင်္ဂိကော မဂ္ဂေါ" အရ ဒ ကြောင်းဖြစ်သော လောကီမဂ်သာရ၍, ယဘာဂတမဂ္ဂေါအရ အကျိုးဖြစ်သော လောကုတ္တရာမဂ်ကို ရသော ကြောင့် အရပြားသော်လည်း အကြောင်း အကျိုး မပြားသကဲ့သို့ "အဋ္ဌင်္ဂိကော မဂ္ဂေါ လောကုတ္တရက္ခဏေ သဟ ပ၀တ္တော ယထာဂတမဂ္ဂေါတိ ဝုတ္တော"ဟု အဘေဒဘေဒူ-ပစာအားဖြင့် ဆိုထားသည်။ [ယထာဂတမဂ္ဂေါတိ ဝုတ္တော ကာရဏဖလာနံ အဘေဒူ-ပစာရေနာတိ ဒဋ္ဌဗ္ဗံ။—အနု။]

၁။ ပုဗ္ဗဘာဂ။ပ။ဒီပိတာ၊ ။ဤ၌ "အရိယ အဋ္ဌင်္ဂိကမဂ်"ဟူသည် လောကုတ္တရာမဂ် မဟုတ်၊ လောကုတ္တရ အဋ္ဌင်္ဂိကမဂ်၏ ဥပနိဿယဖြစ်သော လောကီမဂ်သာတည်း။ လောကီမဂ်နှင့် လောကုတ္တရာမဂ်ကို မပြားပဲ တသားတည်းဆိုသောကြောင့် အဘေဒ ဘေဒူပစာဟု မှတ်ပါ။ "အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာ၀နာ ပါရိပူရိံ ဂစ္ဆတိ" ကား "ပုဗ္ဗေ၀ ခေါ ပနဿ"အစရှိသော ပါဠိတော်၏ အဆက်ဖြစ်သော စကား တည်း။ ဤ "အရိယော။ပ။ဂစ္ဆတိ"ဟူသောစကားကို ထောက်၍ "ပုဗ္ဗေ၀ ခေါ ပနဿ" ဟူသော ဤ ဒုတိယဒေသနာတော်ကိုလည်း ပရိယာယဒေသနာဟုပင် မှတ်ပါ။

အဿပိ၊ ဤ ဒုတိယဒေသနာ၏လည်း။ ပရိယာယဒေသနဟာ၊ ပရိယာယ် ဒေသနာတော်၏ အဖြစ်ကို။ ဖဝဒိတဗ္ဗာ၊ သိထိုက်၏။

ဝိဇာနနမေဝ၊ သညာ ပညာတို့သိပုံမှ တမျိုးတဖုံ သိခြင်းသည်ပင်။ စိတ္တ ဝိစိတ္တဘာ၊ စိတ်၏ ဆန်းကြယ်သည်၏အဖြစ် မည်၏။ ဣတိ၊ ကြောင့်။စိတ္တ။ပ။ ဝိညာဏက္ခန္ဓောတိ၊ ဟူ၍။(သင်္ဂဟကာရော) အာဟ။ စတ္တာရော ခန္ဓာ ဟောန္တီ တိ အာဒီသု၊ ပါဠိရပ်တို့၌။ ဝေဒနာက္ခန္ဓာဒီနံ၊ တို့ကို။ သင်္ဂဟော၊ သိမ်းယူခြင်း ကို။ ကတောပိ၊ ပြုအပ်ပြီးပါသော်လည်း။ ပုန။ ဧကော။ပ။အာဒိဝစနံ၊ စကား သည်။ အနေကော၊ ကုန်သော။ ဝေဒနာက္ခန္ဓာဒယော၊ ဝေဒနာက္ခန္ဓာ အစရှိ သော တရားတို့ကို။ ဇာတိနိဒ္ဒေသေန၊ ဇာတိနိဒ္ဒေသ အားဖြင့်။ (ဇာတ်တူ တရားတို့ကို ပေါင်း၍ ညွှန်ပြခြင်းအားဖြင့်။) ဣမ၊ ဤ သင်္ဂဟဝါရ၌။ န ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သည် မဟုတ်။ ဣတိ၊ ဤအနက်ကို။ ဒဿနတ္ထံ၊ ပြရခြင်းအကျိုး ရှိ၏။[အခြားနေရာ၌ ဝေဒနာက္ခန္ဓာဟု ဆိုလျှင် ပစ္စုပ္ပန် စသောအားဖြင့် ပြားသော ဝေဒနာတို့ကို သိမ်းယူရ၏။ဤ သင်္ဂဟဝါရ၌ကား "စိတ္တံ ဥပ္ပန္နံ ဟောတိ"အရ "ဖြစ်ဆဲဖြစ်သော စိတ်တပါးနှင့်ယှဉ်သော ပစ္စုပ္ပန် ဝေဒနာ တပါးတည်းသာဘည်း"ဟု ပြရခြင်းအကျိုးရှိ၏။-ဟူလို။]

စ၊ ဆက်။ [1]ဣန္ဒြိယေသု၊ ဣန္ဒြေတို့၌။ ဧကော၊ တပါးသော မနိန္ဒြေ၏။ ဇာတိ နိဒ္ဒေသဘာဝေ၊ ဇာတိနိဒ္ဒေသ၏ အဖြစ်ကို။ ပဋိက္ခိတ္တေ၊ ပယ်မြစ်အပ်ပြီး သော်။ အညေသံ၊ အခြားကုန်သော။ ဣန္ဒြိယာနံ၊ တို့၏လည်းကောင်း။ အာ- ဟာရာဒီနဥ္စ၊ အာဟာရ အစရှိသည်တို့၏လည်းကောင်း။ တပ္ပဋိက္ခေပေါ၊ ထို ဇာတိနိဒ္ဒေသ၏ အဖြစ်ကို ပယ်မြစ်ခြင်းသည်။ ဝါ၊ ကို။ ကတော၊ ပြုအပ် ပြီးသည်။ ဟောတိ။ ဣတိ၊ ထို့ကြောင့်။ ပဌမံ၊ ရှေ့သွားဖြစ်သော။ ဝါ၊ ပမာနဖြစ်သော။ မနိန္ဒြိယဿေဝ၊ မနိန္ဒြေ၏အတွက်သာ။ (ပဋိက္ခေပေါ၊ ကို။)ကတော၊ ပြီ။ ဣတိ ဒဋ္ဌဗ္ဗော။

ကောဋ္ဌာသဝါရဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ။

၁။ ဣန္ဒြိယေသု။ပ။ဒဋ္ဌဗ္ဗော။ ။ပါဠိတော်၌ "ဧကံ မနိန္ဒြိယံ ဟောတိ"ဟုသာ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသဖြင့် "မနိန္ဒြေတပါးတည်းသာ ရှိ၏၊ ဇာတိ နိဒ္ဒေသအားဖြင့် မနိန္ဒြေအမျိုးမျိုးကို ပေါင်းထားသည် မဟုတ်"ဟု ပယ်မြစ်ပြီးဖြစ်ရကား အခြားသော သဒ္ဓိန္ဒြေ စသည်တို့ကို"ဧကံ သဒ္ဓိန္ဒြိယံ"စသည်ဖြင့် ဟောတော်မမူ၊ အာ- ဟာရ စသည်၌လည်း ဤ"မနိန္ဒြိယံ ဟောတိ"ဟု နည်းပြပြီး ဖြစ်၍"ဧကော ဖဿာဟာ- ရော ဟောတိ" စသည်ဖြင့် ဟောတော်မမူ၊"ဟောတော်မူဖွယ်လည်း မလိုတော့"ဟူလို။

သုညတ ဝါရအဖွင့်

တ္တောတိ၊ ကား။ ယထာ ဂုတ္တော၊ အကြင်အကြင် ဟောကော်မူအပ်ပြီးသော။ တေသို့ သမယေ၊ ဤတရား အပေါင်း၌။ ဝါ၊ တနည်း။ တေသု စမ္မေသု၊ ဤ တရားတို့၌။ ဘာဝေါတိ၊ ကား။ သတ္တော၊ သတ္တဝါကို။ ဝါ၊ တနည်း။ ယောကောစိ၊ အမှတ်မရှိ တစုံတခုသော။ အတ္တော၊ အထည်ကိုယ်ဒြပ် အနက်ကို။ (န ဥပလဗ္ဘတိ-၌ စပ်။)

ဒုတိယစိတ္တ စသည်အဖွင့်

သပ္ပယောဂေနာတိ၊ ကား။ လီနဿ၊ တွန့်ဆုတ်သော။ စိတ္တဿ၊ စိတ်ကို။ ဥဿာဟန ပယောဂသဟိတေန၊ အားတတ်စေကြောင်း ကာယပယောဂ ဝစီပယောဂနှင့် တကွဖြစ်သော။ (ပစ္စယဂဏေန-၌ စပ်။)သဉပါယေနာတိ၊ ကား။ ကုသလဿ၊ ကို။ ကရဏာကရဏေသု၊ ပြုခြင်း မပြုခြင်းတို့၌။ အာဒီနဝါနိသံသပစ္စဝေက္ခဏာ၊ အပြစ်ကို ဆင်ခြင်ခြင်း, အကျိုးကို ဆင်ခြင်ခြင်းလည်းကောင်း။ [ဤစကားဖြင့် မိမိ၏ မနောပယောဂကို ပြသည်။]ပရေဟိ၊ သူတပါးတို့သည်။ (ဆရာမိဘ စသော အခြားပုဂ္ဂိုလ်တို့သည်။) ဥဿာဟနံ၊ အားတက်စေခြင်း ကာယပယောဂ ဝစီပယောဂလည်းကောင်း။ (သူတပါးတို့က စိတ်ဖြင့်တိုက်တွန်း၍ မဖြစ်နိုင်သောကြောင့် မနောပယောဂ မရနိုင်။) ဣတိ ဧဝမာဒိ ဥပါယသဟိတေန၊ ဤသို့အစရှိသော အကြောင်းဥပါယ်နှင့် တကွဖြစ်သော။ (ပစ္စယဂဏေန-၌ စပ်။)

[1]နာတိသမာဟိတာယ၊ အလွန် မတည်ကြည်သေးသော။ (အပ္ပနာ အနီးအပါးသို့ မရောက်သေးသော။) ဘာဝနာယ၊ ဘာဝနာဖြစ်ရာ အခါ၌။ မဟာအဋ္ဌကထာယံ၊ ၌။ အနုညာတာ၊ ခွင့်ပြုအပ်ပြီ။ [2]ဣတိ၊ ဤသို့ ခွင့်ပြု

၁။ မဟာအဋ္ဌကထာယံ။ပ။ဘာဝနာယ။ ။ကရုဏာ မုဒိတာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ အလွန်တည်ကြည်၍ အပ္ပနာသို့ နီးကပ်နေလျှင် သောမနဿဝေဒနာနှင့်သာ ယှဉ်ရပေလိမ့်မည်။ အလွန် မတည်ကြည်သေးမီ ပရိကံ ပြုချိန်၌ကား ဘာဝနာက တရံတခါ သောမနဿသဟဂုတ်၊ တရံတခါ ဥပေက္ခာသဟဂုတ် ဤသို့ အမျိုးမျိုး ဖြစ်နိုင်သောကြောင့် မဟာအဋ္ဌကထာ၌ ကရုဏာ မုဒိတာ ပရိကံပြုရာ အခါ၌ ဥပေက္ခာသဟဂုတ် စိတ်တို့၏ ဖြစ်နိုင်ပုံကို ခွင့်ပြုထားသည်။

၂။ ဣတိ။ပ။ဒဿေတိ။ ။ဤသို့ ခွင့်ပြုထားသောကြောင့် ယေဝါပနက အရာဝယ် သောမနဿသဟဂုတ်နှင့် ဥပေက္ခာသဟဂုတ် စိတ်တို့၏ ယေဝါပနက တရား ၉-ပါးချင်းအားဖြင့် မထူးကြောင်းကိုလည်း ပြသည်။ [ယေဝါပနက တရား ၉-ပါး၌ ကရုဏာ မုဒိတာ ပါဝင်ကြောင်းကို ရှေ့၌ ဆိုအပ်ပြီးသော အဋ္ဌကထာကို ကြည့်၍ သိပါ။]

ခြင်းဖြင့်။ ယေဝါပနကေဟိပိ၊ ယေဝါပနက တရားတို့အားဖြင့်လည်း။ နိဗ္ဗ-
သေသတံ၊ အထူးမရှိကုန်သည်၏ အဖြစ်ကို။ ဒဿေတိ၊ ၏။

ပုညကိရိယဝတ္ထာဒိ အဖွင့်

အပစိတိ ဧဝ၊ အရိုအသေ ပြုခြင်းသည်ပင်။ အပစိတိသဟဂတံ၊ အပစိတိ
သဟဂတ မည်သော။ ပုညကိရိယဝတ္ထု၊ ပုညကိရိယ ဝတ္ထုတည်း။ နန္ဒိရာဂ
သဟဂတာတိ ယထာ၊ နန္ဒိရာဂသဟဂတာ ဟူသကဲ့သို့တည်း။ [နန္ဒိရာဂသဟ
ဂတာ၌ သဟဂတ-သဒ္ဒါသည် အနက်မရှိသကဲ့သို့ ဤ အပစိတိသဟဂတံ
၌လည်း သဟဂတ-သဒ္ဒါ အနက်မရှိ-ဟူလို။] ဝါ၊ တနည်း။ စေတနာသမ္ပ-
ယုတ္တကဓမ္မာ၊ အရိုအသေပြုကြောင်း စေတနာနှင့်ယှဉ်သော တရားတို့သည်။
အပစိတိ၊ အပစိတိ မည်၏။ ဝါ၊ တနည်း။ ကာယဝစီကိရိယာ၊ အရိုအသေ
ပြုခြင်းဟူသော ကိုယ်အမူအရာ နှုတ်အမူအရာသည်။ (အပစိတိ၊ မည်၏။)
တံသဟိတာ၊ ထိုသမ္ပယုတ်တရားနှင့် တကွဖြစ်သော။ ဝါ၊ ထိုကိုယ်အမူအရာ
နှုတ်အမူအရာနှင့် တကွဖြစ်သော၊ စေတနာ၊ စေတနာသည်။ အပစိတိ သဟဂတံ၊
မည်၏။

ဟိတဖရဏေနာတိ၊ ကား။ ဒေသကော၊ တရားဟောပုဂ္ဂိုလ်၌။ မေတ္တာဖရ
ဏေန၊ မေတ္တာကို ဖြန့်ကြောင်းဖြစ်သော။ ဝါ၊ တနည်း။ ဝေ၊ ဤသို့ တရား
နာရသည်ရှိသော်။ မေ၊ ၏။ ဟိတံ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။
ပဝတ္တေန၊ ဖြစ်သော။ ဟိတစိတ္တေန၊ စီးပွား၌ဖြစ်သော စိတ်ဟူသော။ (စီး
ပွားကို လိုလားသောစိတ် ဟူသော။) (မုဒုစိတ္တေန-၌ စပ်။)

ကမ္မဿကတာဉာဏံ၊ ကမ္မဿကတာဉာဏ်သည်။ ဒိဋ္ဌိဇုကမ္မံ၊ မည်၏။
နိယမ လက္ခဏန္တိ၊ ကား။ မဟပ္ဖလတာ နိယမဿ၊ များသော အကျိုးရှိ
သည်၏အဖြစ်၌ အမြဲသတ်မှတ် ဆုံးဖြတ်ခြင်းကို။ လက္ခဏံ၊ မှတ်သားကြောင်း
တည်း။

စာရိတ္တဝသေန၊ စာရိတ္တသီလ၏ အစွမ်းဖြင့်။ သီလမယေ၊ သီလမယ
ပုညကိရိယဝတ္ထု၌။ သင်္ဂဟံ ဂစ္ဆန္တိ။

အနဝဇ္ဇဝတ္ထု၊ အပြစ်မရှိသော ဝတ္ထုကို။ ပရိစ္စဇန္တော ဝိယ၊ စွန့်လွှတ်သူ
ကဲ့သို့။ (စွန့်ကြဲသူက ဝမ်းမြောက်သကဲ့သို့။) အဗ္ဘာနုမောဒမာနောပိ၊ လွန်စွာ
ဝမ်းမြောက်သူသည်လည်း။ ပရဿ၊ သူတပါး၏။ သမ္ပတ္တိယာ၊ ပြည့်စုံခြင်း
ကြောင့်။ မောဒတိ၊ ဝမ်းမြောက်၏။ ဣတိ၊ ကြောင့်။ အဗ္ဘာနုမောဒနာ၊
နာကို။ ဒါနမယေ၊ ၌။ သင်္ဂဟိတာ၊ ပြီ။

ဘာဝေန္တောပိတိ၊ စကားကို။ အသမတ္တဘာဝနံ၊ မပြီးဆုံးသေးသော ဘာဝနာကို။ သန္ဓာယာဟ။ ဟိ၊ မှန်။ (တနည်း—ကဿ။ ဘာဝေန္တော ပိတိ၊ ကို။ အသမတ္တဘာဝနံ သန္ဓာယာဟ၊ ဣတိ ဝိညာယတိ၊)ဟိ (ယဿ)။ သမတ္တာ၊ ပြီးဆုံးသော ဘာဝနာသည်။ အပ္ပနာ၊ အပ္ပနာ ဘာဝနာသည်။ ဟောတိ။ ဣတိ၊ ကြောင့်။ (ဘာဝေန္တောပိတိ အသမတ္တဘာဝနံ သန္ဓာယာဟ၊ ဣတိ ဝိညာယတိ။)

အဋ္ဌေဝ ကောဋ္ဌာသေ ကတွာတိ၊ ကား၊ ¹ကေဿ သတ္တဿ၊ ယယော်က်သော သတ္တဝါ ၏။ ကေသ္မိံ ခဏေ၊ တခုသောခဏ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ကေ၊ သော။ ပဌမ စိတ္တံ၊ ပဌမ မဟာကုသိုလ်စိတ်ကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ (ပါဠိတော်၌ ပြတော်မူပြီး၍။) အညာနိ၊ အခြားကုန်သော။ တာဒိသာနိ၊ ထို ပထမ စိတ်ကဲ့သို့ ရှုအပ်သောစိတ်တို့ကို။ အဒဿေန္တေန၊ ပြတော်မမူသော မြတ်စွာဘုရားသည်။ သဗ္ဗာနိ၊ ကုန်သော။ တာနိ၊ ထို ပဌမ မဟာကုသိုလ်စိတ်တို့သည်။ ဝါ၊ တို့ကို။ သရိက္ခဋ္ဌေန၊ တူသည်၏အဖြစ်ဟူသော အနက်အားဖြင့်။ ဧကီကတာနိ၊ တခုတည်းကဲ့သို့ ပြုအပ်ကုန်သည်။ ဟောန္တိ။ တထာ၊ တူ။ သေသာနိပိ၊ ကြွင်းသော ဒုတိယစိတ် အစရှိသည်တို့သည်လည်း။ (ဧကီကတာနိ ဟောန္တိ။) ဣတိ ဧဝံ၊ သို့။ ဝါ၊ ဤနည်းအားဖြင့်။ အဋ္ဌ၊ ရှစ်ဖို့ ရှစ်စု တို့ကို။ ကတွာ၊ ၍။ (ဒဿေသိ-၌ စပ်။).... ကာမာဝစရကုသလ ဝဏ္ဏာနာ၊ သည်။ နိဋ္ဌိတာ။

